# LIFT

# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၉











LIFT Livelihoods and Food Security Fund

UKaid · European Union · Australian Aid · Swiss Agency for Development and Cooperation SDC · USAID · Canada · Irish Aid

Managed by UNOPS

## ကျေးဇူးတင်လွှာ

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသမှ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုကောင်းမွန်လာစေရေးအတွက် စေတနာဖြင့် ထည့်ဝင်လှူဒါန်းခဲ့သည့် ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ၊အိုင်ယာလန်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စုတို့မှ အစိုးရများအား ကျေးဇူးဥပကာရ တင်ရှိပါသည်။၎င်းတို့၏ ကူညီပံ့ပိုးမှုများအား အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) မှ ကျေးဇူးတင်စွာနှင့် မှတ်တမ်းတင်ပါသည်။

## အသိပေးကြေညာချက်

ဤ အစီရင်ခံစာကို ၂၀၁၉ ခုနှစ်အတွင်း LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့သည့် စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ၊ အိုင်ယာလန်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စုမှ ပေးသည့် ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသား ဖော်ပြထားသော အမြင်များသည် LIFTတွင် ထည့်ဝင်လှူဒါန်း ထားကြသည့် အလှူရှင်များ၏တရားဝင်အမြင်များဟု ထင်မြင်ယူဆခြင်း မပြုသင့်ပါ။

ငွေလဲလှယ်နှုန်း – ဤအစီရင်ခံစာတွင် ၂၀၁၉ခုနှစ်အတွင်း ပျမ်းမျှငွေလဲနှုန်းဖြစ်သည့် အမေရိကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၁၅၂၇ ဖြင့် ဖော်ပြထားပါသည်။

ဓါတ်ပုံများကို LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ရိုက်ကူးထားပါသည်။

## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ

UNOPS ရန်ပုံငွေစီမံခန့်ခွဲမှုရုံး
၁၂(ဏ) ပြည်သူ့ လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ
ဖုန်း ။ ။ +၉၅ ၁ ၆၅ ၇ ၂၈၀~၈၇ ဖက်စ်။ +၉၅ ၁ ၆၅ ၇၂ ၇၉
အီးမေးလ်။ ။ lift@unops.org
lift-fund.org | facebook.com/liftfund

ဤအစီရင်ခံစာသည် ထုတ်ဝေပြီးသည့် နှစ်ပတ်လည်အစီရင်ခံစာများအပေါ် အခြေခံ၍ ရေးသားပြုစုထားပါသည်။ယင်းအစီရင်ခံစာများအား www.lift-fund.org/publications တွင် ရယူနိုင်ပါသည်။

# အတိုကောက် အသုံးအနှုန်းများ

**ADB**
Asian Development Bank

**CBO**
Community-based Organisation

**CSO**
Civil Society Organisation

**DAR**
Department of Agricultural Research

**DC**
Donor Consortium

**DoA**
Department of Agriculture

**DoF**
Department of Fisheries

**DRD**
Department for Rural Development

**DSW**
Department of Social Welfare

**FMO**
Fund Management Office

**FB**
Fund Board

**FDI**
Foreign Direct Investment

**FRD**
Financial Regulatory Department

**IDP**
Internally Displaced Person

**HH**
Households

**IP**
Implementing Partner

**LBVD**
Livestock Breeding and Veterinary Department

**LEARN**
Leveraging Essential Nutrition Actions To Reduce Malnutrition project

**MADB**
Myanmar Agriculture Development Bank

**MCCT**
Maternal and Child Cash Transfer

**MEAL**
Monitoring and Evaluation for Accountability and Learning

**MFI**
Microfinance Institution

**MMK**
Myanmar Kyat

**MOALI**
Ministry of Agriculture, Livestock and Irrigation

**MS-NPAN**
Multi-sectoral National Plan of Action on Nutrition

**PoVAW**
Prevention of Violence Against Women Law

**UNOPS**
United Nations Office for Project Services

**VDC**
Village Development Committee

**WASH**
Water, Sanitation, and Hygiene

# မာတိကာ


## ၁။ အနှစ်ချုပ် တင်ပြချက်.......................................................၅

## ၂။ ရလဒ်များ

၂.၁ နိဒါန်း.............................................................................................၁၈
၂.၂ LIFT ၏ ယုတ္တိဗေဒမူဘောင်..................................................................၁၉
၂.၃ အချက်အလက်ကောက်ယူခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့်
အစီရင်ခံတင်ပြခြင်း..................................................................................၁၉
၂.၄ LIFT ၏ ညွှန်းကိန်း ရလဒ်များ နှင့် အောင်မြင်မှုများ.........................................၂၂

## ၃။ အကြောင်းအရာ အလိုက် အစီအစဉ်များ

၃.၁ အာဟာရဖွံ့ဖြိုးမှု..................................................................................၅၃
၃.၂ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့်
ပုဂ္ဂလိက ကဏ္ဍနှင့် မိတ်ဖက်ပြုမှု....................................................................၇၆
၃.၃ စိုက်ပျိုးရေး၊ ဈေးကွက် နှင့်
စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ...................................................................၈၉
၃.၄ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့်
လုပ်သားရွှေ့ပြောင်းသွားလာမှု.........................................................................၁၀၂
၃.၅ ပဋိပက္ခ ဒဏ်ခံ ဒေသများ...........................................................................၁၁၆

## ၄။ အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ

၄.၁ မူဝါဒရေးရာ.......................................................................................၁၄၇
၄.၂ ကျား၊ မ ရေးရာ...................................................................................၁၅၉
၄.၃ အရပ်ဘက် လူမှုအဖွဲ့အစည်း ခိုင်မာအားကောင်းစေခြင်း.............................၁၆၂
၄.၄ လူမှုကာကွယ်စောင့်ရှောက်ရေး................................................................၁၆၉
၄.၉ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိခြင်း နှင့် ကြံ့ကြံ့ခံနိုင်မှု...........၁၇၃

## ၅။ ရန်ပုံငွေစီမံခန့်ခွဲမှု


၅.၁ LIFT ၏ စီမံအုပ်ချုပ်မှု....................................................................................၁၈၀

၅.၂ LIFT ရန်ပုံငွေများ ခွဲဝေချထားခြင်း..............................................................၁၈၃

၅.၃ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့ အစည်းများ၏ စွမ်းဆောင်မှု.... ...............၁၈၃

၅.၄ ဘဏ္ဍာရေး.............................................................................................................၁၈၅

၅.၅ LIT ၏ ကိုဗစ်နိုင်တင်း တုံ့ပြန်ရေးပံ့ပိုးမှုများ.................................................၁၉၆


## ၆။ ငွေကုန်ရကျိုးနပ်မှု


၆။ ငွေကုန်ရကျိုးနပ်မှု.............................................................၁၉၉


## ၇ ။ နောက်ဆက်တွဲများ


နောက်ဆက်တွဲ ၁။ LIFT ၏ စီမံချက် နယ်မြေများ/တည်နေရာများ......................၂၀၈

နောက်ဆက်တွဲ ၂။ LIFT ၏ ယုတ္တိဗေဒ မူဘောင်.................................................၂၁၂

နောက်ဆက်တွဲ ၃။ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ဆဲ စီမံချက်များ......................၂၂၂

နောက်ဆက်တွဲ ၄။ စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ..............................၂၂၆

နောက်ဆက်တွဲ ၅။ ၂၀၁၉ ခုနှစ်တွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း..........၂၇၃



# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် လုပ်ကိုင် ဆောင်ရွက်ခြင်း

# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် လုပ်ကိုင် ဆောင်ရွက်ခြင်း

**အလှူရှင် အများစုပေါင်းထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)** သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည်မှာ ၁၀နှစ် ရှိပြီဖြစ်ပါသည်။ LIFT အနေဖြင့် အာဟာရပြည့်ဝမှုတိုးတက်လာစေခြင်း၊ ဝင်ငွေရလမ်းအမျိုးမျိုး ဖန်တီးပေးခြင်း နှင့် ကျွမ်းကျင်မှုပိုမိုတိုးတက်ကောင်းမွန်စေခြင်းတို့မှတဆင့် မြန်မာ့ ကျေးလက်စီးပွားရေး ခေတ်မီဖွံ့ဖြိုးလာစေရန် ကျေးလက်နေ ပြည်သူများအား စီးပွားရေးအလားအလာအပြည့်အဝ ရရှိလာစေရန်နှင့် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်များ ပိုမိုအားကောင်းလာစေရန် ကူညီပေးခဲ့ပါသည်။

LIFT အနေဖြင့် တောင်သူလယ်သမားများ၏ အမြတ်ဝင်ငွေတိုးတက်စေခြင်း၊ စိုက်ပျိုးရေးတွင် သီးနှံအမျိုးမျိုးအား စိုက်ပျိုးရန် အားပေးကူညီခြင်း နှင့် ပိုမိုမြင့်မားသောလစာရရှိသည့် အလုပ်အကိုင်သစ်များ ရရှိရန်အတွက် လူအများအားကျွမ်းကျင်မှုများ တိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းနှင့် လုပ်ကွက်ငယ် တောင်သူများနှင့် မြေယာမဲ့ ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်စေရန် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းတို့ဖြင့် မြန်မာ့ကျေးလက်စီးပွားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုး ကူညီလျက်ရှိပါသည်။

LIFT ၏ ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုအဆင့်သစ် မှာ ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် LIFT နှင့် ၎င်း၏ ရန်ပုံငွေဘုတ်အဖွဲ့တို့မှ မြန်မာနိုင်ငံ၏ ပြောင်းလဲလျက်ရှိသည့် ကျေးလက်စီးပွားရေးနှင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများရှိ အခြေအနေများဆိုင်ရာ အထောက်အထားများအား ဆန်းစစ်လေ့လာခဲ့ပြီး ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း ပိုမိုတိုးမြင့်လာစေနိုင်ရန်၊ အာဟာရပြည့်ဝရေး၊ စိုက်ပျိုးရေးနှင့် သင့်တင့်လျှောက်ပတ်သော အလုပ်အကိုင်ရရှိနိုင်စေရန် အတွက် ထူထောင်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အထောက်အထားများအား စူးစမ်းရှာဖွေခဲ့ပါသည်။

LIFT ၏ ရန်ပုံငွေဘုတ်အဖွဲ့မှ အောက်ပါ မဟာဗျူဟာအရွေ့ လမ်းစဉ်များဖြင့် အားနည်းထိခိုက်လွယ်ဆုံးသူများ ပါဝင်လာနိုင်စေရေးကို ဦးတည် အာရုံစိုက်လျက် အရှိန်အဟုန်ပိုမိုအားကောင်းစေမည့် စီမံကိန်းလုပ်ငန်းများဖြင့် LIFT ၏ ၂၀၁၉-၂၀၂၃ အဆင့်အား ရန်ပုံငွေ ပံ့ပိုးပေးရန် ကတိကဝတ် ထားရှိပါသည်-

- » အားလုံးပါဝင်စေရေးနှင့် လူမှုပေါင်းစည်း ညီညွတ်မှုတို့အား အာရုံစိုက်မှု တိုးမြှင့်ရန်
- » ကျား၊မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုများ အရှိန်အဟုန်မြှင့်တင်ရန်
- » တိုင်းရင်းသား/နယ်စပ် ပြည်နယ်များနှင့် ပဋိပက္ခဒဏ်ခံစားရသည့် ဒေသများအား အာရုံစိုက်မှု တိုးမြှင့်ရန်
- » ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် နေရပ်ပြန်သူများအား LIFT ၏ ဖွံ့ဖြိုးရေး စီမံကိန်းများတွင် ပါဝင်လာစေရန် အတွက်ဆောင်ရွက်ရန်

စီမံကိန်း ဒီဇိုင်းအားရေးဆွဲရာတွင် မြန်မာနိုင်ငံအစိုးရ၏ မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းများတွင် ချမှတ်ထားသော ကုန်ကျစရိတ်များ တွက်ချက်ထားသည့် ဦးစားပေး ကဏ္ဍအလိုက် စီမံချက်များမှ ဦးဆောင်လမ်းပြပေးပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT မှ စတင်ခဲ့သည့် စီမံကိန်းမှာ ပထဝီ အနေအထားအရ အာရုံစိုက်သည့် ၂၀၁၀-၂၀၁၈ ခုနှစ် စီမံကိန်း ထက်စာလျှင် အကြောင်းအရာကို ပိုမိုအလေးထား၍ ဖွဲ့စည်း တည်ဆောက်ထားပါသည်။ ဒေသအလိုက် စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် နယ်ပယ်များအား ပေါင်းစည်းထားသည့် စီမံကိန်း လေးရပ် ဖြစ်သည့် အာဟာရပြည့်ဝခြင်း၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း၊ စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ နှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု တို့အား ဦးစားပေးနယ်ပယ်များ အဖြစ် သတ်မှတ်ထားပါသည်။ LIFT ၏ မူဝါဒ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းစေခြင်း၊ ကျား၊မ ရေးရာနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် အားလုံးနှင့်အကျုံးဝင်သော နယ်ပယ်များဆိုင်ရာ လုပ်ငန်းအား ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါ သည်။ အကြောင်းအရာ နယ်ပယ်တစ်ခုချင်းစီသည် မူဝါဒ၊ စနစ် နှင့် အိမ်ထောင်စု/ တစ်ဦးချင်း အဆင့် အထိ ပြောင်းလဲမှုများအတွက် ပံ့ပိုးကူညီသွားရန် ရည်ရွယ်ပါသည်။

LIFT ၏ **အာဟာရဖွံ့ဖြိုးမှုစီမံကိန်း** ၏ ဦးစားပေးလုပ်ငန်းမှာ ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း အာဟာရ ဖွံ့ဖြိုးမှု ကောင်းမွန်စွာရရှိရေး အတွက် အလေးထား အာရုံစိုက်ခြင်းဖြင့် အသက် ၅နှစ်အောက် ကလေးသူငယ်များ ပုည့်ကျခြင်း ကို လျှော့ချရန်ဖြစ်ပါ သည်။ လိုအပ်သလောက် ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့လျှင် ကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုက စီးပွားရေးကို ပြုပြင်ပြောင်းလဲနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသက် ၅နှစ် အောက်ကလေးသူငယ် သုံးဦးတွင် တစ်ဦး ပုည့်ကျနေပြီး ဘဝအစ ပထမရက် ၁,၀၀၀ မှာ ဘဝတလျှောက် ကောင်းမွန်သည့် ကြီးထွားမှု၊ ဖွံ့ဖြိုးမှု နှင့် ကျန်းမာရေး ရရှိစေရန် သေချာစေမည့် အခွင့်အလမ်းဖြစ်ပါသည်။ LIFT သည် မြန်မာနိုင်ငံတွင်၂၀၁၄ ခုနှစ်မှ စတင်၍ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ဦးဆောင်သူ၊ ညှိနှိုင်းဆောင်ရွက်သူ နှင့် အထောက်အကူပေးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာရန် ကိုယ်တိုင် တည်ဆောက်ခဲ့ပါသည်။ LIFT သည် အစိုးရမှ ဖော်ဆောင်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ၅နှစ် စီမံကိန်း (MS-NPAN) အား ကူညီထောက်ပံ့ပေးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပွားသည့် ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတွင်းရှိ နေရာဒေသ အများအပြားတွင် အစိုးရမှ ဆောင်ရွက်သည့် အားလုံးပါဝင်သည့် မိခင်နှင့်ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှု အစီအစဉ် ကို ရှေ့ပြေးစမ်းသပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သည့် အာဟာရဖွံ့ဖြိုးမှု စီမံကိန်းသည် MS-NPAN ၊ အစိုးရ၏ MCCT အစီအစဉ် တို့အား ဆက်လက် ကူညီ ပံ့ပိုးပေးလျက်ရှိပြီး ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ နှင့် အမျိုးသမီးများအတွက် အာဟာရဖွံ့ဖြိုးရေး ဆိုင်ရာ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုရှိကြောင်း သက်သေပြနိုင်ခဲ့သည့် အာဟာရ အလေးထား ချဉ်းကပ်နည်းလမ်းများ နှင့် အာဟာရ ဇောင်းပေး ချဉ်းကပ်နည်းလမ်းများအား အလေးထား

အာရုံစိုက်မှုကို အရှိန်အဟုန် မြှင့်တင်ပေးပါသည်။ LIFT ၏ အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ စီမံကိန်းသည် နိုင်ငံတဝှမ်းရှိ ကျေးရွာများနှင့် ရပ်ကွက်များရှိ အားနည်းထိခိုက်လွယ်မှု အများဆုံးသူများ အနေဖြင့် ၎င်းတို့၏ စီးပွားရေး နှင့် လူမှုရေး အဆင့်အတန်း မည်သို့ပင်ရှိစေကာမူ ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ဈေးကွက် ဖော်ဆောင်ခြင်းမှ အကျိုးကျေးဇူး သေချာစွာ ရရှိနိုင်စေရန် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၂ ခုနှစ် မှ စတင်၍ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ပွင့်လင်းလာခဲ့သည့်အချိန်မှ စ၍ ငွေကြေးဆိုင်ရာ ကဏ္ဍမှာ သိသာထင်ရှားစွာ တိုးချဲ့လာခဲ့သော်လည်း ပြည်သူအများအပြားများ ဝန်ဆောင်မှုမရရှိဘဲ (သို့) ဝန်ဆောင်မှု အပြည့်အဝ မရရှိဘဲ ကျန်နေပါသေးသည်။ လူမှုရေးအရ တာဝန်ယူမှုရှိပြီး အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် စီးပွားရေး ကဏ္ဍအတွက် အကျိုးကျေးဇူး ကျယ်ကျယ်ပြန့်ပြန့် ရရှိစေနိုင်ရန် ပံ့ပိုး ပေးပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေသည့် အစီအစဉ် ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများသည် ၂၀၁၄ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံတဝှမ်းအား ကောင်းစွာ လက်လှမ်းမီ ရောက်ရှိနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ငွေကြေးကဏ္ဍတွင် ပြောင်းလဲမှုများနှင့် မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်မှု အလျင်အမြန် တိုးတက် မြင့်မားလာမှုတို့က စုငွေများနှင့် ဒီဂျစ်တယ် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများအား မိတ်ဆက်ပေးနိုင်ရန် ကြီးမားများပြားသည့် အခွင့်အလမ်းများ ဖွင့်ပေးခဲ့ပါသည်။ ၂၀၁၉-၂၀၂၃ အားလုံး ပါဝင်သည့် ငွေကြေးဆိုင်ရာ စီမံကိန်း မှ အရင်းအနှီးဈေးကွက်များ တိုးချဲ့ခြင်း၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးသူများ အကျိုး ဖြစ်ထွန်းစေမည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့ခြင်း၊ ငွေကြေးစုဆောင်းစေခြင်း၊ စိုက်ပျိုးစီးပွားလုပ်ငန်းများ အားထောက်ပံ့ပေးခြင်း နှင့် အားလုံးပါဝင်သော လူမှုရေးအရ တာဝန်ခံမှုရှိသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အတွက် လုပ်ကိုင်နိုင်စွမ်းရှိစေမည့် မူဝါဒဝန်းကျင် ဖြစ်စေခြင်း အပါအဝင် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအား ဆက်လက်၍ ကူညီပံ့ပိုးပေးလျက် ရှိပါသည်။

LIFT ၏ **စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များ အစီအစဉ်** ၂၀၁၉-၂၀၂၃ သည် အမျိုးသမီးများအနေဖြင့် မကြာခဏဆိုသလို ငွေကြေးဆိုင်ရာ လက်လှမ်းမီမှု၊ ဈေးကွက်ဆိုင်ရာ အချက်အလက်များ၊ တိုးချဲ့ပညာပေးရေးဝန်ဆောင်မှုများနှင့် ပိုမိုကြီးထွားတိုးတက်သည့် ဈေးကွက်များသို့ ဝင်ရောက်ခြင်း တို့တွင် အခက်အခဲများ တွေ့ကြုံနေရသဖြင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းနှင့် ကျား၊မ တန်းတူ ညီမျှမှုတို့ကို ဖြေရှင်းပေးနိုင်ရန် အတိအလင်း ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ စိုက်ပျိုးရေး ကဏ္ဍသည် ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး ၏ ၃၀ ရာခိုင်နှုန်းနီးပါး ပံ့ပိုးပေးလျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပံ့ပိုးပေးရာတွင် ဝန်ဆောင်မှုကဏ္ဍ နောက်တွင် ဒုတိယ လိုက်သည့် ကဏ္ဍ ဖြစ်ပါသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ပိုမိုကောင်းမွန်သည့် စီးပွားရေးစွမ်းဆောင်ရည်နှင့် လုပ်သား ဈေးကွက်အတွင်း[၁ ၂] ပေါ်ထွက်လာသည့် အခွင့်အလမ်းများကြောင့် ကဏ္ဍတစ်ခုလုံးတွင် 'လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းမှု' တစ်ရပ် ဖြစ်ပေါ်လာသည့် သာဓက ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊ ငါးလုပ်ငန်း နှင့် သစ်တောကဏ္ဍတွင် ကုန်ထုတ်လုပ်မှု အလားအလာ နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား အများအပြားရှိသော်လည်း ယင်းကဏ္ဍမှာ စိန်ခေါ်မှုအများအပြား ရင်ဆိုင်ကြုံတွေ့နေရပါသည်။ စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ အစီအစဉ် မှ အားလုံးပါဝင်သည့် တန်ဘိုးမြှင့်ကွင်းဆက်ချဉ်းကပ်နည်းလမ်းကို ချမှတ်ပြီး မြေယာနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲမှု တို့အတွက် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ ယင်း၏ အာဟာရ ဖောင်းပေး စိုက်ပျိုးရေးကို အလေးပေး အာရုံစိုက်ဆောင်ရွက်ခြင်း မှတဆင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးကူညီပေးပါသည်။

LIFT ၏ **သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု အစီအစဉ်** သည် ၂၀၁၉ ခုနှစ်မှ စတင်၍ ၎င်း၏ ချဉ်းကပ်နည်းလမ်းအား ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအား အားနည်းထိခိုက်လွယ်မှု အများဆုံးလုပ်သားထုအဖြစ် သတ်မှတ်ထားလျက် မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်အတွင်းတွင် ကောင်းမွန်သည့် အလုပ်အကိုင် အခြေအနေများ တည်ဆောက်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ချဉ်းကပ်နည်းလမ်းသို့ ပြောင်းလဲခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပိုမိုပွင့်လင်းပြီး ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်သည့် အသွင်ကူးပြောင်းရေးကာလသည် အလုပ်အကိုင်ခန့်ထားရေး ကဏ္ဍများနှင့် ပထဝီအနေအထား တည်နေရာများကြား လုပ်သားများ ရွှေ့ပြောင်းသွားလာမှုအား အရှိန်အဟုန်မြှင့်စေလျက်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ အလုပ်အကိုင် ခန့်ထားရေး သဘောသဘာဝအား အလျင်အမြန်ပြောင်းလဲမှုများ ဖြစ်စေခဲ့ခြင်းမှ ကောင်းမွန်သည့် လုပ်ငန်းခွင် အခြေအနေများ ရရှိ စေရန် သေချာစေခြင်းနှင့် လုပ်အားခေါင်းပုံဖြတ်မှုအား တားဆီးကာကွယ်ခြင်းတို့အတွက် ကြီးမားသည့် စိန်ခေါ်မှုများ ဆောင်ကျဉ်း လာခဲ့ပါသည်။ အစီအစဉ်၏ မူဘောင်အား ထောက်ပံ့ပေးခြင်းသည် မြန်မာနိုင်ငံတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ရ ရှိစေရန်အတွက် အခြေခံ အား တည်ဆောက်ရာတွင် အဓိကကျသည့် အုတ်မြစ်အဖြစ် အခြေခံကျသည့် အလုပ်သမား အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါသည်။ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှုအစီအစဉ်သည် မူဝါဒနှင့် ဥပဒေများ အားကောင်းစေရန်၊ အသိအမြင်၊ ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည်နှင့် နည်းပညာ အရင်းအမြစ်များ တိုးမြှင့်လာစေရန် နှင့် အမျိုးသမီး နှင့် အမျိုးသား ရွှေ့ပြောင်းသွားလာသူများနှင့် အခြား အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအား ပိုမိုကြီးမားကျယ်ပြန့်သည့် သတင်းအချက်အလက်၊ သင်တန်းပေးခြင်းနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိစေရန်အတွက် ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

LIFT သည် ယင်း၏ ၂၀၁၉-၂၀၂၃ အဆင့်တွင် ကာလရှည်ကြာ ဖြစ်ပွားခဲ့သည့် ကပ်ဘေးများနှင့် မေ့လျော့ဖယ်ကျဉ်ခံရသည့် ဒေသများရှိ ရပ်ရွာလူထုများအတွက် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရန် ပိုမို ရေရှည်တည်တံ့ပြီး လှုပ်ရှားတက်ကြွသည့် ချဉ်းကပ်နည်းလမ်းများဖြင့် ထောက်ပံ့ကူညီပေးရန် ထိုဒေသများရှိ LIFT၏ စီမံကိန်း ဆောင်ရွက်ချက်များအား ပေါင်းစည်းခြင်း၊ လူသားချင်း စာနာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကူးပြောင်းရေးအား ကူညီပံ့ပိုးခြင်းဖြင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် နေရပ်ပြန်သူများအား ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပါဝင်လာစေရန် ဆောင်ကြဉ်းပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန်စေရန် ပံ့ပိုးပေးခြင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား အလုပ်အကိုင်များနှင့် ဝင်ငွေများ ရရှိစေရန် ကူညီပေးခြင်း၊ လူကုန်ကူးခံရသူများအား ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းမှ တားဆီးကာကွယ်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း နှင့် ဒေသခံ လူမှု အသိုက်အဝန်းနှင့် ပေါင်းစည်းညီညွတ်မှု တည်ဆောက်ခြင်းတို့ဖြင့် တိုင်းရင်းသား လူမျိုးစု/နယ်စပ်ဒေသ

---

၁ အေဒီဘီ ၂၀၁၅၊ မြန်မာ-အလားအလာများ ထုတ်ဖော်ပေးခြင်း၊ မြင့်မားသည့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှု၊ အေဒီဘီ စီးပွားရေး ဆိုင်ရာ လုပ်ငန်း စာတမ်း စဉ် နံပါတ် ၄၃၇


၂ မီချီဂန်ပြည်နယ်တက္ကသိုလ် ' မြန်မာနိုင်ငံဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် စက်မှုလယ်ယာနှင့်ဖွံ့စည်းတည်ဆောက်ပုံ အသွင်ပြောင်းခြင်း စက်တင်ဘာ ၂၀၁၆

ပြည်နယ်များရှိ အားနည်းထိခိုက်လွယ်ဆုံးသူများအတွက် အလေးထား ဆောင်ရွက်မှုကို တိုးမြှင့်ခဲ့ပါသည်။

LIFT ၏ ကန်ဒေါ်လာ ၅၃၉ သန်း ပမာဏရှိသည့် ထောက်ပံ့မှုသည် အကြမ်းဖျဉ်းအားဖြင့် နိုင်ငံ၏ကျေးလက်နေပြည်သူများ၏ ၄၁ ရာခိုင်နှုန်း ခန့်ဖြစ်သည့် ကျေးလက်နေ လူထု ၁၄.၅ သန်း ပတ်ဝန်းကျင် အထိ ရောက်ရှိခဲ့ပါသည်။

စီမံချက်များအား ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်သူများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍတို့ရှိ မိတ်ဖက်အဖွဲ့အစည်းများမှ အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

*၂၀၁၉ ခုနှစ်အတွင်း LIFT မှ လက်လှမ်းမီ ရောက်ရှိခဲ့သည့် မိသားစုများ*




LIFT ၏ ၂၀၁၉–၂၀၂၃ အဆင့် စီမံကိန်း လုပ်ငန်းတွင် မြန်မာနိုင်ငံ တဝှမ်းရှိ မိသားစုများအား ‘တက်လှမ်း’၊ ‘ထွက်ခွာ’ (သို့) ‘တောင့်ထား’ နိုင်ရန် အတွက် အကူအညီ ပေးမည့် ခြားနား ထူးခြားသည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ မဟာဗျူဟာသည် အဓိကကျသည့် အခန်းကဏ္ဍ အဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။



# ၁

## အနှစ်ချုပ် တင်ပြချက်

# အနှစ်ချုပ် တင်ပြချက်

**၁။ LIFT မှ ကောင်းမွန်သည့် ရလဒ်များကို ဆက်လက်ပေးအပ်ပါသည်။**

၂၀၁၉ ခုနှစ်အတွင်း LIFT သည် ရလဒ်ညွှန်းကိန်း ၃၈ ခုအနက်မှ ၃၃ ခု (၈၄ ရာခိုင်နှုန်း) တွင် ပြည့်မီခဲ့ပါသည် (သို့) ကျော်လွန်စွာ ရရှိခဲ့ပါသည်။ မူဝါဒဆိုင်ရာ အကျိုးရလဒ်ညွှန်းကိန်း ရှစ်ခုစလုံးအား ပြည့်မီ (သို့) ကျော်လွန်ရရှိခဲ့ပါသည်။ LIFT အာဟာရဖွံ့ဖြိုးမှု၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း၊ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု စနစ်များ၊ သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု တို့ဖြစ်သည့် အကြောင်းအရာအလိုက် စီမံကိန်းအသစ်လေးခုတို့၏ ရလဒ်ညွှန်းကိန်းအရ စွမ်းဆောင်နိုင်မှုမှာ ရည်မှန်းချက်အများစုကို ပြည့်မီ (သို့) ကျော်လွန်နိုင်ခဲ့ပါသည်။ ခြုံငုံကြည့်လျှင် အာဟာရဖွံ့ဖြိုးမှု စနစ်-အဆင့် ညွှန်းကိန်းများ၏ စွမ်းဆောင်ရည်မှာ ကောင်းမွန်ခဲ့ပြီး အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ စီမံကိန်းမှာ ရည်မှန်းချက်အားလုံးနီးပါး ပြည့်မီ (သို့) ကျော်လွန်ခဲ့ ပါသည်။ LIFT မှ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင် အာဟာရပြည့်ဝမှုပိုမိုကောင်းမွန်စေခြင်း၊ ငွေကြေးဆိုင်ရာ အသိပညာပေးမှု တိုးမြှင့်ပေးခြင်း နှင့် ချေးငွေရယူနိုင်မှု – LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ၏ ၉၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်– နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လူကုန်ကူးခြင်းတို့အား လျော့ကျစေခြင်းဖြင့် အမျိုးသမီးများအတွက် ဆက်လက်ကူညီပံ့ပိုးပေးလျက် ရှိပါသည်။

**၂။ ၂၀၁၉ ခုနှစ်အား ပြည်သူများထံ ရောက်ရှိမှုကို ဆက်လက် ကျယ်ပြန့်အောင်ဆောင်ရွက်ပေးနေသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ၏ ၁၀နှစ်မြောက်နှစ်အဖြစ် သတ်မှတ်ပါသည်။**

၂၀၁၉ ခုနှစ်အတွင်းတွင် LIFT အနေဖြင့် မြန်မာနိုင်ငံတွင်းရှိ မြို့နယ် များ၏ ၈၂ ရာခိုင်နှုန်းဖြစ်သည့် မြို့နယ်ပေါင်း ၂၆၉ မြို့နယ်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ကုန်ဆုံးသည့်အခါ ကျေးလက်လူဦးရေ ၁၄.၅ သန်း (သို့) အကြမ်းဖျဉ်းအားဖြင့် ကျေးလက်နေပြည်သူတို့၏ ၄၁ ရာခိုင်နှုန်းထံ ဝန်ဆောင်မှုများ ရောက်ရှိခဲ့ပါသည်။ ယင်းမှာ ယခင်နှစ်ထက်စာလျှင် ၂၆ ရာခိုင်နှုန်း တိုးတက်လာမှုကို ကိုယ်စားပြုပါသည်။ မြန်မာနိုင်ငံရှိ အသေးစားငွေရေးကြေးရေး ရင်းနှီးမတည်မှု ဈေးကွက်အား တွန်းအားပေးတိုးတက်စေခဲ့သည့် LIFT ၏ ရင်းနှီး မြှုပ်နှံမှုဖြင့် ကြီးထွားလာခဲ့သည့် LIFT မှ အထောက်အပံ့ပေးသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ၏ ဦးဆောင်မောင်းနှင်အားဖြင့် ပြည်သူထံရောက်ရှိမှု ဆက်လက် တိုးတက်လာခဲ့ပါသည်။

**၃။ LIFT သည် ၂၀၁၉ ခုနှစ်တွင် ယခင်ကထက် ပိုမိုသော စီမံချက်များကို စီမံခန့်ခွဲခဲ့ပါသည်။**

LIFT သည် ၂၀၁၉ ခုနှစ်အတွင်း ထောက်ပံ့မှု ၁၀၀ အား စီမံခန့်ခွဲခဲ့ပါသည်။ LIFT သည် ၎င်း၏ စီမံကိန်းများအား ၂၀၁၉– ၂၀၂၃ မဟာဗျူဟာအတိုင်း ကူးပြောင်းခဲ့သဖြင့် ထောက်ပံ့မှု ၃၄ ခု မှာ ၂၀၁၉ ခုနှစ်အတွင်း အပြီးသတ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် LIFT တွင် ဆောင်ရွက်ဆဲ စီမံချက် ၆၆ ခုရှိပါသည်။ ၂၀၁၉ ခုနှစ်အတွင်း LIFT သည် မိတ်ဖက်အဖွဲ့အစည်း ၆၅ ဖွဲ့ နှင့် လက်တွဲ လုပ်ကိုင်ခဲ့ပါသည်။ LIFT သည် ၂၀၁၈ ခုနှစ် နှစ်ကုန် တွင် ကန်ဒေါ်လာ ၅၀၉ သန်း မှကန်ဒေါ်လာ ၅၃၉ သန်းအထိ တိုးမြှင့်ခဲ့ပါသည်။

**၄။ ၂၀၁၉ ခုနှစ်တွင် LIFT သည် ၎င်း၏ မဟာဗျူဟာ စတုတ္ထမြောက် စက်ဝန်းဖြစ်သည့် ၂၀၁၉–၂၀၂၃ မဟာဗျူဟာအဆင့်သို့ ကူးပြောင်းခဲ့ပါသည်။ ၂၀၁၉–၂၀၂၃ မဟာဗျူဟာသည် အားနည်းထိခိုက်လွယ်မှု အများဆုံးသူများ အားလုံးပါဝင်စေရန် LIFT ၏ အလေးထား အာရုံစိုက်မှုကို အရှိန်အဟုန် မြှင့်တင်ပေးပါသည်။**

၂၀၁၉ ခုနှစ်မှ စတင်၍ LIFT ၏ အလေးထားအာရုံစိုက်မှုမှာ အားလုံးပါဝင်စေခြင်းနှင့် လူမှုပေါင်းစည်းညီညွတ်ခြင်း၊ ကျား၊မ ရေးရာ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း၊ တိုင်းရင်းသား လူမျိုးစု/နယ်စပ်ဒေသ ပြည်နယ်များနှင့် ပဋိပက္ခ ဖြစ်ပွားသည့်ဒေသများ၊ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် နေရပ်ပြန်များ၊ မြို့ပြနှင့် ဆင်ခြေဖုံး ဧရိယာများ နှင့် မူဝါဒများနှင့် ပြုပြင်ပြောင်းလဲမှုများအား ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အတွက် ကူညီပံ့ပိုးပေးခြင်းတို့ ဖြစ်ပါသည်။ LIFT ၏

အလေးထား အာရုံစိုက်မှု ပြောင်းလဲခြင်းဆိုသည်မှာ စီမံကိန်းများအား ပထဝီအနေအထားတည်နေရာကို အာရုံစိုက်ခြင်းမှ အကြောင်းအရာ နယ်ပယ်လိုက် အာရုံစိုက်ခြင်းဆီ သို့ ပြောင်းလဲ၍ ပြန်လည်ဖွဲ့စည်း တည်ဆောက်ခြင်းကို ဆိုလိုပါသည်။ ၂၀၁၉ ခုနှစ်တွင် မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန် စီမံကိန်းများ ပိတ်သိမ်းမှု အစပြုခဲ့ပါသည်။ LIFT အနေဖြင့် အကြောင်းအရာလိုက် အာရုံစိုက်သည့် စီမံကိန်းများ စတင် ဖွဲ့စည်းမည်ဖြစ်သဖြင့် ၂၀၁၉ ခုနှစ်တွင် အဆိုပြုလွှာ/အယူအဆ တင်ပြချက်များ ဖိတ်ခေါ်မှု ခြောက်ခုအား ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၉–၂၀၂၃ အတွက် LIFT မှ ဦးစားပေးသည့် နေရာဒေသများတွင် စားနပ်ရိက္ခာနှင့် အာဟာရဖွံ့ဖြိုးမှု ဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုး တိုးတက်ရေး နှင့် လူမှုပေါင်းစည်းညီညွတ်ရေး တို့အား ကူညီပံ့ပိုးပေးမည့် ဘက်စုံ ပေါင်းစည်းစီမံကိန်းများ ကို ဆက်လက်ဆောင်ရွက်နေပါသည်။

## ၅။ LIFT ၏ အာဟာရဖွံ့ဖြိုးမှု စီမံကိန်းသည် ၂၀၁၉ ခုနှစ်အတွင်း ထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သည့် အစိုးရ၏ အာဟာဖွံ့ဖြိုးရေး အစီအစဉ်အား ဆက်လက် ပံ့ပိုးကူညီပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ကုန်ကျစရိတ်တွက်ချက်ထားသော ကဏ္ဍပေါင်းစုံ ပါဝင်သည့် အာဟာရဖွံ့ဖြိုးရေး စီမံကိန်း များဆီသို့ ဦးတည်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြုလုပ်သည့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် စီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ အတွင်း ပံ့ပိုးကူညီပေးခြင်းအပါအဝင် LIFT မှ ပေးအပ်သည့် ရန်ပုံငွေနှင့် နည်းပညာအကူအညီတို့ဖြင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရ ဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN) သည် စီမံကိန်း စတင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပါသည်။ LIFT သည် ချင်းပြည်နယ်တွင် မိခင်နှင့် ကလေးသူငယ် များအား ငွေကြေးပံ့ပိုးခြင်း စီမံကိန်း (MCCT) အကောင်အထည် ဖော်ဆောင်ရွက်နေသည့် လူမှုဝန်ထမ်းဦးစီးဌာန (DSW) အား ၂၀၁၇ ခုနှစ်မှ စတင်၍ ကူညီပံ့ပိုးပေးလျက် ရှိပါသည်။ MCCT အတွက် အစိုးရမှ ထည့်ဝင်သည့် ပမာဏမှာ ၂၀၁၇ ခုနှစ် တွင် သုည မှ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ကန်ဒေါ်လာ ၂၉ သန်း အထိ မြင့်တက်လာခဲ့ပြီး ၂၀၂၀ ခုနှစ်အတွက် ကန်ဒေါ်လာ ၂၂ သန်း ထပ်မံထည့်ဝင်ရန် ကတိကဝတ် ပြုထားပြီး ဖြစ်ပါသည်။ MCCT စီမံကိန်းအတွက် အစိုးရ၏ ရန်ပုံငွေများ ထဲမှ ရင်းနှီးမြှုပ်နှံ မှု အား ၂.၄ ဆ ဖြစ်သည့် စုစုပေါင်း ကန်ဒေါ်လာ ၅၁ သန်း အထိ တိုးမြှင့်နိုင်ရန်အတွက် LIFT မှ ကူညီပံ့ပိုးပေးခဲ့ ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် DSW မှ MCCT စီမံကိန်းအား ကယားပြည်နယ် နှင့် ကရင်ပြည်နယ်တို့ဆီသို့ ဆက်လက်တိုးချဲ့ ခဲ့ပါသည်။ LIFT သည် ပြည်နယ်နှစ်ခုလုံးတွင် စီမံကိန်း စတင်သည့် အချိန် တွင် ပြုလုပ်သော ဆန်းစစ်လေ့လာခြင်းအား ကူညီပံ့ပိုး ပေးခဲ့ပါသည်။ LIFT သည်၂၀၁၄ ခုနှစ်ကတည်းက ရခိုင်ပြည်နယ်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ နှင့် အပူပိုင်းဇုန် MCCT စီမံကိန်းများမှ အချက်အလက်များအား အစိုးရ၏ MCCT အစီအစဉ်များအတွက် အသိပေးခဲ့ပါသည်။ အဆိုပါ MCCT စီမံကိန်းတစ်ခုချင်းစီအား မတူညီသည့် ပုံစံအမျိုးမျိုးဖြင့် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့ကြပါသည်။ အပူပိုင်းဇုန်တွင် MCCT ၏ အမျိုးသမီးများ နှင့်ကလေးသူငယ်များအပေါ် သက်ရောက်မှု အထူးသဖြင့် အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်း စကားပြောကြားမှုများ (SBCC) ၏ အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အကျိုးရလဒ်များအပေါ် အကျိုးသက်ရောက်မှုအား တိုင်းတာရန် ဆောင်ရွက်သော ကျပန်း ထိန်းချုပ်သည့်စမ်းသပ်မှု (Randomised control trial – RCT) အား ဆောင်ရွက်ခဲ့ပါသည်။ RCT စမ်းသပ်မှု မှ တွေ့ရှိချက်များအား ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ငွေကြေးပံ့ပိုးမှုနှင့် SBCC ရရှိခဲ့သည့် မိခင်များမှ မွေး ဖွားသည့် အသက် ၆လ –၂၃ လအတွင်း ကလေးသူငယ်များတွင် ပုညက်မှု ၄ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။ RCT စမ်းသပ်မှု ပြီးမြောက်ခဲ့ခြင်းမှာ အမျိုးသားအဆင့် MCCT စီမံကိန်း အတွက် သတင်း အချက်အလက် ပေးနိုင်ရန် မြန်မာနိုင်ငံ၏ အထောက်အထားအခြေခံတည်ဆောက်မှုတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပါသည်။ RCT စမ်းသပ်မှုသည် ဘ၀အစ ရက်ပေါင်း ၁,၀၀၀ အတွင်း အပြုအမူနှင့် အလေ့အကျင့်များ ပြောင်းလဲရန် ပြည့်စုံလုံလောက်သည့် အစီအမံများနှင့်အတူ အမျိုးသမီးများထံ ငွေကြေးပံ့ပိုးမှုများပုံမှန်နှင့် အချိန်နှင့်တပြေးညီ လက်ရောက် ပံ့ပိုးပေးနိုင်သည့် တန်ဘိုးအား အထောက်အကူ ပေးသည့် ကမ္ဘာလုံးဆိုင်ရာ အထောက်အထားအတွက်လည်း ပံ့ပိုးပေးပါသည်။

## ၆။ မြန်မာနိုင်ငံရှိငွေကြေးဆိုင်ရာဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှုတိုးမြှင့်နိုင်ရန်အတွက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအတွက်အနေဖြင့် အရင်းအနှီးလက်လှမ်းမီရရှိမှု တိုးမြှင့်စေခြင်း

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုသည် LIFT ၏ အကြီးမားဆုံးစီမံကိန်းဖြစ်ပါသည်။ ပိုမိုခိုင်မာ အားကောင်းသည့် အားလုံး ပါဝင်စေသော ကျေးလက် ငွေကြေးဈေးကွက်သည် လူအများအတွက် စီးပွားရေး အခွင့်အလမ်းများ၏ အားသာချက်ကို ရယူရန်၊ အခြေခံပစ္စည်းများ တည်ဆောက်ရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန်၊ အန္တရာယ်များအား စီမံခန့်ခွဲနိုင်ရန် နှင့် ပြင်ပရိုက်ခတ်မှုများကြောင့် ဆင်းရဲနွမ်းပါးသူများ၏ ထိခိုက်လွယ်မှုများအား လျှော့ချနိုင်ရန်အတွက် ကူညီပေးပါသည်။ ၂၀၁၉ ခုနှစ်တွင်း LIFT မှ မြန်မာနိုင်ငံရှိ အသေးစားငွေရေးကြေးရေး လုပ်ငန်း (MFI) များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မှ လာရောက် ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားငွေလဲလှယ်နှုန်း ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးသည့် The Currency Exchange (TCX) SWAP ဈေးကွက်မှတဆင့် ဒုတိယအကြိမ် မတည်ရင်းနှီးငွေ ရရှိအောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံငွေ ကန်ဒေါ်လာ ၁၂ သန်း သည် MFI များအတွက် ပုဂ္ဂလိက ကဏ္ဍမှ ရန်ပုံငွေ ပူးပေါင်းထည့်ဝင်မှု ခန့်မှန်းချေ ကန်ဒေါ်လာ ၁၉၈သန်းအထိ ရောက်ရှိ၍ ယခင်က ထက် ၂၇ ဆ ခန့်မျှ လည်ပတ် အသုံး ပြုနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ရလဒ်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် MFI ၁၄ ခုတို့သည် ရင်းနှီးမြှုပ်နှံသည့်အဖွဲ့ ၂၈ ဖွဲ့ထံမှ ရင်းနှီးမြှုပ်နှံမှုများ ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်

နှစ်ကုန်ပိုင်းတွင် LIFT ၌ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေသည့် မိတ်ဖက်အဖွဲ့အစည်း ၂၈ ဖွဲ့ (နိုင်ငံတကာအသေးစား ငွေရေးကြေးရေး လုပ်ငန်း များ ၁၅ ဖွဲ့၊ ပြည်တွင်း ငွေရေး ကြေးရေးလုပ်ငန်း ကိုးခု၊ ငွေစုငွေချေး သမဝါယမအသင်း နှစ်သင်း နှင့် ဖက်စပ် MFI ကုမ္ပဏီ ၂ခု) ရှိခဲ့ပြီး ဝန်ဆောင်မှုရယူသူ ပေါင်း ၃.၈ သန်း (၉၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်) ထံ ဝန်ဆောင်မှုများ ရောက်ရှိခဲ့ပါသည်။ LIFT မှ ထောက်ပံ့ပေးထားသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ နှင့် ရိုးမဘဏ် တို့မှ ငွေအပ်နှံခြင်း ကို လက်ခံသည့် ဝန်ဆောင်မှု၊ ငွေချေးသူအား အကြွေးပမာဏ တစ်ခုအထိ ပေးထားခြင်း၊ ငှားရမ်းခြင်း၊ ကာလတိုညှိနှိုင်းချေးငွေ၊ ကုန်ကျစရိတ် များသည့် အကြွေးတင်မှုများအား ပြေလည်စေမည့် ချေးငွေများ၊ ရာသီသီးနှံများ၊ မွေးမြူရေး၊ အငယ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးပေးခြင်း နှင့် ဝင်ငွေနည်း အမျိုးသမီးများ၊ ရွှေ့ပြောင်းသွားလာသူများ၊ မသန်စွမ်း သူများ နှင့် ပြည်တွင်း နေရပ်စွန့်ခွါ တိမ်းရှောင် သူများအတွက် သက်ဆိုင်ရာအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် စီမံထားသည့် ချေးငွေများအား ပံ့ပိုးပေးလျက် ရှိ ခဲ့ပါသည်။

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုသည် LIFT ၏ အကြီးမားဆုံးစီမံကိန်းဖြစ်ပါသည်။ ပိုမိုခိုင်မာ အားကောင်းသည့် အားလုံး ပါဝင်စေသော ကျေးလက်ငွေကြေးဈေးကွက်သည် လူအများအတွက် စီးပွားရေးအခွင့်အလမ်းများ၏ အားသာချက်ကို ရယူရန်၊ အခြေခံပစ္စည်းများ တည်ဆောက်ရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန်၊ အန္တရာယ်များအား စီမံခန့်ခွဲနိုင်ရန် နှင့် ပြင်ပရိုက်ခတ်မှုများကြောင့် ဆင်းရဲနွမ်းပါးသူများ၏ ထိခိုက်လွယ်မှုများအား လျှော့ချနိုင်ရန်အတွက် ကူညီပေးပါသည်။ ၂၀၁၉ ခုနှစ် တွင်း LIFT မှ မြန်မာနိုင်ငံရှိ အသေးစားငွေရေးကြေးရေး လုပ်ငန်း (MFI) များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံ သူများ မှ လာရောက်ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားငွေလဲလှယ်နှုန်း ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးသည့် The Currency Exchange (TCX) SWAP ဈေးကွက်မှတဆင့် ဒုတိယအကြိမ် မတည်ရင်းနှီးငွေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံငွေ ကန်ဒေါ်လာ ၁၂ သန်း သည် MFI များအတွက် ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေ ပူးပေါင်းထည့်ဝင်မှု ခန့်မှန်းချေ ကန်ဒေါ်လာ ၁၉၈သန်းအထိ ရောက်ရှိ၍ ယခင် ကထက် ၂၇ ဆ ခန့်မျှ လည်ပတ် အသုံး ပြုနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ရလဒ်အနေဖြင့် ၂၀၁၉ ခုနှစ် တွင် MFI ၁၄ ခုတို့သည် ရင်းနှီးမြှုပ်နှံသည့်အဖွဲ့ ၂၈ ဖွဲ့ထံမှ ရင်းနှီးမြှုပ်နှံမှုများ ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် LIFT ၌ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေသည့် မိတ်ဖက်အဖွဲ့အစည်း ၂၈ ဖွဲ့ (နိုင်ငံတကာအသေးစား ငွေရေးကြေးရေး လုပ်ငန်း များ ၁၅ ဖွဲ့၊ ပြည်တွင်း ငွေရေး ကြေးရေးလုပ်ငန်း ကိုးခု၊ ငွေစုငွေချေး သမဝါယမအသင်း နှစ်သင်း နှင့် ဖက်စပ် MFI ကုမ္ပဏီ ၂ခု) ရှိခဲ့ပြီး ဝန်ဆောင်မှုရယူသူပေါင်း ၃.၈ သန်း (၉၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်) ထံ ဝန်ဆောင်မှုများ ရောက်ရှိခဲ့ပါသည်။ LIFT မှ ထောက်ပံ့ပေးထားသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ နှင့် ရိုးမဘဏ် တို့မှ ငွေအပ်နှံခြင်းကို လက်ခံသည့် ဝန်ဆောင်မှု၊ ငွေချေးသူအား အကြွေးပမာဏ တစ်ခုအထိ ပေးထားခြင်း၊ ငှားရမ်းခြင်း၊ ကာလတို ညှိနှိုင်းချေးငွေ၊ ကုန်ကျစရိတ် များသည့် အကြွေးတင်မှုများအား ပြေလည်စေမည့် ချေးငွေများ၊ ရာသီသီးနှံများ၊ မွေးမြူရေး၊ အငယ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးပေးခြင်း နှင့် ဝင်ငွေနည်းအမျိုးသမီးများ၊ ရွှေ့ပြောင်းသွားလာသူများ၊ မသန်စွမ်း သူများ နှင့် ပြည်တွင်း နေရပ်စွန့်ခွါ တိမ်းရှောင်သူများအတွက် သက်ဆိုင်ရာအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် စီမံထားသည့် ချေးငွေများအား ပံ့ပိုးပေးလျက် ရှိ ခဲ့ပါသည်။

**၇။ မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့ရှိ စိုက်ပျိုးရေး စီမံချက်အများစုတို့ ၂၀၁၉ ခုနှစ်တွင် စတင်၍ ပိတ်သိမ်းခဲ့သဖြင့်** LIFT မှ တောင်သူလယ်သမားများ၏ကြံ့ကြံ့ခံနိုင်စွမ်းရည် နှင့် စိုက်ပျိုးထုတ်လုပ်နိုင်မှု စွမ်းရည် ပိုမိုကောင်းမွန်စေခြင်း၊ မြေယာခွဲဝေချထားရေးနှင့် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု အကျိုး ရလဒ်များအတွက် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်းများ မြှင့်တင်နိုင်ရန် အားလုံးပါဝင်သည့် တန်ဖိုးမြှင့်ကွင်းဆက် ချဉ်းကပ်နည်းလမ်းအား အာရုံစိုက်သည့် စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များဆိုင်ရာ စီမံကိန်း ဒီဇိုင်းအသစ်ရေးဆွဲ ခဲ့ပါသည်။ ပိတ်သိမ်းခဲ့သည့် စီမံချက်များ၏ အပြီးသတ်အကဲဖြတ်သုံးသပ်ချက်များမှ ပေးအပ်ခဲ့သည့် လေ့လာသင်ယူမှုများအား ၂၀၂၀ ခုနှစ်တွင် အပြည့်အဝ လုပ်ငန်းလုပ်ဆောင်မည် ဖြစ်သည့် စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာထုတ်လုပ်မှု စနစ် များဆိုင်ရာ စီမံကိန်း ဒီဇိုင်းရေးဆွဲရာတွင် အသုံးပြုထားပါသည်။ LIFT အနေဖြင့် စီမံကိန်းလုပ်ငန်း အာရုံစိုက်မှုကို မြန်မာနိုင်ငံရှိ နယ်စပ်ဒေသများသို့ ပြောင်းရွှေ့ထားသဖြင့် ထုတ်ပြန်ခဲ့သည့် အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်ချက်များအား ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့တောင် ဒေသတို့အပေါ်တွင် အာရုံစိုက်ထားပြီး ယင်းအဆိုပြုလွှာ ဖိတ်ခေါ်ချက်များတွင် စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာထုတ်လုပ်မှု စနစ်များ ပါဝင်ပါသည်။၂၀၁၉ ခုနှစ်အတွင်း ထူးခြားသည့် မူဝါဒ ရေးရာ အောင်မြင်မှုတစ်ခုမှာ ပြည်တွင်းဈေးကွက်တွင်းရှိ ဆန်၊ ပဲအမျိုးမျိုး နှင့်ပြောင်းတို့အား တန်ဖိုးမြင့် ထုတ်ကုန် ပုံစံ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရန် နိုင်ငံခြားကုမ္ပဏီများမှ ဝယ်ယူခြင်းအား ကန့်သတ်ထားခြင်းကို အစိုးရမှ ဖြေလျှော့ပေးခဲ့ခြင်း ဖြစ်ပါသည်။ ယင်းမှာ ဆန်စပါးဈေးကွက် အား ပြည်ပသို့ လွတ်လပ်စွာ ရောင်းချခွင့်ပြုခဲ့သည့်အချိန်မှစ၍ အထူးခြားဆုံး စိုက်ပျိုးရေးကုန်သွယ်မှုဆိုင်ရာမူဝါဒ အပြောင်းအလဲပင် ဖြစ်ပါသည်။ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် မြန်မာနိုင်ငံ၏ စိုက်ပျိုး–ရိက္ခာတန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးရေး စီမံချက် (Agri–food Value Chain Development in Myanmar project – AVCD) သည်– က) ရိတ်သိမ်းရာသီတွင် ဝယ်လိုအား ကျဆင်းသည့် ဖိအားကြောင့် ဈေးကွက်အတွင်း အလွန်အမင်း နည်းပါးသည့် ဈေးနှုန်းသို့ ကျဆင်းစေနိုင်ခြင်းတို့မှ သက်သာစေရန် (ခ) ပြည်ပပို့ကုန်ဈေးကွက်အမျိုးမျိုးတွင် ဈေးကွက်

ဝင်နိုင်ရန် ကူညီပံ့ပိုးပေးရန်တို့အတွက် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ပြည်တွင်းဈေးကွက်မှ တိုက်ရိုက်ဝယ်ယူခွင့်ရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ထံ ထောက်ခံတင်ပြပေးခဲ့ပါသည်။

**၈။ ၂၀၁၉ ခုနှစ် အတွင်း ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ထင်ရှားသည့် မူဝါဒအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။**

အစိုးရမှ မြန်မာအိမ်အကူအလုပ်သမားများ ပြည်ပသို့ ရွှေ့ပြောင်းသွားလာခြင်းအား ပိတ်ပင်ထားမှုကို ဖြေလျှော့ပေးခဲ့ပြီး အိမ်အကူ အလုပ်သမားများ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေမူကြမ်းအား ရေးဆွဲခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) သည် LIFT ၏ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှုစီမံကိန်းတွင် မိတ်ဖက်အဖွဲ့အစည်းများထဲမှ တစ်ဖွဲ့ဖြစ်ပြီး အဆိုပါ အပြောင်းအလဲများဖြစ်စေရန် အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် အလုပ်သမားအဖွဲ့အစည်းနှင့် အတူ ကျယ်ကျယ်ပြန့်ပြန့် အားပေး ထောက်ခံခဲ့ပါသည်။ ပိတ်ပင်ထားမှုအား ဖယ်ရှားပေးလိုက်ခြင်းက ပြည်ပသို့ ရွှေ့ပြောင်းသွားလာသည့် အိမ်အကူအလုပ်သမားများအတွက် အလုပ်သမားအခွင့်အရေးများ ချဲ့ထွင်နိုင်ရန် အခွင့်အလမ်းတစ်ခု ဖန်တီးပေးပြီး ထို့အတွက်ကြောင့် ယင်းတို့အနေဖြင့် ဘေးကင်းလုံခြုံပြီး မျှတသည့် အလုပ်အကိုင် ရရှိနိုင်မည် ဖြစ်သည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများထဲမှ တစ်ဖွဲ့ဖြစ်သည့် CARE မှ အသစ် ပြဋ္ဌာန်းလိုက်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေတွင် ကျား၊မ ရေးရာ အလေးထားမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း တို့အား ထည့်သွင်းရေးဆွဲရန် လွှတ်တော်အမတ်များအား တိုက်ရိုက် အသိပေးအရေးဆိုခြင်းမှတဆင့် ကြိုးပမ်းမှုမှာ အောင်မြင်ခဲ့ပါသည်။ အခြား ထင်ရှားသည့် အောင်မြင်မှုများမှာ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု စီမံကိန်းမှ မြန်မာနိုင်ငံတဝှမ်းရှိ ရွှေ့ပြောင်းသွားလာသူများ၊ ၎င်းတို့၏ မိသားစုများ နှင့် လူမှုအသိုက်အဝန်းများထံ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်း နှင့် သက်ဆိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပြောင်း ရွှေ့နေထိုင်သူများဆိုင်ရာအဖွဲ့အစည်း (IOM) မှ ၂၀၁၈ ခုနှစ်အတွင်းက မြို့ကြီး ခြောက်မြို့တွင် ပြုလုပ်ခဲ့သည့် CHIME သုတေသန စစ်တမ်းကို ဖြန့်ဝေခဲ့ရာတွင် မီဒီယာလွှမ်းခြုံမှုနှင့် အစိုးရ၏ပူးပေါင်းဆောင်ရွက်မှုတို့ကို ကောင်းမွန်စွာ ရရှိခဲ့ပါသည်။၂၀၁၉ ခုနှစ်တွင် ဘီဘီစီမီဒီယာအက်ရှင် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှုနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအကြောင်း ရေဒီယို အသံလွှင့်ဇာတ်လမ်း အပိုင်း ၁၀ ပိုင်းကို ထုတ်လွှင့်ခဲ့ပြီး ခန့်မှန်းခြေ နားဆင်သူပေါင်း ၃.၂သန်းအထိ ရောက်ရှိခဲ့ပါသည်။ ရေဒီယိုအစီအစဉ်၏ ဖေ့စ်ဘုတ် စာမျက်နှာအား ကြည့်ရှုသူ နှစ်ဆတိုးခဲ့ပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ ဝင်ရောက်ကြည့်ရှုသူပေါင်း ၇၅၀,၀၀၀ ကျော် အထိ ရောက်ရှိခဲ့ပါသည်။

**၉။ ၂၀၁၉ ခုနှစ်အတွင်းတွင် LIFT ၏ ပဋိပက္ခဖြစ်ပွားသည့် ဒေသများ၊ လူမှုပေါင်းစည်းညီညွတ်ရေး နှင့် နေရပ်စွန့်ခွာသူများ နှင့် ထိခိုက်လွယ်မှု အများဆုံးသူများအား ပါဝင်စေခြင်းတို့အား အာရုံစိုက်မှု တိုးမြှင့်ခြင်းနှင့်အညီ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်း (မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်များ နှင့် တနင်္သာရီတိုင်းဒေသကြီး) တို့ရှိ ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် LIFT မှ စီမံကိန်းအသစ်များ စတင်ဆောင်ရွက်ခဲ့ပါသည်။**

LIFT ၏ ကချင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်း စီမံကိန်းတွင် အစိုးရ ထိန်းချုပ်သည့် ဒေသများနှင့် အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများတွင် သက်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သည့် ဝန်ဆောင်မှု ပေးသူများ နှင့် ပူးပေါင်းလုပ်ကိုင်သည့် စုစည်းထားသည့် စီမံကိန်းဆောင်ရွက်ချက် အစီအစဉ်များ ပါဝင်ပြီး ရှိဆဲ လူသားချင်း စာနာမှုဆိုင်ရာနှင့်ငြိမ်းချမ်းရေးတည်ဆောက်မှု အစီအစဉ်များအတွက် အတူတကွ ပူးပေါင်း လုပ်ဆောင်မှုများ ဖန်တီးပေးပါသည်။ အရှေ့တောင်ဒေသတွင် စုစည်းထားသည့် စီမံကိန်းတစ်ရပ် ဖော်ဆောင်ရန်အတွက် LIFT မှ ကျယ်ကျယ်ပြန့် ပြန့် လေ့လာသုံးသပ်မှုတစ်ရပ် ဆောင်ရွက်ခဲ့ပြီး အယူအဆ တင်ပြချက်များ ဖိတ်ခေါ်ခြင်းတစ်စောင် ထုတ်ပြန်ခဲ့ကာ တင်သွင်းလွှာပေါင်း ၆၃ ခု လက်ခံရရှိခဲ့ပါသည်။ စီမံကိန်းအပြည့်အစုံအား ၂၀၂၀ ခုနှစ်တွင် ဖော်ဆောင်မည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် LIFT သည် ပြင်ပမှ ကျွမ်းကျင်အဆင့် အတိုင်ပင်ခံပုဂ္ဂိုလ်၏ အကူအညီဖြင့် ပဋိပက္ခအပေါ် အလေးထားတုံ့ပြန်ဆောင်ရွက်မည့် မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်ကို အပြီးသတ်ခဲ့ပြီး ပဋိပက္ခအပေါ် အလေးထား တုံ့ပြန်ဆောင်ရွက်မည့် မူဝါဒတို့အား နောက်ဆုံးပြင်ဆင်မွမ်းမံခဲ့ပါသည်။ LIFT ပဋိပက္ခ မူဘောင်[၃] တွင် LIFT ၏ ရှိဆဲ ကျင့်သုံးမှုများအား ခိုင်မာအားကောင်းစေသည့်၊ အားဖြည့်ပေးသည့် ပဋိပက္ခအလေးထားမှု နှင့် ပဋိပက္ခ ဆန်းစစ်လေ့လာမှု ချဉ်းကပ်နည်းလမ်းအား အသေးစိတ်ဖော်ပြထားပါသည်။

၃ https://www.lift-fund.org/lift-conflict-framework

LIFT သည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်း၍ ပဋိပက္ခဒဏ်ခံဒေသများမှ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ LIFT၏ ရန်ပုံငွေစီမံခန့်ခွဲမှုရုံး (FMO) နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (IP)များ အတွက် နည်းပညာအကူအညီပေးသည့် အထူးကျွမ်းကျင်အဖွဲ့အစည်းဖြစ်သည့် RAFT နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT သည် ရခိုင်ပြည်နယ်တွင် ၎င်း၏ စီမံကိန်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အရပ်သားပြည်သူအများအပြား ထိခိုက်ခံစားနေကြရပြီး ၂၀၁၉ ခုနှစ်တွင် ပဋိပက္ခဒဏ်ခံစားရသည့် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်များနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရပါသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်အများအပြားတွင် လုံခြုံရေးအခြေအနေ ဆိုးရွားလာသဖြင့် စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ တိုးမြင့်လာခဲ့ပြီး LIFT မှ ရန်ပုံငွေထောက်ပံ့ပေးထားသည့် လုပ်ငန်းများ နယ်မြေချဲ့ထွင်ရန် စီမံကိန်းရေးဆွဲထားသည့်ဒေသများသို့ ခရီးသွားလာခွင့် လျှောက်ထားခြင်း အတွက် ခွင့်ပြုမိန့်ရယူခြင်းအား ထိခိုက်စေခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်အတွင်း LIFT မှ ရခိုင်ပြည်နယ်တွင် လူပေါင်း ၁၈၉,၃၁၅ ဦး– ရခိုင် ၆၈ ရာခိုင်နှုန်းနှင့် မွတ်စလင်မ် ၃၂ ရာခိုင်နှုန်းထံသို့ (ဝန်ဆောင်မှုများ) လက်လှမ်းမီ ရောက်ရှိခဲ့ပါသည်။

**၁၀။ ၂၀၁၉ ခုနှစ်အတွင်း LIFT ရန်ပုံငွေ ထောက်ပံ့မှုများအားလုံး တွင် မူဝါဒဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုပေါင်း ၂၀၇ ခု ကျင်းပခဲ့ပြီး ထုတ်ဝေမှု စုစုပေါင်း ၇၈ စောင် ထုတ်ဝေနိုင်ခဲ့ခြင်းဖြင့် တစ်နှစ်အတွင်း များပြားလှသည့် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု များ ပြုလုပ်နိုင်ခဲ့ကြောင်း ပြသနိုင်ခဲ့ပါသည်။ မူဝါဒဆိုင်ရာ အပြောင်းအလဲ ၂၈ ခု ရှိခဲ့ပြီး အပြောင်းအလဲ ၈ ခု မှာ အစိုးရဘတ်ဂျက် ခွဲဝေချထားမှုတွင်ဖြစ်ကြောင်း အစီရင်ခံခဲ့ပါသည်။**

၂၀၁၉ အစောပိုင်းတွင် LIFT မှ နိုင်ငံသား မူဝါဒဆိုင်ရာ အရာရှိ (National Policy Officer–NPO) တစ်ဦးအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ ခေါ်ယူခန့်ထားနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံအစိုးရနှင့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် LIFT ၏ စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေရန်အတွက် ထူးခြားသည့် ခြေလှမ်းတစ်ရပ် ကို စတင် လှမ်းနိုင်ခဲ့ပါသည်။ NPO သည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ရှိ အရေးကြီးသည့်လွှတ်တော်ကော်မတီများနှင့် ဆက်ဆံရေးများ တည်ဆောက်ရန်နှင့် ခိုင်မာအားကောင်းစေရန် အဓိကထား အာရုံစိုက်ပါသည်။ LIFT သည် နေပြည်တော်တွင် လွှတ်တော် ကိုယ်စားလှယ် (MP) များနှင့် ထင်ရှားသော မူဝါဒဆိုင်ရာ လှုပ်ရှားမှုအများအပြားအား ကျင်းပခဲ့ပါသည်။ LIFT မှ ငွေရေးကြေးရေး ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၏ လူမှုဝန်ထမ်း ဦးစီးဌာနတို့တွင်လည်း နည်းပညာ အကူအညီများ ပေးအပ်ခြင်းဖြင့် အခိုင်အမာ ရင်းနှီးမြှုပ်နှံပေးထားပါသည်။ LIFT နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှလည်း ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့်အပါအဝင် ဒေသဆိုင်ရာအဆင့်တွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၌ သိသာထင်ရှားသည့် တိုးတက်မှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

**၁၁။ ၂၀၁၉ ခုနှစ်မှစ၍ LIFT ၏ ရန်ပုံငွေ ၏ ၂၀ ရာခိုင်နှုန်းအား ဒေသခံအဖွဲ့များ ၏ စီမံခန့်ခွဲမှုအတွက် မှတပါး အခြားကိစ္စရပ်များအတွက် အသုံးမပြုရန် သတ်မှတ်ထား ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT မှ အထောက်အပံ့ပေးသည့် အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များမှ ဒေသခံအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခဲ့ပြီး – တောင်တန်းဒေသမြို့နယ် ရန်ပုံငွေ၏ ၆၄ ရာခိုင်နှုန်းတို့မှ ဒေသခံ အာဏာပိုင်များနှင့် လူမှုအသိုက်အဝန်းမှ ပတ်သက် ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ယင်းတို့၏ အသိအမှတ်ပြုမှုတို့တွင် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ CSO များနှင့် ပုဂ္ဂလိက ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာခဲ့ပြီး ဈေးကွက်ချိတ်ဆက်မှုများ ဖော်ဆောင်ခြင်း နှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အပြန်အလှန် လေ့လာသင်ယူသည့်ခရီးများ မှ တဆင့် တောင်သူလယ်သမားများအတွက် အကျိုးရလဒ်များ ပေးအပ်နိုင်ခဲ့ပါသည်။**

**၁၂။ LIFT မှ ၂၀၁၉–၂၀၂၃ အဆင့် အတွက် အသစ်ပြန်လည် အားသစ်လောင်း ပြင်ဆင်လိုက်သည့် မဟာဗျူဟာ၏ ကျား၊မ ရေးရာ အလေးပေးမှုသည် အဓိကျသည့် ရည်မှန်းချက်ဖြစ်လာပြီး ၂၀၁၉ ခုနှစ်တွင် ကျား၊မရေးရာ စဉ်းစားဆင်ခြင်မှုများ အရှိန်အဟုန် မြင့်လာခဲ့ ပါသည်။**

LIFT ၏ ယုတ္တိဗေဒ မူဘောင်အတွင်းနှင့် တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင် (MEAL) စီမံချက်တွင် စိုက်ပျိုးရေးကဏ္ဍတွင် အမျိုးသမီးများလုပ်ကိုင်နိုင်စွမ်းရှိခြင်း ညွှန်းကိန်း (women’s empowerment in agriculture index –WEAI) အား ထည့်သွင်းခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း စီမံချက်များနှင့် စီမံကိန်းများမှ ကျား၊မ အလေးထား အချက်အလက်များ ရယူနိုင်ရန် LIFT ၏ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း နည်းပညာဆိုင်ရာ အချက်အလက် စာရွက်တို့တွင် နောက်ဆုံးအခြေအနေများ ထည့်သွင်းခဲ့ ပါသည်။ စီမံချက်အသစ်များတွင် ကျား၊မ ရေးရာအလေးပေးမှု ပါဝင်ခြင်း သေချာစေရန် စီမံချက်များ၏ ဘတ်ဂျက်တွင် အနည်း ဆုံး ၂၀ ရာခိုင်နှုန်းအား ကျား၊မ ရေးရာ အလေးပေးသည့် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်းအား အားပေးရန်အတွက် ခွဲဝေသတ်မှတ်ထားပါသည်။ LIFT ၏ ကျား၊မ ရေးရာ မဟာဗျူဟာအား အကဲဖြတ်သုံးသပ်ခြင်းကို ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ယင်းအကဲဖြတ်သုံးသပ်ခြင်းမှ LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းများတွင် ကျား၊မ ရေးရာကဏ္ဍ အားကောင်း

စေမည့် ထောက်ခံအကြံပြုချက်များ ပေးအပ်ခဲ့ပါသည်။ အဆိုပါအကြံပြုချက် များအား ၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။ LIFT ၏ စီမံကိန်းများနှင့် စီမံချက်များအတွက် စွမ်းဆောင်ရည် နှင့် ပတ်သက်သည့် နည်းပညာ အကူအညီပေးနိုင်ရန် ကျားမရေးရာ အထူးကျွမ်းကျင်သူအား ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် ခေါ်ယူခန့်ထားခဲ့ပါသည်။

**၁၃။ ၂၀၁၉ ခုနှစ်တွင် LIFT သည် မသန်စွမ်းသူများကို ဦးတည်ရည်ရွယ်သည့် စီမံကိန်း လုပ်ငန်းများအား တိုးချဲ့ခဲ့ပါသည်။**

ပြည်နယ်နှင့် တိုင်းဒေသကြီး ခြောက်ခုတွင် မသန်စွမ်းမှုဆိုင်ရာ စီမံချက် လေးခုအား ဆောင်ရွက်ရန် စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းလေးခုမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခု ( ချင်း၊ကရင်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း) တို့တွင် မသန်စွမ်းသူများ ပါဝင်သည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBO) ၂၈၂ ဖွဲ့ အား ဖွဲ့စည်းပေးခဲ့ပြီး ထောက်ပံ့ကူညီခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများမှ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှုကို ပိုမိုတိုးမြှင့်ရန် အတွက်ဖြစ်ပါသည်။

**၁၄။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် ၂၀၁၉ ခုနှစ်အတွင်း သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်ပေးအပ်ခြင်း လွှမ်းခြုံမှုကို ၁၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါသည်။**

ဒီဇင်ဘာလတွင် အသက် ၈၅နှစ် အထက် သက်ကြီးရွယ်အိုပေါင်း ၂၀၀,၀၀၀ နီးပါးသည် အစိုးရထံမှ လူမှုရေးပင်စင် ကို ရယူခံစားခဲ့ကြရပါသည်။ ၂၀၁၄ ခုနှစ်မှစတင်၍ LIFT သည် အစိုးရ၏ လူမှု ကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) ၏ အဓိက အခန်းကဏ္ဍဖြစ်သည့် လူမှုရေးပင်စင် အစီအစဉ်အား ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ကူညီပေးရန် အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) အား အနီးကပ် နည်းပညာ အကူအညီပေးအပ်ရန် HelpAge International ကို ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ ဤစီမံကိန်း လုပ်ငန်းအား ၂၀၁၉ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

# လေ့လာဖော်ထုတ်ခဲ့သော သင်ခန်းစာများ

၂၀၁၉ ခုနှစ်တွင် LIFT ၏ **မြစ်ဝကျွန်းပေါ် ဒေသနှင့် အပူပိုင်းဇုန် စီမံကိန်းများ** စတင်ပိတ်သိမ်းခဲ့ပါသဖြင့် ၂၀၁၉–၂၀၂၃ အဆင့်တွင် ဘက်ပေါင်းစုံ ပေါင်းစည်းထားသည့် စီမံကိန်းများ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပံ့ပိုးပေးသည့် ဆက်စပ်မှုရှိပြီး၊ အသုံးချနိုင်သည့် လေ့လာသင်ယူခြင်းများအတွက် အပြီးသတ်သုံးသပ် အကဲခတ်ဖြတ်ခြင်းများစွာ တို့အား ဆောင်ရွက်ခဲ့ ပါသည်။ ၎င်းတို့အနက်မှ ထူးခြားထင်ရှားသည်များမှာ –

**LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ အကောင်အထည်ဖော်သည့် စီမံကိန်းများသည် အငယ်စားနှင့် အလယ် အလတ်အဆင့် ရှိသည့် စပါးစိုက်ပျိုးသည့် တောင်သူ လယ်သမားများအား အရည်အသွေးပြည့်ဝပြီး အသိအမှတ်ပြု လက်မှတ်ရသည့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ် နိုင်ရန်နှင့် အကျိုးအမြတ်ရရှိနိုင်စေရန် တို့အတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့သည်အား လက်တွေ့ပြသခဲ့ပါသည်။ အသေးစားအဆင့် မျိုးစေ့ထုတ်လုပ်မှု နမူနာပုံစံသည် လက်တွေ့အားဖြင့် အကျိုး သက်ရောက်မှု ကောင်းမွန်သော်လည်း ထုတ်လုပ်မှု အတိုင်းအတာမှာ အကန့် အသတ်ရှိနေပြီး ပိုမိုကျယ်ပြန့်စွာ ပုံတူကူး လုပ်ဆောင်ရန်အတွက် ပြင်ပကူညီ ပံ့ပိုးမှု ထပ်မံ၍လိုအပ်မည် ဖြစ်ပါသည်။** ဤနမူနာပုံစံမှာ အလွန်စရိတ်ကျဉ်းသည့် ဆောင်ရွက်ခြင်း ဖြစ်သော်လည်း ငွေကြေးနှင့် တန်ဖိုးမျှတမှုအား ကိုယ်စားပြုခြင်းမရှိပါ။ သို့ရာတွင် ဤသည်အား အတိအကျ ပုံတူကူးလုပ်ဆောင်နိုင်မည် မဟုတ်သော်လည်း အကျိုးဆက်အနေဖြင့် ရေရှည်တည်တံ့ ခိုင်မြဲမှုနှင့် ပတ်သက်၍အလေးထားစရာ ကိစ္စရပ်များ ရှိနေပါသည်။ အသေးစား မျိုးစေ့စိုက်ပျိုး ထုတ်လုပ်သူများအား ကူညီပံ့ပိုးပေးရန်၊ စိုက်ပျိုးသူများထံ အခြေခံ အထောက်အပံ့နှင့် မှတ်ပုံတင်ထားသော မျိုးစေ့များအား ပေးအပ်ရန်၊ ကွင်းဆင်းစစ်ဆေးခြင်းများ၊ မျိုးစေ့စမ်းသပ်စစ်ဆေးခြင်း၊ မျိုးစေ့အား ဈေးကွက် မြှင့်တင်ခြင်းနှင့် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ များတို့နှင့် (မျိုးစေ့အား အကျိုးတူ ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းအပါအဝင်) စီးပွားရေးဆိုင်ရာ ညှိနှိုင်းမှု များ ပြုလုပ်ရန်တို့အတွက် မျိုးစေ့ စိုက်ပျိုး ထုတ်လုပ်သူများအသင်း အားကောင်း ခိုင်မာစေခြင်း အား ရေရှည် တည်တံ့ ခိုင်မြဲမှုရှိစေရန်အတွက် ဖြေရှင်းရာတွင် နည်းလမ်းတစ်ခုအနေဖြင့် ရှုမြင်သင့် ပါ သည်။ LIFT အနေဖြင့် RSSD စီမံကိန်း နှင့် ဧရာဝတီ မျိုးစေ့ ကဏ္ဍရပ်ဝန်း ပေါ်ထွန်းလာခြင်းတို့မှ တဆင့်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

**LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သည့် တိုးချဲ့ပညာပေးသည့် စနစ်များ(သို့) နှစ်မျိုးပေါင်းစပ်ထားသည့် နမူနာ ပုံစံများ အကောင်အထည်ဖော်ရာတွင် ပိုမို၍ တက်တက်ကြွကြွ မြှင့်တင်ပေးရန် လိုအပ်ချက် တစ်ရပ် ရှိနေပါသည်။** တောင်သူလယ်သမားများအား ၎င်းတို့၏ ကုန်ပစ္စည်းများ၏ အကျိုးကျေးဇူးများကို လက်တွေ့ပြသနိုင်သည့် ပုဂ္ဂလိက ကဏ္ဍမှ သွင်းအားစု ပေးသွင်းသူများနှင့် ချိတ်ဆက်မှုများအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် မြစ်ဝကျွန်းပေါ် ဒေသ RISE စီမံချက်တွင် ပျောက်ဆုံးနေသော အခွင့်အလမ်း တစ်ရပ်အနေဖြင့်ရှုမြင်ပါသည်။ ယင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် အချို့သော အဖွဲ့အစည်းများမှ ဤကဏ္ဍနှင့် ပတ်သက်၍ ကြိုတင်၍ သင်္ကာမကင်းဖြစ်နေခြင်းနှင့် ယုံကြည်မှုမရှိခြင်းတို့ နှင့် ဆက်စပ် နေပါသည်။ သို့သော်လည်း အခြား မိတ်ဖက်အဖွဲ့အစည်းများ (IFDG ၊ RSDD နှင့် Mercy Crops ) သည် ဤကဏ္ဍတွင် အပြု သဘောဆောင်သည့် ရလဒ်များနှင့် အတူတက်ကြွစွာ အာရုံစိုက်ဆောင်ရွက်ခဲ့ပါသည်။

**ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် စုစည်းထားသည့် လယ်သမားများမှတဆင့် ထုတ်လုပ်မှုနှင့် နှစ်ဦးနှစ်ဖက်အပေးအယူ ပြုလုပ်နိုင်သည့် စွမ်းအားမြင့်မားမှုတို့အား သေချာစေနိုင်မည့် စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိမှသာလျှင် စီးပွားရေးအရ အလားအလာ ရှိမည်ဖြစ်ပါသည်။** လက်ရှိဆောင်ရွက်လျှက်ရှိသည့် ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အဦ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ၊ တောင့်တင်းခိုင်မာပြီး လက်တွေ့ကျသော တောင်သူ လယ်သမားအဖွဲ့အစည်းများ ထူထောင်နိုင်ရန်အတွက် LIFT ၏ အရေးပေါ် ကူညီကယ်ဆယ်ရေး ကနဦး ချဉ်းကပ် နည်းလမ်းနှင့် အဓိက ကြိုးပမ်းအားထုတ်မှုများ လိုအပ်သည် တို့ဖြင့် တွက်ဆပါက မြစ်ဝကျွန်းပေါ်ဒေသတွင် ကူညီ ပံ့ပိုးပေးထားသည့် တောင်သူလယ်သမား အဖွဲ့အစည်း အများစုအား အမျိုးအစား ခွဲခြားသတ်မှတ်ရာတွင် မိမိဘာသာ ရေရှည်တည်တံ့ ခိုင်မြဲစွာ ရပ်တည်နိုင်ပြီး၊ စွမ်းဆောင် နိုင်မှုရှိသည့် အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်အတွက် အလားအလာ အနည်းငယ်သာရှိသည့် အဖွဲ့အစည်းများအဖြစ် သတ်မှတ်မည်

ဆိုပါက အံ့သြဖွယ်ရာမရှိပါ။ အဖွဲ့အစည်းများ မိမိဘာသာ ရေရှည်တည်တံ့စွာ ရပ်တည်နိုင် စေရန်အတွက် အထောက်အကူပေးနိုင်ရန် အလွန်အရေးပါသည့် အောင်မြင်မှုဆိုင်ရာ အခြေခံ အကြောင်းရင်းများမှာ ပြည့်စုံ လုံလောက်သည့် အဖွဲ့အစည်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများရှိခြင်းနှင့် တရားဝင်မှတ်ပုံ တင်ထားပြီး ပူးတွဲစုဆောင်းခြင်း နှင့် ရောင်းချခြင်းတို့မှတဆင့် အမြတ်အစွန်းရရှိနိုင်သော စီးပွားရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွ က်ခြင်း တို့ဖြစ်ပါသည်။ ဆန်စပါးမျိုးစေ့ ထုတ်လုပ်သူများနှင့် တောင်သူလယ်သမားများ တွေ့ကြုံနေရသည့် သိသာထင်ရှားသော စိန်ခေါ်မှုမှာ အမြတ်အစွန်း နည်းပါးခြင်း ဖြစ်ပါသည်။ ဈေးကွက်တွင်ဖြစ်ပေါ်နေ သည့် ဈေးနှုန်းများမှာ အလွန်နည်းပါးသည့်အတွက်ကြောင့် မျိုးစေ့ ထုတ်လုပ်သူများ အနေဖြင့် ၎င်းတို့၏မျိုးစေ့များကို အဆင့်မြှင့် တင်နိုင်ရန် ကောင်းမွန်သည့် အရည်အသွေး ရှိသည့် သွင်းအားစုများနှင့် ပစ္စည်းများအား လက်လှမ်းမှီရယူနိုင်ရန် အကန့်အသတ်များ ရှိနေပါသည်။ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အစိုးရမှပံ့ပိုးပေးခြင်းတို့ဖြင့် ညှိနှိုင်းမှု ပြုလုပ်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက် ခြင်းတို့တွင် အကန့်အသတ်များရှိနေခြင်းက တန်ဖိုးကွင်းဆက်များ ကောင်းမွန်စွာ လည်ပတ် နိုင်ရန်နှင့် တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် ၎င်းတို့၏ အဖွဲ့ဝင်များအတွက် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ရန်တို့အတွက် အခက်အ ခဲဖြစ်နေပါသည်။ တန်ဖိုးနည်းပါးသည့် သီးနှံများအား စိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အလားအလာ ရှိသောလမ်းကြောင်း (၂)ကြောင်းမှာ– တန်ဖိုး မြင့်မားသည့် ထုတ်ကုန်များအဖြစ် ပြုပြင်စီမံထုတ်လုပ်ခြင်းမှ တစ်ဆင့်တန်ဖိုးထည့်သွင်းခြင်း (သို့) အခြားသီးနှံများ/ တိရိစ္ဆာန်မွေးမြူရေး/ ငါးမွေးမြူရေးတို့ဖြင့် ပြောင်းလဲထုတ်လုပ်ခြင်းတို့ဖြစ်ပါသည်။ တန်ဖိုးထည့်သွင်းရန်အတွက် သိသာထင်ရှားသည့် အရင်းအနှီးများ လိုအပ်သည့် အတွက်ကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် အမျိုးမျိုးပြောင်းလဲထုတ်လုပ် ခြင်းများ အကောင်းဆုံး ချဉ်းကပ်နည်းလမ်း ဖြစ် ကောင်းဖြစ်နိုင်ပါသည်။

**တောင်သူလယ်သမား အဖွဲ့အစည်းများသည် ၎င်းတို့၏ အဖွဲ့ဝင်အရေအတွက် နည်းပါးခြင်းနှင့် မတည် ရင်းနှီးငွေတွင် အကန့်အသတ်တို့ ရှိနေခြင်း ကြောင့် ယခု လက်ရှိအချိန် ၌ ရေရှည်တည်တံ့ခိုင်မြဲနိုင်ခြင်း မရှိသေးပါ။** တောင်သူလယ်သမား အဖွဲ့အစည်းများ ကြားတွင် စီးပွားရေးဆိုင်ရာ ရေရှည် မျှော်မှန်းချက် မရှိခြင်းမှာ အခြေခံအားဖြင့် တူညီမှုရှိပြီး၊ ယင်းမှာ ရေရှည်တည်တံ့ ခိုင်မြဲမှု အတွက် အဓိက အဟန့်အတား ဖြစ်ပါသည်။တောင်သူလယ်သမား အဖွဲ့အစည်းအများစုသည် အလွတ်သဘော လုပ်ငန်းလည်ပတ် ဆောင်ရွက် နေခြင်းကြောင့် ၎င်းတို့မှ ငွေကြေးထောက်ပံ့မှုအား လက်လှမ်းမီ ရယူခြင်းတွင် အဟန့်အတား များ ရှိနေပါသည်။ မိမိဘာသာ ရေရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရန်အတွက် မရှိမဖြစ် ထားရှိရမည့် လိုအပ်ချက်မှာ သီးသန့်ခွဲဝေသတ်မှတ်ထားသည့် စီမံ အုပ်ချုပ်မှုနှင့် ပိုင်ဆိုင်မှုဆိုင်ရာ ဖွဲ့စည်းပုံများ၊ အဖွဲ့ အစည်းအတွက် နှစ်မြှုပ်ထားပြီး ကောင်းစွာ တတ်သိနားလည်သော ဘုတ်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ အခန်းကဏ္ဍအား နားလည်သဘောပေါက်ပြီး ၎င်းတို့အဖွဲ့ဝင် တောင်သူလယ်သမားများနှင့် ယုံကြည်မှုအား တည်ဆောက် ထိန်းသိမ်း နိုင်သည့် ဝန်ထမ်းတို့ ဖြစ်ပါသည်။ ထို့အပြင် ထင်ရှားစွာ ရှိနေသည့် တည်ထောင် ထားပြီး ဖြစ်သော တောင်သူလယ်သမား အဖွဲ့အစည်း (၃၂) ဖွဲ့ထက် ပိုမိုကြီးမားသော အဖွဲ့အစည်းများတွင် လိုအပ်သော တန်ဖိုးကွင်းဆက်၌ ကျွမ်းကျင် အတတ်ပညာရှင်ဆိုင်ရာ လခစားစီမံခန့်ခွဲမှုအဖွဲ့ ထားရှိရန်မှာ လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။

**IFDC ၏ တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် စိုက်ပျိုးရေး ဌာနမှ တိုးချဲ့ပညာပေးရေး ဝန်ထမ်းများ နှင့် ချိတ်ဆက်မှုများဖန်တီးရန်အတွက် သွင်းအားစုဝန်ဆောင်မှုပေးသူ (ISPs) များ၏ စွမ်း ဆောင်ရည် တည်ဆောက်ပေးသည့် ချဉ်းကပ်နည်းလမ်းက တောင်သူများအတွက် တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများ ပေးအပ်ရာတွင် အလုပ်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ ပါသည်။** ထိုစီမံချက်၏ အဓိက အကျိုးရလဒ်မှာ သွင်းအားစုများ၏ ဈေးနှုန်းများအား ချုပ်ထိန်းနိုင်ရန် အတူပူးပေါင်း လုပ်ကိုင်ခြင်း၏ အားသာချက်များကို လိုလားသည့် ISP ၅၃ခုအား တရားဝင် မှတ်ပုံတင်ထားသည့် သမဝါယမ အသင်း တစ်ခု ဖွဲ့စည်းပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ အသင်းတွင် သမဝါယမအသင်း ဖွံ့ဖြိုးတိုးတက်လာစေရန် တာဝန်ရှိသည့် အချိန်ပြည့်ရုံးထိုင်သော အမှုဆောင်အ ရာရှိချုပ်တစ်ဦး ရှိပါသည်။ ထိုသမဝါယမအသင်း တွင် မြစ်ဝကျွန်းပေါ် တောင်သူလယ်သမား အသင်းများတွင် မရှိသည့် အခြင်းအရာ များစွာရှိသဖြင့် နောင်လာမည့် နှစ်များအတွင်းတွင် ထိုအခြင်းအရာများအား လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပံ့ပိုးမှုများ (ငွေသား၊ သွင်းအားစု စသဖြင့်) ကို သတိထား၍ အသုံးပြုသင့်ပြီး စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ် ကြည့်ရှုခြင်းတို့ ပြုလုပ် ပြီးနောက် ဆုံးရှုံးရနိုင်ချေ မျှဝေတာဝန်ယူခြင်း မူဝါဒ နှင့်အတူ တောင်သူများအနေဖြင့် ဆုံးရှုံးရနိုင်ချေ သတ်မှတ်ချက်အဆင့်ကို ကျော်လွှား နိုင်ရန်အတွက် အထောက်အကူဖြစ်စေရန် သက်သက်သာ အသုံးပြုသင့်ပါသည်။ ပံ့ပိုးမှုများ သည် ၎င်းတို့တွင် ရင်းနှီး မြှုပ်နှံနိုင်သည့် စွမ်းအားမရှိပါဆိုသော ရိုးမယ်ဖွဲ့သည့် အကြောင်းပြချက်အပေါ် သိမ်းသွင်းစည်းရုံးပြီး လယ်သမား များမှ စီမံချက် ရည်ရွယ်ချက်များကို ဆောင်ရွက်စေရန်အတွက် ဖြည့်ဆည်းပေးသည့် အဆင့် အတွက်သက်သက်သာ အသုံးပြုခြင်း ဖြစ်ပြီး ပံ့ပိုးမှုများသည် စီမံချက် ရည်ရွယ်ချက်များအား ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊ အဆိုးရွားဆုံးအခြေအနေတွင် စီမံချက်အား ပိုင်ဆိုင်သည်ဆိုသည့် စိတ် ခံစားမှုမျိုး မရှိခြင်းတို့ ဖြစ်စေခြင်းနှင့် ဖုံးကွယ်ထားသည့် အစီအစဉ်ရှိသူများအား ဆွဲဆောင်ခြင်း တို့ကို အစဉ်အမြဲ ဖြစ်စေနိုင်မည် ဖြစ်သည်။

အထွက်နှုန်းသည် အသားတင်အမြတ်အား အကောင်းဆုံး မှန်းဆနိုင်သည့် ကိန်းဂဏန်းဖြစ်ပြီး ယင်း၏နောက်တွင် စျေးနှုန်းမှ ကပ်လျက် လိုက်ပါလာသည်။ သို့ဖြစ်၍ သွင်းအားစုများသည် သီးနှံ အထွက်နှုန်းနှင့် စျေးနှုန်း တို့နည်းတူ အသားတင်အမြတ်အပေါ်တွင် လွှမ်းမိုးနိုင်ခြင်း မရှိပါ။ မူဝါဒချမှတ်သူများအတွက် သတင်းစကားမှာ အထွက်နှုန်းတိုးစေသည့် နည်းပညာများအား အာရုံစိုက်ပါက အရည်အသွေးမြင့် သီးနှံများအား စိုက်ပျိုးထုတ်လုပ်သူထံမှ တိုက်ရိုက် စျေးကြီးပေးဝယ်ယူနိုင်သည့် အကျိုးကျေးဇူး ရရှိမည် ဟူ၍ ဖြစ်ပါသည်။ **အနာဂတ် အလှူရှင်အဖွဲ့အစည်း ဆောင်ရွက်ချက်များအတွက် စိန်ခေါ်မှုမှာ တောင်သူများ အနေဖြင့် လိုလားသည့် သီးနှံထွက်နှုန်းရရှိစေရန် နည်းပညာများအား ပိုမို ကောင်းမွန်စွာ အသုံးချနိုင်ရန်အတွက် အကူအညီပေးရန်အတွက် ဖြစ်ပါသည်။**[၄]

နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ချက်တိုင်းသည် လက်ခံကျင့်သုံးနိုင်ခြင်းနှင့် လုပ်ငန်း တွင်ကျယ်ခြင်းဆိုသည့် ရလဒ်များ အစဉ်အမြဲ ရရှိနိုင်သည် မဟုတ်ပါ။ ယင်းတို့မှာ TdH စီမံချက်မှ မိတ်ဆက်ခဲ့ပေးသည့် အသေးစား မြေမဲ့ စိုက်ပျိုးရေး စနစ်များတွင် ထင်ရှား ပေါ်လွင်ခဲ့ပါသည်။[၅] ဟင်းသီးဟင်းရွက်များ၏ စျေးကွက် ပေါက်စျေးမှာ အလွန်နည်းပါးပြီး အဆိုပါစနစ်များ ထိန်းသိမ်းစရိတ်မှာ အတန်အသင့် မြင့်မားခြင်းတို့ကြောင့် စီမံချက် ပြီးဆုံးပြီးနောက်ပိုင်း အိမ်ထောင်စုများမှ ထိုစနစ်များအား စီမံခန့်ခွဲနိုင်သည့် စွမ်းဆောင်နိုင်မှုတို့တွင် အကန့်အသတ် ရှိနေပါသည်။ စီမံကိန်း ဒီဇိုင်း ရေးဆွဲရာ၌ စီမံကိန်းဆောင်ရွက်မှုများအား တိုးမြှင့်ရမည် (သို့) ကန့်သတ်ရမည် တို့နှင့်စပ်လျဉ်းသည့် အခြေအနေလိုက် ကြုံတွေ့ရမည့် စိန်ခေါ်မှုများအား ရှင်းရှင်းလင်းလင်း သဘောပေါက်နား လည်ရန် လိုအပ်ချက်တစ်ရပ် ရှိနေပြီး စီမံချက် ပိတ်သိမ်းမှု ဆိုင်ရာ မဟာဗျူဟာများတွင် ယင်းတို့အား ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် အချိန်ကာလတစ်ခု အတိုင်းအတာအတွင်း LIFT နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ၎င်းတို့၏ အာဟာရဖေးပေး စိုက်ပျိုးရေး စီမံချက် ဒီဇိုင်းများ မည်သည့် အတိုင်းအတာအထိ တိုးတက်ခဲ့ကြောင်း စုံစမ်းရန် LIFT မှ စီမံချက် လုပ်ငန်းစဉ်တို့အား သုံးသပ်မှု တစ်ရပ် ဆောင်ရွက်ခဲ့ပါသည်။ ယခင်က ဆောင်ရွက်ခဲ့သည့် စီမံချက်အချို့သည် ဆီလျော်သည့် အကျိုးရလဒ်များအား တိုင်းတာခဲ့ပါက (သို့) စီမံချက်အား လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်ခဲ့ပါက (သို့) ထပ်မံ ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါက အာဟာရ ဖေးပေး စီမံချက်များ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ LIFT နှင့် မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် LIFT ၏ မဟာဗျူဟာ နှင့် စီမံကိန်းများတွင် အာဟာရ ဖေးပေး စိုက်ပျိုးရေးအပေါ် ခိုင်မာအားကောင်းစွာ အာရုံစိုက်ခဲ့သည့် ရလဒ်မှ LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အာဟာရဖေးပေး စိုက်ပျိုးရေးဆိုင်ရာ နားလည်မှုနှင့် ချဉ်းကပ်နည်းတို့တွင် ပိုမိုတိုးတက်ခဲ့ပါသည်။ ယခုအခါ နောက်ထပ် မိတ်ဖက်အဖွဲ့အစည်းများကလည်း ၎င်းတို့၏ စီမံချက် ဆောင်ရွက်ရသည့် အခြေခံ အကြောင်းများ၊ ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီ နှင့် မူဘောင်များ တိုင်းတာခြင်း တို့တွင် စိုက်ပျိုးရေးနှင့် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုတို့အား ချိတ်ဆက်လာကြပါသည်။

**LIFT ၏ ရွှေ့ပြောင်းသွားလာခြင်း စီမံကိန်းများမှ တွေ့ရှိချက်များသည် LIFT ၏ အကြောင်းအရာလိုက် အာရုံစိုက်မှု အသစ်ဖြစ်သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့လျား သွားလာမှု စီမံကိန်းအား ဒီဇိုင်းရေးဆွဲရန်နှင့် စတင်နိုင်ရန် ပံ့ပိုးပေးပါသည်။**

**ပြည်တွင်း သုတေသန စွမ်းဆောင်ရည် တည်ဆောက်ခြင်းသည် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှု စီမံ အုပ်ချုပ်ရေးအတွက် အထောက်အထား အခြေခံမှုအား ခိုင်မာ အားကောင်းစေရန်အတွက် ပိုမို စွမ်းဆောင်နိုင်ပြီး ရေရှည်တည်တံ့မည့် ချဉ်းကပ်နည်းလမ်း ဖြစ်ပါ သည်။**

IOM CHIME စီမံချက်၏ အပြီးသတ် အကဲဖြတ်သုံးသပ်မှုမှ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှု– ဖွံ့ဖြိုးရေး ဆက်စပ်မှု ဆိုင်ရာ အရေးပါသည့် သုတေသနဆောင်ရွက်ချက်တစ်ရပ် ပြုလုပ်နိုင်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ သို့သော်လည်း ထိုချဉ်းကပ်နည်းလမ်းသည် ကာလ ကြာမြင့်စွာ အချိန်ယူခဲ့ရပြီး ကုန်ကျစရိတ် မြင့်မားခဲ့ပါသည်။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းရင်း အများစုမှာ နိုင်ငံတကာ ပညာရေး အဖွဲ့အစည်း တစ်ခုနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပြီး လေ့လာမှုအား စီမံခန့်ခွဲရန် လိုအပ်သည့် နိုင်ငံတကာ ဝန်ထမ်း ကုန်ကျစရိတ်များ ရှိခြင်းကြောင့် ဖြစ်ပါသည်။ ရေရှည်တွင် မြန်မာနိုင်ငံ၌ လုပ်သား ရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ မူဝါဒနှင့် ဥပဒေ ရေးဆွဲရန်အတွက် အထောက်အထားအခြေခံ အချက်အလက်များ ပိုမို ကောင်းမွန်စေရန် ဆက်လက်လိုအပ်နေကြောင်းကို အသိအမှတ်ပြုလျက် LIFT ၏ မဟာဗျူဟာ ချဉ်းကပ် နည်းလမ်း အား ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ စီမံချက်၏ ကုန်ကျစရိတ်ပါဝင်သည့် သက်တမ်း တိုးမှုသည် မြန်မာနိုင်ငံ တွင် ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ သုတေသန လိုအပ်ချက်အား ဖြည့်ဆည်းပေးရာတွင် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများအား ပေးရသည့် ကုန်ကျစရိတ်နှင့် ထိရောက်ပြီး ရေရှည်တည်တံ့သည့်

---

၄ IFDC. ၂၀၁၉ အပြီးသတ်အစီရင်ခံစာ– အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာ လုပ်ငန်း ဝန်ဆောင်မှု စီမံချက်

၅ TdH. ၂၀၁၉ အပြီးသတ်အစီရင်ခံစာ– မြေယာမဲ့များ နှင့် မေ့လျော့ခံ တောင်သူလယ်သမား များအတွက် ဟင်းသီးဟင်းရွက်မြေမဲ့စိုက်ပျိုးခြင်း၊ ရေရွေ့ တာနိုင်သော စိုက်ပျိုးနည်းပညာ အသစ်များ (SOW IT)

စွမ်းဆောင်ရည် တည်ဆောက်ခြင်း မဟာဗျူဟာ မှတဆင့် နိုင်ငံတကာ ပညာရေး အဖွဲ့ များမှ သုတေသန ဆောင်ရွက်ခြင်းအပေါ် မှီခိုအားထားခြင်းမှ ရွှေ့ပြောင်းခဲ့ပါသည်။ ဩစတေးလျနိုင်ငံ အမျိုးသား တက္ကသိုလ် မှ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာအကူအညီ ပံ့ပိုးပေးမှု ဖြင့် မြန်မာ ဖွံ့ဖြိုးတိုးတက်ရေး သုတေသန အဖွဲ့အစည်း Myanmar Development Research Institute– MDRI ၏ စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးမှုဆိုင်ရာ ဗဟိုဌာနတွင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သုတေသန အစီအစဉ် တည်ထောင်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှု စီမံအုပ်ချုပ်ရေးအတွက် ‘လုပ်ကိုင်ဆောင်ရွက်ခြင်းမှ သင်ယူခြင်း ချဉ်းကပ်နည်းလမ်း’ သည် အထောက်အထားအခြေခံအား ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

ကုန်ကျစရိတ် ပါဝင်သည့် စီမံကိန်းသက်တမ်းတိုးမှုတွင် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ သုတေသန ပြုလုပ်ရန်အတွက် လိုအပ်ချက်အား နိုင်ငံတကာ ပညာရေးအဖွဲ့များမှ သုတေသန ဆောင်ရွက်ခြင်း အပေါ် မှီခိုခြင်းမှ ပိုမို တွက်ချေကိုက်ပြီး ရေရှည်တည်တံ့ ခိုင်မြဲမည့် မိတ်ဖက်များအား စွမ်းဆောင်ရည် တည်ဆောက်ခြင်း မဟာဗျူဟာဆီသို့ ချဉ်းကပ်နည်းလမ်းအား အဆိုပြုခဲ့ပြီး ဖြစ်ပါသည်။

**ရွှေ့ပြောင်းသွားလာလိုသူများ နှင့် ၎င်းတို့၏ မိသားစုဝင်များ အတွက် ဘေးကင်းလုံခြုံ သည့် ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ သတင်း အချက်အလက်များအား စာတတ်မြောက်မှုအဆင့် နိမ့်ပါးသူများ လက်လှမ်းမီ နိုင်စေရန် ဒီဇိုင်းရေးဆွဲရမည် ဖြစ်ပါသည်။**

ရွှေ့ပြောင်းသွားလာလိုသူများကြား ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆိုင်သည့် သတင်းအချက်အလက်များအား နားလည်သဘောပေါက်မှု တိုးတက်စေရန် ထိရောက်သည့် ဆက်သွယ်ဆောင်ရွက်ရေးမှာ အရေးကြီး ပါသည် သို့မှသာ ပိုမို၍ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်း သွားလာခြင်းအတွက် အဆိုပါ သတင်း အချက်အလက်များအား သိရှိ၍ အသုံးပြုကာ ဆုံးဖြတ်ချက်ချနိုင်စေမည် ဖြစ်သည်။ သို့သော်လည်း ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်အများစုမှာ မြန်မာနိုင်ငံ၏ ဒေသအများအပြားရှိ ဦးတည်ရည်ရွယ် သည့် ပရိသတ်များ အထူးသဖြင့် ရွှေ့ပြောင်း သွားလာမှုတွင် ပါဝင်သည့် အသက်အရွယ် ကြီးရင့်သည့် မျိုးဆက် မိသားစုဝင်များ ဖတ်ရှု၍ နားလည်နိုင်သည့် အဆင့်ထက် ကျော်လွန်၍ ရေးသား ထားပါသည်။ IOM MILDAS စီမံချက် ၏ ကာလလယ် သုံးသပ်ချက် တွင် စာတတ်မြောက်မှုနှင့် တွက်ချက်မှု ဆိုင်ရာ ကျွမ်းကျင်မှု နိမ့်ပါးသည့် ပါဝင် ပတ်သက်သူများ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းနိုင်ရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းမှ အကျိုးကျေးဇူးရရှိခြင်း သင်တန်း သင်ရိုးညွှန်းတမ်းအား ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်း ထောက်ခံ အကြံပြုချက်များအား တုံ့ပြန် ဆောင်ရွက်ရန်အတွက် စာတတ်မြောက်မှု နိမ့်ပါးသူများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် သင်တန်း နည်းနိဿယျများဆိုင်ရာ ကျွမ်းကျင်သူ အတိုင်ပင်ခံ သင်ရိုးညွှန်းတမ်းများအား ပြင်ဆင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ သဘောပေါက် နားလည်မှု နှင့် လက်ခံထိန်းသိမ်း မှု တိုးတက်စေရန် (ကာတွန်းများ နှင့် ဗွီဒီယိုများ အပါအဝင်) အသံ/ အရုပ် အများအပြား ပါဝင်သည့် အစီအစဉ်များ ရေးသားပြုစုခြင်း၊ လွယ်ကူရိုးရှင်းသည့် စကားလုံးများ ဦးစားပေးရန် သင်တန်းများတွင် နည်းပညာဆိုင်ရာ စကားလုံးများ အားလုံးကို ဖယ်ထုတ်ခြင်း၊ သင်ခန်းစာ တစ်ခုချင်းစီ အပြီးတွင် မှတ်သားထားစရာ ‘အရေးအကြီးဆုံး အရာတစ်ခု’ ထည့်သွင်းခြင်း နှင့် သင်္ကေတနှင့်တူ သရုပ်ဆောင်ခြင်း၊ ကစားနည်းများနှင့် သီချင်းဆိုခြင်းများကို အသုံးပြုခြင်းမှတဆင့် သင်တန်း တက်ရောက်သူများ ပါဝင်ဆောင်ရွက်မှု အဆင့်မြင့်မားစေရန် ဆောင်ရွက်ခြင်း အပါအဝင် အဓိက ချိန်ညှိမှု အများအပြား လုပ်ဆောင်ခဲ့ ပါသည်။

**ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၏ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းရင်းများအား ဦးတည်ခြင်းက ကျူးလွန်ခံရသူများနှင့် ကျူးလွန်သူများ တစ်ဦးချင်းစီအပေါ် အာရုံစိုက် ဆောင်ရွက်ခြင်းထက် ပိုမိုကြီးမားသည့် အကျိုးသက်ရောက်မှု ရှိပါသည်။**

နှစ်စဉ်နှစ်တိုင်းလိုပင် အလှူရှင် အဖွဲ့အစည်းများမှ ရန်ပုံငွေ ဒေါ်လာသန်းပေါင်းများစွာအား လူကုန်ကူးမှု တိုက်ဖျက်ရေး ကြိုးပမ်းမှု များအတွက် အထူးသဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုခြင်း လုပ်ငန်းကို ပိုမိုကောင်းမွန်စေရန်အတွက် ဆက်လက်အသုံး ပြုလျက် ရှိပါသည်။ သို့သော်လည်း ခေါင်းပုံဖြတ် အမြတ် ထုတ်မှုကို အားပေးသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းအချက်များအား ကိုင်တွယ် ဖြေရှင်းခြင်း ထက်စာလျှင် ကျူးလွန်ခံရသူ နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးချင်းစီအား ဦးတည် ဆောင်ရွက် နေခဲ့သဖြင့် ရံဖန်ရံခါတွင် ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲမှုအတွက် အသုံးစရိတ်မှာ အနည်းငယ်မျှသာ ရှိပါသည်။ ဥပမာ အိမ်အကူအလုပ်သမား ရာထောင်ပေါင်းများစွာ အတွက် အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးကို တိုးချဲ့နိုင်မည့် မူဝါဒရေးရာ ပြောင်းလဲမှုများအတွက် အားပေး ထောက်ခံရမည့်အစား အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေးများအား အလွဲသုံးသည့် ‘ဆိုးရွားသော’ အလုပ်ရှင်တစ်ဦး ချင်းစီအား ရာဇဝတ်မှုကြောင်းအရ တရားစွဲမှုများကို ဆိုလိုပါသည်။ ယင်းသို့ ကျူးလွန်ခံရခြင်းနှင့် ပြစ်မှု ကျူးလွန်ခြင်း အပေါ်၌ အာရုံစိုက်ခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ ထိခိုက်လွယ်မှုအပေါ် အမြတ်ထုတ်ခြင်း၏ အခြေခံ အကြောင်းရင်း များအား ဖုံးကွယ်ရန်နှင့် စီးပွားရေးနှင့် လူမှုရေး တရားမျှတမှုဆိုင်ရာ အခြေခံ ပိုကျသည့် ပြဿနာများထံမှ အာရုံလွှဲရန်အ တွက် ကူညီပံ့ပိုးပေး ပါသည်။ ဆေးမြီးတိုဖြင့် ဖြေရှင်းခြင်း ထက် အနည်းငယ်သာ ပိုသာသည့် အသေးစား ကြားဝင်ဆောင်ရွက်မှုများအား သီးခြားစီ ဆောင်ရွက်မှုကို အားပေးခြင်းထက် အသွင်ကူးပြောင်းသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် ဖွဲ့စည်း

တည်ဆောက်ပုံ ဆိုင်ရာ အကြောင်းရင်းများအား ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဥပမာ – နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့သွားလာသည့် အိမ်အကူ အလုပ်သမားများအား ပိတ်ပင်ထားမှုအား ရပ်တန့်စေခြင်း၊ အိမ်အကူအလုပ်သမားများ၏ အလုပ်သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေများ နှင့် စည်းမျဉ်း စည်းကမ်းများ ပြဋ္ဌာန်းစေခြင်း၊ ကျွမ်းကျင်မှုများအသိအမှတ်ပြုသည့် စနစ်များ တည်ထောင်ပေးခြင်း နှင့် အများပြည်သူ ၏ သဘော ထားများ ပြောင်းလဲစေရန် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း တို့မှတဆင့် အိမ်အကူ အလုပ်သမားများအား ခေါင်းပုံဖြတ်မှုအား အပြီးတိုင် ဖယ်ရှားနိုင်ရန် ILO DIILM စီမံချက်မှ လုပ်ဆောင်လျက်ရှိပါသည်။ အိမ်အကူအလုပ် ဟူသည်မှာလည်း – လူမှုအသိုက်အဝန်း၏ လေးစားမှု နှင့် အလုပ်သမား ဥပဒေများမှ အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးမှုတို့နှင့် ထိုက်တန်သည့် – အလုပ် ဖြစ်ကြောင်း လက်ခံလာနိုင်ရန် တည်ဆောက်ပေးခြင်းဖြင့် အားနည်းထိခိုက်လွယ် အလုပ်သမားများ အား ခေါင်းပုံဖြတ် အမြတ်ထုတ်မှုကို အဓိပ္ပါယ်ပိုမိုပြည့်ဝစွာ လျှော့ချပေးနိုင်မည် ဖြစ်သည်။

**မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် အလုပ်သမားအဖွဲ့အစည်းများသည် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေကြရသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် တရားမျှတမှု ပိုမိုတိုးတက် ရရှိစေရန် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးပါသည်။**

ရွှေ့ပြောင်းသွားလာသူများသည် အလုပ်သမား အခွင့်အရေးများအား အလွဲသုံးစား ပြုလုပ်ခြင်းအား ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ၎င်းတို့အနေဖြင့် ဥပဒေကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရမည်နှင့် ရှုတ်ထွေး သည့် လုပ်ငန်းစဉ်များအား ကြောက်ရွံ့သဖြင့် အစိုးရ အာဏာပိုင်များထံ တိုက်ရိုက်ချဉ်းကပ်ရန် အတွက် တွန့်ဆုတ်လေ့ ရှိကြပါသည်။ CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများမှ စီမံခန့်ခွဲသည် ရွှေ့ပြောင်းသွားလာသူများအတွက် ပြန်ကြားရေး စင်တာ ခြောက်ခု တည်ထောင် ခြင်းတွင် ပံ့ပိုးပေးခြင်းမှ တဆင့် နစ်နာမှုများအား တိုင်တန်းရန် ယုံကြည်မှု ရှိလာသော ရွှေ့ပြောင်းသွားလာသူ အရေအတွက် တိုးမြင့်လာလျက် ရှိပါသည်။ အဆိုပါ ယုံကြည်ထိုက်သည့် အဖွဲ့အစည်းများသည် ရွှေ့ပြောင်းသွားလာသူအများစု အထူးသဖြင့် အမျိုးသမီးတို့မှ ဥပဒေရေးရာ အကူအညီ လိုအပ်သည့်အခါတိုင်း အကူအညီတောင်းခံရန် လိုလားဖွယ်ရှိသော လမ်းကြောင်းများ ဖွင့်ပေးထားပါသည်။ အချို့ ဖြစ်ရပ်များတွင် ရွှေ့ပြောင်းသွားလာသူများအတွက် ပြန်ကြားရေးစင်တာများသည် တိုင်တန်း မှုများအား တိုက်ရိုက်ဖြေရှင်းပေးခြင်း၊ အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရာ တွင် ရွှေ့ပြောင်းသွားလာသူများနှင့်အတူ လိုက်ပါ ကူညီ ဖြေရှင်းပေးခြင်းတို့ ဆောင်ရွက်ပါသည်။ အခြား ဖြစ်ရပ်များတွင် နစ်နာမှုများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ တိုင်ကြားနိုင်သည့် ယန္တရား သို့ ညွှန်းပို့ပေးပြီး စင်တာ ဝန်ထမ်းမှ ဖြစ်ရပ်နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲ လုပ်ငန်းဆောင်တာများအား အမြဲတစေ ကူညီဆောင်ရွက်ပေးပါသည်။ အဆိုပါ ဖြစ်ရပ်များအား ဥပဒေကြောင်းအရ ဖြေရှင်းရန်အတွက် အလုံးစုံ တာဝန်မှာ အစိုးရတွင်သာ ရှိသော်လည်း ရွှေ့ပြောင်းသွား လာသူများ မှ တရားသဖြင့် ဖြစ်စေရန်အတွက် ရှာဖွေရာတွင် CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများသည် အကူအညီများ ရယူနိုင်သည့် အဖွဲ့အစည်းများအဖြစ်နှင့် ဥပဒေရေးရာ ဝန်ဆောင်မှုတို့အား ပံ့ပိုးဆောင်ရွက်ပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ရပ်တည်နေပါသည်။

အဆိုပါ ရွှေ့ပြောင်းသွားလာသူများအတွက် ပြန်ကြားရေးစင်တာများ စတည် လုပ်ငန်း လည်ပတ်သည်မှ ခြောက်လအတွင်း ရွှေ့ပြောင်းသွားလာသူ ၁,၈၀၀ ကျော် တို့မှ ၎င်းတို့၏ နစ်နာမှုများ တင်ပြတိုင်တန်းခဲ့ကြသဖြင့် ရွှေ့ပြောင်းသွားလာသူများအကြား တရားမျှတပြီး တုံ့ပြန်ဆောင်ရွက်မှုကောင်းမွန်သည့် ကုစားမှုများအတွက် များပြားပြီး ကြီးမားသည့် လိုအပ်ချက် ရှိနေသည်မှာ ထင်ရှားကြောင်း ပြသနေပါသည်။

မူဝါဒရေးရာနှင့် စပ်လျဉ်း၍ LIFT ၏ မူဝါဒ ရေးရာ ဌာနမှ ၂၀၁၉ ခုနှစ်အတွင်း လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ အတွဲစဉ်အလိုက် ဖော်ထုတ်ခဲ့ပြီး ဤ အစီရင်ခံစာ၏ မူဝါဒရေးရာ အခန်းတွင် တင်ပြထားပါသည်။



# ၂

## ရလဒ်များ


၂.၁ နိဒါန်း..........................................................................................၁၈
၂.၂ LIFT ၏ ယုတ္တိဗေဒမူဘောင် ..........................................................၁၉
၂.၃ အချက်အလက်ကောက်ယူခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့်
အစီရင်ခံ တင်ပြခြင်း..........................................................................၁၉
၂.၄ LIFT ၏ ညွှန်းကိန်း ရလဒ်များ နှင့် အောင်မြင်မှုများ..............................၂၂

# ရလဒ်များ

## ၂.၁။ နိဒါန်း

၂၀၁၉ ခုနှစ်တွင် LIFT သည် ၎င်း၏ စတုတ္ထမြောက်မဟာဗျူဟာ စက်ဝန်းဖြစ်သည့် ၂၀၁၉-၂၀၂၃ မဟာဗျူဟာအသစ်သို့ ကူးပြောင်းခဲ့ပါသည်။ တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင် (MEAL) အား ၂၀၁၉-၂၀၂၃ ခုနှစ်အတွက် ပြန်လည်ဆန်းသစ်ခဲ့ပါသည်။ MEAL မူဘောင် အသစ်အား ယခင်မဟာဗျူဟာအဆင့် အကောင်အထည်ဖော်ဆောင်ခြင်းမှ ရလဒ်များအပေါ် အခြေခံပြီး ၂၀၁၉-၂၀၂၃ ခုနှစ် မဟာဗျူဟာ၏ အဓိကကျသည့် မဟာဗျူဟာမြောက် အရွေ့အပြောင်းများနှင့် အလိုက်သင့်တုံ့ပြန်ဆောင်ရွက်ပါသည်။

MEAL မူဘောင်အား အောက်ဖော်ပြပါတို့နှင့် ဆက်နွှယ်နေသည့် အဓိက လုပ်ငန်းဆောင်တာ (၃) ရပ်အား ဖြည့်ဆည်းပေးရန် ဒီဇိုင်းရေးဆွဲ ထားပါသည်။

1/ **တာဝန်ခံယူမှုရှိခြင်း** – LIFT၏ ရင်းနှီးမြှုပ်နှံမှုများသည် ၎င်း၏မူဝါဒနှင့်အညီ အဓိက ရလဒ်များအား မည်သည့်အတိုင်းအတာအထိ ငွေကြေး ကုန်ကျရကျိုးနပ်စွာ ထိထိရောက်ရောက်ရှိကြောင်းကို လက်တွေ့ပြသခြင်း

2/ **လေ့လာသင်ယူခြင်း/ လိုက်လျောညီထွေ ပြုပြင်သည့် စီမံခန့်ခွဲခြင်း** – မည်သည့် လုပ်ငန်းက အလုပ်ဖြစ်သည်၊ မည်သည်က စွမ်းဆောင်မှု တိုးတက်ခြင်း မရှိသည်နှင့် ၎င်းကို သင်ခန်းစာ ယူပြီး မည်သို့သော ပြင်ဆင်မှုများ ပြုလုပ်စေမည်တို့နှင့် ပတ်သက်၍ အထောက်အထားများအား ဖော်ထုတ်ခြင်း၊ မျှဝေခြင်းနှင့် အသုံးပြုခြင်း

3/ **မူဝါဒဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုအတွက် ပံ့ပိုးပေးခြင်း** – အစိုးရ၏ မူဝါဒများနှင့် အစိုးရ စီမံကိန်းများ၏ ဒီဇိုင်းပုံစံနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် သတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် မူဝါဒ၊ အမှုအကျင့်တို့နှင့် သက်ဆိုင်သည့် အထောက်အထားများအား ဖော်ထုတ်ခြင်းနှင့် အသုံးပြုခြင်း

LIFT မှ တာဝန်ခံမှုရှိခြင်းနှင့် ၊ လေ့လာသင်ယူခြင်း/ လိုက်လျောညီထွေ ပြုပြင်သည့် စီမံခန့်ခွဲခြင်း နှင့် မူဝါဒဆိုင်ရာ ရည်မှန်းချက်များ ရရှိရန်အတွက် ကူညီပံ့ပိုးပေးရာတွင် MEALဆိုင်ရာ နည်းကိရိယာများ၊ လုပ်ငန်းစဉ်များနှင့် အကျိုးရလဒ်များသည် လုံလောက်သည့် အရည်အသွေးနှင့် ထိရောက်မှုရှိသည်တို့အား သေချာစေရန် အဆိုပါ လုပ်ငန်းဆောင်တာများအား စွမ်းဆောင်မှုဆိုင်ရာ ကူညီထောက်ပံ့မှုများဖြင့် ကျောထောက် နောက်ခံပြုထားပါသည်။

ပြန်လည်ဆန်းသစ်ထားသည့် MEAL မူဘောင်အား အဆင့်၃ဆင့် ဖြစ်သည့် မဟာဗျူဟာ၊ စီမံကိန်းများနှင့် စီမံချက်များဖြင့် ခွဲခြားထားပါသည်။

**LIFT ၏ မဟာဗျူဟာ** – ဤအဆင့်သည် LIFT ၏ မဟာဗျူဟာ အပေါ် သီးသန့်အာရုံ စိုက်မှုနှင့်အတူ LIFT တစ်ခုလုံး အနေဖြင့် တာဝန်ခံမှုရှိခြင်း၊ လေ့လာသင်ယူခြင်းနှင့် မူဝါဒအားလုံးအား အာရုံစိုက်ပါသည်။ ဤအဆင့်၌ အဓိက ပတ်သက်ဆက်နွှယ်သူများမှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရ၊ LIFT၏ ရန်ပုံငွေ ဘုတ်အဖွဲ့၊ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးနှင့် အဓိက ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့ အစည်းများတို့ ဖြစ်ပါသည်။ ဤအဆင့်၌ အလေးထားမှုမှာ LIFT ၏ စီမံကိန်းနှင့် စီမံချက်အဆင့်များ၌ LIFT ၏ MEAL မဟာဗျူဟာအား အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

**LIFT ၏ စီမံကိန်းများ** – ဤအဆင့်သည် အကြောင်းအရာအလိုက် စီမံကိန်းများမှ LIFT ၏ အထောက်အထား အခြေခံ တာဝန်ခံယူမှု ရှိခြင်း လေ့လာသင်ယူခြင်း/ လိုက်လျောညီထွေပြုပြင်သည့် စီမံခန့်ခွဲခြင်း နှင့် မူဝါဒဆိုင်ရာ ရည်မှန်းချက်များအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးသည် ဆိုသည်ကို အာရုံစိုက်ပါသည်။ ဤအဆင့်၌ အဓိက ပတ်သက်ဆက်နွှယ်သူများတွင် LIFT ၏ စီမံကိန်းဆိုင်ရာ အဖွဲ့များ နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်ပါသည်။ အလေးထားမှုအား အသိအမြင် စီမံခန့်ခွဲမှုအတွက် စီမံကိန်းမှ ကူညီထောက်ပံ့ခြင်းအား ခိုင်မာအားကောင်းစေခြင်းအပေါ်၌ ထားရှိပါသည်။

**LIFT ၏ စီမံချက်များ** – ဤအဆင့်၌ စီမံချက်များသည် ၎င်းတို့ကိုယ်တိုင်နှင့် LIFT ၏ အထောက်အထား အခြေပြု တာဝန်ခံယူမှုရှိခြင်း/ လေ့လာသင်ယူခြင်း/ လိုက်လျောညီထွေပြုပြင်သည့် စီမံခန့်ခွဲခြင်း နှင့် မူဝါဒဆိုင်ရာ ရည်မှန်းချက်များအား မည်ကဲ့သို့ ကူညီထောက်ပံ့ ပေးသည်ဆိုသည့်အပေါ်၌ အာရုံစိုက်ပါသည်။ စီမံချက်အဆင့် တာဝန်ခံယူမှုရှိခြင်း၊ လေ့လာသင်ယူခြင်း/ လိုက်လျောညီထွေ ပြုပြင်သည့် စီမံခန့်ခွဲခြင်းတို့အတွက် MEAL စနစ်များနှင့် အလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် အလေးထားပါသည်။ LIFT အနေဖြင့် ၎င်း၏ ရည်မှန်းချက်များ ရရှိစေရန်အတွက် အဓိက ယန္တရားဖြစ်သည့် စီမံချက်များသည် စီမံချက်အဆင့်၊ စီမံကိန်းအဆင့် နှင့် LIFT အဆင့်များ၌ တာဝန်ခံယူမှုရှိခြင်း၊ လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲသည့် စီမံခန့်ခွဲခြင်းနှင့် မူဝါဒတို့အား ပံ့ပိုး ဆောင်ရွက်ပေးရန်အတွက် ခိုင်မာသည့်အထောက်အထားအား ဖော်ထုတ်ပေးသည့် အားကောင်းသော MEAL စနစ်များလို အပ်ပါသည်။

MEAL မူဘောင်အဆင့် (၃) ဆင့်လုံးတွင် အောက်ဖော်ပြပါ နည်းကိရိယာများနှင့် လုပ်ငန်းစဉ်များအားကျင့်သုံးပါသည်–

**ပြောင်းလဲမှုဆိုင်ရာသီအိုရီ (ToC)** – ပြီးခဲ့သည့်အဆင့်မှရရှိသည့် ပြောင်းလဲမှုဆိုင်ရာ သီအိုရီ (ToC) အတွေ့အကြုံပေါ်၌ တည်ဆောက်ထားသည့် ပြန်လည်ဆန်းသစ်ထားသော MEAL မူဘောင်သည် အဆင့်အားလုံး လေ့လာသင်ယူခြင်း/ လိုက်လျော ညီထွေပြုပြင်သည့် စီမံခန့်ခွဲခြင်းအတွက် ToC အသုံးပြုမှုအား ခိုင်မာ အားကောင်းစေပါသည်။

**အကဲဖြတ်သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ လေ့လာမှုများ** – ၂၀၁၅-၂၀၁၈ ခုနှစ် မဟာဗျူဟာအဆင့်တွင် LIFT မှ ရရှိခဲ့သည့် အကဲဖြတ်သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် အတွေ့အကြုံအပေါ် တည်ဆောက်ထားသည့် ပြန်လည်ဆန်းသစ်ထားသည့် MEALမူဘောင်သည်အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ မေးခွန်းများ/ လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများ နှင့် LIFT ၏ မူဝါဒဆိုင်ရာ ရည်မှန်းချက်များအား ကူညီထောက်ပံ့ပေးရန် အဓိကရည်ရွယ်သည့် မေးခွန်းများအကြား ရှင်းလင်းပြတ်သားသည့် ပိုင်းခြား သတ်မှတ်ခြင်း အားသဘောတူလက်ခံပါသည်။

**တိုင်းတာခြင်းဆိုင်ရာ မူဘောင်များ** – တိုင်းတာခြင်းဆိုင်ရာ မူဘောင်များသည် LIFT စီမံကိန်းများနှင့် စီမံချက်များမှ တိုက်ဆိုင်၍ အစီရင်ခံတင်ပြရမည့်အဓိကရလဒ်များနှင့် ယင်းတို့၏ ညွှန်းကိန်းများအား သတ်မှတ်ပေးပါသည်။ မူဘောင်များတွင် ရလဒ်များနှင့် ၎င်းတို့၏ ညွှန်းကိန်းများအားလုံး၏စာရင်းကို ဖော်ပြထားသည့် ယုတ္တိဗေဒမူဘောင် (logframe)၊ ရည်မှန်းချက်များ နှင့် အချက်အလက် ရင်းမြစ်များ၊ အချက်အလက် ကောက်ယူသည့် နည်းကိရိယာများ၊ အမျိုးအစားအလိုက် ထပ်မံအသေးစိတ်ခွဲထားသည့် အချက်အလက်များနှင့် လိုအပ်ချက်အရ အခြား သက်ဆိုင်သည့် သတ်မှတ်ချက်ဘောင်များ

အကြား အချက်အလက်ကောက်ယူသည့် အကြိမ်အရေအတွက်ဆိုင်ရာ အပိုဆောင်း သတင်းအချက်အလက်များ ပါဝင်ပါသည်။

ပြန်လည်ဆန်းသစ်ထားသည့် LIFT ၏ MEAL မူဘောင်အား ၂၀၂၀ခုနှစ်မှ စတင်၍ ၎င်း၏ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်စေရန် လမ်းခင်း ပေးသည့်အနေဖြင့် ၂၀၁၉ခုနှစ်ကုန်ပိုင်းတွင် တရားဝင် စတင်ပြဋ္ဌာန်းခဲ့ပါသည်။

## ၂.၂။ LIFT ၏ ယုတ္တိဗေဒမူဘောင်

ညွှန်းကိန်း (၆၃) ခု ပါဝင်သည့် ယုတ္တိဗေဒမူဘောင်အသစ်အား ရေးဆွဲခဲ့ပြီး ၂၀၁၉ခုနှစ် နှစ်လည်တွင် ရန်ပုံငွေ ဘုတ်အဖွဲ့မှ အတည်ပြုခဲ့ပါသည်။ ၂၀၁၅-၂၀၁၈ ခုနှစ် ယုတ္တိဗေဒ မူဘောင်နှင့် ယုတ္တိဗေဒမူဘောင်အသစ် (၂) ခုစလုံးအား ၂၀၁၉ခုနှစ်တွင် အသုံးပြုခဲ့ပါသည်။ ယင်းမှာ ၂၀၁၅-၂၀၁၈ ခုနှစ် တွင် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ရှား ဆောင်ရွက်နေသည့် စီမံချက်အများအပြား အနေဖြင့် အကူးအပြောင်းတွင် ပေါင်းကူးပေးရန် လိုအပ်ပြီး ယုတ္တိဗေဒ မူဘောင်အသစ်နှင့်လည်း သက်ဆိုင်ပါသည်။

ယုတ္တိဗေဒမူဘောင် အသစ်ရှိ ညွှန်းကိန်း (၆၃)ခုတွင် တာဝန်အဆင့် ညွှန်းကိန်း ၁၁ခု၊ စီမံကိန်းအဆင့်ညွှန်းကိန်း (၅၂)ခု (အကျိုးရလဒ်များ ၂၆ခုနှင့် ရလဒ် ၂၆ခု) တို့ပါဝင်ပါသည်။ရည်ရွယ်ချက်အဆင့်ညွှန်းကိန်း (၁၁) ခုသည် LIFT ၏သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်နှင့် ရည်ရွယ်ချက်များအတွက် LIFT ၏ ကူညီထောက်ပံ့ခြင်းအား အောက်ဖော်ပြပါ အကျိုးသက်ရောက်မှုအဆင့် အကျိုးရလဒ်များမှတဆင့် တိုင်းတာပါသည်-

- အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များတွင် တိုးတက်လာသည့် အာဟာရဆိုင်ရာ အဆင့်အတန်း - အိမ်ထောင်စုများ၏ အစားအသောက် အမျိုးအစား၊ ပုညက်ခြင်းနှင့် အနိမ့်ဆုံးလိုအပ်သည့် အစားအသောက်အမျိုးအစား တို့မှတဆင့်တိုင်းတာပါသည်။
- အမျိုးသမီးများ ပိုမိုထိန်းချုပ်လာနိုင်သည့် အိမ်ထောင်စုများ၏ တိုးပွားလာသည့် ဝင်ငွေနှင့် အခြေခံပစ္စည်းများ - အိမ်ထောင်စုဆင်းရဲနွမ်းပါးမှုအဆင့်များ၊ ဝင်ငွေ၊ အခြေခံပစ္စည်းပိုင်ဆိုင်မှုနှင့် အခြေခံပစ္စည်းများနှင့် ဝင်ငွေများအပေါ် အမျိုးသမီးနှင့် အမျိုးသားများ၏ ထိန်းချုပ်မှုတို့မှ တဆင့်တိုင်းတာပါသည်။
- အိမ်ထောင်စုများနှင့် တစ်ဦးချင်းစီ အနေဖြင့် ထိတ်လန့်မှုများ၊ ဖိစီးမှုများနှင့် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များ၏ ဒဏ်မှ ထိခိုက်လွယ်မှု လျော့ကျလာခြင်း - အလယ်အလတ်နှင့် ဆိုးရွားပြင်းထန်သည့် စားနပ်ရိက္ခာ မဖူလုံမှု ဖြစ်ပွားနေခြင်း ၊ အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်စွမ်း၊ ထိခိုက်လွယ်မှုနှင့် လယ်ယာလုပ်ငန်းမဟုတ်သည့် အလုပ်အကိုင်များတွင် အလွတ်သဘောလုပ်ကိုင်ခြင်းများတို့ မှတဆင့် တိုင်းတာပါသည်။

ကျန်ရှိနေသေးသည့်ညွှန်းကိန်း (၅၂)ခုသည် စီမံကိန်းနှင့် စီမံချက်အဆင့်၌ ပြောင်းလဲမှုများကို တိုင်းတာပါသည်။ ၂၀၁၉ ခုနှစ်မှစတင်၍ LIFT ၌မူဝါဒ၊ စနစ်နှင့် အိမ်ထောင်စု/ တစ်ဦးချင်း အဆင့်တွင်ပြောင်းလဲမှုများ ရှိစေရန်အတွက် အကြောင်းအရာအလိုက် စီမံကိန်း (၄)ခုရှိပါသည်။ ညွှန်းကိန်း(၅၂)ခုအား အကြောင်းအရာအလိုက်ကဏ္ဍ(၄)ခုတွင် - ခွဲဝေ သတ်မှတ်ထားပါသည်။

**အာဟာရ** - မူဝါဒဆိုင်ရာ ညွှန်းကိန်း ၄ခု (အကျိုးရလဒ်၂ခုနှင့် ရလဒ်၂ခု) ၊ စနစ်အဆင့်ညွှန်းကိန်း (၃)ခု (ရလဒ်များအားလုံး) နှင့် အိမ်ထောင်စုအဆင့်ညွှန်းကိန်း (၅)ခု (အကျိုးရလဒ်များအားလုံး)

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု** - မူဝါဒဆိုင်ရာညွှန်းကိန်း (၄)ခု (အကျိုးရလဒ် ၂ခုနှင့် ရလဒ်၂ခု)၊ စနစ်အဆင့်ညွှန်းကိန်း(၄)ခု (ရလဒ်အဆင့်များအားလုံး) နှင့် အိမ်ထောင်စုအဆင့်ညွှန်းကိန်း (၅)ခု (အကျိုးရလဒ်အဆင့်များအားလုံး)

**စိုက်ပျိုးရေး၊ ဈေးကွက်နှင့် အစားအစာ စနစ်များ** - မူဝါဒဆိုင်ရာညွှန်းကိန်း (၄)ခု (အကျိုးရလဒ် ၂ခုနှင့် ရလဒ်၂ခု)၊ စနစ်အဆင့်ညွှန်းကိန်း (၄)ခု (ရလဒ်များအားလုံး)နှင့် အိမ်ထောင်စုအဆင့်ညွှန်းကိန်း (၅)ခု (အကျိုးရလဒ်များအားလုံး)

**သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု** - မူဝါဒဆိုင်ရာညွှန်းကိန်း (၄)ခု (အကျိုးရလဒ် (၂)ခုနှင့် ရလဒ် (၂)ခု) စနစ်များအဆင့်ညွှန်းကိန်း(၃)ခု (ရလဒ်များအားလုံး) နှင့် အိမ်ထောင်စုအဆင့်ညွှန်းကိန်း (၇)ခု (အကျိုးရလဒ် ၄ခုနှင့် ရလဒ် ၃ခု)

ညွှန်းကိန်း (၂၅)ခုအား ပြီးခဲ့သည့် မဟာဗျူဟာမှ ဆက်လက်ယူဆောင်လာခဲ့ပြီး၊ ညွှန်းကိန်း (၉)ခုအား ပြန်လည်မွမ်းမံခဲ့ကာ/ ညွှန်းကိန်း (၂၉) ခုမှာ ညွှန်းကိန်းအသစ်များဖြစ်ပါသည်။ ပြီးခဲ့သည့် မဟာဗျူဟာများကဲ့သို့ တာဝန်အဆင့် ညွှန်းကိန်း(၁၁)ခုလုံးနှင့် စီမံကိန်းအဆင့် ညွှန်းကိန်း အချို့အား LIFT ၏ အိမ်ထောင်စု စစ်တမ်းမှ တဆင့် တိုင်းတာပါသည်။ ကျန်ရှိနေသေးသည့် ညွှန်းကိန်း(၄၂)ခုသည် LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ၏ အချက်အလက်များ အပေါ်တွင် မှီတည်နေပါသည်။

## ၂.၃။ အချက်အလက်ကောက်ယူခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံ တင်ပြခြင်း

### အိမ်ထောင်စုစစ်တမ်း

LIFT သည် အိမ်ထောင်စုစစ်တမ်းများအား တာဝန် အဆင့်နှင့် အချို့သောအကျိုးရလဒ် ညွှန်းကိန်းများအား တိုင်းတာရန် ၂နှစ်လျှင် တစ်ကြိမ် ကောက်ယူပါသည်။ အိမ်ထောင်စုစစ်တမ်းများ ကောက်ယူ ခြင်းမရှိသည့် ကြားကာလနှစ်တွင် LIFT သည် အိမ်ထောင်စု အညွှန်းစစ်တမ်း (Tracker Survey) များအား နမူနာလူဦးရေ အနည်းငယ်ကိုသာ ကောက်ယူပါသည်။ ၂၀၁၇ ခုနှစ် အိမ်ထောင်စု စစ်တမ်း ကောက်ယူပြီးနောက် နောက်တစ်ကြိမ် အိမ်ထောင်စု စစ်တမ်းအား ၂၀၁၉ ခုနှစ်တွင် ကောက်ယူရမည်ဖြစ်ပါသည်။ ပြန်လည် ဆန်းသစ်ထားသည့် မဟာဗျူဟာနှင့် ယုတ္တိဗေဒမူဘောင် တို့ အကူးအပြောင်းရှိမှု အပြင် ၂၀၁၉ခုနှစ်တွင် လှုပ်ရှားဆောင်ရွက်နေသည့် စီမံချက်အများစုသည် ပြီးခဲ့သည့် မဟာဗျူဟာနှင့် စတင်ဆောင်ရွက်ခဲ့သည့် အရှိတရားတို့ကြောင့် (သို့ဖြစ်၍ စီမံချက်အများအပြားမှာ ၂၀၁၉ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ပြီး၊ အနည်းငယ်သာလျှင် ၂၀၂၀ခုနှစ် အထိဆက်လက်ဆောင်ရွက်ပါမည်) အိမ်ထောင်စုစစ်တမ်း အပါအဝင် ချဉ်းကပ်နည်းလမ်းနှင့် အသုံးပြုသည့် နည်းလမ်းများအား ပြန်လည် ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်ပါသည်။ ၂၀၁၉-၂၀၂၃ ခုနှစ် မဟာဗျူဟာအောက်တွင် LIFT မှလည်း နယ်မြေအလိုက် အာရုံစိုက်မှုတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒေသအသစ်များ/ ကဏ္ဍအသစ်များ ထည့်သွင်းရန် ပြောင်းလဲပြီး၊ အဆိုပါပြောင်းလဲမှုများသည် ၂၀၁၉ခုနှစ်အတွက် ညွှန်းကိန်းများနှင့် ၂၀၁၉-၂၀၂၃ ခုနှစ် အဆင့်အတွက် စီမံကိန်းစတင်သည့် အဆင့်တန်ဖိုးများအား တိုင်းတာမှုကို သေချာစေရန် အိမ်ထောင်စု စစ်တမ်းကောက်ယူသည့် နည်းလမ်းများအား ပြန်လည် ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် LIFT ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် အိမ်ထောင်စု စစ်တမ်း ကောက်ယူသည့်နည်းလမ်းအား ပြည့်စုံ လုံလောက်စွာ ပြန်လည် ဆန်းစစ်ခြင်းအား ပြုလုပ်ခဲ့ပြီး ၂၀၁၉ခုနှစ် စစ်တမ်းတွင် LIFT၏ ယုတ္တိဗေဒ မူဘောင်ညွှန်းကိန်းများအား အစီရင်ခံတင်ပြရန်၊ စိုက်ပျိုးရေးကဏ္ဍတွင် အမျိုးသမီးများလုပ်ကိုင်နိုင်စွမ်းရှိခြင်း ညွှန်းကိန်းများကို အသုံးပြု၍ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းကို တိုင်းတာရန်၊ နွမ်းပါးမှု ဖြစ်နိုင်ခြေ အညွှန်းအား အသုံးပြု၍ ဆင်းရဲ နွမ်းပါးမှုအား တိုင်းတာရန်နှင့် အတိုချုပ်အသုံးစရိတ်မော်ဂျူးအား ထည့်သွင်းရန်တို့ အတွက်ဆုံးဖြတ်နိုင်ရန် ရန်ပုံငွေဘုတ်အဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲရေးရုံး တို့အကြား ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းအသစ်များအတွက် စီမံကိန်းဆောင်ရွက်ချက်များ ဆောင်ရွက်မည့် ကျေးရွာ အများစုအား သတ်မှတ်ဖော်ထုတ်နိုင်မှု မရှိခဲ့ခြင်းနှင့် ဒေသ ဆိုင်ရာအား ကိုယ်စားပြုသည့် စစ်တမ်းမှ သတ်မှတ်ထားသော နမူနာ လူဦးရေနှင့် ရင်းမြစ်လိုအပ်ချက်များမှာ ကြီးမားခြင်းတို့ကြောင့် ယုတ္တိဗေဒ မူဘောင် ဆိုင်ရာ အစီရင်ခံတင်ပြခြင်း အတွက် လုံလောက်သဖြင့် ၂၀၁၉ခုနှစ် စစ်တမ်းအား LIFT စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေသည့် ဒေသများအတွက် ကိုယ်စားပြု စစ်တမ်း အဖြစ်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ တနိုင်ငံလုံးနှင့် ဒေသအလိုက် ကိုယ်စားပြုသည့် ပိုမိုကျယ်ပြန့်သည့် စစ်တမ်းအား ၂၀၂၀ ခုနှစ်တွင် ကောက်ယူမည် ဖြစ်ပါသည်။

ပြည်နယ်အချို့တွင် လှုပ်ရှားသွားလာမှုများအား ကန့်သတ်ထားခြင်းများ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် COVID–19 တားဆီး ကာကွယ်ရေး အစီအမံများ စတင် ဆောင်ရွက်သည့်အချိန်တွင်မှ စစ်တမ်းကောက်ယူရန်အတွက် အစိုးရ၏ ခွင့်ပြုမှုများအား ရရှိခဲ့သောကြောင့် အိမ်ထောင်စု စစ်တမ်းအား ပြီးစီးအောင်ကောက်ယူခြင်းမှာ ဖြစ်နိုင်ချေမရှိပါ။ ယင်း၏ အကျိုးဆက်ကြောင့် ညွှန်းကိန်း ၂၁ ခု – အိမ်ထောင်စု စစ်တမ်းအတွက် လျာထားသည့် တာဝန်အဆင့် ညွှန်းကိန်း ၁၁ ခု နှင့် အကျိုးရလဒ် ညွှန်းကိန်း ၈ ခု တို့တွင် အချက်အလက် ကောက်ယူနိုင်ခြင်း ရှိမည် မဟုတ်ပါ။ အဟာရ စနစ်အဆင့် ညွှန်းကိန်းအသစ်တစ်ခု နှင့်ငွေးကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု ညွှန်းကိန်း တစ်ခုတို့အား အိမ်ထောင်စုစစ်တမ်းတွင် ထည့်သွင်းခဲ့သည့်အတွက်ကြောင့် ယင်းတို့အား အစီရင်ခံထားခြင်း မရှိပါ။

ဤအကူးအပြောင်းနှစ်၌ ထပ်မံကြုံတွေ့ရသည့် စိန်ခေါ်မှုမှာ ဤအစီရင်ခံ တင်ပြသည့် အချိန်ကာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သည့် စီမံချက်အများစုမှာ ပြီးခဲ့သည့် မဟာဗျူဟာ အဆင့်မှ ဆက်လက် ဆောင်ရွက်လာခဲ့သည့် စီမံချက်များ ဖြစ်နေခြင်း ဖြစ်ပါသည်။ (ထို့အတွက်ကြောင့် LIFT ၏ မတူညီသည့် ယုတ္တိဗေဒမူဘောင်များ အတွင်း အကောင်အထည်ဖော်ခြင်း နှင့် အစီရင်ခံတင်ခြင်း တို့ စတင်ခဲ့ ပါသည်)အချို့သော စီမံကိန်းများအား ၂၀၁၉ခုနှစ်အတွင်း ပိတ်သိမ်းခဲ့ပြီး အချို့အား ၂၀၁၉ ခုနှစ်ကျော်လွန်သည်အထိ ဆက်လက်လုပ်ဆောင်ရ မည်ဟု မျှော်မှန်းထားပါသည်။ ယင်းမှ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအတွက် အထူးသဖြင့် အကျိုးရလဒ် အဆင့်တွင် ညွှန်းကိန်းအသစ်အချို့နှင့် ပြင်ဆင်မွမ်းမံထားသည့် ညွှန်းကိန်းအချို့အား အစီရင်ခံတင်ပြရာတွင် ရှောင်လွှဲ၍မရသည့် စိန်ခေါ်မှုများ တွေ့ကြုံ စေခဲ့ပါသည်။

**၂၀၁၉ခုနှစ်တွင် တိုင်းတာခြင်းနှင့် အစီရင်ခံတင်ပြခြင်းမရှိသော တာဝန်အဆင့် ညွှန်းကိန်းများမှာ –**

I–၁.၁ LIFT ၏ စီမံကိန်းဧရိယာ အတွင်း လက်ခံနိုင်သည့် အစာအာဟာရ မျှတစုံလင်စွာ စားသုံးသည့် အမှတ် ရရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း/ အရေအတွက်

I–၁.၂ LIFT ၏ စီမံကိန်းဧရိယာအတွင်းရှိ အတန်အသင့်/ ဆိုးရွားစွာ ပုညှက်နေသည့် အသက် (၅)နှစ်အောက် ကလေးသူငယ်များ၏ ရာခိုင်နှုန်း

I–၁.၃ LIFT စီမံကိန်း ဧရိယာများအတွင်း အနိမ့်ဆုံးအဆင့် အစာအာဟာရ မျှတစုံလင်စွာ စားသုံးသည့် (မျိုးဆက် ပွားနိုင်သည့် (အသက်၁၅နှစ်မှ ၄၉နှစ်အတွင်း) အသက်အရွယ်ရှိသည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း)

I–၂.၁ LIFT စီမံကိန်း ဧရိယာအတွင်းရှိ နိုင်ငံတကာ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် ရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

I–၂.၂ LIFT စီမံကိန်းဧရိယာများအတွင်း ဝင်ငွေတိုးပွားလာ သည့် အိမ်ထောင်စုများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

I–၂.၃ LIFT စီမံကိန်း ဧရိယာများအတွင်း အခြေခံပစ္စည်း ပိုင်ဆိုင်မှု တိုးတက်လာသည့် အိမ်ထောင်စုများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

I–၂.၄ LIFT စီမံကိန်းဧရိယာများအတွင်း အမျိုးသမီးများသည် အခြေခံပစ္စည်းများနှင့် ဝင်ငွေအပေါ်အနိမ့်ဆုံး တူညီစွာ ထိန်းချုပ်နိုင်သည်ဟု အသိပေး အစီရင်ခံခဲ့သည့် အမျိုးသားများ ဦးဆောင်သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

I–၃.၁ LIFT စီမံကိန်းဧရိယာများအတွင်း စားနပ်ရိက္ခာ မဖူလုံမှု အတွေ့အကြုံဆိုင်ရာ အတိုင်းအတာ (FIES) ပေါ်အခြေခံ သည့် အတန်အသင့်/ ဆိုးရွားစွာ စားနပ်ရိက္ခာ မဖူလုံမှု ဖြစ်ပွားခြင်း

I–၃.၂ LIFT စီမံကိန်းဧရိယာများအတွင်း ကြံ့ကြံ့ခိုင်နိုင်စွမ်း တိုးတက်ခဲ့ပြီး နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်သည့် စွမ်းဆောင်နိုင်မှု တိုးတက်ခဲ့သည့် ရာခိုင်နှုန်း/ အရေအတွက်

I–၃.၃ LIFT စီမံကိန်း ဧရိယာများအတွင်း အားနည်းထိခိုက် လွယ်သည့် အိမ်ထောင်စုဟု အမျိုးအစား ခွဲခြား သတ်မှတ်ထားသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေအတွက်

I–၃.၄ LIFT စီမံကိန်းဧရိယာများအတွင်း လယ်ယာပြင်ပအလုပ် အကိုင်ခန့်ထားမှု၌ အလွတ်သဘော အလုပ်ခန့်ထားသည့် ရာခိုင်နှုန်း

**၂၀၁၉ ခုနှစ်တွင် တိုင်းတာခြင်း(သို့) အစီရင်ခံတင်ပြခြင်းမရှိသည့် ရလဒ်ညွှန်းကိန်းများမှာ–**

NH–၁.၁ LIFT စီမံကိန်းဧရိယာများအတွင်း မိခင်နို့ရည်တစ်မျိုး တည်းကိုသာ တိုက်ကျွေးသည့် အသက် (၆) လအောက် ကလေးငယ်များ၏ ရာခိုင်နှုန်း

NH–၁.၂ LIFT စီမံကိန်းဧရိယာများအတွင်း အနိမ့်ဆုံးလက်ခံနိုင် လောက်သည့် လုံလောက်သော အာဟာရကိုရရှိသည့် အသက် ၆လမှ ၂၃လအကြားရှိ ကလေးငယ်များ၏ ရာခိုင်နှုန်း

NH–၁.၃ LIFT စီမံကိန်းဧရိယာများအတွင်း (က)ဘေးကင်းလုံခြုံစွာ စီမံထားသည့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ နှင့် (ခ)ဆပ်ပြာနှင့် ရေကိုအသုံးပြုသည့် လက်ဆေးကန်တို့အား အသုံးပြုနေသည့် အိမ်ထောင်စု များ၏ ရာခိုင်နှုန်း/အရေအတွက်

NH–၁.၄ LIFT စီမံကိန်း ဧရိယာများအတွင်း အိမ်ဝင်းအတွင်းမှ ရရှိ သော ကောင်းမွန်သည့် ရေအားသောက်သုံးနေကြသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက် (ပြင်ဆင် မွမ်းမံထားပါသည်)

NH–၁.၅ ကလေးသူငယ်၏ ကျန်းမာရေးနှင့် အဟာရဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တစ်ဦးချင်း(သို့) ပူးတွဲ၍ ပါဝင်ပတ်သက်သည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း (ပြင်ဆင် မွမ်းမံထားပါသည်)

**FH-၁.၄** လွန်ခဲ့သည့် (၁၂) လအတွင်း လွန်စွာဆင်းရဲနွမ်းပါးသည့် အဆင့်/ ဆင်းရဲနွမ်းပါး သည့် အဆင့်သို့ နိုးကပ်စွာရောက်ရှိနေသဖြင့် ရုန်းထွက်ရန် LIFT မှပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်ခံရရှိနေသည့် အိမ်ထောင်စုတစ်ခုချင်းစီအလိုက်၏ ရာခိုင်နှုန်း

**FH-၂.၁** LIFT မှပံ့ပိုးပေးသည့် ချေးငွေနှင့် စုဆောင်းငွေများအပေါ် ညီတူညီမျှ (သို့) ပိုမို၍ထိန်းချုပ်နိုင်သည်ဟု အသိပေးအစီရင်ခံသည့် အမျိုးသမီးများ ရှိသော အိမ်ထောင်စုများ၏ အရေအတွက်နှင့်ရာခိုင်နှုန်း

**AH-၂.၁** လယ်ယာစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဆက်စပ်နေသည့် ဝင်ငွေများနှင့် ပတ်သက်၍ ညီတူညီမျှ(သို့) ပိုမိုသည့် အခွင့်အလမ်း ၊ ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ ရှိသည်ဟု အသိပေးအစီရင်ခံသည့် LIFT မှကူညီပံ့ပိုးပေးနေသော အိမ်ထောင်စုများ ရှိအမျိုးသမီးများ၏ ရာခိုင်နှုန်း/အရေအတွက် – LIFT ၏အိမ်ထောင်စုစစ်တမ်း (WEAI)

**DH-၂.၄** LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဓမ္မခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့် သူများ၏ရာခိုင်နှုန်း (ပြင်ဆင်မွမ်းမံထားပါသည်)

**NS-၁.၃** LIFT စီမံကိန်းဧရိယာများအတွင်းမှ အိမ်ခြံဝင်းအတွင်းရှိ ကောင်းမွန်သည့် ရေအရင်းအမြစ်များမှ သောက်သုံးရေအား တစ်နှစ်ပတ်လုံး ရှိသည်ဟု အသိပေးအစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

**အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ အစီရင်ခံတင်ပြခဲ့သော အချက်အလက်များ**

LIFT ၏အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် LIFT ၏ ယုတ္တိဗေဒမူဘောင်အတွက် အကျိုး ရလဒ်ညွှန်းကိန်း (၁၇)ခုနှင့် ရလဒ်ညွှန်းကိန်း ၂၅ခုတို့အား အစီရင်ခံတင်ပြပါသည်။ LIFT သည် အကျိုးရလဒ် ညွှန်းကိန်း(၂)ခုမှ လွဲ၍အဆိုပါ ညွှန်းကိန်းများ အားလုံးအား ၂၀၁၉ခုနှစ်အတွက် အစီရင်ခံတင်ပြနိုင်ပါသည်။ AH-၁.၃ သည် အကောင်အထည်ဖော်ရေး မိတ်ဖက်အဆင့်၌ တိုင်းတာရာတွင် ခက်ခဲမှု ရှုပ်ထွေးမှုများရှိသည့်အတွက်ကြောင့် ဖြစ်ပြီး FP-၂.၁ သည် ၂၀၁၉ ခုနှစ်တွင် FI အဖွဲ့မှ တိုင်းတာရန်အတွက် သတ်မှတ်ထားခြင်း မရှိဘဲ အကျိုးရလဒ် ညွှန်းကိန်းများ တစ်ခုဖြစ်သည့် DS ၁.၂ အားချန်လှပ်ထားခဲ့ပါသည်။

အကောင်အထည်ဖော်ရေးမိတ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များအား တိုင်းတာသည့် အကျိုးရလဒ် ညွှန်းကိန်း များသည် IP များ၏ ကျယ်ပြန့်များပြားသည့် စီမံကိန်းလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ကြားကာလအပြောင်းအလဲများအား ရယူနိုင်ရန် အတွက် ဥပမာအားဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများအား အာရုံစိုက်သည့် သင်တန်းဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများအား စီးပွားရေးလုပ်ငန်း တည်ထောင်နိုင်သူများ (သို့) အာမခံချက် ရှိသည့် အလုပ်အကိုင် ရရှိသူများ၏ ရာခိုင်နှုန်း/အရေအတွက်ကို လက်ငင်း အကျိုးရလဒ်များ အနေဖြင့် တိုင်းတာမည် ဖြစ်ပါသည်။

ရလဒ်အဆင့် အစီရင်ခံတင်ပြခြင်းသည် အမျိုးမျိုးသော ဆောင်ရွက်မှုများမှ တဆင့်အောင်မြင်စွာ ရောက်ရှိခဲ့သည်တို့ အပေါ်၌ မဖြစ်မနေ အခြေခံရပါသည်။ အဆိုပါ ညွှန်းကိန်းများ၏ သတင်းအချက်အလက်များကို IP များမှ ၆ လ တစ်ကြိမ် အစီရင်ခံ တင်ပြပါသည်။ LIFT ၏ ပုံမှန် အစီရင်ခံ တင်ပြခြင်းဆိုင်ရာ ပုံစံအား အသက်အရွယ်အလိုက် အုပ်စုများ၊ မသန်စွမ်းသူ အမျိုးအစားများ နှင့် အဆင့်များ၊ အကျိုးခံစားခွင့် ရှိသူများ၏ အလုပ်အကိုင်များနှင့် နယ်မြေ ဒေသများ အပါအဝင် အုပ်စုခွဲအလိုက် အမျိုးအစားသတ်မှတ်ထားသည့် နောက်ထပ်အဆင့်များအား ရယူရန်အတွက် ၂၀၁၉ ခုနှစ်တွင် ပြင်ဆင်မွမ်းမံခဲ့ပါသည်။ အစီရင်ခံ တင်ပြခြင်း ဆိုင်ရာ ပုံစံများအား မည်ကဲ့သို့ ဖြည့်စွက်ရမည့် အပေါ် အသုံးပြုသူ လမ်းညွှန် လက်စွဲနှင့် သင်တန်းတို့အား IP များကိုပံ့ပိုးပေးပါသည်။ ၂၀၁၉ ခုနှစ်တွင် IP များအား ညွှန်းကိန်းများ၏ တိုင်းတာခြင်းအပေါ် အသေးစိတ်လမ်းညွှန်ချက်ပေးသည့် ပြန်လည် ဆန်းသစ်ထားသည့် ယုတ္တိဗေဒ မူဘောင် ညွှန်းကိန်း အတွက် ကိုးကားရမည့် ပုံစံများနှင့် မိတ်ဆက် ပေးခဲ့ပါသည်။ သို့သော်လည်း ညွှန်းကိန်းအတွက် ကိုးကားရမည့် ပုံစံများအား အစီရင်ခံ တင်ပြခြင်းဆိုင်ရာ စက်ဝန်း စတင်တော့မည့် အချိန် ရောက်လုခါနီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ (?) စတုတ္ထလေးလပတ်အတွင်းမှသာ အပြီးသတ် နိုင်ခဲ့ပါသည်။ ညွှန်းကိန်းအတွက် ကိုးကားရမည့် ပုံစံများဆိုင်ရာ IP များအတွက် သင်တန်းအား ၂၀၂၀ ခုနှစ်တွင် ဆက်လက်ပို့ချသွားမည် ဖြစ်ပါသည်။ အကျိုးရလဒ် ညွှန်းကိန်းများ တိုင်းတာခြင်းအတွက် လိုအပ်သော စစ်တမ်းများနှင့် လေ့လာမှုများအား IP များမှ ပြုလုပ်နိုင်ရန် ရင်းမြစ်များ ထပ်မံ၍ ပံ့ပိုးပေးလိမ့်မည်ဟု မျှော်မှန်းထားခဲ့ပါသည်။

LIFT သည် IP ၏ အချက်အလက်များကို သုံးသပ်ရန်နှင့် အတည်ပြုနိုင်ရန် အောက်ဖော်ပြပါ လုပ်ငန်းစဉ်အတိုင်း လိုက်နာ ဆောင်ရွက်ပါမည်။

- IP ၏ အချက်အလက်များအား ပထမဦးစွာ အချက်အလက်များ ပေါင်းစပ်ခြင်း၊ ပြည့်စုံမှု ရှိခြင်း၊ နှစ်ခါပြန် ရေတွက်ထားခြင်း ရှိ၊ မရှိ တို့၏ တိကျမှန်ကန်မှုအပေါ် အာရုံစိုက်၍ သုံးသပ်ခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းအား ပြုလုပ်ရန်အတွက် LIFT ၏ အကြောင်းအရာ အလိုက် စီမံကိန်းများထံ တင်ပြပါသည်။
- အတည်ပြုပြီးသည့် အချက်အလက်များအား အကြောင်းအရာ အလိုက် စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း ဆိုင်ရာ အရာရှိထံ လုပ်ငန်းအစီရင်ခံစာများနှင့် ကိုက်ညီမှု ရှိ၊ မရှိအား အာရုံစိုက်၍ ထပ်မံ သုံးသပ်ရန်အတွက် တင်ပြပါသည်။
- အတည်ပြုပြီးသည့် သတင်းအချက်အလက်များအား LIFT ၏ Database အတွင်းသို့ ထည့်သွင်းခြင်း/ နောက်ဆုံး အရည်အသွေး စစ်ဆေးခြင်း၊စုစည်းခြင်းများ ပြုလုပ်ပြီးနောက် ညွှန်းကိန်းများ၏ တိုင်းတာမှုအရ အောင်မြင်မှု အဆင့်များအား သက်သေပြရန်အတွက် အပြီးသတ် ဆောင်ရွက်ရန် LIFT ၏ အချက်အလက် စီမံခန့်ခွဲမှု အရာရှိထံ တင်ပြပါသည်။
- LIFT ၏ Database အတွင်း အချက်အလက်များအား အတည်ပြုပြီးနောက် အပြီးသတ် ဆောင်ရွက်မှုများနှင့် အချက်အလက် အစီရင်ခံစာများအား ပြုလုပ်ပြီး နောက်ဆုံး အပြီးသတ် အစီရင်ခံစာအတွက် LIFT ၏ MEAL ကျွမ်းကျင်သူထံ တင်ပြပါသည်။

**ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO)**

အကြောင်းအရာအလိုက် ကဏ္ဍ (၄)ခုစလုံးရှိ အချို့သော ကိစ္စရပ်များ အပေါ် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းထံ ကူညီပံ့ပိုးပေးမှု အပါအဝင် ယုတ္တိဗေဒမူဘောင်တွင် အစီရင်ခံ တင်ပြခဲ့သော LIFT ၏ လှုပ်ရှားဆောင်ရွက်မှု အချို့အား LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) မှ တာဝန်ယူ ဆောင်ရွက်ပါသည်။ အဆိုပါ ဆောင်ရွက်မှုများမှ အချက်အလက်များအား FMO အဖွဲ့မှ ကောက်နုတ်စုစည်းပြီး သက်ဆိုင်ရာ ညွှန်းကိန်းများ အတွင်းသို့ ထည့်သွင်း ပေါင်းစပ်ပါသည်။ နှစ်စဉ် တာဝန်ပေးအပ်သည့် ကျယ်ပြန့်သော အတိုင်း အတာဖြင့် ဆောင်ရွက်သည့် သုံးသပ်အကဲဖြတ်ခြင်းနှင့် အထူးလေ့လာခြင်းသည် စီမံကိန်းလုပ်ငန်း အစီရင်ခံစာများတွင် ထင်ဟပ်သည့် LIFT ၏ ကျယ်ပြန့်စွာ လေ့လာသင်ယူခြင်း၊ ဖြစ်ရပ်မှန်လေ့လာခြင်းနှင့် ထိုးထွင်းသိမြင်ခြင်း တို့အတွက် ပံ့ပိုးပေးပါသည်။

### အစီရင်ခံ တင်ပြခြင်း

အစီရင်ခံ တင်ပြခဲ့သည့် အချက်အလက်များတွင် LIFT လုပ်ငန်းဆောင်ရွက်ခဲ့သည့် ကာလအပိုင်းအခြား တခုလုံးမှ LIFT ၏ ယေဘုယျ တိုးတက်မှုအား ညွှန်ပြသည့် ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အဆင့်ဆင့် စုစည်းထားသည့် အောင်မြင်မှုများ ပါဝင်ပါသည်။ ညွှန်းကိန်းအသစ်များနှင့် ပြုပြင် မွမ်းမံထားသည့် ညွှန်းကိန်းများအတွက် ပြီးခဲ့သည့်နှစ်မှ ပြီးစီး အောင်မြင်မှုအား ပထမဆုံးအကြိမ် တိုင်းတာရသဖြင့် (ညွှန်းကိန်း အသစ်များ ဖြစ်ရပ်တွင်) (သို့) ရရှိသော အချက်အလက်များသည် ပြည့်စုံလုံလောက်မှု မရှိသဖြင့် (ပြုပြင် မွမ်းမံထားသည့် ညွှန်းကိန်းများ ဖြစ်ရပ်တွင်) ရရှိနိုင်ခြင်း မရှိပါ။ နောက်ပိုင်းတွင် ဖော်ပြထားသည့် ကော်လံများသည် လက်ရှိနှစ်၏ တိကျသော ပြီးစီး အာင်မြင်မှုများအား ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်း၊ မူလချမှတ်ထားသည့် ရည်မှန်းချက်နှင့် ရည်မှန်းချက်များအား ရရှိခဲ့သည့် ရာခိုင်နှုန်းတို့ဖြင့် ရှင်းလင်းထားပါသည်။ ၂၀၁၉ ခုနှစ်တွင် အိမ်ထောင်စု စစ်တမ်းအား ကောက်ယူခြင်း မရှိသည်ကို ထည့်သွင်း စဉ်းစားပါက အစီရင်ခံ တင်ပြသည့် အောင်မြင်မှုများသည် တာဝန်ယူ ဆောင်ရွက်သည့် အမျိုးမျိုးသော လုပ်ငန်းများမှတဆင့် IP များမှ တိုက်ရိုက် ရောက်ရှိသည်အား ထင်ဟပ်စေပါသည်။

LIFT ၏ နယ်မြေဒေသအလိုက်၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းနှင့် အခြား စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် LIFT ၏ အဓိက စီမံကိန်းဒေသများနှင့် ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း တစ်ခုတည်းကိုသာ ဆောင်ရွက်နေသည့် ဒေသများအကြား ကွဲပြားခြားနားမှု ရှိသည်ဟု ခံယူထားပါသည်။ အဓိက စီမံကိန်းဒေသများအား tier-1/ အလွှာ၁ ဟု သတ်မှတ်ထားပြီး ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း၊ လုပ်ငန်းတစ်မျိုးတည်းကိုသာ ဆောင်ရွက်သည့် ဒေသများအား tier-2/ အလွှာ၂ ဟု သတ်မှတ်ထားပါသည်။ နှစ်ကြိမ်ရေတွက်ခြင်းမှ ရှောင်ရှားရန်အတွက် ၂၀၁၉ ခုနှစ်အတွက် ရောက်ရှိခဲ့သည့် အိမ်ထောင်စု စုစုပေါင်း ၃,၂၉၅,၀၄၀ သည် tier-2/ အလွှာ၂ မှ ရောက်ရှိခဲ့သည့် စုစုပေါင်း အိမ်ထောင်စု အပေါ်တွင် အခြေခံ ထားပါသည်။

## ၂.၄။ LIFT ၏ ညွှန်းကိန်း ရလဒ်များ နှင့် အောင်မြင်မှုများ

### စီမံကိန်းအဆင့် ညွှန်းကိန်းများ၊ ရလဒ်များ နှင့် အောင်မြင်မှုများ

**အာဟာရ ဖွံ့ဖြိုးမှု – မူဝါဒ**

**NP–၁။ အသစ်နှင့်/သို့ တိုးတက်လာသည့် ကျားမရေးရာ အလေးပေးသည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များသည် အောက်ပါတို့အား ကူညီပံ့ပိုးပေးပါသည်–**

- MCCT နှင့် MIYCF တို့အတွက် SBCC၊ အပါအဝင်, IMAM တိုးချဲ့ခြင်း၊ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာကဏ္ဍ နှင့် ADS ၏ အာဟာရ ဖောင်းပေး စိုက်ပျိုးရေး အစိတ်အပိုင်း အပါအဝင် MS-NPAN အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- MS-NPAN အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အတွက် ဒေသဆိုင်ရာ အဆင့် ပံ့ပိုးကူညီမှု တိုးမြှင့်ခြင်း
- MCCT၊ လူမှုရေး ပင်စင်နှင့် မသန်စွမ်းသူများ အပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

**NP–၁.၁ LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒများနှင့် စီမံကိန်းများရှိ အပြောင်းအလဲများ၏ အရေအတွက်**

ဤညွှန်းကိန်းနှင့် သက်ဆိုင်သည့် အရေးကြီးသည့် မူဝါဒဆိုင်ရာ ပြီးစီး အောင်မြင်မှုများမှာ အစိုးရ၏ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း အစီအစဉ် (MCCT) နှင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS-NPAN) တို့နှင့် ဆက်စပ်လျက်ရှိပါသည်။ LIFT မှ ပေးသည့် ပံ့ပိုးမှုများသည် မြန်မာနိုင်ငံအစိုးရ၏ MCCT အစီအစဉ်အား ပြည်နယ်နှင့် တိုင်းဒေသကြီးများအနှံ့ ဆက်လက်၍ တိုးချဲ့ဆောင်ရွက် ပေးနိုင်စေခဲ့ပါသည်။ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကရင်ပြည်နယ်တွင် အစီအစဉ်လုပ်ငန်းများ ဆောင်ရွက်ရန် မန်နေဂျာ အသစ်များ ခန့်ထားခြင်းဖြင့် မြို့နယ်အဆင့် လက်လှမ်းမီ ရောက်ရှိမှု စွမ်းရည်တိုးချဲ့ခဲ့ပြီး အစီအစဉ် ကြီးကြပ်ခြင်းနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန်အတွက် ပြည်နယ် စီမံကိန်းအဖွဲ့တွင် MCCT အစီအစဉ်အတွက် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးအား တာဝန်ပေးအပ်ခဲ့ပါသည်။

LIFT ၏ ဆက်လက်၍ အားပေးထောက်ခံခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းတို့၏ တစ်စိတ်တစ်ဒေသအဖြစ် LIFT FMO သည် MS-NPAN စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဥပမာအားဖြင့် တိုင်းဒေသကြီး အစိုးရ၏ ဧရာဝတီတိုင်းဒေသကြီးအတွက် စီမံချက်ဒီဇိုင်း ရေးဆွဲခြင်းအား ကူညီပံ့ပိုးပေးရန်အတွက် LIFT-FMO မှ ဒေသဆိုင်ရာ အဆင့် စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပုသိမ်မြို့၌ ကျင်းပခဲ့ပါသည်။ ပုသိမ်မြို့တွင် ရှေ့ပြေး စမ်းသပ်ဆောင်ရွက်ခဲ့သည့် သင်ခန်းစာများအပေါ် အခြေခံ၍ LIFT သည် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် MS-NPAN ဒေသဆိုင်ရာအဆင့် စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲများ ဆက်တိုက် ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများတွင် MSNPAN ၏ နိုင်ငံတော် အဆင့် လမ်းညွှန်ချက်များ၏ အထောက်အကူဖြင့် ဒေသဆိုင်ရာအဆင့် မူဝါဒများနှင့် စီမံကိန်းများအား နောက်ဆုံးအခြေအနေများ ထည့်သွင်း ဖြည့်စွက်ခဲ့ပါသည်။ LIFT မှ ပုသိမ်မြို့တွင် ကျင်းပပေးခဲ့သည့် ဒေသဆိုင်ရာအဆင့် MS-NPAN စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အပြုသဘောဆောင်သည့် အကျိုးရလဒ် နောက်တစ်ခုမှာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် ဌာနဆိုင်ရာများမှ အစိုးရ အရာရှိများသည် ဒေသဆိုင်ရာအဆင့် နှင့် မြို့နယ်အဆင့်များတွင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (GAD) ၏ ညှိနှိုင်းဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက်ချမှုအဆင့်များတွင် အရေးကြီးသည့် အခန်းကဏ္ဍအား အသိအမှတ်ပြုလျက် MS-NPAN လုပ်ငန်းစဉ်တွင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (GAD) အား ပါဝင်စေရန် တောင်းဆိုခဲ့ကြခြင်း ဖြစ်ပါသည်။

LIFTသည် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအတွက် ကာလလတ် လုပ်ငန်းအစီအစဉ် ၂၀၁၈–၂၀၂၃ (Costed Social Protection Sector plan 2018–2023) အား နောက်ဆုံး အခြေအနေ ထည့်သွင်းပေးခဲ့ပါသည်။ ယင်းအား ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit –DACU) မှ လက်ခံ အတည်ပြုပေးခဲ့ပြီး အင်္ဂလိပ်ဘာသာနှင့် သာမက မြန်မာဘာသာနှင့်ပါ ရရှိနိုင်ပါသည်။ ယခုအခါ အဆိုပါ လုပ်ငန်းအစီအစဉ်အား လူမှု ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့် ပတ်သက်ဆက်နွှယ်သူအားလုံးမှ ရယူနိုင်ပါသည်။

*ဇယား ၂.၁- စီမံကိန်းအဆင့် NP-၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထား သည့် ပြီးစီးမှုများ | စုပေါင်းထား သည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀-၂၀၁၈ | ၂၀၁၉ | ၂၀၁၀ - ၂၀၁၉ | ၂၀၁၉ | | |
| NP-၁.၁ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒ များနှင့် စီမံကိန်းများရှိ အပြောင်းအလဲများ၏ အရေအတွက် | ၃ | ၆ | ၉ | ၈ | ၁.၁၃ | စီမံကိန်း/IPs |
| NP-၁.၂ NP-၁.၂ LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရ ဘတ်ဂျက် ခွဲဝေမှုနှင့် သုံးစွဲမှုမှ အပြောင်းအလဲများ၏ အရေအတွက် | ၁ | ၄ | ၅ | ၃ | ၁.၆၇ | စီမံကိန်း/IPs |
| NP-၁.၃ LIFT မှ ပံ့ပိုးပေးခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှု များ၏ အရေအတွက် | ၁၅ | ၃၃ | ၄၈ | ၁၅ | ၃.၂ | စီမံကိန်း/IPs |
| NP-၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် LIFT မှ ပံ့ပိုးပေးခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၁၀ | ၈ | ၁၈ | ၂၀ | ၀.၉ | စီမံကိန်း/IPs |

**NP-၁.၂ LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရ ဘတ်ဂျက် ခွဲဝေမှုနှင့် သုံးစွဲမှုမှ အပြောင်းအလဲများ၏ အရေအတွက်**

အစီရင်ခံသည့် ကာလအတွင်း အောက်ပါ နယ်ပယ်နှစ်ခုတို့တွင် ဤညွှန်းကိန်းနှင့်ဆိုင်သည့် အရေးပါသည့် လုပ်ငန်းပြီးစီးမှုများ ရရှိခဲ့ပါသည် -

**ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးပေးခြင်း အစီအစဉ် (MCCT)-** ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် ကုန်အထိ MCCT အစီအစဉ်အတွက် LIFT ၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ကန်ဒေါ်လာ ၂၁.၃ သန်းရှိပါသည်။ MCCT အစီအစဉ်အတွက် အစိုးရ၏ ငွေကြေးထည့်ဝင်မှုမှာ ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂နှစ်တာကာလအတွင်းတွင် အစိုးရ၏ ဘတ်ဂျက် ခွဲဝေချထားပေးမှုမှာ လုံးဝနီးပါးမရှိသည် မှ ကန်ဒေါ်လာ ၂၂ သန်းအထိ တိုးမြင့်ခဲ့ပြီး ၂၀၂၀ တွင် နောက်ထပ် ကန်ဒေါ်လာ ၂၂ သန်း ထည့်ဝင်ရန် ကတိကဝတ်ပြုထားပါသည်။ MCCT အစီအစဉ်၏ အကျိုးရလဒ်များပေါ်တွင် အခြေခံ၍ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MSWRR) မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် MCCT အစီအစဉ်အသစ်များ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ ပြည်သူ့ဘဏ္ဍာ ဘတ်ဂျက်အား တိုးမြင့်ခဲ့ပါသည်။ ဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂ အထူးအုပ်ချုပ်ခွင့်ဒေသ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ MCCT အစီအစဉ်များအားလုံး အတွက် ဘတ်ဂျက် ဆက်လက်ထောက်ပံ့ပေးရန်လည်း ကတိကဝတ်ပြုထားပါသည်။ လွန်ခဲ့သည့် သုံးနှစ်အတွင်း အစိုးရ၏ ထည့်ဝင်ငွေမှာ ကန်ဒေါ်လာ ၅၁ သန်း ပမာဏ အထိ ရှိခဲ့ပြီး နောင်လာမည့် နှစ်များအတွင်း ရန်ပုံငွေ ထပ်မံ ပံ့ပိုးရန်လည်း အခိုင်အမာ ထုတ်ဖော်ပြထားပြီးဖြစ်ကာ ကချင်ပြည်နယ်ကို နောက်ထပ် ဦးတည်ဆောင်ရွက်မည့် ဒေသအဖြစ် သတ်မှတ်ထားပါသည်။

**လူမှုရေး ပင်စင်-** အဓိကအားဖြင့် လူမှုရေးပင်စင် ခံစားခွင့်ရှိသည့် အသက်အရွယ်အား ၉၀ နှစ်မှ ၈၅ နှစ်သို့ လျှော့ချခဲ့သဖြင့် အမျိုးသား လူမှုရေးပင်စင် အကျိုးခံစားခွင့် ရှိသူ အရေအတွက်မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ၁၆၉,၅၇၈ ရှိသည်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၁၉၇,၅၉၃ ဦး ရှိလာသဖြင့် MSWRR မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ) အတွက် နိုင်ငံတော် ဘတ်ဂျက် မှ လူမှုရေး ပင်စင်အတွက် ဘတ်ဂျက်ခွဲဝေချထားမှုအား တိုးမြှင့် တောင်းခံရယူထားကြောင်း HelpAge International မှ အစီရင်ခံထားပါသည်။ ရလဒ်အားဖြင့် လူမှုရေးပင်စင်အတွက် ရန်ပုံငွေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကန်ဒေါ်လာ ၁၄.၄ သန်း မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် ကန်ဒေါ်လာ ၁၆.၉ သန်း အထိ တိုးမြင့်လာခဲ့သဖြင့် ကန်ဒေါ်လာ ၂သန်းကျော် အထိ တိုးမြင့်လာခဲ့ပါသည်။

**NP-၁.၃ LIFT မှ ထောက်ပံ့ပေးခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှု များ၏ အရေအတွက်**

၂၀၁၉ ခုနှစ်အတွင်းတွင် LIFT သည် FMO နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် အာဟာရဖွံ့ဖြိုးမှု အကျိုးရလဒ်များ ရရှိစေနိုင်ရေးအား ကူညီပံ့ပိုးပေးသည့် မူဝါဒဆိုင်ရာ လှုပ်ရှားမှုများ/ အခမ်းအနားများ ကျင်းပခြင်း နှင့် မြှင့်တင်ပေးခြင်းတို့တွင် သိသာထင်ရှားသည့်/ကြီးမားသည့် အောင်မြင်မှုများ ရရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ရည်မှန်းထားသည်ထက် ကျော်လွန်၍ အောင်မြင်ပြီးစီး ခဲ့ခြင်း၏ အဓိက အကြောင်းရင်းမှာ LIFT သည် နေပြည်တော်ရှိ MS-NPAN အတွက် ပံ့ပိုးပေးရန် သီးသန့်ခန့်ထားသည့် အဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) လက်အောက်မှ အမျိုးသား အာဟာရဖွံ့ ဖြိုးရေးနှင့် သုတေသနဌာန(NNC) တို့နှင့် တိုက်ရိုက် ဆက်သွယ် ဆောင်ရွက်ခြင်းတို့ဖြင့် MS-NPAN အတွက် တိုက်ရိုက် ကူညီပံ့ပိုးပေးခဲ့သောကြောင့် ဖြစ်ပါသည်။ MS-NPAN အတွက် ကူညီပံ့ပိုးပေးသည့်လုပ်ငန်းမှာ စီမံကိန်း စတင်သည့် အဆင့်နှင့် ၎င်း၏ လုပ်ငန်းစဉ် သုံးရပ်အတွက် နိုင်ငံတော်အဆင့် နှင့် ဒေသဆိုင်ရာအဆင့် လှုပ်ရှားဆောင်ရွက်မှုများ နှင့် တွေ့ဆုံဆွေးနွေးမှုများ အမျိုးအပြား ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှုအတွက် သိသာထင်ရှားစွာ ပံ့ပိုးကူညီခဲ့သည့် နောက်ထပ် မိတ်ဖက်အဖွဲ့အစည်းတစ်ခုမှာ အားဖြည့်ဆန် စီမံချက်မှ တစ်ဆင့် ကူညီပေးခဲ့သည့် PATH ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်မှာ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေး၏ နောက်ဆုံးနှစ် ဖြစ်သည်နှင့်

အညီ စီမံချက်မှ အားဖြည့်ဆန် အစီအစဉ်ကို အစိုးရထံ အထူးသဖြင့် NNC သို့ လွှဲပြောင်းပေးရန် မျှော်မှန်း၍ စီစဉ်ထားသည့် စီမံကိန်း ပိတ်သိမ်းမှု မဟာဗျူဟာ ရေးဆွဲရန်အတွက် ကြိုးပမ်းအားထုတ်မှုများအား သီးသန့် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ပါသည်။ ဤ စီမံချက် မှတဆင့် ရရှိခဲ့သည့် အားဖြည့်ဆန်နှင့် ပတ်သက်သည့် ကောင်းမွန်သည့် အတွေ့အကြုံများပေါ်တွင် မူတည်ပြီး NNC မှ ပိုမိုကျယ်ပြန့်သော အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာ ကဏ္ဍဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရန်အတွက် စီမံချက်၏ လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်ခဲ့ပါသည်။ ထို့အတွက် အစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပတ်သက်ဆက်နွှယ်သူများနှင့် လုပ်ရှားဆောင်ရွက်မှုများနှင့် တွေ့ဆုံဆွေးနွေးမှု အများအပြား ဆောင်ရွက်ခဲ့ပါသည်။

LIFT သည် လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT အစီအစဉ် နှင့် ကယားပြည်နယ်နှင့် ကရင်ပြည်နယ် တို့တွင် MCCT အစီအစဉ်တိုးချဲ့ခြင်း တို့အား ဆက်လက် ကူညီပံ့ပိုးပေးခဲ့သဖြင့် မူဝါဒဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု အများအပြား ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ MCCT အစီအစဉ်အတွက် အာဟာရနှင့်ဆိုင်သော လူမှုအမူအကျင့်များ ပြောင်းလဲရေး အသိပညာပေးမှု (SBCC)ဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရေးအတွက် အသစ်ပြောင်းလဲထားသည့် ဦးတည်အာရုံစိုက်မှုနှင့်အတူ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ပြီး ပုံတူပွား ဆောင်ရွက်မည့် ချင်းပြည်နယ်အတွက် SBCC မဟာဗျူဟာ/လုပ်ငန်းစီမံချက် အပြီးသတ်နိုင်ရန်နှင့် ထောက်ခံအတည်ပြုရန် အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။ ထို့သဖြင့် LIFT ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကောင်အထည်ဖော်ရေး မိတ်ဖက်များ ၏ မူဝါဒဆိုင်ရာ လုပ်ငန်းများ၏ ဥပမာများအား ဤအစီရင်ခံစာ၏ အာဟာရ ဖွံ့ဖြိုးမှု အခန်းတွင် အသေးစိတ် ဆွေးနွေးထားပါသည်။

အောက်တွင် ဖော်ပြထားသည်များမှာ ၂၀၁၉ ခုနှစ်အတွင်း LIFT (သို့) LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့သည့် လှုပ်ရှားဆောင်ရွက်မှုများ၏ ဥပမာအချို့ ဖြစ်ပါသည် –

**အာဟာရ မြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက် (SUN CSA) –** အကောင်အထည်ဖော်ရေး မိတ်ဖက်များဖြစ်သည့် Save the Children နှင့် World Vision တို့မှတဆင့် LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးထားသည့် အာဟာရ မြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက် (Scaling Up Nutrition Civil Society Alliance –SUN CSA) ၏ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်၌ လှုံ့ဆော်ရန် ကြိုးပမ်းအားထုတ်မှုများမှ လွှတ်တော်အမတ်များနှင့် မီဒီယာတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တိုးမြင့်လာခဲ့ပါသည်။ SUN CSA သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်အမတ်များနှင့် တွေ့ဆုံခဲ့ပြီး နောက်ဆက်တွဲ အနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ထပ်မံတွေ့ဆုံခဲ့ပါသည်။ အမျိုးသားအဆင့် ဦးဆောင်ကော်မတီနှင့် ရုံးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး ဦးဆောင်ကော်မတီတို့၏ SUN CSA မှ ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်အမတ်များနှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အာဟာရအမျိုးမျိုး ပါဝင်သည့် စားနပ်ရိက္ခာများ တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား သင့်တော်သလို အသုံးပြုခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ဓာတုဆေးများ စနစ်တကျ အသုံးပြုစေရန် အသိပညာပေးခြင်းများ နှင့် စားသောက်ကုန်များ တင်သွင်းခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေများ အကောင်အထည်ဖော်ပြဌာန်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်အမတ်များမှ ကူညီပံ့ပိုးပေးရန် စိတ်ဝင်စားမှုများ ပြသခဲ့ကြပါသည်။

**ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးပေးခြင်း အစီအစဉ် (MCCT)–** အဖွဲ့အစည်း စွမ်းဆောင်ရည် အားကောင်းစေခြင်း စီမံချက်၏ တစ်စိတ်တစ်ဒေသ အဖြစ် ၂၀၁၉ ခုနှစ် ဖွန်လတွင် လူမှု ဝန်ထမ်း ဦးစီးဌာန (DSW) မှ ချင်းပြည်နယ် MCCT မှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား အာရုံစိုက်သည့် ဒုတိယမြောက် အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပခဲ့ပါသည်။ အခြား MCCT အစီအစဉ်များ၏ အသိအမြင်လက်ဆင့်ကမ်း ဝေမျှခြင်းကို ကူညီပံ့ပိုးပေးရန် ထိုအလုပ်ရုံဆွေးနွေးပွဲသို့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂ အထူးအုပ်ချုပ်ရေး ဒေသ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ကိုယ်စားလှယ် ၄၆ ဦး တက်ရောက်ခဲ့ကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်သည့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးရေး (SBCC) ကော်မတီ နှင့် MoHS ၏ ကျန်းမာရေး အသိပညာ မြှင့်တင်ရေး ဌာနခွဲ (HLPU) မှ ဦးဆောင်သည့် SBCC လုပ်ငန်းအဖွဲ့တို့မှ ချင်း MCCT အစီအစဉ်၏ SBCC မဟာဗျူဟာကို ပြန်လည်သုံးသပ်ခဲ့ပြီး ငွေကြေးပံ့ပိုးမှုများ၏ အကျိုးသက်ရောက်မှုများ အမြင့်ဆုံး ရရှိစေရန်အတွက် ကရင်ပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် စီမံကိန်းအကျိုးခံစားခွင့်ရှိသူများအတွက် အာဟာရ ဆိုင်ရာ ပညာပေးရေး သင်တန်းများ အပါအဝင် SBCC ဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်ရန် ပြည်နယ်လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ပါသည်။ တဆက်တည်းမှာပင် ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် SBCC လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ပါသည်။ SBCC ကော်မတီသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံး၏ SBCC ကွင်းဆင်း ဆောင်ရွက် လုပ်ငန်းများအားလုံးအတွက် အစိုးရမှ ထောက်ခံအကြံပြုသည့် လူထုအတွင်း အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာ ကျွေးခြင်း (c–IYCF) ဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် ဆက်စပ် နည်းကိရိယာများအား လမ်းညွှန်အဖြစ် အသုံးပြုရန်ကိုလည်း ဆုံးဖြတ်ခဲ့ပါသည်။

**NP–၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် LIFT မှ ပံ့ပိုးပေးခဲ့သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ ဖြစ်သည့် လူမှုဝန်ထမ်း ဦးစီးဌာန၊ Save the Children နှင့် HelpAge International တို့မှ မူဝါဒ အထောက်အကူပြု စာတမ်းများအား ပြုစုခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ရှိ ကလေးသူငယ်များကြား ပုညက်မှုလျော့ချရေးအတွက် Save the Children မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် LEGACY စီမံချက်အတွက် ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှု (Randomised control trial – RCT) အစီရင်ခံစာအား ထုတ်ဝေခဲ့ပါသည်။ ဦးတည် အကျိုးခံစားခွင့်ရှိသူများကြား ဘဝအစရက်ပေါင်း ၁,၀၀၀ အတွင်း ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်အများအပေါ် MCCT၏ ကျိုးကြောင်း ဆက်နွှယ်နေသည့် အကျိုးသက်ရောက်မှုများအား တိုင်းတာရန် ဒီဇိုင်းရေးဆွဲထားသည့် ကျပန်း ထိန်းချုပ်သည့် စမ်းသပ်မှုတွင် ငွေသားသက်သက် သာ ရရှိသူများ၊ ငွေသားနှင့် SBCC ဆောင်ရွက်ချက်များပါ ရရှိသူများ နှင့် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိသည့် ဒေသများမှ ထိန်းချုပ်အုပ်စုများ ပါဝင်ပါသည်။ ငွေသားသက်သက် ပံ့ပိုးမှုများသာ ရရှိသူများနှင့် နှိုင်းယှဉ်ပါက ငွေကြေးအပြင် SBCC ပါ ရရှိသည့် မိခင်များ၏ ကလေးငယ်များကြား ပုညက်မှု လေးရာခိုင်နှုန်း လျော့နည်းခြင်းသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ အမြင့်ဆုံးရရှိရန်အတွက် အမူအကျင့်ပြောင်းလဲမှုများ မြှင့်တင်ပေးရန် ငွေကြေးထောက်ပံ့မှု အစီအစဉ်များအား SBCC ဆောင်ရွက်ချက်များဖြင့် အားဖြည့်ပေးနိုင်ခြင်း၏ အရေးပါမှုကို ပြသခဲ့သည့် အရေးကြီးသော တွေ့ရှိချက် ဖြစ်ပါသည်။ အခြား

အရေးကြီးသည့် လေ့လာသင်ယူခြင်းမှာ အချိန်ကာလ ပိုကြာမြင့်သည့် စီမံကိန်း ဆောင်ရွက်မှုအား ရရှိသည့် ကလေးသူငယ်များမှာ အကောင်းမွန်ဆုံး အခြေအနေတွင် ရှိသဖြင့် ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ ကာလ တစ်ခုလုံးအတွက် စီမံကိန်းဆောင်ရွက်ချက် လွှမ်းခြုံမှု သေချာစွာ ရရှိစေခြင်း၏ အကျိုးကျေးဇူး ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT အစီအစဉ်အား နည်းပညာ အကူအညီ ပေးသည့် Save the Children ၏ TEAM MCCT စီမံချက် မှ ထိုကာလအတွင်း ချင်းပြည်နယ်တွင် MCCT ငွေကြေး ထောက်ပံ့မှုအပြီး စောင့်ကြည့်စစ်ဆေးခြင်း နှင့် MCCT အစီအစဉ်မှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ ဟူသည့် အစီရင်ခံစာ နှစ်စောင် ပြုစုထုတ်ပြန်ခဲ့ပါသည်။ ထိုအစီရင်ခံစာများသည် လူမှုဝန်ထမ်း ဦးစီးဌာန၏ စီမံကိန်း အကောင်အထည် ဖော်ခြင်းတွင် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် ပြုပြင်စေနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် HelpAge International မှ လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များ အထူးသဖြင့် လူမှုရေး ပင်စင်များ၊ ရေးဆွဲ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအဆင့်များတွင်ရှိသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား တင်ပြသည့် မြန်မာနိုင်ငံရှိ လူမှုကာကွယ် စောင့်ရှောက်ရေး၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရားများ – လူမှုရေး ပင်စင်များ ဖြစ်ရပ် ကို ထုတ်ဝေခဲ့ပါသည်။

## အာဟာရဖွံ့ဖြိုးမှု – စနစ်များ အဆင့်

### NS–၁– အရည်အသွေးနှင့် လွှမ်းခြုံမှု တိုးတက်လာသည့် အာဟာရဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များ

### NS–၁.၁ LIFT မှ ပံ့ပိုးပေးသည့် အာဟာရ သီးသန့် စီမံကိန်းဆောင်ရွက်ချက်များမှ ရောက် ရှိခဲ့သည့် အရေအတွက်

NS–၁.၁ သည် LIFT မှ ပံ့ပိုးပေးသည့် အာဟာရသီးသန့် စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သူများ၏ အရေအတွက်အား တိုင်းတာသည့် ညွှန်းကိန်းအသစ် ဖြစ်ပါသည်။ အာဟာရသီးသန့် စီမံကိန်းဆောင်ရွက်ချက်များသည် အာဟာရချို့တဲ့မှု၏ လတ်တလော အကြောင်းရင်းများ ဖြစ်သည့် လုံလောက်မှုမရှိသည့် စားသောက်မှု ပုံစံ၊ နာမကျန်းဖြစ်ခြင်း တို့အား ဖြေရှင်းပေးပါသည်။ အာဟာရသီးသန့် စီမံကိန်း ဆောင်ရွက်ချက်များ၏ ဥပမာများမှာ အထက်ပါ စီမံကိန်း ဆောင်ရွက်ချက်များ နှင့် သက်ဆိုင်သည့် ဦးတည်ရည်ရွယ်ထားသည့် အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း အပါအဝင် အဏုအာဟာရ ဖြည့်စွက်စာများ (သို့) အားဖြည့်စာများ စားသုံးခြင်း၊ သန်ချခြင်း၊ ပြင်းထန်သည့် အာဟာရချို့တဲ့မှုကို ကုသခြင်း၊ မိခင်နို့တိုက်ကျွေးခြင်း နှင့် ဖြည့်စွက်စာကျွေးခြင်းတို့အား အားပေးမြှင့်တင်ခြင်း၊ ကျန်းမာရေး နှင့် ညီညွတ်သည့်အစားအစာ စားသုံးခြင်းအား အားပေးမြှင့်တင်ခြင်း နှင့် ကိုယ်ဝန်ဆောင်မိခင် ဖြည့်စွက်စာ စားသုံးခြင်းတို့ ဖြစ်ပါသည်။ **မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသည့် အမျိုးသမီးများ၊ ဆယ်ကျော်သက်အရွယ် မိန်းကလေးများနှင့် အသက်ငါးနှစ်အောက် ကလေးသူငယ်များကိုသာ တိုက်ရိုက် ဦးတည်မှသာ ဤညွှန်းကိန်းအား ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။** ဆိုလိုရင်းမှာ က) စီမံကိန်းဆောင်ရွက်ချက်သည် ယင်းတို့ထံ သီးသန့်ရောက်ရှိရန်သာ ရည်ရွယ်ထားလျှင် ၊ ခ) စီမံချက်တွင် အဆိုပါ အုပ်စုများမှ စီမံကိန်း ဆောင်ရွက်ချက်များအား နားလည်သဘောပေါက်စေရန် တက်ကြွစွာ မြှင့်တင်ပေးသည့် အစိတ်အပိုင်းပါဝင်ခြင်း နှင့် (ဂ) ထိုသို့ သဘောပေါက် နားလည်ခြင်းအား တနည်းနည်းဖြင့် စောင့်ကြည့်စစ်ဆေးခြင်း

ဤညွှန်းကိန်းတွင် အစီရင်ခံတင်ပြထားသည့် ပြီးစီးအောင်မြင်မှုများမှာ အဓိကအားဖြင့် ဤညွှန်းကိန်းတစ်ခုလုံး၏ ပြီးစီးအောင်မြင်မှု၏ ၉၀ ရာခိုင်နှုန်းကျော် ပံ့ပိုးထည့်ဝင်ခဲ့သည့် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း ဖြစ်သည့် Save the Children International မှ ဆောင်ရွက်ခဲ့သည့် စီမံချက် လုပ်ငန်းများကြောင့်သာ မှတ်ယူရမည် ဖြစ်သည်။ Catholic Relief Services၊ the Consortium of Dutch NGOs နှင့် ၎င်းတို့နှင့် သက်ဆိုင်သည့် မိတ်ဖက်အဖွဲ့အစည်းများမှာလည်း ဤညွှန်းကိန်းအတွက် ပံ့ပိုးထည့်ဝင်ခဲ့ကြပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း ဖြစ်သည့် Save the Children International မှ ဆောင်ရွက်ခဲ့သည့် စီမံချက် လုပ်ငန်းများ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် စီမံချက်အတွက် လျာထားသည့် ရန်ပုံငွေနှင့် အာဟာရသီးသန့် စီမံကိန်းလုပ်ငန်းများသို့ ပေးသည့် ခန့်မှန်းချေ ရန်ပုံငွေ ရာခိုင်နှုန်းတို့ပေါ်တွင် အခြေခံသည့် ရည်မှန်းချက်အား သိသာထင်ရှားစွာ ကျော်လွန်အောင် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။ သို့သော်လည်း Save the Children မှ ၎င်း၏ ဆွေးနွေးပွဲများအား ဦးဆောင်မည့် ရပ်ရွာလူထု စေတနာ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးရန် ကျယ်ပြန့်သော လေ့ကျင့်သင်ကြားရေး ကွန်ရက်နှင့်အတူ ရပ်ရွာလူထု အခြေပြု မိခင်အချင်းချင်း ရိုင်းပင်း ကူညီရေး အုပ်စု ပုံစံမှတဆင့် ကြိုတင်မျှော်မှန်း ထားသည့် အကျိုးခံစားခွင့် ရှိသူ အရေအတွက်ထက် ကျော်လွန်၍ လက်လှမ်းမီ ရောက်ရှိခဲ့ပါသည်။ အဆိုပါ ရိုင်းပင်းကူညီရေး အုပ်စုလိုက် ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခြင်းသည် ငွေကြေးပံ့ပိုးမှုများ လက်ခံရာတွင် အဆင်ပြေချောမွေ့စေသည့် အကြောင်းရင်း တစ်ရပ် ဖြစ်လာပြီး ရောက်ရှိမှု အရေအတွက် မြင့်မားစေရန် အထောက်အကူဖြစ်စေပါသည်။

**Save the Children International**– Save the Children ၏ စီမံကိန်းလုပ်ငန်းများအား TEAM– MCCT, LEGACY၊ Tat Lan Plus နှင့် Bright SUN စီမံချက်များမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

Save the Children သည် TEAM–MCCT စီမံချက်အောက်တွင် International Rescue Committee (IRC) နှင့် Danish Red Cross (DRC) တို့နှင့် မိတ်ဖက်ပြုလျက် လူမှုဝန်ထမ်း ဦးစီးဌာနမှ ချင်းပြည်နယ်တွင် မိခင်နှင့် ကလေးများ ငွေကြေးပံ့ပိုးမှု အစီအစဉ်နှင့်အတူ ဆောင်ရွက်သည့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) အစီအစဉ်အား ညှိနှိုင်း အကောင်အထည်ဖော်ရန်အတွက် နည်းပညာ အကူအညီ ပံ့ပိုးပေးပါသည်။ အဓိက SBCC လုပ်ငန်းများတွင် အခြေခံ ကျန်းမာရေး ဝန်ထမ်း (BHS) နှင့် အရန်သားဖွား ဆရာမနှင့် ပြည်သူ့ကျန်းမာရေး စေတနာ့ ဝန်ထမ်းများ (CHVs) ပါတင်သည့် ပြည်သူ့ ကျန်းမာရေး လုပ်သား(CHW) များမှ ငွေကြေးပံ့ပိုးပေးမှု အစီအစဉ်များ မှ အကျိုးကျေးဇူးခံစားရသည့် ဦးတည်ရည်ရွယ်သည့် ရပ်ရွာလူထုအတွက် အာဟာရ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။ TEAM–MCCT ဝန်ထမ်းများသည့် အစိုးရ သားဖွား ဆရာမများနှင့် အတူ ပူးပေါင်း၍ TEAM–MCCT ဝန်ထမ်းများသည် မြို့နယ်တိုင်းတွင် အချက်အပြုတ် ပြိုင်ပွဲများ နှင့် အာဟာရ မြှင့်တင်ရေး ကစားပွဲ ၅၂၁ ခု ဆောင်ရွက်ကျင်းပနိုင်ခဲ့ပါသည်။ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စု ဆွေးနွေးပွဲများအား လေ့ကျင့်ထားသည့် ကူညီဆောင်ရွက်သူ ၉၂၄ ဦးအနက်မှ ၈၆၁ ဦး မှ ဦးဆောင်ခဲ့ပြီး ဆိုလိုရင်းမှာ ၅၉ ရာခိုင်နှုန်း သာရှိသည့် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် လေ့ကျင့်ထားသည့် ကူညီဆောင်ရွက်သူ ၉၃ ရာခိုင်နှုန်း တို့မှ ဆွေးနွေးပွဲများအား တက်ကြွစွာ ဦးဆောင်ခဲ့ပါသည်။ လစဉ်သင်တန်းများ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် ကူညီဆောင်ရွက်သူများတွင် BHS များရော CHV များပါ ပါဝင်ပါသည်။ အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်မှု စုစုပေါင်း ၃,၇၃၆ အား ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ၂၀၁၈ ခုနှစ် ပြီးစီးအောင်မြင်မှုများထက် များစွာသာလွန်ပါသည်။ စုစုပေါင်းအနေဖြင့် TEAM–MCCT မှ **အမျိုးသမီး အကျိုးခံစားခွင့် ရှိသူပေါင်း ၂၅,၃၀၂ဦးထံ** ရောက်ရှိခဲ့ပါသည်။

**Consortium of Dutch NGOs (CDN)** ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေများနှင့် အာဟာရဖွံ့ဖြိုးမှု အကျိုးရလဒ်များ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့်

*ဇယား ၂.၂ စီမံကိန်းအဆင့် NS-၁ ညွှန်းကိန်းများနှင့် ပြီးစီး အောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀-၂၀၁၈ | ၂၀၁၉ | ၂၀၁၀ - ၂၀၁၉ | ၂၀၁၉ | | |
| NS-၁.၁ LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ သီးသန့် စီမံကိန်းဆောင်ရွက်ချက်များ ရရှိခဲ့သည့် တစ်ဦးတစ်ယောက်ချင်းစီ အရေအတွက် | မရနိုင်ပါ | ၄၀,၁၂၂<br>၄၀,၁၂၂ မ | ၄၀၁၂၂<br>၄၀,၁၂၂ မ | [၆]၇၉၆[၁] | ၄.၁ | IPs |
| NS-၁.၂ LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ အလေးထား စီမံကိန်းဆောင်ရွက်ချက်များ ရရှိခဲ့သည့် တစ်ဦးတစ်ယောက်ချင်းစီ အရေအတွက် | [၇]မရနိုင်ပါ | ၁၅၁၉၉၂<br>၁၃၁,၃၈၉ မ<br>၂၀,၆၀၃ ကျား | ၁၅၁၉၉၂<br>၁၃၁,၃၈၉ မ<br>၂၀,၆၀၃ ကျား | [၈]၁၄၇,၉၇၈[၃] | ၁.၀၃ | IPs |

စီမံချက်မှ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စု ဆွေးနွေးပွဲများနှင့် စီမံချက် ကျေးရွာများမှ အသက်ငါးနှစ်အောက် ကလေးသူငယ်များ ကိုယ်အလေးချိန် စောင့်ကြည့်ပေးခြင်းတို့အား လစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။။ တုံ့ပြန်ချက် အစီရင်ခံစာများတွင် အုပ်စုဝင်များမှ အဓိက အစားအစာ အုပ်စုသုံးခု၊ မိခင်နို့သက်သက် တိုက်ကျွေးခြင်းနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာကျွေးခြင်း အပါအဝင် အချို့အကြောင်းအရာများအား အထူးစိတ်ဝင်စားမှုရှိသည်ကို ပြသခဲ့သည်ဟု ညွှန်ပြပါသည်။ ၇၅ ရာခိုင်နှုန်းသော မိခင် ခေါင်းဆောင်များမှ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး ဆွေးနွေးပွဲများအား စီမံချက်ဝန်ထမ်းများ မပါဝင်ဘဲ ဦးဆောင် ဆောင်ရွက်နိုင်ကြသဖြင့် စီမံကိန်း ဆောင်ရွက်ချက်များ ဆောင်ရွက်လျက်သည့်ဒေသများ၏ ပညာရေး အဆင့်အတန်း နှင့် စာတတ်မြောက်မှု နိမ့်ပါးသည့်အခြေအနေကို ထည့်သွင်းစဉ်းစားပါက ကောင်းမွန်သည့် အောင်မြင်မှုဖြစ်ကြောင်း CDN မှ အစီရင်ခံခဲ့ပါသည်။ ကိုယ်အလေးချိန်တိုင်းတာခြင်းများတွင် ပါဝင်လာမှု တိုးတက်လာခဲ့ပြီး စီမံချက်ကျေးရွာများရှိ အသက် ငါးနှစ်အောက် ကလေးသူငယ်အများစု၏ ကိုယ်အလေးချိန်အား တိုင်းတာပြီး ဖြစ်ပါသည်။ CDN သည် လွန်စွာ အာဟာရချို့တဲ့ နေသည့် ကလေးသူငယ်များ ပြန်လည် ကျန်းမာလာစေရန်အတွက် အထောက်အကူဖြစ်စေရန် ညွှန်းပို့မှုများအား Medical Action Myanmar နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**NS-၁.၂ LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဇောင်းပေး စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သူများ၏ အရေအတွက်**

ဤညွှန်းကိန်းအား LIFT မှ ပံ့ပိုးပေးသည့် အာဟာရဇောင်းပေး စီမံကိန်း ဆောင်ရွက်ချက်များအား မည်သည့် တိုက်ရိုက် လမ်းကြောင်းဖြင့် မဆို ရောက်ရှိခဲ့သည့် သီးခြားဖြစ်သည့် တစ်ဦးတစ်ယောက်ချင်းစီ၏ အရေအတွက်အား တိုင်းတာရန်အတွက် ထပ်မံ ဖြည့်စွက်ထားပါသည်။ အာဟာရဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များမှာ အာဟာရချို့တဲ့မှု ဖြစ်စေသည့် အရင်းခံနှင့် အခြေခံ အကြောင်းရင်းများအား ဖြေရှင်းရန်အတွက် ဆောင်ရွက်ချက်များ ဖြစ်ပါသည်။[၉] LIFT ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ အာဟာရဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များ အဖြစ် အရည်အချင်းပြည့်မီရန်အတွက် စီမံချက်များအနေဖြင့် တနည်းနည်းဖြင့် အာဟာရဖွံ့ဖြိုးမှု တိုးတက်စေရန် အတိအလင်းရည်ရွယ်ချက်ထားရှိရန်ဖြစ်ပြီး အာဟာရဆိုင်ရာ ရလဒ်များ၏ ပြီးစီးမှုကို မျက်ခြေမပြတ် စောင့်ကြည့်ရမည် ဖြစ်သည်။ အာဟာရဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များမှ ပိုမို များပြားသည့် လူထုမှ အကျိုးကျေးဇူးခံစားရနိုင်သော်လည်း ဤရည်ရွယ် အုပ်စု အမျိုးအစားအား တိုင်းတာရန်အတွက် ညွှန်းကိန်းမှာ အာဟာရဆိုင်ရာ ထိခိုက်လွယ်သည်ဟု တကမ္ဘာလုံးမှ သတ်မှတ်ထားသည့် မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိသည့် အမျိုးသမီးများ၊ ဆယ်ကျော်သက် မိန်းကလေးငယ်များ နှင့်

၆ မူလတင်ပြထားသည့် ရည်မှန်းချက်မှာ ၁၂,၄၈၉ ဖြစ်သော်လည်း စရိတ်တွက်ချက်မှုအား အသုံးပြု၍ ပြင်ဆင်လျှော့ချခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အာဟာရဆိုင်ရာ ရန်ပုံငွေများ၏ ၁၅% သည် အာဟာရသီးသန့် စီမံကိန်းများတွင် အသုံးပြုသွားမည်ဟု ယူဆခဲ့ပါသည်။ ယင်းကိန်းဂဏန်းများမှ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများအတွက်သာ ဖြစ်ပါသည်။ (အာဟာရသီးသန့်စီမံကိန်းများတွင် အကျိုးခံစားခွင့်ရရှိရန် အရည်အချင်းပြည့်သူများတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိ အမျိုးသမီးများ၊ အသက် ၅ နှစ်အောက် ကလေးသူငယ်များနှင့် ဆယ်ကျော်သက် မိန်းကလေးများ ပါဝင်ပါသည်)။ ရည်မှန်းချက်များ သတ်မှတ်သည့် အချိန်က ရွေးချယ်ထားသည့် စီမံချက်များမှ ပျမ်းမျှ စီမံချက် အချက်အလက်များ အသုံးပြု၍ အကျိုးခံစားခွင့်ရှိသူတစ်ဦးစီ ကျသင့်သည့် စရိတ် အား တွက်ချက်ထားပါသည်။ ရွေးချယ်ထားသည့် စီမံချက် အချက်အလက်ပေါ်တွင် အခြေခံ သည့် အာဟာရ သီးသန့် စီမံချက်အတွက် အကျိုးခံစားခွင့်တစ်ဦးချင်းစီအတွက် ခန့်မှန်း စရိတ်မှာ ကန်ဒေါ်လာ ၁၉၁ ဖြစ်ပါသည်။ ကုန်ကျစရိတ် တွက်ချက်ခြင်းနှင့် ရည်ရွယ်ချက်များအား စီမံချက် အသစ် ၏ အချက်အလက်များ နှင့် အာဟာရ သီးသန့် စီမံကိန်းအတွက် ရည်ရွယ်ခွဲဝေပေးထားသည့် ဘတ်ဂျက် ရာခိုင်နှုန်းအား ပိုမိုနီးစပ်စွာ ခန့်မှန်းခြင်းတို့ဖြင့် နောက်ဆုံး အခြေအနေ ဖြည့်သွင်းရန်လိုအပ်ပါသည်။

၇ ယခင်က LIFT ၏ ညွှန်းကိန်း - PR- ၅.၁ အာဟာရအလေးထား သတင်းအချက်အလက် ရောက်ရှိခဲ့သည့် LIFT အိမ်ထောင်စုအရေအတွက် အတွက် (၂၀၁၀-၂၀၁၈) စုစည်းထားသည့် ပြီးစီး အောင်မြင် မှုမှာ ၅၄၀,၈၀၃ ဖြစ်ပါသည်။

၈ PR ၅.၁ (ယခင် ညွှန်းကိန်း) အောက်တွင် ၂၀၁၀-၂၀၁၈ ခုနှစ်အတွက် ပြီးစီး အောင်မြင်မှု ၅၄၀,၀၀၀ တွင် ၂၀၁၉ ခုနှစ်အတွက် ရည်မှန်းထားသည့် ပြီးစီးမှု ၇၀,၀၀၀ စုစည်းထည့်ပေါင်းခြင်းဖြင့် စုစုပေါင်း ပြီးစီးမှု မှတ်တိုင်အဖြစ် တင်ပြခဲ့သည့် ကိန်းဂဏန်းမှာ ၆၁၀,၂၄၆ ဖြစ်ပါသည်။ သို့ရာတွင် အာဟာရ ဖွံ့ဖြိုးမှု အဖွဲ့မှ ၂၀၁၉ အတွက် (ညွှန်းကိန်းအသစ်) NS ၁.၂ အား ပိုမိုမြင့်မားသည့် ရည်မှန်း ထားသည့် ပြီးစီးမှု မှတ်တိုင်အဖြစ် ၁၄၇,၉၈၇ ကို သတ်မှတ်ရန် ပိုမိုလိုလားပါသည်။ ၂၀၂၀-၂၀၂၃ အတွက် စီမံကိန်းရည်မှန်းချက် အသစ်များနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များအား ရန်ပုံငွေ ဘုတ်အဖွဲ့ထံ သီးခြားထပ်မံ တင်ပြမည် ဖြစ်ပါသည်။

၉ UNICEF ၏ ကလေး အာဟာရချို့တဲ့မှုဖြစ်စေသည့် ကျိုးကြောင်းဆက်နွယ်ခြင်းဆိုင်ရာ မူဘောင် အရ အရင်းခံနှင့် အခြေခံ အကြောင်းရင်းများ တွင် အိမ်ထောင်စု စားနပ်ရိက္ခာ ဖူလုံမှုမရှိခြင်း၊ ပြည့်စုံလုံလောက်မှုမရှိသည့် လူမှုရေး နှင့် စောင့်ရှောက်မှု ပတ်ဝန်းကျင် ၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်းမရှိသည့် ပတ်ဝန်းကျင်၊ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီမှု နိမ့်ကျခြင်း ၊ စားနပ်ရိက္ခာ ရရှိမှု မလုံလောက်ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ နိုင်ငံရေး တည်ငြိမ်မှုမရှိခြင်း၊ ပညာရေး အား လက်လှမ်းမီ ရယူရာတွင် အကန့်အသတ်ရှိခြင်း ကျား၊မရေးရာ ခွင့်တူညီမျှမှုမရှိခြင်း၊ ငွေကြေး /ရုပ်ပိုင်း/လူသား/ လူမှု /သဘာဝသယံဇာတ ဆိုင်ရာ အရင်းအနှီး မရှိခြင်းတို့ ပါဝင်ပါသည်။

အသက်ငါးနှစ်အောက် ကလေးသူငယ်များ ဖြစ်ပါသည်။ အကယ်၍ စီမံကိန်း လုပ်ငန်းများအား ဦးတည်ရည်ရွယ်သည့် လူဦးရေများတွင် ကောင်းမွန်သည့် အပြုအမူများ လက်ခံကျင့်သုံးလာစေရန်အတွက် ကူညီဆောင်ရွက်ရန် ၎င်းတို့အား ကူညီပံ့ပိုးပေးခြင်းသို့ ဦးတည်ပါက အဓိက လွှမ်းမိုးနိုင်သူများအဖြစ် ဦးတည်ရည်ရွယ်သည့် သူများအားလည်း ဤညွှန်းကိန်းအောက်တွင် ထည့်သွင်းထားနိုင်ပါ သည်။[၁၀]

အစီရင်ခံတင်ပြခဲ့သည့် ပြီးစီးအောင်မြင်မှုဖြစ်သော အကျိုးခံစားခွင့်ရှိသူ ၁၅၁,၉၉၂ မှာ အထူးသဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် စိုက်ပျိုးရေး ကဏ္ဍများတွင် အာဟာရဇောင်းပေး စီမံကိန်းများအတွက် LIFT ၏ ပံ့ပိုးမှုတွင် အခြေခံ ထားပါသည်။ နေရာဒေသ အများအပြားတွင် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့သည့် MCCT အစီအစဉ်များအား LIFT မှ ပံ့ပိုးပေးခြင်းက ဤညွှန်းကိန်း ၏ ပြီးစီးအောင်မြင်မှုအား အများဆုံး သိသာထင်ရှားစွာ ပံ့ပိုးပေးပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT အစီအစဉ်–** ချင်းပြည်နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သည့် MCCT အစီအစဉ်၌ ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ထားသည့် SBCC ချဉ်းကပ်နည်းလမ်းနှင့် အဖွဲ့အစည်း စွမ်းဆောင်ရည် အားကောင်းစေခြင်းနှင့် အတူ ငွေကြေးပံ့ပိုးမှုများ ပေးအပ်ခြင်းတို့ ပါဝင်ပါသည်။ ၂၀၁၇ခုနှစ် ဇွန်လတွင် စီမံကိန်းလုပ်ငန်းများ စတင်သည့်အချိန်မှစ၍ စီမံကိန်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စုစုပေါင်း မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူ (၃၃,၁၂၈) ဦးနှင့်အတူ စီမံကိန်း အကောင်အထည်ဖော်ခြင်း၏ တတိယနှစ်သို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူ (၃၃,၁၂၈) ဦးထံ ငါးကြိမ်မြောက်ငွေကြေး ပံ့ပိုးပေးခဲ့ပါသည်။ ယင်းတို့အနက်မှ ၇,၂၅၂ ဦးမှာ ၂၀၁၉ ခုနှစ်အတွင်း ထောက်ပံ့ငွေ လက်ခံမည့်သူများအဖြစ် အသစ်မှတ်ပုံတင်ထားသည့် သူများ ဖြစ်ပါသည်။ ဤညွှန်းကိန်းသည် အသစ်ဖြစ်သဖြင့် ဤညွှန်းကိန်းရှိ အကျိုးခံစားခွင့်ရှိသူ (၃၃,၁၂၈) ဦးလုံးအား ၂၀၁၉ ခုနှစ်အတွက် ပြီးစီးအောင်မြင်မှုတွင် ထည့်သွင်းထားပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန မှ ကယားပြည်နယ်တွင် MCCT အစီအစဉ် အား ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စတင် အကောင်အထည် ဖော်ခဲ့သော်လည်း လူမှုဝန်ထမ်းဦးစီးဌာန အတွက် LIFT မှ ပံ့ပိုးပေးသည့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် ပေးအပ်သည့် ထောက်ပံ့မှုမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူ ၁၀,၆၄၇ ဦးတို့ထံ ငါးကြိမ်မြောက် ငွေကြေးပံ့ပိုးမှုအား ဆောင်ရွက်ခဲ့ပါသည်။ ကရင်ပြည်နယ် MCCT အစီအစဉ်မှာလည်း ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ပြီး LIFT မှ ပံ့ပိုးပေးသည့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် ပေးအပ်သည့် ထောက်ပံ့မှုမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူ ၄၀,၇၉၁ ဦးတို့ထံ ငါးကြိမ်မြောက် ငွေကြေးပံ့ပိုးမှုအား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ အာဟာရဇောင်းပေး ငွေကြေးပံ့ပိုးမှုများသည် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၈၄,၅၆၆ ဦး(အားလုံးမှာ အမျိုးသမီးများ) ထံ ရောက်ရှိခဲ့ပါသည်။

**Save the Children အာဟာရဆိုင်ရာ စီမံချက်များ–** Save the Children ၏ အာဟာရဆိုင်ရာ စီမံချက်များ ဖြစ်သည့် (TEAM– MCCT၊ LEARN၊ LEGACY၊ Tat Lan Plus နှင့် BRIGHT SUN) မှ စုစုပေါင်း ၅၁,၀၇၂ (အမျိုးသမီး ၃၉,၁၂၀) ထံ ရောက်ရှိခဲ့ပါသည်။ TEAM– MCCT သည် ဦးတည်ရည်ရွယ်သည့် လူထုထဲမှ အရေးပါသည့် လွှမ်းမိုးနိုင်သူများအား အာဟာရဆိုင်ရာ သင်တန်းပေးခြင်းဖြင့် ဤညွှန်းကိန်းအား ပံ့ပိုးထားပါသည်။ အမူအကျင့်ပြောင်းလဲရေးအတွက် LIFTမှ ထောက်ပံ့ပေးသည့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို ထပ်မံ အားဖြည့် ပေးရန်အတွက် Save the Children မှ ဆောင်ရွက်သည့် ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများ ဆက်လက်တည်တံ့နိုင်ရေးအတွက် အခြေခံ ဖွဲ့စည်းတည်ဆောက်ပုံ၏ တစ်စိတ်တစ်ဒေသအဖြစ် ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးမှု ချန်ပီယံများ (ရပ်ရွာခေါင်းဆောင်များ အပါအဝင်) အား ခန့်အပ် ဖော်ထုတ်ခဲ့ပါသည်။ ထိုလှုပ်ရှားမှုများမှ တဆင့် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၇,၃၂၆ ထံရောက်ရှိခဲ့ပါသည်။ Save the Children ၏ Tat Lan Plus စီမံချက်မှ လူထု အချက်အပြုတ်သရုပ်ပြပွဲများ၊ မိခင်များ ၊ ဖခင်များနှင့် အရေးပါသည့် လွှမ်းမိုးနိုင်သူများအား လူမှုအမူအကျင့် ပြောင်းလဲရေးဆိုင်ရာ သင်တန်းပေးခြင်းတို့ ပါဝင်သည့် လှုပ်ရှားမှုများမှ တစ်ဆင့် အကျိုးခံစားခွင့် ရှိသူ စုစုပေါင်း ၁၆,၀၄၇ ဦးထံ ရောက်ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အတွင်းတွင် အာဟာရဇောင်းပေး မိခင်နှင့် ကလေး ငွေကြေးပံ့ပိုးမှုများမှ တဆင့် BRIGHT SUN မှ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၁၈,၆၂၃ ဦးထံ နှင့် LEGACY စီမံချက်သည် အကျိုးခံစားခွင့်ရှိသူ ၈,၉၂၃ ဦး ထံ ရောက်ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ဧပြီလ၌ LEGACY စီမံချက် ပြီးဆုံးခဲ့သဖြင့် စီမံချက်မှ ငွေကြေးပံ့ပိုးမှုများ အပြီးသတ် ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သက်တမ်းကာလအတွင်း LEGACY မှ ၎င်း၏ မတူညီသည့် MCCT ပုံစံ သုံးမျိုးမှတဆင့် ငွေကြေးပံ့ပိုးမှုများ လက်ခံရရှိရန် အမျိုးသမီး ၁၁,၅၈၈ ဦးအား စာရင်းသွင်းခဲ့ပါသည်။ LEARN စီမံချက်မှ ဤညွှန်းကိန်းအတွက် အကျိုးခံစားခွင့်ရှိသူ အရေအတွက် အများအပြား ပံ့ပိုးပေးခဲ့ခြင်းမရှိသော်လည်း (၁၅၃ ဦး) အာဟာရ ဇောင်းပေး စီမံကိန်းများ ဆောင်ရွက်ရန် အစိုးရ စေတနာ့ ဝန်ထမ်းများနှင့် ဝန်ထမ်းများအပြင် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့ပါသည်။

**CRS၏ ရပ်ရွာလူထု နှင့် ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး (Productive Agriculture through Community Engagement–PACE) စီမံချက်–** LIFT ၏ အာဟာရဇောင်းပေး စိုက်ပျိုးရေး ကြိုးပမ်းအားထုတ်မှုများအတွက် ပံ့ပိုးကူညီရန် PACE စီမံချက်မှ ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း၊ ရေနှင့် ပိုးမွှား စီမံခန့်ခွဲခြင်း၊ မျိုးစေ့စုဆောင်းခြင်း နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဟင်းသီးဟင်းရွက် အမျိုးမျိုး စိုက်ပျိုးနည်းများနှင့် စပ်လျဉ်းသည့် အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းဆိုင်ရာ သရုပ်ပြခြင်းများအား ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းများအား အသက် နှစ်နှစ်အောက် ကလေးသူငယ်များ၏ မိခင်များ၊ ကိုယ်ဝန်ဆောင်နှင့် မိခင်နို့တိုက်ကျွေးနေသည့် အမျိုးသမီးများအတွက် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းများတွင် နွေရာသီတွင် စိုက်ပျိုးသည့် အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက် ခန့်မှန်းခြေ ၆.၈ မျိုးခန့် ပံ့ပိုးပေးခဲ့ပြီး ယင်းမှာ စီမံချက် ကနဦးစတင်ချိန်ရှိ ၂.၇ ထက် ပိုမိုများပြားသည့်ပမာဏ ဖြစ်ပါသည်။ စီမံချက် အပြီးသတ်ချိန်တွင် နွေရာသီကာလအတွင်း ပျမ်းမျှ ၃.၄ လတွင် အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းတို့သည် အာဟာရပြည့်ဝသည့် ဟင်းရွက်ဟင်းသီးများအား ရိတ်သိမ်းနိုင်ခဲ့ပြီး စီမံချက် ကနဦးစတင်ချိန်ရှိ ၁.၄ လ ထက်စာလျှင် နှစ်ဆကျော် စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပါသည်။ PACE မှ မိခင်များနှင့် အသက် ၆–၂၃ လ အတွင်းရှိ ကလေးသူငယ်များ၏ ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံး

၁၀ အဆိုပါ အဓိက လွှမ်းမိုးနိုင်သူများ တွင် ဖခင်များ၊ အဖွားများ၊ ရပ်ရွာလူထု ခေါင်းဆောင်များ၊ ကျန်းမာရေး လုပ်သားများ (သို့) မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိ အမျိုးသမီးများ၊ ဆယ်ကျော်သက်အရွယ် မိန်းကလေးများ နှင့် အသက် ငါးနှစ်အောက် ကလေးသူငယ်များ ၏ အမူအကျင့်များအား အပြုသဘောဆောင်သည့် လွှမ်းမိုးမှု ကို ရည်ရွယ်ပြုလုပ်နိုင်စွမ်းရှိသူများ ပါဝင်ပါသည်။ ဤညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှုတွင် တစ်ဦးချင်းအနေဖြင့် ဆောင်ရွက်မှုများ ပါဝင်နိုင်ရန် စီမံကိန်းဆောင်ရွက်ချက်များအား ထိုသူများထံ သီးသန့် ဦးတည်ဆောင်ရွက်ရန်၊ အဆိုပါ အုပ်စုများမှ စီမံကိန်းဆောင်ရွက်ချက်များအား နားလည်သဘောပေါက် လက်ခံရန် စီမံချက်အစိတ်အပိုင်းတစ်ခု ထည့်သွင်းရန်နှင့် ယင်းသဘောပေါက်နားလည်မှုအား နည်းလမ်းတစ်ခုခုဖြင့် စောင့်ကြည့်စစ်ဆေးရန် လိုအပ်ပါသည်။

မှုကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရည်ရွယ်ချက်ကို ဖော်ပြခဲ့ပြီး အာဟာရဆိုင်ရာ ရလဒ်များအား မျက်ခြေမပြတ် စောင့်ကြည့်ခဲ့သဖြင့် PACE ၏ အကျိုးခံစားခွင့်ရှိသူများမှ အာဟာရဇောင်းပေး စိုက်ပျိုးရေး စီမံကိန်း ဆောင်ရွက်ချက်များမှ အကျိုးအမြတ်ရရှိသူများ အဖြစ် သတ်မှတ်ရန် အရည်အချင်းပြည့်မီပါသည်။ CRS ၏ ပံ့ပိုးမှုများသည် ၂၀၁၉ ခုနှစ်တွင် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၁,၁၆၈ ဦးတို့ထံ ရောက်ရှိခဲ့ပါသည်။

CDN မှ ၂၀၁၉ ခုနှစ်အတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များအတွက် အာဟာရဖွံ့ဖြိုးမှုနှင့် အမူအကျင့် ပြောင်းလဲရေး အသိပညာပေး သင်တန်းများနှင့် သုံးလပတ် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လူထုပညာပေးရေး ဆွေးနွေးပွဲများ ကျင်းပပေးခဲ့ပါသည်။ ထိုသင်တန်းများတွင် ပေးခဲ့သည့် အရေးကြီးသည့် သတင်းစကားများမှ အဓိက အစာအုပ်စုသုံးခု မှ အစားအသောက်များ စားသုံးခြင်း၊ မိခင်နို့ တစ်မျိုးတည်းသာ ဆက်လက် တိုက်ကျွေးခြင်း နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာကျွေးခြင်းအတွက် မည်ကဲ့သို့ သင့်လျော်အောင် ကျင့်သုံးဆောင်ရွက်ရမည်နှင့် မိခင်များအတွက် အာဟာရ ပြည့်ဝစေခြင်း၏ အခြေခံတို့ ဖြစ်ပါသည်။ သင်တန်းများနှင့် ဆွေးနွေးပွဲများ မစတင်မီနှင့် ပြီးဆုံးပြီးနောက် ပြုလုပ်ခဲ့သည့် စစ်တမ်းမေးခွန်းများ ဖြေဆိုမှု ရလဒ်များအရ တက်ရောက်သူများ၏ ၇၁ ရာခိုင်နှုန်းတို့သည် ၎င်းတို့၏ အာဟာရဆိုင်ရာ အသိအမြင်များ တိုးတက်လာခဲ့သည်ကို ပြသခဲ့ပါသည်။ စီမံချက်မှ အမျိုးသားများ ပါဝင်ဆောင်ရွက်လာစေရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အမျိုးသမီးများနှင့် အမျိုးသားများအား အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ တာဝန်ဝေမျှ ယူရမည်ဆိုသော အတွေးအမြင်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

အာဟာရဇောင်းပေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အခြား အဖွဲ့အစည်းများ တွင် The Border Consortium၊ World Fish၊ Myanmar Institute for Integrated Development (MIID)၊ HelpAge International၊ CORAD နှင့် Golden Pearl တို့ ပါဝင်ပါသည်။ Koe Koe Tech ၏ ရွှေမေမေ စီမံချက်၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ မြန်မာနိုင်ငံတစ်ဝန်းတွင် အားဖြည့်ဆန် ထုတ်လုပ်ရေး နှင့် စားသုံးမှု တိုးချဲ့ခြင်း စီမံချက်နှင့် PATH ၏ မြန်မာနိုင်ငံတွင် အားဖြည့်ဆန် မိတ်ဆက်ခြင်း စီမံချက်တို့မှ ၂၀၁၉ ခုနှစ်အတွင်း အကျိုးခံစားခွင့်ရသူ အရေအတွက် အများအပြား ထံ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ တိုးတက်မှုများ အတွက် ပံ့ပိုးကူညီပေးခဲ့သော်လည်း လူတစ်ဦးတစ်ယောက်ချင်းစီ၏ အာဟာရဖွံ့ဖြိုးမှု ရလဒ်များအား မျက်ခြေမပြတ် စောင့်ကြည့်ခြင်း မပြုလုပ်ခဲ့ပါ။ သို့ဖြစ်၍ ယင်း ဆောင်ရွက်ချက်များသည် LIFT ၏ အာဟာရ သီးသန့် (သို့) အာဟာရ ဇောင်းပေးအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြည့်မီခြင်း မရှိခဲ့သဖြင့် ညွှန်းကိန်း NS ၁.၁. (သို့) NS ၁.၂ တို့၏ ပြီးစီးအောင်မြင်မှုတွင် ပါဝင်ခြင်း မရှိပါ။ PATH ၏ စီမံချက်မှ ပံ့ပိုးမှုများသည် ၂၀၁၉ ခုနှစ်အတွင်း အိမ်ထောင်စု ပေါင်း ၃,၃၂၆,၃၈၄ စု ထံ ရောက်ရှိခဲ့ကြောင်း အစီရင်ခံခဲ့ပြီး Koe Koe Tech မှ ၎င်း၏ အပလီကေးရှင်းအား ၁၅၃,၉၄၅ ဦးထံ ဖြန့်ဝေခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ရခိုင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အားဖြည့်ဆန် ဖြန့်ဝေပေးခြင်း မှတဆင့် ၅၃,၇၉၁ ဦးထံ ရောက်ရှိခဲ့ပါသည်။ NS ၁.၁ နှင့် ၁.၂ တို့မှာ ညွှန်းကိန်းအသစ်များဖြစ်သဖြင့် ဤညွှန်းကိန်းများ ပြီးစီးအောင်မြင်စေရန် ကူညီပံ့ပိုးပေးမည့် သက်ဆိုင်သည့် စီမံကိန်းဆောင်ရွက်ချက်များ များနိုင်သမျှ များများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား သေချာစေရန် FMO သည် အနာဂတ်တွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်း များနှင့် အတူ လက်တွဲ ဆောင်ရွက်မည် ဖြစ်ပါသည်။ သို့သော်လည်း NS ၁.၁ (သို့) ၁.၂ ညွှန်းကိန်းများတွင် အဆိုပါ စီမံချက်များ၏ အကျိုးခံစားခွင့်ရှိသူများအား ထည့်သွင်းခြင်း ပြုမည်မဟုတ်သော်လည်း စီမံချက်မှ ဤယုတ္တိဗေဒမူဘောင်တွင် အခြား အာဟာရ ဖွံ့ဖြိုးမှုနှင့် မူဝါဒဆိုင်ရာ ညွှန်းကိန်းများအတွက် ပံ့ပိုးပေးပါသည်။

## ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်း – မူဝါဒ အဆင့်

**FP ၁ အသစ်နှင့်/သို့ တိုးတက်လာသည့် ကျား၊ မရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်သည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များသည်–**

- ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန (FRD) ၏ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ (MFI3) အား စစ်ဆေးခြင်း နှင့် ကြီးကြပ်ခြင်း
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF) ၏ အမျိုးသားအဆင့် ငွေကြေးစုဆောင်းမှုများ ပြုလုပ်နိုင်ရန် ဆော်ဩ စည်းရုံးသည့် မူဝါဒ အကောင်အထည် ဖော်ခြင်း
- MFI ငွေစု၊ချေးသူများအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ရရှိစေရန် အသေးစား အာမခံဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် အလေ့အကျင့်တို့အား ပြန်လည် ပြင်ဆင်ခြင်း

**FP–၁.၁ LIFT မှ ပံ့ပိုးပေးထားသည့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုနှင့် သက်ဆိုင်သော အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်းများဆိုင်ရာ အပြောင်းအလဲ အရေအတွက်**

ဤညွှန်းကိန်းအောက်ရှိ အောင်မြင်မှုများမှာ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ တာဝန်ယူ ဆောင်ရွက်သည့် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်သည့် လှုပ်ရှား ဆောင်ရွက်မှုများမှတဆင့် ဖြစ်ထွန်းခဲ့ပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမည့်အစီအစဥ်မှ တာဝန်ရှိသူများသည် နိုင်ငံတော်အဆင့် မူဝါဒဆိုင်ရာ လုပ်ငန်းအုပ်စု အစည်းအဝေးများနှင့် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းရှင်များ အသင်းတို့နှင့် ပြုလုပ်သည့် အစည်းအဝေးများမှတဆင့် အသေးစား ငွေကြေးဆိုင်ရာ ကဏ္ဍတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည့် အတိုးနှုန်း လျှော့ချနိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန (FRD) အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ရလဒ်အနေဖြင့် FRD သည် ချေးငွေများအပေါ် အတိုးနှုန်း ၃၀ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်း သို့ လျှော့ချသည့် အတိုးနှုန်း ဆိုင်ရာ မူဝါဒအသစ်အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။တချိန်တည်းမှာပင် စည်းမျဉ်းစည်းကမ်းအရ မဖြစ်မနေ စုဆောင်းရမည့် စုငွေအပေါ် အနိမ့်ဆုံးအတိုးနှုန်းကိုလည်း (၁၄) ရာခိုင်နှုန်း အထိ လျှော့ချခဲ့ပါသည်။ FMO မှလည်း အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) မှ အကြံပေး ပုဂ္ဂိုလ်များနှင့် အမြင်ခြင်းတူညီသော အရစ်ကျ ချေးငွေစနစ်ဖြင့် ဝယ်ယူခြင်းဆိုင်ရာ ချေးငွေနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်တစ်ရပ်အား မူကြမ်းရေးဆွဲခဲ့ပါသည်။ ညွှန်ကြားရေးမှူးချုပ်မှ ညွှန်ကြားချက် မူကြမ်းအား FMO နှင့် ADB မှ အကြံပေး ပုဂ္ဂိုလ်များ ပူးတွဲဆွေးနွေး၍ အပြီးသတ်ရန် အကြံဉာဏ်ပေးခဲ့ပါသည်။ FMO သည် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေ အသစ်၏ နောက်ဆုံးမူကြမ်းအပေါ် အကြံပြုချက်များကို မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းရှင်များအသင်း (MMFA) မှ တဆင့် FRD ထံ တင်ပြခဲ့ပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် အစီအစဉ်မှတာဝန်ရှိသူများသည်လည်း MMFA နှင့်အတူ မူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးခဲ့ပြီး လက်ရှိ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ပိုမိုကောင်းမွန် တိုးတက်စေရန် အကြံဉာဏ်များ ပေးအပ်ခဲ့ပါသည်။ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေအား အသေးစား ငွေရေးကြေးရေး မူဝါဒဆိုင်ရာ လုပ်ငန်း အုပ်စုများမှ ထည့်ဝင်မှုများ အပြင် အများပြည်သူတို့၏ဆန္ဒတို့ဖြင့် ပြင်ဆင်နေဆဲ ဖြစ်ပါသည်။ ထိုဥပဒေကို ငွေစု၊ချေးသူများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးရန် ခိုင်မာသည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အလေ့အကျင့်များဖြင့် လွယ်ကူချောမွေ့စေသည့် ခိုင်မာသည့် မူဝါဒများ ပေးအပ်နိုင်ရန် မျှော်မှန်းထားပါသည်။

FP-၁.၃ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် ဆက်နွှယ်နေသည့် မူဝါဒအထောက်အကူပြု ဆောင်ရွက်မှုများအား စီစဉ် ဆောင်ရွက်ပေးခဲ့သည့် အရေအတွက်

ဤညွှန်းကိန်းအောက်မှ အစီရင်ခံ တင်ပြခဲ့သည့် မူဝါဒနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်သည့် လှုပ်ရှားဆောင်ရွက်မှု အားလုံးအား LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ တာဝန်ယူ ဆောင်ရွက်ပါသည်။ ဤလှုပ်ရှားဆောင်ရွက်မှုများ၏ သိသာ ထင်ရှားသည့် အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ဘဏ္ဍာရေး ဆိုင်ရာ စီမံခန့်ခွဲသည့် စနစ်များနှင့် အစီရင်ခံ တင်ပြခြင်းတို့ ခိုင်မာအားကောင်းစေရန် FRD ထံ စွမ်းဆောင်ရည်ဆိုင်ရာ ကူညီပံ့ပိုးပေးရန်အတွက် ကြိုတင်စီမံထားခြင်းလည်း ပါဝင်ပါသည်။ အခြား ဆောင်ရွက်မှုများတွင် ရရှိနိုင်သည့် နည်းပညာ၏ တွန်းအားဖြင့် လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုကို မြှင့်တင်ရန်ဆိုသည့် အမြင်နှင့် လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုတွင် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုအပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် အာရုံစိုက်ရန်အတွက် ပြည်ထောင်စု၊ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအာဏာပိုင်များနှင့် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပါဝင်ပါသည်။

**FRD အတွက် စွမ်းဆောင်ရည် ပံ့ပိုးကူညီမှုနှင့် ဆက်နွှယ်နေသည့် ဆောင်ရွက်မှုများ**

FRD ၏ တောင်းဆိုမှုဖြင့် ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမည့် အစီအစဉ်မှ တာဝန်ရှိသူများသည် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ရှိ ဝန်ထမ်းများထံ နည်းပညာ အကူအညီ ပေးအပ်ခဲ့ပါသည်။ ဤခိုင်မာသည့် နည်းပညာ အထောက်အပံ့သည် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း ပြောင်းလဲခြင်းများတွင် အဆိုပါ အထောက်အပံ့မှ မည်ကဲ့သို့ ထိရောက်စွာ ပံ့ပိုးပေးနိုင်သည်ကို ပြသသည့် ဥပမာကောင်း တစ်ခုအဖြစ် သာဓကဆောင်ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လ (၃၀)ရက်နေ့တွင် LIFT အဖွဲ့မှ အခြေခံ စာရင်းကိုင် သင်တန်းလေးသုတ်အား ကျင်းပပြုလုပ်ခဲ့ပြီး ဤသင်တန်းများအား ပြည်နယ်နှင့် တိုင်းဒေသကြီးရုံး (၁၁) ရုံးမှ ကြီးကြပ်ရေးမှူး (၆)ဦး တက်ရောက် ပြီးစီး ခဲ့ပါသည်။ အဆိုပါ သင်တန်းများသည် ကြီးကြပ်ရေးမှူး များ၏ စာရင်းအင်းဆိုင်ရာ ဗဟုသုတကို တိုးမြှင့်ပေးခဲ့သဖြင့် ၎င်းတို့မှ MFI များ၏ စည်းမျဉ်းများကို ပိုမိုကောင်းမွန် တိုးတက်စေရန် အချက်အလက်များကို အသုံးပြုလာနိုင်ပါသည်။

LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဧပြီလ အထိ MFI များအားလုံးမှ တင်ပြလာသည့် အချက်အလက်များ၏ အရည်အသွေးအား သုံးသပ်ရန်နှင့် စစ်ဆေးရန် FRD ၏ သတင်းအချက်အလက် နည်းပညာ (IT) အဖွဲ့နှင့်အတူ လုပ်ကိုင်ခဲ့ပါသည်။ FMO နှင့် IT အဖွဲ့တို့ ပူးပေါင်း၍ ကွာဟချက် ဆန်းစစ်သည့် အစီရင်ခံစာအား ပြင်ဆင်ပြုစု၍ FRD ထံ တင်ပြခဲ့ပါသည်။ ကွာဟချက် ဆန်းစစ်မှုမှ တွေ့ရှိချက်များအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာနမှ ကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတွင် တင်ပြဆွေးနွေးခဲ့ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ရုံးများမှ တက်ရောက်သူ (၄၂)ဦး တက်ရောက်ခဲ့ပါသည်။ FMO ရုံးမှ MFI များမှ တင်ပြလာသည့် အချက်အလက်များမှ ကွာဟချက်များ/ အမှားများအား တက်ရောက်သူများထံ ရှင်းလင်းပြောကြားခဲ့ပါသည်။ တွေ့ရှိချက်များအပေါ် အခြေခံ၍ လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်း လုပ်ငန်းစဉ်နှင့် လက်ခံထားပြီး ဖြစ်သည့် အစီရင်ခံတင်ပြခြင်းဆိုင်ရာ ပုံစံအား မူကြမ်းရေးဆွဲခဲ့ပါသည်။ ထို့အပြင် FMO မှ လုပ်ငန်းခွင် ပြင်ပ ကြီးကြပ်ခြင်းနှင့် အချိုးအစား ဆန်းစစ်မှုဆိုင်ရာ (၅)ရက်ကြာ သင်တန်းအား ပို့ချခဲ့ပါသည်။ FMO မှလည်း ငွေကြေးစီမံခန့်ခွဲမှု အသိပညာပေးစာစောင်(ဒုတိယ အကြိမ်) အား ပြန်လည်သုံးသပ်ရန် FRDမှ အစိုးရ ကြီးကြပ်ရေးမှူးများနှင့် ကျင်းပသည့် အစည်းအဝေးအား နေပြည်တော်တွင် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး တုံ့ပြန်ချက်များနှင့် ဝန်ဆောင်မှုရယူသူများထံ ငွေရေးကြေးရေးဆိုင်ရာ အသိအမြင်များအား မည်ကဲ့သို့ ထိရောက်စွာ ဖြန့်ဝေမည့် အပေါ် လုပ်ငန်းအစီအစဉ် တစ်ရပ်အား ပေးအပ်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ အတွင်း၌ FMO မှ ဒုတိယ အကြိမ် လုပ်ငန်းခွင် ပြင်ပ စစ်ဆေးခြင်း (၅)ရက်တာ သင်တန်းအား ဒေသဆိုင်ရာ ရုံး (၉) ရုံးမှ FRD ဝန်ထမ်း/ ကြီးကြပ်ရေးမှူး (၅)ဦးအား မန္တလေး၊ ကယားနှင့် ရန်ကုန်တို့၌ ဟောပြော ပို့ချခဲ့ပါသည်။ အလားတူ သင်တန်းအား ဒေသဆိုင်ရာ ရုံး (၇) ရုံးမှ FRD ဝန်ထမ်း/ ကြီးကြပ်ရေးမှူး ၂၆ဦး အား မန္တလေးမြို့၌ ပို့ချခဲ့ပါသည်။ FMO သည် အသေးစား

*ဇယား ၂.၃ စီမံကိန်း အဆင့် FP-၁ ညွှန်းကိန်း နှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀-၂၀၁၈ | ၂၀၁၉ | ၂၀၁၀ - ၂၀၁၉ | ၂၀၁၉ | | |
| FP-၁.၁ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုနှင့် သက်ဆိုင်သော အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်းများဆိုင်ရာ အပြောင်းအလဲ များ၏ အရေအတွက် | ၃ | ၃ | ၆ | ၃ | ၂ | စီမံကိန်း/IPs |
| FP-၁.၃ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် ဆက်နွှယ်နေသည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်မှုများအား စီစဉ် ဆောင်ရွက်ပေးခဲ့သည့် အရေအတွက် | ၄ | ၂၅ | ၂၉ | ၁၆ | ၁.၈၁ | စီမံကိန်း/IPs |
| FP-၁.၄ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှုနှင့် ဆက်နွှယ်နေသည့် အဓိကမူဝါဒ ချမှတ်သူများထံ ပေးသည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ အရေအတွက် | ၂ | ၁ | ၃ | ၃ | ၁ | စီမံကိန်း/IPs |

စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အသစ်နှင့် တွေ့ဆုံခဲ့ပြီး LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်ဖြစ်သော PGMF အား NGO အခြေခံသည့် MFI မှ ကုမ္ပဏီအခြေခံသည့် MFI သို့ ကူးပြောင်းသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ နေပြည်တော်၌ ဆွေးနွေးခဲ့ပါသည်။

### အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုဆိုင်ရာ ဆောင်ရွက်မှုများ

FMO အဖွဲ့သည် ကချင်ပြည်နယ်တွင် အနာဂတ်၌ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှု စီမံကိန်း ဆောင်ရွက်၍ ရနိုင်ချေ ရှိ၊ မရှိ နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်၌ ပြည်နယ် သမဝါယမမှ အစိုးရအရာရှိများနှင့် တွေ့ဆုံခဲ့ပါသည်။ နောက်ထပ် အစည်းအဝေး တစ်ခုအား စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနတို့ဖြင့် ပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ်၌ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ရေပေးဝေသည့် နည်းပညာ၊ စက်မှုလယ်ယာနှင့် ငွေဖြစ်လွယ်သည့် သီးနှံစိုက်ပျိုးမှုအတွက် ချေးငွေများ ရရှိနိုင်မှု တို့အတွက် ဖြစ်နိုင်ခြေရှိသည့် အစိုးရ-ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများအား ဆွေးနွေးခဲ့ပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမည့် အစီအစဉ်မှ တာဝန်ရှိသူများမှ တာဝန်ယူ ဆောင်ရွက်ခဲ့သည့် အခြား ထင်ရှားသော ဆောင်ရွက်မှု များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် ပြုလုပ်သည့် မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လွှတ်တော် ကော်မတီ၏ ပြည်သူ့အသံ ကြားနာပွဲ ။ FMO မှ စိုက်ပျိုးရေးနှင့် ကျေးလက်ဈေးကွက်များတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်မှု၏ အရေးပါပုံနှင့် ၎င်း၏မြန်မာနိုင်ငံ၌ တာဝန်သိသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ရာမှ ရရှိခဲ့သည့် အောင်မြင်မှုများ တို့အား အကြမ်းဖျင်း/ အနှစ်ချုပ် တင်ပြခဲ့ပါသည်။
- LIFT ၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ တက်ရောက်သူ (၆၅)ဦးအား ပို့ချခဲ့သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ခြေ အညွှန်း (PPI) သင်တန်း
- LIFT ၊ USAID နှင့် ADA မှ ကူညီပံ့ပိုးပေးသည့် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နေပြည်တော်၌ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းရှင်များအသင်း (MMFA) မှ စီစဉ်ဆောင်ရွက်သည့် နှစ်ပတ်လည် အထွေထွေညီလာခံ ။ ဤ အခမ်းအနားတွင် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ဆိုင်ရာ လုပ်ငန်းအပေါ် LIFT ၏ သက်ရောက်မှုအား မီးမောင်းထိုးပြခဲ့ပါသည်။
- FMO သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် ငွေကြေးထောက်ပံ့ခြင်း၌ ဦးဆောင်အဖွဲ့တွင် ပါဝင်ခဲ့ပါသည်။ DaNa Facility နှင့် မြန်မာနိုင်ငံ ဘောဂဗေဒ အသင်းတို့မှ စီစဉ်ဆောင်ရွက်ပြီး ဩစတေးလျ နိုင်ငံတကာ စိုက်ပျိုးရေး သုတေသန ဗဟိုဌာန၏ ကူညီပံ့ပိုးမှုဖြင့် ပြုလုပ်သည့် မူဝါဒ၊ အလေ့အကျင့်နှင့် အားလုံး ပါဝင်စေခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ
- FMO သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်မှ (၁၆)ရက်အတွင်း ရောဝတီ၌ FRD နှင့် UNOPS / LIFT မှ စီမံခန့်ခွဲသည့် နည်းပညာ ပံ့ပိုးမှု စီမံချက် Contingent Disaster Liquidity Fund (CDLF) ဆိုင်ရာ ကိစ္စရပ်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနနှင့်အတူ ဆွေးနွေးရန်နှင့် နေပြည်တော်တွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း အပ်နှံငွေအာမခံ တို့အား ဆွေးနွေးရန် အစည်းအဝေးများအား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

*ဇယား ၂.၄ စီမံကိန်းအဆင့် FS-၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက်ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀-၂၀၁၈ | ၂၀၁၉ | ၂၀၁၀ - ၂၀၁၉ | ၂၀၁၉ | | |
| FS-၁.၁ မိမိငွေကြေးဖြင့် မိမိဘာသာ ရေရှည်ရပ်တည်နိုင်သည့် LIFT မှ ပံ့ပိုးပေးထားသည့် MFI များ၏ ရာခိုင်နှုန်း / အရေအတွက် | ၃၈ | ၂၀ | မရနိုင် | ၂၄ | ၀.၈၃ | စီမံကိန်း/IPs |
| FS-၁.၂ ကောင်းမွန် ကျွမ်းကျင်စွာ လုပ်ငန်း လည်ပတ်ဆောင်ရွက်နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း | ၂၄ | ၂၅ | မရနိုင် | ၂၄ | ၁.၀၄ | စီမံကိန်း/IPs |
| FS-၁.၃ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်း ရှိသည့် လူအရေအတွက် (လက်ရှိ ဝန်ဆောင်မှုရယူသူ ဦးရေ) | ၂၆၃၂၂၈၃ ၂,၃၈၉,၃၇၃ မ ၂၄၂,၀၁၀ ကျား | ၃,၂၉၅,၀၄၀ ၂,၉၅၅,၄၆၆ မ ၃၃၉,၅၇၄ ကျား | မရနိုင် | ၁၈၀၀၀၀၀ | ၁.၈၃ | စီမံကိန်း/IPs |
| FS-၁.၄ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့် ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး | ကန်ဒေါ်လာ ၁၉၂ သန်း(ရှီးမ) ၈၆.၂သန်း (TCX) | ကန်ဒေါ်လာ ၆၅ သန်း(ရှီးမ) ၁၇၅ သန်း (TCX) | ကန်ဒေါ်လာ ၂၅၇ သန်း (ရှီးမ) ၂၆၁ သန်း (TCX) | ၇၀၀၀၀၀၀၀ | ၇.၄ | စီမံကိန်း/IPs |

**FP-၁.၄ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် အဓိကမူဝါဒ ချမှတ်သူများထံ ပေးသည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ အရေအတွက်**

FMO မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ငွေကြေးစီမံခန့်ခွဲမှု အသိပညာပေး စာစောင်(ဒုတိယ အကြိမ်) အား ပြန်လည် သုံးသပ်ရန် ပါဝင်ပတ်သက် ဆက်နွယ်သူများနှင့် အစည်းအဝေးများစွာ ကျင်းပခဲ့ပါသည်။ FRD မှ အစိုးရ ကြီးကြပ်ရေးမှူးများ၏ အစည်းအဝေးများကို နေပြည်တော်၌ ကူညီပံ့ပိုးပေးခဲ့ပြီး တုံ့ပြန်ချက်များနှင့် ငွေစုချေးသူများထံ ငွေရေးကြေးရေးဆိုင်ရာ အသိအမြင်များအား မည်ကဲ့သို့ ထိရောက်စွာ ဖြန့်ဝေမည့်အပေါ် လုပ်ငန်းစီမံချက်တစ်ရပ် ပေးအပ်ခဲ့ပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမည့်အစီအစဉ်မှ တာဝန်ရှိသူများ သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပသည့် ပထမအကြိမ် အသေးစား ငွေရေးကြေးရေး ဆိုင်ရာ ဆွေးနွေးပွဲ၌ စတင်ဖြန့်ချိခဲ့သည့် နောက်ဆုံး အခြေအနေများ ထည့်သွင်းထားသော ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေး စာစောင်အား ရေးဆွဲ အကောင်အထည်ဖော်ရာတွင် နည်းပညာ ပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – စနစ်အဆင့်

**FS-၁: အားလုံးပါဝင်စေပြီး လူမှုရေးအရ တာဝန် ယူမှု ရှိသော ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ပံ့ပေးခြင်း၊ ဖန်တီးပေးခြင်း အတွက် တိုးမြှင့်လာသည့် အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည်။**

**FS-၁.၁ မိမိငွေကြေးဖြင့် မိမိဘာသာ ရေရှည်ရပ်တည်နိုင်သည့် LIFT မှ ပံ့ပိုးပေးထားသည့် MFI များ၏ ရာခိုင်နှုန်း /အရေအတွက်**

LIFT သည် ကျေးလက်နှင့် မြို့ပြဒေသများတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်ခြင်းအား တိုးပွားလာစေရန် ၎င်း၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ပေးအပ်သူများအား အဖွဲ့အစည်း ဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ ခိုင်မြဲစွာ ရပ်တည်နိုင် ရန် ပံ့ပိုးပေးခြင်းဖြင့် မြှင့်တင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT သည် ပြည်တွင်း အသေးစားငွေကြေးဆိုင်ရာ လုပ်ငန်း (၉)ခု၊ ငွေစုငွေချေး သမဝါယမအသင်း (၂)သင်း၊ နိုင်ငံတကာ အသေးစား ငွေကြေးဆိုင်ရာ အဖွဲ့အစည်း (၁၅)ဖွဲ့နှင့် အသေးစား ငွေကြေးဆိုင်ရာ ဖက်စပ်ကုမ္ပဏီ (၂)ခု အပါအဝင် အသေးစားငွေကြေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း (၂၈ဖွဲ့) အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ အဆိုပါ မိတ်ဖက် အဖွဲ့အစည်း များ အနက်မှ အသေးစား ငွေကြေးဆိုင်ရာလုပ်ငန်း (၂၀)အား ယခုအခါ ငွေရေးကြေးရေးအရ မိမိဘာသာ ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့ အစည်းများ အဖြစ် ယူဆနိုင်သဖြင့် (ငွေကြေးဆိုင်ရာ ကုန်ကျစရိတ် များနှင့် ငွေဖောင်းပွမှုတို့အား ချိန်ညှိပြီးနောက် ဝင်ငွေဖြင့် လုပ်ငန်း လည်ပတ်သည့် ကုန်ကျ စရိတ်များ လုံလောက်မှုရှိ နေခြင်း) ၂၀၁၉ ခု နှစ်အတွက် မှတ်တိုင်၏ ၈၃ ရာခိုင်နှုန်းအား အောင်မြင် ရရှိခဲ့ပါသည်။

**FS-၁.၂ ထိထိရောက်ရောက် လုပ်ငန်း လည်ပတ်ဆောင်ရွက်နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

MFI အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှုအား တိုင်းတာရာတွင် ပျမ်းမျှ စုစုပေါင်းပိုင်ဆိုင်မှုများတွင် လုပ်ငန်း လည်ပတ်ခြင်း ဆိုင်ရာ အသုံးစရိတ်များ၊ ချေးငွေရင်းနှီးမြှုပ်နှံမှုအစုစု နှင့် စုစုပေါင်း ပိုင်ဆိုင်ပစ္စည်းများ နှိုင်းယှဉ်ခြင်း၊ ဝင်ငွေရှိ ပိုင်ဆိုင်ပစ္စည်း များနှင့် စုစုပေါင်း ပိုင်ဆိုင်ပစ္စည်းများ နှိုင်းယှဉ်ခြင်း နှင့် ချေးငွေ ရင်းနှီးမြှုပ်နှံမှုမှ ပြန်ပေါ်နှုန်းတို့အား ထည့်သွင်းစဉ်းစားသည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှုဖြင့် တိုင်းတာခဲ့ပါသည်။ အဆိုပါ ပြောင်းလဲနိုင်သည့်ကိန်းရှင် များအား ဆန်းစစ်မှုအပေါ် အခြေခံပါက MFI (၂၅)ဖွဲ့သည့် အစီရင်ခံတင်ပြသည့် နှစ်အတွက် လုပ်ငန်းလည်ပတ်ခြင်း ဆိုင်ရာ စွမ်းဆောင်နိုင်မှု ရှိသည်ဟု ပြသခဲ့ သဖြင့် ယင်း၏ ၂၀၁၉ ခုနှစ် မှတ်တိုင် အတွက် ၁၀၄% အောင်မြင်မှု ရရှိ ခဲ့ပါသည်။

**FS-၁.၃ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်း ရှိသည့် လူအရေအတွက် (လက်ရှိ ဝန်ဆောင်မှုရယူသူ ဦးရေ)**

ငွေရေးကြေးရေးဆိုင်ရာ အဆင့်နှင့် အဖွဲ့အစည်းဆိုင်ရာ အဆင့်၌ LIFT ၏ အသေးစား ငွေကြေးဆိုင်ရာ မိတ်ဖက်များမှတဆင့် LIFT ၏ အိမ်ထောင်စုများထံ ပေးအပ်သည့် ကူညီထောက်ပံ့မှုသည် ၂၀၁၁ ခုနှစ် မှစ၍ တသမတ်တည်း တိုးတက်လာပါသည်။ ၂၀၁၉ ခုနှစ်၊ နှစ်ကုန် တွင် MFI မိတ်ဖက် အဖွဲ့အစည်းများသည် အဓိကအားဖြင့် ချေးငွေပုံစံ ဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား ၃,၂၉၅,၀၄၀ ဦးထံ ပေးအပ် ခဲ့ပါသည်။ ယင်းတို့၏ ၉၀% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ ယင်းမှာ ၂၀၁၉ ခုနှစ်အထိ အဆင့်ဆင့် စုပေါင်းလာသည့် ရည်မှန်းချက်ဖြစ်သော ဝန်ဆောင်မှုရယူသူ ၁,၈၀၀,၀၀၀ ဦးသည် ပြီးစီးအောင်မြင်မှု ၏ ၁၈၃% ကို ကိုယ်စားပြုပါသည်။

**FS-၁.၄ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့် ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး**

ငွေလဲလှယ်နှုန်း ရန်ပုံငွေ (TCX) (မတည်ငွေရနိုင်သည့်ဈေးကွက်များ) နှင့် ရိုးမဘဏ် (လယ်ယာစီပွား ငွေကြေး ပံ့ပိုးမှုများ) သည် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် စီမံကိန်းမှ ပုဂ္ဂလိကကဏ္ဍ မိတ်ဖက် အဖွဲ့အစည်းများ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် LIFT ၏ အဆိုပါ မိတ်ဖက်များနှင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၁.၅ သန်း သည် ပုဂ္ဂလိက ကဏ္ဍမှ ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ သန်း ၃၅၀ – ဆယ်ဆ ထပ်မံရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ TCX ၏ ဒုတိယအဆင့်၏ ရလဒ် အနေဖြင့် MFI (၁၄)ဖွဲ့သည် မြန်မာနိုင်ငံ ဗဟိုဘဏ်၏ နိုင်ငံခြားမှ ငွေချေးယူခြင်းအပေါ် သတ်မှတ် ထားသည့် အမြင့်ဆုံး အတိုးနှုန်းနှင့်အညီ MFI များအား မြန်မာကျပ်ငွေ နှင့် သတ်မှတ်သည့် ချေးငွေများ ကမ်းလှမ်းသည့် နိုင်ငံခြား ဖွံ့ဖြိုးရေး ဆိုင်ရာ ငွေကြေးထောက်ပံ့သူများထံမှ အမေရိကန်ဒေါ်လာ (၁၇၅)သန်း ရရှိမည် ဖြစ်ပါသည်။ ရိုးမဘဏ်မှ ကျေးလက် ဒေသရှိ အသေးစားနှင့် အလတ်စား စိုက်ပျိုးစီးပွားရေး လုပ်ငန်းများ အား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နေပါသည်။ ရန်ပုံငွေသည် ၂၀၁၉ ခုနှစ်၊ နှစ် ကုန်တွင် ကျေးလက်အိမ်ထောင်စု ၆၁၉,၀၀၀ စုအတွက် အမေရိကန် ဒေါ်လာ ၂၅၇ သန်း ရရှိစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – အိမ်ထောင်စုအဆင့်

### FH-၁: လူမှုရေးအရ တာဝန်ယူမှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား တိုးတက်လာသည့် အသုံးပြုမှု

### FH-၁.၁ LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များမှ အသေးစား၊ အငယ်စားနှင့် အလယ်အလတ် ပမာဏရှိသည့် စီးပွားရေး လုပ်ငန်း ချေးငွေများအား ရယူနေသည့် ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက်

၂၀၁၉ ခုနှစ် နှစ်ကုန်၌ LIFT မှ ပံ့ပိုးပေးသည့် MFI များသည် မြန်မာနိုင်ငံ၏ နေရာဒေသအားလုံးတွင် ဝန်ဆောင်မှု အသုံးပြုသူ ၃,၈၁၆,၉၃၆ ဦးထံ ရောက်ရှိခဲ့ပါသည်။ဝန်ဆောင်မှု အသုံးပြုသူ အားလုံးသည် ၎င်းတို့၏ ချေးငွေများအား အသေးစား၊ အငယ်စား၊ အလယ်အလတ် စီးပွားရေး လုပ်ငန်းများတွင် အသုံးပြုခဲ့ပါသည်။ ဤပြီးစီးအောင်မြင်မှုသည် ၂၀၁၉ ခုနှစ်အတွက် အဆင့်ဆင့် စုပေါင်းလာသည့် ရည်မှန်းချက် ၏ ၁၀၀% ဟု ယူဆ၍ရပါသည်။ ကူညီပံ့ပိုးပေးခဲ့သည့်ဝန်ဆောင်မှု အသုံးပြုသူများ အကြားရှိ အဓိက စီးပွားရေး လုပ်ငန်းများတွင် စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းအငယ်စားများ၊ သီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် အငယ်စား မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်ရေး လုပ်ငန်းများပါဝင်ပါသည်။ ချေးငွေ၏ ပမာဏမှာ အတော်နည်းပါးသော်လည်း ငွေစု၊ချေးသူများ ဝန်ဆောင်မှု အသုံးပြုသူများ သည် နေ့စဉ်ဝင်ငွေ ရရှိအောင် ရှာဖွေနိုင်ခဲ့ပါသည်။

### FH-၁.၂။ LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဘိုး

၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ဘဏ်နှင့် အသေးစား ငွေကြေးဆိုင်ရာ လုပ်ငန်းများသည် ၎င်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူများထံ ချေးငွေ တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁,၅၅၃ သန်းအား ထုတ်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း MFI များသည် အမေရိကန်ဒေါ်လာ ၁,၁၀၄ သန်းအား ဝန်ဆောင်မှုအသုံးပြုသူ ၂,၇၁၅,၅၉၁ ဦးထံ (၉၁% သည် အမျိုးသမီးများ ဖြစ်ပါသည်) ပေးအပ်ခဲ့ပြီး ရိုးမဘဏ်မှ အမေရိကန်ဒေါ်လာ ၆၅ သန်း အား ဝန်ဆောင်မှုအသုံးပြုသူ ၇၁၁ ဦး (၇% သည် အမျိုးသမီးများ ဖြစ်ပါသည်)ထံ ပေးအပ်ခဲ့ပါသည်။ ဤညွှန်းကိန်း၏ အောင်မြင်ရရှိမှုသည် ၂၀၁၉ ခုနှစ် အတွက် ရည်မှန်းထားသည့် ထုတ်ပေးသည့် ငွေပမာဏ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ပေါ်တွင် အခြေခံပါက ၃၇၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

### FH-၁.၃။ ချေးငွေပြန်လည်ပေးဆပ်ရမည့် စည်းမျဉ်းများအတိုင်း ပြန်လည် မပေးဆပ်နိုင်သည့် LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များ၏ ဝန်ဆောင်မှု အသုံးပြုသူ ရာခိုင်နှုန်း

LIFT ဝန်ဆောင်မှု အသုံးပြုသူများမှ မှ ၁% ထက် လျော့နည်းသည့် ဝန်ဆောင်မှု အသုံးပြုသူ များသည် ၎င်းတို့၏ ပြန်လည် ပေးဆပ်ရမည့် စည်းမျဉ်း အတိုင်း ပြန်လည် ပေးဆပ်နိုင်ခြင်း မရှိပါ။ ရိုးမဘဏ် ဝန်ဆောင်မှု အသုံးပြုသူ (၅)% နှုန်းသည်လည်း ၎င်းတို့၏ ပြန်လည် ပေးဆပ်ရမည်များအား ပေးဆပ်နိုင်ခဲ့ခြင်း မရှိပါ။

*ဇယား ၂.၅– စီမံကိန်းအဆင့် FH–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| FH–၁.၁ LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များမှ အသေးစား၊ အငယ်စားနှင့် အလယ်အလတ် ပမာဏရှိသည့် စီးပွားရေး လုပ်ငန်း ချေးငွေများအား ရယူနေသည့် ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက် | ၃,၂၇၆,၀၀၂<br>၆,၆၇၇ (Yoma AFP) | ၅၄၀,၉၃၄ (MFI)<br>၇၁၁ (ရိုးမ AFP) | ၃,၈၁၆,၉၃၆ (MFI)<br>၇,၃၈၈ (ရိုးမ AFP) | ၃,၀၅၉,၄၅၉ (၂၀၁၀–၂၀၁၉ စုစုပေါင်း ပြီးစီးမှု ၏ ၈၀%) | ၁.၂၅ | စီမံကိန်း/IPs |
| FH–၁.၂ LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဖိုး | ကန်ဒေါ်လာ ၂,၅၃၁ သန်း<br>(MFI: ၂,၃၃၉ သန်း, ရိုးမဘဏ် ကန်ဒေါ်လာ ၁၉၂ သန်း) | ကန်ဒေါ်လာ ၁,၁၆၉ သန်း<br>(MFI: ၁,၁၀၄ သန်း, ရိုးမဘဏ် ကန်ဒေါ်လာ ၆၅ သန်း) | ကန်ဒေါ်လာ ၃,၇၀၀ သန်း<br>(MFI: ၃,၄၄၃, ရိုးမဘဏ် ကန်ဒေါ်လာ ၂၅၇ သန်း (ရိုးမ ဘဏ်) | ကန်ဒေါ်လာ ၁ ဘီလျံ | ၃.၇ | စီမံကိန်း/IPs |
| FH–၁.၃ ချေးငွေပြန်လည်ပေးဆပ်ရမည့် စည်းမျဉ်းများအတိုင်း ပြန်လည် မပေးဆပ်နိုင်သည့် LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များ၏ ဝန်ဆောင်မှု အသုံးပြုသူ ရာခိုင်နှုန်း | မရနိုင်ပါ | MFI –၁% ထက်နည်း (ရက် ၃၀ ထက်များသည့်) | မရနိုင်ပါ | ၀.၀၁ | ၁ | စီမံကိန်း/IPs |

## စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ စနစ်များ – မူဝါဒ အဆင့်

### AP-၁။ အသစ်နှင့်/သို့ တိုးတက်လာသည့် ကျား၊ မရေးရာ အလေးပေး သည့် ပြည်သူ့ရေးရာ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များသည် အောက်ပါတို့အား ကူညီပံ့ပိုးပေးပါသည်–

### AP-၁.၁ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေးဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒများ နှင့် စီမံကိန်းများမှ အပြောင်းအလဲများ၏ အရေအတွက်

မူဝါဒရေးဆွဲခြင်းတွင် LIFT ၏ ဆက်လက်ပံ့ပိုးပေးမှုသည် ဤကာလ အတွင်း အရေးပါသည့် မူဝါဒဆိုင်ရာအပြောင်း အလဲများအား ဖြစ်ပေါ် စေပါသည်။ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် မြေယာမဏ္ဍိုင်အဖွဲ့ (LCG) သည် ၂၀၁၉ ခုနှစ်တွင် အမျိုးသား မြေယာ ဥပဒေ စတင် ရေးဆွဲရာတွင် ပံ့ပိုးပေးခဲ့သည့် မြေယာ စီမံအုပ်ချုပ်မှု ဆိုင်ရာကဏ္ဍတွင် ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဆိုင်ရာဥပဒေ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေတွင် လွှန်ခဲ့သည့် နှစ်များက LCG အဖွဲ့မှ ထောက်ခံအားပေးခဲ့သည့် ပြဋ္ဌာန်းချက်များ အများအပြား ပါဝင်ပါသည်။

- ယင်းဥပဒေတွင် အမျိုးသား မြေအသုံးချမှု မူဝါဒ (NLUP) အား အဓိက ရည်မှန်းချက်များမှ ရည်မှန်းချက်တစ်ရပ် အနေဖြင့် အတိအလင်း ဖော်ပြထားပါသည် (၄က)
- ယင်းဥပဒေတွင် ထိခိုက်ခံစားရသူ ပြည်သူများ ၏ ရပိုင်ခွင့်များ နှင့် အသံများအား မြှင့်တင်ရန်အတွက် ကြိုတင် အသိပေး၍ လွတ်လပ်သည့် သဘောတူညီမှုရယူခြင်း အား နည်းကရိယာ အဖြစ် အသုံးပြုရန်အတွက် ဖော်ပြထားပါသည်။ (၄ ဂ)
- ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ကို သိမ်းဆည်းရာတွင် ပြည်ထောင်စု လွှတ်တော်၏ ဆုံးဖြတ်ချက် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

မူဝါဒ ဆိုင်ရာ နောက်ထပ် အပြောင်းအလဲတစ်ခုမှာ ပဲအမျိုးမျိုး တန်ဖိုး မြှင့်ကွင်းဆက် နှင့် ဆက်စပ်သည့် သုတေသနမှ ပေါ်လာခဲ့ပါသည်။ သုတေသန တွေ့ရှိချက်များအား အခြေခံ၍ မီချီဂန် ပြည်နယ် တက္ကသိုလ် မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက် မွေးဆည် ဝန်ကြီးဌာနနှင့် DICA တို့အား နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ပြည်တွင်းဈေးကွက်များမှ တိုက်ရိုက်ဝယ်ယူခွင့်ပြုရန် ထောက်ခံ တောင်းဆို ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဖွန်လ ၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မှ နိုင်ငံခြား ကုမ္ပဏီများအား ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပြောင်းတို့အား တန်ဖိုးမြှင့် ပုံသဏ္ဌာန်ဖြင့် ပြည်ပပို့ကုန်အဖြစ် ပို့ရန်အတွက် ပြည်တွင်းဈေးကွက် များမှ ဝယ်ယူခွင့် ကန့်သတ်ထားခြင်းအား ဖြေလျော့ပေးခဲ့ပါသည်။ ယင်းမှာ ဆန်စပါး ပြည်ပပို့ကုန်ဈေးကွက် လွတ်လပ်ခွင့်ပေးခဲ့သည့် အချိန်မှစ၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု မူဝါဒတွင် အထင်ရှားဆုံး အပြောင်းအလဲ ဖြစ်ပါသည်။ နိုင်ငံခြား ကုမ္ပဏီများ အနေဖြင့် မူဝါဒ ပြောင်းလဲမှု၏ အကျိုးကျေးဇူးရယူရန်အတွက် ပထမဆုံးအနေဖြင့် ထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သဖြင့် မူဝါဒ အပြောင်းအလဲ၏ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် အချိန်ကြာဦးမည် ဖြစ်ပါသည်။

အခြား ထင်ရှားသည့် ပြောင်းလဲမှုများတွင် ပြည်နယ် ၁၃ခုနှင့် တိုင်း ဒေသကြီး ကိုးခုတွင် ကျေးရွာထင်းစိုက်ခင်း ဥပဒေ နှင့် စည်းမျဉ်း စည်းကမ်းများ အား ပြင်ဆင်နိုင်ရန်အတွက် အထောက်အကူ ပေး သည့် စားနပ်ရိက္ခာ ဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ ၏ မူဝါဒရေးရာ အသိပေးအရေးဆိုမှု/ အားပေးထောက်ခံမှု ပါဝင်ပါသည်။ FAO မှ အရေးပါသည့် မူဝါဒဆိုင်ရာ အစီအစဉ် သုံးခုဖြစ်သည့် ကျွဲနွားတိရစ္ဆာန် ကုန်သွယ်ရေး မူဝါဒ၊ အမျိုးသား မွေးမြူရေး ကဏ္ဍ မှတ်ပုံတင်ခြင်း အစီအစဉ် နှင့် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေ စစ်တမ်း ကောက်ယူခြင်း တို့အား ဆက်လက်၍ ပံ့ပိုးကူညီပေးခဲ့ပါသည်။

### AP-၁.၂ LIFT မှ ကူညီပံ့ပိုးပေးခဲ့သည့်အစိုးရကဏ္ဍ စိုက်ပျိုးရေးဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း/အသုံးစရိတ်တို့တွင် ပြောင်းလဲမှုများ၏ အရေအတွက်

ငါးလုပ်ငန်း ဦးစီးဌာန (DoF) နှင့် ပူးပေါင်း၍ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) မှ ပန်းတနော် မြို့နယ်တွင်းရှိ အင်း (ငါး ဖမ်းသည့် ဧရိယာများ) ၂၈၂ ခုအား စာရင်းပြုစုခဲ့ပြီး ထိုလုပ်ငန်းစဉ် အတွင်းတွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ဝန်ထမ်းများအား စာရင်းပြုစုခြင်း နှင့် ကွန်ပျူတာ အသုံးပြု သတင်း အချက်အလက် မြေပုံ (GIS) စနစ် များ သင်တန်းပေးခဲ့ပါသည်။ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ အစိုးရ၏ ရင်းမြစ်များအသုံးပြု၍ စာရင်းကောက်ယူသည့် ဧရိယာတိုးချဲ့ရန်နှင့် အင်း (ငါးဖမ်းသည့်ဧရိယာများ)၏ နယ်နိမိတ် သတ်မှတ်ခြင်းတွင် နောက်ဆုံးအချက်အလက်များ ထည့်သွင်းနိုင်ရန် တ စိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါသည်။ တိုင်းဒေသကြီး အစိုးရ၏ မြေယာ အသုံးပြုမှု ဌာန သည် ၂၀၁၉/၂၀၂၀ ခုနှစ် ဘတ်ဂျက်တွင် အင်းမြေပုံများ တွင် နောက်ဆုံးအချက်အလက်များ ထည့်သွင်းခြင်း ဆောင်ရွက်ရန် ကျပ် ၁၆၄,၄၅၀,၀၀၀ (ကန်ဒေါ်လာ ၁၀၈,၀၀၀) ခွဲဝေ သတ်မှတ်ခဲ့ ပါသည်။

### AP-၁.၃ LIFT ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်ချက်များ၏ အရေအတွက်

LIFT သည် ဤညွှန်းကိန်းနှင့် ပတ်သက်၍ လွန်ခဲ့သည့် ငါးနှစ်အတွင်း ဦးတည်ရာ ပြောင်းလဲခြင်းမရှိဘဲ သိသာထင်ရှားသည့် ပြီးစီး အောင်မြင်မှုများအား မှတ်တမ်းတင်ထားပါသည်။ International Fertilizer Development Center၊ မီချီဂန် ပြည်နယ် တက္ကသိုလ် (MSU)၊ LCG၊ FSWG နှင့် Welthungerhilfe အပါအဝင် FMO နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများမှ ၂၀၁၉ခုနှစ်တွင် စီမံချက်ရေးဆွဲ ထားသည့် ယေဘုယျ ရည်မှန်းချက် ဖြစ်သည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်ချက် ၁၇ ပွဲ ထက် ကျော်လွန်၍ စုစုပေါင်း ဆောင်ရွက်ချက် ၂၃ ခု ဆောင်ရွက်နိုင်ခဲ့ပါသည် ။ အရေးပါသည့် ဆောင်ရွက်ချက်များ တွင် အောက်ပါတို့ ပါဝင်ပါသည် –

- LIFT မှ ထောက်ပံ့ပေးသည့် ကမ္ဘာ့ဘဏ် ၏ လယ်ယာထုတ်ကုန် စီးပွားရေး ဆိုင်ရာ သုတေသန အပိုင်း ၂ မှ အရေးပါသည့် တွေ့ရှိ ချက်များနှင့် မူဝါဒ ဆိုင်ရာ သက်ရောက်မှုများ အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (စိုက်မွေးဆည်)၊ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် နှင့် လွှတ်တော်နှစ်ရပ်ထံ တင်ပြ အသိပေးခြင်းကို မေလ ၂၂ ရက် နေ့၌ နေပြည်တော်တွင် ပြုလုပ် ခဲ့ပါသည်။
- ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်တွင် စားနပ်ရိက္ခာ ဖူလုံရေး မူ ဝါဒဆိုင်ရာ သုတေသန အချက်အလက် ဆန်းစစ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲအား တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ ဆီဒိုး နား ဟိုတယ်တွင် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ တန်ဖိုးမြှင့် ကွင်းဆက်များ နှင့် ကျေးလက်ဒေသ ပြုပြင်ပြောင်းလဲရေး– ဆယ်စုနှစ်တစ်ဝက်စာ အထောက်အထား အခြေခံ မူဝါဒဆိုင်ရာ သုတေသန ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများသည် စိုက်မွေးဆည် ဝန်ကြီးဌာနနှင့်ရေဆင်း တက္ကသိုလ် မှ မြန်မာ့ မူဝါဒ ချမှတ်သူများ၊ သုတေသနပညာရှင် များ နှင့် ကျောင်းသူ၊ ကျောင်းသားများအား စီမံချက်သက်တမ်း အတွင်း ကောက်ယူစုဆောင်းခဲ့သည့် အချက်အလက်များ နှင့် မိတ်ဆက်ပေး ခဲ့ပြီး ယင်းအချက်အလက်များအား အသုံးပြုရန် အားပေးတိုက်တွန်းခဲ့ပါသည်။

*ဇယား ၂.၆– စီမံကိန်း အဆင့် AP–၁ ညွှန်းကိန်းများနှင့် ပြီးစီး အောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| AP–၁.၁ LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်း အပြောင်းအလဲ အရေအတွက် | ၇ | ၈ | ၁၅ | ၉ | ၁.၆၇ | စီမံကိန်း/IPs |
| AP– ၁.၂ LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ အစိုးရကဏ္ဍ ဘတ်ဂျက်ခွဲဝေမှု/ အသုံးစရိတ် အပြောင်းအလဲ အရေအတွက် | ၁ | ၁ | ၂ | ၁ | ၂ | စီမံကိန်း/IPs |
| AP–၁.၃ မှ LIFT ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ဆိုင်ရာမူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှု အရေအတွက် | ၁၇ | ၂၃ | ၄၀ | ၁၇ | ၂.၃၅ | စီမံကိန်း/IPs |
| AP–1.4 အရေးပါသည့် မူဝါဒ ချမှတ်သူများ ထံ ပေးပို့ခဲ့သည် LIFT မှ ပံ့ပိုးပေးခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၁၇ | ၁၂ | ၂၉ | ၂၃ | ၁.၂၆ | စီမံကိန်း/IPs |

- LIFT သည် နေပြည်တော်တွင် စီမံကိန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှု စီစဉ်ဆောင်ရွက်ခဲ့ပြီး REAL DEV စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ အစီအမံများ ဆွေးနွေးရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး ဝန်ကြီးနှင့် နောက်ဆက်တွဲ အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။
- LCG သည် မြေနုကျွန်းမြေများ စီမံခန့်ခွဲခြင်း လုပ်ငန်းဆိုင်ရာ စုပေါင်းဆွေးနွေးဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ ဦးဆောင်ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင် ရွေးချယ်ခြင်း တို့အား စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။
- Welthungerhilfeသည် ရောဝတီတိုင်းဒေသကြီးနှင့် မျိုးစေ့ကဏ္ဍ ရပ်ဝန်း အစည်းအဝေးများနှင့် ရောင်းသူဝယ်သူ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲ ၏ တစ်စိတ်တစ်ဒေသအဖြစ် တိုင်းဒေသကြီး မျိုးစေ့ ပြပွဲများ ကျင်းပခဲ့ပါသည်။ ယင်းတွင် တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရ မှ အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

**AP–၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည့် LIFT မှ ထောက်ပံ့ပေးခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

LIFT မှ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများအား ထောက်ပံ့ခြင်းအား ဆက်လက်ပံ့ပိုးပေးခဲ့သဖြင့် သုတေသန/ရွှေ့ပြောင်းစမ်းသပ်သည့် စီမံကိန်းလုပ်ငန်းများနှင့် စီမံကိန်း ဆောင်ရွက်ချက်များမှ အထောက်အထားများအား ကျား၊မ ရေးရာ အလေးထားသည့် တုံ့ပြန်ဆောင်ရွက်မှု/ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် အာဟာရ ဖောင်းပေး မူဝါဒ ရေးဆွဲ အကောင်အထည်ဖော်ခြင်း နှင့် စိုက်ပျိုးရေး နှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး တို့တွင် သက်ရောက်မှု ရှိစေရန်အတွက် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ဤညွှန်းကိန်းသည် LIFT ၏ အကောင်အထည် ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများ၊ မူဝါဒ အသစ်များ၊ ဥပဒေများ ပြင်ဆင်ခြင်း၊ စိုက်ပျိုးရေး၊ မြေယာ စီမံခန့်ခွဲရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများနှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ အပေါ်တွင် သီးသန့် ဦးတည် အာရုံစိုက်ပါသည်။

အစီရင်ခံခဲ့သည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှု အများစုသည် မီချီဂန် ပြည်နယ် တက္ကသိုလ် (MSU) မှ ဆောင်ရွက်ခဲ့သည့် အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေးစစ်တမ်း (READZ) နှင့် ရှမ်းပြည်နယ် အိမ်ထောင်စု၊ လယ်ယာစိုက်ပျိုးရေး နှင့် ကျေးလက်စီးပွားရေး စစ်တမ်း (SHARES) စီမံချက်များနှင့်ဆိုင်သည့် သုတေသန လုပ်ငန်းများ အပေါ် အများဆုံး အခြေခံထားပါသည်။ အပူပိုင်းဇုန် ဆိုင်ရာ သုတေသန အစီရင်ခံစာများတွင် မြန်မာနိုင်ငံ အပူပိုင်းဇုန် လယ်ယာသုံး စက်ကိရိယာ ဖြည့်တင်းပေးရေးဆိုင်ရာ စီးပွားရေး လုပ်ငန်း – ဖွံ့ဖြိုးရေး နှင့် ပြုပြင်ပြောင်းလဲရေး နှင့် မြန်မာနိုင်ငံ အပူပိုင်းဇုန် ဆီစက် ကဏ္ဍ အစီရင်ခံစာ များပါဝင်ပါသည်။ ပထမ အစီရင်ခံစာအား မြန်မာနိုင်ငံရှိ အလျင်အမြန် ဖြစ်ပေါ်လာသည့် စက်မှု လက်ယာကဏ္ဍ ဖြစ်စဉ် နှင့် ယင်း၏ အကျိုးသက်ရောက်မှုများအား လေ့လာမှုများ အပေါ် အခြေခံထားပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ တွင် ထုတ်ဝေခဲ့ပါသည်။ [၁၁]၎င်း အစီရင်ခံစာ သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တွင် ဆောင်ရွက်ခဲ့သည့် မြို့ပြဒေသ (၅)ခု လယ်ယာသုံး စက်ကိရိယာ ရောင်းဝယ်ငှားရမ်းရေး လုပ်ငန်း ၅၇ ခုထံမှ ကောက်ယူထားသည့် စစ်တမ်းပေါ်အခြေခံ၍ လယ်ယာသုံး စက်ကိရိယာ ပေးသွင်းသည့် ကဏ္ဍမှ တွေ့ရှိချက်များအား တင်ပြထားပါသည်။ အလားတူ အဆိုပါ

၁၁ ယခင် သုတေသန မှ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်တွင် လယ်ယာသုံး စက်ကရိယာ အသုံးပြုမှု ဝယ်လိုအားဘက်မှ အချက်အလက်များ (Filipski နှင့် အခြားသူများ ၂၀၁၈), နှင့် စက်မှုလယ်ယာကဏ္ဍ တွင် ပြင်ပမှ ဝန်ဆောင်မှု ရယူခြင်း များ အား မှတ်တမ်းတင်ထားခဲ့ပါသည်။ (Belton နှင့် အခြား သူများ၂၀၁၈)

လုပ်ငန်းအများစုတွင် အပူပိုင်းဇုန်တွင် လယ်ယာသုံး စက်ကိရိယာများ ရောင်းချငှားရမ်းပေးသည့် လုပ်ငန်းတွင် စိတ်ကျေနပ်ဖွယ် ကောင်းသည့် မှတ်တမ်းများ ရှိပါသည်။

SHARES လေ့လာမှုမှ ရှမ်းပြည်နယ် တောင်ပိုင်း ကျေးလက်ဒေသ ပြုပြင်ပြောင်းလဲရေး– ရှမ်းပြည်နယ် စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသ စီးပွားရေး စစ်တမ်း ၏ ရပ်ရွာလူထု ကဏ္ဍ၏ ရလဒ်များ အမည်ရသည့် သုတေသန အစီရင်ခံစာ ထုတ်ဝေနိုင်ခဲ့သည်။ စိုက်ပျိုးမြေ၊ စက်မှုလယ်ယာကဏ္ဍနှင့် လယ်ယာပြင်ပ အလုပ်အကိုင်တို့အား လွှမ်းခြုံထားသည့် ရှမ်းပြည်နယ် တောင်ပိုင်း ကို အထူးပြုထားသည့် အစီရင်ခံစာ နှစ်စောင် အားလည်း ထုတ်ဝေခဲ့ပါသည်။ SHARES ၏ လယ်ယာပြင်ပ တန်ဖိုးမြင့် ကွင်းဆက် အစိတ်အပိုင်း စစ်တမ်းများသည် လုပ်ရှားဆောင်ရွက်သူ သုံးဦး ဖြစ်သည့် ပြောင်းကုန်သည်များ၊ လယ်ယာ သွင်းအားစု ပေးသွင်းသူများနှင့် လယ်ယာသုံးစက်ကိရိယာ ရောင်းဝယ်ငှားရမ်းသည့် လုပ်ငန်းများမှ ပေးသွင်းသူဖက်၏ အချက်အလက်များ ပံ့ပိုးပေးခြင်းဖြင့် ပြောင်း စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍအား ဝယ်လိုအား ဖက်မှ အာရုံစိုက် ဆောင်ရွက်ထားပါသည်။ SHARE ၏ လယ်ယာပြင်ပ တန်ဖိုးမြင့် ကွင်းဆက် အစိတ်အပိုင်း စစ်တမ်းမှ ရှမ်းပြည်နယ်ရှိ ပြောင်း တန်ဖိုးမြင့်ကွင်းဆက်ရှိ လယ်ယာ ပြင်ပ အစိတ်အပိုင်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသွင်ပြောင်းလဲခြင်း နှင့် ရှမ်းပြည်နယ်တွင် လယ်ယာသုံး စက်ကိရိယာ စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု – နှိုင်းယှဉ် ဆန်းစစ်ခြင်းဟု အမည်ရသည့် သုတေသန အစီရင်ခံစာ နှစ်စောင် ထွက်ရှိခဲ့ပါသည်။ ကြက်/ဘဲ နှင့် ဝက် တို့မှအပ MSU ၏ သုတေသန စီမံချက်မှ ကောက်ယူခဲ့သည့် အဓိက စစ်တမ်း ကိန်းဂဏန်းတွဲများအား USAID ၏ ဝက်ဘ်ဆိုဒ်တွင် မည်သူမဆို ရယူနိုင်ပြီး မြန်မာနိုင်ငံရှိ စိုက်မွေးဆည် ဝန်ကြီးဌာန နှင့် ရေဆင်းတက္ကသိုလ် ဝန်ထမ်းများအားလည်း မျှဝေခဲ့ပါသည်။

စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) နှင့် MS-NPAN တို့အတွက် အထောက်အကူပြုသည့် စိုက်ပျိုးရေးသုတေသန၏ အခန်းကဏ္ဍ မှ မူဝါဒဆိုင်ရာ လက်လှမ်းမီ ရောက်ရှိစေရေးအတွက် မြန်မာနိုင်ငံရှိ အိမ်ထောင်စု အစားအသောက် စားသုံးသည့် ပုံသဏ္ဍာန်များ နှင့် အာဟာရပြည့်ဝသည့် အစားအစာများအား ငွေကြေးအရ တတ်နိုင်မှုအား ပြုစုခဲ့ပါသည်။ ဤ အစီရင်ခံစာတွင် မြန်မာနိုင်ငံတွင် အာဟာရပြည့်ဝသည့် အစားအစာများ လက်လှမ်းမီ ရရှိစေရေးအတွက် လက္ခဏာ သုံးရပ်ဖြစ်သည့် (က) အာဟာရပြည့်ဝသည့် အစားအစာများအဖြစ် ပြည်တွင်း နှင့် နိုင်ငံတကာ အဓိပ္ပါယ် ဖွင့်ဆိုမှုများ နှင့် ဆက်နွယ်နေသည့် အိမ်ထောင်စု အစားအသောက် စားသုံးသည့် ပုံသဏ္ဍာန်များ ခ) အာဟာရပြည့်ဝသည့် အစားအစာ များ၏ တန်ဖိုး နှင့် ငွေကြေးအရ တတ်နိုင်မှု (ဂ) အာဟာရ ပြည့်ဝသည့် အစားအစာ တန်ဖိုး၏ အဓိကမောင်းနှင်အားများကို ဆန်းစစ်သုံးသပ်သည့် မကြာသေးမီက ဆောင်ရွက်ခဲ့သော တစ်နိုင်ငံလုံးအတိုင်းအတာကို ကိုယ်စားပြုသည့် အိမ်ထောင်စု လူနေမှု အဆင့်အတန်း စစ်တမ်းနှစ်ခု မှ အိမ်ထောင်စု အစားအသောက် စားသုံးမှု အချက်အလက်များကို အသုံးပြုထားပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) ၏ သီးနှံနှင့် ဆည်မြောင်း ကဏ္ဍခွဲ ဆိုင်ရာ အဓိက စီမံကိန်း ဦးစားပေး အတွက် သုတေသန ပင်မစီမံချက် ရေးဆွဲရန် မဏ္ဍိုင် ၂ အား ပံ့ပိုးပေးသည့် အနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး သုတေသန စွမ်းဆောင်ရည် နှင့် တိုးချဲ့ပညာပေးရေး ချိတ်ဆက်မှုများ – အကဲဖြတ် သုံးသပ်ခြင်း နှင့် ထောက်ခံ အကြံပြုချက်များ အစီရင်ခံစာ အား ရေးသားပြုစုခဲ့ပါသည်။ MSU မှ သုတေသန အစီရင်ခံစာများအပြင် မြန်မာနိုင်ငံ အလယ်ပိုင်း ရှိ ကျေးလက်ဒေသ အသွင်ပြောင်းရေး အမည်ရသည့် ဂျာနယ် ဆောင်းပါး တစ်ခု ထုတ်ပြန်ခဲ့ပါသည်။

## စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး စနစ်များ– စနစ် အဆင့်

### AS-1: အားလုံးပါဝင်သော ရာသီဥတု နှင့် သဟဇာတ ဖြစ်သည့် အာဟာရ ဖော်ဆောင်ပေး စိုက်ပျိုးရေး တန်ဖိုးမြင့် ကွင်းဆက် လှုပ်ရှား ဆောင်ရွက်သူများ

### AS-၁.၁ LIFT မှ ပံ့ပိုးပေးသည့် အားလုံးပါဝင်သော ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဖော်ဆောင်ပေး စိုက်ပျိုးထုတ်လုပ်မှုကို မြင့်တင်ပေးသည့် တန်ဖိုးမြင့် ကွင်းဆက် ဝန်ဆောင်မှု ပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) အရေအတွက်

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း ငါးဖွဲ့ (Mercy Corps, NAG, Metta, IFDC and CDN) မှ စုပေါင်းပြီး ၂၀၁၉ ခုနှစ်တွင် ဝန်ဆောင်မှု ပေးသူ ၆၅ ဦးထံ ရောက်ရှိရန် မှတ်တိုင်ထက် ကျော်လွန်၍ တန်ဖိုးမြင့် ကွင်းဆက် ဝန်ဆောင်မှု ပေးသူ စုစုပေါင်း ၁၅၈ ဦးထံ ရောက်ရှိခဲ့ပါသည်။ အားလုံးပါဝင်သော ရည်မှန်းထားသည့် ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဖော်ဆောင်ပေး စိုက်ပျိုး ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်အတွက် ဆောင်ရွက်သည့် အဓိက လုပ်ငန်းများ၏ ဥပမာ အချို့မှာ –

**IFDC** မှ တောင်သူလယ်သမားများအား ဦးတည်သည့် အမျိုးမျိုးသော ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဖော်ဆောင်ပေး စိုက်ပျိုးရေး သင်တန်းများ ပေး၍ မြှင့်တင်ပေးရန် ရွေးချယ်ခဲ့သည့် အမျိုးသမီး ၃၈ ရာခိုင်နှုန်း ပါဝင်သည့် သွင်းအားစု ဝန်ဆောင်မှု ပေးသူ (ISP) ၂၉ ဦး အား ကူညီပံ့ပိုးမှုပေးအပ်ခဲ့ပါသည်။ IFDC ၏ စံ သတ်မှတ်ထားသည့် သင်တန်းအစုတွဲတွင် မျိုးစေ့၊ မြေဩဇာ နှင့် သဘာဝပတ်ဝန်းကျင်မပျက်စီးစေသည့် စိုက်ပျိုးရေး စနစ်၊ အိမ်ခြံ ဥယျာဉ် စိုက်ပျိုးရေး၊ GAP/ ရိတ်သိမ်းချိန်လွန် နှင့် သစ်ရွက်စိမ်း မြေဩဇာ နှင့် မြေဆွေး ကဲ့သို့သော အကြောင်းအရာ များ ပါဝင်ပါသည်။

**NAG-ICAWR:** NAG မှ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (FDA) များ ဖွဲ့စည်းထားသည့် မြို့နယ် ၁၉ မြို့နယ်အား ပံ့ပိုးကူညီမှုကို တိုးချဲ့ခဲ့ပါသည်။ ပူးတွဲ စီမံခန့်ခွဲမှု အသင်းမှတဆင့် အင်း/တင်ဒါ လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုမိန့် လျှောက်ထားရန် စိတ်ဝင်စားသည့် ဒေသခံ ရေလုပ်သား အုပ်စုများ အား ကူညီပံ့ပိုးပေးရန် နှင့် ညှိနှိုင်းဆောင်ရွက်ရန် အတွက် ခရိုင်များ၊ မြို့နယ်များနှင့် ကျေးရွာများတွင် FDA ပေါင်း ၆၄ ဖွဲ့ တည်ထောင်ခဲ့ပါသည်။ NAG သည် FDA မှတဆင့် ငါးဖမ်းကွက် ၁၆၈ ခု ( အင်း ၁၂၂ခု၊ တင်ဒါ ၄၃ခု နှင့် ဘုံငါးဖမ်းကွက် ငါးလုပ်ငန်း ၃ ခု) အတွက် လုပ်ကိုင်ခွင့် လျှောက်ထားသည့် ရပ်ရွာလူထုများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ ရပ်ရွာလူထု အုပ်စုများအား စုစုပေါင်း ငါးဖမ်းကွက် ၁၆၆ ခု (အင်း ၁၁၉ခု၊ တင်ဒါ ၄၄ခု နှင့် ဘုံငါးဖမ်းကွက် ငါးလုပ်ငန်း ၃ ခု) လုပ်ပိုင်ခွင့်ပြုခဲ့ပါသည်။ အဆိုပါ အုပ်စုများ ရေရှည်တည်တံ့မှု ၏ တစိတ်တဒေသအဖြစ် လေ့ကျင့်ထားသည့် ရေလုပ်ငန်း ပူးတွဲ စီမံခန့်ခွဲမှု အုပ်စုဝင်များမှ ပူးတွဲ စီမံခန့်ခွဲမှုများအား ကျွမ်းကျင်စွာ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ရပ်ရွာလူထုအနေဖြင့် သဘာဝ သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် စိတ်ပါဝင်စားမှု အားကောင်းစေရန် တို့အတွက် ကူညီပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။

တောင်တန်းဒေသ စီမံချက်တွင် ပါဝင်သည့် မေတ္တာသည် လယ်ယာထုတ်ကုန်မှ ဈေးကွက်တင်သည်အထိ တန်ဖိုးမြင့်ကွင်းဆက် ချဉ်းကပ်နည်းလမ်း မှတဆင့် စိုက်ပျိုးစီးပွား လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ အာဟာရဓာတ်ပါဝင်မှု မြင့်မားသည့် အစားအသောက်များ နှင့် ဂေဟစနစ်နှင့် ကိုက်ညီသည့် လယ်ယာလုပ်ငန်းများနှင့် ပတ်သက်သည့် အသိအမြင်များအား စားသုံးသူများအကြား မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

လုပ်ငန်းအားလုံးအား တောင်သူသင်တန်းကျောင်းဆင်းများ၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု အဖွဲ့ဝင်များ နှင့် အများပိုင် သစ်တော စီမံခန့်ခွဲမှု အဖွဲ့ဝင်များ ဖြစ်သည့် တောင်သူများက စီမံခန့်ခွဲပါသည်။ အဖွဲ့ဝင် ၃၅ ရာခိုင်နှုန်း မှာ အမျိုးသမီးများ ဖြစ်ပါသည်။

**AS–၁.၂ စီးပွားရေးတိုးတက်ကြောင်း အသိပေးအစီရင်ခံသည့် LIFT မှ ထောက်ပံ့ ပေးထားသော သွင်းအားစု ဝန်ဆောင်မှုပေးသူများ၏ ရာခိုင်နှုန်း/ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ပံ့ပိုးပေးထားသည့် သွင်းအားစု ဝန်ဆောင်မှု ပေးသူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် ညွှန်းကိန်းအသစ် ဖြစ်ပါသည်။ LIFT မှ ကျေးလက်နေ အိမ်ထောင်စုများအား ၎င်းတို့လုပ်ငန်းဆောင်ရွက်နေသည့် လယ်ယာ ထွက်ကုန် တန်ဖိုးမြှင့် ကွင်းဆက်တွင် တန်ဖိုး မြှင့်တင်ခြင်းမှ အကျိုးရရှိစေရန် ကူညီပံ့ပိုးပေးခြင်း မှတဆင့် 'တက်လှမ်း'၊ 'ထွက်ခွါ' (သို့) 'တောင့်ထား' ရန် ကူညီ ပံ့ပိုးပေးသည့် ဝန်ဆောင်မှု ပေးအပ်သူများအား ကူညီပံ့ပိုးပေးပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား (သွင်းအားစု ပေးသွင်းသူများအတွက်) ပေးသွင်းသည့် သွင်းအားစု အရေအတွက်နှင့် တန်ဖိုး၊ (ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများအတွက်) ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ၏ တန်ဖိုး (သို့) သွင်းအားစု/ဝန်ဆောင်မှု ပေးခြင်းမှ ရရှိသည့် စုစုပေါင်း ဝင်ငွေ (သို့) အသားတင် အမြတ်ငွေတို့ ပါဝင် လွှမ်းခြုံထားသည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ မှ ထောက်ပံ့ပေးထားသည့် သွင်းအားစု ဝန်ဆောင်မှုပေးသူ ၇၂ ဦးအနက် ၇၁ ဦး၊ IFDC (၃၀ အနက်မှ ၂၉ )၊ WHH (၃၇ အနက်မှ ၃၇) နှင့် NAG (၅ အနက်မှ ၅) တို့က အစီရင်ခံသည့် ကာလအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်ဟု အသိပေးအစီရင်ခံခဲ့ပါသည်။ LIFT ၏ ကူညီပံ့ပိုးမှုက အမျိုးမျိုးသော ဈေးကွက်လှုပ်ရှားဆောင်ရွက်သူများ အများအပြား နှင့် စိုက်ပျိုးရေး ဦးစီးဌာနကြားတွင် ကွန်ရက်များ နှင့် ချိတ်ဆက်မှုများ ခိုင်မာအားကောင်းစေရန် အာရုံစိုက်ပါသည်။ အဆိုပါ ချိတ်ဆက်မှုများသည် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ဈေးကွက် ဝန်းကျင် နှင့် စွမ်းဆောင်ရည်ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရန်အတွက် အရေးပါပြီး ရေရှည်တည်တံ့သည့် နေရာပံ့ပိုးပေးပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ မှ ထောက်ပံ့ကူညီပေးထားသည့် သွင်းအားစု ဝန်ဆောင်မှုပေးသူများမှာ အစီရင်ခံခဲ့သည့် ပြီးစီးအောင်မြင်မှု၏ ၉၈.၆ ရာခိုင်နှုန်းအား ကိုယ်စားပြုပါသည်။

IFDC တောင်တန်းဒေသ စီမံချက် (စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက်– တောင်တန်းဒေသ) – စီမံချက်မှ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တောင်သူ သင်တန်းများ၊ သရုပ်ပြပွဲများ၊ တောင်သူကွင်းဆင်းနေ့များနှင့် ဝင်ငွေနည်း လုပ်ကွက်ငယ် တောင်သူများနှင့် သွင်းအားစု ဝန်ဆောင်မှုပေးသူ (ISP) များအား စီးပွားရေး မြှင့်တင်ပေးရန်အတွက် ဦးတည်ရည်ရွယ်သော စရိတ်မျှပေး ထောက်ပံ့မှု ပုံစံတို့အား ပံ့ပိုးပေးခဲ့ပါသည်။ ISP ၃၀ အား ရွေးချယ်၍ စီးပွားရေး စီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာ၊ ထုတ်ကုန်ဆိုင်ရာ အသိအမြင် နှင့် စိုက်ပျိုးရေးဦးစီး ဌာနနှင့် ပိုမို ခိုင်မာအားကောင်းသည့် ဆက်ဆံရေးများ တည်ဆောက်ခြင်းတို့အတွက် လေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။ ISP များသည် ထောက်ပံ့ငွေ ၏ ၂၅–၃၀ ရာခိုင်နှုန်းကြားအား တောင်သူ ဘောင်ချာများအတွက်၊ ၂၅ ရာခိုင်နှုန်းအား နည်းပညာ လွှဲပြောင်းပေးမှုအတွက် နှင့် ၅၀ ရာခိုင်နှုန်းအား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုရန် လိုအပ်သည့် စီးပွားရေးဆိုင်ရာ ထောက်ပံ့မှုများ ရရှိခဲ့ပါသည်။ ISP များမှ တောင်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် ကူပွန်များအား ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ နည်းကိရိယာ အဖြစ် တိုးမြှင့် အသုံးပြုရန် ကူပွန် ၃,၀၀၀ ကျော် ဖြန့်ဖြူးပေးခဲ့ပါသည်။ ISP များမှ ကူပွန်များသည် ၎င်းတို့ ဆိုင်များ၏ လက်ရှိငွေစုဈေးသူများနှင့် ငွေစုဈေးသူအသစ်များအား ၎င်းတို့ဆိုင်များမှ လာရောက်ဝယ်ယူရန်အတွက် တိုက်တွန်းအားပေးရာတွင် အကောင်းဆုံးနည်းလမ်း ဖြစ်ကြောင်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။

**WHH– ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Rice Seed Sector Development – RSSD)** –ဤစီမံချက်သည် အမျိုးသမီးများနှင့် အမျိုးသား တောင်သူလယ်သမားများအနေဖြင့် ပိုမိုကောင်းမွန်ပြီး လိုက်လျောညီထွေ ဖြစ်အောင် စီမံထားသည့် စပါးမျိုးကွဲ အမျိုးမျိုး၏ အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များအား လက်လှမ်းမီ အသုံးပြုမှုတို့ကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။ စီမံချက် အစိတ်အပိုင်း လေးခုအနက်မှ သုံးခုသည် မျိုးစေ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ မျိုးစေ့ အရည်အသွေး ယုံကြည်စိတ်ချရမှု ခိုင်မာအားကောင်း စေခြင်း နှင့် မျိုးစေ့ကဏ္ဍ ညှိနှိုင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေခြင်းတို့အား ကူညီပံ့ပိုးပေးရန် အာရုံစိုက်ပါသည်။ မျိုးစေ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် စီမံချက်မှ စပါးမျိုးစေ့ ထုတ်လုပ်သူများ၏ စီးပွားရေး လုပ်ငန်းများ မြှင့်တင်ပေးရန် စီမံကိန်းလုပ်ငန်း အချို့ ဆောင်ရွက်ခဲ့ပါသည်။

**အမျိုးသမီး မျိုးစေ့ စိုက်ပျိုးသူများအတွက် ပူးတွဲ ရင်းနှီး မြှုပ်နှံမှု ထောက်ပံ့ငွေများ** – ဤစီမံချက် လုပ်ငန်းသည် ကျား၊မ ရေးရာ လေ့လာမှုနှင့် စီမံချက် အကဲဖြတ်သုံးသပ်ခြင်း မှ အကြံပြုထောက်ခံချက်များ အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသမီး မျိုးစေ့ထုတ်လုပ်သူများ၏ လျှောက်လွှာ ၂၃ စောင်အနက်မှ အသေးစား အားပေး ထောက်ပံ့မှု ရန်ပုံငွေ ရရှိရန်အတွက် အရည်အချင်းပြည့်မီစေရန် အမျိုးသမီး ဦးဆောင်သည့် မျိုးစေ့ လုပ်ငန်း ဆယ်ခုအား ယှဉ်ပြိုင်ရွေးချယ်ခဲ့ပါသည်။ ထောက်ပံ့မှု မပါဝင်သည့် စီမံချက် သက်တမ်းတိုးကာလတွင် အမျိုးသမီးများ ဦးဆောင်သည့် မျိုးစေ့ စိုက်ပျိုးသည့် လုပ်ငန်းများအား ထောက်ပံ့ပေးရန် ကန်ဒေါ်လာ ၅၀,၀၀၀ ခွဲဝေသတ်မှတ်ခဲ့ပါသည်။ မျိုးစေ့ စိုက်ပျိုးသူ အမျိုးသမီး တစ်ဦးချင်းစီအား ၎င်းတို့ တစ်ဦးချင်းစီ၏ ပံ့ပိုးထည့်ဝင်မှု အနည်းဆုံး ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် ကန်ဒေါ်လာ ၅,၀၀၀ စီ ပေးအပ်ခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေများအား သိုလှောင်ရုံတည်ဆောက်ခြင်း နှင့် လယ်ယာသုံး စက်ကရိယာ ဝယ်ယူရန်အတွက် အသုံးပြုခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် သိုလှောင်ရုံများ ဆောက်လုပ်ရန် နှင့် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရန်အတွက် ကနဦး ပံ့ပိုးပေးသည့် ရန်ပုံငွေများအား ဒီဇင်ဘာလတွင် ပေးအပ်ခဲ့ပါသည်။

**ရွှေခေတ်အားမာန်အတွက် မတည် ရန်ပုံငွေ တည်ထောင်ခြင်း** – ရွှေခေတ်အားမာန် (SKAM) မျိုးစေ့ စိုက်ပျိုးသူ အသင်း၏ ဈေးကွက်ယှဉ်ပြိုင်မှုကို မြှင့်တင်ရန် စီမံချက်မှ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖြစ် ကန်ဒေါ်လာ၂၅,၀၀၀ ပံ့ပိုးပေးခဲ့ပါသည်။ SKAM အဖွဲ့ဝင် ၇၃ ဦးမှ ၂၀ရာခိုင်နှုန်း ထည့်ဝင်ခဲ့ပါသည်။ SKAM သည် ၉၉ရာခိုင်နှုန်း ပြန်လည်ပေးဆပ်နိုင်ခဲ့ပြီး မတည် ရန်ပုံငွေ ပထမစက်ဝန်းအား အောင်မြင်စွာ စီမံခန့်ခွဲနိုင်ခဲ့ ပါသည်။ ပျမ်းမျှချေးငွေ ပမာဏမှာ ကျပ် ၂၅၀,၀၀၀ – ၄၀၀,၀၀၀ (ကန်ဒေါ်လာ ၁၆၅–၂၆၀) အတွင်းဖြစ်ပြီး မျိုးစေ့ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုတို့အတွက် အဓိကထား အသုံးပြုပါသည်။ အုပ်စုများအနေဖြင့် ဈေးကောင်းဖြင့် မျိုးစေ့တင်းပေါင်း ၄,၀၀၀ ခန့် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါသည်။ မတည် ရန်ပုံငွေမှ ရရှိသည့် အမြတ်အစွန်းများသည် SKAM ၏ အဖန်ဖန်တလဲလဲ ကုန်ကျသည့် စရိတ်များအား ကာမိပြီး အသင်း၏ မျိုးစေ့ စီးပွားရေးလုပ်ငန်းတွင် ပြန်လည် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**NAG–ICAWR** စီမံချက်မှ ရေလုပ်သား အသိုက်အဝန်းများအား အခြားနည်းလမ်းနှင့် ဝင်ငွေရလမ်း ရရှိသည့် အခွင့်အလမ်းများ လက်လှမ်းမီ ရရှိမှုများ တိုးမြှင့်ရန် နှင့် ၎င်းတို့၏ သဘာဝ သယံဇာတ ရင်းမြစ်များ အပေါ် မှီခိုမှုကို လျှော့ချရာတွင် အကူအညီပေးရန် ၎င်းတို့၏ စီးပွားရေး စီမံကိန်း ရေးဆွဲခြင်း နှင့် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်မှု

အတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ရေလုပ်ငန်း နှင့်ဆိုင်သည့် စီးပွားရေး လုပ်ငန်း ငါးခုအား ကူညီပေးခဲ့ပြီး ထိုလုပ်ငန်းငါးခုလုံးမှ ဝင်ငွေရလမ်း အမျိုးမျိုး ကြိုးပမ်းခြင်း၏ ရလဒ်အဖြစ် ၎င်းတို့၏စီးပွားရေးလုပ်ငန်း မှာ ဖွံ့ဖြိုးတိုးတက်မှုရှိလာကြောင်း အစီရင်ခံခဲ့ပါသည်။ ယင်းတို့တွင် – လပွတ္တာမြို့နယ် အရာတော် (ပုဇွန်ငါးပိလုပ်ငန်း)၊ သာပေါင်း မြို့နယ် ကျုံတံခွန် (ငါးပိ နှင့် ငံပြာရည်လုပ်ငန်း)၊ ပန်းတနော်မြို့နယ် မျှော့ပင် (သင်ဖျာ လုပ်ငန်း)၊ ဇလွန် မြို့နယ် ပေါက်ကုန်း (ငါးရံ့ခြောက် လုပ်ငန်း) နှင့် ဓနုဖြူ မြို့နယ် အကျော် (ငါးရံ့ခြောက် လုပ်ငန်း) တို့ ပါဝင်ပါသည်။ NAG သည် စီးပွားရေး ဖွံ့ဖြိုးမှုများ၏ စွမ်းဆောင်မှုနှင့် ဈေးကွက် အခွင့်အလမ်း တိုးချဲ့မှုများ ဆန်းစစ်ရန် ၎င်း၏ ရေလုပ်ငန်း တန်ဖိုးမြှင့် ကွင်းဆက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်မှတဆင့် ပုံမှန် ကွင်းဆင်း အကူအညီ ပေးခြင်း နှင့် စောင့်ကြည့် စစ်ဆေးခြင်း ခရီးစဉ်များ ဆောင်ရွက်ခဲ့ပါသည်။ SME များမှ တန်ဖိုးမြှင့် အာဖြဲခြောက် ထုတ်လုပ် နေသည့် လုပ်ငန်းများရှိသည့် ဒေးဒရဲ မြို့နယ်ရှိ ဘန်းကျွန်းရွာသို့ သွားရောက်ခြင်းမှ မန္တလေး ၊ ရန်ကုန် ရွှေပေါက်ကံ၊ နတ္တလင်း နှင့် ရွာသာကြီး ဈေးများမှလက်လီဈေးသည်များ နှင့် အဆက်အသွယ်များ ချိတ်ဆက်နိုင်ကြောင်း ပြသခဲ့ပြီး လက်လီရောင်းချရန်အတွက် ငါးများ တိုက်ရိုက် ပေးပို့ရောင်းချခဲ့ပါသည်။ (ဓနုဖြူမြို့နယ်) ကျော်ရွာတွင် အသင့်စား ငါးရံ့ခြောက် ထုတ်ကုန် ထုတ်လုပ်ရန်အတွင် အဖွဲ့ဝင် ၁၂ဦးအား ပံ့ပိုးပေးခဲ့ပြီး ထိုလုပ်ငန်းများမှ ၎င်းတို့၏ ဈေးကွက် ချိတ်ဆက်မှုများ အား တိုးချဲ့ခဲ့ကာ ၎င်းတို့၏ ထုတ်ကုန်များအား ရန်ကုန်၊ ဟင်္သာတနှင့် မန္တလေးတွင် ရောင်းချခဲ့ပါသည်။ ထုတ်ကုန် အနည်းငယ်မှာ စင်္ကာပူနိုင်ငံသို့ ပင် ရောက်ရှိခဲ့ပါသည်။ ထောက်ပံ့ငွေ အကူအညီ မရရှိမီ ဖျာယက်သည့် အုပ်စုများတွင် ပါဝင်သော အမျိုးသမီး ၆၅ ဦးသည် ကုန်သည်များထံမှ ချေးငွေများ ရယူပြီး ထို ကုန်သည်များထံသို့ တစ်ဝက်တစ်ပျက်ပြီးသည့် ကုန်ပစ္စည်းများအား ပုံသေဈေးနှုန်းဖြင့် ရောင်းချနေခဲ့ကြပါသည်။ စီမံချက်၏ ပံ့ပိုးမှုဖြင့် ထိုအမျိုးသမီး အုပ်စု သည် ၎င်းတို့ကိုယ်ပိုင် ကုန်ကြမ်းအား ဝယ်ယူနိုင်ပြီး ဈေးကောင်းပေးသည့် သူများအား ပြန်ရောင်းနိုင်ကြသဖြင့် အမြတ်အစွန်းရရှိမှု တိုးတက် ကောင်းမွန်လာခဲ့ပါသည်။

### AS–၁.၃ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ ရာခိုင်နှုန်း/အရေအတွက်

အကြံပေး ဝန်ဆောင်မှုများအား ကျေးရွာများရှိ လူတစ်ဦးချင်းစီအား တိုက်ရိုက် တိုးချဲ့ပညာပေးခြင်း၊ အဆင့်အမျိုးမျိုးအတွက် သင်တန်း များ ပို့ချပေးခြင်း၊ တောင်သူ သင်တန်းကျောင်းများ နှင့် ကျေးရွာနေ သင်တန်းဆရာများမှ ပို့ချပေးသည့် သင်တန်းများ အပါအဝင် နည်းလမ်း မျိုးစုံဖြင့် ပေးအပ်ခဲ့ပါသည်။ နှစ်များစွာအတွင်း LIFT မှ စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှုများ၏ ပံ့ပိုးမှုဖြင့် စိုက်ပျိုးထုတ်လုပ်နေသည့် ကျေးလက်နေ အိမ်ထောင်စု အများအပြားထံသို့ တစိုက်မတ်မတ် လက်လှမ်းမီရောက်ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း မိတ်ဖက်အဖွဲ့ အစည်းများမှ အကြံပေး ဝန်ဆောင်မှုများ ဖြင့် လူ ၃၈,၁၅၀ ဦးနီးပါး (အမျိုးသမီး ၂၈ ရာခိုင်နှုန်း) ထံ ရောက်ရှိခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် LIFT သည် ၂၀၁၀ ခုနှစ် ကတည်းက စ၍ ယခုအချိန်အထိ အိမ်ထောင်စု ပေါင်း ၃၀၂,၇၀၀ ထံ ရောက်ရှိခဲ့ပါသည်။

အစီရင်ခံခဲ့သည့် ပြီးစီးအောင်မြင်မှုများ မှာ Catholic Relief Services (CRS)၊ CDN၊ International Fertiliser Development Center (IFDC)၊ Welthungerhilfe (WHH–RSSD)၊ MercyCorps၊ NAG နှင့် Myanmar Institute for Integrated Development (MIID) တို့မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများမှ အဓိက ရရှိခဲ့ပါသည်။

The Consortium of Dutch NGOs (CDN) သည် ထုတ်လုပ်သူ အုပ်စု များအား သင်တန်းပေးမှု၊ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေးခြင်းများ ၊ ရေအခြေခံ အဆောက်အဦ/အရင်းအမြစ် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း နှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း သင်တန်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ နှင့် မြေဆီလွှာအတွင်းရှိ အပင်အာဟာရ စီမံခန့်ခွဲမှု သင်တန်း ကဲ့သို့သော စီမံချက် လုပ်ငန်းများ မှတဆင့် အသိအမြင် တိုးပွါးစေရန် ပံ့ပိုးပေးခဲ့ပါသည်။

*ဇယား ၂.၇– စီမံကိန်းအစဆင့် AS–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| AS–၁.၁ LIFT မှ ပံ့ပိုးပေးသည့် အားလုံးပါဝင်သည့်၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဖောင်းပေး စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် တန်ဖိုးမြှင့် ကွင်းဆက် ဝန်ဆောင်မှုပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) အရေအတွက် | မရနိုင်ပါ | ၁၅၈ | ၁၅၈ | ၆၅ | ၂.၄၃ | IPs |
| AS–၁.၂ စီးပွားရေးတိုးတက်ကြောင်း အသိပေး အစီရင်ခံသည့် LIFT မှ ပံ့ပိုးပေးထားသော သွင်းအားစု ဝန်ဆောင်မှုပေးသူများ၏ ရာခိုင်နှုန်း/ အရေအတွက် | မရနိုင်ပါ | ၇၁ | ၇၁ | ၄၅ | ၁.၅၇ | IPs |
| AS–၁.၃ ၁.၃ LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ ရာခိုင်နှုန်း/ အရေအတွက် | ၂၆၄,၆၀၆<br>၉၄,၄၀၈ **မ**<br>၁၇၀,၁၉၈ **ကျား** | ၃၈,၁၅၄<br>၁၀,၆၄၀ **မ**<br>၂၇,၅၁၄ **ကျား** | ၃၀၂,၇၆၀<br>၁၀၅,၀၄၈ **မ**<br>၁၉၇,၇၁၂ **ကျား** | ၂၈၈,၀၀၀ | ၁.၀၅ | Ips |
| As–၁.၄ LIFT ၏ ပံ့ပိုးမှုဖြင့် အားနည်းထိခိုက်လွယ်သူများ အတွက် ဖန်တီးပေးခဲ့သည့် တန်ဖိုးမြှင့်ကွင်းဆက် နှင့် ဆိုင်သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အရေအတွက် | မရနိုင် | ၅၉၁ | ၅၉၁ | ၅၀၀ | ၁.၁၈ | IPs |

**WHH-RSSD** စီမံချက် မှ တောင်သူများနှင့် စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများအား အခြေခံမျိုးစေ့အဆင့် အပလီကေးရှင်း သင်တန်းများပေးခြင်း၊ တောင်သူများနှင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား အရည်အသွေးကောင်း မျိုးစေ့ အပလီကေးရှင်း သင်တန်းများပေးခြင်း တို့ဖြင့် အကြံပေး ဝန်ဆောင်မှု အမျိုးမျိုး ပေးခဲ့ပါသည်။

**CRS** မှ ကွင်းဆင်းကိုယ်စားလှယ်များအတွက် မွမ်းမံသင်တန်းနှင့် ဦးဆောင်သူ မိခင်များ၊ ကိုယ်ဝန်ဆောင်များနှင့် မိခင်နို့တိုက်ကျွေးနေသူများအား အိမ်ခြံ ဥယျာဉ် စိုက်ပျိုးနည်း သင်တန်းများ ပို့ချပေးခဲ့ပါသည်။

**Mercy Corps LLM project** သည် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိက ကဏ္ဍ လုပ်ရှားဆောင်ရွက်သူများနှင့် ပူးပေါင်း၍ လယ်ယာကုန်ထုတ်လုပ်သူများအဖွဲ့ (Farmer Producer Eterprises– FPEs) များ အတွက် နည်းပညာ သင်တန်း များ ညှိနှိုင်းဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍများမှ တဖန်ပြန်လည် ပါဝင်ဆောင်ရွက်သည့် သွင်းအားစုများနှင့် သင်တန်းစီမံခန့်ခွဲသူများ (ITM) အား သင်တန်းပေးခဲ့ပါသည်။ FPE အတွင်း ITM မှ သွင်းအားစုများ လိုအပ်သည့် တောင်သူများ သတ်မှတ်ခြင်း၊ သွင်းအားစုများ ဖြန့်ဖြူးခြင်းအား ကြီးကြပ်ခြင်း နှင့် အဖွဲ့ဝင်များမှ သွင်းအားစုများအား မှန်မှန်ကန်ကန် အသုံးချခြင်း ရှိ၊ မရှိ စောင့်ကြည့် စစ်ဆေးခြင်းအား အကူအညီပေးခြင်း တို့ ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

**AS-၁.၄ LIFT ၏ ပံ့ပိုးမှု ဖြင့် ဖန်တီးပေးသည့် ထိခိုက်လွယ်သူများ အတွက် တန်ဖိုးမြင့် ကွင်းဆက် ဆိုင်ရာ အလုပ်အကိုင်များ၏ အရေအတွက်**

ဤသည်မှာ LIFT မှ ၎င်း၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် စီမံကိန်း ဆောင်ရွက်ချက်များဖြင့် ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး တန်ဖိုးမြင့်ကွင်းဆက် အတွင်း ဖန်တီးပေးသည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အရေအတွက်ကို တိုင်းတာရန် အသုံးပြုသည့် ညွှန်းကိန်း အသစ်ဖြစ်ပါသည်။ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ နှင့် အခြားထိခိုက်လွယ်အုပ်စုများအတွက် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း သုံးခု မှ ကျွမ်းကျင်မှု သင်တန်းများနှင့် ချိတ်ဆက်နေသည့် တန်ဖိုးမြင့်ကွင်းဆက်မှ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ၅၉၀ နီးပါး ဖန်တီးပေးခဲ့ပြီး စီးပွားရေး အခွင့်အလမ်းများ ပေးအပ်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။

**IFDC** မှ သင်တန်းပေးခြင်း (အော်ဂဲနစ် ထုတ်လုပ်ခြင်း၊ တိုးချဲ့ပညာပေးခြင်း နည်းပညာများ၊ အော်ဂဲနစ် စီးပွားဖြစ် ဟင်းသီးဟင်းရွက်များ၊ လယ်ယာ သီးနှံစိုက်ပျိုးရေး ပညာ သင်တန်း၊ ဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်ရေး)၊ ထုတ်လုပ်ခြင်း (ရပ်ရွာလူထု ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ခြင်း၊ မှန်လုံအိမ်၊ အိမ်ခြံ ဥယျာဉ်များ၊ ဆန်စပါးမျိုးစေ့ ထုတ်လုပ်ခြင်း) နှင့် ဈေးကွက်တင်ခြင်းတို့ အာရုံစိုက်ဆောင်ရွက်ခဲ့သည့် စီမံချက်အမျိုးမျိုးကို စတင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဖွဲ့ ရှစ်ဖွဲ့ (ကယားပြည်နယ်တွင် ငါးဖွဲ့ နှင့် ကရင်ပြည်နယ်တွင် သုံးဖွဲ့) အား ဖွဲ့စည်းပေးခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ရှစ်ဖွဲ့တွင် စုစုပေါင်း ၂၅၁ ဦး (အမျိုးသမီး ၁၄၉ ဦး) ပါဝင်ပတ်သက်ခဲ့ပါသည်။

**Mercy Corps ၏ လူငယ်များအား ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း** စီမံချက်မှ အလုပ်အကိုင် အမျိုးအစားများစွာ (ဧည့်ဝန်ဆောင်မှု၊ စက်ပြင်၊ အထည်ချုပ် နှင့် ဆောက်လုပ်ရေး) အတွက် ဈေးကွက် ဦးစားပေး ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးခဲ့သည်သာမက သင်တန်းဆင်းများအား အလုပ်အကိုင်ပြပွဲများနှင့် ဒေသတွင်းနှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ လုပ်ငန်း များနှင့် တိုက်ရိုက် ဆက်သွယ်ခြင်း တို့မှတဆင့် အလုပ်အကိုင် ချိတ်ဆက်မှုများရရန် ပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်သည် CSO မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် စွမ်းဆောင်ရှင် နှင့် ပင်လယ်ပြာ၊ လူငယ်များရှိ အစိုးရ အသက်မွေးမှု သင်တန်းကျောင်းတို့နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု မှတဆင့် စီမံချက်ပြီးဆုံးချိန်တွင် ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများ၏ စွမ်းဆောင်နိုင်မှုများ (ဈေးကွက်ဦးစားပေးသည့် သင်ရိုးညွှန်းတမ်း၊ ကျွမ်းကျင်သည့် နည်းပြများ ၊ အလားအလာရှိသော အလုပ်ရှင်များနှင့် ကွန်ရက်များ တည်ဆောက်ခြင်း အစရှိသဖြင့်) အား အတည်တကျ ဖွဲ့စည်းသတ်မှတ် ပြဌာန်းနိုင်ရန်နှင့် လူငယ်များရှိ သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများထံ ချန်ရစ်ထားနိုင်ရန်တို့အတွက် သေချာစေရန် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ အနာဂတ် အလုပ်အကိုင်ခန့်ထားရေး အခွင့်အလမ်းများအတွက် CSO များနှင့် ရန်ကုန်အခြေစိုက် လုပ်ငန်းများအကြား ချိတ်ဆက်မှုများ တည်ဆောက်ခဲ့ပါသည်။ မြေယာမဲ့သူ ၇၁၇ ဦး ကျွမ်းကျင်မှု သင်တန်း တက်ရောက်ပြီးစီးခဲ့ပြီး စုစုပေါင်း သင်တန်းဆင်း အရေအတွက် ၁,၆၈၁ဦး (အမျိုးသမီး ၃၀ ရာခိုင်နှုန်း) ဖြစ်လာခဲ့ပါသည်။ သင်တန်းဆင်း ၁,၆၈၁ ဦးအနက် ၇၉ ရာခိုင်နှုန်းမှာ အလုပ်အကိုင် ရရှိခဲ့ပါသည်။ စီမံချက်နှင့် ချိတ်ဆက်ထားသည့် အလုပ်ရှင် အရေအတွက် ၂၀၁၉ ခုနှစ်အကုန် တွင် ၁၂၆ ဦး ဖြစ်လာခဲ့ပါသည်။ နှစ်စဉ် အလုပ်အကိုင် ပြပွဲအား ပုသိမ်မြို့တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်း ၂၇ ခုနှင့် သင်တန်းဆင်း ၁၇၈ ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းဆင်း ၇၂ ဦးကျော် အလုပ်အကိုင်ခန့်ထားသည့် စာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး နောက်ထပ် လူငယ်များရှိ နယ်စပ်ရေးရာ ဝန်ကြီးဌာန သင်တန်းကျောင်း မှ ကျောင်းဆင်း ၇ ဦးတို့ ရန်ကုန်အခြေစိုက် လုပ်ငန်းများနှင့် အလုပ်အကိုင် ခန့်ထားခြင်းဆိုင်ရာ စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။

**စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ– အိမ်ထောင်စု အဆင့်**

**AH–၁: စီးပွားဖြစ်လုပ်ကိုင်မှု နှင့်/သို့မဟုတ် ကွဲပြားခြားနားသည့် ရေရှည်တည်တံ့သော အာဟာရဖော်ပေး စိုက်ပျိုးရေး မှတဆင့် ထုတ်လုပ်မှု၊ ဝင်ငွေ နှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးမြှင့်ခြင်း**

အဆိုပါ ညွှန်းကိန်းအသစ်များ ပံ့ပိုးဆောင်ရွက်ရာတွင် ကူးပြောင်းခြင်း၏ တစိတ်တဒေသအဖြစ် LIFT မှ အချက်အလက် စုဆောင်းခြင်း နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ညွှန်းကိန်း တိုင်းတာခြင်းများအတွက် တွက်ချက်နည်းများအား လမ်းညွှန်ပေးရန် အသေးစိတ် ညွှန်းကိန်း ရည်ညွှန်းစာရွက်ကို ပြုစုခဲ့ပါသည်။ သို့သော်လည်း ဤအခန်းအတွက် ညွှန်းကိန်းအချို့အား တိုင်းတာရန် အဆိုပြုထားသည့် နည်းလမ်းများမှာ ခက်ခဲရှုပ်ထွေးပြီး ကြီးမား ကျယ်ပြန့်သည့် အိမ်ထောင်စု စစ်တမ်း မှတဆင့် ဆောင်ရွက်ခြင်းက အကောင်းဆုံးဖြစ်မည်ဆိုသည်မှာ ထင်ရှားလာပါသည်။ ညွှန်းကိန်းအချို့အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက်များအနေဖြင့် ကွဲပြားခြားနားသည့် ရိတ်သိမ်းရာသီများအား ထည့်သွင်းစဉ်းစားလျက် အချက်အလက်များ စုဆောင်းရန်အတွက် သင့်လျော်သည့် စနစ်များ တည်ထောင်ရန် အချိန်ပိုမိုလိုအပ်သည့်အပြင် AMFS စီမံချက် လုပ်ငန်းရှိ စီမံချက်အားလုံးမှာ ယခင် ညွှန်းကိန်းတွဲများအား မှတ်တမ်းတင်ရန် ဆက်ခံထားသည့် စီမံချက်များ ဖြစ်ကြပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ စီမံချက်အချို့မှာ IRS ဆောင်ရွက်ပြီးစီးချိန်တွင် ပိတ်သိမ်းခဲ့ပြီး (သို့) ပိတ်သိမ်းခါနီး အခြေအနေတွင်ရှိပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်များနှင့် မျှဝေရန် အဆင်သင့် ဖြစ်နေပါသည်။

LIFT ၏ ပြီးစီးအောင်မြင်မှုများ အတိုင်းအတာ အပြည့်အဝ၏ ပိုမိုပြည့်စုံလုံလောက်သည့် အချက်အလက်များရယူရန် LIFT ၏ M&E အဖွဲ့သည် ၂၀၁၉ အိမ်ထောင်စု စစ်တမ်းတွင် ဤညွှန်းကိန်းများ ထည့်သွင်းရန်အတွက် ခြေလှမ်းသစ်တစ်ခု စတင်ခဲ့ပါသည်။ အိမ်ထောင်စု စစ်တမ်း အချက်အလက် မရှိသဖြင့် AH 1.3 မှအပ

အဆိုပါ ညွှန်းကိန်းများအား အကောင်အထည်ဖော်ရေး မိတ်ဖက် အဆင့် အချက်အလက်ပေါ်တွင် အခြေခံ၍ အစီရင်ခံခဲ့ပါသည်။ ရည်မှန်းထားသည့် မှတ်တိုင် ပြီးစီးမှုပေါ်အခြေခံပါက အစီရင်ခံခဲ့သည့် ပြီးစီးမှုများမှာ ကောင်းမွန်သော်လည်း အစီရင်ခံခြင်းတွင် လစ်ဟာမှုများ တွေ့ကြုံရကာ ထိုအကြောင်းအရာများအား ဤအခန်းအဆုံးတွင် ဖော်ပြထားသည့် LIFT၏ ပြီးစီးမှုများ အနှစ်ချုပ်တွင် ရှင်းလင်းထား ပါသည်။

**AH–၁.၁ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစု များနှင့် နည်းပညာများ (စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ပံ့ပိုးပေးသော အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့်သူများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်းအား ဆန်းစစ် အကဲဖြတ်ခြင်းမှာ ကျင့်သုံးမှုဖြစ်လာ စေသည်အထိ တည်ထောင်ပေးရန်အတွက် GAP အလေ့အကျင့်များ၊ သွင်းအားစုများ နှင့် နည်းပညာများ ရရှိသည့် တောင်သူများအား ဦးတည်ရည်ရွယ်သည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်းများမှ ဆောင်ရွက်သော ပုံမှန်နှင့် သတ်မှတ်ချိန်အလိုက် အချက်အလက် ကောက်ယူခြင်းများပေါ်တွင် မူတည်ခဲ့ပါသည်။ အချို့သော အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ အချက်အလက်များ ကောက်ယူခြင်းအား သင်တန်းတက်ခဲ့သည့် တောင်သူများအားလုံးအား ပုံမှန်နှင့် သတ်မှတ်ချိန်အလိုက် စောင့် ကြည့်စစ်ဆေးခြင်းလုပ်ငန်း ၏ တစိတ်တဒေသအဖြစ် ဆောင်ရွက်ခဲ့ ပါသည်။ အခြား သင်တန်းသား အများအပြား ရှိသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက် ကောက်ယူခြင်းများအား ကျပန်းစနစ်ဖြင့် ရွေးချယ်ထားသည့် တောင်သူ အုပ်စုများအား အခြေခံ၍ နမူနာစစ်တမ်းများ ဆောင်ရွက်ခဲ့ ပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း များမှ လူပေါင်း ၁၉,၈၀၀ ကျော် (လေ့ကျင့် သင်ကြားပေးထားသည့် ဦးရေ၏ ၆၁ ရာခိုင်နှုန်း) LIFT မှ ပံ့ပိုးပေးသည့် အကြံပေး ဝန်ဆောင်မှုများ မှ GAP၊ သွင်းအားစုများနှင့် နည်းပညာများ အသုံးပြုခဲ့သည်ဟု အစီရင်ခံတင်ပြခဲ့ပြီး ယင်းတို့အနက်မှ ၂၆ ရာခိုင်နှုန်း နီးပါးသည် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများမှ ဖြစ်ကြပါသည်။ အရေအတွက် အများဆုံးဖြင့် အစီရင်ခံသည့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများတွင် CORAD (၄,၈၀၆ဦး)၊ CRS (၃,၁၁၃ဦး)၊ Mercy Corps (၁,၃၄၂ဦး)၊ မေတ္တာ (၉၀၅ဦး) နှင့် FAO (၆၆၈ဦး) တို့ ပါဝင်ပါသည်။

မေတ္တာသည် ၎င်း၏ တောင်တန်းဒေသ စီမံချက်မှ တောင်သူသင်တန်း ကျောင်း (FFS) များ၊ တိုးချဲ့ပညာပေးသင်တန်းများ၊ သရုပ်ပြခြင်းများ နှင့် နှစ်ရှည်ပင်များနှင့် သီးနှံများအား သစ်တောတွင်း၌ ရောနှော စိုက်ပျိုးထုတ်လုပ်ခြင်းများအား အပြန်အလှန် သွားရောက်လေ့လာခြင်း မှတဆင့် ခိုင်မာသည့် ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု အုပ်စုများအတွက်မူ မြေယာပြင်ဆင်ခြင်း နှင့် သီးနှံ စီမံခန့်ခွဲခြင်းများအား အထူး အာရုံစိုက်မှု ပေးခဲ့ပါသည်။ တန်ဖိုးမြှင့်ကွင်းဆက် ထုတ်လုပ်သူ အုပ်စုများအတွက် သင်တန်း များသည် ရေရှည်တည်တံ့ ခိုင်မြဲမည့် သီးနှံ စိုက်ပျိုးရေး အလေ့အကျင့်များ၊ မျိုးစေ့ရွေးချယ်ခြင်း နှင့် အထွက်တိုးစနစ်များ နှင့် စီးပွားရေးအရ တွက်ခြေကိုက်သည့် သီးနှံဆန်းစစ်မှုတို့ကို အာရုံစိုက်ခဲ့ပါသည်။ မေတ္တာမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးခြင်းနှင့် ထွက်ပေါ်လာသည့် ရလဒ်တို့အား စစ်ဆေးရန် စီမံကိန်း အပြီးသတ် စစ်တမ်းကို ကောက်ယူခဲ့ပါသည်။ ရလဒ်များမှ လေ့ကျင့်ထားသည့်တောင်သူများသည် မိတ်ဆက်ပေးထားသည့် အလေ့အကျင့်အသစ်များ အနက်မှ အနည်းဆုံး တစ်ခုအား ကျင့်သုံးခဲ့ ကြောင်း ပြသပါသည်။ တန်ဖိုးမြှင့်ကွင်းဆက် အုပ်စုများအတွက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်တမ်းကောက်ယူသည့် ဒေသနှစ်ခု၌ ကျင့်သုံးမှု အမြင့်မားဆုံး အလေ့အကျင့်များဖြစ်သည့် မျိုးစေ့ ကျင့်သုံးမှု စနစ် (၈၂ ရာခိုင်နှုန်းနှင့် ၈၄ ရာခိုင်နှုန်းစီ)၊ အပင်များကြား နေရာ ခြားထားခြင်း (၇၂ ရာခိုင်နှုန်းနှင့် ၇၇ ရာခိုင်နှုန်းစီ)၊ တောင်ရိုးများ အသုံးပြုမှု (၇၅ ရာခိုင်နှုန်းနှင့် ၆၈ ရာခိုင်နှုန်း ) နှင့် သိုလှောင်သည့် အလေ့အကျင့်များ အသုံးချမှု (နေရာ နှစ်ခုလုံးတွင် ၉၀ ရာခိုင်နှုန်း ကျော်) တို့ အား ကျင့်သုံးခဲ့ကြောင်း သတိပြုမိခဲ့ပါသည်။

*ဇယား ၂.၈: စီမံကိန်းအဆင့် AH–၁ ညွှန်းကိန်းများ နှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| AH–၁.၁ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစုများနှင့် နည်းပညာများ(စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ထောက်ပံ့ပေးသော အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့် သူများ၏ %/အရေအတွက် | မရနိုင် | ၁၉,၈၁၉<br>၄,၇၃၁ မ<br>၁၅,၀၈၈ ကျား | ၁၉,၈၁၉<br>၄,၇၃၁ မ<br>၁၅,၀၈၈ ကျား | ၂၀,၀၀၀ | ၀.၉၉ | IPs |
| AH–၁.၂ LIFT စီမံကိန်း ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးသည့် စိုက်ပျိုးမြေ ဧရိယာ/% | မရနိုင်ပါ | ၁၇,၄၂၆ | ၁၇,၄၂၆ | ၂၄,၀၀၀ | ၀.၇၃ | စီမံကိန်း/IPs |
| AH–1.4 စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် တောင်သူများ၏ အရေအတွက်/% | မရနိုင်ပါ | ၇,၉၇၂ | ၇,၉၇၂ | ၉,၀၀၀ | ၀.၈၉ | IPs |

**AH–၁.၂ LIFT ၏ စီမံကိန်း ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးသည့် စိုက်ပျိုးမြေဧရိယာ/%**

ဤညွှန်းကိန်းမှာ အကြံပေး/တိုးချဲ့ပညာပေး ဝန်ဆောင်မှုများမှတဆင့် GAP မြှင့်တင်ပေးသည့် LIFT မှ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့ပေးသည့် တောင်သူများမှ GAP စနစ်ကို အသုံးချ၍ စိုက်ပျိုးမြေများမှ ဧရိယာများကို တိုင်းတာသည့် ညွှန်းကိန်း ဖြစ်ပါသည်။ ယင်းမှ GAP အသိအမှတ်ပြု လက်မှတ် အစီအစဉ် ရှိရန် မလိုခြင်း (သို့) ထိုသို့သော အစီအစဉ်တွင် စိုက်ပျိုးထုတ်လုပ်သူများ (သို့) ၎င်းတို့၏ စိုက်ပျိုးရေး ထုတ်ကုန်များအား အသိအမှတ်ပြုလက်မှတ် ရရှိရန် မလိုအပ်ပါ။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ တိုးချဲ့ပညာပေး အလုပ်သမားများ စနစ် မှတဆင့် (သို့) GAP ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချသည့် တောင်သူများ ရှိသည့် နေရာတွင် နမူနာ စစ်တမ်းအဖြစ် ပုံမှန် စစ်တမ်း ကောက်ယူခဲ့ကြပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း လေးဖွဲ့မှ LIFT တောင်သူများ မှ မြေဧက စုစုပေါင်း ၁၇,၄၂၆ ဧကတွင် GAP စနစ်ကို ကျင့်သုံးခဲ့သည်ဟု အစီရင်ခံတင်ပြခဲ့ပါသည်။ Mercy Corps မှ အကျိုးတူလယ်ယာစနစ်များမှ တစ်ဆင့် GAP အစီအစဉ်တွင် လယ်မြေ ၉,၈၉၁ ဧက နီးပါး ပါဝင်ကြောင်း အစီရင်ခံခဲ့ပါသည်။ CORAD မှ တောင်သူတစ်ဦးချင်း နှင့် အုပ်စုအဆင့် မှတ်တမ်းများတွင် အခြေခံ၍ GAP စနစ်ကျင့်သုံးသည့် အစီအစဉ်တွင် ၄,၉၁၁ ဧက ပါဝင်ကြောင်း အစီရင်ခံခဲ့ပါသည်။ မေတ္တာ– တောင်တန်းဒေသ စီမံချက် မှ GAP အစီအစဉ်တွင် ၂,၂၆၅ ဧက ပါဝင်ကြောင်း အစီရင်ခံခဲ့ပါသည်။ WHH–RSSD စီမံချက် မှ အသိအမှတ်ပြု မျိုးစေ့ ထုတ်လုပ်မှုအတွက် အကျိုးတူလယ်ယာ ရေ့ပြေးစမ်းသပ် ဆောင်ရွက်ခြင်းတွင် ၃၅၉.၅ ဧက ပါဝင်ကြောင်း အစီရင်ခံခဲ့ ပါသည်။ စီမံချက်၏ GAP အစီအစဉ်အောက်တွင် စိုက်ပျိုးမြေ၏ ပျမ်းမျှ ဧရိယာမှာ Mercy Corps မှ တောင်သူတစ်ဦးလျှင် ၇.၃၇ ဧက ၊ မေတ္တာ တောင်တန်း မှ ၂.၁၄ဧက နှင့် WHH–RSSD မှ ၄.၂၃ ဧက ဖြစ်ပါသည်။

**AH–၁.၄ စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် တောင်သူများ၏ အရေအတွက်/ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် ၂၀၁၉ ခုနှစ်တွင် စီမံချက် အဆင့်သစ် စတင်သည့် အချိန်မှ စ၍ စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးလာကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် အကြံပေးဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စုဝင်များ အရေအတွက်များအား တိုင်းတာပါသည်။ ရာခိုင်နှုန်းမှာ AS–၁.၃ တွင် အစီရင်ခံထားသည့် အတိုင်း ဝင်ငွေတိုးလာခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် အကြံပေး ဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း ၏ အစိတ်အပိုင်း ဖြစ်ပါသည်။ သို့ဖြစ်၍ စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခြင်းနှင့် ပတ်သက်၍ တောင်သူများ၏ သဘောထားအမြင်များပေါ်တွင်သာ အခြေခံထားပါသည်။[၁၂]

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့သုံးဖွဲ့မှ LIFT ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သည့် လယ်ယာ လုပ်ငန်းများမှ လူ ၈၀,၀၀၀ ခန့် ဝင်ငွေတိုးလာခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။ ယင်းတို့မှာ Mercy Corps (၂,၉၈၇)၊ CORAD (၄,၇၀၆) နှင့် မေတ္တာ–တောင်တန်းဒေသ (၂၇၉) တို့ ဖြစ်ပါသည်။ ပြီးစီးအောင်မြင်မှုများမှာ အကောင်အထည် မိတ်ဖက် အဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့သည့် GAPနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများအား ရရှိခဲ့သည့် အကျိုးခံစားခွင့်ရှိသူများ၏ နမူနာ စစ်တမ်း (သို့) ပုံမှန် စောင့်ကြည့်စစ်ဆေးမှုများမှတဆင့် ကောက်ယူခဲ့သည့် အချက်အလက်များပေါ်တွင် အခြေခံပါသည်။

## သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု – မူဝါဒအဆင့်

DP–1: အသစ်နှင့်/သို့ တိုးတက်လာသည့် ကျား၊ မ ရေးရာ အလေးပေးသည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များသည် အောက်ပါတို့အား ကူညီပံ့ပိုးပေးပါသည် –

- » အလုပ်သမား အခွင့်အရေး နှင့် လူမှု ကာကွယ်စောင့်ရှောက်ရေး (ဥပမာ စီ –၁၈၉၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးပေးရေး ဥပဒေ၊ လူမှုဖူလုံရေး ဥပဒေတို့အား အတည်ပြုခြင်း)
- » အလုပ်သမား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံအုပ်ချုပ်မှု (ဥပမာ – ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ အလုပ်သမား ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ လုပ်ငန်းစီမံချက်)
- » အဓမ္မအလုပ်ခိုင်းစေခြင်း၊ ကလေး လုပ်သား နှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်း (ဥပမာ– အဓမ္မအလုပ်ခိုင်းစေခြင်းဆိုင်ရာလုပ်ငန်း စီမံချက်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ)
- » အလုပ်အကိုင် နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး (ဥပမာ– ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး (TVET) ဥပဒေ၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံနှုန်း)

**DP–၁.၁ LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားနှင့် ဆက်နွယ်နေသည့် ပြည်သူရေးရာ မူဝါဒ များနှင့် စီမံကိန်းများတွင် ပြောင်းလဲမှုများ၏ အရေအတွက်**

ဤညွှန်းကိန်းအောက်တွင် အစီရင်ခံတင်ပြခဲ့သည့် ပြောင်းလဲမှုများမှာ အဓိကအားဖြင့် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာ အဖွဲ့ (ILO) နှင့် CARE တို့မှတဆင့် အောင်မြင် ရရှိခဲ့ပါသည်။

အလုပ်သမား၊ လူဝင်မှု နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MoLIP) မှ ၂၀၁၉ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ၏ အိမ်အကူ အလုပ်သမားများ ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း ကို တားမြစ်ပိတ်ပင်ထားသည်အား ဖြေလျှော့ပေးကြောင်း ကြေငြာခဲ့ပါသည်။ မူဝါဒအား အိမ်အကူ အလုပ်သမား များအား အကြမ်းဖက်ခြင်းမှ ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ် ပြဌာန်းခဲ့ပါသည်။ သို့သော်လည်း ထိုအစား တရားဝင် လမ်းကြောင်းမှ ရွှေ့ပြောင်းသွားလာခြင်းမှ အိမ်အကူ အလုပ်သမားများအား တားဆီးသည့် အကျိုးသက်ရောက်မှု ဖြစ်စေခဲ့ပြီး ၎င်းတို့အား ပိုမို၍ အားနည်း ထိခိုက်လွယ်စေအောင် ပြုလုပ်သလို ဖြစ်စေခဲ့ပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) သည် တားမြစ်ပိတ်ပင်ထားသည်အား ဖြေလျှော့ရန်နှင့် ပြည်ပတွင် အိမ်အကူအဖြစ် ပြောင်းရွှေ့လုပ်ကိုင်နေသူ များအတွက် ပိုမိုကျယ်ပြန့် ကောင်းမွန်သည့် အလုပ်သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း နှင့် ၎င်းအား အစားထိုးရန်အတွက် အသိပေး အရေး

၁၂ AH – ၁.၃ ၏ အစိတ်အပိုင်းအဖြစ် ပေါ်ထွက်လာသည့် အိမ်ထောင်စု စိုက်ပျိုးရေး ထုတ်ကုန်များ၏ အမှန်တကယ် ခန့်မှန်း တန်ဖိုးများ အသုံးပြုခြင်း ၏ အခြားနည်းလမ်း နှင့် အချိန်ကာလ အတန်ကြာပြီးနောက် နှိုင်းယှဉ်ရန်အတွက် ထို အိမ်ထောင်စုများထံ ပြန်သွားခြင်းက ဖြစ်နိုင်ချေရှိသော်လည်း အလွန်တရာ ရှုပ်ထွေး/ကုန်ကျစရိတ်များ ပါသည်၊ ဤ ညွှန်းကိန်းမှ 'အစီရင်ခံခြင်း' ဟူသည့် ဝေါဟာရ ကို လွယ်ကူရှင်းလင်းသည့် ချဉ်းကပ်နည်းလမ်းအဖြစ် သဘောသက်ရောက် စေပါသည်။

ဆိုခြင်းအား အရပ်ဘက် လူ့အဖွဲ့အစည်း နှင့် အလုပ်သမား အဖွဲ့အစည်းများနှင့်အတူ နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ပါသည်။

ILO ၏ စီမံချက် လုပ်ငန်းများမှတဆင့် ဖြစ်ပေါ်လာသည့် အခြားထင်ရှားသည့် အပြောင်းအလဲများတွင် အောက်ပါတို့ပါဝင်ပါသည် –

- » အိမ်အကူအလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းအား ပိတ်ပင်တားဆီးခြင်းကို ဖယ်ရှားခြင်း
- » လုပ်သား ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှု ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်
- » အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများ နေရပ်ပြန်ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း
- » အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများအား ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရုံးခွဲများ ဖွင့်ရန် ခွင့်ပြုသည့် ညွှန်ကြားချက်
- » အမျိုးသမီးများအား အလုပ်သမား သံအရာရှိများအဖြစ် အလုပ်အကိုင်လျှောက်ထားခွင့်ပြုခြင်း

ILO ၏ လုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်သည် ပြည်ထောင်စု နှင့် ပြည်နယ်အဆင့်များ မှ ပုဂ္ဂလိက ကဏ္ဍ၊ နည်းပညာဆိုင်ရာ အစိုးရ ဌာနများအား အတူတကွ စုစည်းပြီး ဒေသတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ကဏ္ဍ အသိအမှတ်ပြု သည့် ပထမဆုံး အသိအမှတ်ပြု လုပ်သားများ ကျွမ်းကျင် မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးဌာန (NSSA)တည်ထောင်ရန်အတွက် ကြိုတင်ပြင်ဆင်ပေးခဲ့ပါသည်။ စီမံချက်သည် နေပြည်တော်ရှိ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန မှ NSSA အဖွဲ့မှ စာရွက်စာတမ်း လျှောက်ထားပြင်ဆင်ခြင်းနှင့် ဟိုတယ် အဆောက်အဦ ပံ့ပိုးမှု အင်္ဂါရပ်အား စစ်ဆေးခြင်း တို့အား ကူညီဆောင်ရွက်ပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အဖွဲ့အစည်း အမျိုးမျိုး (အစိုးရ/အန်န်ဂျီအိုများ/INGOများ) မှ လေ့ကျင့်သင်တန်းပေးခဲ့သည့် အကျိုးခံစားခွင့်ရှိသူများသည် အကဲဖြတ်ဆန်းစစ်မှု ခံယူရန် အခွင့်အရေး ရမည် ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်ထားခြင်းသည့် နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပတွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိ စေပါသည်။

Care ၏ အောင်မြင်မှု စီမံချက်မှ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေတွင် ကျား၊မ ရေးရာ အလေးထားမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုတို့အား ထည့်သွင်းနိုင်ရန် အားပေးထောက်ခံခဲ့ပါသည်။မြန်မာနိုင်ငံရှိ လက်ရှိအလုပ်သမား ဥပဒေများသည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအား တားဆီးကာကွယ်ရန် (သို့) ပြန်လည် ပြင်ဆင်ရန် လုံလောက်သည့် လုပ်ထုံးလုပ်နည်းများ ပံ့ပိုးပေးခြင်း မရှိဘဲ ဂုဏ်သိက္ခာ ထိခိုက်မည်ကို စိုးရိမ်သဖြင့် စက်ရုံပိုင်ရှင် အများအပြားကြားတွင် ထိုပြဿနာကို အသိအမှတ် ပြုရန် ပြင်းပြင်းထန်ထန် ငြင်းဆန်ကန့်ကွက်လျက်ရှိပါသည်။ ဤပြဿနာအား ဖြေရှင်းရန် အောင်မြင်မှု စီမံချက်မှ လွှတ်တော်အမတ်များအား တိုက်ရိုက် တွေ့ဆုံ၍ အသိပေးအရေးဆိုခြင်း၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးမှု ဖိုရမ် မှ မူဝါဒရေးရာ အပြောင်းအလဲများအတွက် အရေးဆိုနိုင်ရန် အမျိုးသမီး အလုပ်သမားများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးရန် နှင့် စည်းရုံးလှုံ့ဆော်ရန် တို့အတွက် အခြား အမြင်တူသည့် အဖွဲ့အစည်းများ (Fair Wear ဖောင်ဒေးရှင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် နှင့် APHEDA) တို့ နှင့် မဟာမိတ် အဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။ ရလဒ်အနေဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ တွေ့ကြုံခံစားရသည့် အလုပ်သမားများအတွက် တားဆီးကာကွယ်ခြင်းနှင့် ပံ့ပိုးကူညီခြင်းအပြင် ကျား၊မ ရေးရာ အလေးပေးမှုနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများနှင့်ဆိုင်သည့် အခြားထောက်ခံတင်ပြထားသည့် ပြောင်းလဲမှု လေးခု တို့အား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းခဲ့သော နောက်ဆုံး အတည်ဖြစ်သည့် ပုဒ်မများအဖြစ် ထည့်သွင်းခဲ့ပါသည်။

**DP–၁.၂ အစိုးရကဏ္ဍ အလုပ်သမား ဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း/ အသုံးစရိတ်တို့တွင် LIFT မှ ကူညီပံ့ပိုးပေးခဲ့သည့် ပြောင်းလဲမှု အရေအတွက်**

CARE ၏ အောင်မြင်မှု စီမံချက်မှ အသိပေးအရေးဆိုခြင်းနှင့် နည်းပညာဆိုင်ရာ အကူအညီပေးခြင်း ကြိုးပမ်းမှုများ မှ တဆင့် နိုင်ငံတကာ ဘေးကင်းလုံခြုံရေးဆိုင်ရာ စံနှုန်းများနှင့် လေးစားလိုက်နာခြင်းတို့အား ဖြည့်ဆည်းပေးရန်အတွက် မြောက်ဒဂုံမြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန (MOBA) ၏ သင်တန်းဗဟိုဌာနအား ပြုပြင်မွမ်းမံပြီး စက် ၁၃၀ လုံးအား အစားထိုးလဲလှယ် ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် သင်တန်းကျောင်းအား ပြန်လည် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသုံးမျိုး ပို့ချခဲ့ကာ အထည်ချုပ်လုပ်ငန်းတွင် စုစုပေါင်း စက်ချုပ်သူ ၃၂၄ ဦး အား သင်တန်းပေးခဲ့ပါသည်။

ILO မှ အလုပ်ဖြင့် နေထိုင်သူ မြန်မာ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်များ ထိုင်းနိုင်ငံ တွင် သက်တမ်းတိုးနိုင်ရန် ကိုယ်ရေးအချက်အလက် ရယူရေး စင်တာ (ယာယီ) အား စမွတ် ပရာကန် (Samut Prakan) တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် အလုပ်သမား အခွင့်အရေး အပြည့်အဝ ရရှိစေရန် နှင့် ဆိုက်ရောက် နိုင်ငံများတွင် လူကုန်ကူးခံရခြင်းမှ တားဆီးကာကွယ်ရန်တို့ အတွက် အလုပ်သမား ရေးရာ သံအရာရှိအသစ်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း – ထိုင်းနိုင်ငံတွင် ငါးဦး၊ မလေးရှားနိုင်ငံတွင် နှစ်ဦးနှင့် တောင်ကိုရီးယား နိုင်ငံတွင် တစ်ဦး တို့ – အတွက် အားပေးထောက်ခံခဲ့ပါသည်။

**DP–၁.၃ LIFT ၏ အထောက်အပံ့ဖြင့် ကျင်းပခဲ့သည့် အလုပ်သမားရေးရာနှင့် ဆိုင်သည့် မူဝါဒ အထောက်အကူပြု ဆွေးနွေးပွဲများ အရေအတွက်**

၂၀၁၉ ခုနှစ် အတွင်း အစီရင်ခံတင်ပြခဲ့သည့် ပြီးစီးအောင်မြင်မှုများသည် အဓိက အားဖြင့် ILO၊ CARE၊ IOM၊ ဘီဘီစီ မီဒီယာ အက်ရှင်နှင့် FMO တို့မှ တာဝန်ယူ၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့် မူဝါဒ အထောက်အကူပြု လုပ်ငန်း အမျိုးမျိုး မှ တဆင့် ရရှိခဲ့ပါသည်။ ယင်းတို့တွင် နိုင်ငံတော်အဆင့် နှင့် ဒေသဆိုင်ရာ အဆင့်များရှိ အစိုးရ အရာရှိများနှင့် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများ၊ လုပ်ငန်း အဖွဲ့အစည်းအဝေးများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းနှင့် လူထု အခမ်းအနားများ ပါဝင်ပါသည်။

**တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အစည်းအဝေးများ/အလုပ်ရုံ ဆွေးနွေးမှုများ**

တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အစည်းအဝေးများ/အလုပ်ရုံ ဆွေးနွေးမှုများတွင် အခြားအကြောင်းအရာ အမျိုးမျိုး အနက်မှ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ၊ အိမ်အကူ အလုပ်သမားများအတွက် ပြဋ္ဌာန်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများ၊ ပုံမှန် မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုများနှင့် ကလေးအလုပ်သမား ဆိုင်ရာ အပါအဝင် ကိစ္စရပ် အများအပြား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

ILO သည် လွှတ်တော် အမတ်များနှင့် အိမ်အကူ အလုပ်သမားများ အတွက် အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးအား သီးသန့် အလေးထား ဆွေးနွေးသည့် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ ပါသည်။ ယင်းအစည်းအဝေးများတွင် အောက်ပါတို့ ပါဝင်ပါသည် –

» အမျိုးသမီးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လွှတ်တော်အမတ်များ အုပ်စုနှင့် ပြည်သူ့အမြင် သဘောထား စစ်တမ်းမှ တွေ့ရှိချက်များနှင့် အိမ်အကူ အလုပ်သမားများ အတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ ILO ပြဋ္ဌာန်းချက် ၁၈၉ နှင့် ထောက်ခံ အကြံပြုချက် ၂၀၁ အား ခြုံငုံသုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ တို့နှင့် အစည်းအဝေး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃–၁၄ ၊ နေပြည်တော်
» အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ လွှတ်တော်အမတ်များ အုပ်စုနှင့် ပြည်တွင်း အိမ်အကူ အလုပ်သမား နှင့် ပြည်ပ ရွှေ့ပြောင်း အိမ်အကူ အလုပ်သမားများ နှင့် ဆိုင်သည့် ဥပဒေ နမူနာများ ဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၇–၂၈၊ နေပြည်တော်
» အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ လွှတ်တော်အမတ်များ အုပ်စုနှင့် ILO ပြဋ္ဌာန်းချက် ၁၈၉ နှင့် အညီ အိမ်အကူ အလုပ်သမားများအား ဥပဒေရေးရာ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နှင့် ပတ်သက်သည့် တရားဥပဒေ ထောက်ခံ အကြံပြုချက်များ ဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ၂၀၁၉ ခုနှစ် မတ်လ ၆ ရက်၊ နေပြည်တော်
» အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ လွှတ်တော်အမတ်များ အုပ်စု အတွက် NDI မှ စီစဉ်ဆောင်ရွက်သည့် အိမ်အကူ အလုပ်သမားများအကြောင်း မှတ်တမ်း ရုပ်ရှင် ည၊ ၂၀၁၉ခုနှစ် မတ်လ ၁၄ ရက်
» ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် ရန်ကုန်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လူကုန်ကူးခံရသူများအတွက် ခိုလှုံရာသို့ လာရောက်လည်ပတ်ခြင်း

LIFT နှင့် ယူနိုက်တက် ကင်းဒမ်း ၏ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဌာန တို့သည် ရန်ကုန်တွင် ၂၀၁၉ ခုနှစ် မေလအတွင်း ပတ်သက်ဆက်နွယ်သူ မျိုးစုံ ပါဝင်သည့် ရခိုင်ပြည်နယ် နှင့် ဘင်္ဂလားဒေ့ရှ် ရှိ Cox's Bazar တို့တွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ဆွေးနွေးပွဲ အား ကျင်းပခဲ့ ပါသည်။ အဆိုပါ ဖိုရမ်တွင် နယ်စပ်ဒေသနှစ်ဖက်လုံးတွင် ရှိသည့် လှုပ်ရှား ဆောင်ရွက်သူ အမျိုးစုံ တက်ရောက်ခဲ့ပါသည်။ ဖိုရမ် သည် ရခိုင်ပြည်နယ် နှင့် Cox's Bazar လုပ်သားဈေးကွက်များရှိ စိန်ခေါ်မှုများနှင့် အခွင့်အလမ်း များနှင့် အသိအမြင် ကွာဟချက်များ သတ်မှတ် ဖော်ထုတ်ခြင်း နှင့် အဖွဲ့ အစည်းများကြား နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ခြင်းတို့အား အာရုံစိုက်ခဲ့ပါသည်။

LIFT၏ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာရေး အဖွဲ့သည် Eden မှ ကြိုတင်အစီအစဉ်ရေးဆွဲ ထားသည့် မြန်မာနိုင်ငံတွင် လိင်ကုန်ကူးသည့် အမှုအခင်းများအတွက် တရားစွဲဆိုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲခြင်းနှင့်ဆိုင်သည့် မူဝါဒဆိုင်ရာ ထောက်ခံအားပေးမည့် လှုပ်ရှားဆောင်ရွက်မှုများအား ဆွေးနွေးရန် Eden Ministry နှင့် ဩစတြေးလျ နိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဦးစီးဌာနမှ ရန်ပုံငွေပံ့ပိုးပေးသည့် ASEAN–Australia လူကုန်ကူးမှု တိုက်ဖျက်ရေးစီမံချက်တို့အကြား အစည်းအဝေးတစ်ခုအား ရန်ကုန်မြို့တွင် ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီလတွင် စီစဉ်ဆောင်ရွက်ပေးခဲ့ ပါသည်။

ဒီမိုကရက်တစ်မြန်မာ့အသံမှ ရွှေ့ပြောင်းသွားလာမည့် လူမှု အသိုက်အဝန်း အတွက် အားလုံး ပါဝင်စေခြင်းနှင့် လူမှုပေါင်းစည်းရေးတို့တွင် ပိုမို ကောင်းမွန်စွာ ပံ့ပိုးကူညီသည့် မူဝါဒများရေးဆွဲ အကောင်အထည်ဖော်ရန် အတွက် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ရန်ပုံငွေစီမံခန့်ခွဲရေးရုံး (FMO) အားနေပြည်တော်၌ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

*ဇယား ၂.၉ စီမံကိန်း အဆင့် DP–1 ညွှန်းကိန်း နှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထား သည့် ပြီးစီးမှုများ | စုပေါင်းထား သည့် ပြီးစီးမှု များ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| DP–၁.၁ LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမား ဆိုင်ရာ အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်း အပြောင်းအလဲ အရေအတွက် | မရနိုင်ပါ | ၁၁ | ၁၁ | ၆ | ၁.၈၃ | စီမံကိန်း/IPs |
| DP–၁.၂ LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမား ဆိုင်ရာ အစိုးရကဏ္ဍ ဘတ်ဂျက်ခွဲဝေမှု/ အသုံးစရိတ် အပြောင်းအလဲ အရေအတွက် | မရနိုင်ပါ | ၃ | ၃ | ၁ | ၃ | စီမံကိန်း/IPs |
| DP–၁.၃ LIFT ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သည့် အလုပ်သမား ဆိုင်ရာ မူဝါဒ အထောက်အကူပြု ဆွေးနွေးပွဲများ အရေအတွက်* | ၅၇ | ၇၆ | ၁၃၃ | ၇၇ | ၁.၇၃ | စီမံကိန်း/IPs |
| DP–၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် LIFT မှ ပံ့ပိုး ပေးခဲ့သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၇ | ၃၅ | ၄၃ | ၁၃ | ၃.၂၃ | စီမံကိန်း/IPs |

FMO မှ LIFT ၏ရွှေ့ပြောင်းသွားလာရေး စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် UNOPS ရုံးရှိ FMO ဝန်ထမ်းများ အတွက်နှင့်ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များနှင့် အခြားအလှူရှင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအတွက် ရန်ကုန်မြို့ရှိ ဩစတြေးလျ သံရုံးတွင် ဒေါက်တာ အယ်လန်နာရှီ (Dr. Elera Shih) ၏ "တရုတ်– မြန်မာ နယ်စပ်ရှိ လူကုန်ကူးမှု ဖြစ်ပေါ်လာသည့် အချိတ်အဆက်များ အကြောင်း" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဟောပြောပွဲ (၂)ကြိမ်အား စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။

ရန်ကုန်မြို့တွင် ကျား၊ မအခြေပြုအကြမ်းဖက်မှုအား ကိုင်တွယ်ဖြေ ရှင်းမည့် ဌာနများဆီသို့ ညွှန်းပို့ပေးခြင်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက်အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုအား CARE မှ ၎င်း၏ လိင်ပိုင်း ဆိုင်ရာ ထိပါး နှောင့်ယှက်မှု နှင့် ကျား၊ မအခြေပြုအကြမ်းဖက်မှု၏ တစိတ်တဒေသအဖြစ် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။

**DP–၁.၄ အဓိကမူဝါဒ ချမှတ်သူများထံ ပေးအပ်ခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့်အလုပ်သမားရေးရာနှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက်အကူပြု သည့်ထုတ်ဝေမှုများ၏ အရေအတွက်**

LIFT ၏ မူဝါဒဆိုင်ရာ ထုတ်ဝေမှုများသည် အလုပ်သမားနှင့် ရွှေ့ပြောင်း သွားလာခြင်းအပေါ် ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာ မူဘောင်များအား ဦးတည်ရည်ရွယ်သည့် ပိုမိုကျယ်ပြန့်သည့် မူဝါဒဆိုင်ရာ ဩဇာ လွှမ်းမိုးမှု သက်ရောက်သည့် အစီအစဉ်၏ အရေးကြီးသည့်လိုအပ်ချက် တစ်ရပ် အနေဖြင့် ဆက်လက်ရှိနေပါသည်။ ဤကာလအတွင်းရရှိခဲ့သည် ပြီးစီး အောင်မြင်မှုများတွင် ILO မှ ထုတ်ဝေမှု ၁၂ ခု၊ CARE မှ နှစ်ခု ၊ IOM CHIME စီမံချက်မှ တစ်ခု၊ IOM တွဲလက်မှ တစ်ခု၊ မီချီဂန်ပြည်နယ် တက္ကသိုလ်မှ (၄)ခုနှင့် LIFT FMO မှ OP–ED (၄)ခုတို့ ပါဝင်ခဲ့ပါသည်။ ILO ၏ ထုတ်ဝေမှုများတွင် ပြဋ္ဌာန်းချက် ၁၈၉ မူဝါဒဆိုင်ရာ အားပေး ထောက်ခံမှု (မြန်မာ ၂၀၁၉)၊ ၊ ပြည်သူ့အမြင် သဘောထား စစ်တမ်း(၂၀၁၉) ပြဋ္ဌာန်းဥပဒေများအား နှိုင်းယှဉ်လေ့လာခြင်း (၂၀၁၉)၊ ကွာဟချက်များ ဆန်းစစ်သုံးသပ်မှု (၂၀၁၉) ပြည်သူ့အမြင် သဘောထား စစ်တမ်း တွေ့ရှိချက်များ အနှစ်ချုပ် (အင်္ဂလိပ်ဘာသာ ၂၀၁၉ခု၊ စက်တင်ဘာလ)၊ အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေများ ကို ဆန်းစစ်လေ့လာသုံးသပ်ချက် (အိမ်အကူ လုပ်သားဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၉နှင့် မြန်မာနိုင်ငံ ပြဋ္ဌာန်း ဥပဒေများအား နှိုင်းယှဉ်လေ့လာခြင်း (မြန်မာဘာသာ၊ ၂၀၁၉၊ စက်တင်ဘာလ)၊ အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေ များကို ဆန်းစစ်လေ့လာသုံးသပ်ချက် (အိမ်အကူ လုပ်သားဆိုင်ရာ ပြဋ္ဌာန်းချက် ၂၀၁နှင့် မြန်မာနိုင်ငံပြဋ္ဌာန်းဥပဒေများအား နှိုင်းယှဉ် လေ့လာခြင်း (မြန်မာဘာသာ၊ ၂၀၁၉ခုနှစ် စက်တင်ဘာလ)၊ အိမ်အကူ လုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေများကို ဆန်းစစ်လေ့လာ သုံးသပ်ချက် အနှစ်ချုပ် (မြန်မာဘာသာ– ၂၀၁၉ ခုနှစ် စက်တင်ဘာလ၊ အင်္ဂလိပ်ဘာသာ ၂၀၁၉ခုနှစ် ဒီဇင်ဘာလ) တို့ပါဝင်ပါသည်။ မူဝါဒ ဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာအချက်အလက်– မြန်မာနိုင်ငံရှိ ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များနှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှုအား မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ပြီး (ယခင်က အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်) လက်ရှိရရှိနိုင်သော စာရင်းများအား ခြုံငုံသုံးသပ်ခြင်း၊ အထောက်အထား အခြေခံလုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒဖွံ့ဖြိုးရေးအတွက် လိုအပ်သော သတင်းအချက် အလက်များကို ပေးအပ်ပါသည်။ စာတမ်းသည် အစိုးရအား ရေရှည်တည်တံ့ခိုင်မြဲ သည့် ဖွံ့ဖြိုးမှုဆိုင်ရာ ပန်းတိုင်များနှင့် နိုင်ငံတကာ လုပ်သားရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သတင်းအချက်အလက် စနစ် (LMIS) အတွက်၎င်းတို့၏ အစီရင်ခံတင်ပြခြင်းဆိုင်ရာ တာဝန်ရှိသည်များအား လည်း ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

CHIME စီမံချက်သည် ၂၀၁၉ ခုနှစ်၌ ထုတ်ဝေမှု (၁၂)ခုအား ထုတ်ဝေခဲ့ ပါသည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင် ပါသည်–

- "မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အားလုံး ပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားရွှေ့ပြောင်း သွားလာမှုကို မြှင့်တင်ခြင်း" (CHIME) အားလေ့လာမှု
- စိုက်ပျိုးရေးနှင့် ရွှေ့ပြောင်းသွားလာခြင်း – CHIME သုတေသန စီမံကိန်းမှ တွေ့ရှိသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စဉ်၊ ပုံစံနှင့် သက်ရောက်မှု များ(ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း၊ US၊ မေတ္တာ၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန) ၂၀၁၉ ခုနှစ် မတ်လ
- ရွှေ့ပြောင်းသွားလာခြင်း နှင့် ကျား၊ မ ရေးရာ – CHIME သုတေသနစီမံကိန်းမှ တွေ့ရှိရသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စဉ်၊ ပုံစံနှင့် သက်ရောက်မှုများ (IOM ၊ US ၊ Metta ၊ MOLIP) ၂၀၁၉ခုနှစ် မတ်လ
- ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြကဏ္ဍ – CHIME သုတေသန စီမံကိန်းမှ တွေ့ရှိရသည့် ရွှေ့ပြောင်းသွာလာမှု၊ ဖြစ်စဉ်၊ ပုံစံ နှင့် သက်ရောက်မှုများ(IOM ၊ US ၊ Metta ၊ MOLIP) ၂၀၁၉ခုနှစ် မတ်လ
- ရွှေ့ပြောင်းသွားလာခြင်း၊ ဆင်းရဲနွမ်းပါးခြင်းနှင့် ကြွေးမြီတင်ရှိ ခြင်း – CHIME သုတေသနစီမံကိန်း မှ တွေ့ရှိရသည့်ရွှေ့ပြောင်း သွားလာမှု ဖြစ်စဉ်၊ ပုံစံနှင့် သက်ရောက်မှုများ (IOM ၊ US ၊ Metta ၊ MOLIP) ၂၀၁၉ခုနှစ် မတ်လ
- မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာခြင်း၏ လူမှုရေးသက်ရောက်မှုများ – CHIME သုတေသနစီမံကိန်းမှ တွေ့ရှိရသည့် ရွှေ့ပြောင်း သွားလာမှု ဖြစ်စဉ်၊ ပုံစံနှင့် သက်ရောက်မှုများ (IOM ၊ US ၊ Metta ၊ MOLIP)
- ရွှေ့ပြောင်းသွားလာသူအား အလုပ်အကိုင်ခန့်ထားခြင်း – CHIME သုတေသနစီမံကိန်းမှ တွေ့ရှိရသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စဉ်၊ ပုံစံနှင့် သက်ရောက်မှုများ (IOM ၊ US ၊ Metta ၊ MOLIP)
- ဒေသ (၄)ခု၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကျဉ်းချုပ် (ဧရာဝတီ၊ ရခိုင်၊ မန္တလေးနှင့် ရှမ်း)
- CHIME လေ့လာမှု၏ အနှစ်ချုပ်တင်ပြချက်နှင့် CHIME သုတေသနအစီရင်ခံစာ အပြည့်အစုံ

## သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု – စနစ်အဆင့်

**DS–၁ သင့်တင့်လျောက်ပတ်သောအလုပ်အကိုင် (ကျား၊မ အလိုက် လုပ်ခလစာ ကွာဟမှုအား လျှော့ချခြင်းအပါအဝင်) အတွက် ကူညီပံ့ပိုး ပေးရန် ပါဝင်ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ လုပ်သား ရွှေ့ပြောင်းသွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်း။**

**DS–၁.၁ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှုတို့အား ကူညီပံ့ပိုးပေးရန်အတွက် လေ့ကျင့် သင်ကြား ပေးခဲ့သည့် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များ၏ အရေအတွက်**

LIFT မိတ်ဖက်အဖွဲ့အစည်းများသည် သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းခွင်အခြေအနေများကို မြှင့်တင်ပေးခြင်းအား ဦးတည်ရည်ရွယ် သည့် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများနှင့် ကဏ္ဍဆိုင်ရာနှင့် ဒေသဆိုင်ရာရွှေ့ပြောင်းသွားလာမှုမှ အကျိုးအမြတ်အား ပံ့ပိုးကူညီရန် နှင့် ရရှိစေရန် သင်တန်းများ ပို့ချခဲ့ပါသည်။ EDEN သည် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် လူမှုအသိုက်အဝန်းမှ ၈၃ဦး (၄၂ ဦးများအမျိုးသမီး များဖြစ်သည်) အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

သင်တန်းများသည် အလုပ်သမားနှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း ၊ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်းတို့အပေါ် အာရုံစိုက်ခဲ့ပါသည်။ ILO ၏ သင်တန်းများသည် သုံးဦးသုံးဖလှယ် – အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမား ကိုယ်စားလှယ် – တို့ပါဝင်သည့်အပေါ် ဦးတည်ရည်ရွယ်ခဲ့ပြီး ပတ်သက်ဆက်နွယ်သူ ၂၆၉ ဦး (၅၅% မှာ အမျိုးသမီးများဖြစ်ပါသည်) ထံရောက်ရှိခဲ့ပါသည်။ သင်တန်းမှ အာရုံစိုက်ခဲ့သည်များမှာ အလုပ်သမားအခွင့်အရေးများနှင့်ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း၊ CSO များ၏ အစီရင်ခံတင်ပြသည့် စွမ်းဆောင်ရည်အားကောင်းစေခြင်း၊ အလုပ်သမားအငြင်းပွားမှုများအား ဖြေရှင်းခြင်း၊ နစ်နာမှုများအား တိုင်ကြားသည့်အချက်အလက်များ စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းတို့ဖြစ်ပါသည်။ အောင်မြင်မှုစီမံချက်တွင် Care International မှ ကျား၊ မ အခြေပြုအကြမ်းဖက်မှုအား ကာကွယ်တားဆီးခြင်း နှင့် လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းတို့နှင့် သက်ဆိုင်သည့် သင်တန်းများပို့ချခဲ့ပါသည်။ သင်တန်းသည် စက်ရုံဝန်ထမ်းများနှင့် ကော်မတီအဖွဲ့ဝင်တို့အား ဦးတည်ရည်ရွယ်ခဲ့ပြီး စုစုပေါင်း ၂၄၁ဦး (အမျိုးသမီး ၇၀%) ထံရောက်ရှိခဲ့ပါသည်။ တွဲလက်စီမံချက်အောက်ရှိ ပူးပေါင်းထားသည့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော IOM ၊ PDN ၊ MWO နှင့် CHRO တို့သည် ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အကြံဉာဏ်ရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား မြင်းခြံ၊ ပခုက္ကူ၊ တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နှင့် ဟားခါးတို့တွင် စီစဉ်ကျင်းပခဲ့ပါသည်။ ပြည်တွင်း ပတ်သက်ဆက်နွယ်သူများမှ ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့၏ ချိတ်ဆက်မှုများ၊ အလုပ်သမား ရွှေ့ပြောင်းသွားလာခြင်း၊ ရွှေ့ပြောင်းသွားလာသူများ၊ အိမ်ထောင်စုများနှင့် လူမှုအသိုင်းအဝန်းများအပေါ် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများ သာမက ၎င်းတို့၏သက်ဆိုင်ရာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွက် ရွှေ့ပြောင်းသွားလာခြင်း၏ တိုးပွားလာသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်ရောက်မှုများအပေါ် ဖွံ့ဖြိုးလာစေရန် တည်ဆောက်ပြုပြင်သည့် အကြံပြုထောက်ခံချက်များတို့အား ဆွေးနွေးခဲ့ပါသည်။

ဤအလုပ်ရုံ ဆွေးနွေးပွဲများမှ တဆင့်စုစုပေါင်း (၇၈၀)ဦး (အမျိုးသမီး ၆၅%) ထံ လက်လှမ်းမီ ရောက်ရှိခဲ့ပါသည်။

BBC Media Action သည် ရွှေ့ပြောင်းသွားလာမှု နှင့် စပ်လျဉ်း၍ သတင်းများ တင်ပြသည့် ကျွမ်းကျင်မှုများနှင့် အသိဉာဏ်ဗဟုသုတတို့အား တိုးတက်စေရန် မီဒီယာမိတ်ဖက်အဖွဲ့အစည်းများနှင့် အတူလုပ်ကိုင်ခဲ့ပါသည်။ သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် မိတ်ဖက်မီဒီယာဌာနများသည် ဒေသခံလူမှုအဖွဲ့အစည်းများ အတွက်၎င်းတို့၏ ဒေသခံ ဘာသာစကားများဖြင့် တင်ဆက်သည့် အစီအစဉ်များ ထုတ်လုပ်နိုင်စွမ်းရှိစေရန်အတွက် မျှော်မှန်းခဲ့ပါသည်။ သင်တန်းချဉ်းကပ်နည်းလမ်းနှင့် ပါဝင်သည့်အကြောင်းအရာတို့တွင် ရန်ကုန်မြို့တွင် မိတ်ဖက်မီဒီယာ အဖွဲ့အစည်းများက ပါဝင်ပူးပေါင်းနိုင်သည့် ပူးတွဲလေ့ကျင့်သင်ကြားရေးဆိုင်ရာ လက်တွေ့ စမ်းသပ်ခန်းပါဝင်ခဲ့ပြီး၊ သင်တန်းသည် ရွှေ့ပြောင်းသွားလာခြင်းနှင့် ငွေလွှဲပေးပို့ခြင်းများအပေါ် ပိုမိုကျယ်ပြန့်သော ကိစ္စရပ်များအား မိတ်ဆက်ပေးကာ ၎င်းတို့၏အစီအစဉ်ထုတ်လုပ်နိုင်ရန်အတွက် မိတ်ဖက်များနှင့်အတူတစ်ဦးချင်းစီ အလိုက်လေ့ကျင့် သင်ကြားပေးခြင်းတို့ ပါဝင်ခဲ့သည့် အပြင် ဒေသခံ သောတရှင်များနှင့် ဒေသခံ မီဒီယာမှ ကျွမ်းကျင်သူ ဧည့်သည်တော် များနှင့် ဆွေးနွေးမှုများ (Open Radio Days) တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ BBC မီဒီယာသည် ရေကြည်ရာ ရေဒီယိုအစီအစဉ်အဖွဲ့မှတဆင့် ရန်ကုန်၊ ချင်းနှင့် ကချင်ပြည်နယ်တို့တွင် အလုပ်ရုံဆွေးနွေးပွဲ (၃)ခုအား ဦးဆောင်ပြုလုပ်ခဲ့ပါသည်။ အယ်ဒီတာ (၁၂)ဦးနှင့် အကြီးတန်း ဂျာနယ်လစ်များအတွက် တစ်ပတ်ကြာ ASEAN ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအပေါ် အစီရင်ခံတင်ပြခြင်း ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအား ရန်ကုန်နှင့် ဘန်ကောက်မြို့တို့၌စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ တစ်စုတစ်စည်းတည်း ပေါင်းလိုက်ပါက BBC Media Action သည်စုစုပေါင်း ၁၀၃ ဦးထံ(အမျိုးသမီး ၃၄%) ရောက်ရှိခဲ့ပါသည်။

*ဇယား ၂.၁၀ စီမံကိန်းအဆင့် DS–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက်ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| DS–1.1 လုပ်သားဆိုင်ရာ နှင့် လူမှု ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးကင်း လုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးတို့တွင် LIFT ၏ ပံ့ပိုးမှုဖြင့် လေ့ကျင့်သင်ကြားပေးခဲ့သည့် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်းများ နှင့် မီဒီယာ တို့မှ ကျား၊မအလိုက် ကိုယ်စားလှယ် အရေအတွက် | ၁,၉၉၉ | ၂,၀၉၄<br>၁,၂၄၀ မ<br>၈၅၂ ကျား | ၄,၁၃၁<br>၂,၄၃၆ မ<br>၁,၆၉၅ ကျား | ၂,၉၉၉ | ၁၃၈% | IPs |
| DS–၁.၃ အလုပ်သမားများအား နစ်နာမှုများ အတွက် ပြန်လည်ကုစားခြင်းနှင့် နစ်နာကြေးတောင်းခံမှုအတွက် ဖြည့်ဆည်းပေးခြင်း တို့အတွက် ချီးမြှင့်သည့်ငွေပမာဏ (ပြန်လည်ပြင်ဆင်မွမ်းမံထားသော) | မရနိုင်ပါ | ကန်ဒေါ်လာ ၄၇၀,၅၇၁ နှင့် ညီသည့် ကျပ် ၆၅၈.၈ သန်း | | ကန်ဒေါ်လာ ၃၅၀,၀၀၀ | ၁၃၄% | IPs |

**DS-၁.၃ အလုပ်သမားများအား နစ်နာမှုများအတွက် ဖြေရှင်းပေးခြင်း နှင့် နစ်နာကြေးတောင်းခံမှုအတွက် ဖြည့်ဆည်းပေးခြင်း တို့အတွက် ရရှိသည့်ငွေပမာဏ (ပြန်လည်ပြင်ဆင်ထားသော)**

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ ပံ့ပိုးပေးအပ်သည့် အဓိကစီမံကိန်း ဆောင်ရွက်ချက်များထဲမှ တစ်ခုမှာ ရွှေ့ပြောင်း လုပ်ကိုင်သည့် အလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးဆိုင်ရာ အသိဉာဏ် ဗဟုသုတများ၊ ၎င်းတို့၏အခွင့်အရေးများအား ပံ့ပိုးကူညီသည့် အလေ့အကျင့်များနှင့် ၎င်းတို့၏အခွင့်အရေးများ ရရှိရန်အတွက် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့အား သေချာစေခြင်းတို့ကိုတိုးမြှင့်ရန် အတွက် ဥပဒေဆိုင်ရာ အကူအညီပေးခြင်းဖြစ်ပါသည်။ ILO နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများမှတဆင့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) သည် ဖြစ်ရပ် ၁၇၉ ခုတွင် ရွှေ့ပြောင်းအလုပ်သမား ၁၆၆၉ ဦးအား အကူအညီပေးခဲ့ပါသည်။ စုစုပေါင်း ရရှိခဲ့သည့် ငွေပမာဏမှာ မြန်မာကျပ် ၆၅၈သန်း (အမေရိကန်ဒေါ်လာ ၄၇၀,၀၀၀) ဖြစ်ပြီး ပျမ်းမျှအားဖြင့် ရွှေ့ပြောင်းသွားလာသူ တစ်ဦးလျှင် မြန်မာကျပ် ၄၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၆၀) ဖြစ်ပါသည်။ ဖြစ်ရပ်အများစုမှာ အေဂျင်စီများမှ စျေးပိုတင်ခြင်း၊ အလုပ်အကိုင်ရှာဖွေပေးရန်အတွက် ဝန်ဆောင်ခပေးပြီး အလုပ်မပေးနိုင်ခြင်းကြောင့် ကုန်ကျစရိတ်များ ပြန်အမ်းပေးခြင်း နှင့် လုပ်ငန်းခွင်မတော်တဆမှုများနှင့် သေဆုံးမှုများ နှင့် အလုပ်အကိုင်ခန့်ထားခြင်းဆိုင်ရာ စာချုပ်များအား ချိုးဖောက်ခြင်းတို့နှင့် ဆက်နွယ်နေပါသည်။

## သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု (အိမ်ထောင်စုအဆင့်)

**DH-၁: ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး၊ အမျိုးသားများနှင့် အခြား ထိခိုက်လွယ်သော အလုပ်သမားများ အတွက် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှု တိုးပွားလာခြင်း။**

DH-၁.၁ LIFT မှပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သည့် အရေအတွက် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် လူဦးရေ ၁၁,၂၀၃ ဦးထံသင်တန်းများ ပို့ချပေးခဲ့ပြီး ၂၀၁၉ ခုနှစ်အတွက် စုစုပေါင်း ရည်မှန်းချက်၏ ၆၅ ရာခိုင်နှုန်းအား ရရှိခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူများအား ၎င်းတို့မှ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ ထူထောင်နိုင်ရန် (သို့) အာမခံချက်ရှိပြီး အကျိုးရှိသော အလုပ်အကိုင်တို့ ရရှိစေရေး တို့အတွက် (ပိုက်ပြင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ဂဟေဆက်ခြင်း - ဝရိန်ဆော်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အစားအသောက်ပြင်ဆင်ထုတ်လုပ်ခြင်းနှင့် ဆံသလုပ်ငန်း) သင်တန်းများမှတဆင့် အသက်မွေးမှုလုပ်ငန်း အမျိုးစုံတို့တွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိစေလျက် အရည်အချင်း ပြည့်ဝစေခဲ့ပါသည်။ သင်တန်းသား အရေအတွက် အများဆုံး တက်ရောက်စေသည့် အဖွဲ့အစည်းများတွင် IOM ၊ CARE ၊ DRC/ NRC, Save the children၊ တက်လမ်း၊ Border Consortium နှင့် World Vision International တို့ ပါဝင်ပါသည်။

IOM သည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ အရှေ့တောင်နှင့် အပူပိုင်းဇုန်မှ ဒေသခံ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုကာ ၂၄၇၂ဦး (၅၅% သည်အမျိုးသမီးများ ဖြစ်ပါသည်) အား ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သင်တန်း အမျိုးအစား ၃၁ မျိုး သင်ကြား ပို့ချပေးခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းအား Tier 1 (အဆင့် ၁) (အောက်တွင် အိမ်ထောင်စု ငွေရေးကြေးရေး

*ဇယား ၂.၁၁ စီမံကိန်းအဆင့် DH-၁ ညွှန်းကိန်းနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထား သည့် ပြီးစီးမှုများ | စုပေါင်းထား သည့် ပြီးစီး မှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀-၂၀၁၈ | ၂၀၁၉ | ၂၀၁၀ - ၂၀၁၉ | ၂၀၁၉ | | |
| DH-၁.၁ LIFT မှပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့ သည့် အရေအတွက် | ၆၅,၁၈၆ ၄၁,၂၀၃ မ ၂၃,၉၈၃ ကျား | ၁၁,၂၀၃ ၇,၂၁၅ မ ၃,၉၈၈ ကျား | ၇၆,၃၈၉ ၄၈,၄၁၈ မ ၂၇,၉၇၁ ကျား | ၈၀,၁၈၆ | ၉၅% | IPs |
| DH-၁.၂ LIFT မှပံ့ပိုးပေးသည့် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သည် ရွှေ့ပြောင်း သွားလာသည့် အလုပ်သမားများနှင့် မိသားစုဝင် များ၏ အရေအတွက် | မရနိုင်ပါ | ၈၅,၈၂၈ ၄၉,၅၇၈ မ ၃၆,၂၅၀ ကျား | ၈၅,၈၂၈ ၄၉,၅၇၈ မ ၃၆,၂၅၀ ကျား | ၃၀,၀၀၀ | ၂၈၆% | IPs |
| DH-၁.၃ LIFT မှပံ့ပိုးပေးသည့် နားခိုရန်ရိပ်သာ နှင့်/ သို့အကူအညီပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့် လူကုန်ကူးမှုမှ လွတ်မြောက်၍ ရှန်းကန်ရှင်သန်နေရသူများ၏ အရေအတွက် | မရနိုင်ပါ | ၂၇၆ မ | ၂၇၆ မ | ၁၅၀ | ၁၈၄% | IPs |

ဆိုင်ရာ နှင့် ငွေကြေးပံ့ပိုးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုအား လေ့ကျင့်သင်ကြားပေးခြင်း) နှင့် Tier 2 (အဆင့် ၂) အောက်တွင် (အသေးစားစီးပွားရေးလုပ်ငန်း စတင်ခြင်း ဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်း) တို့ဖြင့် ပို့ချခဲ့ပါသည်။ Care International သည် အောင်မြင်မှုမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုံခြုံစိတ်ချပြီး ခိုင်မာသော အလုပ်အကိုင်ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း စီမံချက်မှတဆင့် အပ်ချုပ်စက် အော်ပရေတာများ၊ အပ်ချုပ်စက်ပြင်များနှင့် အရည်အသွေးထိန်းချုပ်ခြင်းနှင့် အထည်ညှပ်ခန်း အော်ပရေတာများ အပါအဝင်အမျိုးမျိုးသော ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများအတွင်းနှင့် စခန်းပြင်ပလူငယ်များအတွက် အသက်မွေးဝမ်းဆိုင်ရာ သင်တန်းများနှင့် အခွင့်အလမ်းများ စီမံချက်၏ ဒုတိယအဆင့်အနေဖြင့် Danish Refugee Council (DRC) နှင့် Norwegian Refugee Council (NRC) တို့သည် စုစုပေါင်း ၁,၇၁၄ဦး (အမျိုးသမီး ၅၄ ရာခိုင်နှုန်း) အား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ သင်တန်းများသည် ကျွမ်းကျင်သည့် အလုပ်သမားများအား ဆွဲဆောင်ထားရန်အတွက် တစ်ဦးချင်းစီ၏ လိုအပ်ချက်များ၊ စွမ်းဆောင်နိုင်မှုများနှင့် ဒေသ ဆိုင်ရာ ဈေးကွက်စွမ်းဆောင်နိုင်မှုတို့နှင့် အံဝင်ခွင်ကျစီမံပေးထားသည့်ကာလတိုနှင့် ကာလရှည်သင်ရိုးများ ပါဝင်ခဲ့ပါသည်။ သင်တန်းတက်ရောက် သူများအားလုံးသည် ဘဝသက်တာ ကျွမ်းကျင်မှုပညာရေးနှင့် စီးပွားရေး လုပ်ငန်းစီမံချက် ဒီဇိုင်းများအား လေ့ကျင့်သင်ကြားပေးခြင်း တို့ကိုရရှိ ခဲ့ပါသည်။ Save the children ၏ Tat Lan Plus သည် ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဗဟုသုတများပေးသည့် သင်တန်းများနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများအား အကျိုးခံစားခွင့်ရှိသူ ၇၇၉ ဦး(အမျိုးသမီး ၇၄%) ထံပေးပို့ခဲ့ပါသည်။ သင်တန်းသည် အိမ်ထောင်စု များအတွက် စီးပွားရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းအား ကူညီပံ့ပိုးပေးခြင်းအပြင် စီးပွားရေးနှင့် အိမ်ထောင်စု ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်စေရန်တို့အတွက် ရည်မှန်းချက် ထားဆောင်ရွက်ခဲ့ပါသည်။ ထိခိုက်လွယ်သည့် အုပ်စုများကို ဦးတည်သည့် သင်တန်းများအား Eden နှင့် ILO တို့မှ ပို့ချပေးခဲ့ပါသည်။ EDEN သည် ကယ်ဆယ်စောင့်ရှောက်ထားသည့် အမျိုးသမီး(၄၄)ဦးအား လက်ဝတ်ရတနာပြုလုပ်ခြင်း၊ ဆံပင်အလှပြုပြင်ခြင်းနှင့် အလှပြင်ခြင်း၊ အခြေခံကွန်ပျူတာ ကျွမ်းကျင်မှု၊ အရောင်းနှင့်ဈေးကွက်မြှင့်တင်ခြင်း၊ ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဗဟုသုတ၊ အပ်ချုပ်ခြင်း၊ သင်္ချာ၊ မြန်မာ၊ တရုပ်၊ အင်္ဂလိပ် ဘာသာစကားများ အပါအဝင်အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအား သင်ကြားပို့ချပေးခဲ့ပါသည်။ နောက်ထပ်မသန်စွမ်းသူ (၄၉)ဦးသည် မသန်စွမ်းသည့် ကလေးသူငယ်များအတွက် Eden စင်တာမှတဆင့် စီးပွားရေးကျွမ်းကျင် မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများပေးအပ်ခဲ့ပါသည်။ ILO သည် အိမ်အကူအလုပ်သမားများအတွက် စိတ်ချရသော အစားအသောက်များဖြစ်အောင် ကိုင်တွယ်ခြင်း၊ မီးဖိုချောင်သန့်ရှင်းရေး၊ အချက်အပြုတ်အတတ်ပညာ၊ မီးဖိုချောင်စီမံခန့်ခွဲခြင်းနှင့် အခြေခံအဟာရ၊ ငွေကြေးနှင့် အချိန်တို့အား စီမံခန့်ခွဲခြင်း၊ လုံခြုံစိတ်ချ ရသည့်ရွှေ့ပြောင်းသွားလာခြင်းနှင့် ပုဂ္ဂိုလ်ရေး လုံခြုံမှုတို့နှင့်သက်ဆိုင်သည့် ခေါင်းစဉ်များအပါအဝင် ကျွမ်းကျင်မှုဆိုင်ရာ (၅)ပတ်ကြာမြင့်သည့် သင်ရိုးတစ်ခုအား အကောင်အထည်ဖော်ခဲ့ပါသည်။ သီတင်းပတ် ၅ပတ်ကြာမြင့်သည့် သင်တန်း(၅)မျိုးအား အိမ်အကူအလုပ်သမား(၄၀)ဦးတို့ဖြင့် ပြုလုပ်ခဲ့ပါသည်။

**DH-၁.၂ LIFT မှပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သည့် ရွှေ့ပြောင်းသွား လာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက်**

LIFT အကောင်အထည်ဖော်ရေးမိတ်ဖက်များဖြစ်ကြသည့် IOM ၊ ILO ၊ EDEN ၊ CARE International နှင့် World Vision International မှ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများမှတဆင့် အကျိုးခံစားခွင့်ရှိသူ ၈၅,၈၂၈ ဦးထံ (အမျိုးသမီး ၅၈%) သတင်းအချက်အလက်များ၊ သင်တန်းနှင့် ပံ့ပိုးကူညီပေးသည့် ဝန်ဆောင်မှုများ ရောက်ရှိခဲ့ပါသည်။ IOM ၏ တွဲလက်စီမံချက်သည် ဦးတည်ရည်ရွယ်ထားသည့်ဒေသများရှိ အကျိုးခံစားခွင့်ရှိသူများအား ရွှေ့ပြောင်းသွားလာခြင်း မပြုမီ သင်တန်းပေးခြင်းနှင့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များပေးခြင်းတို့အား ဆက်လက် ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ သို့မှသာ ၎င်းတို့အနေဖြင့် ရွှေ့ပြောင်းသွားလာရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိပြီးသူများ ဖြစ်လာနိုင်မည် ဖြစ်ပါသည်။ထို့ကြောင့် ၎င်းတို့သည် သင်တန်းအား ရပ်ရွာလူထုထံ တိုက်ရိုက်ပေးအပ်ခဲ့သည့်အပြင်လိုအပ်သည့်အခါတိုင်း ကျေးရွာအဆင့်အထိ သတင်းအချက်အလက်များ ဖြန့်ဝေပေးသည့် လေ့ကျင့်သင်ကြားခြင်း ခံထားရသော ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အထောက်အကူပြုသူများ မှတဆင့်ပေးအပ်ပါသည်။ ပုံမှန်အသိပညာပေးခြင်းဆိုင်ရာ ဖန်တီးခြင်းလုပ်ငန်းများ၊ ဖျော်ဖြေသည့် ရှိုးပွဲများ၊ ဇာတ်ရုံရှိုးပွဲများနှင့် မယ်ရွှေ့ပြောင်း chat box နှင့် အရေးပေါ်ဆက်သွယ်နိုင်သော ဝန်ဆောင်မှုများကဲ့သို့သော လူမှုမီဒီယာမှ တဆင့် အပါအဝင်ချဉ်းကပ် နည်းလမ်းအမျိုးမျိုးအား ချမှတ်ခဲ့ပါသည်။ IOM ၏ အပူပိုင်းဇုန် အရပ်ဘက်လူမှု အဖွဲ့အစည်း မိတ်ဖက်များသည် ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဗဟုသုတဆိုင်ရာ သင်တန်းများအား ထပ်မံ၍ ကျေးရွာအဆင့်၌ ပို့ချခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးသင်တန်းများ/ အလုပ်ရုံဆွေးနွေးပွဲများမှ တဆင့် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ ၅၁,၁၈၇ ဦး ထံရောက်ရှိခဲ့ပါသည်။

ILO သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုမှုမှတဆင့် ဥပဒေရေးရာနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများအပါအဝင် ရွှေ့ပြောင်း သွားလာခြင်းနှင့် အလုပ်သမားဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ ဤဝန်ဆောင်မှုများ၏ အများစုအား တာချီလိတ်(ရှမ်းပြည်နယ်)၊ ကော့သောင်း (တနင်္သာရီ) ၊ မြောက်ဒဂုံ (ရန်ကုန်)၊ ရွှေပြည်သာစက်မှုဇုံရှိ Good Move (ရန်ကုန်) ၊ ပဲခူးနှင့် Smaritan Purse (မြဝတီ) တို့တွင်တည်ထောင်ထားသည့်ရွှေ့ပြောင်း အလုပ်သမား ထောက်ပံ့ကူညီပေးရေး ဗဟိုဌာန (၆)ခုမှ တဆင့် ပေးအပ်ခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာသူ ဦးရေ ၁၂,၀၀၀ ကျော်မှ ဗဟိုဌာနများတွင် ဝန်ဆောင်မှုများ ရရှိသည်ဟု အသိပေးအစီရင်ခံ တင်ပြခဲ့ပြီး ILO မှ သတင်းအချက်အလက် ဝန်ဆောင်မှုများ နှင့်သင်တန်းများသည် စုစုပေါင်း ၁၆,၆၀၆ ဦး (အမျိုးသမီး ၅၄ ရာခိုင်နှုန်း) ထံ ရောက်ရှိခဲ့ပါသည်။

World Vision International သည် ကျေးရွာ(၃၀)ရှိ ထိခိုက်လွယ်သည့် အိမ်ထောင်စုများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများသို့ ဦးတည်သည့် အသေးစား/ အငယ်စားစီးပွားရေးလုပ်ငန်းဖန်တီးခြင်းအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးခဲ့ပါသည်။ စီမံချက်မှလည်း စီမံချက်၏ အာမခံချက်ရှိသော အလုပ်အကိုင်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတို့အား ပံ့ပိုးပေးသည့် IOM ၏လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အစီအမံ/ မဟာဗျူဟာနှင့်အတူ ဆက်သွယ်လုပ်ကိုင်ခဲ့ပြီး ပြီးပြည့်စုံစွာ အားဖြည့်လုပ်ဆောင်ပေးခဲ့ပါသည်။World Vision ၏ စီမံကိန်းလုပ်ငန်းများမှ စုစုပေါင်း ၁,၄၄၆ ဦး (အမျိုးသမီး ၄၇%) သည်အကျိုးကျေးဇူးများ ခံစားခဲ့ပါသည်။ အောင်မြင်မှုစီမံကိန်း၏ ပံ့ပိုးမှုနှင့်အတူ ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများသည် Sunday Cafe အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲမှတဆင့်

သတင်းအချက်အလက်နှင့် ကွန်ရက်ချိတ်ဆက်ခြင်း ဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်ခဲ့ပါသည်။ CARE မှ အမျိုးသမီး ၂,၆၂၅ ဦးထံ ရောက်ရှိရန်အတွက် စီမံဆောင်ရွက်ခဲ့ပါသည်။

**DH–၁.၃ LIFT မှပံ့ပိုးပေးသည့် နားခိုရန်ရိပ်သာ နှင့်/ သို့ အကူအညီပေးသည့် ဝန်ဆောင်မှုများပေးအပ်ခဲ့သည့် လူကုန်ကူးခံမှုမှ လွတ်မြောက်လာသူ အရေအတွက်**

Eden ၏ စီမံကိန်းတွင် အစီအစဉ်တွင် စာရင်းပေးသွင်းသည့် အကျိုးခံစားခွင့်ရှိသူအများစုသည် Eden ၏ နားခိုရန် ရိပ်သာ(၃)ခု (ရန်ကုန်တွင် ၂ခုနှင့် လားရှိုးတွင် ၁) အနက်မှ ရိပ်သာ (၁)ခုတွင် ခိုလှုံနေထိုင်ကြပါသည်။ Eden မှ ကလေးငယ်ရှိသည့် မိခင်များအတွက် သီးသန့်ရည်ရွယ်သည့် ရိပ်သာအသစ် (၂)ခုအား လားရှိုးမြို့နှင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင်အမျိုးသမီး ၇၃ဦးမှ လုံခြုံစိတ်ချရသည့် နားခိုရန်ရိပ်သာတွင် နားခိုခွင့်ရရှိခဲ့ပါသည်။ အောင်မြင်မှုစီမံချက်၏ ကူညီပံ့ပိုးမှုနှင့်အတူ ထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး(၁၃၄)ဦးသည် အကျပ်အတည်းနှင့် ကြုံတွေ့နေရသည့် အမျိုးသမီးများအတွက် သုံးပန်လှ၏ အရေးပေါ် ဆက်သွယ်နိုင်သည့် လမ်းကြောင်းမှတဆင့် ချိတ်ဆက်ခြင်းဖြင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား လက်ခံရရှိခဲ့ပါသည်။ ပေးအပ်သည့်ဝန်ဆောင်မှုများတွင် ချက်ချင်း (မိနစ်ပိုင်းအတွင်း) နှင့် အချိန်ကာလတစ်ခု (၂လမှ ၃လ) အတွင်းသုံးပန်လှ ဧည့်ရိပ်သာ၌ နေရာထိုင်ခင်းပေးထားခြင်း၊ အစားအသောက်၊ အဝတ်အစား၊ အလုပ်အကိုင်နှင့် နေရာထိုင်ခင်းပေးခြင်း၊ ခရီးစရိတ်များ၊ ဥပဒေ ရေးရာနှင့် ဆေးဝါးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်ပါသည်။

**DH–၂ အထူးသဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းခံရနိုင်ခြေ အန္တရာယ်မြင့်မားသည့် အလုပ်သမားများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ တိုးချဲ့ခဲ့သည့် အခွင့်အလမ်းများ**

**DH–၂.၁ LIFT မှပံ့ပိုးပေးသည့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းထူထောင်သည့်သူများ (လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများ အပါအဝင်) အတွက်သင်တန်းပြီးဆုံးသည်အထိ အောင်မြင်စွာ တက်ရောက်ခဲ့သူ အရေအတွက်နှင့် ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် DH ၁.၁ ညွှန်းကိန်းအောက်ရှိ မည်သည့်စီးပွားရေးကဏ္ဍ (စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း (သို့) ဝန်ဆောင်မှု လုပ်ငန်းများအပါအဝင်) တွင်မဆို အငယ်စား (သို့) အလတ်စား စီးပွားရေးလုပ်ငန်းများ ထူထောင်သည့်သူများကို လေ့ကျင့် သင်ကြား ပေးခဲ့သည့် အရေအတွက်အား တိုင်းတာသည့် ပြန်လည်ပြင်ဆင်ထားသော ညွှန်းကိန်း ဖြစ်ပါသည်။ သို့သော်လည်းပဲ တနိုင်တပိုင် စိုက်ပျိုးမွေးမြူရေးနှင့် ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းခြင်းတို့အား ဖယ်ထုတ်ထားပါသည်။ ဤညွှန်းကိန်းအတွက် အစီရင်ခံတင်ပြခြင်းသည် သင်တန်းသားများမှ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းထူထောင်ရာတွင် အောင်မြင်ခဲ့ခြင်းရှိ၊ မရှိအား သက်သေပြနိုင်ရန်အတွက် အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှုအပါအဝင် IP များမှ တာဝန်ယူဆောင်ရွက်သည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းအပေါ် မူတည်ထားပါသည်။ အစီရင်ခံတင်ပြခြင်းတွင် သင်တန်းကာလ၊ ပြီးဆုံးခြင်းနှင့် ခြေရာကောက်သည့် လေ့လာမှုများ အစီအစဉ်နှင့် ပုံမှန် ခြေရာကောက်ခြင်း လေ့လာခြင်းတို့အပေါ် မူတည်၍ နှစ်ခါထပ် ဆောင်ရွက်မိနေနိုင်သည့် အလားအလာဖြစ်ပေါ်နိုင်ပါသည်။

*ဇယား ၂.၁၂ – စီမံကိန်း အဆင့် DH–၂ ညွှန်းကိန်းနှင့် ပြီးစီးအောင်မြင်မှုများ*

| ညွှန်းကိန်းများ | ပြီးစီးမှု | ပြီးစီးမှု | စုပေါင်းထားသည့် ပြီးစီးမှုများ | စုပေါင်းထားသည့် ပြီးစီးမှုများ | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၀–၂၀၁၈ | ၂၀၁၉ | ၂၀၁၀ – ၂၀၁၉ | ၂၀၁၉ | | |
| DH–၂.၁ LIFT မှပံ့ပိုးပေးသည့် ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းထူထောင်သည့်သူများ (လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေသူများအပါအဝင်) အတွက် သင်တန်းပြီးဆုံးသည်အထိ အောင်မြင်စွာ တက်ရောက်ခဲ့သူ အရေအတွက်နှင့် ရာခိုင်နှုန်း | မရနိုင်ပါ | ၁,၇၉၂<br>၁,၂၄၄ **မ**<br>၅၄၈ **ကျား** | ၁,၇၉၂<br>၁,၂၄၄ **မ**<br>၅၄၈ **ကျား**<br>(၇၄.၁%) | ၄၀%/၅၂၀ | ၃၄၅% | IPs |
| DH–၂.၂ LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ အရေအတွက် | မရနိုင်ပါ | ၁,၉၇၂<br>၁,၀၈၆ **မ**<br>၈၈၆ **ကျား** | ၁,၉၇၂<br>၁,၀၈၆ **မ**<br>၈၈၆ **ကျား** | ၆၀%/၈,၂၂၀ | ၂၄% | IPs (အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှု များ) |
| DH–၂.၃ LIFT မှ ပံ့ပိုးပေးသည့် သင်တန်းအား အောင်မြင်ပြီးဆုံးအောင် တက်ရောက်ပြီး ၎င်းတို့၏ အလုပ်အကိုင် (သို့) စီးပွားရေး လုပ်ငန်းမှ ဝင်ငွေ တိုးတက် ရရှိလာသည့် သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း | မရနိုင်ပါ | ၃,၆၇၃<br>၂,၂၉၄ **မ**<br>၁,၃၇၉ **ကျား** | ၃,၆၇၄<br>၂,၃၃၀ **မ**<br>၁,၄၃၄ **ကျား**<br>(၇၅.၂%) | ၇၀%/၆,၁၁၈ | ၆၀% | IPs |

၂၀၁၉ ခုနှစ်တွင် LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်း(၉) ဖွဲ့ တို့က သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သူ ၁,၉၇၂ဦး (အမျိုးသမီး ၆၉%) သည်၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများကို ထူထောင်နိုင်ခဲ့သည်ဟု အစီရင်ခံတင်ပြခဲ့ပါသည်။ ဤသည်မှာ ညွှန်းကိန်း DH ၁.၁ အောက်ရှိ IP များမှရောက်ရှိခဲ့သည့် ဦးရေ၏ ၇၆%အား ကိုယ်စားပြုခဲ့ပါသည်။ တည်ထောင်ခဲ့သည့် စီးပွားရေးလုပ်ငန်းများသည် အမျိုးမျိုးရှိပြီး ရရှိခဲ့သော သက်ဆိုင်ရာ ကျွမ်းကျင်မှုများမှာ- စက်ပြင်၊ လက်သမား၊ ပန်းရံ၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်း၊ ကားမောင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ဂဟေဆော် ခြင်း၊ အဆင့်မြင့်စက်ချုပ်ကျွမ်းကျင်မှု၊ အင်္ဂလိပ် စကားပြောသင်တန်း နှင့် ကွန်ပျူတာ စာရင်းကိုင်သင်တန်းများ၊လေအေးပေးစက်ပြုပြင်ခြင်း၊ အပ်ချုပ်ခြင်း၊ မုန့်ဖုတ်ခြင်း၊ အစားအသောက်နှင့် အဖျော်ယာမကာနှင့် လျှပ်စစ်တပ်ဆင်ခြင်း – နှင့်ဆက်နွှယ်နေခဲ့ပါသည်။

အစီရင်ခံတင်ပြခဲ့သော အရေအတွက်မှာ ညွှန်းကိန်း DS ၁.၁ အောက်မှ အစီရင်ခံတင်ပြခဲ့သည့် IP များမှ ဆောင်ရွက်ခဲ့သော စီးပွားရေး လုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုကို အိမ်ထောင်စု အညွှန်း စစ်တမ်း လေ့လာမှုအပေါ်တွင် အခြေခံပါသည်။ LIFT သည်နောက်လာ မည့် အစီရင်ခံ တင်ပြသည့် ကာလအတွက် အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှုများ ပြုလုပ်ရာတွင် စံသတ်မှတ်ထားသည့် ချဉ်းကပ်နည်း လမ်းဖြင့် အကောင်အထည် ဖော်ဆောင်ခြင်းအတွက် မိတ်ဖက်အဖွဲ့ အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### DH–၂.၂ LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ ဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ အရေအတွက်

ဤသည်မှာလည်း LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ခဲ့ ပြီးနောက် (၆)လအတွင်း အလုပ်ခန့်ထားခြင်း ခံရသော လေ့ကျင့် သင်ကြားပေးခဲ့သည့် စုစုပေါင်း လူအရေအတွက် (DH ၁.၁) အား တိုင်းတာသည့် ညွှန်းကိန်းအသစ် ဖြစ်ပါသည်။ အလုပ်အကိုင် ခန့်ထားခြင်းသည် မည်သည့် စီးပွားရေးကဏ္ဍ (စိုက်ပျိုးရေး၊ စက်မှု၊ ဝန်ဆောင်မှုများ) မဆို၌ ဖြစ်နိုင်ပါသည်။ အလုပ်အကိုင်ခန့်ထားခြင်းတွင် မည်သည့် အချိန်ကာလ အတိုင်းအတာအထိမဆို စီးပွားရေးလုပ်ငန်း တစ်ခု၌ လက်ရှိအချိန်၌ အလုပ်လုပ်ကိုင်နေပြီး လုပ်ခလစာများ အနေဖြင့် ဝင်ငွေရရှိနေသည့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ် အပိုင်းအခြား၌ ရှိနေသော သူများအားလုံး ပါဝင်ပါသည်။

LIFT ၏ IP များမှ သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများမှ အကျိုးခံစားခွင့်ရှိသူ ၁၉၇၂ ဦးသည် အာမခံချက်ရှိသော အလုပ်အကိုင် ရရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ဤပြီးစီး အောင်မြင်မှုများအား IOM လက်အောက်ရှိ တွဲလက်နှင့် MILDAS စီမံချက်များ၊ ILO အောက်ရှိ DILMM စီမံချက်၊ Care International အောက်ရှိ အောင်မြင်မှု စီမံချက် နှင့် Mercy Crops တို့မှ အစီရင်ခံ တင်ပြခဲ့ပါသည်။ ပြီးစီး အောင်မြင်မှု များသည် ညွှန်းကိန်း DH ၁.၁ အောက်ရှိ IP များမှ ရောက်ရှိခဲ့သည့် သူများ၏ ၇၄% အား ကိုယ်စားပြုပါသည်။

ပြီးခဲ့သည့် ညွှန်းကိန်းကဲ့သို့ အစီရင်ခံ တင်ပြသည့် ရောက်ရှိမှုမှာ IP များမှ ဆောင်ရွက်ခဲ့သည့် ညွှန်းကိန်း DS ၁.၁ အောက်မှ အစီရင်ခံ တင်ပြခဲ့သော ပေးအပ်ခဲ့သည့် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးအား အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှုအပေါ် တွင် အခြေခံပါသည်။ LIFT သည် နောက်လာမည့် အစီရင်ခံ တင်ပြ သည့် ကာလ၌ အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှုများ ပြုလုပ် ရာတွင် စံသတ်မှတ်ထားသည့် ချဉ်းကပ်နည်းလမ်းဖြင့် အကောင်အထည်ဖော်ခြင်းအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### DH–၂.၃ LIFT မှ ပံ့ပိုးပေးသည့် သင်တန်းအား အောင်မြင်ပြီးဆုံးအောင် တက်ရောက်ပြီး ၎င်းတို့၏ အလုပ်အကိုင် (သို့) စီးပွားရေး လုပ်ငန်းမှ ဝင်ငွေ တိုးတက် ရရှိလာသည့် သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် သက်မွေးဝမ်းကျောင်း (သို့) စီးပွားရေးလုပ်ငန်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သင်တန်း (DH ၁.၁) အား ပြီးဆုံးအောင် တက်ရောက်ခဲ့ပြီးနောက် (၆)လအတွင်း ဝင်ငွေ တိုးတက်မှု ရရှိလာသည့် သူများ၏ အရေအတွက်အား တိုင်းတာပါသည်။ ဤသည်မှာ ဖြေဆို သူများ၏ အနေဖြင့် ၎င်းတို့တစ်ဦးချင်း ဝင်ငွေ တိုးတက်လာသည်ကို ၎င်းတို့၏ ပုဂ္ဂလိကအမြင်အပေါ် အခြေခံပြီး ပြောင်းလဲမှုကို ရေတွက် တိုင်းတာရန် လက်တွေ့ မျက်မြင်ကို အခြေခံသည့် အချက်အလက်များအား အတိအကျ မှတ်တမ်းတင်ထားခြင်း မရှိပါ။ ယင်းတွင် ယခင်က အလုပ်လက်မဲ့ဖြစ်ပြီးနောက် အလုပ်အကိုင် ရှာတွေ့ခြင်း၏ အကျိုးဆက်အနေဖြင့် ဝင်ငွေတွင် တိုးပွားလာခြင်း အပါအဝင် ဖြစ် ပါသည်။ တိုင်းတာရန်အတွက် ညွှန်းကိန်း ၂.၁ နှင့် ၂.၂ တွင် စီးပွားရေး လုပ်ငန်းများ ထူထောင်ရာတွင် အောင်မြင်မှု ရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သင်တန်း တက်ရောက်ခဲ့ သည့် သင်တန်းသားအား ဝင်ငွေတွင် တိုးတက်မှု ရှိသူများ အနေဖြင့် သတ်မှတ်ချက် ပြည့်မီသည်ဟု စဉ်းစားရမည် ဖြစ်သောကြောင့် ပိုင်းဝေ အဖြစ် ရယူပါသည်။ ပိုင်းခြေမှာ အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှု မှ တဆင့် လက်လှမ်းမီခဲ့သည့် စုစုပေါင်း သင်တန်းသား အရေအတွက် ဖြစ်မည် ဖြစ်ပါသည်။

ညွှန်းကိန်း DH ၂.၁ နှင့် DH ၂.၂ တို့အောက်မှ အစီရင်ခံ တင်ပြခဲ့သည့် အောင်မြင်မှုပေါ် အခြေခံ၍ စုစုပေါင်း ၃,၇၆၄ ဦး (အမျိုးသမီး ၆၂%) အား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်းနှင့် အကျိုးရှိသည့် အာမခံချက်ရှိသော အလုပ်အကိုင် ရရှိခြင်းတို့ အပေါ် အခြေခံ၍ ၂၀၁၉ ခုနှစ်အတွက် ဝင်ငွေ တိုးတက် ရှိလာသည့် သူများ အဖြစ် မှတ်ယူနိုင် ပါသည်။ ဤ ပြီးစီးအောင်မြင်မှုသည် အိမ်ထောင်စု အညွှန်းစစ်တမ်း လေ့လာမှု မှတဆင့် IP များ လက်လှမ်းမီ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့်ရှိသူများ၏ ၇၅% အား ကိုယ်စားပြုပါသည်။

## ၂၀၁၉ခုနှစ် ဇန်နဝါရီလ မှ ဇွန်လအထိ LIFT ၏ ရလဒ်များ အနှစ်ချုပ်

အစီရင်ခံတင်ပြပြီးသည့် ညွှန်းကိန်းများအား ဆန်းစစ်သုံးသပ်ခြင်းပေါ်တွင် အခြေခံ၍ ဤ အစီရင်ခံသည့် ကာလအတွင်း ယေဘုယျ တိုးတက်မှုမှာ ကျေနပ်ဖွယ်ရှိသည်ဟု ထင်မြင်ရပါသည်။ LIFT မှ အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ အချက်အလက်များပေါ် မူတည်သည့် ညွှန်းကိန်း ၄၂ ခုအနက်မှ ၃၉ ခု နှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြနိုင်ခဲ့ပါသည်။ LIFT မှ အစီရင်ခံခဲ့သည့် ညွှန်းကိန်း ၃၉ တွင် ၃၃ ခုမှာ ရည်မှန်းထားသည်ကို ပြည့်မီ (သို့) ကျော်လွန်ခဲ့ပါသည်။ (၈၄ ရာခိုင်နှုန်း)

LIFT သည် အကြောင်းအရာ နယ်ပယ် လေးခုလုံးတွင် အစီရင်ခံထားသည့် အကျိုးရလဒ်အဆင့် မူဝါဒ ညွှန်းကိန်း ရှစ်ခု အနက်မှ ရည်မှန်းထားသည့် မှတ်တိုင် ရလဒ် ၇ခု လုံးတွင် ပြည့်မီ (သို့) ကျော်လွန်ခဲ့ပါသည်။ ဤပြီးစီးအောင်မြင်မှုမှ ရပ်ရွာလူထုများ၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ် သက်ရောက်မှုရှိသည့် ကိစ္စရပ်အမျိုးမျိုးနှင့် စပ်လျဉ်းသည့် အစိုးရ၏ မူဝါဒရေးရာများအပေါ် လွှမ်းမိုးနိုင်ရန် နှစ်ပေါင်းအတန်ကြာ တစိုက်မတ်မတ် ကြိုးပမ်းခဲ့သည့် လမ်းကြောင်းကို ထင်ဟပ် ပြသနေပါသည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် ရလဒ် ညွှန်းကိန်းများအနက်မှ ညွှန်းကိန်း (FH-၁.၃) မှာလည်း ရည်ရွယ်ထားသည့် မှတ်တိုင်များအား ကျော်လွန်ခဲ့ပါသည်။

**စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ စနစ်များ** ၏ ရလဒ် ညွှန်းကိန်း နှစ်ခု (ညွှန်းကိန်းအသစ်) ဆိုင်ရာ စွမ်းဆောင်နိုင်မှု – AH-၁.၂ –LIFT စီမံကိန်း ဧရိယာများရှိ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးသည့် စိုက်ပျိုးမြေ ရာခိုင်နှုန်း နှင့် AH-၁.၄ – စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးလာ သည်ဟု အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် တောင်သူ အရေအတွက်/ရာခိုင်နှုန်း တို့မှ မှတ်တိုင်အားလုံး ပြည့်မီခြင်း မရှိသော်လည်း အတော်အသင့် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ယင်းစွမ်းဆောင်မှုမှာ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းအချို့သည် မဟာဗျူဟာ အသစ် ၏ လိုအပ်ချက်များအပေါ် အခြေခံသည့် အချက်အလက် ပံ့ပိုးပေးနိုင်ခြင်း မရှိဟူသော အချက်ကို ထည့်တွက်ခဲ့ပါသည်။ ရလဒ် ညွှန်းကိန်း AH-၁.၃– LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အကြံပေး ဝန်ဆောင်မှုများ ရရှိသည့် အိမ်ထောင်စုများမှ စားသုံးခဲ့သည့် (သို့) ရောင်းချခဲ့သည့် လယ်ယာထုတ်ကုန်များ၏ ပျမ်းမျှ ခန့်မှန်း တန်ဖိုးမှာမူ တိုင်းတာရန်အတွက် ဆောင်ရွက်ရသည့်ကိစ္စများ နှင့် ပတ်သက်၍ ခက်ခဲရှုပ်ထွေးမှုများကြောင့် အစီရင်ခံနိုင်ခြင်းမရှိပါ။ ထိရောက်စွာ တိုင်းတာနိုင်ရန်အတွက် စိုက်ပျိုးရာသီအတွင်း စိုက်ပျိုးခဲ့သည့် သီးနှံတစ်မျိုးချင်းစီ၏ ထုတ်လုပ်မှု၊ စားသုံးမှု နှင့် သီးနှံတစ်မျိုးချင်းစီ၏ ပျမ်းမျှ ဈေးနှုန်းဆိုင်ရာ အသေးစိတ်မေးခွန်းများ လိုအပ်မည် ဖြစ်သဖြင့် ကျယ်ပြန့်သော အိမ်ထောင်စု စစ်တမ်း မှတဆင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံး ဖြစ်သည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။

ယခင် မဟာဗျူဟာ၏ ယုတ္တိဗေဒ မူဘောင်အောက်တွင် အထက်ဖော်ပြပါ ညွှန်းကိန်းများအား LIFT ၏ အိမ်ထောင်စုစစ်တမ်းမှ တဆင့် တိုင်းတာပါသည်။ ယုတ္တိဗေဒ မူဘောင်အသစ်မှ ယခုအခါ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား ယင်း ညွှန်းကိန်းများ တိုင်းတာရန်အတွက် ၎င်းတို့၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ဆိုင်ရာ(M&E) စနစ်များအား လိုက်လျောညီထွေ ဖြစ်စေရန် အတွက် ဆောင်ရွက်ရန်လိုအပ်ပါသည်။ သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းစနစ်ဆိုင်ရာ လမ်းညွှန်များအရ LIFT အနေဖြင့် ၂၀၁၉ ခုနှစ်တွင် ညွှန်းကိန်းအသစ်များ တိုင်းတာရေး စနစ် သို့ ကူးပြောင်းသည့် အချိန်၌ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို ကူညီပံ့ပိုးပေးရန်အတွက် နဂိုရှိသည်ထက် ပိုသော အချိန် လိုအပ်မည်မှာ ထင်ရှားပါသည်။ ထို့အတူ အချို့သော အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံချက်များသည် ပိတ်သိမ်းခဲ့ပြီး ဖြစ်ခြင်း (သို့) ပိတ်သိမ်းရန် အချိန်နီးကပ်နေပြီ ဖြစ်ခြင်းတို့ကြောင့် ညွှန်းကိန်း ရည်ညွှန်း စာရွက်များတွင် သတ်မှတ် ဖော်ပြသည့်အတိုင်း အချက်အလက်ကောက်ယူခြင်းနှင့် ပတ်သက်သည့် မည်သည့် အပြောင်းအလဲကိုမဆို စတင် အသုံးပြုရန်မှာ လက်တွေ့ဆန်ခြင်း မရှိပါ။ သို့သော်လည်း အချို့သော အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှာမူ ၎င်းတို့တွင် ရှိသည့် M&E စနစ်များ၏ အားကောင်းမှုကို အခြေခံ၍ လိုအပ်သည့် အချက်အလက်များအား ကောက်ယူနိုင်ဆဲ ရှိပါသည်။ နောက်ဆုံးတွင် ဤအခြေအနေမှ LIFT ၏ ယုတ္တိဗေဒ မူဘောင် အသစ် ညွှန်းကိန်းများနှင့် ဆိုင်သည့် အချက်အလက်များ ကောက်ယူရာတွင် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများတွင် မတူညီသည့် စွမ်းဆောင်နိုင်မှုများ နှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အဆင့်များ ရှိသည်ကို ထင်ဟပ်ပါသည်။ ယင်းအချက်မှာ ၂၀၂၀ တွင် စီမံကိန်း အခြေပြု M&E အရာရှိများအတွက် အာရုံစိုက်ရမည့် အဓိက ဧရိယာ ဖြစ်ပါသည်။ သက်ဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များ အလိုက် မတူညီသည့် နယ်ပယ်နှင့် အကောင်အထည်ဖော်ခြင်း အချိန်ဇယားများ ခွင့်ပြုပေးခဲ့သည့် ညွှန်းကိန်းများအားလုံးကို အစီရင်ခံသည့် အကောင်အထည် ဖော်ရေး မိတ်ဖက်အဖွဲ့စည်းများ၏ ဖြစ်နိုင်စွမ်း/ဆောင်ရွက်နိုင်စွမ်းကို ဆုံးဖြတ်ပေးမည့် ညွှန်းကိန်းများအားလည်း ထပ်မံ၍ သုံးသပ်ဆင်ခြင်ရန် လိုအပ်ပါသည်။

**သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် နှင့် လုပ်သားရွှေ့လျားသွားလာမှု** ဆိုင်ရာ ရလဒ် ညွှန်းကိန်း သုံးခု၏ စွမ်းဆောင်ရည် (DH ၂.၁, ၂.၂ နှင့် ၂.၃) တို့သည် ညွှန်းကိန်း DH ၁.၁ အောက်တွင် အစီရင်ခံတင်ပြသည့် အကျိုးခံစားခွင့်ရှိသူများ အတွက်ပေးသည့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများအား ခြေရာခံ လေ့လာခြင်းများ၏ ရလဒ်များအပေါ် တွင် မူတည်ပါသည်။ DH ၂.၂ နှင့် ၂.၃ တို့အတွက် ရည်မှန်းထားသည့် မှတ်တိုင်များ၏ ပြီးစီးမှု နှင့် နှိုင်းယှဉ်ပါ DH ၁.၁. ၏ အောင်မြင်ပြီးစီးမှု နည်းရခြင်းမှာ DH ၁.၁. အတွက် ရလဒ် အချက်အလက် အစီရင်ခံသည့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းအချို့၏ အချက်အလက်အချို့အား မရရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ယင်း အချက်အလက် ကွာဟချက်များအား အောက်ပါ အကြောင်းအချက်များ ဖြစ်သည့် – (၁) အချို့သော အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများအကြားတွင် ခြေရာခံသည့် စစ်တမ်းများအား စံသတ်မှတ်ထားသည့် စနစ်တကျ ပုံစံဖြင့် ဆောင်ရွက်နိုင်ရန် M&E ဆိုင်ရာ စွမ်းဆောင်ရည် ကွာဟချက်များ ရှိဆဲဖြစ်နေခြင်း ၊ (၂) အချို့သော အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ သည် ၎င်းတို့၏ သင်တန်းများ ပို့ချပြီးစီးခဲ့သော်လည်း သင်တန်းဆင်းများ အနေဖြင့် အလုပ်အကိုင်ရရှိရန် (သို့) လုပ်ငန်းများ တည်ထောင်ရန် အချိန်လိုအပ်သဖြင့် အချက်အလက်စုဆောင်းရန် ခြေရာခံ လေ့လာမှုများအား နောင်အနာဂတ်တွင်မှ ဆောင်ရွက်ရန် စီစဉ်ထားခြင်း ၊(၃) ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်းလုပ်သားများ၏ ရွှေ့လျားသွားလာသည့် သဘောသဘာဝကြောင့် အကျိုးခံစားခွင့်ရှိသူများအနက်မှ များပြားသည့် အရေအတွက်မှာ သင်တန်း ပြီးဆုံးပြီးနောက် ခြောက်လအကြာတွင် နောက်ဆက်တွဲ ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် တွေ့ဆုံနိုင်မှု မရှိတော့ခြင်း တို့ကြောင့် ဟုလည်း မှတ်ယူနိုင်ပါသည်။ LIFT ၏ ယုတ္တိဗေဒ မူဘောင် အသစ်ဆိုင်ရာ အစီရင်ခံတင်ပြခြင်းအတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် နှင့် လုပ်သားရွှေ့လျားသွားလာမှု စီမံကိန်း အတွင်းမှ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအတွက် M&E စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ နှစ်ခု ကျင်းပဆောင်ရွက်ပေးခဲ့ပြီး ခြေရာခံ စစ်တမ်းများ အားကောင်းခိုင်မာမှု နှင့် ပြည့်စုံလုံလောက်မှုတို့ ပိုမိုကောင်းမွန်စေရန် နည်းပေးလမ်းညွှန်မှုများအား ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

**အကြောင်းအရာအလိုက် နယ်ပယ်လေးခုတွင် ရလဒ် ညွှန်းကိန်းများ၏ စွမ်းဆောင်နိုင်မှုမှာ ရည်မှန်းချက်အများစုကို ပြည့်မီ (သို့) ကျော်လွန်ခဲ့ပါသည်။** ဥပမာ- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း နှင့် အာဟာရ တို့မှ လွဲ၍ မူဝါဒ အထောက်အကူပြု ဆွေးနွေးပွဲများ နှင့် ထုတ်ဝေမှုများအတွက် ရည်မှန်းထားသည့် မှတ်တိုင်များ အားလုံး ကျော်လွန်ခဲ့ပါသည်။ မူဝါဒဝန်းကျင်သည် ရလဒ်အဆင့်ရော အကျိုး ရလဒ် အဆင့်တွင်ပါ မြင့်မားသည့် ပြီးစီး အောင်မြင်မှုများ ရရှိခဲ့ခြင်းမှာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခွင့်ရစေသည့် မူဝါဒ ဝန်းကျင် ဆိုင်ရာ ပြောင်းလဲမှုများမှ ထပ်မံ ပြသခြင်း ဖြစ်ပါသည်။ မူဝါဒ ဆိုင်ရာ သီးသန့် အစီအစဉ်များနှင့် ဆက်နွယ်နေသည့် သင်တန်းများ၊ အလုပ်ရုံများ၊ အစည်းအဝေးများ အပါအဝင် အမျိုးအစား များပြားသည့် လှုပ်ရှား ဆောင်ရွက်မှုများအား ထည့်သွင်းဆောင်ရွက်ရေးအတွက်လည်း ပါဝင် ပါသည်။ အဆုံးတွင် ယင်းမှ မူဝါဒ အထောက်အကူပြု ဆောင်ရွက်မှုများ နှင့် ပတ်သက်၍ ချမှတ်ထားသည့် ရည်မှန်းချက်များ၏ အခြေအနေအား တိုင်းတာရန် ခက်ခဲနေသေးကြောင်း မှာလည်း ပေါ်လွင်နေပါသည်။

**ယေဘုယျ အားဖြင့် အာဟာရဖွံ့ဖြိုးမှု စနစ် ညွှန်းကိန်းများ၏ စွမ်းဆောင်နိုင်မှုမှာ တန်းတူညီမျှ ကောင်းမွန်ပါသည်။** ညွှန်းကိန်း NS–၁.၁ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များ မှ ရောက်ရှိခဲ့သည့် အရေအတွက် ၏ ရည်မှန်းထားသည့် မှတ်တိုင်သည် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်သည့် ရပ်ရွာလူထု အခြေပြု SBCC ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ မှ တဆင့် ရောက်ရှိခဲ့သည့် အကျိုးခံစားရှိသူ အရေအတွက်ထက် များစွာ ကျော်လွန် ပြည့်မီခဲ့ပါသည်။ အထူးသဖြင့် Save the Children မှ ၎င်း၏ ရပ်ရွာလူထု အခြေပြု မိခင်အချင်းချင်း ရိုင်းပင်းကူညီသည့် အဖွဲ့ ပုံစံ မှတဆင့် ကြိုတင်မျှော်မှန်းထားသည့် အရေအတွက်ထက် များစွာ ကျော်လွန်သည့် အကျိုးခံစားခွင့်ရှိသူများထံ ရောက်ရှိနိုင်ခဲ့ပါသည်။ အလားတူပင် LIFT မှ ပံ့ပိုးပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သည့် အရေအတွက် ညွှန်းကိန်း ဆိုင်ရာ ရည်မှန်းချက် အား တိုးမြှင့် ပြောင်းလဲ သတ်မှတ်ချိန်ညှိခဲ့ သော်လည်း ရည်မှန်းချက် မှတ်တိုင် ၏ ၁၀၃ ရာခိုင်နှုန်း ရောက်ရှိခြင်းဖြင့် LIFT မှ ထူးခြားသည့် စွမ်းဆောင်နိုင် မှုအဖြစ် ရည်မှန်းချက် မှတ်တိုင် ၏ ၁၀၃ ရာခိုင်နှုန်း ရောက်ရှိခြင်းအား မှတ်တမ်းတင်ခဲ့ပါသည်။ ဤ စွမ်းဆောင်နိုင်မှုအား LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဇောင်းပေး စိုက်ပျိုးရေး နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စီမံကိန်းများ အထူးသဖြင့် လူမှုဝန်ထမ်းဦးစီးဌာန နှင့် Save the Children တို့မှ ဆောင်ရွက်သည့် MCCT အစီအစဉ်မှ အဓိကအားဖြင့် ပံ့ပိုးပေးပါသည်။

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း သည် ရည်မှန်းချက် အားလုံး နီးပါး တွင် ပြည့်မီ (သို့) ကျော်လွန်သည့်အထိ ကောင်းမွန်စွာ ဆက်လက် စွမ်းဆောင်နိုင်ခဲ့ပါသည်။** အကျိုးခံစားခွင့်ရှိသူများနှင့် ပတ်သက်၍ ဤစီမံကိန်းသည် အိမ်ထောင်စု စုစုပေါင်း ၃,၂၉၅,၀၄၀ စု ထံ ရောက်ရှိသည့် တစ်ခုတည်းသော ကြီးမားသည့် စီမံကိန်း ဆောင်ရွက်ချက် အဖြစ် ဆက်လက် ရပ်တည်နေပါသည်။

ခြုံငုံကြည့်လျှင် ညွှန်းကိန်းများအားလုံး၏ စွမ်းဆောင်နိုင်မှုမှာ LIFT မှ ယခင်က ဆောင်ရွက်ခဲ့သည့် အချိန်သတ်မှတ်၍ ရည်မှန်းချက် ချိန်ညှိမှု/ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြသပြီး ယင်းအား ၂၀၁၉–၂၀၂၃ အဆင့်အတွင်းတွင်လည်း နှစ်စဉ် ဆောင်ရွက်ရန် အဆိုပြုပါသည်။ ၂၀၁၉ ခုနှစ်အတွက် ရည်မှန်းချက် ချမှတ်ခြင်းတွင် အဓိက ကန့်သတ်ချက်များ မှာ ဆောင်ရွက်ဆဲ စီမံကိန်း လုပ်ငန်းများသည့် ၂၀၁၅–၂၀၁၈ခုနှစ် မဟာဗျူဟာကာလမှ ဆက်လက်ဆောင်ရွက်သည့် စီမံကိန်းများ ဖြစ်သဖြင့် တည်နေရာ အများစုတွင် စီမံကိန်း ဆောင်ရွက်ချက်အသစ်များအား အပြည့်အဝ ဒီဇိုင်းရေးဆွဲခြင်း မရှိသေးခြင်း (သို့) အပြည့်အဝ လုပ်ငန်း လည်ပတ် ဆောင်ရွက်နိုင်မှု မရှိသေးခြင်း ကြောင့် ဖြစ်ပါသည်။ ၂၀၁၉ခုနှစ် ရည်မှန်းချက်များ အပါအဝင် ရည်မှန်းချက်များအား ပြန်လည်ပြင်ဆင် ခဲ့သော်လည်း အချို့ ညွှန်းကိန်းများ၏ စွမ်းဆောင်မှုမှာ ပြင်ဆင် သတ်မှတ်ထားသည့် ရည်မှန်းချက်မှတ်တိုင်များအား ကျော်လွန်နိုင်ဆဲ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၏ စွမ်းဆောင်မှုဖြင့် LIFT သည် ၂၀၂၀ ခုနှစ် အတွက် ပိုမိုတိကျသည့် ရည်မှန်းချက်များ ထားရှိနိုင်ရန် အနေအထား ကောင်းတွင် ရောက်ရှိနေပါသည်။

အစီရင်ခံခဲ့သည့် ညွှန်းကိန်းရလဒ်များအားလုံးသည် LIFT ၏ စီမံကိန်း ဆောင်ရွက်ချက်များနှင့် တိုက်ရိုက်ချိတ်ဆက်နေသည့် အလယ်အလတ် အဆင့် အကျိုးရလဒ်များနှင့် ရလဒ်များအပေါ်တွင် အခြေခံပါသည်။ အဆိုပါအကြောင်းရင်းများ ကြောင့် နည်းပညာ အကူအညီ၊ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်မှု၊ စည်းရုံးလှုံ့ဆော်မှု၊ သွင်းအားစု အမျိုးအစား အမျိုးမျိုးနှင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် ရှိသည့် တစ်ဦးချင်းနှင့် လူမှုအသိုက်အဝန်းများ ထံ တာဝန်ယူမှုရှိသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရန် ပံ့ပိုးကူညီပေးခြင်းတို့အား လွှမ်းခြုံသည့် LIFT ၏ စီမံကိန်း ဆောင် ရွက်ချက်များတွင် ပြောင်းလဲမှု များအား ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းထားပါသည်။ LIFT သည် အကျုံးဝင်သည့် ညွှန်းကိန်းအားလုံး၏ ရလဒ်များတွင် ကျား၊မ ရေးရာ အား ထည့်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ရလဒ်များသည့် စီမံ ချက်များ၏ စီမံကိန်းဆောင်ရွက်ချက်များ တွင် အမျိုးသမီးများ ပိုမို ပါဝင်နိုင်စေရန် နှင့် အားလုံးပါဝင်စေမည့် ငွေကြေးဆိုင်ရာနှင့် အာဟာရ ကဏ္ဍာ ကဲ့သို့သော အရေးပါသည့် စီမံကိန်း လုပ်ငန်းများတွင် အမျိုးသမီးများအတွက် သီးသန့်ရည်ရွယ်ဆောင်ရွက်ရန် LIFT ၏ တစိုက်မတ်မတ် ဆောင်ရွက်မှုများအား ပြသနေပါသည်။



# ၃

## အကြောင်းအရာအလိုက် အစီအစဉ်များ


၃.၁  အာဟာရဖွံ့ဖြိုးမှု......................................................................၅၃


၃.၂  ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့်
    ပုဂ္ဂလိက ကဏ္ဍနှင့် မိတ်ဖက်ပြုမှု.................................................၇၆

၃.၃ စိုက်ပျိုးရေး၊ ဈေးကွက် နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ.................၈၉

၃.၄ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့်
    လုပ်သား ရွှေ့ပြောင်းသွားလာမှု.......................................................၁၀၂

၃.၅ ပဋိပက္ခ ဒဏ်ခံဒေသများ.................................................................၁၁၆

# အကြောင်းအရာအလိုက် အစီအစဉ်များ




*နိုင်ငံတဝှမ်းရှိ LIFT ၏ စီမံချက်များ (၂၀၁၉)*

## ၃.၁ အာဟာရဖွံ့ဖြိုးမှု

### ခြုံငုံဖော်ပြချက်

လွန်ခဲ့သည့် ဆယ်စုနှစ်များတောက်လျှောက် မက်ကရို စီးပွားရေး ဖွံ့ဖြိုးမှု နှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျခြင်းတို့ ရှိခဲ့သော်လည်း မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ် အများအပြား အာဟာရချို့တဲ့မှု ဆက်လက်ခံစားနေရဆဲ ဖြစ်ပါသည်။ ပုညှက်မှု (သို့) နာတာရှည် အာဟာရ ချို့တဲ့မှု မှာ ၁၉၉၀ နှစ်များအတွင်း က ၅၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၂၉ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သော်လည်း ပုညှက်သည့် အုပ်စုတွင်ပါဝင်သည်ဟု သတ်မှတ်ထားသည့် အသက်ငါးနှစ်အောက် ကလေးသူငယ် ၁.၄ သန်း ခန့်ရှိနေသေးသည်။ လတ်တလောပြင်းထန် အာဟာရ ချို့တဲ့မှု (သို့) ကျုံလှီမှုတို့မှာ ကျောင်းနေရွယ် မရောက်သေးသည့် ကလေးသူငယ်များ၏ ၇ ရာခိုင်နှုန်းအထိ သက်ရောက်မှုမှာ ဆက်လက် ရှိနေပါသေးသည်။ အသက် ၆–၁၉ လ အတွင်း ကလေးသူငယ်များ၏ ၅၈ ရာခိုင်နှုန်းနှင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသည့် အမျိုးသမီးများ၏ ၄၆ ရာခိုင်နှုန်းမှာ သွေးအားနည်းခြင်းဒဏ် အပြင်းအထန်ခံစားနေကြရပြီး ယင်းမှာ တစိတ်တဒေသအားဖြင့် သံဓာတ်ပြည့်ဝစွာ စားသုံးရခြင်း မရှိသောကြောင့် ဖြစ်နိုင်ပါသည်။ မွေးကင်းစကလေးငယ် ကိုယ်အလေးချိန်နည်းခြင်း ဖြစ်ပွားမှုနှုန်းမှာ ၈ ရာခိုင်နှုန်းရှိပြီး ယင်းမှာ ကိုယ်ဝန်ဆောင်ချိန် အာဟာရဖွံ့ဖြိုးမှု နိမ့်ကျခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သဖြင့် မိခင်နှင့်ကလေးသူငယ် အာဟာရဖွံ့ဖြိုးမှု နှစ်ခုလုံးအား တိုင်းတာသည့် အရေးပါသည့် ညွှန်းကိန်းတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစားအစာ စားသုံးမှုစစ်တမ်း အစီရင်ခံစာအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ဝေခဲ့ပါသည်။ ယင်းစစ်တမ်းသည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ခုကို လွှမ်းခြုံခဲ့ပြီး နမူနာကောက်ယူရာတွင် လူပေါင်း ၂၇,၀၀၀ ပါဝင်ပါသည်။ မြန်မာနိုင်ငံ ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း (Myanmar Demographic Health Survey – DHS) အား ၂၀၁၅–၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သဖြင့် အချို့ အရေးပါသည့် ညွှန်းကိန်းများသည် ထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သော်လည်း စစ်တမ်းရလဒ်များဖြင့် တိုက်ရိုက်နှိုင်းယှဉ်၍ မရပါ။ ၂၀၁၉ ခုနှစ် စစ်တမ်းမှ ပုညှက်နှုန်းမြင့်မားမှုမှာ ချင်းပြည်နယ် (၄၀ ရာခိုင်နှုန်း)၊ ဧရာဝတီတိုင်းဒေသကြီး (၃၈ ရာခိုင်နှုန်း) နှင့် ရခိုင်ပြည်နယ် (၃၅ ရာခိုင်နှုန်း) တို့ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ဆယ်ကျော်သက် မိန်းကလေးများ၏ ထက်ဝက်နီးပါးမှာ ပုညှက်နေပြီး တနိုင်ငံလုံး ပျမ်းမျှ အတိုင်းအတာထက် များစွာမြင့်မားနေပြီး (၂၄ ရာခိုင်နှုန်း) နှင့် အာဟာရချို့တဲ့မှုနှင့် ပုညှက်မှုတို့အား မိခင်မှ သားသမီးထံ မျိုးဆက်ချင်းလက်ဆင့်ကမ်း သံသရာ စက်ဝန်းအရ စိုးရိမ်ပူပန်စရာ အကြောင်းရင်း ဖြစ်နေပါသည်။ ၂၀၁၉ ခုနှစ် လေ့လာမှု စစ်တမ်းမှာ ပုညှက်မှု၊ ကြွယ်ဝချမ်းသာမှုနှင့် စားနပ်ရိက္ခာ မျိုးစုံ စားသုံးနိုင်မှုတို့အကြား အပြုသဘောဆောင်သည့် တွဲစပ်မှုများ အား တွေ့ရှိခဲ့ပါသည်။ လတ်တလော ပြင်းထန်သည့် အာဟာရချို့တဲ့မှု ဆိုင်ရာ အချက်အလက်များမှာ DHS စစ်တမ်းမှ အချက်အလက်နှင့် သိသိသာသာ ကွဲလွဲမှု ရှိပါသည်။ ယင်းအား ထပ်မံ စုံစမ်းစစ်ဆေးရန် နှင့် အခြားရရှိနိုင်သည့် အချက်အလက်များနှင့် နှိုင်းယှဉ်ရန် လိုအပ်ပါသည်။ နောက်တစ်ကြိမ် ဆောင်ရွက်မည့် DHS အား ၂၀၂၀–၂၀၂၁ တွင် ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။ အခြားတွေ့ရှိချက်အချို့မှာ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ မှ သတ်မှတ်ထား သည့် ပြည်သူ့ ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်စရာ အဖြစ် ဆက်လက်ရှိနေဆဲ (၄၀ ရာခိုင်နှုန်းကျော်) ဖြစ်သည့် ကျောင်းနေရွယ် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင် များကြား သွေးအားနည်းရောဂါ ဖြစ်ပွားမှု အပါအဝင် အခြား စိုးရိမ်ပူပန်စရာအချက်များလည်း တွေ့ရှိခဲ့ပါသည်။ တနိုင်ငံလုံး အိုင်အိုဒင်း စားသုံးရေး မဟာဗျူဟာ ချမှတ်ထားသော်လည်း အိမ်ထောင်စုများ၏ ၃၇ ရာခိုင်နှုန်းသာ ရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့တွင် စားသုံးမှု အနည်းဆုံး ဖြစ်ပါသည်။

၂၀၁၅အလွန် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များအား သဘောပေါက်နားလည်ခြင်း The Post–2015 Consensusတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကျွမ်းကျင်သူများ မှ မြန်မာနိုင်ငံတွင် အခွင့်အလမ်းများ ဆုံးရှုံးနေခြင်း နှင့် ကျန်းမာရေးစရိတ်များ မြင့်မားနေခြင်းတို့ကြောင့် ပုညှက်မှုဆိုင်ရာ စရိတ်မှာ နှစ်စဉ် ကန်ဒေါ်လာ ၂ ဘီလီယံမှ ၆ ဘီလီယံ အထိ ရှိမည်ဟု သုံးသပ်ထားပါသည်။ အာဟာရဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်းကြား နီးကပ်သည့် ဆက်နွယ်မှုကြောင့် ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်မှု နှင့် ရေရှည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ ရယူနိုင်ခြင်းတို့ တပြိုင်နက်တည်း ဆောင်ရွက်နိုင်သည့် အာဟာရဆိုင်ရာ ပြဿနာများ ဖြေရှင်းပေးရန် နည်းလမ်းအား ဖန်တီးရန်အတွက် မူဝါဒဆိုင်ရာ နှင့် စီမံကိန်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများမှတဆင့် LIFT သည် အစိုးရ နှင့် အရပ်ဘက် လူမှု မိတ်ဖက်အဖွဲ့အစည်းများကြား ပူးပေါင်း ဆောင်ရွက်မှု အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာ ချိတ်ဆက်နေသည့် ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ကောင်းမွန်သည့် အာဟာရပြည့်ဝမှုတို့ဆိုင်ရာ ကြီးမားသည့် ခြိမ်းခြောက်မှုများ ရင်ဆိုင်နေရပါသည်။ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် LIFT ၏ အာဟာရနှင့် ကြံ့ကြံ့ခံနိုင်စွမ်း ဆိုင်ရာ စာတမ်း မှ မြန်မာနိုင်ငံ အတွက် အဓိက ခြိမ်းခြောက်မှု လေးခု ဖြစ်သည့် (၁) ရာသီဥတု ဘေးအန္တရာယ်များနှင့် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲခြင်း ဆိုင်ရာ စီမံကိန်းရေးဆွဲမှု အားနည်းခြင်း (၂) ဖြစ်ပွားဆဲ ပဋိပက္ခများ နှင့် လူမှုရေး မငြိမ်မသက်မှုများ (၃) မြန်မာနိုင်ငံရှိ ကွဲပြားခြားနားသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အနှံ့တွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ပါးခြင်း နှင့် (၄) အရှိန်ပြင်းစွာ ပြောင်းလဲနေသည့် မြို့ပြဖွံ့ဖြိုးမှုတို့အား ဖော်ထုတ်ပေးခဲ့ပါသည်။

အာဟာရဖွံ့ဖြိုးမှုမှ ရေရှည်တည်တံ့သည့် အကျိုးသက်ရောက်မှုပေါ် ထိန်းချုပ်ထားနိုင်ခြင်းအတွက် အားကောင်းသည့် အလားအလာ ပေါ်တွင် အာရုံစိုက်ခြင်းဖြင့် LIFT သည် အာဟာရ ဖွံ့ဖြိုးမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်နှင့် အဆိုပါ ခြိမ်းခြောက်မှုများအား ဖြေရှင်းရန်တို့အတွက် မြန်မာနိုင်ငံ ရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအနှံ့ ရင်းနှီးမြှုပ်နှံမှု နှင့် ဖွံ့ဖြိုး တိုးတက်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS–NPAN)အား ဒေသအလိုက် အကောင်အထည် ဖော်ဆောင်ခြင်းကို ထောက်ပံ့ပေးခြင်း၊ အရှိန်ပြင်းစွာ ပြောင်းလဲနေသည့် မြို့ပြဖွံ့ဖြိုးမှု ဆိုင်ရာ အခြေအနေ၌ ဆင်ခြေဖုံးဒေသများတွင် စီမံကိန်း ဆောင်ရွက်မှုများ ရင်းနှီးမြှုပ်နှံပေးခြင်း နှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း ကဲ့သို့သော နေရာများရှိ ပဋိပက္ခဒဏ် ခံစားနေရသည့် ပြည်သူများ အား ထောက်ပံ့ပေးမှု တိုးချဲ့ခြင်း တို့ဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် အမျိုးသားအဆင့် အာဟာရ ကဏ္ဍတွင် ရေရှည်တည်တံ့သည့် ရင်းနှီးမြှုပ်နှံမှုများအား ရယူရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ ရည်မှန်းချက် မြင့်မားသည့် MS–NPAN၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများကြား ဆက်လက်၍ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း နှင့် MCCT အစီအစဉ်အတွက် ရင်းမြစ်များပံ့ပိုးရန် အစိုးရမှ ရန်ပုံငွေများအား အထူးသဖြင့် မြန်မာနိုင်ငံရှိ အားနည်းထိခိုက်လွယ်မှု အများဆုံး ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အတွက် ခွဲဝေ သတ်မှတ်ပေးခြင်း တို့မှတဆင့် အစိုးရ၏ အာဟာရ ကဏ္ဍတွင် တာဝန်ယူပိုင်ဆိုင်မှု နှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးမြှင့်လာခြင်းမှာ ထင်ရှားပေါ်လွင်လာပါသည်။ LIFT သည် MS–NPAN လုပ်ငန်းစဉ်တွင် ၎င်း၏ တက်ကြွသည့် ပါဝင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဦးဆောင်မှု၊ မြန်မာနိုင်ငံ၏ အရှေ့တောင်ဒေသတွင် စီမံကိန်း တိုးချဲ့ခြင်း နှင့် ထိရောက်မှုရှိသည့် အာဟာရ ဖောင်းပေး စီမံကိန်းဆောင်ရွက်ချက်များ နှင့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များအတွက် အထောက်အထား အခြေခံ တည်ဆောက်ရန် ပံ့ပိုးထည့်ဝင်မှုများ မှတဆင့် အစိုးရ၏ အစီအစဉ်များအား ထောက်ပံ့ပေးခဲ့ပါသည်။ အာဟာရ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အကောင်းဆုံး ဆောင်ရွက်နိုင်သည့် ဖွံ့ဖြိုးရေး

စီမံကိန်း ဆောင်ရွက်ချက်များအနက်မှ တစ်ခုဖြစ်ပြီး အနာဂတ်တွင် ဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ခြင်းအား ဖယ်ရှားနိုင်ရန်အတွက် ကလေးသူငယ်၏ ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း အာဟာရ ကဏ္ဍတွင် အသုံးပြုသည့် ကန်ဒေါ်လာ တစ်ဒေါ်လာချင်းစီ သည် အနာဂတ်တွင် ဖွံ့ဖြိုးရေး စီမံကိန်း ဆောင်ရွက်ရန် လိုအပ်မှုအား ဖယ်ရှားပေးခြင်းဖြင့် ကန်ဒေါ်လာ ၄၅ နှင့် အချို့ဖြစ်ရပ်များတွင် အမြင့်ဆုံး ကန်ဒေါ်လာ ၁၆၆ အထိ သက်သာမည် ဖြစ်ပါသည်။ [၁၄]

*ဇယား ၃.၁ LIFT– မှ ထောက်ပံ့ပေးသည့် အာဟာရဖွံ့ဖြိုးရေး စီမံချက်များ*

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိက လုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| Catholic Relief Services (CRS) | ရပ်ရွာလူထု နှင့် ထိတွေ့ဆောင်ရွက်မှု မှတဆင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး | အာဟာရ ဖွံ့ဖြိုးမှု နှင့် အာဟာရ ဇောင်းပေး စိုက်ပျိုးရေး | ၂၀၁၆ ဇွန် – ၂၀၂၀ ဇွန် | ချင်းပြည်နယ်– ဖလမ်း၊ ထန်တလန်နှင့် မတူပီ မြို့နယ်များ |
| Department of Social Welfare (DSW) | မြန်မာနိုင်ငံအတွက် ပေးသည့် အထောက်အပံ့ အား အကောင်အထည်ဖော်ခြင်း | အာဟာရ ဖွံ့ဖြိုးမှု – MCCT | ၂၀၁၇ မတ်– ၂၀၂၀ ဇွန် | ချင်းပြည်နယ် |
| Department of Social Welfare (DSW) | လူမှုဝန်ထမ်း ဦးစီးဌာန၏ ကရင်ပြည်နယ် MCCT အစီအစဉ်အား ထောက်ပံ့ပေးခြင်း | အာဟာရ ဖွံ့ဖြိုးမှု – M&E | ၂၀၁၉ ဖေဖော်ဝါရီ– ၂၀၂၀ ဇွန် | ကရင် ပြည်နယ် |
| Department of Social Welfare (DSW) | လူမှုဝန်ထမ်း ဦးစီးဌာန၏ ကယားပြည်နယ် MCCT အစီအစဉ်အား ထောက်ပံ့ပေးခြင်း | အာဟာရ ဖွံ့ဖြိုးမှု – M&E | ၂၀၁၉ ဖေဖော်ဝါရီ– ၂၀၂၀ ဇွန် | ကယား ပြည်နယ် |
| Health Poverty Action (HPA) | ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံစားရသည့် အားနည်းထိခိုက်လွယ် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း ပိုမို ကောင်းမွန်စေခြင်း | အာဟာရ ဖွံ့ဖြိုးမှု | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ရှမ်းပြည်နယ် မြောက်ပိုင်း နှင့် ကချင်ပြည်နယ် |
| Karana Mission Social Solidarity (KMSS) | အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမို လုပ်ကိုင်နိုင်စွမ်း ရှိစေရန် မဟာဗျူဟာမြောက် မိတ်ဘက်ပြုမှု (SPaCE) | KMSS အတွက် အဖွဲ့အစည်း စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု | ၂၀၁၇ ဧပြီ– ၂၀၁၉ ဒီဇင်ဘာ | မြန်မာနိုင်ငံရှိ ပြည်နယ်များ/တိုင်းဒေသကြီး ၁၄ ခုတွင် လုပ်ငန်း လည်ပတ် ဆောင်ရွက်နေသည့် ပြည်တွင်း KMSS ကွန်ရက် |
| Karuna Mission Social Solidarity (KMSS) | ပဋိပက္ခဒဏ် ခံရသည့် အမျိုးသမီး များနှင့် လူငယ်များအား အာဟာရနှင့် အလုပ်အကိုင် တို့ဖြင့် ပံ့ပိုးပေးခြင်း (SAFEWAY NET) | အာဟာရ ဖွံ့ဖြိုးမှု | ၂၀၁၉ ဇူလိုင်– ၂၀၂၂ ဇွန် | ကချင်ပြည်နယ် – မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မန်စီ နှင့် မိုးမောက် မြို့နယ်များ ။ ရှမ်းပြည်နယ် မြောက်ပိုင်း – သိန္နီ၊ ကွတ်ခိုင်၊ မူဆယ် မြို့နယ်များ |
| Koe Koe Tech Co.,Ltd. | ရွှေခရီးလမ်း ဘောဂမေမေ (ရွှေမေမေ) | အာဟာရဆိုင်ရာ သတင်းစကား ပေးပို့ခြင်း | ၂၀၁၈ ဇွန်– ၂၀၂၀ ဇွန် | တနိုင်ငံလုံး |
| PATH | မြန်မာနိုင်ငံတွင် အားဖြည့်ဆန် မိတ်ဆက်ခြင်း စီမံချက် | အာဟာရဖွံ့ဖြိုးမှု နှင့် အားဖြည့်ဆန် | ၂၀၁၃ ဇူလိုင်– ၂၀၂၀ ဇွန် | ဧရာဝတီ တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး |

၁၄ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များ၏ ကုန်ကျစရိတ်– အကျိုးအမြတ် ဆန်းစစ်ချက်၊ ပါမောက္ခ ဆူဇန် ဟောန်တွန်၊ ( Susan Horton) ဝါတာလူး တက္ကသိုလ် နှင့် ပါမောက္ခ ဂျွန်ဟော့ဒ်ဒီနေတ် (John Hoddinott) ၊ ကော်နယ်လ် တက္ကသိုလ်

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိက လုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| PATH in Partnership with Terres des Hommes Italy, BKM, and BoPInc | SMART MOVE | စားနပ်ရိက္ခာ စနစ်၊ အာဟာရ ထပ်မံဖြည့်တင်းထားသည့် အစားအစာ | ၂၀၂၉ အောက်တိုဘာ– ၂၀၂၂ စက်တင်ဘာ | ရန်ကုန်မြို့ရှိ ဆင်ခြေဖုံး ဒေသများ |
| Save the Children | ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံဒေသများ၏ ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်ခြင်း (BRICKS) | အာဟာရ ဖွံ့ဖြိုးရေး၊ လူမှု ကာကွယ်စောင့်ရှောက်ခြင်း | ၂၀၁၉ ဇူလိုင်– ၂၀၂၀ ဇွန်လ | ရှမ်းပြည်နယ် မြောက်ပိုင်း – ကွတ်ခိုင်၊ နန့်ခမ်း၊ ကျောက်မဲ၊ နမ္မတူ မြို့နယ်များ၊ ကချင်ပြည်နယ် မနစီ၊ မိုးမောက် မြို့နယ်များ |
| Save the Children | ကြံ့ကြံ့ခံမှုနိုင်မှု နှင့် အာဟာရပြည့်ဝရေး စုပေါင်းဆောင်ရွက်မှုတို့ကို တည်ဆောက်ခြင်း (Bright SUN) | အာဟာရ ဖွံ့ဖြိုးမှု – MCCT နှင့် SBCC | ၂၀၁၅ ဒီဇင်ဘာ – ၂၀၁၉ စက်တင်ဘာ | လပွတ္တာ မြို့နယ်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသ၊ |
| Save the Children | သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်း ဆောင်ရွက်ခြင်း (LEGACY) | အာဟာရ ဖွံ့ဖြိုးမှု – MCCT နှင့် SBCC | ၂၀၁၅ ဒီဇင်ဘာ– ၂၀၁၉ ဧပြီ | မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်၊ မကွေး တိုင်းဒေသကြီး– ပခုက္ကူ နှင့် ရေစကြို မြို့နယ်များ၊ မန္တလေး တိုင်းဒေသကြီး– မလှိုင် မြို့နယ် |
| Save the Children | အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရ ဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN) –၂ | အာဟာရ ဖွံ့ဖြိုးမှု – နည်းပညာ အကူအညီ | ၂၀၁၆ ဒီဇင်ဘာ– ၂၀၁၉ နိုဝင်ဘာ | တနိုင်ငံလုံး |
| Save the Children | ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များ နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ် အောက် ကလေးသူငယ်များအား ငွေကြေး ပံ့ပိုး ပေးခြင်း စီမံချက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ နည်းပညာ အကူအညီပေးခြင်း (TEAM MCCT) | အာဟာရ ဖွံ့ဖြိုးမှု – နည်းပညာ အကူအညီ | ၂၀၁၇ ဇူလိုင်– ၂၀၂၀ ဇူလိုင် | ချင်းပြည်နယ် |
| Save the Children | ကျန်းမာရေး နှင့် ညီသည့် ရွေးချယ်မှုများ (Healthy Choices ) | အာဟာရ ဖွံ့ဖြိုးမှု၊ WASH၊ ကာကွယ်စောင့် ရှောက်ခြင်း၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၂၀၂၀ ဇန်နဝါရီ– ၂၀၂၂ ဇန်နဝါရီ | ရန်ကုန်မြို့ရှိ ဆင်ခြေဖုံး ဒေသများ |
| Shalom Nyein Foundation | မြန်မာနိုင်ငံ ကချင်ပြည်နယ် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကျောင်းမှု တို့အတွက် SGH မှ တဆင့် ထောက်ပံ့ပေးခြင်း | IDP များ၊ ကိုယ့်အားကိုယ်ကိုး အုပ်စုများ အတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အခွင့်အလမ်းများ လက်လှမ်းမီ ရရှိစေရန် အတွက် အာဟာရ ဖွံ့ဖြိုးမှု၊ အသက်မွေး ဝမ်းကျောင်းမှုများ ပံ့ပိုးပေးခြင်း | ၂၀၂၀ ဇန်နဝါရီ– ၂၀၂၁ ဒီဇင်ဘာ | ကချင် ပြည်နယ် |
| Sustainable Development Knowledge Network (Spectrum) | မြန်မာနိုင်ငံရှိ စားသုံးနိုင်သော အင်းဆက် ပိုးများကဏ္ဍ အနာဂတ်ဖွံ့ဖြိုးမှု အလားအလာ ဖော်ဆောင်ခြင်း | အာဟာရဖွံ့ဖြိုးမှု – စားသုံးနိုင်သော အင်းဆက် ပိုးများ အား သုတေသနပြုခြင်း | ၂၀၁၈ စက်တင်ဘာ– ၂၀၂၀ စက်တင်ဘာ | တနိုင်ငံလုံးအဆင့် |
| United Nations Human Settlements Programme (UNHABITAT) | ရေနှင့် သန့်ရှင်းရေး လုပ်ငန်းများမှ ပိုမို ကျန်းမာသော ရပ်ရွာလူထုများသို့ | WASH | ၂၀၁၆ ဇန်နဝါရီ– ၂၀၁၉ ဇွန် | မကွေးတိုင်းဒေသကြီး – ပခုက္ကူ နှင့် ရေစကြို မြို့နယ်များ မန္တလေး တိုင်းဒေသကြီး – မြင်းခြံ၊ မလှိုင်၊ တောင်သာနှင့် နွားထိုးကြီး မြို့နယ်များ |

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိက လုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| **World Food Programme (WFP)** | အစိုးရ၏ အမျိုးသားအဆင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရှိ SUN ၏ စီးပွားရေး ကွန်ရက်မှ တဆင့် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းခြင်း | အာဟာရဖွံ့ဖြိုးမှု ပုဂ္ဂလိက ကဏ္ဍ၊ အစားအသောက်များ အား အာဟာရ ထပ်ဖြည့်ခြင်း၊ လုပ်ငန်းခွင်တွင်း အာဟာရ၊ စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ၊ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး | ၂၀၁၉ နိုဝင်ဘာ – ၂၀၂၁ အောက်တို ဘာလ | ရန်ကုန်မြို့ မြို့ပြဒေသများ |
| **World Food Programme (WFP)** | မြန်မာနိုင်ငံတဝှမ်း အားဖြည့်ဆန် ထုတ်လုပ်ရေး နှင့် စားသုံးမှု တိုးချဲ့ခြင်း | အာဟာရ ဖွံ့ဖြိုးရေး– အားဖြည့်ဆန် | ၂၀၁၇ ဩဂုတ်– ၂၀၂၀ ဇွန် | ရခိုင်ပြည်နယ် |
| **World Concern** | ကချင်ပြည်နယ် ရှိ ပဋိပက္ခဒဏ်ခံပြည်သူများ၏ အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း | အာဟာရ ဖွံ့ဖြိုးရေး၊ အာဟာရ ဖောင်းပေး စိုက်ပျိုးရေး | ၂၀၂၀ ဇန်နဝါရီ– ၂၀၂၂ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **World Fish** | ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်တို့တွင် ရပ်ရွာလူထု၏ ရိက္ခာဖူလုံရေး နှင့် ဝင်ငွေတိုးရေးအတွက် ရေရှည် တည်တံ့သော ငါးမွေးမြူရေး ဖွံ့ဖြိုးမှုအား မြှင့်တင်ခြင်း (MYFish–Culture–MYFC) | ငါးမွေးမြူရေး နှင့် အာဟာရ ဖွံ့ဖြိုးမှု | ၂၀၁၅ စက်တင်ဘာ– ၂၀၁၉ ဒီဇင်ဘာ | ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ နှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန် |
| **World Vision** | ဘိုကလေးတွင် အသက်မွေးမှုတိုးပွားလာခြင်း | အာဟာရ ဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု၊ လွတ်လပ်သည့် အသေးစား ကုန်စုံဆိုင်များ အသင်း၊ အိမ်ခြံ ဥယျာဉ် စိုက်ပျိုးခြင်း၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ နှင့် ဘေးအန္တရာယ် လျော့ပါးရေး | ၂၀၁၅ စက်တင်ဘာ– ၂၀၂၀ ဇွန် | ဘိုကလေးမြို့နယ် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ |

## စိတ်ဝင်စားဖွယ်ရာများ

### မူဝါဒအဆင့် စီမံကိန်းဆောင်ရွက်ချက်များ

### MS-NPAN- ဒေသဆိုင်ရာအဆင့် အကောင်အထည်ဖော်ခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း

ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS-NPAN) အား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန(MoHS)၊ ပညာရေး ဝန်ကြီးဌာန (MoE)၊ လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး (MoSWRR) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) တို့ မှ ပြည်ထောင်စု ဝန်ကြီးများမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုခဲ့ပါသည်။ ကဏ္ဍပေါင်းစုံ မှ မိတ်ဖက်အဖွဲ့အစည်းများ အလှူရှင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ ၏ ပံ့ပိုးကူညီမှုဖြင့် ဝန်ကြီးဌာနပေါင်းစုံ၏ ပူးပေါင်း ဆောင်ရွက်မှုမှတဆင့် MS-NPAN သည် ကျန်းမာရေး နှင့် အားကစား ဝန်ကြီး၏ ပြတ်သားခိုင်မာသည့် ဆုံးဖြတ်ချက်နှင့် မမိုတ်မသုန် ဦးဆောင်မှုအောက်တွင် ၂၀၁၉ ခုနှစ် အတွင်းတွင် အရေးပါသည့် မှတ်တိုင်များ ပြီးစီးအောင်မြင်ခဲ့ပါသည်။

အာဟာရ ကဏ္ဍမှ ပတ်သက်ဆက်နွယ်သူများ၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ၂၀၁၉/၂၀၂၀ စီမံကိန်းစတင်ဆောင်ရွက်သည့်အဆင့် အတွက် ရင်းမြစ်များနှင့် ဝန်ထမ်းခန့်ထားမှုများ ဆောင်ရွက်ခဲ့ပါသည်။ LIFT သည် အမျိုးသား အာဟာရဖွံ့ဖြိုးရေးသုတေသနဌာန (NNC) အား ကူညီပံ့ပိုးပေးရန် နေပြည်တော်တွင် အများဆုံးအခြေစိုက်သည့် ပင်မ အဖွဲ့ မှ အဓိက အဖွဲ့ဝင်များ၏ ရန်ပုံငွေပံ့ပိုးမှုမှတဆင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိမှုရေး ရန်ပုံငွေ (Access to Health) တို့ ပူးပေါင်း၍ စီမံကိန်း စတင်ဆောင်ရွက်သည့် နှစ်အတွင်း ပံ့ပိုး ကူညီပေးခဲ့ပါသည်။ ဒေသအလိုက် အာဟာရဖွံ့ဖြိုးရေး ဘက်စုံစီမံချက် များ ဆောင်ရွက်ရန် လိုအပ်သည့် နည်းစနစ်များ ရေးဆွဲနိုင်ရန် LIFT၊ Access to Health၊ UNICEF၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာ အဖွဲ့ နှင့် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ (WHO) နှင့် အခြား အဖွဲ့များ၏ နည်းပညာအကူအညီဖြင့် NNC နှင့် ပင်မအဖွဲ့သည် ဝန်ကြီးဌာန ပေါင်းစုံ နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် နှစ်လယ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး မှ ကိုယ်စားလှယ်များ အနေဖြင့် MS-NPAN လုပ်ငန်းစဉ် နှင့် အကျွမ်းတဝင်ရှိစေရန် နှင့် ကဏ္ဍပေါင်းစုံမှ ကတိကဝတ်ပြုမှုနှင့် ကူညီပံ့ပိုးမှုတို့ စုစည်းရန်ရည်ရွယ်၍ နေပြည်တော်တွင် ကနဦး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် ဒေသဆိုင်ရာ အဆင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်အား စတင်ခဲ့ပါသည်။ စီမံကိန်း စတင်ဆောင်ရွက်ရန် အတွက် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်နယ်များနှင့် တိုင်းဒေသကြီး များ သတ်မှတ်ခြင်းကို အာဟာရ အဆင့်အတန်းအား အဓိကညွှန်း ကိန်းအချို့ဖြင့် တိုင်းတာကာ ဦးစားပေး စနစ်ဖြင့် ဆောင်ရွက် ခဲ့ပါသည်။ လုပ်ကိုင်ဆောင်ရွက်ခြင်း အဆင့်၁ တွင် Cohort 1 တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ချင်းပြည်နယ် တို့ ပါဝင်ပြီး ဒေသန္တရအဆင့်တွင် ဦးဆောင်မှု အားကောင်းစေရန် အတွက် ဒေသဆိုင်ရာ စီမံကိန်း ရေးဆွဲခြင်း နှင့် စည်းရုံးလှုံ့ဆော် ခြင်းကို အာရုံစိုက်သည့် လုပ်ငန်းစဉ်ကို အလျင်အမြန် ပြောင်းလဲရန် အာရုံစိုက် ဆောင်ရွက်ခဲ့ပါသည်။ MS-NPAN နည်းစနစ်မှ စီမံကိန်း စတင်ဆောင်ရွက်သည့်နှစ်အတွက် အောက်ပါတို့ကို အာရုံစိုက်သည့် လုပ်ငန်းစဉ် သုံးရပ်ကို သတ်မှတ်ပေးခဲ့ပါသည်- ၁) စီမံကိန်းဆောင်ရွက် ချက်များအား ဦးစားပေးသတ်မှတ်ခြင်း ၂) စွမ်းဆောင်ရည် အကဲဖြတ် ဆန်းစစ်ခြင်း နှင့် ၃) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ် ခြင်း။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီ၏ ကနဦး ခြေလှမ်းမှာ တစ်ဆင့်ခံ အချက်အလက်များ အသုံးပြု၍ ဆိုးရွားသည့် အာဟာရ ဆိုင်ရာ အကျိုးရလဒ်များ ရနိုင်ချေရှိမှု အများဆုံး ဖြစ်သည့် မြို့နယ် များကို ဖော်ထုတ်ရန် ကျရောက်နိုင်ချေ အန္တရာယ် ဇယား ရေးဆွဲရန် တို့ ဖြစ်ပါသည်။ ပြည်နယ် အဆင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ဒေသအဖြစ် သက်ဆိုင်ရာ ဦးစီးဌာနများ မှ ပြည်နယ်နှင့် မြို့နယ်အဆင့် ပတ်သက်ဆက်နွယ်သူများက အဆိုပါ ကျရောက်နိုင်ချေရှိသည့် အန္တရာယ်အဆင့်များအား အတည်ပြုပြီး၊ စီမံကိန်း ဆောင်ရွက်ချက်များအား သတ်မှတ်ခြင်း နှင့် အဆိုပါ ဘက်စုံ စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ ဖွဲ့စည်း တည်ဆောက်ပုံများ၊ စနစ် များ၊ ဝန်ထမ်းများ နှင့် ရင်းမြစ်များဆိုင်ရာ လက်ရှိ စွမ်းဆောင်ရည်များ နှင့် လိုအပ်ချက်များအား ပြန်လည် သုံးသပ်မည် ဖြစ်သည်။ ထို့နောက် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု စီမံချက်အား ရေးဆွဲပြီး MS-NPAN စောင့်ကြည့် စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်းစနစ် တစ်ရပ်ကို ရေးဆွဲတည်ဆောက်ခဲ့ပါသည်။

ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲအား ဧရာဝတီတိုင်းတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ၌ ရှေ့ပြေး စမ်းသပ် ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေးပွဲ အများ အပြားအတွက် ပံ့ပိုးပေးခဲ့ပါသည်။ ဤရှေ့ပြေး လုပ်ငန်းစဉ်မှ ရရှိသည့် သင်ခန်းစာများပေါ်တွင် အခြေခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲများအား ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်း တို့တွင် ကျင်းပခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများမှ ပေါ်ထွက်လာသည့် ကဏ္ဍစုံ ပေါင်းစုံ ပါဝင်သော အာဟာရ စီမံကိန်းများ သည် ကုန်ကျစရိတ် တွက်ချက်ထားမည် ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများ တစ်ခု ချင်းစီရှိ အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး ကော်မတီများထံမှ ခွင့်ပြုချက်နှင့် အတည်ပြုချက်ရယူနိုင်ရန် တင်ပြမည် ဖြစ် ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း အခြား ကျန်ရှိနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အလားတူ လုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်သည်။ LIFT မှ အထူးသဖြင့် စိုက်၊ မွေးဆည် ဝန်ကြီးဌာနလက်အောက်ရှိ အမျိုးမျိုး ကွဲပြားနေသည့် ဦးစီးဌာနများအနေဖြင့် ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် နောက်ထပ် ဒီဇိုင်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် အတွက် ဧရာဝတီတိုင်းတွင်ကျင်းပသည့် နောက်ဆက်တွဲ အလုပ်ရုံ ဆွေးနွေးပွဲများအား ထောက်ပံ့ပေးခဲ့ပါသည်။

အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ နှင့် အမျိုးသားအဆင့် အာဟာရဆိုင်ရာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးအား ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် MS-NPAN ဆိုင်ရာ စံသတ်မှတ်ထားသည့် လမ်းညွှန် ချက်များအားအတည်ပြုခဲ့ပြီး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဖြစ်သည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးမှ တက်ရောက်လာကြသည့် လူမှုရေး ဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများအား ယင်းလုပ်ငန်းစဉ်တွင် တက်ကြွစွာ ကူညီပံ့ပိုးပေးရန် တိုက်တွန်းအား ပေးလျက် ပြည်နယ်/တိုင်းဒေသကြီး အဆင့် MS-NPAN စီမံကိန်းများ ရေးဆွဲရန် တရားဝင် တောင်းဆို ခဲ့ပါသည်။

၂၀၁၉ ခုနှစ် အတွင်း MS-NPAN ဦးဆောင်ကော်မတီတွင် ကျန်းမာရေးစိုက်မွေးဆည်၊ ပညာရေးနှင့် လူကယ်ပြန် ဝန်ကြီးဌာန များအပြင် ပဉ္စမမြောက် အဖွဲ့ဝင်အဖြစ် သဘာဝ သယံဇာတများ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လက်တွဲပါဝင်လာ သဖြင့် ဝန်ကြီးဌာနဆိုင်ရာ ကူညီပံ့ပိုးမှုများ မြင့်တက်လာခဲ့ပါသည်။ လုပ်ငန်းစဉ်အတွင်း LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ အပါအဝင် နောက်ထပ်တိုးလာသည့် ပတ်သက်ဆက်နွယ်သူများသည် ပိုမို ပူးပေါင်း ဆောင်ရွက်လာကြပါသည်။ မြန်မာနိုင်ငံတွင် ဆိုးရွားနိမ့်ကျသည့် အာဟာရဖွံ့ဖြိုးမှု အတွက် ကဏ္ဍပေါင်းစုံမှ တုံ့ပြန်ဆောင်ရွက်ရာတွင်

၎င်းတို့၏ အရေးပါသည့် ကဏ္ဍများအား မီးမောင်းထိုးပြခြင်းဖြင့် လွှတ်တော်ကော်မတီများ မှ ပူးပေါင်းဆောင်ရွက် လာမည့် အနာဂတ် အစီအစဉ်များ ကို ၂၀၂၀ ဖေဖော်ဝါရီလတွင် စတင်မည် ဖြစ်သည်။ အာဟာရချို့တဲ့မှုကို ဖြေရှင်းရန်အတွက် ကဏ္ဍပေါင်းစုံမှ အောင်မြင်စွာဖြင့် တုံ့ပြန်ဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန တို့သည် မရှိမဖြစ် အရေးပါသည့် အခန်းကဏ္ဍများအရ အနေဖြင့် ရှိနေသည်ဟု ရွေးချယ်သတ်မှတ် ခဲ့ပါသည်။

MS-NPAN စီမံကိန်း စတင်ဆောင်ရွက်သည့်အဆင့်တွင် ထင်ရှားသည့် ပြီးစီးမှုများနှင့် အောင်မြင်မှုများ ရရှိခဲ့ပါသည်။ နောက်တစ်နှစ်အတွက် အာရုံစိုက်မှုမှာ ကျန်ရှိနေသေးသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွက် ကုန်ကျစရိတ်ပါဝင်သည့် ဦးစားပေး လုပ်ငန်းစီမံချက်များ Cohorts ၁ and ၂ တို့နှင့် ဆက်စပ်နေသည့် ဘဏ္ဍာရေးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း နှင့် ကဏ္ဍပေါင်းစုံ စီမံချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် စောင့်ကြည့်စစ်ဆေးရေးတို့ သေချာစွာ ဆောင်ရွက်မည့် စီမံချက်များ ဖြစ်ကြပါသည်။ MS-NPAN အဓိက အဖွဲ့သည် အဆိုပါ အရေးပါသည့် အုပ်စုများ မှ တနိုင်ငံလုံးအဆင့်နှင့် မြို့နယ်အဆင့်များတွင် လုပ်ငန်းစဉ်များ၌ ဦးဆောင်ရန်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ယန္တရားများ ခိုင်မာ အားကောင်းစေရန်တို့ အတွက် ပြည်နယ်/တိုင်းဒေသကြီး ဆိုင်ရာ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး ကော်မတီများနှင့် ပြည်နယ်/တိုင်းဒေသကြီး ဆိုင်ရာ တာဝန်ခံအဖွဲ့များ လုပ်ငန်း လည်ပတ်ဆောင်ရွက်နိုင်ရန် ဆက်လက် ပံ့ပိုးကူညီသွားမည် ဖြစ်သည်။

### အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲခြင်း (SBC) – မူဝါဒနှင့် စီမံကိန်းလုပ်ငန်းများ မြှင့်တင်ခြင်း

LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးထားသည့် မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှု အစီအစဉ် မှ အာဟာရဆိုင်ရာ အမူအကျင့်များ ပြောင်းလဲစေ ခြင်း နှင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန်စေခြင်းတို့သည် မည်သည့်အတိုင်းအတာအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်တို့အား နားလည်စေရန် အပြင် အနာဂတ် မူဝါဒဆိုင်ရာနှင့် စီမံကိန်းလုပ်ငန်းများ အတွက် ထောက်ခံ အကြံပြုချက်များအား နားလည်စေရန် နှင့် အနာဂတ် မူဝါဒဆိုင်ရာနှင် စီမံကိန်းလုပ်ငန်းများ အတွက် ထောက်ခံအကြံပြုချက်များ အား အကောင်အထည်ဖော်နိုင်ရန် အတွက် LIFT မှ မိခင်နှင့်ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှု အစီအစဉ် များအတွင်းမှ လူမှုရေးဆိုင်ရာနှင့် အာဟာရဆိုင်ရာ အမူအကျင့်များ ပြောင်းလဲမှု – မြန်မာနိုင်ငံတွင် မူဝါဒနှင့် စီမံကိန်းလုပ်ငန်းများမှ လေ့လာခဲ့သော သင်ခန်းစာများ (https://www.lift-fund.org/technical-brief-SBCC-MCCT-programmes-Myanmar) နည်းပညာဆိုင်ရာ ဆွေးနွေးတင်ပြချက် စာတမ်း တစ်စောင် ရေးသား ပြုစုခဲ့ပါသည်။ ယင်း ဆွေးနွေးတင်ပြချက်မှာ ကမ္ဘာအနှံ့ဆောင်ရွက်ထားသည့် သုတေသန၊ LIFT စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များ မှ အချက် အလက်များ နှင့် အဓိက ပတ်သက်ဆက်နွှယ်သူများနှင့် အသေးစိတ် မေးမြန်းမှုများ အပါအဝင် ရနိုင်သမျှ အထောက် အထား များအပေါ် အခြေခံ၍ ပြုစုထားပါသည်။ ဤ သုတေသနစာတမ်းမှ အထောက်အထားများမှ ရရှိခဲ့သည့် အချက်အလက်များ ဖြင့် ငွေကြေးပံ့ပိုးမှုများနှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) တို့ အပါအဝင် အမျိုးသားအဆင့် MCCT အစီအစဉ် အတွက် တူညီသည့် စီမံကိန်း မော်ဒယ်ပုံစံ အား အဆိုပြုထားပါသည်။ ယင်း မော်ဒယ်တွင် မူနှစ်မျိုးပါဝင်ပြီး တစ်မျိုးမှာ ပြည့်စုံလုံလောက်သည့် မူဖြစ်ပြီး နောက်တစ်မျိုးမှာ ရင်းမြစ်အကန့်အသတ်ရှိသည့် အခြေအနေအတွက် အနိမ့်ဆုံး အလုပ်ဖြစ်နိုင်မည့် ဒီဇိုင်းဖြစ်ပါသည်။ အဆိုပြုထားသည့် ပြည်သူ့ ကျန်းမာရေး ဌာနနှင့် လူမှု ဝန်ထမ်း ဦးစီးဌာနနှင့် အခြား ပတ်သက်ဆက်နွှယ်သူများ နှင့် တိုင်ပင် ဆွေးနွေး မှုများပေါ်တွင် အခြေခံထားသော တူညီသည့် ပုံစံမှာ MCCT အစီအစဉ်၏ အဓိက လက္ခဏာများ၊ ကမ္ဘာတဝှမ်းရှိ အောင်မြင်မှု ရရှိခဲ့သည့် MCCT အစီအစဉ် များ၏ အထောက်အထားများ အပြင် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှု ဆိုင်ရာ အခြေအနေ များအား ထည့်သွင်း စဉ်းစား ထားပါသည်။

**_မြန်မာ MCCT အစီအစဉ် စံပုံစံ ၁ – အနိမ့်ဆုံး အလုပ်ဖြစ်နိုင်မည့် ဒီဇိုင်း_**

## လူမှုဝန်ထမ်း ဦးစီးဌာန ဦးဆောင်သည့် နယ်ပယ်များ

ကလေးသူငယ်၏ဘဝအစ ပထမရက်ပေါင်း ၁,၀၀၀အတွင်း အမျိုးသမီးများအား လစဉ်ငွေကြေး ထောက်ပံ့ပေးခြင်း

- နယ်လှည့် ထောက်ပံ့ငွေပေးခြင်းနှင့် ထောက်ပံ့ငွေ ထုတ်ပေးသည့်နေရာများတွင် ဆီလျော်မှုရှိပြီး အချိန်နှင့်တပြေးညီပေးပို့သည့် အာဟာရဆိုင်ရာ သတင်းစကား အား တွဲစပ်ပေးခြင်း
- ဖြန့်ဖြူးရာနေရာများတွင် မိုလ်ဘိုင်းဖုန်းဖြန့် ငွေကြေးထောက်ပံ့ခြင်း
- အမျိုးသမီးများ ပထမဆုံးကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးရန် လာရောက်ခြင်းတွင် စာရင်းသွင်းခြင်း နှင့် ဆက်လက် စောင့်ရှောက်ပေးခြင်း (အနည်းဆုံး ၄ကြိမ်)
- ပြောင်းလဲပြင်လွယ်ရှိသည့် အခြေအနေ



အရန်သားဖွားဆရာမ (သို့) သားဖွားဆရာမ များမှ လစဉ် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အဖွဲ့များ၏ ဆွေးနွေးပွဲများကို ဦးဆောင်ခြင်း

- သားဖွားဆရာမများမှ ကြီးကြပ်ပေးခြင်း
- စံသတ်မှတ်ထားသော SBCC လက်စွဲများ၊ ဆွေးနွေးမှုများ အတွက် ဘုံဆက်သွယ်ရေးနည်းလမ်းများ ထားရှိခြင်း
- တက်ရောက်သူများကိုယ်တိုင်ပါဝင်နိုင်သည့် သင်ကြားရေး ပုံစံရှိခြင်း

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်သည့် နယ်ပယ်များ

အရန်သားဖွားဆရာမ၊ လူထုကျန်းမာရေး လုပ်သားနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများမှ ပုံမှန် အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး ဝန်ဆောင်မှု ပေးခြင်း

- C–IYCF
- ကာကွယ်ဆေးထိုးခြင်း
- SAM/MAM ဖြစ်ပွားသူများအား ရှာဖွေခြင်း
- ANC/PNC အတွက် အာဟာရ ဖွံ့ဖြိုးမှု စောင့်ရှောက်ပေးခြင်း (ဥပမာ ခန္ဓာကိုယ် စောင့်ကြည့်စစ်ဆေးခြင်း နှင့် မိခင်လောင်း MUAC)

ကျေးရွာ စေတနာ့လူမှု လုပ်သားများမှ လစဉ်ကျင်းပသည့် အာဟာရဆိုင်ရာ ရပ်ရွာလူထု ကွင်းဆင်းဆွေးနွေးပွဲများ ဦးဆောင်ဆွေးနွေးခြင်း– ရောဝတီနှင့် ရှမ်းတွင် စမ်းသပ်ရေ့ပြေး အစီအစဉ်

- လူမှုဝန်ထမ်းဦးစီးဌာနမှ ဆွေးနွေးပွဲများနှင့် နှစ်သိမ့်ဆွေးနွေးမှုများတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများ ထပ်မံ အားကောင်းစေခြင်းနှင့် အကြိမ်ကြိမ်ပေးပို့ခြင်း
- ကြည့်ရှုစောင့်ရှောက်မှုမှ ငွေကြေးထောက်ပံ့မှုရရှိရန် အခြေအနေ (တဖြည်းဖြည်းနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးခြင်း တို့အား ဖြည့်တင်းရေးဘက်မှ ဆန်းစစ်အကဲဖြတ်ခြင်း)

ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်း နှင့် လူထုဆက်သွယ်ရေး နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

- လူမှုဝန်ထမ်းဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများ ထပ်မံ အားကောင်းစေခြင်းနှင့် အကြိမ်ကြိမ်ပေးပို့ခြင်း

### မြန်မာ MCCT အစီအစဉ် စံပုံစံ 2 – ပြည့်စုံသည့် ဒီဇိုင်း

- နယ်လှည့် ထောက်ပံ့ငွေပေးခြင်းနှင့် ထောက်ပံ့ငွေ ထုတ်ပေးသည့်နေရာများတွင် ဆီလျော်မှုရှိပြီး အချိန်နှင့်တပြေးညီပေးပို့သည့် အာဟာရဆိုင်ရာ သတင်းစကား အား တွဲစပ်ပေးခြင်း
- ဖြန့်ဖြူးရာနေရာများတွင် မိုလ်ဘိုင်းဖုန်းဖြန့် ငွေကြေးထောက်ပံ့ခြင်း
- အမျိုးသမီးများ ပထမဆုံးကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးရန် လာရောက်ခြင်းတွင် စာရင်းသွင်းခြင်း နှင့် ဆက်လက် စောင့်ရှောက်ပေးခြင်း (အနည်းဆုံး ၄ကြိမ်)
- ပြောင်းလဲပြင်လွယ်ရှိသည့် အခြေအနေ

ကလေးသူငယ်၏ဘဝအစ ပထမရက်ပေါင်း ၁,၀၀၀အတွင်း အမျိုးသမီးများအား လစဉ်ငွေကြေး ထောက်ပံ့ပေးခြင်း

**လူမှုဝန်ထမ်း ဦးစီးဌာန ဦးဆောင်သည့် နယ်ပယ်များ**

အရန်သားဖွားဆရာမ (သို့) သားဖွားဆရာမ များမှ လစဉ် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အဖွဲ့များ၏ ဆွေးနွေးပွဲများကို ဦးဆောင်ခြင်း

- သားဖွားဆရာမများမှ ကြီးကြပ်ပေးခြင်း
- စံသတ်မှတ်ထားသော SBCC လက်စွဲများ၊ ဆွေးနွေးမှုများ အတွက် ဘုံဆက်သွယ်ရေးနည်းလမ်းများ ထားရှိခြင်း
- တက်ရောက်သူများကိုယ်တိုင်ပါဝင်နိုင်သည့် သင်ကြားရေး ပုံစံရှိခြင်း



သားဖွားဆရာမများသည် အာဟာရနှင့်ပတ်သက်သော ဆွေးနွေးအကြံပေးခြင်းများကို မိခင်တစ်ဦးချင်းအလိုက် လုပ်ဆောင်ပေးသည်။

- အပြန်အလှန်ဆက်ဆံရေးများထားရှိခြင်းဖြင့် မိခင် တစ်ဦးချင်းစီအလိုက် လိုအပ်သည့် ယုံကြည်မှုများ တည်ဆောက်ပေးခြင်း

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်သည့် နယ်ပယ်များ**

ဒေသန္တရ ကျန်းမာရေးဝန်ထမ်းများနှင့် စီမံချက်ဝန်ထမ်းများသည် အာဟာရဆိုင်ရာ တက်ကြွလှုပ်ရှားသူများ ဦးဆောင်သည့် လစဉ် ဆွေးနွေးပွဲ အစီအစဉ်များကို ကျင်းပပေးသည်။

- သားဖွားဆရာမများမှ ကြီးကြပ်ပေးခြင်း
- အိမ်ထောင်ဘက် အမျိုးသားများကိုယ်တိုင် အိမ်ရှင်မများကို အမည်စုံစားနိုင်ရန် ကူညီပေးခြင်းကဲ့သို့သော အပြုသဘော ဆောင်သည့် အပြောင်းအလဲများကို အမျိုးသမီးများကိုယ်တိုင် လုပ်ဆောင်နိုင်စေမည့် ပတ်ဝန်းကျင်ကောင်းများဖြင့် ပံ့ပိုးခြင်း
- တက်ရောက်သူများကိုယ်တိုင်ပါဝင်နိုင်သည့် သင်ကြားရေးပုံစံ ရှိခြင်း

ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်း နှင့် လူထုဆက်သွယ်ရေး နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကျေးရွာ စေတနာ့လူမှု လုပ်သားများမှ လစဉ်ကျင်းပသည့် အာဟာရဆိုင်ရာ ရပ်ရွာလူထု ကွင်းဆင်းဆွေးနွေးပွဲများ ဦးဆောင်ဆွေးနွေးခြင်း– ရောဝတီနှင့် ရှမ်းတွင် စမ်းသပ်ရှေ့ပြေး အစီအစဉ်

- လူမှုဝန်ထမ်းဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများ ထပ်မံအားကောင်းစေခြင်းနှင့် အကြိမ်ကြိမ် ပေးပို့ခြင်း

- လူမှုဝန်ထမ်းဦးစီးဌာနမှ ဆွေးနွေးပွဲများနှင့် နှစ်သိမ့်ဆွေးနွေးမှုများတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများ ထပ်မံ အားကောင်းစေခြင်းနှင့် အကြိမ်ကြိမ်ပေးပို့ခြင်း
- ကြည့်ရှုစောင့်ရှောက်မှုမှ ငွေကြေးထောက်ပံ့မှုရရှိရန် အခြေအနေ (တဖြည်းဖြည်းနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးခြင်း တို့အား ဖြည့်တင်းရေးဘက်မှ ဆန်းစစ်အကဲဖြတ်ခြင်း)

စာတမ်း၏အဓိက တွေ့ရှိချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်–

- LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် စီမံကိန်းများ အထူးသဖြင့် မြန်မာနိုင်ငံတွင် အပူပိုင်းဇုန် ရှိ MCCT စီမံချက်မှ MCCT အစီအစဉ်များ မှ 'အလုပ်ဖြစ်ခဲ့သည့် အချက်များ' အား ကမ္ဘာလုံးဆိုင်ရာ အထောက်အထား တွင် အထောက်အကူ အဖြစ် ပံ့ပိုးပေးပါသည်။ ဥပမာ MCCT အစီအစဉ်များသည် ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ ချဉ်းကပ်နည်းလမ်းများ အတွင်း ငွေကြေး ထောက်ပံ့ခြင်း နှင့် အမူအကျင့် ပြောင်းလဲခြင်း (SBC) တို့အား ပေါင်းစပ်ထားသည့် MCCT အစီအစဉ်များ နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေခြင်း တို့မှ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အမူအကျင့်များ တိုးတက်ကောင်းမွန်နိုင်ပြီး ပုညက်မှုအား အလေးအနက်ထား လျော့ကျစေ ခြင်းများတွင် ပြီးစီး အောင် မြင်နိုင် ကြောင်း ကျွန်ုပ်တို့ သဘောပေါက်ပါသည်။
- အာဟာရဖွံ့ဖြိုးမှုအတွက် ငွေသားသက်သက် ပံ့ပိုးခြင်းမှာ သက်ရောက်မှု အချို့ရှိ သော်လည်း 'လုံး၀ ယုံကြည်ကိုးစား၍မရ' ပါ။ အာဟာရ ဖွံ့ဖြိုးမှု အတွက် ဤအရေးကြီးသည့် အချက်မှ ယင်း အစီအစဉ်များသည် 'အလုပ်ဖြစ်ကြောင်း' သေချာစေရန် ငွေသားသက်သက် ထက် ပိုလိုအပ်သည့်အရာ ရှိကြောင်း ပြသလျက်ရှိပါသည်။ ကလေးသူငယ် အာဟာရဖွံ့ဖြိုးမှု ပိုမိုကောင်းမွန် စေရန်အတွက် ငွေသား အကူအညီ များမှာ ဘက်စုံ အသုံးပြုနိုင်ပြီး အသုံးဝင်သည့် စီမံကိန်းဆောင်ရွက်ချက် နည်းကိရိယာ ဖြစ်သည်မှာ သေချာသော်လည်း စုပေါင်းလာသည့် အထောက်အထား များမှ စီမံကိန်းလုပ်ငန်းများ အလုပ်ဖြစ်စေရန်အတွက် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ အခြင်းအရာ အပါအဝင် အခြား စီမံကိန်း ဒီဇိုင်းဆိုင်ရာ အခြင်းအရာများ ထားရှိရမည် ဖြစ်ကြောင်း ပြသနေပါသည်။
- ငွေကြေးထောက်ပံ့မှုသည် အာဟာရဖွံ့ဖြိုးမှုအတွက် (၁) ငွေကြေးထောက်ပံ့မှု နှင့် ဆန်းသစ်တီထွင်သည့် ယဉ်ကျေးမှုအရ ဆီလျော်ပြီး ထိရောက်မှုရှိသည့် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ တွဲစပ်ခြင်း (၂) အကျိုးခံစားခွင့်ရှိသူများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ကြား ဆက်သွယ်နေသော အားကောင်းသည့် ချိတ်ဆက်မှုများ တည်ရှိနေခြင်းအား သေချာစေခြင်း နှင့် (၃) အမျိုးသမီးများ မှ အပြုသဘောဆောင်သည့် အပြုအမူများ ကျင့်သုံးပြီး ငွေကြေးကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် စီမံကိန်း ဒီဇိုင်းဆိုင်ရာ လက္ခဏာများ ရှိရန် သေချာစေခြင်း တို့ဖြင့် ပံ့ပိုးပေးပါသည်။
- LIFT မှ ထောက်ပံ့ပေးသည့် MCCT အစီအစဉ်များ သည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုဆက်သွယ်ခြင်း၊ အမူအကျင့်ပြောင်းလဲမှု နှင့် ရပ်ရွာ လူထု စည်းရုံး လှုံ့ဆော်ရေး လှုပ်ရှားမှုများ၊ စည်းရုံးလှုံ့ဆော်ခြင်း ပုံစံများ အပါအဝင် အမူအကျင့်ပြောင်းလဲမှုအတွက် အထောက်အကူ ဖြစ်စေမည့် နည်းလမ်းများ အသုံးပြုထားပါသည်။ စီမံချက် စာရွက်စာတမ်းအထောက်အထားများနှင့် အစီရင်ခံစာများမှ အသုံးဝင်သည့် သတင်း အချက်အလက်များနှင့် အသိအမြင်များ ရရှိနိုင်သော်လည်း မည်သည့် နည်းလမ်းများက မည်သို့မည်ပုံ နှင့် မည်သည့်အတွက်ကြောင့် အလုပ်ဖြစ်သည်ဆိုသည်နှင့် စပ်လျဉ်းသည့် အထောက်အထားများ ပိုမို၍ စနစ်တကျ စုဆောင်း ရန်လိုအပ်ပါသည်။
- ဤ စာတမ်း မှ အစိုးရ အပါအဝင် မိတ်ဖက် အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက် ရန် အဓိက ဦးစားပေး ဧရိယာ ၁၀ ခု အစဉ်လိုက် ရွေးချယ် ခဲ့ပါသည်။ ယင်းတို့သည် မိတ်ဖက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေခြင်း၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန်စေရေးအတွက် အမျိုးသားအဆင့် စီမံကိန်း မဟာဗျူဟာ ပိုမိုအားကောင်းစေခြင်း၊ စီမံကိန်း အစီအစဉ် အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် SBC နည်းလမ်းများ၏ ထိရောက်မှု ကို ပိုမိုကောင်းမွန်စေခြင်း၊အာဟာရ ဆိုင်ရာ အကျိုးရလဒ်များ ရရှိစေရန်အတွက် ငွေကြေးပံ့ပိုးမှုဖြင့် တွဲစပ်ပေးရာတွင် အောင်မြင်ကြောင်း သက်သေပြပြီးဖြစ်သည့် နည်းလမ်းများ နှင့် ချဉ်းကပ် နည်းလမ်းများ အသုံးပြုခြင်းနှင့် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် အရေးပါသည့် ကျန်းမာရေး နှင့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အမူအကျင့်များကျင့်သုံးခြင်း ရှိ၊ မရှိ စောင့်ကြည့်ရန် စောင့်ကြည့် စစ်ဆေးခြင်းနှင့် လေ့လာသင်ယူခြင်းတို့အား ပိုမိုကောင်းမွန်စေခြင်း တို့နှင့် ဆက်နွှယ်နေပါသည်။

## အားဖြည့်ဆန်

၂၀၁၉ ခုနှစ်အတွင်း LIFT မှ ရန်ပုံငွေထောက်ပံ့ပေး၍ PATH မှ အကောင်အထည်ဖော်သည့် အားဖြည့်ဆန် စီမံချက်မှ အောင်မြင်မှု အများ အပြား ရရှိခဲ့ပါသည်။ စီမံချက်သည် မူဝါဒ နှင့် ရောင်းလိုအား ကဏ္ဍနှင့် ဝယ်လိုအား ကဏ္ဍဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များကို စုစည်းထား သည့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ ချဉ်းကပ်နည်းလမ်း မှ တဆင့်ဆောင်ရွက်ပါသည်။ စီမံချက်သည် အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသနဌာန (NNC) နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) တို့အပြင် ပုဂ္ဂလိက ကဏ္ဍမှ လှုပ်ရှားဆောင်ရွက်သူ အမျိုးမျိုးနှင့် အနီးကပ် ပူးတွဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ အားဖြည့် ဆန်သည် MS–NPAN အတွင်းမှ ဦးစားပေး စီမံကိန်းဆောင်ရွက်ချက် များထဲမှ တစ်ခုဖြစ်ပါသည်။

အားဖြည့်ဆန် လုပ်ငန်းအဖွဲ့ (RFWG) အား ၂၀၁၅တွင် ဖွဲ့စည်းခဲ့ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးဆောင်ခဲ့ပါသည်။ယင်းအဖွဲ့သည် အားဖြည့် ဆန်၏ အကျိုးကျေးဇူးအား အကောင်းဆုံးရရှိနိုင်မည့် သူများထံသို့ အားဖြည့်ဆန် ရောက်ရှိစေရန် အတွက် သေချာစေရန် အားသွန်ခွန်စိုက် တစိုက်မတ်မတ် ကြိုးပမ်းလျက်ရှိသည့် အရေးပါသည့် ကဏ္ဍစုံ အုပ်စုအဖြစ် ဆက်လက်၍ တည်ရှိနေပါသည်။

၂၀၁၉ ခုနှစ် မတ်လတွင် ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး မှ ဆန်တွင် အဏုအာဟာရ ဖြည့်စွက်ခြင်း လမ်းညွှန် ကို ထုတ်ပြန်ခဲ့ပါသည်။ PATH မှ အရေးကြီးသည့် ရင်းမြစ်များနှင့်အတူ ဤ လမ်းညွှန် အား အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ အဓိက လှုပ်ရှားဆောင်ရွက် သူများ၏ အသိအမြင်နှင့် စွမ်းဆောင်ရည် အားကောင်းစေရန် သင်ကြား ရေးဆိုင်ရာ နည်းကိရိယာများအဖြစ် အသုံးပြုခဲ့ပြီး ဓာတ်ခွဲခန်းတွင် အဏုအာဟာရ ပါဝင်မှုများ ဆန်းစစ်နိုင်ရန် အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသနဌာန၏ စွမ်းဆောင်နိုင်မှုအားကောင်းစေရန် အတွက် အသုံးပြု ခဲ့ပါသည်။ လမ်းညွှန် မိတ်ဆက်သည့် အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတဝှမ်းရှိ ဝန်ကြီးဌာန လက်အောက်မှ သူနာပြု နှင့် သားဖွား သင်တန်းကျောင်းများတွင် အားဖြည့်ဆန် စတင်အသုံးပြုရန် အမိန့်ထုတ်ပြန် ခဲ့ပါသည်။ ယခုအချိန် အထိ သူနာပြု နှင့် သားဖွားသင်တန်း ကျောင်းများ အားလုံးအနက်မှ ၂၅ ရာခိုင်နှုန်းသာ အားဖြည့်ဆန် အသုံးပြုလျက်ရှိသဖြင့် ဤချဉ်းကပ် နည်းလမ်း အတွက် လိုအပ်သည့် ဘတ်ဂျက် ခွဲဝေချထားခြင်းရရှိစေရန် အတွက် နောက်ထပ် အသိပေး အရေးဆိုသည့် ကြိုးပမ်းမှုများ လိုအပ် ပါသည်။

အားဖြည့်ဆန် လုပ်ငန်းအဖွဲ့ (RFWG) မှ သုတေသန တွေ့ရှိချက်များ မျှဝေရန် ၊ အားဖြည့်ဆန် ထိထိရောက်ရောက် နှင့် ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်း မီ ရယူနိုင်မည့် ရှေ့ဆက်ရမည့် လမ်းကြောင်း ကို ဆန်းစစ်ရန် နှင့် ဦးစားပေးဆောင်ရွက်ရမည့် အားဖြည့်ဆန် မူဝါဒ ကို အတည်ပြုရန် တို့အတွက် စည်းရုံးလှုံ့ဆော်ရန် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ လှုပ်ရှားဆောင်ရွက်သူများ အား ဖိုရမ်တစ်ခု ပံ့ပိုးပေးပါသည်။ PATH မှလည်း မူဝါရေးရာ ထောက်ခံမှု နှင့် အကောင်အထည်ဖော်မှု တို့တွင် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်မှု နှင့် ညှိနှိုင်းမှု ရရှိစေရန် RFWG အနေဖြင့် နိုင်ငံတော် သမ္မတရုံးမှ ဥက္ကဌအဖြစ် ဆောင်ရွက်သည့် အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ အောက်ရှိ အာဟာရ ဖွံ့ဖြိုးရေးကဏ္ဍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ နှင့် ချိတ်ဆက်ဆောက်ရွက်ပါက ပိုမိုကောင်းမွန် နိုင်မည် ဟုတ်၊ မဟုတ် စူးစမ်းဖော်ထုတ်ခြင်း အပါအဝင် ဤမူဝါဒကို အတည်ပြုခြင်းအား မြန်ဆန်လာနိုင်မည့် နည်းလမ်းများ အား ရှာဖွေလျက်ရှိပါသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ် ၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလ၌ မြန်မာနိုင်ငံတွင် အားဖြည့်ဆန် အစီအစဉ်အား ဆက်လက်ဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့ပြီး PATH မှ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) နှင့် အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသနဌာနတို့ကြား မိတ်ဖက်ပြုမှုနှင့် အားဖြည့်ဆန် အစီအစဉ်ကို အမျိုးသား အာဟာရ ဗဟိုဌာနထံ လွှဲပြောင်း ပေးအပ်ရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ MRF ၏ ဥက္ကဌမှလည်း MRF မှ အများပြည်သူ အသိအမြင် တိုးမြှင့်ရေးနှင့် စီးပွားရေးအရ အကျိုးရှိစေရေးတို့အတွက် တည်ဆောက်မည့် အွန်လိုင်း စာကြည့်တိုက် စီမံကိန်းတွင် အားဖြည့်ဆန်ကဏ္ဍကို ထည့်သွင်းရန် ကတိကဝတ်ပြုခဲ့ပါသည်။

## စနစ်များ အဆင့် စီမံကိန်းဆောင်ရွက်ချက်များ

### မိခင်နှင့် ကလေးသူငယ်များအတွက် ငွေကြေးပံ့ပိုးခြင်း – ရေရှည်တည်တံ့မည့် ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှု (MCCT) အစီအစဉ်များတွင် LIFT ၏ ရင်းနှီးမြှုပ်နှံမှုများအား ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်တွင် တက်လမ်း အစီအစဉ် ဖြင့် စတင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန် တွင် MCCT စီမံကိန်း လုပ်ငန်း ဆောင်ရွက်ချက်များ စံပုံစံ နှင့် ချဉ်းကပ်နည်းလမ်း အမျိုးမျိုး ၏ ထိရောက်မှုနှင့် ဖြစ်မြောက်နိုင်ချေတို့အား စမ်းသပ်ရန်အတွက် ဒီဇိုင်းရေးဆွဲထားသည့် ရှေ့ပြေး အသေးစား စမ်းသပ် စီမံကိန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။၂၀၁၉ ခုနှစ်အတွင်း LIFT မှ ပံ့ပိုးပေးပြီး Save the Children မှ အကောင်အထည်ဖော်ခဲ့သည့် MCCT စီမံချက် သုံးခုမှာ ပြီးဆုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် အပူပိုင်းဇုန်များရှိ MCCT စီမံချက်များမှ ငါးနှစ်တာ ကာလအတွင်း ကျေးရွာ ၇၂၂ ရွာမှ အမျိုးသမီး အကျိုးခံစားခွင့် ရှိသူပေါင်း ၂၈,၀၀၀ ကျော်ထိ ရောက်ရှိခဲ့ပါသည်။မြန်မာနိုင်ငံတွင် မူဝါဒနှင့် ကျင့်သုံးမှုတို့အား လမ်းညွှန်မှုပေးရန် အထောက်အထား ပံ့ပိုးပေးခဲ့သည့် ထိုရင်းနှီးမြှုပ်နှံမှုသည် နောက်ဆုံးတွင် မြန်မာနိုင်ငံ အစိုးရ လူမှုဝန်ထမ်းဦးစီးဌာန (DSW) အား ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် ကယားပြည်နယ် နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ တို့မှ စတင်ပြီး ၂၀၂၀ခုနှစ် အကုန်တွင်ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များ အထိ တိုးချဲ့မည့် စီမံချက်များဖြင့် တနိုင်ငံလုံးတွင် MCCT စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှု အထိ ရောက်ရှိစေခဲ့ပါသည်။

၂၀၁၉ခုနှစ် တွင် ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အားလုံးတန်းတူရရှိမည့် MCCT ပံ့ပိုးမှု နှင့် တွဲစပ်ထားသည့် အာဟာရ နှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) အတွက် LIFT မှ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန် ထောက်ပံ့ငွေများ ပံပိုးပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မှ စတင်၍ လူမှုဝန်ထမ်းဦးစီးဌာနမှဦးဆောင်သည့် ချင်းပြည်နယ်တစ်ခုလုံး အတွက် MCCT အစီအစဉ်အား LIFT ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကနဦးတွင် LIFT မှ ပံ့ပိုးငွေများရော လုပ်ငန်းလည်ပတ်ရန် ကုန်ကျစရိတ်များပါ ထောက်ပံ့ ပေးခဲ့သော်လည်း ၂၀၁၉ ခုနှစ် စက်တင်ဘာ နောက်ပိုင်းတွင် အစိုးရမှ ငွေသား ပံ့ပိုးမှုများအတွက် ဘတ်ဂျက် ချပေးခဲ့ပါသည်။ LIFT မှ ပေးအပ်သည့် လုပ်ငန်း လည်ပတ်ရန် ထောက်ပံ့ငွေအား ၂၀၂၀ ခုနှစ် အထိ ဆက်လက် ပေးအပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်မှ စတင် ၍ MCCT အစီအစဉ်အတွက် အစိုးရ၏ ပံ့ပိုးထည့်ဝင်မှုမှာ လုံးလုံးနီးပါးမရှိသည်မှ ၂၀၂၀ ခုနှစ်အတွက် နောက်ထပ် ကန်ဒေါ်လာ ၂၂ သန်း ကတိကဝတ်ပြုခြင်း နှင့်အတူ ကန်ဒေါ်လာ ၂၉ သန်းထိ မြင့်တက်လာခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ကိန်းဂဏန်းများကို ထည့်သွင်းစဉ်းစားပါက LIFT ၏ ရင်းနှီးမြှုပ်နှံမှုမှ သုံးနှစ်တာ ကာလအတွင်း အစိုးရ ရန်ပုံငွေ ၂.၄ ဆ အထိ မြင့်တက်၍ စုစုပေါင်း ကန်ဒေါ်လာ ၅၁ သန်းအထိ တိုးမြှင့် စေနိုင်ခဲ့ပါသည်။ LIFT သည် လူမှုဝန်ထမ်းဦးစီးဌာန အား လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခြင်း MCCT အကျိုး ခံစားခွင့်ရှိသူများ ၏ ကျန်းမာရေး ဝန်ဆောင်မှုများအား နားလည်လက်ခံမှု နှင့် အရေးပါသည့် အာဟာရ ဆိုင်ရာ၊ ကျန်းမာရေး နှင့် တကိုယ်ရေ ကျန်းမာရေးဆိုင်ရာ အမူအကျင့်များ လက်ခံကျင့်သုံးမှု မြှင့်တင်ပေးသည့် SCBB နည်းလမ်းမှ တဆင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များအပေါ် ငွေကြေးပံ့ပိုးမှု၏ သက်ရောက်မှုအား ခိုင်မာအားကောင်းစေရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) နှင့် ချိတ်ဆက်မှုများ ပိုမိုကောင်းမွန်စေခြင်းတို့ဖြင့် MCCT အစီအစဉ်အား တိုးချဲ့နိုင်ရန် ဆက်လက် ကူညီပံ့ပိုးပေးခဲ့ပါသည်။

တနိုင်ငံလုံးအဆင့်အထိ စီမံကိန်းတိုးချဲ့သည့် လုပ်ငန်းစဉ် တလျောက်တွင် LIFT သည် အဓိက နည်းပညာ ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများ နှင့် အစိုးရ ဌာနများကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ SBCC၊ MEAL မူဘောင်များ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက် စနစ်များ အပါအဝင် အရေးပါသည့်စီမံကိန်း အစိတ်အပိုင်းများနှင့် စပ်လျဉ်း သည့် အယူအဆပိုင်းဆိုင်ရာ မူဘောင်နှင့် ဒီဇိုင်းတို့အား မြှင့်တင်ရန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းတို့တွင် ဦးဆောင်သူ အဖြစ် ဆက်လက် ရပ်တည်နေပါသည်။ LIFT မှ လူမှု ဝန်ထမ်းဦးစီးဌာန နှင့် ဆက်လက် မိတ်ဖက်ပြုခဲ့ပြီး ပဋိပက္ခဒဏ် ခံစားရသည့် ဒေသများ အား သီးသန့်အာရုံစိုက်လျက် ဘ၀အစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင်နှင့် ကလေးသူငယ်များအတွက် အားလုံးပါဝင်သည့် ငွေကြေးပံ့ပိုးမှု အစီအစဉ် အကောင်အထည် ဖော်ခြင်းဆိုင်ရာ ၎င်းတို့၏ စီမံကိန်း ရည်မှန်းချက် များ ရရှိစေရန် အတွက် ထပ်မံ ကြိုးပမ်းအားထုတ်နိုင်ရန် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီများ ပေးခဲ့ပါသည်။ LIFT မှ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးဆောင်သည့် MCCT အစီအစဉ်များ အပြင် ၎င်း မှ MCCT အစီအစဉ်များ ထပ်မံ တိုးချဲ့ နေသဖြင့် ထပ်မံတိုးချဲ့ရန် အလားအလာ ရှိသည့် ကချင်ပြည်နယ် အတွက်လည်း ဆက်လက်၍ ထောက်ပံ့ပေးခဲ့ ပါသည်။ LIFT သည် လူမှုဝန်ထမ်းဦးစီးဌာနမှ အစိုးရ ထိန်းချုပ်သည့် ဧရိယာများနှင့် အစိုးရ ထိန်းချုပ်ခြင်း မရှိသည့် ဧရိယာများအားလုံး တွင် လွှမ်းခြုံမှု ရရှိနိုင်စေရန် ကြိုးပမ်းအားထုတ်မှုများအား ဆက်လက် လုပ်ဆောင်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများ အား ကူညီပံ့ပိုးပေးရန် ကြိုးပမ်းနေပါသည်။ MCCT ၏ အရေးကြီးသည့် SBCC အစိတ်အပိုင်း ကို အားကောင်းစေရန် LIFT မှ MCCT အကျိုးခံစားခွင့်ရရှိသူများ ကြား ကောင်းမွန်သည့် အာဟာရဆိုင်ရာ ရလဒ်များ ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် ကျန်းမာရေး ဝန်ဆောင်မှုအား ထောက်ပံ့ပေးရာတွင် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ၏ ကျန်းမာရေးဝန်ကြီးဌာန နှင့် ဆက်ဆံရေးများ နှင့် မိတ်ဖက် ပြုမှုများအား အကောင်းဆုံး အသုံးပြုခဲ့ပါသည်။

### ချင်းပြည်နယ်ရှိ MCCT အစီအစဉ်

MCCT အစီအစဉ် စတင်ခဲ့သည့် ၂၀၁၇ ခုနှစ် ဇွန်လ မှ ၂၀၁၉ ခုနှစ်ကုန် အထိ ချင်းပြည်နယ် MCCT မှ MCCT နှင့် SBCC စီမံကိန်း ဆောင်ရွက်ချက် အပြည့်အဝ ရရှိသည့် **မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူပေါင်း ၃၂,၈၉၈ ဦး** ရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် စတုတ္ထသုံး လပတ်မှစ၍ အကျိုးခံစားခွင့်ရှိသူများအတွက် နှစ်လတစ်ကြိမ် ငွေကြေး ပံ့ပိုးပေးမှုများအတွက် ငွေရေးကြေးရေးဆိုင်ရာ တာဝန်အား အစိုးရမှ တာဝန်ယူခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးများထံ တင်ပြခဲ့သည့် ချင်းပြည်နယ် အတွက် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) ဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်တို့ အတွက် ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။ အကျိုးသက်ရောက်မှု အမြင့်ဆုံး ရရှိစေရန် ငွေကြေးပံ့ပိုးမှု ပေးအပ်ခြင်း နှင့် အတူယှဉ်တွဲ၍ အစိုးရမှ ဦးဆောင်သည့် အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ ဖြစ်ပေါ်ခြင်း အား သေချာစေရန် အတွက် SBCC လုပ်ငန်းစီမံချက်သည် ကရင်ပြည်နယ် နှင့် ကယားပြည်နယ် အပါအဝင် အခြား ပြည်နယ်များနှင့် တိုင်းဒေသ ကြီးများအတွက် စံပုံစံ အနေဖြင့် ဖြည့်ဆည်းပေးပါသည်။

၂၀၁၇ ခုနှစ်မှ စတင်၍ ချင်းပြည်နယ်တွင် လူမှုဝန်ထမ်း ဦးစီးဌာန မှ အကောင်အထည်ဖော်လျက်ရှိသည့် SBCC စီမံကိန်း လုပ်ငန်းများ နှင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသင်ယူခြင်းတို့အတွက် နည်း ပညာ အကူအညီပေးရန် International Rescue Committee (IRC) နှင့် Danish Red Cross (DRC) တို့နှင့် မိတ်ဖက်ပြုထားသည့် Save the Children အား LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် TEAM MCCT စီမံချက် အား ဆက်လက်ဆောင်ရွက်ခဲ့ပြီး လူမှု ကွန်ရက်မှ ဈေးကွက်တင်ခြင်း နှင့် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်းတို့ တွင် စတင် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား သတ်မှတ်ဖော်ထုတ် နိုင်ရန် လုပ်ဆောင်ခဲ့ပြီး အားနည်းထိခိုက်လွယ် ကလေးသူငယ်များ အတွက် ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိစေမည့် လုပ်ကိုင်နိုင်စွမ်းရှိသည့် ဝန်းကျင် တစ်ရပ် ပျိုးထောင်နိုင်ရန် အတွက် အစိုးရအား ထောက်ပံ့ ကူညီပေးခဲ့ပါသည်။

SBCC လုပ်ငန်း စီမံချက်နှင့်အညီ TEAM MCCT သည် ရပ်ရွာလူထုအတွင်း မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများ ဖွဲ့စည်းရန် နှင့် ရေရှည် ထိန်းသိမ်းနိုင်ရန် အရန် သားဖွားဆရာမများနှင့် ပြည်သူ့ ကျန်းမာရေး လုပ်သားများအား ပံ့ပိုးပေးခဲ့ပါသည်။ LIFT ၏ မိတ်ဖက် အဖွဲ့အစည်း များမှလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ခံမှုပေးထားသည့် မိခင် အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုများအတွက် ကူညီဆောင်ရွက်ခြင်း ဆိုင်ရာ လက်စွဲများ ရေးဆွဲရာတွင် ထောက်ပံ့ပေးခဲ့သည့်အပြင် ချင်းပြည်နယ်ရှိ မြို့နယ် ကိုးခုလုံးတွင် ဘ၀တူအချင်းချင်း အပြန်အလှန် လေ့လာခြင်း နှင့် အစိုးရဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ ပူးတွဲကြီးကြပ်ခြင်း ခရီးစဉ်များအတွက်လည်း ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ စီမံကိန်း လုပ်ငန်းများမှ အခြေခံကျန်းမာရေး လုပ်သားများအတွက် ရေးဆွဲဖြန့်ချိ သည့် အစိုးရ၏ လူထုအတွင်း အသက်နှစ် နှစ်အောက် ကလေးသူငယ် များ ဖြည့်စွက်စာကျွေးခြင်း အစီအစဉ် သင်ရိုးညွှန်းတမ်း အတွက် အထောက်အကူ ဖြစ်စေခဲ့ပါသည်။

LIFT၏ မိတ်ဖက် အဖွဲ့အစည်းများသည် အာဟာရဖွံ့ဖြိုးမှုအတွက် ကျန်းမာရေးစနစ်များ အားကောင်းစေရန်အတွက် အထောက်အပံ့ပေးရန် Access to Health ၏ ထောက်ပံ့ငွေ ရရှိသည့်အဖွဲ့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ စီမံချက်၏ စောင့်ကြည့်စစ်ဆေးခြင်း နှင့် သင်ယူ လေ့လာခြင်း အစိတ်အပိုင်းမှ MCCT အစီအစဉ်အား စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ရန် တာဝန်ရှိသည့် လူမှုဝန်ထမ်း ဦးစီးဌာန၏ ဖြစ်ရပ် မန်နေဂျာများအတွက် အားဖြည့်ပေးရန် နှင့် ထောက်ပံ့ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ပူးတွဲစောင့်ကြည့် စစ်ဆေးခြင်း ယန္တရားကို တည်ထောင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်းတွင် TEAM MCCT မှ အစိုးရနှင့် အဓိက ပတ်သက် ဆက်နွယ်သူများ၏ ပါဝင်ပတ်သက်မှုဖြင့် စီမံချက် စောင့်ကြည့် စစ်ဆေးခြင်းအား လေးကြိမ် ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့် အပြင် မြို့နယ်သုံးခုတွင် အုပ်စုလိုက် နမူနာယူ၍ အရည်အသွေး စစ်ဆေးခြင်း (LQAS) ကို ပြုလုပ်နိုင်ခဲ့ပါသည်။ ကြိုတင်စီစဉ်ထား သည့်အတိုင်း ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် လူမှုဝန်ထမ်း ဦးစီးဌာန သို့ စောင့်ကြည့်စစ်ဆေးသည့် နည်းကရိယာများ လွှဲပြောင်းပေးခဲ့ ပြီး၊ ယင်းနောက်တွင် MCCT အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည့် အခြား ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် အဆိုပါ ပေးအပ်ခဲ့ သည့် နည်းကိရိယာများ အား တိုးချဲ့ အသုံးပြုနိုင်ရန် လူမှု ဝန်ထမ်း ဦးစီးဌာနမှ ဦးဆောင်သည့် ငွေထုတ်ပေးပြီး နောက် စောင့်ကြည့် စစ်ဆေးခြင်းအား ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ MCCT အဖွဲ့ မှ လူမှု ဝန်ထမ်း ဦးစီးဌာန ဖြစ်ရပ် မန်နေဂျာများအား KoBo အသုံးပြု၍ အချက်အလက်များ ကောက်ယူခြင်းနှင့် အဓိက သတင်းပေးသူနှင့် တွေ့ဆုံမေးမြန်းခြင်း ဆိုင်ရာ သင်တန်းများ ပေးခဲ့ပါသည်။

### ချင်းပြည်နယ်တွင် ငွေထုတ်ပေးပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ ရလဒ်များ

ငွေ ထု တ် ပေး ပြီး နော က် စော င့် ကြ ည့် စ စ် ဆေး ခြ င်း ( P D M ) ၏ ရည်ရွယ်ချက်မှာ ဆုံးဖြတ်ချက်ချသူများအနေဖြင့် ဆုံးရှုံးရနိုင်ချေ အလားအလာများအား ဖော်ထုတ်နိုင်ရန် နှင့် စီမံကိန်း ပိုမိုကောင်းမွန် စေရန် နှင့် လိုအပ်သည့်လမ်းကြောင်းများ ပြင်ဆင်ရန် အလုံးစုံ နားလည်

သဘောပေါက်ပြီး ဆုံးဖြတ်ချက်ချနိုင်ရန် တို့အတွက် အသုံးပြုနိုင်သော ပုံမှန်အချက်အလက်များပေးရန် ဖြစ်ပါသည်။ PDM သည် စီမံကိန်း လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်ရှိသူများ၏ ထင်မြင်ယူဆချက်များ နှင့် ငွေကြေးများအား ၎င်းတို့မှ မည်သို့ အသုံးပြုနေသည်တို့ ကိုလည်း မှတ်တမ်းတင်ပါသည်။

၂၀၁၉ ခုနှစ်အတွင်း PDM ၏ တတိယအကြိမ် အချက်အလက်များ မှ အလွန်ကောင်းမွန်သည့် ရလဒ်များအား ပြသ ခဲ့ပါသည် –

- စစ်တမ်းဖြေဆိုသူများ၏ ၉၇ ရာခိုင်နှုန်းမှ အစီအစဉ်တွင် မှတ်ပုံတင်ပြီးနောက် နှစ်လတစ်ကြိမ် ကျပ်ငွေ သုံးသောင်း ပုံမှန် ထုတ်ယူ ရရှိခဲ့ခြင်း
- ၉၆ ရာခိုင်နှုန်းကျော်မှ ထောက်ပံ့ငွေ မပေးခင် ထောက်ပံ့ငွေနှင့် ဆိုင်သည့်သတင်းအချက်အလက် ကြိုတင်ရရှိပါသည်။
- မိခင်အားလုံးနီးပါးက ထို ထောက်ပံ့ငွေအား မည်သို့အသုံးပြု မည်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချကြောင်း ပြောကြားခဲ့ ပါသည်။ ၁ ရာခိုင်နှုန်းသော မိခင်များကသာ ၎င်းတို့ ခင်ပွန်းမှ ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားကြပါသည်။
- ဖြေဆိုသူများအနက်မှ ၆၀ ရာခိုင်နှုန်းသည် ၎င်းတို့အတွက် အစားအသောက်များ ပိုမို ဝယ်ယူ ခဲ့ကြောင်း ပြောကြားခဲ့ပါသည်၊ ၅၃ ရာခိုင်နှုန်းသည် ထောက်ပံ့ငွေအား ၎င်းတို့၏ ကလေးသူငယ် များအတွက် အစားအသောက်များ ပိုမို ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့ပြီး ၃၀ ရာခိုင်နှုန်း မှာ MCCT မှ ငွေဖြင့် ၎င်းတို့၏ မိသားစုများအတွက် အစားအသောက်များ ပိုမို ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့ပါသည်။
- ဖြေဆိုသူများ၏ သုံးပုံနှစ်ပုံခန့်မှ ၎င်းတို့၏ ရွာများတွင် သားဖွား ဆရာမများ သာလျှင် အဓိက ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများဖြစ်ကြောင်း ပြောကြားခဲ့ပြီး ၃၇ ရာခိုင်နှုန်းမှ အရန် သားဖွားဆရာမများ မှ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။
- MCCT အကျိုးခံစားခွင့်ရှိသူများ၏ ၈၃ ရာခိုင်နှုန်း ကျော်မှာ ကိုယ်ဝန်ဆောင်ကာလ စောင့်ရှောက်မှု ရရှိခဲ့ကြပါသည်။ ယင်း တို့အနက်မှ ၄၂ ရာခိုင်နှုန်းမှ ကိုယ်ဝန်ဆောင်ကာလအတွင်း လာရောက် စောင့်ရှောက်ပေးမှု လေးကြိမ် ရရှိခဲ့ကြပါသည်။ ဖြေဆိုသူများ၏ သုံးပုံနှစ်ပုံသည် ၎င်းတို့၏ ကလေးများအား ကျန်းမာရေးဌာနတွင် ကျွမ်းကျင် မွေးလူနာ စောင့်ရှောက်ပေးသူ၏ အကူအညီဖြင့် မွေးဖွားခဲ့ကြပါသည်။ ၂၈ ရာခိုင်နှုန်း ခန့်အား သားဖွား ဆရာမများက ကူညီပေးခဲ့ပါသည်။
- SBCC ဆွေးနွေးပွဲများ တက်ရောက်ခဲ့သည့် မိခင်များ၏ ၆၀ရာခိုင်နှုန်းမှ ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံးခြင်း၏ အရေးပါမှု ကို ပိုမို သိရှိလာကြောင်းပြောကြားခဲ့ပါသည်။ ဆွေးနွေး ပွဲများ၏ ရလဒ်အနေဖြင့် မိခင်များ၏ ၅၅ ရာခိုင်နှုန်းကျော် မှ မိခင်နို့သက်သက်သာ တိုက်ကျွေးခြင်းနှင့် ကလေးသူငယ်များ ဖြည့်စွက်စာ ကျွေးခြင်း နည်းလမ်းများနှင့် ပတ်သက်၍ ပိုမို သိရှိ လာကြပါသည်။

ခြုံငုံကြည့်ပါက ၂၀၁၉ခုနှစ်အတွက် PDM ရလဒ်များမှ ပိုမိုကောင်းမွန် သည့် ညှိနှိုင်း ဆောင်ရွက်မှုများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ကြောင့် ချင်းပြည်နယ်ရှိ မြို့နယ်အားလုံးတွင် MCCT အစီအစဉ် အကောင်အထည်ဖော်ခြင်းမှာ အချိန်ကြာသည် နှင့်အမျှ ပိုမို ကောင်းမွန် တိုးတက်လာကြောင်း ပြသလျက် ရှိပါသည်။ သို့သော်ငြားလည်း မြို့နယ်နှင့် ပြည်နယ်အစိုးရ ဦးစီးဌာနများကြား စောင့်ကြည့်စစ်ဆေးခြင်းနှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ တုံ့ပြန်မှုများတွင် ညှိနှိုင်းဆောင်ရွက်မှုများ ထပ်မံ တိုးတက်ကောင်းမွန်ရန် လို အပ်နေ ပါသေးသည်။

## ကယားပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ MCCT အစီအစဉ်

၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်၍ LIFT သည် ကယားပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် လူမှုဝန်ထမ်းဦးစီးဌာန (DSW) ၏ MCCT အစီအစဉ် စတင်ဆောင်ရွက်မှုအား ထောက်ပံ့ပေးခဲ့ပါသည်။ စီမံကိန်း အစီအစဉ်တွင် အဓိက အစိတ်အပိုင်းသုံးခုဖြစ်သည့် ၁) မိခင်နှင့် ကလေးသူငယ်များအတွက် ငွေကြေးပံ့ပိုးမှုများ ၂) အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) နှင့် ၃) အဖွဲ့အစည်း စွမ်းဆောင်ရည် ခိုင်မာအားကောင်း စေခြင်းတို့ ပါဝင်ပါသည်။ LIFT မှ စတင် အကောင်အထည်ဖော် သည့် ပထမနှစ် နှင့် ကနဦး စစ်တမ်း တို့အတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ ထောက်ပံ့ပေးခဲ့ပါသည်။ LIFT ၏ အရှေ့တောင်ပိုင်းဒေသ အစီအစဉ်မှတဆင့် အဆိုပါ ပြည်နယ် များတွင် SBCC အစိတ်အပိုင်းအတွက် အနာဂတ်တွင် ငွေကြေး ပံ့ပိုးပေးရန်အတွက်လည်း LIFT မှ ကြိုတင် မျှော်မှန်းထားပါသည်။ ကယားပြည်နယ်တွင် ၂၀၁၉ ခုနှစ်အတွင်း၌ ငွေကြေးပံ့ပိုးမှု လေးကြိမ် ပြုလုပ်ခဲ့ပါသည်။ နှစ်ကုန်ပိုင်းတွင် မှတ်ပုံတင်ထားသည့် အမျိုးသမီး ၁၀,၆၄၇ ဦး ငွေကြေးထောက်ပံ့မှု ရရှိခဲ့ကြပါသည်။ ကရင်ပြည်နယ်တွင် ၂၀၁၉ ခုနှစ်တွင် ငွေကြေးပံ့ပိုးမှု လေးကြိမ်ဆောင်ရွက်ခဲ့ပြီး **အကျိုးခံစားခွင့်ရှိသူ ပေါင်း ၄၀,၇၉၁ ဦး**ထံ ရောက်ရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ တွင် ချင်းပြည်နယ်ရှိ MCCT အစီအစဉ်၏ အတွေ့အကြုံပေါ်တွင် မူတည်၍ အမူအကျင့်ပြောင်းလဲရေး အသိပညာ ပေးခြင်း (SBCC) ဆိုင်ရာ လေ့လာသင်ယူခဲ့သည်များအား မျှဝေရန် အတွက် အစိုးရမှ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။ ဤ ကူညီပံ့ပိုးမှု မှ 'စီမံချက် အငယ်စား' ရှစ်ခု ရေးဆွဲပြီးနောက် ပြည်နယ်အဆင့် SBCC စီမံချက်များ ရေးဆွဲရန် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့အား အဆင်သင့် ဖြစ်စေခဲ့ပါသည်။ 'စီမံချက် အငယ်စား' တွင် အကောင်အထည်ဖော် မည့် SBCC လုပ်ငန်းများနှင့် ချဉ်းကပ်နည်းလမ်းများ အသေးစိတ် ဖော်ပြထားခဲ့ပြီး သွားရောက်ရန် ခက်ခဲသည့် ဒေသများနှင့် အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများတွင် SBCC လုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများနှင့် ပြည်သူ့ကျန်းမာရေး နှင့် ဖွံ့ဖြိုးရေး ကွန်ရက် အတွက် အစီအစဉ်များ ပါဝင်ခဲ့ပါသည်။

## ကရင်ပြည်နယ် နှင့် ကယားပြည်နယ်ရှိ MCCT ကနဦး စစ်တမ်းများ

သုတေသန၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း တို့မှတဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အားကောင်းသည့် MCCT အထောက်အ ထား များအား ရရှိလာအောင် ဆောင်ရွက်နေခြင်းအား ကူညီပံ့ပိုးပေးသည့် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသ အဖြစ် LIFT မှ  Valid International နှင့် မိတ်ဖက်ပြုထားသည့် Community Partners International (CPI) အား ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ အစိုးရ ထိန်းချုပ်မှု အောက်မှ ဒေသများရော အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများ တွင်ပါ ကနဦး စစ်တမ်း ကောက်ယူ နိုင်ရန် ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်မှ စက်တင်ဘာ အထိ ဆောင်ရွက်ခဲ့သည့် ကနဦးစစ်တမ်း တွင် လူဦးရေ အခြေခံ စစ်တမ်းနှင့် မိခင်များနှင့် အသက် ငါးနှစ်အောက် ကလေးသူငယ်များ အုပ်စုလိုက် လေ့လာခြင်း တို့ပါဝင်ပါသည်။ လူဦးရေ အခြေခံ စစ်တမ်း အား ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ MCCT အစီအစဉ် စတင် ချိန်တွင် အဓိကကျသည့်အိမ်ထောင်စု ဆိုင်ရာ လက္ခဏာများ၊ မိခင် နှင့်ကလေး ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ညွှန်းကိန်းများအား သုံးသပ်ရန် ဒီဇိုင်းရေးဆွဲထားပါသည်။ စစ်တမ်းများအား လူမှုဝန်ထမ်း ဦးစီးဌာန နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ နှင့် ပူးပေါင်း စီစဉ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ နောင်အနာဂတ်တွင် စစ်တမ်းများ ကောက်ယူနိုင်စွမ်းရှိစေရန် အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း အစိတ်အပိုင်း ပါဝင်ပါသည်။

ကနဦး စစ်တမ်းများသည် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် MCCT စီမံကိန်းရေးဆွဲခြင်းအတွက် အသိအမြင်များ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

ကရင်ပြည်နယ်၌ ပြုလုပ်ခဲ့သည့် ကနဦးစစ်တမ်းတွင် ဆင်းရဲနွမ်းပါးပြီး ရောက်ရန် ခက်ခဲသည့် ဒေသများ၌ အရေးကြီးသည့် ညွှန်းကိန်းအချို့တွင် ဆိုးရွားသည့် ရလဒ်များဖြင့် ထင်ရှားသည့် မတူကွဲပြားမှုများ၏ လက္ခဏာ အင်္ဂါရပ်များ ပါဝင်ခဲ့ပါသည်။ ဥပမာအားဖြင့် ကလေးသူငယ် ပုညှက်မှုတွင် တနိုင်ငံလုံး ပျမ်းမျှ ၂၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ကရင်ပြည်နယ်ရှိ သွားရောက်ရန် ခက်ခဲသည့် ဒေသများတွင် ၄၀ ရာခိုင်နှုန်းအထိ မြင့်မားပြီး မြို့ပြဒေသများတွင် ၁၆ ရာခိုင်နှုန်းအထိ နိမ့်ကျနေပါသည်။ ကျုံလှီမှုတွင် အသက်ငါးနှစ်အောက် ကလေးသူငယ်များတွင် ကရင်ပြည်နယ် ၌ မြို့ပြဒေသ များတွင် အရပ်အလိုက်ရှိရမည့် ကိုယ်အလေးချိန် အညွှန်း (weight for height Z scores) မှ မြို့ပြ ဒေသများတွင် ၇ ရာခိုင်နှုန်းအထိ မြင့်မားပြီး နှင့် သွားရောက်ရန် ခက်ခဲသည့် ဒေသများတွင် ၆ ရာခိုင်နှုန်း ရှိပါသည်။ ဆင်းရဲနွမ်းပါးဆုံးသူများ အနက်မှ ကလေးသူငယ် ၂၀ ရာခိုင်နှုန်းနှင့် သွားရောက်ရန် ခက်ခဲသည့် အိမ်ထောင်စုများသည် အနည်းဆုံး စားသောက်ရမည့် ကြိမ်ရေနှင့် အနိမ့်ဆုံး လက်ခံနိုင်ဖွယ် ရှိသည့် စားသောက်ရမည့် ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသောက်နိုင်မှုတို့တွင် နိမ့်ကျမှု ကို အများဆုံး ခံစားနေကြရပါသည်။ ယေဘူယျအားဖြင့် ကလေးသူငယ်အနည်းငယ်မှ အနိမ့်ဆုံး လက်ခံနိုင်ဖွယ် ရှိသည့် အစား အစာ ရရှိခဲ့ပါသည်- မြို့ပြ ဒေသများတွင် ကလေးသူငယ် ၁၂ ရာခိုင်နှုန်း၊ ကျေးလက်ဒေသ တွင် ၁၉ ရာခိုင်နှုန်း နှင့် သွားရောက်ရန် ခက်ခဲသည့် ဒေသများတွင် ၁၀ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ စိုးရိမ်ဖွယ်ကောင်းသည်မှ ဆင်းရဲနွမ်းပါးမှု အများဆုံး အိမ်ထောင်စု များ ၏ ၃ ရာခိုင်နှုန်း မျှသာ အနိမ့်ဆုံးလက်ခံနိုင်သည့် အစားအစာ စားသုံးနိုင်ကြပါသည်။

မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးသည့် နှုန်းမှာ ယေဘူယျအားဖြင့် တနိုင်ငံလုံး ပျမ်းမျှ ထက် မြင့်နေပါသည်။ သို့သော်လည်း တနိုင်ငံလုံး ၂၉ ရာခိုင်နှုန်းသာ ရှိနေသည် နှင့် နှိုင်းယှဉ်ပါက ကရင်ပြည်နယ်တွင် ၃၄ ရာခိုင်နှုန်း မှာ နိမ့်ကျနေပါသေးသည်။ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းတွင် ယောကျ်ားလေးများမှာ မိန်းကလေးများထက် ပိုမို နည်းပါးပါသည်။ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရေ သန့်ရှင်းရေးတို့မှာ အာဟာရချို့တဲ့ခြင်းအတွက် အခြေခံကျသည့် အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ ခန့်မှန်း၍ရသည်မှာ သွားရောက်ရန် ခက်ခဲပြီး ပိုမိုဆင်းရဲ နွမ်းပါးသည့် အိမ်ထောင်စုများသည် ကောင်းမွန်ခြင်း မရှိသည့် ရင်းမြစ် မှ ရေကို သောက်သုံးနိုင်ချေပိုများပြီး တောထိုင် ဓလေ့ ကျင့်သုံးနိုင်ချေ ပိုများပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံတွင် ကလေးသူငယ် အာဟာရ ချို့တဲ့ခြင်း အတိအကျ ဆိုရလျှင် ပုညှက်ခြင်းနှင့် ကိုယ်အလေးချိန် မပြည့်ခြင်း တို့တွင် အမြင့်ဆုံးနှုန်းများ ရှိသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ကနဦးစစ်တမ်း၏ ရလဒ်များအရ သွားရောက်ရန် ခက်ခဲသည့် ဒေသများရှိ ကလေးသူငယ်များမှာ အဆိုးရွားဆုံး ထိခိုက်ခံစားကြရပါသည်။ ကယားပြည်နယ်ရှိ ကလေးသူငယ် ပုညှက်မှုနှုန်းမှာ သွားရောက်ရန် ခက်ခဲသည့် ဒေသများ တွင် ၄၈ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ပြီး မြို့ပြ ဒေသများတွင် ၁၇.၄ ရာခိုင်နှုန်းအထိ နည်းပါး ကလေးသူငယ် ပုညှက်မှုနှုန်းမှာ မြို့ပြ မှ ကျေးလက်၊ ကျေးလက်မှ သွားရောက်ရန်ခက်ခဲသည့် ဒေသများသို့ တဖြည်းဖြည်းတိုး၍ သိသာ ထင်ရှားစွာ နယ်မြေအလိုက် အဆင့်ဆင့် တက်လာခြင်း သဘော ရှိပါသည်။ ကယားပြည်နယ်တွင် အရပ်အလိုက်ရှိရမည့် ကိုယ်အလေးချိန် အညွှန်း (weight for height Z scores) အရ ကျုံလှီမှု မှာ ကျေးလက်ဒေသများတွင် ၆ ရာခိုင်နှုန်းအထိ မြင့်ပြီး မြို့ပြဒေသများ နှင့် သွားရောက်ရန် ခက်ခဲသည့် ဒေသများတွင် ၃.၈ ရာခိုင်နှုန်းအထိ နိမ့်ကျပါသည်။ မိန်းကလေးများနှင့် နှိုင်းယှဉ်ပါက ယောကျ်ားလေးများ ကျုံလှီမှု အချိုးအစားမှာ သိသိသာသာ မြင့်မားပါသည်။

ကလေးသူငယ် ကျန်းမာရေးနှင့် အာဟာရနှင့်ဆိုင်ရာ ညွှန်းကိန်းများမှ ကယားပြည်နယ်တွင် မွေးကင်းစနှင့် ကလေးသူငယ် ဖြည့်စွက်စာ တိုက်ကျွေးခြင်း အလေ့အကျင့်များမှာ နိမ့်ကျပြီး ကာကွယ်ဆေး တိုက်ကျွေးခြင်းကဲ့သို့ ကလေးသူငယ် ကျန်းမာရေး ဝန်ဆောင်မှုများမှာ နိမ့်ကျကြောင်း ပြသလျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှု အများဆုံး ၂၀ ရာခိုင်နှုန်းတွင် ကလေးသူငယ် ၁၅.၆ ရာခိုင်နှုန်းသာ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးမှုရှိပါသည်။ ယင်းကိန်းဂဏန်းမှာ အချမ်းသာဆုံးသူများကြားတွင် နှစ်ဆခန့်မြင့်မား (၃၃ ရာခိုင်နှုန်း)သော်လည်း ယင်းမှ နည်းနေပါသေးသည်။ အနိမ့်ဆုံး လက်ခံနိုင်ဖွယ်ရှိသည် အစားအသောက်များ ရရှိသည့် ကလေးသူငယ်များ သည် ကြွယ်ဝ ချမ်းသာမှုနှင့် ဆက်စပ်နေပြီး ဆင်းရဲနွမ်းပါးမှု အများဆုံး အိမ်ထောင်စုများမှ အနိမ့်ဆုံး ရရှိသည့် လက်ခံနိုင်ဖွယ်ရှိသည့် အစားအသောက်များအား ရရှိသည့် ကလေးသူငယ်များ ၏ ၅.၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် အချမ်းသာဆုံး အိမ်ထောင်စုများမှ ကလေးသူငယ် ၃၉ ရာခိုင်နှုန်းမှာ အနိမ့်ဆုံး လက်ခံနိုင်ဖွယ်ရှိသည့် အစားအသောက်များ ရရှိကြပါသည်။ မိခင်လောင်းများမှ ကိုယ်ဝန်ဆောင်ကာလ တလျောက်၊ မီးဖွားချိန် နှင့် မီးဖွားပြီး ချိန်တွင် ရရှိသည့် ဝန်ဆောင်မှုများ အား ရယူနိုင်ခြင်းဖြင့် တိုင်းတာပါက မိခင်လောင်းများမှ ဆန်းစစ် အကဲဖြတ် သည့် မိခင်လောင်း ကျန်းမာရေးမှာလည်း ကြွယ်ဝ ချမ်းသာမှု နှင့် ဆက်နွယ်နေကြောင်း ဖော်ပြနေပါသည်။ ခြုံငုံပြောရလျှင် မိခင်လောင်း ကျန်းမာရေး ဝန်ဆောင်မှုများအား ရယူသည့် မိခင် အများစုမှ အဆိုပါ ဝန်ဆောင်မှု များအတွက် အခကြေးငွေ ပေးကြရပြီး ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများမှာ ထိုသို့ ရယူ နိုင်မှု နည်းပါးပါသည်။

စားနပ်ရိက္ခာ စားသုံးမှု၊ ရင်ဆိုင်ဖြည့်ဆည်းသည့် မဟာဗျူဟာများ၊ ဝေမျှစားသုံးသည့် အိမ်ထောင်စု စားနပ်ရိက္ခာ ကုန်ကျစရိတ် တို့ဖြင့် တိုင်းတာသည့် စားနပ်ရိက္ခာ ဖူလုံမှုမှာ အားလုံး ပေါင်းခြုံကြည့်ပါက ကယားပြည်နယ် အတွက် အရေးကြီးသည့် အဆင့်များတွင် မရှိသေးပါ။ သို့သော်လည်း စားနပ်ရိက္ခာ ဖူလုံမှု ညွှန်းကိန်းတွင် ကြွယ်ဝချမ်းသာမှု မညီမျှခြင်းမှ ကယားပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှုသည် ကလေးသူငယ် အာဟာရချို့တဲ့မှုအတွက် မောင်းနှင်အား ဖြစ်သည်ဆိုသည့် အချက်ကို ပံ့ပိုး ပေးပါသည်။ကလေးသူငယ်ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု တို့အပေါ် သက်ရောက်မှု ရှိသည့် ရေပတ်ဝန်းကျင် နှင့် တကိုယ်ရေ သန့်ရှင်းရေး ညွှန်းကိန်းများအား ပေါင်း ခြုံကြည့်လျှင် လက်ခံနိုင်ဖွယ် ရှိပါသည်။ သို့သော်လည်း ပိုမို ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအတွက် ယင်းတို့မှာ ပိုမို အခြေအနေ ဆိုးရွားပါသည်။

**အပူပိုင်းဇုန် MCCT အစီအစဉ်တွင် ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှု တွေ့ရှိချက်များ**

LIFT မှ Save the Children အား ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဧပြီလ အထိ အပူပိုင်းဇုန်တွင် MCCT စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခဲ့ပါသည်။ စီမံချက်မှ မိခင်၊ မွေးကင်းစ နှင့် ကလေးသူငယ်တို့ မှ ကောင်းမွန်သည့် အာဟာရဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးနိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် လစဉ် ငွေကြေးထောက်ပံ့မှု ပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲခြင်း ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း တို့မှ တဆင့် ဘ၀အစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပါသည်။ စီမံချက်၏ အစိတ်အပိုင်းအဖြစ် Innovations Poverty Action (IPA) မှ ဦးတည်ရည်ရွယ်သည့် MCCT မှ အကျိုးခံစားခွင့်ရှိသူများ၏ ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များအပေါ် အကျိုးသက်ရောက်မှုကို တိုင်းတာရန် နှင့် စီမံကိန်း ပုံစံ အမျိုးမျိုးတို့၏ ထိရောက်မှု ကို စမ်းသပ်ရန် ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှု (RCT) အား ဆောင်ရွက်ခဲ့ပါသည်။ အတိအကျ ဆိုရလျှင် ငွေကြေးနှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) တွဲစပ်ခြင်း နှင့် နှိုင်းယှဉ် လျှင် RCT သည် စီမံချက် အကျိုးရလဒ်များ အပေါ် ငွေကြေးသက်သက်၏ သက်ရောက်မှု ကို စမ်းသပ်ပါသည်။

RCT ရလဒ်များအား ၂၀၁၉ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ RCT အား SBCC နှင့် အတူပေါင်းစပ်ပါက မိခင်နှင့် ကလေးသူငယ်များ အတွက် ငွေကြေးပံ့ပိုးမှု မှ ကလေးသူငယ် ပုညက်ခြင်းအပေါ် သိသာထင်ရှားပြီး ကောင်းမွန်သည့် သက်ရောက်မှု ရှိနိုင်ကြောင်း ပြသရန် အားကောင်းသည့် နည်းစနစ်ကို အသုံးပြုပါသည်။ ငွေကြေး ပံ့ပိုးမှုနှင့် SBCC စီမံကိန်းဆောင်ရွက်ခြင်း အုပ်စုတွင် ပုညက်သည့် ကလေးသူငယ် (အသက် ၆-၂ လ) အချိုးအစားတွင် ၃၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ ၄ရာခိုင်နှုန်း လျော့ကျခဲ့ပါသည်။ မှာ ငွေသားသက်သက် ပံ့ပိုးသည့် အုပ်စုထက် ပုညက်ခြင်း အပေါ် သက်ရောက်ခြင်းမှာ သိသိသာသာ ပိုမိုကြီးမားပါသည်။ RCT တွေ့ရှိချက်များမှလည်း အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ လတ်တလောနှင့် အခြေခံအဆုံးအဖြတ် ပေးနိုင်သည့် အချက် အများအပြားအပေါ် ထင်ရှားသည့် ကောင်းမွန်သော အကျိုးသက်ရောက်မှုများအား ပြသခဲ့ပါသည်။ မိခင်နို့သက်သက်သာ တိုက်ကျွေးခဲ့သည့် ကလေးသူငယ်များ အရေအတွက် ( ၅၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းထိ) နှင့် အနိမ့်ဆုံး စားနပ်ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံးမှု အမှတ်ပြည့်မီသူများ (၃၄ ရာခိုင်နှုန်းမှ ၅၃ရာခိုင်နှုန်းအထိ) သိသိသာသာ တိုးတက်လာခဲ့ခြင်းမှ အနိမ့်ဆုံး လုံလောက်သည့် အစားအစာ စားသုံးရမှုတွင် သိသိသာသာ ( ၂၅ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းအထိ) တိုးတက်လာခဲ့ပါသည်။

ငွေကြေးသက်သက် ရရှိသည့်အဖွဲ့နှင့် ငွေကြေးထောက်ပံ့မှုနှင့် SBCC တို့ နည်းလမ်းနှစ်မျိုးလုံး ရရှိသည့် အဖွဲ့နှစ်မျိုးလုံးမှ ၎င်းတို့၏ အစားအသောက်များအတွက် အသုံးစရိတ်များ တိုးမြှင့်ခဲ့ပါသည်။ သို့သော်လည်း အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ထည့်ပေါင်းခြင်းမှ အစားအသောက်များအတွက် အသုံးစရိတ်များ တိုးမြှင့်ခဲ့သော ကောင်းမွန်သည့် သက်ရောက်မှု တိုးပွားလာခြင်းသည် ငွေကြေးနှင့် SBCC ရရှိသည့် အုပ်စုအတွက် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိ ခဲ့ ပါသည်။ အခြား အရေးကြီးသည့် ရလဒ်မှာ ကျန်းမာရေး စောင့်ရှောက်မှု ရယူခြင်းဆိုင်ရာ အမူအကျင့်များ ကျင့်သုံးခြင်း အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ပေးခြင်းအား အနည်းဆုံးလေးကြိမ် ရယူသူများ၏ အချိုးအစား ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှု နှင့် SBCC ရရှိသည့် အုပ်စု ၏ အကျိုးရလဒ် တွင် ၁၄ ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ ပြီး ငွေကြေး ထောက်ပံ့မှု သက်သက်သာ ရရှိသည့် အမျိုးသမီးများတွင် ၉ ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ပါသည်။

LIFT မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် RCT ရလဒ်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီး ဌာနတို့နှင့် မျှဝေရန်နှင့် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများအနေဖြင့် ရလဒ်များကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရန် အခွင့်အလမ်း ပံ့ပိုးပေးရန် အ တွက် နေပြည်တော်တွင် အခမ်းအနားတစ်ခု ကျင်းပပေးခဲ့ပါသည်။ ထိုအခမ်းအနားတွင် လူမှု ဝန်ထမ်းဦးစီးဌာန၊ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာနခွဲ၊ အလှူရှင်များ၊ UNICEF နှင့် ကမ္ဘာ့ဘဏ် မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ RCT လေ့လာမှု ပြီးစီးခဲ့ခြင်း မှ မြန်မာနိုင်ငံတွင် အမျိုးသား MCCT အစီအစဉ်အတွက် သတင်းပေးရန် အတွက် မြန်မာနိုင်ငံ၏ အထောက်အထား အခြေခံ တည်ဆောက်ရာတွင် အရေးပါသည့် မှတ်တိုင်ဖြစ်ပါသည်။ တွေ့ရှိချက်များမှ ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း အမူအကျင့်များနှင့် ကျင့်သုံးမှုများ ပြောင်းလဲရန် ပြည့်စုံလုံလောက်သည့် အစီအမံများနှင့်အတူ အမျိုးသမီးများအတွက် ပုံမှန်နှင့် အချိန်နှင့် တပြေးညီ ငွေကြေးထောက်ပံ့မှုများ လက်ရောက်ပေးနိုင်ခြင်း၏ အကျိုးကျေးဇူးသည် ကမ္ဘာလုံးဆိုင်ရာ အထောက်အထား အခြေခံ အတွက် အထောက်အပံ့ အဖြစ် ဖြည့်ဆည်းပေးပါသည်။

## LEARN ၂ အား အပြီးသတ် အကဲဖြတ်သုံးသပ်ခြင်း

Save the Children မှ ၂၀၁၆-၂၀၁၉ အတွင်း အကောင်အထည်ဖော်ခဲ့သည့် LEARN စီမံချက် (LEARN 2) ၏ ဒုတိယ အဆင့် အကဲဖြတ်သုံးသပ်ချက်အား ၂၀၁၉ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ LEARN ၏ အဓိက ဦးတည်ချက်မှာ စီမံချက်အား ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ပေးပါသည်။ LIFT နှင့် အတူ လုပ်ကိုင်ဆောင်ရွက်နေသည့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း (IP) ၄၅ ဖွဲ့ ၏ နည်းပညာအကူအညီဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ရန်၊ အခြား စိတ်ဝင်စားသည့် အဖွဲ့အစည်းများ အား နည်းပညာ အကူအညီ ပေးရန်တို့ ဖြစ်ပါသည်။ LEARN မှ သင်တန်းပေးခြင်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း နည်းလမ်းများမှတဆင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ မိခင်၊ မွေးကင်းစ နှင့် ကလေးသူငယ်များ အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များ အပါအဝင် အာဟာရ သီးသန့် စီမံကိန်းဆောင်ရွက်ချက်များဆိုင်ရာ အသိအမြင် တိုးမြှင့်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ LEARN သည် သင်တန်းပေးခြင်း၊ ကြိုတင်ပုံဖော်ပုံစံချထားသည့် သုတေသနအတွက် ကူညီပံ့ပိုးမှု နှင့် မတူညီသည့် ယဉ်ကျေးမှုနှင့် ဘာသာစကား ဆိုင်ရာ အခြေအနေများ နှင့် လိုက်လျောညီထွေဖြစ်သည့် ပစ္စည်းများ ပံ့ပိုးပေးခြင်း တို့မှ တဆင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း၏ အာဟာရ နှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) ဆိုင်ရာ စွမ်းဆောင်ရည် ကိုလည်း တည်ဆောက်ပေးပါသည်။ စီမံချက် မှ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အနာဂတ်တွင် အသုံးပြုနိုင်မည့် အရည်အသွေးမြင့် သင်ရိုးညွှန်းတမ်းနှင့် SBCC ဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်ကတည်းမှ LEARN သည် အာဟာရ မြှင့်တင်ရေး လူမှုအဖွဲ့အစည်းကွန်ရက် SUN Civil Society Alliance (CSA) ၏ ရုံးအဖွဲ့တာဝန်ခံအဖြစ် မြန်မာနိုင်ငံ၏ အာဟာရမြှင့်တင်ရေး လှုပ်ရှားမှု ပတ်သက်ဆက်နွယ်သူ ပေါင်းစုံပါဝင်သည့် ပလက်ဖောင်း (Scaling Up Nutrition –(SUN) (Multi–Stakeholder Platform – MSP)ကို ဦးဆောင်ခဲ့ပါသည်။ SUN CSA မှတဆင့် LEARN သည် MSP အား စီမံချက် ကွန်ရက်ချိတ်ဆက်ခြင်း၊ စီမံအုပ်ချုပ်ခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း၊ အထူးသဖြင့် MS–NPAN စီမံချက်တွင် ၎င်း၏ တက်ကြွစွာ ပူးပေါင်းစည်းရုံးလှုံ့ဆော်ခြင်းတွင် ပါဝင်ဆောင်ရွက်ရန် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့စည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် ယေးလ် တက္ကသိုလ် နှင့် မိတ်ဖက်ပြု၍ မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်း အစီအစဉ်ကို ဦးဆောင်ရန် အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသနဌာနအား ထောက်ပံ့ပေးခြင်း မှတဆင့် ပံ့ပိုးကူညီ ခဲ့ပါသည်။ ခြုံငုံ ကြည့်ပါက LEARN မှ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ နည်းပညာ အထောက်အကူ ပေးရန် ၎င်း၏ တာဝန်ကို ဖြည့်ဆည်းရာတွင် နှင့် အမျိုးသားအဆင့် စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် များစွာထိရောက်ခဲ့ပါသည်။ LEARN မှ အဆင့်များအားလုံးရှိ ကဏ္ဍများအားလုံး နှင့် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများကြား အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရန် အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ကောင်းမွန်စွာ ပံ့ပိုးပေးခဲ့ပါသည်။ SUN CSA ရုံးအဖွဲ့၏ တာဝန်ခံ အနေဖြင့် LEARN သည် မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့ခြင်းကို ဖြေရှင်းရန် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များအတွက် ပံ့ပိုးပေးမှုများ အားပေးမြှင့်တင်ခြင်းတွင် ဦးဆောင်မှု ပြသခဲ့ပါသည်။ LIFT မှ အထူးသဖြင့် ပဋိပက္ခ ထိခိုက်ခံစားရသည့် ဒေသများနှင့် မြို့ပြဒေသ ဆင်ခြေဖုံး ဧရိယာများရှိ မိတ်ဖက်အဖွဲ့အစည်းအသစ်များ၊ CSO များ နှင့် တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများအတွက် နည်းပညာ အကူအညီပေးရန် အာရုံစိုက်လျက် ယင်းအစီအစဉ်၏ တတိယအဆင့်ကို ထောက်ပံ့ ပေးရန် စဉ်းစားလျက်ရှိပါသည်။

## အားဖြည့်ဆန် – ပုဂ္ဂလိက ကဏ္ဍ နှင့် အတူ လက်တွဲ ဆောင်ရွက်ခြင်း

PATH သည် အားဖြည့်ဆန် တန်ဖိုးမြှင့်ကွင်းဆက်၏ ရောင်းလိုအား ကဏ္ဍကို အားကောင်းစေရန် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) အပါအဝင် ဆန်စက်ပိုင်ရှင်များ နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်အဖွဲ့ အစည်းများ နှင့် ဆက်လက် လက်တွဲဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် တလျောက်လုံးတွင် လစဉ် လတိုင်း အားဖြည့်ဆန် မက်ထရစ်တန် ၇၄ တန် ထုတ်လုပ်ခဲ့ပါသည်။

၎င်းတို့ကိုယ်တိုင် အားဖြည့်ဆန် ထုတ်လုပ်လျက်ရှိသည့် အားဖြည့် ဆန်မျိုးစေ့ ထုတ်လုပ်သူများ၊ စက်များအား တပ်ဆင်ထုတ်လုပ်သူများ နှင့် ဆန်စက်ပိုင်ရှင်များ အပါအဝင် ၅၀ရာခိုင်နှုန်း ဖြစ်သည့် PATH မှ လုပ်ငန်းအတူ တွဲ၍ လုပ်ကိုင်သည့် တန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ရှား ဆောင်ရွက်သူ ၁၈ ဦး မှ ၂၀၁၉ ခုနှစ် တန်ဖိုးမြှင့်ကွင်းဆက် တွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးလာသည်ဟု အစီရင်ခံခဲ့ပါသည်။ အားဖြည့်ဆန် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း တို့တွင် အောင်မြင်လျက်ရှိသည့် ဆန်စက်ပိုင်ရှင်များသည် ဈေးကွက် တင်ခြင်း နှင့် လက်လီ ရောင်းချမှု မြှင့်တင်ခြင်း တို့တွင် ကြီးမားသည့် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ခဲ့ပါသည်။ ဆန်စက်ပိုင်ရှင် တစ်ဦးမှ ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်ခဲ့ပြီး ယခုအခါ အားဖြည့်ဆန် ဆန်ပြုတ်ကို ထုတ်လုပ်လျက်ရှိပါသည်။ အားဖြည့်ဆန် ထုတ်လုပ်ခြင်း တွင် အောင်မြင်မှု ရရှိမှု နည်းပါး သည့် ဆန်စက်လုပ်ငန်းရှင်များမှာ ဆန်စက်ပိုင်ရှင်များ မဟုတ်ကြဘဲ ရင်းနှီးမြှုပ်နှံမှု မှ အကျိုးအမြတ် ကောင်းစွာ ပြန်လည်ရရှိရန် ဈေးကွက်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်း တို့တွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်မှု နည်းပါးကြပါသည်။ PATH သည် ယင်း လှုပ်ရှားဆောင်ရွက်သူအချို့ နှင့် အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသနဌာန နှင့် ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာနတို့မှ ပါဝင်ပတ်သက် နိုင်မည့် စီမံချက်များ ပြန်လည် အားကောင်းစေရန် မည်သို့ဆောင်ရွက် ရမည်ဆိုသည်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆွေးနွေးလျက်ရှိပါသည်။

PATH သည် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်အား အားဖြည့်ဆန် စိုက်ပျိုး ထုတ်လုပ်သည့် နည်းပညာ၊ ထုတ်လုပ်ခြင်းနှင့် ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းစဉ် များနှင့် လုပ်ထုံးလုပ်နည်းများ နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် နှင့် အရည်အသွေး အာမခံခြင်း လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးခြင်း တို့မှတဆင့် ဤ ပုဂ္ဂလိက ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု သည် ရေရှည် တည်တံ့မှု ရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ်အတွင်း အားဖြည့်ဆန်လုပ်ငန်း၏ ထင်ရှားသည့် ပြီးစီး အောင်မြင်မှုမှာ ကုန်ချော ဈေးနှုန်းအား လျှော့ချခြင်းဆိုင်ရာ ကြိုးပမ်း အားထုတ်မှု များနှင့် ဆက်နွယ်နေပါသည်။ PATH သည် အဆင်သင့် ရောစပ်ထားသည်များအား ပေးသွင်းနိုင်သူများ နှင့် ရောနှောသည့် အချိုးကို ပြောင်းလဲခြင်း မှတဆင့် အားဖြည့်ဆန်စေ့များ၏ ဈေးနှုန်း လျှော့ချရန် ပုဂ္ဂလိကကဏ္ဍ နှင့် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ယင်း စမ်းသပ်မှုများ၏ ရလဒ်များအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် နှင့် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေး သုတေသန တို့ ထံ အားဖြည့်ဆန် စေ့ရောစပ်အချိုးအား ၂:၉၈ မှ ၁:၉၉ သို့ ပြောင်းလဲရန် အဆင်သင့် ဖြစ်ကြောင်း အထောက်အထား ထုတ်ဖော်နိုင်ရန် မျှဝေခဲ့ပါသည်။ ယင်းလုပ်ဆောင်ချက်နှင့် အတူ အားဖြည့်ဆန် မူဝါဒအား ထောက်ခံမှု ရှိရန် ၂၀၂၀ ခုနှစ်အတွင်း ဆက်လက် ကြိုးပမ်းမှုများနှင့် ဝယ်လိုအား တိုးမြှင့်ရန် ကြိုးပမ်းမှုများသည် အာဟာရဆိုင်ရာ အားနည်းထိခိုက် လွယ်မှု အရှိဆုံးသူများ ထံ အားဖြည့်ဆန် တိုးမြှင့်ရောက်ရှိရန် အတွက် အထောက်အကူဖြစ်စေရန် ရည်မှန်းထားပါသည်။

## အိမ်ထောင်စုအဆင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များ

### အာဟာရဖောင်းပေး စိုက်ပျိုးရေး

အာဟာရချို့တဲ့မှု၏ အကြောင်းရင်းခံများကို ဖြေရှင်းပေးသည့် အာဟာရ ဖောင်းပေး စိုက်ပျိုးရေး တွင် ရင်းနှီးမြှုပ်နှံမှုများမှာ အားနည်း ထိခိုက်လွယ် ကျေးလက်နေ ရပ်ရွာလူထုများတွင် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန်စေရန် အရေးကြီးပါသည်။ တဖြည်းဖြည်း များပြား လာသည့် အထောက်အထားများမှ စားသုံးမှု (သို့) ဝင်ငွေ အတွက် စားနပ်ရိက္ခာ ထုတ်လုပ်မှု တိုးမြှင့်ခြင်းမှတဆင့် စိုက်ပျိုးရေး ဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များ သည် အာဟာရ ဆိုင်ရာ အကျိုးရလဒ်များအား အလိုအလျောက် ပိုမိုကောင်းမွန် စေသည်ဟူသော ယခင်က ယူဆချက် များအား ပယ်ဖျက်ပေးပါသည်။ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား ပိုမိုတိကျစွာ သတ်မှတ် သည့် နည်းလမ်းမှာ အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အကျိုးရလဒ်များ အား ပိုမိုကောင်းမွန်စေရန် (သို့) အဟန့်အတားဖြစ်စေရန် ကြီးမားသည့် အလားအလာရှိပြီး အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ကောင်းမွန်သည့် အကျိုး သက်ရောက်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ဒီဇိုင်းရေးဆွဲပြီး ကြိုတင်စီစဉ် ခဲ့လျှင် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများမှ အပြည့်အဝ ကောင်းကျိုး ပေးနိုင်ခြင်းကို ရောက်ရှိမည် ဖြစ်ပါသည်။[၁၅]

၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် LIFT မှ အချိန်ကာလ အတန်ကြာချိန်တွင် LIFT နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ အာဟာရဖောင်းပေး စိုက်ပျိုးရေး စီမံချက် ဒီဇိုင်း များအား မည်သည့်အတိုင်းအတာအထိ ပိုမိုကောင်းမွန်စေခဲ့ကြောင်းကို စစ်ဆေးရန် စီမံချက် အကြောင်းအရာ သုံးသပ်မှုအား ဆောင်ရွက်ခဲ့ ပါသည်။ ယခင်က ဆောင်ရွက်ခဲ့သည့် စီမံချက် အချို့အား သီးခြား ဆက်နွယ်နေသည့် အကျိုးရလဒ်များဖြင့် တိုင်းတာနိုင်ခဲ့လျှင် (သို့) စီမံချက်ဆိုင်ရာ လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်မှုများ (သို့) ဖြည့်စွက်မှုများ ဆောင်ရွက်နိုင်ခဲ့ပါက အာဟာရဖောင်းပေး စီမံချက် များ ဖြစ်နိုင်ပါသည်။ LIFT နှင့် မိတ်ဖက်အဖွဲ့များသည် အာဟာရ ဖောင်းပေး စိုက်ပျိုးရေးဆိုင်ရာ ၎င်းတို့၏ သဘောပေါက်နားလည်မှု နှင့် ချဉ်းကပ်နည်းလမ်းများတွင် သိသာထင်ရှားစွာ ပြီးပြည့်စုံလာခြင်း မှ LIFT ၏ မဟာဗျူဟာများနှင့် အစီအစဉ်များတွင် အာဟာရ ဖောင်းပေး စိုက်ပျိုးရေးတွင် အာရုံစိုက်မှု ခိုင်မာအားကောင်း စေသည့် ရလဒ်ကို ရရှိခဲ့ပါသည်။ ပိုမိုများပြားသည့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် စိုက်ပျိုးရေးနှင့် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုတို့အား ၎င်းတို့၏ စီမံချက် အကြောင်းအရာများ၊ ပြောင်းလဲမှု ဆိုင်ရာ သီအိုရီ ပုံစံများ နှင့် တိုင်းတာရေးဆိုင်ရာ မူဘောင်များနှင့် ချိတ်ဆက်လာနိုင်ကြပါသည်။

ဂရုဏာမြန်မာလူမှုကူညီရေးအသင်း(KMSS) နှင့် မိတ်ဖက်ပြုထား သည့် Catholic Relief Services (CRS) သည် ချင်းပြည်နယ်ရှိ ဖလမ်းမြို့နယ်၊ ထန်တလန် မြို့နယ် နှင့် မတူပီ မြို့နယ် ရှိ ကျေးရွာ ပေါင်း ၆၀ တွင် ရပ်ရွာလူထုနှင့် ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြှင့်မားရေး (PACE) စီမံချက်မှ တဆင့် စိုက်ပျိုးထုတ်လုပ်မှု ကို အကောင်အထည်ဖော်ခဲ့ပါသည်။ PACE မှ လုပ်ကွက်ငယ် တောင်သူ များအနေဖြင့် ပြောင်း နှင့် ပဲအမျိုးမျိုး အပါအဝင် အာဟာရ ဖောင်းပေး သီးနှံများအတွက် ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေး အလေ့အကျင့်များ၊ အိမ်ခြံဥယျာဉ် အမျိုးမျိုး စိုက်ပျိုး ခြင်း နှင့် ၁၀၀၀ ရက် ပထမ ရက်ပေါင်း ၁,၀၀၀ တွင် မိခင်များအတွက် မရှိမဖြစ် အရေးကြီးသည့် အာဟာရ နှင့် တကိုယ်ရေ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဆိုင်ရာ အသိအမြင် များ ပိုမို တိုးတက်လာစေရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။

---

[၁၅] USAID ၂၀၁၄၊ Ruel ၂၀၁၇



*PACE စီမံချက် မှ ထောက်ပံ့ပေးသည် အိမ်ခြံယာဥ် စိုက်ပျိုး သူတစ်ဦး သီးနှံများ ရိတ်သိမ်းနေစဉ်*

ဈေးကွက် လက်လှမ်းမီမှု တိုးတက်လာခြင်းနှင့် အာဟာရဆိုင်ရာ အကျိုး ရလဒ်များအတွက် ပိုမိုကောင်းမွန်သည့် အမျိုးအစား အမျိုးမျိုး ထုတ်လုပ်ခြင်းတို့တွင် သဘောပေါက်နားလည်ရန် CRS မှ PACE စီမံချက် ကျေးရွာများနှင့် စီမံချက် အကောင်အထည်ဖော်ခြင်း မရှိသည့် ကျေးရွာ များတွင် အကျိုးရလဒ် ဆိုင်ရာ လေ့လာခြင်းအား ဆောင်ရွက်ခဲ့ ပါ သည်။ တွေ့ရှိချက်များအရ PACE စီမံချက်တွင် ပါဝင်ဆောင်ရွက်သည့် အိမ်ထောင်စုများ သည် အခြားသူများ မရရှိခဲ့သည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။ ရိက္ခာအမျိုးအမည် စုံလင်မှု အတွက် လေ့လာမှုမှ ကိုယ်ဝန် ဆောင် နှင့် နို့တိုက်မိခင်များ အပြင် အသက် ၆လမှ ၂၃ လ ကလေးသူငယ်များ အတွက် ရရှိသည့် ရိက္ခာအမျိုးအမည် အစုံအလင် ရမှတ်မှာ စီမံချက် ကျေးရွာများတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိခဲ့ပါသည်။ ( အမျိုးသမီးများတွင် စီမံချက်ကျေးရွာများ ၌ ၅.၆၇ နှင့် စီမံချက် ကျေးရွာမဟုတ်သည့် ရွာများ၌ ၄.၇ မှတ်၊ အသက် ၆လမှ ၂၃ လအတွင်း ကလေးသူငယ် များတွင် စီမံချက်ကျေးရွာများ၌ ၄.၇၆ နှင့် စီမံချက်ကျေးရွာ မဟုတ်သည့် ရွာများ၌ ၃.၄၂ မှတ်)။ အသား စားသုံးမှုတွင် PACE ၏ အိမ်ထောင်စုများမှ ပိုမို အခြေအနေကောင်းပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၇၇ ရာခိုင်နှုန်း နှင့် အသက် ၆လ-၂၃ လအထိ ကလေး သူငယ်များတွင် ၈၂ ရာခိုင်နှုန်း တို့ သည် အသား စားသုံးခဲ့ကြပါသည်။ PACE စီမံချက် မဟုတ်သည့် ကျေးရွာများတွင် အဆိုပါ ကိန်းဂဏန်းများမှာ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များ ၏ ၆၃ ရာခိုင်နှုန်း နှင့် အသက် ၆ လနှင့် ၂၃ လ အတွင်း ကလေးသူငယ်များတွင် ၄၅ ရာခိုင်နှုန်းမျှသာ ရှိပါသည်။ အလားတူပင် အမျိုးအမည် စုံလင်စွာ ထုတ်လုပ်မှုတွင် စီမံချက်မဟုတ်သည့် ကျေးရွာများ (၅.၃ မျိုး) နှင့် နှိုင်းယှဉ်လျှင် PACE ကျေးရွာများတွင် နောက်ထပ် သီးနှံ အမျိုးအစား ပျမ်းမျှ ၂.၃ မျိုး (၇.၆ မျိုး) ရှိပါသည်။

လေ့လာမှုမှ ဈေးကွက်များသို့ သွားရောက်ရသည့် အကွာအဝေးဖြင့် သတ်မှတ်သည့် ဝေးလံခေါင်သီမှု နှင့်အတူ အမျိုးအမည်စုံလင်စွာ စားသုံးမှု နှင့် တိရိစ္ဆာန် အသား များ စားသောက်မှု တို့နှင့် ဆက်စပ် လေ့လာပါသည်။ အဆိုပါ တွေ့ရှိချက်များအား အခြေခံ၍ အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ ပြဿနာများ ကို ဖြေရှင်းရန် စီမံချက်မှ ဈေးကွက် နှင့် ၇၂.၅ မိနစ် သွားရောက်ရသည့် အကွာအဝေးအတွင်းရှိ ကျေးရွာများအတွက် အာဟာရပြည့်ဝသည့် အစားအသောက်များ အတွက် ဈေးကွက် ဖွံ့ဖြိုးရေး အား ထောက်ပံ့ပေးရန် ပိုမိုသင့်လျော်ပြီး ဈေးကွက်ထံ သွားရောက်ရန် ၇၂.၅ မိနစ် ထက် ပိုကြာသည့် ကျေးရွာများတွင် အမျိုးအမည်စုံလင်စွာထုတ်လုပ်ခြင်း ကို ထောက်ပံ့ပေးရန် ပို၍ သင့်လျော်ကြောင်း ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

PACE စီမံချက် တလျှောက်တွင် အကျိုးရလဒ်အချို့တွင် ကြီးမားသည့် တိုးတက်ကောင်းမွန်မှုများ တွေ့ရှိရပါသည်။ ကနဦး နှင့် စီမံကိန်း အပြီးသတ် တွေ့ရှိချက်များမှ အာဟာရဓာတ်ပြည့်ဝသည့် ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ သစ်သီး အမျိုးမျိုးနှင့် ပဲအမျိုးမျိုး တို့ကို စိုက်ပျိုးသည့် ဦးတည်ရည်ရွယ်သော အိမ်ထောင်စု ရာခိုင်နှုန်းများ၏ ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့ကြောင်း ပြသခဲ့ပါသည်။ စီမံချက် ကျေးရွာများတွင် ကိုယ်ဝန်ဆောင်နှင့် မိခင်နို့တိုက်ကျွေးသည့် အမျိုးသမီး ၉၅ ရာခိုင်နှုန်းတို့မှ အိမ်ခြံဥယျာဉ် စိုက်ပျိုးနည်းသင်တန်းများအား တက်ရောက်ခဲ့ကြပါသည်။ ရလဒ်အနေဖြင့် နွေရာသီအတွင်းတွင် အဆိုပါ အိမ်ထောင်စုများမှ အိမ်ခြံ ဥယျာဉ်အတွင်း သီးနှံ အမျိုးစုံ စိုက်ပျိုးခဲ့ကြပြီး ကနဦး စစ်တမ်းတွင် သီးနှံ ၂.၇ မျိုးမှ စီမံကိန်း အပြီးသတ်ချိန်တွင် ၆.၈ မျိုး အထိ တိုးတက်လာခဲ့ပါသည်။

စီမံချက် အပြီးသတ် အကဲဖြတ်သုံးသပ်မှု မှ စီမံချက် ၏ အစိတ်အပိုင်း နှစ်ခု ဖော်ထုတ်သတ်မှတ်ပြီး ဆင်းရဲနွမ်းပါးမှု၊ စားနပ်ရိက္ခာ ဖူလုံမှု နှင့် ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုတို့အတွက် ရောင်းလိုအားအပိုင်း နှင့် ဝယ်လိုအားအပိုင်း တို့အား လျှော့ချနိုင်ခဲ့သဖြင့် စီမံချက်သည် ချင်းပြည်နယ်နှင့် များစွာ ဆီလျော်ကြောင်း သုံးသပ်ခဲ့ပါသည်။ မျိုးဆက်ပွား အသက်အရွယ်ရှိ အမျိုးသမီးများ အရပ်အမောင်း နိမ့်ခြင်း နှင့် အသက် ငါးနှစ်အောက် ကလေးသူငယ်များတွင် ပုညက်ခြင်း တို့မှာ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၌ အဖြစ်အများ ဆုံး ဖြစ်နေသဖြင့် ချင်းပြည်နယ်အတွက် အရေးကြီးပါသည်။

အကဲဖြတ်သုံးသပ်မှုမှ စီမံချက်သည် အကျိုးရလဒ် ညွှန်းကိန်းမှ ပိုမိုကောင်းမွန်စေရန် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အထောက်အထား များစွာ တွေ့ရှိခဲ့ပါသည်။ အိမ်ထောင်စုများ အနေဖြင့် ကောင်းမွန်သည့် စိုက်ပျိုးရေးပညာဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးမှုမှာ ၂ ရာခိုင်နှုန်း မှ ၄၉ ရာခိုင်နှုန်း အထင်ကြီးလောက်စရာ တိုးမြှင့်လာခဲ့ပါသည်။ ပိုမိုကောင်းမွန်သည့် မျိုးစေ့ ရွေးချယ်သည့် အလေ့အကျင့်များအား အိမ်ထောင်စုများ၏ လေးပုံ သုံးပုံမှ ကျင့်သုံးခဲ့ကြပါသည်။ ပြောင်း၊ ပဲအမျိုးမျိုး နှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များအား အလုံပိတ် (လေလုံအောင် ပိတ်ထားသည့်) သိုလှောင်နည်းစနစ်အသစ်များအား အိမ်ထောင်စု အားလုံးနီးပါးက လက်ခံကျင့်သုံးခဲ့သဖြင့် ပြောင်းမျိုးစေ့ သိုလှောင်ချိန်တွင် (၂၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ) နှင့် ပဲမျိုးစေ့များ သိုလှောင်ချိန်တွင် (၂၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ) ဆုံးရှုံးမှုများ သိသိသာသာ လျှော့ချနိုင်ခဲ့ပါသည်။ အစေ့အဆန်များ ဆုံးရှုံးမှုများ သိသိသာသာ လျော့ကျသွားခဲ့ပြီး ပြောင်းဆန် ဆုံးရှုံးမှု မှာ ၃၉ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်း (ဆုံးရှုံးမှုတွင် ၇၀ ရာခိုင်နှုန်းလျော့ကျ) ပြီး ပဲအမျိုးမျိုး အစေ့အဆန်များ ၃၂ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်း (ဆုံးရှုံးမှုတွင် ၅၆ ရာခိုင်နှုန်း လျော့ကျ) သွားခဲ့ပါသည်။ ယင်းမှ စားနပ်ရိက္ခာ ဖူလုံမှု နှင့် အိမ်ထောင်စုများ အတွက် ဝင်ငွေ တိုးတက် ရရှိသည့် ရလဒ်ကို ဖြစ်ပေါ်စေခဲ့ ပါသည်။

စီမံချက်မှ အာဟာရဓာတ် စုံလင်မျှတစွာ ပါဝင်သည့် အစားအစာ စားသောက်သည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် များ၏ အချိုး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတွင် အကောင်းဆုံး ရလဒ်များ ရရှိခဲ့ပါသည်။ စီမံချက် စတင်ချိန်တွင် အာဟာရဓာတ် စုံလင်မျှတစွာ ပါဝင်သည့် အစားအသောက် စားသုံးသည့် အမျိုးသမီး ၁၄ ရာခိုင်နှုန်း သာ ရှိခဲ့ပြီး ၂၀၁၈ခုနှစ် အကုန်တွင် အမျိုးသမီး ၇၅ ရာခိုင်နှုန်းမှာ အာဟာရဓာတ် စုံလင်မျှတစွာ ပါဝင်သည့် အစားအစာများ စားသုံးလျက် ရှိပါသည်။ အသက် ၆ လမှ ၂၃ လ အထိ ကလေးသူငယ်များတွင် အာဟာရဓာတ် စုံလင်မျှတစွာ ပါဝင်သည့် အစားအစာများ စားသုံးမှုမှ ၂၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။

စီမံချက်၏ ကြိုတင်ရည်ရွယ်ထားခြင်း မရှိသော်လည်း ကောင်းမွန်သည့် အကျိုးရလဒ်မှာ လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ခဲ့သည့် ချင်းပြည်နယ်တစ်ခုလုံးတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများကို ငွေကြေး ပံ့ပိုးပေးခြင်း အစီအစဉ် (MCCT) အတွက် အားဖြည့်ဆောင်ရွက် ပေးခဲ့သည့်

အခန်းကဏ္ဍ ဖြစ်ပါသည်။ The PACE စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများမှ ၎င်းတို့သည့် ထောက်ပံ့ငွေများအား တစ်နေ့လျှင် ကြက်ဥ တစ်လုံး (သို့) နှစ်လုံး နှင့် ကုလားပဲတို့ ဝယ်ယူရန် အသုံးပြုခဲ့ပြီး ၎င်းတို့၏ အိမ်ခြံဥယျာဉ်များမှ ဟင်းသီးဟင်းရွက်များနှင့် ဆန်တို့နှင့် တွဲဖက်ပါက မိခင်များအနေဖြင့် ၎င်းတို့၏ ကလေးသူငယ်များအတွက် နေ့စဉ် အနည်းဆုံး အာဟာရ အုပ်စု ၄ခု ကျွေးနိုင် စေခဲ့ပါသည်ဟု အစီရင်ခံထားပါသည်။

## ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တကိုယ်ရေ သန့်ရှင်းရေး (WASH) နှင့် အာဟာရ

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO) မှ အာဟာရ ချို့တဲ့မှု ၏ ၅၀ ရာခိုင်နှုန်းမှာ ရံဖန်ရံခါ ဘေးကင်းလုံခြုံမှုမရှိသည့် ရေ၊ လုံ လောက်မှု မရှိသည့် ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် မပြည့်စုံ သည့် တကိုယ်ရေ သန့်ရှင်းရေး တို့ကြောင့် အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ပွားသည့် ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် ဆက်စပ်နေသည်ဟု ခန့်မှန်းထားပါသည်။ တကိုယ်ရေ သန့်ရှင်းမှု မြှင့်တင်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် ရေဆိုင်ရာ ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှု သည် ကလေးသူငယ် သေဆုံးမှုနှုန်း လျော့ကျရေးအတွက် စရိတ် အသက်သာဆုံး နည်းလမ်း တစ်ခု ဖြစ်ပါသည်။ ဆာလောင်မွတ်သိပ်မှုကို လျှော့ချရန် နှင့် အာဟာရ ဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်စေရန် ကဏ္ဍစုံ ချဉ်းကပ်နည်းလမ်းရှိရန် လိုအပ်ပြီး ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တကိုယ်ရေ သန့်ရှင်းရေး (WASH) နှင့် အာဟာရတို့ ပေါင်းစပ်ပါက ပိုမိုကောင်းမွန်သည့် ပြောင်းလဲမှု ကို ဆောင်ကျဉ်းပေးနိုင်ပါသည်။



UN HABITAT မှ ရပ်ရွာလူထုများအား ကျန်းမာရေးနှင့် ပြည့်စုံပြီး အကျိုးရှိသည့် ဘဝများ ပိုင်ဆိုင်နိုင်ရန်အတွက် အခြေခံများ ရှိစေရန် ဘေးကင်းစိတ်ချရသည့် သောက်သုံးရေ၊ ပိုမို ကောင်း မွန်သည့် ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် အရည်အသွေးမြင့် တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ ပညာပေးခြင်းတို့ ဖြင့် ပံ့ပိုးပေးရန် ရည်ရွယ်သည့် ပိုမို ကောင်းမွန်သည့် WASH မှ ပိုမိုကျန်းမာသည့် ရပ်ရွာလူထုများဆီသို့ လွယ်ကူသည့် အဆင့် တစ်ခု A Short Step from Improved WASH to Healthier Communities စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ အသိပညာပေးခြင်း နှင့်ဘေးကင်းလုံခြုံသည့် သောက်သုံး ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးစနစ်များအား ပံ့ပိုးပေး ရန် ဘက်စုံ ချဉ်းကပ်နည်းလမ်း တစ်ခုကို အဆိုပြုခဲ့ပါသည်။

စီမံချက်မှ LIFT ၏ မဟာဗျူဟာ အကျိုးရလဒ် ၃ အား ပံ့ပိုးပေးခဲ့ပါသည် – အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု နှင့် အပူပိုင်းဇုန် အစီအစဉ် အကျိုးရလဒ် ၅ – ပုညက်သည့် ကလေးသူငယ် အရေအတွက် လျော့နည်းစေခြင်း တို့အား ပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်မှ အပူပိုင်းဇုန် ခြောက်မြို့နယ် (ရေစကြို၊ ပခုက္ကူ၊ မြင်းခြံ၊ နွားထိုးကြီး၊ မလှိုင် နှင့် တောင်သာ) မှ ကျေးရွာပေါင်း ၂၂ ရွာ တွင် အကောင်အထည် ဖော်ခဲ့ပြီး လူပေါင်း ၁၇၈,၁၆၇ ဦး မှ တိုက်ရိုက် အကျိုးကျေးဇူးခံစားရစေခဲ့ပါသည်။

စီမံချက်သည် ၂၀၁၉ ခုနှစ် နှစ်လယ်တွင် ပြီးဆုံးခဲ့ပြီး အောက်ပါ အရေးပါသည့် ရလဒ်များ ပြီးစီးအောင်မြင်ခဲ့ပါသည်– ကျေးရွာပေါင်း ၂၂ ရွာမှ လူပေါင်း ၂,၄၅၄ ဦး အား သင်တန်းပေးခဲ့ပြီး ယင်းတို့မှ တောထိုင်ဓလေ့ လျှော့ချနိုင်ရန် အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသိအမြင်နှင့် အလေ့အထများ ပိုမိုကောင်းမွန်စေခြင်း၊ ရပ်ရွာလူထု များအား ရေနှင့် မစင်မှ ဖြစ်ပွားသည့် ရောဂါများမှ ကင်းစင်စေရန် ကူညီ ပေးခြင်း နှင့် ရပ်ရွာလူထုများအား ၎င်းတို့၏ တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များ ရေရှည်တည်တံ့နိုင်ရန်အတွက်နှင့် ၎င်းတို့၏ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ပံ့ပိုးပစ္စည်းများ ပိုမိုကောင်းမွန်စေရန် အတွက် လုပ်ကိုင်နိုင်စွမ်း ရှိစေခြင်း တို့ဖြင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။ စေတနာ့ဝန်ထမ်းအများစုမှာ အမျိုးသမီးများ (၆၃ ရာခိုင်နှုန်း) ဖြစ်ပြီး ၎င်းတို့၏ ပါဝင်ပတ်သက်မှု နှင့် တစိုက်မတ်မတ် ဆောင်ရွက်မှုတို့မှာ အာဟာရဆိုင်ရာ အကျိုးရလဒ်များ နှင့် ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာလူထုတို့၏ နောက်ဆက်တွဲ ကျန်းမာရေး ကောင်းမွန်ရန်အတွက်ပါ အရေးကြီးပါသည်။ စီမံချက် ပြီးဆုံးချိန်တွင် ကျေးရွာပေါင်း ၂၂ ရွာလုံးမှ လူများ၏ ၉၆ ရာခိုင်နှုန်းမှာ လေဟာပြင် တောထိုင်ဓလေ့ကို ကျင့်သုံးမှု လုံးဝ မရှိတော့ပါ။

စီမံချက် အကောင်အထည်ဖော်သည့် ၄၂လတာ ကာလအတွင်း အိမ်ထောင်စုပေါင်း ၈,၀၀၀ မှ အိမ်သာများ လက်လှမ်းမှီ ရရှိခဲ့ပြီး – အဆိုပါ အိမ်ထောင်စုများ၏ ၂၈ ရာခိုင်နှုန်း အတွက် အိမ်သာဆောက်လုပ်ရန် ပံ့ပိုးပေးခဲ့ပြီး ၇၂ ရာခိုင်နှုန်းမှာ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရ ဖွံ့ဖြိုးမှု အကျိုးရလဒ်များ အပါအဝင် ပတ်ဝန်းကျင်သန့်ရှင်းရေး အတွက် အိမ်သာများနှင့် ၎င်းတို့၏ အကျိုးကျေးဇူးများ ၏ အရေးပါမှုနှင့် စပ်လျဉ်း၍ သိရှိပြီးနောက် ယင်းတို့ကိုယ်တိုင် အိမ်သာများ ဆောက်လုပ်ခဲ့ကြပါသည်။ ယခုအခါ ကျေးရွာ ၂၂ ရွာမှ အိမ်ထောင်စုများ၏ ၉၆ ရာခိုင်နှုန်း တွင် အိမ်သာများ ရှိပြီဖြစ်သည်။

စီမံချက်မှ လူ ၁၆၈,၆၅၆ ဦး (အိမ်ထောင်စု ၃၆,၁၄၀ စု) တို့အား ကျေးရွာတစ်ရွာစီ တိုင်းတွင် မတူညီသည့် ရေ ပေးဝေရေး စနစ်များ တည်ဆောက်ပေးခြင်း ဖြင့် ကောင်းမွ န်သည့် သောက်သုံးရေ ရရှိစေရန် ထောက်ပံ့ပေး ခဲ့ပါသည်။ အိမ်ထောင်စု ရေအသုံးပြု မှုမှာ သောက်ရေနှင့် သုံးရေအတွက် တစ်ရက်လျှင် ၈.၅ ဂါလံ ( ၃၀ လီတာ) မှ ဂါလံ ၂၀ (၇၆ လီတာ) အထိ တိုးတက်လာခဲ့ပါသည်။



လူအများသည် ၎င်းတို့၏ အိမ်ခြံ ဥယျာဉ်များတွင် ရေအသုံးပြုသဖြင့် ရေရရှိရေးဆိုင်ရာ အခြေခံ အဆောက်အဦ သည် အိမ်ထောင်စုများ၏ အာဟာရဖွံ့ဖြိုးမှုအတွက်လည်း အကျိုးရှိစေပါသည်။ စီမံချက်မှ ရေရရှိရန် ထောက်ပံ့ပေးသည့် ကျေးရွာ ၂၀၉ ရွာအနက် ၁၈၃ ရွာတွင် အိမ်ခြံ

ဥယျာဉ်များ ရှိပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လ ကိန်းဂဏန်းများအရ အိမ်ခြံဥယျာဉ် ၉,၇၀၀ ခန့်ရှိပြီး ယင်းမှာ ရေပေးဝေရေးဆိုင်ရာ အခြေခံအဆောက်အဦ ရရှိသည့် အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံကို ကိုယ်စားပြုပါသည်။

## မသန်စွမ်းသူများအား ပါဝင်စေခြင်း

စတင် အကောင်အထည်ဖော်သည့် အချိန်မှ စတင်၍ စီမံချက်မှ မသန်စွမ်းသူများအား ပါဝင်စေရန် ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ရပ်ရွာလူထု လုပ်ငန်းစီမံချက် အလုပ်ရုံ ဆွေးနွေးပွဲများတွင် မသန်စွမ်းသူ ၇၀၅ ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

စီမံချက်မှ ရေ ဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်းများမှ အကျိုးရရှိခဲ့သည့် မသန်စွမ်းသူ ပေါင်း ၃,၀၀၀ ကျော် ကို သတ်မှတ် ဖော်ထုတ်ခဲ့ပါသည်။ ထိုသူများအတွက် ၎င်းတို့အိမ်နှင့် နီးကပ်သည့် နေရာများတွင် အိမ်ထောင်စုသုံး ရေပိုက်များ တပ်ဆင် ပေးခဲ့ခြင်းဖြင့် ရေရရှိရန် ပိုမိုလွယ်ကူစေပြီး တကိုယ်ရေ သန့်ရှင်းရေးအတွက် ရေ ပိုမို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

အိမ်သာများနှင့် ရေပေးဝေခြင်းဆိုင်ရာ အခြေခံအဆောက်အဦများအား ဆင်ခြေလျှောများ၊ လက်ကိုင်တန်းများနှင့် ဆောက်လုပ်ပေးခဲ့သဖြင့် ခန္ဓာကိုယ် မသန်စွမ်း ဖြစ်နေသူများအတွက် ပိုမို အဆင်ပြေစွာ သွားလာနိုင်ပါသည်။ စီမံချက် ကာလအတွင်းတွင် UN-Habitat မှ မသန်စွမ်း သူများအတွက် အိမ်သာဒီဇိုင်းသုံးမျိုး မိတ်ဆက်ပေးခဲ့ပြီး အိမ်သာများအား ပိုမိုလက်လှမ်းမီ နိုင်ရန် နှင့် ပိုမို အဆင်ပြေစွာ အသုံးပြုနိုင်ရန် အထောက်အကူပြု အင်္ဂါရပ်များ ပါဝင်သည့် အိမ်သာ ၁၇၁ လုံး ကို ကူညီ တည်ဆောက်ပေးခဲ့ပါသည်။

## ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပိုမိကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များရရှိရန်အတွက် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် LIFT ၏ အစီအစဉ်မှ ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုအတွက် အမူအကျင့် ပြောင်းလဲခြင်း ဆိုင်ရာ ချဉ်းကပ်နည်းလမ်းအတွက် ခိုင်မာအားကောင်းသည့် အခြေခံ အား မြှင့်တင် အားပေးရန် ရှိဆဲ ရပ်ရွာလူထု ဖွဲ့စည်းတည်ဆောက်ပုံ ကို အသုံးပြု၍ အားနည်းထိခိုက်လွယ် အုပ်စုများ၏ အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်းအား ပိုမိုကောင်းမွန်စေခြင်းမှ တဆင့် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် LIFT မှ ထောက်ပံ့ပေးသည့် စီမံချက် များမှ အာဟာရချို့တဲ့မှု ကို ဖြစ်စေသည့် သီးသန့်အခြေအနေဆိုင်ရာ တွန်းအားများကို ဖြေရှင်းသည့် စုစည်းထားသည့် အာဟာရဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ အား အကောင်အထည်ဖော်ခဲ့ပါသည်။ ထို စီမံချက်များမှ ဝန်ဆောင်မှု များနှင့် ဈေးကွက်များအား လက်လှမ်းမီ ရရှိမှု အဆင့် အမျိုးမျိုး ရှိသည့် အစိုးရထိန်းချုပ်မှုရှိသည့် ဒေသများတွင်ရော အစိုးရထိန်းချုပ်မှု မရှိသည့် ဒေသများတွင်ပါ ရှုပ်ထွေးသည့် အခြေအနေများကို တုံ့ပြန်ဆောင်ရွက် ပါသည်။

MS-NPAN အောက်တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန နှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများအား အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ရန် ထောက်ပံ့ကူညီပေးခြင်းဖြင့် မိတ်ဖက်အဖွဲ့အစည်းများသည်

အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ကောင်းမွန်သည့် အကျိုးရလဒ်များ ရရှိရန် ကန့်သတ်ချက် ဖြစ်နေသည့် ဒေသများသို့ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရန် အတွက် ချိတ်ဆက်မှုများ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက် ရှိပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် ဒေသခံ အစားအသောက်များနှင့် အားဖြည့် အစားသောက်အား ရရှိမှုနှင့် လက်လှမ်းမီမှု ပိုမိုတိုးမြှင့်ခြင်းနှင့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသည့် (သို့) ပဋိပက္ခဒဏ်ခံစားရသည့် ရပ်ရွာလူထုများကဲ့သို့ သွားရောက်ရန် ခက်ခဲ့သည့် ဒေသများရှိ ရောင်းချသူများ မှတဆင့် အစားအသောက် အရည်အသွေးနှင့် စားနပ်ရိက္ခာ လက်လှမ်းမီရရှိရေး တို့ ပိုမိုကောင်းမွန်စေရန်အတွက် အထောက်အပံ့ဖြစ်စေရန် ဆန်းသစ်တီထွင်သည့် နည်းလမ်းများကို ရှာဖွေ လျက်ရှိပါသည်။

စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များနှင့် နယ်မြေအလိုက် စုစည်းထားပြီး သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ခေါင်းစဉ်အောက်တွင် ရှိသည့် စီမံချက်များနှင့် ချိန်ညှိထားသည့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အာဟာရဖွံ့ဖြိုးရေး စီမံချက်များသည် ဝေးလံခေါင်သီသည့် နေရာတွင်ရှိပြီး ထိန်းချုပ်ကန့်သတ်ခံထားရသည့် လူမှုအသိုက်အဝန်းများအတွက် ဆင်းရဲနွမ်းပါးမှု နှင့် ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ ကာလအတွင်း အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန်စေခြင်းတို့ နှင့် လျော်ကန်သည့် ဒီဇိုင်းရေးဆွဲထားပါသည်။ ယင်းအား အိမ်ထောင်စု ဝင်ငွေနှင့် အခြေခံပစ္စည်းပိုင်ဆိုင်မှုများ ပိုမိုတိုးမြှင့်စေခြင်း၊ အားလုံးပါဝင်သည့် တန်ဖိုးမြှင့် ကွင်းဆက်နှင့် အလုပ်သမား ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ရှိစေခြင်းနှင့် အမျိုးသမီးများ ပါဝင်စေခြင်းတို့မှတဆင့် ပြီးစီးအောင်မြင်နိုင်မည် ဖြစ်ပါသည်။ LIFT သည် ထိုဒေသများရှိ ဒေသခံ ကာလရှည်ကြာ လှုပ်ရှားဆောင်ရွက်သူများ နှင့် ပူးပေါင်း၍ အထိတ်တလန့်ဖြစ်မှုများ၊ ဖိအားများနှင့် ကျရောက်နိုင်ချေ အန္တရာယ်များအား အိမ်ထောင်စုများနှင့် လူတစ်ဦးချင်းစီတို့၏ အားနည်း ထိခိုက်လွယ်မှုကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။ အားနည်းထိခိုက်လွယ် အိမ်ထောင်စုများအတွက် ဝင်ငွေ အမျိုးမျိုးနှင့် စားနပ်ရိက္ခာရင်းမြစ် အမျိုးမျိုး၊ ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် ဦးတည်ရည်ရွယ်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များမှ တဆင့် LIFT ၏ စီမံကိန်းအစီအစဉ်များမှ အားနည်းထိခိုက်လွယ်ပြီး ဖယ်ကျဉ်ခံထားရသည့် လူမှု အသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို ခိုင်မာ အားကောင်းစေပါသည်။

## ရန်ကုန်ရှိ မြို့ပြဒေသများတွင် LIFT ၏ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ချဉ်းကပ်နည်းလမ်း

နိမ့်ကျသည့် အာဟာရ ဖွံ့ဖြိုးမှု၊ အားနည်းထိခိုက်လွယ်မှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့၏ ဆိုးရွားသည့် သဘာဝအား LIFT၏ မိတ်ဖက် အဖွဲ့အစည်းများ၏ အာဟာရချို့တဲ့မှု ကို ဖြစ်စေသည့် အခြေခံအကြောင်းရင်း အချို့တို့ တုံ့ပြန်ဆောင်ရွက်သည့်၊ ယင်းအပြင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အခွင့်အလမ်းများအား ပိုမိုကောင်းမွန်စေခြင်းဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ မှတဆင့် LIFT ၏ မြို့ပြဒေသ အစီအစဉ်မှ ဖြေရှင်း ဆောင်ရွက်မည်ဖြစ်သည်။ LIFT ၏ မြို့ပြဒေသ အစီအစဉ်မှ စီမံချက် အများအပြားသည် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ၊ အထူးသဖြင့် လူကုန်ကူးခြင်း၊ လုပ်အား ခေါင်းပုံဖြတ်ခြင်းနှင့် သွေးအားနည်းခြင်းနှင့် အာဟာရချို့တဲ့ခြင်းဆိုင်ရာ ကျရောက်နိုင်သည့် အန္တရာယ်ရှိသည့် လူငယ်နှင့်ဆယ်ကျော်သက်အရွယ် မိန်းကလေးများအား အာရုံစိုက်ပါသည်။ ငယ်ရွယ်သည့် အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများအား ဦးတည်ရည်ရွယ်ခြင်းမှာ အနာဂတ်တွင် မိခင်များဖြစ်လာမည့်သူများအတွက် မြို့ပြဒေသများရှိ အာဟာရ ဆိုင်ရာ အားနည်းထိခိုက်လွယ်အုပ်စုများ အနက်မှ တစ်ခုအား ကျန်းမာရေးနှင့် ပြည့်စုံသည့် ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွက် ပြင်ဆင်ပေးရန် အရေးကြီးသည့် နည်းလမ်း တစ်ခု ဖြစ်ပါသည်။

မြို့ပြဒေသ အစီအစဉ်၏ စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ ချဉ်းကပ်နည်းလမ်းမှ ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု ရရှိရန်အတွက် အားနည်း ထိခိုက်လွယ် ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် အဓိကအတားအဆီးများသည် ဘေးကင်းစိတ်ချရသည့် အရည်အသွေး ကောင်းမွန်သည့် အစားအသောက်များ ရရှိခြင်း မရှိမှုနှင့် ဆက်နွယ်နေသည်ကို အသိအမှတ်ပြုပါသည်။ အဆိုပါ အတားအဆီးများအား တုံ့ပြန်ဆောင်ရွက်ရန် စီမံကိန်း ဆောင်ရွက်ချက်များတွင် ရောင်းလိုအား၊ စားနပ်ရိက္ခာ ဖူလုံမှု၊ အရည်အသွေး နှင့် စားသုံးမှု အပါအဝင် စားနပ်ရိက္ခာ ကွင်းဆက်၏ ရှုထောင့် မျိုးစုံကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် စားနပ်ရိက္ခာ ဖူလုံမှု၊ အစားအသောက် အရည်အသွေး၊ ကောင်းမွန်သင့်လျော်သည့် အာဟာရဆိုင်ရာ အသိအမြင် နှင့် အထူးသဖြင့် အစားအသောက်များ ဝယ်ယူရန်နှင့် ပြင်ဆင်ရန် ပံ့ပိုးမှုများ မရှိသည့် စက်ရုံ အလုပ်သမားများအကြား အဆင်ပြေလွယ်ကူသည့် အာဟာရ ပြည့်ဝသော အစားအစာများ လက်လှမ်းမီစေရန် အတွက် ကူညီဆောင်ရွက်ရန် လမ်းဘေးဈေးသည်များနှင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း (SMEs) များနှင့် လက်တွဲ၍ လုပ်ကိုင်လျက် ရှိပါသည်။

မြို့ပြဒေသအစီအစဉ်မှ ဖယ်ကျဉ်မှု အခံရဆုံးသူများအတွက် အားဖြည့်ဆန် ရရှိမှု တိုးမြှင့်ခြင်းဖြင့် အားနည်းထိခိုက်လွယ် အုပ်စုများ၏ အဏုအာဟာရဓာတ် ချို့တဲ့မှုများအား တားဆီးကာကွယ်နိုင်ရန်အတွက် ပုဂ္ဂလိက ကဏ္ဍ၏ မဟာဗျူဟာများနှင့် ချိတ်ဆက်ပေးပါသည်။ PATH စီမံချက်မှ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းမှ တဆင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင် နှင့် ကျင့်သုံးမှု များ ခိုင်မာအားကောင်း စေခြင်း၊ မူဝါဒ ဝန်းကျင်ကို သြဇာလွှမ်းမိုးနိုင်ရန် ကြိုးပမ်း အားထုတ်မှုများနှင့် အတူ ရောင်းလိုအား နှင့် ဝယ်လိုအား နှစ်ဖက်လုံးတွင် အားဖြည့်ဆန် စားသုံးမှု တိုးမြှင့်ခြင်းကို ဖြေရှင်းဆောင်ရွက်သည့် ဝန်ဆောင်မှု ပေးအပ်ခြင်းနှင့် ပေါင်းစပ်သည့် ဘက်စုံ ချဉ်းကပ်နည်းလမ်းကို အသုံးပြုပါသည်။ ဆန်စက် ပိုင်ရှင်များ နှင့် SME များနှင့် စုစည်းထားသည့် အဖွဲ့အစည်းများ မှ အတူလုပ်ကိုင်ဆောင်ရွက်ခြင်း မှတဆင့် အားဖြည့်ဆန် ရရှိနိုင်မှု နှင့် စားသုံးမှုကို ပိရမစ် အောက်ခြေမှ စတင်၍ အားဖြည့်ဆန် ရရှိနိုင်မှု နှင့် စားသုံးမှုကို တိုးမြှင့်ရန် ရေရှည်တည်တံ့သည့် ဖြန့်ဖြူးခြင်း၊ ထုပ်ပိုးခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း နှင့် အားဖြည့်ဆန် လက်လီရောင်းချခြင်းအတွက် တန်ဖိုးမြှင့် ကွင်းဆက် အကူအညီပေးခြင်းအပေါ် အာရုံစိုက်မည် ဖြစ်ပါသည်။

အစီအစဉ် တစ်ခုလုံးတွင် လုပ်ငန်းရှင်များနှင့် လုပ်ငန်းခွင် အခြေအနေများ ပိုမိုကောင်းမွန်စေရန် အတူ လက်တွဲ လုပ်ကိုင်ခြင်း အပြင် လုပ်ငန်းခွင် အတွင်း ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု တို့အား အာရုံစိုက်ခြင်း တို့အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမှာ အဓိက ကျပါသည်။ ယင်းမှာ SUN စီးပွားရေး ကွန်ရက် (SBN) ၏ အဓိက လုပ်ငန်းလေးခုအနက်မှ တစ်ခုဖြစ်ပါသည်။ လုပ်ငန်းခွင်တွင် အစားအသောက် အားဖြည့် ပေးခြင်း နှင့် အာဟာရ ဖွံ့ဖြိုးမှုတို့အပြင် SBN သည် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အလေ့အထများ ပြောင်းလဲစေရန်အတွက် အထောက်အကူပေးရန် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများကြား စားနပ်ရိက္ခာ ဖူလုံမှု နှင့် အာဟာရဆိုင်ရာ အသိအမြင် ပိုမို ကောင်းမွန်စေခြင်းတို့ကို အာရုံစိုက်ပါသည်။ SBN သည် အာဟာရဓာတ် ပြည့်ဝပြီး ဘေးကင်း စိတ်ချရသည့် အစားအသောက်များ အား လက်လှမ်းမီ ရရှိမှု ပိုမိုကောင်းမွန်စေခြင်း အပါအဝင် မြို့ပြတွင် နေထိုင်သူများ၏ အာဟာရဖွံ့ဖြိုးမှုနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များအား ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများ နှင့် အတူ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ထောက်ပံ့ပေးပါသည်။

အာဟာရချို့တဲ့မှုတွင် လတ်တလော ပိုအဖြစ်ဆုံး အကြောင်းရင်း အချို့အား ဖြေရှင်းခြင်းမှာ အထောက်အပံ့ ရရှိဖို့ရန်အတွက် အားကိုးအားထား ပြုနိုင်မည့် အားကောင်းသည့် လူမှုရေးဆိုင်ရာ ကွန်ရက် မရှိနိုင်သည့် ရွှေ့ပြောင်းသွားလာသူများ၏ အားနည်းထိခိုက်လွယ်မှုကို လျှော့ချရာတွင် အရေးပါပါသည်။ ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စုများအပါအဝင် အာဟာရ ဖွံ့ဖြိုးမှုအရ (သို့) လူမှုရေးအရ အားနည်း ထိခိုက်လွယ်သူများအား သင့်လျော်သည့် ဝန်ဆောင်မှုများ နှင့် ချိတ်ဆက်ပေးသည့် ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင် အကျိုးရလဒ်များ ဆိုင်ရာ အခွင့်အလမ်းများအား တိုးမြှင့် ပေးပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ သည် လုပ်သား ဗဟိုဌာနများ၊ ဘဝတူ ဆွေးနွေး နှစ်သိမ့်ပေးသူများ/ကူညီပံ့ပိုးပေးသူများ နှင့် အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း ချဉ်းကပ်နည်းလမ်းများ မှတဆင့် အာဟာရ ဖွံ့ဖြိုးမှု နှင့် WASH အလေ့အကျင့်များအား ရပ်ရွာလူထု အသုံးပြုမှုတွင် ရေရှည်တည်တံ့မည့် အရွေ့များ ဖြစ်လာစေရန် အတွက် ပံ့ပိုးပေးရန် အထောက်အပံ့များ ပေးမည် ဖြစ်သည်။ စနစ်များအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု နှင့် ရေ ရရှိရေး အစီအစဉ်များအား ရန်ကုန်မြို့တော် စည်ပင်သာ ယာရေး ကော်မီတီနှင့် ပူးပေါင်း၍ အကောင်အထည် ဖော်လျက်ရှိပါသည်။ အဆိုပါ အစီအစဉ်များသည် ဖြစ်မြောက်နိုင်စွမ်း နှင့် အောင်မြင်နိုင်စွမ်း ရှိကြောင်း ပြသနိုင်ပါက ထို အစီအစဉ်များအား တိုးချဲ့နိုင်ပါသည်။

အထူးသဖြင့် ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း အမျိုးသမီးများနှင့် ၎င်းတို့၏ မိသားစုများအနေဖြင့် အစားအသောက် စားသုံးခြင်း နှင့် အာဟာရဆိုင်ရာ အလေ့အထများနှင့်စပ်လျဉ်း၍ မှန်ကန်သည့် ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် လမ်းကြောင်း အမျိုးမျိုး ရှိပါသည်။ အလုပ်သမား အခွင့်အရေး၊ လိင်ပိုင်းဆိုင်ရာ နှင့် မျိုးဆက်ပွားခြင်း ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား လက်လှမ်းမီမှုအား ပိုမိုကောင်းမွန်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်းနှင့် ဝင်ငွေနည်းခြင်း တို့အား ဖြေရှင်း ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များ၏ အခွင့်အရေးများ အတွက် စည်းရုံးလှုံ့ဆော်ခြင်း သင့်တင့်လျောက်ပတ်ပြီး လုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်အခြေအနေများ မြှင့်တင်ပေးခြ င်းတို့မှတဆင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား ကူညီပံ့ပိုးပေးခြင်း စသည့် ရန်ကုန်၏ မြို့ပြ အနေအထားတွင် ကြံ့ကြံ့ခံနိုင်စွမ်း ရှိပြီး အာဟာရ ပြည့်ဝသည့် ရပ်ရွာလူထုများ တည်ဆောက်နိုင်ရန် မရှိမဖြစ် အရေးပါသည့် ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

## အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်း – အကဲဖြတ်သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများ (ELQ)

ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုသည် ခိုင်မာအားကောင်းသည့် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် သွင်းအားစု ဖြစ်စေသလို အကျိုးရလဒ်လည်း ဖြစ်စေနိုင်ပါသည်။ ကောင်းမွန်သည့် အာဟာရဖူလုံမှုသည် ပြည်သူများ အား ရေတို အထိတ်တလန့်ဖြစ်မှုများ (သို့) ရေရှည် ဖိအားများ၏ အကျိုးသက်ရောက်မှုများအတွက် ခံနိုင်ရည်ရှိစေရန် အဆင်သင့်ပြင် ပေးပါသည်။ ထိုနည်းတူစွာ ခိုင်မာအားကောင်းသည့် ကြံ့ကြံ့ခံနိုင်စွမ်း မှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်အတန်း တွင် လူမှုအသိုက်အဝန်း အလိုက် ဖွံ့ဖြိုးတိုးတက်မှု ဆီသို့ ဦးတည်နိုင်ပါသည်။ ဆိုလိုသည် မှာ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကြား ဆက်ဆံရေးမှာ ရှင်းလင်းပြတ်သားသည့် အစဉ်အတိုင်း ကျိုးကြောင်းဆက်နွယ်နေသည့် သာမာန် ဆက်ဆံရေး မဟုတ်ပါ။ ချိတ်ဆက်မှုများအား သဘောပေါက် နားလည်ခြင်းနှင့် အာဟာရဖွံ့ဖြိုးမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တို့ကို အာရုံစိုက် သည့် ပူးတွဲ အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံ ခြင်းတို့သည် အကျိုး သက်ရောက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကို အမြင့်ဆုံးဖြစ်စေရန်အတွက် မရှိမဖြစ် လိုအပ်ပါသည် – နိမ့်ကျသည့် အာဟာရဖွံ့ဖြိုးမှု အတွက် ကုန်ကျစရိတ်မြင့်မားပါသည်၊ တစ်ဦးချင်းဝင်ငွေ တွင် ၁၀ ရာခိုင်နှုန်း တိုးလာတိုင်း ပုညက်မှုမှာ ၃.၂ ရာခိုင်နှုန်း လျော့ကျပြီး နှင့် ကျုံလှီမှုမှာ ၇.၄ ရာခိုင်နှုန်း လျော့ကျသည်ဟု ခန့်မှန်းထားပါသည်။[၁၆]

ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံပေါင်းစုံမှ ရရှိသည့် ခိုင်မာသည့် အထောက်အထား များမှ အစောပိုင်းနှစ်များအတွင်း အာဟာရ ဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှု တို့သည် ကုန်ထုတ်စွမ်းရည်[၁၇] အပေါ် နှင့် ပတ်ဝန်းကျင်သစ် များ နှင့် လိုက်လျောညီထွေ ဖြစ်စေရန် နှင့် အထိတ်တလန့်ဖြစ်မှု များ/ဖိအားများ ကို တုံ့ပြန်နိုင်သည့် စွမ်းရည်တို့အပေါ် ရေရှည် အကျိုး သက်ရောက်မှုများ ရရှိကြောင်း သက်သေ ပြသခဲ့ပါသည်။[၁၈] ဤ အသိအမြင် ရရှိခဲ့သော်လည်း အာဟာရ ချို့တဲ့မှု နှင့် စားနပ်ရိက္ခာ မဖူလုံမှု တို့သည် မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြား အတွက် အဓိက ပြဿနာအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ အာဟာရ ချို့တဲ့မှု နှင့် စားနပ်ရိက္ခာမဖူလုံမှုတို့သည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ ကုန်ထုတ်စွမ်းရည် တို့အတွက် ကြီးမားသည့် အတားအဆီးများ ဖြစ်စေပြီး ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို ပိုမို ဆိုးရွားစေပါသည်။

မြန်မာနိုင်ငံ အခြေအနေတွင် ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို သဘောပေါက် နားလည်ရန် LIFT ၏ အကဲဖြတ်သုံးသပ်မှု နှင့် သင်ယူလေ့လာမှု ဆိုင်ရာ မေးခွန်းများထဲမှ တစ်ခုသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါး သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း ကို ခိုင်မာအားကောင်းစေရန်အတွက် LIFT မှ မည်သည့် အတိုင်းအတာအထိ ပံ့ပိုးထည့်ဝင်ခဲ့သည်ဆိုသည်ကို စူးစမ်း ဖော်ထုတ်ပါသည်။ LEARN စီမံချက် ၏ ကူညီပံ့ပိုးမှုဖြင့် LIFT ၏ အိမ်ထောင်စု စစ်တမ်း အချက်အလက်ကို နောက်ထပ် ဆန်းစစ်ခြင်းဖြင့် ကြံ့ကြံ့ခံ နိုင်စွမ်းနှင့် အာဟာရ ဖွံ့ဖြိုးမှုတို့ကြား ဆက်နွယ်မှု ကို စစ်ဆေးခဲ့ပြီး စာတမ်းနှစ်စောင် ကို – မြန်မာနိုင်ငံရှိ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံ နိုင်စွမ်း – LIFT မှ ထောက်ပံ့ပေးသည့် ကျေးရွာများရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်း ပိုမိုကောင်းမွန် စေခြင်း (၂၀၁၄–၂၀၁၈) LIFT မှ ရေးသား ပြုစုခဲ့ပါသည်။ အပိုင်း ၁ မှ မြန်မာနိုင်ငံ ရှိ အာဟာရဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်း အခြေအနေ ကို စူးစမ်း ဖော်ထုတ်ပြီး ၎င်းတို့ မည်သို့ ချိတ်ဆက်နေသည့်ယူဆချက်ကို အဆိုပြုထားပါသည်။ အပိုင်း ၂ တွင် LIFT ၏ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် အိမ်ထောင်စု စစ်တမ်းများကို ဆန်းစစ်ချက် နှင့် အာဟာရ ဖွံ့ဖြိုးမှု– ကြံ့ကြံ့ခံနိုင်စွမ်း ရှုထောင့်မှ တဆင့် စီမံချက် အချက်အလက်တို့ ပါဝင် ပါသည်။ ယင်းအား ဦးတည် လူမှု အသိုက်အဝန်းများရှိ တစ်ဦးချင်းစီထံမှ နှင့် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ ထံမှ ကောက်ယူစုဆောင်း ခဲ့သည့် အရည်အသွေး စံထား အချက်အလက် များ မှ ထပ်မံအားဖြည့်ပေးပါသည်။ ထိုစာတမ်း များသည် ရပ်ရွာလူထု အဆင့်၊ အိမ်ထောင်စုအဆင့်နှင့် တစ်ဦးချင်း အဆင့် အပါအဝင် အဆင့် အမျိုးမျိုး၌ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်း ကို ဆန်းစစ်သုံးသပ် ပါသည်။

LIFT ၏ စီမံကိန်းဆောင်ရွက်သည့် ဒေသများတွင် အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကြား ဆက်နွယ်မှုကို အထောက်အပံ့ပြုသည့် သက်ဆိုင်ရာ တွေ့ရှိချက်များ တွင် အောက်ပါတို့ပါဝင်ပါသည် –

**ရပ်ရွာလူထု အဆင့်–** စာတမ်းများမှ မြန်မာနိုင်ငံရှိ ပြည်သူများ၏ အားနည်းထိခိုက်လွယ်ခြင်း၏ အဓိက အကြောင်းရင်း လေးချက်ကို မီးမောင်း ထိုးပြထားပါသည်။ ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်စွမ်း နှင့် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အဆင့်အတန်းကို အားနည်းစေသည့် ယင်း အကြောင်းရင်းများမှာ (၁) ကျရောက်နိုင်ချေရှိသည့် ရာသီဥတု အန္တရာယ်များ နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု စီမံချက် ရေးဆွဲမှု အားနည်းခြင်း၊ (၂) ဖြစ်ပွားဆဲ ပဋိပက္ခများနှင့် လူမှုရေး မငြိမ်သက်မှုများ (၃) မြန်မာနိုင်ငံရှိ မတူညီသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရင်းနှီးမြှုပ်နှံမှု နည်းခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှု နည်းခြင်း နှင့် (၄) မြို့ပြများ အလျင်အမြန် ကြီးထွားလာခြင်း တို့ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း LIFT မှ ထောက်ပံ့ပေးထားသည့် ကျေးရွာများတွင် တွေ့ကြုံရသည့် အထိတ်တလန့်ဖြစ်မှုများထဲမှာ အများဆုံး သုံးခုမှာ သီးနှံ အများအပြား ပျက်စီးခြင်း၊ သီးနှံဈေးကွက် ပျက်ခြင်း နှင့် မဖြစ်မနေ စားသုံးရသည့် အစားအသောက်များ၏ ဈေးနှုန်းများ လွန်စွာ မြင့်တက်ခြင်း တို့ဖြစ်ပါသည်။ ကျေးရွာ အနှံ့မှ တိရစ္ဆာန် သေဆုံး မှု ပြန့်နှံ့ခြင်းနှင့် ရေကြီးရေလျှံခြင်း ဖြစ်ပွားကြောင်းလည်း အစီရင်ခံထား ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်တန်းဒေသနှင့် ရခိုင်ပြည်နယ် တို့တွင် သီးနှံ အများအပြား ပျက်စီးဆုံးရှုံးမှု ကို အများဆုံး တွေ့ကြုံ ခံစားကြရပြီး အပူပိုင်းဇုန်တွင် ဈေးကွက်ပျက်ခြင်းများ မကြာခဏ အများဆုံး တွေ့ကြုံခံစားရ ပါသည်။ ရပ်ရွာလူထုမှ တွေ့ကြုံခံစားရ သည့် အထိတ်တလန့်ဖြစ်မှုများသည် ကျုံလှီမှုအပေါ် သက်ရောက်မှုရှိပြီး ပုညက်မှု ကိုလည်း ထို့ထက်လျော့နည်းသည့် အတိုင်းအတာ အထိ သက်ရောက်မှု ရှိပါသည်။ မုန်တိုင်းများ (သို့) ဆိုင်ကလုံးမုန်တိုင်းများ ဒဏ်ခံကြ ရသည့် ကျေးရွာများတွင် ကျုံလှီမှုနှုန်းမှာ အသင့်အတင့်နှင့် ဆိုးဆိုးရွားရွား မြင့်မားပြီး အထိတ်တလန့် ဖြစ်ပွားမှု ၏ အတိုင်းအတာ မြင့်တက်ပါက ကျုံလှီသည့်နှုန်း လည်း မြင့်တက်ပါသည်။ LIFT အိမ်ထောင်စုများမှ တွေ့ကြုံခံစားရသည့် အထိတ်တလန့် ဖြစ်မှုများအား တုံ့ပြန်ဆောင်ရွက်ရာတွင် ရင်ဆိုင်သည့် မဟာဗျူဟာများ အမျိုးမျိုး ကွဲပြားပါသည်။ ဥပမာ မိုးခေါင်ရေရှားဒဏ် ကြုံရပါက အိမ်ထောင်စု များ သည် ကျွဲနွားများနှင့် တန်ဖိုးရှိ ပိုင်ဆိုင်မှုများ ကို ရောင်းချခြင်း၊ စုငွေများအသုံးပြုခြင်း၊ ချေးငွေ ယူခြင်း နှင့် မိသားစုနှင့် မိတ်ဆွေ များထံမှ အကူအညီ တောင်းခံခြင်း တို့ ပြုလုပ်လေ့ရှိကြပါသည်။ ရေကြီးရေလျှံ မှု ကို ရင်ဆိုင်ရသည့်အခါ တူညီသည့် မဟာဗျူဟာများ အသုံးပြုပါသည်။ ယင်း မဟာဗျူဟာများမှ LIFT ရပ်ရွာလူထုများကြား တွင် ခံယူနိုင်သည့် စွမ်းဆောင်ရည်နှင့် လိုက်လျောညီထွေ ပြုနိုင်သည့် စွမ်းဆောင်ရည်တို့ ကို ပြသပါသည်။

---

**၁၆** ဖွံ့ဖြိုးရေး အစီအစဉ်များ (၂၀၁၇). ကမ္ဘာ့ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစီရင်ခံစာ ၂၀၁၇– SDG များကို အားဖြည့်ပေးခြင်း၊ တောင်အာရှ နိုင်ငံများ အစီရင်ခံစာ၊ ဘရစ်စတိုလ်၊ ယူကေ၊ ဖွံ့ဖြိုးရေး အစီအစဉ်များ

**၁၇** ဆန်း၊ ဒေးဗစ် အီး၊ နှင့် ဟာရိုးလ်ဒ် အော်လ်ဒါမန်း (၁၉၈၈)– ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် လုပ်ခများအပေါ် လူသား အရင်းအနှီး များမှ သက်ရောက်မှုများ နှင့် အလုပ်သမား ဖြည့်တင်ရေး/အင်အား ကို အဆုံးအဖြတ်ပေးသည့် အရာများ၊ စီးပွားရေး ဖွံ့ဖြိုးရေး ဂျာနယ် ၂၉ (၂) –၁၅၇–၈၃ https://doi.org/10.1016/0304–3878(88)90033–8

**၁၈** ဘာတ့်လက်တ်၊ အက်စ် (၂၀၀၈). ရာသီဥတု ပြောင်းလဲမှု နှင့် မြို့ပြနေ ကလေးသူငယ်များ– ဝင်ငွေနိမ့် နှင့် အလယ်အလတ် ဝင်ငွေ ရှိသည့် နိုင်ငံများတွင် လိုက်လျောညီထွေ ရှိစေရန် သက်ရောက်မှုများနှင့် ဆက်နွယ်မှုများ – သဘာဝ ပတ်ဝန်းကျင်နှင့် မြို့ပြ ဖြစ်ထွန်းမှု ၂၀ (၂)၊ ၅၀၁–၅၁၉ https://doi.org/10.1177/0956247808096125

**အိမ်ထောင်စု အဆင့်** – ယင်းစာတမ်းများမှ ၂၀၁၅ခုနှစ်နှင့် ၂၀၁၇ ခုနှစ် တို့ကြား အိမ်ထောင်စုများအဆင့်တွင် ပြောင်းလဲမှုများအား သုံးသပ်ခဲ့ပြီး အာဟာရဖွံ့ဖြိုးမှုနှင့် ဆက်စပ်နေသည့် ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ အသိအမြင်များကို ပေးအပ်ခဲ့ပါသည်။ အိမ်ထောင်စု အဆင့်တွင် တွေ့ရှိခဲ့သည့် ပြောင်းလဲမှုများတွင် အချို့ပြောင်းလဲမှုများမှာ ကောင်းမွန်ပြီး ၂၀၁၇ စစ်တမ်းတွင် တွေ့ရှိရသည့် အိမ်ထောင်စုများမှာ ၂၀၁၅ ခုနှစ် စစ်တမ်းတွင်ပါဝင်သည့် အိမ်ထောင်စုများထက် ပညာတတ်မြောက်မှု ပိုများပြီး ဆင်းရဲနွမ်းပါးမှု ပိုနည်းသည့် အချက်လည်း ပါဝင်ပါသည်။ စားနပ်ရိက္ခာ ဖူလုံမှု ကဏ္ဍတွင် အိမ်ထောင်စုများအနေဖြင့် ၂၀၁၅ ခုနှစ်တွင်ရော ၂၀၁၇ ခုနှစ်တွင်ပါ ရာသီအလိုက် စားနပ်ရိက္ခာ ရှားပါးမှု ကြုံတွေ့ခဲ့ရပြီး ရခိုင်ပြည်နယ်မှ လွဲ၍ စားနပ်ရိက္ခာ ပိုမိုဖူလုံပါသည်။ ယင်းတို့သည် အိမ်ထောင်စုအနေဖြင့် ရိက္ခာအမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု ပိုမိုပါသည်။ အိမ်ထောင်စုများသည် ပိုမိုကောင်းမွန်သည့် ရေ အရင်းအမြစ်များ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ပံ့ပိုးပစ္စည်းများ လက်လှမ်းမီမှု ပိုမို ရရှိလာ ခဲ့ပါသည်။ ခြုံငုံသုံးသပ်လျှင် ကောင်းမွန်ခြင်းမရှိသည့် ရေ အရင်းအမြစ်အသုံးပြုမှု ကျဆင်းခဲ့ပြီး အဝီစိတွင်းများနှင့် လက်လှုပ်တွင်းများ အသုံးပြုမှု တိုးမြင့်လာကာ အိမ်ထောင်စုများ အနေဖြင့် အိမ်သာများ လက်လှမ်းမီ အသုံးပြုမှု ပိုမိုကောင်းမွန်ပါသည်။ အိမ်ထောင်စုများ အနေဖြင့် WASH စီမံကိန်း ဆောင်ရွက်ချက်များအား အဓိကအားဖြင့် LIFT ၏ မိတ်ဖက် အဖွဲ့အစည်း မဟုတ်သည့် အဖွဲ့များထံမှ ပိုမို ရရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် အိမ်ထောင်စုများ သည် LIFT မှ ထောက်ပံ့ပေးသည့် မိခင် နှင့် ကလေး ငွေကြေးပံ့ပိုးခြင်း အစီအစဉ်များမှ တဆင့် အစိုးရထံမှ အထောက်အပံ့များ ပိုမို ရရှိခဲ့ပါသည်။

**တစ်ဦးချင်း အဆင့်**– တစ်ဦးချင်းအဆင့်တွင် ၂၀၁၇ ခုနှစ် စစ်တမ်းမှ LIFT ၏ စီမံကိန်း ဒေသများတွင် အသက် ငါးနှစ်အောက် ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှုသည် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် အဓိက အဟန့်အတားဖြစ်နေပါသည်။ ခြုံငုံကြည့်ပါက ပုညက်မှုနှုန်း ကျဆင်းသွားခြင်း မရှိသော်လည်း အာဟာရဖွံ့ဖြိုးမှုနှင့် WASH ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ ရရှိခြင်းဖြင့် ပုညက်မှု အပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ကောက်ယူခဲ့သည့် တူညီသည့် ကျေးရွာများတွင် နေထိုင်ကြသည့် အိမ်ထောင်စု နေထိုင်မှု အခြေအနေ အချက်အလက်ပေါ်တွင် အခြေခံ၍ အာဟာရ (သို့) WASH စီမံကိန်းဆောင်ရွက်ချက်များ ရရှိသည့် အိမ်ထောင်စုများ သည် ယင်း စီမံကိန်းဆောင်ရွက်ချက်များ မရရှိသည့် အိမ်ထောင်စုများနှင့် နှိုင်းယှဉ်ပါက ပုညက်မှု အချိုးအစား ပိုမို နည်းပါသည်။ ပုညက်သည့် ရလဒ်များမှာ တောင်တန်းဒေသများမှလွဲလျှင် အချိန်ကာလကြာမြင့်သည်အထိ အပြောင်းအလဲမှု မရှိပါ။ တောင်တန်း ဒေသများအတွင်း ပုညက်မှုတွင် ကြီးကြီးမားမား တိုးမြင့်ကြောင်း တွေ့ရှိရခြင်းမှာ မြန်မာနိုင်ငံတွင် ပုညက်မှုဖြစ်ပွားနှုန်း အမြင့်ဆုံး ဖြစ်သည့် ချင်း ပြည်နယ် ရှိ သွားရောက်ရန် ခက်ခဲသည့် ပြည်သူများအား လွှမ်းခြုံနိုင်ရန် အတွက် LIFT ၏ တောင်တန်းဒေသ အစီအစဉ်အား ထပ်မံ တိုးချဲ့ခဲ့ခြင်း ကြောင့် ဖြစ်နိုင်ပါသည်။ LIFT ၏ စီမံကိန်းဆောင်ရွက်သည့် ဧရိယာများရှိ တစ်ဦးချင်းစီတို့တွင်လည်း မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း၊ အနိမ့်ဆုံး လက်ခံနိုင်ဖွယ် ရှိသည့် အစားအစာ ရရှိသည့် အသက် နှစ်နှစ်အောက် အာဟာရချို့တဲ့မှု ဖြစ်စေသည့် အချက်များနှင့် အမျိုးသမီးများ ကြားတွင် ရိက္ခာအမျိုးအမည် စုံလင်စွာ စားသုံးခြင်းအပါအဝင် အာဟာရချို့တဲ့မှု အား အဆုံးအဖြတ်ပေးသည့် အချက်အချို့တွင် ကောင်းမွန်သည့် ပြောင်းလဲမှုများ ရရှိခဲ့သည်ကို တွေ့ရှိခဲ့ပါသည်။ တိုးတက်လာနိုင်ရန် သိသာထင်ရှားသည့် အခြေအနေ ရှိနေဆဲ ဖြစ်သော်လည်း ယင်းပြီးစီးအောင်မြင်မှုများမှ အလေ့အကျင့်များ တွင် အောင်မြင်သည့် ပြောင်းလဲမှုများကို ပြသနိုင်ခဲ့ပါသည်။

ခြုံငုံကြည့်လျှင် မြန်မာနိုင်ငံတွင် မိခင်နှင့် ကလေးသူငယ်များကြား နိမ့်ကျသည့် အာဟာရဆိုင်ရာ အခြေအနေသည် အဆင့်အားလုံးတွင် မလုံလောက်သည့် ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ စွမ်းဆောင်ရည်ကို ပြသလျက်ရှိပါသည်။ အာဟာရချို့တဲ့မှု ဆိုင်ရာ တစ်ခုနှင့် တစ်ခု အပြန်အလှန်ချိတ်ဆက်လျက်ရှိသည့် လမ်းကြောင်းများနှင့် မောင်းနှင်အားများအား ကောင်းမွန်စွာ နားလည်သဘောပေါက်ခြင်းအား ယင်းကိစ္စများကို ဖြေရှင်းရန် ဘက်စုံ စုစည်းထားသည့် အစီအစဉ်များနှင့် စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်း ပူးတွဲအစီအစဉ်များနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် စောင့်ကြည့်စစ်ဆေးသည့် စနစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာနိုင်ငံတွင် အားနည်း ထိခိုက်လွယ် ပြည်သူများကြားတွင် ခံယူနိုင်စွမ်းရည်၊ လိုက်လျောညီထွေ လုပ်ဆောင်နိုင်စွမ်းရည်နှင့် ပြုပြင်ပြောင်းလဲနိုင်စွမ်းများ မြှင့်တင်ရန် တို့အတွက် အရေးကြီးသည့် ခြေလှမ်းများ ဖြစ်ပါသည်။

## ရှေ့သို့မျှော်ကြည့်လျှင်

အာဟာရဖွံ့ဖြိုးမှု၊ ကြံ့ကြံ့ခံနိုင်စွမ်း၊ ကာကွယ်စောင့်ရှောက်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ကြွေးမြီတင်ရှိမှု တို့ကြား ဆက်နွယ်မှုမှာ အစဉ်အတိုင်း မဟုတ်ချေ။ ပေါင်းစပ်ထားသည့် အစီအစဉ်များသည် အာဟာရချို့တဲ့ခြင်း၏ အကြောင်းရင်းများအား ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်ပြီး နိမ့်ကျသည့် အာဟာရဖွံ့ဖြိုးမှု အကျိုးရလဒ်များသို့ ဦးတည်သည့် လမ်းကြောင်းအသွယ်သွယ်အား တုံ့ပြန်ဆောင်ရွက်ပါသည်။ ပေါင်းစပ်ထားသည့် အစီအစဉ်များသည် အားနည်းထိခိုက်လွယ်မှု သို့ ဦးတည်သည့် ဆုံးရှုံးနိုင်ချေများအား လျှော့ချခြင်းဖြင့် အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်းအား ပိုမိုကောင်းမွန်စေရန်အတွက် မဟာဗျူဟာအဖြစ်လည်း ရည်မှန်းချက်ထား ဆောင်ရွက်နိုင်ပါသည်။

LIFT အနေဖြင့် အရှေ့တောင်ပိုင်းဒေသ၊ ချင်းပြည်နယ် နှင့် ကချင်/ ရှမ်းပြည်နယ် မြောက်ပိုင်းတို့ရှိ အစီအစဉ်များ အား အပြီးသတ်နေစဉ်တွင် ထိုရည်မှန်းချက် ရရှိနိုင်ရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

## ချင်းပြည်နယ်တွင် ဆက်လက် ရင်းနှီးမြှုပ်နှံခြင်း

ရှေ့သို့ တက်လှမ်းသည့် အနေဖြင့် LIFT မှ ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးများကို ငွေကြေးပံ့ပိုးခြင်း (MCCT) အစီအစဉ်၏ ငွေကြေးထောက်ပံ့မှု နှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) နှစ်မျိုးလုံးအား ပြည်နယ်တစ်ခုလုံး ရရှိစေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန (DSW) အား ဆက်လက် ထောက်ပံ့ပေးမည် ဖြစ်ပါသည်။ ယင်းအား ဖြစ်နိုင်သည့် နေရာတွင် စီမံကိန်း အစီအစဉ်၏ အရည်အသွေး ပိုမိုကောင်းမွန်စေရန် ဒေသတွင်း နှင့် ကမ္ဘာတဝှမ်း အထောက်အထားများ အသုံးချခြင်း နှင့် လိုအပ်သည့် ရင်းမြစ် နှင့် နည်းပညာ ကွာဟချက်များအား ဖြည့်စွက်ပေးခြင်းတို့ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း LIFT ၏ ထောက်ပံ့ကူညီမှုများမှ MCCT အစီအစဉ် လွှမ်းခြုံမှုအား စောင့်ကြည့် စစ်ဆေးရန်နှင့် ထိရောက်စွာ အကဲဖြတ်သုံးသပ်ရန်အတွက် DSW ၏ စွမ်းဆောင်ရည်အား ထိုထက်ပို၍ ခိုင်မာအားကောင်းစေရန် ဆက်လက် ပံ့ပိုးပေးမည် ဖြစ်ပါသည်။ ရပ်ရွာလူထုအနေဖြင့် MCCT အစီအစဉ်နှင့် စပ်လျဉ်းသည့် မှတ်ချက်များ ပေးနိုင်ရန် နှင့် စိုးရိမ်မကင်းဖြစ်မှုများကို ထုတ်ဖော်ရန် အစိုးရနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက် ပေးနိုင်သည့် လမ်းကြောင်း အဖြစ် ပံ့ပိုးပေးမည့် ဖြစ်နိုင်ချေရှိပြီး ရပ်ရွာလူထု မှ ဘေးကင်းလုံခြုံစွာဖြင့် တုံ့ပြန်မှတ်ချက်ပေးရန်အတွက် ယန္တရား တစ်ခု ဖော်ဆောင်ပေးမည် ဖြစ်ပါသည်။ LIFT မှ ရပ်ရွာလူထု တုံ့ပြန်မှတ်ချက်ပေးရန် ယန္တရားနှင့် အတူ DSW အနေဖြင့် ပြည့်စုံလုံလောက်သည့် အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်းများ၏ အစိတ်အပိုင်း အဖြစ် အကျိုးခံစားခွင့်ရှိသူများ၊ ရပ်ရွာလူထုများ ၊ ခေါင်းဆောင်သူများနှင့်

အခြား အစိုးရ ဦးစီးဌာနများ အား MCCT အစီအစဉ်ဆိုင်ရာ သတင်း အချက်အလက်များနှင့် အရေးကြီး သတင်းစကားများအား ထိထိ ရောက်ရောက် ပေးပို့ နိုင်ရန် ကူညီဆောင်ရွက်ပေးမည် ဖြစ်သည် ။

LIFT သည် MCCT အကျိုးခံစားခွင့် ရှိသည့် ရပ်ရွာလူထုများအတွက် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ နှင့် ဝန်ဆောင်မှုများ ပေးရန် အခြေခံ ကျန်းမာရေး ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ ခိုင်မာအားကောင်းစေရန် အတွက် ပြည်နယ် ကျန်းမာရေးဦးစီးဌာန နှင့် အမျိုးသားအာဟာရ ဖွံ့ဖြိုးမှု သုတေသနဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေနှင့် အတူ ဆက်လက် လက်တွဲလုပ်ကိုင်မည် ဖြစ်ပါသည်။ LIFT နှင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health Fund) တို့ နှစ်ဖွဲ့လုံးသည် MCCT အစီအစဉ် အတွက် ချင်း SBCC လုပ်ငန်း စီမံချက် အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်းမာရေး ဦးစီးဌာနနှင့် ချင်းပြည်နယ် လူမှု ဝန်ထမ်းဦးစီးဌာနတို့မှ ရင်းမြစ်များ အလုံအလောက် ရှိခြင်း သေချာစေရန်နှင့် ရှေ့လာမည့် အမျိုးသား အဆင့် SBCC မဟာဗျူဟာ (SBCC–NPAN) တို့နှင့် ကိုက်ညီစေရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

LIFT သည် အစိုးရအား တိုက်ရိုက် ပံ့ပိုးမှုပေးခြင်းအပြင် အထူးသဖြင့် အာဟာရဖောင်းပေး တန်ဖိုးမြှင့်ကွင်းဆက် နှင့် စိုက်ပျိုးရေး စီမံကိန်း ဆောင်ရွက်ချက်များ ပံ့ပိုး ဆောင်ရွက်သည့် ၂၀၁၉ ခုနှစ် ချင်းပြည်နယ်အတွက် အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း မှ ရွေးချယ်ထား သည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းအုပ်စု နှင့် အတူလက်တွဲ ဆောင်ရွက်မည် ဖြစ်ပါသည်။ ချင်းပြည်နယ် သည် လူဦးရေ သိပ်သည်းဆ နည်းပါး သဖြင့် သီးခြားအထီးကျန်မှုဖြစ်စေ သည့်တောင်တန်းဒေသတွင် အခြေခံ အဆောက်အဦ ဖော်ဆောင်မှု နည်းပါးသည့် အတွက်ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များ တွင် ထူးခြားသည့် ပြည်နယ် တစ်ခုဖြစ်ပါသည်။ ယင်းလက္ခဏာရပ် များသည် အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုး လုပ်ကိုင်ရန် အတွက် အခွင့်အလမ်းနည်းပါးသဖြင့် သိသိသာသာ များပြားသည့် ပြည်နယ် ပြင်ပသို့ ရွှေ့ပြောင်းသွားခြင်းနှင့်အတူ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု နှင့် ဈေးကွက် ပေါင်းစည်းမှု မရှိခြင်း တို့ဖြင့် ထပ်မံ ဆိုးရွားစေပါသည်။ နောက်ဆက်တွဲအနေဖြင့် အိမ်ထောင်စု အဆင့်တွင် နိမ့်ကျသည့် အာဟာရဆိုင်ရာ အကျိုးရလဒ်များသည် ရေရှည်သက်ရောက်မှုများ နှင့် အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် သိသာထင်ရှားသည့် တားဆီးကန့်သတ်မှုများ ရှိသည့် ချင်းပြည်နယ်တွင် ရပ်ရွာလူထုများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအား ဖြေရှင်းပေးနိုင်မည့် ပြင်ဆင် မွမ်းမံ ထားသည့် ချဉ်းကပ်နည်းလမ်း တစ်ခု လိုအပ်နေပါသည်။

ချင်းပြည်နယ် အစီအစဉ် မူဘောင်အသစ်၏ ပင်မ အကျိုးရလဒ်မှာ အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာလူထု အဆင့်များတွင် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေးမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိရန် ဖြစ်ပါသည်။ ဤ အကျိုးရလဒ် ရရှိအောင်မြင်နိုင်ရန် လမ်းကြောင်းများ အမျိုးမျိုး ရှိသော်လည်း အစီအစဉ်မှ အောက်ပါ အစိတ်အပိုင်းများသည် ချင်းပြည်နယ် အခြေအနေနှင့် ဆီလျော်သည်ဟု ထင်မြင်ယူဆခဲ့ပါသည် –

- အိမ်ထောင်စု အဆင့် တွင် ဝင်ငွေများတိုးလာခြင်း
- ဈေးကွက်လက်လှမ်းမီမှု နှင့် ပေါင်းစပ်မှု တိုးမြင့်လာခြင်း
- အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ လက်လှမ်းမီမှုနှင့် ရရှိနိုင်မှု ပိုမိုကောင်းမွန်လာခြင်း
- အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းရှိခြင်း
- ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု နှင့် စောင့်ရှောက်မှုဆိုင်ရာ အလေ့အကျင့်များ

မည်သည့် စီမံကိန်းဆောင်ရွက်ချက်အတွက်မဆို ဦးတည်ရည်ရွယ် သူများမှ နို့တိုက်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ် များ ရှိသည့် အိမ်ထောင်စုများ၊ အသက်နှစ်နှစ်အောက် ကလေးသူငယ် များရှိသည့် အိမ်ထောင်စုများ၊ အိမ်ထောင်မရှိသူ အမျိုးသမီးများ ဦးဆောင်သည့် အိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ ရင်းမြစ် အနည်းငယ်သာရှိသည့် မိသားစုများနှင့်ဒေသတွင်းနှင့် ဝေးလံသည့် ဈေးကွက်များသို့ ဆက်သွယ် ဆောင်ရွက်နိုင်မည့် စီးပွားဖြစ် နှင့် တစ်စိတ်တစ်ပိုင်း စီးပွားဖြစ် အဆင့် တွင်ရှိသည့် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုများ ဖြစ်ပါသည်။

ဤအစီအစဉ်၏ တီထွင်ဆန်းသစ်သည့် အခြင်းအရာမှာ အိမ်ထောင်စု စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှု တို့အား ဖြေရှင်းရာတွင် ယာတော အိမ်ခြံ အခြေပြု စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှု စနစ်များ၏ အရေးပါမှုကို သဘောပေါက်နားလည်ရန် သုတေသနလုပ်ငန်း၏ ရှင်းလင်းတိကျသော အခန်းကဏ္ဍ ဖြစ်ပါသည်။ ယင်းသုတေသနတွင် ယင်း စနစ်များအား ထောက်ပံ့ပေးသည့် မောင်းနှင်အားများ၊ အိမ်ထောင်စု အဆင့်၌ အာဟာရ ပြည့်ဝသော အစားအသောက် ပံ့ပိုးခြင်းနှင့် ဝင်ငွေ ရရှိစေခြင်းတို့မှ တဆင့် အဆိုပါ စနစ်များနှင့် ၎င်းတို့၏ အကျိုး သက်ရောက်မှုများအား သဘောပေါက်နားလည်စေခြင်း တို့ ပါဝင် ပါသည်။ စီမံကိန်းဆောင်ရွက်ချက်များ၏ အခြေအနေပေါ်လိုက်၍ အသုံးဝင်မှု နှင့် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဓာတ် ဖူလုံမှု တို့ သေချာစေခြင်းတွင် ပါဝင်သည့် ၎င်းတို့၏ အခန်းကဏ္ဍအား နားလည် သဘောပေါက်ခြင်း သည် နောက်ထပ် စီမံကိန်း ဆောင်ရွက်ခြင်းနှင့် ဦးတည်ရည်ရွယ်ခြင်းတို့တွင် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှု ရှိမည် ဖြစ်ပါသည်။

## အရှေ့တောင်ပိုင်း သို့ တိုးချဲ့ခြင်း

LIFT ၏ အရှေ့တောင်ပိုင်းဒေသ အစီအစဉ်သည် ကရင်ပြည်နယ် နှင့် ကယားပြည်နယ် ရှိ အစိုးရ ထိန်းချုပ်သည့် ဒေသများတွင်ရော အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများတွင်ပါ MCCT အစီအစဉ်အား ပြည်နယ် တစ်ခုလုံး လွှမ်းခြုံနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနအား ထပ်မံ ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။ ၂၀၁၉ခုနှစ် နောက်ပိုင်းတွင် အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်ချက်များ ထုတ်ပြန်ပြီးနောက် LIFT နှင့် လူမှုဝန်ထမ်း ဦးစီးဌာန တို့သည် ပဋိပက္ခဒဏ်ခံ ဒေသများရှိ အားနည်းထိခိုက်ခံစားလွယ်မှု အမြင့်ဆုံးဖြစ်သည့် ပြည်သူများထံ ရောက် ရှိမည့် သင့်လျော်သည့် စနစ်များ ခိုင်မာအားကောင်းစေမည့် စီမံကိန်း ဆောင်ရွက်ချက်များအား ပူးတွဲ ဒီဇိုင်း ရေးဆွဲရန်အတွက် ရွေးချယ် ထားသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း များ နှင့် အတူလက်တွဲ လုပ်ကိုင်မည် ဖြစ်ပါသည်။ ကယားပြည်နယ် နှင့် ကရင်ပြည်နယ်တွင် ရှေ့ဆက်လုပ်ကိုင်မည့် LIFT ၏ အစီအစဉ်များသည် MCCT အစီအစဉ် စတင်ဆောင်ရွက်ခြင်းတွင် ပံ့ပိုးကူညီမှုများပေးရန်၊ ကျယ် ကျယ်ပြန့်ပြန့် စမ်းသပ်ဆောင်ရွက်နိုင်မည့် SBCC ဆိုင်ရာ ဆန်းသစ် တီထွင် သည့် သင့်လျော်သော ချဉ်းကပ်နည်းလမ်းများ မိတ်ဆက်ပေးရန်နှင့် အနာဂတ် တွင် အစိုးရမှ ဦးဆောင်သည့် MCCT စီမံကိန်းအစီအစဉ်များ တွင် ပေါင်းစပ်ထည့်သွင်းရန်၊ အစိုးရနှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်း များကြား ပေါင်းစပ်ညှိနှိုင်းခြင်း ခိုင်မာ အားကောင်းစေ ရန်နှင့် MCCT အစီအစဉ်၏ ထိရောက်မှု၊ စွမ်းဆောင်နိုင်မှု နှင့် တာဝန်ခံ မှုတို့ကို မြှင့်တင်ပေးနိုင်မည့် ယန္တရားများ မိတ်ဆက်ပေးခြင်း တို့ ပါဝင်နိုင် ရန် မျှော်မှန်းထားပါသည်။ တကိုယ်ရေသန့်ရှင်းရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များ ပိုမိုကောင်းမွန်စေမည့် WASH စီမံကိန်းဆောင်ရွက်ချက်များ သည် အာဟာရချို့တဲ့မှုအား ဖြေရှင်း ဆောင်ရွက်မည့် စီမံကိန်း ချဉ်းကပ် နည်းလမ်း၏ ပင်မအစိတ်အပိုင်း ဖြစ်မည်ဖြစ်ပါသည်။ တချိန်တည်းမှာပင် ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက် ပြုမှုမှ တဆင့် ပိုမိုကောင်းမွန်သည့် ရေရရှိရေး လက်လှမ်းမီရရှိမှုအတွက် ဆန်းသစ်တီထွင်ပြီး ထိရောက်သည့် ချဉ်းကပ်နည်းလမ်းများအား LIFT ၏ အားပေးတိုက်တွန်း မှုဖြင့် စူးစမ်း ဖော်ထုတ်မည်ဖြစ်ပါသည်။

MS-NPAN အစီအစဉ်အား ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ပြည်နယ်အဆင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းအား ထောက်ပံ့ ကူညီပေးရာတွင် ပြည်နယ်နှင့် မြို့နယ်အဆင့် စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အား ကူညီပံ့ပိုးမည့် အစီအစဉ်များ ပါဝင်မည် ဖြစ်ပါသည်။

## အမျိုးသားအဆင့် အာဟာရ ဆိုင်ရာ လုပ်ငန်းစီမံချက် – အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC-NPAN) မဟာဗျူဟာ

LIFT နှင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမှီ ရရှိရေး ရန်ပုံငွေတို့သည် အမျိုးသားအဆင့် အာဟာရ ဆိုင်ရာ လုပ်ငန်းစီမံချက် – အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC-NPAN) မဟာဗျူဟာ ရေးဆွဲရေးကို ပံ့ပိုးကူညီပေးရန် UNICEF နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိ ပါသည်။ ကျန်းမာရေး နှင့် အားကစားဝန်ကြီး ဌာနမှ တာဝန်ခံမည့် ဤမဟာဗျူဟာသည် MS-NPAN အားအားဖြည့်ကူညီမည် ဖြစ်ပါသည်။ SBCC-NPAN ရည်ရွယ်ချက်များ မှာ ၁) ကိုယ်ဝန်ဆောင် မိခင်၊ မွေးကင်းစ နှင့် ကလေးသူငယ် အာဟာရဖွံ့ဖြိုးမှု (MIYCN) နှင့် ဆက်နွယ်နေသည့် အမူအကျင့်ပြောင်းလဲရေးလုပ်ငန်းများအားလုံးကို လမ်းညွှန်မည့် အထောက်အထားအခြေခံမူဘောင်တစ်ခု ပံ့ပိုးပေးရန်၊ ၂) ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်သည့် တစ်စုတစ်စည်းတည်းဖြစ်သည့် အမျိုးအစား အောက်တွင် တူညီသည့် အာရုံစိုက်မည့် အုပ်စုများထံ တူညီသည့်သတင်းစကားများဖြင့် ဦးတည် ရည်ရွယ်ဆောင်ရွက်သည့် မိတ်ဖက်များ၏ ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ငန်းအား ကိုက်ညီစေရန်၊ နှင့် ၃) MCCT အပါအဝင် MS-NPAN စီမံကိန်းဆောင်ရွက်ချက်များ အကောင်အထည်ဖော်ခြင်းအတွက် အားဖြည့် ပေးရန်နှင့် ထောက်ပံ့ပေးရန် တို့ ဖြစ်ပါသည်။

ဤ ပူးပေါင်းဆောင်ရွက်မှုမှတဆင့် LIFT နှင့် ကျန်းမာရေး ဝန်ဆောင်မှုလက်လှမ်းမီ ရရှိရေး ရန်ပုံငွေ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် ကြိုတင် စမ်းသပ်ထားပြီး အစိုးရမှ ခွင့်ပြုထားသည့် အမူအကျင့်ပြောင်းလဲရေး အသိပညာပေး ပစ္စည်းများအား လက်လှမ်းမီ ရရှိမည်ဖြစ်သည်။ ဤ တစ်စုတစ်စည်းတည်း ပေါင်းစပ်ထားသည့် ချဉ်းကပ်နည်းလမ်းမှ အမူအကျင့်ပြောင်းလဲမှုအား စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာအား မြန်မာနိုင်ငံရှိ မတူကွဲပြားသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ပုံတူပွားနိုင်ရန် လမ်းညွှန်ပါဝင်သည့် နည်းကိရိယာများ အတူတွဲစပ်ပါဝင်မည် ဖြစ်သည်။ SBCC-NPAN မှ အာဟာရဖွံ့ဖြိုးမှု နှင့် ဆက်နွယ်နေသည့် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ လှုပ်ရှားမှုများအား ဦးဆောင်လမ်းပြရန် အတွက် အထောက်အထားအခြေခံ မူဘောင် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ဤမဟာဗျူဟာအောက်တွင် ဦးစားပေးဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးမှုနှင့် ဆက်နွယ်သည့် အရေးကြီးသည့် အမူအကျင့်များအား ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူပြီး နှင့် အားလုံးသဘောတူညီမှု ဖြင့် ဆုံးဖြတ်မည် ဖြစ်ကာ ယင်းတို့မှာ ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ နှင့် ဆက်စပ်မည်ဖြစ်သည်။ ရှေ့ဦးအရွယ် ဘက်စုံဖွံ့ဖြိုးမှုအတွက် လှုံ့ဆော်ခြင်း၊ ကစားခြင်း၊ တစ်ဦးချင်းစီ၏ လိုအပ်ချက်အရ ဖြည့်စွက်စာကျွေးခြင်း ၊ တကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကဲ့သို့သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး (early childhood development) နှင့် ဆက်နွယ်/သက်ဆိုင်သည့် အလေ့အကျင့်များ အပါအဝင် မိခင်၊ မွေးကင်းစ နှင့် ကလေးသူငယ် ဖြည့်စွက်စာကျွေးခြင်းတို့အား ဤ မဟာဗျူဟာတွင်ထည့်သွင်း နိုင်ချေရှိမည် ဖြစ်ပါသည်။

## MS-NPAN– စီမံကိန်းစတင်ဆောင်ရွက်သည့် အဆင့်မှ အကောင်အထည်ဖော် ဆောင်ရွက်သည့်အဆင့် ဆောင်ရွက်ခြင်း

LIFT သည် အစိုးရ၏ ရည်မှန်းချက်မြင့်မားသည့် MS-NPAN ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် ကူညီပံ့ပိုးပေးရာတွင် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ခုနှစ်အတွင်း အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍပေါင်းစုံ ပါဝင်သည့် စီမံချက်အား ဆက်လက် ပံ့ပိုးပေးမည် ဖြစ်သည်။ စီမံကိန်း စတင်ဆောင်ရွက်သည့် အဆင့်အား ဦးဆောင် ပင်မ အဖွဲ့အတွက် ကူညီပံ့ပိုးမှုအား ၂၀၂၀ ဇွန်လ အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပြီး ထိုအချိန်ထက် ကျော်လွန်၍လည်း ပံ့ပိုးနိုင်ချေရှိပါသည်။ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကရင်ပြည်နယ် နှင့် ကယားပြည်နယ် ရှိ LIFT ၏ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အစီအစဉ်များ သည် MS-NPAN ၏ အောင်မြင်မှုအတွက် ပံ့ပိုးပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်လျက်ရှိပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေးရန်ပုံငွေနှင့် အခြား ကူညီပံ့ပိုးပေးလျက်ရှိသည့် အဖွဲ့များနှင့်အတူ LIFT သည် MS-NPAN ၏ အကောင်အထည်ဖော်ရေး အဆင့်အတွက် ထောက်ပံ့ပေးရန် လိုအပ်ချက်များ ရှင်းလင်းစွာသိရှိနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန တို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။နောက်အဆင့်အတွက် အဓိကဦးစားပေးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ် ၏ အစိတ်အပိုင်းအဖြစ် သဘောတူညီထားသည့် ဦးစားပေး စီမံကိန်းဆောင်ရွက်ချက်များအတွက် ဘတ်ဂျက်ခွဲဝေချထားခြင်း ဖြစ်ပါသည်။ LIFT သည် နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိတွေ့ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးဆောင်မှု မှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးရန် မျှော်မှန်းထားပြီး ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု အကျိုးရလဒ် များအတွက် သင့်လျော်မည့် ဘတ်ဂျက်နှင့် ရင်းမြစ်များ ခွဲဝေချထားပေးရန် အရေးဆိုခဲ့ပါသည်။

## ၃.၂။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက်ပြုမှု

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းသည် ပုဂ္ဂလိကကဏ္ဍနှင့် အောက်ပါကဏ္ဍတို့တွင် အတူတကွ လုပ်ကိုင်ဆောင်ရွက်ပါသည်။

- အသေးစား ငွေရေးကြေးရေး အရင်းအနှီး စျေးကွက် ဖွံ့ဖြိုးတိုးတက်ရေး
- ကျေးလက်ဒေသနေ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အနေဖြင့် လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျငွေချေစနစ်ဖြင့်ဝယ်နိုင်ရန် ချေးငွေ ဝန်ဆောင်မှုများ ထုတ်ချေးခြင်း၊ ကျေးလက်ဒေသနေ တန်ဖိုးမြှင့် ကွင်းဆက်တွင် လှုပ်ရှား ဆောင်ရွက်နေသူများ အတွက် အာမခံပစ္စည်းမထားသော/ အာမခံထက်ချေးငွေတန်ဖိုးမြင့်မား သည့် ငွေချေးခြင်းများနှင့် ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် ဒီဂျစ်တယ်နည်းဖြင့် ငွေစုသည့် ယန္တရားများတို့အတွက် စိုက်ပျိုးစီးပွား ငွေကြေး အစီအစဉ် (AFP)
- ပဲမျိုးစုံ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ဤစီမံကိန်းများတွင် ယခုအချိန်အထိ LIFT မှ ရင်းနှီးမြှုပ်နှံခဲ့သည့် ကန်ဒေါ်လာ ၅၁.၁ သန်းသည် မိတ်ဖက်အဖွဲ့အစည်း များမှ ကန်ဒေါ်လာ ၅၄၄ သန်းခန့် ရင်းနှီးမြှုပ်နှံရန်အတွက် အားဖြည့်ပေးခဲ့ပါသည်– LIFT ရင်းနှီးမြှုပ်နှံမှုထက် ဆယ်ဆထက်မက အားဖြည့် ပေးပါ သည်။

LIFT ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ယင်း၏ အားဖြည့်ပေးခြင်းတို့မှ အပြောင်းအလဲ ဖြစ်စေရန် အထောက်အကူပြုသည့် သက်ရောက်မှုကို ရရှိပါသည်။ ဥပမာအားဖြင့်–

- LIFT ၏ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများအတွက် အရစ်ကျငွေချေ စနစ်ဖြင့် ဝယ်ယူသည့် AFP အစီအစဉ်အား မြန်မာ့ စီးပွားရေးဘဏ် (MEB) သို့ ချေးငွေ အရင်းအနှီး ပေးအပ်သည့် အစိုးရ၏ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (MADB) နှင့် ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီတို့မှ ပုံတူပွား ဆောင်ရွက် ခဲ့ပြီး ဖြစ်ပါသည်။ ယခုအချိန်အထိ စုစုပေါင်း ငွေကြေး ထောက်ပံ့ မှုမှာ အမေရိကန် ဒေါ်လာ (၆၉) သန်း ဖြစ်ပါသည်။ အခြားသော ဘဏ်အများအပြား (မြန်မာနိုင်ငံသားများဘဏ်၊ သမဝါယမဘဏ်နှင့် ရောဝတီဘဏ်) တို့တွင် လည်း လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများအတွက် အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူခြင်းတို့ ရှိသော်လည်း ချေးငွေယူသည့် ပမာဏ နည်းပါးပါသည်။
- LIFT ၏ MFI အရင်းအနှီး စျေးကွက် စီမံကိန်းသည် ရိုးမဘဏ်အား MFI များထံ အာမခံထက်ချေးငွေ တန်ဖိုးမြှင့်မားသည့် အပေါင်ယူသည့် ချေးငွေ အမေရိကန်ဒေါ်လာ ၇၂ သန်း ပေးအပ်ခြင်းတွင် ပါဝင်လာစေရန်အတွက် တိုက်ရိုက် သက်ရောက်မှု ရှိခဲ့ပါသည်။ အခြားဘဏ်များ (ရောဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် သမဝါယမဘဏ်) တို့သည်လည်း ပိုမိုသေးငယ်သည့် ချေးငွေပမာဏဖြင့် အလားတူ ဆောင်ရွက်ခဲ့ပါသည်။

### အသေးစားငွေရေးကြေးရေးလုပ်ငန်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ LIFT တွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ မိတ်ဖက် အဖွဲ့အစည်း (၂၈)ဖွဲ့ (ပြည်တွင်း MFI (၉) ဖွဲ့၊ နိုင်ငံတကာ MFI (၁၅)ဖွဲ့၊ ဖက်စပ် MFI ကုမ္ပဏီ (၂)ခု နှင့် ငွေစုငွေချေး သမဝါယမအသင်း (၂)သင်း) ရှိပြီး ယင်းတို့မှ ဝန်ဆောင်မှု ရယူသူ ၃,၈၁၆,၉၃၆ ဦး (အမျိုးသမီး ၉၀%)ထံ ရောက်ရှိခဲ့ပါသည်။ TCX (ငွေလွှဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သော စွန့်စားရမှုကို တစ်စိတ်တစ်ပိုင်း အထောက်အကူပေးခြင်း) ဒုတိယအဆင့်နှင့် ရိုးမဘဏ် ပြန်လည်ထုတ်ချေးရန် ပေးအပ်သည့် ချေးငွေ (Wholesales Loan) မှ MFI (၁၁)ဖွဲ့အား ပံ့ပိုးခဲ့သည် တို့မှတဆင့် LIFT၏ အကြွေးအတွက် ငွေကြေးပံ့ပိုးပေးသည့် အစီအစဉ်မှ ရရှိခဲ့သည့် ရလဒ်၏ အားဖြည့်ပေးမှုတို့ကြောင့် LIFT ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ရယူအသုံးပြုသူ အရေအတွက်မှာ ပိုမိုတိုးတက်ခဲ့ပါသည်။ LIFT ၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုအား နောက်ဆက်တွဲ – ၅ တွင် အသေးစိတ် ဖော်ပြထားပါသည်။ PACT Global Microfinance Fund (PGMF) မှလွဲ၍ LIFT ၏ MFI မိတ်ဖက် အဖွဲ့အစည်းများ အားလုံးတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် အသေးစား ငွေကြေးဆိုင်ရာ ဥပဒေအောက်ရှိ စီးပွားရေးလုပ်ငန်းကုမ္ပဏီများ အနေဖြင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာလိုင်စင်များ ရှိပါသည်။ ၂၀၁၉ ခုနှစ်၏ အသေးစား ငွေရေးကြေးရေး ဆိုင်ရာ လုပ်ငန်းများ၏ အဓိကရလဒ်များတွင် အောက်ပါတို့ ပါဝင်ပါသည်

- ဝန်ဆောင်မှု ရယူသူ ၂.၇၃ သန်း
- စုစုပေါင်း အခြေပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၅ သန်း
- ထုတ်ချေးခဲ့သည့် ချေးငွေ အမေရိကန်ဒေါ်လာ ၁,၀၆၈ သန်း
- ရရန်ရှိသည့် ချေးငွေ အမေရိကန်ဒေါ်လာ ၅၂၂ သန်း
- လည်ပတ်နေသည့် စုငွေ အမေရိကန်ဒေါ်လာ ၁၁၇.၁ သန်း

ရရန်ရှိသည့် ချေးငွေနှင့် အခြေခံပစ္စည်း ပိုင်ဆိုင်မှု စုစုပေါင်း၏ အချိုးမှာ ကောင်းမွန်သည့် အချိုး ၀.၈၅၁ ဖြစ်သဖြင့် MFI ရင်းနှီးမြှုပ်နှံမှုအား အကျိုးရှိစွာ အသုံးပြုနေသည်အား ညွှန်ပြနေပါသည်။ ၈၅% နီးပါးအား မွေးမြူရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများ အတွက်၊ ၂၅% အား စိုက်ပျိုးရေး လုပ်ငန်းအတွက်၊ ၁၄% အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်နှင့် ၁% အား လူမှုရေး ချေးငွေများအတွက် အသုံးပြုခဲ့ပါသည်။

LIFT မှ ပံ့ပိုးပေးသည့် MFI (၁)ဖွဲ့မှ လွဲ၍အားလုံးသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှု (OSS) ရှိပါသည်။ ဆိုလိုသည်မှာ MFI များသည် ၎င်းတို့၏ လုပ်ငန်း လည်ပတ်သည့် ကုန်ကျစရိတ်များ အားလုံးအတွက် ကာမိနေပါသည်။ ခြွင်းချက်အနေဖြင့် Sun Institute သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှုတွင် ၆၃% သာ ရှိပါသည်။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ Sun Institute အား ငွေကြေးလုပ်ငန်းရပ်ဆိုင်းရန်နှင့် လုပ်ငန်းထပ်မံ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်သည့် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သဖြင့် SUN ၏ လုပ်ငန်းလည်ပတ်မှုများသည် ၂၀၁၈ ခုနှစ်၊ မတ်လလယ်တွင် ဆိုင်းငံ့ခံခဲ့ရပြီး ၂၀၁၉ ခုနှစ် ဇွန်လမှသာ ပြန်လည် စတင်နိုင်ခဲ့သဖြင့် ချေးငွေအပေါ် ပြန်လည်ပေးဆပ်ခြင်းနှင့် ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရေရှည်ရပ်တည်နိုင်မှုအပေါ် သက်ရောက်မှုများမှာ အရေးပါသည့် အချက်အနေဖြင့် သိသာထင်ရှားပြီး ရင်းနှီးမြှုပ်နှံမှုအတွက် မပြေကျန်ငွေ ဆုံးရှုံးနိုင်ချေ(PAR) မှာ ၀.၅ ထက် ပိုမိုကျော်လွန်ခဲ့ကာ Sun Institute သည် ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရန် လုံလောက်မှု မရှိတော့ပါ။
နိုင်ငံတကာ MFI များ အားလုံးသည် ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် အခြေအနေသို့ ရောက်ရှိ ခဲ့ပါသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ၎င်းတို့၏ လုပ်ငန်း လည်ပတ်ခြင်းဆိုင်ရာ နှင့် ဘဏ္ဍာရေးဆိုင်ရာ ကုန်ကျစရိတ်များအား ကာမိနေပါသည်။

***ဇယား ၃.၂ LIFT ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိက ကဏ္ဍမှနောက်ဆက်တွဲရင်းနှီးမြှုပ်နှံသည့် အရင်းအနှီးအတွက် အသုံးပြုမှု***

| အစီအစဉ်နှင့်ပုဂ္ဂလိကကဏ္ဍမိတ်ဖက် အဖွဲ့အစည်းများ | LIFT ၏ရင်းနှီးမြှုပ်နှံမှု (ကန်ဒေါ်လာ-သန်း) | တွန်းအားပေး ခဲ့သည့် ပမာဏ (ကန်ဒေါ်လာ - သန်း) | မှတ်ချက် |
|---|---|---|---|
| MFI အရင်းအနှီးဈေးကွက်များ | ၁၀.၀၅ | ၈၆.၂ | ပထမအဆင့် |
| ငွေလွှဲနှုန်းကြောင့် ဆုံးရှုံးမှုကို အကာအကွယ်ပေးသည့် အထောက်အပံ့ (The Currency Exchange Fund–TCX) | ၆,၇၅ | ၁၉၈ | ဒုတိယအဆင့်–၂၀၁၉ခုနှစ် တွင်ငွေကြေးထည့်ဝင်သည်။ |
| ရိုးမဘဏ်စိုက်ပျိုးစီးပွားငွေကြေးဆိုင်ရာ အစီအစဉ် | ၁၈.၇ | ၁၃၇ | စက်မှုလယ်ယာအတွက်အရစ်ကျ ငွေချေခြင်းဖြင့်ဝယ်ယူသောစနစ် |
| | | ၃၀ | အာမခံပစ္စည်းမထားသောနှင့် အာမခံထက် ချေးငွေတန်ဖိုးမြင့်မား သည့်လယ်ယာစီးပွားရေးလုပ်ငန်း ချေးငွေများအတွက်အမြင့်ဆုံး ချေးငွေပမာဏ |
| | | ၇၂ | အာမခံပစ္စည်းမထားသောနှင့် အာမခံထက် ချေးငွေတန်ဖိုးမြင့်မား သည့် MFI ချေးငွေများ အတွက် အမြင့်ဆုံးချေးငွေပမာဏ |
| | | ၁၁၉ | အာမခံပစ္စည်းမထားသောနှင့် အာမခံထက် ချေးငွေတန်ဖိုးမြင့်မား သည့်ချေးငွေများ ထုတ်ချေး ခဲ့သည့် စုစုပေါင်းပမာဏ<br>အာမခံပစ္စည်း ရယူခြင်းမပြုဘဲ ချေးယူခဲ့သည့် ချေးငွေနှင့် အာမခံပစ္စည်း ရယူ၍ ချေးယူခဲ့သည့် ချေးငွေ စုစုပေါင်း ပမာဏ |
| မြန်မာ့တောင်သူများနှင့် ဖက်စပ်ဖွဲ့စည်း ထားသည့် ပထမမျိုးစေ့ ကုမ္ပဏီ (MAFSCO) သြဘာ | ၆.၇ | ၄ | |

## အသေးစားငွေရေးကြေးရေးဆိုင်ရာ အရင်းအနှီး ဈေးကွက်များ အစီအစဉ်

LIFT သည် မြန်မာနိုင်ငံ၏ MFI အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဈေးကွက် ဖော်ဆောင်ပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ဤသည်အား နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ဖြစ်နိုင်သည့် ဆုံးရှုံးနိုင်ချေအား The Currency Exchange (TCX) နှင့် မိတ်ဖက်ပြု၍ အကာအကွယ်ပေးရန် အတွက် အနာဂတ်တွင် သတ်မှတ်ဈေးနှုန်းဖြင့် နိုင်ငံခြားငွေအား ပြန်လည်ဝယ်ယူနိုင်သည့် ဈေးကွက် (Swap Market) အား ထူထောင်ခြင်းဖြင့် ဖြစ်မြောက်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးမှုကို အကာအကွယ်ပေးသည့် အဆင့် (၂) ဆင့် ဖြစ်ပေါ်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၇–၂၀၁၈ ခုနှစ်၊ ပထမအဆင့်သည် ငွေချေးသူ (၁၁)ဦးမှ MFI (၁၂)ဖွဲ့အား ထုတ်ချေးပေးသည့် ချေးငွေအရေအတွက် ၄၀ ပါဝင်သည့် ပုဂ္ဂလိကကဏ္ဍ ပူးတွဲငွေကြေးထောက်ပံ့ခြင်းတွင် အမေရိကန်ဒေါ်လာ ၈၆.၂ သန်းအား ရယူနိုင်ခဲ့ပါသည်။

MFI များသည် LIFT ၏ အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံမှု မပါရှိဘဲ ၎င်းတို့၏ အရင်းအနှီး ဖွဲ့စည်းတည်ဆောက်ပုံများကို တည်ဆောက်ရန် အခြားနည်းလမ်းများအား အဆင့်ဆင့် ရှာဖွေနိုင်မည်ဟူသော ယူဆချက်နှင့် အရေးအကြီးဆုံးအနေဖြင့် မြန်မာနိုင်ငံ၏ အတိုးနှုန်း ဖွဲ့စည်းတည်ဆောက်ပုံအား ဈေးကွက်မှ မောင်းနှင်သည့် တည်ဆောက်ပုံဖြစ်လာနိုင်မည်ဟူသော ယူဆချက်တို့အပေါ် အခြေခံ၍ စီမံချက်သည် အသွင် ကူးပြောင်းချိန် ၂ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။

ကံမကောင်း အကြောင်းမလှသဖြင့် ၂၀၁၉ ခုနှစ် တလျှောက် ငွေကြေးကဏ္ဍ၏ အတိုးနှုန်း ဖွဲ့စည်းတည်ဆောက်ပုံသည် အပြောင်းအလဲမရှိ ယခင်အတိုင်း ဆက်လက်တည်ရှိ နေမည်ဆိုသော အစိုးရ၏ ကြေငြာချက်ကြောင့် ဒုတိယအကြိမ် ရင်းနှီးမြှုပ်နှံမှုများ ရယူရန်အတွက် မဖြစ်မနေရ လုပ်ဆောင်စေခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဒုတိယအဆင့်တွင်

LIFT ၏ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၂ သန်းသည် MFI များထံ ပုဂ္ဂလိက ကဏ္ဍ ပူးတွဲ ငွေကြေး ထောက်ပံ့ခြင်းမှ ခန့်မှန်းချေ အမေရိကန်ဒေါ်လာ ၁၉၈ သန်း ပေးအပ်နိုင်ရန်အတွက် အစီအစဉ် ရေးဆွဲခဲ့ပါသည်။ ဒုတိယအဆင့်တွင် သိသာထင်ရှားသည့် အပြောင်းအလဲမှာ MFI များ၏ ရင်းနှီးမြှုပ်နှံမှု များသည် ဦးတည်ရည်ရွယ်သည့် အားနည်းထိခိုက်လွယ်သည့် သူများ အရေအတွက် – ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေအညွှန်း(PPI) အရ သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးသူ၊ မသန်စွမ်းသူများ ရှိသည့် အိမ်ထောင်စုများ၊ ပြည်တွင်းနေရာ စွန့်ခွာသူများ၊ ရွှေ့ပြောင်း သွားလာသူများနှင့် အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ ကလေးသူငယ်များ ရှိသည့် အိမ်ထောင်စုများ (ကလေးအလုပ်သမား ပြဿနာအား ဖြေရှင်းခြင်း) ထံ ရောက်ရှိခြင်းနှင့် ရှင်းလင်းပြတ်သားစွာ ချိတ်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် လုပ်ကွက်ငယ် တောင်သူများမှ ချေးငွေများ ရယူနိုင်ရန် ခွင့်ပြုပေးခဲ့ပါသည်။ ဤပြောင်းလဲမှုသည် အားနည်း ထိခိုက်လွယ်သည့် သူများအား ကူညီပံ့ပိုးမှုများ ပေးအပ်ရန် ရောက်ရှိမှုအား တိုးမြှင့်ခြင်းအပေါ် ၂၀၁၉–၂၀၂၃ ခုနှစ်တွင် LIFT ၏ အာရုံစိုက်မှုနှင့်လည်း သဘောချင်း ထပ်တူကျပါသည်။

ရင်းနှီးမြှုပ်နှံသူများအား ရွေးချယ်သည့် ဆုံးဖြတ်ရန် မူများအားလည်း ပြန်လည် ပြင်ဆင် မွမ်းမံခဲ့ပါသည်။ မြီရှင် အမြတ်အစွန်းအား ၆.၅ ရာခိုင်နှုန်း + လန်ဒန်ဘဏ်အတိုးနှုန်း (LIBOR) (၆)လမှ ၅ ရာခိုင်နှုန်း + LIBOR (၆)လသို့ လျှော့ချခဲ့ပါသည်။[၁၉] အနိမ့်ဆုံး ဘဏ်ချေးငွေအား (၃) နှစ်အထိ တိုးမြှင့်ခဲ့ပါသည်။[၂၀]

TCX အဆင့် (၂)မှ ပေါ်ပေါက်လာသည့် အဆိုပြုချက်များအား သုံးသပ်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့ထံ တင်ပြခဲ့ပါသည်။ MFI များ၏ တောင်းဆိုမှုများနှင့် ရင်းနှီးမြှုပ်နှံသူများမှ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) များ နှစ်မျိုးလုံး မြင့်တက်လာခဲ့ပါသည်။ MFI (၁၆)ဖွဲ့အား ရန်ပုံငွေ ဘုတ်အဖွဲ့မှ အတည်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံသည့် အဖွဲ့ (၂၈) ဖွဲ့မှ MFI (၁၄)ဖွဲ့ထံ ပေးအပ်မည့် ချေးငွေများအတွက် စည်းမျဉ်းစည်းကမ်းများ အသေးစိတ်ပါဝင်သည့် အထောက်အထား စာရွက်စာတမ်းအား တင်ပြခဲ့ပါသည်။

MFI မှ ချေးငွေရယူခြင်းအတွက် တွေးဆထားခဲ့သည့် အဆုံးစွန်သော လိုအပ်ချက် ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၈ သန်း ဖြစ်ပါသည်။ FDI မှ ပံ့ပိုးပေးမှုမှာ အမေရိကန်ဒေါ်လာ ၂၇၁.၆ သန်း ဖြစ်ခဲ့ပါသည်။ MFI (၁၆) ဖွဲ့အနက်မှ လေးဖွဲ့အား ရင်းနှီးမြှုပ်နှံသူများမှ စည်းမျဉ်းစည်းကမ်းပါ အထောက်အထား စာရွက်စာတမ်းဖြင့် ကမ်းလှမ်းခဲ့ခြင်း မရှိပါ။ MFI အဖွဲ့တစ်ဖွဲ့ဖြစ်သည့် BRAC မှ ပါဝင်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပြုလွှာများ ခေါ်ယူသည့် အချိန်၌ LIFT ၏ ရင်းနှီးမြှုပ်နှံမှုမှ (၁၀)ဆ တွန်းအားပေးမည်ဟု ခန့်မှန်းထားခဲ့သည်နှင့် နှိုင်းယှဉ်ပါက တွန်းအားပေးမှုမှာ ၂၇ဆ ဖြစ်ပါသည်။[၂၁] LIFT မှ ထောက်ပံ့ပေးသည့် အနာဂတ်တွင် သတ်မှတ် ဈေးနှုန်းဖြင့် နိုင်ငံခြားငွေ ပြန်လည် ဝယ်ယူရာတွင် ခန့်မှန်းထားသည့် ကုန်ကျစရိတ် (swap cost) သည် ယခုအခါ အမေရိကန်ဒေါ်လာ (၆.၅)သန်း ဖြစ်ပါသည်။ MFI တစ်ဖွဲ့ချင်းစီထံ ချေးငွေအတွက် အမျိုးမျိုး ကွဲပြားခြားနားသည့် အချိန်ဇယားများ သတ်မှတ်ထားသော်လည်း ယင်းမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၌ ရှိသည့် ခန့်မှန်းခြေသာ ဖြစ်ပါသည်။ LIFT ၏ MFI အရင်းအနှီး အစီအစဉ်သာ မရှိပါက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူ များထံမှ ထုတ်ချေးခြင်းမှာ အနည်းငယ်သာ ရှိသည်မှ လုံးဝမရှိခြင်းအထိ ဖြစ်နိုင်မည် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် မည်သည့် ရင်းနှီးမြှုပ်နှံမဆိုမှ ငွေကြေး အပြောင်းအလဲအား ထေမိစေခြင်းမရှိဘဲ တနှစ်ပျမ်းမျှ အတိုးရာခိုင်နှုန်း (APR) ၁၆% မရှိပါက ချေးငှားမည် မဟုတ်ပါ။

## ၂၀၁၉ ခုနှစ်တွင် MFI အရင်းအနှီးဈေးကွက်အပေါ် အစိုးရ မူဝါဒ၏ အကျိုးသက်ရောက်မှု

၂၀၁၉ ခုနှစ်၊ ပထမ ခြောက်လအတွင်းတွင် အစိုးရမှ ထုတ်ပြန်ခဲ့သည့် အဓိကညွှန်ကြားချက် နှစ်ချက် ရှိပါသည် –

- မြန်မာနိုင်ငံ ဗဟိုဘဏ်မှ ညွှန်ကြားချက်အမှတ် ၁/၂၀၁၉ အား ထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့မှ စတင်၍ အာမခံ ပစ္စည်းရယူ၍ ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ ငွေချေးယူခြင်းအတွက် တနှစ်အတိုးနှုန်းမှာ ၁၆ ရာခိုင်နှုန်းထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရပါ။ ချေးငွေ အတိုးနှုန်းမှာ ချေးငွေနှင့် သက်ဆိုင်သည့် အခြား ဝန်ဆောင်ခများ အပါအဝင် ဖြစ်ပါသည်။ သို့ဖြစ်၍ ချေးငွေ အတိုးနှုန်း (၁၆) ရာခိုင်နှုန်း ဆိုသည်မှာ တနှစ်ပျမ်းမျှ အတိုးနှုန်း (APR) ၁၆% နှင့် အတူတူပင် ဖြစ်ပါသည်။
- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန၏ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) မှ ညွှန်ကြားချက်အမှတ် ၁/၂၀၁၉ အား ထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့မှ စတင်၍ အသေးစားငွေရေးကြေးရေးဆိုင်ရာ ချေးငွေများအတွက် အတိုးနှုန်းမှာ ၂၈ ရာခိုင်နှုန်းထက် ကျော်လွန်၍ မရပါ။ FRD မှ ချေးငွေနှင့် ဆက်စပ်နေသည့် အပိုကုန်ကျစရိတ်များ အားလုံးသည် အခြေခံအမှတ်မှ အမြင့်ဆုံး ၂၀၀ အမှတ်အထိ ထပ်မံ၍ ကန့်သတ်ခဲ့ပါသည်။ အသေးစားငွေကြေးဆိုင်ရာ ချေးငွေ၏ အမြင့်ဆုံး APR မှာ ၃၀% ထက် ကျော်လွန်၍ မရပါ။

အဆိုပါ ညွှန်ကြားချက် (၂)ရပ်သည် MFI အရင်းအနှီး ဈေးကွက် အစီအစဉ် အပေါ် အကျိုးသက်ရောက်ခဲ့ပါသည်။ LIFT ၏ အခြေခံရပ်တည်ချက်မှာ LIFT သည် အစိုးရမှ သတ်မှတ်ထားသည့် အတိုးနှုန်းထက် လျှော့ချ၍ ထောက်ပံ့ပေးမည် မဟုတ်သလို ဈေးကွက် ပျက်အောင်လည်း လုပ်မည် မဟုတ်ပါ။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် ဈေးနှုန်း သတ်မှတ်မှုတွင် (ယခင်အစိုးရမှ သတ်မှတ်ခဲ့သည့် အာမခံပစ္စည်းမထားသော/ အာမခံထက်ချေးငွေ တန်ဖိုးမြင့်မားသည့် ငွေချေးခြင်းများအတွက် အတိုးနှုန်း) ၁၃% မှ ၁၆% သို့ တိုးမြှင့်လိုက်ခြင်းက LIFT ၏ ထောက်ပံ့ငွေများအား သိသိသာသာ လျော့ကျသွားစေခဲ့ပါသည်။

MFI များအပေါ် သက်ရောက်မှုမှာ ကြီးမားပါသည်။ ချေးငွေ တစ်ရပ်ချင်းစီအတွက် အချို့သော MFI များသည် အသားတင် အမြတ်မှာ အနည်းငယ် အနုတ်သဘော ဆောင်ပြီး အခြား MFI များအတွက် အနည်းငယ် အပြုသဘောဆောင်ပါသည် (+/– အခြေခံအမှတ် ၁၀၀)။ အမြတ်အစွန်းရရှိမှု နည်းပါးခြင်းမှ အရှုံးပေါ်သည်အထိ ရှိလာသဖြင့် MFI များ အားလုံးနီးပါးမှ ထပ်မံ၍ ထောက်ပံ့ပေးရန်အတွက် သိသာသည့် တုန့်ပြန်မှုများ ရှိခဲ့ပါသည်။ LIFT သည် MFI ဘဏ္ဍာရေးရင်းတမ်းများအား ထပ်ဆောင်း FDI/ အကြွေးထောက်ပံ့ခြင်းဖြင့် စမ်းသပ်လုပ်ဆောင်ခဲ့ပါသည်။ MFI များ၏ အခြေခံပစ္စည်းများ ပိုင်ဆိုင်မှုအပေါ်မှ ပြန်လည်ရရှိမှုများမှာ LIFT၏ စံအဖြစ် သတ်မှတ်ထားသော ရည်ညွှန်းအမှတ်ဖြစ်သည့် ၅%ထက်ကျော်လွန်သည်မှာ ရှင်းလင်းထင်ရှားပါသည်။ LIFT သည် ဆန်းစစ်ချက်အား MFI များထံတင်ပြခဲ့ပြီး MFI အားလုံးသည် အမြတ်အစွန်းပြန်လည်ရရှိနေမှုမှာ နည်းပါးပြီး ရံဖန်ရံခါ ဆုံးရှုံးခြင်းတို့ရှိသော်လည်း ဤသည်မှာ လုပ်ကိုင်ဆောင်ရွက်ရန် ကောင်းမွန်သည့် လုပ်ငန်းဖြစ်ခဲ့သည်ဆိုသည်အား သုံးသပ်မိခဲ့ကြပါသည်။

## မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု

၂၀၁၉ ခုနှစ်တွင် LIFT သည် MFI ချေးငွေအတိုးနှုန်းပြောင်းလဲခြင်းအား ထိန်းချုပ်ရာတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ပတ်သက်ခဲ့ပါသည်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ အဆိုပြုချက်မှာ မူလက ချေးငွေအတိုးနှုန်းအား ၁၃.၃% (ကြွေးကျန်ပမာဏပေါ် တနှစ်အတိုးနှုန်း ၃၀%မှ ၂၆% သို့) လျှော့ချရန်ဖြစ်ပါသည်။ သတ်မှတ်ထားသော အတိုးနှုန်းမဟုတ်သည့်ဝင်ငွေအပေါ် ထပ်မံ တောင်းခံသည့် ၂%မှာ MFI များမှ ချေးငွေများအပေါ် ၀ မှ ၂.၅% အတွင်း ရှိသည့်

---

၁၉ LIBOR ဆိုသည်မှာ လန်ဒန်ဘဏ် အချင်းချင်း ပေးအပ်သည့်နှုန်း၊ ဤသည်အား အခြား ချေးငွေ အတိုးနှုန်း သတ်မှတ်ရန်အတွက် ကိုးကားရာတွင် အသုံးပြုပါသည်။

၂၀ LIFT သည် ရင်းနှီးမြှုပ်နှံသူများမှ ပါဝင်လာစေရန် တိုက်တွန်း အားပေးရန်နှင့် အန္တရာယ်မရှိစေရန် တို့အတွက် TCX အား မြီရှင် အမြတ်အစွန်းအား (၇)ရာခိုင်နှုန်း + LIBOR (၆)လသို့ တိုးမြှင့်ရန် တောင်းဆိုခဲ့ပါသည်။ LIFT သည် ရင်းနှီးမြှုပ်နှံသည့် အသိုင်းအဝိုင်းမှ တုန့်ပြန်မှုကို စောင့်ဆိုင်းလျက်ရှိပါသည်။

၂၁ တွန်းအားပေးမှုအား LIFT မှ သတ်မှတ်ခြင်းမဟုတ်ဘဲ ဈေးကွက်အခြေအနေများ၊ ချေးငွေမှ ရရှိသည့် အမြတ်၊ ဆုံးရှုံးရနိုင်ချေ နှင့် အနိမ့်ဆုံး ဘဏ်ချေးငွေတို့မှ သတ်မှတ်ပါသည်။

နှုန်းထားဖြစ်ပါသည်။ နောက်ဆုံးအကျိုးသက်ရောက်မှု မှာ နှစ်စဉ်ပျမ်းမျှ အတိုးနှုန်း (APR)[၂၂] အား ခန့်မှန်းခြေ ၃၂% မှ ၃၀% သို့လျှော့ချရန်အတွက် ဖြစ်ခဲ့ပါသည်။ LIFT သည် ၎င်း၏ ရှုဒေါင့်မှ APR ၃၀%သည် MFI များအပေါ် အန္တရာယ် ဖြစ်စေသည့် သက်ရောက်မှုမရှိသော်လည်း APR ၂၈% သည်တိုးချဲ့ရန်အတွက် ထိန်းချုပ်ဟန့်တားနိုင်မည်ဟု အကြမ်းဖျဉ်း သတ်မှတ်ခဲ့ပါသည်။ FRD သည် LIFT ၏သဘောထားအမြင် ဖြစ်သည့် ချေးငွေအတိုးနှုန်းအား ၂၈%သို့ APR ၃၀% နှင့် အတူလျှော့ချရန်အား လက်ခံခဲ့ပါသည်။

LIFT သည် MFI များအား လုပ်ငန်းခွင်အတွင်းနှင့် လုပ်ငန်းခွင်ပြင်ပတွင် ကြီးကြပ်ရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoPFI) ၏ ငွေရေးကြေးရေး ကြီးကြပ်ရေး ဦးစီးဌာန (FRD) မှ ကြီးကြပ်ရေးမှူးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ကူညီ ပံ့ပိုးပေးပါသည်။ အချက်အလက်များ တိကျစေရန်နှင့် လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်း အစီရင်ခံစာများရေးသားပြုစုနိုင်ရန်အတွက် အဖွဲ့၏ စွမ်းဆောင်ရည်အား တည်ဆောက်ရန် FRD ၏ ရုံးများတွင် အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်း(၂)ဦးအတွက် LIFT မှ ငွေကြေးထောက်ပံ့ပေးပါသည်။ ၂၀၁၉ ခုနှစ်တွင် အခြေခံစာရင်းကိုင်ပညာဆိုင်ရာ (၅)ရက်ကြာ သင်တန်း(၂) ကြိမ် တက်ရောက်သူ ၃၆ဦး (အမျိုးသမီး ၈၃%) အား ပို့ချခဲ့သည်သာမက လုပ်ငန်းခွင်ပြင်ပ၌ စစ်ဆေးခြင်းဆိုင်ရာ ၅ရက်ကြာသင်တန်းများအား တက်ရောက်သူ (၁၂၉)ဦး (အမျိုးသမီး ၈၈%) အား ပို့ချပေးခဲ့ပါသည်။ MFI များမှ အပ်နှံငွေရယူခြင်းအတွက် လုပ်ငန်းခွင်၌ စစ်ဆေးခြင်းနှင့် စနစ်တကျစိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း (Due Diligence) ဆိုင်ရာ သင်ရိုးတို့အား မူကြမ်းရေးဆွဲခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် LIFT သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူ့လွှတ်တော်ထံ တင်သွင်းခဲ့သည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေ အသစ်အား ပြန်လည်သုံးသပ်ရန် FRD၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေး အသင်း (MMFA) တို့နှင့်အတူ နီးကပ်စွာ လက်တွဲလုပ်ကိုင်ခဲ့ပါသည်။

## စိုက်ပျိုးစီးပွား ငွေကြေးဆိုင်ရာ အစီအစဉ်(AFP)

ငွေကြေးဆိုင်ရာ လက်လှမ်းမှီမှုသည် မြန်မာနိုင်ငံ၌ စက်မှုလယ်ယာ ကဏ္ဍ တိုးတက်လာအောင် မောင်းနှင်ပေးသည့် အဓိကအခြေခံ အကြောင်းအရင်း တစ်ခုဖြစ်ပါသည်။ လယ်ယာ စိုက်ပျိုးရေးကဏ္ဍသို့ အရင်းအနှီးများ စီးဝင်လာခြင်းအား ကန့်သတ်သည့် မူဝါဒနှင့် စည်းမျဉ်း စည်းကမ်း ဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုများသည် လယ်သမားများမှ စက်မှုလယ်ယာ ကျင့်သုံးခြင်းအပေါ် သိသာထင်ရှားသည့် သက်ရောက်မှုကို ဖြစ်ပေါ်စေပါသည်။ ၂၀၁၆ ခုနှစ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေထုတ်ပြန်ခြင်းဖြင့် မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မာ့ ငွေရေးကြေးရေး ကဏ္ဍအား ခေတ်မီတိုးတက်စေရန်အတွက် ဆောင်ရွက်ရန် ကတိကဝတ်အား အတည်ပြုခဲ့ ပါသည်။ အစိုးရမှလည်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒရည်မှန်းချက်အား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်ငြားလည်း အစိုးရ၏အဆိုပါ ကတိကဝတ်များ၊ ဘဏ်များမှ ထုတ်ချေးသည့် စီးပွားရေး ချေးငွေများ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းများနှင့် အခြားဘဏ် မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ကဏ္ဍအတွင်း အရင်းအနှီးအတွက် တောင်းဆိုချက်အား နှောင့်နှေးအောင် ဆက်လက်လုပ်ဆောင်နေပါသည်။ စိုက်ပျိုးရေး ကဏ္ဍသည် မြန်မာနိုင်ငံစုစုပေါင်း ပြည်တွင်း ထုတ်ကုန်၏ ၂၆.၃% အား ထည့်ဝင်ပေးနေပြီး အလုပ်အကိုင် ခန့်ထားမှု၏ ၅၀% ရှိပါသည်။ သို့သော် ဤကဏ္ဍသို့ ငွေချေးပေးမှုသည် တနိုင်ငံလုံးတွင် ငွေချေးပေးခဲ့သည့် ပမာဏ၏ ၂.၅% သာရှိပါသည်။ လုပ်ကွက်ငယ်တောင်သူများ၏ ၂၂% သည်သာ တရားဝင် ငွေကြေး ထောက်ပံ့ပေးမှု အား လက်လှမ်းမီ ရယူနိုင်ပါသည်။

## လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူမှု

၂၀၁၆ ခုနှစ်တွင် LIFT သည်လယ်ယာသုံး စက်ကိရိယာများအားလည်း လုပ်ကွက်ငယ်တောင်သူများမှ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူမှုအတွက် ချေးငွေပံ့ပိုးပေးရန်အတွက် ဆောင်ရွက်သည့် စိုက်ပျိုးစီးပွား ငွေကြေးဆိုင်ရာ အစီအစဉ် (AFP)အား အကောင်အထည်ဖော်ရန် ရိုးမဘဏ်နှင့် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ အစီအစဉ်အား ၂၀၁၉ ခုနှစ်တွင်လည်း ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ LIFT သည် ရိုးမဘဏ်၏ ပေးဆပ်ရန်ပျက်ကွက် နိုင်သည့် အလားအလာရှိသော ချေးငွေများကြုံတွေ့ခြင်းမှ လျှော့ချရန် စီစဉ်ဆောင်ရွက်ထားသည့် စွန့်စားရနိုင်ချေများအတွက် တပိုင်းတစ်စ အာမခံရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ (၉)သန်းအား ပေးအပ်ခဲ့ပါသည်။ စွန့်စားရနိုင်ချေများ အတွက်တစ်ပိုင်းတစ်စ အာမခံရန်ပုံငွေသည် အငယ်စားစိုက်ပျိုးရေး လုပ်ငန်းများထံ အရစ်ကျငွေစနစ်ဖြင့် ဝယ်ယူမှုအတွက် ချေးငွေအား စည်းကမ်းသတ်မှတ်ချက်ဖြစ်သော စက်ပစ္စည်းတန်ဖိုး၏ လက်ငင်းပေးချေရသည့် ငွေပမာဏ ၃၀% မှ ၁၀% သို့လျှော့ချခြင်း၊ ၎င်းရမ်း ထားသည်ဟု သတ်မှတ်ထားသည့် ကျန်ရှိသေး သည့် ပြန်လည် ပေးဆပ်ရမည့် အချိန်ကာလအား တနှစ်မှ (၃)နှစ်သို့တိုးမြှင့်ပေးခြင်း တို့ဖြင့်ပံ့ပိုး ကူညီခဲ့ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံမှုသည် အငယ်စားနှင့် အလတ်စား စိုက်ပျိုးစီးပွားရေး လုပ်ငန်းများမှ ဆွဲဆောင်မှုနည်းပါးသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ပြန်လည်ပေးဆပ်ရ သည့် ချေးငွေပမာဏ အပြည့်အဝ အား ပြန်လည်ပေးဆပ်ရန် ရုတ်တရက်တောင်းဆိုမှုများ ရှိသော အလွတ်သဘော ချေးငွေများအား လက်လှမ်းမီ ရယူနေရာမှ အခြား နည်းလမ်း အဖြစ် ယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့ ခိုင်မြဲသည့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ လက်လမ်းမီရယူနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ အစီအစဉ်မှာ စက်ပစ္စည်းကိရိယာ ကုန်သည်များအား ချက်ခြင်း ငွေပေါ်စေရန်အတွက်လည်း စီစဉ်ပေးပါသည်။

AFP မှမြန်မာနိုင်ငံတွင် အငယ်စားနှင့် အလတ်စား စိုက်ပျိုးစီးပွားရေး လုပ်ငန်းများထံ စိုက်ပျိုးရေးဆိုင်ရာငွေကြေး ထောက်ပံ့ခြင်းအား တိုးချဲ့ရာတွင် ကြီးမားသည့် အောင်မြင်မှုရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ အရစ်ကျငွေချေးစနစ်ဖြင့် ဝယ်ယူမှုအတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇သန်းအား ထုတ်ချေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆၁ သန်း တန်ဖိုးရှိသည့် လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများ ဝယ်ယူရန်အတွက် အသုံးပြုခဲ့ပါသည်။ ငွေကြေးထောက်ပံ့ခြင်းမှ လေးဘီးထွန်စက် ၄,၈၅၀ စီး၊ ရိပ်သိမ်းခြွေလှေ့စက် ၁,၀၂၄လုံး၊ ရိတ်သိမ်းစက် ၁၆၀စီး၊ လက်တွန်း ထွန်စက် ၃၉၅စီးနှင့် လယ်ယာစိုက်ပျိုးရေးသုံး သယ်ယူပို့ဆောင်ရေးယာဉ် ၁၃၀၆ စီးတို့အား ဝယ်ယူခဲ့သည့် စိုက်ပျိုးရေး လုပ်ငန်း(၇,၇၃၅) ဖွဲ့ထံ ရောက်ရှိခဲ့ပါသည်။ အစီအစဉ်သည် ငွေကြေးထောက်ပံ့ခြင်းမှတဆင့် (သို့) စက်ပစ္စည်း ၎င်းရမ်းသည့် ဝန်ဆောင်မှု လုပ်ကိုင်သည့် စီးပွားရေးများ၏ အကျိုးဆက်များကို လက်လှမ်းမီရယူနိုင်ခြင်း တို့မှတဆင့် ခန့်မှန်းချေအားဖြင့် ကျေးလက်နေ မိသားစုပေါင်း ၂၄၀,၀၀၀ ထံသို့ ရောက်ရှိခဲ့ပါသည်။ AFP သည် ရည်မှန်းချက်များအား အားကောင်းစွာဖြင့် သာလွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၆ခုနှစ် အစီအစဉ်စတင်သည့် အချိန်၌ လယ်ယာ စိုက်ပျိုးရေး သုံးစက်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း၃၀ အတွက် ငွေကြေး ထောက်ပံ့ပေးရန် ရည်မှန်းချက်ထားရှိခဲ့ပါသည်။

---

၂၂ APR သည် ချေးငွေတစ်ခု၏ ကုန်ကျစရိတ်အား ပိုမိုကျယ်ပြန့်စွာ တိုင်းတာခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် အတိုးအပြင် ချေးငွေနှင့် ဆက်နွယ်နေသည့် အခြား ကုန်ကျစရိတ်များ ပါဝင်နေသောကြောင့်ဖြစ်ပါသည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် AFP သက်ရောက်မှု၏ အဓိကညွှန်းကိန်းများမှာ –

- » မြေယာပြုပြင်ခြင်းအတွက် ယခုအခါ လယ်ထွန်စက်များအား လက်လှမ်းမီရယူနိုင်သည့် တောင်သူ လယ်သမား ၂၈၈,၄၇၅ ဦးမှ မြေယာပြုပြင်ခြင်းအတွက် အကောင်အထည်ဖော်လုပ်ဆောင်ရသည့် ဧက ၈၀၀ အား လေးဘီးထွန်စက်တစ်စီးသည် မြေယာပြုပြင် နိုင်သည်ဟု အကြမ်းဖျင်း ခန့်မှန်းထားပါသည်။
- » မြေယာပြုပြင်ခြင်းအတွက် ဝန်တင်ဝန်ဆွဲ ကျွဲနွားတိရစ္ဆာန်များဖြင့် ထွန်ယက်မည့်အစား လယ်ထွန်စက်အသုံးပြုခြင်းသည် ကုန်ကျစရိတ်တွင် တဧက လျှင် ကန်ဒေါ်လာ (၅)ဒေါ်လာလျှော့ချနိုင်ပြီး တဧကေအကြမ်းဖျဉ်း အမြတ်တွင် ၃% ပိုမို ရရှိစေပါသည်။
- » မြေယာပြုပြင်ခြင်းတွင် တိုးတက်မှုရှိလာခြင်းကြောင့် အထွက်နှုန်းပြောင်းလဲလာမှုများသည် အကြမ်းဖျဉ်း အမြတ်၌ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုတွင် ၃၉% နှင့် မြေပဲနှင့် နှမ်းစိုက်ပျိုးထုတ်လုပ်မှုတွင် ၂၁% တိုးလာသော ပမာဏဆီသို့ ဦးတည်စေခဲ့ပါသည်။ ကုန်ကျစရိတ်တွင် ၁ဧက ကန်ဒေါ်လာ၅ ဒေါ်လာ သက်သာစေမည်ဟု တွက်ချက်ပါက ပျမ်းမျှအကြမ်းဖျဉ်း အမြတ်သည် ကန် ဒေါ်လာ ၃၀ တိုးလာမည်ဟု ခန့်မှန်းနိုင်ပါသည်။ တောင်သူလယ်သမားများ၏ ဝင်ငွေအပေါ် အကျိုးသက်ရောက်မှုမှာ ခန့်မှန်းချေ အမေရိကန် ဒေါ်လာ ၁၁၆ သန်း ဖြစ်ပါသည်။

အပူပိုင်းဇုန်တွင် မီချီဂန်ပြည်နယ် တက္ကသိုလ် (MSH) ၏သုတေသနမှ စိုက်ပျိုးစီးပွားဝန်ဆောင်မှု ပေးအပ်သူများသည် မြေအကျယ်အဝန်းအပေါ် သတ်မှတ်ခြင်း မရှိဘဲ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာ ဝန်ဆောင်မှုများအား ရယူရာတွင် လယ်သမားများအားလုံးအတွက် တပြေးညီ ပေးအပ်သည်အား ထုတ်ဖော်ခဲ့သဖြင့် လုပ်ကွက်ငယ် တောင်သူများသည် ၎င်းတို့ ကိုယ်တိုင် ဝယ်ယူနိုင်ခြင်းမရှိသော်လည်း စက်မှု လယ်ယာမှ အကျိုးအမြတ်အား တူညီသည့်အတိုင်းအတာ ခံစားရသည်ကို ညွှန်ပြနေပါသည်။

စက်မှုလယ်ယာသည် အရည်အသွေးတိုးတက်လာသည့် မြေယာပြုပြင်ခြင်းနှင့် ပိုမိုနက်ရှိုင်းအောင် ထွန်ယက်ခြင်းတို့ဖြင့် ရာသီဥတုနှင့် လိုက်လျောညီ ထွေရှိသည့် စိုက်ပျိုးရေးအား အထောက်အပံ့ပေးပြီး၊ အမြစ်များအားလုံး ပိုမိုနက်ရှိုင်းစွာ ကြီးထွားလာစေကာ ပိုမိုမြင့်မားသည့် အထွက်နှုန်းနှင့် ပိုမိုများပြားသည့် ဝင်ငွေရရှိခြင်းဆီသို့ ဦးတည်စေပါသည်။[၂၃] မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်အတွင်း အလုပ်ခိုင်းစေသည့်/ ဝန်တင် ဝန်ဆွဲ တိရစ္ဆာန်အကောင်ရေ[၂၄] ခန့်မှန်းခြေ ၁၀% လျှော့ချခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့များ (မီသိန်းဓာတ်) လျှော့ချရာတွင် သိသိသာသာ အကူအညီ ပေးခဲ့ပါသည်။

**AFP နှင့် ရိုးမဘဏ်၏ အာမခံပစ္စည်း မထားသော ချေးငွေ နှင့် အာမခံထက်ချေးငွေတန်ဖိုး မြင့်မားသည့် ချေးငွေထုတ်ချေးခြင်း။**

LIFT ၏ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၂.၅သန်း (အရစ်ကျငွေချေးစနစ်ဖြင့် ဝယ်ယူခြင်းအတွက် ဒေါ်လာ၉သန်းနှင့် အာမခံပစ္စည်းမထားသော/ အာမခံထက် ချေးငွေတန်ဖိုးမြင့်မားသည့် ချေးငွေများအတွက် ဒေါ်လာ ၃.၅သန်း) သည် စိုက်ပျိုးရေးကဏ္ဍအတွင်း စက်ကိရိယာများအား အရစ်ကျ ငွေချေးစနစ်ဖြင့် ဝယ်ယူခြင်းအတွက်သာမက အမျိုးမျိုးသော ငွေရေး ကြေးရေးဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် ရိုးမဘဏ်၏ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၅၆သန်း ထည့်ဝင်ရန် အားဖြည့်ပေးခဲ့ပါသည်။ ၂၀၁၉ခုနှစ် ဒီဇင်ဘာလတွင် အာမခံ ပစ္စည်းမထားသော/ အာမခံထက်ချေးငွေ တန်ဖိုးမြင့်မား သည့် ငွေချေးခြင်းများအတွက် အမြင့်ဆုံး ပမာဏချေးငွေပမာဏမှာ အမေရိကန် ဒေါ်လာ ၁၀၂သန်း ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် ရိုးမဘဏ်၏ စိုက်ပျိုးစီးပွားငွေကြေးပံ့ပိုးမှု အစီအစဉ်သည် ငွေချေးသည့် ဝန်ဆောင်မှုအသစ် (၄)မျိုးဖြစ်သည့် ရရန်ရှိသည်များအတွက် လျှော့ပေးသည့်ငွေကြေးပံ့ပိုးမှု၊ ပေးရန်ရှိသည်များအတွက် ငွေကြေးပံ့ပိုးမှု၊ ရာသီအလိုက် ငွေပို ထုတ်ချေးပေးခြင်းနှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများမှ ပြန်လည်ထုတ်ချေးသည့် အာမခံထက် ချေးငွေတန်ဖိုးမြှင့်မားသည့် ရာနှုန်းပြည့် အာမခံပေးစရာ မလိုသော ချေးငွေများအား (၃)နှစ်တာကာလအတွက် ချေးငွေထုတ်ပေးခြင်း တို့အား မိတ်ဆက်ခဲ့ပါသည်။ အဆိုပါ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ထုတ်ကုန်များ အားလုံးသည် မြန်မာနိုင်ငံဈေးကွက်တွင် အသစ်အဆန်းများဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ စိုက်ပျိုးစီးပွား လုပ်ငန်းများထံ အာမခံပစ္စည်း မထားသော/ အာမခံထက် ချေးငွေ တန်ဖိုးမြင့်သော ချေးငွေများပေးအပ်မှုကို တိုးမြင့်ရန်အတွက် ပုံစံထုတ်ထား ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဘဏ်များ၏ ပုံမှန်ထုံးစံ အတိုင်း ချေးငွေဆိုင်ရာ ကုန်ပစ္စည်းများအတွက် မြေ (သို့) အဆောက်အဦအား အပေါင်ပစ္စည်း အဖြစ် ပေးအပ်ရန်လိုအပ်သည့် အတွက်ကြောင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းများမှ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ အတွက် ပေးအပ်မှုရော လိုအပ်ချက်ပါ လျှော့နည်းစေသည့် ရလဒ်အားရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်အကုန်တွင် AFP သည် အာမခံထားသော/ အာမခံထက် ချေးငွေတန်ဖိုးမြင့်မားသည့် ချေးငွေထုတ်ချေးခြင်း အတွက် ကန်ဒေါ်လာ ၁၁၉သန်းထုတ်ချေးပေးခဲ့သည်။ အစီအစဉ်မှ ဤငွေကြေးထောက်ပံ့ခြင်းအား ရိုးမဘဏ်ခွဲ (၆၉)ခုမှ တဆင့် ကျေးလက်နေ မိသားစု ၃၇၉,၀၀၀ ကျော် ထံရောက်ရှိစေခဲ့သည်ဟု ခန့်မှန်းထားပါသည်။

**ရရန်အကြွေးလျှော့စာရင်းအတွက် ငွေကြေးပံ့ပိုးမှု။** ဤဝန်ဆောင်မှုမှ တန်ဖိုးမြှင့်ကွင်းဆက်အပေါ်တွင် ငွေများထည့်ဝင်ပေးခြင်းဖြင့် သွင်းအားစု အရောင်းကိုယ်စားလှယ် များအား ပိုမိုများပြားသည့် လယ်သမားများထံ အကြွေးစနစ်ဖြင့် ရောင်းချနိုင်ရေးကို ဆောင်ရွက်ပေးနေပါသည်။ ရလဒ်အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ၏ ရောင်းလိုအား တိုးတက်လာပါသည်။ ရိုးမဘဏ်သည် သွင်းအားစုပေးသွင်းသူများအား သူတို့၏အရောင်း ကိုယ်စာလှယ်များထံ အကြွေးရောင်းချသည့် ငွေပမာဏအပေါ်မူတည် ၍ လုပ်ငန်းလည်ပတ်သည့် အရင်းအနှီးကို ပံ့ပိုးပေးပါသည်။ ၂၀၁၉ခုနှစ် ဒီဇင်ဘာလတွင် မြန်မာကျပ် ၂၂ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅သန်း) အားထုတ်ပေးခဲ့ပြီး တောင်သူ လယ်သမား ၃၅,၀၀၀ ခန့်အတွက် အကျိုး ရှိစေခဲ့ပါသည်။

**ကုန်အမှာစိုက်ချေးငွေ** ။ ဤဝန်ဆောင်မှုမှ တန်ဖိုးမြှင့်ကွင်းဆက်၏ ထိပ်၌ရှိနေသော သွင်းအားစု ပေးသွင်းသူများထက် အလယ်၌ရှိနေသော အရောင်းကိုယ်စားလှယ်များအား ဘဏ်၏ဝန်ဆောင်မှုများကို အသုံးပြုသူများ ဖြစ်လာစေရန် စီစဉ်ဆောင်ရွက်ထားခဲ့ပါသည်။ အရောင်းကိုယ်စားလှယ် များသည် ရောင်းချသူများထံမှ ဝယ်ယူခဲ့သည့် သွင်းအားစုများအတွက် ရိုးမဘဏ်မှ ချေးငွေလျှောက်ထားပါသည်။ ရိုးမဘဏ် သည် တင်သွင်းရောင်းချသူများ တိုက်ရိုက်ပေးချေပြီးတင်သွင်းရောင်းချသူများမှ ချေးငွေများအပေါ်အရောင်းကိုယ်စားလှယ်များမှ ပြန်လည် ပေးဆပ်ရန် ပျက်ကွက်နိုင်သည့်အန္တရာယ် ၅၀% အား မျှခံရန် လက်ခံပါသည်။ ၂၀၁၉ခုနှစ်အကုန်တွင် မြန်မာကျပ် ၁၆ဘီလီယံ

[၂၃] ကမ္ဘာကုလသမဂ္ဂ၏ ကမ္ဘာစားနပ်ရိက္ခာအဖွဲ့ (FAO) မှရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးအား ထုတ်လုပ်မှု စွမ်းအားရေရှည်တိုးတက်ခြင်း ကြံ့ကြံ့ခံနိုင်စွမ်းတိုးတက်ခြင်း (လိုက်လျောညီထွေရှိခြင်း) ဖြစ်နိုင်သည့် နေရာများ၌ ဖန်လုံအိမ်ဓာတ်ငွေ့ များ လျှော့ချသည့်/ ဖယ်ရှားခြင်း (လျှော့ပါး သက်သာစေခြင်း) နှင့်အမျိုးသားအစားအသောက်ဖူလုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ရရှိခြင်းတို့ ရှိသည့်စိုက်ပျိုးရေးဟု အနက်အဓိပ္ပါယ်ဖွင့်ပါသည်။

[၂၄] ခန့်မှန်းမှုအား FAO မှပြုလုပ်ပါသည်။

(အမေရိကန်ဒေါ်လာ ၁၁သန်း) အားထုတ်ပေးခဲ့ပြီး တောင်သူလယ်သမား ၃၅,၀၀၀ ဦးကျော် အကျိုးဖြစ်ထွန်းသည်ဟု ခန့်မှန်းခဲ့ပါသည်။

**ရာသီကြိုထုတ်ချေးငွေ** ။ အငယ်စားနှင့် အလတ်စားပြောင်းကုန်သည်များအား ၎င်းတို့၏ ရောင်းဝယ်နိုင်စွမ်းကို တိုးမြှင့်ရန် နှင့် ဈေးကွက်တိုးချဲ့ရန်တို့အတွက် ဤဝန်ဆောင်မှုအား ရိုးမဘဏ်မှပေးအပ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် AFP သည် ၎င်းတို့ ၏ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများအား ဆန်/စပါးကုန်သည်များထံ တိုးချဲ့ခဲ့ပါသည်။ ကုန်သည်များသည် ရိတ်သိမ်းချိန်ဖြစ်သည့် နိုဝင်ဘာလတွင် ရိုးမဘဏ် ထုတ်ပြီး၊ တန်ဖိုးအပြည့်အား ဇူလိုင်လတွင် ပြန်ဆပ်ရပါသည်။ပြီးခဲ့သည့် နှစ်၏အမြင့်ဆုံး အရောင်းပမာဏ အပေါ် မူတည်၍ငွေကြေးပံ့ပိုးမှုကို ပေးအပ်ပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် မြန်မာကျပ်ငွေ ၃၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅သန်း) အားထုတ်ချေးခဲ့ပြီး ဤချေးငွေအား ရရှိခဲ့သည့် ပြောင်းကုန်သည် ၇၄ဦးနှင့် စပါးကုန်သည် ၁၁ဦးတို့ နှင့် အရောင်းအဝယ်ကိစ္စဆက်ဆံနေသည့် ပြောင်းနှင့် စပါးစိုက်ပျိုးသည့် တောင်သူ လယ်သမား ခန့်မှန်းခြေ ၃၇,၂၀၀ တို့အား အကျိုးခံစားရပါသည်။

**MFIများသို့ ငွေချေးခြင်း** ။ ပြန်လည်ချေးငှားရန်ပေးအပ်သည့် ရာနှုန်းပြည့် အာမခံပေးရန်မလိုသည့် ဤဝန်ဆောင်မှုသည် နိုင်ငံရပ်ခြားရန်ပုံငွေအား ဆုံးရှုံးမှုမှ ကာကွယ်ပေးပြီး အသေးစားချေးငွေများကို တောင်သူလယ်သမားများထံ ပိုမို၍ချေးပေးနိုင်သည့် ရလဒ်ကိုရရှိပါသည်။ AFP သည် ချေးငွေမူဝါဒ၏ ဒီဇိုင်းပုံစံနှင့် မိတ်ဆက်ပေးခြင်း၊ ဥပဒေဆိုင်ရာ အထောက်အထားများ၊ MFI ရလဒ်များအား မှတ်သားထားသည့် ကဒ်ပြား၊ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ချေးငွေလျှောက်လွှာ ပုံစံ၊ ဘဏ္ဍာရေးဆိုင်ရာ စနစ်တကျစီစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုသည့် ပုံစံ နှင့် စနစ်တကျ စိစစ်ခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်ရမည့် စံပုံစံ တို့ပါဝင်သည့် ဝန်ဆောင်မှုအား အချိန်ယူပြင်ဆင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နှစ်အကုန်တွင် မြန်မာ ကျပ်ငွေ ၉၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၈သန်း) အား MFI (၁၂)ဖွဲ့ထံထုတ်ချေးခဲ့ပြီး ကျေးလက်နေ မိသားစု ၂၇၀,၂၀၀ ကျော်တို့အတွက် အကျိုးရှိစေသည်ဟု ခန့်မှန်းခဲ့ပါသည်။

## တစ်ဦးချင်းဖွံ့ဖြိုးရေးငွေစာရင်း (IDA) အစီအစဉ်

ရိုးမဘဏ်သည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတွင် ငွေစုဆောင်းသည့် အလေ့အထအား နိုးဆွ လှုံ့ဆော်ရန် ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးစီးပွားငွေကြေးဆိုင်ရာ အစီအစဉ်၏အစိတ်အပိုင်းဖြစ်သည့်ဒီဂျစ်တယ်ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု IDA အား စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဤငွေရေးကြေးရေး ဝန်ဆောင်မှုအား ရိုးမဘဏ်၏ အရေးပါသည့် ရင်းနှီးမြှုတ်နှံမှု ဖြစ်သည့် WAVE MONEY နှင့် အခြားဒီဂျစ်တယ် ဝန်ဆောင်မှုနှင့် ပူးတွဲ၍ ငွေကြေးပံ့ပိုးပေးခဲ့ပါသည်။ ဤသည်မှာ LIFT ၏ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးခဲ့သည့် နောက်ထပ်ဥပမာ တစ်ခုဖြစ်ပါသည်။ LIFT ၏ပံ့ပိုးမှုဖြင့် ရိုးမဘဏ်၏ ကျေးလက်ဈေးကွက်များသို့ ဝင်ရောက်မှုတွင် ဘဏ်မှဖော်ဆောင်ခဲ့သည့် ဝန်ဆောင်မှု ထုတ်ကုန်သည် ကျေးလက်နေလူမှုအသိုင်းအဝိုင်းများ၏ တောင်းဆိုမှုနှင့် ကိုက်ညီမှုမရှိကြောင်းကို ၎င်းတို့မှ ဖော်ထုတ်နိုင်ခဲ့သည့် ရလဒ်အား ရရှိခဲ့ပါသည်။ အကျိုးအမြတ်များသည် LIFT ၏ ကျေးလက်နေ အကျိုးခံစားခွင့်ရှိသူများအတွက် အကျိုးဖြစ်ထွန်းစေပါသည်။

IDA အစိတ်အပိုင်းသည် ကျေးလက်နေအိမ်ထောင်စုများမှ ငွေစုခြင်း နှင့် IDA ဝန်ဆောင်မှုသုံးစွဲသူများအား ရိုးမဘဏ်၏ ငွေချေးငှားခြင်း နှင့် စုဆောင်းခြင်း တို့ အစုံအလင်ပါဝင်သည့် ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်ခြင်း နှင့် ၎င်းတို့၏ SMART ဖုန်းများမှ တဆင့် ရိုးမဘဏ်၏ SMART အပလီကေးရှင်း[၂၅]အား အသုံးပြု၍ ငွေပေးငွေယူပြုလုပ်နိုင်ခြင်းတို့အတွက် ရည်မှန်းထားခဲ့ပါသည်။ ဝန်ဆောင်မှုရယူသူအသစ်များအား ငွေချေးရန် အနိမ့်ဆုံးထားရှိရမည့် လက်ကျန်ငွေပမာဏ/ ဆွဲဆောင်မှုရှိသော တုံ့ပြန်မှုတို့ဖြင့် ၎င်းတို့၏ တိုးပွားလာသည့် စုငွေများဖြင့် အား ငွေချေးရန်အတွက် အပေါင်ပစ္စည်းအဖြစ်သုံးစွဲနိုင်ရန် (သို့) အသုံးပြုနိုင်ရန်အတွက် ပံ့ပိုးပေးပါသည်။ အဆိုပါစုဆောင်းငွေအား တနှစ်အတွင်း ပြန်လည်ထု တ်ယူ ၍ မရနိုင်ပါ။ ဝန်ဆောင်မှုရယူသုံးစွဲသူများမှ စုငွေများများ ပိုမိုစုနိုင်လျှင် တဆက်တည်းမှာပင် ၎င်းတို့အနေဖြင့် ပိုမိုများပြားသည့် ငွေအား ချေးယူနိုင်ပါသည်။ ဤအချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေသည့် မြီစားမြီရှင်စာရင်းလက်ကျန်ငွေ၏ သဘောသဘာဝမှာ လူအများအား ၎င်းတို့၏ နေ့စဉ် ငွေကြေးစီမံခန့်ခွဲမှုအား ကူညီပံ့ပိုးပေးရန်နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ၎င်းတို့မှ ငွေရယူနိုင်ခြင်းအား သေချာစေရန်တို့ ဖြစ်ပါသည်။ ထို့အပြင်ငွေစုသည့် ဝန်ဆောင်မှုအား ရယူသုံးစွဲသူများသည် ပုံမှန် SMART ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုထုတ်ကုန်များမှ ပုံမှန်ကမ်းလှမ်းသည့် ပမာဏထက် ပိုမိုနည်းပါးသည့် ငွေပမာဏကို ချေးယူနိုင်ရန်အတွက် ရွေးချယ်နိုင်ပြီး၊ L-ift[၂၆]၊ အိုနောင်း(Opportunity Now)[၂၇] နှင့် WAVE MONEY[၂၈] ကိုယ်စားလှယ်များ အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ မှတဆင့် ဒီဂျစ်တယ်နှင့် ငွေကြေးဆိုင်ရာ အသိပညာပေးသည့် ပံ့ပိုးမှုများ အားလည်း လက်လှမ်းမီရယူနိုင်ပါသည်။ ထို့အပြင် အဆိုပါ မိတ်ဖက်အဖွဲ့အစည်းများသည် ကမ်းလှမ်းနေသည့် ဝန်ဆောင်မှု ပတ်သက်၍ ကျေးလက်နေ ပြည်သူများ အနေဖြင့် ၎င်းတို့အတွက် မည်သည်ကအလုပ်ဖြစ်ပြီး မည်သည်ကအလုပ်မဖြစ်သည်တို့နှင့် သက်ဆိုင်သည့် တုံ့ပြန်မှတ် ချက်များ ပေးရန် ဆက်သွယ်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအနေဖြင့် အသုံးပြုနိုင်ပါသည်။ အဆိုမိတ်ဖက် အဖွဲ့အစည်းများမှ သူတို့၏ ပုံမှန်စီးပွားရေးလမ်းကြောင်း အတွင်းမှ လယ်ယာ အကြံပေးဝန်ဆောင်မှုများ နှင့် ငွေရေးကြေးရေးဆိုင်ရာ အဆိုပြုချက်အား လက်လှမ်းမီ ရယူနိုင်မှု နှင့် အတူ ခိုင်မာသည့် မိတ်ဖက်ပြုမှု ပြုလုပ်ရန်အတွက် ဝန်ဆောင်မှု ရယူသူအသစ်များအား တပြိုင်တည်း ပေးအပ်ခဲ့ပါသည်။

ယခုအချိန်အထိ ပြီးစီးအောင်မြင်မှုများတွင် WAVE ကွန်ရက်အား တိုးချဲ့ခြင်း (ကိုယ်စားလှယ် ၅၄,၀၀၀) ၊ SMART အပလီကေးရှင်းအား စတင်အသုံးပြုခြင်း (အသုံးပြုသူ ၂၈၈,၀၀၀ ဦးရှိပြီး တိုးပွားနေပါသည်) ၊ ဒီဂျစ်တယ် ဝန်ဆောင်မှုအသုံးပြုသူ အသစ်များအတွက် တုံ့ပြန် ဆောင်ရွက်သည့် ဝန်ဆောင်မှုပေးနိုင်ရန် အချက်အလက်များ စနစ်တကျ ဆန်းစစ်လေ့လာခြင်းများ ဖော်ဆောင်ခြင်း၊ IDA ဈေးကွက်တင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများအား ပါဝင်အားပေးရန် စည်းရုံးခြင်း၊ ရိုးမဘဏ်၏ ဒီဂျစ်တယ်ဌာနတွင် လိုအပ်သည့် ဝန်ထမ်းများ ငှားရမ်း ခန့်ထားခြင်းတို့ ပါဝင်ပါသည်။

၂၀၁၉ ခုနှစ် ဒုတိယ (၆)လပတ်တွင် IDA သည် ကနဦးရွေ့ပြေးစမ်းသပ်သည့် စီမံကိန်း (၂)ခုဖြစ်သော- ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း (MCCT) နှင့် Double Deposit အစီအစဉ်

---

၂၅ SMART အပလီကေးရှင်းသည် အသုံးပြုသူများမှ ဘဏ်၏ဒီဂျစ်တယ်ဝန်ဆောင်မှုများ အားလုံးအား အပြည့်အဝအသုံးပြုနိုင်သည့် စမတ်တယ်လီဖုန်းတွင် ထည့်သွင်းနိုင်သော အပလီကေးရှင်းဖြစ်ပါသည်။

၂၆ လူမှုရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းသည် ကျေးလက်သို့ အားကောင်းသောရောက်ရှိမှုနှင့် အတူဝင်ငွေနိမ့်ပါးသည့် သူများ၏ ငွေရေးကြေးရေးဆိုင်ရာ ပြောင်းလဲမှုအပေါ် အထူးပြုလုပ်ဆောင်ပါသည်။

၂၇ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း

၂၈ တနိုင်ငံလုံးရှိ ကိုယ်စားလှယ်ကွန်ယက်မှတဆင့် မိုဘိုင်းဖုန်းဖြင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်သည့် တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီ တယ်လီနောနှင့် ရိုးမဘဏ်တို့ ဖက်စပ်ထူထောင်ထားသည့် စီးပွားရေးလုပ်ငန်း

တို့အား အပူပိုင်းဇုန်တွင် ဆောင်ရွက်ခဲ့ပါသည်။ MCCT ၏ ရွှေ့ပြောင်းစမ်းသပ်သည့် စီမံချက်အား L-ift နှင့် မိတ်ဖက်ပြကာ ဆောင်ရွက်ခဲ့ပါသည်။ ရွှေ့ပြောင်းစမ်းသပ်မှုများသည် MCCT အတွက် ကြိုတင်အရည်အချင်းစစ်ထားပြီးသည့် သူတစ်ဦးချင်းစီထံ SMART ငွေစာရင်း ဖွင့်ပေးရန် အာရုံစိုက်ခဲ့ပါသည်။ L-iftမှ ကျေးရွာ (၂၁) ရွာထံသွားရောက်ခဲ့ရာတွင် ဝန်ဆောင်မှုအား ရယူအသုံးပြုနေသူ ၈၀၃ဦး ထံရောက်ရှိခဲ့ပြီး (၄၁၉)ဦး အား ဝန်ဆောင်မှုအား ရယူအသုံးပြုသူများအဖြစ် စည်းရုံးနိုင်ခဲ့ပါသည်။ SMART အပလီကေးရှင်းအား ဝန်ဆောင်မှုရယူသူ ၂၅၁ဦးမှ ရယူအသုံးပြုခဲ့ပါသည်။ MCCT ရွှေ့ပြောင်းစမ်းသပ်ချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များထံ မည်ကဲ့သို့ ရောက်ရှိနိုင်သည် ဆိုသည့် အရေးပါသည့် လေ့လာသင်ယူမှုများ နှင့် ဒီဂျစ်တယ်နည်းဖြင့် ငွေလွှဲပေးပို့မှုများတွင် ၎င်းတို့တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် ပတ်သက်၍ မှတ်တမ်းတင်ရာတွင် အောင်မြင်မှု ရရှိခဲ့ပါသည်။

Double Deposit အစီအစဉ်အား လွန်ခဲ့သည့် ခြောက်လကျော်အတွင်း ဘဏ်ငွေစာရင်း၌ လက်ကျန်ငွေမြန်မာကျပ် ၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၃ ဒေါ်လာ) (သို့) ထို့ထက်နည်းသည့် ပမာဏရှိသော ရိုးမဘဏ်၏ ဝန်ဆောင်မှုအား ရယူအသုံးပြုနေသည့်သူအများအပြား (၄,၉၀၅ဦး) နေထိုင်ရာ ကျေးရွာများရှိသော မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီး များတွင် လေးပတ်ကြာရွှေ့ပြောင်းစမ်းသပ်မှု ပြုလုပ်ခဲ့ပါသည်။

ဖော်ထုတ်ခဲ့သည့် အဓိကစိန်ခေါ်မှုများမှာ လူအများမှ ၎င်းတို့၏ အီလက်ထရောနစ်စနစ်ဖြင့် ငွေပေးငွေယူပြုလုပ် နိုင်သည့် နည်းကိရိယာ (e wallet) မှ ငွေစက္ကူများကို အထုတ်၊ အသွင်းပြုလုပ်နိုင်သည့် ငွေသွင်းငွေထုတ်ခြင်းဆိုင်ရာ ရွေးချယ်စရာ နည်းလမ်းများနှင့် ရိုးမဘဏ်၏ ဝန်ဆောင်မှု ရယူသူဖြစ်လာရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ဘဏ်ရှိသည့်နေရာသို့ ကိုယ်တိုင်သွားရောက်ရခြင်း တို့ ဖြစ်ပါသည်။

## IDA ၏ ငွေသွင်း၊ ငွေထုတ်ခြင်း

ယေဘုယျအားဖြင့် ရိုးမဘဏ်၏ ဒီဂျစ်တယ် မဟာဗျူဟာနှင့် အထူးသဖြင့် IDA တို့အတွက် အဓိကစိန်ခေါ်မှုများ အနက်မှ တစ်ခုမှာ ငွေသွင်း၊ ငွေထုတ်ခြင်းအား မည်ကဲ့သို့ ပံ့ပိုးကူညီ ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်း ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများသည် ဘဏ်များ၊ ATM စက်များနှင့် အလွန်ဝေးကွာသည့် နေရာ၌ နေထိုင်ကြသဖြင့်၊ ၎င်းတို့လိုအပ်သည့် အချိန်၌ သိသာထင်ရှားသည့် ထောက်ပံ့ပို့ဆောင်ရေး၊ အချိန်(သို့) ကုန်ကျစရိတ်တို့မရှိစေဘဲ ၎င်းတို့၏ ငွေစက္ကူများအား ၎င်းတို့ဖုန်းများပေါ်ရှိ စုငွေများအဖြစ် (အပြန်အလှန်အားဖြင့်) ပြောင်းလဲနိုင်ရန် လို အပ်ပါသည်။ မြန်မာနိုင်ငံသည် စမတ်ဖုန်း ထိုးဖောက်မှုများ အလွန်မြင့်မားသော်လည်း ဘဏ်လုပ်ငန်းကွန်ရက်မှာ အကန့်အသတ်ရှိနေဆဲဖြစ်သဖြင့် ငွေသားသုံးစွဲမှုအပေါ် ဆက်လက်၍ အလွန်အမင်း မှီခိုအားထားနေဆဲဖြစ်ပါသည်။ငွေသွင်းငွေထုတ်ခြင်း ဆိုင်ရာ စိန်ခေါ်မှုအား ဖြေရှင်းခြင်းသည် ဘဏ်(သို့) အခြားငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုကို လက်လှမ်းမီ ရယူနိုင်ခြင်းမရှိသော သန်းပေါင်း များစွာသောသူတို့ထံ ရောက်ရှိခြင်းအတွက် အဓိကကျပါသည်။

ဖြေရှင်းနည်းလမ်း၏ အဓိကသော့ချက်မှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ကိုယ်စားလှယ် ၅၄,၀၀၀ ရှိသည့် WAVE ကွန်ရက် ဖြစ်ခဲ့ပါသည်။ ယခုအခါတွင် ဒီဂျစ်တယ်ပိုက်ဆံအား WAVE ငွေပေးငွေယူ ပြုလုပ်နိုင်သည့် နည်းကိရိယာမှတဆင့် SMART အပလီကေးရှင်းထံ လွှဲပြောင်းနိုင်သော်လည်း ထိုသို့ဆောင်ရွက်ရန် ဝန်ဆောင်မှုအသုံးပြုသူများ အနေဖြင့် ဘဏ်ခွဲရှိရာသို့ ဆက်လက် သွားရောက်ရန် လိုအပ်ပါသည်။ ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် အပလီကေးရှင်း နှစ်မျိုးသုံးရသည်ကို ဝန်လေးကြသည့်အတွက် ယင်းအချက်သည် အသုံးပြုသူအသစ်များအား ဆွဲဆောင်ရာ တွင်လည်း အဟန့်အတားဖြစ်စေခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ရိုးမဘဏ်ဝန်ဆောင်မှု အသုံးပြုသူများ အနေဖြင့် ငွေသွင်းငွေထုတ် ပြုလုပ်ရန်တွက် WAVE အပလီကေးရှင်းအား ကြားခံအဖြစ် အသုံးပြုရန် မလိုအပ်တော့ဘဲ WAVE ကွန်ရက်အား အသုံးပြုနိုင်ရန်- ဝန်ဆောင်မှု အသုံးပြုသူများသည် ၎င်းတို့၏ WAVE (သို့) SMART အပလီကေးရှင်း တစ်ခုမဟုတ် တစ်ခုဖြင့် အသုံးပြု၍ ငွေပေးငွေယူ လုပ်ဆောင်နိုင်ရန်- အတွက် အစီအစဉ် ရေးဆွဲထားပါသည်။ သို့ဖြင့် ရိုးမဘဏ်၏ ဘဏ်ခွဲ (၈၀) ကွန်ရက်မှသည် မြန်မာတနိုင်ငံလုံးရှိ WAVE ကိုယ်စားလှယ် ၅၄,၀၀၀ အထိ ကျယ်ပြန့် လာစေပါသည်။ ဝန်ဆောင်ခမှာ ငွေသွင်းငွေထုတ် ပြုလုပ်သည့် အကြိမ်တိုင်းအတွက် ၁% မှ ၂% အကြား ရှိပါသည်။ WAVE ကွန်ရက်သည် ဘဏ်ခွဲကွန်ရက်အပေါ် မှီခိုနေရသည်အား လျှော့ချရန်နှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအား ထပ်မံ၍ တွန်းအားပေးရန် တို့အတွက် ရိုးမဘဏ်၏ မဟာဗျူဟာတွင် အဓိက မဏ္ဍိုင်အဖြစ် ဆက်လက် တည်ရှိနေပါသည်။

## IDA ၏ ဝန်ဆောင်မှု အသုံးပြုခွင့်ကို အွန်လိုင်းနှင့် ကိုယ်တိုင် လျှောက်ထားရယူနိုင်ခြင်း

လက်ရှိတွင် မြန်မာနိုင်ငံ ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများသည် ဝန်ဆောင်မှု အသုံးပြုခွင့် ရယူသူသည် မျက်နှာချင်းဆိုင် လူချင်းတွေ့ဆုံခြင်းနှင့် နိုင်ငံသား စီစစ်ရေး ကဒ်ပြားနှင့် မည်သူမည်ဝါဖြစ်ကြောင်း တိုက်ဆိုင် စစ်ဆေးပြီးမှသာ ဝန်ဆောင်မှု အသုံးပြုခွင့်အား ရယူ နိုင်မည်ဟု ပြဋ္ဌာန်း ထားပါသည်။ တစ်စုံတစ်ဦးမှ သူမည်သူဖြစ်ကြောင်း ပြောဆိုသည်ကို တိုက်ဆိုင် စစ်ဆေးသော လုပ်ငန်းစဉ်အား “သင်၏ ဝန်ဆောင်မှု အသုံးပြုသူအား သင်သိရမည်” (KYC) ဟု လူသိများပါသည်။ ရိုးမဘဏ်၏ SMART အပလီကေးရှင်းသည် ဝန်ဆောင်မှု ရယူ အသုံးပြုသူများအား ဘဏ်ခွဲများတွင် ဆက်လက် လုပ်ကိုင်ဆောင်ရွက်ဆဲဖြစ်သည့် KYC လုပ်ငန်းစဉ်မှ လွဲ၍ ယခုလက်ရှိတွင် လိုအပ်သည့် သတင်းအချက်အလက်များ အားလုံးအား အွန်လိုင်းမှ ပေးအပ်နိုင်ရန် ခွင့်ပြုထား ပါသည်။ ဖြေရှင်းချက် တရပ်အနေဖြင့် ဝန်ဆောင်မှု အသုံးပြုခွင့် ရယူရာတွင် WAVE ကိုယ်စားလှယ်များနှင့် အခြား မိတ်ဖက်များမှတဆင့် ကူညီ ဆောင်ရွက်ပေးရန်အတွက် ရိုးမဘဏ်သည် မြန်မာနိုင်ငံ ဗဟိုဘဏ်သို့ အဆိုပြု တင်ပြခဲ့ပြီး ခွင့်ပြုချက်အား ရရှိခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် IDA အတွက် ရွှေ့ပြောင်း စမ်းသပ်ခြင်းအား အပူပိုင်းဇုန်တွင် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးခြင်း (MCCT) အစီအစဉ် မှ ဝန်ဆောင်မှု ရယူသူများအတွက် စီစဉ် ဆောင်ရွက်ခဲ့သည့် တူညီသော မော်ဒယ်ပုံစံအား အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ L-ift မှ ဝန်ဆောင်မှု အသုံးပြုခွင့် ရယူမည့်သူများအား အကူအညီ ပေးအပ်ခဲ့ပြီး အိုနောင်း (Opportunity Now) မှ ဒီဂျစ်တယ်ဆိုင်ရာ လမ်းညွှန်ပြသ ကူညီခြင်းကို စီစဉ် ဆောင်ရွက် ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် L-ift နှင့် အိုနောင်း တို့သည် MCCT ဝန်ဆောင်မှု ရယူအသုံးပြုသူများအား IDA ဝန်ဆောင်မှုအား ရယူအသုံးပြုစေခဲ့ပါသည်။ ငွေစာရင်း ဖွင့်ရန် အဆင်သင့် ဖြစ်စေခြင်းနှင့် ရိုးမဘဏ်၏ မိုဘိုင်းဘဏ် ဝန်ဆောင်မှု အပလီကေးရှင်းအား အသုံးပြုနိုင်ရန် အသက်သွင်းခြင်းအား ခွင့်ပြုပေးသည့် ရပ်ဝန်းအသစ်ဖြစ်သည့် Apply Smart (Smart လျှောက်ထားခြင်း) အား ရှမ်းပြည်နယ် တောင်ပိုင်းနှင့် MCCT အကျိုးခံစားခွင့်ရှိသူများမှ အသုံးပြုနိုင်ရန် စတင် ဆောင်ရွက်ခဲ့ပါသည်။

## IDA နှင့် ဒီဂျစ်တယ်ချေးငွေ

ဒီဂျစ်တယ်စနစ်ဖြင့် ငွေစုသည့် ဖြေရှင်းနည်းလမ်းမှတဆင့် ငွေစုရန်အတွက် လူအများအား အားပေးခြင်းသည် တစ်ခုတည်းသော ဖြေရှင်းပေးနိုင်သည့် ဝန်ဆောင်မှု ထုတ်ကုန်တခုမဟုတ်ပါ။ သို့သော် ဝန်ဆောင်မှုအား ရယူအသုံးပြုသူများမှ ယင်းတို့၏ နေ့စဉ်နှင့် အပတ်စဉ် ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအား စီမံဆောင်ရွက်နိုင်မည့် ဒီဂျစ်တယ် ဘဏ်လုပ်ငန်း ရပ်ဝန်း၏ တစိတ်တဒေသ ဖြစ်လာမည် ဖြစ်ပါသည်။ ဤဖြေရှင်းနည်းလမ်း၏ တစိတ်တဒေသမှာ လိုအပ်ချက်များ ပေါ်ပေါက်လာပါက အစဉ်အလာအားဖြင့် ရယူနေရသည်ထက် ပိုမိုနည်းပါးသည့် အတိုးနှုန်းဖြင့် ကာလတို ချေးငှားနိုင်မည် ဖြစ်ပါသည်။ ၎င်းတို့သည် မကြာခဏ ဆိုသလို ရွေးချယ်နိုင်ခွင့် မရှိဘဲ သူငယ်ချင်းများ၊ ဆွေမျိုးသားချင်းတို့ထံမှ ချေးငှားရယူရသည် (သို့) ဒေသရှိ ငွေတိုးချေးစားသူများထံသို့ သွားရောက် ချေးငှားရပါသည်။

IDA / SMART ဝန်ဆောင်မှုအား ရယူအသုံးပြုသူများသည် ၎င်းတို့၏ အပလီကေးရှင်းမှတဆင့် ရေတို အာမခံပစ္စည်း လုံးဝမပါဝင်သည့် ချေးငွေ – SMART အကြွေးစနစ်အတွက် လျှောက်ထားနိုင်ပါသည်။ အကယ်၍ ၎င်းတို့သည် အကြွေးအား သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ခဲ့ပါက ရိုးမဘဏ်မှ ၎င်းတို့၏ အကြွေးပြန်ဆပ်သည့် အဆင့်သတ်မှတ်ချက်မှာ တိုးတက်လာပြီး အနာဂတ်တွင် တဖြေးဖြေးချင်း ပမာဏ ပိုမို များပြား သည့် ချေးငွေများအတွက် ၎င်းတို့သည် အရည်အချင်း ပြည့်မီသောသူများ ဖြစ်လာပါသည်။ ဝန်ဆောင်မှု ရယူအသုံးပြုသူ၏ ငွေစာရင်းရှိ ပျမ်းမျှစုငွေ လက်ကျန်ပမာဏနှင့် ယင်းမတိုင်မီ အကြွေးအား သတ်မှတ်ချိန်အတွင်း ပြန်လည် ပေးဆပ်မှုအပေါ် မူတည်၍ ချေးငွေပမာဏသည် မြန်မာကျပ်ငွေ ၁၅,၀၀၀ မှ (၅)သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာမှ ၃,၃၀၀) အထိ အမျိုးမျိုး ရှိပါသည်။ SMART အကြွေးစနစ်အား ၂၀၁၈ ခုနှစ်၊ ဖွန်လတွင် စတင်ရှေ့ပြေး စမ်းသပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဖွန်လတွင် ရိုးမဘဏ်၏ ဝန်ဆောင်မှုအား ရယူသုံးစွဲသူ ၆,၀၇၀ ဦး ခန့်ထံ ချေးငွေပေါင်း ၉,၄၂၃ ကျော်အား ထုတ်ချေးခဲ့ပါသည်။[၂၉] ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်း တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်အား ရရှိခဲ့သဖြင့် ရိုးမဘဏ်မှ ဤဝန်ဆောင်မှု ထုတ်ကုန်အား SMART ငွေစာရင်းဖွင့်လှစ်ထားသူ ၁၇၅,၀၀၀ ဦးကျော်ထံ ကမ်းလှမ်းနိုင်ပါသည်။

ဝန်ဆောင်မှုအား ရယူသုံးစွဲသူများမှ ၎င်းတို့၏ နေ့စဉ် ငွေရေးကြေးရေး လိုအပ်ချက်များအား စီမံခန့်ခွဲနိုင်ရန်အတွက် အကူအညီပေးရန် ဒီဇိုင်းပုံစံ ရေးဆွဲထားသည့် SMART အကြွေးစနစ်အပြင် ရိုးမဘဏ်မှ အငယ်စားစီးပွားရေး လုပ်ငန်းများ၏ လိုအပ်ချက်များနှင့် အံဝင်ခွင်ကျ စီမံပေးထားသည့် SMART စီးပွားရေးလုပ်ငန်း အကြွေးစနစ်ကိုလည်း မိတ်ဆက် ပေးခဲ့ပါသည်။ ချေးငွေ ပမာဏမှာ မြန်မာကျပ် ၁၀၀,၀၀၀ မှ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၆၅ မှ ၆,၅၅၀) ထိ အမျိုးမျိုး ကွဲပြားပါသည်။ ဤဝန်ဆောင်မှု ထုတ်ကုန်အား ကနဦးတွင် ဈေးဆိုင်ငယ်လေးများအား ဖွင့်လှစ်ရောင်းချနေသည့် WAVE Money ကိုယ်စားလှယ်များထံ လုပ်ငန်းလည်ပတ်သည့် အရင်းအနှီး အနေဖြင့် စီးပွားရေး လုပ်ငန်းရှင် သတ်မှတ်ချက် ပြည့်မီသောသူများအဖြစ် သတ်မှတ်ကာ မိတ်ဆက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဖွန်လကုန်တွင် မြန်မာကျပ်ငွေ ၂၂၅၆၄.၅၃ သန်း (အမေရိကန်ဒေါ်လာ ၁၅ သန်း) အား ဝန်ဆောင်မှုအား ရယူအသုံးပြုသူ စုစုပေါင်း ၆,၉၂၆ ဦးထံ ထုတ်ချေးခဲ့ပါသည်။

## IDA ၏ ရှေ့ပြေးစီမံကိန်း စမ်းသပ်လေ့လာမှုများမှ လေ့လာသင်ယူခဲ့သည်များ –

MCCT နှင့် Double Deposit ရှေ့ပြေးစီမံကိန်း စမ်းသပ် လေ့လာမှုများတွင် အချို့သော လေ့လာသင်ယူမှုများသည် အခြေခံအားဖြင့် တူညီကြပါသည်။

- » ဘဏ်နှင့် အခြားငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်း မရှိသည့်သူများနှင့် လုံလောက်သည့် လက်လှမ်းမှီမှု မရှိသော သူများမှ ဝန်ဆောင်မှု အသုံးပြုခွင့် ရယူရာတွင် စီမံဆောင်ရွက်ရန်အတွက် ဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲများ၌ ဝန်ထမ်းများ၊ လုပ်ငန်းလည်ပတ်ခြင်း ဆိုင်ရာ ရင်းမြစ်များသည် အရေးပါသည့် အချက်အနေဖြင့် လိုအပ်နေပါသည်။ ရိုးမဘဏ်၏ အနာဂတ် လုပ်ငန်းအတွက် သက်ရောက်မှုမှာ ဝန်ဆောင်မှု အသုံးပြုခွင့် ရယူပြုမည့်သူများအတွက် အချို့သော ဝန်ထုပ်ဝန်ပိုးများအား ကူညီဖြေရှင်းပေးမည် ဖြစ်သည့် ကွင်းဆင်း လုပ်ကိုင် သည့် အတွေ့အကြုံရှိသော မိတ်ဖက်များအပေါ် အားထား နေရပါသည်။
- » ဘဏ်ခွဲများမှ ဝေးလံသည့် နေရာများ၌ နေထိုင်သူများအတွက် ဘဏ်ခွဲများသို့ လူကိုယ်တိုင် သွားရောက်ရာတွင် အမျိုးမျိုး ကွဲပြားနေပြီး ဝန်ဆောင်မှု အသုံးပြုခွင့် ရယူခြင်း၊ လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ ရှိနိုင်ပါသည်။ ကွင်းဆင်း ဆောင်ရွက်သည့် ဝန်ထမ်းများသည် ဝန်ဆောင်မှုအား ရယူအသုံးပြုသူများ၏ သတင်းအချက်အလက်များ စာရွက်စာတမ်းဖြင့်မှတ်သား ရယူခြင်းအပေါ်တွင် မှီခိုအားထားနေရပြီး ဘဏ်ခွဲ၌ ငွေစာရင်းများ ဖွင့်ခြင်းကို နောက်ပိုင်းမှသာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။
- » ဝန်ဆောင်မှု အသုံးပြုခွင့်အား ရယူရာတွင် အသုံးပြုသည့် တက်ဘလက် (Tablet) များသည် ရုံဖန်ရံခါ လုပ်ငန်းဆောင်ရွက်ရာတွင် တည်ငြိမ်မှု မရှိသည့် ပြဿနာများ ကြုံတွေ့ပြီး ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေ အညွှန်း တွက်ချက်ရာတွင် နှင့် ဝန်ဆောင်မှု အသုံးပြုခွင့် ရရှိသည့် ဝန်ဆောင်မှု သုံးစွဲသူများမှ ဒီဂျစ်တယ်နည်းပညာ အသုံးပြု၍ စတင်သုံးစွဲမှု ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့စေခဲ့ပါသည်။
- » ကျေးလက်နေ ဝန်ဆောင်မှုရယူသုံးစွဲသူများနှင့် တယ်လီဖုန်း၊ စာတိုပေးပို့မှုများမှတဆင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုအား ရယူသုံးစွဲသူများသည် ၎င်းတို့၏ ဖုန်းနံပါတ်များ ပြောင်းလဲ အသုံးပြုခြင်းနှင့် ဘဏ်တွင် နောက်ဆုံး အချက်အလက်များ ထည့်သွင်းမှု မပြုလုပ်ခြင်းတို့ ကြောင့် နှောင့်နှေးနေပါသည်။
- » ကျေးလက်နေ အဆိုပါ ပြည်သူများတွင် မိသားစုဝင်များ အားလုံးအတွက် များသောအားဖြင့် တယ်လီဖုန်းနံပါတ် (၁)ခုသာ ရှိပါသည်။ အကယ်၍ ဝန်ဆောင်မှု ရယူသုံးစွဲသူမှ တယ်လီဖုန်းအား ၎င်းတို့နှင့် အတူ ယူဆောင်လာခြင်း မပြုသည့်အခါနှင့် စာတို ပေးပို့ရာတွင် ပေးပို့လိုသည့်သူထံ မရောက်ရှိသည့်အခါတို့တွင် ဝန်ဆောင်မှု အသုံးပြုခွင့် ရယူရာ၌ အခက်အခဲ ဖြစ်စေပါသည်။
- » မိုဘိုင်းဖုန်းနှင့် ဆက်နွယ်နေသည့် အမျိုးမျိုးသော နည်းပညာနှင့် အသုံးပြုသူဆိုင်ရာ ပြဿနာများမှာ –
  - တစ်ဦးချင်းစီ၌ ရှိသော တယ်လီဖုန်း အမျိုးအစားများသည် SMART အပလီကေးရှင်းအား အထောက်အပံ့ မပေးနိုင်သည့် ရိုးရှင်းသော ဖုန်းများ ဖြစ်နေခြင်း
  - ဖုန်းအတွင်း အချက်အလက် သိမ်းဆည်းနိုင်သည့် ပမာဏမှာ ပြည့်နေသည့် အတွက်ကြောင့် အပလီကေးရှင်းအား ဖုန်းအတွင်း ထည့်သွင်းရန် မဖြစ်နိုင်တော့ခြင်း
  - စာတိုပေးပို့သည်အား လက်ခံနိုင်သည့် ပမာဏမှာ ပြည့်နေသည့် အတွက်ကြောင့် အတည်ပြုခြင်းနှင့် အခြား အရေးကြီးသည်တို့အတွက် စာတိုပေးပို့ထားသည်အား လက်ရှိ ရရှိမှု မရှိခြင်း
  - ယုံကြည်စိတ်ချ၍မရသည့် တယ်လီဖုန်း ဘက်ထရီများကြောင့် အပလီကေးရှင်း ထည့်သွင်းနေစဉ်၌ တယ်လီဖုန်းပိတ်သွားစေခြင်း

[၂၉] အဆိုပါငွေများသည် AFP ၏ အစိတ်အပိုင်းမဟုတ်သော်လည်း LIFT မှ ဦးတည်ရည်ရွယ်သည့် အကျိုးခံစားခွင့်ရှိသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ထုတ်ကုန်များအား ပေးအပ်ခြင်းသို့ ဦးတည်သည့် တိုးတက်မှုအား ပြုလုပ်ခဲ့သည်၏ အထောက်အထားဖြစ်ပါသည်။

MCCT ရွေ့ပြောင်းစမ်းသပ်မှုမှ ထပ်မံ လေ့လာသင်ယူခြင်း အချို့မှာ –

» ဝန်ဆောင်မှုအား ရယူသုံးစွဲသူများသည် SMART အပလီကေးရှင်းအား ထည့်သွင်းရန်နှင့် အသုံးပြုရန်တို့အတွက် ကူညီပံ့ပိုးပေးမှုများစွာ လိုအပ်ပါသည်။ ဖြစ်ရပ်အများစုတွင် ဝန်ဆောင်မှုရယူသုံးစွဲသူများအနေဖြင့် အပလီကေးရှင်းအား အသုံးပြုနိုင်မှုရှိမရှိ သေချာစေရန် နောက်ဆက်တွဲ လုပ်ဆောင်မှုများ ပြုလုပ်ရပါသည်။ တစ်အိမ်တက်ဆင်း ချဉ်းကပ်နည်းလမ်းသည် ပိုမို နှေးကွေးသော်လည်း ပိုမို ကောင်းမွန်သည့် စျေးကွက် ထိုးဖောက်မှုကို ရရှိပြီး အဖွဲ့မှ သင့်တော်သော ဝန်ဆောင်မှုအား ရယူသုံးစွဲသူများနှင့် အပလီကေးရှင်း အသုံးပြုခြင်း ဆိုင်ရာ ပြဿနာများအား ဖော်ထုတ်ရာတွင် ပိုမို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

» အပလီကေးရှင်းအား ကနဦး အစုံအလင် ထည့်သွင်းပြီးနောက် ဝန်ဆောင်မှုအား ရယူသုံးစွဲသူများသည် မတော်တဆ သို့မဟုတ် ရည်ရွယ်ချက်ဖြင့် (ဥပမာ အခြား အပလီကေးရှင်းများ ထည့်သွင်းရန် သိမ်းဆည်းနိုင်သည့် ပမာဏ လိုအပ်ခြင်း (သို့) အပလီကေးရှင်းအား ဖျက်မိခြင်း (သို့) တယ်လီဖုန်း ပျက်သွားခြင်းနှင့် ၎င်းတို့အနေဖြင့် အပလီကေးရှင်းအား ပြန်လည်ထည့်သွင်းရန် လိုအပ်ခြင်း တို့ကြောင့်လည်း ကူညီပေးရန် လိုအပ်ခဲ့ပါသည်။

» အုပ်စုလိုက် အစည်းအဝေးများတွင် လူတော်တော်များများ တက်ရောက်ခဲ့သော်လည်း စီမံကိန်းမှ ရွေးချယ်ရန် အရည်အချင်းပြည့်မီသော လူအများသည် အမြဲတမ်း မတက်ရောက်ခဲ့ပါ (သို့) လိုအပ်သည့် စာရွက်စာတမ်းများအား မယူဆောင်လာခဲ့ပါ။ထို့ပြင် နောက်ပိုင်းတွင် ဆက်သွယ်၍ မရခဲ့ပါ။

» L-ift သည် ကွင်းဆင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လွတ်လပ်သည့် တတိယအဖွဲ့အစည်းဖြစ်သော်လည်း အမျိုးမျိုးသော ပြဿနာများ ဖြေရှင်းရန်အတွက် ရိုးမဘဏ် ဝန်ထမ်းများ၏ ကူညီပံ့ပိုးမှုများအား ဆောင်ရွက်ဆဲအဆင့်တွင်ရော အရေးပါသည့် အဆင့်များတွင်ပါ ဆက်လက်လိုအပ်လျက် ရှိပါသည်။

» အချို့သော MCCT အကျိုးခံစားခွင့် ရှိသူများသည် ဖုန်းနံပါတ်များ မမှန်ကန်သည့်အတွက်ကြောင့် ရှာဖွေ ဆက်သွယ်ရန် ခက်ခဲပါသဖြင့် အိမ်တိုင်ရာရောက် သွားရန်မှာ လိုအပ်နေပါသေးသည်။

» အချို့သော ဝန်ဆောင်မှုအား ရယူသုံးစွဲသူများတွင် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများ မရှိသည့် အတွက်ကြောင့် ၎င်းတို့သည် ဤဝန်ဆောင်မှု ရယူရန် သင့်လျော်ခြင်း မရှိပါ။

Double Deposit စီမံကိန်း ရွေ့ပြောင်း စမ်းသပ်မှုမှ ထပ်မံ၍ လေ့လာသင်ယူခဲ့သည့် အချို့အချက်များမှာ –

» အထူးသဖြင့် နှစ်တနှစ်/ လတစ်လ၌ အချို့သော အချိန်များတွင် ဝန်ဆောင်မှုအား ရယူ အသုံးပြုသူများအတွက် လိုအပ်သော အပ်နှံရမည့် ပမာဏမှာ အလွန်မြင့်မားနေပါသည်။

» ငွေသွင်းရန်အတွက် ဘဏ်ခွဲတခုသို့ သွားရောက်ရသည့် အခက်အခဲသည် အချို့အား အစီအစဉ်တွင် ဆက်လက် ပါဝင်ခြင်းမှ တားဆီးပါသည်။ ငွေစာရင်းဖွင့်သူများအကြား ဆက်လက်အသုံးပြုခြင်း မရှိတော့သည့် ရာခိုင်နှုန်းမှာ ၁၀% ရှိပါသည်။

» ရိုးမဘဏ်သည် အပ်နှံငွေနှင့် ချေးငွေအား တုပြိုင်၍ ကမ်းလှမ်းသည့်အတွက်ကြောင့် စီမံကိန်းသည် တခါတရံ "အလွန်ကောင်းမွန်လွန်းသဖြင့် ယုံကြည်ရန် ခက်ခဲသည်" ဟု ထင်မြင်ကြပါသည်။

» ဝန်ဆောင်မှုအား ရယူသုံးစွဲရန် အလားအလာရှိသူ အများအပြားအား ဆွဲဆောင်နိုင်သည့် အချို့နေရာများတွင် လုပ်ငန်းဆောင်ရွက်ရာတွင် စီမံခန့်ခွဲရန်အတွက် စိန်ခေါ်မှု ဖြစ်လာပြီး လူအုပ်မည်မျှ များပြားလာနိုင်သည်ကို ကြိုတင်မှန်းဆ၍ ပြင်ဆင်ထားရန်အတွက် အခက်အခဲ ရှိခဲ့ပါသည်။

**ရိုးမဘဏ်၏ AFP ရင်းနှီးမြှုပ်နှံမှု အစုစု၏ စွမ်းဆောင်နိုင်မှု**

AFP ၏ ပထမနှစ်တွင် ရရန်ချေးငွေဆုံးရှုံးနိုင်ချေရှိခြင်း/မပြေကျန်ငွေ (PAR) မှာ အလွန်နည်းပါးပြီး ရိုးမဘဏ်သည် LIFT မှ ပေးအပ်သည့် စွန့်စားရနိုင်ချေများအတွက် တစ်ပိုင်းတစ်စ အာမခံ ရန်ပုံငွေမှ ထုတ်ယူခဲ့ခြင်း မရှိပါ။ ဤသည်မှာ ချေးငွေ ပြန်လည်ပေးဆပ်ခြင်းများတွင် ပေးဆပ်ရမည့် အချိန်ကာလထက် ကျော်လွန်သည့် ဖြစ်ရပ်မရှိခဲ့ပါ။ အရစ်ကျငွေပေးချေခြင်းဖြင့် ဝယ်ယူသော စနစ် ပြီးပြည့်စုံလာသည်နှင့်အမျှ PAR မှာလည်း တိုးပွားလာမည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင်

» ကန်ဒေါ်လာ ၁.၄ သန်း (မြန်မာကျပ်ငွေ ၂ ဘီလီယံ) အား AFP အရစ်ကျ ငွေပေးချေခြင်းဖြင့် ဝယ်ယူသော စနစ် အထူးသီးသန့်ငွေစာရင်း (Hire Purchase Special Account) မှ စာရင်းပယ်ဖျက်ခဲ့ပါသည် (သို့မဟုတ် စွန့်စားရနိုင်ခြေများအတွက် တပိုင်းတစ်စ အာမခံ ရန်ပုံငွေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်း)

» ရရန်ချေးငွေဆုံးရှုံးနိုင်ချေရှိခြင်း/မပြေကျန်ငွေ (PAR) မှာ ၁၆ ရာခိုင်နှုန်း ဖြစ်ခဲ့ပါသည်။ (ကန်ဒေါ်လာ ၆.၆ သန်း)

» ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သည့် ချေးငွေများမှာ ၃% ဖြစ်ခဲ့ပါသည်။ (ကန်ဒေါ်လာ ၁.၄ သန်း (သို့) PAR ၏ ၂၁ ရာခိုင်နှုန်း)

» စည်းမျဉ်းစည်းကမ်း ချိုးဖောက်သော ငွေစာရင်း အရေအတွက်မှာ ၆၀၂ ခု ဖြစ်ခဲ့ပါသည်။ (အကြွေးတင်ရှိနေ သည့် ချေးငှားသူများ၏ ၁၆.၃ ရာခိုင်နှုန်း)

AFP ၏ အရစ်ကျ ငွေပေးချေခြင်းဖြင့် ဝယ်ယူသော စနစ်တွင် ရင်းနှီးမြှုပ်နှံထားသည်၌ သိသာထင်ရှားသည့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်ရှိနေပါသည်။ အထောက်အထားများအရ LIFT ၏ ပထမအကြိမ် ဆုံးရှုံးမှုအတွက် ၂၀% ဟု ခန့်မှန်းထားချက်မှာ AFP လုပ်ငန်း လည်ပတ်စတင်ဆောင်ရွက်သည်မှ စ၍ ရာသီဥတုဆိုင်ရာ အဖြစ်အပျက် ကြီးကြီးမားမား မရှိသည့်အခါ အတန်အသင့် မှန်ကန်တိကျပါသည်။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စက်မှုလယ်ယာ ဦးစီးဌာနမှ ထောက်ခံချက် ပေးခြင်းအပေါ် အခြေခံသည့် ချေးငွေများကြောင့် ငုတ်လျှိုးနေသည့် ဆုံးရှုံးရနိုင်ချေ အန္တရာယ် ကြီးမားစွာရှိ နေပါသည်။ MOALI မှ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ ဝယ်ယူခြင်းအား များများစားစား လျှော့ချလိုက်သဖြင့် ဘတ်ဂျက် သိသိသာသာ ပြောင်းလဲသွားသည့် အတွက်ကြောင့် အစိုးရ စီမံကိန်းအား ကူညီပံ့ပိုးပေးရန် ဆုံးရှုံးရနိုင်ချေအန္တရာယ် မြင့်မားသည့် ဤဆုံးဖြတ်ချက် အား ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

AFP ၏ ရင်းနှီးမြှုပ်နှံမှု အစုစုတွင် လက်ရှိ PAR သည် AFP ၏ အရစ်ကျ ငွေပေးချေခြင်းဖြင့် ဝယ်ယူသော စနစ် အထူးသီးသန့် ရန်ပုံငွေမှ ဆက်လက် တောင်းခံရမည်ဆိုသည်မှာ သံသယဖြစ်စရာ မရှိချေ။

**ကျား၊မ ရေးရာ သက်ရောက်မှု**

ရိုးမဘဏ်သည် ၎င်း၏ AFP လုပ်ငန်းများတွင် ကျား၊မ ရေးရာ ဘက်လိုက်မှု မရှိစေရန် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ အမျိုးသမီးများ၏ ပူးပေါင်း ပါဝင်ခြင်းအား စုံစမ်းစစ်ဆေးခြင်းမှ အမျိုးသမီး အနည်းငယ်သည်သာ ငွေချေးသူများ ဖြစ်သော်လည်း အမျိုးသမီးများသည် အိမ်ထောင်စု ငွေရေးကြေးရေးမန်နေဂျာအဖြစ် ရပ်တည်နေသည့် ၎င်းတို့၏ နေရာ မှ သာမက အာမခံပစ္စည်း အဖြစ် ထားရန် လိုအပ်သော မြေယာပိုင်ဆိုင်ခွင့်များအား ထိန်းချုပ်ထားခြင်းတို့မှတဆင့် ချေးငှားခြင်းများတွင် ဩဇာသက်ရောက်သည့် အခန်းကဏ္ဍမှ ပါဝင် ခဲ့ကြောင်းကို ပြသနေပါသည်။

AFP အတွက် လွတ်လပ်သည့် အကဲဖြတ်သုံးသပ်ခြင်းအား ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ အစီရင်ခံစာမှ လယ်ယာသုံးစက် ကိရိယာများအား အရစ်ကျငွေချေခြင်းစနစ်ဖြင့် ဝယ်ယူသော စီမံချက်သည် အမျိုးသမီးများ အပါအဝင် မိသားစု၏ အလုပ်ချိန်အား ၂၆% လျှော့ချခဲ့ကြောင်းကို မီးမောင်းထိုးပြခဲ့ပါသည်။

### ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် ထပ်မံလိုအပ်ချက်

ပိုမိုများပြားသည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် ဈေးကွက်အတွင်း၌ လိုအပ်ချက်မှာ ဆက်လက် တည်ရှိနေပါသည်။

အရောင်းအဝယ်လုပ်သည့် ကုန်သည်များအား မီချီဂန်ပြည်နယ် တက္ကသိုလ်မှ တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့ရာတွင် ၎င်းတို့၌ စက်ကိရိယာ အပိုပစ္စည်းများ အတွက် လုံလောက်သည့် လုပ်ငန်းလည်ပတ်ငွေ မရှိဟု ပြောကြားခဲ့ပါသည်။ ထို့အပြင် စက်ပျက်ခြင်း ဖြစ်ပေါ်လာပါက အပိုပစ္စည်းများအား အလျင်အမြန် မှာယူခြင်းပြုလုပ်ရာတွင် အပိုပစ္စည်းများ၏ တန်ဖိုးတွင် သိသိသာသာမြင့်တက် သွားနိုင်ပါသည်။ နိုင်ငံတကာ စက်ပစ္စည်း ကိရိယာထုတ်လုပ်သူ အကြီးစားများသည် အပို ပစ္စည်းနှင့် လက်ခအတွက် တနှစ်စာ အာမခံပါသည်။ အာမခံ ပေးထားသည့် ကာလ တစ်နှစ် ကျော်လွန်ပြီးနောက် စက်ကိရိယာ ပြုပြင်မှုအတွက် နာမည်ရှိသည့် အမှတ်တံဆိပ်၏ အပိုပစ္စည်းများ၏ မြင့်မားသော ဈေးနှုန်းကြောင့် ထုတ်လုပ်သူများအား ပိုမို ဈေးသက်သာပြီး ကြာရှည် အသုံးခံနိုင်ချေ နည်းပါးသည့် နာမည်ကျော်ကြားမှု မရှိသည့်အမှတ်တံဆိပ်များ၏ အပိုပစ္စည်းများ အား ဝယ်ယူသည့် ရလဒ်ကို ဖြစ်ပေါ်စေပါသည်။ အချို့ ကိစ္စရပ်များတွင် ရွေ့လျား စိုက်ပျိုးစီးပွား လုပ်ငန်းများသည် ဒေသခံ စက်ပြင်သမား မှ ပြုပြင်မွမ်းမံထားသည့် (သို့) တီထွင်ထားသည့် စက်များအား ရေရှည်တွင်ပျက်စီးစေနိုင်သော အထူးပြုပြင်ထားသည့် အပိုပစ္စည်းများအား အသုံးပြုကြပါသည်။ ကုန်သည်များသည် အပိုပစ္စည်းများထားရှိနိုင်ရန်အတွက် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ ထုတ်ချေးငွေပမာဏတစ်ခု ထူထောင်ပေးခြင်းအား စိတ်ဝင်စားကြောင်း ဖော်ထုတ်ပြောဆိုခဲ့ပါသည်။ ထို့အပြင် ကုန်သည်များမှ ရိုးမဘဏ်နှင့် အခြားငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများသည် ရွေ့လျား စိုက်ပျိုးစီးပွား လုပ်ငန်းများအား ကူညီရန် အပို ပစ္စည်းများ ဝယ်ယူရာတွင် ငွေကြေးထောက်ပံ့ပေးသည့် အသေးစား ချေးငွေဝန်ဆောင်မှု ထုတ်ကုန်အား အကောင်အထည်ဖော်ရန်အတွက် ထောက်ခံအကြံပြု ခဲ့ပါသည်။ အပိုပစ္စည်း အရောင်းနှင့် ရောင်းချပြီး နောက်ပေးအပ်သည့် ဝန်ဆောင်မှုများ ဝင်ငွေသည် ကုန်သည်များ ဝင်ငွေ၏ ခန့်မှန်းခြေ ၅၅% အား ကိုယ်စားပြုသည်အား ထည့်သွင်းစဉ်းစားပါက သဖြင့် အဆိုပါငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ထုတ်ကုန်အား တီထွင်မှုသည် တရားဝင်ခွင့်ပြုသည့်အပိုပစ္စည်းများအား အကုန်အကျခံ ဝယ်ယူရန်အတွက် တောင်သူလယ်သမားများအား ကူညီပေးနိုင်သည် တစ်မျိုးတည်းအတွက်သာမဟုတ်ဘဲ ကုန်သည်များမှလည်း ဤအရေးကြီးသည့် ကုန်ပစ္စည်း အမျိုးအစားအား စီးပွားရေးအား ချဲ့ထွင်နိုင်ရန်အတွက်လည်း တိုးချဲ့နိုင်ရန်အတွက်လည်း အကူအညီ ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။

လေးဘီးသုံးထွန်စက်များနှင့် တွဲဖက်အသုံးပြုသည့် ဥပမာ မျိုးစေ့ချ ကိရိယာများ၊ ခါတ်မြေသြဇာပက်ဖျန်းသည့် ကိရိယာများ၊ ထွန်ယက်ပေါင်းသင်စက် စသည့် လယ်ယာစိုက်ပျိုးရေးသုံး ကိရိယာများ၏ ဝယ်လိုအား တိုးပွားလျက် ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးသုံးကိရိယာများ၏ တန်ဖိုးများ အမေရိကန်ဒေါ်လာ ၆,၀၀၀ ခန့်အထိ အတန်းအစား အမျိုးမျိုး ရှိနိုင်ပါသည်။ ဤ AFP အောက်၌ လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်း ကိရိယာများ ဝယ်ယူခြင်းအတွက် လက်ရှိတွင် မည်သည့် ငွေကြေး ထောက်ပံ့မှု မျှ ရရှိနိုင်ခြင်းမရှိသေးပါ။

### သြဘာ မြန်မာ တောင်သူလယ်သမားများ ပူးပေါင်းဖွဲ့စည်းထားသည့် ပထမ မျိုးစေ့ကုမ္ပဏီ (MAFSCO) နှင့် ပုဂ္ဂလိကကဏ္ဍာ ချိတ်ဆက် ဆောင်ရွက်မှု

ဤအစိုးရပုဂ္ဂလိက ကဏ္ဍာမိတ်ဖက်ပြုမှု အစီအစဉ်အတွက် LIFT ၏ ရန်ပုံငွေထောက်ပံ့မှုဖြစ်သည့် အမေရိကန်ဒေါ်လာ ၆.၇၅သန်းသည် ပုဂ္ဂလိက ကဏ္ဍာမှ ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ၏ထည့်ဝင်မှုများကို တွန်းအားအားဖြည့် ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း အပေါ်အာရုံစိုက်သည့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီဖြစ်သည့် သြဘာသည် ဤအစီအစဉ်၌ LIFT ၏ ပုဂ္ဂလိကကဏ္ဍာမှ မိတ်ဖက်အဖွဲ့အစည်း ဖြစ်ပါသည်။ သြဘာသည် ဤအစီအစဉ်၌ အရင်းအနှီးအတွက် ကန်ဒေါ်လာ ၃.၁သန်းရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ မျိုးစေ့ထုတ်လုပ်ရေးဌာနခွဲမှ မှတ်ပုံတင်ထားသည့် အခြေခံမျိုးစေ့အား ဖြည့်ဆည်း ပံ့ပိုးပေးပြီး MOALI မှ သြဘာနှင့် အတူ ပူးတွဲပိုင်ဆိုင်ကြောင်းမှတ်ပုံတင်ထားသည့် တာဝန်ယူထားသော လီမိတက် ကုမ္ပဏီဖြစ်သည့် မျိုးသန့်မြန်မာမှ တဆင့် LIFT မှအရင်းအနှီးထည့်ဝင်ထားသော အထူးနည်းစနစ်ဖြင့် ထုတ်လုပ်၊ စီမံ၊ ပြုပြင်သည့် စက်ရုံအတွက် မြေနေရာရွေးချယ်ဖော်ထုတ်ခြင်းတွင် အကူအညီပေးခဲ့ပါသည်။

စီမံချက်၏ ဦးစားပေး အဓိက ရည်မှန်းချက်ပန်းတိုင်မှာ အသင်းဝင်နှင့် ရှယ်ယာပိုင်သူများမှ တာဝန်ယူထားသည့် လီမိတက် ကုမ္ပဏီဖြစ်သော မျိုးသန့်မြန်မာနှင့် သြဘာတို့မှ ပူးတွဲပိုင်ဆိုင်သည့်ဟု မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသည့် ပထမမျိုးစေ့ ကုမ္ပဏီ၏ဖန်တီးမှုမှတဆင့် ပဲမျိုးစုံအတွက် အရည်အသွေးမြင့် မျိုးစေ့များထောက်ပံ့ဖြည့်ဆည်းပေးမှုအား တိုးမြှင့်ပေးရန်အတွက် ဖြစ်ပါသည်။ မျိုးသန့်မြန်မာသည် မြေကွက် ဝယ်ယူရာ၌ အရင်းအနှီးထည့်ဝင်မှုကို ပြုလုပ်မည်ဖြစ်ပါသည်။ ထုတ်ပေးသည့် အမြတ်ဝေစုနှင့် အကျိုးအမြတ်တို့သည် မျိုးစေ့ ထုတ်လုပ်ရန်အတွက် တောင်သူများ၏ ပုံမှန်ထည့်ဝင်မှုနှင့် ချိတ်ဆက်နေပါသည်။

### သက်ရောက်မှု

တောင်သူလယ်သမားများမှ ထုတ်လုပ်သည့် အသိအမှတ်ပြုလက်မှတ်ရ မျိုးစေ့သည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို အသုံး ပြု၍ မြေ ၂၉,၅၀၅ ဧကတွင် ကုလားပဲ၊ ပဲတီစိမ်းနှင့် နှမ်းမျိုးစေ့များ စိုက်ပျိုးရန်အတွက် လက်ရှိအချိန်အထိ လုံလောက်မှုရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) သည် မျိုးစေ့များအား အသိအမှတ်ပြု ထောက်ခံ ချက်ပေးပါသည်။ အကြမ်းဖျဉ်း အမြတ်များအပေါ်ခန့်မှန်းထားခဲ့သည့် သက်ရောက်မှုမှာ တဧကလျှင် အမေရိကန် (၂၅)ဒေါ်လာ ထပ်မံ၍ ရရှိမည်ဖြစ်ပါသည်။ (အထွက်နှုန်း ၃၀% တိုးတက်လာခြင်းနှင့်အတူ ကောင်းမွန်သည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအတွက် ကုန်ကျခဲ့သည်များနှင့် ဆက်နွယ်နေသည့် ကုန်ကျစရိတ်များလည်း တိုးပွားလာပါသည်)။ ယခုအချိန်အထိ အသိအမှတ်ပြု ထောက်ခံချက်ရှိသည့် မျိုးစေ့ထုတ်လုပ်ခဲ့သည့်အတွက် စုစုပေါင်း ဝင်ငွေ၏ အကျိုး သက်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၇၃၈,၀၀၀ ဖြစ်ပါသည်။ ထုတ်လုပ်စီမံပြုပြင်သည့် စက်ရုံ စတင်လည်ပတ်သည်နှင့် တပြိုင်နက် မျိုးစေ့အရည်အသွေးသည် တိုးတက်ကောင်းမွန်လာမည် ဖြစ်ပြီး စိုက်ပျိုးခဲ့သည့် အရည်အသွေးအာမခံသည့်မျိုးစေ့အား စိုထိုင်းဆ၊အရောင်၊အညှောင့်ဖောက်ခြင်း အစရှိသည်တို့ဖြင့် စမ်းသပ်စစ်ဆေးပါသည်။ ရည်မှန်းချက်မှာ ကုမ္ပဏီ၏ မျိုးစေ့ထုတ်လုပ်မှုမှ နောက်လာမည့် (၅)နှစ်တာ ကာလတွင် တောင်သူလယ်သမား၏ ဝင်ငွေများ ခန့်မှန်းချေ အမေရိကန်ဒေါ်လာ ၄၄၇သန်း တိုးပွားလာစေရန်ဖြစ်ပါသည်။

ယနေ့ ၅၁၂.၆ ဧကမှာ မှတ်ပုံတင်ထားပြီး အခြေခံမျိုးစေ့အား စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ ဤသည်တွင် ကုလားပဲ ၂၄၆ ဧကနှင့် ပဲတီစိမ်း၊ မတ်ပဲ၊ နှမ်းနှင့် ပဲပိစပ် ၂၆၇ ဧက တို့ပါဝင်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ထုတ်လုပ်မှုပမာဏမှာ ကုလားပဲ ၂၈,၆၀၇ ကီလိုဂရမ်၊ ပဲတီစိမ်း ၁၈,၇၇၅ ကီလိုဂရမ်၊ နှမ်း ၃၈,၉၀၉ ကီလိုဂရမ်တို့ဖြစ်ပါသည်။ အသိအမှတ်ပြုထောက်ခံချက်ရှိသည့် မျိုးစေ့စိုက်ပျိုးသည့် နှုန်းထားမှာ ကုလားပဲ တစ်ကေလျှင် ၁၆.၅ ကီလိုဂရမ်၊ ပဲတီစိမ်း တစ်ကေလျှင် ၅ကီလိုဂရမ်၊ နှမ်း တစ်ကေလျှင် ၁.၅ ကီလိုဂရမ် တို့ဖြစ်ပါသည်။ အညှောင့်ပေါက်ခြင်း နည်းသည့်အတွက်ကြောင့် မျိုးစေ့ ပိုမိုထည့်သွင်းစိုက်ပျိုးခြင်းနှင့် အစဉ်အလာအတိုင်း ဈေးကွက် အတွင်းရှိ မျိုးစေ့၏ အောင်မြင်ရှင်သန်နိုင်စွမ်းတို့ဖြင့် စိုက်ပျိုးသည့် လုပ်ကွက်ငယ် တောင်သူများမှ အစဉ်အလာအတိုင်း ကျင့်သုံးသည်ထက် အဆိုပါစိုက်ပျိုးသည့် နှုန်းထားမှာ သိသိသာသာ လျော့နည်းပါသည်။

## မျိုးစေ့ထုတ်လုပ်သူများနှင့် တောင်သူများ တွေ့ကြုံနေရသည့် အကန့်အသတ်များ

သီးနှံအများစု၏ ထွက်နှုန်းများ အလွန်ကောင်းမွန်သည်မှ အတော်အတန်ဆိုးရွားသည်အထိ အလွန်အမင်း ပြောင်းလဲတတ်ခြင်း ရှိပါသည်။ ပိုမို တင်းကျပ်သည့် တောင်သူရွေးချယ်သည့် လုပ်ငန်းစဉ်များအား ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်တရပ် ရှိပါသည်။ စိုက်ပျိုးသူများထံ ပိုမို အဆင့်မြင့်သည့် နည်းပညာဆိုင်ရာ အကူအညီပေးအပ်ရန်အတွက် ကွင်းဆင်းဆောင်ရွက်သည့် ဝန်ထမ်းများအား သီးနှံစိုက်ပျိုးမှု ပတ်ဝန်းကျင် ဆက်နွယ်မှုဆိုင်ရာ အနီးကပ်သင်တန်း ပို့ချပေးရန်လိုအပ်ပါသည်။

ထို့အပြင် ထုတ်လုပ်မှုအားအချိုးကျ ချဲ့ထွင်ရာတွင် လယ်ယာအလုပ်သမား ဖြည့်တင်းနိုင်မှုတွင် အကန့်အသတ်ရှိခြင်းက အဓိကပြဿနာ ဖြစ်နေပါသည်။ ကနဦးမြေယာထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းနှင့် မြေပြင်သည့် လုပ်ငန်းဆောင်ရွက်ခြင်းများ အတွက် ဝန်တင်ဝန်ဆွဲ တိရစ္ဆာန် များအား အသုံးပြုခြင်းမှာ ဆက်လက် ဖြစ်ပွားလျှက်ရှိပါသည်။ ထို့အတွက်ကြောင့် စက်မှုလက်ယာဝန်ဆောင်မှုများသည် စီမံချက်နှင့် တစ်သားတည်း ဖြစ်သောအစိတ်အပိုင်းတစ်ခုဖြစ်ရမည်ဖြစ်သည်။

လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ကြုံတွေ့နေရသည့် အခြားကိစ္စရပ်များမှာ–

- ပေါင်းသတ်ဆေးအသုံးပြုခြင်းအား ကောင်းစွာ စီမံခန့်ခွဲနိုင်မှုမရှိခြင်း
- ညံ့ဖျင်းသည့် မြေယာပြုပြင်မှုကြောင့် အားရစရာမကောင်းသည့် အညှောင့်ပေါက်ခြင်
- ရိပ်သိမ်းပြီးနောက် မျိုးစေ့အားလုံးနှင့် နံ့စားပင် အစေ့အဆန်များနှင့် ရောနှောနေခြင်း
- စိုက်ပျိုးချိန်၌ မျိုးစေ့များရောနှောနေခြင်း

## မျိုးစေ့ထုတ်လုပ် စီမံပြုပြင်သည့် စက်ရုံ

ကုမ္ပဏီဖွဲ့စည်းပုံအတွက် ခွင့်ပြုချက်ရယူရာတွင် နှောင့်နှေးခြင်းများ ရှိခဲ့ပါသည်။ ဤသည်မှာ မျိုးစေ့ထုတ်လုပ် စီမံပြုပြင်သည့် စက်ရုံတွင် ငွေလုံးငွေ ရင်းသုံးစွဲခွင့်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအား ပထမမျိုးစေ့ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရာတွင် ကြန့်ကြာမှုရှိခဲ့သည်ကို ဆိုလိုပါသည်။ စက်ရုံ မြေနေရာအား လေဆိပ်မှ တစ်နာရီခွဲကားမောင်းသွားရသည့် မန္တလေးတိုင်းဒေသကြီးတွင် ရွေးချယ်ခဲ့ပြီး မြေနေရာဝယ်ယူရန်အတွက် စေ့စပ်ဆွေးနွေးခြင်းမှာ အပြီးသတ်ခါနီး ဖြစ်နေပြီ ဖြစ်သည်။ ဩဘာ (AWBA)သည် မြေနေရာအား ၎င်း၏ ကိုယ်ပိုင်ရန်ပုံငွေဖြင့် ဝယ်ယူမည် ဖြစ်ပါသည်။ ယင်းမှအစီအစဉ်တွင် LIFT ၏ တွန်းအားပေးခြင်းအား အားဖြည့်ပေးမှု၏ သက်သေစကားဖြင့် ထင်ရှားစေပါသည်။ ရေတို အတွက် အသေးစား ထုတ်လုပ်စီမံပြုပြင်သည့် ပစ္စည်းကိရိယာအား ဝယ်ယူခဲ့ပြီးဖြစ်ပြီး၊ မကွေးတွင် လုပ်ငန်း လည်ပတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ မျိုးစေ့ ထုတ်လုပ်စီမံပြုပြင်ရန်အတွက် စီမံချက်သည် SYNMEC စက်အားအသုံးပြုခဲ့ပါသည်။ ယနေ့အထိ စီမံချက်သည် နှမ်း၊ ပဲတီစိမ်းနှင့် မတ်ပဲတို့အား ကောင်းမွန်သည့် ရလဒ်

*ဇယား ၃.၃။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ တိုးတက်မှု*

| ရည်မှန်းချက် | ၂၀၁၉ ခုနှစ်ဒီဇင်ဘာလ(၃၁)ရက်နေ့ အခြေအနေ |
|---|---|
| ပထမအဖွဲ့အားတည်ဆောက်ခြင်း | ဆောင်ရွက်ဆဲ – မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု အကောင် အထည် ဖော်ဆောင်ရွက်ခြင်း |
| ကုမ္ပဏီ၏ ဖွဲ့စည်းတည်ဆောက်ပုံအား ထူထောင်ခြင်း | ဆောင်ရွက်ပြီး – ၂၀၂၀ ခုနှစ်ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင်မည့် ပထမမျိုးစေ့ ကုမ္ပဏီလီမိတက်အား ဥပဒေနှင့် အညီဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ |
| မျိုးစေ့စိုက်ပျိုးသူများနှင့် အဖွဲ့ဝင်တောင်သူများ အား အကျိုးတူ ဆောင်ရွက်ရန် စည်းရုံးခြင်း | ဆောင်ရွက်ဆဲ – စုစုပေါင်းတောင်သူ ၂၁စဦးနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည် (AWBA မှလည်း တောင်သူလယ်သမားအဖွဲ့အစည်းဖြစ်ပြီး လီမိတက် ကုမ္ပဏီ အနေဖြင့် စီမံအုပ်ချု ပ် မှုနှင့် လုပ်ငန်း လည်ပတ် ဆောင်ရွက်ရန်အတွက် ဦးတည် တည်ထောင်သည့် မျိုးသန့်မြန်မာ ကုမ္ပဏီလီမိတက် (MTM) အတွက် တောင်သူများအား စည်းရုံးစုဆောင်း ရာတွင် ကူညီပံ့ပိုးပေးရန် Mercy Crops နှင့် အတူလုပ်ကိုင်ဆောင်ရွက်နေပါသည်။ စာချုပ်ချုပ် ဆိုသည့် ဝန်ဆောင်မှု များအား ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်မည်ဖြစ်ပါသည်။ |
| အကျိုးတူ စာချုပ်ချုပ်ဆို၍ စိုက်ပျိုးသူများဖြင့် မျိုးစေ့ ထုတ်လုပ်ခြင်း | သီးနှံစက်ဝန်းတခုချင်းစီပြီးသည့် နောက်၌တောင်သူများနှင့် ချုပ်ဆိုသည့် စာချုပ်များအား ပြန်လည် သုံးသပ်ခဲ့ပြီး အလားအလာရှိသော ကိစ္စရပ်များ ပေါ်ပေါက်ခဲ့ပါက ပြင်ဆင် ဖြည့်စွက်ခဲ့ပါသည်။ မြေဧက ၅၁၃ ဧကခန့်တွင် မျိုးစေ့ ၁၅၈,၈၆၁ ကီလိုဂရမ်အား ထုတ်လုပ်ခဲ့ပြီးဖြစ်ပါသည်။ (ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ နှမ်းနှင့် ပဲပိစပ်) |
| | ထပ်မံ၍ နေရာဒေသများအား သတ်မှတ်မည်ဖြစ်ပြီး သဘောတူညီပြီးသည်နှင့် တပြိုင်နက် မကွေးရှိ ကန်မ (လက်ရှိအချိန်၌ ထုတ်လုပ်နေပါသည်) ကျောက် ဆည်နှင့် နေပြည်တော် ထည့်သွင်းပါမည်။ |
| ထုတ်လုပ်၊ စီမံ၊ ပြုပြင်သည့်စက်ရုံအတွက် အစီအစဉ် ရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်း | ဆောင်ရွက်ပြီး – မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းသည် ထုတ်လုပ် စီမံ ပြုပြင်သည့် စက်ရုံ၏လုပ်ငန်းခွင်တည်ရှိရာ နေရာဖြစ်သည် သာမက ပဲ အမျိုးမျိုး အတွက် အရေးပါသည့် စိုက်ပျိုး ရာ နေရာ လည်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ထုတ်လုပ်သည့် ရာသီမှ ထုတ်လုပ် စီမံပြုပြင်ကာထုတ်ပိုးပြီး သိမ်းဆည်းထားခဲ့ သော အညှောင့်ထွက်နှုန်း အလွန်မြင့်မားသည့် မျိုးစေ့ များအား ၂၀၂၀ ခုနှစ်အတွင်း ပထမ မျိုးစေ့ ၏ တစ်ဦးတည်း ဖြန့်ချိရေးကိုယ်စားလှယ် ရွှေဝတီမျိုးစေ့ နှင့် ဆည်မြောင်းကုမ္ပဏီ လီမိတက် (ASIC) မှတဆင့် ဈေးကွက်အတွင်း ရောင်းချရန်အဆင်သင့် ဖြစ်နေ ပြီ ဖြစ်ပါသည်။ |

များဖြင့် ထုတ်လုပ်စီမံပြုပြင်ခဲ့သော်လည်း ဆင်းပဒေသာ (၃)မြေပဲမျိုး အတွက်မှာမူ ကောင်းမွန်သည့် ရလဒ်မရရှိခဲ့ပါ။ ထို့အတွက်ကြောင့် စီမံကိန်းမှ အဆိုပါအမျိုးအစားအား ချန်ထားခဲ့ရန်အတွက် လိုလားခဲ့ပါသည်။

၂၀၁၉ ခုနှစ်ဒီဇင်ဘာလတွင် ပထမမျိုးစေ့ကုမ္ပဏီ၌ ရေဇင်း ၈ ကုလားပဲ ၂၀အိတ် (၁၆၈၀ ကီလိုဂရမ်) နှင့် ရေဇင်း ၆ ကုလားပဲ (၂၄၇၄၀ ကီလိုဂရမ်) စုစုပေါင်း ကုန်ချော ၂၆,၄၂၀ ကီလိုဂရမ်အား ရောင်းချနိုင်ရန်အတွက် အဆင်သင့် ရှိနေပါသည်။ ပဲတီစိမ်းနှင့် နှမ်းတို့အား ၂၀၂၀ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ထုတ်ပို့သွားမည် ဖြစ်ပါသည်။ (ရေဇင်း ၁၄ ပဲတီစိမ်း ၅၅,၅၁၂ ကီလိုဂရမ်၊ မကွေးနှမ်းနက် ၁,၅၄၇ ကီလိုဂရမ်၊ ဆင်းပဒေသာ(၃)မြေပဲ ၅,၉၀၆ ကီလိုဂရမ် နှင့် ဆင်းပဒေသာ (၁၄) အမျိုးအစား ၁၆,၆၇၀ ကီလိုဂရမ်) နောက်ဆုံးထုတ်ပိုးပြီးသည့် မျိုးစေ့ အထုတ်များ အားလုံး ရောင်းချရန်အတွက် ပထမမျိုးစေ့၏ တစ်ဦးတည်းသော ဖြန့်ချိရေး ကိုယ်စားလှယ်ဖြစ်သည့် ASIC ထံသို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ပါသည်။ တောင်သူများမှ မျိုးစေ့အား ရွေးချယ်လက်ခံလာရန် အတွက် အားပေးအားမြှောက်ပြုရန် ASIC သည် မျိုးစေ့များအား '၅ကီလိုဂရမ် ဝယ်ယူပါက ၁ကီလိုဂရမ်လက်ဆောင်' ပေးခြင်းဖြင့် အရောင်းမြှင့်တင် ပါသည်။ လက်ရှိရောင်းဈေးများမှာ မတ်ပဲ (၁) ကီလိုဂရမ်အတွက် မြန်မာကျပ်ငွေ ၄,၈၀၀ (ကန်ဒေါ်လာ ၃.၁၀)၊ ပဲတီစိမ်း (၂)ကီလိုဂရမ် အတွက်မြန်မာကျပ်ငွေ ၇,၈၀၀ (ကန်ဒေါ်လာ ၅.၁)၊ နှမ်း (၂)ကီလို ဂရမ် အတွက် မြန်မာကျပ်ငွေ ၁၇,၉၀၀ (အမေရိကန် ဒေါ်လာ ၁၁.၇)၊ ကုလားပဲ (၂၀) ကီလိုဂရမ်တအိတ်အတွက် မြန်မာကျပ်ငွေ ၄,၉၅၀ (ကန်ဒေါ်လာ ၃.၂) နှင့် ပဲပိစပ်(၁)ကီလိုဂရမ်အတွက် ခန့်မှန်းခြေ မြန်မာကျပ်ငွေ ၃,၉၀၀ (ကန်ဒေါ်လာ ၂.၅) တို့ဖြစ်ပါသည်။

**စက်မှုလယ်ယာ**

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရေး အထူးသဖြင့် စိုက်ပျိုးခြင်း၊ ဆေးဖြန်းခြင်းနှင့် ဖြစ်ကောင်းဖြစ်နိုင်သည့် ရိပ်သိမ်းခြင်းတို့တွင် စက်ပစ္စည်းများ အစားထိုးအသုံးပြုရန်အတွက် အားကောင်းသောအခွင့်အလမ်း တစ်ရပ်ရှိပါသည်။ ပထမမျိုးစေ့မှ အလွန်ခေတ်မီသော တိကျသည့် စိုက်ပျိုးစက်အား ပေးသွင်းရန်အတွက် နယ်သာလန်နိုင်ငံရှိ စက်ပစ္စည်းများ ပေးသွင်းသည့် ကုမ္ပဏီဖြစ်သည့် Kramer Bant နှင့် သဘောတူညီမှု တစ်ရပ်အား ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ကနဦး အာရုံစိုက်မှုမှာ ကြက်သွန်နီအပေါ်၌ ဖြစ်သော်လည်း ပိုမိုကြီးမား ကျယ်ပြန့်ပြီး ပိုမိုစိတ်ဝင်စားဖွယ် ကောင်းသည့် အသုံးဝင်မှုမှာ နှမ်းစိုက်ပျိုးခြင်းအတွက် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် ပထမ နှစ်ဝက်အတွင်း၌ ပထမမျိုးစေ့ ကုမ္ပဏီသည် ဤစက်အား နှမ်းစိုက်ပျိုးသူများနှင့် စမ်းသပ်ရန်အတွက် ကြိုတင်စီစဉ်ထားပါသည်။ တူညီသည့် မျိုးစေ့ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးသည့် အချိန်၌ ဓာတ်မြေဩဇာ အသုံးပြုခြင်းမှ လွဲ၍ အဓိကရည်မှန်းချက်မှာ မျိုးစေ့အသုံးပြုသည့် စံနှုန်းအား ထက်ဝက် လျှော့ချရန်အတွက် ဖြစ်ပါသည်။ ယင်းမှာ တောင်သူများ အနေဖြင့် မျိုးစေ့တွင် တစ်ဧကအတွက် ရင်းနှီးမြှုပ်နှံမှုအား တသမတ်တည်း ထိန်းထားလျက် အဆင့်တိုင်းတွင် အဆင့်မြင့် မျိုးစေ့များတွင် ရင်းနှီးမြှုပ်ရန်အတွက် အထောက်အကူပေးရာတွင် အဓိကကျပါသည်။ စီမံချက်သည် ရရှိနိုင်သော စက်ကိရိယာများ၏ အမျိုးအစားတို့တွင် အကန့်အသတ် ရှိ နေသော်လည်း MOALI ၏ စက်မှုလယ်ယာ ဦးစီးဌာနမှ အကောင်းမွန်ဆုံး ကူညီပံ့ပိုးမှုကို ဆက်လက်ရရှိပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး**

ကျောက်ဆည်မြို့ရှိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး စခန်းသည် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရန်အတွက် အသင့်ဖြစ်နေပြီး ဆည်မြောင်း စနစ်များအား တပ်ဆင်ထားရှိပြီးဖြစ်ကာ ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နေပါသည်။ အဓိကစီမံကိန်း လုပ်ငန်းများတွင် မြေဆီလွှာစီမံခန့်ခွဲမှု သီးနှံ ထုတ်လုပ်မှုဆိုင်ရာ စမ်းသပ်ခြင်းများနှင့် မျိုးစေ့ထုတ်လုပ်မှုတို့ ပါဝင်ပါသည်။ လုပ်ကွက်အား စိုက်ပျိုးခြင်း မပြုလုပ်ရသေးသည့် နေရာများ တွင် မြေဆီလွှာ ကျန်းမာရေးတိုးတက်မှုရှိစေရန်နှင့် မြေဆီလွှာအော်ဂဲနစ်ပစ္စည်းများ ပါဝင်မှု တိုးပွားစေရန်တို့ အတွက် စီမံချက် အဖွဲ့ဝင်များ သည် သစ်ရွက်စိမ်း/ သစ်ရွက်ဆွေး အသုံးပြုသည့် မြေဩဇာသီးနှံ (sun Hemp) စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။

စမ်းသပ်စစ်ဆေးသည့် အချက်အလက်များသည် အဖြေထွက်ပေါ်ခြင်း မရှိသေးသော်လည်း ဤစခန်းသည် အာရုံစိုက်မှုအား စမ်းသပ်ခြင်းများအပေါ် မီခိုမှုနည်းပါးသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် အခြေခံမျိုးစေ့ထုတ်လုပ်ခြင်း အပေါ်ပြောင်းလဲသွားသည်ဟု မျှော်မှန်းထားပါသည်။ ယင်းမှ လည်း စခန်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့် ကုန်ကျစရိတ်များအား ပြန်ထေမိစေရန် အတွက် ကူညီပေးနိုင်မည်ဖြစ်ပါသည်။

**Farm Force အပလီကေးရှင်း**

Farm Force ဆော့ဖ်ဝဲ အားလက်ရှိအချိန်တွင် လယ်မြေတည်ရှိရာ၏ အမည်၊ တည်နေရာနှင့် သက်ဆိုင်သည့် သီးသန့်အချက်အလက်များအား ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုဒ်တို့ထံတွင် လွှင့်တင်ရန်အတွက် အချက်အလက်များရယူရန်၊ ရာသီအလိုက် သီးနှံများအတွက် စိုက်ပျိုးရန် စည်းရုံး လှုံ့ဆော်ခြင်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တောင်သူလယ်သမားများ၏ လုပ်ရှားဆောင်ရွက်မှုများအား စောင့်ကြည့်ရန်၊ ရုံးထိုင်နေသည့် ဝန်ထမ်းများမှ ကွင်းဆင်းလှုပ်ရှားဆောင်ရွက်မှုများ၏ လျှပ်တပြက် ဓာတ်ပုံများ ရရှိရန်အတွက် ခွင့်ပြုပေးရန်၊ ဈေးငွေနှင့် ကုန်လက်ကျန် စာရင်းအား စီမံခန့်ခွဲရန်နှင့် သယ်ယူပို့ဆောင်ရန်နှင့် သိုလှောင်ထားစဉ်အတွင်း မျိုးစေ့အားလုံးအား ခြေရာခံရန်တို့အတွက် အသုံးပြုပါသည်။ Farmforce®အပလီကေးရှင်းသည် အသုံးပြုရန် အသင့်ဖြစ်နေပြီး ၂၀၁၉ခုနှစ် မေလတွင် ကံမ၌ စိုက်ပျိုးခဲ့သည့် ရာသီ သီးနှံစက်ဝန်းတွင် တောင်သူလယ်သမားများမှ အသုံးပြုသည့် သွင်းအားစုများအား စောင့်ကြည့်ရန်အတွက် ဈေးငွေ ဝန်ဆောင်မှုထုတ်ကုန် အင်္ဂါရပ် များအား အသုံးပြုခဲ့ပြီးဖြစ်ပါသည်။ တိုးတက်ကောင်းမွန်စေရန်အတွက် လိုအပ်သော ထပ်မံထည့်သွင်းရမည့် အင်္ဂါရပ်အချို့လည်းရှိနေပြီး ဤသည်အား ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် အဆင့်မြင့် သင်တန်း အချို့ထပ်မံပို့ချခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ကျားမ ရေးရာ**

MAFSCO စီမံချက်တွင် အမျိုးသမီးဝန်ထမ်းများသည် အဓိကရာထူး နေရာများဖြစ်သည့် ဘဏ္ဍာရေးမန်နေဂျာနှင့် အရည်အသွေး အာမခံချက်ဆိုင်ရာ မန်နေဂျာ ရာထူးများကို ထိန်းချုပ်ရယူထားခဲ့ပါသည်။ အမျိုးသမီးများ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကွင်းဆင်းတာဝန် တာဝန်ယူရသည်လည်းရှိပါသည်။ လစ်လပ်လျှက်ရှိသည့် ထုတ်လုပ်ရေး မန်နေဂျာ၊ ထုတ်လုပ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသန ဖွံ့ဖြိုးရေးဆိုင်ရာ မန်နေဂျာရာထူး၊ ရာထူးနေရာကဲ့သို့ အဓိကရာထူးနေရာများတွင် အမျိုးသမီးများမှ ရယူနိုင်မည်ဟု မျှော်မှန်းထားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်နှစ်ကုန်တွင် စီမံချက်မှ ဝန်ထမ်း(၂၇) ဦးအား အလုပ်ခန့်အပ်ခဲ့ပြီး ထိုအထဲမှ ၁၈ဦးမှာ အမျိုးသမီးများဖြစ်ပါသည်။ ရေဇင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ဆောင်ရွက်ခဲ့သည့် စီမံချက်၏ အလုပ်သင်အစီအစဉ်မှ ဝန်ထမ်း (၉)ဦးအား အလုပ်ခန့်ထားနိုင်သည့်ရလဒ်ကို ရရှိခဲ့ပြီး ထိုခန့်ထားသည့် သူများ အနက်မှ ၆ ဦးသည် အမျိုးသမီးများဖြစ်ပါသည်။ အလုပ်သင်များသည် လုပ်ငန်းခွင်၌ လက်တွေ့သင်ကြားခြင်းအတွက် (၅)လခန့်စီမံချက် ဝန်ထမ်းများနှင့် တွဲဖက်၍ လုပ်ကိုင်ပါသည်။

## အသေးစားငွေရေးကြေးရေး ဆိုင်ရာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ်အခြေအနေတွင် ငွေပေါ်လွယ်မှုအစီအမံ (MFI CDLF)

၂၀၁၉ ခုနှစ်ပထမနှစ်ဝက်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် LIFT နှင့် မြန်မာနိုင်ငံရှိ အသေးစားငွေရေးကြေးရေး လုပ်ငန်းများ (MFI) တို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး၊ နိုင်ငံအတွင်း အသေးစားငွေချေးခြင်းအား တိုးချဲ့ရန် ငွေပေါ်လွယ်မှု အတွက် သိသာထင်ရှားသည့် ကန့်သတ်ချုပ်ချယ်ထားသည့် အရာများရှိသည်ဟု ကောက်ချက်ချသုံးသပ်ခဲ့ပါသည်။ ဘေးအန္တရာယ်နှင့် ကြုံတွေ့ပြီးနောက် ပြန်လည်ထူထောင်ရန် ချေးငှားခြင်းအတွက် ထပ်မံလိုအပ်သည့် တောင်းဆိုမှုများအား MFI များမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရေးပေါ် ငွေရေးကြေးရေး ဆိုင်ရာ အစဉ်များအား အကောင်အ ထည်ဖော်ဆောင်ရွက်ရန် သီးသန့်လိုအပ်ချက်နှင့် ပတ်သက်၍ MFI များအကြား ရှင်းလင်းပြတ်သားသည့် အများဆန္ဒအားတစ်ရပ် ပေါ်ထွက်လာ ခဲ့ပါသည်။ ဘေးအန္တရာယ်များ၏ နောက်ဆက်တွဲအဖြစ် MFI မှဝန်ဆောင်မှု ရယူအသုံးပြုနေသူများသည် လက်ရှိအကြွေးဆပ်ရန် တာဝန်ရှိသည်များအတွက် ချေးငွေအတိုးပေးခြင်း၊ ထုတ်လုပ်နိုင်သော အခြေခံပစ္စည်းနှင့် ကိုယ်ပိုင်အခြေခံပစ္စည်းများအား ပြန်လည်ထူထောင်ရန်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများပြန်လည်စတင်နိုင်ရန် သွင်းအားစု များဝယ်ယူရန်တို့ အတွက် ချေးငွေအသစ်ရယူခြင်းနှင့် ဆက်နွယ်နေသည့် စိန်ခေါ်မှုများကို မကြာခဏကြုံတွေ့ရပါသည်။ MFI များမှ လက်ရှိ စည်းမျဉ်း စည်းကမ်းများမှတဆင့် ၎င်းတို့အနေဖြင့် စာရင်းမှပယ်ဖျက်သည်များအတွက် သုံးစွဲကုန်ကျခံရန်၊ အတိုးများကို လျှော့ချပေးရန်၊ ကျန်ရှိနေသည့် ချေးငွေများကို အစီအစဉ်ပြန်လည်ရေးဆွဲရန် တို့အတွက် ဆောင်ရွက်နိုင်သော်လည်း အရင်းအနှီးထပ်မံရရှိနိုင်ခြင်း ကန့်သတ်ထားသည်များမှ ၎င်းတို့မှ ထပ်မံချေးငှား ပေးရန် တောင်းဆို မှုများအား ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအား အလျင်အမြန် တိုးချဲ့ရာတွင် တားဆီးနေပါသည်ဟု ပြောကြား ခဲ့ပါသည်။ လက်ခံနိုင်လောက်သည့် အသစ်ဖြစ်သော ငွေကြေးထောက်ပံ့မှု မရှိခြင်းသည် ပြန်လည်ထူထောင်ရာတွင် နှောင့်နှေးခြင်းဆီသို့ ဦးတည်ရန် အလားအလာ ဖြစ်နိုင်သည့်သာမက အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများမှ ဖြစ်ပေါ်စေသည့် ဝင်ငွေလျော့ကျလာခဲ့ပြီး တရားမ ဝင်ငွေချေးသူများ ထံမှ ချေးငှားခြင်းများကို တိုးပွားလာကာ အကြွေးတင်ခြင်း တိုးမြှင့်တက်လာခဲ့ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ဘေးအန္တရာယ်တွေ့ကြုံခဲ့ရသည့် ဝန်ဆောင်မှုအား ရယူသူများအား ပြန်လည် ထူထောင်ရေးအတွက် ရည်ရွယ်သည့် အတိုးနှုန်းရယူခြင်း မရှိဘဲ(အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များနှင့် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နိုင်သည့် အတွက်သာ) ငွေချေးပေးရန်အတွက် MFI များထံအရေးပေါ်ချေးငွေများ ပေးအပ်မည် အသေးစားငွေရေးကြေးရေး ဆိုင်ရာဘေး အန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ် အခြေအနေ တွင် ငွေပေါ်လွယ်မှု အစီအမံ (DLF) အား ဒီဇိုင်းပုံစံရေးဆွဲရန်အတွက် LIFT အဖွဲ့အစည်းတစ်ခုထံမှသာ ရင်းမြစ်ရယူခဲ့ပါသည်။

၂၀၁၉ ခုနှစ်ဒီဇင်ဘာလအတွင်း စာချုပ်အား ADB နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။

LIFT မှ ပါဝင်ဆောင်ရွက်မည် ဖြစ်သော အဓိကလုပ်ငန်းတာဝန်များမှာ –

- အသေးစားငွေရေးကြေးရေးလုပ်ငန်းများနှင့် ငွေစုငွေများ သမဝါယမ အသင်းများ ပါဝင်သည့် MFI CDLF အတွက် စီးပွားရေးဆိုင်ရာ ရပ်တည်ချက်အား အကောင်အထည်ဖော်ဆောင်ခြင်း
- စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ၊ လက်လှမ်းမီမှုဆိုင်ရာ စည်းမျဉ်းများ၊ ငွေရေးကြေးရေး/ဘဏ္ဍာရေးဆိုင်ရာ စီမံချက်များ၊ ဆုံးရှုံးရနိုင်ချေ အန္တရာယ်အားဖော် ထုတ်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ အစီအစဉ်နှင့် ပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ ဆောင်ရွက်သည့် လုပ်ငန်းများ အပြည့်အစုံပါဝင်သည့် MFI CSLF အတွက် စီးပွားရေးဆိုင်ရာ အစီအစဉ်အတွက် ဒီဇိုင်းပုံစံရေးဆွဲခြင်း
- ဘေးအန္တရာယ်ကြောင့် ကျရောက်နိုင်သည့် အန္တရာယ်များအား ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် လက်တွေ့ပြသခြင်း
- MFI များ၊ ငွေစုငွေချေး၊ သမဝါယမ အသင်းများနှင့် ရပ်ရွာလူထု၏ ဘေးအန္တရာယ်နှင့် ပြန်လည်ထူထောင်ရေးအတွက် အစီအစဉ်ရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## ရှေ့သို့မျှော်ကြည့်ခြင်း

၂၀၂၀ ခုနှစ်တွင် LIFT သည် MFI များနှင့် အရင်းအနှီးဈေးကွက်များအား ကူညီပံ့ပိုးပေးရန်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ စိုက်ပျိုးစီးပွားငွေကြေးဆိုင်ရာ အစီအစဉ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်း၏ ဒီဂျစ်တယ် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ၏ အစိတ်အပိုင်းအား ၂၀၂၀ ခုနှစ်တွင် စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။

ကိုဗစ် – ၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်ရန်အတွက် LIFT သည် အငယ်စား စီးပွားရေးလုပ်ငန်း ချေးငွေများ ၏ ငွေပေါ် လွယ်မှုကို တိုးမြှင့်ရန် စီးပွားရေးကျဆင်းမည့် အလားအလာအား တုံ့ပြန်ဆောင်ရွက်ရန်တို့အတွက် ကြိုတင်စီစဉ်ထားပြီး ငွေကြေးနှင့် စီးပွားရေး အကြားရှိ ကွင်းဆက်များတိုးတက်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၃.၃ စိုက်ပျိုးရေး၊ စျေးကွက် နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ

### နောက်ခံအခြေအနေ

စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအသားတင် ထုတ်ကုန် တန်ဖိုးစုစုပေါင်း (GDP) ၏ ၃၀ ရာခိုင်နှုန်း နီးပါး ပံ့ပိုးပေးပြီး စီးပွားရေး ဖွံ့ဖြိုးမှု အတွက် ပံ့ပိုးပေးရာတွင် ဝန်ဆောင်မှု ကဏ္ဍနောက်မှ ဒုတိယ လိုက်ပါသည်။ သို့သော်လည်း ဆင်းရဲနွမ်းပါးမှု၏ ၈၅ ရာခိုင်နှုန်း စုဝေးနေသည့် ကျေးလက် ဒေသ များတွင် လူဦးရေ၏ ၇၂ ရာခိုင်နှုန်းနီးပါး နေထိုင်ကြပါသည်။ နိုင်ငံ၏ လုပ်သားဈေးကွက် ၏ ၅၆ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင် ပေးနိုင်မှု အများဆုံး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး ကဏ္ဍတွင် နေရာယူထားပါသည်။

သို့သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာအတွင်း အခြေခံအဆောက်အဦ တွင် ရင်းနှီးမြှုပ်နှံမှု မရှိခြင်း ၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများတွင် အကန့်အသတ်ရှိခြင်း ၊ တိုးချဲ့ပညာပေးခြင်း နှင့် သုတေသနတို့တွင် အားနည်းခြင်းတို့ကြောင့် နိုင်ငံ စီးပွားရေး၏ အခြားကဏ္ဍများ[20] နှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးရေး ကဏ္ဍတွင် တိုးတက်မှု ကျဆင်းလာခဲ့ပါသည်။ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောကဏ္ဍများတွင် ထုတ်လုပ်မှု နှင့် ထုတ်လုပ်နိုင်စွမ်းရည်ဆိုင်ရာ အကျိုးကျေးဇူးများ ရရှိရန် အလားအလာ ကြီးမားသော်လည်း ဤကဏ္ဍ သည် စိန်ခေါ်မှု အများအပြားနှင့် ရင်ဆိုင်နေရပါသည်။ ယင်းတို့တွင် အားနည်းသည့် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသ အခြေခံအဆောက်အဦ၊ ရှုပ်ထွေးပြီး အများစုမှာ ဖြေရှင်းနိုင်ခြင်း မရှိသည့် မြေယာ လုပ်ပိုင်ခွင့် ဆိုင်ရာ ပြဿနာများ၊ စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှု စွမ်းရည် နှင့် စိုက်ပျိုး ရိက္ခာ ထုတ်ကုန်များ ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်မှု နိမ့်ကျခြင်း၊ ရန်ပုံငွေ ပံ့ပိုးမှု နည်းပါးပြီး စီစဉ်ဆောင်ရွက်မှု ညံ့ဖျင်းသည့် စိုက်ပျိုးရေး သုတေသန၊ ပညာပေးရေး နှင့် တိုးချဲ့ပညာပေးရေး စနစ်၊ အချိန်နှင့် တပြေးညီ ဖြစ်ပြီး အရည်အသွေး ရှိသည့် သွင်းအားစုများအား လက်လှမ်းမီမှု အကန့်အသတ်ရှိခြင်း (ဆိုလိုသည်မှာ မျိုးစေ့များ၊ မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ တိရိစ္ဆာန်များအတွက် ဆေးများ စသဖြင့်)၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိမှု မလုံလောက်ခြင်း၊ စိုက်ပျိုးရေး ထုတ်ကုန်များ၏ အရည်အသွေး နှင့်ဘေးကင်း စိတ်ချရမှု နိမ့်ကျခြင်း ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြား ပတ်သက်ဆက်နွယ်သူများကြား အားနည်းသည့် ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် အားနည်းထိခိုက်လွယ်မှု (ရေကြီးရေလျှံမှုများ၊ မိုးခေါင် ရေရှားမှုများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း) နှင့် ရာသီဥတု ပြောင်းလဲခြင်း တို့ပါဝင်ပါသည်။

လုပ်သားဈေးကွက်အတွင်း ပေါ်ထွက်လာသည့် ပိုမိုကောင်းမွန်သည့် စီးပွားရေး စွမ်းဆောင်မှုနှင့် အခွင့်အလမ်းများအား တုံ့ပြန်ခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကဏ္ဍတလျှောက် 'လယ်ယာ ပြုပြင်ပြောင်းလဲရေး' ဖြစ်ပေါ်နေသည့် အထောက်အထားလည်း ရှိပါသည်။[21] လူငယ်လူရွယ်များ အနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားမှု နည်းသဖြင့် လုပ်အားခများ မြင့်တက်ခဲ့ပါသည်။ လုပ်သား ဈေးကွက်အတွင်း ပြောင်းလဲမှုများနှင့် တောင်သူများမှ စွမ်းဆောင်ရည်ပြည့်ဝစေရန် ကြိုးပမ်းမှုများကြောင့် စက်မှုလယ်ယာ သို့ ပြောင်းလဲလာခဲ့ပြီး လုပ်သားအခြေပြု လယ်ယာစိုက်ပျိုးမှု စနစ်များ လျော့နည်းလာခဲ့ပါသည်။

ဤ အသွင်ကူးပြောင်းမှု အခြေအနေအတွင်းတွင် ရေရှည်တည်တံ့ခြင်း မရှိသည့် သဘာဝ သယံဇာတများ အသုံးပြုခြင်း နှင့်ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ အဆင့်နိမ့်လာခြင်း၊ လုပ်ကွက်ငယ်တောင်သူများမှ ထိုသယံဇာတများအား လက်လှမ်းမီမှု တန်းတူညီမျှ မရှိခြင်း နှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသည့် ကြိုတင်ရည်ရွယ်ထားခြင်း မရှိသော အကျိုးဆက်များ ဖြစ်လာနိုင်သည့် အလားအလာများကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အာဏာပိုင်များက သယံဇာတများ သိမ်းယူခြင်းတို့က ၎င်းတို့၏ ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန် ညှိနှိုင်းတောင်းဆိုနိုင်သည့် စွမ်းရည်ကို အားနည်းသဖြင့် လုပ်ကွက်ငယ် တောင်သူများအနေဖြင့် ယင်းသယံဇာတများ လက်လှမ်းမီ ရရှိနိုင်ရန်အတွက် ကြီးမားသည့် နစ်နာဆုံးရှုံးမှု ဖြစ်စေပါသည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များအတွက် ပြည်သူများ၏ မျှော်လင့်ချက်များနှင့် နိုင်ငံတော်၏ ကတိကဝတ်များကို ပြည့်မီစေရန် ဖြည့်ဆည်းပေးမည့် သာတူညီမျှပြီး အားလုံးပါဝင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းအား သေချာစေရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆိုပါ ရင်းမြစ်များအား ညီတူညီမျှ လက်လှမ်းမီ ရယူနိုင်ခြင်းတို့မှာ အလွန်အရေးပါမည် ဖြစ်ပါသည်။

အခွင့်အလမ်းများအား အသုံးချခြင်းနှင့် အဟန့်အတားများအား စနစ်တကျ ဖြေရှင်းခြင်းသည် မြန်မာနိုင်ငံ၏ ၂၀၃၀ အစီအစဉ် ဆိုင်ရာ ကတိကဝတ်များ နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ရည်မှန်းချက်များအတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးခြင်းအား လှုံ့ဆော် ပေးရန် အထောက်အကူ ဖြစ်စေပါသည်။

### စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ အစီအစဉ်

စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ အစီအစဉ် (AMFS) အား ၂၀၁၉ ခုနှစ်တွင် စတင်ခြင်းနှင့်အတူ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန် အစီအစဉ်များ ပိတ်သိမ်းပြီး LIFT ၏ ၂၀၁၉–၂၀၂၃ မဟာဗျူဟာ အောက်၌ စီမံကိန်းလုပ်ငန်းအသစ်တို့ဖြင့် ကူးပြောင်းခဲ့ပါသည်။ အပူပိုင်းဇုန် စီမံချက်များသည် ၂၀၁၉ ခုနှစ်တွင် အပြီးသတ်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ရှိ အပြီးသတ်တော့မည့် စီမံချက်များ ဖြစ်သည့် Welthungerhilfe မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေး စီမံချက် နှင့် Mercy Corps မှ Swisscontact နှင့် အတူ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက်တို့သည် ၂၀၂၀ ခုနှစ်တွင် အပြီးသတ်မည် ဖြစ်ပါသည်။ အပြီးသတ် အကဲဖြတ်သုံးသပ်မှု အများအပြားမှာ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးခဲ့ကာ အနာဂတ် ရင်းနှီးမြှုပ်နှံမှုများအတွက် သတင်းအချက်အလက်များပေးပြီး စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များဆိုင်ရာ စီမံကိန်းများအတွက် အခြေခံများ ပံ့ပိုးပေးမည့် အသိအမြင်များနှင့် လေ့လာသင်ယူမှုများကို ပေးအပ်ခဲ့ပါသည်။

---

၂၀ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ ၂၀၁၈၊ မြန်မာ နိုင်ငံ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက် (၂၀၁၈-၂၀၁၉- ၂၀၂၂-၂၃)

၂၁ အာရှဖွံ့ဖြိုးရေး ဘဏ် ၂၀၁၅။ မြန်မာ- အလားအလာရှိသည်များကို ဖော်ထုတ်ခြင်း။ မြင့်မား သည့်၊ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှု။ အေဒီဘီ ၏ စီးပွားရေး စာတမ်းများ အမှတ်စဉ် ၄၃၇

၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သည့် LIFT ၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ အစီအစဉ်သစ် မှ စိုက်ပျိုးရေးကဏ္ဍ အသွင်ပြောင်းလဲရေး နှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အစိုးရ၏ ကြိုးပမ်း အားထုတ်မှုများအား ကူညီပံ့ပိုးပေးပါသည်။ ယင်း အစီအစဉ်၏ အဓိက အခြင်းအရာများတွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည် –

- ဆင်းရဲနွမ်းပါးပြီး အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများ၏ လူနေမှု ဘ၀ အခြေအနေများ ပိုမိုကောင်းမွန်စေရန် တိုင်းတာနိုင်ပြီး ငွေရေးကြေးရေးအရ ရေရှည်တည်တံ့နိုင်မည့် ချဉ်းကပ်နည်းလမ်းများ တည်ဆောက်ရန် ပုဂ္ဂလိက ကဏ္ဍမှ လုပ်ရှားဆောင်ရွက်သူများ၊ အစိုးရ၏ တိုးချဲ့ပညာပေးရေး စနစ်နှင့် သက်ဆိုင်ရာ ဈေးကွက်လှုပ်ရှားသူများနှင့် အတူလက်တွဲဆောင်ရွက်ခြင်းနှင့် ယင်းတို့မှတဆင့် ဆောင်ရွက်ခြင်းတို့အား အလေးထားသည့် အားလုံးပါဝင်သည့် တန်ဖိုးမြှင့်ကွင်းဆက် ချဉ်းကပ်နည်းလမ်း ကျင့်သုံးခြင်း။
- အထောက်အထားအခြေခံ အသိအမြင် ဖော်ထုတ်ရန်၊ မြေယာ ငှားရမ်းလုပ်ကိုင်ခွင့် ခွဲဝေချထားရာတွင် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်းများ ရွှေ့ပြေးစမ်းသပ်ခြင်းအား မြှင့်တင်ပေးရန်နှင့် မြေယာစီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲမှု ကို ထောက်ပံ့ပေးရန်တို့အတွက် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- ယင်း၏ အာဟာရဇောင်းပေး စိုက်ပျိုးရေးအပေါ် အာရုံစိုက်မှုမှတဆင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိခြင်း၊ ဈေးတန်ပြီးငွေကြေးအရ တတ်နိုင်သည့် စားနပ်ရိက္ခာ အမျိုးစုံလင်စွာ ရရှိခြင်းနှင့် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသုံးစရိတ်များအတွက် ဝင်ငွေ တိုးမြင့်ခြင်းတို့မှတဆင့် အပါအဝင် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များအတွက် ပံ့ပိုးပေးခြင်း
- ကြံ့ကြံ့ခံနိုင်စွမ်း နှင့် အာဟာရဖူလုံမှု ပိုမိုတိုးမြှင့်မှုအား ရရှိနိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် LIFT မှ ကျေးလက်နေ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ အနေဖြင့် လယ်ယာ နှင့် လယ်ယာပြင်ပ ရင်းမြစ်အမျိုးမျိုး (ဆိုလိုသည်မှာ သီးနှံ၊ မွေးမြူရေး နှင့် ငါးလုပ်ငန်း) မှ ဝင်ငွေရ စေရန် ထောက်ပံ့ပေးခြင်း။ ပိုမိုကောင်းမွန်သည့် ဈေးကွက် ချိတ်ဆက်မှုများနှင့် နည်းပညာ တို့အပြင် စွန့်ဦးတီထွင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ မှ အသက်မွေးမှု မဟာဗျူဟာများအား ပြန်လည်အားဖြည့်ပေးရန်နှင့် စိုက်ပျိုးမွေးမြူရေးမှ ‘ထွက်ခွာ’ သည့် အိမ်ထောင်စုများ အား ဖြေရှင်း နိုင်ရန် ကူညီပေးနိုင်ခြင်း

LIFT သည် ၎င်း၏ အာရုံစိုက်မှု ကို မြန်မာနိုင်ငံရှိ နယ်စပ်ဒေသများသို့ပြောင်းရွှေ့ခြင်းနှင့်အတူ ချင်းပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း နှင့် အရှေ့တောင်ပိုင်းဒေသ တို့နှင့် သီးသန့်သက်ဆိုင်သည့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ချက်များ ထုတ်ပြန်ခဲ့ပါသည်။ ယင်း အစီအစဉ်သစ်များ၏ စီမံကိန်း လုပ်ငန်းစဉ်များအတွက် ၂၀၁၉ ခုနှစ်အတွင်းတွင် ရန်ပုံငွေ စီမံခန့်ခွဲမှု ရုံး နှင့် ၎င်း ၏ မိတ်ဖက်အဖွဲ့အစည်းများမှ သိသာထင်ရှားသည့် အတိုင်းအတာတစ်ခုအထိ ကြိုးပမ်းအားထုတ် ခဲ့ပါသည်။ ယင်းအစီအစဉ်များသည် ၂၀၂၀ ခုနှစ် ဒုတိယ သုံးလပတ်တွင် အပြည့်အ၀ လုပ်ငန်းလည်ပတ် နိုင်မည်ဟု မျှော်မှန်းထားပါသည်။

၂၀၁၉ ခုနှစ်၏ စိတ်ဝင်စားဖွယ်ရာများအား မြစ်ဝကျွန်းပေါ်ဒေသ၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကရင်ပြည်နယ် နှင့် ကယားပြည်နယ်ရှိ လုပ်ငန်းဆောင်ရွက်ဆဲ စီမံချက်များမှ ထုတ်နှုတ်ရယူပါသည်။

## စိတ်ဝင်စားဖွယ်ရာများ

### မြစ်ဝကျွန်းပေါ်ဒေသ

#### အရည်အသွေးပြည့် ဆန်စပါး မျိုးစေ့ လက်လှမ်းမီ ရရှိစေရန် ကူညီပံ့ပိုးပေးခြင်း

မြစ်ဝကျွန်းပေါ် ၃ အစီအစဉ်ရှိ LIFT ၏ စီမံကိန်းလုပ်ငန်းများ၏ အဓိက အာရုံစိုက်မှုမှာ အရည်အသွေးပြည့် ဆန်စပါး မျိုးစေ့ ထုတ်လုပ်မှု ပိုမိုကောင်းမွန်စေခြင်း နှင့် လုပ်ကွက်ငယ်တောင်သူများ မှ ထိုမျိုးစေ့များ ရရှိစေခြင်း ဖြစ်ပါသည်။ ရင်းမြစ်နည်းပါးပြီး ရင်းနှီးမြှုပ်နှံမှု စွမ်းရည် အကန့်အသတ်ရှိသည့် တောင်သူများ၏ မဟာ ဗျူဟာမြောက် အာရုံစိုက်မှုမှာ ၎င်းတို့၏ ထုတ်လုပ်မှု စနစ်များမှ အမြတ်အစွန်းရရှိမှုကို အမြင့်ဆုံး ဖြစ်စေရန် ၎င်းတို့၏ သွင်းအားစု အတွက် ကုန်ကျစရိတ်များအား လျှော့ချနိုင်ရန် ဖြစ်ပါသည်။ သို့ဖြစ်၍ စရိတ်ကျဉ်းပြီး အထွက်နှုန်းအား သာချက် ပံ့ပိုးပေးနိုင်သည့် စီမံကိန်းဆောင်ရွက်ချက်များသည် ကုန်ကျစေရန် အနည်းဆုံးဖြစ်စေသည့် မဟာဗျူဟာကို ပံ့ပိုးပေးပါသည်။ LIFT၏ မြစ်ဝကျွန်းပေါ် အစီအစဉ်၏ အမျိုးမျိုးသော အဆင့်များတလျှောက် သမားရိုးကျ ချဉ်းကပ်နည်းလမ်းဖြစ်သည့် မျိုးစေ့ ပြန်လည်အသုံးပြု၍ စိုက်ပျိုးခြင်းနှင့် နှိုင်းယှဉ်ပါက အရည်အသွေး ပြည့်မီကြောင်း အသိအမှတ်ပြုလက်မှတ်ရ မျိုးစေ့များအသုံးပြု၍ စိုက်ပျိုးခြင်းက အထွက်နှုန်း ၁၀တင်း/ဧက[၃၂] တိုးလာကြောင်း အထောက်အထားများ ထွက်ပေါ်လာပါသည်။

အရည်အသွေး ပြည့်မီကြောင်း အသိအမှတ်ပြုလက်မှတ်ရထားသည့် မျိုးစေ့ ထုတ်လုပ်ခြင်းသည် အစိုးရပိုင် မျိုးစေ့ စိုက်ခင်းများတွင် စိုက်ပျိုးရေးဦးစီးဌာန (DoA) နှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR) တို့မှ ထုတ်လုပ်သည့် ပထမမျိုးဆက် ထုတ်လုပ်မှုနှင့် မျိုးစေ့ ထုတ်လုပ်သူများထံ အရည်အသွေးပြည့်မီကြောင်း ထောက်ခံချက်ရှိသည့် မျိုးစေ့ ထုတ်လုပ်ရန် ဖြန့်ဖြူးပေးခဲ့သည့်အပေါ်၌ မူတည်ပါသည်။ ပထမ မျိုးဆက် မျိုးစေ့ အတွက် ဝယ်လိုအား နှင့် အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရှိသည့် မျိုးစေ့၏ ရောင်းလိုအားတို့အား ခန့်မှန်းခြင်းသည် တောင်သူများ အနေဖြင့် အရည်အသွေးပြည့် မျိုးစေ့ ရရှိမှု သေချာစေခြင်းအတွက် ကြီးမားသည့် စိန်ခေါ်မှု ဖြစ်ပါသည်။ ဆန်စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး (RSSD) စီမံချက်မှ ကိစ္စရပ်များ ဖြေရှင်းရန် လုပ်ဆောင်ခဲ့ပြီး ပြည်နယ် မျိုးစေ့ စိုက်ခင်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဒီဂျစ်တယ် စမတ်ဖုန်း ကြိုတင်ခန့်မှန်းသည့် အပလီကေးရှင်းများ အသုံးပြုခြင်း တို့မှ ကောင်းမွန်သည့် ရလဒ်များ စတင်ပြသခဲ့ပါသည်။ DoA နှင့် DAR တို့မှ ပထမ မျိုးဆက် မျိုးစေ့ အတွက် ဝယ်လိုအား ခန့်မှန်းရာတွင် အထောက်အကူဖြစ်စေရန် စီမံချက်မှ အက်ပ် နှစ်မျိုးနှင့် ဝက်ဘ်ဆိုဒ် ပေါ်တယ် တစ်ခု ရေးဆွဲ လွှင့်တင်ပေးခဲ့ပါသည်။[၃၃] ယင်း အက်ပ်များကို စတင်မိတ်ဆက်ခြင်းနှင့် ၎င်းနှင့် သက်ဆိုင်သည့် သင်တန်းများနှင့်အတူ ယင်း ဒီဂျစ်တယ် ပလက်ဖောင်းတွင် မျိုးစေ့ စိုက်ပျိုးသူ ၆၀၀ ပါဝင်သည့် မှတ်ပုံတင် အသုံးပြုသူ ၂,၃၂၉ ဦး ရှိနေပြီ ဖြစ်ပါသည်။

[၃၂] ကော်လက်တ်၊ ဂျီ ၂၀၁၉၊ ဘက်စုံစိုက်ပျိုးစီးပွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက် အပြီးသတ် အကဲဖြတ်သုံးသပ်ချက်၊ ၂၀၁၉ ခုနှစ် မေလ၊ LIFT

RSSD စီမံချက်မှ အစိုးရမျိုးစေ့ စိုက်ခင်းများတွင် အခြေခံအဆောက်အဦ ပိုမိုကောင်းမွန်စေရန်အတွက်နှင့် ပုသိမ်မြို့တွင် မျိုးစေ့ စမ်းသပ်သည့် အဆောက်အဦကို အဆင့်မြှင့်တင်ခြင်း ပြုလုပ်ရန် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပါသည်။ အစိုးရ မျိုးစေ့စိုက်ခင်းများတွင် ဆောက်လုပ်ရေး လုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး မှတ်ပုံတင်ထားသည့် မျိုးစေ့ ထုတ်လုပ်ခြင်းတွင် ၁၅ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်း ကြား တိုးမြင့်ခဲ့ကြောင်း စိုက်ခင်းမန်နေဂျာများမှ သတင်းပို့အစီရင်ခံခြင်းဖြင့် ယင်း ရင်းနှီးမြှုပ်နှံမှုများမှ ရရှိသည့် အကျိုးကျေးဇူးများအား သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မေလတွင် ISO:IEC ၁၇၀၂၅:၂၀၀၅ ဥရောပ သမဂ္ဂ အဆင့် မျိုးစေ့ စမ်းသပ်ခန်းအား ပုသိမ်မြို့တွင် ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ်မှ ဖွင့်လှစ်ပေးခဲ့ပြီး ယင်းမှယခုအချိန်အထိ ရန်ကုန်မှာသာ ဆောင်ရွက်နိုင်သည့် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်းနှင့် မျိုးစေ့ စစ်ဆေးခြင်း လုပ်ငန်းစဉ်အား မြစ်ဝကျွန်းပေါ်ဒေသတွင် ဤ စမ်းသပ်ခန်းမှ ဆက်လက်ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။ ၂၀၁၉ ခုနှစ် နွေရာသီ စိုက်ပျိုးထုတ်လုပ်မှု ရာသီအတွင်း စုစုပေါင်း ၁၂,၇၂၆ တင်း (မျိုးစေ့ ၂၇၉ တန်[၂၃]) မှ မျိုးစေ့ နမူနာပေါင်း ၄၈ မျိုး စမ်းသပ်ခဲ့သည့်အနက်မှ အသိအမှတ်ပြု မျိုးစေ့ ၁၂,၃၃၆ တင်း (၂၇၁ တန်) ကို ကိုယ်စားပြုသည့် ၄၆ မျိုးမှာ စမ်းသပ်မှုအောင်မြင်ခဲ့ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးတွင် လယ်သမားများအား အရည်အသွေးပြည့်ဝသည့် မျိုးစေ့များ ပံ့ပိုးပေးနေသည့် အကျိုးအမြတ်ရရှိပြီး အသက်မွေးမှုအဖြစ် လုပ်ကိုင်သော ထုတ်လုပ်သည့်၊ အသက်မွေးဝမ်းကျောင်းအတွက် ထုတ်လုပ်သည့်၊ စွန့်ဦးတီထွင် ထုတ်လုပ်သည့် မျိုးစေ့ ထုတ်လုပ်သူများ အရေအတွက် တိုးတက်လာလျက်ရှိခြင်းက ဆန်စပါး မျိုးစေ့ ကဏ္ဍ ရေရှည်တည်တံ့စေရန် သေချာစေပြီး အနာဂတ် ရာသီဥတု များနှင့် စားသုံးသူများ၏ တောင်းဆိုမှုကို ပြည့်မီစေနိုင်မည့် ပိုမိုကောင်းမွန်သည့် မျိုးရိုးဗီဇပါဝင်သည့် မျိုးစေ့များ မိတ်ဆက်နိုင်ရန် လမ်းခင်းပေးနိုင်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် မျိုးစေ့ စိုက်ပျိုးသူ များအတွက် မက်လုံးပေးသည့် ထောက်ပံ့မှု ရန်ပုံငွေများ နှင့် ကုမ္ပဏီ လေးခု (မုတ်သုန်၊ ရွှေပုသိမ်၊ ရွှေတံခွန် နှင့် ကျိုက်လတ်) မှ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ရန် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအား အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ ယင်းမှ နောက်လာမည့် နှစ်များတွင် မြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများအတွက် အရည်အသွေးပြည့် မျိုးစေ့များ ပံ့ပိုးပေးနိုင်မှုအပေါ် ထူးခြားသည့် သက်ရောက်မှုရှိမည် ဖြစ်သည်။

တတိယအကြိမ်မြောက် ဧရာဝတီ မျိုးစေ့ကဏ္ဍ ရပ်ဝန်း အစည်းအဝေးနှင့် ရောင်းသူဝယ်သူ တွေ့ဆုံပွဲအား မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) နှင့် ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပနိုင်ခဲ့ပါသည်။ အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာန၊ မျိုးစေ့ စိုက်ခင်းများ၊ မျိုးစေ့ ကုမ္ပဏီများ၊ ဆန်စက် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဘဏ်များ နှင့် NGOs/INGO များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ ဤရပ်ဝန်းမှ ကဏ္ဍတစ်ခုလုံး၌ မျိုးစေ့ ထုတ်လုပ်ခြင်းတွင် ညှိနှိုင်း ဆောင်ရွက်ရန်အတွက် LIFT မှ ရန်ပုံငွေ ထောက်ပံ့သည့် ဆန်စပါး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံချက်နှင့် နှင့် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) တို့၏ အရေးကြီးသည့် ခြေလှမ်းတစ်ရပ် အဖြစ် ရှုမြင်ပါသည်။ ၂၀၂၀ခုနှစ် RSSD စီမံချက် ပြီးဆုံးသည့်အခါ ဤ ရပ်ဝန်း စီမံခန့်ခွဲမှု နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတို့အား MRF မှ လွှဲပြောင်းရယူရန် မျှော်မှန်းထားပါသည်။ MRF နှင့် ပူးပေါင်း၍ စီမံချက်မှ တာဝန်ယူဆောင်ရွက်သည့် လေ့လာမှု (၂) ရပ်မှ ရလဒ်များကို မြှင့်တင်ရန် အကျိုးတူလယ်ယာစနစ် နှင့် စိုက်ပျိုးသည့်ပုံစံနှင့် အစိုးရ-ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုအား မျှဝေသည့် အခမ်းအနားတစ်ခုအား ရန်ကုန်မြို့တွင် RSSD မှ အိမ်ရှင်အဖြစ် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။

## လယ်ယာကုန်ထုတ်လုပ်သူများ အဖွဲ့ (FPE)

Mercy Corps နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Swisscontact နှင့် Ar Yone Oo တို့သည် ဆန်စပါး စုပေါင်းဝယ်ယူခြင်း နှင့် သိုလှောင်ခြင်း၊ အဖွဲ့ဝင်များအတွက် သွင်းအားစုများ စုပေါင်းဝယ်ယူခြင်း နှင့် လည်ပတ်ရန်ပုံငွေများ တည်ထောင်ခြင်း တို့ ဆောင်ရွက်သည့် လယ်ယာကုန်ထုတ်လုပ်သူများအဖွဲ့များ ဖွံ့ဖြိုးတိုးတက်လာခြင်းကို မြှင့်တင်ပေးသည့် လပွတ္တာအား ဈေးကွက်နှင့်ချိတ်ဆက်ခြင်း (LLM) စီမံချက် ကို အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ နှင့် NGO များ အတွက် သွင်းအားစု သက်သက် ရောင်းချသူများနှင့် သင်တန်း မန်နေဂျာ ၁၁၃ ဦးတို့အား နည်းပညာသင်တန်းများ ညှိနှိုင်းဆောင်ရွက်ရန်၊ လိုအပ်သည့် သွင်းအားစုများ သတ်မှတ်ဖော်ထုတ်ရန်၊ သွင်းအားစု ဖြန့်ဖြူးမှု ကို ကြီးကြပ်ရန်နှင့် အဖွဲ့ဝင်များမှ သွင်းအားစု များအား သင့်လျော်စွာ အသုံးပြုခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးရာတွင် အထောက်အကူ ပေးရန် တို့အတွက် ဆောင်ရွက်ရန် လက်ရှိတွင် FPE ၇၇ ဖွဲ့ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ သွင်းအားစု ပေးသွင်းသူ နှင့် သင်တန်း မန်နေဂျာများသည် FPE အဖွဲ့ဝင်များ နှင့် သွင်းအားစု ရောင်းချသူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ မျိုးစေ့ ကုန်သည်များနှင့် စိုက်ပျိုးရေးသုံး ဓာတုဆေးကုမ္ပဏီများ တို့ အကြား ကွာဟချက်ကို ပေါင်းကူးပေးလျက်ရှိပါသည်။ စီမံချက်မှ စုစုပေါင်း တန်ဖိုး ကန်ဒေါ်လာ ၅၈၉,၆၅၅ အား FPE များ ဖွဲ့စည်းခြင်း နှင့် အဆိုပါ လုပ်ငန်းများမှ တဆင့် ဖန်တီးပေးခဲ့ပါသည်။

ပူးတွဲ ပိုင်ဆိုင်သည့် စနစ် မိတ်ဆက်ပေးခြင်း ဖြင့် FPE ၄၇ ဖွဲ့များ ကြား စိတ်ဝင်စားမှု မြင့်တက် ခဲ့ပါသည်။ ၂၀၁၉ခုနှစ် ပထမ နှစ်ဝက်တွင် FPE ၂၄ဖွဲ့တို့ သည် အရင်းအနှီး ထပ်မံမြင့်တက်စေရန် ၎င်းတို့၏ ရှယ်ယာများအား စီစဉ်သတ်မှတ်ပြီး စတင် ထုတ်ရောင်းခဲ့ပါသည်။ ဤ လုပ်ငန်းစဉ်တွင် FPE အဖွဲ့ဝင် စုစုပေါင်း ၅၈၄ဦးမှ ကျပ် ၃၄,၄၈၀,၀၀၀ (ကန်ဒေါ်လာ ၂၂,၅၀၀) မတည်ရင်းနှီး ပေးခြင်းနှင့်အတူ ပါဝင်လာခဲ့ပါသည်။ Mercy Corps နှင့် အရုဏ်ဦး တို့သည် FPE များမှ သွင်းအားစုများ စုပေါင်း ဝယ်ယူခြင်း နှင့် အကျိုးတူ လယ်ယာ များ ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း တို့ကိုပါ ဆောင်ရွက်သည့် လယ်ယာကုန်ထုတ်လုပ်သူများအသင်း (စုပေါင်းရော)နှင့် ပူးပေါင်း၍ ယင်း FPE များ အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း ကို စီစဉ်ဆောင်ရွက်ပေးရန် အတွက် ဆက်လက်လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

## အားလုံးပါဝင်စေခြင်းအား တိုးတက်ထွန်းကားစေခြင်း နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက်

မေတ္တာသည် ၎င်း၏ အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှု နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက်အား မြှင့်တင်ခြင်းမှတဆင့် မော်လမြိုင်ကျွန်း မြို့နယ် ရှိ ကျေးရွာ ၁၁ ရွာမှ တောင်သူ ၁၇ဦးအား စပါး ကြဲပက်စိုက်ပျိုးခြင်းနည်းအစားထိုးသည့် နည်းလမ်း အဖြစ် မျိုးစေ့ချကရိယာ အသုံးပြု၍ စနစ်တကျ စိုက်ပျိုး ခြင်းဖြင့် နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် ကူညီပံ့ပိုးခဲ့ပါသည်။ ယင်းနည်းလမ်းတွင် သီးနှံ ပျိုးရန် သိသိသာသာ နည်းပါးသည့် မျိုးစေ့ လိုအပ်ပါသည် (မိရိုးဖလာ စပါး ကြဲပက် စိုက်ပျိုးသည့်နည်းလမ်းဖြင့် ၁ဧက စပါး ၃-၄ တင်း နှင့် နှိုင်းယှဉ်ပါက မျိုးစေ့ချကရိယာ နှင့် ၁ ဧက ၁တင်း သာ လိုအပ်ပါသည်)။ တောင်သူများ အနေဖြင့် ဓာတ်မြေဩဇာ အသုံးပြုမှု အား ကီလို၅၀ပါ သုံးအိတ် မှ နှစ်အိတ် အထိ လျှော့ချရန် တိုက်တွန်းအားပေးခဲ့ပြီး တစ်ဧက ၁၀တင်းမှ ၁၅ တင်း အတွင်း အထွက်တိုးလာခဲ့ပါသည်။ ဓာတ်မြေဩဇာ အလွန်အကျွံ အသုံးပြုခြင်းကို မြစ်ဝကျွန်းပေါ် ဒေသရှိ ဆန်စပါးထုတ်လုပ်မှု စနစ်များတွင် မြင်တွေ့ရလေ့ရှိပြီး သီးနှံထွက်ရှိမှုနှုန်း လျော့ကျစေခဲ့ ပါသည်။

၂၃ https://www.dropbox.com/s/efj6sd5yje6do4x/EGS%20application%20_Jan%202019.ppsx?dl=0

၂၄ စပါးတစ်တင်း = ၂၂ ကီလိုဂရမ်

လပွတ္တာ ဒေသတွင် စီမံချက် မှ မြေဆီလွှာများ ဆန်းစစ်ခဲ့ပြီး တောင်သူများအား ဓာတ်မြေသြဇာ အသုံးပြုနှုန်း ကို ထက်ဝက်လျှော့ချရန် အကြံပြု ခဲ့ပါသည်။ တောင်သူအများအပြား အသုံးပြုသည့် ဇီဝမြေသြဇာ နှင့် ဓာတ် မြေသြဇာ နှစ်မျိုးပေါင်းစပ်ထားသော ဖွဲ့မြန်မာ ဓာတ်မြေသြဇာ အသုံးပြုမှုအား ထက်ဝက်လျှော့ချနိုင်ခဲ့ပြီး အထွက်နှုန်းတွင် တစ်ဧကလျှင် ၇ တင်းမှ ၁၀တင်းအထိ အထွက်တိုးခဲ့ပါသည်။ ဓာတ်မြေသြဇာများ မလျော်မကန် အသုံးပြုမှု သည် စိုက်ခင်းနေရာနှင့်သာ သီးသန့်သက်ဆိုင်သည့် အကြံပြုချက်များ မရှိခြင်းနှင့် တောင်သူများ အနေဖြင့် ထိုသတင်းအချက်အလက် များ အား လက်လှမ်းမီ ရရှိနိုင်မှု မရှိခြင်းတို့ တွဲစပ်နေကြောင်း ရှင်းရှင်းလင်းလင်း မြင်သာစေပါသည်။

## ရေလုပ်ငန်းများ ပူးတွဲစီမံခန့်ခွဲမှု

ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) မှ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ရေလုပ်ငန်းများ စုပေါင်း စီမံခန့်ခွဲခြင်း နှင့် ရေလုပ်ငန်း ကဏ္ဍ မူဝါဒ ပြုပြင်ပြောင်းလဲရေး တို့ကို ဦးတည်၍ ဧရာဝတီ ရေဝပ်ဒေသရှိ ရေသယံဇာတများ စုပေါင်းစီမံခန့်ခွဲမှု မြှင့်တင်ရေး စီမံချက် အား အကောင်အ ထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ဤ အစီအစဉ်၏ အဓိက အစိတ်အပိုင်းမှာ ရပ်ရွာလူထုများအနေဖြင့် ငါးဖမ်းကွက်များအား ၎င်းတို့ သီးသန့်အသုံးပြု၍ စီမံခန့်ခွဲနိုင်ရန် အတွက် အကူအညီပေးရန်ဖြစ်ပါသည်။ နှစ်စဉ် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်မှတဆင့် ငါးဖမ်းကွက် ၁၆၆ ကွက် ( အင်း ၁၁၉ခု[၃၅]၊ တင်ဒါ ၄၄ ခု နှင့် ဘုံငါးဖမ်းကွက် ၃ ခု) တို့အား စီမံချက်မှ ထောက်ပံ့ပေးသည့် မြို့နယ် ၁၉ မြို့နယ်ရှိ ရပ်ရွာလူထု အုပ်စု အတွက် အပ်နှင်းခဲ့ပါသည်။ NAG သည် မင်းတစု အစုအဖွဲ့ (ပန်းတနော် မြို့နယ်) နှင့် ဇင်ရွှံကြီး အစု အဖွဲ့ (လပွတ္တာ မြို့နယ်) တို့ တည်ထောင်ခြင်းမှ တဆင့် ရေလုပ်ငန်းများ စုပေါင်း စီမံခန့်ခွဲသည့် အယူအဆများမြှင့်တင်ရန် ၎င်း၏ ကြိုးပမ်းမှုများအား တိုးချဲ့ခဲ့ပါသည်။ အစုအဖွဲ့များမှ သယံဇာတများ ကာကွယ်စောင့်ရှောက်ရန်အတွက် စုပေါင်းစီမံခန့်ခွဲသည့် အယူအဆများအား သဘောပေါက်နားလည်ခြင်း၊ ငါးလုပ်ငန်း ပူးတွဲစီမံခန့်ခွဲသည့် အုပ်စုများ ဖွဲ့စည်းခြင်းနှင့် ကျေးရွာများတွင် စောင့်ကြည့်ရေး ကော်မတီများ တည်ထောင်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဖွဲ့စည်းပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

NAG မှ ငါးလုပ်ငန်းဦးစီးဌာန (DoF) နှင့် ပူးပေါင်း၍ ပန်းတနော် မြို့နယ်တွင် အင်း (ငါးဖမ်းသည့် ဧရိယာများ) ၂၈၂ ခုအား မြေပုံထုတ်ခဲ့ပြီး ထိုလုပ်ငန်းစဉ်အတွင်းတွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ဝန်ထမ်းများအား မြေပုံရေးဆွဲခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက် စနစ်များအား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုမှ အစိုးရ၏ ရင်းမြစ်များ အသုံးပြု၍ စာရင်းကောက်သည့် ဧရိယာ တိုးချဲ့ရန်နှင့် အင်းနယ်နိမိတ် သတ်မှတ်ခြင်းများတွင် နောက်ဆုံးအခြေအနေထည့်သွင်းရန် ကတိကဝတ်ရရှိခဲ့ပါသည်။ တိုင်းဒေသကြီးအစိုးရ မြေအသုံးချရေး ဌာနခွဲမှ ၂၀၁၉/၂၀၂၀ ဘတ်ဂျက်တွင် အင်းမြေပုံများ နောက်ဆုံးအခြေ အနေထည့်သွင်းရာတွင် ထောက်ပံ့ပေးရန်အတွက် ကျပ် ၁၆၄,၄၅၀,၀၀၀ (ကန်ဒေါ်လာ ၁၀၈,၀၀၀) ကို ခွဲဝေချထားပေးခဲ့ပါသည်။ ယင်းမှာ ထူးခြားသည့် တိုးတက်မှုတစ်ရပ်ဖြစ်ပြီး စီမံချက်မှ ဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းနှင့် ချဉ်းကပ်နည်းလမ်းမှာ မြန်မာအစိုးရ နှင့် ဆီလျော်မှုရှိကြောင်း ရှင်းရှင်းလင်းလင်း ပြသနေပါသည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ် ရေချို ငါးလုပ်ငန်းမှ အခွန်ငွေ ကောက်ခံခြင်းသည် တိုင်းဒေသကြီးအစိုးရအတွက်ရော ပြည်ထောင်စုအစိုးရအတွက်ပါ အရေးကြီးပါသည်။ ရပ်ရွာလူထု ဦးစီးသည့် ရေလုပ်ငန်းများမှ အခွန်ကောက်ခံသည့် ချဉ်းကပ်နည်းလမ်းတွင် ရေလုပ်သားများမှ ဦးဆောင်သည့် အားကောင်းပြီး စနစ်တကျ ရှိသည့် ရေလုပ်ငန်းဆိုင်ရာ အခွန်ကောက်ယူမှုစနစ် ပေးနိုင်သည့် အားသာချက်ရှိပြီး အခွန်ကောက်ခံသည့် လုပ်ငန်းစဉ်တွင် ရေလုပ်သားများ၏ တာဝန်ခံမှု ပိုမိုကောင်းမွန်စေပြီး ငါးလုပ်ငန်း ဦးစီးဌာန (DoF) ၏ အခန်းကဏ္ဍကိုလျှော့ချပေးပါသည်။ LIFT မှ ပံ့ပိုးပေးသည့် စီမံချက်သည် ရေလုပ်သား ဖွံ့ဖြိုးရေးအဖွဲ့များ နှင့် DoF တို့၏ ကူညီပံ့ပိုးမှုဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ် သုံးမြို့နယ်တွင် ဤ ချဉ်းကပ်နည်းလမ်း ကို ရှေ့ပြေး စမ်းသပ်ခဲ့ပါသည်။

ဖျာပုံ ငါးလုပ်ငန်း သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းအား ၂၀၁၉ ဩဂုတ်တွင် ပြီးစီးခဲ့ပါသည်။ သင်တန်းကျောင်းတွင် DoF ဝန်ထမ်းများအတွက် ကာလတို သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။ NAG မှ DoF အား တန်ဖိုးမြှင့် ကွင်းဆက် ဖော်ဆောင်ခြင်း နှင့် အငယ်စား ငါးမွေးမြူရေးဆိုင်ရာ သင်ရိုးညွှန်းတန်းနှင့် ဆက်စပ်နေသည့် ရည်ညွှန်းစာစောင်များ ရေးဆွဲနိုင်ရန် ကူညီပေးခဲ့ပါသည်။ ထို့ပြင် စီမံချက်မှ ရေချိုပုဇွန်၊ ပင်လယ် ပုဇွန် နှင့် ရွှံ့ဂဏန်း ထုတ်လုပ်ခြင်းနှင့် အသားတိုးမွေးမြူခြင်း[36]တို့ဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။

## အပူပိုင်းဇုန်

International Fertilizer Development Center (IFDC)သည် LIFT မှ ရန်ပုံငွေ ကန်ဒေါ်လာ ၄.၄၆ သန်း ထောက်ပံ့သည့် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက်အား အပူပိုင်းဇုန်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ၂၀၁၉ ခုနှစ် ဇွန်လအထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ အရည်အသွေးမြင့် သွင်းအားစု အသုံးပြုခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ် နှင့် သတင်း အချက်အလက်များ လက်လှမ်းမီ ရရှိခြင်း နှင့် သီးနှံဆုံးရှုံးမှု ဖြစ်ပွားရန် အားနည်းထိခိုက်လွယ်မှု လျှော့ချခြင်း တို့မှ တဆင့် လုပ်ကွက်ငယ် တောင်သူ ၃၁,၀၀၀ ကျော်အတွက် ဝင်ငွေများ နှင့် ထုတ်လုပ်မှု စွမ်းရည် တို့အား ပိုမိုကောင်းမွန်စေလျက် စိုက်ပျိုးရေး သွင်းအားစု နှင့် ဝန်ဆောင်မှုပေးသူ ၅၅ ဦး ၏ ကွန်ရက်အား ခိုင်မာအားကောင်းစေခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး သွင်းအားစု ကဏ္ဍကို ကူညီပံ့ပိုးပေးပါသည်။ သုံးနှစ်ခွဲတာ ကာလအတွင်း စီမံချက်မှ သင်တန်း ၄၈၀ ခု ပို့ချခဲ့ပြီး သင်တန်း တက်ရောက်ခဲ့သူများ၏ ၁၀ ရာခိုင်နှုန်း နီးပါး သည် မွမ်းမံသင်တန်းများ ဆက်လက် တက်ရောက်ခဲ့ပါသည်။ သွင်းအားစု ဝန်ဆောင်မှု ပံ့ပိုးသူများမှ မကွေးနှင့် မန္တလေး တိုင်းဒေသကြီးတို့ရှိ မြို့နယ်ခြောက်ခု (ပခုက္ကူ၊ ရေစကြို၊ နွားထိုးကြီး၊ တောင်သာ နှင့် မလှိုင်) တို့မှ တောင်သူ ၁၇,၇၀၀၀ ကျော် အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ နောက်ထပ် သင်တန်း ၁၆၆ ခု ကို(ဝန်ထမ်း များ အလုပ်လုပ်ရက် ၈၆၉ ရက်) ဦးဆောင်ကာ ရန်ပုံငွေ ထောက်ပံ့ခဲ့ပါသည်။ ယင်းဆောင်ရွက်ချက်မှာ ပုဂ္ဂလိက ကဏ္ဍ သွင်းအားစု ဝန်ဆောင်မှု ပေးသူများ နှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ပံ့ပိုးပေးသည့် သမားရိုးကျ တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ခြင်းသည် အောင်မြင်သည့် ပုံစံ ဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။

ပထမနှစ်ဝက်အတွင်းတွင် IFDC နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် John Deere နှင့် New Holland တို့သည် ထွန်စက်မောင်းသူ ၂၄၀ ဦးအား ထွန်စက် ဘေးကင်းလုံခြုံမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ထိန်းချုပ်မှုများ နှင့် ကရိယာများ၊ ကွင်းဆင်း လုပ်ဆောင်မှုများအတွက် ပြင်ဆင်ခြင်း နှင့် ကောင်းမွန်သည့် သီးနှံစိုက်ပျိုးမှုဆိုင်ရာ အလေ့အကျင့်များနှင့် ပတ်သက်သည့် သင်တန်းများ ပို့ချပေးခဲ့ပါသည်။ ယင်းသင်တန်းများမှ ထွန်စက် ပိုင်ရှင်များနှင့် ထွန်စက်မောင်းသူများအား ဝန်ဆောင်မှု ရယူသူများထံပေးသည့် ၎င်းတို့၏ ဝန်ဆောင်မှု အရည်အသွေး

၃၅ အင်းများမှာ ငါးဖမ်းရန်အတွက် သတ်မှတ်ထားသည့် ရေ ဧရိယာများဖြစ်ပါသည်။ ယင်းတို့အား ငါးဖမ်းခွင့် ရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။/ယင်းဧရိယာများအား ငါးဖမ်းခွင့်ရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

၃၆ ငါးအမျိုးအစား နှစ်မျိုးအား ကန်တစ်ကန်တည်းတွင် မွေးမြူသော်လည်း မတူညီသည့် ရာသီများ (သို့) မတူညီသည့် မွေးမြူသည့်အချိန်တွင် မွေးမြူခြင်း (အမျိုးအစား နှစ်မျိုးတွင် မွေးမြူရန်အတွက် ငါးသားပေါက် ရရှိနိုင်သည့် မူတည်၍ မတူညီသည့် မွေးမြူသည့် ရာသီရှိသော အခြေအနေများတွင်)

ကို ပိုမိုကောင်းမွန် စေသည့် အပြင် တောင်သူများအတွက်လည်း ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အကြံဉာဏ်များပေးနိုင်စေရန် အထောက်အကူ ဖြစ်စေပါသည်။

## တောင်တန်းဒေသများ

### တောင်သူသင်တန်းနှင့် သွင်းအားစု ဝန်ဆောင်မှု ပေးသူများ

IFDC သည် အပူပိုင်းဇုန်မှ အောင်မြင်သည့် ချဉ်းကပ်နည်းလမ်းများအား တောင်တန်းဒေသများတွင် ပုံတူပွား ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခု နှစ် ဇန်နဝါရီလမှ ၂၀၂၀ ခုနှစ် ဇွန်လအထိ ကယားပြည်နယ်တွင် လွိုင်ကော်နှင့် ဒီမောဆို မြို့နယ်များ နှင့် ကရင်ပြည်နယ်တွင် ဖားအံ၊ ကော့ကရိတ် နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များတွင် တောင်သူ သင်တန်းပေး ပို့ချရန်အတွက် ၎င်း၏ ချဉ်းကပ်နည်းလမ်းအား အကောင်အထည်ဖော်ရန်အတွက် ကန်ဒေါ်လာ ၁.၅၉ သန်း စရိတ် ပါဝင်သည့် စီမံချက်သက်တမ်းတိုးခွင့်ပြုချက်ကို ရရှိခဲ့ပါသည်။ စီမံချက် စတင်သည့်အချိန်ကတည်းက စီမံချက်အ ဖွဲ့မှ တောင်သူ ၄,၁၆၄ ဦး (အမျိုးသမီး ၃၈ ရာခိုင်နှုန်း) တို့အား သဘာဝပတ်ဝန်းကျင်မပျက် စိုက်ပျိုးရေး စနစ်၊ ရိတ်သိမ်းချိန်လွန် ထုတ်ကုန် စီမံခန့်ခွဲခြင်း၊ သီးနှံ ဘတ်ဂျက်တွက်ခြင်း၊ ဘက်စုံ အာဟာရ စီမံခန့်ခွဲမှု၊ အာဟာရဖွံ့ဖြိုးမှု နှင့် ငွေကြေးဆိုင်ရာတို့အတွက် လေ့ကျင့် သင်ကြား ပေးခဲ့ ပါသည်။ IFDC သည် ယခုအခါ တူညီသည့် တောင်သူအုပ်စု များအား ထိရောက်သည့် ကျွမ်းကျင်မှု တည်ဆောက်ခြင်း နှင့် အသိအမြင် ဖလှယ်ခြင်း တို့အတွက် အထောက်အကူဖြစ်စေမည့် မတူညီသည့် သင်ခန်းစာမော်ဂျူးများ ဖြင့် ပြန်လည် အာရုံစိုက်သည့် သင်တန်း ချဉ်းကပ်နည်းလမ်းကို ချိန်ညှိရန်အတွက် အပူပိုင်းဇုန်မှ လေ့လာသင်ယူခဲ့သည်များအား လက်တွေ့ အသုံးချခဲ့ပါသည်။

စီမံချက်သည် တောင်သူများ၊ စိုက်ပျိုးရေး ဦးစီးဌာန (DoA) တိုးချဲ့ ပညာပေးရေး အရာရှိများ နှင့် သွင်းအားစု ဝန်ဆောင်မှုပေးသူများ နှင့် ပူးပေါင်း၍ ဆန်စပါး၊ နှမ်း၊ ကုလားပဲ၊ ဟင်းသီးဟင်းရွက်များ နှင့် ပြောင်း တို့နှင့်ဆက်စပ်နေသည့် အဆင့်မြင့် စိုက်ပျိုးနည်း အလေ့အထများ နှင့် စပ်လျဉ်းသည့် သရုပ်ပြစိုက်ကွင်း ၂၃ ခု တည်ထောင်ခဲ့ပါသည်။ ယင်း ရိုးရှင်းသည့် စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်တင်မှုများ၏ သက်ရောက်မှုမှာ ရှင်းလင်း ထင်ရှားပါသည်။ ၂၀၁၈-၂၀၁၉ တွင် ပြောင်း၏ ပျမ်းမျှ အမြတ်ငွေမှာ ၈၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စပါး၏ ပျမ်းမျှ အမြတ်ငွေ မှာ ၅၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အမြတ်အစွန်းရရှိရန် ထင်ရှားစွာ ပံ့ပိုး ပေးသည့် အကြောင်းရင်းများမှာ အဆင့်မြင့် ဓာတ် မြေသြဇာ စီမံခန့်ခွဲမှု (နှစ်မျိုးသုံးခြင်းက ဓာတ်မြေသြဇာ အသုံးပြုနှုန်း လျော့ကျစေခြင်း) အချိန်မှန် ပိုးသတ်ခြင်း (ဆိုလိုရင်းမှာ ဆောင်းဦး ငမြောင်တောင် စောင့်ကြည့် စစ်ဆေးခြင်း)၊ မြေဆီလွှာ စီမံခန့်ခွဲခြင်း နှင့် ပိုမိုကောင်းမွန်သည့်မျိုး ရွေးချယ်ခြင်း တို့ဖြစ်ပါသည်။ သီးနှံတစ်မျိုးချင်းစီအတွက် အကြီးမားဆုံး အမြတ်မှာ လွိုင်ကော်တွင် တစ်ဟက်တာ လျှင် စပါး ဆယ်တန်အတွက် တစ်ဧက လျှင် ကျပ် ၈၈၀,၀၀၀ (ကန်ဒေါ်လာ ၅၈၀) ၊ ကြာအင်းဆိပ်ကြီး တွင် နှမ်းသီးနှံ တစ်ဟက်တာ လျှင် ၄၀၀ ကီလိုဂရမ်အတွက် တစ်ဧကလျှင် ကျပ် ၇၁၁,၉၀၀ (ကန်ဒေါ်လာ ၄၇၀) နှင့် လွိုင်ကော်တွင် ပြောင်းသီးနှံ တစ်ဟက်တာလျှင် ၁၀ တန်အတွက် ကျပ် ၄၈၀,၀၀၀ (ကန်ဒေါ်လာ ၃၁၅) တို့ ဖြစ်ကြပါသည်။

သွင်းအားစု ဝန်ဆောင်မှုပေးသူ (ISP) အသစ် ၃၀ ဦး မှ စီမံချက်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စီးပွားရေးမြှင့်တင်ရန်အတွက် ထောက်ပံ့ငွေ ကန်ဒေါ်လာ ၁၀,၀၀၀ စီ အပြင် ၎င်းတို့ စီးပွားရေး လုပ်ငန်း ကြီးထွား လာစေရန် အနီးကပ် အကြံပေးခြင်း နှင့် DoA တိုးချဲ့ ပညာပေးရေး ဝန်ထမ်း နှင့် ပူးပေါင်း ၍ တောင်သူ သရုပ်ပြ ပွဲများဖြင့် ကူညီပံ့ပိုး ပေးခဲ့ပါသည်။ ထောက်ပံ့ငွေ ရရှိရန် အတွက် ISP များ အနေဖြင့် ဤ အစီအစဉ်အတွက် ၎င်းတို့ကိုယ်ပိုင်မှ အနည်းဆုံး ကန်ဒေါ်လာ ၂,၀၀၀ ထည့်ဝင်ရင်းနှီးရန် လိုအပ်ပါသည်။ ISP များမှ တောင်သူ ၄,၀၄၈ ဦး (အမျိုးသမီး ၄၀ ရာခိုင်နှုန်း) အတွက် သင်တန်း ၇၆ ခု ဆောင်ရွက်ပေး ခဲ့ပြီး တောင်သူ ၂,၂၄၅ (အမျိုးသမီး ၃၆ ရာခိုင်နှုန်း) တို့အတွက် စံပြ စိုက်ခင်းများတွင် တောင်သူ ကွင်းဆင်းနေ့ ၂၇ ကြိမ် ကျင်းပခဲ့ပါသည်။ ယင်း သင်တန်းများ၏ အကျိုးသက်ရောက်မှု ၏ အသီးအပွင့်ကို စတင် ခံစားနေရပြီး ကရင်တောင်သူတစ်ဦးက ခရမ်းသီး စိုက်ပျိုး ထုတ်လုပ် သဖြင့် လယ်တစ်ဧကမှ ဝင်ငွေ ကျပ် ၉ သန်း (ကန်ဒေါ်လာ ၅,၉၀၀) ရရှိ နေကြောင်း အစီရင်ခံခဲ့ပါသည်။

ကယားပြည်နယ်တွင် ပြောင်းအများစု စိုက်ပျိုးသည့် ဒေသများတွင် ဆောင်း ငမြောင်တောင် ပိုး (FAW) များ အမြောက်အများ ကျခဲ့သဖြင့် IFDC မှ FAW ထိန်းချုပ်ရန် ဘက်စုံ ပိုးမွှား စီမံခန့်ခွဲမှု၊ စောင့်ကြည့် စစ်ဆေးမှု နှင့် သီးနှံ ကာကွယ်စောင့်ရှောက်သည့် ထုတ်ကုန်များ ဘေး ကင်းလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် သင်တန်းပို့ချပေးခဲ့ပါသည်။ တောင်သူ ၂၈၇ ဦးအတွက် ယင်း လုပ်ငန်းများအား IFDC နှင့်မြေသြဇာ ကဏ္ဍာ အဆင့် မြှင့်တင်ရေး စီမံချက် တို့မှ ပူးပေါင်း ညှိနှိုင်းဆောင်ရွက် ခဲ့ပါသည်။ FAW သင်တန်းအား စိုက်ပျိုးရေး ဦးစီးဌာန နှင့် သွင်းအားစု ဝန်ဆောင်မှုပေးသူ များ ပါဝင်သည့် သင်တန်းသား ၇၅ ဦးထံ ပို့ချပေး ခဲ့ပါသည်။

### ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှု

၂၀၁၆ခုနှစ် လယ်ကတည်းက မေတ္တာမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် တောင်ပေါ်ဒေသ စားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက်ဝင်ရောက်ခြင်း စီမံချက်မှ တောင်သူ များအတွက် စီးပွားရေး အကျိုးအမြတ် ရရှိမှု တိုးပွားစေရန်နှင့် အများပိုင် သစ်တော များ တည်ထောင်ခြင်းနှင့် ချင်း၊ နနွင်း နှင့် ဝဥ တို့ပါဝင်သည့် သီးနှံများအတွက် သီးနှံသစ်တော အခြေပြု စနစ်များ မြှင့်တင်ခြင်း တို့ ဆောင်ရွက် ရန် ကြိုးပမ်းခဲ့ သည်။

UFS-PM စီမံချက်မှ တောင်သူ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲသည့် စိုက်ပျိုး စီးပွား တန်ဖိုးမြှင့်ကွင်းဆက် လုပ်ငန်းများ သည် မြေပဲနှင့် မုန်ညင်းဆီ ထုတ်လုပ်မှုတို့တွင် များစွာ မှီတည်နေကြပါသည်။ ဆီထုတ်လုပ်စက် ၆ လုံး တည်ထောင်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ပထမပိုင်းနှစ်ဝက်တွင် မြစ်ကြီးနားမြို့၌ စုပေါင်း ဈေးကွက်မြှင့်တင်ခြင်း နှင့် ဖြန့်ဖြူးရေး စင်တာ တို့ တည်ထောင်ခဲ့ပြီး ကချင်ပြည်နယ်တွင် ထုတ်လုပ်သည့် ဆီ များ ဈေးကွက်မြှင့်တင်ရန် ကုန်သည်များနှင့် လက်လီအရောင်းဆိုင်များ ကြား ချိတ်ဆက်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှု ရှိခဲ့ပါသည်။ လက်ကားအရောင်းဆိုင် ၅၇ ဆိုင်နှင့် လက်လီအရောင်းဆိုင် ၄၄ ဆိုင် တို့မှ မြေပဲနှင့် မုန်ညင်းစေ့တို့အား ကြိတ်ခွဲ ပြုပြင်သန့်စင်ခြင်းမှ ရရှိ လာသည့် ထုတ်ကုန်ပစ္စည်းများ ဝယ်ယူလျက် ရှိပါသည်။ စီးပွားရေး ပုံစံ အား ပြန်လည်တည်ဆောက်ခဲ့ပြီး ကုန်ကြမ်းပစ္စည်း ထုတ်လုပ်သည့် တောင်သူများဖြင့် စိုက်ပျိုးထုတ်လုပ်သူ အုပ်စုများ ဖွဲ့စည်းခဲ့ပါသည်။ တောင်သူများ အား စက်များ လည်ပတ်ဆောင်ရွက်သည့် အစုအဖွဲ့ စီမံခန့်ခွဲမှု ကော်မတီ (Cluster Management Committee–CMC) ထံသို့ ပစ္စည်းပို့သည့်အချိန်တွင် ငွေချေပေးပါသည်။ စိတ်ပါဝင်စားသည့် စိုက်ပျိုးထုတ်လုပ်သူ အုပ်စု အဖွဲ့ဝင်များအား CMC အဆင့် ရှယ်ယာဝင် အစီအစဉ်အား မိတ်ဆက်ပေးခဲ့ပြီး CMC ရှယ်ယာဝင်များအဖြစ် ခွင့်ပြု ပေးခဲ့ပါသည်။ ရှယ်ယာ တစ်ခု၏ ဈေးနှုန်းမှာ ကျပ် ၅၀,၀၀၀ (ကန်ဒေါ်လာ ၃၃) ဖြစ်ပြီး တစ်ဦးလျှင် ရှယ်ယာအများဆုံး ၂၀ အထိဝယ်နိုင်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ရှယ်ယာ ရောင်းချခြင်းမှ ကျပ် ၆၀,၅၅၀,၀၀၀ (ကန် ဒေါ်လာ ၃၉,၆၀၀) ရနိုင်ခဲ့ပါသည်။ CMC ရှယ်ယာဝင်များ အမြတ်ငွေခွဲ သည့်အချိန်တွင် ရှယ်ယာ ဝင်များ အမြတ်ရရှိကြပါသည်။ ဤချဉ်းကပ် နည်းလမ်း မှ CMC များ အနေဖြင့် တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်ရန် အတွက် ကုန်ကြမ်းများ ဝယ်နိုင်ရန် လုံလောက်သည့် မတည်ရင်းနှီး ငွေများ ရရှိလာစေနိုင်ခဲ့ပါသည်။

အဆိုပါ စိုက်ပျိုးစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ အများစု တွင် တွေ့ကြုံရလေ့ရှိသည့် စိန်ခေါ်မှုများ မရှိဘဲလျက် မဖြစ်နိုင်ပါ။ ၂၀၁၉ ခုနှစ်တွင် ယင်း စီးပွားရေးလုပ်ငန်းများ အကျိုးအမြတ် ရရှိနိုင်မှုကို ဦးတည်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပါသည်။ ယင်း လုပ်ငန်းအဆင့်ဆင့်တွင် စက်မောင်းသူများအား ပုံမှန် စက်ပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုများ တိုးမြှင့်နိုင်ခြင်း၊ မြေပဲ တစ်တင်းတွင် ၁.၂ ပိဿာမှ ၂ ပိဿာ အထိ နှင့် မုန်ညင်းဆီ တစ်တင်းလျှင် ၄.၂ ပိဿာမှ ၅.၂ ပိဿာအထိ တိုးမြှင့်လာသည်အထိ ဆီထုတ်လုပ်ခြင်း စွမ်းရည်များ ပိုမိုကောင်းမွန်စေခြင်း၊ လုပ်ငန်း စီမံချက်များ ပြန်လည်ပြင်ဆင်ခြင်း နှင့် အလုပ်သမား စရိတ်များ လျှော့ချခြင်းတို့ ပါဝင်ပါသည်။ CMC မှ ဝင်ငွေ ပိုမို ရရှိစေရန် ပံ့ပိုး ထောက်ကူပေးသည့် ဒေသခံ ပုဂ္ဂလိက ကဏ္ဍ လုပ်ရှားဆောင်ရွက် သူများ နှင့်အတူ ဆီကြိတ်ဖတ် နှင့် ဒုတိယတန်းစား ဆီများ အတွက် အမြတ်များသည့် ဈေးကွက်များ အားလည်း ရှာဖွေပေးနိုင်ခဲ့ပါသည်။

### ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု

UFS–PM စီမံချက်၏ ဒုတိယအစိတ်အပိုင်းသည် အများပိုင်သစ်တော များနှင့် ဆက်စပ်နေသည့် သီးနှံသစ်တော တို့မှတဆင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန် အဓိကထား ဆောင်ရွက်ခဲ့ ပါသည်။ တန်ဖိုးမြင့်မားသည့် သစ်ပင် မျိုးစိတ်များ တည်ထောင်ခြင်း နှင့် ချင်း၊ နနွင်းနှင့် ဝဥတို့အပါအဝင် အရိပ်ဒဏ်ခံ သီးနှံများ စိုက်ပျိုးခြင်းဖြင့် သစ်တောမြေပြင်အား ရေရှည်အသုံးပြုခြင်းတို့မှတဆင့် မြေဆီ လျော့နည်း နေသည့် မြေမျက်နှာသွင်ပြင်များအား ပြန်လည် ပြုပြင် ထိန်းသိမ်းခြင်း နှင့် ရာသီဥတု ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို လျှော့ချခြင်း တို့အတွက် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှု များ ရှိပါသည်။ စီမံချက်မှ တောင်သူသင်တန်းကျောင်းများ အား ယင်း စနစ်များကို စီမံခန့်ခွဲ ရာတွင် ကျွမ်းကျင်မှု တိုးမြှင့်စေသည့် နည်းလမ်း အဖြစ် ကြိုးပမ်းအားထုတ်ရန် အားရုံစိုက်ခဲ့ပါသည်။ သစ်တော စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်း နှင့် အများပိုင်း သစ်တောလုပ်ငန်း များ တရားဝင် မှတ်ပုံတင်ခြင်း တို့အတွက် လိုအပ်ချက် ဖြစ်သည့် သစ်တောအသုံးပြုသူ အုပ်စုများ ဖွဲ့စည်းခဲ့ပါသည်။ စီမံချက်မှ ကျေးရွာ ပေါင်း ၂၆ ရွာ (ကချင်ပြည်နယ်တွင် ကိုးရွာ နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ၁၇ ရွာ)တွင် တောင်သူသင်တန်းကျောင်းများ တည်ထောင်ပေးခဲ့ပြီး တောင်သူ ၈၃၃ ဦး (အမျိုးသမီး ၃၁ ရာခိုင်နှုန်း) တို့ စာရင်းပေးသွင်းခဲ့ ပါသည်။ တောင်သူသင်တန်းကျောင်းများမှ သဘာဝ သယံဇာတ စီမံ ခန့်ခွဲမှု၊ အများပိုင်သစ်တော နှင့် သီးနှံ သစ်တော ဆိုင်ရာ နည်းစနစ် များအား သင်ကြားပေးခဲ့ပါသည်။ စီမံချက်မှ ကချင်ပြည်နယ်တွင် နနွင်းနှင့် ချင်း စိုက်ပျိုးထုတ်လုပ်မှုနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဝဥ စိုက်ပျိုး ထုတ်လုပ်မှုတို့အတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ အများပိုင် သစ်တော မှတ်ပုံတင်ခြင်းနှင့် မြေယာငှားရမ်းလုပ်ကိုင် ခွင့်ဆိုင်ရာ လုပ်ငန်းများသည် ၂၀၁၉ ခုနှစ်နှစ်လည်မှစ၍ နောက်ကြောင်းပြန် လှည့်သွားခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လတွင် ချင်း ၂,၀၉၇ ပိဿာ (မက်ထရစ်တန် ၃ တန်) နှင့် ချင်း ၁၁,၀၃၄ ပိဿာ (မက်ထရစ်တန် ၁၈ တန်) တို့အား တောင်သူ ၁၅၈ ဦးမှ ရိတ်သိမ်းခဲ့ပါသည်။ ၂၀၁၉ ခု နှစ်အတွင်းတွင် ချင်းဈေးနှုန်းများ မြင့်တက်နေစဉ် နနွင်း ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ တောင်သူများသည် ရိတ်သိမ်း ထားသည့် နနွင်း များအား ရောင်းအားနှင့် အမြတ်တိုးတက်ရရှိ စေရန် ပြုပြင်ထုတ်လုပ်မှု များ ၎င်းတို့ကိုယ်တိုင် အစပြု၍ ဆောင်ရွက်ခဲ့ကြပါသည်။

ချင်းစိုက်ပျိုးသည့်တောင်သူ ၁၅၈ ဦး အနက်မှ ၄၀ ဦးအား စစ်တမ်း ကောက်ယူခဲ့ရာ တောင်သူ ၃၈ဦးတို့သည် တောင်သူ တစ်ဦးလျှင် ပျမ်းမျှ အမြတ် ကျပ် ၈၈,၉၀၀ (ကန်ဒေါ်လာ ၅၈) ရရှိခဲ့ကြောင်း တွေ့ ရှိရပါသည်။ တောင်သူနှစ်ဦးမှာ အမြတ်ငွေ လုံးဝ မရရှိခဲ့ပါ။ နနွင်း စိုက်ပျိုးခြင်းတွင် စစ်တမ်း ကောက်ယူခဲ့သည့် တောင်သူ ၄၀ ဦးလုံး သည် အမြတ်ငွေ ကျပ် ၉၈,၄၀၀ (ကန်ဒေါ်လာ ၆၄) ရရှိခဲ့ကြပါသည်။

၂၀၁၉ခုနှစ် ပထမနှစ်ဝက်တွင် သဘာဝသယံဇာတ စီမံခန့်ခွဲသည့် ကျေးရွာ ၂၆ ရွာ အနက်မှ ၁၈ ရွာ (ကချင်ပြည်နယ်တွင် ရှစ်ရွာနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၁၀ ရွာ) တို့သည် အဖွဲ့ဝင် ၁၁၁ဦး (အမျိုးသမီး ၂၈ ရာခိုင်နှုန်း) ပါဝင်သည့် အများပိုင်သစ်တော ကော်မတီများ ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ ယင်းတို့မှ သစ်တောဦးစီးဌာန သို့ အများပိုင် သစ်တော အသိအမှတ်ပြုလက်မှတ် ရရှိရန် အတွက် အဆိုပြုလွှာများ တင်ပြခဲ့ကြပါသည်။ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲဖြစ်ပြီး လုပ်ငန်းစဉ်ပြောင်းလဲခြင်း၊ သစ်တောဦးစီးဌာန မှ ဝန်ထမ်းအပြောင်းအလဲ ဖြစ်သဖြင့် လျှောက်လွှာများအား စီမံခန့်ခွဲရာ အဆက်အစပ်ရှိမှုကို ထိခိုက်စေခြင်း နှင့် အချို့ဒေသများတွင် ပဋိပက္ခ များဆက်လက် ဖြစ်ပွားနေခြင်း တို့ကြောင့် သိသိသာသာ ကြန့်ကြာ နေပါသည်။

### ချင်းပြည်နယ်ရှိ အာဟာရ ဖောင်းပေး စိုက်ပျိုးရေး

Myanmar Institute for Integrated Development (MIID) မှ မိတ်ဖက် အဖွဲ့အစည်းများဖြစ်သည့် ကော်နဲလ်တက္ကသိုလ် နှင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်တို့နှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက် သည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အကြံပေးလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေး အသိပညာ ပေးလုပ်ငန်း များဖြင့် အာဟာရဆိုင်ရာရလဒ် ကောင်းများ ချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး (NOAC) စီမံချက်မှာ ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ပြီးဆုံးခဲ့ပါသည်။ စီမံချက်မှ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် အာဟာရ ဖောင်းပေး စိုက်ပျိုးရေး အကောင်အထည်ဖော် ဆောင်ရွက် ခြင်းအား ထောက်ပံ့ပေးခဲ့ပါသည်။ စီမံချက်မှ အောက်ပါတို့အား အာရုံစိုက်ခဲ့ပါသည်–

### စိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်မှု အဆင့်မြှင့်တင်နိုင်ရန်အတွက် အကြံပေး ဝန်ဆောင်မှုများ

မွေးမြူရေးနှင့် ငါးလုပ်ငန်း အပါအဝင် ဘက်စုံ စိုက်ပျိုးမွေးမြူရေး မြှင့်တင်ခြင်း အိမ်တွင်းထုတ်လုပ်မှုစနစ်များ၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေးခြင်း နှင့် လုပ်ကွက်ငယ်တောင်သူများနှင့် ဈေးကွက်များ ချိတ်ဆက်ခြင်း

အမျိုးသမီးများ ခေါင်းဆောင်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေး ခြင်းနှင့် စိုက်ပျိုးရေး ပညာပေးခြင်းတို့တွင် ပါဝင်ပတ်သက်နေသည့် ဒေသခံ ပညာရေးနှင့် အစိုးရ အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေ ခြင်း

ပြည်နယ် စိုက်ပျိုးရေး သိပ္ပံတွင် သင်ရိုးအဖြစ် အသုံးပြုရန်နှင့် ချင်းပြည်နယ်တွင် ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေး ထွက်ကုန်များ မြှင့်တင်ရန်အတွက် သင်တန်းသားများနှင့် တိုးချဲ့ပညာပေးရေး လက်တွေ့ ကျင့်သုံးသူများအား အထောက်အကူဖြစ်စေရန် လက်စွဲ လမ်းညွှန်များ ရေးသားပြုစုခြင်း

၂၀၁၉ ခုနှစ် ပထမပိုင်းတွင် စီမံချက်မှ ပြည်နယ် စိုက်ပျိုးရေး သိပ္ပံ (SAI) ကျောင်းသားများ အရေအတွက် အများဆုံး ပါဝင်နိုင်ရန် သေချာစွာ ဆောင်ရွက်ထားသည့် ကွင်းဆင်း လေ့လာခြင်းနှင့် လုပ်ငန်းခွင်တွင် သင်တန်းပေးခြင်းတို့ ပေါင်းစပ်ထားသည့် လုပ်ငန်းခွင် အတွေ့အကြုံယူသည့် သင်တန်း ရာသီအသစ် ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ တောင်သူ သင်တန်းကျောင်းများနှင့် ပတ်သက်သည့် လေ့လာသင်ယူမှုများအား မှတ်တမ်းတင်ရာတွင် ကြီးမားစွာ ကြိုးပမ်း အားထုတ်ခဲ့ပါသည်။ လေ့လာသင်ယူမှုများတွင် ချင်းပြည်နယ်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ခဲ့သည့် CORAD ၏ အတွေ့အကြုံများလည်း ပါဝင်ပါသည်။ ယင်းလေ့လာသင်ယူမှုများအား ဖြန့်ဝေနိုင်ရန် ထုတ်ဝေမည် ဖြစ်ပါသည်။

အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ သတင်းစကားပေးခြင်းကို အထောက်အပံ့ပေးရန်အတွက် ၂၀၁၉ ခုနှစ် အတွင်း၌ ကျေးရွာ ၁၅ ရွာတွင် လူပေါင်း ၁,၀၀၀ ကျော် (အမျိုးသမီး ၆၀ ရာခိုင်နှုန်း) တို့သည် လုပ်ရှားမှုများတွင် ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ မတ်လနှင့် မေလတို့တွင် အဓိက သင်တန်းသား တောင်သူများအတွက် အဆင့်မြင့် သင်တန်းပေးခဲ့ပြီး စီမံချက်မှ ချက်ပြုနည်းသစ် ထုတ်လုပ်မှုကို သတင်းပေးရန်အတွက် ၎င်း၏ ပြီးပြည့်စုံသည့် စားနပ်ရိက္ခာ နှင့် စားသုံးမှု ပြက္ခဒိန် အချက်အလက်များ (dataset) များအား LEARN[၃၇] အဖွဲ့အား မျှဝေခဲ့ပါသည်။

ချင်းပြည်နယ်တွင် နေအိမ်ခြံဝင်း အတွင်း ကြက်ဘဲမွေးခြင်း တိုးမြှင့်ရန်အတွက် ရင်ဆိုင်ကျော်လွှားရသည့် စိန်ခေါ်မှုတစ်ခုမှ တိရစ္ဆာန် အစားအစာ ရရှိမှု ဖြစ်ပါသည်။ MIID မှ တောင်သူ ဦးဆောင်သည့် သင်တန်းများမှတဆင့် ကျေးရွာ ၇ ရွာတွင် တီကောင်မွေးမြူရေးအား မိတ်ဆက်ပေးခဲ့ပြီး တောင်သူ ၁၅ ဦးမှ ထွက်ရှိလာသည်များအား တိရစ္ဆာန် အစာ အဖြစ် နှင့် တီကျစ်စာ အရည်အား အိမ်တွင်း ဥယျာဉ်များအတွက် အာဟာရရင်းမြစ် အနေဖြင့် အသုံးပြုရန် တီကောင်မွေးမြူ ထုတ်လုပ်မှုအား စတင်ခဲ့ပါသည်။

CORAD၊ GRET နှင့် CRS–KMSS တို့မှ အကောင်အထည်ဖော်ခဲ့သည့် ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံ နှင့် ဘက်စုံ စီးပွားဖြစ်ထွန်းရေး စီမံချက် မှ ချင်းပြည်နယ် မြောက်ပိုင်းရှိ ဝေးလံခေါင်သီသည့် ရပ်ရွာလူထုများအတွက် ပိုမိုကောင်းမွန်သည့် စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်များ မိတ်ဆက်ပေးခြင်း နှင့် စိုက်ပျိုးမွေးမြူရေး စနစ်များအတွင်းတွင် ရာသီဥတု ပြောင်းလဲမှုဒဏ် ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်ခြင်းတို့ဖြင့် ဆက်လက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်မှ တောင်သူ သရုပ်ပြပွဲများ နှင့် မြေဩဇာရည်နှင့် မြေဖုံးပစ္စည်း၊ စပါးအစွမ်းရှိ စိုက်ပျိုးနည်းစနစ် ၊ ဘက်စုံ မြေဆီဩဇာ စီမံခန့်ခွဲမှုနှင့် အဆင့်မြင့် ဆန်စပါးမျိုးစေ့ ထုတ်လုပ်ရေးတို့တွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်ရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ယင်း စီမံကိန်းဆောင်ရွက်ချက်များမှ တောင်သူများအတွက် ကုန်ထုတ်စွမ်းရည် ပိုမိုကောင်းမွန်စေရန် နည်းကရိယာများ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကိုစွန့်ခွာ၍ အခြေချနေထိုင်သောမြေတွင် အသက်မွေးဝမ်းကျောင်းမှုအတွက် စိုက်ပျိုးခြင်း နှင့် ဆက်စပ်နေသည့် အထွက်တိုးစေသည့် နည်းစနစ်များ အသုံးပြုနိုင်ရန် ပံ့ပိုးပေးပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ဆန်စပါးနှင့် ဟင်းရွက်ဟင်းသီး စိုက်ပျိုးသူ တောင်သူ အိမ်ထောင်စုပေါင်း ၉,၀၀၀ ကျော်အား မျိုးစေ့ရွေးချယ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ သင်တန်းပေးခဲ့ပါသည်။ ကျေးရွာ လက်ထောက် နည်းပညာမှူးများအား ယင်းတို့ချဲ့ပညာပေးရေး အသိအမြင်များ ဖြန့်ဖြူးနိုင်ရန် တည်ထောင်ထားသည့် စိုက်ပျိုးမွေးမြူရေး စနစ်များ၊ ရေစီမံခန့်ခွဲမှုနှင့် စံပြ စိုက်ခင်းများ ပိုမိုကောင်းမွန်စေရန်အတွက် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ဤနည်းလမ်းဖြင့် တောင်သူ ၈,၀၆၂ ဦးတို့မှ ပိုမိုကောင်းမွန်သည့် အခြေခံကျသည့် အလေ့အကျင့်များ၏ ကျင့်သုံးခဲ့ပြီး တောင်သူ ၅,၂၅၂ ဦး တို့မှ ဆန်စပါးနှင့် ဟင်းရွက်ဟင်းသီး စိုက်ပျိုး ထုတ်လုပ်မှု တိုးမြှင့်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။

ယင်း ဝေးလံခေါင်ဖျားဒေသများမှ ရပ်ရွာလူထုများအတွက် ယာတောအိမ်ခြံ စိုက်ပျိုးထုတ်လုပ်မှုစနစ်များ မြှင့်တင်ခြင်းမှာ စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် အာဟာရဖွံ့ဖြိုးမှု ဖူလုံစေရန် အရေးပါပါသည်။ စီမံချက်မှ စိန်ခေါ်မှုကိုဖြေရှင်းရန် အာရုံစိုက်မှု နှစ်ခုပါဝင်သည့် ချဉ်းကပ် နည်းလမ်းကို အသုံးပြုပါသည်။ အိမ်ထောင်စု ၆၀၀ ကျော် အကျိုးခံစားရသည့် စုပေါင်း ဥယျာဉ်များ တည်ထောင်ခဲ့ပြီး အိမ်ထောင်စု ၄,၀၀၀ နီးပါး တို့အား သီးခြား ဥယျာဉ်များဖြင့် ထောက်ပံ့ပေးထားပါသည်။ စုပေါင်း ထုတ်လုပ်မှု နှင့် တစ်ဦးချင်းစီ ဟင်းရွက်ဟင်းသီး ထုတ်လုပ်မှုမှ ထွက်ရှိလာသည့် ပိုလျှံ သီးနှံများအား ဒေသတွင်း ဈေးကွက်များတွင် ရောင်းချခြင်း(သို့) ကျေးရွာများတွင် ဖလှယ်ခြင်းတို့ ပြုလုပ်ကြပါသည်။ ယင်း ကြိုးပမ်းအားထုတ်မှုများအား စီမံချက် ဧရိယာအတွင်းရှိ အိမ်ထောင်စုပေါင်း ၁၀,၀၀၀ ကျော်အထိ ရောက်ရှိခဲ့သည့် အာဟာရဖောင်ပေး သတင်းအချက်အလက်နှင့် သတင်းစကားပေးပို့မှုတို့အား မြှင့်တင်ခြင်း တို့ဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။

တောင်သူများအား ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း သည် CORAD စီမံချက်၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်ပါသည်။ ကြက်သွန်နီ၊ စပျစ်၊ ပင်ကြီးပဲ အမျိုးအစား နှင့် ဝဥ အပါအဝင် အဓိက ထွက်ကုန်များအား အခြေခံ၍ စိုက်ပျိုးထုတ်လုပ်သူ အုပ်စု ၁၈ စု အား အဖွဲ့ဝင် ၄,၂၉၅ ဦး နှင့် ဖွဲ့စည်း ခဲ့ပါသည်။ ထုတ်လုပ်သူအဖွဲ့များအနေဖြင့် သီးသန့် သီးနှံများဆိုင်ရာ ဈေးကွက် သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိမှု ပိုမိုကောင်းမွန်စေရန်နှင့် ဝယ်လက်များနှင့် သွင်းအားစု ပံ့ပိုးပေးသူများနှင့် ထိရောက်စွာ ချိတ်ဆက်နိုင်ရန် လိုအပ်သည့် စီမံခန့်ခွဲမှု၊ ဈေးကွက်တင်ခြင်း နှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုကောင်းမွန်စေရန် လေ့ကျင့် သင်ကြားပေးပါသည်။ ယင်း ကြိုးပမ်းအားထုတ်မှုများမှ စိုက်ပျိုးထုတ်လုပ်သူ အုပ်စုဝင် ၃, ၂၂၁ ဦး သည် ပိုမိုကောင်းမွန်သည် ညှိနှိုင်း ဈေးနှုန်းများ၊ ရောင်းအား ပိုမိုကောင်းလာစေခြင်း နှင့် ပိုမိုကောင်းမွန်သည့် အရည်အသွေး တို့မှဆင့် ဝင်ငွေများ ပိုမိုကောင်းမွန်လာစေခဲ့ပါသည်။ စပျစ် စိုက်ပျိုးထုတ်လုပ်သူ အဖွဲ့များမှ ပိုမိုကောင်းမွန်သည့် အကိုင်းချိုင်ခြင်း နည်းလမ်းများ မှတဆင့် နှစ်နှစ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုစွမ်းရည် ၅၀ ရာခိုင်နှုန်း အထိ ပိုမိုကောင်းမွန်လာခဲ့ပါသည်။ ဝဥ ထုတ်လုပ်သူ အုပ်စုများမှ မြေဩဇာရည်နှင့် မြေဖုံးပစ္စည်း နည်း စနစ်များ၊ အဆင့်မြင့် အခြောက်ခံနည်းစနစ်များ ကျင့်သုံးခဲ့ပြီး ဈေးကွက်ဈေးနှုန်း များပေါ် အခြေခံသည့် ညှိနှိုင်းဈေးများနှင့် အုပ်စု လိုက် ရောင်းချရမှုများ ရရှိခဲ့ပါသည်။ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူ အုပ်စုများမှ ရေသွင်းစိုက်ပျိုးသည့် လေ့ကားထစ် စိုက်ပျိုးခြင်း များအထိ တိုးချဲ့ခြင်းမှ တဆင့် ထုတ်လုပ်မှုစွမ်းရည် ၅၀–၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့ပါသည်။ ပိုမိုကောင်းမွန်သည့် သိုလှောင်ခြင်းဆိုင်ရာ အလေ့အကျင့် များမှ ဈေးကွက်ပေါက်ဈေးထက် ၅၀% တိုးမြှင့်သည့် ဈေးကို ရရှိသည့် ရလဒ် ကို ရရှိခဲ့ပါသည်။

## မြေယာ

### မြေယာ ပြန်လည်ခွဲဝေချထားခြင်း

မြေလွတ်၊မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (VFV) အား ပြင်ဆင်သည့် အငြင်းပွားဖွယ် ဥပဒေ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အစိုးရမှ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ် ပထမနှစ်ဝက် အတွင်း CSO များနှင့် အခြားအဖွဲ့များ မှ စိုးရိမ်မကင်းမှုများ ဆက်လက် ထုတ်ဖော်ခဲ့ကြပါသည်။ ယင်းမှ LIFT ၏ REAL DEV အစီအစဉ် စတင်ရာတွင် သိသာထင်ရှားသည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးမှ CSO များနှင့် သက်ဆိုင်ရာ အစိုးရ ဌာနများ ထံမှ ပြင်ဆင်သည့် ဥပဒေနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများ ထုတ်ဖော်ပြောကြားနိုင်ရန် တိုင်ပင်ဆွေးနွေး သဘောထားရယူမှုများ စတင် ဆောင်ရွက်ခဲ့ပါသည်။ မြေယာ ခွဲဝေချထားခြင်းတွင် နိုင်ငံတကာ အကောင်းဆုံး အလေ့အထများအား လိုက်နာကျင့်သုံးကြောင်း သေချာရေးန် လွတ်လပ်သည့် စောင့်ကြည့် စစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်း ယန္တရား ထားရှိရန် အဆိုပြုထားပါသည်။ စိတ်ဝင်စားမှု အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် လုပ်ငန်းစဉ်မှတဆင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် အစပြုခဲ့ပါသည်။ အဆိုပြုလွှာ ရွေးချယ်မှုတွင် အောင်မြင်သည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ များဖြစ်သည့် မြေ ယာ မဏ္ဍိုင်အဖွဲ့ (Land Core Group) နှင့် ပေါင်းစည်းလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) နှင့် သက်ဆိုင်ရာ

၃၇ အာဟာရချို့တဲ့မှု လျော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN)– (https://myanmar.savethechildren.net/our-consortiums/leveraging-essential-nutrition-actions-reduce-malnutrition-learn)

အစိုးရ အဖွဲ့အစည်းများ နှင့် တိုင်ပင်ဆွေးနွေးပြီး အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆိုပြုထားသည့် ချဉ်းကပ်နည်းလမ်း အား ပြင်ဆင်ချက်များ လုပ်ဆောင် ခဲ့ပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့တွင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ခဲ့သည့် ကြေညာချက်မှ ဗဟို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လက်ရှိ VFV မြေများ အသုံးပြုနေသူ များအနေဖြင့် ၂၀၁၉ခုနှစ် မတ်လတွင် ပါမစ် လျှောက် ရန် ကြေငြာချက်အပေါ် CSO များ၊ INGO များ နှင့် ကုလသမဂ္ဂ အဖွဲ့အစည်း များမှ စိုးရိမ်မကင်းဖြစ်မှုများ ထုတ်ပြန်ခဲ့သော်လည်း ဤကိစ္စနှင့် စပ်လျဉ်း၍ အစိုးရ၏ ရပ်တည်မှု မပြောင်းလဲခဲ့ပါ။ ပြင်ဆင်ထားသည့် VFV ဥပဒေ (၂၀၁၈) ၏ အပိုဒ် ၃၀ (က-ဂ) အထိမှ တောင်ယာမြေများ၊ ဓလေ့ထုံးတမ်း မြေယာများ၊ သာသနာ၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးအတွက် မြေများအား ဤ ဥပဒေတွင် အကျုံးဝင်ခြင်းမရှိဟု ဖော်ပြထားပါသည်။ သို့သော်လည်း မြေအမျိုးအစား ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဝေါဟာရများအား ဥပဒေရေး အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိပါ။

## ဓလေ့ထုံးတမ်း မြေယာ ငှားရမ်းလုပ်ပိုင်ခွင့်

CSO များနှင့် INGO များသည် ရန်ကုန်မြို့တွင် GRET မှ ဦးစီးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှတဆင့် ဓလေ့ထုံးတမ်း မြေယာ ငှားရမ်းလုပ်ကိုင်ခွင့်အား အသိအမှတ်ပြုမှု မြှင့်တင်ရန်အတွက် ရှေ့သို့ ဆက်လက်လျှောက်လှမ်းရန် အစီအစဉ်ကို အစပျိုး လုပ်ဆောင်ခဲ့ကြပါသည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) မှ The Border Consortium (TBC) နှင့် KESAN တို့၏ ကူညီပံ့ပိုးမှုဖြင့် Kaw[38] ဓလေ့ထုံးတမ်း မြေယာ စီမံခန့်ခွဲမှု စနစ် ဖိုရမ်အား ၂၀၁၉ ခုနှစ် မေလတွင် ကျင်းပခဲ့ပြီး တက်ရောက်ဆွေးနွေးသူများမှ Kaw နှင့် တိုင်းရင်းသား လူမျိုးစု ဓလေ့ထုံးတမ်း မြေယာ စနစ်တို့ကို အားပေးမြှင့်တင်ရန် ကတိကဝတ်ပြုကြောင်း ကြေငြာချက် တစ်စောင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ TBC မှ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ ကိစ္စရပ်များနှင့် ၎င်းတို့၏ မြေယာငှားရမ်းလုပ်ကိုင်ခွင့် လုံခြုံစိတ်ချရမှုနှင့် မြေယာ လက်လှမ်းမီရရှိမှုတို့အား မီးမောင်းထိုးပြခဲ့ပါသည်။ယင်း အဖွဲ့အစည်းဆိုင်ရာ သုံးသပ်ချက် အလုပ်ရုံဆွေးနွေးပွဲတွင် LCG နှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန တို့မှ ဓလေ့ထုံးတမ်းစဉ်လာ မြေယာငှားရမ်းလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သို့ ဖြေရှင်းရမည် ဆိုသည်ကို ဆွေးနွေးခဲ့ကြပါသည်။

## မြေယာ အငြင်းပွားမှုများ ဖြေရှင်းနည်းလမ်း

LIFT ၏ IP အများစုမှ နယ်မြေအဆင့်တွင် ရပ်ရွာလူထုများနှင့် အတူ လက်တွဲ၍ မြေယာ အငြင်းပွားမှုများကို ဖြေရှင်းလျက်ရှိပါသည်။ ယင်းတို့တွင် မေတ္တာမှ တောင်ပေါ်ဒေသ စားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက်ဝင်ရောက်ခြင်း စီမံချက် ၊ မြေယာမဏ္ဍိုင်အဖွဲ့ နှင့် The Border Consortium တို့မှ STAND UP စီမံချက်၊ တနင်္သာရီတိုင်းဒေသကြီးရှိ KDN ၏ စီမံချက် ပါဝင်ပါသည်။ မေတ္တာ၏ စီမံချက်မှ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု အစိတ်အပိုင်းမှ လူထုပါဝင်သော စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ်နှင့် အများပိုင်သစ်တော တည်ထောင်ခွင့် လက်မှတ် တို့အား ပံ့ပိုး ဆောင်ရွက် ပေးသည်။ ၂၀၁၉ ခုနှစ်တွင် မေတ္တာမှ ကချင်ပြည်နယ် လုမရမ် ကျေးရွာ သားများနှင့် ပူးပေါင်း၍ ငှက်ပျောစိုက်ခင်း လုပ်ကိုင်ရန် သိမ်းယူ ခံခဲ့ရသည့် မြေ ဧက ၂၀၀ အား ပြန်လည် တင်ပြ တောင်းခံခဲ့ပါသည်။ စီမံချက်၏ စည်းရုံးလှုံ့ဆော်သည့် ကြိုးပမ်းအားထုတ်မှုများမှတဆင့် ရပ်ရွာ လူထုများအနေဖြင့် ၎င်းတို့၏ မြေယာများ ပြန်လည်တောင်းခံနိုင်ခဲ့ပြီး ယခုအခါ ယင်း မြေယာများ ပြန်လည်ရရှိခဲ့ကြပါသည်။

LCG မှ မိတ်ဖက် CSO အဖွဲ့အစည်းများအနေဖြင့် တောင်သူများအား မြေယာဥပဒေများနှင့် မြေယာ ရပိုင်ခွင့်များအား အသိပညာပေးသည့် သင်တန်းများ ပို့ချရာတွင် ဆက်လက် ကူညီပံ့ပိုးပေးခဲ့ပြီး ယင်း သင်တန်းဆရာများအတွက် မွမ်းမံသင်တန်း ပေးခဲ့ပါသည်။ မကွေးမြို့တွင် LCG ဆရာဖြစ်သင်တန်း အစီအစဉ်မှ သင်တန်းသားများသည် သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ ဖြစ်လာကြပါသည်။ LCG အဖွဲ့မှ ပဲခူးမြို့တွင် မြေယာလုပ်ပိုင်ခွင့် နှင့် ဆိုင်သည့် စိမ်ခေါ်မှုများ ရပ်ရွာလူထုအတွင်းမှ မြေယာမဲ့များအား မြေလွတ်၊မြေလပ်၊ မြေရိုင်းများ ခွဲဝေပေးရန်အတွက် လျှောက်ထားရာတွင် တွေ့ကြုံရသည့် စိမ်ခေါ်မှုများအား ဖြေရှင်းရန်အတွက် CSO များနှင့် လက်တွဲ၍ လုပ်ကိုင်လျက် ရှိပါသည်။ LCG နှင့် CSO များ၏ လှုပ်ရှားမှုများသည့် ရပ်ရွာလူထုအနေဖြင့် တရားမဝင် မြေယာများရယူနေသည့် ကုမ္ပဏီများအား ရင်ဆိုင်နိုင်စွမ်းရှိစေပြီး ဖြစ်ရပ် တစ်ခုတွင် တောင်သူများမှ လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာနနှင့် အတူ ပူးပေါင်း၍ ကုမ္ပဏီတစ်ခုမှ ၎င်း၏ လုပ်ငန်းများ တရားမဝင်တိုးချဲ့ခြင်းမှ ဟန့်တားနိုင်ခဲ့ပါသည်။

LCG နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများသည် တောင်သူများအား ၎င်းတို့၏ မြေကို မှတ်ပုံတင်ရာတွင် ကူညီပံ့ပိုးပေးနိုင်ခဲ့ပြီး ပုံစံ ၇ (အိမ်ထောင်စု ၃၅၉စု)၊ အများပိုင်သစ်တော မှတ်ပုံတင်ခြင်း (ဧက ၅၀ အတွက် ၁၅ ဦး) များ ရရှိစေခဲ့ပြီး ဖြစ်ရပ် တစ်ခုတွင် ၎င်းတို့၏ လယ်တောအထိ လမ်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း LCG မှ ဥပဒေ အထောက်အကူပြုဝန်ထမ်း ၅ ဦး ပံ့ပိုးပေးခဲ့ပြီး ၎င်းတို့မှ မြစ်ဝကျွန်းပေါ်ရှိ ကျေးရွာအုပ်စုများမှ ဖြစ်ရပ် ၇၅ ခု မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ရပ်ငါးခုအား ပိတ်သိမ်းခဲ့ပါသည်။ မှတ်သားလောက်သည့် ဖြစ်ရပ်မှာ လွန်ခဲ့သည့် နှစ်ပေါင်း လေးဆယ်က သိမ်းယူခဲ့သည့် မြေ ၅၁၃ ဧကအား တောင်သူခြောက်ဦးထံ ပြန်လည်ပေး အပ်ခဲ့ခြင်း ဖြစ်ပါသည်။

## မြေယာ သုတေသန

၂၀၁၃ ခုနှစ် မေလတွင် စတင်ခဲ့သည့် GRET ၏ မြေယာ သုတေသန စီမံချက်မှာ ၂၀၁၉ ခုနှစ် ဖွန်လတွင် ပြီးဆုံးခဲ့ပါသည်။ စီမံချက်ကာလ အတွင်း GRET မှ အောက်ပါတို့အား ဆောင်ရွက်ခဲ့ပါသည်-

- » နယ်မြေအလိုက်နှင့် မြို့ပြ များတွင် မြေယာသုတေသန အသေးစိတ် လေ့လာမှုများ
- » ဧရာဝတီ၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူးနှင့် မကွေး ရှိ နေရာ ၂၄ ခုတွင် လွတ်လပ်သည့် မြေယာ ပြန်လည်ခွဲဝေချထား ရေးဆိုင်ရာ လေ့လာ ဆန်းစစ်ချက်များ
- » မြေယာဆိုင်ရာ လေ့လာဆန်းစစ်ချက် ၂၄ ခုပေါ်မူတည်၍ ကဏ္ဍအားလုံး ပါဝင်သည့် လေ့လာမှု
- » တနင်္သာရီဒေသတွင်းရှိ အုပ်ချုပ်မှု စနစ်နှစ်မျိုးအောက်မှ မြေယာငှားရမ်းလုပ်ကိုင်မှုဆိုင်ရာ လေ့လာမှုများ
- » မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် မြေယာမဲ့မှု ဆိုင်ရာ မူဝါဒ အနှစ်ချုပ်များ

အဆိုပါ မနုဿဗေဒ နှင့် လူမှုရေး သုတေသန လေ့လာမှုများမှ မြန်မာနိုင်ငံ မြေယာကဏ္ဍ ၏ နက်နဲ ရှုတ်ထွေးမှုနှင့် အမျိုးမျိုး ကွဲပြားနေမှု၊ အသက်မွေးဝမ်းကျောင်းမှုအတွက် မြေယာ၏ အရေးပါမှု၊ မြန်မာနိုင်ငံ မြေယာ စီမံခန့်ခွဲမှု နှင့် အုပ်ချုပ်ရေး ယန္တရားများ ၏ အားနည်းချက်များ နှင့် မြေယာအခွင့်အရေးများနှင့် ငှားရမ်းလုပ်ပိုင်ခွင့်တို့နှင့် ဆက်နွယ်လျက်ရှိသည့် နိုင်ငံရေး နှင့် လူမှုရေး ဆိုင်ရာ နက်နဲရှုပ်ထွေးမှု တို့ ကို ထုတ်ဖော် နိုင်ခဲ့ပါသည်။ သုတေသန တွေ့ရှိချက်များအား ဧရာဝတီ၊ စစ်ကိုင်း နှင့် ပဲခူးတိုင်းဒေသကြီးများမှ အစိုးရအဖွဲ့များ၊

---

၃၈ ကရင်ဘာသာဖြင့် ကော်ဆိုသည်မှာ ဇရီယာ၊ ဒေသ၊ ပြည်နယ်နှင့် နယ်မြေ ဟု အဓိပ္ပါယ်ရပါသည်။

လွှတ်တော် အမတ်များ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အစိုးရ ဌာနများနှင့် CSO များ ထံ ဝေမျှခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်း LCG စီမံချက်အောက်တွင် မြေယာသုတေသနနှင့် လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းတို့တွင် မြန်မာနိုင်ငံ တွင် မြေယာ အသုံးချမှု နှင့် မြေယာ အသုံးချမှု ပြောင်းလဲခြင်း တို့အား နှိုင်းယှဉ်လေ့လာမှုများ၊ နာဂဒေသတွင် မြေယာ နှင့် ကျားမရေးရာ၊ မြေယာ နှင့် သစ်တော စီမံ အုပ်ချုပ်မှု၊ မွန်ပြည်နယ်တွင် သယံဇာတ ထုတ်ယူမှုနှင့် စပ်လျဉ်း၍ တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ မြန်မာနိုင်ငံတွင် မြေယာသိမ်းယူမှု၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် လုပ်ငန်းစဉ်များ၊ သက်ရောက်မှုများ နှင့် လျော်ကြေးပေးမှုဆိုင်ရာကိစ္စရပ်များ၊ကရင်ပြည်နယ်တွင် အုပ်ချုပ်မှု အာဏာ ရောစပ်နေသည့် ဒေသများတွင် ဓလေ့ထုံးတမ်း မြေယာ ငှားရမ်းလုပ်ပိုင်ခွင့် နှင့် လုံခြုံရေး၊ မြန်မာနိုင်ငံရှိ မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်သည့် CSOဖြစ်ရပ်လေ့လာမှု ၁၀ ခု နှင့် ခြားနားသော ရှုထောင့်များမှ မြေယာ စီမံအုပ်ချုပ်မှုကို ကြည့်ရှုခြင်း– မြန်မာ အမျိုးသမီး လယ်သမားများနှင့် အတူ ပူးပေါင်းပါဝင်မှုရှိသော ဓာတ်ပုံ နည်းပညာကို အသုံးပြုခြင်း ဟု အမည်ရသည့် ပူးပေါင်းပါဝင် ဆောင်ရွက်သည့် ဓာတ်ပုံ အစီအစဉ်တို့ ပါဝင်ပါသည်။

**သဘာဝ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက် ရေးဆွဲခြင်း**

တောင်ပေါ်ဒေသ စားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက်ဝင်ရောက်ခြင်း စီမံချက်မှ ရောက်ရှိခဲ့သည့် ရပ်ရွာလူထုများမှ သဘာဝသယံဇာတ စီမံခန့်ခွဲမှု တွင် ပါဝင်ပတ်သက်နေသူများသည် ၎င်းတို့၏ မြေယာ ငှားရမ်းလုပ်ကိုင်ခွင့်များ နှင့် ၎င်းတို့၏ ဒေသတွင်းရှိ သဘာဝ သယံဇာတများအား တစ်စု တစ်စည်း တည်းနှင့် ရေရှည်တည်တံ့နိုင်စွာ ကာကွယ်စောင့်ရှောက်ရန် စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်ခဲ့ကြပါသည်။ ကျေးရွာ ၂၅ ရွာ (ကချင်ပြည်နယ်တွင် ၉ ရွာ၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၁၆ ရွာ) တွင် စီမံချက်ရေးဆွဲရေး အဖွဲ့ ၂၅ ဖွဲ့ ဖွဲ့စည်းခဲ့ပါသည်။ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု စီမံကိန်းရေးဆွဲသည့်အဖွဲ့များတွင် အဖွဲ့ဝင် ၃၂၅ ဦး (အမျိုးသမီး ၃၂ ရာခိုင်နှုန်း) ပါဝင်ပါသည်။ ယင်း အဖွဲ့များတွင် မတူကွဲပြားသည့် တိုင်းရင်းသား လူမျိုးစု အုပ်စု အမျိုးမျိုး၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီး ခေါင်းဆောင်များ၊ ဆိုင်ပိုင်ရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ တောင်သူများ၊ ကုန်သည်များ နှင့် လူငယ်များ အား အတူပါဝင်လာစေရန် စုစည်းနိုင်ခဲ့ပါသည်။ ကချင်ပြည်နယ်တွင် စီမံချက်ရေးဆွဲရေးအဖွဲ့ ကိုးဖွဲ့ မှ ၎င်းတို့၏ စီမံကိန်းများ အားလုံး တိုးတက်မှုရှိလာခဲ့ပြီး ယင်းတို့အနက်မှ သုံးဖွဲ့သည် ပူးတွဲ စီမံချက် တစ်ခု ဖန်တီးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဤစီမံကိန်းလုပ်ငန်း၏ အဓိက အကျိုးရလဒ်မှာ သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များနှင့် ပူးပေါင်း၍ မြေယာမှတ်ပုံတင်ခြင်းတွင် တိုးတက်လာမှုများဆီသို့ ဦးတည်သည့် မြေယာ လုံခြုံစိတ်ချရမှု မရှိခြင်းနှင့် ပတ်သက်၍ အသိအမြင် တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။အချို့ဖြစ်ရပ်များတွင် ကျေးရွာသားများမှ ရယူသွားခဲ့သည့် တောင်ယာများအား ပြန်လည်တောင်းယူရန် ရည်ရွယ်ခဲ့ပါသည်။ ကျေးရွာတစ်ရွာတွင် ယင်း၏ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု စီမံချက်အား အသုံးပြု၍ ငှက်ပျောစိုက်ခင်းအတွက် သိမ်းယူခြင်းခံခဲ့ ရသည့် မြေယာ ဧက ၂၀၀ အား ပြန်လည် တောင်းယူနိုင်ခဲ့ပါသည်။ စီမံချက်တွင် ပါဝင်လေ့ရှိသည့် အင်္ဂါရပ်တွင် မြေယာအသုံးပြုရန် ခွင့်ပြုသည့် မြေစာရင်း ဖောင်ပုံစံ ၇ တွင် ပါဝင်သည့် အချက်များတွင် ပြောင်းလဲမှု များ ပါဝင်ပါသည်။

**မူဝါဒ**

လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက်နှင့် ၎င်းမှ Global World Insurance နှင့် ပူးပေါင်း၍ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့သည့် သီးနှံ အာမခံ အစီအစဉ်မှ သီးနှံ အာမခံ ပြုလုပ်ထားသည့် ထွက်ကုန်များ ဈေးကွက်တင်နိုင်မှုကို စမ်းသပ်နိုင်သည့် အခွင့်အရေး ရရှိစေခဲ့ပါသည်။ စီမံချက် မှ ကြီးကြပ်ရေး မူဘောင် နှင့် လုပ်ကိုင်နိုင်စွမ်းရှိသည့် ပတ်ဝန်းကျင် ဖန်တီးခြင်းနှင့် ဆက်နွယ်လျက်ရှိသည့် အခြား လက္ခဏာသွင်ပြင်များ နှင့် စပ်လျဉ်း၍ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ (IBRD) အတွက် သီးသန့်လိုအပ်ချက်များနှင့် ဆိုင်သည့် သွင်းအားစုများ ပံ့ပိုးပေးပါသည်။ Mercy Corps မှ လုပ်ငန်း အနေဖြင့် ရင့်ကျက်ပြီး ဖွံ့ဖြိုးလာချိန်မတိုင်မီ အချိန်အထိ ရှေ့ဆက် လျှောက်လှမ်းရမည့် ခရီးလမ်းမှာ ရှည်လျားကြောင်း အသိ အမှတ်ပြုလျက် ရှေ့ပြေးစီမံချက်မှ IBRD၊ Global World Insurance နှင့် သီးနှံအာမခံ လုပ်ငန်းတို့အတွက် ဦးတည်ရာ လမ်းကြောင်း တည်ဆောက်နိုင်ရန် အသွင်ကူးပြောင်းသည့် အခွင့်အရေးတစ်ရပ် ကမ်းလှမ်းပေးနိုင်ခဲ့ပါသည်။ မူဝါဒ စည်းရုံးလှုံ့ဆော်ရေး မူဘောင်မှတဆင့် Mercy Corps သည် AgriPro Focus၊ ICCO၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် တို့ကဲ့သော အခြား ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူ သီးနှံ အာမခံ အပြင် မွေးမြူရေးနှင့် အခြား စိုက်ပျိုးရေးအာမခံ ဝန်ဆောင်မှုများအား လွှမ်းခြုံသည့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး အာမခံ ဥပဒေများ နှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၈ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ ၏ နည်းဥပဒေများအား ၂၀၁၉ ခုနှစ် ဧပြီလတွင် ပြဌာန်းခဲ့ပါသည်။ ဥပဒေသည် ရပ်ရွာလူထု ရေလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှုအတွက် ကာလရှည်ကြာစွာ မျှော်မှန်းကြိုးပမ်းခဲ့သည့် ဥပဒေရေးရာ အခြေခံကို ပံ့ပိုးပေးပါသည်။ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် **NAG** မှ နည်းဥပဒေတွင် ပြဌာန်းထားသည့် ရပ်ရွာလူထု ရေလုပ်သား အသင်း တည်ထောင်နိုင်ရန် အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ ရေးဆွဲနိုင်ရန်အတွက် ပံ့ပိုးပေးခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန နှင့် ပူးပေါင်း၍ NAG မှ မြစ်ဝကျွန်းပေါ်ဒေသ တဝှမ်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်အား လွှမ်းခြုံပြီး ကျေးရွာပေါင်း ၂၃၉ ရွာအား ဦးတည်ဆောင်ရွက်သည့် ဥပဒေနှင့် နည်းဥပဒေများ ဆိုင်ရာ ရပ်ရွာလူထု အသိပညာပေး လှုပ်ရှားမှုအား ဆောင်ရွက်ခဲ့ပါသည်။ ဧရာဝတီတိုင်းတွင် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ထည့်သွင်းထားပြီး ရပ်ရွာလူထု ပူးပေါင်းစီမံခန့်ခွဲသည့် ရေလုပ်ငန်းအတွက် ဥပဒေရေးရာ အခြေခံကို ဖန်တီးပေးမည့် ရေချိုငါးလုပ်ငန်း ဥပဒေများ ပြင်ဆင်ရန် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သော်လည်း ယင်း ပြုပြင်ပြောင်းလဲ မှုများသည် ဆက်လက် ထိရောက်ခြင်း အား သေချာ စေရန်အတွက် ဖြေရှင်းရန်လိုအပ်သည့် စိန်ခေါ်မှုအမျိုးမျိုး နှင့် ရင်ဆိုင်နေကြရပါသည်။

**ပုဂ္ဂလိက ကဏ္ဍ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

Mercy Corps သည် LIFT မှ ရန်ပုံငွေထောက်ပံ့ပေးသည့် လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက် နှင့်ဆက်နွယ်နေသည့် ၎င်း၏ လုပ်ငန်းများအား ရာသီဥတု ညွှန်းကိန်း အခြေပြု အာမခံ အစီအစဉ် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်နိုင်ရန် Global World Insurance (GWI) နှင့် မိတ်ဖက် ပြုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ရှေ့ပြေးစမ်းသပ်စီမံချက်မှ ရလဒ်များ သည် စိန်ခေါ်မှုများနှင့် အကန့်အသတ်များ (ဆိုလိုသည်မှာ ကာလရှည် ရာသီဥတု ဆိုင်ရာ အချက်အလက်များ လက်လှမ်းမီ ရရှိမှု၊ ယုံကြည်စိတ်ချရသည့် မိုးလေဝသ ဌာနများ နည်းပါးခြင်း) တို့အား မီးမောင်းထိုးပြလျက် ရှေ့ပြေးအစီအစဉ်အား ဧက ၂၀၀ မှ ဧက ၅,၀၀၀ အထိ တိုးချဲ့ရန် ကုမ္ပဏီအား အားပေးတိုက်တွန်းခဲ့ပါသည်။ GWI သည် ဆန်စပါး ကုမ္ပဏီများမှ တောင်သူများထံ ပေးအပ်လျက်ရှိသည့် အခြားဝန်ဆောင်မှုများ နှင့် ၎င်း၏ အာမခံ ဝန်ဆောင်မှုများအား

တစ်စုတစ်စည်းတည်း ပေးအပ်နိုင်ရန်အတွက် ဆန်စပါးကုမ္ပဏီများ နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုများ တည်ထောင်ခဲ့ပါသည်။ အခြား ပုဂ္ဂလိက အာမခံ ဝန်ဆောင်မှု ပေးသူများ (မြန်မာ့ အာမခံ လုပ်ငန်းနှင့် Sompo Japan Nipponkoa Insurance Inc.) တို့သည် မြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများ ရင်ဆိုင်နေကြရသည့် လက်ရှိ ဖြစ်ပေါ်နေသော ရာသီဥတုများနှင့် နောင်အနာဂတ်တွင် ဖြစ်လတ္တံ့သော ရာသီဥတုများနှင့် ဆက်နွယ်နေသည့် မိုးလေဝသ အခြေပြု အထိတ်တလန့် ဖြစ်မှုများ ၏ ကျရောက်နိုင်ချေရှိသည့် အန္တရာယ်အား မျှဝေခံစားနိုင်မည့် အခွင့်အလမ်းများ ပံ့ပိုး ပေးခြင်းဖြင့် တောင်သူ အိမ်ထောင်စုများ ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်ပေးမည့် နောက်ထပ် ရှေ့ပြေးစမ်းသပ် အစီအစဉ်များ ဆောင်ရွက် ပေးခြင်းဖြင့် ဤလုပ်ငန်းတွင် တိုးဝင်လာကြပါသည်။

လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်သည့် စီမံချက်မှ လယ်ယာ ကုန်ထုတ်လုပ်သူအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ခိုင်မာ အားကောင်းစေရန် ဆက်လက် ဆောင်ရွက်လျက် မြစ်ဝကျွန်းပေါ်တွင် ဈေးကွက် အခြေပြု ပုံစံ များ ထပ်မံ စတင် ဆောင်ရွက်ခဲ့ပါသည်။ ပုံသေဈေးနှုန်းဖြင့် စာချုပ်ချုပ်ဆို၍ ဆန်စပါး စိုက်ပျိုးသည့်အစီအစဉ် အား စံပြ ဆန်စက် လုပ်ငန်းရှင် နှင့် ဆန်ကုန်သည် ဦးလှရီ မှ စတင် ဆောင်ရွက်ခဲ့ပါသည်။ အကျိုးတူလယ်ယာစနစ်သည် ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက် အတွင်းတွင် ဈေးကွက်ဆိုင်ရာ အခွင့်အလမ်း အား နှစ်ဦးနှစ်ဖက် ပြန်လည်အားဖြည့်ရန်အတွက် လယ်ယာကုန် ထုတ်လုပ်သူများ ရော ဆန်စက်လုပ်ငန်းရှင်များပါ ကြုံတွေ့ရသည့် အရင်းခံ အတားအဆီးများအား ဖြေရှင်းပေးပါသည်။ ဆန်စက် လုပ်ငန်းရှင်များအတွက် ဤ အစီအစဉ်မှ မှန်ကန်သည့်အချိန်တွင် အတန်အသင့် ဈေးနည်း သည့် ရှာဖွေရန် ကုန်ကျ စရိတ်ဖြင့် လိုအပ် သည့် ဆန်စပါးအရည်အသွေးအား တသမတ်တည်း ပေးသွင်းနိုင်ရန် အတွက် သေချာအောင် ခဲ့ပါသည်။ တောင်သူများအတွက်မူ ယင်းမှ အကျိုးတူလယ်ယာ လုပ်ကိုင်သည့် တောင်သူများသည် အာမခံချက် ရှိသည့် ဈေးကွက်တွင် ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် ပိုမို ကောင်းမွန်သည့် မျိုးစေ့အရည်အသွေးအား လက်လှမ်းမီ ရရှိပြီး ဈေးကွက် မြှင့်တင်ခြင်းနှင့် အရောင်းအဝယ်ဆိုင်ရာ စရိတ်များ လျှော့ကျစေခြင်းဖြင့် အငယ်စား စိုက်ပျိုးရေးလုပ်ငန်းများက ပိုမိုယှဉ်ပြိုင်နိုင်စွမ်း ရှိစေ ပါသည်။ ဤ ပုံစံ အသစ် အောက်တွင် နှစ်ဖက်အဖွဲ့များမှ အတိအကျ သတ်မှတ်ထားသည့် အခြေအနေများအောက်တွင် အာမခံချက်ရှိသည့် ဈေးနှုန်း ဖြင့် အကျိုးတူစနစ် ထုတ်လုပ်ရန် ကတိကဝတ်ပြုခဲ့ကြ ပါသည်။ ဤစီမံကိန်းလုပ်ငန်းမှ ၂၀၁၈/၂၀၁၉ နွေရာသီတွင် Golden Sunland နှင့် ဆက်လက် ကူညီဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ ကုန်သည်များ/ ဆန်စက်လုပ်ငန်းရှင်များ ထပ်မံ၍ ပါဝင်လာသည်အထိ တိုးချဲ့ခဲ့ပါသည်။ ပုံသေဈေးနှုန်းဖြင့် အကျိုးတူလယ်ယာ မြှင့်တင် သည့် ဒုတိယနှစ်တွင် အခြား ဆန်စက်လုပ်ငန်းရှင်များ/ကုန်သည်များ မှ ဤ ပုံစံတွင် စိတ်ပါဝင်စားကြောင်း ပြသခဲ့သဖြင့် ဈေးကွက်စနစ်များ အတွင်းတွင် အများအပြား ဝင်ရောက် လာမည့် အရိပ်နိမိတ်များ ရှိလာ ခဲ့ပါသည်။ စုစုပေါင်း စပါးစိုက်ခင်း ၂,၂၇၇ ဧက မှ ၂၀၁၉ ခုနှစ်အတွင်း (၂၀၁၉ ခုနှစ် မိုးရာသီ နှင့် ၂၀၁၉/၂၀၂၀ နွေရာသီများ) ဆန်စပါး ဝယ်ယူသူ ၇ဦး နှင့် အကျိုးတူလယ်ယာ ဆောင်ရွက်ခဲ့ကြပြီး စုစုပေါင်း အကျိုးတူ ဆန် စပါး တန်ဖိုး ကန်ဒေါ်လာ ၉၃၃,၁၂၀ ရှိပါသည်။ အတိအကျအားဖြင့် Golden Sunland မှ သြဘာ (သွင်းအားစု ကုမ္ပဏီ) နှင့် Village Link (စိုက်ပျိုးရေး နည်း ပညာ ဖြေရှင်းနည်းလမ်းပံ့ပိုးပေးသူ) တို့နှင့် ရှိဆဲ မိတ်ဖက်ပြုမှုများ အပြင် နွေစပါး တန်ဖိုးမြှင့်ကွင်းဆက် အတွက် ငွေကြေးမတည်ထောက်ပံ့ရန် Fintech – Daung Capital နှင့် မိတ်ဖက်ပြုမှု အသစ် တည်ဆောက်ခဲ့ ပါသည်။

လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက်၏ အဓိက ရလဒ်မှာ ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်အတွင်းမှ ဈေးကွက် တွင်း လှုပ်ရှား ဆောင်ရွက်သူများအား ပိုမိုကောင်းမွန်သည့် ငွေကြေးဆိုင်ရာ လက်လှမ်းမီမှု နှင့် ချိတ်ဆက်ပေးရန် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် စီမံချက် အဖွဲ့မှ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ နှင့် လယ်ယာ ထုတ်ကုန်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲများနှင့် လိုအပ်သ လို ကူညီဆောင်ရွက်ပေးခြင်း–ဥပမာ အားဖြင့် စီးပွားရေးလုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း) တို့မှတဆင့် စီးပွားရေး ငွေကြေးကဏ္ဍ (ဆိုလိုသည်မှာ KBZ၊ AYA ဘဏ်၊ CB ဘဏ်၊ A ဘဏ်၊ Fullerton) နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆက်လက်ကူညီ ပေးပါသည်။ စီမံချက်မှ ဆန်စက်လုပ်ငန်းရှင်များအား Responsible Business Fund မှ ပံ့ပိုးပေးသည့် အစိမ်းရောင် ဘဏ္ဍာရေးချေးငွေများ မှ အပါအဝင် ငွေကြေးဆိုင်ရာ အလားအလာရှိသည့် အခြားရင်းမြစ်များ လက်လှမ်းမီ ရရှိရန် ကြိုးပမ်းအားထုတ်မှုများအား ကူညီပံ့ပိုးပေးခဲ့ ပါသည်။ ယင်းကြိုးပမ်းအားထုတ်မှု များမှ တဆင့် ဈေးကွက်တွင်း လှုပ်ရှားဆောင်ရွက်သူ နှစ်ဦးတို့သည် ၂၀၁၉ခုနှစ်အတွင်း ဆန်စက် များ အဆင့်မြှင့် တင်ရန် ချေးငွေ စုစုပေါင်း ကျပ် ၆၀,၀၀၀,၀၀၀ (ကန် ဒေါ်လာ ၃၉,၀၀၀) နီးပါး ရရှိခဲ့ကြပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ အစီအစဉ် မှာ ပဋိပက္ခဒဏ်ခံ ဒေသများသို့ ပိုမို အလေးပေးအာရုံစိုက်သည့် မဟာဗျူဟာ အရွေ့များ အကောင်အထည်ဖော်ခြင်းဖြင့် ရှေ့သို့ ဆက်လှမ်းချိန်တွင် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်တွင် ရရှိခဲ့သည့် အောင်မြင်မှုများအား ယင်းပဋိပက္ခ ဒေသများတွင် ကာလတိုမှ ကာလလတ် စီမံချက်များ နှင့် နှိုင်းယှဉ်ရန် ခက်ခဲမည်ဖြစ်ကြောင်း သတိပြုရန်လိုအပ်ပါသည်။ ပဋိပက္ခ၊ ဝေးလံခေါင်သီမှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှု မရှိခြင်းနှင့် ဆက်စပ်ကျွမ်းကျင်မှုများ မရှိခြင်းတို့ ပါဝင်သည့် မောင်းနှင်အား များ ပေါင်းစပ်ထားခြင်း ကြောင့် ယင်းဒေသများအား စိုက်ပျိုးရေးဖွံ့ဖြိုးမှု ကဏ္ဍ မှာ လျစ်လျူရှုထားခြင်း ခံခဲ့ရသည်။ အကျိုးဆက် အနေဖြင့် ဈေးကွက်များ နှင့် တန်ဖိုးမြှင့်ကွင်းဆက်များမှာ အခြေတည်စဖြစ်ပြီး၊ ဖွံ့ဖြိုးမှု နိမ့်ကျကာ အချို့ဖြစ်ရပ်များတွင် ဖွံ့ဖြိုးရန် လိုအပ်နေပါသေးသည်။ လက်တွေ့ အသုံးကျသည့် တန်ဖိုးမြှင့်ကွင်းဆက်များ ဖြစ်ပေါ်လာစေရန် ကူညီ ဆောင်ရွက်ပေးသည့် အရေးပါသည့် အခြေခံ အကြောင်းရင်းများ အား အာရုံစိုက်ရန် လိုအပ်ပါ သည်။ ယင်းတွင် တောင်သူများ၊ စွန့်ဦး တီထွင် လုပ်ငန်းရှင်များ စိုက်ပျိုးရေးအတွက် တာဝန်ရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ၏ ကျွမ်းကျင်မှုများ နှင့် စွမ်းဆောင်ရည်များ တည်ဆောက်ခြင်းနှင့်အတူ လက်ရှိ တန်ဖိုးမြှင့်ကွင်းဆက်များ ပျိုးထောင်ခြင်းနှင့် ယင်းတို့အား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း တို့ လိုအပ်ပါသည်။

အစီအစဉ်မှ လုပ်ကွက်ငယ် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းရည် ပိုမိုကောင်းမွန်စေရန် နှင့် ၎င်းတို့၏ လယ်ယာလုပ်ငန်းများ၏ ဖြစ်မြောက် နိုင်စွမ်းကို သေချာစေရန် ဆက် လက် ထောက် ပံ့ ကူညီ ပေးမည် ဖြစ်ပါသည်။ ယင်းသို့ ထောက်ပံ့ပေးရန်တွက် သီးနှံထွက်ကုန် တစ် မျိုးတည်းကို အထူးပြုခြင်းမှ အမျိုးအမည်စုံလင်သည့် ဘက်စုံ စိုက်ပျိုး မွေးမြူရေး စနစ်များ ပြောင်းလဲရန် လိုအပ်မည် ဖြစ်ပါသည်။အမျိုး အမည်စုံ စိုက်ပျိုးရေး မှ အိမ်ထောင်စုများအတွက် ဈေးအတက်အကျ နှင့် ရာသီဥတု အမျိုးမျိုး ပြောင်းလဲမှုများအတွက် တောင့်ခံနိုင်ရန် ဝင်ငွေတိုး ရရှိနိုင်သည့် အခွင့် အလမ်းအမျိုးမျိုးအား ပံ့ပိုးပေးပါသည်။ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း မှ တောင်သူများအား နောင် တွင် ဖြစ်လတ္တံ့သော/ အနာဂတ်တွင် ကြုံတွေ့နိုင်သည့် ရာသီဥတု များနှင့် လိုက်လျောညီထွေ ဖြစ်စေပြီး ၎င်းတို့၏ ကျရောက်နိုင်ချေရှိ သည့် အန္တရာယ်များအား လျှော့ကျစေမည် ဖြစ်ပါသည်။ အမျိုးအမည် စုံလင်စွာ စိုက်ပျိုးခြင်းနှင့် စုပေါင်း စိုက်ပျိုးမွေးမြူရေး စနစ်များအား ကန့်သတ်ထားသည့် မြေယာ အုပ်စု များနှင့် အမျိုးအစားများ ခွဲခြားခြင်းနှင့် ယင်းတို့အား အသုံးပြုမှုတို့နှင့် ဆက်နွယ်နေသည့် အတားအဆီးများ ရှိပါသည်။ တောင်သူများအနေဖြင့် ၎င်းတို့၏ မြေယာ အသုံးချမှု ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းကို ထိန်းချုပ် ကန့်သတ်သည့် မူဝါဒဆိုင်ရာ အတားအဆီးများအား ပြန်လည်

သုံးသပ်ရန် လိုအပ်ပါသည်။ လက်ရှိတွင် ဆောင်ရွက်လျက်ရှိသည့် ဆွေးနွေးမှုများနှင့် အမျိုးသား မြေယာဥပဒေ ဖော်ဆောင်မှုများကြောင့် လက်ရှိ မြေယာအမျိုးအစား ခွဲခြား သည့် စနစ်အား ပြန်လည်ပြင်ဆင်ရန်/ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ် အများစုအား တောင်သူများ လက်ထဲသို့ လွှဲပြောင်းပေးမည့် စနစ် ဆိုင်ရာ ချဉ်းကပ်နည်းလမ်း အသုံးပြုရန် အခွင့်အလမ်းကောင်းဖြစ်ပါသည်။ ယင်းမှ လုပ်ကွက်ငယ် စိုက်ပျိုးမွေးမြူရေးစနစ်များ အသွင်ပြောင်းရန်နှင့် ယင်းတို့အား ရေရှည်တည်တံ့နိုင်ပြီး ဖြစ်ထွန်းနိုင်စွမ်းရှိသည့် ခိုင်မာသည့် အခြေခံအုတ်မြစ်ပေါ်တွင် ထားရှိပေးနိုင်ရန် လုပ်ကိုင်နိုင်စွမ်းရှိသည့် ဝန်းကျင်ကို ဖန်တီးပေးပါသည်။

အနာဂတ် ရာသီဥတုများအား ရေရှည်တည်တံ့နိုင်မှု မြှင့်တင်ပေးခြင်းနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးခြင်းသည် စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ အစီအစဉ်၏ အဓိက ရလဒ်ဖြစ်ပါသည်။ သွင်းအားစုများအား အမြော်အမြင်ရှိစွာ အသုံးပြုခြင်းနှင့် မြေ ဆီမြေဆွေးဓာတ်များ ပြန်လည်ရှင်သန်လာစေခြင်းဖြင့် ရာသီဥတုဒဏ် ခံနိုင်သည့် စိုက်ပျိုးရေး အလေ့အထများ (regenerative farming practices) မြှင့်တင်ပေးခြင်း တို့မှ ဘေးကင်းလုံခြုံသည့်၊ သန့်ရှင်းသည့်၊ ပိုမိုစိမ်းလန်းသည့် ထွက်ကုန်ဆိုင်ရာ ခံယူချက် အယူအဆများ ဖြစ်လာစေရန် ပံ့ပိုးကူညီပေးမည် ဖြစ်ပါသည်။ ပဲအမျိုးမျိုးအား စိုက်ပျိုး မွေးမြူစနစ်များ၏ အရေးပါသည့် အစိတ်အပိုင်းများအဖြစ် ထည့်သွင်းခြင်းနှင့် တိရိစ္ဆာန် အညစ်အကြေးများအား မြေဆီ စနစ်တကျ ပြုပြင်ခြင်းနှင့် မြေသြဇာများ အဖြစ် အသုံးပြုခြင်းတို့သည် ဘေးကင်းလုံခြုံသည့်၊ သန့်ရှင်းသည့်၊ ပိုမို စိမ်းလန်းသည့် ကုန်ထုတ်လုပ်မှုစနစ်များဆိုင်ရာ ခံယူချက် အယူအဆများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ စုပေါင်း ရရှိလာသည့် အကျိုး အမြတ်များ အား အကျိုးရှိစေရန် အသုံးပြုသည့် ယင်းစနစ်များအား အကောင်းဆုံး အသုံးပြုခြင်းမှာ အရေးကြီးမည် ဖြစ်ပါသည်။

# ဖြစ်ရပ်လေ့လာမှု



## စက်ချုပ်ကျွမ်းကျင်သဖြင့် အသိအမှတ်ပြုခံရပြီး အကျိုးဖြစ်ထွန်းခဲ့သည့် မကြည်ဖြူခင်

မကြည်ဖြူခင်သည် ကချင်ပြည်နယ် ဆယ်မိုင်ရွာတွင် ကြီးပြင်းခဲ့သည့် ရှမ်းနီ တိုင်းရင်းသူ တစ်ဦး ဖြစ်ပါသည်။ သူမနေထိုင်ရာ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် သူမအနေဖြင့် မိသားစုကို ထောက်ပံ့ရန် အခြားနည်းလမ်းများ ရှာဖွေခဲ့ပါသည်။ သူမသည် ဖေ့စ်ဘုတ်မှတဆင့် မြောက်ဒဂုံရှိ အောင်မြင်မှု သင်တန်းကျောင်း ကြောင်း သိရှိခဲ့ပါသည်။ သူမ အနေဖြင့် အထည်ချုပ်ကဏ္ဍတွင် ကျွမ်းကျင်သင်တန်း တက်ရောက်ရန် စိတ်ဝင်စားခဲ့သော်လည်း ဤအခွင့်အလမ်းမှာ အစစ်အမှန် ဟုတ်မဟုတ် မသေချာခဲ့ပါ “ အောင်မြင်မှု သင်တန်းကျောင်း အကြောင်းက မယုံနိုင်လောက်အောင် ကောင်းနေတော့ ကျွန်မစိတ်ထဲ ပူပန်နေမိတယ်”.

သူမ အမေက အောင်မြင်မှု မှ ဝန်ထမ်းနှင့် ဖုန်းဆက် ဆွေးနွေးပြောဆိုမှု အပြီးတွင် မကြည်ဖြူခင် အနေဖြင့် ကြိုးစားကြည့်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ရန်ကုန်သို့ သွားရောက်ရန် ခရီးရှည်ကြီးမှာ မိုးညှင်းသို့ရောက်ရန် နှစ်နာရီကြာ မော်တော်ဆိုင်ကယ် စီး၍ စတင်ပြီးနောက် မန္တလေး သို့ ရထားဖြင့် တစ်နေကုန် ခရီး ဆက်စီးခဲ့ရကာ ရန်ကုန်သို့ နောက်ထပ် ၁၆ နာရီကြာ ရထားဖြင့် ခရီး သွားခဲ့ရပါသည်။

သင်တန်းကျောင်းတွင် မကြည်ဖြူခင်မှ အထည်ချုပ်စက်ရုံတွင် စက်ချုပ်လုပ်သားများအဖြစ် လုပ်ကိုင်ရန် သင်ယူနေသည့် အမျိုးသမီးငယ် အုပ်စုနှင့် အတူ ပူးပေါင်းခဲ့ပါသည်။ သူမ၏ နှစ်လတာ သင်တန်းကာလအတွင်း သူမသည် သူငယ်ချင်းမိတ်ဆွေများနှင့် ခိုင်မာသည့် ခင်မင်ရင်းနှီးမှု တည်ဆောက် နိုင်ခဲ့သလို လုပ်ငန်းခွင်များတွင် အသုံးပြုမှုများသည့် စက်ချုပ်နည်းနိသယများ အား သင်ယူခဲ့ပါသည်။ သူမသည် လုပ်ငန်းခွင်တွင် အဆင်ပြေ အောင်မြင်စေရန် အထောက်အကူဖြစ်စေမည့် အလုပ်သမားအခွင့်အရေးများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု နှင့် လူမှုဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့ပါသည်။

မကြည်ဖြူခင်သည် အောင်မြင်မှု သင်တန်းဆင်းပြီးနောက် MTT အထည်ချုပ်စက်ရုံတွင် စက်ချုပ်အလုပ်သမ အဖြစ် အလုပ်ရခဲ့ပါသည်။ စက်ရုံမှ လုပ်သား အင်အား လျှော့ချရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရာ သူမသည် သင်တန်းတက်ရောက်ခဲ့သည့် အကျိုးကျေးဇူးကို ချက်ချင်းရခဲ့ပြီး သူမ၏ လုပ်ရည်ကိုင်ရည်နှင့် ကျွမ်းကျင်မှုများကြောင့် သူမ၏ အလုပ်နေရာ မြဲခဲ့ပါသည်။ ထိုအတွေ့အကြုံအား ပြန်လည်ပြောပြသည့်အခါ သူမက “ ကျွန်မ အလုပ်ဆက်ရတဲ့အတွက် အရမ်းကံကောင်းပါတယ်။ အောင်မြင်မှု က ကျွန်မကို အထည်ချုပ်စက်ရုံတွင် ကျွမ်းကျင်တဲ့ အထည်ချုပ်လုပ်သား တစ်ယောက်ဖြစ်လာအောင် ကောင်းကောင်း သင်ကြားပေးခဲ့ပါတယ်” ဟု ပြောကြားခဲ့ပါသည်။

ယခုအခါ အသက် နှစ်ဆယ် ရှိသည့် မကြည်ဖြူခင်သည် တစ်လလျှင် မြန်မာကျပ် ၂၅၀,၀၀၀ (ကန်ဒေါ်လာ ၁၇၅) ဝင်ငွေရှိပါသည်။ ယင်းငွေဖြင့် သူမသည် ရန်ကုန်တွင် ရပ်တည်နိုင်ပြီး သူမ၏ မိသားစုအား လစဉ် ထောက်ပံ့နိုင်ပါသည်။ သူမသည် စက်ချုပ်လုပ်သားများအတွက် အခြေခံ အဆင့် ကျွမ်းကျင်မှု စစ်ဆေးခြင်းကို မကြာသေးမီက အောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ပြဌာန်းရေးအဖွဲ့ မှ ထုတ်ပေးသည့် အသိအမှတ်ပြု လက်မှတ် ရရှိခဲ့ပါသည်။



# ဖြစ်ရပ်လေ့လာမှု

## လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် စပ်လျဉ်း၍ အပြောင်းအလဲအတွက် ကိုယ်စားလှယ် ဖြစ်လာခဲ့သည့် ဦးစောတင်ဝင်း

ဦးစောတင်ဝင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်ပြီး တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဝင်ဖြစ်ပါသည်။ ၎င်းသည် Fair Wear Foundation မှ စီစဉ်သည့် အိန္ဒိယ နိုင်ငံသို့ သွားရောက်သည့် လေ့လာရေးခရီးစဉ်တွင် ပါဝင်ခဲ့ပြီး အထည်ချုပ်ကဏ္ဍတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို မည်သို့ ဖြေရှင်းသည် ဆိုသည်ကို လေ့လာခဲ့ပါသည်။ ယင်း လေ့လာရေးခရီးစဉ်မှာ အသုံးဝင်သည်ဟု ဦးစောတင်ဝင်းက ယူဆခဲ့သော်လည်း ၎င်းအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်းခြင်းမှာ မှန်ကန်သည့် ချဉ်းကပ်နည်းလမ်း ဖြစ်သည်ဟု ၎င်းက မယူဆပါ။

လေ့လာရေးခရီးစဉ် နောက်ပိုင်းတွင် ဦးစောတင်ဝင်းသည် CARE မှ ကျင်းပသည့် ကျား၊မ အခြေပြု အကြမ်းဖက်မှု အလုပ်ရုံဆွေးနွေးပွဲ မှ မြန်မာနိုင်ငံတွင် ကျား၊မ အခြေပြု ခွဲခြားဆက်ဆံမှု ပြဿနာ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် အချိန်တွင် တက်ရောက်ခဲ့ပါသည် အဆိုပါ ဆွေးနွေးမှုသည် ဦးစောတင်ဝင်းအပေါ် ကြီးမားသည့် သက်ရောက်မှု ရှိစေခဲ့ပြီး ယင်းမှ အနာဂတ်တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များအတွက် အလားတူ သင်တန်းမျိုး ပို့ချပေးရန် CARE အဖွဲ့အား ဖိတ်မန္တက ပြုခဲ့ပါသည်။

ထို့နောက် CARE နှင့် ၎င်း၏ စည်းရုံးလှုံ့ဆော်ရေး မိတ်ဖက်အဖွဲ့အစည်းများ မှ အသစ်ဖြစ်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းနိုင်ရန် ဦးစောတင်ဝင်း၏ အကူအညီ တောင်းခံရန်အတွက် ၎င်းအား ချဉ်းကပ်ခဲ့ပါသည်။ ဦးစောတင်ဝင်းမှ သဘောတူခဲ့ပြီး အမျိုးသားလွှတ်တော်တွင် အသိပေးအရေးဆိုမှု ပြုလုပ်ရန်အတွက် ကူညီပံ့ပိုးပေးနိုင်ရန် လွှတ်တော်အစည်းအဝေးများ ကျင်းပသည့် အချိန်ဇယားများနှင့် လုပ်ထုံးလုပ်နည်း များနှင့်စပ်လျဉ်းသည့် အရေးကြီး သတင်းအချက်အလက်များအား မျှဝေပေးခဲ့ပါသည်။ ဦးစောတင်ဝင်းသည် ပြည်သူ့လွှတ်တော် ဥပဒေမူကြမ်းကော်မတီနှင့် တွေ့ဆုံဆွေး နွေးနိုင်ရန်အတွက် ၎င်းမှ ဆက်သွယ်ရန် အချက်အလက်များကိုလည်း ပေးအပ်ခဲ့ပါသည်။

ဦးစောတင်ဝင်းသည် ဥပဒေမူကြမ်းတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို ထည့်သွင်းရန် အဆိုတွင် ၎င်းကိုယ်တိုင်၏ အားပေးထောက်ခံမှုပါ ထပ်ဆောင်း၍ ဥပဒေမူကြမ်းကော်မတီ၏ အတွင်းရေးမှူးနှင့် ဆွေးနွေးခဲ့ပါသည်။ ဥပဒေမူကြမ်းကော်မီတီ၏ အတွင်းရေးမှူးမှ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ ၏ ကိုယ်စားလှယ် အနေဖြင့် ၎င်း၏ သဘောထားအမြင်ကို မေးမြန်းသည့်အခါ ဦးစောတင်ဝင်းက "အဆိုပြုထားသည်မှာ အလွန်ပြည့်စုံသဖြင့် ကန့်ကွက်ရန်မရှိကြောင်း" ပြောကြားခဲ့ပါသည်။

ဦးစောတင်ဝင်းသည် ဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်တလျောက်တွင် CARE နှင့် ၎င်း၏ စည်းရုံးလှုံ့ဆော်ရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် ရင်းနှီးသည့် ဆက်ဆံရေး ဆက်လက်ထားခဲ့ပါသည်။ ဦးစောတင်ဝင်းကိုယ်တိုင်က ဥပဒေကြမ်း ကော်မတီ တွင် တင်ပြရာတွင် အဆိုပြုချက် ခိုင်မာစေရန်နှင့် ကန့်ကွက်မှု တစ်ခုခု ရှိခဲ့ပါက ရင်ဆိုင်ကျော်လွှားနိုင်ရန် အကြိမ်ပေါင်းများစွာ စတင်ဖုန်းခေါ်၍ သတင်းအချက်အလက်များ ရယူ ခဲ့ပါသည်။

ဥပဒေတွင် ကျား၊မရေးရာ အလေးထားမှု နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု တို့နှင့် သက်ဆိုင်သည့် အဆိုပြုထားသည့် ပြောင်းလဲမှုများ အနက်မှ ငါးချက် ပါဝင်ရန် တင်သွင်းသည့် အဆို အောင်နိုင်ခဲ့ပြီးနောက် ဦးစောတင်ဝင်းမှ ပထမ ဆုံးအနေဖြင့် ပူးတွဲ ဥပဒေ မူကြမ်း ကော်မီတီ မှ အတည်ပြုပြီးသား ဥပဒေအား ပြင်ဆင်ရန် ထောက်ခံသည့် မဲ အရေအတွက် ၇၀ မဲ ရရှိခဲ့ကြောင်း CARE နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအား အသိပေးခဲ့ပါသည်။

## ၃.၄ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံ၏ ပိုမိုပွင့်လင်းသည့် ဈေးကွက်စီးပွားရေးသို့ ဦးတည်သည့် အသွင်ကူးပြောင်းရေးသည် အလုပ်သမားများ အလုပ်သမားငှားရမ်းသည့် ကဏ္ဍများနှင့် နယ်မြေဒေသများအကြား ရွှေ့ပြောင်းသွားလာမှုကို အရှိန်မြှင့်တင်ပေးနေပါသည်။ ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ အသက်မွေးမှုမှ မြို့ကြီးများရှိ ဝန်ဆောင်မှုနှင့် ထုတ်လုပ်ရေးကဏ္ဍရှိ လုပ်ခလစာဖြင့် အလုပ်အကိုင်ခန့်ထားခြင်းဆီသို့ ပြောင်းရွှေ့မှု တိုးပွားလာခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာကုန်သွယ်ရေးတို့ကို တိုးချဲ့လာခြင်းမှ တွန်းအားပေးသောကြောင့် ဖြစ်ပါသည်။ နိုင်ငံရပ်ခြားတွင် အလုပ် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားအရေအတွက် တိုးပွားလာခြင်း အပါအဝင် အလုပ်အကိုင် ဈေးကွက်အတွင်း အလုပ်သမားများ အတွက် ပိုမိုလုပ်ခလစာကောင်းမွန်သည့် အလုပ်အကိုင်ရှာဖွေရန် အလားအလာများ တိုးတက်လာသည်နှင့် အတူ မြန်မာနိုင်ငံ ၏ စီးပွားရေး တိုးတက်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် အလုပ်အကိုင်ခန့်ထားခြင်းဆိုင်ရာ သဘောသဘာဝများတွင် လျင်မြန်သည့် ပြောင်းလဲမှုများမှလည်း သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခြေအနေများအား ရရှိစေရန် သိသာထင်ရှားသည့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဆယ်စုနှစ်များစွာ စစ်အုပ်ချုပ်ရေး အောက်တွင် ရှိခဲ့ခြင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခံထားရခြင်းသည် ခေတ်မီမှုမရှိသည့်၊ ရှေ့နောက်မညီသည့်၊ မရေရာ မသေချာသည့် လုပ်သားဈေးကွက် စီမံအုပ်ချုပ်မှု မူဘောင်အား ဖြစ်ပေါ်စေခဲ့ပါသည်။ အလုပ်သမားအခွင့်အရေးများ ရရှိစေခြင်း နှင့် အဆိုပါ အခွင့်အရေးများအား အလုပ်သမားထု အကြား နားလည်သဘောပေါက်မှုတို့အား သေချာစွာ ဖြစ်ပေါ် စေရန်အတွက် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင် ရည်တွင် အကန့်အသတ်များ ဆက်လက်ရှိနေပါသည်။ ခွဲခြားဆက်ဆံမှုမရှိသည့် မူဝါဒများ၏ အမျိုးအစားများနှင့် သတ်မှတ်ပြဋ္ဌာန်း ခြင်းတို့အတွက် အသိအမှတ်ပြုမှု ရယူခြင်းတွင် ခိုင်မာနက်ရှိုင်းစွာ အမြစ်တွယ်နေသည့် အတားအဆီးများဖြစ်ပါသည်။ သဟဇာတဖြစ်သည့် လူမှုရေးဆိုင်ရာ ဆွေးနွေးမှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံရေးများအား တည်ထောင်ရာ၌ အလုပ်သမား အဖွဲ့အစည်း ဖွဲ့စည်းရာတွင် ဖိနှိပ်ထားခြင်းမှ တဆင့် ဆက်လက် ကန့်သတ်ထားသည့်အတွက်ကြောင့် ယဉ်ကျေးမှုအသစ် တစ်ရပ်အနေဖြင့် ထိတွေ့ဆောင်ရွက်ခြင်း ၊စေ့စပ်ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်းတို့ လိုအပ်နေပါသည်။[၃၉]

အရင်းခံအားဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ဖယ်ကျဉ်ထားခြင်း ခံရသည့် လူအများ၏ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအား နည်းထိခိုက်လွယ်မှုကြောင့် ဆိုးရွားသည့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် ကိစ္စရပ်များဆက်လက် ဖြစ်ပေါ်စေရန် ဖြည့်ဆည်းပေးပါသည်။ အသက်မပြည့်သေးသည့် သူများအား စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများမှ စစ်သားစုဆောင်းခြင်း၊ (အထူးသဖြင့် ပဋိပက္ခဖြစ်နေသည့် နေရာများ တွင်) အထမ်းသမားအဖြစ် အတင်းအဓမ္မစေခိုင်းခြင်း နှင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းများတွင် အတင်းအဓမ္မစေခိုင်းခြင်း တို့ ပါဝင်သော ပုံစံအမျိုးမျိုးဖြင့် အလုပ်သမားများအား အတင်းအဓမ္မ ခိုင်းစေခြင်းမှာ သိသာ ထင်ရှားသည့် ပြဿနာတစ်ရပ်အနေဖြင့် ဆက်လက်ရှိနေသည်ဟု အစီရင်ခံစာများမှ ပြသနေပါသည်။ အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းမှာ ကျေးလက်ဒေသများ၊ အထူးသဖြင့် ပဋိပက္ခ ဒဏ်ခံစားရသည့် ဒေသများတွင် ပိုမို၍ ဖြစ်ပွား သည်ဟု ယုံကြည်ရပါသည်။[၄၀] အချို့သောရွှေ့ပြောင်းသွားလာသူများသည် နိုင်ငံရပ်ခြားသို့အလုပ် သွားရောက်လုပ်ကိုင်သည့် လုပ်ငန်းစဉ်အ တွင်း လူကုန်ကူးခြင်းခံရသည်ကိုလည်း အထောက်အထားများနှင့်အတူ ထိုင်း၊ တရုတ်၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနှင့် အမေရိကန်နိုင်ငံများတွင် ရှာဖွေဖော်ထုတ်ခဲ့ပါသည်။[၄၁]

အလုပ်သမားများတွင် အလွန်အကျွံ ကျား၊ မ ခွဲခြားထားခြင်းသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ စွမ်းဆောင်နိုင်စွမ်းအတွက် သီးခြားအဟန့်အတား တစ်ခုဖြင့် ဖြစ်ပေါ်စေပါသည်။ အမျိုးသမီးများသည် လုပ်သားထုတွင်း ၎င်းတို့ပါဝင်နိုင်စွမ်းကို ကန့်သတ်ထားသည့် လုပ်အားခမရရှိသည့် အိမ်မှု ကိစ္စနှင့် ပြုစုစောင့်ရှောက်ရသည့် အလုပ်များအတွက် မျှတမှုမရှိစွာ တာဝန်ယူ ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးများ၏ ရွေးချယ်ခွင့်များကို ကန့်သတ်ထားသည့် ခွဲခြားဆက်ဆံသော လူမှုရေးစံနှုန်းများကြောင့် အများအားဖြင့် အမျိုးသမီးများအတွက် အဖိုးအခရရှိသော အလုပ်သည် ပိုမိုနည်းပါးသည့် လစာရရှိသော ပုံစံဖြင့် အလုပ်အကိုင်များ အများစု ရှိနေပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးအတွက် အထည်ချုပ်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ခြင်းသည် အရေးကြီးသည့် ဝင်ငွေရင်းမြစ်တစ်ခုဖြစ်ခဲ့သော်လည်း ယင်း အလုပ်အကိုင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု၊ ကျား၊ မ ဖြစ်တည်မှုကိုလိုက်၍ လုပ်အားခကွာခြားမှုများနှင့် ဆိုးရွားသည့် လုပ်ငန်းခွင်အခြေအနေများနှင့်လည်း ယှဉ်တွဲဆက်စပ်နေလျက် ရှိပါသည်။[၄၂] အမျိုးသမီးများအနေဖြင့် "သွက်လက်ကျွမ်းကျင်သော လက်ချောင်းများ" ပိုင်ဆိုင်ထားသည်ဟု လက်ခံယူဆထားသောကြောင့် သူတို့သည် အပ်ချုပ်စက် အော်ပရေတာကဲ့သို့သော အသေးစိတ်ပြုလုပ်ရသော လုပ်အားစိုက်ထုတ်သည့် လုပ်ငန်းများတွင် ပိုမိုထက်မြက်သည့် လုပ်သားများ အဖြစ်ထင်မြ င် ယူဆကြပါသည်။ ထို့အပြင် အလုပ်ရှင်များမှ စက်ရုံ၏ ပတ်ဝန်းကျင် အမျိုးအစားအရ အမျိုးသမီးများသည် အမျိုးသားများထက် နာခံလွယ်ကာ ထိန်းချုပ်ရန် လွယ်ကူသည်ဟု ယူဆပါသည်။[၄၃]

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါအလွန်အရေးပါသည့် အတားအဆီးအနှောင့်အယှက်များအား တုန့်ပြန်ဆောင်ရွက်ရန် LIFT သည် ၎င်း၏ စီမံကိန်းလုပ်ငန်းများအား အစဉ်အလာအားဖြင့် ကျေးလက်နှင့် လယ်ယာဥယျာဉ်ခြံ မြေဆိုင်ရာအပေါ်အာရုံစိုက်သည့် နယ်ပယ်ထက်ကျော်လွန်၍ တိုးချဲ့ခဲ့ပါသည်။ LIFT ၏ ပြန်လည်ဆန်းသစ်ထားသော ၂၀၁၉-၂၀၂၃ မဟာဗျူဟာအတွင်း၌ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှုအား အဓိကအကြောင်းအရာ အလိုက် နယ်ပယ်တစ်ခုအနေဖြင့် ထည့်သွင်း အသိအမှတ်ပြုပြီးဖြစ်ပါသည်။ အစီအစဉ်၏ မူဘောင်အောက်၌ မြန်မာနိုင်ငံတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အတွက် ခိုင်မာသည့် အခြေခံအား တည်ဆောက်ရန် အခြေခံအလုပ်သမား အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်းအား မြှင့်တင်ပေးပါသည်။

---

၃၉ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (၂၀၁၈)၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ဆိုင်ရာ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ - မြန်မာနိုင်ငံ၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများ၊ ရန်ကုန်မြို့။

၄၀ အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ (၂၀၁၉)၊ ဆုံးဖြတ်ချက်များအား ကျင့်သုံးမှုနှင့် ထောက်ခံ အကြံပြုချက်များအပေါ် ကျွမ်းကျင်သူများ ကော်မတီ၏ အစီရင်ခံစာ။ ဂျီနီဗာ။

၄၁ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီးဌာန (၂၀၁၉)၊ လူကုန်ကူးမှု အစီရင်ခံစာ၊ ဝါရှင်တန်ဒီစီ။

၄၂ ကူဆာကာဘဲ - ကေ နှင့် မီလို-စီ (Kusakabe, K and Milo-C) ၂၀၁၉။ အထူးစီးပွားရေး ဇုန်များရှိ အလုပ်အကိုင်များ - မဲခေါင်ဒေသရှိ ရွှေ့ပြောင်း သွားလာသူ အထည်ချုပ်စက်ရုံ အလုပ်သမားများ၊ ချင်းမိုင်။

၄၃ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (၂၀၁၉)၊ ကျားမရေးရာ ကဏ္ဍအား ထည့်သွင်းစဉ်းစားခြင်း - မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ရန်ကုန်။

စီမံကိန်း၏ မဟာဗျူဟာသည် အဓိကအကျိုးရလဒ် သုံးခုဖြစ်သည့် (၁) အလုပ်သမားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေ၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူကုန်ကူးမှု တားဆီးကာကွယ်ခြင်းနှင့် ကျွမ်းကျင်မှုများဖွံ့ဖြိုး တိုးတက်ရေးတို့ ခိုင်မာအားကောင်းစေခြင်း (၂) သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ လုပ်သား ရွှေ့ပြောင်းသွားလာမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ခြင်းတို့အား ကူညီ ပံ့ပိုးပေးရန် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည်နှင့် အသိအမြင်များ မြှင့်တင်ခြင်းနှင့် (၃) ရွှေ့ပြောင်းသွားလာသည့် အမျိုးသား၊ အမျိုးသမီး များနှင့် အခြားအားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအတွက် သတင်းအချက်အလက်များ/ သင်တန်းနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု တိုးပွားလာခြင်းတို့၏ ပြီးစီးအောင်မြင်မှု အပေါ်အခြေခံပါသည်။

***ဇယား ၃.၄။ LIFT မှ ရန်ပုံငွေထောက်ပံ့ပေးသည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု စီမံချက်များ***

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | လွှမ်းခြုံသည့် ဒေသ | ဘတ်ဂျက် (ကန်ဒေါ်လာ) | သက်တမ်း |
|---|---|---|---|---|
| **ActionAid** | ရန်ကုန်မြို့ပြဝန်းကျင်ဒေသများတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှု (SECURE) | ရန်ကုန် | ၂.၅ သန်း | ၂၀၁၉–၂၀၂၂ |
| **Adventist Development and Relief Agency** | ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နေရပ်စွန့်ခွာသူများနှင့် ဌာနေလူမှု အသိုင်းအဝိုင်းများ အား ကူညီ ပံ့ပိုးရန် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရေး (VESI) | ကချင်၊ ရှမ်း | ၂.၂သန်း | ၂၀၁၉–၂၀၂၂ |
| **BBC Media Action** | မီဒီယာအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် နှင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု (ရေကြည်ရာ) | တနိုင်ငံလုံး | ၃သန်း | ၂၀၁၆–၂၀၂၀ |
| **CARE** | လုံခြုံစိတ်ချရသည့် အလုပ်အကိုင် အတွက် လုပ်ငန်း ဆိုင်ရာ ဖြေရှင်းနည်း လမ်းများ (အောင်မြင်မှု) | ရန်ကုန် | ၁သန်း | ၂၀၁၇–၂၀၂၁ |
| **Eden Ministry** | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ကုန်(သို့) အတင်းအဓမ္မ လက်ထပ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေ့ပြောင်း သွားလာသူ မြန်မာ အမျိုးသမီးများနှင့် မိန်းကလေးများအား ကယ်ဆယ်ရန် Eden စီမံချက် | ရန်ကုန်၊ ရှမ်း | ၁သန်း | ၂၀၁၇–၂၀၂၁ |
| **International Labour Organization** | ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်သား ရွှေပြောင်းခြင်း ဆိုင်ရာစီမံအုပ်ချုပ်မှု ဖွံ့ဖြိုး တိုးတက်ရေး | တစ်နိုင်ငံလုံး | ၄သန်း | ၂၀၁၆–၂၀၂၀ |
| **International Organization for Migration** | စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက် ပြုမှုအား ကောင်းစေခြင်းမှ တဆင့် အလုပ်သမား ရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုး တိုးတက် ရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးပွားလာခြင်း (တွဲလက်) | ချင်း၊ မန္တလေး၊ မကွေး၊ ရှမ်း၊ မွန်၊ ကရင်၊ တနင်္သာရီ | ၁၃သန်း | ၂၀၁၇–၂၀၂၁ |
| **International Organization for Migration** | မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သား ရွှေ့လျားမှုကို ရင်းနှီး မတည်ခြင်း (CHIME) | တစ်နိုင်ငံလုံး | ၂သန်း | ၂၀၁၆–၂၀၁၉ |
| **International Organization for Migration** | ရွှေ့ပြောင်းသွားလာမှုအား အသက်မွေး မှုမဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုခြင်း (MILDAS) | ဧရာဝတီ | ၁.၅ သန်း | ၂၀၁၅–၂၀၂၀ |
| **International Organization for Migration** | တိုးပွားလာသည့် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာ မှုမှ တဆင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခ သက်ရောက်မှု ရှိသည့် လူမှုအသိုင်း အဝိုင်းများ၏ ကြံ့ကြံ့ခိုင်နိုင်စွမ်းအား ကောင်းစေခြင်း (SAFE) | ကချင်၊ ရှမ်း | ၁.၂ သန်း | ၂၀၁၉–၂၀၂၂ |
| **People in Need** | ရွှေပြည်သာတွင် ရွှေ့ပြောင်းသွားလာသူ အလုပ်သမားများအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်း (အေးချမ်းသောအိမ်) | ရန်ကုန် | ၃.၂ သန်း | ၂၀၁၉–၂၀၂၂ |
| **Women's Organization Network** | ရွှေ့ပြောင်းသွားလာသည့် အလုပ်သမား များ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ် ခံရခြင်း မှအဆုံးသတ်ခြင်း (EVE) | ရန်ကုန် | ၁.၁ သန်း | ၂၀၁၉–၂၀၂၂ |
| **World Vision** | မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်း ပေးသည် – ကချင်ပြည်နယ် ရှိနေရပ် စွန့်ခွာသူများ နှင့် ၎င်းနေလူမှုအ သိုင်း အဝိုင်းများ အတွက် အားလုံးပါဝင်ပြီး ပြောင်းလဲနိုင်သည့် အသက်မွေးဝမ်း ကျောင်းအား ကူညီ ပံ့ပိုးပေးခြင်း (SHE) | ကချင် | ၂.၆ သန်း | ၂၀၁၉–၂၀၂၂ |

## စိတ်ဝင်စားဖွယ်ရာများ

### အလုပ်သမားနှင့်လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေ၊ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူကုန်ကူးမှု တားဆီး ကာကွယ်ခြင်း နှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးတို့ ခိုင်မာအားကောင်းစေခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြည်တွင်းနှင့် နိုင်ငံတကာလုပ်အား ရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးတိုးတက်ရေး (DIILM) စီမံချက်သည် မြန်မာနိုင်ငံ၏ အလုပ်သမားရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဘောင်မှ အမျိုးသမီးနှင့် အမျိုးသားများအား လုံခြုံ စိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရန်နှင့် သူတို့၏ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အတွေ့အကြုံများမှ အကျိုးကျေးဇူးရရှိနိုင်ရန်အတွက် သေချာစေ ရန် အဓိက သုံးပွင့်ဆိုင် ပတ်သက်ဆက်နွယ်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အတူလုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အဓိက ပြီးစီးအောင်မြင်မှုမှာ ILO၊ အရပ်ဘက်လူမှုအသိုင်းအဝိုင်းနှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကျယ်ကျယ်ပြန့်ပြန့် အသိပေး အရေးဆိုမှု ပြုလုပ်ပြီးသည့်နောက် မြန်မာနိုင်ငံသား အိမ်အကူအလုပ်သမားများ နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားရောက်ခြင်းအား တားမြစ်ချက် အား ရုပ်သိမ်းခြင်းဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံ ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အိမ်အကူ အလုပ်သမားများအား တရားဝင်လမ်းကြောင်းများမှတဆင့် ဟောင်ကောင်၊ မကာအို၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ စေလွှတ်နိုင်မည် ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။ မူဝါဒအား ၂၀၁၄ ခုနှစ်တွင် ပထမဦးစွာ ထုတ်ပြန်ခဲ့ပြီး မြန်မာအိမ်အကူ အလုပ်သမားများအား ဥပဒေ နှင့်မညီသည့် အဆင့်အတန်းဖြင့် ရွှေ့ပြောင်းသွားလာရန် တွန်းအားပေးခြင်း၊ ၎င်းတို့အား အလွဲသုံးစားပြုရန်အတွက် ပိုမိုထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်း စသည့် ရည်ရွယ်မထားသည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။ တားမြစ်ချက်အားဖယ်ရှားလိုက်ခြင်းသည် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများအတွက် အလုပ်သမားအခွင့် အရေးကာကွယ်စောင့်ရှောက်ခြင်းအား တိုးချဲ့ရန် အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးသောကြောင့် ၎င်းတို့အနေဖြင့် လုံခြုံစိတ်ချရပြီး သင့်တင့်မျှတသည့် အလုပ်အကိုင်အား ရယူနိုင်ခဲ့ပါသည်။

ILO ၏ မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှု၏ အခြားအရေးကြီးသည့်ရလဒ်မှာ အိမ်အကူအလုပ်သမားများအတွက် အလုပ်သမားကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းအား ရေးဆွဲခြင်းဖြစ်ပါသည်။ ILO မှ စီစဉ်ဆောင်ရွက်ပေးခဲ့သည့် နည်းပညာဆိုင်ရာဆွေးနွေးပွဲ များပြီး သည့်နောက် ပြည်တွင်းနှင့်ပြည်ပ အလုပ်သမားအတွက် ဥပဒေတစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လွှတ်တော် အမတ်များ၏ အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ အုပ်စုသည် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ နှင့်အတူ စီမံချက်တစ်ရပ် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ပိုမိုရှုတ်ထွေးသည့် အချက်အလက်များဖြင့်ဝေဖန်ဆွေးနွေးခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် အထောက်အကူ ပေးရန် အိမ်အကူအလုပ်သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး အတွက် မြန်မာနိုင်ငံဥပဒေများနှင့် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်လေ့လာခြင်းမှ ကွာဟချက်များ ဆန်းစစ်လေ့လာသုံးသပ်ချက်များနှင့် အိမ်အကူအလုပ်သမားများအပေါ် ပြည်သူ့အမြင် သဘောထား စစ်တမ်းတို့အား တင်ပြခဲ့ပါသည်။ လက်ရှိအချိန်တွင် အိမ်အကူအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများ၏ အကာအကွယ် အားရရှိခြင်း မရှိပါ။ သို့သော်ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း စသည့်အခြေအနေများအတွက် တရားမျှတမှုအား ရယူရာတွင် နည်းလမ်းအနည်းငယ် ရှိပါသည်။

မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်အား တန်ဖိုးမထားနိုင်သည့် သဘောထားများနက်ရှိုင်းစွာ အမြစ်တွယ်နေသောကြောင့် တိုးတက်မှုတွင်စိန်ခေါ်မှုများရှိနေသော်လည်း ဥပဒေပြဋ္ဌာန်းရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးသဖြင့် ILO ၏ အိမ်အကူ အလုပ်သ မား ဆိုင်ရာ သဘောတူစာချုပ်၊ ၂၀၁၁ နှင့်ပါအချက်အလက်များ (ဆုံးဖြတ်ချက် အမှတ် ၁၈၉) နှင့် အကယ်၍ ချိန်ညှိခြင်း သည် ၎င်းတို့၏ အလုပ်သမားအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးရန် အဓိကကျသည့် ကူညီပံ့ပိုးမှုအား ကိုယ်စားပြုပါသည်။ သို့ဖြင့် အိမ်အကူအလုပ်သည် အခြားမည်သည့်အလုပ်မဆို ကဲ့သို့ဖြစ်သည်ဆိုသည်အား အပြည့်အဝအသိအမှတ်ပြုလျက် အိမ်အကူအလုပ်သမားများအား အခြားကဏ္ဍများမှ အလုပ်သမားများကဲ့သို့ အလုပ်သမားခံစားခွင့်များနှင့် လူမှုရေးဆိုင်ရာ ကာကွယ် စောင့်ရှောက်မှုများ ခံစားပိုင်ခွင့်ရရှိစေမည်



*ဦးကျော်ထွေး၊ ဥက္ကဌ၊ အမျိုးသား လွှတ်တော် လူဝင်မှု ကြီးကြပ်ရေး၊ ပြည်တွင်း၊ ပြည်ပ အလုပ်သမားများ ဆိုင်ရာ ကော်မတီ အိမ်အကူ အလုပ်သမားများအတွက် အလုပ်သမား ကာကွယ် စောင့်ရှောက်ရေး ဥပဒေကြမ်းအား ရေးဆွဲနေသည်ကို ကြေညာနေစဉ်*

ဖြစ်သည်။ ၂၀၁၉ ခုနှစ် နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများနေ့တွင် အိမ်အကူအလုပ်သမားများအတွက် အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေ မူကြမ်းအား ရေးဆွဲ အကောင်အထည်ဖော်ပြီး ဖြစ်ကြောင်း နှင့် ယင်းအားလက်ရှိတွင် ပြန်လည်သုံးသပ်သည့် အဆင့်သို့ ရောက်နေကြောင်း ကြေငြာခဲ့ပါသည်။

ပြည်ထောင်စုအစိုးရ၏ တောင်းဆိုမှုကြောင့် ILO သည် ဥပဒေများနှင့် ဥပဒေပြုခြင်းတို့တွင် နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် နည်းပညာဆိုင်ရာ အချက်အလက်များပံ့ပိုးပေးခဲ့ပါသည်။ လုပ်သားရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲခြင်းဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ(၅)နှစ် လုပ်ငန်းစီမံချက် ရေးဆွဲရာတွင် စီမံချက်ဖွဲ့စည်းပုံဖော်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့တွင် အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအသိုက်အဝန်းတို့ ပါဝင်စေသည်အား သေချာစေခြင်းဖြင့် ကူညီပံ့ပိုးပေးခဲ့ပြီး ၂၀၁၉ ခုနှစ် မေလ(၁၁)ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် နိုင်ငံတကာ အလုပ်သမားရွှေ့ပြောင်းသွားလာမှုအား စီမံခန့်ခွဲခြင်း၊ နိုင်ငံရပ်ခြားတွင် မြန်မာရွှေ့ပြောင်းသွားလာသူများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ရရှိစေရန် မြှင့်တင်ပေးခြင်းနှင့် ၎င်းတို့၏ အလုပ်သမားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ အတွက် ပြည့်စုံသည့် မဟာဗျူဟာအား ပေးအပ်ပါသည်။

ထို့အပြင် ILO သည် ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်တစ်ခုမှ နောက်အလုပ်သစ်သို့ ပြောင်းရွှေ့သည့်အခါ အကျိုးခံစားခွင့်များ ဆက်လက်ခံစားခွင့် ရရှိစေရန်အတွက် ပံ့ပိုးပေးရန် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံအကြား လက်မှတ် ရေးထိုးမည်ဖြစ်သော လူမှုဖူလုံရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူ စာချုပ်မူကြမ်း အတွက် နည်းပညာဆိုင်ရာ သဘောထားမှတ်ချက်များ ပေးအပ်ခဲ့ ပါသည်။ ပြန်လည် ပြင်ဆင်ထားသည့် အလုပ်အကိုင်ခန့်ထားခြင်းနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး ဥပဒေ (အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေဟု အမည်ပြောင်းလဲရမည်ဖြစ်သော) မူကြမ်း အတွက်လည်း သဘောထားမှတ်ချက်ပေးအပ်ခဲ့ပါသည်။ အလုပ်သမားဥပဒေပြုပြင် ပြောင်းလဲမှုအတွက် ဖွဲ့စည်းပုံဖော်သည့် လုပ်ငန်းစဉ်အတွင်း လူမှုရေးဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုရှိ ခြင်းအား သေချာစေရန် နည်းလမ်း ဆိုင်ရာ လုပ်ငန်းအုပ်စုများမှ တဆင့်ပြန်လည် ပြင်ဆင်သည့် ဥပဒေအပေါ် သုံးဦးသုံးဖလှယ်ဆွေးနွေးတိုင်ပင်မှုအား စီစဉ်ဆောင်ရွက်ရန် အတွက် ILO မှ အစိုးရအား တိုက်တွန်းအားပေးခဲ့ပါသည်။

ILO သည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် လက်တွေ့ကျသည့် စည်းမျဉ်းများမှတဆင့် အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြေရှင်းရာတွင် ပိုမိုကောင်းမွန်လာစေရန်အတွက် တနှစ်ပတ်လုံး လုပ်ကိုင်ခဲ့ပါသည်။ ၂၀၁၉ခုနှစ် ဇွန်လတွင် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ အသစ် အား အတည်ပြုပြီးသည့်နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြန်လည် ပြင်ဆင်ထားသည့် ဥပဒေဆိုင်ရာ မူဘောင်အား အကောင်အထည်ဖော်ဆောင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရန် သုံးဦးသုံး ဖလှယ် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်အား စတင်ခဲ့ပါသည်။ အဆိုပြုသည့် ဥပဒေမူဘောင်အား အတည်ပြုရန် တင်ပြပြီးသည့်နောက် ဥပဒေပါ အချက်များတွင် သိသာထင်ရှားစွာ ကွဲပြားခြားနားသည့် သဘောထားအမြင်များ ရှိသည့် အချို့သော အချက်များအား ပြန်လည်စဉ်းစား သုံးသပ်ရန်အတွက် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခု ထပ်မံကျင်းပရန် ပြည်ထောင်စုဝန်ကြီးမှ တောင်းဆိုခဲ့ ပါသည်။ အစည်းအဝေးအတွင်း ၌ ကျန်ရှိ နေသည့် ကိစ္စရပ်အတော်များများအား ဖြေရှင်းနိုင်ခဲ့ ပါသည်။ သို့သော်လည်း အများသဘောတူညီမှု မရရှိခဲ့သည့် အချို့သော ဥပဒေပါ အချက်များအား ထပ်မံ၍ အကြံပြုပေးရန်အတွက် ILO ထံ လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ ထို့နောက် ILO မှ နိုင်ငံတကာအလုပ်သမားရေးရာ စံနှုန်းများအား စောင့်ထိန်းလိုက်နာရမည့် ရှုဒေါင့်မှ မည်သို့ဆောင် ရွက်ရန် သင့်တော်သည်ဆိုသည့် နည်းပညာဆိုင်ရာ ထင်မြင်သုံးသပ်ချက်များအား ထပ်မံ၍ပေးအပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စည်းမျဉ်းစည်းကမ်းများအား ပြည်ထောင်စု ဝန်ကြီးမှ သဘောတူလက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။

ILO သည် အလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်သည့် ဆိုက်ရောက်နိုင်ငံများတွင် အလုပ်သမားသံအရာရှိ ရာထူးနေရာအတွက် အမျိုးသမီးများ လျှောက်ထားခြင်းအား တားမြစ်ထားသော ခွဲခြားဆက်ဆံသည့် အလေ့အကျင့်များ အဆုံးသတ်ရန်အတွက် အောင်မြင်စွာ စည်းရုံးလှုံ့ဆော်နိုင်ခဲ့ပြီး အစိုးရဌာနများတွင် အမျိုးသမီးအရာရှိများ အလုပ်လျှောက်ထားရန်အတွက် လုပ်ကိုင်နိုင်စွမ်းရှိလာစေရန် ကူညီပံ့ပိုးပေးခဲ့သည်။ ၂၀၁၉ခုနှစ်တွင် ဇန်နဝါရီလတွင် အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အမျိုးသမီးများ အနေဖြင့် အဆိုပါရာ ထူးနေရာ ရယူခြင်းအား ကန့်သတ်ထားသည်မှ ရုပ်သိမ်းခဲ့ပါသည်။ သို့သော်လည်း မည်သည့်အမျိုးသမီးကိုမျှ ရွေးချယ်ခဲ့ခြင်းမရှိသေးဘဲ လက်တွေ့ အခြေအနေတွင် ကျား၊မ အခြေပြုဘက်လိုက်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပြီး ကျော်လွှားနိုင်ရန်အတွက် ခက်ခဲနေပါသေးသည်။ ဝန်ကြီး ဌာနနှင့် ဆွေးနွေးရာမှ အထူးသဖြင့် ထိုင်းနိုင်ငံသည် အလွန်အကျွံအမြတ်ထုတ်ခြင်း ခံရသည့် အမှုပေါင်းများစွာရှိသည့်အတွက်ကြောင့် အမျိုးသမီးများအတွက် တာဝန်ထမ်းဆောင်ရမည့်နေရာသည် စိန်ခေါ်မှုရှိသည့် နေရာဖြစ်သည်ဆိုသော သဘောထားအမြင်ကြောင့် ဖြစ်သည်ဆို သည်ကို တွေ့မြင်ရပါသည်။ ဤစိန်ခေါ်မှုအား ဖြေရှင်းရန်အတွက် ILO သည် မဲဆောက်နှင့် ချင်းမိုင်တွင် ဥပဒေဆိုင်ရာ ကူညီပံ့ပိုးပေးသည့် ထိုင်း NGO အဖွဲ့တစ်ဖွဲ့တွင် အလုပ်လုပ်ကိုင်နေသည့် အလွန်ထက်မြက်သော အမျိုးသမီးဝန်ထမ်းအဖွဲ့ဝင်တစ်ဦးအား သင်တန်းတွင် တက်ရောက်၍ သူမ၏ အတွေ့အကြုံများအား မျှဝေပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ အားကောင်းသော စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်မှုတို့မှတဆင့် အလုပ်သမား ရွှေ့ပြောင်းလာမှု ဖွံ့ဖြိုးတိုးတက်ခြင်း၏ သက်ရောက်မှုအား တိုးပွားစေခြင်း (တွဲလက်) စီမံချက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ရွှေ့ပြောင်း သွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဆိုင်ရာ တိုင်ပင်ဆွေးနွေး သဘောထားရယူခြင်း အစည်းအဝေး (၆) ကြိမ် စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကြား ဆက်စပ်မှုနှင့် ပတ်သက်၍ ပါဝင်တက်ရောက်သူ များ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးရန်၊ ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အကျိုးကျေးဇူးအား ပိုမိုကောင်းမွန်စွာ မြှင့်တင်နိုင်ခြင်းအတွက် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အလားအလာရှိသော ဖြေရှင်းနည်းလမ်းများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးမှုအား ကူညီပံ့ပိုးပေးရန်စသည့် ရည်မှန်းချက်များနှင့် အတူ အလုပ်ရုံ ဆွေးနွေးပွဲများအား အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ လွှတ်တော်အမတ်များနှင့် ပူးပေါင်း၍ မြင်းခြံ၊ ပခုက္ကူ၊ တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နှင့် ဟားခါးမြို့များတွင် စီစဉ်ဆောင်ရွက်ကျင်းပခဲ့ပါသည်။ ထွက်ပေါ်လာသည့် ထောက်ခံအကြံပြုချက်များအား လုပ်သားရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ အမျိုးသားအဆင့် (၅)နှစ် လုပ်ငန်းစီမံချက် အတွက် IOM နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့မှ အတွင်းရေးမှူးတာဝန် ပူးတွဲ ရယူထားသည့် နည်းပညာဆိုင်ရာ လုပ်ငန်းအုပ်စု အစည်းအဝေး များတွင် မျှဝေသွားမည်ဖြစ်ပါသည်။

IOM သည် နေပြည်တော်ရှိ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် မြန်မာနိုင်ငံတော် အစိုးရမှ တရားဝင်ကျင်းပခဲ့သည့် ၂၀၁၉ နိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားများ အထိမ်းအမှတ်နေ့ စီစဉ်ကျင်းပနိုင်ရန် ကူညီပေးခဲ့ပါသည်။ အခမ်းအနားတွင် အဆင့်မြင့်

အစိုးရကိုယ်စား လှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝန်းနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ပုဂ္ဂိုလ်(၅၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနား၏ အဖွင့်မိန့်ခွန်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေမှ "*အလုပ်သမားရွှေ့ပြောင်း သွားလာခြင်းမှ မိခင်နိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ် နိုင်ငံလုံး၏ စီးပွားရေးတွင် ထည့်ဝင်ပေးသော်လည်း လူမှုရေးကာကွယ်စောင့်ရှောက်မှုအား လက်လှမ်းမီရယူနိုင်ခြင်း မရှိသေးသည့် ရွှေ့ပြောင်း သွားလာမှု အများအပြားရှိနေပါသေးသည်။ အရေးကြီးသည်မှာ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာနေထိုင်မှု တစ်ခုတည်းကိုသာ မြှင့်တင်ပေးရမည် မဟုတ်ဘဲ ရွှေ့ပြောင်းသွားလာသူများအား ၎င်းတို့နှင့် ထိုက်တန်သည့် ဂုဏ်သိက္ခာ နှင့် ဆက်ဆံခံရခြင်းအား သေချာစေရမည်ဖြစ်သည်ဟု ပြောကြား ခဲ့ပါသည်။*"


မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများသည် လက်ရှိ၌ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တားမြစ်ထားခြင်း မရှိသေးပါ။ သို့သော်လည်း နိုင်ငံတကာဥပဒေတွင် အရေးကြီးသည့် တိုးတက်မှုတစ်ခုမှာ ၂၀၁၉ခုနှစ်တွင် ကျင်းပခဲ့သည့် နိုင်ငံတကာ အလုပ်သမားညီလာခံတွင် ဆုံးဖြတ်ခဲ့သော ILO ၏ အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုဆိုင်ရာ သဘောတူညီချက်အသစ် (ဆုံးဖြတ်ချက် အမှတ် ၁၉၀) ဖြစ်ပါသည်။ Care အောင်မြင်မှုစီမံချက်မှ မြန်မာနိုင်ငံ၏ အထည်ချုပ် လုပ်ငန်းအတွင်း အမျိုးသမီးအလုပ်သမားများ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းမှ အကာအကွယ်ပေးရန် အားလုံး ပါဝင်သော ခိုင်မာသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် ညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်များ ထံ အသိပေး အရေးဆိုမှုအား ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးမှ "ယင်းမှာ မြန်မာနိုင်ငံ အစိုးရမှ သဘောတူညီချက်နှင့် ထောက်ခံအကြံပြုချက်များအတွက် ဆုံးဖြတ်မဲ ပေးရာတွင် အကျိုးသက်ရောက်မှုရှိခဲ့တယ်လို့ ကျွန်တော်ထင်ပါသည်ဟု" ပြောကြားခဲ့ပါသည်။ CARE မှဆုံးဖြတ်ချက် အမှတ် ၁၉၀ အား သဘောတူညီလက်မှတ်ရေးထိုးခြင်း၊ မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်အတွင်း အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှု အဆုံးသတ်ရန်အတွက် ဥပဒေဆိုင်ရာ မူဘောင် တစ်ခု တည်ဆောက်ခြင်းတို့အား ကူညီပံ့ပိုးပေးရန် လူထုစည်းရုံးလှုံ့ဆော်သည့် အခမ်းအနားများစွာမှတဆင့် ထပ်မံ၍ အသိပေး အရေးဆိုမှုများအား ဆောင်ရွက်ခဲ့ပါသည်။

CARE မှလည်း အသစ်ပြဋ္ဌာန်းခဲ့သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ တွင် ကျား၊မရေးရာ တန်းတူညီမျှမှုကို အလေးထားခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုတို့ ထည့်သွင်းခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပါသည်။ ဤအရေးပါသည့် မူဝါဒဆိုင်ရာ အပြောင်းအလဲအား လွှတ်တော်အမတ်များအား ပြုလုပ်နိုင်ရန် အမျိုးသမီးအလုပ်သမားများ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အသိပေး အရေးဆိုရန်အတွက် သဘောထားအမြင် တူညီသည့်အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့စည်းခြင်းတို့မှ ပြီးစီးအောင်မြင်အောင် ဆောင်ရွက် နိုင်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ဥပဒေ၏ နောက်ဆုံးအတည်ပြုခဲ့သည့် ပြဋ္ဌာန်းချက်များတွင် "စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု" ကြုံတွေ့နေရသည့် အလုပ်သမားများအတွက် ကာကွယ်တားဆီးခြင်း နှင့် ကူညီပံ့ပိုးပေးခြင်းနှင့် ကျား၊မရေးရာ တန်းတူညီမျှမှုကို အလေးထားမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် ဆက်နွယ်နေသည့် အခြား အထောက်ခံအကြံပြုခဲ့သည့် အပြောင်းအလဲ(၄)ခုတို့ ပါဝင်ခဲ့ပါသည်။

CARE မှ အမျိုးသားအဆင့် လုပ်ငန်းအလိုက်ကျွမ်းကျင်မှုစံနှုန်း (NOCS) များ ချမှတ်ရန် အတွက် စည်းရုံးလှုံ့ဆော်ရန် ဆက်လက်လုပ်ဆောင်ခဲ့ သည့် အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာတို့နှင့် ဆက်နွယ်နေသည့် နောက်ထပ်စံနှုန်းအပို(၇)ခု ဖွံ့ဖြိုး တိုးတက်ရေးအတွက် Fair Wear ဖောင်ဒေးရှင်း၊ ILO တို့နှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ NOCS တွင် အထည်ချုပ်ကဏ္ဍအတွက် ကူညီပံ့ပိုးပေးသည့် ကျွမ်းကျင်မှုဆိုင်ရာ စံနှုန်းများ၏ အရေးပါမှုအား အထည်ချုပ်စက်ရုံများ က လက်ခံယုံကြည်စေခြင်း၊ ကဏ္ဍအတွင်း ဆက်ဆံရေးဆိုင်ရာ အကြောင်းအရာများ ထည့်သွင်းခြင်းနှင့် ပတ်သက်၍ ပတ်သက်ဆက်နွယ်သူများကြား စီမံအုပ်ချုပ်မှုဆိုင်ရာ ထိလွယ်ရှလွယ် ရှိခြင်း၊ စံနှုန်းများ ပြဋ္ဌာန်းရာတွင် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ နှစ်မျိုးကွဲလွဲနိုင်ချေ ရှိခြင်းတို့ အပါအဝင် ကြီးမားသည့် စိန်ခေါ်မှုများ ရှိဆဲဖြစ်ပါသည်။ သို့သော်ငြားလည်း CARE သည် မြန်မာနိုင်ငံ ရှိ ဆန်းစစ်အကဲဖြတ်သည့် ဗဟိုဌာနများတွင် စာမေးပွဲဝင်ရောက်ဖြေ ဆိုသူ အရေအတွက် အများဆုံး စေလွှတ်ပေးခဲ့ပြီး စမ်းသပ်စစ်ဆေးခဲ့သည့်သူအရေ အတွက် စုစုပေါင်းတွင် အဓိက အကူအညီ ပေးခဲ့သည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ယခင် စစ်ဆေးခဲ့သည့် အမြင့်ဆုံး အရေအတွက်ဖြစ်သည့် လျှပ်စစ် ကျွမ်းကျင်သူ ၈၅၇ဦးအား စစ်ဆေးခဲ့သည်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၈-၂၀၁၉ ခုနှစ်၌ အပ်ချုပ်စက်အော်ပရေတာ ၁,၆၉၄ ဦးအားစမ်းသပ် စစ်ဆေးခဲ့ပါသည်။

၂၀၁၉ခုနှစ်တွင် BBC Media Action ၏ ရေကြည်ရာ စီမံချက်မှ မူဝါဒရေးဆွဲ အကောင်အထည်ဖော်ရေးအား ဩဇာလွှမ်းမိုးနိုင်ရန် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အားလုံးပါဝင်သည့် လူမှုရေးဆိုင်ရာ ဆွေးနွေးပွဲအား ပံ့ပိုးပေးရန် အာရုံစိုက်သည့် ဆွေးနွေးခန်း အစီအစဉ်သစ်ဖြင့် ရေဒီယိုအစီအစဉ်မှ ရုပ်မြင်သံကြား အစီအစဉ်သို့ ကူးပြောင်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း၌ ၁)ပုသိမ်မြို့၌ အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးများ ၂) မကွေးမြို့၌ လုပ်ငန်းခွင်၌ ခွဲခြားဆက်ဆံခြင်း။ ၃) မန္တလေးမြို့၌ ကျွမ်းကျင်မှု ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး။ ၄) ရန်ကုန်မြို့၌ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာခြင်း ၅) ပဲခူးမြို့၌ အလုပ်သမား သမဂ္ဂများ ၆) ဘားအံမြို့၌ ကလေးအလုပ်သမား စသည့် အကြောင်းအရာများ ပါဝင်သည့် ဇာတ်လမ်းတွဲ အပိုင်း (၆) ပိုင်းအား ထုတ်လုပ်ခဲ့ပါသည်။ အုပ်စုလိုက် ဆွေးနွေးသည့်ပုံစံသည် အလုပ်သမားများ၊ အလုပ်ရှင်များ၊ အလုပ်သမားသမဂ္ဂများ၊ လူမှုအသိုင်းအဝိုင်းနှင့် အစိုးရတို့အား အတူတကွဆွေးနွေးမှုကို ဖြစ်ပေါ်စေပြီး ပရိတ်သတ်များအနေဖြင့် မေးခွန်းများ တိုက်ရိုက်မေးမြန်း နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်သူများ ၎င်းတို့၏အသံများအား ကြားသိခွင့်ရှိသည့်ထူးခြားသော အခွင့်အလမ်းတစ်ရပ်အား ပေးအပ်ပါသည်။ နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော ကိစ္စရပ်များအား ရုပ်မြင်သံကြားအပေါ်၌ ပွင့်လင်းစွာ ဆွေးနွေးခြင်းတွင် စိန်ခေါ်မှုများတွေ့ကြုံရသည်တို့ရှိသော်လည်း ပရိသတ်အား တင်ဆက်သည့်ပွဲတွင် အဆင့်မြင့်အရာရှိများနှင့် ကိုယ်စားလှယ်များ ပါဝင်စေရန်ထိတွေ့ဆောင်ရွက်ခြင်းဖြင့်အောင်မြင်မှုရရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဇာတ်လမ်းတွဲ အပိုင်း (၁၁)ပိုင်းအား မဇ္ဈိမရုပ်မြင်သံကြား (ကြည့်ရှုသူ ၄.၂သန်း)၊ မဇ္ဈိမသတင်းဖေ့စ်ဘုတ် ( စောင့်ကြည့်သူ ၁၃သန်း)၊ ဒီဗီဘီ ရုပ်မြင်သံကြား (ကြည့်ရှုသူ ၅.၇ သန်း) ဒီဗီဘီရုပ်မြင်သံကြား ဖေ့စ်ဘုတ် (စောင့်ကြည့်သူ ၁၁.၉ သန်းနှင့် ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာ (စောင့်ကြည့်သူ ၀.၈သန်း) တို့တွင် အပတ်စဉ်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

## သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ လုပ်သား ရွှေ့ပြောင်းသွားလာမှု နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ အသိအမြင် နှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း




*ပုံ ၃.၂ ။ စက်ရုံအတွင်းရှိ လေ့ကျင့်ရေးလိုင်းများဖြင့် လေ့ကျင့်သင်ကြားပေးခဲ့သည်နှင့် NSSA ၏ အကဲဖြတ်မှုများပြီးစီးအောင်မြင်ခဲ့သည့် အလုပ်သမားများ*

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကဏ္ဍမှာ လျင်မြန်စွာကြီးထွားနေပြီး ဤအလျင်အမြန်တိုးချဲ့ခြင်း၏ သက်ရောက်မှုအား စက်ရုံများ စီမံခန့်ခွဲသည့်နည်းလမ်းနှင့် အလုပ်သမားများအား ငှားရမ်းပြီး လေ့ကျင့်သင်ကြားပေးသည့် နည်းလမ်းတို့တွင် ရှင်လင်းပြတ်သားစွာ မြင်တွေ့နေရပါသည်။ စက်ရုံအများစုသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ အားလုံး အထူးသဖြင့် ၎င်းတို့၏ချုပ်လုပ်သည့် လုပ်ငန်းအတွက် ထုတ်လုပ်မှုဆိုင်ရာ ရည်မှန်းချက်များအား ချမှတ်ပါသည်။ သို့သော်လည်း မန်နေဂျာများနှင့် ကြီးကြပ်သူများတွင် များသောအားဖြင့် ၎င်းတို့၏ဝန်ထမ်းများအား ထိရောက်စွာ စီမံခန့်ခွဲရန် ကျွမ်းကျင်မှုများမရှိသဖြင့် အဆိုပါ ရည်မှန်းချက်များ ရရှိ အောင်မြင်ရန်အတွက် ကြီးမားသည့် ဖိအားများနှင့် ရင်ဆိုင်ရသည့် အခြေအနေ၌ ရှိနေပါသည်။ CARE ၏ အောင်မြင်မှု စီမံချက်သည် ကြီးကြပ်ရေးမှူးများမှ ၎င်းတို့၏အခန်းကဏ္ဍနှင့် တာဝန်များကို ပိုမိုနားလည်စေခြင်းနှင့် ၎င်းတို့၏ဝန်ထမ်းများအား မည်ကဲ့သို့ စိတ်ဓာတ်မြှင့်တင်ပေးရမည်နှင့် ထုတ်လုပ်မှုတိုးတက်အောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်တို့အတွက် အထောက်အကူ ဖြစ်မည့် ကြီးကြပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုများသင်တန်းအစီအစဉ်အား စတင်ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းမှ ၎င်းတို့အား ချုပ်လုပ်သည့် နည်းစနစ်များအား အထိရောက်ဆုံးအသုံးပြုရန်နှင့် လုပ်ငန်းခွင်တွင် လုပ်အားစွမ်းရည်မြှင့်တင်ရန် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ကိုလည်း ပို့ချခဲ့သောကြောင့် ၎င်းတို့သည် ၎င်းတို့၏ဝန်ထမ်းများအား လေ့ကျင့်သင်ကြား ပေးနိုင် ပါသည်။

အထည်ချုပ်လုပ်ငန်း ကဏ္ဍအတွင်း အဆိုပါကျွမ်းကျင်မှုများအတွက် အလွန်ကြီးမားသည့် လိုအပ်ချက်ရှိနေသဖြင့် ယနေ့အထိ ကြီးကြပ်ရေးမှူး (၁၅၇)ဦး အား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ပါသည်။ ရလဒ်များမှ စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာခြင်း၊ အလုပ်ထွက်သည့်နှုန်း လျော့နည်းလာခြင်းနှင့် ထုတ်လုပ်မှုတိုးတက်လာခြင်း စသည့် အလားအလာအား ပြသပါသည်။ သင်တန်းတက်ရောက်ခဲ့သည့်သူများထံမှ တစ်ဦးက *"ကျွန်တော့်အနေဖြင့် ပြောဆိုဆက်ဆံသည့် နည်းလမ်းအသစ်ကို လေ့လာခဲ့ရပါသည်။ ယခင်က ကျွန်တော်သည် ဝန်ထမ်းငယ်များအပေါ် အလွန် ရိုင်းပျလေ့ ရှိပါသည်။ ယခုအခါတွင် ကျွန်တော်အနေဖြင့် အော်ပရေတာများအား ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုဆက်ဆံမည့်အစား ၎င်းတို့အား မိမိလုပ်စေချင်သည်ကို ယဉ်ကျေးစွာပြောရမည်ဆိုသည်ကို လေ့လာသင်ယူခဲ့ရပါသည်။ ကျွန်တော်အနေဖြင့် "S"(၅)ခုအား လေ့လာသင်ယူခဲ့ရသောကြောင့် မည်ကဲ့သို့ ရွေးချယ်မည် (sort) ၊ မည်ကဲ့သို့ သိမ်းဆည်းရမည် (store) နှင့် လုပ်ငန်းခွင်အား မည်ကဲ့သို့ကောင်းမွန်စွာ တည်ဆောက်ရမည် (structure) တို့အား သိရှိခဲ့ပါသည်။ ကျွန်တော်သည် ကျွန်တော်၏ကျွမ်းကျင်မှုများကို ဖြည့်ဆည်းနိုင်ခဲ့ပြီး ကျွန်တော် လေ့လာသင်ယူ ခဲ့ရသည်များကြောင့် အလုပ် လုပ်ရာတွင် ပိုမိုစနစ်တကျ လုပ်ကိုင်နိုင်ခဲ့ပါသည်"* ဟုရှင်းလင်း ပြောကြားခဲ့ပါသည်။

အထည်ချုပ်စက်ရုံ(၄) ရုံတွင် အလုပ်သမား ၁,၅၀၀ကျော် (ပုံ၃.၂တွင်ကြည့်ပါ) အား သင်တန်းပို့ချပေးခဲ့သည့် ၎င်း၏ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်း၏ သင်ရိုးညွှန်းတမ်းတွင် အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့သဖြင့် CARE သည် စက်ရုံအတွင်း သင်တန်းပို့ချမည့် သင်ကြားရေးလိုင်းများအတွက် အပ်ချုပ်စက် အသုံးပြုနည်းများကို ရေးဆွဲနိုင်ခဲ့ပါသည်။ ယင်းသင်ရိုးညွှန်းတမ်းဖြင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်း ရေးအဖွဲ့ (NSSA)၊ အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုလွှာပေးအပ်သည့် ကော်မတီ၊ Swisscontact နှင့် GIZ တို့မှ မြန်မာနိုင်ငံရှိ စက်မှု လုပ်ငန်းများ အားလုံးတွင် အသုံးပြုရန်အတွက် ယေဘုယျပုံစံတစ်ခုအား အကောင်အထည်ဖော်ရန် အသုံးပြုသွားမည်ဖြစ်ပါသည်။ အထူးသဖြင့် အသိအမှတ်ပြု သင်ကြားရေးလိုင်းများ ဖြင့် ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းများအား မဖြစ်မနေဆောင်ရွက်ရမည့် အချိန်၌ စက်ရုံတွင် အပ်ချုပ်စက် အော်ပရေတာ သင်တန်းများအတွက် လိုအပ်ချက်မှာ မြင့်တက်လာမည်ဟု မျှော်မှန်းထားခဲ့ပါသည်။ စီမံချက်မှ စက်ရုံများအကြား ဈေးနှုန်းနှင့် ဆန္ဒအား အကဲဖြတ်သုံးသပ်ရန် လက်ရှိအချိန်၌ ဈေးကွက်သုတေသနအား

ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့် အတွက်ကြောင့် လိုအပ်သော ဝန်ဆောင်မှုများကို ပေးအပ်နိုင်မည်ဖြစ်ပါသည်။

BBC Media Action ၏ရေကြည်ရာစီမံချက်သည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များအားပိုမိုသတင်း အချက်အလက်ပေးပြီး ပိုမိုမျှတသည့် နည်းဟန်တို့ဖြင့် သတင်းပေးပို့ရန်အတွက် စိတ်ဝင်စားမှုနှင့် စွမ်းဆောင်ရည်တို့အား တည်ဆောက်ရန် မြန်မာနိုင်ငံတဝှမ်းရှိ တိုင်းရင်းသား မီဒီယာလုပ်ငန်း (၉)ခုအတွက် သင်တန်းဆက်လက် ပို့ချခဲ့ပါသည်။ Open Radio Days ဟု ခေါ်ဆိုသည့် သင်တန်းတွင် ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကြောင်းအရာများ ထုတ်လုပ်ရန် မိတ်ဖက်များနှင့် ကိုက်ညီအောင် စီမံထားသည့် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဒေသခံ ပရိသတ်များနှင့် ကျွမ်းကျင်သူ ဧည့်တော်များနှင့်အတူ ရပ်ရွာလူထုဆွေးနွေးပွဲများ စီစဉ် ကျင်းပပေးခြင်းတို့ ပါဝင်ပါသည်။ သင်တန်းပြီးဆုံးပြီးသည့်နောက် မီဒီယာမိတ်ဖက် အဖွဲ့အစည်းများသည် ၎င်းတို့၏ ဌာနေဘာသာစကားဖြင့် အရည်အသွေးမြင့်မားသည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အကြောင်းအရာအား ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဥပမာ သျှမ်းသံတော်ဆင့် သတင်းဌာနမှ သတင်းထောက် စိုင်းကျော်သိန်းသည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် (၁၀)နှစ်ကျော် အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့သည့် အိမ်ရှင် မိသားစုနှင့် ရင်း နှီး ကောင်းမွန်သည့် ဆက်ဆံရေးအား တည်ဆောက်ခဲ့ပြီး နောက်ဆုံး၌ သူမ၏ ကျွမ်းကျင်မှုအား ထပ်မံ၍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အပ်ချုပ်သမားအနေဖြင့် အလုပ်အကိုင် ရှာဖွေရန် အရင်းအနှီးများဖြင့် ရှမ်းပြည်နယ်ရှိ သူမမိသားစုထံ ပြန်လာသည့် အိမ်အကူ အလုပ်သမားတစ်ဦးနှင့် ပတ်သက်၍ ဖြစ်ရပ်မှန် ဘဝဇာတ်ကြောင်းအား ထုတ်လုပ်ခဲ့ပါသည်။

BBC Media Action မှ အစိုးရ၊ မီဒီယာနှင့် အရပ်ဘက်လူမှုအသိုင်းအဝိုင်း အပါအဝင် ပိုမိုကျယ်ပြန့်သည့် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများနှင့် အတူတကွ မီဒီယာနှင့် လုပ်ကိုင် ဆောင်ရွက်နေသည့် ၎င်းတို့၏ စွမ်းဆောင်ရည်အား တည်ဆောက်ရန်နှင့် တိုးတက်ခဲ့ပြီး ဖြစ်သည့် ပူးပေါင်း ဆောင်ရွက်မှုအား မြှင့်တင်ရန်တို့အတွက် အတော်အားထုတ်ခဲ့ရပါသည်။ ILO မှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျွမ်းကျင်သူ များနှင့် မိတ်ဖက်ပြုလုပ်ကာ မီဒီယာနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (၃)ခုအား ရန်ကုန်မြို့၊ ချင်းပြည်နယ် နှင့် ကချင်ပြည်နယ် တို့တွင် ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများသည် တက်ရောက်သူများမှ ကင်မရာရှေ့တွင် မီဒီယာကိုယ်စားလှယ်များ မှ ၎င်းတို့အား မေးမြန်းသည့် မေးခွန်းများအား တုန့်ပြန်ဖြေဆိုခြင်း အပါအဝင် အင်တိုက်အားတိုက် လှုပ်ရှားတက်ကြွသည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြုခဲ့ပါသည်။ အရေးအကြီးဆုံးအနေဖြင့် အလုပ်ရုံ ဆွေးနွေးပွဲသည် အမျိုးမျိုး ကွဲပြားခြားနားသည့် ပတ်သက်ဆက်နွယ်သူများအား အတူတကွ ရှိနေစေပြီး အတားအဆီးများကို ဖြိုဖျက်ကာ အခြား လှုပ်ရှားဆောင်ရွက်နေသူများမှ မည်သို့လုပ်ဆောင်နေသည်ကို လေ့လာသင်ယူခြင်း၊ ပုဂ္ဂိုလ်ရေးအရ တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်မှု ရရှိစေခြင်းနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အခြေခံ အုတ်မြစ်ချခြင်း တို့အတွက် ကူညီပံ့ပိုးပေးပါသည်။

မီဒီယာအတွက် မြန်မာနိုင်ငံ၏ နယ်နမိတ်ကို ကျော်လွန်သည်အထိ ရရှိစေမည့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ အတွေ့အကြုံများအား ပိုမိုကျယ်ပြန့်စွာ နားလည် သဘောပေါက်ရန်အတွက် လိုအပ်ချက်အား တုန့်ပြန် ဆောင်ရွက်ရန် အာဆီယံ ရွှေ့ပြောင်းသွားခြင်း အပေါ် အစီရင်ခံတင်ပြခြင်း ခေါင်းစဉ် ဖြင့် တစ်ပတ်ကြာမြင့်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအား အယ်ဒီတာနှင့် အကြီးတန်းဂျာနယ်လစ် (၁၂)ဦးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့တွင် စတင်ခဲ့ပြီး ဘန်ကောက်မြို့တွင် ဆက်လက် ကျင်းပခဲ့ကာ နှီးနှောဖလှယ်ပွဲများတွင် ပါဝင်စေခြင်းနှင့် အဓိက အဖွဲ့အစည်းများ၊ မူလနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများရှိ ရွှေ့ပြောင်း သွားလာ သူများနှင့် ဆွေးနွေးခြင်းတို့ဖြင့် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါသည်။ မြန်မာနိုင်ငံရှိ မီဒီယာများအား အာဆီယံ နှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများအတွင်းမှ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာ ကိစ္စရပ်များအား ပိုမိုနက်ရှိုင်းစွာ နားလည်သဘော ပေါက်စေရန် ပံ့ပိုးပေး ခြင်းဖြင့် ၎င်းတို့အနေဖြင့် အာဏာရှိသူများထံမှ မူဝါဒများ အတွက် ထည့်သွင်းစဉ်းစားရန် စိတ်ကျေနပ်ဖွယ်ကောင်းသည့် မှတ်တမ်းများ ပေးအပ်ရာတွင် ပိုမိုကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်မည် ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှ ပါဝင်တက်ရောက်ခဲ့သူများမှ The Voice Daily ၊ 7 Days ၊ မြန်မာတိုင်းမ် ၊ ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) ၊ လွတ်လပ်သော အာရှရေဒီယို (RFA) ၊ DAWEI Watch ၊ မြန်မာ့ရုပ်မြင်သံကြား နိုင်ငံတကာ မျက်မှောက်ရေးရာ၊ မြန်မာနောင်း ၊ ဟသ်ာမီဒီယာ ၊ မြစ်ကြီးနား သတင်းဂျာနယ်နှင့် မြန်မာ့အသံတို့တွင် မီဒီယာ သတင်းဆောင်းပါး (၃၆)ပုဒ်အား ထုတ်ပြန်ကြော်ငြာခြင်း နှင့်အတူ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့်ပတ်သက်၍ မီဒီယာ ထုတ်ဖော်ချက်များ အပေါ်လက်ငင်းအကျိုးသက်ရောက်မှုကို ရရှိခဲ့ပါသည်။ မီဒီယာမှ ပါဝင်တက်ရောက်သူများမှ ရွှေ့ပြောင်း သွားလာနေထိုင်မှု ဆိုင်ရာ တိကျသည့် ထုတ်ပြန်ကြေငြာခြင်းအပေါ် စိတ်ဝင်စားမှု မြင့်တက်လာကြောင်းကို "ကျွန်ုပ်အနေဖြင့် ရွှေ့ပြောင်း သွားလာသူများ၏ ဘဝများကို ပရိသတ်များအား တင်ဆက်ပြသလိုပြီး အစိုးရမှ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ အပေါ် ၎င်းတို့မှ ပိုမို၍ အာရုံစိုက် ဆောင်ရွက်သည် ကို ရရှိလိုပါသည်ဟု" ပြောကြားခြင်းဖြင့် တုန့်ပြန်မှတ်ချက် ပေးအပ်ခဲ့ပါသည်။

IOM တွဲလက်စီမံချက်၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ၎င်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများ – ပါရမီဖွံ့ဖြိုးရေး ကွန်ရက်၊ မွန်အမျိုးသမီးအဖွဲ့နှင့် ချင်းလူ့အခွင့်အရေးအဖွဲ့ – တို့၏ နည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ရန် ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်း အများစုအတွက် ရွှေ့ပြောင်းသွားလာမှုသည် လုပ်ငန်း၏ အလွန်သစ်လွင်သည့် အကြောင်းအရာနယ်ပယ် ဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် အချိန်ယူ၍ လေ့လာသင်ယူခဲ့သည်အား တွေ့ကြုံခဲ့ရပါသည်။ အထူးကြပ်မတ် လေ့ကျင့်သင်ကြားပေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်သချဉ်းကပ်နည်းလမ်းနှင့် အပြန်အလှန် ဆွေးနွေးပြီး လေ့ကျင့်သင်ကြားပေးသည့် နည်းလမ်းစနစ်တို့ဖြင့် ပံ့ပိုးပေးခဲ့သဖြင့် အဓိကနည်းပညာနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက် သည့် နယ်ပယ်အတော်တော်များများတွင် ကြီးမားသော တိုးတက်မှုများ ရရှိအောင်မြင်ခဲ့ပါသည်။ စီမံချက်ပြီးဆုံးသည့် အချိန်၌ ရေရှည် တည်တံ့ ခိုင်မြဲမှုကို ရရှိရန်ဆိုသောအမြင်ဖြင့် ၂၀၁၉ ခုနှစ်အတွင်း မိတ်ဖက်အဖွဲ့ အစည်းများအတွက် ထပ်မံ၍ အလုပ်ရုံဆွေးနွေးပွဲ ၄ပွဲ– ၁) စီမံချက်စီမံခန့်ခွဲခြင်း။ ၂) ပံ့ပိုးကူညီပေးခြင်း ၃) ဆက်သွယ်ဆောင်ရွက်ခြင်းများ ၄) အလှူရှင်ထံ အစီရင်ခံတင်ပြခြင်း – အား စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။



***ချင်းလူ့အခွင့်အရေး အဖွဲ့အစည်းမှ ဆောင်ရွက်သည့် စွမ်းဆောင်ရည် တည်ဆောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ***

IOM သည် စွမ်းဆောင်ရည်တည်ဆောက်ရေး ချဉ်းကပ်နည်းလမ်းမှတဆင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာမူဝါဒများအတွက် အထောက်အထား အခြေခံ မှု အားကောင်းစေရန် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုး

တိုးတက်ရေးဗဟိုဌာန (MDRI – CESD ) ၊ မေတ္တာဖောင်ဒေးရှင်း၊ ဩစတေးလျအမျိုးသားတက္ကသိုလ်(ANU)တို့နှင့် မိတ်ဖက်ပြုမှုအား ထူထောင်ခဲ့ပါသည်။ MDRI – CESD) တွင် ထဲထဲဝင်ဝင်ပြုလုပ်မည့် ရွှေ့ပြောင်း သွားလာနေထိုင်မှုဆိုင်ရာ သုတေသန လုပ်ငန်းစဉ် ဖွံ့စည်းမှုသို့ ဦးတည်သည့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အတွက် ဒီဇိုင်းပုံစံရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်မှ စီမံချက် သက်တမ်း ကုန်ဆုံးသွားပြီးနောက် ၎င်းတို့အား အရည်အသွေး မြင့်မား သည့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ သုတေသနများအား ဆက်လက် ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်ပါသည်။ အစီအစဉ် သည် သုတေသနဆိုင်ရာ လေ့လာမှု (၄)ရပ်အပါအဝင် " လက်တွေ့ လုပ်ခြင်းမှ လေ့လာ သင်ယူခြင်း" ချဉ်းကပ်နည်းလမ်းအား ကျင့်သုံး ပါသည်။ ANU ၏ လူဦးရေ စာရင်းကောက်ယူရေးဆိုင်ရာ ပါမောက္ခ၊ မနုဿ ဗေဒ ဌာနမှူးနှင့် အကြီးတန်း ကထိကသည် ပြည်တွင်း မိတ်ဖက်အဖွဲ့ အစည်း များ၏ သုတေသန ဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်း အပြင် လေ့လာမှု တစ်ခုချင်းစီအတွက် ဒီဇိုင်းပုံစံတို့ အတွက် ကူညီပံ့ပိုးပေးသွား မည် ဖြစ်ပါ သည်။

ILO ၏ DIILM စီမံချက်မှ ၂၀၁၉ ခုနှစ်အတွင်းအစိုးရနှင့် လူမှုရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအတွက် သင်တန်းအချို့ပေးအပ်ခဲ့ပါသည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအတွက် ပို့ချခဲ့သည့် ရွှေ့ပြောင်း အလုပ်သမားများအတွက် တရားဝင် တိုင်ကြားခြင်းဆိုင်ရာ ယန္တရား အကောင်အထည်ဖော်ရေး သင်တန်းသည် ၎င်းတို့အား မူဝါဒ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအသေးစိတ်ကျပြီး အသုံးဝင်မည့် သတင်း အချက်အလက်များ ကောက်ယူရန်နှင့် ဆန်းစစ်လေ့လာရန် မူဝါဒ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် သတင်းအချက်အလက် ပေးနိုင်ရန် အတွက် ကုစားနိုင်မည့် နည်းလမ်းများကို ပေးအပ်နိုင်ရန် အထောက်အကူပေးခဲ့ပါသည်။ ဤစနစ်အသစ်မှ တဆင့်ပေးအပ်သည့် ကိန်းဂဏန်းများအရ ၂၀၁၉ ခုနှစ်တွင် တိုင်ကြားခြင်းဆိုင်ရာ ယန္တရား မှ အမှုပေါင်း ၆၉၁ မှုအား ကိုင်တွယ်ဖြေရှင်းခဲ့ပြီး ၎င်းတို့အနက်မှ အများဆုံးဖြစ်နေကျ အမှုများမှာ သေဆုံးခြင်း၊ လုပ်ခလစာ မရခြင်း၊ လုပ်ငန်းခွင်၌ ထိခိုက်ဒဏ်ရာရခြင်းနှင့် အထောက်အထား စာရွက်စာတမ်းများအား ထုတ်မပေးဘဲ ထားရှိခြင်းတို့နှင့် သက်ဆိုင်သည့် အမှုများဖြစ်ပါသည်။ စီမံချက်မှလည်း မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ တွေ့ကြုံနေရသည့် ပြဿနာများ အား ဖြေရှင်းပေးရန်အတွက် ကူညီပံ့ပိုးပေးမည့် စနစ်တစ်ရပ်အား အကောင်အထည်ဖော်ရန်အတွက် ရွှေ့ပြောင်းလုပ်သား၏ အခွင့်အရေး များဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည့် MAP ဖောင်ဒေးရှင်းတို့နှင့် ကွန်ရက် များတည်ဆောက်ခြင်း အပါအဝင် (၂)ရက်ကြာသင်တန်းအား ထိုင်း နိုင်ငံတွင် တာဝန်ချထားမည့် အလုပ်သမားသံအရာရှိများအတွက် ပေးအပ်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်း ရွှေ့ပြောင်းသွားလာမှုများအတွက် CSO များ နှင့် အလုပ်သမားအဖွဲ့အစည်း ကွန်ယက်အား စွမ်းဆောင်ရည် တည်ဆောက်ရန် ဆက်လက်ဆောင်ရွက်သည့် ကြိုးပမ်းဆောင်ရွက်မှု များတွင် ညှိနှိုင်းအစည်းအဝေးများ၊ သင်တန်းများနှင့် ပူးတွဲ လုပ်ရှား ဆောင်ရွက်မှုများအား အကောင်အထည်ဖော်ခြင်းတို့ ပါဝင်ပါသည်။ ကွန်ရက်အဖွဲ့ဝင်များအား မြန်မာနိုင်ငံအတွင်း၌ ရွှေ့ပြောင်း သွားလာရေး ကဏ္ဍတွင် ကျွမ်းကျင်သူများအဖြစ် စတင်အသိအမှတ်ပြုလာကြပြီး ပိုမိုကြီးမားသည့် ရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် စွမ်းဆောင်ရည်အား မြှင့်တင်ခဲ့ပြီးဖြစ်ပါသည်။ ကွန်ရက်၏ အောင်မြင်မှုကို ပံ့ပိုးကူညီရန် ILO သည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် အလုပ်သမား အခွင့်အရေးဆိုင်ရာ တိုင်ကြားမှုများကို ဖြေရှင်းရန်အတွက် ကူညီ ပံ့ပိုးမှုအား ကြိုတင်စီမံထားခြင်းအပေါ် တူညီသည့် စွမ်းဆောင်ရည် များ တည်ဆောက်ရန် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများအား စတင်၍ သင်တန်း များ ပို့ချပေးနေပါသည်။ ဥပမာအားဖြင့် လက်ရှိတွင် အလုပ်ရှင်များ နှင့် အလုပ်သမားရေးရာ အငြင်းပွားမှုများအား ဖြေရှင်းနေရသည့် ဗန်းမော်မြို့ရှိ ၄က်ပျောသီးစိုက်ခင်း အလုပ်သမားများအပါအဝင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ အဖွဲ့အစည်းများ အတွက် သင်တန်း တစ်ခုအား မြစ်ကြီးနားမြို့တွင်ပို့ချခဲ့ပါသည်။

ILO ၏ DIILM စီမံချက်မှ လက်ရှိတွင် တရားဝင်ရရှိနိုင်သော စာရင်းအင်း များအပေါ် ခြုံငုံတင်ပြချက်အားပေးအပ်နိုင်ရန် " မူဝါဒ ရေးဆွဲရေး အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက် – မြန်မာနိုင်ငံရှိ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း ဆိုင်ရာ အချက်အလက် နှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှု" စာတမ်းအား အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။ အစီရင်ခံစာမှ လုပ်သား ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အားကောင်းစေရန်အတွက် ထပ်မံလိုအပ်သော အချို့သော သတင်း အချက်အလက်များနှင့် စာရင်းအင်း အမျိုးအစားများအား အဆိုပြု ပါသည်။ ရှာဖွေတွေ့ရှိချက်များသည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ၏ စွမ်းဆောင်နိုင်မှု ညွှန်းကိန်း (၆)ခုအတွက် အစိုးရ၏ အစီရင်ခံတင်ပြရမည့် တာဝန်အား အစည်းအဝေး များတွင် အစိုးရအား ကူညီပံ့ပိုးပေးရန်အတွက် ရည်ရွယ် သည့်အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စီမံခန့်ခွဲနေသည့် ပြည်ထောင်စုအဆင့် အလုပ်သမား ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာ သတင်းအချက်အလက်စနစ်အတွက် အချက်အလက်များ ကောက်ယူခြင်းအတွက်လည်း ရည်ရွယ်ပါ သည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် အဓိက ပတ်သက်ဆက်နွှယ်သူများ၏ အသိအမြင်အား တိုးပွားစေရန် အတွက် IMO ၏ မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အားလုံး ပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားရွှေ့ပြောင်း သွားလာမှုကို မြှင့်တင်ခြင်း (CHIME) စီမံချက်သည် CHIME လေ့လာမှု၏ ရလဒ် များအားဖြန့်ဖြူးရန် ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာ ပြည့်စုံ ကျယ်ပြန့်သော မဟာဗျူဟာ တစ်ရပ် အကောင်အထည်ဖော်ခြင်းအား ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။ CHIME လေ့လာမှုများအား ဖြန့်ဝေ သည့် အလုပ်ရုံ ဆွေးနွေးပွဲ စုစုပေါင်း (၆)ခုအား နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ စစ်တွေ၊ ပုသိမ်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ပြီး အထူးသဖြင့် နေပြည် တော် တွင် ကျင်းပ ပြုလုပ်သည့် အခမ်းအနား နှင့် စပ်လျဉ်း၍ မီဒီယာများတွင် သတင်းများ အကျယ်တဝင့် ဖော်ပြခဲ့ ပါသည်။ ထို့အပြင် လေ့လာမှုအစီရင်ခံစာ အပြည့်အစုံအား အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်၊ အကြောင်းအရာအလိုက်ကဏ္ဍ (၆)ရပ်၏ အနှစ်ချုပ်တင် ပြချက် (စိုက်ပျိုးရေး၊ မြို့ပြ ဖြစ်ထွန်းလာမှု ဖြစ်စဉ်၊ ကျား၊မ ရေးရာ၊ ကြွေးတင်ရှိမှု၊ လုပ်ငန်းခွင်အခြေအနေများနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု) နှင့် ဒေသဆိုင်ရာ အနှစ်ချုပ် တင်ပြချက် (၄)ခု (ဧရာဝတီ၊ ရခိုင်၊ ရှမ်း နှင့် အပူပိုင်းဇုန်) တို့အား ထုတ်ဝေပြီး ဖြန့်ဖြူးခဲ့ပါသည်။ CHIME သုတေသနတွင် ပါဝင်ခဲ့သည့် ရွှေ့ပြောင်းသွားလာသူများနှင့် ပြုလုပ်သည့် ရလဒ်အား အစီရင်ခံ တင်ပြရာတွင် ပြည့်စုံစွာ ခြုံငုံမိစေရန် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း သည် သုတေသနမှ ရှာဖွေတွေ့ရှိချက်များ နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ရှမ်းပြည်မြောက်ပိုင်း နှင့် တောင်ပိုင်း ရှိ ကျေးရွာ (၁၁၉)ရွာမှ လူဦးရေ (၁,၂၅၀) ပါဝင်သည့် ရပ်ရွာအခြေပြု ဆွေးနွေးပွဲ (၃၇)ပွဲ အားကျင်းပခဲ့ ပါသည်။

CHIME လေ့လာမှုမှ အကြောင်းအရာအလိုက် ရှာဖွေတွေ့ရှိချက်များ ကို ထုတ်လွှင့်နိုင်သည့် အရည်အသွေးရှိသော မှတ်တမ်း ရုပ်ရှင် (၃)ပုဒ် မှတဆင့် မြှင့်တင်ရန် IOM သည် ဒီမိုကရက်တစ်မြန်မာအသံ (DNB) နှင့် မိတ်ဖက်ပြုခဲ့ပါသည်။ မှတ်တမ်းရုပ်ရှင် များသည် သာမာန် ပရိသတ်များအတွက် လူ့စရိုက်ကိုထင်ဟပ်စေသည့် လေ့လာမှုဖြစ်သော CHIME သုတေသန၏ ရှာဖွေတွေ့ရှိ ချက်များအား အသက် ဝင် စေ ပါသည်။ ၎င်းတို့သည် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာနေထိုင် ခြင်း၏ အကျိုးသက်ရောက်မှုအား အပူပိုင်းဇုန်၊ ရှမ်းပြည်နယ်နှင့်

ရန်ကုန်မြို့ရှိ ရည်မှန်းချက် မြင့်မားသည့် ရွှေ့ပြောင်းသွားလာသူများ နှင့် ရွှေ့ပြောင်းသွားလာသူရှိသည့် အိမ်ထောင်စုများအား လူတွေ့ မေးမြန်းခြင်း မှတဆင့် သရုပ်ဖော်ပါသည်။ ယခုအထိ မှတ်တမ်း ရုပ်ရှင်များအား DVB နှင့် မယ်ရွှေ့ပြောင်းဖေ့စ်ဘုတ် စာမျက်နှာ မှတဆင့် ကြည့်ရှုသူအကြိမ်ရေ ၄၂၆,၀၀၀ ကျော်ကြည့်ရှုခဲ့ပြီး ဖြစ်ပါသည်။ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများရရှိသည့်အတွက်ကြောင့် DVB သည် ၎င်းတို့၏ TV ချန်နယ်တွင် သတင်းမှတ်တမ်းများအား ၂၀၁၉ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတွင်း အခကြေးငွေမယူဘဲ အကြိမ်ကြိမ် ထုတ် လွှင့်ပြသပေးရန် သဘောတူညီခဲ့ပါသည်။ DVB မှလည်း လမ်းပေါ်၌ ရွှေ့ပြောင်းသွားလာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း/ လူထုအသံ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျွမ်းကျင်သူများ နှင့်တွေ့ဆုံ မေးမြန်းခြင်း၊ တိုင်းရင်းသား ဒေသများတွင် ရွှေ့ပြောင်းသွားလာသည့် အလုပ်သမား များနှင့် ခဏတာ တွေ့ဆုံမေးမြန်းခြင်း၊ CHIME အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်သောအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်း ခြင်း နှင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆက်နွယ် နေသည့် လူအများ စိတ်ဝင်စားမည့် ဇာတ်လမ်းများ အပါအဝင် ရွှေ့ပြောင်းသွားလာခြင်း နှင့် ဆက်နွယ်နေသည့် တိုတောင်းသော ဗီဒီယို (၃၆) အားထုတ်လုပ်ခဲ့ပါသည်။ အဆိုပါဗီဒီယိုများအား မယ်ရွှေ့ပြောင်းဖေ့စ်ဘုတ် စာမျက်နှာနှင့် DVB ၏ စောင့်ကြည့်သူ ၁၁သန်းကျော်ရှိသည့် ဖေ့စ်ဘုတ်ပေါ်တွင် ပုံမှန်လွှင့်တင်ပေးခဲ့သဖြင့် CHIME နှင့် ဆက်နွယ် နေသည့် ဗီဒီယိုများသည် လူအများအပြားထံ ရောက်ရှိစေခဲ့ပါသည်။

CHIME အစီရင်ခံစာအား နေပြည်တော်တွင် ကျင်းပသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသများ နေ့ မြန်မာနိုင်ငံ၏ ဒုတိယသမ္မတ ပါဝင်သည့် အဆင့်မြင့်ပရိသတ် ၅၀၀ ရှေ့မှောက်၌ ပထမဆုံးအကြိမ် စတင်ဖြန့်ဝေခဲ့သည့် အချိန်မှ စတင်၍ အစိုးရအရာရှိကြီးများမှ အစီရင်ခံစာအပေါ် အဆက်မပြတ် စိတ်ဝင်စားမှုရှိခဲ့ပါသည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် CHIME လေ့လာမှုအား မကြာခဏရည်ညွှန်းပြောဆိုပြီး သူ၏ဝန်ထမ်းများအား CHIME အခမ်းအနားများအား တက်ရောက်ရန် အားပေးခဲ့သောကြောင့် ၎င်း၏ဝန်ထမ်းများသည် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆက်စပ်မှုနှင့် ပတ်သက်၍ ပိုမိုလေ့လာ သင်ယူနိုင်ခဲ့ပါသည်။ ဒေသဆိုင်ရာ အဆင့်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် IOM အားနောက်ဆုံးပေါ် အချက်အလက်များ ဆက်လက်ပေးအပ်ရန်နှင့် အန္တရာယ်များသည့် ရွှေ့ပြောင်းသွားလာမှုများ လျှော့ချရန်အတွက် နောက်ဆက်တွဲ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် တောင်းဆိုခြင်းတို့ဖြင့် ဤ လေ့လာမှု အပေါ် သိသာထင်ရှားသည့် စိတ်ဝင်စားမှုအား ပြသခဲ့ပါသည်။ ရှမ်းပြည်နယ် အစိုးရဌာနများမှ ကိုယ်စားလှယ်များမှလည်း အထူးသဖြင့် ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စုများ ကြုံတွေ့ခဲ့ရသည့် အားနည်းထိခိုက်လွယ်မှုများ ကို သုတေသနအပေါ် အခြေခံသည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ တဆင့် ဖြေရှင်းခြင်းအား စိတ်ဝင်စားခဲ့ကြပါသည်။

စီမံကိန်းစတင်သည့် အဆင့်အတွင်း၌ ActionAid ၏ ရန်ကုန်မြို့ပြဒေသများရှိ သင့်တင့်လျှောက်ပတ်သည့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာရေး (SECURE) စီမံချက်သည် စူးစမ်းလေ့လာအဖြေရှာဖွေသည့် သုတေသန လေ့လာမှုအတွက် နည်းစနစ် ဘန်ကောက်မြို့ရှိ အာရှနည်းပညာ တက္ကသိုလ် (Asian Institute of Technology) မှ Pr. Kyoko Kusakabe (ဒေါက်တာ ကျိုကို ကူဆာကာဘဲ) နှင့် ရေးဆွဲခဲ့ပါသည်။ လေ့လာမှုတစ်ခုလုံး၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့ရှိ ရွှေ့ပြောင်း သွားလာသည့် အလုပ်သမား၏ ကလေးစောင့်ရှောက် မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အစီအစဉ် ရေးဆွဲရန်အတွက် အထောက်အထား အခြေခံ ပေးအပ်ရန်နှင့် စက်ရုံများတွင် ကိုယ်ဝန်ဆောင်မိခင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တိုးတက်မှုများအတွက် အသိပေးအရေးဆိုရန် အတွက် ဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာသူများအား ၎င်းတို့ ဆိုက်ရောက်ရာ နေရာများတွင် ယာယီနေထိုင်သူများ အဖြစ် အတိအလင်း ရှုမြင်သဖြင့် သုတေသနမှ ရွှေ့ပြောင်းသွားလာ နေထိုင်သူများ အနေဖြင့် ကိုယ်ဝန်ဆောင်နေချိန်နှင့် ကလေးအား ပြုစုစောင့်ရှောက်ရသည့် တာဝန်များကို ဆောင်ရွက်ရမည့်အချိန်တွင် ၎င်းတို့၏ အလုပ်အားမည်ကဲ့သို့ ထိန်းကျောင်းလုပ်ကိုင်သည် ဆိုသည့် အသိအမြင် ကွာဟချက်ကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ်ပါသည်။ ထို့ပြင် ကလေးအလုပ် သမား တိုး ပွားလာစေရန် ဖြစ်ပေါ်စေမည့် အလားအလာများ အပါအဝင် ကလေးသူငယ် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိခြင်းက ရွှေ့ပြောင်းသွားလာသည့် မိသားစုများအပေါ် မည်မျှ အကျိုးသက်ရောက်စေသည် ဆိုသည်ကို လည်း ရှာဖွေဖော်ထုတ်ပါသည်။

သင့်တင့်လျှောက်ပတ်သည့်အလုပ်အကိုင်နှင့် အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဖွဲ့သည် Al.Jazerra (အယ်လ် ဂျားဇီးယား) သတင်းဌာန၏ တကမ္ဘာလုံးမှ အသုံးပြုနိုင်သည့် ဝက်ဘ်ဆိုဒ်တွင် ဩဇာအရှိန်အဝါ ရှိသည့် ပင်တိုင် ဆောင်းပါးအား ထုတ်လွှင့်နိုင်ရန် LIFT ၏ စီမံကိန်း အကြံပေးပုဂ္ဂိုလ် ဖြစ်သည့် ဘရောင်း တက္ကသိုလ် (Brown University) ၏ ကျွန်စနစ်နှင့် တရားမျှတမှုလေ့လာရေး ဗဟိုဌာန (Center for Slavery and Justice) မှ ဒေါက်တာ အယ်လီနာဆင်း (Dr.Elenashih) နှင့် အတူတကွ လုပ်ဆောင်ခဲ့ပါသည်။ ဆောင်းပါးသည် လုပ်ငန်းများအနေဖြင့် လုပ်အားခေါင်းပုံဖြတ် အမြတ်ထုတ်မှုကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုများကို ဖွင့်ဟရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြလျက် မကြာသေးမီ နှစ်များအတွင်း ထောက်ပံ့ရေးကွင်းဆက်များ၏ ပွင့်လင်းမြင်သာမှုအား အာရုံစိုက်သည့် ဥပဒေများ သိသာထင်ရှားစွာ များပြားလာသည်ကို ဖော်ပြခဲ့ပြီး၊ ယင်းဥပဒေများတွင် လေးစားလိုက်နာခြင်း(သို့) အာဏာ တည်စေခြင်းတို့အား သေချာစေရန်အတွက် ပြဋ္ဌာန်းချက်အချို့သာ ပါဝင်ကြောင်း ထောက်ပြခဲ့ပါသည်။ ဤဆောင်းပါးသည် အနိုင်အထက်ပြုကျင့်ခြင်းကို ကာကွယ်တားဆီးရန် အလုပ်သမားများ၏ အင်အားတည်ဆောက်ခြင်း၏ အရေးပါမှု မေးမိန်နေစဉ် အသင်းအဖွဲ့ ရည်ရွယ်ချက်များအား အသားပေးခြင်းဖြင့် အဓိကအားဖြင့် ထောက်ပံ့ရေးကွင်းဆက် ချဉ်းကပ်နည်းလမ်းများ လိုအပ်သည်ထက် လျှော့နည်းနေခြင်းအား အထူး အလေးပေး ဖော်ပြထားပါသည်။ ဆောင်းပါးမှ အလုပ်သမားများ အနေဖြင့် ၎င်းတို့အား ဖိအားပေးနေသည့် ပြဿနာများနှင့် ၎င်းတို့၏ အခြေအနေများ တိုးတက်ရေးအတွက် အသင့်တော်ဆုံးသော ဖြေရှင်းနည်းလမ်းများအား သတ်မှတ်ဖော်ထုတ်နိုင်ရန် အတွက် ၎င်းတို့ထံမှ ဝယ်ယူသည့် ကမ္ဘာ့အသိအမှတ်ပြုတံဆိပ်များ အပါအဝင် အလုပ်သမားနှင့် အလုပ်ရှင်များအကြား ပိုမို၍ ခွင့်တူညီမျှရှိသည့် ညှိနှိုင်းဆွေးနွေးသည့် လမ်းကြောင်းများ တည်ထောင်ခြင်းဖြင့် ၎င်းတို့၏ အသံများအား ပိုမို ကြားစေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

## ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး၊အမျိုးသားနှင့် အခြားအားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအတွက် သတင်းအချက်အလက်၊ သင်တန်း နှင့်ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှုတိုးတက်လာခြင်း

ရွှေ့ပြောင်းသွားလာသူများ၏ အိမ်ထောင်စုများထံ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာ နေထိုင် ခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှု ဆိုင်ရာ ကိစ္စရပ်များ၏ သတင်းအချက်အလက်များ ပေးအပ်နိုင်ရန် BBC Media Action ၏ ရေကြည်ရာ စီမံချက်သည် ၂၀၁၉ ခုနှစ်အတွင်း ရေကြည်ရာ ရေဒီယိုဇာတ်လမ်းတွဲ (၁၀)ပိုင်းအား ထုတ်လွှင့်ပါသည်။ စီမံချက်သည် နားဆင်သူ အရေအတွက်မြင့်မားစေရန် ဖြစ်ရပ်မှန် သတင်းအချက်အလက်များ၊ ကျွမ်းကျင်သူ နှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ပရိသတ်နှင့် ဆွေးနွေးခြင်းများနှင့် ကိုယ်တွေ့ဇာတ်လမ်းများဖြင့် ပေါင်းစပ်ထားသည့် ဖြေဖျော်ပြီး သတင်းအချက်အလက် ပေးသည့် အစီအစဉ်အား အသုံးပြုပါသည်။ ဇာတ်လမ်းတွဲအပိုင်း များအား မြန်မာအသံနှင့် ရုပ်မြင်သံကြား ၏ မြန်မာအသံရေဒီယိုနှင့် ထိုင်းနိုင်ငံရှိ MAP ရေဒီယိုမှ ထုတ်လွှင့်ခဲ့သဖြင့် ပုံမှန်နားဆင်သူ ၁.၈သန်း နှင့်အတူ


နားဆင်သူ ခန့်မှန်းခြေ ၃.၂သန်းမှ စုစုပေါင်း နားဆင်ခဲ့ပါသည်။ BBC Media Action မှ ရေကြည်ရာ ရေဒီယိုအစီအစဉ်၏ အကျိုးသက်ရောက်မှုအား ဆန်းစစ်ရန်အတွက် အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ သုတေသန လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ အပြုသဘောဆောင် သည့် တွေ့ရှိချက်တစ်ခုမှာ အကြံပေးစကားများသည် ပုံမှန်နားဆင်သူများ၏ ငွေကြေးဆိုင်ရာ နှင့် ကိုယ်ပိုင်ငွေနှင့် ပတ်သက်သည့် အဓိက စိုးရိမ်ပူပန်မှုများအတွက် တိုက်ရိုက် ရည်ရွယ် ပြောကြားပေးသည့်အတွက် နားဆင်သူများအနေဖြင့် ၎င်းတို့၏ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်အတွက် အလေးပေးဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။

ဤနှစ်အတွင်း ရေကြည်ရာ ဖေ့စ်ဘုတ်စာ မျက်နှာအား စောင့်ကြည့်သူများမှာ နိုင်ငံ(၁၀)နိုင်ငံတွင် ၇၅၆,၆၉၈ဦး ရှိကာ နှစ်ဆ ကျော် တိုးတက်လာသဖြင့် ၎င်း၏ ရေပန်းစားမှုမှာ လျှင်မြန်စွာ ဆက်လက် တိုးတက်ခဲ့ပါသည်။ ဒီဂျစ်တယ်မီဒီယာတွင် ပါဝင်သည့် အကြောင်းအရာများသည် ဂျပန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံ၏ အလုပ်သမား အခွင့်အရေးများဆိုင်ရာ သတင်းအချက်များ၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာ နေထိုင်မှုဆိုင်ရာ အကြံပေးမှုများ၊ အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေးများ၊ အနိမ့်ဆုံးလုပ်ခလစာဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ ထိုင်းနှင့် မလေးရှား နိုင်ငံများတွင် အကူအညီ တောင်းခံရန်အတွက် ဆက်သွယ်ရမည့်သတင်းအချက်အလက်များ၊ လူမှုဖူလုံရေး ခံစားပိုင်ခွင့်နှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်တစ်ခုအတွက် လိုအပ်သော သတင်းအချက်အလက်များ အပါအဝင် ကျယ်ပြန့် ပြီး အမျိုးမျိုးသော သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အလုပ်သမားရွှေ့ပြောင်းသွားလာမှုနှင့် သက်ဆိုင်သည့် အကြောင်းအရာ များအား ခြုံငုံခဲ့ပါသည်။ စံပြုရမည့် ပုဂ္ဂိုလ်အားလည်း ပရိသတ်များအား စိတ်ဓာတ်လှုံ့ဆော်ရန်အတွက် နှင့် ရွှေ့ပြောင်း သွားလာသူများနှင့် ပြန်လည် ရောက်ရှိလာပြီး ၎င်းတို့၏ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများ စတင်နိုင်ခဲ့သည့် သူများ၏ အောင်မြင်သည့် ဇာတ်လမ်းများအား ထုတ်ဖော်ပြသခြင်းတို့အား ထိရောက်သော နည်းကိရိယာအဖြစ် အသုံးပြုခဲ့ပါသည်။ အဆိုပါ ဇာတ်လမ်းများအား ပရိသတ်များထံမှ ကြည့်ရှုမှု နှင့် ကောင်းမွန်သည့် တုံ့ပြန်မှတ်ချက်များ အများအပြားရရှိခဲ့ပါသည်။ ရေကြည်ရာ ဖေ့စ်ဘုတ်တွင် လွှင့်တင်သည့် ပို့စ်များအား ပျမ်းမျှအားဖြင့် ယနေ့လျှင် ကြည့်ရှုသူ ၁၉၈,၀၀၀ ကျော်ထံ ရောက်ရှိခဲ့ပြီး အလွန် ရေပန်းစားသည့် ပို့စ် လွှင့်တင်ပေးသည့် ကာလအတွင်း၌ အပြန်အလှန် ဆက်သွယ်မှုပေါင်း ၇၀,၀၀၀ ကျော်ရရှိခဲ့ပါသည်။ (ပုံ ၃.၃ တွင် ကြည့်ပါ)

အွန်လိုင်းပရိသတ်များဖြင့် တည်ဆောက်ထားသည့် ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာမှ အားကောင်းစွာဖြင့် ဆက်သွယ် ဆောင်ရွက်နေသည်အား ညွှန်ပြနေသည့် အချက်တစ်ချက်မှာ ၎င်း၏အွန်လိုင်းပရိသတ် အများစုသည် မရှိမဖြစ် လိုအပ်သော သတင်း အချက်အလက်များကို ရှာဖွေရာတွင် ဖေ့စ်ဘုတ်စာမျက်နှာအား တိုက်ရိုက် အသုံးပြုခြင်းဖြစ်ပါသည်။ တိုက်ရိုက်မေးခွန်း ၁၂,၀၀၀ အား လက်ခံ ရရှိခဲ့ပြီး ဖေ့စ်ဘုတ် Messengerမှတဆင့်ပြန်လည် ဖြေကြားပေးခဲ့ပါသည်။ မေးမြန်းခဲ့သည့် မေးခွန်းများ၏ ဥပမာများမှာ – အလုပ်အကိုင်၊ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာတို့အား မည်ကဲ့သို့ လျှောက်ထားရမည့်နည်း၊ထိုင်းနိုင်ငံသို့ အလုပ်အတွက် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ၊ လိုင်စင်ရှိပြီး နာမည်ကောင်းသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအား မည်ကဲ့သို့ ရွေးချယ်ရမည်နည်းနှင့် ထိုင်းနိုင်ငံတွင် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် ကြုံတွေ့ရသည့်အခါ ကူညီပံ့ပိုးပေးမှုအား မည်ကဲ့သို့ ရရှိနိုင်မည်နည်းတို့ ဖြစ်ပါသည်။ BBC Media Action မှ အဆိုပါ မေးခွန်းများကို ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်၍ တုံ့ပြန်ဖြေကြားခဲ့ပြီး ရွှေ့ပြောင်းသွားလာသူများအား သတင်းအချက်အလက်များအတွက် အရေးကြီးသည့် အဆက်အသွယ်ကို ပေးအပ်နေပါသည်။ ရေကြည်ရာအဖွဲ့မှလည်း ပရိသတ်များနှင့် အပြန်အလှန်ဆက်သွယ်မှုကို တိုးမြှင့်ရန် ဖေ့စ်ဘုတ် တိုက်ရိုက်ထုတ်လွှင့်မှုကို အသုံးပြု၍ အလုပ်သမား အခွင့်အရေးနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ ကိစ္စရပ်များအား အာရုံစိုက်သည့်ဇာတ်လမ်းတွဲ အပိုင်း(၁၀) ပိုင်းအား ထုတ်လွှင့်ခဲ့ပါသည်။ ထုတ်လွှင့်မှု၏ပုံစံမှာ စတီဒီယိုအတွင်း ကျွမ်းကျင်သူ ဧည့်သည်တော်နှင့် ဆွေးနွေးပြီး ပရိသတ်များမှ တယ်လီဖုန်းနှင့် ထင်မြင်ချက်ပေးခြင်း ဖေ့စ်ဘုတ်မှ ထင်မြင်ချက်ပေးခြင်းများမှတဆင့် ပေးသည့်မေးခွန်းများအား တုံ့ပြန်ဖြေဆိုသည့် ပုံစံဖြစ်ပါသည်။ ယခုအချိန်အထိ ဗီဒီယိုများအား ကြည့်ရှုသည့် ပရိတ်သတ် ၁၄.၇သန်း ရှိပြီ ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် အမျိုးသမီး ရွှေ့ပြောင်း သွားလာသူများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ရရှိနိုင်မည့် အလားအလာများ တိုးတက်ကောင်းမွန်လာစေရန် CARE ၏ အောင်မြင်မှု စီမံချက်သည်

***ပုံ ၃.၃ ။ BBC Media Action ၏ ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် လွှင့်တင်ခဲ့သည့် ထိပ်တန်းအကြောင်းအရာ(၃)ခု***



အထည်ချုပ်ကဏ္ဍအတွက် ကျွမ်းကျင်မှုများ ဆိုင်ရာ သင်တန်းအား မြောက်ဒဂုံရှိ ၎င်း၏သင်ကြားရေးဗဟိုဌာန နှင့် စက်ရုံအတွင်းရှိ သင်ကြားရေးလိုင်းများမှ တဆင့်ပေးအပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အတွင်း၌ စီမံချက်၏ တိုက်ရိုက် သင်ကြားရေးလိုင်းများနှင့် နည်းပညာကူညီပံ့ပိုး ပေးထားသည့် သင်ကြားရေးလိုင်းများမှတဆင့် အလုပ်သမား ၂,၄၆၀ဦးအား အပ်ချုပ်စက် အော်ပရေတာများ၊ အပ်ချုပ်စက် စက်ပြင်များ၊ ဖြတ်ညှပ်ခန်းအော်ပရေတာများ၊ အရည်အသွေး ထိန်းချုပ်သူများအဖြစ် လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ သင်တန်းပြီးဆုံးသူအနက်မှ ၉၅% သည် လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ရေးအဖွဲ့၏ အကဲဖြတ်မှုအား အောင်မြင်ခဲ့ပြီး၊ ၎င်းတို့၏ ကျွမ်းကျင်မှုများအတွက် အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပါသည်။

ဤနှစ်အတွင်း စီမံချက်၏ MEAL စနစ်အားအဆင့်မြှင့်တင်ပြီးနောက် CARE သည် ၎င်းတို့ သင်တန်းပို့ချသည့် ပုံစံ၏ လက်တွေ့ တန်ဖိုးအား ပြသသောခိုင်မာသည့် အချက်အလက်များကို ရယူနိုင်ခဲ့ပါသည်။ အပ်ချုပ်စက်အော်ပရေတာများအတွက် နောက်ဆုံး အကြိမ်ပြုလုပ်သည့် အလားတူ စမ်းသပ်လေ့လာသည့် သုတေသနတွင် ရလဒ်များမှ သင်တန်းသားများ၏ ၉၄%သည် အလုပ်အကိုင် ရရှိနိုင်ခဲ့ပြီး ယေဘုယျအားဖြင့် ပိုမို ကောင်းမွန်သည့် လုပ်ခလစာရရှိခဲ့ကာ ကဏ္ဍအတွင်း၌ အခြားအလုပ်သမားများထက် ထုတ်လုပ်နိုင်စွမ်း ပိုမို ကောင်းမွန်ကြောင်း ပြသပါသည်။ သင်တန်းသားများ၏ ၄ပုံ ၃ပုံကျော် (၇၈%) သည် သင်တန်း မတက်ရောက်ခဲ့သည့် သူများထက် ပိုမိုမြင့်မားသည့် လခ အားရရှိခဲ့ပြီး ၆၉%သည် လုပ်ငန်းခွင်ဝင်ပြီး (၄)လကျော်တွင် လစာတိုးပေးခြင်းခံရပါသည်။ အောင်မြင်မှု သင်တန်းသား များသည် လက်တွေ့စမ်းသပ် နှိုင်းယှဉ်ရန် သတ်မှတ်ထားသော အုပ်စုများထက် ထုတ်လုပ်နိုင်စွမ်း ပိုမိုမြင့်မားပြီး သင်တန်းတွင် ပါဝင် တက်ရောက်ခြင်း မရှိသည့် အုပ်စုများမှ သတ်မှတ်ထားသော အချိန်အတွင်းရည်မှန်းချက် သတ်မှတ်ထားသည်၏ ၄၀% ရရှိခဲ့ခြင်းနှင့် နှိုင်းစာလျှင် ၎င်းတို့မှ ၇၇% ရရှိခဲ့ပါသည်။

၂၀၁၉ခုနှစ် တွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ၏သင်တန်းကျောင်းအား အသုံးပြုရန်အတွက် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် CARE အား ၎င်းရေရှည်တည်တံ့ခိုင်မြဲသည့် စီမံချက်များ နှင့် ၎င်း၏ သင်တန်းပေးသည့် ဝန်ဆောင်မှု အတွက် ဝန်ဆောင်ခကြေး မပေးရသည့် ပုံစံဖြင့် လုပ်ကိုင်ခြင်းအား ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုပေးမည်ဖြစ်ပါသည်။ စီမံချက်မှ စီးပွားရေး အစီအစဉ်အား မူကြမ်းရေးဆွဲနေပြီး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ အနာဂတ် သင်တန်းများအတွက် သင်တန်းဗဟိုဌာနမှ စတင်၍ အခကြေးငွေကောက်ခံမည့် အကြောင်းအား လူသိရှင်ကြားကြေငြာခဲ့ပြီး ဖြစ်ပါသည်။ ဤသည်မှာ LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှု ပြီးဆုံးမည့် ၂၀၂၁ ခုနှစ်ဇွန်လနောက်ပိုင်းတွင် သင်တန်းပုံစံ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို ဦးတည်စေမည့် အလွန်အပြု သဘောဆောင်သည့် တိုးတက်မှုကို ကိုယ်စားပြုပါသည်။

သုံးပန်လှအဖွဲ့မှ CARE စီမံချက်၏ ကျွမ်းကျင်မှုများဆိုင်ရာသင်တန်းအစိတ်အပိုင်းတွင် အနီးကပ်ပူးပေါင်းဆောင်ရွက် ခြင်းနှင့် အတူ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များတွင် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအတွက် သက်တူဆင့်တူ တိုက်ရိုက် ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ခဲ့ပါသည်။ စက်ရုံ အလုပ်သမားအမျိုးသမီး ၇,၅၀၀ ကျော် သည် ၎င်းတို့၏ အသိပညာတိုးတက်ရန်နှင့် ကူညီပံ့ပိုးပေးသော သက်တူဆင့်တူ ကွန်ရက်များတည်ဆောက်ရန် တနင်္ဂနွေကော်ဖီ စကားဝိုင်း (Sunday Cafe events) များတွင် ပါဝင် တက်ရောက်ခဲ့ကြပါသည်။ ဤသတင်းအချက်အလက်ရောက်ရှိမှုအား ဖေ့စ်ဘုတ်နှင့် စာတိုပေးပို့သည့် စနစ်များကို အသုံးပြု၍ "Sunday Blast Messages" များမှတဆင့် ရွှေ့ပြောင်းအလုပ်သမား ၈၅,၅၄၈ ဦး ပါဝင်သည့် စာရင်းထက် ပိုမိုသည့် လူများထံ ပေးပို့ခြင်း ဖြင့်ချဲ့ထွင်ခဲ့ ပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာ သူအမျိုးသမီး ၁၄၃ ဦးမှ အရေးပေါ်ကူညီပံ့ပိုးမှုအား အိမ်ခြေယာမြေမရှိခြင်း ၊ အလုပ်ဖြုတ်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းနှင့် လူကုန်ကူးခြင်းခံရခြင်း ဆိုင်ရာ ပြဿနာများအတွက် Women in Crisis အစီအစဉ်မှတဆင့် ရရှိခဲ့ပါသည်။

ထို့အပြင် အသိပညာပေးခြင်းအားမြှင့်တင်ရန်အတွက် CARE သည် ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် လွှဲပြောင်းပေးသည့် လမ်းကြောင်းဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ) နှင့် မိတ်ဖက်ပြုကာလုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ လွှဲပြောင်း ပေးအပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား လှိုင်သာယာမြို့နယ်တရားရုံး၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် CSO များမှ တာဝန်ရှိသူ(၃၇)ဦးနှင့် ကျင်းပခဲ့ပါသည်။ ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ) မှလည်း လူမှုအသိုင်းအဝိုင်းများအတွင်း ကျား၊ မအခြေပြုအကြမ်းဖက်ခြင်းဆိုင်ရာ ညွှန်းပို့သည့် ကွန်ရက်အားကူညီပံ့ပိုးပေးရန် ဥပဒေအထောက်အကူ ပြုသင်တန်းအား တက်ရောက်သူ (၃၂)ဦးထံ ပို့ချပါသည်။ ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ)မှ ၎င်းတို့၏ ၂၄နာရီ အရေးပေါ်ဝန်ဆောင်မှုမှ တဆင့် ကျား၊မ အခြေပြုအကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် ဖုန်းခေါ်ဆိုမှု (၇၀၁)ကြိမ်အား လက်ခံရရှိခဲ့သဖြင့် အဆိုပါသင်တန်းများသည် ဥပဒေရေးရာ ကုစား ရေးအဖွဲ့(မြန်မာ) ကဲ့သို့ ရလဒ်များ ထွက်ပေါ်လာစေရန် စတင်နိုင်ခဲ့ပါသည်။ ထို့အပြင် ဖြစ်ရပ် ၁၆၂ ခုအတွက် ဖြန်ဖြေရေးဝန်ဆောင်မှုများလည်း ပေးအပ်ခဲ့ပြီး ကိုယ်ထိလက်ရောက်၊ အိမ်တွင်း(သို့) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း နှင့်/သို့ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက် ခြင်းတို့နှင့် အကျုံးဝင်သည့် အမှု (၂၆)မှုအတွက် တရားဝင်တရားစွဲဆိုခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ပါသည်။

လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများအား ရယူရာတွင် ပြည့်စုံမှု မရှိခြင်းအား ဖြည့်ဆည်းရာတွင် အကူအညီပေးရန်အတွက် ILO ၏ DIILM စီမံချက်သည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာန (Migrant Resource Center) များအား ထူထောင်နိုင်ရန် ၂၀၁၉ခုနှစ်မှ မေလ–ဇွန်လအတွင်း၌ ကူညီပံ့ပိုးပေးခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများမှ စီမံခန့်ခွဲသည့် စင်တာများသည် ဝန်ဆောင်မှုစနစ်အတွင်းသို့ ရွှေ့ပြောင်းသွားလာသူများ အဆင်ပြေစွာ ဝင်ရောက် စုံစမ်း အကူအညီတောင်းခံနိုင်မည့် ဝင်ပေါက်များအဖြစ် ပံ့ပိုးပေးပါသည်။ ၎င်းစင်တာများအား တာချီလိတ်၊ ကော့သောင်း၊ မြောက်ဒဂုံ၊ ရွှေပြည်သာ၊ ပဲခူး နှင့် မြဝတီမြို့များရှိ ရွှေ့ပြောင်းသွားလာသူများ စတင်ထွက်ခွာရာ၊ ခရီးတထောက်နားပြီး အကူးအပြောင်းလုပ်ရာ နှင့် ခရီးလမ်းဆုံး ဆိုက်ရောက်နေရာများရှိ အဓိက နေရာများတွင် တည်ထောင်ထားပါသည်။ (၆)လအတွင်း၌ပင် သတင်းအချက်အလက် စင်တာများ သည် ရွှေ့ပြောင်းသွားလာသူ ၁၂,၀၀၀ ကျော်အား ဝန်ဆောင်မှုပေးခဲ့ပြီး လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ သင်တန်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်း (သို့) လုပ်ငန်းခွင်၌ ဒဏ်ရာရရှိခြင်းဆိုင်ရာ ဖြစ်ရပ်များတွင် ဥပဒေရေးရာ အကူအညီပေးခြင်းတို့အား ပေးအပ်ခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူနောက်ထပ် ၄,၀၀၀ ဦးသည် IEC စာရွက်စာတမ်းများနှင့် လူမှုကွန်ရက်တို့မှ တဆင့် ပေးပို့သည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်း အချက်အလက်များကို ရရှိခဲ့ပါသည်။

ILO မှ ရွှေ့ပြောင်းသွားလာသည့်အတွက် တရားမျှတမှုကို ရွှေ့ပြောင်းသွားလာသူများအတွက် သတင်းအချက်အလက်များပေးသည့် စင်တာများမှတဆင့် လက်လှမ်းမီရယူနိုင်မှု တိုးတက်လာခြင်းအတွက် အရေးပါသည့် ထူးခြားကောင်းမွန်သော တိုးတက်မှုကို ရရှိခဲ့ပါသည်။ စုစုပေါင်း ရွှေ့ပြောင်းသွားလာသူ ၁,၈၉၇ ဦး (အမျိုးသမီး ၃၄% မှ စင်တာများထံ မကျေနပ်သည်များအား တိုင်ကြားခဲ့သဖြင့် ၎င်းတို့အား စီမံခန့်ခွဲ

နေသည့် အဖွဲ့အစည်းအများအပေါ် ရွှေ့ပြောင်းသွားလာသူများ၏ ယုံကြည်မှုအဆင့်မှာ မြင့်မားကြောင်း ပြသနေပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) သည် ရွှေ့ပြောင်းသွားလာသည့်သူများမှ မထွက်ခွာမီ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အား အပြီးသတ် လုပ်ဆောင်ရန် လိုအပ်သော ပင်လုံစင်တာ အနီး မဟာဇ္ဈျူဟာကျ သည့်နေရာ၌ တိုင်ကြားချက်များကို လက်ခံရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနအား တည်ထောင်ခဲ့ပါသည်။ အဆိုပါကိစ္စရပ်များအား စီမံခန့်ခွဲရန်အတွက် (CTUM) သည် ခိုင်မာ သည့် ဒေတာဘေ့စ် (database) တစ်ခုအား အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး လွှတ်တော်အမတ်များနှင့် အတူ အသိပေး အရေးဆိုရန်အ တွက် အချက်အလက်များကို စတင် အသုံးပြုနေပြီးဖြစ်ပါသည်။ (ဇယား ၃.၅ တွင်ကြည့်ပါ) စုစုပေါင်း အနေဖြင့် CTUM နှင့် Samaritan’s Purse တို့သည် အဓိကအားဖြင့် အလုပ်ခန့်ထားခြင်းနှင့် သက်ဆိုင်သည့် တိုင်ကြားချက်များအား ဖြန်ဖြေပေးခြင်း မှတဆင့် ရွှေ့ပြောင်းသွားလာသူများ၏ နစ်နာမှုများ အတွက် လျော်ကြေးပေးရန်အတွက် ချီးမြှင့်ငွေ မြန်မာကျပ်ငွေ ၆၅၉ သန်း (အမေရိကန်ဒေါ်လာ ၄၇၀,၅၇၁) အားရယူနိုင်ခဲ့ပါသည်။

ILO ၏ကူညီပံ့ပိုးပေးမှုဖြင့် Three Good Spoons သည် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကိုင်တွယ်ခြင်း၊ မီးဖိုချောင်သန့်ရှင်းရေး၊ အချက်အပြုတ်၊ မီးဖိုချောင်စီမံခန့်ခွဲမှု၊ အာဟာရ၊ ငွေကြေးနှင့် အချိန်စီမံခန့်ခွဲခြင်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပုဂ္ဂိုလ်ရေး လုံခြုံမှုအပါအဝင် အိမ်အကူအလုပ်သမားများအတွက် ပြည့်စုံမှုရှိသော ကျွမ်းကျင်မှုများဆိုင်ရာသင်တန်း၏ သင်ရိုးညွှန်းတမ်းအား အကောင်အထည်ဖော်ခဲ့ပါသည်။ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်း အစီအစဉ်သည် အိမ်အကူ အလုပ်သမားများအား ကျွမ်းကျင်အလုပ်သမားများအဖြစ် ထူးကဲသော အသိအမှတ်ပြုခြင်းကို ဖြစ်မြောက်စေပြီး ၎င်းတို့အား အသိအမှတ်ပြု လက်မှတ်ပေးအပ်ပါသည်။ အိမ်အကူအလုပ်သမား စုစုပေါင်း အမျိုးသမီး (၄၀)ဦးသည်(၅)ပတ်ကြာ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်း အစီအစဉ်ကို ပြီးဆုံးအောင် တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ သင်တန်း တက်ရောက် ပြီးနောက် သင်တန်းအောင် လက်မှတ်ရရှိသူများမှ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ရှာဖွေရာတွင် ကူညီပံ့ပိုးပေးရန်အတွက် အလားအလာရှိသော အလုပ်ရှင်များနှင့် အလုပ်ချိန်၊ ခွင့်ခံစားခွင့်၊ လုပ်ခလစာများနှင့် အကျိုးအမြတ်များအပါအဝင် ၎င်းတို့ ကမ်းလှမ်းသည့် အလုပ်အနေအထား၏ အသေးစိတ်အား ဆွေးနွေးမှု များပြုလုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

IOM ၏ တွဲလက်စီမံချက်သည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ၊ အပူပိုင်းဇုန်တို့တွင် ရပ်ရွာလူထုထံ ကွင်းဆင်း ထောက်ကူခြင်းအား ၎င်း၏ တိုင်းရင်းသား CSO မိတ်ဖက် အဖွဲ့အစည်းများမှ တဆင့် အကောင်အထည်ဖော်ခြင်းအား ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ အဆိုပါဒေသများတွင် ပေးအပ်သည့်ဝန်ဆောင်မှုများ၏ အတိုင်းအတာမှ မြန်မာနိုင်ငံတွင် ရည်မှန်းချက် ရှိသည့် ရွှေ့ပြောင်းသွားလာ သူများနှင့် ၎င်းတို့မိသားစုဝင်များထံ ရောက်ရှိရာတွင် ဤမော်ဒယ်ပုံစံ၏ ကဏ္ဍစုံတွင် ရရှိခဲ့သည့် အောင်မြင်မှုမှ အထောက် အထားပေးမည် ဖြစ်ပါ သည်။ စီမံချက်သည် ကျေးရွာ ၇၈၉ ရွာမှ အကျိုးခံစားခွင့်ရှိသူ ၇၅,၈၁၈ ဦးထံ ရွှေ့ပြောင်းသွားလာခြင်းမပြုမီ အထောက်အကူပေးခြင်း၊ စုငွေများအား ငွေလွှဲပေးပို့ခြင်း၏ အရေးပါမှု၊ ဝင်ငွေ တိုး လုပ်ငန်းများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက် ရေး ရလဒ်လေ့လာ ဆန်းစစ်ခြင်းများ၊ ခြေရာကောက် ဆန်းစစ်လေ့လာခြင်းများ၊ အသေးစိတ် တွေ့ဆုံမေးမြန်း ခြင်းနှင် ဦးတည်အုပ်စု ဆွေးနွေးမှုများမှ ကောက်ယူခဲ့သည့် အရည်အသွေး နှင့် အရေအတွက် ဆိုင်ရာ အချက်အလက်များသည် ရွှေ့ပြောင်း သွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် ပေးခဲ့သည့် အဆိုပါ သင်တန်း ဝန်ဆောင်မှုများ၏ အပြုသဘောဆောင်သည့် ရလဒ်များအား သက်သေ သာဓကဖြင့် ထင်ထင်ရှားရှား ပြသနိုင်ပါသည်။ သင်တန်း ဆင်းပြီးနောက် ကူညီပံ့ပိုးမှုများ ပေးအပ်ရန်အတွက် ရွှေ့ပြောင်း လုပ်သားများ ထောက်ပံ့အကူအညီပေးရေး ဗဟိုဌာနများအား ဟားခါး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့ များတွင် ဖွင့်လှစ်ခဲ့ပြီး ရွှေ့ပြောင်းသွားလာသူများအား ပုံမှန်ရွှေ့ပြောင်းသွားလာသည့် လမ်းကြောင်းများနှင့် လက်လှမ်းမီစေရန် ကူညီပံ့ပိုးပေး ကာ အစိုးရ၏ သက်ဆိုင်ရာဝန်ဆောင်မှုများနှင့် ချိတ်ဆက် ပေးနေပါသည်။

*ဇယား ၃.၅ မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်မှ ဖြေရှင်းပေးခဲ့သည့် ရွှေ့ပြောင်းသွားလာသူများမှ တိုင်ကြားသည့် ကိစ္စရပ်များ*

| တိုင်ကြားသည့်အကြောင်းအရာ | အမျိုးသား | အမျိုးသမီး | စုစုပေါင်း | ကိစ္စရပ် |
|---|---|---|---|---|
| အလုပ်သမားသစ်စုဆောင်းခပေးခဲ့သော်လည်း မည်သည့်ထိရောက်မှုမှ မရှိခဲ့ပါ။ | ၅၉၆ | ၂၅၈ | ၈၅၄ | ၅၉ |
| အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်ဖောက်ဖျက်ခြင်း | ၂၃၈ | ၁၀၇ | ၃၄၅ | ၃၆ |
| ပြည်ဝင်ခွင့်ဗီဇာအတု လက်ခံရရှိခြင်း | ၂၀ | ၁၉ | ၃၉ | ၁ |
| စာချုပ်အစားထိုးခြင်း | ၂၁ | ၉ | ၃၀ | ၁၂ |
| ခရီးလမ်းဆုံး၌ ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း | ၁၂ | ၂ | ၁၄ | ၇ |
| ဖမ်းဆီးခံရခြင်း | ၈ | ၀ | ၈ | ၃ |
| အထောက်အထားစာရွက်စာတမ်းများသိမ်းဆည်းထားခြင်း | ၆ | ၀ | ၆ | ၅ |
| လုပ်ငန်းခွင်မတော်တဆဖြစ်မှုများ (သေဆုံး) | ၃ | ၂ | ၅ | ၅ |
| လုပ်ငန်းခွင်မတော်တဆဖြစ်မှုများ (ဒဏ်ရာရ) | ၂ | ၀ | ၂ | ၂ |
| ပျောက်ဆုံးနေခြင်း | ၀ | ၂ | ၂ | ၀ |
| မော်တော်ယာဉ်မတော်တဆဖြစ်မှု | ၁ | ၀ | ၁ | ၁ |
| **စုစုပေါင်း** | **၉၀၇** | **၃၉၉** | **၁,၃၀၆** | **၁၃၂** |

IOM သည် ရွှေ့ပြောင်း သွားလာမှုအား မြစ်ဝကျွန်းပေါ် ဒေသတွင် အသက်မွေးမှု မဟာဗျူဟာ အဖြစ် အသုံးပြုခြင်း (MILDAS) စီမံချက်သည် ရွှေ့ပြောင်း သွားလာခြင်း၏ အကျိုးကျေးဇူး ဆိုင်ရာ သင်တန်းများအား ဒေသခံ CSO များနှင့် မိတ်ဖက် ပြုခြင်းမှ တဆင့် ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာ မြို့နယ်များရှိ ကျေးရွာပေါင်း ၂၀၀ တွင် ရွှေ့ပြောင်း သွားလာရန် ရည်ရွယ်သူများနှင့် ၎င်းတို့၏ မိသားစုဝင် ၈,၀၀၀ ဦး နီးပါးထံ ပို့ချခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံတွင် ပြည်တွင်း ရွှေ့ပြောင်း သွားလာခြင်း အစပြုရာ ဒေသတွင် အကြီးဆုံး ဒေသ ဖြစ်ပါသည်။ ရွှေ့ပြောင်း သွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် သင်တန်းများမှ ရွှေ့ပြောင်းသွားလာမှု နှင့် ၎င်းတို့အနေဖြင့် ရေရှည် အကျိုးအမြတ် များ တိုးပွားလာစေရန်အတွက် ၎င်းတို့ ၏ ကျယ်ပြန့်သည့် အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ မဟာဗျူဟာများ တွင် ရွှေ့ပြောင်း သွားလာမှုအား မည်ကဲ့သို့ အကောင်းဆုံး ပုံစံဖြင့် ထည့်သွင်းနိုင်မည် ဆိုသည်နှင့် ပတ်သက်၍ သတင်း အချက်အလက်များ ပိုမို ပြည့်စုံစွာရရှိပြီး ဆုံးဖြတ်ချက်များ ချနိုင်ရန် ပံ့ပိုးပေးပါသည်။

၂၀၁၉ ခုနှစ်၊ မေလတွင် IOM သည် စာမတတ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သင်တန်း ပို့ချသည့် နည်းစနစ်များတွင် ကျွမ်းကျင်မှုရှိသည့် အကြံပေး ပုဂ္ဂိုလ်တစ်ဦးအား CSO ဝန်ထမ်းများ၊ သင်တန်း၏ အကျိုးခံစားခွင့် ရှိသူများထဲမှ ၄၇ ဦး တို့နှင့် ဦးတည် ရည်ရွယ်သည့် အုပ်စုလိုက် ဆွေးနွေးပွဲများအား ဦးစီးဦးရွက် ပြုလုပ်ရန် တာဝန်ပေးခဲ့ပါသည်။ သို့အတွက် သင်တန်း၏ သင်ရိုး ညွှန်းတမ်း၊ နည်းစနစ်နှင့် အထောက်အကူပြု ပစ္စည်းများအား လိုက်လျောညီထွေရှိအောင် ပြင်ဆင် ညှိနှိုင်း ခဲ့ပါသည်။ ထိုသင်တန်းတွင် ကိုယ်တိုင်ပါဝင်၍ သဏ္ဌာန်လုပ် သရုပ်ဆောင်ကာ အတွေ့အကြုံ ရယူခြင်း၊ သီချင်းများနှင့် ကစားနည်းများအား အသုံးပြုခြင်း၊ အရုပ်နှင့် အသံများ ပိုမိုပါဝင်သည့် သင်ခန်းစာများအား သင်ကြားရေး ဆိုင်ရာ နည်းကိရိယာ အဖြစ် ပိုမို အသုံးပြုထားပါသည်။ ဤနှစ် အတွင်း ပြုလုပ်ခဲ့သည့် သင်တန်းပြီးဆုံးပြီး နောက်ပိုင်း ဆန်းစစ် အကဲဖြတ်ခြင်းမှ တုန့်ပြန် ဖြေကြားသူအားလုံးနီးပါးသည် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ လုပ်ငန်းစဉ်နှင့် ငွေရေးကြေးရေး စီမံခန့်ခွဲမှု ဆိုင်ရာ နည်းစနစ်များအား ပိုမိုနားလည်သဘောပေါက်မှု ရှိခြင်းအား သက်သေ သာဓကဖြင့် ထင်ထင်ရှားရှား ပြသနေခြင်းကြောင့် အလွန် တိုးတက်မှု ရှိသော ရလဒ်များအား ရရှိခဲ့ကြောင်း ပြသနေပါသည်။

Miss Migration (မယ်ရွှေ့ပြောင်း) အမည်ဖြင့် အလိုအလျောက် တုန့်ပြန် ပြောဆိုနိုင်သည့် ချက်ဘော့ (Chatbot) နှင့် ဖေ့စ်ဘုတ် စာမျက်နှာအား ၂၀၁၈ ခုနှစ်၊ မေလတွင် IOM မှ စတင်၍ မိတ်ဆက်ခဲ့ပါသည်။ ယင်းတို့အား နောက်ဆုံး အခြေအနေများ ထည့်သွင်းခြင်းနှင့် အွန်လိုင်း ပေါ်တွင် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ တိကျသည့် သတင်း အချက်အလက်များ ရရှိနိုင်ရန် တို့အတွက် သင်တန်းဆရာများမှ အကြိမ်ကြိမ် တောင်းဆိုသည်များအား တုန့်ပြန်ဆောင်ရွက်၍ အကောင်အထည်ဖော်ခဲ့သောကြောင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သတင်း အချက်အ လက်များ အား ရှာဖွေသူများ အနေဖြင့် လွယ်ကူစွာ ရယူနိုင်ခဲ့ပါသည်။ ယင်းအား စတင် မိတ်ဆက် ခဲ့သည့် အချိန်မှစ၍ မယ်ရွှေ့ပြောင်း Chatbot နှင့် ဖေ့စ်ဘုတ် စာမျက်နှာ၏ ရောက်ရှိမှုမှာ အလွန်တိုးတက်မှု ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း၌ မယ်ရွှေ့ပြောင်း Chatbot သည် အသုံးပြုသူများနှင့် ထူးခြားသည့် အပြန်အလှန် ပြောဆိုမှုပေါင်း ၄,၂၂၄ ကြိမ် ပြုလုပ်ခဲ့ပြီး မယ်ရွှေ့ပြောင်း ဖေ့စ်ဘုတ် စာမျက်နှာတွင် ယခုအခါ၌ စောင့်ကြည့်သူ ၁၉,၀၀၀ ကျော် ရှိပါသည်။

IOM သည် ဧရာဝတီတိုင်းဒေသကြီးရှိ ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်မှု လုံလောက်စွာ မရှိသေးသည့် ဒေသများတွင် ကျေးရွာခေါင်းဆောင်များ၊ CSO များနှင့် မိတ်ဖက်ပြုကာ ကျေးရွာ အခြေပြု လည်ပတ်ရန်ပုံငွေ (၄)ခုအား တည်ထောင်ခဲ့ပါသည်။ ဆင်းရဲနွမ်းပါးသည့် လူမှုအသိုက်အဝန်းများသည် စီးပွားရေးဘဏ်မှ ထုံးစံအတိုင်း ချေးငွေ ရယူရန် မဖြစ်နိုင်သည့်အပြင် ငွေချေးသူများမှ တစ်လလျှင် အတိုးနှုန်း ၁၀% အထိ တောင်းခံနေခြင်း တို့ကြောင့် ချေးငွေများသည် ချေးငွေ ရယူရာတွင် ရှိနေသည့် လိုအပ်ချက်ကို ဖြည့်ဆည်း ပေးပါသည်။ ရန်ပုံငွေမှ ထုတ်ပေးသည့် အမြင့်ဆုံး ချေးငွေ ပမာဏမှာ မြန်မာကျပ်ငွေ ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၀) ဖြစ်ပြီး ပြန်လည် ပေးဆပ်ရာ တွင် ငွေရင်းအပြင် အတိုး ၂% ပေးအပ်ရန် လိုအပ်ပါသည်။ ချေးငွေ များ အား သယ်ယူပို့ဆောင်ရေး စရိတ်များ၊ အခြေခံ နေထိုင် စားသောက် ရေးအတွက် ကုန်ကျစရိတ်များနှင့် ရွှေ့ပြောင်း သွားလာခြင်းနှင့် ဆက်စပ်နေသည့် အခြားကုန်ကျစရိတ်များအတွက် အသုံးပြုခဲ့ကြပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လမှ ဒီဇင်ဘာလအတွင်း ရွှေ့ပြောင်းသွားလာရန် ရည်ရွယ် သူများနှင့် ရွှေ့ပြောင်း သွားလာသူများမှ ငွေပေးပို့နေသည့် အိမ်ထောင်စုဝင် ၇၅၆ ဦးထံ ရွှေ့ပြောင်း သွားလာရေးအတွက် အမေရိကန်ဒေါ်လာ ၄၁,၈၈၉ တန်ဖိုးရှိသည့် ချေးငွေများ ထုတ်ချေးခဲ့သော်လည်း ယနေ့အထိ ပြန်လည် ပေးဆပ်ရာတွင် ပျက်ကွက်မှု မရှိသေးပါ။

Eden ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်းအဓမ္မ လက်ထပ်စေရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်း ခံရသည့် ရွှေ့ပြောင်း သွားလာသူ မြန်မာအမျိုးသမီးများနှင့် မိန်းကလေးများအား ကယ်ဆယ်ရေး စီမံချက်သည် စိတ်ဒဏ်ရာအား အဓိကထား၍ စိတ်ပိုင်းဆိုင်ရာအား အရေးယူ ဆောင်ရွက်သည့် အမှုအကျင့်ဆိုင်ရာ ကုထုံးအပေါ် အာရုံစိုက်မှုနှင့်အတူ တိုက်ရိုက် အကူအညီပေးခြင်းနှင့် ခိုလှုံခွင့်ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာ စီးပွားရေး လုပ်ကိုင်နေသည့် ဒေသများ၊ လူကုန်ကူးခြင်း ပြုလုပ်သည့် အချက်အချာ နေရာများနှင့် အားနည်းထိခိုက်လွယ်သည့် လူမှုအသိုင်းအဝိုင်းများထံ ကွင်းဆင်းထောက်ကူပေးခြင်းမှ တဆင့် စီမံချက်သည် လူကုန်ကူးခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူ (၁၇)ဦးအား ဖော်ထုတ်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် NGO များမှ ညွှန်းပို့ပေးသူများ အပါအဝင် စုစုပေါင်း အမျိုးသမီးနှင့် မိန်းခလေး (၄၄)ဦးအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ခံရသည့် အခြေအနေများမှ ရုန်းထွက်နိုင်ရန်အတွက် အကူအညီ ပေးရာတွင် ခိုလှုံခွင့်ပေးသည့် ဝန်ဆောင်မှုများဖြင့် ကြည့်ရှု စောင့်ရှောက်ခဲ့ပါသည်။ လူကုန်ကူးခြင်း ခံရသည့် အခြေအနေများမှ ရေရှည်တွင် ရုန်းထွက်နိုင်ခြင်းအား သေချာစေရန် Eden သည် စိတ်ဒဏ်ရာအား နှစ်သိမ့် ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ ဆန်းသစ်တီထွင် ထားသည့် ရောဂါကုထုံးများ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများနှင့် အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် အလုံးစုံ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများဖြင့် အမျိုးသမီးနှင့် မိန်းကလေးများအား ကြည့်ရှုစောင့်ရှောက်ပေးပါသည်။ Eden သည် အမျိုးသမီးနှင့် မိန်းခလေး (၄၄) ဦးအား လက်ဝတ်ရတနာ ပြုလုပ်ခြင်း၊ ဆံပင် အလှပြင်ခြင်း၊ မုန့်ဖုတ်ခြင်း၊ ကွန်ပျူတာ ကျွမ်းကျင်မှု၊ အရောင်းနှင့် ဈေးကွက် မြှင့်တင်ခြင်း၊ အထည်ချုပ်ခြင်း ဆိုင်ရာ အသက်မွေး ဝမ်းကျောင်း သင်တန်းများ ပို့ချပေးခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းစင်တာ အသစ်အား Eden ၏ အကျိုးခံစားခွင့် ရှိသူများ အကြား တောင်းဆိုမှု မြင့်တက်လာသည့် အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ သင်တန်း ဝန်ဆောင်မှုများအား ကူညီပံ့ပိုးပေးရန် ရန်ကုန်မြို့တွင် ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ဖွင့်လှစ်ခဲ့ပါသည်။ ခြေရာခံသည့် စစ်တမ်းမှ လူကုန်ကူးခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်ရသူ (၂၅)ဦးသည် သင်တန်းပြီးဆုံးပြီး (၆)လအတွင်း အလုပ်ခန့်ထားခြင်း ခံရသောကြောင့် သင်တန်းများသည် ၎င်းတို့အား အလုပ်ပုံစံအသစ် များအား ရှာဖွေပေးရာတွင် ထိရောက်မှု ရှိခဲ့ကြောင်းကို ဖော်ထုတ်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွက် စိတ်ဝင်စားဖွယ် အကောင်းဆုံးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ အထောက်အပံ့ ပေးထားသည်များအား လေ့လာ ဆန်းစစ်ပြီး စီမံချက် ဝန်ထမ်းများနှင့် အကျိုးခံစားခွင့် ရှိသူများအား တွေ့ဆုံခဲ့သည့် Eden ၏ ရန်ကုန်မြို့ရှိ နားခိုရာ စင်တာသို့ လာရောက်ခဲ့သည့် ခရီးစဉ် ဖြစ်ပါသည်။ Eden မှလည်း ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ ဝန်ဆောင်မှု

များ တိုးချဲ့ရန်စီစဉ်ထားခဲ့သည်၏ အစိတ်အပိုင်းအနေဖြင့် လားရှိုးမြို့၌ ၎င်း၏ ပထမဆုံး လက်အောက်ခံ နားခိုရာနေရာအား ဖွင့်လှစ်ခဲ့ပါသည်။ လားရှိုး ရှိ နားခိုရာ သည် ၂၀၁၉ခုနှစ် မေလတွင် စတင်၍ လုပ်ငန်းအပြည့်အဝ လည်ပတ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစတင်သည့် ပထမနှစ်အတွင်း လူကုန်ကူးခြင်း ခံရပြီး ကြိုးပမ်းရှင်သန် နေရသူ ခြောက်ဦး အတွက် ဝန်ဆောင်မှုများ ပေးခဲ့ပါသည်။

Mercy Crops ၏ လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း စီမံချက်အောက်၌ Swisscontact သည် မြေယာမဲ့ လူငယ်များ၏ ကျွမ်းကျင်မှု မြှင့်တင်ခြင်းကို ဆက်လက် လုပ်ဆောင်ခဲ့ပြီး စီမံချက် စတင်သည့် အချိန်မှစ၍ သင်တန်းသား စုစုပေါင်း ၁,၆၈၁ ဦးအား ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင်မြင် စေခဲ့ပါသည်။ အဆိုပါ သင်တန်းပြီးဆုံး အောင်မြင်သူများအနက်မှ ၇၅% မှာ ယခုအခါတွင် အလုပ်အကိုင် ခန့်ထားခြင်း ခံခဲ့ရပြီး ဖြစ်ပါသည်။ ချဉ်းကပ်နည်းလမ်း၏ အဓိကကျသော အချက်မှာ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းလုပ်ငန်းစဉ်တွင် ပုဂ္ဂလိက ကဏ္ဍမှ တိုက်ရိုက်ပါဝင် ပတ်သက်ရန် ဖြစ်သဖြင့် ၂၀၁၉ ခုနှစ်၊ နှစ်အကုန်တွင် အလုပ်ရှင် ၁၂၆ ဦးမှ ပါဝင်ခဲ့ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲမှုအား သေချာစေရန် မိတ်ဖက် CSO အဖွဲ့အစည်း ၂ဖွဲ့၏ စွမ်းဆောင်ရည်နှင့် လပွတ္တာမြို့ရှိ အစိုးရ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းကျောင်း အားကောင်းစေရန် တို့အတွက် ဆက်လက်ကြိုးပမ်း အားထုတ်မှုများ ပြုလုပ်ခဲ့ပါသည်။ သင်တန်းအောင်မြင် ပြီးဆုံးပြီးနောက် သင်တန်းသားများ အတွက် အလုပ်အကိုင် ခန့်ထားမှုအား ကူညီပံ့ပိုး ပေးရန် အဆိုပါ မိတ်ဖက် အဖွဲ့အစည်းများနှင့် ရန်ကုန်အခြေစိုက် စက်မှုလုပ်ငန်းများနှင့် ဆက်ဆံရေးအား တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် လုပ်ကိုင် ဆောင်ရွက်လျှက်ရှိသည့် World Vision ၏ ဘိုကလေးတွင် အသက်မွေးမှု တိုးပွားလာခြင်း စီမံချက်မှလည်း ၎င်း၏ အောင်မြင်မှု ရရှိခဲ့သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းနှင့် အလုပ်အကိုင် ဖန်တီးပေးခြင်း ချဉ်းကပ်နည်းလမ်းအား စတင်ချဲ့ထွင် ခဲ့ခြင်းဖြင့် ယခုအချိန်အထိ နောက်ထပ် ကျေးရွာပေါင်း ၆၀ မှ မြေယာမဲ့ အိမ်ထောင်စုများရှိ လူငယ် ၃၆၈ ဦးသည် သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ကြပါသည်။ စီမံချက်မှ ပုဂ္ဂလိက ကဏ္ဍနှင့် နီးကပ်စွာ ထိတွေ့ဆောင်ရွက်ခြင်းသည် အကျိုးခံစားခွင့် ရှိသူများအား အလုပ်အကိုင် ရှာဖွေရာတွင် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ၊ အလှပြင်ဆိုင်များ၊ အထည်ချုပ်စက်ရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဆေးဆိုင်များနှင့် မုန့်ဖုတ်လုပ်ငန်းများတွင် သင်တန်းသားများအား အလုပ်လုပ်ကိုင်ရန်အတွက် ခန့်ထားခြင်း တို့ကို ကူညီပံ့ပိုးပေးရာတွင် အဓိကကျပါသည်။ ရလဒ်အနေဖြင့် သင်တန်းအား တက်ရောက် အောင်မြင်ခဲ့ပြီးနောက်ပိုင်း၌ အကျိုးခံစားခွင့် ရှိသူများ၏ ၈၂% သည် ဆီလျော်မှု ရှိသည့် အလုပ်အကိုင်အား ရရှိခဲ့ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု အစီအစဉ်သည် ၂၀၁၉ ခုနှစ်အတွင်း၌ များများစားစား တိုးချဲ့ခဲ့ပါသည်။ အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ချက်များ ထုတ်ပြန်ပြီးနောက် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းတွင် ပြုလုပ်မည့် စီမံချက် အသစ် (၃)ခုအတွက် စာချုပ်ချုပ်ဆိုခဲ့ကာ ၎င်းတို့၏ စီမံကိန်း စတင်သည့် အဆင့်အား ပြီးဆုံးအောင် လုပ်ဆောင်ခဲ့ပြီး ၂၀၂၀ ခုနှစ် အတွင်း စတင် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ စီမံချက်များ ထဲမှ စီမံချက် (၂)ခုသည် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရေးနှင့် သင်တန်းအား အာရုံစိုက်ပြီး ADRA နှင့် World Vision တို့မှ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ကာ တတိယ စီမံချက် ဖြစ်သော လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအား IOM မှ ဆောင်ရွက်မည် ဖြစ်ပါသည်။ စီမံချက်များသည် ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် ပဋိပက္ခ၏ သက်ရောက်မှုကို ခံစားရသည့် ဒေသခံ လူမှုအသိုင်းအဝိုင်းများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် အခွင့်အလမ်းများအား သိသိသာသာ တိုးချဲ့ရန် မျှော်မှန်းထားပါသည်။

LIFT ၏ မြို့ပြဝန်းကျင် ဒေသများတွင် လက်ရှိ ဆောင်ရွက်နေသည့် စီမံကိန်း လုပ်ငန်းများအား အားဖြည့်ပေးသည့် အနေဖြင့် ၂၀၁၉ ခုနှစ်တွင် စီမံချက်အသစ် (၃)ခုအား စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းတို့၏ စီမံကိန်း စတင်သည့် အဆင့်အား စတင်ခဲ့ပါသည်။ (၃)နှစ် တာ ဘက်စုံ စီမံကိန်း၏ (Multi–Disciplinary Programme) တစိတ်တပိုင်း အဖြစ် ပြည်သူများဆီသို့ အဖွဲ့ (PIN) Action Aid နှင့် အမျိုးသမီးအဖွဲ့များ ကွန်ရက်တို့သည် ရန်ကုန်မြို့ရှိ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများ အတွင်း၌ လုံခြုံစိတ်ချရပြီး လုပ်ရကျိုးနပ်သော အလုပ်အကိုင် ရရှိနိုင်ရန် ပြည်တွင်း ရွှေ့ပြောင်း သွားလာသူများအား လယ်ယာကဏ္ဍများမှ “ထွက်ခွာ” နိုင်ရန် ကူညီပံ့ပိုး ပေးသွားမည် ဖြစ်ပါသည်။

သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်း သွားလာမှု စီမံကိန်းမှလည်း ဤနှစ်အတွင်း ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ LIFT စီမံကိန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အသိပေးရန် လေ့လာသုံးသပ်မှု သုတေသနအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှု၊ ပြည်နှင်ဒဏ်ခံရသည့် ရွှေ့ပြောင်း သွားလာသူများ နေရပ်ပြန်ခြင်းနှင့် ပြန်လည်ပေါင်းစည်း ခြင်း နှင့် ဈေးကွက် ဦးစားပေး အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းတို့အား ကိုင်တွယ် ဆောင်ရွက်သည့် စီမံချက် (၃)ခုအား ၂၀၂၀ ခုနှစ်တွင် စာချုပ်ချုပ်ဆို သွားမည် ဖြစ်ပါသည်။

ဤတိုးချဲ့ခဲ့သည့် ရင်းနှီးမြှုပ်နှံမှု အစုစုသည် မြန်မာအလုပ်သမား ဈေးကွက်အတွင်း သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းခွင်အခြေအနေများ တည်ထောင်ခြင်း၊ အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုများ၊ ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူများနှင့် မသန်စွမ်းသူများ အတွက် နောက်ထပ် အလုပ်အကိုင် အခွင့်အလမ်းများ ပေးအပ်ခြင်း တို့အပေါ် LIFT ၏ အာရုံစိုက်မှုအား ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သွားမည် ဖြစ်ပါသည် ။ တချိန်တည်းမှာပင် နိုင်ငံ၏ အလုပ်သမားထု အတွင်းမှ အားနည်းထိခိုက်လွယ်မှု အများဆုံးအနက်မှ အချို့ဖြစ်သည့် ပြည်တွင်းနှင့် ပြည်ပ ရွှေ့ ပြောင်း သွားလာ နေထိုင်သူများအား အကူအညီပေးမည့် LIFT၏ ထိရောက်မှု မြင့်မားသည့် စီမံကိန်းလုပ်ငန်းများ ဆက်လက် ဖော်ဆောင် သွားမည် ဖြစ်ပါသည်။

## ၃.၅ ပဋိပက္ခဒဏ်ခံ ဒေသများ

LIFT သည် ၎င်း၏ တိုင်းရင်းသား/ နယ်စပ် ပြည်နယ်များနှင့် ပဋိပက္ခဒဏ်ခံဒေသများရှိ အလွန်အမင်း အားနည်းထိခိုက်လွယ်သူများအပေါ် အာရုံ စိုက်မှုအား ၎င်း၏ ၂၀၁၉–၂၀၂၃ အဆင့်တွင် –

- » အချိန် ကြာမြင့်စွာ ဖြစ်ပွား နေသည့် ပဋိပက္ခ များနှင့် အစွန်အဖျား ဒေသများရှိ လူမှုအသိုင်းအဝိုင်းများအတွက် ဆင်းရဲနွမ်းပါးမှု နှင့် စားနပ်ရိက္ခာမဖူလုံမှုကို လျှော့ချရန် ပိုမိုရေရှည် တည်တံ့ခိုင်မြဲပြီး၊ ခိုင်မာသည့် နည်းလမ်းများဖြင့် အကူအညီ ပေးရန်
- » လူသားချင်း စာနာထောက်ထားမှုဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အကူးအပြောင်းအား ကူညီပံ့ပိုးပေးခြင်းဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် နေရပ် ပြန်လာသူများအား LIFT ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွင်းသို့ ခေါ်ဆောင်လာရန်
- » တိုးတက်လာခဲ့သည့် အာဟာရဆိုင်ရာ ရလဒ်များတွင် ဖြည့်ဆည်းပေးရန်
- » နေရပ်စွန့်ခွာသူများအား အာမခံချက်ရှိသော အလုပ်အကိုင်များနှင့် ဝင်ငွေများ ရရှိစေရန်အတွက် ကူညီပေးရန်
- » လူကုန်ကူးခံရသည့် သူများအား အကာအကွယ်ပေးသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးပြီး၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမှ ကာကွယ် တားဆီးပေးရန်နှင့် ဌာနေ လူမှုအသိုက်အဝန်းများနှင့် ပြန်လည်ပေါင်းစည်းရေးအား တည်ဆောက်ခြင်း တို့အတွက် အရှိန်အဟုန် မြှင့်တင် ခဲ့ပါသည်။

ဤအာရုံစိုက်မှုနှင့်အညီ၊ ၂၀၁၉ ခုနှစ်တွင် ပဋိပက္ခ ဒဏ်ခံဒေသများ အတိအကျ အားဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် (မွန်၊ ကရင်နှင့် ကယားပြည်နယ်များနှင့် တနင်္သာရီတိုင်း ဒေသကြီး) ဒေသတို့တွင် စီမံကိန်းအသစ်များ အကောင်အထည် ဖော်ခဲ့ပါသည်။

LIFT သည် ရခိုင်နှင့် တောင်တန်းဒေသများ၌ အထူးသဖြင့် ရွှေ့ပြောင်းသွားလာမှု၊ အာဟာရ၊ အသက်မွေး ကျောင်းမှုများ ဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းပေးရန်နှင့် လူမှု အသိုက်အဝန်းအား ကူညီပံ့ပိုးရန် ပထမ ခြေလှမ်း စတင်ခြင်းမှ တဆင့် မြန်မာနိုင်ငံရှိ ပဋိပက္ခ ဒဏ်ခံဒေသများတွင် အခြေအနေ တိုးတက်လာစေရန် အရေးယူ ဆောင်ရွက်ခြင်းများအတွက် ရန်ပုံငွေများ တဖြည်းဖြည်းတိုး၍ တိုး၍ ထောက်ပံ့နေပါသည်။ ဤလုပ်ငန်းမှ ပဋိပက္ခ ဒဏ်ခံဒေသများတွင် ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများအား မည်သို့ ကွဲပြားခြားနားစွာ ဆောင်ရွက်ရမည် ဆိုသည်နှင့် ပတ်သက်၍ စွမ်းဆောင်ရည်နှင့် အသိအမြင် အချို့အား ဖော်ထုတ်နိုင်ခဲ့ပါသည်။ သို့သော်လည်း ပဋိပက္ခ ဒဏ်ခံ ဒေသများတွင် စီမံကိန်းလုပ်ငန်းများ တိုးပွား လာလျက်ရှိသဖြင့် LIFT တစ်ခုလုံးတွင် မဟာဗျူဟာမြောက် ဦးတည်ချက် ချမှတ်ခြင်းတွင်ရော အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင်ပါ ပဋိပက္ခ အလေးပေးသည့် မူဝါဒများ ချမှတ် ထားခဲ့ပြီး ဖြစ်ကြောင်းအား သေချာစေရန်အတွက် စီမံကိန်းလုပ်ငန်းများ အများအပြား ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် LIFT သည် ပြင်ပမှ ကျွမ်းကျင်သည့် အတိုင်ပင်ခံ၏ ကူညီပံ့ပိုးမှုဖြင့် ပဋိပက္ခ အလေးထားသည့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် အား အပြီးသတ် ရေးဆွဲခဲ့ပါသည်။ LIFT ၏ ပဋိပက္ခ ဆိုင်ရာ မူဘောင်[၆၆]သည် ပဋိပက္ခ အလေးပေးမှုနှင့် ပဋိပက္ခ ဆန်းစစ်မှုတို့အတွက် ချဉ်းကပ်နည်းလမ်း တစ်ခုအား ပုံဖော်နိုင်ခဲ့ပြီး ယင်းမှ LIFT ၏ လက်ရှိ ကျင့်သုံးမှုများအား အားကောင်းစေပြီး ပြီးပြည့်စုံစေမည် ဖြစ်ပါသည်။

ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေနှင့် ပူးပေါင်း၍ LIFT သည် ပဋိပက္ခ အလေးထားတုံ့ပြန်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး၊ (FMO) နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ (IPs) အား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုပေးအပ်သည့် အထူးပြုအဖွဲ့အစည်း ဖြစ်သော RAFT နှင့် ထိတွေ့ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း RAFT သည် LIFT၊ FMO နှင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (IP) များအား ပဋိပက္ခ အလေးထား တုံ့ပြန်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများ ပေးအပ်ခဲ့ပါသည်။ RAFT ၏ ချဉ်းကပ်နည်းလမ်း သည် အခြေအနေ၊ ဆက်စပ်စဉ်းစားရမည့် အခြေအနေ၊ အခြေအနေအပေါ် ၎င်းတို့၏ တုံ့ပြန်မှုနှင့် ၎င်းတို့၏ အပြုသဘော ဆောင်သည့် အကျိုးသက်ရောက်မှုအား အမြင့်ဆုံးဖြစ်စေရန်နှင့် ဘေးအန္တရာယ်ဖြစ်စေမည့် လုပ်ဆောင်မှုများကို ရှောင်ရှားရန်တို့အတွက် ၎င်းတို့ဖော်ဆောင်သည့် မည်သည့် ရွေးချယ်စရာနည်းလမ်းမဆို၏ ထိရောက်မှုအား ထိထိရောက်ရောက် စောင့်ကြည့်စစ်ဆေးရန် ကျွမ်းကျင်မှုများနှင့် စနစ်များ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် IP များနှင့် အတူလုပ်ဆောင်ခြင်းအပေါ် အာရုံစိုက်ပါသည်။

တိုင်းရင်းသားဒေသများသည် ညွှန်းကိန်းအတော်တော်များများတွင် ဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုနိမ့်ကျသည့် အဆင့်များ၌ ရှိနေကြောင်း တသမတ်တည်း ပြသနေပါသည်။ LIFT ၏ အစီအစဉ်သည် အဆိုပါ ဒေသများတွင် အခြေခံဝန်ဆောင်မှုများပေးအပ်ရာတွင် ကူညီပံ့ပိုးပေးပြီး မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်သည့် လုပ်ငန်းများအား အကောင်အထည်ဖော် ပါသည်။

### ပြည်တွင်းနေရပ်စွန့်ခွာမှု

မြန်မာနိုင်ငံသည် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများအကြား လက်ရှိဖြစ်ပွားနေသော ပဋိပက္ခပေါင်းစုံအား ကြုံတွေ့နေရပြီး နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများအား ကျယ်ကျယ်ပြန့်ပြန့် ဖောက်ဖျက်ခြင်းများ ရှိသည်ဟု သတ်မှတ်ခဲ့ကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်အများအပြားအား ဖြစ်ပေါ်စေပါသည်။ ပဋိပက္ခကြောင့် လူဦးရေ ၂၇၉,၀၀၀ ကျော်သည် နေရပ်စွန့်ခွာခဲ့ရပြီး လက်ရှိတွင် အခြေခံဝန်ဆောင်မှုများအား အကန့်အသတ်ဖြင့်သာ ရယူနိုင်သည့် ကချင်၊ ရှမ်း၊ ရခိုင်၊ ချင်း နှင့် ကရင်ပြည်နယ်ရှိ စခန်းများတွင် နေထိုင်နေပါသည်။ လူသားချင်းစာနာမှု လုပ်ငန်းများဆောင်ရွက်ရန် နေရာအတော်များများသို့ သွားရောက်ခြင်းအား ကန့်သတ်ခြင်းမှ လိုအပ်မှုများရှိသော သူများထံ အရေးပါသည့် ကူညီပံ့ပိုးမှုအား ပေးအပ်ရန် အတွက် နိုင်ငံတကာ အကူအညီပေးသည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုအား နှောင့်နှေးစေပါသည်။ မကြာခဏဖြစ်ပေါ်သည့် သဘာဝအန္တရာယ်များသည် အန္တရာယ်များ ဖြစ်လွယ်သည့် ဒေသများတွင် နေထိုင်သူများ၏ အားနည်းထိခိုက်လွယ်မှုများကို တိုးပွားစေပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၈ခုနှစ်အတွင်း၌ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့် ခန့်မှန်းခြေ လူဦးရေ ၄၂,၀၀၀ မှာ လတ်တလော နေရပ် စွန့်ခွာခဲ့ကြသဖြင့် ၂၀၁၇ ခုနှစ်တွင် အစီရင်ခံတင်ပြခဲ့သည့် ခန့်မှန်းခြေ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ဦးရေ ၅၇,၀၀၀ လျော့ကျသွားပါသည်။ ။ သို့သော်လည်း ၂၀၁၈ ခုနှ စ် အတွင်း၌ အသစ်နေရပ်စွန့်ခွာမှု နှုန်းမှာ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုးပွားလာခဲ့ပြီး မကြာမီကမှ လူဦးရေ ၃၆,၀၀၀ မျှ များပြားသည့် အရေအတွက်သည် နေရပ်စွန့်ခွာခဲ့ ကြသဖြင့် အဆိုပါဒေသများတွင် ၂၀၁၇ ခုနှစ် မှတ်တမ်းတင်ထားခဲ့သည့် ၂၁,၀၀၀ ဦးထက် ပိုမို များပြားပါသည်။ အဆိုပါ နေရပ်စွန့်ခွာမှုများထဲမှ အချို့မှာ ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား တိုက်ပွဲများကြောင့်ဖြစ်ပြီး နယ်မြေထိန်းချုပ် နိုင်ရန်အတွက် ယှဉ်ပြိုင်နေသည့်

[၆၆] အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (၂၀၁၈)၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ဆိုင်ရာ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ – မြန်မာနိုင်ငံ၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများ၊ ရန်ကုန်မြို့။

အကြားမှ ပြိုင်ဆိုင်မှုကြောင့် လူဦးရေ ၂၂,၀၀၀ နီးပါးသည် နေရပ်စွန့်ခွာခဲ့ပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူ မြို့နယ်ကဲ့သို့သော နေရာဒေသအများအပြားတွင် အကြိမ်ကြိမ် နေရပ်စွန့်ခွါတိမ်းရှောင်မှုများ အကြိမ်ကြိမ် ကြုံတွေ့ကြရပါသည်။ ကချင်ပြည်နယ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့/ ကချင်လွတ်မြောက်ရေး တပ်မတော် (KIO/ KIA) နှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲများသည် ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလအကြားတွင် တင်းမာမှု အမြင့်ဆုံးဖြစ်သဖြင့် လူဦးရေ ၁၄,၀၀၀ ကျော်အား နေရပ်စွန့်ခွာတိမ်းရှောင်မှု ဖြစ်ပေါ်စေရန် အစပျိုးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အောက်တိုဘာလ နှင့် ဒီဇင်ဘာလအတွင်း ရခိုင်တပ်မတော်နှင့် မြန်မာတပ်မတော်အကြား ရင်ဆိုင်တိုက်ခိုက်မှုများသည် ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပိုမိုပြင်းထန်လာခဲ့ပါသည်။ များစွာသော နေရပ်စွန့်ခွာ တိမ်းရှောင်မှုများသည် ယာယီသာ ဖြစ်ပြီး တိုက်ပွဲများ ရပ်စဲသည်နှင့် တပြိုင်နက်လူအများသည် မိမိနေအိမ်များသို့ ပြန်သွားကြပါသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်အနှံ့ရှိသည့် ကာလရှည်ကြာစွာ တည်ရှိနေသည့် နေရပ်စွန့်ခွာတိမ်းရှောင် သူများ အတွက် စခန်းများနှင့် တရားဝင်မဟုတ်သည့် နေထိုင်ရာနေရာများတွင် စုစုပေါင်း ၂၃၄,၀၀၀ ကျော် ဆက်လက်နေထိုင် နေခဲ့ကြပါသည်။[၄၅]

၂၀၁၉ ခုနှစ်ပထမနှစ်ဝက်တွင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင် သူ ၄၂,၀၀၀ ဦးနှင့် ဘေးအန္တရာယ် များ ကြောင့် ၃၉,၀၀၀ စုစုပေါင်း နေရပ် စွန့် ခွာတိမ်းရှောင်သူ ခန့်မှန်းခြေ ၈၁,၀၀၀ ရှိသည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။ [၄၆]

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာ တိမ်းရှောင်မှုအား ဖြစ်စေသည့် သဘာဝဘေးအန္တရာယ် အမျိုးအစား မျိုးစုံ ကျရောက်နိုင်ချေရှိပြီး အားနည်းထိခိုက်လွယ်သည့် အခြေအနေ၌ရှိနေပါသည်။ ၎င်းတို့ အနက်မှ အဓိက ဖြစ်နေကျဖြစ်သည့် နေရာအနှံ့ ရေကြီး ရေလျှံခြင်းနှင့် ဒေသအလိုက် မြေပြိုကျမှုများဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် မုတ်သုန်ရေကြီးရေလျှံခြင်းမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူအသစ် ၂၅,၀၀၀ ခန့်အား ဖြစ်ပေါ်စေခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင် မှုအတွက် ကျရောက်နိုင်ချေ ရှိသည့် အန္တရာယ်အား လူမှုစီးပွား ဆိုင်ရာ ထိခိုက်လွယ်မှု မြင့်မားသည့် အဆင့်များနှင့် ကိုင်တွယ်ဖြေရှင်းရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မ ရှိခြင်းတို့မှ ပိုမိုကြီးမားလာ စေပါသည်။

အပြည်ပြည်ဆိုင်ရာနေရပ်စွန့်ခွာ တိမ်းရှောင်မှု စောင့်ကြည့်စစ်ဆေးရေးဗဟိုဌာန (IDMC) (International Displacement Manitoring Centre) ၏ မြန်မာနိုင်ငံရှိ စုစုပေါင်း IDP များ၏ အရေအတွက် ခန့်မှန်းချေအား ပြည်နယ်နှင့် တိုင်းအသီးသီးရှိ အမျိုးမျိုးသော အချက်အလက်အရင်းအမြစ်များကို အသုံးပြု ၍ ခန့်မှန်းထားခဲ့သည်မှာ ရခိုင်ပြည်နယ်တွင် ၁၃၁,၀၀၀ ဦး၊ ကချင်ပြည်နယ်တွင် ၉၇,၀၀၀၊ ကရင်ပြည်နယ်တွင် ၅၀,၀၀၀၊ တနင်္သာရီတွင် ၄၀,၀၀၀၊ ကယားတွင် ၂၇,၀၀၀၊ ပဲခူးတွင် ၂၂,၀၀၀၊ မွန်တွင် ၁၈,၀၀၀ဦး၊ ရှမ်းတွင် ၁၅,၀၀၀ နှင့် ချင်းတွင် ၁၃,၀၀၀ ဦးတို့ဖြစ်ပါသည်။ စုစုပေါင်းအနေဖြင့် ၄၀၁,၀၀၀ ဦးထက်ပိုမိုများပြားပါသည်။

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း

### ခြုံငုံဖော်ပြချက်

၂၀၁၈ ခုနှစ် ဇွန်လတွင်၊ မြန်မာနိုင်ငံတော် အစိုးရမှ မြန်မာတနိုင်ငံလုံးရှိ IDP စခန်းများ ပိတ်သိမ်းရန် အစီအစဉ်များအား ကြေငြာခဲ့ပြီး မြန်မာ့တပ်မတော်မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့အထိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရန် ကြေငြာခဲ့ပါသည်။ အပစ်အခတ်ရပ်စဲခြင်း ကြေငြာချက်တွင် စစ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင် ခဲ့ရသူများအား ၎င်းတို့၏မွေးရပ်ကျေးရွာများသို့ ပြန်လည်သွားရောက်နိုင်ရန်အတွက် အကူအညီပေးရန် ကတိပြုခဲ့ပါသည်။ အပစ်အခတ်ရပ်စဲခြင်းအား ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့်ခဲ့ပါသည်။ သို့သော်ငြားလည်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ (EAOs) အကြားတိုက်ပွဲနှင့် (အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းတွင်) EAO များ အချင်းချင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် နောက်ထပ် လူအများအပြားနေရပ်စွန့်ခွာတိမ်းရှောင် သည့် ရလဒ်ကို ဖြစ်ပေါ်စေခဲ့ ပါသည်။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ၌ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် စခန်း ၁၇၂ ခု ရှိခဲ့ပြီး ထိုစခန်းများတွင် ပြည်တွင်းနေရပ်စွန့်ခွာသူ ၁၀၇, ၁၀၉ ဦးနီးပါးခန့် နေထိုင်နေကြပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင် သူအများအပြား (ကချင်ပြည်နယ် တွင် ၄၀%ခန့်) မှာ လူသားချင်းစာနာထောက်ထားသည့် အကူအညီ အနည်းငယ်သာ လက်လှမ်းမီ ရရှိသည့် အစိုးရထိန်းချုပ်မှု၏ အောက်၌ ရှိမနေသော ဒေသများမှ ဖြစ်ကြပါသည်။[၄၇] လူအများအပြားတို့သည် နေရပ်စွန့်ခွာရသဖြင့် ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခ အပြင် တောင်ပေါ်ဒေသရှိ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်အား ကိုပါတွေ့ကြုံခံစားခဲ့ရပါသည်။

ရှမ်းပြည်နယ်ပိုင်းတွင် တွေ့ကြုံခဲ့သည့် စိန်ခေါ်မှု များသည် မြန်မာနိုင်ငံ၏ အခြား နေရာများတွင် တွေ့ကြုံခဲ့သည့် စိန်ခေါ်မှု တော်တော်များများ နှင့် တူညီသော်လည်း ထူးခြားသည့် ပြောင်းလဲနိုင်သည့် အင်အား အများအပြားရှိနေပြီး ဒေသအခြေအနေအရ ခက်ခဲရှုပ်ထွေးမှု အဆင့်မြင့်မားခြင်းသဖြင့် သီးခြားခွဲခြား စဉ်းစား ဆင်ခြင်မှုပြုလုပ်သင့်ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၏ အခြေအနေအား ရှင်းလင်းပြသနိုင်သည့် သတင်းအချက်အ လက်များအား အကန့်အသတ်ဖြင့် သာရရှိနိုင်ပါသည်။ ရရှိနိုင်သော အစီရင်ခံစာများသည် မကြာခဏဆိုသလို ကချင်န ှင့် ရှမ်း ပြည်နယ် မြောက်ပိုင်း အား ပေါင်းစပ်ထားပြီး ဆန်းစစ်လေ့လာမှုများသည် ကချင်ပြည်နယ်အား အာရုံစိုက်လေ့ရှိသည့် အစီရင်ခံစာများ ဖြစ်ပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းသည် ရှမ်း၊ တအောင်န်း၊ ဗမာ၊ ကချင်၊ တရုတ်၊ လားဟူ၊ လီဆူးနှင့် ဝတိုင်းရင်းသား အုပ်စုများပါဝင်သည့် မတူကွဲပြားသည့် တိုင်းရင်းသားအများအပြား ရှိမှုအား ဝိသေသလက္ခဏာအဖြစ် သတ်မှတ်ပါသည်။ နောက်ထပ် ထူးခြားချက်မှာ ဒေသအတွင်းတွင် လှုပ်ရှားဆောင်ရွက် နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) အရေအတွက် တော်တော်များများ ရှိနေခြင်းဖြစ်ပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တည်ငြိမ်မှုမရှိသည့် ရှုပ်ထွေးနေသည့် ပဋိပက္ခအား ပြောင်းလဲစေနိုင်သည့် တွန်းအားများနှင့် အရေအတွက် တော်တော်များများရှိသည့် လှုပ်ရှားဆောင်ရွက် သူများ

၄၄ https://www.lift-fund.org/lift-conflict-framework

၄၅ ပြည်တွင်း ထွက်ပြေး တိမ်းရှောင်မှု စောင့်ကြည့်ရေး စင်တာ (IDMC) မြန်မာ– ကိန်းဂဏန်း ဆန်းစစ်ချက်– ပဋိပက္ခ နှင့် အကြမ်းဖက်မှု တို့ဖြင့် ဆက်စပ်နေသည့် ထွက်ပြေး တိမ်းရှောင်မှု၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

၄၆ ပြည်တွင်း ထွက်ပြေး တိမ်းရှောင်မှု စောင့်ကြည့်ရေး စင်တာ (IDMC) မြန်မာ– ကိန်းဂဏန်း ဆန်းစစ်ချက်

၄၇ လူသားချင်း စာနာမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) – ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဆိုင်ရာ လျှပ်တပြက် သတင်းလွှာ ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ

နှင့် ၎င်းတို့၏ နယ်မြေတောင်းခံမှုတွင် ထပ်တူကျနေမှုများအား ပေါင်းစပ်ခဲ့သည်က ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် နောက်ပိုင်းတွင် စတင်ခဲ့သည့် ပဋိပက္ခ ပြန်လည်အရှိန်အဟုန် မြင့်တက်လာရာတွင် အားလုံးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ပဋိပက္ခအား ပြောင်းလဲစေသည့် တွန်းအားများသည် EAO များနှင့် တပ်မတော်နှင့် ယာယီမိတ်ပြု ထားသည့် ပိုမိုသေးငယ်သည့် ပြည်သူ့စစ်များအကြား ပဋိပက္ခဖြစ်သည့် အချိန်မှစ၍ EAO များနှင့် တပ်မတော်အကြား ဆက်ဆံမှုကိုသာ ကန့်သတ်ခဲ့သည် မဟုတ်ဘဲ ၎င်းအပြင် EAO များကိုယ်တိုင်အကြား ပဋိပက္ခများလည်း တပြိုင်နက်တည်း ဖြစ်ပွားနေပါသည်။ တိုက်ပွဲများ နေရာအနှံ့တွင် ကြိုကြားကြိုကြား ဖြစ်ပွားနေသည့် ပဋိပက္ခမျိုး ဖြစ်သည်ဟု သတ်မှတ်ထားခဲ့သည့်အတွက်ကြောင့် နောက်ထပ်ဖြစ်ပေါ် လာမည့် တိုက်ခိုက်မှုများသည် မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် ဖြစ်ပွားမည်ဆိုသည်အား ခန့်မှန်းရန်မှာ အလွန်ခက်ခဲပါသည်။ ယခုအချိန်တွင် လူမှုအသိုက်အဝန်းများအကြား လူမှုရေးတင်းမာမှုများ တိုးပွားလာခဲ့ပြီး ပဋိပက္ခ အတွင်း ပေါင်းစပ်ပါဝင်လာသည့် အကြောင်းအရင်း တစ်ရပ်ဖြစ်လာပါသည်။ ဤလူမှုအသိုက်အဝန်းအတွင်း ဆက်ဆံမှုတွင် တင်းမာမှုများမှာ အမျိုးမျိုး သော EAO များအကြား လက်နက်ကိုင်ပဋိပက္ခမှ ပေါ်ထွက်လာသည့် နောက်ဆက်တွဲ သက်ရောက်မှုဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သောကြောင့် လူမှုအသိုက်အဝန်း အဆင့်တွင် အစပြုခဲ့သည်ထက် လွှမ်းမိုးမှုရှိသည်ဟု ရှုမြင်ပါသည်။ EAO များမှအခြား တိုင်းရင်းသားလူမှု အသိုက်အဝန်းမှ အဖွဲ့ဝင်များအား လူ့အခွင့်အရေးချိုးဖောက်ခဲ့သည့် ရလဒ်မှ ဤနောက်ဆက်တွဲ သက်ရောက်မှုများ ဖြစ်ပေါ်စေသည့်အပြင် လက်နက်ကိုင် ပဋိပက္ခကြောင့် ပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့ရသည့် ရလဒ်ကို ရရှိပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာမှုပုံစံမှာ မြန်မာနိုင်ငံ၏ အခြားမည်သည့် နေရာ၌မဆို တွေ့မြင်ရသည်ပုံစံနှင့် ခြားနားပါသည်။ ကချင်ပြည်နယ်နှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူဦးရေအရေအတွက်မှာ အတော်နည်းပါးပါသည် (၉,၈၀၀ဦးအား ခန့်မှန်းချေ ၁၀၀,၀၀၀ နှင့်နှိုင်းယှဉ်လျှင်) သို့သော်လည်း နေရပ်စွန့်ခွာမှုအများစုမှာ တစ်နေရာတည်းသို့ စွန့်ခွာခြင်းမျိုးထက် ပြောင်းလဲစေသည့် တွန်းအားများ (ဆိုလိုသည်မှာ တိုတောင်းသည့် အချိန်ကာလအတွင်း အကြိမ်ကြိမ် နေရပ်စွန့်ခွာ တိမ်းရှောင် ခြင်းများ) ရှိသဖြင့် ဤအရေအတွက်မှာ အတော်အတန် အထင်အမြင်မှား စေပါသည်။ သို့ဖြင့် ပဋိပက္ခ ဒဏ်ခံရသူများ၏ လိုအပ်ချက်များအတွက် မှန်ကန်တိကျသော စာရင်းများကို ရှာဖွေ နေသည့် သူများအတွက် (သို့) တစ်နှစ်လျှင် အကြိမ်ရေများစွာ အရေးပေါ်အခြေအနေ တုံ့ပြန်မှုအတွက် များသောအားဖြင့် တိုက်ရိုက်တာ ဝန်ရှိသည့်သူများအနေဖြင့် ဒေသခံလူမှုအသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် မဟာဗျူဟာရေးဆွဲရာတွင် အမျိုးမျိုးသော စိန်ခေါ်မှုများကို တွေ့ကြုံစေပါသည်။

ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူ့အခွင့်အရေးများအား ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျချိုးဖောက်မှုများ ဆယ်စုနှစ်များစွာ ရှိနေသည်ဟု သတ်မှတ်ပါသည်။ ၂၀၁၈ ခုနှစ်စက်တင်ဘာလတွင် ထုတ်ဝေခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် လွတ်လပ်သည့် အချက်အလက်ရှာဖွေရေးမစ်ရှင် (IFFM)၏ အစီရင်ခံစာမှ တပ်မတော်နှင့် EAO များမှ လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှု များတွင် ပုံစံများရှိခဲ့သည်ဟု ကောက်ချက်ချခဲ့ပါသည်။

လက်နက်ကိုင်ပဋိပက္ခများရှိ အခွင့်အာဏာ အလွဲသုံးစားပြုလုပ်သည့် ပုံစံများသည် မြေသိမ်းခြင်းနှင့် သဘာဝသယံဇာတများအား အမြတ်ထုတ်ခြင်းတို့မှ တဆင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမြတ်ထုတ်ခြင်းဖြင့် ပိုမိုဆိုးဝါးစေခဲ့ပါသည်။ ကချင်ပြည်နယ်တွင် တရုတ်ပြည်နယ်စပ်တလျှောက်ရှိ IDP များ ပိုင် ဆိုင်သည့် အတော်အတန်များပြားသည့် ပမာဏရှိသည့် မြေများအား သည် ငှက်ပျောနှင့် အခြား ငွေဖြစ်လွယ်သည့်သီးနှံများ စိုက်ပျိုးရန်အတွက် သိမ်းဆည်းခဲ့ပြီးဖြစ်ပါသည်။[၄၈] ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လည်း မြန်မာတပ်မတော်မှ လမ်းမကြီးများဘေးရှိမြေများအား သိမ်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီ ဖြစ်ပါသည်။ တရားသဖြင့်ဖြစ်စေရန် နှင့် နစ်နာကြေးများ ပေးရန်အလွန့်အလွန် ခက်ခဲသော ဥပဒေစနစ်များကြောင့် မြေယာပြဿနာများ အား ပိုမို၍ ရှုပ်ထွေးစေခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ မရှိခြင်းသည် စခန်းများတွင် ရှိသည့် နေရပ်စွန့်ခွာသူများနှင့် အစိုးရထိန်းချုပ် ထားသော ဒေသများနှင့် အစိုးရထိန်းချုပ်မှုမရှိသော ဒေသများရှိ ဒေသခံလူမှုအသိုင်းအဝိုင်းများအတွက် အဓိကကျသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ မြောက်များစွာသော လူမှုအသိုက်အဝန်းများသည် ရှင်သန်ရပ်တည်နိုင်ရန်အတွက် လူသားချင်းစာနာမှု ဆိုင်ရာနှင့် ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ အကူအညီ အထောက်အပံ့များ တစ်ခုတည်းအပေါ် မှီခိုရပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင် သူများအနေဖြင့် ဤ ဆက်လက် တွေ့ကြုံနေရသည့် စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်း၊ ကာကွယ်စောင့်ရှောက်မှုအတွက် အန္တရာယ်များတိုးပွားလာခြင်းတို့သည် အလုပ်အကိုင်ရှာဖွေရာတွင် နှင့် အစား အသောက် ရောင်းချသည့် ဈေးများသို့ သွားရောက်ရာတွင် ပိုမိုကြီးမားသည့် ကျရောက်နိုင်ချေ အန္တရာယ်များနှင့် ရင်ဆိုင်၍ လုပ်ဆောင်ရ ပါသည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ စိန်ခေါ်မှုများသည် ကချင်ပြည်နယ်တွင် သိသာထင်ရှားသည့် ပြဿနာဖြစ်ပြီး အခြားများပြားလှသည့် လူမှုရေး ပြဿနာများနှင့်လည်း ဆက်နွှယ်နေပါသည်။ အဆိုပါ စိန်ခေါ်မှုများသည် အလုပ်အကိုင်မရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ နေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်း(သို့) တောင်ယာ စိုက်ပျိုးခြင်းနှင့် မိရိုးဖလာ အသက်မွေးဝမ်းကြောင်းမှုများမှ လုံလောက်သည့် ဝင်ငွေရရှိရန် ရုန်းကန်နေရ ခြင်း တို့ ကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကချင်ပြည်နယ်တွင် စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူခြင်း၊ အခါရာသီအလျှောက် အလုပ်ကြမ်းသမားအဖြစ် လုပ်ကိုင်ခြင်း၊ မီးသွေးရောင်းခြင်းစသည်တို့ အပေါ်မှီခိုကာ အသက်မွေးဝမ်းကျောင်းနေရသူအတွက် လက်နက်ကိုင်ပဋိပက္ခသည် ၎င်းတို့၏ လယ်ယာမြေများထံ သွားရောက်နိုင်မှု လျော့နည်းသွားခြင်းနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုမှ အဓိက ရင်းမြစ်များ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။[၄၉]

၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့်ပြန်လည်ထူထောင်နိုင်စွမ်း ထောက်ပံ့မှုအစီအစဉ် (HARP) မှ တနိုင်ငံလုံး၏ သန်းခေါင်စာရင်းအချက်အလက်များအား ပြန်လည် ဆန်းစစ်ပြီးနောက် ဖော်ဆောင်ခဲ့သည့် ထိခိုက်နစ်နာလွယ်မှုဆိုင်ရာ အညွှန်း (Vulnerability Index) တွင် ကချင်ပြည်နယ်သည် ပြည်နယ်အား လုံးအနက်၌ အဆင့်(၄)နေရာ၌ ရပ်တည်နေခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ ခန့်မှန်းချေဦးရေ ၉၈၈,၃၀၀ (သို့) လူဦးရေ၏ ၆၀% သည် အိမ်ဆောက်ပစ္စည်းများ၊ ပညာရေး/ ပညာရေးဆိုင်ရာတွင် အောင်မြင်စွာရယူခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သောက်သုံးရေ၊ ကလေးများအား ကျွေးမွေးစောင့်ရှောက်မှု၊ မှတ်ပုံတင်ကဒ်ပြားများရရှိနိုင်မှုနှင့်/ သို့ စီစစ်နေသည့် အချိန်ကာလအတွင်း ပဋိပက္ခနှင့် တိုက်ရိုက် ထိတွေ့ခြင်းတို့နှင့် ပတ်သက်၍ အားနည်းထိခိုက်လွယ်

---

၄၈ ရေရှည် တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ် – အိုးအိမ် စွန့်ခွာ တိမ်းရှောင်မှု နှင့် မြေယာ သိမ်းဆည်း ခံရမှု – ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံ လူမှု အသိုက်အဝန်း များနှင့် ၎င်းတို့၏ မူလမြေယာပိုင်ဆိုင်မှု၊ မြန်မာ၊ ၂၀၁၈ ခုနှစ်၊ မေလ

၄၉ ရှုပ်ထွေး ရှည်ကြာသော အကျပ်အတည်းများအား လေ့လာ ဖော်ထုတ်ခြင်း – ကချင်ပြည်နယ်ရှိ လူမှုရေး ပေါင်းစည်းညီညွတ်မှုအား စနစ်တကျ ဆန်းစစ်မှု၊ RAFT ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ

သည့် ပုံစံအချို့ရှိခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ မြို့နယ်(၁၈)မြို့နယ် အနက်မှ (၇)မြို့နယ် (၃၉%) သည် မြန်မာနိုင်ငံရှိ ဖွားသေမှုနှုန်းအမြင့်ဆုံး ဖြစ်သည့် ၂၀% သောမြို့နယ်များ၏ စာရင်းတွင် ကျရောက်နေခဲ့ပါသည်။ HIV ရောဂါ ပျံ့နှံ့မှုမှာလည်း မြင့်မားပါသည်။ ကချင်ပြည်နယ်တွင် မသန်စွမ်းဖြစ်သည့် နှုန်းများခန့်မှန်းချေ ၄% ရှိခဲ့ပါသည်။ (သို့သော် သန်းခေါင် စာရင်းတွင် ကချင်ပြည်နယ်တွင် နေထိုင်သည့် လူဦးရေအားလုံးအား ရေတွက်ခဲ့ခြင်း မရှိခဲ့ပါ။ မသန်စွမ်းသူ၏ သတင်းအချက်အလက်များ ကောက်ယူခြင်းတွင် အကန့်အသတ် ရှိပါသည်)[၅၀]

ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ညွှန်းကိန်းများနှင့် ပတ်သက်၍ ကချင်ပြည်နယ်ရှိ နေရာတော်တော်များများတွင် တိုးတက်မှုမှာ အခြားနေရာများနှင့် နှိုင်းယှဉ်ပါက အလားအလာကောင်းများ ရှိနေသော်လည်း မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်းအရ လူဦးရေအချို့အနေဖြင့် အလုပ်သမားအင်အား တွင် ပါဝင်ခြင်း/ အလုပ်အကိုင်ခန့်ထားခြင်းအချိုးနှင့် ပတ်သက်၍ ကချင်ပြည်နယ်သည် အဆိုးဆုံး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးစာရင်းတွင် ဒုတိယဖြစ်ပြီး မြန်မာတနိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်းများအားလုံးတွင် အလုပ်လက်မဲ့နှုန်း အဆိုးရွားဆုံး ဖြစ်ပါသည်။ လူအများစုအတွက် ငွေရရှိရန်အတွက် အလားအလာ အကောင်းဆုံးနည်းလမ်းမှာ ဘိန်းစိုက်ပျိုးခြင်းနှင့် မူးယစ်ဆေးဝါးရောင်းဝယ် ခြင်း (သို့) မူးယစ်ဆေးဝါး သုံးစွဲမှု မြင့်မားသည့် သယံဇာတ တူးဖော်ရေး လုပ်ငန်းများတွင် (သို့) ကုန်သွယ်ရေးလုပ်ငန်းရှိသည့် ဒေသများတွင် အလုပ်လုပ်ကိုင်ခြင်းတို့မှတဆင့် ဖြစ်ပါသည်။[၅၁] ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(CDNH) မှ မကြာသေးမီက ပြုလုပ်ခဲ့သည့် ဆန်းစစ်လေ့လာမှုအရ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူဦးရေ၏ ၄၀% မှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် လယ်ယာ စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်ကြပါသည်။ ကချင်ပြည်နယ်တွင် လေ့လာခဲ့သည် တရားမဝင်စီးပွားရေးလုပ်ငန်းနှင့် မိုင်းတွင်းများတွင် ပါဝင်ပတ်သက်၍ ပုံသဏ္ဌာန်မှာ တူညီပါသည်။ လူအများသည်လည်း စီးပွားရေးအခွင့်အလမ်း မရှိသည့်အတွက်ကြောင့် အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ထွက်ခွာ နေကြပါသည်။[၅၂]

မြန်မာနိုင်ငံတွင် အလွန်နိမ့်ကျသည့် အာဟာရချို့တဲ့သည့် အဆင့်အား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဝေးလံခေါင်းပါးသည့် ဒေသများနှင့် ပဋိပက္ခ ဒဏ်ခံ ဒေသများတွင် အဓိကအားဖြင့် ပိုမိုဆိုးရွားနေသည်ကို သတိပြုနိုင်ပါသည်။ လက်ရှိခန့်မှန်းထားသည်မှ တင်ပြသည်မှာ ဒေသတွင်းရှိ ကလေးသူငယ်များအားလုံး၏ ၅၀%အတွင်း ရှိ ပုညှက်မှု ရှိနိုင်ပြီး သွေးအားနည်း ရောဂါကဲ့သို့သော အဏုအာဟာရချို့တဲ့ခြင်းများမှာပို မို မြင့် မားနို င်ပါသည်။[၅၃] ဤသည်မှာ လက်ရှိဖြစ်ပျက်နေသည့် ကျန်းမာရေးဆိုင်ရာ အကြပ်အတည်းတစ်ခုတည်းကိုသာ ကိုယ်စားပြုသည် မဟုတ်ဘဲ IDP များနှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ရရှိအောင်ဖြစ်စေရန်အတွက် အဓိကအတားအဆီးကိုလည်း ကိုယ်စားပြုပါသည်။ ဤစိန်ခေါ်မှုအား ကိုင်တွယ်ဖြေရှင်းရာတွင် စခန်းများတွင် အခြေချနေထိုင်သူများမှ လွှဲပြောင်းပေးအပ်မှုများ (အာဟာရဆိုင်ရာ နှင့် အာဟာရဆိုင်ရာ ကုန်ပစ္စည်းများကဲ့သို့သော) အားဆက်လက်လက်ခံ ရရှိခြင်းနှင့် ဘဝအစရက်ပေါင်း ၁,၀၀၀ ချဉ်းကပ်နည်းလမ်းမှ ရရှိနိုင်သည့် ဝန်ဆောင်မှုများ လက်လှမ်းမီရယူ နိုင်ခြင်းနှင့် ဒေသခံနှင့် ပဋိပက္ခသက်ရောက်မှုများရှိသည့် လူမှုအသိုင်းအဝိုင်းများမှ အသက်(၂)နှစ်အောက် ကလေးသူငယ်များ ဖြည့်စွက်စာ ကျွေးသည့် အလေ့အကျင့်များ (IVCF) တိုးတက်စေရန် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးသည့် ပေါင်းစပ်ထားသည့် စနစ်များအား ညီတူညီမျှ လက်လှမ်းမှီရယူနိုင်မှု ရှိခြင်းတို့အား သေချာစေခြင်းဖြင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှင့် အစိုးရမှ လှုပ်ရှားဆောင်ရွက်နေသူများအားလုံး တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား တည်တံ့ခိုင်မြဲသည့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။[၅၄]မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ရှိ အခြေအနေမှ စိုးရိမ်ရသည့် စိန်ခေါ်မှုများနှင့် အလားအလာရှိသော အခွင့်အလမ်း များဆိုင်ရာ ကိစ္စရပ် (၂) ခုစလုံးအား ပြသနေပါသည်။ ၂၀၁၁ ခုနှစ်မှ စ၍ စခန်းများတွင် နေထိုင်သည့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ ၉၇,၀၀၀ ကျော်ရှိသည့် ကချင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စ၍ လက်နက်ကိုင် ပဋိပက္ခအသစ်နှင့် နေရပ်စွန့်ခွာမှု အနည်းအကျဉ်းသာရှိသောကြောင့် တာရှည်ခံသည့် ဖြေရှင်းနည်းလမ်းများ နှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးမှုများ တိုးမြင့်ရန်အတွက် အခွင့်အလမ်းများပေးအပ်နိုင်သည့် အလားအလာ များရှိပါသည်။ သို့သော်လည်း ကြီးမားသည့်အတားအဆီးများ ရှိနေဆဲ ဖြစ်ပါသည်။ လုံခြုံမှုမရှိခြင်း၊ မြေမြှုပ်မိုင်းများရှိနေခြင်းနှင့် အခြားစစ်လက်ကျန်ပေါက်ကွဲစေနိုင်သည့် အပိုင်းအစများဖြင့် ရောစပ်နေသည့်အတွက်ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား ရေရှည်တည်တံ့ခိုင်မြဲသည့် လက်လှမ်းမှီရယူ နိုင်မှု မရှိခြင်းသည် နေရပ်စွန့်ခွာတိမ်းရှောင်မှု မရှိစေရန် အကူးအပြောင်းကာလနှင့် အခြေအနေဆိုးမသွားစေရန် လျှင်မြန်စွာ ပြုပြင်သည့် ယန္တရား (သို့) အန္တရာယ်ရှိသည့် အပြုအမူများအား ပိုမိုဆိုးရွားမသွားစေရန်နှင့် လျင်မြန်စွာ ပြုပြင်ခြင်းတို့တွင် ကြိုးပမ်း အားထုတ်မှုများအား ဆက်လက်ထိခိုက်စေပါသည်။

ခက်ခဲရှုပ်ထွေးသည့် အိုးအိမ် မြေယာနှင့် ပိုင်ဆိုင်မှု ဆိုင်ရာအခွင့်အရေးများသည် နေရပ်စွန့်ခွာ တိမ်းရှောင် ခြင်းအတွက် ခိုင်မြဲသည့် ဖြေရှင်းချက်နည်းလမ်းများ အောင်မြင်စွာ ရရှိနိုင်ရန်အတွက် စိုးရိမ်ရသည့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အတွက်ကြောင့် ကချင်ပြည်နယ်၏ အခြေအနေသည် ကျယ်ပြန့်သည့်အတိုင်းအတာဖြင့် ဖြေရှင်းပေးနိုင်သည့် ဖြေရှင်းနည်းလမ်းများ ဖြစ်ထွန်းမှုအတွက် အထောက်အကူပေးနိုင်ခြင်း မရှိစဉ်ကာလအတွင်း ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင် သူ ထောင်ဂဏန်းအနည်းငယ်အတွက် ဖြေရှင်းပေးနိုင်သည့် အနည်းငယ်သော ဖြေရှင်း နည်းလမ်း များမှာ များမကြာမီနှစ်များအတွင်း၌ပေါ်ထွက်ခဲ့ပြီးဖြစ်ပါသည်။

အစိုးရသည် ပြည်တွင်းနေရပ်စွန့်ခွာသူများ(IDP) ပြန်လည်နေရာချထားရေးနှင့် IDP ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ၏ တစိတ်တဒေသအဖြစ် ခိုင်မြဲသည့် ဖြေရှင်းနည်းလမ်းများ အကောင်အထည် ပေါ်လာစေရန် ကြိုးပမ်းရှာဖွေနေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အသိုင်းအဝိုင်းမှလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ နေရပ်စွန့်ခွာ တိမ်းရှောင် မှုအတွက် ဆန္ဒအလျှောက်၊ လုံခြုံ စိတ်ချ ရပြီး ဂုဏ်သိက္ခာရှိကာ ရေရှည် တည်တံ့ခိုင်မြဲမည့် ဖြေရှင်းနည်းလမ်း အကောင်အထည် ပေါ်လာစေရန် မြှင့်တင်ရာတွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကဏ္ဍများအား ရှာဖွေဖော်ထုတ်ရန် အတွက် အစိုးရနှင့် ပြည်တွင်း လှုပ်ရှားဆောင်ရွက်သူများနှင့် ထိတွေ့ဆောင်ရွက်နေပါသည်။

---

၅၀ ပြည်တွင်း ထွက်ပြေး တိမ်းရှောင်မှု စောင့်ကြည့်ရေး စင်တာ (IDMC) မြန်မာ– ကိန်းဂဏန်း ဆန်းစစ်ချက်– ပဋိပက္ခ နှင့် အကြမ်းဖက်မှု တို့ဖြင့် ဆက်စပ်နေသည့် ထွက်ပြေး တိမ်းရှောင်မှု၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

၅၁ ရှုပ်ထွေး ရှည်ကြာသော အကျပ်အတည်းများအား လေ့လာ ဖော်ထုတ်ခြင်း – ကချင်ပြည်နယ်ရှိ လူမှုရေး ပေါင်းစည်းညီညွတ်မှုအား စနစ်တကျ ဆန်းစစ်မှု၊ RAFT ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ

၅၂ RAFT Conflict assessment of NNS–Draft၊ ၂၀၁၉

၅၃ LIFT ၂၀၁၆

၅၄ MIMU/HARP ၂၀၁၈

၂၀၁၈ ခုနှစ်မှစတင်၍ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားခြင်းဆိုင်ရာ အသေးစား အစီအစဉ် အမျိုးမျိုး ဆောင်ရွက်ခဲ့ပြီး အကျိုးရလဒ် အမျိုးမျိုးရရှိခဲ့ပါသည်။ ပူးတွဲ မဟာဗျူဟာ အဖွဲ့သည် ကချင်ပြည်နယ်တွင် ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင် သူများမှ ၎င်းတို့၏ဇာတိ ကျေးရွာများသို့ပြန်လာနိုင်သည့်အခြေအနေများကို နားလည်သဘောပေါက်နိုင်ရန် ၂၀၁၉ ခုနှစ် ဖွန်လတွင် ဆန်းစစ်အကဲဖြတ်မှုတစ်ခုအား လုပ်ဆောင်ခဲ့ပါသည်။ ဆန်းစစ်လေ့လာမှုမှ လုံခြုံစိတ်ချရပြီး ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင် ရေးအတွက် အခြေအနေမပေးသော်လည်း လူသားချင်းစာနာ ထောက်ထားခြင်းဆိုင်ရာ အကူအညီများ လျော့ကျသွားခြင်း၊ လူမှုရေးဆိုင်ရာ အခြေအနေဆိုးရွားလာခြင်းနှင့် အခြားဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့် လူမှုရေးဆိုင်ရာ အပြုအမူများသည် အချို့သော နေရပ်စွန့်ခွာ တိမ်းရှောင် သူများအား မိမိအိမ်သို့ ပြန်ရန်အတွက် ကိုယ်ပိုင်နည်းလမ်းများရှာဖွေရန် တွန်းအားပေးခဲ့သည်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ အစိုးရ၏ စခန်းပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒနှင့် လူအများအား မိမိနေရပ်သို့ပြန်သွားရန်အတွက် ဆွဲဆောင်သည့် အကြောင်းရင်းများမှလည်း နေရပ်စွန့်ခွာတိမ်းရှောင် ခဲ့သည့် သူများ မိမိနေရပ်သို့ ပြန်ရန် သင့်လျော်သည့် ကာလထက်စော၍ ပြန်ရန် ဦးတည်စေပါသည်။

မြေယာ သည် ကချင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ အတွက် အဓိကကျပါသည်။ ၂၀၁၈ ခုနှစ် မေလတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ်မှ ပြုလုပ်သည့် လေ့လာမှုတစ်ရပ်အရ ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အများအပြားက ၎င်းတို့ မူလပိုင်ဆိုင်ခဲ့သည့် မြေယာများအား သဘာဝ သယံဇာတများ ထုတ်ယူခြင်း၊ အသေးစားနှင့် အကြီးစား စိုက်ပျိုးရေးလုပ်ငန်း၊ အရပ်သား အိမ်ယာများနှင့် အခြားရည်ရွယ်ချက်တို့အတွက် လက်နက်ကိုင်အဖွဲ့အစည်းများမှ သိမ်းဆည်းထားပြီး ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် UNDP/ UNHCR မှ ကချင်ပြည်နယ်တွင် ပူးတွဲဆောင်ရွက်ခဲ့သည့် အိုးအိမ်၊ မြေယာကာကွယ် စောင့်ရှောက်မှု ဆိုင်ရာ ကနဦး ဆန်းစစ်ချက် တွင် ဖော်ပြထားသကဲ့သို့ ပြန်လည်ပြင်ဆင်ထားသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင် သူ အများစု၏ အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာ လက်ရှိ အခွင့်အရေးများအား အဟန့်အတားဖြစ်နေခြင်းနှင့် တပြိုင်နက်တည်း မှာပင် နေရပ်စွန့်ခွာ တိမ်းရှောင်နေစဉ်၌ လက်တွေ့မြေယာပိုင်ဆိုင်ခွင့် မှတ်ပုံတင်ခြင်းအား တားဆီးထားခြင်း တို့ဖြင့် သက်ရောက်မှု (၂) ခုရှိနေခဲ့ပါသည်။ ပဋိပက္ခနှင့် လုံခြုံမှု မရှိခြင်းသည်၊ IDP များအား ၎င်းတို့၏ မြေယာများထံ ပြန်လည်သွားရောက်ရန်အတွက် တားဆီးခဲ့ပြီး အခြားသူများအား ပိုင်ဆိုင်မှု တောင်းဆိုရန် သို့မဟုတ် တရားမဝင်အသုံးပြုရန်အတွက် ခွင့်ပြုပေးခဲ့ ပါသည်။ ဖြစ်ရပ် တော်တော်များများတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ လက်ရှိ ရောက်ရှိနေသည့် နေရာသည် ၎င်းတို့အား အဆိုပါ အသစ်ဖြစ်ပေါ်တိုးတက်မှု များအား အသိပေးရန် အတွက်လည်း အတားအဆီးဖြစ်ခဲ့ပါသည်။ မူလမြေယာ ပိုင်ဆိုင်သည့်သူမှ ၂၀၁၉ ခုနှစ် မတ်လနောက်ဆုံးထား၍ မှတ်ပုံတင်ခဲ့ခြင်းမရှိပါက ပိုင်နက်ကျူးလွန်သူများအဖြစ် သတ်မှတ်နိုင်သည့် အန္တရာယ်နှင့် အတူ ၂၀၁၈ ခုနှစ်အောက်တိုဘာလတွင် စတင်ကျင့်သုံးသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေအား ပြင်ဆင်သည့် ဥပဒေသည် အခြေအနေအား ပိုပိုဆိုးရွားစေနိုင်ပါသည်။ သစ်တောပြုန်းတီးမှု အခြေအနေ ဆိုးရွားမှု အဆင့်များကလည်း ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကျရောက်နိုင်သည့် အန္တရာယ်များ ဖြစ်ပေါ်စေပါသည်။ ကချင်ပြည်နယ်သည် သစ်၊ထင်းနှင့် မီးသွေးအား အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် အများအပြား သယ်ဆောင်ခြင်းနှင့် အတူ တရားမဝင် သစ်ခုတ်ခြင်းအတွက် အဓိကနေရာဖြစ်ပါသည်။

***ဇယား ၃.၆ ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် စီမံချက်များ***

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိက လုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| **ADRA Myanmar** | ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းတွင် IDP များနှင့် ဒေသခံ လူမှု အသိုက်အဝန်းအား ကူညီပံ့ပိုးပေးရန် အသက် မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး (VESI) – သင့်တင့် လျှောက်ပတ်သည့် အလုပ်အကိုင် အခွင့်အလမ်းများအား ရေရှည် တည်တံ့ခိုင်မြဲစွာ မြှင့်တင်ခြင်းနှင့် IDP မှ လူငယ်များနှင့် အားနည်း ထိခိုက် လွယ်သည့် ဒေသခံ လူမှု အသိုက်အဝန်းများ အကြား လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း | TVET (နည်းပညာ နှင့် အသက် မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရေး နှင့် သင်တန်း)၊ သင့်တင့် လျှောက်ပတ်သည့် အလုပ်အကိုင် | ၂၀၁၉၊ ဇွန်လ မှ ၂၀၂၂၊ ဇွန်လအထိ | ရှမ်းပြည် မြောက်ပိုင်း နှင့် ကချင်ပြည်နယ် |
| **Health Poverty Action (HPA)** | ကချင်ပြည်နယ် နှင့် ရှမ်းပြည် မြောက်ပိုင်း မှ ပဋိပက္ခ ဒဏ်ခံရသည့် အားနည်း ထိခိုက် လွယ်သူများ၏ အာဟာရ အဆင့်အတန်းများ တိုးတက်စေခြင်း | အာဟာရ | ၂၀၂၀– ဇန်နဝါရီ မှ ၂၀၂၂ ခု၊ ဒီဇင်ဘာလ အထိ | ရှမ်းပြည် မြောက်ပိုင်း နှင့် ကချင်ပြည်နယ် |
| **International Organisation for Migration (IOM)** | ပဋိပက္ခ ဒဏ်ခံရသည့် အမျိုးသမီးများနှင့် လူငယ်များအား အာဟာရနှင့် အလုပ်အကိုင် များဖြင့် ကူညီ ပံ့ပိုး ပေးခြင်း (SAFEWAY NET) | ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်း နှင့် သင့်တင့် လျှောက်ပတ်သည့် အလုပ်အကိုင် | ၂၀၁၉ ခု၊ ဇူလိုင် မှ ၂၀၂၂ ခု၊ ဇွန်လ အထိ | ကချင်ပြည်နယ် – ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ မြစ်ကြီးနား၊ ဝိုင်းမော် မြို့နယ်များ၊ ရှမ်းပြည်နယ် မြောက်ပိုင်း – ဟိုပုံး၊ ကွန်ပုံ၊ ကွတ်ခိုင်၊ မန်တုံ၊ မိုးမိတ်၊ မူဆယ်၊ နမ့်ဆန်၊ နမ့်ခမ်း၊ နမ္မတူ နှင့် တန့်ယန်း မြို့နယ်များ |
| **Karuna Mission Social Solidarity (KMSS)** | ပဋိပက္ခ ဒဏ်ခံရသည့် အမျိုးသမီးများနှင့် လူငယ်များအား အာဟာရနှင့် အလုပ်အကိုင် များဖြင့် ကူညီ ပံ့ပိုး ပေးခြင်း (SAFEWAY NET) | အာဟာရ | ၂၀၁၉ ခု၊ ဇူလိုင် မှ ၂၀၂၂ ခု၊ ဇွန်လ အထိ | ကချင်ပြည်နယ် – မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မန်စီ နှင့် မိုးမောက် မြို့နယ်များ။ ရှမ်းပြည် မြောက်ပိုင်း – သိန္နီ၊ ကွတ်ခိုင် နှင့် မူဆယ် မြို့နယ် |
| **Save the Children** | ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများတွင် ကြံ့ကြံ့ခံ နိုင်စွမ်း တည်ဆောက်ခြင်း (BRICKS) | အာဟာရ နှင့် လူမှု ကာကွယ် စောင့်ရှောက်ရေး | ၂၀၁၉ ခု၊ ဇူလိုင် မှ ၂၀၂၂ ခု၊ ဇွန်လ အထိ | ရှမ်းပြည်နယ် မြောက်ပိုင်း – ကွတ်ခိုင်၊ နမ့်ခမ်း၊ ကျောက်မဲ၊ နမ္မတူ မြို့နယ်များ၊ ကချင်ပြည်နယ် – မန်စီ နှင့် မိုးမောက် မြို့နယ်များ |
| **Shalom Nyein Foundation** | မြန်မာနိုင်ငံ ကချင် ပြည်နယ်တွင် SGH မှ တဆင့် အာဟာရ နှင့် အသက်မွေး ဝမ်းကျောင်းမှုများအား ကူညီပံ့ပိုး ပေးခြင်း | အာဟာရ၊ အသက်မွေး ဝမ်းကျောင်းမှုအား ကူညီ ပံ့ပိုးပေးခြင်း၊ IDP များ နှင့် အချင်းချင်း အကူအညီ ပေးသည့် အုပ်စုများ အတွက် အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ အခွင့်အလမ်းများ အား လက်လှမ်းမီ ရယူနိုင်ခြင်း | ၂၀၂၀၊ ဇန်နဝါရီ မှ ၂၀၂၁၊ ဒီဇင်ဘာလ အထိ | ကချင်ပြည်နယ် |
| **Swissaid, Metta, GRET** | အရပ်ဘက် လူမှု အသိုက်အဝန်းအတွက် တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ | ISO များ – အသက်မွေး ဝမ်းကျောင်းအတွက် အသေးစား ထောက်ပံ့မှုများ | ၂၀၁၉ ခု၊ ဇန်နဝါရီ မှ ၂၀၂၁ ခု၊ ဇွန်လ အထိ | ချင်း (ကချင်၊ ရှမ်း နှင့် ကယား ပြည်နယ်များ) (၁၆ မြို့နယ်) |
| **World Concern** | ကချင်ပြည်နယ်ရှိ ပဋိပက္ခ ဒဏ်ခံရသူများ၏ အာဟာရ ရလဒ်များ တိုးတက် စေခြင်း။ | အာဟာရ၊ အာဟာရ ဖောင်းပေးစိုက်ပျိုးရေး | ၂၀၂၀ ခု၊ ဇန်နဝါရီ မှ ၂၀၂၂ ခု၊ ဒီဇင်ဘာလ အထိ | ကချင်ပြည်နယ် |
| **World Vision International** | SHE – မြန်မာ IDP နှင့် ဒေသခံ လူမှု အသိုင်းအဝိုင်း များအတွက် အားလုံး ပါဝင်စေမှုနှင့် ပြောင်းလဲနိုင်သည့် အသက်မွေး ဝမ်းကျောင်းများအား ကူညီ ပံ့ပိုးပေးခြင်း | TVET နှင့် သင့်တင့် လျှောက်ပတ်သည့် အလုပ်အကိုင် | ၂၀၁၉ ခု၊ ဇူလိုင် မှ ၂၀၂၂ ခု၊ ဇွန်လ အထိ | ကချင်ပြည်နယ် – ချီဖွေ၊ ဗန်းမော်၊ မန်စီ နှင့် မိုးမောက် မြို့နယ်များ |

## စိတ်ဝင်စားဖွယ်ရာများ

## ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းစီမံကိန်း အစီအစဉ် ဖွံ့ဖြိုးတိုးတက်မှု

ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းစီမံကိန်း အစီအစဉ် အား ၂၀၁၉ ခုနှစ်တနှစ်လုံး တွင် အမျိုးမျိုးသော အဆင့်များဖြင့် အဆိုပြုလွှာများခေါ်ယူခြင်းမှ တဆင့် အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံကိန်းသည် အားလုံးပါဝင်မှုနှင့် လူမှုရေး ပေါင်းစည်းညီညွတ်ခြင်းအပေါ် အာရုံစိုက်မှုတိုးမြှင့်ခြင်း၊ ကျား၊မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအပေါ် ပိုမို၍ ညီညီညွတ်ညွတ် ပူးပေါင်းအားထုတ်သည့် ကြိုးပမ်းအားထုတ်မှုများ၊ တိုင်းရင်းသား/ နယ်စပ်ဒေသများနှင့် ပဋိပက္ခ ဒဏ်ခံ ဒေသများ အပေါ် နယ်မြေဒေသအလိုက် အာရုံစိုက်မှုတိုးမြှင့်ခြင်း၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ နှင့် နေရပ်ပြန်လာသူများနှင့် အတူလုပ်ကိုင် ဆောင်ရွက်ခြင်းအပေါ် အာရုံစိုက်ခြင်းနှင့် ဦးတည် ရည်ရွယ်သည့် မူဝါဒများ၊ မူဝါဒပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရဌာနအဆင့်ဆင့် နှင့် အတူတကွလုပ်ကိုင် ဆောင်ရွက်ခြင်းတို့ အပါအဝင် LIFT ၏ ၂၀၁၉–၂၀၂၃ မဟာဗျူဟာနှင့် မူဝါဒ အရွေ့ အပြောင်းနှင့် ဆက်နွယ်နေသည် တို့အား တုန့်ပြန်ဆောင်ရွက်ပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အစီအစဉ်သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်စရာများနှင့် အနာဂတ် ထုတ်လုပ်မှု တိုးတက်ရန်အတွက် လူသားစွမ်းဆောင်နိုင်မှု တို့ တိုးတက်စေရန် ကူညီပံ့ပိုးပေးသည့် အာဟာရပြည့်ဝမှု ပိုမိုတိုးတက် ကောင်းမွန်လာခြင်း၊ ကျွမ်းကျင်မှုများနှင့် ထုတ်လုပ်မှုပစ္စည်းများ (မြေယာအပါအဝင်) တို့အပြင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိနိုင်ခြင်းအား တိုးမြှင့်ခြင်းတို့မှ တဆင့်ပြည်တွင်း နေရပ် စွန့်ခွာသူများနှင့် ပဋိပက္ခ၏ သက်ရောက်မှုရှိသည့် ဒေသခံ လူမှု အသိုက်အဝန်း၏ ဆင်းရဲနွမ်းပါးမှုနှင့် အားနည်းထိခိုက်လွယ်မှု အပေါ် အာရုံစိုက်ပါသည်။ အာဟာရဦးစားပေးသည့် စိုက်ပျိုးရေးအတွက် နောက်ထပ်လိုအပ်သည့် အစိတ်အပိုင်းအား ၂၀၂၀ခုနှစ် နှစ်ဆန်းပိုင်း အတွင်း အပြီးသတ်မည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်ပထမနှစ်ဝက်အတွင်း၌ ၂၀၁၈ခုနှစ်နှောင်းပိုင်းတွင် စတင်ခဲ့သည့် ပထမအကြိမ်အဆိုပြုလွှာများ ခေါ်ယူခြင်းမှ လက်ခံရရှိခဲ့သော အဆိုပြုလွှာများအား LIFT မှ စီစစ်ခဲ့ပြီး စီမံချက် ငါးခု အားရွေးချယ်ခဲ့ပါသည်။

### ၁) Save the children – BRICKS – ကချင်နှင့်ရှမ်းပြည်နယ်များ၏ ပဋိပက္ခ ဒဏ်ခံ ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း။

စီမံချက်သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ၊ ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် ပဋိပက္ခ ဒဏ်ခံရသည့် ကျေးရွာများအတွက် စခန်းများတွင် နေထိုင်နေကြသည့် လူငယ်များ၊ ဆယ်ကျော်သက်ယောကျ်ားလေးများ နှင့် မိန်းကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်နေသည့် မိခင်များနှင့် အသက် ၀မှ ၂၃လ ရှိသည့် ကလေးလေးများ (ကိုယ်ဝန်ဆောင်နှင့် နို့တိုက် နေသည့်မိခင် ၅,၆၀၀ဦး၊ အသက် ၀–၂၃ လရှိသည့်ကလေးငယ် ၃,၃၆၀ ဦး၊ လူငယ်နှင့် ဆယ်ကျော်သက် မိန်းကလေး ၁,၅၀၀ ဦး) တို့အပေါ် အာရုံစိုက်သည့် အာဟာရ၊ အသက်မွေး ဝမ်းကျောင်းမှုများနှင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ ကဏ္ဍစုံပေါင်းစည်း ထားသည့် စီမံကိန်းလုပ်ငန်းအား ပေးအပ်ပါသည်။

### ၂) ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS) – SAFEWAY NET – ပဋိပက္ခ ဒဏ်ခံစားရသည့် အမျိုးသမီးများနှင့် လူငယ်များအား အာဟာရ ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ပံ့ပိုးပေးခြင်း။

စီမံချက်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ/ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရေရှည်ကြိုးပမ်းအားထုတ်မှု အနေဖြင့် ဒီဇိုင်း ပုံစံရေးဆွဲခဲ့ပြီး၊ အကျိုးခံစားခွင့်ရှိသူ ၄၆,၀၀၀ ဦး (ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင် သူများနှင့် ဒေသခံလူမှုအသိုက်အဝန်းများ) အား ဦးတည် ရည်ရွယ်၍ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး အတွက် ကူညီပံ့ပိုးပေးပါသည်။ စီမံကိန်းလုပ်ငန်းများသည် အာဟာရနှင့် အစားအသောက်များ ဖူလုံမှုတိုးတက်စေရန်အတွက် ရင်းမြစ်များနှင့် အထောက်အပံ့များပေးအပ်ခြင်း အပေါ်အာရုံစိုက်ပါသည်။

### ၃) ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) – SAFE – ကောင်းမွန်လုံခြုံသည့် ရွှေပြောင်းနေထိုင်ခြင်းမှ တဆင့် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံရသည့် လူမှုအသိုက်ဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း။

SAFE စီမံချက်သည် ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ပတ်သက်၍ သတင်းအချက်အလက်များ အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ရွှေ့ပြောင်းသွားလာရန် ရည်ရွယ်သူများတွင် လုံလောက်သော အသိပညာနှင့် နားလည်သဘောပေါက်မှုရှိရန် သေချာစေပါသည်။ ရပ်ရွာ အခြေပြု ကူညီပံ့ပိုးပေးသည့် ယန္တရားများအား ရွှေ့ပြောင်းသွားလာနေထိုင်သူများ အား ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကူညီပံ့ပိုးပေးရန်နှင့် လူကုန်ကူးခံရခြင်းအား ကြုံတွေ့ပြီးနောက် (သို့) ရွှေ့ပြောင်းသွားလာနေထိုင်ရန် မအောင်မမြင်ဖြစ်ပြီး နောက်ပိုင်း ၎င်းတို့၏လူမှု အသိုင်းအဝိုင်းများ အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန်နှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် ၎င်းတို့အား အကူအညီပေးရန်တို့အတွက် အကောင်အထည်ဖော်ထားပါသည်။ စီမံချက်မှလည်း ရွှေ့ပြောင်းသွားလာနေထိုင်သူများအတွက် ဝန်ဆောင်မှုပေးအပ်ရာတွင် CSOများ၊ ဒေသအာဏာပိုင်များနှင့်ထိတွေ့ဆောင်ရွက်ခြင်းဖြင့် ပတ်သက်ဆက်နွယ်နေသူများ၏ ကူညီပံ့ပိုးမှုကို ကျယ်ပြန့်စေပါသည်။

### ၄) World Vision International – SHE – ကချင်ပြည်နယ်တွင် IDP နှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများအတွက် အားလုံးပါဝင်စေပြီး ပြောင်းလဲနိုင်သည့် အသက်မွေးဝမ်းကျောင်းများအား SHE စီမံချက်၏ ကူညီပံ့ပိုးခြင်း။

SHE စီမံချက်သည် လူငယ်များ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများအား ဦးတည်ရည်ရွယ်ပြီး ၎င်းတို့အား ဈေးကွက်ဦးစားပေးနည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် သင်တန်း၊ အလုပ်အကိုင်များနှင့် ချိတ်ဆက်နိုင်ရန် ကျွမ်းကျင်မှုများအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင်ရှာဖွေပေးခြင်း၊ စီးပွားရေးလုပ်ငန်း ထူထောင်နိုင်ရန် သင်တန်းပေးခြင်း နှင့် ဝင်ငွေတိုး လုပ်ငန်းများအား ထောက်ပံ့ပေးနိုင်ရန် ငွေရေးကြေးရေးဆိုင်ရာ ပံ့ပိုးမှု လက်လှမ်းမီရယူနိုင်ခြင်း၊ ခွဲခြားဆက်ဆံခြင်းအား တိုက်ဖျက်ရန်နှင့် လုပ်ငန်းခွင် အခြေအနေများ တိုးတက်စေရန်တို့အတွက် လုပ်ငန်းခွင် စာရင်းစစ်ခြင်းနှင့် လုပ်ငန်းရှင်များအား သင်တန်းပေးခြင်း၊ နှင့် ကျား၊ မ တန်းတူ ညီမျှမှုနှင့် မသန်စွမ်းသူများပါဝင်စေခြင်းအား တိုးတက်စေရန် အမျိုးသမီး ကွန်ရက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများအား ကူညီ ပံ့ပိုးပေးခြင်း တို့အား စီစဉ်ဆောင်ရွက်ပေးနေပါသည်။

**၅) ADRA MYANMAR – ကချင်ပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်းတွင် IDP များနှင့် ဒေသခံလူမှုအသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး (VESI) -သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် IDP စခန်းမှ လူငယ်များနှင့် အားနည်းထိခိုက်လွယ်သည့် ဒေသခံလူမှုအသိုင်းအဝိုင်းများအကြားရှိ လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း။**

စီမံချက်သည် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒေသခံလူမှုအသိုက်အဝန်းများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား ကချင်ပြည်နယ် (၆) မြို့နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း (၇)မြို့နယ်ရှိ အစိုးရ ပညာအထက်တန်းကျောင်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း မှတဆင့် ဈေးကွက်ဦးစားပေး အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် ကိုက်ညီသည့် အလုပ်အကိုင်ရာဖွေပေးသည့် ဝန်ဆောင်မှုများဖြင့် ချဲ့ထွင် နေပါသည်။

၂၀၁၉ ခုနှစ်မေလတွင် UNOPS သည် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း(၅)ဖွဲ့နှင့် စာချုပ်များလက်မှတ် ရေးထိုးခဲ့ပြီး ၎င်းတို့မှ MEAL အစီအစဉ်များအား အပြီးသတ်ပြီးနောက် ၎င်းတို့၏စီမံကိန်း စတင်သည့် အဆင့်အားစတင်ခဲ့ကာ ပဋိပက္ခနှင့် အခြေအနေ ဆန်းစစ်မှုအား RAFT မှ နည်းပညာအကူအညီပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း LIFT သည် အစိုးရထိန်းချုပ်မှု မရှိသည့် ဒေသများတွင် အနည်းအကျဉ်းသာ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နိုင်သည့် ရလဒ်ထွက်ပေါ်လာသည့် ရွေးချယ် ထားသည့် စီမံချက်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ မညီမျှမှုကို ရင်ဆိုင်နေရခြင်းအား ဖြေရှင်းမည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း ရင်းနှီးမြှုပ်နှံမှု နှင့် စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်နိုင်ရန် အာရုံစိုက်ခဲ့ပါသည်။

LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် ပထမပုံမှန်လုပ်ငန်းစဉ်အတွင်း၌ မရွေးချယ်ခဲ့သော်လည်း အစိုးရထိန်းချုပ်မှု မရှိဒေသများသို့ ရောက်ရှိမှု တိုးတက်စေခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား ဝန်ဆောင်မှု ပေးသူများနှင့် အတူလုပ်ကိုင် ဆောင်ရွက်ခြင်း (အထူးသဖြင့် အာဟာရဆိုင်ရာအတွက်) နှင့် လက်ရှိလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ နှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးအစီအစဉ်များနှင့် ညှိနှိုင်း ဆောင်ရွက်မှု အကျိုးရလဒ်များ ဖန်တီးခြင်းဟူသော ရည်မှန်းချက်နှင့် တင်ပြခဲ့သည့် အဆိုပြုလွှာ/ မိတ်ဖက် အဖွဲ့အစည်း (၃)ခုအား ပြန်လည် စဉ်းစား သုံးသပ် ခဲ့ပါသည်။

ထပ်မံရွေးချယ်ခဲ့သည့် အဆိုပြုလွှာ (၃)ခုမှာ –

**Health Poverty Action – ပဋိပက္ခ ဒဏ်ခံရသည့် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရှိ အားနည်းထိခိုက်လွယ်သူများ၏ အာဟာရအဆင့်အတန်း တိုးတက်ခြင်း**

စီမံချက်သည် ပဋိပက္ခ သက်ရောက်မှုရှိသည့် ဒဏ်ခံရသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ လူအများ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အတန်း တိုးတက်စေရန် လုပ်ကိုင်ဆောင်ရွက်ပါသည်။ စီမံကိန်းမှ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း ချဉ်းကပ်နည်းလမ်းများမှ တဆင့် စားနပ်ရိက္ခာဖူလုံမှု၊ WASH အထောက်အပံ့များအား/ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်ရန် အတွက် ဖြစ်ပေါ်နေသည့် အတားအဆီးများကို ဖြေရှင်းပေးပါသည်။ Health Poverty Action တွင် အားနည်း ထိခိုက်လွယ်သူများနှင့် ရောက်ရှိရန် ခက်ခဲသည့် လူမှုအသိုက်အဝန်းများ (၎င်းတို့ထဲမှ အချို့သည် တရုတ်လူမျိုးပိုင် စိုက်ပျိုးရေး လုပ်ငန်းတွင် ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် မည်သည့်ဝန်ဆောင်မှုမျှ မရောက်ရှိသေးသည့်သူများ) နှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါသည်။

**World Concern – ကချင်ပြည်နယ်ရှိ ပဋိပက္ခ ဒဏ်ခံရသူများ၏ အာဟာရဆိုင်ရာ ရလဒ်များတိုးတက်စေခြင်း**

စီမံချက်သည် အမျိုးသမီးများ၊ ဆယ်ကျော်သက်ရွယ် မိန်းကလေးများနှင့် အသက်(၂)နှစ်အောက် ကလေးများအတွက် အာဟာရဆိုင်ရာ ရလဒ်များ တိုးတက်စေရန်အတွက် လုပ်ကိုင်ဆောင်ရွက်ပါသည်။ စီမံကိန်းလုပ်ငန်းများသည် အာဟာရသီးသန့်နှင့် အာဟာရအလေးထား လုပ်ရှား ဆောင်ရွက်မှုများအပေါ် အာရုံစိုက်ပြီး ထောက်ခံအကြံပြုသည့် ၂နှစ်အောက်ကလေးများနှင့် ကလေးငယ်များအား အစာကျွေးသည့် အလေ့အကျင့် များအား လက်ခံကျင့်သုံးရန် ဘဝအစရက်ပေါင်း (၁,၀၀၀)အပေါ် အထူးအာရုံစိုက်ခြင်းနှင့်အတူ စီမံချက်အား ကူညီပံ့ပိုးပေးရန်အတွက် ရပ်ရွာလူထုအဆင့်အသိပညာ ပေးခြင်းနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းဆိုင်ရာ လုပ်ငန်းများ ပါဝင်ပါသည်။ မျိုးရိုးစဉ်ဆက် အာဟာရချို့တဲ့သည့် စက်ဝန်းအား အဆုံးသတ် စေရန်အတွက် ဆယ်ကျော်သက်ရွယ် မိန်းကလေးများနှင့် မိခင်များ၏ အာဟာရဆိုင်ရာ တိုးတက်လာခြင်းအပေါ် အလေးထားမှုအား ထည့်သွင်းထားပါသည်။ အာဟာရ အလေးထားသည့် လုပ်ငန်းများသည် ဒေသတွင်းရရှိနိုင်သည့် အာဟာရပြည့်ဝသည့် အစားအသောက်များ အထူးသဖြင့် အားဖြည့်စာများနှင့် ဟင်းသီးဟင်းရွက်များ တိုးတက်လာစေရန် အာရုံစိုက်ထား ပါသည်။

**Nyein (Shalom) Foundation – ကချင်ပြည်နယ်တွင် အချင်းချင်း အကူအညီပေးသည့် အုပ်စုများမှတဆင့် အာဟာရနှင့် အသက်မွေးဝမ်းကျောင်းမှုများအား ကူညီပံ့ပိုးပေးခြင်း**

စီမံချက်သည် ရပ်ရွာလူထုအခြေခံသည့် ယန္တရားများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား ခိုင်မာအားကောင်းစေခြင်း မှတဆင့် အိမ်ထောင်စုငွေရေးကြေးရေးဆိုင်ရာ အဆင့်အတန်း တိုးတက်လာစေရန်အတွက် လူမှုပေါင်းစည်းရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ကိုင်ဆောင်ရွက်ပါသည်။ စီမံချက်သည် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) ၏ ကူညီပံ့ပိုးမှု မရောက်ရှိသည့် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ဖွင့်လှစ်ထားသည့် စခန်းများရှိ လူများထံရောက်ရှိပြီး ဆယ်ကျော်သက်နှင့် ကလေး သူငယ်များအတွက် လုပ်ကိုင်ဆောင်ရွက်ပါသည်။

နောက်တိုး မိတ်ဖက်အဖွဲ့အစည်း (၃)ဖွဲ့တွင် လိုအပ်ချက်များထဲမှ တူညီသည့် သီးသန့်လိုအပ်ချက်များနှင့် လုပ်ကိုင် ဆောင်ရွက်ရာတွင် ကျယ်ပြန့်သည့် အတွေ့အကြုံများရှိပြီး အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များမှထိန်းချုပ်ထားသည့် နေရာ(၂)ခုလုံးတွင် စနစ်များနှင့် ရပ်ရွာလူထု အခြေပြုသည့် ချဉ်းကပ်နည်းလမ်းများ ခိုင်မာအားကောင်းလာစေရန် ကူညီပံ့ပိုးခြင်းဖြင့် အားနည်းထိခိုက် အလွယ်ဆုံး သူများထံ ရောက်ရှိစေရန်အတွက် အစိတ်အပိုင်းများစွာ ပါဝင်သည့် ဆက်စပ်မှု ချဉ်းကပ်နည်းလမ်းဖြင့် ပံ့ပိုးကူညီပေးပါသည်။

ခြုံငုံကြည့်လျှင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အစီအစဉ်အောက်၌ များပြားသည့် အရေအတွက်ရှိသည့် ထင်ရှားသော အဖွဲ့အစည်းများဖြစ်သည့် ပြည်တွင်း CSO အဖွဲ့များ – Shalom ၊ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS)၊ နှစ်ခြင်း ခရစ်ယာန်အဖွဲ့ (KBC) ၊ ကိုးကန့် လူမှုဖွံ့ဖြိုးမှု အသင်း၊ လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (CHAD)၊ နမ့်ကျိုပရဟိတ (Namkeyo Parahita) သျှမ်းပြည်လူငယ်စွမ်းရည် မြှင့်တင်ရေးအဖွဲ့ (SSYCBC)၊ လူထုအလင်း (Wunpowng Ninghtoi–WPN) တို့ အပေါ် အားကောင်းသည့် အာရုံစိုက်မှုရှိပါသည်။

စီမံကိန်းမှ လူမှုအသိုက်အဝန်းများ၏ အမျိုးမျိုး ကွဲပြားခြားနားသည့် လိုအပ်ချက်များကို သေချာစွာ ဖြည့်ဆည်းပေးရန်အတွက် ဒေသနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်းနှင့် ဒေသခံမိတ်ဖက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါပါသည်။ ယင်းမှာ အားနည်းထိခိုက်လွယ်သူများထံရောက်ရှိခြင်းနှင့် သွားရောက်ရန် အကန့်အသတ်ရှိသည့် ဒေသများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းတို့တွင် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းဖြစ်ပါသည်။

CSO များအတွက် အသေးစားအထောက်ပံ့မှုများ ပေးအပ်သည့် တောင်တန်း ဒေသ မြို့နယ် ရန်ပုံငွေအား ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်အတွက် ထောက်ပံ့ကူညီရန်၊ စွမ်းဆောင်ရည်တည်ဆောက်ရန် အတွက် ရေရှည်ကူညီပံ့ပိုးမှုအား ဖြစ်မြောက် စေရန်နှင့် ဝေးလံခေါင်ပါးပြီး ရောက်ရှိရန် ခက်ခဲသည့် ဒေသများတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် နှင့် မြို့နယ်အဆင့်၌ ဆက်ဆံရေး တည်ဆောက်ရာ တွင် ကူညီပံ့ပိုးပေးရန် တို့တွင် LIFT ၏ စွမ်းဆောင်နိုင်မှုအား တိုးတက်စေရန်တို့အတွက် LIFT မှ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် သက်တမ်းတိုးခဲ့ပါသည်။

၂၀၁၉ ခုနှစ်အောက်တိုဘာလတွင် LIFT သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း စီမံကိန်းအတွင်းသို့ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ၏ အစိတ်အပိုင်းများ ထည့်သွင်းတည်ဆောက်ရန် အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း လုပ်ငန်းစဉ် အသစ်တစ်ခုကို စတင်ခဲ့ပါသည်။ ဖိတ်ခေါ်မှုသည် ကျေးလက်လူမှုအသိုက်အဝန်းများနှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ အသက်မွေးမှု နှင့် စားနပ်ရိက္ခာ/ အာဟာရ ပြည့်ဝမှု တိုးတက်ကောင်းမွန်လာစေရန် အတွက် ကူညီထောက်ပံ့ပေးရန် တွေ့ကြုံနေရသည့် ပုံမှန်မဟုတ်သည့် ရာသီဥတုနှင့် ရာသီဥတုအပြောင်းအလဲများအတွင်း စိုက်ပျိုးရေးထုတ်ကုန်များ အတွက် ပိုမိုထူးကဲသော အခွင့်အလမ်းများ ဖန်တီးပေးခြင်းအပေါ် အာရုံစိုက်ခဲ့ပါသည်။

ထို့အပြင် LIFT သည် ပြီးခဲ့သည့် အဆိုပြုလွှာများ အဆင့်တွင် ၎င်းမှထောက်ခံချက်ပေးခဲ့သည့် မေတ္တာမှ အကောင်အထည်ဖော်ရမည် ဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအတွက် မြေယာဆိုင်ရာ စီမံကိန်း အစိတ်အပိုင်း ၏ ဒီဇိုင်းပုံစံအား အပြီးသတ်ခဲ့ပါသည်။

မေတ္တာ၏ Ring Chying စီမံချက်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံရသူများအတွက် တရားမျှတပြီး အာမခံချက်ရှိကာ၊ ဘေးကင်းစိတ်ချရသည့် မြေယာရယူအသုံးချခြင်းနှင့် ၄ားရမ်းလုပ်ကိုင်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ အားသေချာစွာ ရရှိစေရန် ဆောင်ရွက်ရာတွင် ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။ အသိအမြင် မျှဝေခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ငန်းစဉ်မှတဆင့် စီမံချက်သည် မြေယာနှင့် သဘာဝ သယံဇာတများအတွက် ၎င်းတို့၏အခွင့်အရေးများအား အခိုင်အမာပြောဆိုနိုင်ရန် ပဋိပက္ခဒဏ်ခံရသည့် လူမှုအသိုက်အဝန်းများအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ရန်နှင့် ကျွမ်းကျင်မှုများအား ထပ်မံ၍ သင်ကြားပေးရန်တို့အတွက် ရည်ရွယ်ပါသည်။ ယင်းအား ပံ့ပိုးပေးရန်နှင့် အသိအမြင်အသစ်များ ဖြစ်ပေါ်စေရန်တို့အတွက် စီမံချက်မှ ရေရှည်ခိုင်မြဲသည့် ဖြေရှင်းနည်းလမ်း များအား စူးစမ်းရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ပဋိပက္ခ ဒဏ်ခံရသည့် လူမှုအသိုက်အဝန်းများ၏ မြေယာဆိုင်ရာ ကိစ္စရပ်များ နှင့် စပ်လျဉ်းသည့် လေ့လာမှုများအား ဆောင်ရွက် မည်ဖြစ်သည်။ ယင်းမှ ဥပဒေရေးရာ မူဘောင်များ ပိုမိုကောင်းမွန်စေရန် အတွက် သီးသန့် လုပ်ဆောင်ချက်များ အား မြှင့်တင်ပေးလျက်ရှိသည့် ပတ်သက်ဆက်နွယ်သူများ နှင့် မဟာဗျူဟာမြောက် မူဝါဒရေးရာ ထိတွေ့ဆောင်ရွက်မှုများအား ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။



# CSOများ၏ အခန်း ကဏ္ဍ

**LIFT ၏ တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ ချဉ်းကပ်နည်းလမ်းသည် ထိရောက်သော အရေးပေါ် တုန့်ပြန်မှုများအတွက် အခြေခံကောင်းများကို ဖန်တီးပေးပါသည်။**

တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ၏ မူလဒီဇိုင်းပုံစံသည် ရန်ပုံငွေ၏ စနစ်များ ချဉ်းကပ်နည်းလမ်းသည် အကျပ်အတည်း များနှင့် အရေးပေါ် အခြေအနေများအား တုန့်ပြန်ရန်အတွက်လည်း  အသုံးဝင်သည်ကို အသိအမှတ်ပြုပါသည်။ ဤယူဆချက်အား ၂၀၁၉ ခုနှစ်အတွင်း စမ်းသပ်ခဲ့ပြီး ဖြစ်ပါသည်။

ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အဖွဲ့ ရှစ်ဖွဲ့မှ အသေးစားထောက်ပံ့မှုများ လက်ခံရရှိ ခဲ့ပါသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ လူငယ်အုပ်စုများ (အဓိကအားဖြင့် ကချင်၊ တအောင်န်းနှင့် ဗမာ) နှင့် အရေးပေါ် လူနာတင်ကား ဝန်ဆောင်မှုပေးသည့် ပရဟိတအဖွဲ့များ အပါအဝင် CSO အများစုသည် စေတနာ့ဝန်ထမ်းများ အသင်းအဖွဲ့များ(သို့) ဘာသာရေးအခြေခံသည့် အဖွဲ့အစည်းများ ဖြစ်ခဲ့ကြပါသည်။ အဆိုပါ အဖွဲ့များတွင် လူ့အခွင့်အရေး ကာကွယ်  စောင့်ရှောက်ရေးကို အာရုံစိုက် လုပ်ဆောင်သည့် ကချင် CSO များမှ ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့သည့် Zingkri ဟုခေါ်ဆိုသော ကွန်ရက်နှင့် တအောင်းန်လူငယ်များမှ ဖွဲ့စည်းခဲ့သည့် ရှမ်းပြည်မြောက်ပိုင်း ဗုဒ္ဓဘာသာလူငယ်များ (NSSBY) တို့ ပါဝင်ခဲ့ပါသည်။ သို့သော်လည်း အုပ်စုများ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်နိုင်ရန် အခွင့်အရေးအနည်းငယ်သာ ရှိခဲ့ပါသည်။ တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေမှတဆင့် CSO များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စတင်သိရှိခဲ့ကြပါသည်။ Zingkri နှင့် NSBBY နှစ်ဖွဲ့စလုံးသည် ထောက်ပံ့မှုများ ရရှိခဲ့ကြပါသည်။ NSSBY မှ ကူညီဆောင်ရွက်ခဲ့သည့်  ပုံမှန် CSO အစည်းအဝေးများမှတဆင့်၊ CSO များ၏ ပိုမို၍ ပူးပေါင်း ပါဝင်လာပြီး၊ ကွတ်ခိုင်မြို့နယ်တွင် နေထိုင်သည့် အမျိုးမျိုးသော လူမှုအသိုက်အဝန်းများကို ကိုယ်စားပြု လာခဲ့ကြပါသည်။ ပုံမှန် CSO အစည်းအဝေးများသည် CSO များ၊ ပရဟိတအုပ်စုများ၊ တအောင်န်း၊ ကချင်၊ ဗမာနှင့် ဂေါ်ရခါးလူမျိုးများ၏ တိုင်းရင်းသားမျိုးနွယ်စု   အခြေခံသည့် အုပ်စုများပါဝင်သည့် ကွတ်ခိုင် CSO ကွန်ရက်ဖြစ်ပေါ်လာခဲ့ပါပြီး ၎င်းတို့မှ ပုံမှန် (၃)လတစ်ကြိမ် ညှိနှိုင်း အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ ၎င်းတို့သည် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင် သူများအတွက် ကွတ်ခိုင်နှင့် လာရှိုးတို့၌ လုပ်ကိုင်ဆောင်ရွက် နေသည့် အခြား NGO များ၊ CSO များ LIFT ၏ တောင်တန်းဒေသမြို့နယ်ရန်ပုံငွေမှ ထောက်ပံ့မှုကို လက်ခံရရှိသော ရှမ်းပြည်မြောက်ပိုင်း ရှိအခြား CSO များနှင့် လည်း ပို  မို ချိတ်ဆက်နိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ၂၀၁၉ ခုနှစ်တွင် လက်နက်ကိုင် ပဋိပက္ခ ထပ်မံ၍ ပိုမိုပြင်းထန်လာသည့် အခြေအနေတွင် ကွတ်ခိုင် အခြေစိုက် CSO များသည် ယခင်ကထက် အားလုံး ပိုမို၍ စုစည်းပြီး ပိုမို ညှိနှိုင်းဆောင်ရွက်ကာ ပိုမိုချိတ်ဆက်နိုင်ခဲ့ပြီး နေရပ်စွန့်ခွာ တိမ်းရှောင် သူများအား အရေးပေါ် ထောက်ပံ့မှုများဖြင့် ကူညီပံ့ပိုးရန် ပြင်းပြသည့် ဆန္ဒများ ရှိခဲ့ကြပါသည်။ ၎င်းတို့တွင် ၎င်းတို့၏ လူမှုအသိုက်အဝန်းများနှင့် ပတ်သက်၍ ယုံကြည်မှုများ ရှိခဲ့ကြပြီး၊ လက်နက်ကိုင် တိုက်ပွဲများ၏ သက်ရောက်မှုကို ခံစားကြရသည့် များပြား လှသော လူမှုအသိုက်အဝန်းများအတွက် ပထမဦးဆုံး ဆက်သွယ်ဆောင်ရွက်ရမည့်သူများ ဖြစ်ခဲ့ကြပါသည်။ NGO များနှင့် အခြား လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ CSO များမှ အများစုမှာ စခန်းရှိ သူများထံသာ   ရောက်ရှိနိုင်စွမ်း ရှိနေချိန်တွင် ၎င်းတို့သည် များပြားလှသည့် တုန့်ပြန် ဆောင်ရွက်မှုများနှင့် အခန်းကဏ္ဍများကို တာဝန်ယူခဲ့ကြပါသည်။ အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့သည် ပိတ်မိနေသော လူအများနှင့် ဒဏ်ရာရရှိနေသည့် အရပ်သားများအား ပရဟိတ အုပ်စုများ၏ လူနာတင်ယာဉ်တို့ဖြင့် ကယ်ဆယ်ခဲ့ပြီး၊ ၎င်းတို့သည် အခြေအနေနှင့် ပတ်သက်၍ သတင်းအချက်အလက်များနှင့် ပိတ်မိနေသည့်  နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ တည်နေရာ တို့အား မျှဝေခဲ့ကာ ပိတ်မိနေသည့် ရွာသားများအား အစားအသောက်နှင့် အခြားအသုံးအဆောင် ပစ္စည်းများအား ပေးပို့ခဲ့ရုံမက၊ ၎င်းတို့သည် လူအများအား ကယ်တင်ရန် အမျိုးမျိုးသော လက်နက်ကိုင် အုပ်စုများနှင့် ညှိနှိုင်းပေးခဲ့ကာ ၎င်းတို့မှ မိသားစုများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအတွက် ယာယီ နားခိုရာ နေရာများ ပေးအပ်ခဲ့ပြီး ၎င်းတို့မှ လူအများအား စခန်းများထံသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ၎င်းတို့သည် ၎င်းတို့ ထောက်ပံ့ပေးခဲ့သည့် သူများအတွက် ကူညီပံ့ပိုးပေးရန် အခြား NGO များနှင့် လည်း ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ZingKri မှ ဦးဆောင်၍ ၎င်းတို့သည် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများထံ အရေးပေါ် အကူအညီများ ပေးအပ်ရန်အတွက် တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေမှ အဓိက ထောက်ပံ့မှုအတွက် အဆိုပြုလွှာ တစ်စောင်အား တင်ပြ ခဲ့ပါသည်။ စီမံချက်သည် ခိုင်မာသည့် ကွန်ရက် ချိတ်ဆက်ခြင်းနှင့် အတူ စုပေါင်း အစီအစဉ် များအား CSO များနှင့် ပူးတွဲ အကောင်အထည် ဖော်ခဲ့ပါသည်။ CSO များတွင် Zingkri ၊ ရှမ်းပြည်နယ် အမျိုးသား ကွန်ရက် (Shan State National Network)၊ Noble Heart ပရဟိတအုပ်စု၊ ဂရုဏာ လူမှု ထောက်ပံ့ရေး အုပ်စုများ (တအောင်န်း အုပ်စု)၊ ကွတ်ခိုင် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းနှင့် ဂေါ်ရခါး လူမှုကူညီရေး အုပ်စုများ ပါဝင်ခဲ့ပါသည်။ ထောက်ပံ့မှုတွင် ပါဝင်ခဲ့သည့် အုပ်စုသည် တောင်းဆိုသည့် လက်နက်ကိုင် အဖွဲ့အစည်းများအား ပဋိပက္ခအား ငြိမ်းအေးစေပြီး အရပ်သားများအား ဒုက္ခပေးခြင်း ရှောင်ရှားကာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရန် အမျိုးသားအဆင့်၌ ထုတ်ပြန်ခဲ့သော CSO များ၏ ထုတ်ပြန် ချက်တွင် ပူးပေါင်း ပါဝင်ခြင်းဖြင့် ၎င်းတို့၏ အသံများအား မြှင့်တင်ခဲ့ပါသည်။ ကွတ်ခိုင် CSO များ၏ အရေးပေါ် အခြေအနေအား စုပေါင်း တုံ့ပြန်မှုသည် ခိုင်မာသည့် ချိတ်ဆက်မှုများဖြင့် ပူးတွဲအရေးယူ ဆောင်ရွက်ခြင်း တို့အပေါ် အခြေခံသည့် ချဉ်းကပ်နည်းလမ်းနှင့် တိုက်ရိုက် ကူညီ ပံ့ပိုးပေးခြင်းနှင့် ထောက်ခံအားပေးမှု တို့ ပေါင်းစပ်ထားသည့် စနစ်များ အဆင့် ချဉ်းကပ် နည်းလမ်း တို့၏ အကျိုးကျေးဇူးကို ပြသသည့် ဥပမာ ကောင်း တစ်ခု ဖြစ်ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

LIFT ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း စီမံကိန်းသည် အစိုးရ ထိန်းချုပ်သည့် ဒေသများတွင် သက်ဆိုင်ရာ အစိုးရ၏ ဝန်ဆောင်မှု ပေးအပ်သူများနှင့် အစိုးရထိန်းချုပ်ခြင်း မရှိသည့် ဒေသများတွင် သက်ဆိုင်ရာ အစိုးရမဟုတ်သည့် ဝန်ဆောင်မှုပေးသူများနှင့် အတူ ပူးပေါင်းဆောင်ရွက်သည့် ဘက်စုံပေါင်းစည်းထားသည့် စီမံကိန်း လုပ်ငန်းများ ပါဝင်ပြီး လက်ရှိ လူသားချင်း စာနာမှု ဆိုင်ရာနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး အစီအစဉ်များနှင့် စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု အကျိုးရလဒ်များကို ဖန်တီးထားပါသည်။ ဤအစီအစဉ်တွင် LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးအား ကူညီပံ့ပိုးပေးရန်နှင့် အရပ်ဘက် လူမှု အသိုက်အဝန်း၏ အသံများကို မြှင့်တင်ပေးရန် သုတေသနနှင့် စည်းရုံးလှုံ့ဆော်မှုတို့ကို ညှိနှိုင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်း စူးစမ်းရှာဖွေ၊ ဖော်ထုတ်ပြီး ဆက်လက်လုပ်ဆောင်ပါမည်။ အားနည်း ထိခိုက်လွယ်မှု၊ အာဟာရ၊ ကြံ့ကြံ့ခံနိုင်စွမ်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အကြွေးတင်မှု တို့အကြား ဆက်ဆံရေးသည် အစဉ်လိုက် မဟုတ်သဖြင့် အားနည်းထိခိုက်လွယ်မှု၏ အကြောင်းတရားများအား ပိုမိုနားလည် သဘောပေါက်ခြင်းမှ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများကြား အားနည်းထိခိုက်လွယ်မှု ဆီသို့ ဦးတည်သည့် အမျိုးမျိုးသော လမ်းကြောင်းများအား တုံ့ပြန်ဆောင်ရွက်သည့် ဘက်စုံပေါင်းစည်း ထားသည့် စီမံကိန်းအတွက် သတင်းအချက်အလက်ပေးသင့်ပြီး ယင်းသို့ လုပ်ဆောင်ခြင်းဖြင့်လည်း ရှုပ်ထွေးသည့် အားနည်း ထိခိုက်လွယ်မှုဆိုင်ရာ ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များကို လျှော့ချပေးပါသည်။ စီမံကိန်းမှ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးရန်နှင့် စုပေါင်း ညှိနှိုင်းဆောင်ရွက်မှု၏ အကျိုးရလဒ်များ၊ တစ်ဦးနှင့်တစ်ဦး အရည်အသွေးများ တိုးမြှင့် ပေါင်းစည်းရန်နှင့် ၎င်းတို့အကြား ညှိနှိုင်း ဆောင်ရွက်ခြင်းများအား အမြင့်ဆုံး သက်ရောက်မှု ရရှိစေရန်အတွက် ထိရောက်စွာ အသုံးပြုခြင်း သေချာစေရန် အတွက် ဘက်စုံ ပေါင်းစည်းနိုင်ရန် အလုံးစုံပါဝင်သည့် မူဘောင်တစ်ခုအား ပံ့ပိုးပေးပါသည်။

ဘက်စုံ ပေါင်းစည်းထားသည့် စီမံကိန်းသည် စုပေါင်း ညှိနှိုင်း ဆောင်ရွက်မှု၏ အကျိုးရလဒ်များနှင့် အမြင့်ဆုံး သက်ရောက်မှု တို့ကို ရှာဖွေဖော်ထုတ်ရန် IP များအကြား ပိုမိုကျယ်ပြန့်သည့် ညှိနှိုင်း ဆောင်ရွက်မှုနှင့် ပိုမိုနီးကပ်သည့် လုပ်ငန်းသဘော ဆက်ဆံရေးများ လိုအပ်ပါသည်။ ယင်းအား ပေါင်းစည်းထားသည့် ပြောင်းလဲခြင်း ဆိုင်ရာ သီအိုရီ၊ စီမံကိန်းအဆင့် မူဝါဒ တစ်ရပ်နှင့် လေ့လာ သင်ယူခြင်း ဆိုင်ရာ ရည်မှန်းချက်များ နှင့် ဆက်စပ်လျက်ရှိသည့် စီမံကိန်းများ၊ စီမံကိန်း အဆင့် ညွှန်းကိန်းများ၊ စီမံကိန်းအဆင့် အပြန်အလှန် လေ့လာသင်ယူခြင်း နှင့် ကျင့်သုံးခြင်းအတွက် တည်ဆောက်ပြီး ဖြစ်သည့် ချဉ်းကပ်နည်းလမ်းတို့ ပါဝင်သည့် MEAL မူဘောင် ပေါ်တွင် ကျောထောက်နောက်ခံ ပြုထားမည် ဖြစ်ပါသည်။ MEAL ချဉ်းကပ် နည်းလမ်း တစ်ခုလုံးအား အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် ပတ်သက် ဆက်နွှယ်သူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မွမ်းမံ ပြင်ဆင် သွားမည် ဖြစ်ပြီး၊ လိုအပ်ပါက MEAL ဆိုင်ရာ စွမ်းဆောင်ရည်အတွက် ကူညီပံ့ပိုးပေးခြင်းနှင့် လမ်းညွှန်မှု တို့အတွက် အခွင့်အလမ်း များအား ထည့်သွင်းသွားမည် ဖြစ်ပါသည်။

စီမံကိန်း မူဝါဒနှင့် လေ့လာ သင်ယူခြင်းဆိုင်ရာ ရည်မှန်းချက်များအား LIFT ၏ လက်ရှိ အကဲဖြတ် ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ မေးခွန်းများ အပေါ် တည်ဆောက်မည် ဖြစ်ပြီး အောက်ပါတို့အား စူးစမ်း ရှာဖွေမည် ဖြစ်ပါသည်–

- ဖွံ့ဖြိုးရေး စီမံကိန်းများတွင် ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူများနှင့် နေရပ်ပြန်များ အားလုံး ပါဝင်စေခြင်း
- ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း
- လူမှုရေး ဆိုင်ရာ တွင် အားလုံးပါဝင်စေခြင်းနှင့် အဓိကအားဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ အားလုံး ပါဝင်စေခြင်း
- တိုင်းရင်းသား/ နယ်စပ်ဒေသ ပြည်နယ်များနှင့် ပဋိပက္ခ သက်ရောက်မှု ရှိသည့် ဒေသများရှိ စီမံကိန်းများ
- ဦးတည်ရည်ရွယ်သည့် မူဝါဒများနှင့် မူဝါဒ ပြုပြင် ပြောင်းလဲရေး တို့အတွက် အုပ်ချုပ်နေသည့် အာဏာပိုင်များနှင့် အတူတကွ လုပ်ကိုင် ဆောင်ရွက်ခြင်း
- ပဋိပက္ခအပေါ် အလေးထားတုံ့ပြန်ဆောင်ရွက်မှု ကို စီမံကိန်း တစ်ခုလုံးတွင် ပေါင်းစပ်ထည့်သွင်းပါဝင်စေခြင်း

LIFT သည် သတင်းအချက်အလက်များ မျှဝေရန်နှင့် အဓိက ကိစ္စရပ်များအား ဖြေရှင်းရန်အတွက် IP များ နှစ်လ တကြိမ် အတူတကွ တွေ့ဆုံခြင်းအား ဖြစ်ပေါ်စေသည့် IP ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ရေး ယန္တရားတစ်ခုအား တည်ဆောက်မည် ဖြစ်ပါသည်။

ဤသည်မှ မိတ်ဖက် အဖွဲ့အစည်းများအား စခန်းများ ပိတ်သိမ်းခြင်း အပါအဝင် အလျင်အမြန် ပြောင်းလဲနေသည့် ပဋိပက္ခ ဆိုင်ရာ ပြောင်းလဲမှုများ၏ နောက်ဆုံးပေါ် အခြေအနေများအား ဆက်လက် မှတ်တမ်းရေးသွင်းနိုင်စေရန်နှင့် ၎င်းတို့၏ လှုပ်ရှား ဆောင်ရွက်မှုများကို ပြောင်းလဲမှုများနှင့်အညီ ပူးပေါင်း ဆောင်ရွက်ရန်နှင့် လိုက်လျောညီထွေ ရှိစေရန် ပြင်ဆင် ညှိနှိုင်းနိုင်စေရန် တို့အတွက် သေချာစေရန် အကူအညီပေးမည် ဖြစ်ပါသည်။ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဆိုင်ရာ ယန္တရားသည် နည်းပညာဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ တညီတညွတ်တည်း ဖြစ်စေခြင်း၊ မူဝါဒနှင့် ထောက်ခံ အားပေးသည့် လုပ်ငန်းများမှာ ကျိုးကြောင်း ညီညွတ်မှု ရှိခြင်းအား သေချာစေခြင်း၊ ပူးတွဲ လုပ်ကိုင် ဆောင်ရွက်ရမည့် ကဏ္ဍများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် အားဖြည့်ပေးသည့် စီမံကိန်း လုပ်ငန်းများတွင် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဒေသခံ အခြားတစ်ဖက်မှ ဆောင်ရွက်နေသူများ၊ ဆုံးဖြတ်ချက် ချမှတ်သူများနှင့် ဆက်ဆံရေးများ အားကောင်း စေခြင်း၊ ကွဲပြားခြားနားခြင်း ဖြစ်စေမည်အား လျှော့ချခြင်းနှင့် အသိပညာ၊ နည်းကိရိယာများနှင့် ချဉ်းကပ်နည်းလမ်းများအား အပြန်အလှန် ဖလှယ်ခြင်း တို့မှတဆင့် စီမံကိန်း မိတ်ဖက် အဖွဲ့

အစည်း များ၏ ပေါင်းစည်းထားသော အကျိုးသက်ရောက်မှုအား အမြင့်ဆုံး ဖြစ်စေရန်အတွက် ရည်မှန်းချက်ထားမည် ဖြစ်ပါသည်။ IP ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း ဆိုင်ရာ ယန္တရားသည် ပဋိပက္ခ အလေးထားလုပ်ကိုင်သည့် နည်းလမ်းများနှင့် LIFT ၏ ပဋိပက္ခ အလေးထားသည့် မူဝါဒများ အကောင်အထည်ဖော်ခြင်း အပေါ် သီးသန့် အလေးထားမည် ဖြစ်ပါသည်။

လက်ရှိ ဖြစ်ပွားဆဲ ပဋိပက္ခများ၏ ပြောင်းလဲမှုအားများနှင့် ပတ်သက်ဆက်နွယ်သူများ အားလုံး ပါဝင်စေခြင်းနှင့် ပူးပေါင်း ပါဝင်ခြင်း တို့အတွက် ၎င်းတို့၏ သက်ရောက်မှုများအား ထိုက်သင့်သည့် စဉ်းစားဆင်ခြင်မှု ပြုလုပ်လျက် အစိုးရနှင့် တိုင်းရင်းသား ဝန်ဆောင်မှု ပေးသူများနှင့် ပူးပေါင်း ဆောင်ရွက်ရန် အတွက် သင့်လျော်သည့် ရပ်ဝန်းများနှင့် ယန္တရားများကိုလည်း ကြိုးပမ်း ရှာဖွေ ဖော်ထုတ်မည် ဖြစ်ပါသည်။ ပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ ယန္တရားများ ဖြစ်မြောက်စေရန် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြစ်ကြီးနားနှင့် လားရှိုးမြို့များ၌ အခြေစိုက်သည့် LIFT ၏ ညှိနှိုင်းရေးမှူး (၂)ဦးမှ ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။

## အရှေ့တောင်ပိုင်းဒေသ

### ခြုံငုံဖော်ပြချက်

ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးများနှင့် မွန်၊ ကရင်၊ ကယားပြည်နယ်များနှင့် ရှမ်းပြည် တောင်ပိုင်းကို ရည်ညွှန်းသည့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသတွင် ကရင် အမျိုးသား အစည်းအရုံး (KNU)၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် မြန်မာအစိုးရတို့ အကြား နှစ်ဖက် အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ ခုနှစ်မှ စတင်၍ ကျေးရွာ၊ ခရိုင်နှင့် ပြည်နယ်အဆင့်တွင် ခက်ခဲ ရှုပ်ထွေးသည့် အရွေ့အပြောင်းများကို မြင်တွေ့ခဲ့ပြီး ဖြစ်ပါသည်။ တနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA) လုပ်ငန်းစဉ်အား အကောင်အထည် ဖော် ဆောင်ရာတွင် တိုးတက်မှု မရှိဟု ထင်မြင်ယူဆခဲ့သဖြင့် ရေရာသေချာခြင်းမရှိသည့် အနေအထားသစ်တစ်ခုသို့ ရောက်ရှိ စေခဲ့သော်လည်း အဖွဲ့နှစ်ဖွဲ့ ချင်းစီ စတင်ခဲ့သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် NCA လုပ်ငန်းစဉ်မှ ထပ်မံ၍ အရှိန်အဟုန် မြှင့်တင်ခဲ့ပါသည်။၅၅

၂၀၁၉ ခုနှစ်တွင် အခြေအနေမှာ ရှုပ်ထွေးနေခဲ့ပါသည်။ ထို့အပြင် အရှေ့တောင်ပိုင်း ဒေသတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) ၊ အခြား လက်နက်ကိုင် အုပ်စုများသည် အချို့သော ဒေသများတွင် ဩဇာအာဏာအား ထိန်းချုပ် ထားခဲ့ပါသည်။ ၎င်းတို့အနက်မှ အချို့မှာ မြန်မာ့စစ်တပ် ၏ လက်အောက်ခံ နယ်ခြားစောင့်တပ်ဟု ပြန်လည်ပြင်ဆင် ခေါ်ဝေါ်ခဲ့ကြပါသည်။

ပဋိပက္ခ သက်ရောက်မှုရှိသည့် နယ်မြေများတွင် ကျယ်ပြန့်သည့် အမျိုးအစား (၃)မျိုး တည်ရှိနေပါသည်။

- EAO များမှ ထိန်းချုပ်ထားသည့် ဒေသများ (အများစုမှာ ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်တလျှောက်၊ အဓိက လမ်းမကြီးများ ဝေးကွာသည့် ဒေသများနှင့် မြို့များနှင့် ဝေးလံသည့် ဒေသများ)
- ရှုပ်ထွေးပြီး ဒေသအခြေအနေလိုက် သူ့နည်းသူ့ဟန်နှင့် လုပ်ကိုင်ဆောင်ရွက်နေသည့် EAO များ၏ အာဏာပိုင်များနှင့် အစိုးရအာဏာပိုင်များ ရောနှော ထိန်းချုပ်ထား ဒေသများ
- အစိုးရမှ ထိန်းချုပ်မှုအား ထိန်းသိမ်းထားသော်လည်း ဆက်လက်ဩဇာညောင်းရန် ပြိုင်ဆိုင်မှု ဆက်လက် ရှိနေသော တင်းမာမှုများရှိသည့် ဒေသများ
- ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးဆီသို့ ဦးတည်သည့် တိုးတက်မှုများမှာ ၂၀၁၂ ခုနှစ်မှ စတင်၍ နှေးကွေးလာခဲ့ပါသည်။

ယေဘုယျအားဖြင့် အပစ်အခတ် ရပ်စဲခြင်းများအား ထိန်းသိမ်းထားခဲ့ခြင်း ရှိသော်လည်း NCA တွင် ဖော်ပြထားသည့် ကြားကာလ စီစဉ်ဆောင်ရွက်မှုများအား အကောင်အထည် ဖော်ရာတွင် တိုးတက်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် KNU မှ အစပိုင်းတွင် ၎င်း၏ အပြည့်အဝ ပါဝင်မှုအား ပြန်ရုပ်သိမ်းခဲ့သော်လည်း ၂၀၂၀ ရွေးကောက်ပွဲပြီးနောက် ဆက်လက် ဆောင်ရွက်မှု ရှိနေမည်အား သေချာစေမည့် ရည်မှန်းချက်ဖြင့် ယခုအခါတွင် ပြန်လည် ထိတွေ့ဆောင်ရွက်ခြင်းအား မြင်တွေ့နေရပါသည်။ မကြာသေးမီက ကြေငြာခဲ့သည့် ကြေငြာချက်များ မှ တွင် KNPP အား အကျိုးသက်ရောက်မှု ရှိနေသည့် နိုင်ငံရေး လှုပ်ရှားပြောင်းလဲမှုများသည် ၎င်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထိတွေ့ပါဝင် ဆောင်ရွက်မှုများတွင် အကျိုးဆက်ဖြစ်ပေါ်နိုင်မည်ဟု ညွှန်ပြနေပါသည်။ အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး စင်တာမှ KNPP မှ NCA အား လက်မှတ် ရေးထိုးရန်အတွက် စဉ်းစားရန် လိုလားကြောင်း လူသိရှင်ကြား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ပဋိပက္ခ ဖြစ်ပွားနေသည့် အဖွဲ့များ အကြား နိုင်ငံရေး ပြိုင်ဆိုင်မှုများ၏ အပြောင်းအလဲများသည် လူမှုအသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အခွင့်အလမ်းများနှင့် သဘာဝရင်းမြစ်များအပေါ် ထိန်းချုပ်မှု အထူးသဖြင့် EAO များ၏ ထိန်းချုပ်မှု (သို့) လွှမ်းမိုးမှုအောက်တွင် နေထိုင်ကြသည့် လူများအတွက် တိုက်ရိုက်သက်ရောက်မှုရှိပါသည်။

ငြိမ်းချမ်းရေး သဘောတူညီချက်များသည် အခြေအနေပေါ်၌ သက်ရောက်မှုပေါင်းစုံရှိခဲ့ပါသည်။ နေရာဒေသ တော်တော်များများတွင် သွားလာမှု ကန့်သတ်ထားမှုများ ရုပ်သိမ်းခဲ့ပြီး၊ ကျေးရွာများနှင့် ခရိုင်များအကြား ခရီးသွားလာနိုင်သည့် အခွင့်အလမ်းများ ပေါ်ထွက်လာပြီး၊ အရပ်သား များအား နှိပ်စက်ညှင်းပန်းမှုများ လျော့ကျလာခြင်းနှင့် အထူးသဖြင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်၍ အကြမ်းဖက်မှု အတိုင်းအတာ များ လျော့နည်းလာခြင်းအပါအဝင် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်ခံရမှုများ၏ အတိုင်းအတာများ လျှော့ကျလာခဲ့ပါသည်။ NCA ကြောင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်မှု တိုးတက်လာခဲ့ပြီး အများပြည်သူနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား ဖြေရှင်းရာတွင် ဒေသခံပြည်သူများ၏ ပါဝင်မှု မြှင့်တက်လာခဲ့ပါသည်။ ယခုအခါတွင် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်စေရန်နှင့် ဒုက္ခသည် များနှင့် IDP များအတွက် ရေရှည်လိုအပ်ချက်များအား ဖြေရှင်းရာတွင် အခွင့်အလမ်းများ ရှိနေပါသည်။

ဆက်သွယ်ရေး နည်းပညာအသစ်များနှင့် လူမှုအသိုက်အဝန်းများနှင့် ဆက်သွယ်သည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တွန်းအားများ ထပ်မံဖြည့်ဆည်းပေးပါသည်။ လယ်ယာစီးပွားရေးနှင့် လယ်ယာပြင်ပ

၅၅ ၂၀၁၂ ခုနှစ်တွင် KNU ၊ NMSP နှင့် KNPP (အခြားသော လက်နက်ကိုင် အုပ်စုများကဲ့သို့) မြန်မာအစိုးရနှင့် နှစ်ဦးသဘောတူ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးခဲ့ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ KNU သည် ၂၀၁၅ ခုနှစ်၌ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်အား ကရင်ပြည်နယ်ရှိ ပိုမိုသေးငယ်သည့် အခြား EAO (၂) ဖွဲ့နှင့် အတူလက်မှတ်ရေး ထိုးခဲ့ပါသည်။ KNPP နှင့် NMSP တို့သည် လက်မှတ်ရေးထိုးခြင်း မပြုလုပ်ခဲ့ပါ။ သို့သော် ယခင်နှစ်ဖက်သဘောတူညီမှု စာချုပ်သည် ဆက်လက်တရားဝင်နေပါသေးသည်။ NCA အားလက်မှတ်ရေးထိုးခဲ့သည့် ကနဦး EAO များတွင် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက် ရေးတပ်မတော် (KNU–KNLA) ငြိမ်းချမ်းရေးကောင်စီ၊ ပအိုင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ တို့ပါဝင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အဆိုပါအုပ်စုများအတွင်းသို့ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့မှ ပူးပေါင်းပါဝင်လာခဲ့ပါသည်။

ကဏ္ဍများအပါအဝင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းအသစ်များ၊ သဘာဝ သယံဇာတများအား လက်လှမ်းမီရယူနိုင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ တိုးတက်လာနေပါသည်။

အဆိုပါဖွံ့ဖြိုးတိုးတက်မှုများအား နိုင်ငံတော်နှင့် အစိုးရမဟုတ်သော လုပ်ရှားဆောင်ရွက်သူများအပါအဝင် လူအများအပြားမှ ကြိုဆိုခဲ့ကြပါသည်။ သို့သော်လည်း ခိုင်မာအားကောင်းသည့် တရား ဥပဒေစိုးမိုးမှု မရှိသည့်အခါနှင့် အားနည်းသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ ယန္တရားများနှင့် တွေ့ကြုံ ရသည့်အခါ ဆက်နွယ်သူများအကြား ဆက်ဆံရေးများတွင် အပြောင်းအလဲများနှင့် ရင်းမြစ်စီးဆင်းမှု အားအကောင်းဆုံး အသုံးချနိုင်ရန် ပြိုင်ဆိုင်ရာတွင် တင်းမာမှုများ ကို မြှင့်တက်လာစေခဲ့ပါသည်။

NCA ၏ အခန်း(၆) ရှိ ကြားဖြတ် အစီအစဉ်များ အပိုဒ်သည် ဒေသခံ ပြည်သူများအတွက် မသေချာမှုများ၊ ထိန်းချုပ်မှု မျိုးစုံရှိသော ဒေသများတွင် စင်ပြိုင်ဖွဲ့စည်း တည်ဆောက်ပုံများအားဖြစ်ပေါ်စေခြင်းနှင့် လူမှုအသိုက်အဝန်းများ၏ ထိရှလွယ်မှု နှင့် အားနည်းထိခိုက်လွယ်မှုများ တိုးပွားလာမည့် အလားအလာများကို ဖန်တီးပါသည်။

သဘောတူညီမှုအား အကောင်အထည်ဖော်ဆောင်ရန် ပျက်ကွက်ခြင်းသည်လည်း တင်းမာမှုများအား၊ မီးလောင်ရာ လေပင့်ပေးပါသည်။ ဤပြောင်းလဲမှုစေနိုင်သည့်အားကြောင့် အခွန်ကောက်ခံခြင်း၊ နိုင်ငံသားဖြစ်မှုမှတ်ပုံတင်ခြင်း၊ မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှုဆိုင်ရာ ကိစ္စရပ်များ အားလုံးအပေါ်သက်ရောက်မှုရှိခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုပင် သံသယများဖြင့် မကြာခဏရှုမြင် ခဲ့ကြပါသည်။

မြေယာပိုင်ဆိုင်မှုဆိုင်ရာ ယန္တရားများနှင့် မြေအသုံးပြုမှုဆိုင်ရာ အလေ့အကျင့်များသည် ပြည်နယ်နှင့် တိုင်းဒေသကြီး များအားလုံးနှင့် EAO ထိန်းချုပ်ထားသည့် ဒေသများတွင် အမျိုးမျိုး ကွဲပြားနေပြီး မြေယာလုပ်ပိုင်ခွင့်နှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့တွင် တစ်နေရာနှင့်တစ်နေရာ ကွဲပြားခြားနားနေပါသည်။ ဓလေ့ထုံးတမ်းဆိုင်ရာ ဘုံမြေအား အသုံးချခြင်းဆိုင်ရာ အလေ့အကျင့်များသည် မြေယာအပေါ် သက်ရောက်မှု ရှိသည့် ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ရှုပ်ထွေးမှုများကို ထပ်မံ ဖြစ်စေပါသည်။

မြေယာအငြင်းပွားမှုများတွင် နိုင်ငံတော်မှ သိမ်းယူခြင်းနှင့် အလွဲသုံးစားပြုခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက်များ မှ လျော်ကြေးပေးခြင်းမရှိဘဲ (သို့) ရှင်းလင်းစွာကြိုတင် အသိပေးခြင်းနှင့် သက်ရောက်မှုရှိသည့် လူမှု အသိုက်အဝန်းများအား အသိပေး သဘောတူညီခြင်းမရှိဘဲ ‘မြေယာသိမ်းဆည်း’ ခြင်းနှင့် သက်ဆိုင်သည့် တိုင်တန်းချက်များ ပါဝင်ပါသည်။ မြေယာ အငြင်းပွားမှုများနှင့် ဆက်နွယ် နေသည့် သမိုင်းကြောင်းသည် တိမ်မြှုပ်နေသည့် တင်းမာမှုများကို မီးလောင်ရာ လေပင့်ပေးပြီး မြေယာနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၏ ထိလွယ်ရှလွယ်ဖြစ်မှုအား ပိုမိုဆိုးရွားစေပါသည်။

မကြာသေးမီ အချိန်မှ စ၍ ဒီမိုကရေစီ ဖော်ဆောင်သည့် ကြိုးပမ်းမှုများ ရှိသော်လည်း အရှေ့တောင်ပိုင်းဒေသတွင် ပြင်းထန်သည့် စစ်ရေး လှုပ်ရှားမှုများ ဆက်လက်ရှိ နေပါသေးသည်။ ကျေးလက်ဒေသအများအပြားတွင် စိုက်ပျိုးမြေသိမ်းဆည်းခြင်း၏ သက်ရောက်မှုများ ရှိနေစဉ် စစ်တပ်အရာရှိကြီးများနှင့် ၎င်းတို့နှင့် ဆက်နွယ်မှုရှိသည့် ရင်းနှီးမြှုပ်နှံသူများမှ စီးပွားဖြစ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် အခြားသဘာဝ သယံဇာတ အရင်းအမြစ်များပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် မြေငှားချထားသောမြေအား သိသာထင်ရှားစွာ ထိန်းသိမ်းထားပါသည်။ ဤ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဏာနှင့် လုပ်ပိုင်ခွင့်ပေါင်းစပ်ထားမှုတို့အကြား အချင်းချင်း ဆက်နွယ်မှုမှာ လူမှုအသိုင်းအဝိုင်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှုကို မြှင့်တက်စေသည့် ပြောင်းလဲစေနိုင်သည့် အင်အား၏တစိတ် တဒေသ ဖြစ်ပါသည်။

လမ်းများရေကာတာများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စခန်းများနှင့် ပိုက်လိုင်းများတည်ဆောက်ခြင်းအပါအဝင် အကြီးစား အခြေခံ အဆောက်အဦ စီမံချက်များတွင် အလွန်အငြင်းပွားဖွယ်ကိစ္စရပ်များ ရှိနေပါသည်။ အမျိုးသားနှင့် ဒေသဆိုင်ရာ အဆင့် လူမှု အသိုက်အဝန်းကွန်ရက်များမှ အဆိုပါ စီမံချက် အများအပြားအား တက်ကြွစွာ ကန့်ကွက်ခဲ့ကြပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ထံမှ အချို့တွင်အစိုးရနှင့် EAO တို့၏ ကူညီပံ့ပိုးပေးမှုနှင့် ပါဝင်ပတ်သက်မှုတို့ပါဝင်ပါသည်။

တိုက်ရိုက်ထိခိုက်ခံစားရသည့်အရပ်ဘက်လူမှုအသိုက်အဝန်းများနှင့် ရပ်ရွာလူထုတို့၏ စိုးရိမ်ပူပန်မှုများအပြင် EAO များအကြား နစ်နာမှုများအား အတွင်းကျကျ အပြည့်အဝ ဖြေရှင်းပေးခြင်း(သို့) အသိအမှတ်ပြုခြင်းမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် အခွင့်အလမ်းများ စတင်ဖွင့်ပေးခြင်း၏ ဂယက်ရိုက်ခက်မှုများနှင့် ပတ်သက်၍ ပိုမိုနက်ရှိုင်းသည့် စိုးရိမ်ပူပန်မှုများလည်း ရှိနေ ခဲ့ပါသည်။ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များ ၏ အခြေခံအကြောင်းရင်းများအား လုံလောက်စွာ ဖြေရှင်းခြင်းမရှိဘဲ ဖွံ့ဖြိုးရေးဆိုင်ရာ ဖြေရှင်းနည်းလမ်းအား ကြိုးပမ်းခြင်းသည် EAO များမှ ၎င်းတို့၏ နစ်နာမှုများကို အပြည့်အဝဖြေရှင်းနိုင်မည့် စွမ်းဆောင်နိုင်မှုကို အဟန့်အတား ဖြစ်စေမည့်အလားအလာများ ရှိပါသည်။

ပဋိပက္ခသည် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ ရေရှည်စွန့်ခွာထွက်ပြေးရမှုအား မကြာခဏ ဖြစ်စေခဲ့ပါသည်။ မြေယာသိမ်းဆည်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွယ်နေသည့် နေရပ်စွန့်ခွါရခြင်းတို့ကြောင့် အရှေ့တောင်ပိုင်း ဒေသတစ်ခုလုံးတွင် နေရပ်စွန့်ခွာမှု ထပ်မံ၍ဆက်လက် ဖြစ်ပေါ်နေပါသည်။ ပဋိပက္ခ၊ တင်းမာမှုများနှင့် အဖွဲ့များအကြား သဘောတူညီချက်မရှိခြင်းတို့ ဆက်လက်ရှိနေခြင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း နယ်စပ်ဒေသများနှင့် အခြားဒေသများရှိ လူအများအား ပြန်လည်နေရာချထားခြင်း အတွက် တရားဝင် စနစ်များတွင် ပါဝင်ရန်အတွက် တွန့်ဆုတ်မှုများကို ဖန်တီးပေးပါသည်။ ဒေသအတွင်းတက်ကြွစွာ ဆောင်ရွက်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီ အများအပြားရှိနေပြီး ထိရောက်သည့် ပူပေါင်းညှိနှိုင်းဆောင်ရွက်သည့် ယန္တရား ရှိမနေခြင်းကြောင့်လည်း အခြေအနေကို ပိုမိုရှုပ်ထွေးစေပါသည်။

အရှေ့တောင်ပိုင်းဒေသရှိ မြို့နယ်(၂၆) မြို့နယ်မှ ကျေးလက်ဒေသများတွင် ခန့်မှန်းချေ အနိမ့်ဆုံးလူဦးရေ ၁၆၂,၀၀၀ သည် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင် သူများအဖြစ် ကျန်ရှိနေပါသည်။[၅၆] ဤခန့်မှန်းချေများမှာ လက်နက်ကိုင်ပဋိပက္ခ၊ အထွေထွေအကြမ်းဖက်မှု၊ အကြမ်းဖက်သည်ဟု သတ်မှတ်ထားခြင်း၊ အကြီးစား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များ(သို့) သဘာဝ ဘေးအန္တရာယ်များ တို့ကြောင့် ၎င်းတို့၏နေအိမ်များမှ ထွက်ခွာရန်တွန်းအားပေးခြင်း ခံရသူများအား ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများဟု အသိအမှတ်ပြုထားသည့် နိုင်ငံတကာ စံချိန်စံညွှန်းများမှ အပေါ် အခြေခံထားပါသည်။ ဒေသတွင်းနေရပ်စွန့်ခွာရခြင်းတွင် အခြေအနေပုံသဏ္ဍာန် အမျိုးမျိုးရှိပါသည်။ အချို့သော ပြည်တွင်း နေရပ်စွန့်ခွာ သူများသည် တောတောင်များ အတွင်း၌ ပုန်းခိုနေထိုင်နေကြပါသည်။ စစ်တပ်မှ အချို့သောသူများအား အတင်းအကြပ် ပြန်လည်နေ ရာ ချထားသည့် နေရာများတွင် ပြန်လည် နေရာချထားခဲ့ပါသည်။ မြန်မာနိုင်ငံ တောင်ပိုင်းတွင် အနည်းငယ်သော နေရပ်စွန့်ခွာ တိမ်းရှောင် သူများသာ ခိုလှုံရာ စခန်းများတွင် နေထိုင်ကြပါသည်။[၅၇]

[၅၆] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် လူမှုဘဝလုံခြုံရေး၊ TBC၊ ၂၀၁၈ ခုနှစ်နိုဝင်ဘာလ။

[၅၇] သင်မမွေးခင်သင့်အမေထွက်ပြေးခဲ့ရသည် – မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ နေရပ်စွန့်ခွာမှုနှင့် စိတ်ပျက်ဖွယ်ရာများ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုရန်

အပစ်အခတ်ရပ်စဲထားသည့် အချိန်အတွင်း တိုင်းရင်းသားနယ်မြေများ၌ သဘာဝသယံဇာတများ ထုတ်ယူသည့် လုပ်ငန်း၊ စီးပွားရေးဖြစ်စိုက်ပျိုးရေး လုပ်ငန်းနှင့် လမ်းဖောက်လုပ်သည့်လုပ်ငန်းများ ချဲ့ထွင်ခြင်းသည် သစ်တောပြုန်းတီးမှုကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ ရလဒ်အနေဖြင့် ရေဝေရေလွှဲဒေသများတွင် ရေကြီးခြင်းနှင့် မြေပြိုကျခြင်းတို့စတင်၍ ပိုမိုပြီးဖြစ်လေ့ဖြစ်ထရှိလာသည်ကို တွေ့မြင်လာရပါသည်။ လွန်ခဲ့သည့် (၅)နှစ်အတွင်း အရှေ့တောင်ဒေသတွင် ပဋိပက္ခသက်ရောက်မှုရှိသည့် လူမှုအသိုက်အဝန်းများမှ လူဦးရေ ၃၈,၀၀၀ ကျော်သည့် သဘာဝ ဘေးအန္တရာယ်များ ကြောင့် နေရပ်စွန့်ခွာခဲ့ရသည် ဟု ခန့်မှန်းထားပါသည်။[၅၈]

၂၀၁၉ ခုနှစ်ဖွန်လတွင် မြန်မာနိုင်ငံမှ လူဦးရေ ၉၅,၀၀၀ ခန့်သည် ထိုင်းနိုင်ငံရှိဒုက္ခသည် စခန်း(၉)ခုတွင် ရှိနေခဲ့ကြ ပါသည်။[၅၉]မြန်မာနိုင်ငံမှ အထောက် အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ အများအပြားအား ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုခံရမည့် အခြေအနေများရှိသော်လည်း ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ် ဒုက္ခသည်ဆိုင်ရာသဘောတူစာချုပ်အား လက်မှတ်ရေးထိုးထားသည့် နိုင်ငံမဟုတ်ချေ။[၆၀] ၂၀၁၃ ခုနှစ် ဖွန်လမှ စတင်၍ UNHCR မှ စနစ်တကျ ဆန္ဒအလျောက် နေရပ်ပြန်ပို့သည့် စီမံချက် မရှိခင်အချိန်၌ စတင်နိုင်မည့်လုပ်ငန်းစဉ်ဖြစ်သည့် အရှေ့တောင်ပိုင်းဒေသသို့ အလိုအလျောက် ပြန်နိုင်ရန်ဆန်းစစ်ပေးမည့် စနစ်တစ်ခုအား ရေ့ပြေးစမ်းသပ်ခဲ့ပါသည်။ မှန်ကန်ကြောင်းအတည်ပြုသည့် နေရပ်ပြန်ကျေးရွာ ဆိုသည်မှာ ၂၀၂၂ခုနှစ် ဇန်နဝါရီလမှ စတင်၍ အမြဲတမ်း နေရစ်ရန် ရည်ရွယ်ချက်ဖြင့် နေရပ်သို့ ပြန်လာသည့် ဒုက္ခသည်များနှင့်/ သို့ ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်များရှိသည့် ကျေးရွာအား UNHCR မှ အတည်ပြုခဲ့ပြီး ဖြစ်သည့်ကျေးရွာဖြစ်ပါသည်။ ၂၀၁၈ခုနှစ်ကုန်အထိ ဒုက္ခသည် ၄,၀၀၀ ကျော်နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၁,၅၀၀ ခန့်သည် ကျေးရွာပေါင်း ၄၀၀ ကျော်ထံပြန်လာခဲ့ပြီး ဖြစ်ပါသည်။[၆၁] UNHCR ၊ ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ထိုင်းနိုင်ငံမှ Mae Fah Luong ဖောင်ဒေးရှင်း ကဲ့သို့သော နိုင်ငံတကာမှ လုပ်ရှားဆောင်ရွက်သူများနှင့် အတူ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ မှအစိုးရများသည် အဆင်ပြေချောမွေ့စွာ နေရပ်ပြန်ပို့ရေး အစီအစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများ ရှိပါသည်။ ထိုင်းနိုင်ငံမှ စခန်းများ အတွက် နိုင်ငံတကာအလှူရှင်များမှ ပေးသည့် ရန်ပုံငွေထောက်ပံ့မှုကို ဖြတ်တောက်လိုက်သော်လည်း ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံသို့ နေရပ်ပြန်မည့် ဒုက္ခသည်များအတွက် ကြိုးပမ်းအားထုတ်မှုများမှာ ဒုက္ခသည်များ နေထိုင်သည့် တဖြည်းဖြည်းခြင်းတိုးတက်လာပါသည်။ အရပ်ဘက်လူမှုရေး အဖွဲ့များ၏ အစီရင်ခံစာများအရ နေရပ်ပြန်သူများ အဓိကကြုံတွေ့ရသည့် စိန်ခေါ်မှု များမှာ ဘေးကင်းလုံခြုံမှု၊ ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်းတို့ဖြစ်ပါသည်။

အရှေ့တောင်ပိုင်းဒေသရှိ ပဋိပက္ခသက်ရောက်မှု ရှိသည့်ဒေသများတွင် နေထိုင်နေကြသည့် လူမှုအသိုက်အဝန်း အများစုမှာ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေကြသည့် သူများဖြစ်ကြပြီး လူအများအပြားသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းများ အတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်း အပါအဝင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် လုပ်ကွက်ငယ်စိုက်ပျိုးရေး တို့အပေါ်၌ ဆက်လက်မှီခိုနေရပါသည်။ နေရာဒေသအများအပြားတွင် ဝင်ငွေရနိုင်သည့် လုပ်ငန်း အမျိုးအစားများ၏ အဆင့်မှာနိမ့်ကျပြီး လုပ်ကွက်ငယ်တောင်သူတော်တော် များများသည် တစ်ခုတည်းသော ဝင်ငွေရလမ်းတစ်ခုတည်း အပေါ်၌ အများအားဖြင့် မှီခိုနေပါသည်။

ဆယ်စုနှစ်များစွာ ကြာမြင့်သည့် ပဋိပက္ခများနှင့် မတည်ငြိမ်မှုများ အပြင်ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်း အကန့် အသတ်ဖြင့်သာ ရှိနေခြင်းတို့မှ အိမ်နီးချင်းနိုင်ငံ များ အထူးသဖြင့် ထိုင်းနိုင်ငံသို့ ကျယ်ပြန့်သည့် အတိုင်းအတာရှိသည့် လုပ်သားရွှေ့ပြောင်း သွားလာခြင်း ရလဒ်ကိုဖြစ်ပေါ်စေခဲ့ပြီး အလွှန်နည်းပါးသည့် ဝင်ငွေသာရှိပြီး စားနပ်ရိက္ခာလုံလောက်မှု မရှိသည့် လူမှုအသိုက်အဝန်းများ အတွက် ငွေလွှဲပေးပို့ခြင်းသည် တစ်ခုတည်းသော ရှင်သန်ရပ်တည်နိုင်သည့် နည်းလမ်းအဖြစ် ဆက်လက်ရှိနေပါသည်။[၆၂]

မကြာသေးမီက ပြုလုပ်ခဲ့သည့် ကဏ္ဍအလိုက်အပြန်အလှန် ဆန်းစစ်မှုမှ အရှေ့တောင်ပိုင်းဒေသတွင် အားနည်းထိခိုက် လွယ်မှု အဆင့်အမြင့်ဆုံးဖြစ်ရသည်မှာ အဓိကအားဖြင့် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် အခြေခံဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အဦ တို့အား အလွန် နည်းပါးစွာ ရယူနိုင်ခြင်းတို့ကြောင့် ဖြစ်သည်ဟုညွှန်ပြနေပါသည်။ တောင်တန်းဒေသများတွင် လူနေ ကျဲပါးခြင်း လည်း လူမှုကာကွယ် စောင့်ရှောက်ခြင်း နှင့် သဘာဝဘေးအန္တရာယ်များအား တုံ့ပြန်နိုင်သည့် စွမ်းရည်များတွင် အကန့်အသတ်များရှိနေခြင်းက ပိုမိုဆိုးရွား စေပါသည်။[၆၃]

အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့် စပ်လျဉ်း၍ လည်း အရှေ့တောင်ပိုင်း ဒေသတခုလုံးတွင် အာဟာရချို့တဲ့သည့်နှုန်းမှာလည်း တစ်နေရာနှင့် တစ်နေရာကွဲပြားခြားနားပါသည်။ ပုညက်မှုမှာ ကယားပြည်နယ်ရှိ (၅)နှစ်အောက် ကလေးသူငယ်များ၏ ၄၁% အပေါ် သက်ရောက်မှု ရှိပြီး ကရင်ပြည်နယ်တွင် (၅)နှစ်အောက် ကလေးသူငယ်များ၏ ၂၆% အပေါ် သက်ရောက်မှုရှိပါသည်။ အာဟာရချို့တဲ့မှု အတော် အတန်များသည့် ဒေသများအတွင်းတွင် အာဟာရချို့တဲ့မှု ပြင်းထန်သည့် နေရာများ ရှိနေသည်မှာ မြင်တွေ့နေကျမဟုတ်သည့် ကိစ္စများ မဟုတ်ပါ။ ဥပမာအားဖြင့် သံတောင်ကြီး ဒေသတွင် အာဟာရချို့တဲ့မှုနိမ့်ပါးသည့် အဆင့်အား ကရင်ပြည်နယ် တစ်ခုလုံး၏ ပျမ်းမျှအခြေအနေနှင့် နှိုင်းယှဉ်ရာတွင် အာဟာရချို့တဲ့မှုမြင့်မားပြီး ကလေးသူငယ်များ၏ ၅၃% မှာ ပုညက်နေကြပြီး ကလေးများ၏ သုံးပုံနှစ်ပုံမှာ ပုံမှန်အောက် ကိုယ်အလေးချိန်ရှိ ကြပါသည်။ မြို့နယ်ခွဲအားလုံးတွင် ပုညက်မှုအဆင့် များမှာ ၄၀% အကျော်တွင် ရှိကြပြီး ဝင်ငွေအလိုက်အုပ်စုများ အားလုံးတွင်လည်း မြင့်မားပါသည်။[၆၄] ဤကိန်းဂဏန်းများအား ကရင်ပြည်နယ် နှင့် ကယားပြည်နယ်တွင် CPI နှင့် International တို့မှ မကြာသေးမီကပြုလုပ်ခဲ့သည့် အာဟာရဆိုင်ရာ ညွှန်းကိန်းများအပေါ် ကောက်ယူခဲ့သည့် ကနဦးစစ်တမ်းမှ ရှာဖွေတွေ့ရှိခဲ့သည်များမှ အတည်ပြု ခဲ့ပါသည်။

---

၅၈ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် လူမှုဘဝလုံခြုံရေး၊ TBC၊ ၂၀၁၈ ခုနှစ်နိုဝင်ဘာလ။

၅၉ RTG/MOI–UNHCR. UNHCR၊ ၂၀၁၉ ခုနှစ် ဖွန်လ ၃၀ ရက်

၆၀ မသင်မမွေးခင်သင့်အမေထွက်ပြေးခဲ့ရသည် – မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ နေရပ်စွန့်ခွာမှုနှင့် စိတ်ပျက်ဖွယ်ရာများ၊ TBC၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ

၆၁ UNHCR ၏ ပြန်လည်ဝင်ရောက်လာသူများ ဆိုင်ရာ ဆန်းစစ်ချက်၊ ၂၀၁၈ ခု၊ ဒီဇင်ဘာလ။

၆၂ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် လူမှုဘဝလုံခြုံရေး၊ TBC၊ ၂၀၁၈ ခုနှစ်နိုဝင်ဘာလ။

၆၃ မြန်မာနိုင်ငံရှိ အားနည်းထိခိုက်လွယ်မှု၊ MIMU – HAPP ၂၀၁၈

၆၄ ကရင်ပြည်နယ်မြောက်ပိုင်း ရှိ ကျေးလက်နေဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေများနှင့် အာဟာရ ရလဒ်များတိုးတက်လာခြင်း – အာဟာရဆိုင်ရာ သက်ရောက်မှုများအား ဆန်းစစ်ချက်၊ Consortium of Dutch NGO (CDN)၊ World Concern Myanmar (WCM) ၊ Coraid ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ)

ဆင်းရဲနွမ်းပါးမှု နှင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းမှာ အရှေ့တောင်ဘက်ဒေသ တစ်ခုလုံးတွင် ပျံ့နှံ့မှုရှိနေပြီး ၎င်းတို့မှာ အထူးသဖြင့် ကျေးလက်၊ တောင်တန်းဒေသနှင့် ပိုမိုဝေးလံခေါင်သီသည့် ဒေသများတွင် စုစည်းနေပါသည်။ မြန်မာနိုင်ငံ အဏာအာဟာရ နှင့် အစာ စားသုံးမှု စစ်တမ်း[၆၅]မှ အချက်အလက်များမှ စားနပ်ရိက္ခာ ဖူလုံမှုအမြင့်ဆုံးတွင် မွန်ပြည်နယ် (အိမ်ထောင်စုများ ၈၆%) နှင့် တနင်္သာရီတိုင်းဒေသကြီး (အိမ်ထောင်စုများ၏ ၇၇%) ဖြစ်ပြီး အနိမ့်ဆုံးမှာ ကယားပြည်နယ် (အိမ်ထောင်စုများ၏ ၂၁%) နှင့် ကရင်ပြည်နယ် (အိမ်ထောင်စုများ၏ ၃၇%) ဖြစ်သည်ဟု အစီရင်ခံခဲ့ပါသည်။ အိမ်ထောင်စု ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု ရမှတ် (HDDS) အတွက်လည်း ကရင်ပြည်နယ်သည် ရိက္ခာအမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု အဆိုးရွားဆုံး (အိမ်ထောင်စုများ၏ ၆၈ ရာခိုင်နှုန်းတွင် HDDS ရမှတ် ၆ မှတ်အောက်ရှိနေပါသည်) ဖြစ်ပြီး ၎င်းနောက်၌ ကယားပြည်နယ် (အိမ်ထောင်စုများ၏ ၅၃%) မှ ရပ်တည်နေသဖြင့် တူညီသည့်ပုံစံအနေဖြင့် တည်ရှိနေပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် ပတ်သက်၍ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ကျရောက်နေသည့် တနင်္သာရီတိုင်း၏ အိမ်ထောင်စုများ၏ အနိမ့်ဆုံးအချိုးအစားမှာ ၁၃% ရှိပါသည်။ ၎င်းနောက်တွင် မွန်ပြည်နယ် (၁၉%)၊ ကရင်ပြည်နယ် (၂၄%) နှင့် ကယားပြည်နယ် (၃၂%) တို့ဖြစ်ရှိပါသည်။[၆၆]

အပစ်အခတ်ရပ်စဲခြင်းများမှ အသေးစားငွေရေးကြေးရေးနှင့် စိုက်ပျိုးရေး စီမံချက်များ အပါအဝင် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ စီမံချက်များအား အကောင်အထည်ဖော်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ အရှေ့တောင်ပိုင်းဒေသတွင် တည်ရှိနေမှုမှာ တိုးပွားလာသည်ကို တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ စိုက်ပျိုးရေးသည် နောင်လာမည့်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်း အဓိက အလုပ်အကိုင်ပေးနိုင်သည့် ကဏ္ဍအနေဖြင့် ဆက်လက်ရှိနေပြီး၊ စီးပွားရေး တိုးတက်မှုများသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦ၊ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာခြင်း၊ ဈေးကွက်များနှင့် တန်ဖိုးမြှင့် ကွင်းဆက်များအား လက်လှမ်းမီ ရယူနိုင်ခြင်း၊ ငွေရေး ကြေးရေးဆိုင်ရာ ရင်းမြစ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းတို့အပေါ်၌ မူတည်သည် ဖြစ်သဖြင့် အဆိုပါ စီမံကိန်းဆောင်ရွက်ချက်များအား များစွာလိုအပ်လျက်ရှိနေပါသည်။

*ဇယား ၃.၇။ အရှေ့တောင်ပိုင်းဒေသရှိ LIFT ၏ စီမံချက်များ*

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိက လုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| **DSW (Department of Social Welfare of MSWRR)** | ကရင်ပြည်နယ်ရှိ DSW ၏ MCCT အစီအစဉ်အတွက် ကူညီပံ့ပိုးပေးခြင်း | လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ ထောက်ပံ့မှုသည် MCCT အစီအစဉ်အားကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ညှိနှိုင်း ဆောင်ရွက်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်း၊ SBCC | ၂၀၁၉ ဖေဖော်ဝါရီလ မှ ၂၀၂၀ ခုနှစ် ဇွန်လအထိ | ကရင်ပြည်နယ် |
| **DSW (Department of Social Welfare of MSWRR)** | ကယားပြည်နယ်ရှိ DSW အစီအစဉ်အတွက် ကူညီပံ့ပိုး ပေးခြင်း | လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ထောက်ပံ့မှုသည် MCCT အစီအစဉ်အားကူညီပံ့ပိုး ပေးခြင်း ဖြစ်ပါသည်။ ညှိနှိုင်း ဆောင်ရွက်ခြင်း၊ စောင့်ကြည် စစ်ဆေးခြင်း၊ SBCC | ၂၀၁၉ ဖေဖော်ဝါရီလ မှ ၂၀၂၀ ခုနှစ် ဇွန်လအထိ | ကယားပြည်နယ် |
| **Karen Development Network (KDN)** | နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် အသက်မွေး ဝမ်းကျောင်းမှုများအားမြှင့် တင်ခြင်း (ELDP) | TVET၊ ရပ်ရွာလူထု သင်တန်းကျောင်းတည်ဆောက်ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝ သယံဇာတများအား စီမံခန့်ခွဲခြင်း | ၂၀၁၆ ခုနှစ် ဇွန်လ မှ ၂၀၂၀ ခုနှစ် ဇွန်လအထိ | တနင်္သာရီတိုင်းဒေသကြီး |
| **Stitching ZOA, The Netherlands, registered as Consortium of Dutch NGOs (CDN) in Myanmar** | ကရင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးလက်နေ ဆင်းရဲ နွမ်းပါးသူများ၏ ဝင်ငွေများနှင့် အာဟာရဆိုင်ရာ ရလဒ်များ တက်စေခြင်း | အာဟာရ၊ WASH၊ စိုက်ပျိုးရေး၊ တန်ဖိုး မြှင့်ကွင်းဆက်၊ လူမှုရေးရာ ကာကွယ် စောင့်ရှောက်မှု၊ ကျရောက် နိုင်ခြေရှိသည့် ဘေးအန္တရာယ်လျှော့ချခြင်း၊ အသေးစား အခြေခံ အဆောက်အဦများ | ၂၀၁၆ ခုနှစ် ဇွန်လ မှ ၂၀၂၀ ခုနှစ် ဇွန်လအထိ | ကရင်ပြည်နယ် မြောက်ပိုင်း၊ သံတောင်ကြီး မြို့နယ်။ |
| **Swissaid, Metta, GRET** | အရပ်ဘက်လူမှုအသိုင်း အဝန်းအတွက် တောင် တန်းဒေသမြို့နယ် ရန်ပုံငွေ (UFT) | CSO များအတွက် အသေးစား ထောက်ပံ့မှု များ – အသက်မွေးဝမ်းကြောင်း | ၂၀၁၉ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ | ကယားပြည်နယ် |
| **The Border Consortium (TBC)** | တောင်တန်းဒေသ အတွက် စိုက်ပျိုးရေး၊ အာဟာရဖွံ့ဖြိုးမှုနှင့် ဖွံ့ဖြိုးရေးတို့အား ရေရှည် တည်တံ့ခိုင်မြဲသည့် ပြုပြင် ပြောင်းလဲခြင်း (PHASTUP)–အဆင့် ၂ | မြေယာအခွင့်အရေးများ၊ အာဟာရပြည့်ဝမှု၊ WASH၊ လူမှုကာကွယ်စောင့်ရှောက် ခြင်း၊ ဒေသခံ ပတ်သက် ဆက်နွယ်သူများ အတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း (CSO များနှင့် EPS များ) | ၂၀၁၉ ခုနှစ် စက်တင်ဘာလ မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ | ကရင်၊ ကယား မွန်ပြည်နယ်များ နှင့် တနင်္သာရီတိုင်းဒေသကြီး |

၆၅ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (၂၀၁၈ခုနှစ်)၊ မြန်မာနိုင်ငံ အဏာအာဟာရနှင့် အစာစားသုံးမှု စစ်တမ်း

၆၆ ကမ္ဘာ့ဘဏ် (၂၀၁၈ ခုနှစ်)၊ မြန်မာနိုင်ငံ၏ လူနေမှုအခြေအနေမှာ စစ်တမ်း၂၀၁၇၊ အစီရင်ခံစာအမှတ်၃၊ နေပြည်တော်နှင့် ရန်ကုန်၊ မြန်မာနိုင်ငံ၊ ကမ္ဘာ့ဘဏ်

## စိတ်ဝင်စားဖွယ်ရာများ

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသအစီအစဉ်မှ သဘောထားအဆိုပြုချက်ခေါ်ယူခြင်း

၂၀၁၉ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလအတွင်း LIFT သည် အရှေ့တောင်ပိုင်းဒေသအစီအစဉ်မူဘောင်အား သက်ဆိုင်ရာ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်လေ့လာခြင်း လုပ်ငန်းနှင့် အရှေ့တောင်ပိုင်းဒေသရှိ ကယား၊ ကရင်နှင့် မွန်ပြည်နယ် များနှင့် တနင်္သာရီတိုင်းဒေသကြီးသို့ သုံးပါတ်ကြာ သွားရောက်ခဲ့သည့် လေ့လာဆန်းစစ်သည့် ခရီးစဉ်နှင့် ရန်ကုန်မြို့တွင် ဆွေးနွေး တိုင်ပင်မှု များ ပေါင်းစပ်၍ အကောင်အထည်ဖော် ခဲ့ပါသည်။

FMO ဝန်ထမ်းများ၊ ရန်ပုံငွေဘုတ်အဖွဲ့၏ (၂)ဦးနှင့် နိုင်ငံတကာ ကျွမ်းကျင်သူအတိုင်ပင်ခံ (၂)ဦးပါဝင်သည့် လုပ်ငန်း အဖွဲ့ အား အစီအစဉ် မူဘောင်အား ရေးဆွဲအကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့ပါသည်။ လေ့လာဆန်းစစ်သည့် ခရီးစဉ်အတွင်း အစိုးရအား ကိုယ်စားပြုသည့် လူ့ပ်ရှား ဆောင်ရွက်သူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAO)၊ INGO များ၊ ပြည်တွင်း NGO များ၊ CSO များ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် LIFT စီမံကိန်းလုပ်ငန်းများမှ ရွေးချယ်ထားသည့် အကျိုးခံစားခွင့်ရှိသူများ နှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် သဘောထားအဆိုပြုချက်များအား ဒီဇင်ဘာလ (၁၆)ရက်နေ့ နောက်ဆုံး ထားတင်သွင်းရန် စတင်ဖိတ်ခေါ်ခဲ့ပါသည်။

LIFT ၏ အရှေ့တောင်ပိုင်းဒေသစီမံကိန်းလုပ်ငန်းများအား LIFT ၏ ၂၀၁၉ – ၂၀၂၃ မဟာဗျူဟာမှ လမ်းညွှန်မှုပေးခဲ့ ပါသည်။ LIFT ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများနှင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများ အထူးသဖြင့် အမျိုးသမီး များ၊ ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင် သူများနှင့် နေရပ်ပြန်လာသူများ၊ ရွှေ့ပြောင်းသွားလာ နေထိုင်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ မြေယာမဲ့ ပြည်သူများ၊ မသန်စွမ်းသူများနှင့် လူကုန်ကူးခြင်းနှင့် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း ခံရသည့်အားနည်း ထိခိုက်လွယ်သူများ၏ ကြံ့ကြံ့ခိုင်နိုင်စွမ်း နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းမှု များ အားကောင်းစေရန်ဖြစ်ပါသည်။

ပဋိပက္ခအလေးထားသည့် နည်းဟန်ဖြင့် ကြားဖြတ် အစီအမံများအတွင်း လုပ်ငန်းလည်ပတ် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ LIFT ၏ အစီအစဉ်သည် ဖြစ်နိုင်သည့် နေရာများ၌ အားလုံးပါဝင်စေခြင်း၊ ရာသီဥတုကြံ့ကြံ့ခံနိုင်စွမ်း၊ စားနပ်ရိက္ခာ ပြဿနာများအား ဖြေရှင်းသည့်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် အလွန်အမင်း အားနည်းထိခိုက် လွယ်သူများ၏ အသက်မွေးဝမ်းကျောင်းမှုများ ဖူလုံရေးတို့အား အခြေခံလုပ်ငန်းကို ချမှတ်ပေးပြီး အရှိန်အဟုန်မြှင့်တင်ပေးပါသည်။ ဤသည်တွင် ယင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ၊ နေရပ်ပြန်လာသူများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် လုပ်အားခေါင်းပုံဖြတ်သည့် အန္တရာယ် ကျရောက်နိုင်သည့် သူများအပေါ် သတ်သတ်မှတ်မှတ် အာရုံစိုက်မှု ပါဝင်ပါသည်။ LIFT မှ ဆောင်ရွက်ခဲ့သည့် လေ့လာဆန်းစစ်သည့် ခရီးစဉ်နှင့် ဆွေးနွေး တိုင်ပင်မှုများအပေါ် အခြေခံ၍ အရှေ့တောင်ပိုင်း ဒေသ အတွက် စီမံကိန်း အစိတ်အပိုင်း (၄)ခုအား သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။

၎င်းတို့မှာ

- ကယားနှင့် ကရင်ပြည်နယ်များတွင် အာဟာရ ဖွံ့ဖြိုးမှု ချဉ်းကပ်နည်းလမ်းများအတွက် မိခင်နှင့် ကလေးများအား ငွေကြေး ပံ့ပိုးပေးခြင်း (MCCT) နှင့် အတူ အမူအကျင့်ပြောင်းလဲရေး (SBC) အား ပံ့ပိုးကူညပေးခြင်း
- တောင်တန်းဒေသ – စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာ ရ ဖွံ့ဖြိုးရေးအတွက် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် သက်မွေးဝမ်းကျောင်း များအား မြှင့်တင်ခြင်း
- မြေပြန့်ဒေသ – စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းတို့အတွက် အားလုံးပါဝင်စေမည့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု အတွက် အရှိန်အဟုန်မြှင့်တင်ခြင်း
- အဓိကကဏ္ဍများတွင် လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးခြင်းတို့အား အဆုံးသတ်ခြင်း – ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း အပေါ်အာရုံစိုက်ခြင်း
- အဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက်တွင် သဘောထားအဆိုပြုချက် ၆၃ စောင်အား လက်ခံရရှိခဲ့ပြီး၊ ၎င်းတို့အား အကြံပေး (၂)ဦး ၏ ပံ့ပိုးမှုဖြင့် LIFT အဖွဲ့မှ သုံးသပ်အကဲဖြတ်ခဲ့ပါသည်။ အရှေ့တောင်ပိုင်းဒေသ စီမံကိန်းအတွက် အပြီးသတ်အဆိုပြုချက်အား ရန်ပုံငွေဘုတ်အဖွဲ့ထံ ၂၀၂၀ ခုနှစ် မတ်လတွင် တင်ပြီး၊ ရွေးချယ်ခံရသည့် မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းနှစ်၏ ဒုတိယ (၃)လပတ် အတွင်း၌ စီမံချက် အပြည့်အစုံပါဝင်သည့် အဆိုပြုလွှာအား LIFT နှင့် ပူးပေါင်းအကောင် အထည်ဖော်မည် ဖြစ်ပါသည်

### The Border Consortium ၏ STAND UP စီမံချက်

The Border Consortium ၏ STAND UP စီမံချက်သည် ၎င်း၏စီမံချက်ပထမအဆင့်အား ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ပြီးဆုံးခဲ့ပါသည်။ (၂)နှစ်ကျော်ကာလအတွင်း STAND UP စီမံချက်သည် ပဋိပက္ခသက်ရောက်မှု ရှိသည့်သူများ၏ စားနပ်ရိက္ခာ ဖူလုံမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အားကောင်းစေခြင်းအတွက် ဦးတည်သည့် သိသာထင်ရှား သောဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါ သည်။ ကျေးရွာ ၆၄၁ ရွာရှိ လူဦးရေ ၇၁,၀၀၀ ကျော်သည် ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်မှ အကျိုးကျေးဇူးများကို တိုင်းရင်းသား ဝန်ဆောင်မှု ပေးအပ်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတဆင့် တိုက်ရိုက်ခံစား ခဲ့ကြပါသည်။

သဘာဝ သယံဇာတ စီမံခန့်ခွဲမှုအတွက် အခွင့်အရေးများအား အခြေခံသည့် ချဉ်းကပ်နည်းလမ်းများအား မြှင့်တင်ပေးခြင်းသည် စီမံချက်၏ မဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ခဲ့ပါသည်။ မြေယာ ငှားရမ်း လုပ်ပိုင်ခွင့် အာမခံချက်သည် ဤစီမံချက်မှတဆင့် အထူးသဖြင့် ကရင်အမျိုးသား အစည်းအရုံး (KNU) မြေယာအသုံးပြုခွင့် လက်မှတ်အား အစိုးရ၏ လယ်ယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ အသိအမှတ် ထပ်မံ ပြုပေးခြင်းမှတဆင့် လူဦးရေ ၁၉,၀၀၀ ကျော်အတွက် အင်အားဖြစ်စေခဲ့ပါသည်။ ထိုနည်းတူစွာပင် တောင်သူလယ်သမား ၃,၃၀၀ ကျော်သည် တိုးတက်လာသည့် စိုက်ပျိုးရေး ကျွမ်းကျင်မှုများဖြင့် ၎င်းတို့စွန့်လွှတ်ထားခဲ့သည့် စိုက်ပျိုးမြေများကို ပြန်လည် ဖော်ယူခဲ့သည် (သို့) ပဋိပက္ခကြောင့် နှစ်ပေါင်းများစွာ စွန့်လွှတ်ထားခဲ့သည့် ထုတ်လုပ်ရေးဆိုင်ရာ ပိုင်ဆိုင်မှုများအား ပြန်လည်စုဆောင်း လာခဲ့ပါသည်။

STAND UP ၏ သဘာဝသယံဇာတအား သာတူညီမျှလက်လှမ်းမှီ ရယူနိုင်ခြင်းနှင့် ရေရှည်အသုံးပြုနိုင်မှုတို့အား မြှင့်တင် ရာတွင် သက်ရောက်မှု မှာ ယေဘုယျအားဖြင့် အပြုသဘောဆောင်ခဲ့ပါသည်။ ပဋိပက္ခဒဏ်ခံစားရသည့် လူမှုအသိုက် အဝန်းများအတွက် မြေယာငှားရမ်း လုပ်ပိုင်ခွင့်များ ရရှိစေခြင်း နှင့် သစ်တောနှင့် ရေဆိုင်ရာ စီမံခန့်ခွဲမှု အတွက် အခွင့်အရေးများအား အခြေခံသည့် ချဉ်းကပ်နည်းလမ်းများ အား အသိပညာ ပေးခြင်းတို့နှင့် စပ်လျဉ်းသည့် ပြီးစီးအောင်မြင်

မှုများမှာ အလွန်ထင်ရှားပါသည်။ ဥပမာအားဖြင့် စီမံချက်ကာလအတွင်း၌ ကရင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက် (KESAN) သည် KNU ၏ စိုက်ပျိုးရေးဌာနမှ စစ်တမ်းကောက်ယူရာတွင် ကူညီပံ့ပိုးပေးခဲ့ပြီး မြို့နယ်(၅) မြို့နယ် (ဘီးလင်း၊ ဖားအံ၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီးနှင့် ဖာပွန်) ရှိ စုစုပေါင်း အိမ်ထောင်စု ၁၈,၃၆၇ ၏မြေကွက်များအား နယ်နိမိတ် ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။ အဆိုပါမြေကွက်များ၏ ပျမ်းမျှအရွယ်အစားမှာ ၆ ဧက ဝန်းကျင်ရှိခဲ့ပြီး မြေယာ ပိုင်ဆိုင်ခွင့်ရှိကြောင်း စာချုပ်စာတမ်းများ၏ ၄၀% အား အမျိုးသမီးများထံ ထုတ်ပေးခဲ့ပါသည်။ ရေတိုတွင် အိမ်ထောင်စုမြေယာ ငှားရမ်း လုပ်ပိုင်ခွင့် အားကောင်း စေခြင်းအပြင် KESAN သည် KNU ၏ မြေယာမူဝါဒအား စီမံခန့်ခွဲနိုင်ရန် KNU စိုက်ပျိုးရေးဌာန၏ စွမ်းဆောင်ရည် ကိုလည်း အားကောင်း ခိုင်မာစေခဲ့ပါသည်။

KESAN သည် ဇီဝမျိုးကွဲများအား ကာကွယ်စောင့်ရှောက်ရန်နှင့် ကျူးကျော်ဝင်ရောက်ခြင်း ကာကွယ်တားဆီးရန် ကြိုးဝိုင်းကာကွယ်တော (၂)ခုအတွင်း KNU ၏ သစ်တောဌာနမှ စစ်တမ်းကောက်ယူရန်နှင့် ရပ်ရွာလူထုပိုင်မြေနှင့် စိုက်ပျိုးမြေတို့အား နယ်နိမိတ် ပိုင်းခြားသတ်မှတ်ရန် တို့အတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ မယ်တေးတင် (Mae Tae Tin) ကြိုးဝိုင်းကာကွယ်တော၏ အပြင်နယ်နမိတ် ၃၃,၅၂၀ ဧကအား ပိုင်းခြားသတ်မှတ်ပြီးသည့်နောက် ၁၈၁ ဧကပါဝင်နေသည့် ကွမ်းခြံများအား အိမ်ထောင်စု(၄၄)စု မှ ပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုပေးခဲ့ပါသည်။ လုပ်ငန်းစဉ်အား သံတောင်ကြီးဒေသရှိ ၂၇,၄၄၃ ဧက ရှိသည့် ချောင်းမကြီး သစ်တောကြိုးဝိုင်း တွင်လည်း ကျင့်သုံးခဲ့ပါသည်။ အဖွဲ့မှ သစ်တောကြိုးဝိုင်းအတွင်း ဒေသခံ ရပ်ရွာလူထု၏ ဥယျာဉ်များ၊ သစ်သီးဝလံ ဥယျာဉ်များနှင့် ပျိုးခင်းများ ၆၁ ကွက်အား နယ်နိမိတ် သတ်မှတ်ပေးခဲ့ပြီး အိမ်ထောင်စုပေါင်း ၄၆ စု တို့ အတွက် အကျိုးကျေးဇူးရရှိစေခဲ့ပါသည်။

STAND UP စီမံချက်အောက်ရှိ ရေပေးဝေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် အာဟာရဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ၏ ပြည်သူများအား အသိပညာပေး စည်းရုံးလှုံ့ဆော်မှုများမှ အမူအကျင့်ပြောင်းလဲရေးတို့အား မြှင့်တင်ရာတွင် လူဦးရေ ၁၈,၀၀၀ ကျော် ထံရောက်ရှိခဲ့ပါသည်။ အိမ်သုံးရေပေးဝေမှုအား လက်လှမ်းမီရယူနိုင်ခြင်း တိုးတက်လာခဲ့သည်မှ အိမ်ထောင်စု ၆,၀၀၀ ခန့်သည် အကျိုးကျေးဇူးခံစားခဲ့ကြပြီး၊ အိမ်ထောင်စု ၅,၀၀၀ ကျော်သည် ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာများ အသုံးပြုမှုတွင် တိုးတက်လာခဲ့ပါသည်။

မြစ်အောက်အရပ်ရှိ ကျေးရွာများအတွက် အန္တရာယ်ဖြစ်စေသော သက်ရောက်မှုများကို လျှော့ပါးစေရန် ဒေသခံ Watershed စီမံခန့်ခွဲမှု ကော်မတီနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ရေပိုက်ဖြင့်ရေပေးဝေသည့် စနစ်နှင့် ရေတွင်းတိမ်များအား ကျေးရွာ(၅၀)ကျော်တွင် တည်ဆောက်ခဲ့ပါသည်။ ရေပေး ဝေရေးဆိုင်ရာ အခြေခံအဆောက်အဦသည် ရပ်ရွာလူထု အဖွဲ့ဝင်များ၏ သုံးရေအတွက် ရေစုဆောင်း ရသည့်အချိန်အား သက်သာစေပါသည်။ ရေပိုက်ဖြင့် ရေပေးဝေသည့်စနစ်သည် သန့်ရှင်းသောရေများအား ဖြည့်ဆည်းပေးနိုင်သဖြင့် ရပ်ရွာ လူထုများအတွက် ကျန်းမာရေးဆိုင်ရာ အကျိုး ကျေးဇူး များကို ပေးအပ်ပါသည်။

ရေအရင်းအမြစ်များအား အညစ်အကြေး၊ တိရစ္ဆာန်များနှင့် သစ်ရွက်များမဝင်စေရန် ကာကွယ်ပေးခြင်းအပြင်၊ အလွယ်တကူ ရရှိနိုင် သောကျောက်စရစ်၊ သဲနှင့် မီးသွေးကဲ့သို့သော ပစ္စည်းကို အသုံးပြု၍ ရေအားအဆင့်ဆင့် သန့်စင်ခြင်းမှ တဆင့် ရေ၏ အရည်အသွေးမှာ ထပ်မံ၍ ကောင်းမွန်လာခဲ့ပါသည်။ Border Consortium သည် အခြေအနေနှင့် ကိုက်ညီအောင် အထူးပြုလုပ်ထားသည့် လက်စွဲလမ်းညွှန်ကို အသုံးပြု၍ CSO ဝန်ထမ်း (၃၀) အား ရေသန့်စင်သည့် စင်တာများ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ (၂)ပတ်ကြာ သင်တန်းအား စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ခန့်မှန်းခြေအိမ်ထောင်စု (၆၀) ခန့်အား ဝန်ဆောင်မှုပေးနိုင်သည့် ရေသန့်စင်သည့် ကိရိယာ တည်ဆောက်ရာတွင် အဆင့်တိုင်းအတွက် လက်တွေ့အတွေ့အကြုံများကို ပေးအပ်ခဲ့ပါသည်။

STAND UP ၏ မိတ်ဖက်အဖွဲ့အစည်းများသည် လူမှုအသိုက်အဝန်းများအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာများတပ်ဆင်ခြင်းတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သန့်ရှင်းရေးနှင့် ပတ်သက်၍ အသိအမြင် အားမြှင့်တင်ရန်နှင့် ရေမှတဆင့် ကူးစက်သောရောဂါများ ဖြစ်ပွားပျံ့နှံ့မှု လျှော့ကျစေရန် အများပြည်သူများအား အသိပညာပေးသည့် စည်းရုံးလှုံ့ဆော်မှုများ ဖြင့် ဤအိမ်ထောင်စု အခြေခံ အဆောက်အဦ အား ပြည့်စုံစေခဲ့ပါသည်။ ယင်လုံအိမ်သာများ၊ လက်ဆေးသည့် အလေ့အကျင့်များ၊ ရေအရင်းအမြစ်များနှင့် အထောက်အပံ့ ပစ္စည်းအားဖုံးအုပ်ထားခြင်းနှင့် ကူးစက်ရောဂါ ပျံ့နှံ့မှုတားဆီး ကာကွယ်ခြင်း တို့နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ကို ဖြန့်ဖြူးပေးခဲ့ပါသည်။

အစိုးရဝန်ဆောင်မှု ပေးအပ်သူများမှ များပြားလှသည့် ပဋိပက္ခ ဒဏ်ခံလူမှုအသိုက်အဝန်းများထံ ရောက်ရှိနိုင်ခြင်း မရှိ သဖြင့် အဆိုပါအခြေခံလိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မှီနွယ်နေသည့် အေဂျင်စီများ၏ အခန်းကဏ္ဍများ မရှိမဖြစ်လိုအပ်ပါသည်။ STAND UP စီမံချက်သည် တိုင်းရင်းသား ကျန်းမာရေးဝန်ဆောင်မှု ပေးသူများအကြား အာဟာရမြှင့်တင်ခြင်း အပေါ် ထပ်မံ ကြိုးပမ်းအာရုံစိုက်ခြင်းအား ဖြစ်မြောက်စေခဲ့ ပါသည်။ ပဋိပက္ခသက်ရောက်မှု ရှိသည့်ဒေသများတွင် ဆယ်စုနှစ်များစွာ ရန်ပုံငွေ သတ်သတ်မှတ်မှတ် ထောက်ပံ့ပေးခြင်း မရှိသည့်နောက်ပိုင်း စီမံချက်သည် အများပြည်သူအား အသိအပညာပေးသည့် စည်းရုံးလှုံ့ဆော်မှုများ စတင်ဆောင်ရွက်ရန်၊ လမ်းညွှန်မှုများနှင့် ကုသရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များအား စောင့်ကြည့်စစ်ဆေးရန်တို့အတွက် ကရင်ကျန်းမာရေးနှင့် လူမှု ဖူလုံရေးဌာနနှင့် ကျောပိုးအိတ်လွယ် ကျန်းမာရေးနှင့် လူမှုဖူလုံရေးအဖွဲ့တို့အား ကူညီပံ့ပိုးပေးပါသည်။ ပြည်သူ့ကျန်းမာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤရင်းနှီးမြှုပ်နှံမှုသည် စီမံချက်၏ ဒုတိယအဆင့်တွင် မွန်ပြည်သစ်ပါတီနှင့် ကရင်နီတိုးတက်ရေးပါတီ တို့၏ ကျန်းမာရေးဝန်ဆောင်မှုများ ပါဝင်စေခြင်း၊ အစိုးရထိန်းချုပ်မှု မရှိသည့်ဒေသများတွင် ငွေကြေးနှင့် အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း ချဉ်းကပ် နည်းလမ်းများအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ မိခင်နှင့် ကလေးငွေကြေးထောက်ပံ့ခြင်း (MCCT) စီမံကိန်းတွင် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခြင်း တို့ဖြင့်တိုးချဲ့သွားမည်ဖြစ်ပါသည်။

စီမံချက်၏ ကြိုးပမ်းအားထုတ်မှုများ အားလုံးရှိသော်လည်း စီမံချက်မှ ပြုလုပ်သည့် စီမံချက်ပြီးဆုံးချိန် စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရပြည့်ဝမှု ဆိုင်ရာစစ်တမ်းမှ ကာလတိုစီမံကိန်းလုပ်ငန်းများဖြင့် ရေရှည်ဖြစ်ပြီး ပျံ့နှံ့နေသည့် အားနည်းထိခိုက် လွယ်မှုအား မည်သို့မျှဖြေရှင်းနိုင်ခြင်း မရှိသည်ကို ပြသနေပါသည်။ လတ်တလော အာဟာရချို့တဲ့မှုနှင့် ကာလရှည် အာဟာရ ချို့တဲ့မှုနှုန်း သည် ၂နှစ်အောက် ကလေးရှိသည့်မိခင်အများစုသည် ကလေး၏ ပထမ(၆)လတွင် မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးခဲ့ခြင်းမရှိမှု နှင့်အတူ မြင့်တက်လျက်ရှိပါသည်။ လုံခြုံစိတ်ချရသော သောက်သုံးရေ နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာအသုံးပြုမှု နည်းပါးခြင်း နှင့် စိုက်ပျိုးမြေအား အနည်းငယ်သာ လက်လှမ်းမီ ရယူနိုင်ခြင်းတို့သည် ဝင်ငွေရရှိရန်နှင့် အမျိုးအမည် စုံလင်သည့် စားနပ်ရိက္ခာ များအတွက် အခွင့်အလမ်းများမှာ အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည့် ရလဒ်ကိုဖြစ်ပေါ်စေခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများ၏ လိုအပ်ချက်များ နှင့် စိုးရိမ်ပူပန်မှုများအား ထိထိရောက်ရောက် ဖြေရှင်းရန် အတွက် LIFT ၊

Border Consortium နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်းများအကြား ပေါက်ပွားလာသည့် ယုံကြည်မှုကွန်ရက်ပေါ်တွင် တည်ဆောက်ရန် စိန်ခေါ်မှု ရှိနေပါသေးသည်။ LIFT ၏ ကနဦး ရင်းနှီးမြှုပ်နှံမှုသည် အဆိုပါ လူမှုအသိုက်အဝန်းများအား "တောင့်ထား" နိုင်ရန် အဓိပ္ပါယ်ပြည့်ဝသည့် ပံ့ပိုးကူညီမှု ပေးနိုင်ခဲ့ပါသည်။ ယခု အခါတွင် ဤအခြေခံပေါ်၌ လူထု အခြေပြုသည့် တုံ့ပြန်ဆောင်ရွက်မှု များအား မြှင့်တင်ရန်နှင့် တစ်ဦးတစ်ယောက်မှ ကျန်ရှိမနေခြင်း အား သေချာစေရန်တို့အတွက် ပိုမိုမဟာဗျူဟာကျသည့် မိတ်ဖက်ပြုမှုနှင့် တည်ဆောက်ရန် အခွင့်အလမ်းများ ရှိနေပြီဖြစ်ပါသည်။

LIFT မှတာဝန်ပေးအပ်ခဲ့သည့် လွတ်လပ်သော ဆန်းစစ်အကဲဖြတ်မှု တစ်ရပ်မှ STAND UP ၏ ချဉ်းကပ်နည်းလမ်းနှင့် ပြီးစီးအောင်မြင်မှုများ အပေါ် တိုးတက်မှုရှိသည်အား ထင်ဟပ်ပြသခဲ့ပါသည်။[၆၇] စီမံချက်၏ စွမ်းဆောင်နိုင်မှုအား ထိုက်သင့်ဆီလျော်မှုအတွက် " အလွန်မြင့်မား" သည့် ကျား၊ မ ရေးရာ ညီမျှမှုနှင့် တန်ဖိုးနှင့် ငွေကြေးမျှတမှုအရ "ကောင်း" သည်နှင့် ထိရောက်မှုနှင့် စွမ်းဆောင် နိုင်မှုတို့ ပတ်သက်၍ "မျှတ" သည်ဟု အဆင့်သတ်မှတ်ခဲ့ပါသည်။ 'နိမ့်ပါး' သည့် အဆင့် သတ်မှတ်ခဲ့သော ရေရှည်တည်တံ့ခိုင်မြဲမှုတွင် ပဋိပက္ခ ဒဏ်ခံစားရပြီး နေရပ်စွန့်ခွာ ခဲ့သည့် လူမှု အသိုက်အဝန်းများ၏ ကာလရှည်ကြာစွာ အားနည်းထိခိုက်လွယ်မှုအား ပိုမိုကောင်းမွန်လာစေရန် သတ်မှတ်ခဲ့ခြင်းမှ စီမံကိန်းစတင် ဆောင်ရွက်ခဲ့ သည့် ပထမ နှစ်နှစ်အတွင်း စနစ်များနှင့် စွမ်းဆောင်နိုင်မှုများအား ဆက်လက် ကူညီပံ့ပိုးပေးရန် အတွက် လိုအပ်ကြောင်းကို ပြသပါသည်။ LIFT သည် (၃)နှစ်ကြာမြင့်မည်ဖြစ်သည့် ကူညီပံ့ပိုးမှုအား မွန်၊ ကယားနှင့် ကရင်ပြည်နယ်များနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ တိုင်းရင်းသား ဝန်ဆောင်မှု ပေးအပ်သူ နှင့် CSO (၁၆)ဖွဲ့ အထိ တိုးချဲ့မည်ဖြစ်သည့် စီမံချက်၏ ဒုတိယအဆင့်ကို တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။

## ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် မိခင်နို့သက်သက် တိုက်ကျွေးခြင်းအတွက် အတားအဆီးများအား ဆန်းစစ်မှု

ကရင်ပြည်နယ်ရှိ The Consortium of Dutch NGO ၏ – ZOA စီမံချက်အား အာဟာရဖွံ့ဖြိုးမှုကို ဖြစ်စေသည့် အကြောင်းအရင်းအား လေ့လာဆန်းစစ်မှုနှင့် ကနဦးစစ်တမ်းတို့အား ပြုလုပ်ပြီးသည့်နောက် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ခဲ့ပါသည်။ အသက် ၂နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း (IYFC) အလေ့အကျင့်များ နိမ့်ကျနေစဉ် အာဟာရချို့တဲ့မှု ဖြစ်ပွားခြင်းအား "မြင့်မား" နိုင်သည်မှ " အလွန်မြင့်မားသည်" အထိ တွေ့ရှိခဲ့ပါသည်။ ထို့အပြင် အသက်(၅)နှစ်အောက် ကလေးများအကြား ဝမ်းပျက် ဝမ်းလျှောသည့် နှုန်း မှာ ရာသီအားလုံးတွင် အလွန်မြင့်မား နေကြောင်းကို တွေ့ရှိခဲ့ပါသည်။ စီမံချက်သည် စိုက်ပျိုးရေး၊ တန်ဖိုးမြှင့်ကွင်းဆက်များ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်စေခြင်း၊ ရပ်ရွာလူထုမှ စီမံခန့်ခွဲသည့် ကျရောက်နိုင်ချေရှိသည့် ဘေးအန္တရာယ်များ လျှော့ချခြင်းနှင့် ငွေစုဆောင်းသည့် အုပ်စုများမှ တဆင့် လယ်ယာထုတ်လုပ်မှုတိုးတက် လာစေရန်၊ စီမံချက်၏ ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိသည်များ တိုးပွားရန်နှင့် တုန်လှုပ်ချောက်ချားခြင်းနှင့် ဖိအားများကြောင့် အားနည်း ထိခိုက်လွယ်မှုကို လျှော့ချရန် တို့အတွက်လည်း ရည်ရွယ်သည့် ၎င်း၏အစီအစဉ်များတွင် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အစိတ်အပိုင်းအား ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

စီမံချက်၏ အာဟာရပြည့်ဝရေးနှင့် ဆက်နွှယ်နေသည့် လုပ်ငန်းများအား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ ပါသည်။ ဤသည်တို့တွင် (၃)လတကြိမ် ရပ်ရွာလူထုအစည်းအဝေးများ၊ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အဖွဲ့များ တည်ဆောက်ခြင်း၊ အာဟာရဆိုင်ရာ အဓိကတာဝန်ခံများနှင့် မိခင်အုပ်စု ခေါင်းဆောင်များအား လေ့ကျင့်သင်ကြားပေးခြင်းတို့ ပါဝင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်ကုန်အထိ အိမ်ထောင်စု ၂,၀၀၀ ကျော်ထံ အာဟာရ ဖောင်းပေး သတင်း အချက်အလက်များ ရောက်ရှိခဲ့ပြီး၊ အိမ်ထောင်စု ၂,၃၀၀ ထံ WASH အလေးထားသည့် သတင်း အချက်အလက်များသည် ရောက်ရှိခဲ့ကာ ကျေးရွာ(၁၇) ရွာရှိ အိမ်ထောင်စု ၁,၀၀၀ ကျော် တို့သည် တိုးတက်လာသည့် ရေဆိုင်ရာ အခြေခံ အဆောက်အဦမှ အကျိုးကျေးဇူးအား ခံစားခဲ့ရပါသည်။

မိခင်နို့ရည် တိုက်ကျွေးခြင်းနှင့် ဆက်နွှယ်နေသည့် နှစ်လည်စစ်တမ်း၏ ရလဒ်များမှ မွေးဖွားပြီးနောက် တစ်နာရီ အတွင်း အစောဆုံး မိခင်နို့ရည် တိုက်ကျွေးခြင်း စတင်မှုမှာ ကနဦး ၇၈% ရှိရာမှ ၈၄% သို့ တိုးတက်ခဲ့ကြောင်း ပြသခဲ့ပါသည်။ မိခင်နို့ရည် တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းသည် အသက်အရွယ်အုပ်စုအမျိုးမျိုးအကြား အာရုံစိုက်မိလောက်အောင် ပြောင်းလဲမှုနှင့် အတူ ၆% မှ ၃၈% အထိ သိသိသာသာ တိုးတက်ခဲ့ပါသည်။ အသက်(၁)လအောက် မွေးကင်းစကလေးငယ်များ၏ ၇၅% မှာ မိခင်နို့ရည်တစ်မျိုးတည်း ကိုသာ တိုက်ကျွေးခဲ့ပြီး၊ ၂လနှင့် ၃လအရွယ် ကလေး များတွင် ၃၂% နှင့် ၄လမှ ၅လအရွယ်ရှိ ကလေးသူငယ်များတွင် ၃၁% ရှိခဲ့ပါသည်။ မိခင်နို့ရည်တစ်မျိုးတည်း တိုက်ကျွေးမှုနှုန်း နည်းပါးရခြင်းမှာ မွေးကင်းစကလေးငယ်များ ၎င်းတို့၏ဘဝအစ (၃)ရပ်အတွင်း မိခင်နို့အပြင် အခြားအရာများ တိုက်ကျွေးသည့် အလေ့အကျင့်များနှင့် နီးကပ်စွာဆက်နွှယ်နေပါသည်။ အသက်(၆)လအောက် ကလေးသူငယ်များ၏ ၄၄% အားရေတိုက်ကျွေးခဲ့ပြီး၊ ၁၄% အား နို့မှုန့်တိုက်ကျွေးခဲ့ကာ လေးပုံတစ်ပုံနီးပါးသည် ထမင်း (သို့) ဆန်ပြုတ် တိုက်ကျွေးခဲ့ပါသည်။ သံတောင်ကြီးမြို့နယ်တွင် မိခင်နို့ရည်တစ်မျိုးတည်း တိုက်ကျွေးမှု နှုန်းမှာ တနိုင်ငံလုံး၏ နှုန်း ထက် သိသိသာသာ နည်းပါးနေဆဲဖြစ်သည်ဟု လူနေမှုဘဝနှင့် ကျန်းမာရေး စစ်တမ်းမှ အစီရင်ခံတင်ပြခဲ့ပါသည်။

ထို့အတွက်ကြောင့်၊ ၂၀၁၉ ခုနှစ်တွင် မြို့နယ်အတွင်း မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် အဆုံးအဖြတ် ပေးသည့်အရာများကို စစ်ဆေးရန်အတွက် အတားအဆီးများ ဆန်းစစ်လေ့လာမှုအား အကဲဖြတ်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ အကြံပြု သည့် ကာလအတွင်း မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးခဲ့သည့် မိခင်များတွင် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ၊ စိတ်ချ ယုံကြည်ခြင်း၊ အကျိုးရလဒ်များကို သိမြင်နိုင်ခြင်းတို့ရှိခဲ့ပြီး အနီးကပ်ဆုံး မိသားစုဝင်များ၏ ကူညီပံ့ပိုးမှုရှိခဲ့ပါသည်။ ၎င်းတို့အနေဖြင့် မိခင်နို့ရည် တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်းသည် ၎င်းတို့ကလေးများအား ဌက်ဖျားနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းမှ ကာကွယ်ပေးသည်ဟု ယုံကြည်ခဲ့ပါသည်။ ရှာဖွေဖော် ထုတ်ခဲ့သည့် အတားအဆီးများမှာ– စိတ်ချယုံကြည်မှု မရှိခြင်း၊ မိခင်များ အနေဖြင့် ၎င်းတို့တွင် ဗဟုသုတနှင့် ကျွမ်းကျင်မှုမရှိဟု ထင်မြင်ခြင်း၊ အချိန်မရှိခြင်း၊ မိခင်များအနေဖြင့် ရရှိမည့်အကျိုးရလဒ်များကို မသိမြင်ခြင်း နှင့် မိခင်များအား ပံ့ပိုး ကူညီမှု မရှိခြင်း တို့ဖြစ်ပါသည်။ အာဟာရဆိုင်ရာ သတင်းစကားများအား မည်ကဲ့သို့ ပေးပို့ရမည်နှင့် မည်သည့် သတင်းစကားများအား အဓိက အာရုံစိုက်ရမည် တို့တွင် တိုးတက်မှု ရှိစေရန် သုတေသန ပြုလုပ်ခဲ့ပါသည်။

## နေရပ်စွန့်ခွာသူများအတွက် အသက်မွေးဝမ်းကျောင်းများအား မြှင့်တင်ခြင်း (ELDP) – ကရင်ဖွံ့ဖြိုးရေး ကွန်ရက် (KDN)

LIFT ၏ ရန်ပုံငွေ ပံ့ပိုးပေးမှုဖြင့် ကရင်ဖွံ့ဖြိုးရေး ကွန်ရက်သည် တနင်္သာရီတိုင်း ဒေသကြီးရှိ ကျေးရွာ (၃၃)ရွာမှ ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်း သင်ရိုး (၆)ခုအား သင်ကြားပို့ချသည့် ရပ်ရွာလူထု အသက်မွေးမှု အတတ်ပညာသင်ကျောင်း (CVTC) အား လည်ပတ် ဆောင်ရွက်ပါသည်။ ဦးတည်ရည်ရွယ်သည့် လူမှုအသိုက်အဝန်းနှင့် ပြင်ပမှသူများ အကြား သင်တန်းပို့ချပေးရန် အတွက် တောင်းဆိုမှုမှာ အလွန်များပြား

[၆၇] Johan van Dujin၊ ၂၀၁၉ ခုနှစ်မတ်လ၊ STAND UP စီမံချက်နောက်ဆုံးအကဲဖြတ်သုံးသပ်ခြင်း၊ (ပြန်လည်ပြင်ဆင်ထားသည့်ပုံစံ) – စာမျက်နှာ ၂၉–၃၁။

ပါသည်။ သင်တန်းမှလက်ခံသင်ကြားပေးနိုင်သည့် လူဦးရေထက် လျှောက်လွှာတင်သည့်သူက ပိုများပါသည်။ KNU ၊ CVTC ဘုတ်အဖွဲ့ဝင်များနှင့် ဒေသခံ ကျေးလက် ဖွံ့ဖြိုးရေး ကော်မတီများမှ ရွေးချယ်ထားသည့် သင့်တော်သူများကို သင်တန်းတွင် ပါဝင် တက်ရောက်ခွင့်ပြုရန် သင်တန်းကျောင်းအား ဆက်သွယ်ခဲ့ကြပါသည်။ သင်တန်းသင်ရိုးတစ်ခုအတွက် သင်တန်းကာလအား တိုးမြှင့်ပေးရန် သင်တန်းဆရာများနှင့် ပိုမိုနက်ရှိုင်းစွာ အတွေ့အကြုံများကို လေ့လာ သင်ယူလိုသည့် သင်တန်းသားများ၏ တောင်းဆိုမှုကြောင့် (၄၅) ရက်မှ ရက် (၆၀) သို့ တိုးမြှင့်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်းတွင် သင်တန်းသား (၁၉၈)ဦးသည် သင်တန်းအောင်မြင် ပြီးဆုံးခဲ့ပြီး သင်တန်းသား (၄၄)ဦးသည် အဆင့်မြင့်သင်တန်းများကို ပါဝင်တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်ခဲ့သောကြောင့် သင်တန်းသားများသည် ၎င်းတို့၏ ကြိုးပမ်းရရှိခဲ့သည့် ကျွမ်းကျင်မှုများ အတွက် အသိအမှတ်ပြုမှု ရရှိနိုင်ခဲ့ပြီး ပန်းရံနှင့် လက်သမားလုပ်ငန်းတို့မှ သင်တန်းများ၏ ၉၀% သည် NSSA အသိအမှတ်ပြု လက်မှတ်များ ရရှိခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် အလုပ်သမား၊ လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဦးဆောင်၍ သင်တန်းကျောင်း၌ လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် အလုပ်အကိုင်ဆိုင်ရာ သင်တန်းအား ပို့ချခဲ့ပါသည်။ အချို့သော သင်တန်းသားများသည် ပုဂ္ဂလိက ကဏ္ဍရှိ လုပ်ငန်းခွင် အတွေ့အကြုံယူသည့် အလုပ်များတွင် ပါဝင်လုပ်ကိုင်ခဲ့ပါသည်။

စီမံချက်၏ ဦးတည် ရည်ရွယ်သည့် ဒေသမှာ အစိုးရနှင့် KNU တို့၏ ထိန်းချုပ်နေမှုများ ရောယှက်နေသည့် ဒေသဖြစ်ပါသည်။ KDN သည် နေရပ်ပြန်လာသူများ၊ ပြည်တွင်း နေရပ်စွန့်ခွာသူများ၊ ဒုက္ခသည်များနှင့် အခြား ပဋိပက္ခ သက်ရောက်မှု ရှိသူများအတွက် သင်တန်းအစီအစဉ်များမှ အောင်မြင်မှုများနှင့် ကျရှုံးမှုများ တွေ့ကြုံခဲ့သည့် အတွေ့အကြုံများ အပေါ် အခြေခံ၍ CTVC ဒီဇိုင်းပုံစံအား ရေးဆွဲခဲ့ပါသည်။ အဆိုပါ အတွေ့အကြုံများမှ လေ့လာသင်ယူခဲ့သည်များတွင် ကာလတို သင်တန်း များထက် ကာလလတ် သင်တန်းများ၏ တန်ဖိုး၊ အလုပ်အကိုင် ရရှိရေး၏ အရေးပါမှု (သို့) သင်တန်း အောင်မြင် ပြီးဆုံးခဲ့သည့် သင်တန်းသားများအတွက် လုပ်ငန်းစတင်ရန် အသေးစား ချေးငွေတို့ ပါဝင်ပါသည်။ အချို့သော စိန်ခေါ်မှုများမှာ ဆက်လက် ရှိနေပါသေးသည်။ သင်တန်း သင်ခန်းစာ အများစုမှာ ဒေသအတွင်း၌ လုပ်ကိုင်ရန် အတွက် သင်တန်း အောင်မြင် ပြီးဆုံးသူများအား ကြိုတင်ပြင်ဆင်ပေးပါသည်။ သို့သော် အချို့သော သူများသည် ၎င်းတို့အနေဖြင့် မြို့ပြဒေသများ တွင် ပြောင်းရွှေ့သွားလာ လုပ်ကိုင်ရန် အသင့်ဖြစ်စေမည့် ပိုမိုအဆင့်မြင့်သည့် ကျွမ်းကျင်မှုများ ရရှိနိုင်ရန် ကြိုးပမ်းကြပါသည်။

၂၀၁၉ ခုနှစ်တွင် အသက်မွေးမှု လုပ်ငန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်မှ လုံခြုံစိတ်ချရသည့် အလုပ်အကိုင် ဆိုင်ရာ စံနှုန်းများ၊ ရွှေ့ပြောင်း သွားလာနေထိုင်ခြင်း၊ အလုပ်လျှောက်ထားသည့် လုပ်ငန်းစဉ်များ၊ အလုပ် လူတွေ့ မေးမြန်းခြင်းများ၊ ကိုယ်ရေး အချက်အလက် ရေးသားပြုစုခြင်းနှင့် အလုပ်လျှောက်ထားသည့် လျှောက်လွှာ တို့ ပါဝင်သည့် အလုပ်အကိုင် ဈေးကွက်တွင် မည်ကဲ့သို့ အောင်မြင်အောင် လုပ်ဆောင်ရမည်တို့နှင့် ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ထားဝယ်နှင့် ဘားအံ မြို့များတွင် အလုပ်အကိုင် ပြပွဲ (၂)ခုအား ကျင်းပခဲ့ပြီး ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ကဲ့သို့သော စီးပွားရေးကဏ္ဍ အမျိုးမျိုးမှ ဟောပြောသူများမှ ကျောင်းသားများကို ဦးတည်ဟောပြောခဲ့ကာ အလုပ်အကိုင်နှင့် ပတ်သက်သည့် ၎င်းတို့ မေးမြန်းသည်များအား ဖြေကြားခဲ့ပါသည်။ စီမံချက်သည် သင်တန်းသားများမှ လုပ်ငန်းခွင် အတွေ့အကြုံယူသည့် အလုပ်များနှင့် ပုံမှန် အလုပ်အကိုင်တို့တွင် ပါဝင် လုပ်ကိုင်နိုင်ရန် ပုဂ္ဂလိက ကဏ္ဍနှင့် အဆက်အသွယ်များ တည်ဆောက်ခဲ့ပါသည်။ သင်တန်းကျောင်းသည် သင်တန်းသားများအား တနင်္သာရီတိုင်းဒေသကြီးရှိ ပုဂ္ဂလိကကဏ္ဍတွင် အလုပ်လုပ်ကိုင်နိုင်ရန်နှင့် ရန်ကုန်မြို့ရှိ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများနှင့် ထိတွေ့ ဆောင်ရွက်နိုင်ရန်တို့အတွက် အလုပ်သမား ဝန်ကြီးဌာန နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအား စတင်ဆောင်ရွက်နေပါသည်။

သင်တန်းကျောင်းသည် အစိုးရနှင့် KNU အကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ အခြားမည်သည့် နေရာ၌ မဆို ပို့ချနေသည့် သင်တန်းများနှင့် ချိတ်ဆက်ခြင်းနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား သင်တန်းဆင်း လက်မှတ်တွင် အချို့အား တူညီသည့် အသိအမှတ်ပြုခြင်း တို့တွင် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ခဲ့ပါသည်။ ပတ်သက် ဆက်နွှယ်သူများ အစည်းအဝေးများ အပါအဝင် စီမံချက်မှ စီစဉ် ဆောင်ရွက်သည့် အခမ်းအနားများတွင် အစိုးရနှင့် KNU တို့မှ အတူတကွ ပါဝင်ခဲ့ကြသော်လည်း ဖိအားများသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား နောက်ခံပြု၍ ဆက်ဆံရေး တည်ဆောက်ခြင်းတွင် အကဲစမ်းမှုများ ရှိနေပြီး တသမတ်တည်း ဖြစ်သည့် ရည်မှန်းချက်များ လိုအပ်ပါသည်။ စီမံချက်သည် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးအပါအဝင် ဒေသဆိုင်ရာ အစိုးရနှင့် သာမက KNU နှင့်လည်း ဆက်သွယ် ဆောင်ရွက်မှုများ ရှိပါသည်။ စီမံကိန်းသည် အဆိုပါ ချိတ်ဆက်မှုများ အားကောင်းခိုင်မာစေရန် အချိန်နှင့်အမျှ ဆက်လက် ဆောင်ရွက်သွား မည် ဖြစ်သည်။ ထို့အတွက်ကြောင့် အကြီးတန်း ပတ်သက်ဆက်နွှယ်သူများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတွင် ထိတွေ့ဆက်ဆံမှု ဆက်လက် တည်ရှိနေမည် ဖြစ်ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

လွန်ခဲ့သည့် (၈)နှစ်အတွင်း LIFT သည် အရှေ့တောင်ပိုင်း ဒေသတွင် INGO များ၊ NGO များ၊ ဒေသအတွင်း လုပ်ကိုင် ဆောင်ရွက်နေသည့် CSO များ အပါအဝင် အကောင်အထည်ဖော်ရေး မိတ်ဖက်များဖြင့် အကောင်အထည် ဖော်ခဲ့သည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စီမံချက် (၈)ခုတွင် စုစုပေါင်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ (၁၃)သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်[၆၈]။ သို့သော်လည်း အဆိုပါ စီမံချက်များသည် ပြီးပြည့်စုံပြီး စုစည်းထားသည့် စီမံကိန်း ဒီဇိုင်းပုံစံ အတွင်း၌ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ စုပေါင်း ညှိနှိုင်း ဆောင်ရွက်မှု၏ အကျိုးရလဒ်များနှင့် အပြန်အလှန် လေ့လာ သင်ယူခြင်းတို့အား ထည့်သွင်း တည်ဆောက်ထားခြင်း မရှိခဲ့ပါ။ စီမံချက်များ အား ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်လယ် အတွင်းတွင် တဖြည်းဖြည်းချင်း ပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နောက်ဆုံး (၃)လပတ်အတွင်း၌ LIFT သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသတွင် စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရပြည့်ဝမှု သာမက အသက်မွေးဝမ်းကျောင်းများ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ကူညီပံ့ပိုးပေးရန် နယ်မြေဒေသ ဆိုင်ရာ စီမံကိန်းအသစ်ကို ဒီဇိုင်းရေးဆွဲခဲ့ပြီး သဘောထား အဆိုပြုချက်များ ဖိတ်ခေါ်ခြင်းကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ရွေးချယ်ခံရသည့် မိတ်ဖက် အဖွဲ့အစည်းများသည် ၂၀၂၀ ခုနှစ်၊ ဒုတိယနှစ်ဝက်အတွင်း၌ အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရန် စတင်နိုင်လိမ့်မည်ဟု

၆၈ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ငွေကြေးဆိုင်ရာ တွင် အားလုံးပါဝင်စေခြင်း စီမံကိန်း တွင် ပါဝင်စေခြင်း

မျှော်မှန်း ထားခဲ့ပါသည်။ စာချုပ်ချုပ်ဆိုသည့် အဆင့်အား အပြီးသတ်ပြီးသည်နှင့် တပြိုင်နက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း စီမံကိန်းပေါ် အခြေခံ၍ မိတ်ဖက် အဖွဲ့အစည်းများအားလုံး ပါဝင်မှုနှင့် ထည့်ဝင်မှုများဖြင့် စီမံကိန်း MEAL မူဘောင်တစ်ရပ်အား ရေးဆွဲအကောင်အထည် ဖော်သွားမည် ဖြစ်ပါသည်။

သက်ဆိုင်ရာ ပြည်နယ်များနှင့် တိုင်းဒေသကြီးတို့တွင် အစိုးရနှင့် EAO များ အပါအဝင် အမျိုးမျိုးသော ပတ်သက် ဆက်နွယ်သူ အမျိုးမျိုးနှင့် ဆွေးနွေးတိုင်ပင်မှုများ ထပ်မံ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလမှ စတင်၍ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လူမှု ဝန်ထမ်း ဦးစီးဌာန (DSW) မှ စတင် လုပ်ဆောင် ခဲ့သည့် မိခင်နှင့် ကလေးများအား ငွေကြေး ထောက်ပံ့မှု (MCCT) အစီအစဉ်အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ LIFT သည် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပထမနှစ်အတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်သည့် ကုန်ကျစရိတ်များနှင့် အာဟာရဆိုင်ရာ ညွှန်းကိန်းများအတွင်း ကနဦးစစ်တမ်းတို့အတွက် ကူညီပံ့ပိုးပေးပါသည်။ အစီအစဉ်တွင် အဓိကအစိတ်အပိုင်း (၃)ခု ဖြစ်သည့် (၁) မိခင်နှင့် ကလေးများ အား ငွေကြေးထောက်ပံ့ပေးခြင်း (၂) အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) (၃) အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာ အားကောင်းစေခြင်း တို့ပါဝင်ပါသည်။ LIFT ၏ အရှေ့တောင်ပိုင်း ဒေသအတွက် စီမံကိန်းအသစ်သည် အစိုးရနှင့် တိုင်းရင်းသား ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကျန်းမာရေးလုပ်သားများမှတဆင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရ စီမံကိန်း၏ SBCC အစိတ်အပိုင်းအတွက် DSW အားနည်းပညာ ထောက်ပံ့မှုများနှင့်အတူ ကူညီပံ့ပိုးပေးရန် အခွင့်အလမ်းများ ပေးအပ်သွားသည် ဖြစ်ပါသည်။ အာဟာရဆိုင်ရာ ရလဒ်များ ၏ အကျိုးသက်ရောက်မှု တိုးတက်လာစေရန် ဤစီမံကိန်းတွင် WASH အစိတ်အပိုင်းအား ထပ်မံ၍ ထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ကယားပြည်နယ်နှင့် ကရင်ပြည်နယ် MCCT စီမံကိန်း စတင်သည့် အချိန်တွင် အစိုးရမှ တိုက်ရိုက် ထိန်းချုပ်မှု မရှိသော ဒေသများတွင် ငွေကြေး ထောက်ပံ့မှု ပေးအပ်ရာတွင် DSW မှ စိန်ခေါ်မှု အမျိုးမျိုးအား တွေ့ကြုံခဲ့ရသည့်အတွက် နှေးကွေးမှု ရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၁၉ ခုနှစ် နှစ်ကုန်ချိန်၌ စီမံကိန်းသည် ကယားပြည်နယ်၌ အမျိုးသမီး ၁၀,၆၀၀ ဦးနှင့် ကရင်ပြည်နယ်၌ အမျိုးသမီး ၄၀,၈၀၀ ဦးထံ ရောက်ရှိခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ထိန်းချုပ်ထားသော ဒေသများတွင် ငွေပေးပို့မှုအား ကရင်ပြည်နယ်တွင် ကရင်ကျန်းမာရေးနှင့် လူမှုရေးဌာန (KDHW) နှင့် ကယားပြည်နယ်တွင် လူထု ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ကွန်ရက် (CDHN) ကဲ့သို့သော တိုင်းရင်းသား ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများမှ ဆောင်ရွက်ပါသည်။ DSW ထံ လုပ်ငန်း လည်ပတ် ဆောင်ရွက်သည့် ကုန်ကျစရိတ်များအား ပံ့ပိုးကူညီမှုကို ၂၀၂၀ ခုနှစ် နှစ်ကုန်အထိ တိုးချဲ့ ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများ၏ ပိုမိုအသေးစိတ် ကျသည်တို့အား ဤအစီရင်ခံစာ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ် အခန်းတွင် တင်ပြထားပါသည်။

## ရခိုင်ပြည်နယ်

### ခြုံငုံဖော်ပြချက်

၂၀၁၄ ခုနှစ် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုအချက်အလက်သုံးချက်အရ တနိုင်ငံလုံး ဆင်းရဲနွမ်းပါးမှုနှုန်း ၃၇.၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်သည် ၇၈ ရာခိုင်နှုန်း ဖြင့် တနိုင်ငံလုံး ဆင်းရဲနွမ်းပါးမှုနှုန်း အမြင့်မားဆုံး ရှိပါသည်။[၆၉] ရခိုင်ပြည်နယ်သည် နိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်း တွင်လည်း အမြင့်ဆုံး ဖြစ်ပါသည်။[၇၀] ဆန်စပါးစိုက်ပျိုးရေးမှာ ရခိုင်ပြည်နယ်အတွက် အရေးပါသည့် ကဏ္ဍဖြစ်သော်လည်း မြေယာမဲ့နှုန်းမှာ ပြည်နယ်တွင်းရှိ လူဦးရေ ၏ လေးပုံတစ်ပုံ ရှိသဖြင့် မြင့်မားပါသည်။[၇၁] မြေယာမဲ့သူများသည် စီးပွားရေးအရ အားနည်း ထိခိုက်လွယ်ပြီး ရေလုပ်ငန်း နှင့် ဆက်စပ်နေသည့် လုပ်ငန်းများ နှင့် အဓိကဖြင့် လယ်ကွင်းများထဲတွင် လုပ်ကိုင်ရသည့် ရာသီအလိုက် နေ့စား အလုပ်များ ပေါ်တွင်သာ မှီခိုနေရပါသည်။ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှုအဆင့်အတန်းမှာ တနိုင်ငံလုံးတွင် အဆိုးရွားဆုံး ဒေသများ အနက်မှ တစ်ခုဖြစ်ပြီး အသက် ငါးနှစ်အောက် ကလေးသူငယ် ၃၈ ရာခိုင်နှုန်း (၁၈ ရာခိုင်နှုန်းမှာ အဆိုးရွားစွာ ပုညက်) ၁၄ ရာခိုင်နှုန်းမှာ ကျုံလှီနေပြီး ၃၄ ရာခိုင်နှုန်းမှာ ပုံမှန်အောက် ကိုယ်အလေးချိန်လျော့ကျ နေပါသည်။ [၇၂]

၂၀၁၂ ခုနှစ်တွင် လူမျိုးရေး တင်းမာမှုများမှ ပြင်းထန်သည့် ပဋိပက္ခများ အဖြစ်သို့အရှိန်မြင့်တက်လာခြင်း၏ အကျိုးဆက်အဖြစ် မွတ်ဆလင်အများစုပါဝင်သည့် လူပေါင်း ၁၂၀,၀၀၀ ကျော်တို့သည် မြို့နယ် ငါးခုရှိ စခန်း ၃၈ ခု နှင့် ဒေသခံ လူမှုအသိုက်အဝန်းများထံ နေရပ်စွန့်ခွါတိမ်းရှောင် ခဲ့ကြရပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နယ်ခြားစောင့်တပ် ကင်းစခန်းအား အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (ARSA) မှ ဝင်ရောက်တိုက်ခိုက်မှုအား တန်ပြန်သည့် တပ်မတော် စစ်ဆင်ရေးများကြောင့် လူပေါင်း ၈၇,၀၀၀ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြရပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် နယ်ခြားစောင့်တပ်များ၏ ရဲကင်းစခန်းများအား တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်သည့် ပိုမိုကြီးမားပြီး ရက်စက်ကြမ်းကြုတ်ကာ ပြင်းထန်သည့် တပ်မတော် စစ်ဆင်ရေးများ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၇ ခုနှစ် အတွင်း အကြမ်းဖက်မှုများမှ လွတ်မြောက် ရန်အတွက် လူပေါင်း ၇၄၂,၀၀၀ ဦး ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ကြပြီး ၂၀၁၈ခုနှစ်တိုင်အောင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ဘင်္ဂလားဒေ့ရှ်သို့ ဆက်လက်ရောက်ရှိနေဆဲ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင်းရှိ မွတ်ဆလင်အများစုအတွက် နိုင်ငံသားအခွင့်အရေးများ ငြင်းပယ်ခံ ရခြင်းနှင့် သွားလာလှုပ်ရှားမှုများအား အလွန်အမင်း ကန့်သတ်ထားခြင်းကြောင့် ၎င်းတို့အနေဖြင့် အခြေခံ ဝန်ဆောင်မှုများနှင့် အသက်မွေးမှု နည်းလမ်းများ လက်လှမ်းမီနိုင်ခြင်း မရှိဟု အဓိပ္ပါယ် ဖွင့်နိုင်ပါသည်။ IDP စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွါ တိမ်းရှောင်သူများတွင် မြေယာ လက်လှမ်းမှုမရှိခြင်း၊ ပိုင်ဆိုင်မှုများယိုယွင်းပျက်စီးခြင်းနှင့် ဝင်ငွေရရှိနိုင်မည့်နည်းလမ်းများ အလွန်နည်းပါးပါသည်။ စခန်းများနှင့် အနီးပတ်ဝန်းကျင် ရွာများတွင် ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် ကျပန်း အလုပ်အကိုင် အခွင့်အလမ်းများ ရှိသော်လည်း အလုပ်သမား ဈေးကွက်မှာ လူများပြည့်လျှံနေပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အစားအစာ၊ တကိုယ်ရည်သန့်ရှင်းရေး နှင့် အိမ်ထောင်စုအတွက် လိုအပ်ချက်များအတွက်

---

[၆၉] ဆင်းရဲနွမ်းပါးမှုအား – ပညာရေး၊ ကျန်းမာရေး နှင့် လူနေမှုအဆင့်အတန်း – ရှုထောင့်သုံးမျိုးဖြင့် ဆန်းစစ်အကဲဖြတ်ခြင်း။ ၂၀၁၇ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်ပေါင်းစုံ ပါဝင်သည့် ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်း၊ အောက်စ်ဖို့ဒ် ဆင်းရဲနွမ်းပါးမှုနှင့် လူသား ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၊ အောက်စဖို့ဒ် တက္ကသိုလ်။

[၇၀] ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်ထောင်စု အစီရင်ခံစာ၊ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ၂၊ ပြည်သူ့အင်အား ဦးစီးဌာန၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်။ ၂၀၁၅ ခုနှစ် မေလ။

[၇၁] Save the Children (၂၀၁၆) ကယ်ဆယ်ရေးနှင့် အကူးအပြောင်းကာလများအတွက် စံသတ်မှတ်ထားသည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း (SMART) စစ်တမ်း အစီရင်ခံစာ၊ ပေါက်တော နှင့် စစ်တွေ (ကျေးလက်နှင့် မြို့ပြ) ရခိုင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွါတိမ်းရှောင်သူ စခန်းများ၊ မြန်မာနိုင်ငံ

[၇၂] မြန်မာနိုင်ငံ လူနေမှုဘဝ နှင့် အခြေခံ ကျန်းမာရေးဆိုင်ရာ အချက်အလက် စစ်တမ်း။ ၂၀၁၆

ပြင်ပ အကူအညီအပေါ်တွင် အလွန်အမင်း မှီခိုနေရမှုကို ဖြစ်စေပါသည်။ IDP စခန်းများနှင့် ဒေသခံ လူမှု အသိုက်အဝန်း များတွင် ရှိသည့် အသက်မွေးမှုအတွက် ကူညီထောက်ပံ့မှု ကို လိုအပ်သူများ အနေဖြင့် ၎င်းတို့၏ မှီခိုမှု ကို လျှော့ချပြီး ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရန်နှင့် ပိုမိုကောင်းမွန်သည့် ဂုဏ်သိက္ခာ အခွင့်အလမ်းများ ပေးအပ်နိုင်ရန် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းလမ်း များ ဖော်ထုတ်ရာတွင် ကြီးမားသည့် အဟန့်အတားများ ရှိနေဆဲဖြစ်ပါသည်။ သွားလာလှုပ်ရှားမှုအား တရားဝင်နှင့် တရားမဝင် ကန့်သတ်ချုပ်ချယ် ခြင်းမှာ အဆိုပါ အဟန့်အတား များအနက်မှ တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များ နှင့် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များ၊ အစီအစဉ်များ၊ နေရပ်ပြန်ရေးအတွက် ပူးတွဲ လုပ်ငန်းအဖွဲ့ ၏ အစီအမံ အများအပြား ရှိသော်လည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံ ရှိ မွတ်ဆလင် ဒုက္ခသည်များအား နေရပ်ပြန်လာနိုင်ရန် ကြိုးပမ်းမှုများ မှာ မအောင်မြင် ခဲ့ပါ။ စီစဉ်ခဲ့သည့် နေရပ်ပြန်လာရေး အတွက် ကြိုးပမ်းအားထုတ်မှု အများအပြားမှာ မအောင်မြင်ခဲ့ဘဲ လူအနည်း ငယ်သာ မြန်မာနိုင်ငံသို့ နေရပ်ပြန်ခွင့်ပြုရန် 'ကင်းရှင်း' ခဲ့ပါသည်။ UNHCR မှ ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများမှ [၇၂]ဘင်္ဂလားဒေ့ရှ် ရှိ ဒုက္ခသည်များမှ ယေဘုယျ အား ဖြင့် နေရပ်ပြန်ရန် ဆန္ဒကျင်ကြကြောင်း ရှင်းလင်းပြတ်သားစွာ ညွှန်ပြခဲ့ပါသည်။ နေရပ်ပြန်များအတွက် ထားပေးသည့် နေရာများတွင် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ကြောက်ရွံ့မှုများ ရှိဆဲဖြစ်ပြီး မြန်မာနိုင်ငံတွင် ၎င်းတို့၏ နိုင်ငံသားဖြစ်မှု ဆိုင်ရာ ပြဿနာများအတွက် တိုးတက်မှု မရှိခဲ့ပါ။ ၂၀၁၇ ခုနှစ်တွင် အစိုးရ မှ ကတိကဝတ် ပြုခဲ့သည့် ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ (RAC) ၏ အကြံပြု ထောက်ခံချက်များအား အကောင်အထည်ဖော်ရေးတွင် တိုးတက်မှု အနည်းငယ်သာ တွေ့ရှိရဆဲ ဖြစ်ပါသည်။[၇၄] လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးမှ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ ပြန်လည်နေရာချထားရေး နှင့် စခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာ[၇၅] အပြီးသတ် ရေးဆွဲခဲ့ခြင်းအား အာဏာပိုင်များမှ လုပ်ဆောင်ခဲ့သည်မှာ အကြီးမားဆုံး တိုးတက်မှုဖြစ်ပါသည်။ မဟာဗျူဟာတွင် ပဋိပက္ခဒဏ်ခံစားရသည့် သူများနှင့် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများ ကိုယ်တိုင် ပါဝင် ဆောင်ရွက်စေသည့် လုပ်ငန်းကော်မတီများနှင့် ဆပ်-ကော်မတီများ တည်ထောင်ခြင်း အပါအဝင် အမျိုးသားအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့်နှင့် မြို့နယ် အဆင့် လုပ်ငန်းစဉ်များကို အသေးစိတ် ရေးဆွဲခဲ့ပါသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ် အစပိုင်းအထိ အဆိုပါ ကော်မတီများအား မည်သို့ တည်ထောင်မည် နှင့် မည်သည့် အချိန် ဆောင်ရွက်မည် ဆိုသည်တို့မှာ သဲသဲကွဲကွဲ မရှိသေးပါ။ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားခြင်းမရှိဘဲ IDP စခန်းပိတ်သိမ်းရန် ကြိုးပမ်းခဲ့သည့် ကျောက်ဖြူမြို့နယ် တွင်းရှိ ကျောက်တစ်လုံး စခန်းတွင် မကြာသေးမီအချိန်ကာလက ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များမှ အမျိုးသားအဆင့် မဟာဗျူဟာတွင် ရေးဆွဲဖော်ပြထားသည့် ယန္တရားများအား အာဏာပိုင် အဆင့်ဆင့်မှ စနစ်တကျ လိုက်နာဆောင်ရွက်ရန် အခက်အခဲများရှိကြောင်း ပြသခဲ့ပါသည်။

၂၀၁၉ ခုနှစ် မေလအတွင်းတွင် အစိုးရမှ ပိတ်သိမ်းကြောင်း ကြေငြာခဲ့သည့် ပြည်တွင်းနေရပ်စွန့်ခွါ တိမ်းရှောင်သူ စခန်းများတွင် အလုပ်လုပ်ကိုင် လျက်ရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအတွက် ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍမှ အဆိုပြုခဲ့သည့် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား[၇၆] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေ အဖွဲ့ (HCT) အတည်ပြုခဲ့ပါသည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများမှ ယင်းနေရာများတွင် မည်သို့ လုပ်ကိုင်ဆောင်ရွက်ရမည်ဆိုသည်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များအား လမ်းညွှန်ပေးရန် ရည်ရွယ်ပါသည်။ သို့သော်လည်း ကဏ္ဍများနှင့် ပတ်သက်ဆက်နွယ်သူများကြားတွင် ယင်း စည်းမျဉ်းစည်းကမ်းများ အသုံးပြုရာတွင် နှောင့်နှေးနေခြင်း၊ ပတ်သက်ဆက်နွယ်သူများကြား ယင်းစည်းမျဉ်းများ အား အဓိပ္ပါယ်ဖော်ရာတွင် အမျိုးမျိုး ကွဲပြားမှုများနှင့် HCT အဖွဲ့ဝင်များ မှ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းခြင်းတို့မှ 'ပိတ်သိမ်းမည့်' စခန်းများ တွင် လုပ်ငန်းလုပ်ဆောင်ရန် သင့်လျော်သည့် ချဉ်းကပ်နည်းလမ်းများရွေးချယ်ရာတွင် ကွဲ ပြားမှုများ ဖြစ်စေခဲ့ပါသည်။ သီးသန့်စခန်း တစ်ခုချင်းစီ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ မူဘောင်များ[၇၇] အား ၂၀၂၀ ခုနှစ် အစောပိုင်းတွင် အပြီးသတ်ခဲ့ပါသည်။ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ အနေဖြင့် အသက်မွေး ဝမ်းကျောင်းမှု၊ဈေးကွက်များနှင့် ခွဲခြားမှုမရှိသည့် ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရန် လွတ်လပ်စွာသွားလာ လှုပ်ရှားခြင်း၏ အပြောင်းအလဲများအား တိုင်းတာရန် အဓိက နည်းကိရိယာများဖြင့် မိတ်ဆက်ပေးခဲ့သော်လည်း စီမံကိန်းလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များအား မည်သည့် လမ်းညွှန်ပေးမည် ဆိုသည်နှင့် ပြောင်းလဲမှုကိုမည်သို့ တစ်စုတစ်စည်းတည်း အကဲဖြတ်သုံးသပ်မည် ဆိုသည်တို့နှင့် ပတ်သက်၍ အများ သဘောတူညီမှု မရှိသေးပါ။ လူမှု အသိုင်းအဝိုင်းများကြား တင်းမာမှုများ မြင့်မားဆဲဖြစ်ပြီး ငြိမ်းချမ်းပြီး ရေရှည်တည်တံ့သည့် အတူယှဉ်တွဲ နေထိုင်မှုအား မြှင့်တင်ပေးနိုင်မည့် စီမံကိန်း ဆောင်ရွက်ချက်များ ဆောင်ရွက်ရန် တောင်းဆိုမှုများ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။

တပ်မတော်နှင့် ရခိုင့်တပ်မတော်ကြား ဖြစ်ပွားသည့် ပဋိပက္ခသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခ အလုံးစုံအတွက် ထပ်တိုးလာသည့် အသစ် ဖြစ်ပြီး ပြည်ထောင်စု အဆင့် အစိုးရ နှင့် ပြည်နယ်များကြား ထားရှိသည့် ဆက်ဆံရေးများတွင် ရှုပ်ထွေးနက်နဲခြင်း အင်္ဂါရပ်ကို ထပ်မံ ဖြည့်စွက်ပေးပါသည်။ ရခိုင့်တပ်မတော်နှင့် ပဋိပက္ခမှာ ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် အရှိန်မြင့်တက်လာခဲ့ပါသည်။ ပဋိပက္ခမှာ ၂၀၁၉ ခုနှစ်အတွင်း လျင်မြန်စွာ ဆိုးရွားလာခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားလျက်ရှိကာ ရခိုင်ပြည်နယ် တောင်ပိုင်း မြို့နယ် အချို့တွင် အခါအားလျော်စွာ ဖြစ်ပွားနေပါသည်။ အစိုးရနှင့် လက်နက်ကိုင်တပ်ဖွဲ့များသည် အထူးသဖြင့် မီဒီယာနှင့် ပဋိပက္ခ ဒဏ်ခံစားရသည့် အရပ်သားများ အတွက် အကူအညီပေးသည့် ဒေသခံ အဖွဲ့အစည်းများ ၏ ခရီးသွားလာမှု ချုပ်ထိန်းခြင်းမှတဆင့် သတင်းဖော်ပြမှုများကို ကန့်သတ်သည့် ရှိဆဲ မဟာဗျူဟာ ကို ဆက်လက်ကျင့်သုံးလျက် ရှိပါသည်။ မိုဘိုင်း အင်တာနက် ဝန်ဆောင်မှုများအား ချင်းပြည်နယ် တောင်ပိုင်းရှိ ပလက်ဝ အပါအဝင် မြို့နယ် ကိုးမြို့နယ်တွင် ၂၀၁၉ ခုနှစ်မှ စတင်၍

---

၇၂ www.unhcr.org/news/press/2019/8/5d5e720a4/unhcr-statement-voluntary-repatriation-myanmar.html-myanmar.html

၇၄ ၂၀၁၈ ခုနှစ် INGO ရခိုင်အစီအစဉ် (IRI) ၏ လူ့အခွင့်အရေး အထူးသဖြင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်းနှင့် နိုင်ငံသားဖြစ်မှုတို့ နှင့် စပ်လျဉ်းသည့် ထောက်ခံ အကြံပြုချက်များ ပါဝင်သည့် " ဆန်းစစ်သုံးသပ်ခဲ့သည့် ထောက်ခံအကြံပြုချက် ၄၄ ခု အနက်မှာ ၂၈ ခု တွင် အပေါ်ယံသက်သက် (သို့) တိုးတက်မှုမရှိခြင်း" ကို မီးမောင်းထိုးပြသည့် RAC ထောက်ခံအကြံပြုချက် လုပ်ငန်းစဉ် အား သုံးသပ်ခြင်း။ IRI အစီရင်ခံစာမှ တိုးတက်မှုရှိသည့် ထောက်ခံအကြံပြုချက်များ ထက် တိုးတက်မှု မရှိသည့် ထောက်ခံအကြံပြုချက်များ ပိုမိုများပြားသည်ကိုလည်း တွေ့ရှိရကြောင်း သုံးသပ်ခဲ့ပါသည်။

၇၅ ရခိုင်ပြည်နယ်တွင်းရှိ နေရပ်စွန့်ခွါသူများ (IDP) ပြန်လည်နေရာချထားရေး နှင့် ယာယီ ခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ၊ နေရပ်စွန့်ခွါသူများ ၏ ဘဝ များအား လုံခြုံစိတ်ချမှုရှိပြီး ဂုဏ်သိက္ခာရှိကာ အမှီအခိုကင်းစွာဖြင့် ပြန်လည်တည်ဆောက်ပေးခြင်း ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ

၇၆ မြန်မာနိုင်ငံ ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍ ၏ တည်နေရာတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် အလယ်ပိုင်း ရှိ တွင် အစိုးရမှ ပိတ်သိမ်းရန် ကြေငြာ ခဲ့သည့် နေရပ်စွန့်ခွါသူများ ခိုလှုံရာ နေရာများ တွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ အတွက် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

၇၇ အသက်မွေးဝမ်းကျောင်းမှု အတွက် လွတ်လပ်စွာ လှုပ်ရှားနိုင်မှု/လက်လှမ်းမီ မှု ဆိုင်ရာ တိုးတက်မှုကို တိုင်းတာသည့် မူဘောင်၊ စောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ မူဘောင်

ပိတ်ပင်ထားခဲ့ပါသည်။ ယင်းပိတ်ပင်ထားမှုမှာ ၂၀၁၉ ခုနှစ် ဒုတိယ နှစ်ဝက် ကာလ အများစု အထိ ဆက်လက်ရှိနေခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပိတ်ပင်ထားမှုအား တစ်ပိုင်းတစ်စ ဖြေလျှော့ခဲ့ပြီးနောက် ၂၀၂၀ ခုနှစ်အစောပိုင်းတွင် ပြန်လည် ပိတ်ပင်ခဲ့ပါသည်။

ပဋိပက္ခသည် အရပ်သား ပြည်သူများအား အများအပြား ထိခိုက်စေလျက်ရှိပြီး ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်များနှင့် ချင်းပြည်နယ် ရှိ ပလက်ဝ မြို့နယ်တို့မှ ပဋိပက္ခ ဒဏ်ခံစားရသည့် ပြည်သူ ထောင်ပေါင်းများစွာ အား နေရပ်စွန့်ခွာ စေခဲ့ပါသည်။ အကူအညီပေးရေး အဖွဲ့များ သွားရောက်ရန် အလွန်အမင်း ကန့်သတ်ထားသဖြင့် အသစ် ရောက်ရှိလာသည့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ အရေအတွက်ကို အတည်ပြုရန် ခက်ခဲပါသည်။ ၂၀၁၉ ခုနှစ် ကုန်တွင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA) မှ ရခိုင်ပြည်နယ်တွင်း ပြည်တွင်း နေရပ်စွန့်ခွါ တိမ်းရှောင်သူ အသစ် ၆၀,၀၀၀ ကျော် ရှိကြောင်း အစီရင်ခံခဲ့ပြီး အစိုးရမှလည်း ထို အရေအတွက်အတိုင်း တင်ပြခဲ့ပါသည်။ ပဋိပက္ခများသည် နေရာဒေသအသစ်များသို့ ပြန့်နှံ့သည်နှင့်အမျှ အခြေအနေများ လျင်မြန်စွာ ပြောင်းလဲလျက်ရှိပါသည်။ ရခိုင်တိုင်းရင်းသား မျိုးနွယ်များ အစည်းအရုံး ကဲ့သို့သော ဒေသခံ အစည်းအရုံးများ မှ ရခိုင်ပြည်နယ် ရှိ လက်နက်ကိုင် ပဋိပက္ခကြောင့် လူပေါင်း ၁၀၀,၀၀၀ ကျော် ပဋိပက္ခ ဒဏ် ခံစားခဲ့ကြရကြောင်း အစီရင်ခံခဲ့ပါသည်။ အစိုးရနှင့် ဒေသခံ အုပ်စုများနှင့် အတူ ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ် နှင့် ကြက်ခြေနီ တို့၏ လှုပ်ရှားမှုများသည် အဓိကအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လအထိ သွားရောက်နိုင်သည့် အဆင့်တစ်ခု ရှိသည်ဟု အစီရင်ခံသည့် အဖွဲ့အစည်းများ များလာပြီး ဒုတိယ နှစ်ဝက်အတွင်း ထို သွားရောက်နိုင်မှုမှာ ပျက်ယွင်းသွားခဲ့ပါသည်။ သွားလာခွင့်အား အများအားဖြင့် မြို့ပြဒေသများ သက်သက်တွင် ရက်အကန့်အသတ်ဖြင့်သာ အကူအညီပေးရန် ခွင့်ပြုသည့် ခရီးသွားလာခွင့် သာ ဖြစ်ပါသည်။ တိုက်ပွဲများ အကြိမ်ကြိမ် ဖြစ်ပွားနေခြင်း၊ နေရပ်စွန့်ခွါခြင်း၊ ပဋိပက္ခ တွင် ပါဝင်သည့် လက်နက်ကိုင် တပ်ဖွဲ့များအား ကူညီပံ့ပိုးပေးနေသည်ဟု သံသယရှိသဖြင့် လက်နက်ကိုင် တပ်ဖွဲ့များတို့မှ ဖမ်းဆီးခြင်း တို့ မှ ပြည်သူများ၏ အေးချမ်းသာယာမှုကို အဟန့်အတား ဖြစ်စေပြီး လူမှုပေါင်းစည်းမှုကို ကန့်သတ်မှု ဖြစ်စေခဲ့ပါသည်။ နေရပ်စွန့်ခွါ တိမ်းရှောင်သည့် နေရာများတွင် နေထိုင်ရသည့် အခြေအနေများသည် ဆိုးရွား နိမ့်ကျသဖြင့် ရောဂါဖြစ်ပွားနိုင်သည့် အလားအလာရှိသဖြင့် စိုးရိမ်ပူပန်မှုများလည်း ရှိနေပါသည်။

## ရခိုင် ပြည်နယ်ရှိ LIFT ၏ စီမံကိန်းဆောင်ရွက်ချက်များ

၂၀၁၉ ခုနှစ် ရခိုင်ပြည်နယ်ရှိ LIFT ၏ စီမံကိန်းဆောင်ရွက်ချက်များတွင် LIFT ၏ ၂၀၁၉–၂၀၂၃ မဟာဗျူဟာနှင့် မူဘောင်အသစ် နှင့်အညီ ထင်ရှားသည့် အပြောင်းအလဲများ တွေ့မြင်ရပါသည်။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ချက်များ အရ စီမံကိန်းအသစ်များ စတင်ခဲ့ပြီး ယခင်ကတည်းက ရှိပြီးသား စီမံချက် အများအပြားကိုလည်း သက်တမ်းတိုးခဲ့ပါသည်။ ပြည်တွင်း နေရပ်စွန့်ခွါတိမ်းရှောင်သူများအတွက် စခန်းများနှင့် မွတ်ဆလင် ကျေးရွာများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံချက်များဖြင့် LIFT သည် ယခုအခါ ယခင် ရန်ပုံငွေ အဆင့်ထက် ပိုမိုများပြားသည့် ပဋိပက္ခ ဒဏ်ခံ၊ ချို့တဲ့နွမ်းပါးပြီး ဖယ်ကျဉ်ခံထားရသည့် အုပ်စုများထံ ရောက်ရှိလာခဲ့ပါသည်။

၂၀၁၉ခုနှစ်အတွင်းတွင် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ် အများအပြားရှိ လုံခြုံရေးအခြေအနေဆိုးရွားလာခဲ့သဖြင့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံကိန်းလုပ်ငန်းများ ရောက်ရှိသည့် နယ်မြေတွင် ချဲ့ထွင်ရန် စီစဉ်ထားသည့် ဒေသများသို့ ခရီးသွားလာရန် ခွင့်ပြု မှုများ ရယူရာတွင် သက်ရောက်မှုများ ရှိလာသဖြင့် လုပ်ငန်းဆောင်ရွက်ရခြင်းဆိုင်ရာ စိန်ခေါ်မှုများ မြင့်တက်ခဲ့ပါသည်။ မြောက်ဦး၊ ကျောက်တော်၊ မြေပုံ နှင့်မင်းပြား မြို့နယ်များတွင် ၂၀၁၉ ခုနှစ်တွင် စတင်ရန် စီမံကိန်းရေးဆွဲထားသည့် လုပ်ငန်းများအား နိုင်ငံတကာ နှင့် ပြည်တွင်း မိတ်ဖက်အ ဖွဲ့အစည်းများမှ စတင် အကောင်အထည် ဖော် နိုင်ခဲ့ခြင်း မရှိပါ။ မြောက်ဦးမြို့နယ်ကဲ့သို့သော အကောင်းဆုံး အခြေအနေရှိသည့် နေရာများ တွင် ကျေးလက်ဒေသမှ အကျိုးခံစားခွင့်ရှိသူများ အတွက် သင်တန်းပေးခြင်းကဲ့သို့သော လှုပ်ရှားမှုမျိုးများအား မြို့ပေါ်ရှိ စင်တာများ တွင်သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ International Rescue Committee ၏ တက်လမ်း –၂ စီမံချက် လုပ်ငန်းများတွင် စီမံ အုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် ရှုပ်ထွေးသောကြောင့် စီမံကိန်းမှ ဦးတည်ထားသည့် မြေပုံ (သို့) မင်းပြားမြို့နယ်များရှိ နေရာများတွင် လုပ်ငန်းများ ဆက်လက်လုပ်နိုင်ခြင်း မရှိတော့ပါ။

လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်များကြောင့် အခါအားလျော်စွာ ဂွ ၊ အမ်း နှင့် ကျောက်ဖြူ တို့ အပါအဝင် ရခိုင်ပြည်နယ် တောင်ပိုင်းရှိ မြို့နယ်များအား ထိခိုက်စေသဖြင့် အထူးသဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အပါအဝင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအပေါ် သက်ရောက်မှုများ ရှိခဲ့ပါသည်။ နောက်ဆုံးတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းစွန်းရှိ မြို့နယ်များ ဖြစ်သည့် မောင်တော နှင့် ဘူးသီးတောင် တို့တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ သွားရောက်နိုင်မှုမှ အလွန်အမင်း ချုပ်ချယ်ကန့်သတ်ခံထားရဆဲဖြစ်ပြီး မြို့များနှင့် အနီးတဝိုက်တွင် ရှိသည့် ခွင့်ပြုပေးထားသည့် ကျေးရွာအချို့ကိုသာ သွားရောက်ခွင့်ရှိသောကြောင့် တဖန် ပို၍ အားနည်းထိခိုက်လွယ် ပြီး ဖယ်ကျဉ်ခံထားရသည့် လူမှုအသိုက်အဝန်းများထံ ရောက်ရှိနိုင်စွမ်းများအား ကန့်သတ်ထားပြန်ပါသည်။

## စိတ်ဝင်စားဖွယ်ရာများ

၂၀၁၉ ခုနှစ်တွင် LIFT မှ ရခိုင်ပြည်နယ် တွင် ၁၈၉,၃၁၅ ဦးထံရောက်ရှိခဲ့ပြီး ရခိုင် လူမျိုး ၆၈ ရာခိုင်နှုန်း နှင့် ၃၂ ရာခိုင်နှုန်းမှာ မွတ်ဆလင်များ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ရှိ လက်ရှိစီမံကိန်းလုပ်ငန်းမှာ LIFT ၏ မဟာဗျူဟာမှ အဓိက အကြောင်းအရာ နယ်ပယ် လေးခု ကို လွှမ်းခြုံပါသည်။

အာဟာရဖွံ့ဖြိုးမှုသည် International Rescue Committee ၏ ကဏ္ဍစုံပါဝင်သော်လည်း နယ်ပယ် ကန့်သတ်မှု ပိုများသည့် စီမံကိန်းဆောင်ရွက်ချက်များ အား တိုးချဲ့သည့် တက်လမ်း အဆင့် ၂ စီမံကိန်း၏ စရိတ်ပါဝင်သော သက်တမ်းတိုးခြင်း၏ အစိတ်အပိုင်းအဖြစ် ဆက်လက်ပါဝင်ပါသည်။ သို့သော်လည်း ရခိုင်ပြည်နယ်ရှိ အာဏာပိုင်များမှ IRC ၏ စီမံအုပ်ချုပ်မှုကို ရပ်ဆိုင်းစေခဲ့ခြင်းဖြင့် တက်လမ်း – ၂ ၏ စရိတ်ပါဝင်သည့် စီမံကိန်း သက်တမ်းတိုးခြင်းမှ မျှော်မှန်းထားသည့် စီမံကိန်းဆောင်ရွက်ချက်များနှင့် ရလဒ်များအား ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

Save the Children ၏ Tat Lan Plus သည် အာဟာရသီးသန့် နှင့် အာဟာရ ဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များဖြင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များတွင် ပုညှက်ခြင်းကို လျှော့ချရန် လုပ်ဆောင်သည့် ၎င်းတို့၏ ယခင်က တက်လမ်း အဆင့် –၂ စီမံချက် ၏ လုပ်ငန်းများအား ဆက်လက် တာဝန်ယူ ဆောင်ရွက်သည့် စီမံချက် ဖြစ်ပါသည်။ တက်လမ်း –၂ အာဟာရဖွံ့ဖြိုးမှု စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ ရလဒ်များမှ ကနဦးစစ်တမ်းနှင့် အပြီးသတ်စစ်တမ်းတို့ကြား တက်လမ်း – ၂ စီမံချက် ဒေသများရှိ အသက်နှစ်နှစ်အောက် ကလေးသူငယ်များကြား ပုညှက်မှုအား သိသိသာသာ လျှော့ချနိုင်ခဲ့ကြောင်း (၂၀.၄ ရာခိုင်နှုန်းမှ ၁၄.၆ ရာခိုင်နှုန်းအထိ) တွေ့ရှိခဲ့ပြီး အထူးသဖြင့် ငွေကြေးထောက်ပံ့ခြင်း၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း နှင့် သန့်ရှင်းသည့် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ

***ဇယား ၃.၈– ၂၀၁၉ ခုနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် အဓိက စီမံကိန်းလုပ်ငန်းများ***

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိက လုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| Danish Refugee Council (DRC) and Norwegian Refugee Council (NRC) | ရခိုင်ပြည်နယ်ရှိနေရပ်စွန့်ခွါ တိမ်းရှောင်သူ စခန်းများနှင့်စခန်းပြင်ပမှ လူငယ်များအတွက် အသက်မွေးမှု ပညာသင်တန်းများ နှင့်အသက်မွေး ဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးခြင်း – အဆင့် ၂ | အသက်မွေးမှု ကျွမ်းကျင် သင်တန်း များ ပို့ချခြင်း | ၂၀၁၉ ခုနှစ် ဇန်နဝါရီ – ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ | စစ်တွေ၊ မောင်တော၊ ကျောက်တော်[၇၈] – IDP စခန်းများနှင့် ကျေးရွာများ |
| International Labour Organization | ရခိုင် ပြည်နယ်တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်စေရေး စီမံချက် (SDPRS) | အသက်မွေးမှု ကျွမ်းကျင် သင်တန်း၊ TVET စီမံကိန်း ရေးဆွဲခြင်း | ၂၀၁၇ ခုနှစ် ဇူလိုင်လ – ၂၀၂၀ ခုနှစ် ဇွန်လ | စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မောင်တော နှင့် ဘူးသီးတောင် မြို့နယ်များ – ကျေးရွာများသာ |
| [၇၉]International Rescue Committee | တက်လမ်း –၂ | စိုက်ပျိုးရေး၊ အခြေခံ အဆောက်အဦ၊ အာဟာရဖွံ့ဖြိုးမှု၊ WASH၊ စီမံအုပ်ချုပ်မှု | ၂၀၁၆ ခုနှစ် ဇန်နဝါရီ – ၂၀၂၀ ခုနှစ် ဒီဇင်ဘာ | မြေပုံ၊ မင်းပြား မြို့နယ်များ– ကျေးရွာများသာ |
| Pact Global Microfi–nance and Wan Lark | PGMF RAFIN | စိုက်ပျိုးစရိတ် ချေးငွေများ၊ အငယ်စား စီးပွားရေး လုပ်ငန်း ချေးငွေများ၊ စုငွေများ၊ လူမှုရေး ချေးငွေများ၊ ငွေကြေးဆိုင်ရာ အသိပညာနှင့် အကျိုးခံစားခွင့်ရှိသူ အတွက် လူမှုဖူလုံရေး | ၂၀၁၅ ဒီဇင်ဘာလ– ၂၀၁၉ ဇွန်လ | စစ်တွေ နှင့် ပုဏ္ဏားကျွန်း– ကျေးရွာများသာ |
| PATH | ရခိုင်ပြည်နယ်တွင် အားဖြည့်ဆန် ထုတ်လုပ်မှု နှင့် ဖြန့်ဖြူးမှု တည်ထောင်ခြင်း | အားဖြည့်ဆန် တန်ဖိုးမြှင့် ကွင်းဆက် | ၂၀၁၃ ခုနှစ် အောက်တိုဘာ – ၂၀၂၀ ခုနှစ် ဇွန် | ကျောက်တော်၊ မင်းပြား၊ စစ်တွေမြို့နယ်များ |
| Relief International | ရခိုင်ပြည်နယ်တွင် ကာလတာရှည် ဖြစ်ပွားနေသည့် နေရပ်စွန့်ခွါတိမ်းရှောင်ခြင်း ပြဿနာအား ဖြေရှင်းရန် တုံ့ပြန်ဆောင်ရွက်သည့် ယန္တရားများ | အသက်မွေးဝမ်းကျောင်းမှု၊ လူမှုပေါင်းစည်း ညီညွတ်မှု၊ စီမံအုပ်ချုပ်မှု | ၂၀၁၉ ခုနှစ် ဇန်နဝါရီ –၂၀၂၁ ခုနှစ် ဒီဇင်ဘာ | မြေပုံ၊ မြောက်ဦး[၈၀] မြို့နယ်များ – IDP စခန်း နှင့် ကျေးရွာများ |
| Save the Children Inter–national & Community Empowerment & Resilience Association | Tat Lan Plus | အာဟာရဖွံ့ဖြိုးမှု၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံ အဆောက် အဦ | ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၀၂၁ ခုနှစ် ဇွန် | ပေါက်တော၊ စစ်တွေ၊ မြောက်ဦး[၈၁] IDP စခန်း နှင့် ကျေးရွာများ |
| United Nations Capital Development Fund (UNCDF), Wan Lark and CARD | မည်သူမှ မကျန်ရစ်စေရေး | စိုက်ပျိုးစရိတ် ချေးငွေများ၊ အငယ်စား စီးပွားရေး လုပ်ငန်း ချေးငွေများ၊ စုငွေများ၊ လူမှုရေး ချေးငွေများ၊ ငွေကြေးဆိုင်ရာ အသိပညာနှင့် အကျိုးခံစားခွင့်ရှိသူ အတွက် လူမှုဖူလုံရေး | ၂၀၁၉ ခုနှစ် ဒီဇင်ဘာ – ၂၀၂၂ ခုနှစ် ဒီဇင်ဘာ | သံတွဲ၊ ကျောက်တွဲ၊ ပုဏ္ဏားကျွန်း |
| UNOPS | Rakhine Communication Hub | ဆက်သွယ် ဆောင်ရွက်ရေး နှင့် ဆက်သွယ် ဆောင်ရွက်ရေး ဆိုင်ရာ ကူညီပံ့ပိုးမှု၊ CSO များနှင့် မီဒီယာ လက်လှမ်းမီ ရောက်ရှိမှု | ၂၀၁၉ ခုနှစ် ဇွန်လ – ၂၀၂၁ ခုနှစ် မေလ | ရခိုင်ပြည်နယ် |
| Vision Fund International | ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု | စုငွေများနှင့် ချေးငွေများ | ၂၀၁၈ ခုနှစ် စက်တင်ဘာ– ၂၀၂၁ ခုနှစ် စက်တင်ဘာ | မြောက်ဦး၊ ကျောက်တော်၊ ကျောက်ဖြူ နှင့် စစ်တွေ မြို့နယ်များ – IDP စခန်း နှင့် ကျေးရွာများ |
| World Food Programme | အားဖြည့်ဆန် အား ကယ်ဆယ်ရေး အကူအညီအဖြစ် အားနည်း ထိခိုက်လွယ် အုပ်စုများ ထံ ဖြန့်ဖြူးခြင်း | အားဖြည့်ဆန် ဖြန့်ဖြူးခြင်း | ၂၀၁၇ ခုနှစ် ဇူလိုင်– ၂၀၂၀ ခုနှစ် ဒီဇင်ဘာ | ရခိုင်ပြည်နယ် – IDP စခန်းများ |
| Yoma Bank | ရိုးမဘဏ် စိုက်ပျိုးစီးပွား ဘဏ္ဍာရေး စီမံကိန်း | အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူခြင်း၊ တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှု စာရင်း၊ အာမခံပစ္စည်း ပေးရသည့် ချေးငွေ၊ အာမခံပစ္စည်း ထက် ချေးငွေတန်ဖိုး မြင့်မားသည့် ချေးငွေများ | ၂၀၁၅ ဒီဇင်ဘာ –၂၀၂၀ ဇွန်လ | ရခိုင်ပြည်နယ် |

[၇၈] ဝင်ထွက်သွားလာခွင့် ဆိုင်ရာ ကိစ္စရပ်များကြောင့် ကျောက်တော်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းများ စတင်နိုင်ခဲ့ခြင်းမရှိပါ။

[၇၉] ခရီးသွားလာခွင့် ကိစ္စရပ်များကြောင့် ၂၀၁၉ ခုနှစ်တစ်နှစ်လုံး စီမံချက် အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆိုင်းငံ့ထားပါသည်။

[၈၀] ဝင်ထွက်သွားလာခွင့် ဆိုင်ရာ ကိစ္စရပ်များကြောင့် မြောက်ဦးမြို့နယ်တွင် စီမံကိန်းလုပ်ငန်းများ ၂၀၁၉ ခုနှစ်အတွင်း စတင်နိုင်ခဲ့ခြင်းမရှိပါ။

[၈၁] ဝင်ထွက်သွားလာခွင့် ဆိုင်ရာ ကိစ္စရပ်များကြောင့် စီမံချက်မှ မြောက်ဦးမြို့နယ်ရှိ ကျေးရွာများသို့ ရောက်ရှိနိုင်ခြင်း မရှိပါ။

အခြေခံ အဆောက်အဦ တို့ လက်လှမ်းမီ ရရှိခြင်းအပါအဝင် လုပ်ဆောင်ခဲ့သည့် စီမံကိန်း ဆောင်ရွက်ချက်များ၏ အတူတကွ အပြန်အလှန် အကျိုးကျေးဇူးပြုပုံကိုလည်း မီးမောင်းထိုးပြခဲ့ပါသည်။ တက်လမ်း အဆင့် ၁ နှင့် ၂ တို့တွင် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာ များပေါ်တွင် တည်ဆောက်ထားသည့် Tat Lan Plus စီမံချက်မှ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန မှ ကျန်းမာရေး ဝန်ဆောင်မှုများ နှင့် စနစ်များအတွင်း စနစ်ကျနသည် အာဟာရဖွံ့ဖြိုး မှုဆိုင်ရာ ကူညီပံ့ပိုးမှုများ ထည့်သွင်း ကျင့်သုံးနိုင်ရန်ရည်ရွယ်သည့် လတ်တလော အာဟာရ ချို့တဲ့မှု ဘက်စုံ ကုသစောင့်ရှောက်ခြင်း ဆိုင်ရာ ကုထုံး (IMAM) နှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များ ဖြည့်စွက်စာကျွေးခြင်း (IYCF) ဆိုင်ရာ လမ်းညွှန်များ စတင် ကျင့်သုံး နိုင်ရန် ကူညီပံ့ပိုး ပေးလျက်ရှိပါသည်။ Tat Lan Plus သည် အစိုးရ ကျန်းမာရေး စောင့်ရှောက်မှုများ ရောက်ရှိခြင်းမရှိသည့် ပေါက်တော မြို့ရှိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ ရှိ ပြင်းထန် အာဟာရ ချို့တဲ့ ဝေဒနာ (SAM) ခံစားနေရသည့် ကလေးသူငယ်များ အတွက် မရှိမဖြစ်လိုအပ်သည့် ကုသရေးဆိုင်ရာ ဝန်ဆောင်မှုများ လည်း ဆောင်ရွက်ပေးပါသည်။

PATH ၏ အားဖြည့်ဆန် စီမံချက် မှ ရခိုင်တွင် အားဖြည့်ဆန် ထုတ်လုပ်ခြင်း နှင့် ဈေးကွက်တင်ရေး ကွင်းဆက်များ တည်ဆောက်ရန် လုပ်ဆောင် လျက် ရှိပါသည်။ ယင်းနှင့်အပြိုင် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ၂၀၁၉ ခုနှစ်တွင် စစ်တွေရှိ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင် သူ စခန်းများတွင် ကယ်ဆယ်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် အားဖြည့်ဆန် အား ဝေငှခြင်းအား ဆက်လက် ဆောင်ရွက်နေပြီး လူ ပေါင်း ၅၃,၇၉၁ ဦးထံ ဝေငှ ပေးခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် IRC အား စီမံအုပ်ချုပ်ရေး ဆိုင်ရာ တားဆီး ပိတ်ပင် ခြင်းခံရသဖြင့် ရခိုင်ပြည်နယ်တွင် LIFT ၏ စိုက်ပျိုးရေး၊ ဈေးကွက် များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး စနစ်များ သည် အထူးသဖြင့် တက်လမ်း အဆင့် –၂ မှ စိုက်ပျိုးရေးဦးစီး ဌာန နှင့် အတူ လုပ်ဆောင် လျက်ရှိသည့် အရည်အသွေး ပြည့်မီကြောင်း အသိအမှတ်ပြုသည့် မျိုးစေ့များနှင့် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ ဆိုင်ရာ စီမံချက် အား တိုးချဲ့ရန် စီစဉ်ထားသည့် ကောင်းမွန်သည့် ဆန်စပါး ထုတ်လုပ် ခြင်း နှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် သိသိသာသာ ရပ်တန့်သွား ခဲ့ပါသည်။ Save the Children International ၏ Tat Lan Plus စီမံ ချက်တွင် တန်ဖိုးမြှင့် ကွင်းဆက်အတွင်း စိုက်ပျိုးရေး နှင့် ငါးလုပ်ငန်း များတွင် အာဟာရ ဖောင်းပေး အငယ်စား စိုက်ပျိုးထုတ်လုပ်ရေး စနစ် များ ဖြစ်ထွန်းစေရန် ကူညီပံ့ပိုးပေးမှု ပါဝင်ပါသည်။ စီမံချက်တွင် ပြည်သူ့ဆောက်လုပ်ရေး လခစား အလုပ် နှင့် ဝင်ငွေ လက်လှမ်းမီ ရရှိမှု အကန့်အသတ်ရှိသည့် အားနည်းထိခိုက်လွယ်မှု အများဆုံး အုပ်စု များအတွက် လုပ်ခရသည့် အလုပ်မှတဆင့် ရပ်ရွာလူထု အခြေခံ အဆောက်အဦး လုပ်ငန်းများ တည်ဆောက်ရာတွင် ကူညီ ပံ့ပိုးပေးသည့် ပြည်သူ့ ဆောက်လုပ်ရေး စီမံကိန်း အစိတ်အပိုင်း ပါဝင်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် Danish Refugee Council (DRC) စီမံချက်များ သည် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့လျားသွားလာမှုဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ILO ၏ ရခိုင်ပြည်နယ်အတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် မှ ရခိုင်ပြည်နယ်တွင် လိုအပ်ချက် အတိုင်း ဖြည့်ဆည်းပေးပြီး အားလုံးပါဝင်သည့် နည်း ပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး နှင့် သင်တန်းကျောင်း (TVET) စနစ် တည်ထောင်နိုင်ရန် ဦးတည်လုပ်ကိုင်ဆောင်ရွက် ပါသည်။ ILO ၏ စီမံချက် သည် ရခိုင်ပြည်နယ်တွင် ဈေးကွက် ပိုမို ဦးစားပေးသည့် TVET စနစ်ကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီ ရရှိစေ ရန်အတွက် ပံ့ပိုးပေးနိုင်ရန် စနစ်များနှင့် ရပ်ရွာလူထု အဆင့်အတွင်းရှိ အဆင့်အမျိုးမျိုးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခု နှစ် မေလတွင် စီမံချက်အား ၂၀၂၀ ခုနှစ် ဇွန်လအထိ ကုန်ကျစရိတ် ပါဝင်သည့် တစ်နှစ် သက်တမ်း တိုးခွင့်ပြုချက် ရရှိခဲ့ပါသည်။ စီမံချက် သက်တမ်းတိုးခြင်း၏ ရည်မှန်းချက်များအနက်မှ တစ်ခုမှ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးနိုင်ရန် အလုပ်အကိုင် ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ပေးသည့် တရားဝင် ဌာနများ တည်ထောင်နိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်။ ၂၀၁၉ ဇူလိုင်လ တွင် စီမံချက် မှ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ ပထမဦးဆုံး လုပ်ငန်း ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ် ထုတ်ပေးသည့် ဌာနအား စစ် တွေမြို့တွင် ဖွင့်လှစ် ပေးခဲ့ပါသည်။ ILO ၏ စီမံချက်မှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် ပုဂ္ဂလိ ကဏ္ဍ တို့မှ ပတ်သက် ဆက်နွယ်သူများအား စည်းရုံးခဲ့ပါသည်။

Danish Refugee Council (DRC) သည် ရခိုင်ပြည်နယ် ရှိ လူငယ် များအတွက် အသက်မွေးမှု ပညာ သင်တန်းများ နှင့် အသက်မွေး ဝမ်းကျောင်းမှု အခွင့်အလမ်းများ စီမံချက် ၏ ဒုတိယ အဆင့် ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် Norwegian Refugee Council (NRC) နှင့် မိတ်ဖက်ပြုခဲ့ပါသည်။ စီမံချက်မှ အားနည်းထိခိုက်လွယ် သည့် အသက် ၁၆ နှစ် မှ အသက် ၃၀ ကြား မွတ်စလင်မ် များနှင့် ရခိုင် ဗုဒ္ဓ ဘာသာဝင် လူငယ်များ အနေဖြင့် ၎င်းတို့အတွက် မရှိမဖြစ် အရေးကြီးသည့် နည်းပညာ နှင့် ဘဝတွက်တာ ကျွမ်းကျင်မှုများ ရရှိနိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် သင်တန်း ပို့ချပေးခဲ့ပါသည်။ သင်တန်းမှာ စစ်တွေ၊ ကျွန်းတော နှင့် မောင်တောမြို့နယ်များ ရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် ကျေးရွာများ အား ဦးတည်၍ ရွေ့လျား နှင့် သင်တန်းဌာန အခြေပြု ချဉ်းကပ် နည်းလမ်း ဖြင့် ပို့ချပေးပါသည်။ စီမံချက်မှ သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင် မရရှိမီ ကာလတွင် လူငယ်များအား ကူညီပံ့ပိုး ပေးရန် အသက်မွေးဝမ်းကျောင်းနှင့် ကာလတို သင်တန်းများ အပြင် လူမှုဆက်ဆံရေး နှင့် ဘဝတွက်တာ ကျွမ်းကျင်မှုများ ကိုပါ သင်တန်း များ ပို့ချပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း လူငယ် ၁,၃၂၈ ဦး အား ကာလတိုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ နှင့် ၁,၅၁၆ ဦး အား လူမှုဆက်ဆံရေး နှင့် ဘဝတွက်တာ ကျွမ်းကျင်မှုများ လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မှ ၂၀၁၉ ခု နှစ် အစောပိုင်းတွင် မြောက်ဦး၊ ကျောက်တော် နှင့် စစ်တွေ မြို့နယ်များ အား ဦးတည်သည့် VisionFund ၏ စီမံချက် အသစ်ဖြင့် ချဲ့ထွင်ခဲ့ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ အပါအဝင် ရခိုင် ဗုဒ္ဓ ဘာသာဝင် အုပ်စု များနှင့် မွတ်ဆလင် အုပ်စုများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များရရှိစေရန် အတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားပါသည်။ ၂၀၁၉ ခုနှစ် အကုန်တွင် VisionFund မှ ရခိုင်ပြည်နယ်တွင် ဝန်ဆောင်မှု အသုံးပြုသည့် အကျိုးခံစားခွင့် ရှိသူ ၇,၂၄၂ ဦး ထံ ရောက်ရှိခဲ့ပြီး ယင်း တို့အနက်မှ ၉၄ ရာခိုင်နှုန်း မှာရခိုင် ဖြစ်ပြီး ၆ ရာခိုင်နှုန်းမှာ မွတ်ဆလင် များ ဖြစ်ကြပါသည်။

အားလုံးပါဝင်စေပြီး မည်သူ့ကိုမျှ ဖယ်ကျဉ်ချန်ထားခြင်း မရှိသည့် ရေရှည် ပြောင်းလဲမှုအား အကူအညီပေးရန် LIFT ၏ ကတိကဝတ် နှင့် အညီ ရခိုင်ပြည်နယ်ရှိ LIFT ၏ စီမံကိန်းလုပ်ငန်းတွင် လူမှု ပေါင်းစည်းညီညွတ်ရေး နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး တို့အပေါ် အလေးထားမှု ပိုမိုတိုး မြှင့်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အတွင်းတွင် တောင်ပေါ် စခန်း ပိတ်သိမ်းရာ၌ ရေရှည်တည်မြဲပြီး ခွင့်တူညီမျှမည့် ချဉ်းကပ်နည်းလမ်းများ ရှာဖွေ ဖော်ထုတ်ရန်အတွက် မြေပုံမြို့နယ် တွင် Relief International နှင့် အတူ ဆောင်ရွက်ခဲ့သည့် LIFT ၏ လုပ်ငန်း တွင် အထူးအလေးထား လုပ်ဆောင်ခဲ့ပါသည်။ အချို့ဒေသများတွင် ဒေသခံ လူမျိုးစုများအတွင် ဆက်ဆံရေး ၌ နည်းပါးသော်လည်း သတိပြုလောက်သည့် ပြောင်းလဲမှု များ မြင်တွေ့ရသဖြင့် တိုးတက်မှုရှိကြောင်း တွေ့ရှိရသော်လည်း ပဋိပက္ခဒဏ် ခံစားရသည့် သူများ အားလုံးအတွက် ကိုယ်တိုင်ပါဝင် သည့် ရပ်ရွာလူထု အခြေပြု စီမံကိန်းရေးဆွဲခြင်းနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန်အတွက် လုပ်ထုံး လုပ်နည်းများ ရှာဖွေဖော်ထုတ်ရာတွင် ထပ်မံ၍ အများအပြား လုပ်ဆောင်ရန် ကျန်ရှိနေပါသည်။ LIFT မှ

ရေရှည်ခိုင်မြဲမည့် ဖြေရှင်း နည်းလမ်းများ ရှာဖွေ ဖော်ထုတ်ရန် နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အရေးကြီးသည့် အနာဂတ် လှုပ်ရှား ဆောင်ရွက်သူ အဖြစ် ရှုမြင်သည့် ရခိုင် အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် အတူလက်တွဲဆောင်ရွက်မှု တိုးမြှင့်ရန် ၎င်း၏ ကတိကဝတ်ကို ဆက်လက် ထိန်းသိမ်းထားပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် LIFT သည် ရခိုင်ပြည်နယ်ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အဖွဲ့ပေါင်း ၄၀ ကျော်နှင့် လေ့လာ သင်ယူခဲ့သော သင်ခန်းစာများ ဆွေးနွေးပွဲအား ကျင်းပခဲ့ပြီး ယင်းဆွေးနွေးပွဲမှ အနာဂတ်တွင် ဖြစ်လာမည့် စီမံကိန်း အတွက် တန်ဖိုးရှိသည့် အသိအမြင်များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမို တိုးမြှင့်ရန် နည်းလမ်းများ ရရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ အားလုံး အနေဖြင့် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းအတွင်းတွင် ပဋိပက္ခ အလေးထားမှုအား စီမံကိန်း ပင်မ အစိတ်အပိုင်းအဖြစ် ထည့်သွင်းနိုင်ရန် RAFT မှ ကူညီပံ့ပိုးပေးခဲ့ပါသည်။ မိတ်ဖက်အဖွဲ့ အစည်း များသည် ပဋိပက္ခ အလေးထား နည်းကိရိယာများ ဆိုင်ရာ သင်တန်းများ အကြိမ်ကြိမ် တက်ရောက် ခဲ့ကြပြီး ပဋိပက္ခ ဖြစ်ပွား နိုင်ချေ အန္တရာယ်များ လျှော့ချရန်နှင့် အနည်းဆုံးဖြစ်စေရန် စီမံကိန်း ဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ရမည့် နယ်ပယ်များအား ဖော်ထုတ် သတ်မှတ် နိုင်ရန်အတွက် RAFT ထံမှ ပုံမှန် ပံ့ပိုးကူညီမှုအားလည်း ရရှိ ခဲ့ကြပါသည်။

## မြေပုံ တောင်ပေါ် စခန်း

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် Relief International မှ ကာလရှည်ကြာ ဖြစ်ပွားလာသည့် နေရပ်စွန့်ခွာ တိမ်းရှောင်မှု ကိစ္စကို ကိုင်တွယ် ဖြေရှင်းရန် နှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် မြေပုံ စခန်း ၏ ပြန်လည်နေရာချထားရေး အစီအစဉ် ကူညီဆောင်ရွက်ရန် အတွက် နည်းပညာအကူအညီပေးရန် သုံးနှစ် စီမံကိန်းကို စတင်ခဲ့ ပါသည်။ စီမံချက်မှ အာဏာပိုင်များအနေဖြင့် စခန်း ပြန်လည် နေရာ ချထားရာတွင် ပိုမို၍ ပဋိပက္ခဒဏ်ခံစားရသူများ အားလုံးပါဝင်စေမှု ရှိပြီး လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်၊ အသက်မွေးဝမ်းကျောင်းနှင့် အများ ပြည်သူ ဝန်ဆောင်မှုများ လုံလောက်စွာ ရရှိမှုတို့ အပါအဝင် လူ့ အခွင့်အရေး များအား သေချာစွာ လိုက်နာ ဆောင်ရွက်စေရန် အတွက် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

စီမံချက်၏ အဓိက စီမံကိန်း လုပ်ငန်းမှာ ဦးတည်အုပ်စု ဆွေးနွေးပွဲများ၊ အဓိက သတင်းပေးသူနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖြစ်ရပ် စီမံခန့်ခွဲခြင်းနှင့် ညွှန်းပို့ခြင်းတို့ အသုံးပြု၍ ပြည့်စုံလုံလောက်သည့် ရပ်ရွာလူထု အခြေပြု ကာကွယ်စောင့်ရှောက်မှု စောင့်ကြည့်စစ်ဆေးခြင်း စနစ်အား ဖန်တီးခြင်း နှင့် မိတ်ဆက်ခြင်းတို့ဖြင့် ကာကွယ်စောင့်ရှောက်မှု စောင့်ကြည့် စစ်ဆေးခြင်း အား တည်ဆောက်ရန် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လတွင် Relief International မှ ရပ်ရွာလူထု အခြေပြု ကာကွယ်စောင့်ရှောက်မှု စောင့်ကြည့်စစ်ဆေးခြင်း စနစ်မှ ရရှိသည့် အချက်အလက်များ အသုံးပြု၍ ဆန်းစစ်ချက်နှင့် သုံးသပ်ချက်များ ပါဝင်သည့် ကာကွယ် စောင့်ရှောက်ရေး အစီရင်ခံစာ ကို ထုတ်ပြန်ခဲ့ ပါသည်။ အစီရင်ခံစာတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ ပြန်လည်နေရာချထားခြင်း လုပ်ငန်းစဉ်များ၊ ရွှေ့ပြောင်းနေထိုင်ခြင်း၊ ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိခြင်း နှင့် အခြားကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ခေါင်းစဉ်များ ဆိုင်ရာ အရေးကြီးသည့် ကွာဟချက်များနှင့် ကောင်းမွန်သည့် ဖြစ် ပေါ်တိုးတက်မှု များအား ဖော်ပြထားပါသည်။ စိတ်ဝင်စားဖွယ်ကောင်း သည့် တွေ့ရှိချက်တစ်ခုမှာ စခန်း ဝင်ပေါက်တွင်တာဝန်ချထားသည့် ရဲအရာရှိများ ဖယ်ရှားပေးခြင်းမှ သွားလာလှုပ်ရှားမှုများ နှင့် အသက်မွေး မှုဆိုင်ရာ လက်လှမ်းမီမှုတို့နှင့် စပ်လျဉ်း၍ သေးငယ်သော်လည်း အားတက်ဖွယ်ရာ နိမိတ်များ မည်သို့ ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိချက် ဖြစ်ပါသည်။ တံငါသည်များမှလည်း အနီးအနားတွင်ရှိသည့် ဆိပ်ခံ တံတားသို့သွား၍ အခွန်အခ ပေးရန်မလိုဘဲ ငါးဖမ်းခွင့်ပိုမိုရရှိလာ ခဲ့ကြောင်း အစီရင်ခံ ခဲ့ပါသည်။ IDP စခန်းများမှ လူများကလည်း အနီးပတ်ဝန်းကျင်ရှိ ရခိုင်လူမျိုးများနှင့် အရောင်းအဝယ်ကိစ္စများ ပိုမို တိုးတက် လုပ်ကိုင်နိုင်ကြောင်း အစီရင်ခံခဲ့ပါသည်။ သို့ရာတွင် မှတ်ဆလင်များအနေဖြင့် မြေပုံမြို့ရှိ မြို့နယ် ဆေးရုံသို့ သွားရောက် နိုင်ခြင်းမရှိဘဲ ထိုအစား စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီးသို့ လွှဲပြောင်းကုသစေခဲ့ပါသည်။ Relief International မှ လွတ်လပ်စွာ သွားလာလှုပ်ရှားမှု နှင့်ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိခြင်း ဆိုင်ရာ အပြောင်းအလဲများအား ဆက်လက်စောင့်ကြည့်စစ်ဆေး လျက်ရှိပြီး ပြန်လည်နေရာချထားသူများအား စီမံချက်မှ ပံ့ပိုးပေးမှုများအား လမ်းညွှန်ပေးပါသည်။[၈၂] အခြားသော ဝန်ဆောင်မှုများအပြင် မြေပုံ ဆေးရုံသို့ သွားရောက်ကုသမှုခံယူခွင့် ပြန်လည်ရရှိရန်နှင့် သက်ဆိုင် သူများ ကိုယ်တိုင် ပါဝင်လုပ်ဆောင်ခြင်း နှင့် ဖြေရှင်းနည်းလမ်းများ အား ၎င်းတို့ ကိုယ်တိုင်တာဝန်ခံခြင်းတို့ကို မြှင့်တင်ပေးသည့် စီမံကိန်း ရေးဆွဲရေး ယန္တရားများ တည်ထောင်ရန် ဒေသခံ အာဏာပိုင်များ အား ဆက်လက် စည်းရုံးလုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် Relief International သည် ရခိုင်ပြည်နယ်တွင် စီမံချက်မှ ဝင်ရောက် လုပ်ကိုင်နိုင်မည့် ကဏ္ဍများ ပူးတွဲဖော်ထုတ်နိုင်ရန် လူသားချင်းစာနာ မှုဆိုင်ရာ ဌာနေအဖွဲ့ နှင့် အစုအဖွဲ့အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့တို့မှ နယ်မြေခံ ကိုယ်စားလှယ်များ အပါအဝင် ရခိုင်ပြည်နယ်ရှိ ပတ်သက်ဆက်နွှယ်သူများနှင့် ပုံမှန်အစည်းအဝေးများ နှင့် တိုင်ပင် ဆွေးနွေး သဘောထား ရယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်အကုန်/၂၀၂၀ ခုနှစ် အစတွင် ဒေသခံ အာဏာပိုင်များမှ ကြိုတင်စီစဉ်ထားသည့် အိမ်တန်းလျား ၆၄၂ ခု အနက်မှ ၅၁၆ ခုကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ကြိုတင်စီစဉ်ထားသည်မှာ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ များအား ၎င်းတို့လွန်ခဲ့သည့် ၇ နှစ် ကတည်းက ပြောင်းရွှေ့နေထိုင်လာခဲ့သည့် အိမ်တန်းလျားများမှ အဆိုပါ အိမ်တန်းလျားသစ်များသို့ ပြောင်းရွှေ့နေထိုင်စေရန်ဖြစ် ပါသည်။ အိမ်ရာ အသစ်များမှာ ရှိဆဲ အိမ်တန်းလျားများ နှင့် ကပ်လျက် တည်ရှိပါသည်။

## Rakhine Communication Hub

Rakhine Communication Hub (RCH) စီမံချက်အား ရခိုင်ပြည်နယ် တွင် ဆက်သွယ်ဆောင်ရွက်ရေး မဟာဗျူဟာ ရေးဆွဲနိုင်ရန် အတွက် ပူးပေါင်းကူညီရေး မိတ်ဖက်အဖွဲ့ (CPG) မှတဆင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပူးပေါင်း ကြိုးပမ်းအားထုတ်မှုဖြင့် ၂၀၁၉ ခုနှစ် ဇွန်လတွင် တည်ထောင်ခဲ့ပါသည်။ မဟာဗျူဟာမှ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဆောင်ရွက်ဆဲဖြစ်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ နှင့် ပတ်သက်၍ ဒေသခံများ ၏ အသိအမြင်နှင့် အသိပညာပေးမှု ပိုမို ကောင်းမွန်စေရန် ထိလွယ်ရှလွယ်ရှိသော်လည်း ကြိုတင် ဖန်တီး တုံ့ပြန်ဆောင်ရွက်သည့် ဆက်သွယ်ဆောင်ရွက်ရေးနှင့် မီဒီယာ ရောက် ရှိမှု ချဉ်းကပ်နည်းလမ်းများပါဝင်သည် နည်းကိရိယာကို ထောက်ခံ အကြံပြုထားပါသည်။ ယင်းနည်းကိရိယာသည် နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများ၊ ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ဒေသခံ အဖွဲ့ အစည်းများကြား ရှိနေသည့် ဆက်သွယ်ဆောင်ရွက်ရေး ကွာဟချက်ကို ပေါင်းကူးပေးရန်လည်း ရည်ရွယ်ပါသည်။ Rakhine Communication Hub (RCH) သည် LIFT နှင့် အခြား အကောင်အထည်ဖော်ရေး မိတ် ဖက်အဖွဲ့အစည်းများအနေဖြင့် ဒေသအခြေအနေအား ပိုမိုနားလည် သဘောပေါက်စေရန်၊ ဆက်သွယ်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန်နှင့် ရခိုင်ပြည်သူလူထု ထံသို့ ပိုမို ကောင်းမွန်စွာ ရောက်ရှိနိုင်ရန် အခြေခံ အုတ်မြစ်ချပေးရန် ကူညီပံ့ပိုးပေးပါသည်။ ယင်းမှ ရခိုင်ပြည်နယ်တွင်းရှိ အကောင်အထည်ဖော်ရေးမိတ်ဖက် အဖွဲ့အစည်းများ၊ နိုင်ငံတကာ

၈၂ ရခိုင်ပြည်နယ်တွင်းရှိ နေရပ်စွန့်ခွာသူများ (IDP) ပြန်လည်နေရာချထားရေး နှင့် ယာယီ ခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ၊ နေရပ်စွန့်ခွာသူများ ၏ ဘဝများ အား လုံခြုံစိတ်ချမှုရှိပြီး ဂုဏ်သိက္ခာရှိကာ အမှီအခိုကင်းစွာဖြင့် ပြန်လည်တည်ဆောက်ပေးခြင်း ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ၂၀၁၉ ခုနှစ်

ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများ၊ ဒေသခံ CSO များ နှင့် ဒေသခံ မီဒီယာများ ကြား ကောင်းမွန်သည့် ဆက်သွယ် ဆောင်ရွက်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး လမ်းကြောင်းများအား တည်ဆောက်၊ ပျိုးထောင် ထိန်းသိမ်းပေးလျက်ရှိပါသည်။ ဗဟိုဌာန သည် စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် သတင်းဆက်သွယ်ရေး၊ မီဒီယာ ထုတ်လုပ်ရေး၊ ရပ်ရွာလူထုနှင့် ပူးပေါင်း ဆောင်ရွက်ရေးနှင့် ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် မီဒီယာ တို့အတွက် INGO များ၊ ဒေသခံ CSO များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်း များ နှင့် ဒေသခံမီဒီယာတို့နှင့်အတူ လုပ်ရှားမှုအမျိုးမျိုး ဆောင်ရွက် ပေးခဲ့ပြီး ဒေသခံ မီဒီယာ နှင့် လူမှုကွန်ရက် စောင့်ကြည့် စစ်ဆေးခြင်း တို့အား ကူညီပံ့ပိုးပေးပါသည်။

၂၀၁၉ခုနှစ်အတွင်း RCH သည် မိတ်ဖက်အဖွဲ့အစည်းများ၏ ဝန်ထမ်း ၉၄ ရာခိုင်နှုန်း (အမျိုးသမီး ၃၇ ရာခိုင်နှုန်း ) အား မီဒီယာ ဆိုင်ရာ အသိပညာ၊ ဆက်သွယ်ရေးနှင့် မီဒီယာ ထုတ်လုပ်ရေးတို့တွင် လေ့ကျင့် သင်တန်းပေးခဲ့ပါသည်။ ဗဟိုဌာနမှ LIFT ၏ ရန်ပုံငွေဘုတ် အဖွဲ့ ဝင်များ၏ ခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ နှင့် အခြား ဆွေးနွေးပွဲများတွင် LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှု အဖွဲ့ရုံး နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်များအတွက် သင့်လျော်သည့် စာရွက်စာတမ်း မှတ်တမ်းများ (ဗွီဒီယိုများ၊ ဓာတ်ပုံများ၊ မီဒီယာ ဆွေးနွေး တင်ပြချက်များ ) ဆက်သွယ်ဆောင်ရွက်ရေး ရောက်ရှိမှုဆိုင်ရာတို့ အား ကူညီပြင်ဆင်ပေးခဲ့ပါသည်။ RCH သည် LIFT ၏ အလှူရှင်များ နှင့် ဒေသခံ မီဒီယာ ကိုယ်စားလှယ်များ ကြား မီဒီယာ ရှင်းလင်းပွဲ များနှင့် အစည်းအဝေးပွဲများကိုလည်း အကြိမ်များစွာ ကျင်းပ ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း Rakhine Communication Hub (သို့) မီဒီယာ ထုတ်လုပ်ရေးဆိုင်ရာ လေ့ကျင့် သင်ကြားပေး ထားသည့် မိတ်ဖက်အဖွဲ့အစည်း၏ ဝန်ထမ်းများ မှ ဗွီဒီယိုပေါင်း နှစ်ဆယ့်ကိုးခု ထုတ်လုပ်ခဲ့ပါသည်။ နောက်ဆုံး အနေဖြင့် Rakhine Communication Hub သည် ဒေသခံ အုပ်စုများ အထူးသဖြင့် လူငယ် အုပ်စုများ နှင့် ပိုမိုကောင်းမွန်သည့် ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအတွက် အခြား ကြိုးပမ်းအားထုတ်မှုများ တွင် စစ်တွေ လူမှုရေးသိပ္ပံကျောင်း (Akyab Institute) နှင့် အပါတ်စဉ် ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။[၈၃] အပါတ်စဉ် ဆွေးနွေးပွဲများတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များသည် ကျောင်းသားများနှင့် အတူပါဝင်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေး ခဲ့ကြပါသည်။ ဆွေးနွေးပွဲ များသည် အဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်ရှိ ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်း တာဝန်များ အကြောင်း သတင်းအချက်အလက်များ မျှဝေရန် နှင့် လူသားချင်း စာနာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လူ့အခွင့်အရေးများ၊ ကျားမ ရေးရာ နှင့် အမျိုးသမီးများ ပိုမို လုပ်ကိုင်နိုင်စွမ်း၊ အာဟာရဖွံ့ဖြိုးမှုနှင့် လူမှုပေါင်းစည်းညီညွတ်ရေး ကဲ့သို့သော စိတ်ဝင်စားစရာ ခေါင်းစဉ်များ ကို ဆွေးနွေးရန် အခွင့်အလမ်း တစ်ခု ဖြစ်ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

၂၀၂၀ခုနှစ်တွင် LIFT သည် ရခိုင်ပြည်နယ်ရှိ ၎င်း၏ စီမံကိန်း လုပ်ငန်းစဉ်အတွင်း ပူးပေါင်း ညှိနှိုင်းရေးနှင့် စီမံကိန်းနှင့် ဆီလျော်သည့် ကိစ္စရပ်များအား ပိုမိုကောင်းမွန်စွာ တစိုက်မတ်မတ် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရသည့် ဝန်းကျင်မှာ အလွန်အမင်း ကန့်သတ်ထားရန် မျှော်လင့်ထားသဖြင့် LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှု ရုံး အနေဖြင့် အကောင်အထည်ဖော်ရေး မိတ်ဖက်များ နှင့် လက်ရှိရှိနေဆဲ ပွင့်လင်းသည့် ဆက်သွယ် ဆောင်ရွက်ရေး လမ်းကြောင်းကို ဆက်လက် ထိန်းသိမ်းသွားမည် ဖြစ်သည်။ ရခိုင် အဖွဲ့ အနေဖြင့်လည်း စစ်တွေ နှင့် ရန်ကုန်တို့တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း တစ်ခုချင်းစီနှင့် ပုံမှန် အစည်းအဝေးများ ကျင်းပခြင်းအပြင် ၂၀၁၉ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့သည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း များမှ စီမံချက်နှင့် အခြေအနေ ဆိုင်ရာ နောက်ဆုံးအခြေအနေများ၊ နည်းပညာဆိုင်ရာ လုပ်ငန်းများမှ အခြင်းအရာများ မျှဝေခြင်းနှင့်၊ စီမံ ချက်များကြား ချိန်ညှိရန် နှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုး ရလဒ်များ ဆိုင်ရာ အလားအလာများ အား ဆွေးနွေးရန် သုံးလ တစ်ကြိမ် ကျင်းပသည့် ညှိနှိုင်းရေး အစည်းအဝေးများ ဆက်လက် ကျင်းပ ပြုလုပ်မည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အဖွဲ့သည် စီမံကိန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် ချိန်ညှိမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းများဆောင်ရွက်နေသည့် အခြား ရန်ပုံငွေအဖွဲ့များ အပါအဝင် အခြား ပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ဆောင်ရွက်မှုကို ဆက်လက် ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။ အာဟာရ ဖွံ့ဖြိုးရေးကဏ္ဍတွင် LIFT သည် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ နှင့် HARP Facility တို့နှင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းများကြား စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်များ အား ဆွေးနွေးရန် အတွက် လက်တွဲဆောင်ရွက်လျက် ရှိပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ် တွင် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ရန် နှင့် မသန်စွမ်း များအား ပါဝင်စေရန် အခြား ချဉ်းကပ်နည်းလမ်းများ စမ်းသပ် ကြိုးပမ်းနေသည့် HARP မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် အာဟာရ ဖွံ့ဖြိုးမှု စီမံချက်အတွက် ရန်ပုံငွေ သုံးရပ်လုံးမှ ဝန်ထမ်းများ ပါဝင်သည့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။

ရခိုင်အဖွဲ့မှ လူမှု ပေါင်းစည်းညီညွတ်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအား စီမံကိန်း ပင်မလုပ်ငန်းများတွင် ထည့်သွင်းနိုင်ရန် အကောင်အထည် ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံ ပြုလုပ်မည် ဖြစ်ပါသည်။ HARP–အဖွဲ့ နှင့် ပေါင်းစည်းအဖွဲ့တို့၏ ပူးတွဲ အစီအစဉ်မှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သင်ယူမှုများ၊ ဖလှယ်မှုများ ပျိုးထောင်ရန် မိတ်ဖက်အဖွဲ့အစည်းများ အထူးသဖြင့် ဒေသခံ အဖွဲ့အစည်းများ နှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ချက်ကို မီးမောင်းထိုးပြခဲ့ပါသည်။ ဒေသန္တရ အုပ်ချုပ်ရေး၊ အားလုံး ပါဝင်စေမှု နှင့် ပါဝင်ဆောင်ရွက်ရေး အပါအဝင် လူမှု ပေါင်းစည်းညီညွတ်ရေး အား သက်ရောက်မှု ရှိစေသည့် အဓိက ပြဿနာများအတွက် ဖြေရှင်းနည်းလမ်းများ အား ရှာဖွေရန်အတွက် စုပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ စခန်းပိတ်သိမ်းခြင်း ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအား မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုသည်နှင့် စပ်လျဉ်း၍ ဆွေးနွေးပါက အပြုသဘော ဆောင်သည့်၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့်၊ သာတူညီမျှ ပူးပေါင်း ဆောင်ရွက်မှု ကို မြှင့်တင်ရန် လိုအပ်မှုရှိကြောင်းကို အထူးသဖြင့် မိတ်ဖက်အဖွဲ့အစည်းများမှ စခန်းများ ပိတ်သိမ်းရေးနှင့် ပတ်သက်သည့် ပြဿနာများအား ဆွေးနွေးရာတွင် ထင်ရှားစွာ တွေးမြင်နိုင်ပါသည်။

**၈၃** Akyab Institute စစ်တွေ လူမှုရေး သိပ္ပံကျောင်း အား ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပညာရေး အစီအစဉ်များ ပို့ချပေးသည့် ဒေသခံ အဖွဲ့အစည်း တစ်ခုဖြစ်သည့် PDI/Kintha မှ တည်ထောင်ထားခြင်း ဖြစ်ပါသည်။ စစ်တွေ လူမှုရေး သိပ္ပံကျောင်းမှ လူငယ်လူရွယ်များအများအပြားအား အသုတ်လိုက် လူမှုရေးသိပ္ပံပညာ သင်ကြားပေးပါသည်။

LIFT သည် ခွင့်တူညီမျှမှု၊ ပွင့်လင်းမြင်သာမှု နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုတို့အား မြှင့်တင်ရန် အတွက် ကြိုးပမ်းအားထုတ်မှုများအား ကူညီပံ့ပိုးပေးရန် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရင်းမြစ်များနှင့် ကွန်ရက်များအား အဓိက ထားဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူပူးပေါင်း လုပ်ကိုင်မည် ဖြစ်သည်။ ယင်းမှာ စခန်းပိတ်သိမ်းမှု အခြေအနေ အတွက် အကျုံးဝင်သော်လည်း ပဋိပက္ခလျှော့ချရေးကို အများဆုံးတိုးမြှင့်ရန်သာမ က ပဋိပက္ခ ဖြေရှင်းရေး အတွက် ပံ့ပိုးကူညီရန် အတွက်ပါ ရခိုင်ပြည်နယ်ရှိ အခြား ဒေသများနှင့် အခြားသော အခြေအနေများ သို့ ချဲ့ထွင်ရန်လည်း အရေးကြီးပါသည်။

ရခိုင်ပြည်နယ်တွင် အစီအစဉ်အသစ် ဒီဇိုင်းရေးဆွဲရန် ရည်မှန်းချက်ဖြင့် ၂၀၁၉ ခုနှစ် ဒုတိယ နှစ်ဝက် နှင့် ၂၀၂၀ခုနှစ် အစတွင် LIFT မှ ဒေသန္တရ/ဒေသဆိုင်ရာ အစိုးရ နှင့် အာဏာပိုင်များ ၊ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များ၊ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့မဟုတ်သည့် အဖွဲ့များ၊ ဒေသခံ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိက ကဏ္ဍ တို့နှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူခြင်းနှင့် လေ့လာသုံးသပ်ရေး ခရီးစဉ်အမျိုးမျိုးအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။ လေ့လာသုံးသပ်သည့် လုပ်ငန်းသည် LIFT ၏ အကြောင်းအရာ အလိုက် နယ်ပယ်များ အား အလေးထားအာရုံစိုက်ခဲ့သည့်အပြင် စခန်းပိတ်သိမ်းခြင်း နှင့် လူမှုရေး ပေါင်းစည်းညီညွတ်မှု ကဲ့သို့ ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သည့် သီးခြား ကိစ္စရပ်များကိုပါ အာရုံစိုက်ခဲ့ပါသည်။

LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးမည့် အစီအစဉ်နှင့် ဦးတည်အာရုံစိုက်သည့် အကျိုးခံစားခွင့်ရှိသူများ၊ အကြောင်းအရာအလိုက် ဦးစားပေးများနှင့် စီမံကိန်းဆောင်ရွက်ချက် ပုံစံများ အား ဖော်ထုတ်သည့် စီမံကိန်း အစီအစဉ် ဒီဇိုင်း စာရွက်စာတမ်း အထောက်အထားသည် ၂၀၂၀ ခုနှစ် အစောပိုင်းတွင် အဆင်သင့်ဖြစ်မည် ဖြစ်ပြီး အဆိုပြုလွှာများ/အယူအဆ တင်ပြချက်များ ဖိတ်ခေါ်မှု စတင်ထုတ်ပြန်မှုများသည် ၂၀၂၀ ခုနှစ် ပထမ နှစ်ဝက် တွင် ထွက်ပေါ်လာမည်ဖြစ်ပါသည်။

အစီရင်ခံနေသည့်အချိန်တွင် LIFT နှင့် ယင်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် အထူးသဖြင့် ဆိုးရွား ပြင်းထန်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် အားနည်းထိခိုက်လွယ်မှု အများဆုံး အုပ်စုများ ကြားတွင် အထူးသဖြင့် ဗိုင်းရပ်စ် ပြန့်နှံ့မှုကို တားဆီးရန် အတွက် ရှိဆဲ ရင်းမြစ်များနှင့် စီမံချက်များအား ဦးတည်လမ်းကြောင်း ပြောင်းလဲခြင်းဖြင့် မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားခြင်း နှင့် ဆက်နွှယ်၍ ဖြစ်ပေါ်လာသည့် လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ အခြေအနေများသည့် လျင်မြန်စွာ ဖြစ်ပေါ် ပြောင်းလဲနေသဖြင့် LIFT သည် ရခိုင်ပြည်နယ်တွင် ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများ နှင့် အစီအစဉ်ကို ပြန်လည်ပုံသဏ္ဌာန် ပြောင်းလဲရန် လိုအပ်ချက်များကို အစဉ်တစိုက် ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် အခြား အရေးကြီးသည့် ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ခြင်းအပြင် LIFT ၏ ရန်ပုံငွေမှ လိုအပ်သည့်အချိန်တွင် ဆင်းရဲချို့တဲ့မှု အများဆုံး အုပ်စုများအတွက် ကမ္ဘာ့ကပ်ရောဂါ ၏ သက်ရောက်မှုများအား လျော့ကျစေရန် ဆောင်ရွက်ခြင်းနှင့် ပြန်လည် ထူထောင်ခြင်းတို့မှာ အဓိက အခြင်းအရာ ဖြစ်ပါသည်။

# အာဟာရဖွံ့ဖြိုးမှု အဆင့်မြှင့်တင်ရန် မိသားစုများအား မိခင်နို့သက်သက် တိုက်ကျွေးနိုင်စွမ်း ရှိစေရန် ကူညီပေးခြင်း



ချောင်ချီဒါမှာ ငယ်ရွယ်သည့်မိခင်ဖြစ်ပြီး သူမတွင် သုံးလအရွယ် ကလေးငယ် ရှိပါသည်။ သူမသည် စစ်တွေ မြို့နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် ထားရှိသည့် သဲချောင်း စခန်းတွင် သူမ၏ ခင်ပွန်းနှင့် ၎င်းတို့၏ ကလေးအကြီးနှင့် အတူ နေထိုင်လျက် ရှိပါသည်။ ၎င်းတို့မိသားစုသည် ၂၅၀၀– ၃၀၀၀ ကျပ် (ကန်ဒေါ်လာ ၂ ဒေါ်လာမျှ) ဝင်ငွေရရှိရန် ဟင်းသီးဟင်းရွက်ကြော်များ ရောင်းချပါသည်။ ၎င်းတို့ မိသားစုသည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ စားနပ်ရိက္ခာ ထောက်ပံ့ရေး အစီအစဉ်မှလည်း စားနပ်ရိက္ခာများ ရရှိပါသည်။ ကလေးမွေးပြီးနောက် ချောင်ချီဒါသည် သူမ၏ ကလေးငယ်အား မိခင်နို့တိုက်ကျွေးရန် ကြိုးစားပါသည်။ သို့သော်လည်း မိခင်နို့တိုက်ကျွေးချိန်တွင် နာကျင်မှု ခံစားရပြီး နာမကျန်းဖြစ်ခြင်းတို့ကြောင့် သူမအနေဖြင့် မိခင်နို့တိုက်ကျွေးခြင်းအား အလျင်အမြန် ရပ်တန့်ရန် ဆုံးဖြတ်ခဲ့ပါသည် ။ ချောင်ချီဒါ သည် သူမ၏ ကလေးငယ်အား နို့မှုန့်စတင်တိုက်ကျွေးခဲ့ပြီး ကုန်ကျစားရိတ်မှာ တစ်နေ့လျှင် ကျပ် ၁,၀၀၀ ရှိသဖြင့် မိသားစု နေ့စဉ်ဝင်ငွေ၏ ထက်ဝက်ခန့် ရှိပါသည်။

Save the Children ၏ အာဟာရဖွံ့ဖြိုးရေး စီမံချက်တွင် လုပ်ကိုင်လျက်ရှိသည့် မိခင်နို့ တိုက်ကျွေးရေး နှစ်သိမ့်ဆွေးနွေး ပေးသူနှင့် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက် သူ မှ လာရောက်တွေ့ဆုံခဲ့ပြီး ချောင်ဒီဒါ ၏ အခြေအနေ ကို လေ့လာခဲ့ပြီး သူမအနေဖြင့် မိခင်နို့တိုက်ကျွေးမှု ပြန်လည်စတင်နိုင်ရန် သူမအား ကူညီ ပံ့ပိုးပေးရန် ကမ်းလှမ်းခဲ့ပါသည်။ သူတို့သည် သူမထံ တစ်လအထိ နေ့စဉ်လာရောက်တွေ့ဆုံခဲ့ပြီး ကလေးသူငယ်အား အသင့်တော်ဆုံး ပုံစံဖြင့် ချီပွေ့ ထား ခြင်း မရှိကြောင်းနှင့် ယင်းအချက်ကပင် နာကျင်မှုဖြစ်စေသည့် အကြောင်းရင်းဖြစ်ကြောင်း မြန်မြန်ဆန်ဆန် တွေ့မြင် ခဲ့ပါသည်။ ချောင်ဒီဒါ သည် သူမ၏ ကလေးအတွက် နို့လုံလုံလောက်လောက် မရှိသဖြင့် စိုးရိမ်ပူပန်ခဲ့ပြီး မိခင်နို့တိုက်ကျွေးမှု ပြန်လည် စတင် ပြီးနောက် သုံးရက်တွင် နောက်တစ်ကြိမ် ရပ်တန့်လု နီးနီးအထိ ဖြစ်ခဲ့ပါသည်။

မိခင်နို့ တိုက်ကျွေးရေး နှစ်သိမ့်ဆွေးနွေးပေးသူမှ ချောင်ချီဒါ ၏ ခင်ပွန်းနှင့် အိမ်နီးချင်းတို့အား တွေ့ဆုံပြီး မိခင်နို့တိုက်ကျွေးရာတွင် သူမ၏ ကြိုးပမ်းမှုအား အားပေးကူညီရန် တိုက်တွန်းခဲ့ပါသည်။ နှစ်သိမ့်ဆွေးနွေးသူမှ ကလေး၏ ဖခင်အား သူသည် ကလေးသူငယ်နှင့် ဇနီး အား ပြုစုစောင့်ရှောက်ရန်အတွက် အဓိက အခန်းကဏ္ဍတွင် ပါဝင်ကြောင်း ရှင်းပြခဲ့ပါသည်။ အိမ်နီးချင်းမှလည်း သူမ၏ ကလေးသူငယ်များအား မိခင်နို့တိုက်ကျွေးရာတွင် တွေ့ကြုံခဲ့သည့် အခက်အခဲများနှင့် ပတ်သက်၍ မျှဝေခဲ့ပါသည်။ ချောင်ချီဒါသည် အလျင်အမြန် သက်တောင့်သက်သာ ဖြစ်ပြီး စိုးရိမ်ကြောင့်ကြမှု လျော့နည်းလာပါသည်။ ယခုအခါ သူမ၏ ကလေးငယ်အား မိခင်နို့သက်သက်သာ တိုက်ကျွေးပြီ ဖြစ်ပြီး ချောင်ချီဒါ အနေဖြင့် အနည်းဆုံး ကလေး အသက်ခြောက်လအရွယ် ရောက်သည်အထိ မိခင်နို့သက်သက်သာ တိုက်ကျွေးမည်ဟု ပြောကြားသည်။ချောင်ချီဒါ သည် Save the Children မှ ဦးဆောင် စီစဉ်ပေးသည့် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး ပုံမှန် ဆွေးနွေးပွဲများ တွင် ပါဝင်ဆောင်ရွက်လျက်ရှိ ပြီး သူမ၏ ခင်ပွန်းမှာလည်း ဖခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုလိုက် ဆွေးနွေးပွဲများ တက်ရောက်ခဲ့ပြီး ၎င်းတို့နှစ်ဦးလုံး အနေဖြင့် ၎င်းတို့ ၏ ကလေးငယ် အား ဖြည့်စွက်စာ စတင်ကျွေးရမည့်အချိန်တွင် အဆင်သင့်ဖြစ်စေရန် အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို သင်ယူလျက် ရှိပါသည်။



# ၄

## အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ


၄.၁ မူဝါဒရေးရာ......၁၄၇


၄.၂ ကျား၊ မ ရေးရာ......၁၅၉

၄.၃ အရပ်ဘက် လူမှုအဖွဲ့အစည်း ခိုင်မာအားကောင်းစေခြင်း......၁၆၂

၄.၄ လူမှုကာကွယ်စောင့်ရှောက်ရေး......၁၆၉

၄.၅ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်မှု နှင့် ကြံ့ကြံ့ခံနိုင်မှု......၁၇၃

# အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ




*နိုင်ငံတဝှမ်းရှိ LIFT ၏ စီမံချက်များ (၂၀၁၉)*

## ၄.၁။ မူဝါဒရေးရာ

### မူဝါဒရေးရာ ထိတွေ့ဆောင်ရွက်မှုများ

LIFT ၏ စီမံကိန်းများ အားလုံးသည် အစိုးရအား ထောက်ပံ့ပေးခြင်း နှင့် မူဝါဒရေးရာ အစီအစဉ်များ ပံ့ပိုးဆောင်ရွက်ပေးခြင်း တို့တွင် အလေးထား ဆောင်ရွက်ပါသည်။ အစီအစဉ်၏ မူဝါဒဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် ပြီးစီးအောင်မြင်မှုများအား အခန်း ၂- ရလဒ်များ၊ အခန်း ၃- အကြောင်းအရာအလိုက် စီမံကိန်း အခန်း ၄- အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များနှင့် နောက်ဆက်တွဲ ၅ တို့တွင် အစီရင်ခံထားပါသည်။

ဤအခန်းမှ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးနှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များမှ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးအောင်မြင်ခဲ့သည့် မူဝါဒဆိုင်ရာ လုပ်ငန်းများအား ယေဘူယျ ခြုံငုံဆန်းစစ် လေ့လာချက်တစ်ရပ်အား တင်ပြပြီး LIFT ၏ မူဝါဒရေးရာ ထိတွေ့ဆောင်ရွက်မှု မဟာဗျူဟာအား အကောင်အထည်ဖော်ရာ၌ တိုးတက်မှုအား အစီရင်ခံပါသည်။

### ၂၀၁၉ ခုနှစ် အတွင်း မူဝါဒ ရေးရာ ပြီးစီးအောင်မြင်မှုများ

LIFT ၏ အကြောင်းအရာအလိုက် အစီအစဉ်များ၏ အစီအစဉ်တစ်ခုချင်းစီမှ မူဝါဒရေးရာ ညွှန်းကိန်းလေးခု နှင့် ယင်းညွှန်းကိန်းများအလိုက် ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးအောင်မြင်မှုများအား အခန်း ၂- ရလဒ်များတွင် အစီရင်ခံထားပါသည်။ ညွှန်းကိန်း လေးခုမှ မူဝါဒရေးရာ ပြောင်းလဲမှုများ၊ ဘတ်ဂျက် ခွဲဝေသတ်မှတ်မှုများ၊ ကျင်းပခဲ့သည့် အခမ်းအနားများနှင့် ဆောင်ရွက်ခဲ့သည့် ထုတ်ဝေခဲ့သည့် စာတမ်းစာစောင်များ နှင့် သက်ဆိုင်ပါသည်။

၂၀၁၉ အတွင်း LIFT တစ်ခုလုံးတွင် မူဝါဒရေးရာဆိုင်ရာ အခမ်းအနား ၂၀၇ ခု ကျင်းပခဲ့ပြီး စာတမ်း ၇၈ စောင် ထုတ်ဝေခဲ့ကာ တစ်နှစ်ပတ်လုံးတွင် များပြားသည့် မူဝါဒရေးရာ ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြသခဲ့ပါသည်။ မူဝါဒရေးရာ ပြောင်းလဲမှု ၂၈ ခု ရှိကြောင်းနှင့် အစိုးရ၏ ဘတ်ဂျက် ခွဲဝေသတ်မှတ်မှု များတွင် ပြောင်းလဲမှု ရှစ်ခု ရှိကြောင်း အစီရင်ခံခဲ့ပါသည်။

ဘတ်ဂျက်ရေးဆွဲခြင်းသည် မူဝါဒအား အကောင်အထည်ဖော်ခြင်းနှင့် ရေရှည်တည်တံ့သည့် စီမံကိန်း လုပ်ငန်းတို့အတွက် အခြေခံကျသည့်

*၂၀၁၉ ခုနှစ်အတွင်း LIFT ၏ မူဝါဒရေးရာ ပြီးစီးအောင်မြင်မှုများ*

| | မူဝါဒရေးရာ ပြောင်းလဲမှုများ | ဘတ်ဂျက်ခွဲဝေမှု အပြောင်းအလဲများ | မူဝါဒဆိုင်ရာ အခမ်းအနားများ | မူဝါဒဆိုင်ရာ ထုတ်ဝေမှုများ |
|---|---|---|---|---|
| စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ | ၈ | ၁ | ၂၃ | ၁၂ |
| အရပ်ဘက် လူမှုအဖွဲ့အစည်း ခိုင်မာအားကောင်းစေခြင်း | ၀ | ၀ | ၅ | ၉ |
| သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု | ၁၁ | ၃ | ၇၆ | ၃၅ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၃ | ၀ | ၂၅ | ၁ |
| ရန်ပုံငွေစီမံခန့်ခွဲမှုရုံး | ၀ | ၀ | ၉ | ၁ |
| ကျား၊ မ ရေးရာ | ၀ | ၀ | ၂၉ | ၁၂ |
| အာဟာရ ဖွံ့ဖြိုးမှု | ၆ | ၄ | ၃၃ | ၈ |
| လူမှုကာကွယ်စောင့်ရှောက်ရေး | ၀ | ၀ | ၇ | ၀ |
| **စုစုပေါင်း** | ၂၈ | ၈ | ၂၀၇ | ၇၈ |

လိုအပ်ချက်တစ်ရပ် ဖြစ်နေသည့် အတွက်ကြောင့် ဥပဒေပြုရေးနှင့် ငွေကြေး ထောက်ပံ့ရေးအကြား မညီမျှမှုမှ LIFT နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် မူဝါဒ၏ ငွေရေးကြေးရေး ဆိုင်ရာ ကဏ္ဍ အပေါ်တွင် အာရုံစိုက်ရန် လိုအပ်မည့်အပြင် ဥပဒေရေးရာ ကဏ္ဍတွင် လည်း အာရုံစိုက်ရန် လိုအပ်သည် ဆိုသည်အား ညွှန်ပြနေပါသည်။ ယင်းတို့အား အောက်ပါတို့တွင် အသေးစိတ် ဆွေးနွေးထားခဲ့ပါသည်။

LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးမှ မူဝါဒ အထောက်အကူပြု ဆောင်ရွက်ချက်များနှင့် မူဝါဒအထောက်အကူပြု စာတမ်းစာစောင်များအား ထုတ်ဝေခဲ့ပါသည်။ သို့သော်လည်း မူဝါဒရေးရာ ပြီးစီးအောင်မြင်မှုအများအပြားမှာ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးပြီး LIFT ၏ အကြောင်း အရာအလိုက် အစီအစဉ်များမှ စောင့်ကြည့် ကြီးကြပ်ပေးသည့် စီမံချက်များရှိ အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ လုပ်ငန်း စွမ်းဆောင်မှုများကြောင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့် (သို့) ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ အဆင့်သို့ ဦးတည် ရည်ရွယ်သည့် မူဝါဒဆိုင်ရာ လုပ်ငန်းများ၏ အချိုးအစားအား ညွှန်းကိန်း အချက်အလက်မှ သတ်မှတ် ဆုံးဖြတ်ရန် မဖြစ်နိုင်ပါ။ အကြောင်းအရာအလိုက် အစီအစဉ်များနှင့် အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များမှ တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့်တွင် ဖြစ်ပေါ်နေသည့် မူဝါဒဆိုင်ရာ လုပ်ငန်းအများအပြား ရှိနေကြောင်းကို အစီရင်ခံပါသည်။ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှ အရှိန်ရလာပြီ ဖြစ်သဖြင့် အနာဂတ်တွင် ခြေရာကောက် နိုင်ရန်အတွက် အရေးကြီးသည့် အခြေခံ အကြောင်းရင်းတစ်ရပ် ရှိနေမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ထိန်းချုပ်သည့်ဒေသများတွင် LIFT ၏ မူဝါဒရေးရာလုပ်ငန်း အများစု လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အလားအလာရှိသဖြင့် ယင်းအကြောင်းရင်းအား ခြေရာကောက်ရန်မှာလည်း အရေးကြီးမည် ဖြစ်ပါသည်။

*ဇယား၄.၁ ၂၀၁၉ ခုနှစ်အတွင်း LIFT ၏ မူဝါဒရေးရာ ပြီးစီးအောင်မြင်မှုများ*

| | မူဝါဒရေးရာ ပြောင်းလဲမှုများ | ဘတ်ဂျက်ခွဲဝေမှု အပြောင်းအလဲများ | မူဝါဒဆိုင်ရာ အခမ်းအနားများ | မူဝါဒဆိုင်ရာ ထုတ်ဝေမှုများ |
|---|---|---|---|---|
| စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ | | | | |
| IPs | ၁ | ၁ | ၀.၇ | ၀.၉၂ |
| FMO | – | – | ၀.၃ | ၀.၀၈ |
| သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု | | | | |
| IPs | ၁ | ၁ | ၀.၈၇ | ၀.၈၉ |
| FMO | – | – | ၀.၁၃ | ၀.၁၁ |
| အာဟာရ ဖွံ့ဖြိုးမှု | | | | |
| IPs | ၀.၈၃ | ၁ | ၀.၇ | ၁ |
| IPs & FMO | – | – | ၀.၀၆ | – |
| FMO | ၀.၁၇ | – | ၀.၂၄ | – |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | | | | |
| IPs | – | – | – | – |
| FMO | ၁ | – | ၁ | ၁ |
| ကျား၊ မရေးရာ | | | | |
| IPs | – | – | ၁ | ၁ |
| လူမှု ကာကွယ်စောင့်ရှောက်ရေး | | | | |
| IPs | – | – | ၁ | – |
| အရပ်ဘက် လူမှုအဖွဲ့အစည်း ခိုင်မာ အားကောင်းစေခြင်း | | | | |
| IPs | – | – | ၁ | ၁ |
| FMO | – | – | ၁ | ၁ |

## မူဝါဒဆိုင်ရာ ညွှန်းကိန်းများမှ စိတ်ဝင်စားဖွယ်ရာများ

ဤအခန်းမှ အကြောင်းအရာအလိုက် အခန်းများတွင် ဖော်ပြထားခြင်း မရှိသည့် ၂၀၁၉ ခုနှစ် အတွင်း LIFT ၊ FMO နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ မူဝါဒရေးရာ ပြီးစီးအောင်မြင်မှုများ နှင့် စပ်လျဉ်းသည့် ဥပမာများအား ထပ်မံ တင်ပြမည် ဖြစ်ပါသည်။ ယင်း ဥပမာများမှ ကျယ်ပြန့်သည့် မူဝါဒဆိုင်ရာ ကိစ္စရပ် အမျိုးမျိုးအား ဖြေရှင်းရန်အတွက် ပတ်သက် ဆက်နွယ်သူ အမျိုးမျိုးနှင့် ပူးပေါင်း ဆောင်ရွက်သည့် LIFT ၏ စွမ်းဆောင်ရည် ကို ထပ်မံ၍ ပုံဖော် ရှင်းလင်း တင်ပြမည် ဖြစ်ပါသည်။ ဤအခန်းတွင် တင်ပြထားသည့် ဥပမာများမှ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ထိရောက်သည့် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရန် ကျင့်သုံးသည့် အမျိုးမျိုးသော ချဉ်းကပ်နည်းလမ်းများ နှင့် မဟာဗျူဟာများအား ရှင်းလင်း ဖော်ပြထားပါသည်။ အရေး အကြီးဆုံးမှာ မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်တွင် အထောက်အထားများ၏ အရေးပါသည့် အခန်းကဏ္ဍနှင့် ထိုအထောက်အထားများအား အရေး ပါသည့် ပတ်သက်ဆက်နွယ်သူများထံ ဖြန့်ဝေရန်အတွက် ထိရောက် သည့် နည်းလမ်းများကိုလည်း မီးမောင်းထိုးပြထားပါသည်။

## အစိုးရ၏ မူဝါဒများ နှင့် စီမံကိန်းများတွင် ပြောင်းလဲမှုများ

**အိမ်အကူ အလုပ်သမားများ၏ ရွှေ့ပြောင်းသွားလာနေထိုင်မှုများ အား တားမြစ်ပိတ်ပင်ထားမှုကို အဆုံးသတ်ခြင်းနှင့် အမျိုးသား အလုပ်သမား ကာကွယ် စောင့်ရှောက်မှု ဥပဒေ ရေးဆွဲခြင်းတို့ဖြင့် အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ် စောင့်ရှောက်ခြင်း** – အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု စီမံချက်သည် မြန်မာနိုင်ငံတွင်း တွင်ရော ပြည်ပ တွင်ပါ ရှိသည့် ရွှေ့ပြောင်း အလုပ်သမားများ အတွက် နိုင်ငံတကာ အလုပ်သမား အဆင့်အတန်းများနှင့်အညီ အိမ်အကူ အလုပ်သမား များ၏ အခွင့်အရေးများအား ဥပဒေရေးရာ အကာအကွယ် အပြည့်အဝ ပေးရန် လုပ်ဆောင်ပေးလျက် ရှိပါသည်။ မူဝါဒဆိုင်ရာ စည်းရုံးလှုံ့ဆော် ရေး မဟာဗျူဟာများသည် ရွှေ့ပြောင်းသွား လာသူများနှင့် CSO များ အတွက် အလုပ်သမား အဖွဲ့အစည်း ကွန်ရက် တို့၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မီဒီယာ အင်တာဗျူးများ ပြုလုပ်ခြင်းနှင့် (LIFT နှင့် အတူ ပူးပေါင်း၍) ပင်တိုင် ဆောင်းပါး သတင်းလွှာများ ထုတ် ပြန်ခြင်း၊ အများပြည်သူ ပါဝင်နိုင်သည့် စကားစစ်ထိုးပွဲများ နှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ နိုင်ငံတကာ အိမ်တွင်းအလုပ်သမားများ နေ့ အထိမ်းအမှတ်များ ကျင်းပခြင်း၊ လွှတ်တော်အမတ်များနှင့် နည်း ပညာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်း၊ ပတ်သက်ဆက်နွယ် သည့် အဖွဲ့အစည်းများအတွက် အသိပညာပေး စာအုပ်စာတမ်း များ ဖန်တီးခြင်း နှင့် အိမ်အကူ အလုပ်သမားများအတွက် ကျွမ်းကျင် မှု အသိအမှတ်ပြု လက်မှတ် ရရှိနိုင်ရန်အတွက် ငါးပတ်ကြာ သင်တန်း များ ပို့ချရန်အတွက် အကောင်အထည်ဖော်ခြင်းတို့အပါအဝင် ပတ်သက် ဆက်နွယ်သူ အမျိုးမျိုးအား ဦးတည်ရည်ရွယ်ခဲ့ပါသည်။ ကဏ္ဍာ

အမျိုးမျိုးပါဝင်သည့် ချဉ်းကပ်နည်းလမ်းသည် ၂၀၁၉ ခုနှစ် အတွင်းတွင် အဓိက မူဝါဒ အကျိုးရလဒ် နှစ်ခုအား ဦးတည်ထားပါသည် – (၁) အစိုးရအဖွဲ့မှ အိမ်အကူ အလုပ်သမားများအား နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာခြင်းအား ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးခြင်းဖြင့် အိမ်အကူ အလုပ်သမားများအား ဟောင်ကောင်၊ စင်္ကာပူ၊ မကာအိုနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်အကိုင်ရှာဖွေရန် သွားရောက်ခွင့်ပြုပေးခဲ့ခြင်း (၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ လွှတ်တော် ကော်မတီ မှ အိမ်အကူအလုပ်သမား ဆိုင်ရာ ဥပဒေကြမ်း ရေးဆွဲခြင်းမှာ ပြီးစီးခဲ့ပြီး အခြား ကော်မတီများနှင့် ဆက်နွယ်နေသည့် ဝန်ကြီးဌာနများအား မှတ်ချက်ပေးနိုင်ရန် ပေးပို့ခဲ့ပါသည်။ အိမ်အကူအလုပ်သမားများ အလုပ်ခန့်ထားခြင်းနှင့် တာဝန်ချထားခြင်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်သည့် စည်းမျဉ်းများ ရေးဆွဲရန်နှင့် ဥပဒေ မူကြမ်းအား သုံးသပ်နိုင်ရန် တိုင်ပင်ဆွေးနွေး သဘောထားရယူမှုများ ဆက်လက် ပြုလုပ်ခဲ့ပါသည်။

**လယ်ယာထုတ်ကုန်များအား နိုင်ငံခြားမှ ဝယ်ယူမှုများအပေါ် ကန့်သတ်မှုများ ဖြေလျှော့ပေးခြင်း** – ၂၀၁၉ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မှ နိုင်ငံခြားကုမ္ပဏီများအား ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပြောင်းတို့အား တန်ဖိုးမြှင့်ပုံသဏ္ဌာန်ဖြင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရန်အတွက် ပြည်တွင်းဈေးကွက်များမှ ဝယ်ယူခွင့် ကန့်သတ်ထားခြင်းအား ဖြေလျှော့ပေးခဲ့ပါသည်။ ယခင်က စိုက်ပျိုး ထုတ်ကုန်များအား မည်သည့်ပုံစံဖြင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့သည်ဖြစ်စေ ပြည်တွင်း ဈေးကွက်တွင် ပြည်တွင်းကုမ္ပဏီ များကိုသာ ဝယ်ယူ ခွင့်ပေးထားခဲ့ပါသည်။ နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် နိုင်ငံခြားငွေဖြင့် FOB[၈၄] စနစ်ဖြင့်သာ ဝယ်ယူခွင့်ရှိပါသည်။ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးရေး စီမံကိန်း (AVCD) သည် ၎င်း၏ ပဲအမျိုးမျိုး တန်ဖိုးမြှင့် ကွင်းဆက် နှင့် စပ်လျဉ်းသည့် သုတေသန မှ ရရှိလာသည့် အချက်အလက်များ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတို့အား နိုင်ငံခြား ကုမ္ပဏီများ အနေဖြင့် ပြည်တွင်းဈေးကွက်များမှ တိုက်ရိုက် ဝယ်ယူခွင့်ပြုရန် က) ရိတ်သိမ်းချိန်တွင် အလွန်အမင်း နိမ့်ကျသည့် ဈေးနှုန်းများသို့ ဦးတည်စေသည့် ငွေဖြစ်လွယ်မှုဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှု များအား လျှော့ချရန် နှင့် ခ) ပို့ကုန်ဈေးကွက်တွင် အမျိုးအစားများပြားစေရန် တို့အပြင် စည်းရုံး လှုံ့ဆော်ခဲ့ပါသည်။ ပြည်တွင်း ထုတ်ကုန်ပစ္စည်း ဈေးကွက် များအား ပြည်ပဝယ်လက်များအား ဝယ်ယူခွင့်ပြုရန် ထောက်ခံ အကြံပြုချက်များအား ပြည်တွင်း ကုမ္ပဏီများမှ အပြင်းအထန် ကန့်ကွက်ခဲ့ကြ ပါသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံ နှင့် တရုတ်နိုင်ငံ တို့၏ ပဲအမျိုးမျိုး၊ ပြောင်းနှင့် ဆန်စပါးတို့ အပေါ် ကုန်သွယ်ရေး ကန့်သတ်မှုများ တိုးမြှင့်ခြင်းကြောင့် တောင်သူများအနေဖြင့် ဈေးနှုန်းကျဆင်းခြင်းကို ရင်ဆိုင်ကြရပြီး နောက်ဆုံးတွင် တာကျိုးပေါက်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ယင်းမှာ ဆန်စပါး ပို့ကုန် ဈေးကွက် ဖြေလျှော့ပေးခဲ့သည့် အချိန်မှစ၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု မူဝါဒတွင် အထင်ရှားဆုံး အပြောင်းအလဲဖြစ်ပါသည်။ နိုင်ငံခြား ကုမ္ပဏီများ အနေဖြင့် ထုတ်လုပ်ပြုပြင်သည့် စက်ရုံအလုပ်ရုံများတွင် ရင်းနှီးမြှုပ်နှံရန် ပထမဦးဆုံး ပြုလုပ်ရန် လိုအပ်သဖြင့် မူဝါဒ ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများအား ခံစားနိုင်ရန် အချိန်ယူ ရဦးမည် ဖြစ်ပါ သည်။

## ဘတ်ဂျက် ခွဲဝေချထားမှုဆိုင်ရာ အပြောင်းအလဲများ

**ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)**မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဧရာဝတီ ရေဝပ် ဒေသရှိ ရေသယံဇာတများ စုပေါင်းစီမံခန့်ခွဲမှု မြှင့်တင်ရေး စီမံချက်မှ မြစ်ဝကျွန်းပေါ် ဒေသတွင် ရေလုပ်ငန်းများ ပူးတွဲ စီမံခန့်ခွဲရန် နှင့် ရေလုပ်ငန်း ကဏ္ဍတွင် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ NAG မှ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန (DoF) နှင့် ပူးပေါင်း၍ ပန်းတနော်မြို့နယ်တွင် အင်း (ငါးဖမ်းသည့် ဧရိယာများ) ၂၈၂ ခုအား မြေပုံထုတ်ခဲ့ပြီး ထိုလုပ်ငန်းစဉ်အတွင်းတွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ဝန်ထမ်းများအား မြေပုံရေးဆွဲခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်များအား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI)၊ ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုမှ အစိုးရ၏ ရင်းမြစ်များအသုံးပြု၍ စာရင်းကောက်သည့် ဧရိယာ တိုးချဲ့ရန်နှင့် အင်းနယ်နိမိတ် သတ်မှတ်ခြင်းများတွင် နောက်ဆုံးအခြေအနေထည့်သွင်းရန် ကတိကဝတ် ရရှိခဲ့ပါသည်။ တိုင်းဒေသကြီး အစိုးရမြေ အသုံးချရေး ဌာနခွဲမှ ၂၀၁၉/၂၀၂၀ ဘတ်ဂျက်တွင် အင်းမြေပုံများ နောက်ဆုံးအခြေအနေ ထည့်သွင်းရာတွင် ထောက်ပံ့ပေးရန်အတွက် ကျပ် ၁၆၄,၄၅၀,၀၀၀ (ကန်ဒေါ်လာ ၁၀၈,၀၀၀) ကို ခွဲဝေချထားပေးခဲ့ပါသည်။ ယင်းမှာ ထူးခြားသည့် တိုးတက်မှု တစ်ရပ်ဖြစ်ပြီး စီမံချက်မှ ဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းနှင့် ချဉ်းကပ်နည်းလမ်းမှာ မြန်မာအစိုးရ နှင့် ဆီလျော်မှုရှိကြောင်း ရှင်းရှင်းလင်းလင်း ပြသနေပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် နေရာချထားရေး ဝန်ကြီးဌာန** (MSWRR) သည် MCCT နှင့် လူမှုရေး ပင်စင်များ အတွက် ငွေကြေးထောက်ပံ့ပေးရန်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ မှ ၂၀၂၀ ခုနှစ် စက်တင်ဘာလ ဘဏ္ဍာရေးနှစ်၏ နိုင်ငံတော်ဘတ်ဂျက်မှ ဘတ်ဂျက်ခွဲဝေမှုအား တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ ထောက်ပံ့ငွေ လက်ခံရရှိသူ အရေအတွက်မှာ တစ်နှစ်အတွင်း ၂၂၇,၅၀၈ ဦးမှ ၄၀၃,၇၇၉ သို့ သိသိသာသာ တိုးတက်လာခဲ့ပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အစိုးရဘတ်ဂျက်မှ ထောက်ပံ့ငွေရရှိသူ အရေအတွက် ထက် နှစ်ဆနီးပါး တိုးတက်ခဲ့ပါသည်။ ထောက်ပံ့ငွေများအတွက် ဘတ်ဂျက်မှာ ကန်ဒေါ်လာ ၂၂ သန်း ဝန်းကျင်မှ နောက်ထပ် ကန်ဒေါ် လာ ၂၁ သန်း ပိုတိုးလာခဲ့သဖြင့် စုစုပေါင်း ကန်ဒေါ်လာ ၄၃ သန်း ကျော်အထိ ဖြစ်လာခဲ့ပါသည်။ ထိုသို့ တိုးမြှင့်လိုက်သဖြင့် ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ် ရှိ MCCT အကျိုးခံစားခွင့်ရှိသူများအတွက် ထောက်ပံ့ငွေပေးရန် အစိုးရ၏ အစီအစဉ်အား ကြီးမားစွာ အထောက်အကူ ဖြစ်စေခဲ့ပါသည်။

## LIFT မှ ထောက်ပံ့ပေးခဲ့သည့် မူဝါဒ အထောက်အကူပြုလှုပ်ရှားဆောင်ရွက်မှုများ၏ အရေအတွက်

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ ပြင်ဆင်မှု**– ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ နှင့် အတူ FMO ရုံးကိုယ်စားလှယ်များသည် စိုက်မွေးဆည်ဝန်ကြီးဌာန ၏ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံရာတွင် ၂၀၁၈ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေငြာခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခွဲမှု ဥပဒေအား ပြင်ဆင်သည့် ဥပဒေ နှင့် စပ်လျဉ်းသည့် LIFT ၏ စိုးရိမ် ပူပန်မှုများအား ထည့်သွင်းဆွေးနွေးခဲ့ပါသည်။ LIFT အနေဖြင့် အဆိုပါ ဥပဒေအား ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူများအနေဖြင့် မိမိတို့ ပိုင်ဆိုင်သည်ဟု ယူဆထားသည့် မြေယာများပေါ်တွင် ကျူးကျော်ဝင်ရောက်ခြင်းဖြင့် စွပ်စွဲခံရနိုင်ပြီး ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်ခံရနိုင်သည့်

[၈၄] ဆိုလိုသည်မှာ နိုင်ငံခြားကုမ္ပဏီများသည် သယ်ယူပို့ဆောင်စဉ်အတွင်း ပျက်စီးသည့် သို့မဟုတ် ပျက်စီးသွားသည့် ကုန်ပစ္စည်းများအတွက် တာဝန်ရှိပါသည်။

အလားအလာနှင့် စပ်လျဉ်း၍ စိုးရိမ်မကင်း ဖြစ်မှုအား ထုတ်ဖော်ပြော ကြားခဲ့ပါသည်။ LIFT သည် အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ မြန်မာ တနိုင်ငံလုံးရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) မျိုးစုံနှင့် တက် ကြွထက်သန်စွာ တိုင်ပင်ဆွေးနွေး သဘောထားရယူပေးရန် စိုက် မွေးဆည်ဝန်ကြီးဌာနမှ အရာရှိများနှင့် သက်ဆိုင်ရာ အစိုးရဌာနများ မှ ပတ်သက်ဆက်နွယ်သူများအား ရှိသေလေးစားစွာ တိုက်တွန်းခဲ့ ပါသည်။

**LIFT အား လွှတ်တော်တွင် မိတ်ဆက်ပေးခြင်း** – ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ပုံငွေ ဘုတ်အဖွဲ့ဝင် တစ်ဦးနှင့်အတူ LIFT FMO ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၊ ပြည် သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံ ဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်မှာ LIFT အား လွှတ်တော် ကိုယ်စားလှယ် (MP) များအား မိတ်ဆက်ရန်နှင့် ဆက်လက်၍ ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးရန် ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်မှ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး၊ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကျား၊ မ ရေးရာ တန်းတူညီမျှ မှု တို့အပါအဝင် LIFT ၏ စီမံချက် လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ ကျယ်ပြန့်သည့် မေးခွန်းအမျိုး မျိုး ကို မေးမြန်းခဲ့ပါသည်။ လွှတ်တော် ကိုယ်စားလှယ် အမတ်များမှ LIFT အား သုတေသန တွေ့ရှိချက်များနှင့် ထောက်ခံ အကြံပြုချက်များ ဆိုင်ရာ အချက်အလက်များ ပေးရန် တောင်းခံခဲ့ပါသည်။

**SUN စီးပွားရေး ကွန်ရက် (SBN)** – LIFT မှ အာဟာရဖွံ့ဖြိုးမှု ကောင်းမွန်စေရန် ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်ရန် အတွက် ပုဂ္ဂလိက ကဏ္ဍ နှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန် ကဏ္ဍပေါင်း စုံ နှင့် အတူ လုပ်ဆောင်သည့် SBN အတွက် ရန်ပုံငွေ ထောက်ပံ့ပေး ခဲ့ပါသည်။ အစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့နှင့် ချိန်ညှိထား သည့် ဤချဉ်းကပ်နည်းလမ်းသည် အာဟာရပြည့်ဝပြီး ဘေးကင်း စိတ်ချရသည့် အစားအသောက်များ ထုတ်လုပ် စားသုံးခြင်းတို့တွင် တိုးတက်မှု ရှိစေရန် ဦးတည်စေမည့် ပုဂ္ဂလိက ကဏ္ဍ၏ ပံ့ပိုးထည့်ဝင် မှုများအား ခိုင်မာအားကောင်းစေရန် ကြိုးပမ်းမှုများကို စုစည်းပေး ပါသည်။ SBN သည် အသိအမြင်များ မျှဝေရန်နှင့် စည်းရုံးလှုံ့ဆော်ရန် အတွက် မိတ်ဖက်ပြုမှုများ ဖော်ဆောင်ရန် ရပ်ဝန်း တစ်ခု ဖြစ်ပါသည်။ SBN သည် ၁) အားဖြည့်အစားအစာ စံသတ်မှတ်ချက်များ ရေးဆွဲရန်၊ ထုတ်လုပ်ရန်နှင့် စားသုံးရန် တို့အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း လုပ်ကိုင်ခြင်း၊ ၂) စိုက်ပျိုးရိက္ခာ ဖြည့်တင်းရေးကွင်းဆက်များ နယ်ပယ် တစ်ခွင်တွင် ဘေးကင်းစိတ်ချရသည့် အစားအသောက်များ ဖြစ်ထွန်း စေသည့် ပတ်ဝန်းကျင် တစ်ရပ် ပိုမိုကောင်းမွန်စေခြင်း ၃) လုပ်ငန်းခွင် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုတို့တွင် ပုဂ္ဂလိက ကဏ္ဍအား ကူညီ ပံ့ပိုးပေးခြင်း နှင့် ၄) စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူ တို့အား အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင်နှင့် ပညာပေးရေး စသည်တို့အား မြှင့်တင်ခြင်း အဓိက နယ်ပယ် လေးခုတွင် အာရုံစိုက်မည် ဖြစ်ပါသည်။

**အားဖြည့်ဆန်** – ၂၀၁၉ ခုနှစ် မတ်လ ၅ ရက်နေ့တွင် နေပြည်တော် ရှိ LIFT ၏ နိုင်ငံသား မူဝါဒရေးရာ အရာရှိမှ လွှတ်တော်ကော်မတီ များထံ PATH မှ အားဖြည့်ဆန် စီမံချက်နှင့် မူဝါဒရေးရာ ထောက်ခံ အကြံပြုချက်များအား တင်ပြနိုင်ရန် ပထမဆုံးအကြိမ် အသိပေး အရေးဆိုသည့် အစည်းအဝေးကို ကျင်းပနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက် ခဲ့ပါသည်။ အောက်တိုဘာ ၁၇ ရက်တွင် ကျန်းမာရေး အရာရှိများနှင့် အာဟာရဆိုင်ရာ ကျွမ်းကျင်သူများ အပါအဝင် ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးတို့သည် မြန်မာနိုင်ငံတွင် အားဖြည့်ဆန် မိတ်ဆက်ခြင်းနှင့် ပတ်သက်သည့် အသိအမြင်များ မျှဝေရန် နေပြည်တော်တွင် တွေ့ဆုံ ခဲ့ကြပါသည်။ စီမံချက်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) ထံ လွှဲပြောင်းခြင်း ဤအခမ်းအနားသည် မြန်မာနိုင်ငံတွင် အားဖြည့်ဆန် ဖြစ်ထွန်းစေခြင်းတွင် အရေးကြီးသည့် မှတ်တိုင်အဖြစ် မှတ်တမ်းတင်ခဲ့ပါသည်။ ယင်းမှ LIFT အား ထုတ်ဝေရန်အတွက် မျှဝေ ခဲ့သည့် အစီရင်ခံစာတွင် လေ့လာသင်ယူခဲ့သည့် အဓိက သင်ခန်းစာ များကို PATH အား ဖော်ထုတ်နိုင်စေခဲ့ပါသည်။

**MCCT ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှု (Save the Children)** – အပူပိုင်းဇုန် ၏ ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှုမှ ရလဒ်များ အား အစိုးရ၏ ရည်မှန်းချက် မြင့်မားသည့် MCCT အစီအစဉ် စတင် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးခဲ့သည့် လူကယ်ပြန် ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (GAD)၊ CSO များ၊ UNICEF ၊ ကမ္ဘာ့ဘဏ် နှင့် အခြားအဖွဲ့ အစည်းများမှ အရာရှိများ ပါဝင်တက်ရောက်သည့် နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် တင်ပြခဲ့ပါသည်။ တွေ့ရှိချက် များမှ ထောက်ပံ့ငွေ နှင့် အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာ ချဉ်းကပ် နည်းလမ်းကို ပေါင်းစပ်ခြင်းဖြင့် အချိန်တိုလေးအတွင်း ပုညက်မှု အပေါ် ပြောင်းလဲနိုင်သည့် အသွင်ကူး ပြောင်းခြင်း ဆိုင်ရာ အကျိုး သက်ရောက်မှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆိုင်ရာ သီးသန့် ခိုင်မာ သည့် အထောက်အထားများ ပံ့ပိုးပေးခဲ့ပါသည်။ ဤအခမ်းအနား မှ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် နည်းပညာ အကြံပေး ပုဂ္ဂိုလ်များ အနေဖြင့် အစိုးရ၏ MCCT အစီအစဉ် တိုးချဲ့ရန်အတွက် ဖွံ့ဖြိုးရေး မိတ် ဖက် အဖွဲ့အစည်းများနှင့် မည်ကဲ့သို့ အကောင်းဆုံး ပံ့ပိုးကူညီပေးနိုင် မည် ဆိုသည်နှင့် စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်နိုင်သည့် အခွင့်အလမ်း တစ်ခု ပံ့ပိုးပေးခဲ့ပါသည်။

**စိုက်ပျိုးရေး သွင်းအားစုများ** – International Fertilizer Development Center (IFDC) မှ ရေးသားပြုစုခဲ့သည့် စာတမ်း နှစ်စောင်နှင့် လေ့လာ မှု မှထောက်ခံအကြံပြုချက်များအား ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့က ကျင်းပသည့် ' တောင်သူလယ်သမားများ အား ဝန်ဆောင်မှု ပေးအပ် ရာတွင် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေး ဦးစီးဌာန (DoA) နှင့် ပုဂ္ဂလိက ကဏ္ဍ တို့၏ အခန်း ကဏ္ဍ' ခေါင်းစဉ်ဖြင့် ပြုလုပ် သည့် အပြန်အလှန် ဆွေးနွေးသည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် တင်ပြ ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးရေး ကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် တောင်သူ လယ်သမားရေးရာ ကော်မတီ၊ စိုက်ပျိုးရေး သုတေသန ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရေဆင်း တက္ကသိုလ် မှ ပါမောက္ခများ၊ သမဝါယမ ဦးစီးဌာန မှ အရာရှိများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ် များ နှင့် တောင်သူများ တက်ရောက်ခဲ့ကြပါသည်။ သီးနှံ ကာကွယ်ရေး ကုန်ပစ္စည်းများအား ဘေးရန်ကင်းရှင်းစွာ အသုံးပြုခြင်း အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ မြှင့်တင်ရန်အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများ၏ အခန်း ကဏ္ဍနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။ ထောက်ခံ အကြံပြုချက်များတွင် ဘေးကင်းခြင်းမရှိသည့် ကုန်ပစ္စည်း များ လက်လှမ်းမီ ရရှိမှုကို ကန့်သတ်ခြင်းနှင့် ဆီလျော်သည့် ပညာရပ် ဆိုင်ရာ ဝန်ဆောင်မှုများပေးသည့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ ခြင်းတို့ ပါဝင်ပါသည်။

**စားနပ်ရိက္ခာ ဖူလုံမှု ဆိုင်ရာ မူဝါဒဆိုင်ရာ သုတေသန အချက်အလက် များ ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (AVCD)** – အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်တွင် ကျင်းပခဲ့ပါသည်။ ရက်သတ္တပတ် တစ် ပါတ်ကြာမြင့်သည့် လက်လှမ်းမီ ရောက်ရှိခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံရှိ မူဝါဒ ရေးဆွဲသူများ စိုက်မွေးဆည် ဝန်ကြီးဌာနနှင့် ရေဆင်း တက္ကသိုလ် တို့ မှ မူဝါဒရေးဆွဲသူများ၊ သုတေသန ပညာရှင်များ နှင့် ကျောင်းသား များ အား ငါးနှစ်တာ ကာလအတွင်း ကောက်ယူခဲ့သည့် ကိန်းဂဏန်း အချက်အလက်များ နှင့် အကျွမ်းတဝင် ဖြစ်စေရန် နှင့် အလုပ်ရုံ

ဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် မည်သူမဆို လွှတ်လပ်စွာ ရယူနိုင်သည့် ကိန်းဂဏန်း အချက်အလက်များနှင့် ဆက်စပ် ထုတ်ဝေမှုများအား သင်ကြားရေး၊ သတင်း အချက်အလက်ရယူရေးနှင့် သုတေသနပြုရေးဆိုင်ရာ လိုအပ်ချက်များတွင် ရင်းမြစ်များအဖြစ် အသုံးပြုနိုင်ရန်တို့အတွက် တိုက်တွန်း အားပေးရန် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ စက်တင်ဘာလအတွင်းတွင် AVCD အဖွဲ့မှ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး၊ တန်ဖိုးမြှင့် ကွင်းဆက်များနှင့် ကျေးလက်ဒေသ ပြုပြင်ပြောင်းလဲရေး ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခု ကိုလည်း ကျင်းပခဲ့ပါသည်။ ပါဝင်တက်ရောက်သူများတွင် အစိုးရ၊ မူဝါဒ ရေးဆွဲသူများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍ မှ တက်ရောက်သူများ ပါဝင်ပါသည်။ ဆွေးနွေးခဲ့သည့် အကြောင်းအရာ ခေါင်းစဉ်တစ်ခုမှ မူဝါဒရေးရာ ဆွေးနွေးပွဲများ အတွက် သတင်း အချက်အလက်ပေးရန် မည်သည့် သုတေသန အမျိုးအစားများက အသင့်လျော်ဆုံး ဖြစ်နေသည် ဆိုသည်နှင့် သုတေသန တွေ့ရှိချက်များအား သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများနှင့် မူဝါဒ ရေးဆွဲသူများထံ မည်သည့်နည်းဖြင့် ထိထိရောက်ရောက် ဆက်သွယ်ပေးပို့နိုင်မည် ဆိုသည်တို့နှင့် သက်ဆိုင်ပါသည်။

## LIFT မှ ပံ့ပိုးပေးခဲ့သည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ

**ကရင်ပြည်နယ် MCCT မူဝါဒ အနှစ်ချုပ် –** ၂၀၁၉ ခုနှစ်တွင် CPI နှင့် Valid တို့မှ MCCT ကနဦး စစ်တမ်း ကောက်ယူမှု ပြီးစီးခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းနှစ်ခုမှ အောက်ပါ လေ့လာတွေ့ရှိချက်များ ပါဝင်သည့် မူဝါဒ အနှစ်ချုပ်ကို ရေးသားပြုစုခဲ့ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ခြင်း တစ်နှစ် ပြီးမြောက်ပြီးသည့်နောက် ပြည်နယ်တစ်ခုလုံး အတိုင်းအတာနှင့် MCCT အစီအစဉ် လွှမ်းခြုံမှုမှာ ၅၆ ရာခိုင်နှုန်း ရှိပါသည်။ သွားရောက်ရန် ခက်ခဲသည့် ဒေသများနှင့် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအား လွှမ်းခြုံမှုမှာ ထိုထက်ပိုနိမ့်ပါသည်။ ကလေးသူငယ် အာဟာရ ချို့တဲ့မှု အဆင့်များမှာ ပြည်နယ်တစ်ခုလုံးတွင် မြင့်မားနေပြီး သွားရောက်ရန် ခက်ခဲသည့် ဒေသများနှင့် ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံး အိမ်ထောင်စုများတွင် အမြင့်မားဆုံး ဖြစ်ပါသည်။ ထို့ပြင် သွားရောက်ရန် ခက်ခဲသည့် ဒေသများနှင့် ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံး အိမ်ထောင်စုများမှာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် WASH ဆိုင်ရာ ပံ့ပိုးထောက်ကူ ပစ္စည်းများ လက်လှမ်းမီ ရရှိမှုတို့ အပါအဝင် ညွှန်းကိန်းများ အားလုံးတွင် စွမ်းဆောင်မှု နိမ့်ကျလျက် ရှိပါသည်။ သို့သော်လည်း ကယားပြည်နယ်တွင် တွေ့ရှိရသည့် ကလေးသူငယ် အာဟာရ ချို့တဲ့မှု အဆင့် မြင့်မားနေခြင်းအား စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်းဟု အဓိပ္ပါယ် ကောက်ယူ၍ မရနိုင်ပါ။ ကလေးသူငယ် အာဟာရ ဖွံ့ဖြိုးမှု အဆင့်နိမ့်ကျခြင်းမှာ ကလေးသူငယ် ဖြည့်စွက်စွာ ကျွေးခြင်းနှင့် မိခင်နို့တိုက် ကျွေးမှု အလေ့အကျင့်များ အကောင်းဆုံးအဆင့်တွင် မရှိခြင်း၊ မိခင်နှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ လွှမ်းခြုံမှု နှင့် လက်လှမ်းမီ ရရှိမှု နည်းပါးခြင်း နှင့် WASH ဆိုင်ရာ ဝန်ဆောင်မှုများ ညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်နိုင်ချေရှိကြောင်း ဖော်ပြထားပါသည်။

**မြန်မာ–ထိုင်းအကြား ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်းအတွက် အကျိုးဆောင် ဝန်ဆောင်မှုများ ဆိုင်ရာ အသိအမြင် ကွာဟချက်ကို ဖြည့်ဆည်းခြင်း (IOM) –** အစိုးရမှ တာဝန်ပေးအပ်ထားသည့် တရားဝင် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း လမ်းကြောင်းများ ရှိပြီး ဖြစ်သော် လည်း ရွှေ့ပြောင်းသွားလာသူ အများစုသည် တရားဝင် လုပ်ရှားဆောင်ရွက်သူများရော တရားမဝင် လုပ်ရှားဆောင်ရွက်သူများပါ ပါဝင် ပတ်သက်နေနိုင်သည့် အကျိုးဆောင်အမျိုးမျိုးကို အသုံးပြုသည့် အလေ့အကျင့်များကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး အားကိုးအားထား ပြုခဲ့သည်မှာ ထင်ရှားပါသည်။ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ တွဲလက် စီမံချက်မှ ဦးတည် လူမှုအသိုက်အဝန်းများအတွက် လက်တွေ့ကျပြီး ယုံကြည်စိတ်ချရသည့် စီမံကိန်းဆောင်ရွက်ချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် မြန်မာ–ထိုင်း ရွှေ့ပြောင်းသွားလာ နေထိုင်မှုတွင် အကျိုးဆောင်များ၏ ဖွဲ့စည်းဖြစ်တည်မှု အခန်းကဏ္ဍကို ပိုမိုကောင်းမွန်စွာ နားလည် သဘောပေါက်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၉ ခုနှစ်၌ ဩစတေးလျ အမျိုးသား တက္ကသိုလ်မှ ဒေါက်တာ ဆဗ်ရေး မိုလန်ဒ် (Dr Sverre Molland) နှင့် ဒေါက်တာ ဗစ်တိုးရီးယား ဂျက်ခ် (Dr. Victoria Jack) တို့နှင့် ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက်နှင့် မွန် အမျိုးသမီးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူပါဝင်သည့် လူမျိုးနှင့် ယဉ်ကျေးမှု သရုပ်ခွဲခြင်းဆိုင်ရာ အကဲဖြတ် သုံးသပ်မှု သုတေသန (PEER) လေ့လာမှု ကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ လေ့လာမှုမှ အဓိက တွေ့ရှိချက်မှာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ မည်သို့ ရွှေ့ပြောင်းသွားလာ နေထိုင်ရန် ရွှေ့ပြောင်းသွားလာသူများ၏ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ကွဲပြားသည့် လမ်းကြောင်းနှစ်ခု (ဆိုလိုခြင်းမှာ ဘေးကင်းလုံခြုံပြီး စနစ်တကျရှိသည့် ပုံမှန်လမ်းကြောင်းနှင့် အန္တရာယ်များပြီး ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရသည့် ပုံမှန် မဟုတ်သည့် လမ်းကြောင်း) အကြား ခွဲခြားရွေးချယ်ခြင်း မဟုတ်ကြောင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပတ်သက်ဆက်နွယ်သူများ အနေဖြင့် တရားဝင်နှင့် တရားမဝင် ကြားခံဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ တာဝန်ခံယူမှုနှင့် ပွင့်လင်း မြင်သာမှု မရှိခြင်းကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးရနိုင်ချေများ အပါအဝင် ပုံမှန် ရွှေ့ပြောင်းသွားမှုရော၊ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှု နှစ်ခုလုံးနှင့် ဆက်နွယ်နေသည့် ဆုံးရှုံးရနိုင်ချေများအား နားလည်သဘောပေါက်ခြင်းမှာ မရှိမဖြစ် လိုအပ်ပါသည်။ အလုပ်အကိုင် ခေါ်ယူ ခန့်ထားခြင်းသည့် စနစ်အား ပိုမိုကောင်းမွန်စွာ နားလည် သဘောပေါက်ခြင်းဖြင့် IOM အနေဖြင့် ပြဿနာအား တစ်ခုချင်းစီ အတိအကျ ပုံဖော်ခြင်းမျိုးထက် ရှိဆဲ ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာ အခြေခံအဆောက်အဦမှ ဖြစ်စေသည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာ နေထိုင်မှုတွင် စနစ်ဆိုင်ရာ စိန်ခေါ်မှုများ၏ အသိအမြင်များပေါ်တွင် အခြေခံ၍ စီမံကိန်း ဆောင်ရွက်ချက်များအား ရေးဆွဲ ဖော်ဆောင်နိုင်မည် ဖြစ်သည်။

## မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာနှင့် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများတွင် LIFT ၏ ပြီးစီး အောင်မြင်မှုများ

ဤ အခန်းမှ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (PES) ၏ အစိတ်အပိုင်း လေးခု တို့အရ LIFT ၏ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးအောင်မြင်မှုများနှင့် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား အာရုံစိုက်ပါသည်။ ဤသင်ခန်းစာများသည် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် LIFT နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ စွမ်းဆောင်ရည်များ ဆက်လက်ခိုင်မာ အားကောင်းစေမည် ဖြစ်ပါသည်။

### LIFT ၏ စီမံကိန်းဆောင်ရွက်မှု နှင့် အစိုးရ နှင့် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်း

၂၀၁၉ ခုနှစ် အစောပိုင်းတွင် LIFT သည် အစိုးရနှင့် မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရန် အတွက် ၎င်း၏ စွမ်းဆောင်ရည် မြှင့်တင်ရာတွင် ထူးခြားသည့် ခြေလှမ်းတစ်ရပ်အဖြစ် နေပြည်တော်တွင် အခြေစိုက်သည့် နိုင်ငံသား မူဝါဒရေးရာ အရာရှိ (National Policy Officer NPO) အား ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ခန့်အပ်ခဲ့ပါသည်။ NPO သည် အမျိုးသား လွှတ်တော် နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်လုံးရှိ အဓိက လွှတ်တော် ကော်မတီများနှင့် ဆက်ဆံရေးများ တည်ထောင်ခြင်း နှင့် ခိုင်မာအားကောင်းစေခြင်းတို့တွင် အဓိကထား အာရုံစိုက် လုပ်ဆောင်ပါသည်။ NPO သည် LIFT ၏ မူဝါဒဆိုင်ရာ ထိတွေ့မှုအား ကျယ်ပြန့်စွာ ရောက်ရှိစေရန်အတွက် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရ ၏ အဓိက သက်ဆိုင်ရာ အဖွဲ့အစည်းများ သာမက နေပြည်တော်တွင် လုပ်ရှားဆောင်ရွက်နေသည့် သုတေသန အဖွဲ့

အစည်းများ၊ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ နှင့် လေးနက်သည့် ဆက်ဆံရေးများကိုလည်း တည်ထောင်ခဲ့ပါသည်။

LIFT ၏ FMO သည် နေပြည်တော်တွင် လွှတ်တော်ကိုယ်စားလှယ် (MP) များနှင့် အရေးပါသည့် မူဝါဒရေးရာဆောင်ရွက်မှု အများ အပြား အား ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းဆောင်ရွက်မှုများတွင် ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းပြီးစီးခဲ့သည့် LIFT မှ ထောက်ပံ့ပေးထားသည့် စီမံချက် နှစ်ခုဖြစ်သည့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း (Village Development Planning) နှင့် ကမ္ဘာ့ဘဏ် ၏ လယ်ယာထုတ်ကုန် လုပ်ငန်းများ အပေါ် လေ့လာသုံးသပ်ချက်များ အပိုင်း ၂ တို့နှင့် ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ အရာရှိများထံ ဖြန့်ဝေခြင်း လုပ်ငန်းလည်း ပါဝင်ပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည်လည်း ပြည်ထောင်စုအဆင့် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတွင် အရေးကြီးသည့် အခန်းကဏ္ဍများမှ ပါဝင်ခဲ့ပါ သည်။ အထက်ဖော်ပြပါ မူဝါဒဆိုင်ရာ စိတ်ဝင်စားဖွယ်ရာများသည် အဆိုပါ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆိုင်သည့် ဥပမာကောင်း များ ဖြစ်ပါသည်။ နောက်ထပ် ဥပမာကောင်းတစ်ခုမှာ မြေယာ ငှားရမ်း လုပ်ကိုင်ခြင်းဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်းသည့် မြေယာမဏ္ဍိုင်အဖွဲ့၏ လုပ်ဆောင်ချက်များ နှင့် သက်ဆိုင်ပါသည်။

၂၀၁၉ ခုနှစ် အတွင်း LIFT မှ တက်ကြွစွာ စူးစိုက် ဆောင်ရွက်ခဲ့သည့် အရေးပါသည့် မူဝါဒဆိုင်ရာ ချဉ်းကပ်နည်းလမ်း မှာ စီမံကိန်းလုပ်ငန်းနှင့် မူဝါဒ ရေးဆွဲဖော်ဆောင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းတို့အား အထောက်အကူဖြစ်စေရန် လက်တွေ့ အသုံးချနိုင်သည့် နည်းပညာ ကူညီပံ့ပိုးမှုများနှင့် သက်ဆိုင်ပါသည်။ ဥပမာအားဖြင့် ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်မှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်မှ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန အတွက် နိုင်ငံတကာ ကျွမ်းကျင်သူ တစ်ဦးအား ခန့်အပ် တာဝန်ပေးအပ်ခဲ့ပါသည်။ LIFT မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) လက်အောက်ရှိ လူမှုဝန်ထမ်း ဦးစီးဌာနနှင့်အတူ လက်တွေ့ လုပ်ကိုင်ရန် နိုင်ငံသား အကြံပေးပုဂ္ဂိုလ်တစ်ဦး နှင့် နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ် တစ်ဦး ခန့်အပ် တာဝန်ပေးခဲ့ပါသည်။ LIFT မှ ချင်းပြည်နယ် လူမှုဝန်ထမ်း ဦးစီးဌာန အား အုပ်ချုပ်ရေးနှင့် M&E ဆိုင်ရာ ကူညီပံ့ပိုးမှုပေးရန် နိုင်ငံသား အကြံပေးပုဂ္ဂိုလ်တစ်ဦးကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။ LIFT မှ ၂၀၁၉ ခုနှစ်အတွင်းတွင် MS-NPAN အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးသုတေသနဌာနခွဲ (NNC) နှင့် အတူ လက်တွဲ အလုပ်လုပ်နိုင်ရန် နည်းပညာ လက်ထောက် အရာရှိ သုံးဦးအား ပံ့ပိုးပေးခဲ့ပါသည်။ မီချီဂန် တက္ကသိုလ်စီမံချက်အတွက် LIFT ၏ ကူညီပံ့ပိုးမှုဖြင့် ယင်းတို့၏ မူဝါဒရေးရာ ကျွမ်းကျင်သူသည် ၂၀၂၁ နှစ် တစ်နှစ်လုံးတွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်နိုင်စေမည် ဖြစ်ပါသည်။

LIFT နှင့် ယင်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် ပြည်နယ်/တိုင်းဒေသကြီး နှင့် မြို့နယ်အဆင့်များအပါအဝင် ဒေသန္တရအဆင့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းတွင် ထူးခြားသည့် တိုးတက်မှုများ ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၌ ပထမအကြိမ် နှစ်စဉ် မျိုးစေ့ပြပွဲ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ NAG သည် ငါးလုပ်ငန်း ဥပဒေများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ စီမံကိန်း အရာရှိများမှ ပြည်နယ်/တိုင်းဒေသကြီး အဆင့် MS-NPAN အစီအစဉ် စတင်ဆောင်ရွက်ချိန်တွင် တက်တက်ကြွကြွ ပါဝင် စီစဉ် ပံ့ပိုးပေးနေချိန်တွင် LIFT ၏ ပြည်တွင်း မူဝါဒရေးရာ အရာရှိမှ ချင်းပြည်နယ်တွင် လူမှုဝန်ထမ်း နှင့် ဆွေးနွေးပွဲများ အကြိမ်ကြိမ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အစိုးရမှ ဗဟို ဦးစီးချုပ်ကိုင်မှု လျှော့ချသည့် လုပ်ငန်းစဉ်အား ဦးစားပေး လုပ်ကိုင်လျက် ရှိသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍမှာ ကျယ်ပြန့်လာလျက် ရှိပါသည်။ ဥပမာအားဖြင့် ဝန်ကြီးချုပ်များသည် ယခုအခါ လက်မှုပညာနှင့် သက်ဆိုင်သည့် လုပ်ငန်းများ၏ စည်းမျဉ်းစည်းကမ်းနှင့် ထိန်းကျောင်းရန် သြဇာအာဏာ ရှိပါသည်။ အစိုးရအနေဖြင့် ဒေသခံအဆင့်တွင် ရှိသည့် ပြည်သူများနှင့် လူမှုအသိုက်အဝန်းများ ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အတွက် အောက်ခြေမှ အစပြုသည့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းသည်လည်း တစထက်တစ ပို၍ ဆီလျော်လာမည် ဖြစ်သည်။

## လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ

**နေပြည်တော်တွင် NPO ခေါ်ယူခန့်ထား တာဝန်ပေးနိုင်ခဲ့ခြင်းက LIFT ၏ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားစွာ "ကောင်းမွန်" လာစေခဲ့ပါသည်။** ရှေ့ဆက်၍လည်း LIFT သည် နေပြည်တော်တွင် ၎င်း၏ မူဝါဒရေးရာ ကိစ္စများ ဆောင်ရွက်ရန် နေရာယူမှုကို ခိုင်မာအားကောင်းစေရန် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

**သက်ဆိုင်ရာ ပြည်နယ် (သို့) တိုင်းဒေသကြီးတွင် သီးသန့်အခြေစိုက်သည့် နိုင်ငံသား စီမံကိန်းအရာရှိ ထားရှိနိုင်ခြင်းဖြင့် LIFT သည် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တွင်ရော မြို့နယ်အဆင့်များတွင်ပါ ဒေသခံ အစိုးရနှင့် ပိုမို နီးကပ်စွာ စဉ်ဆက်မပြတ် ဆက်လက် ပူးပေါင်း ဆောင်ရွက်နိုင်စေခဲ့ပါသည်။** ဤအချက်နှင့် စပ်လျဉ်းသည့် ဥပမာကောင်းတစ်ခုမှာ ဒေသအခြေစိုက် စီမံကိန်းအရာရှိ မှ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်ရော တိုင်းဒေသကြီး အစိုးရအရာရှိများနှင့်ပါ ထိထိရောက်ရောက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့သည့် မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်း ဖြစ်ပါသည်။ နိုင်ငံသား စီမံကိန်း အရာရှိ အခြေစိုက် ဆောင်ရွက်လျက် ရှိသည့် ကချင်ပြည်နယ်တွင် ယခုအခါ ဤချဉ်းကပ်နည်းလမ်းအား အသုံးပြုလျက် ရှိပါသည်။

**ရေရှည်တည်တံ့သည့် မူဝါဒရေးရာ စီမံကိန်း ဆောင်ရွက်ချက်များအား ပိုမို ထိရောက်စွာ စည်းရုံးလှုံ့ဆော်နိုင်ရန် LIFT အနေဖြင့် ပြည်သူ့ ဘဏ္ဍာဆိုင်ရာ နှင့် အသုံးစရိတ်များအား ဆန်းစစ် သုံးသပ်နိုင်ရန် ယင်း၏ စွမ်းဆောင်ရည် တိုးမြှင့်ရန် လိုအပ်မည်ဖြစ်ပါသည်။** ရလဒ်များမှ LIFT နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများမှ ပံ့ပိုးပေးခဲ့သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အရေးအတွက်နှင့် ၎င်းတို့ ရရှိခဲ့သည့် ဘတ်ဂျက် ခွဲဝေမှုများတွင် အပြောင်းအလဲများ၏ အရေအတွက်များကြား မညီမျှကြောင်း ပြသနေပါသည်။ ယင်းမှ LIFT နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ပြည်သူ့ဘဏ္ဍာနှင့် အသုံးစရိတ်များ အပေါ် ပိုမို အာရုံစိုက်သင့်ကြောင်း အကြံပြုထားပါသည်။ LIFT အနေဖြင့် မတူညီသည့် အခြေအနေများတွင် သြဇာအာဏာနှင့် ရင်းမြစ်များအား မည်သို့ ခွဲဝေပြီး မည်သို့ အားပြိုင်သည်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရလဒ်များအတွက် သက်ရောက်မှုများအား ဖော်ထုတ်သတ်မှတ်သည့် နိုင်ငံရေး ဘောဂဗေဒ ဆန်းစစ်ချက်အား ပိုမို အာရုံစိုက်မှု ပေးရန် လိုအပ်ပါသည်။

**LIFT အနေဖြင့် အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်တို့ရှိ လွှတ်တော်အမတ်များ နှင့် လွှတ်တော်ကော်မတီများ နှင့် ဆက်သွယ်ဆောင်ရွက်မှု အမျိုးမျိုးအား တိုးချဲ့ရန် လိုအပ်ပါသည်။** ၂၀၁၉ ခုနှစ်အတွင်းတွင် နိုင်ငံသား မူဝါဒရေးရာ အရာရှိ မှ LIFT လွှတ်တော် နှင့် ထိရောက်သည့် မူဝါဒရေးရာ မိတ်ဖက်အဖြစ် တည်ဆောက်ရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ကနဦး အာရုံစိုက်မှုမှာ စိုက်ပျိုးရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိုင်သည့် ကော်မတီများပေါ်တွင် ဖြစ်ပါသည်။ နောက်တစ်ဆင့် အစိုးရနှင့် လုပ်ကိုင် ဆောင်ရွက်မည့် လုပ်ပိုင်ခွင့်တွင်

LIFT အနေဖြင့် အာဟာရ ဖွံ့ဖြိုးရေး၊ ပြည်သူ့ရေးရာ၊ မသန်စွမ်းမှု နှင့် ကျား၊မ ရေးရာ တို့ကဲ့သို့ LIFT ၏ စီမံကိန်းရေးရာ စိတ်ဝင်စားမှုများ နှင့် သက်ဆိုင်သော ကျယ်ပြန့်သည့်ကဏ္ဍ အမျိုးမျိုးနှင့် သက်ဆိုင်သည့် လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

## အသိအမြင် နှင့် အထောက်အထား စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာခြင်း

**မူဝါဒ အထောက်အကူပြု နည်းလမ်းများ ပါဝင်သည့် အသိအမြင်ဆိုင်ရာ စာတမ်းများ ထုတ်ပြန်ရာတွင် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းစေခြင်းသည် LIFT အား မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု နှင့် စည်းရုံးလှုံ့ဆော်မှုတို့တွင် ပိုမိုကောင်းမွန်စွာ သတင်းပေးနိုင်မည် ဖြစ်သည်။** အသိအမြင်နှင့် အထောက်အထားတို့၏ အဓိကရင်းမြစ်များတွင် အောက်ခြေအဆင့် စီမံချက် အကောင်အထည်ဖော်ခြင်း လုပ်ငန်းမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအပြင် စောင့်ကြည့်ကြီးကြပ်ခြင်း ဆိုင်ရာ အစီရင်ခံစာများ၊ စစ်တမ်းကောက်ယူခြင်းနှင့် သုတေသန တွေ့ရှိချက်များမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ ပါဝင်ပါသည်။ ၂၀၁၉ ခုနှစ် အတွင်း LIFT ၏ FMO နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်များမှ အစီရင်ခံစာများ၊ စာတမ်းတိုများနှင့် အခြား စာရွက်စာတမ်း အထောက်အထားများ အပါအဝင် ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ထုတ်ဝေမှု အများအပြား ထုတ်ပြန်ခဲ့ပါသည်။ ထိုအရေအတွက်တွင် ကာလလယ် သုံးသပ်ချက်များနှင့် စီမံကိန်း အပြီးသတ် အကဲဖြတ်သုံးသပ်ခြင်းများ နှင့် အိမ်ထောင်စု စစ်တမ်း အစီရင်ခံစာများ ပါဝင်ခြင်းမရှိပါ။

စာတမ်းစာစောင်များ ဖြန့်ဝေရာတွင် အသုံးပြုခဲ့သည့် အဓိက နည်းလမ်းမှာ အလုပ်ရုံဆွေးနွေးပွဲများမှ တဆင့် နှင့် အဓိက ပတ်သက်ဆက်နွယ်သူများထံ ဆွေးနွေးတင်ပြခြင်း များမှ တဆင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် IOM CHIME သုတေသန တွေ့ရှိချက်များအား မန္တလေးမြို့ တွင် ပြုလုပ်သည့် တစ်ရက်တာ ကြာမြင့်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့ပါသည်။ GRET မှ နေပြည်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ CSO များနှင့် စိုက်မွေးဆည် ဝန်ကြီးဌာနမှ အရာရှိများအား မြေယာငှားရမ်းလုပ်ကိုင်ခြင်းဆိုင်ရာ သုတေသန တွေ့ရှိချက်များအား အစီရင်ခံခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအား အကဲဖြတ်သုံးသပ်ခြင်းမှ လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများအား စီမံအုပ်ချုပ်မှုဆိုင်ရာ ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွင် စိတ်ဝင်စားသည့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ INGO များ နှင့် နယ်မြေခံ CSO များ ပါဝင်တက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့ပါသည်။

မူဝါဒရေးရာ ကိစ္စရပ်များအတွက် သတင်းအချက်အလက်များ ပေးနိုင်ရန် သုတေသန တွေ့ရှိချက်များအား အသုံးချသည့် နည်းလမ်းနှင့် ဆိုင်သည့် ဥပမာကောင်း တစ်ခုမှာ စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး စီမံကိန်း (AVCD) ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဒုတိယ နှစ်ဝက်အတွင်းတွင် LIFT နှင့် မီချီဂန် ပြည်နယ် တက္ကသိုလ် (MSU) တို့ သည် MSU မှ ယခင်က International Food Policy Research Institute (IFPRI) နှင့် မြန်မာ့လူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD) တို့နှင့် အတူ ဆောင်ရွက်ခဲ့သည့် သုတေသန တွေ့ရှိချက်များအား ပေါင်းစပ်နိုင်ရန် ဘတ်ဂျက် ပါဝင်သည့် စီမံကိန်းအား သက်တမ်း တိုးရန် စတင် ဆွေးနွေးခဲ့ပါသည်။

LIFT အတွက် အဓိက စိန်ခေါ်မှုမှာ အသိပညာနှင့် အထောက်အထားများအား မူဝါဒ အနှစ်ချုပ်များ၊ သုတေသန အနှစ်ချုပ်များ၊ နည်းပညာ ဆိုင်ရာ တင်ပြချက်များ နှင့် ဗီဒီယိုများ၊ အသံထုတ်လွှင့်ချက်များနှင့် ဘလော့ဂ်များ ကဲ့သို့ အခြား ဆက်သွယ် ဆောင်ရွက်သည့် ပုံသဏ္ဍာန် ကဲ့သို့သော မူဝါဒဆိုင်ရာ နည်းကိရိယာများအဖြစ် အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ FMO တဝှမ်းတွင် ညှိနှိုင်းဆောင်ရွက်မှု နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်လာခြင်းတို့မှ မူဝါဒနှင့် စည်းရုံးလှုံ့ဆော်မှု ဆိုင်ရာ နည်းလမ်းများနှင့် ချဉ်းကပ်နည်းလမ်းများအား ပိုမို ဆန်းသစ်တီထွင်နိုင်ရန် အကူအညီပေးမည် ဖြစ်ပါသည်။ ဥပမာ – လူထုဆက်သွယ်ဆောင်ရွက်ရေးဌာနမှ LIFT ၏ ဝက်ဘ်ဆိုဒ်တွင် နှစ်ပါတ်တစ်ကြိမ် တင်ဆက်သည့် စီမံချက်နယ်မြေမှ အသံများ Voices from the Field အစီအစဉ် ကို စတင် လွှင့်တင်ခဲ့ပါသည်။

## လေ့လာသင်ယူခဲ့သည့် သင်ခန်းစာ

အရှေ့တောင်ပိုင်းဒေသအတွက် အဆိုပြုလွှာ ဖိတ်ခေါ်ချက်များမှ ရှင်းလင်းတင်ပြချက်တွင် မူဝါဒနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်း များ နှင့် ဆိုင်သည့် ကိစ္စရပ်များအတွက် ရည်ညွှန်းများ စုစည်းထည့်သွင်းထားပါသည်။ ဤချဉ်းကပ်နည်းလမ်းမှ LIFT အနေဖြင့် အရှေ့ တောင်ပိုင်း ဒေသတွင် စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့အား ပိုမိုကောင်းမွန်စွာ ချိန်ညှိ နိုင်ခြင်း ဖြင့် လမ်းညွှန်မှုပေးနိုင်ရန် အထောက်အကူ ပေးပါသည်။

LIFT ၏ စီမံကိန်း အရာရှိများသည် အောက်ခြေအဆင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတဆင့် အရေးကြီးသည့် မူဝါဒဆိုင်ရာ သင်ခန်းစာများ ဖော်ထုတ်လျက်ရှိသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပုံမှန် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။ အဓိက စိန်ခေါ်မှုမှာ အောက်ခြေအဆင့် သတင်းအချက်အလက်များအား မူဝါဒနှင့် သက်ဆိုင်သည့် အထောက်အထားအဖြစ် မည်သို့ အကောင်အထည်ဖော်မည် ဆိုသည့်အချက် ဖြစ်ပါသည်။

အစိုးရ အရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အထူးသဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ရှည်လျားသည့် အစီရင်ခံစာများအား ဖတ်ရှုရန် အချိန်ရှားပါးကြပါသည်။ လွှတ်တော်ကိုယ်စားလှယ် အများအပြားတို့မှ ၎င်းတို့ ကြီးကြပ်ရသည့် နယ်ပယ်များ တွင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ရှိမနေနိုင်ပါ။ LIFT ၏ နိုင်ငံသား စီမံကိန်း အရာရှိများ နှင့်/သို့ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် CSO ဝန်ထမ်းများ မှ အနှစ်ချုပ် ရှင်းလင်းတင်ပြမှုများသည် လွှတ်တော် ကိုယ်စားလှယ်များအတွက် နည်းပညာဆိုင်ရာ စာတမ်းစာစောင်များအား ပိုမို လက်လှမ်းမီနိုင်ရန် အထောက်အကူဖြစ်စေပါသည်။ နေပြည်တော်တွင် အခြေစိုက်သည့် LIFT ၏ NPO သည် ပြည်တွင်း စီမံကိန်း အရာရှိများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အကူအညီပေးနိုင်ပါသည်။

သုတေသန စီမံချက်များအနေဖြင့် စတင်ဆောင်ရွက်ချိန်ကတည်းက ကောင်းမွန်စွာ သတ်မှတ်ထားသည့် ပရိသတ်များအား မူဝါဒ အထောက်အကူပြု သုတေသန တွေ့ရှိချက်များနှင့် ထောက်ခံ အကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန် ရှင်းလင်းပြတ်သားသည့် ဖြန့်ဝေရေးဆိုင်ရာ မဟာဗျူဟာများ ထားရှိသင့်ပါသည်။ ထိုနည်းလမ်းအား စီမံကိန်း ကာလလယ် သုံးသပ်မှုများနှင့် စီမံကိန်း အပြီးသတ် အကဲဖြတ် သုံးသပ်မှုများအပြင် အိမ်ထောင်စု စစ်တမ်းများ အတွက်လည်း အသုံးချသင့်ပါသည်။

## မိတ်ဖက်ပြုမှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ

LIFT ၏ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု အများအပြားအား အကောင်အထည်ဖော် မိတ်ဖက် အဖွဲ့အစည်းများနှင့် မဟာဗျူဟာ မြောက် CSO မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းမှ မူဝါဒရေးရာတွင် ထိရောက်စွာ လွှမ်းမိုးနိုင်ရန် အတွက် LIFT ၏ စွမ်းဆောင်ရည်မှာ ၎င်း၏ မိတ်ဖက်ပြုမှုများ ကွန်ရက်၏ အင်အား နှင့် စွမ်းဆောင်ရည်များ ပေါ်တွင် အများအပြား မှီတည်နေပါသည်။ သို့ဖြစ်၍ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် LIFT ၏ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါသည်။ သို့သော်လည်း LIFT ၏ စီမံကိန်း ဆောင်ရွက်မှု လုပ်ငန်းတခွင်တွင် မူဝါဒရေးရာ ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်မှုများတွင် IP များနှင့် CSO များ၏ စွမ်းဆောင်ရည်များ မှာ အမျိုးမျိုး ကွဲပြားပါသည်။

သို့ဖြစ်၍ LIFT ၏ FMO ၏ အဓိက ရည်ရွယ်ချက်မှာ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း အပါအဝင် IP နှင့် CSO များ၏ မူဝါဒ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့် ကျင့်သုံးမှုများ ခိုင်မာအားကောင်းစေရန် အကူအညီပေးရန် ဖြစ်ပါသည်။ ချဉ်းကပ် နည်းလမ်း တစ်ခုမှာ IP များနှင့် CSO မိတ်ဖက် အဖွဲ့အစည်းများ အပြင် အစိုးရ မိတ်ဖက်အဖွဲ့အစည်းများမှ ၎င်းတို့ သက်ဆိုင်ရာ မူဝါဒ ရေးရာ အတွေ့အကြုံများမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ အား တစ်ဖွဲ့နှင့်တစ်ဖွဲ့ မျှဝေခြင်းဖြင့်အတူ လေ့လာသင်ယူရန် အတွက် လက်တွေ့ ကျင့်သုံး နေသည့် အသိုက်အဝန်းများ၏ အလုပ်ရုံဆွေးနွေး ပွဲများ ပုံမှန်ကျင်းပရန် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် အတွင်း တွင် LIFT FMO မှ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ နှစ်ခု အား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ပထမ အလုပ်ရုံ ဆွေးနွေးပွဲ အား ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုအဆင့် မူဝါဒ ရေးရာ လုပ်ငန်းစဉ်များ ဆန်းစစ်ခြင်းအပေါ် အာရုံစူးစိုက်ခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် IP များ၊ CSO များ၊ စိုက်မွေးဆည် ဝန်ကြီး ဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှင့် လူမှုဝန်ထမ်း ဦးစီးဌာန မှ မဟာဗျူဟာမြောက် မိတ်ဖက်များ နှင့် LIFT ၊ FMO ဝန်ထမ်းများ အပါအဝင် ပါဝင်တက်ရောက်သူ ၆၀ ဦး တက်ရောက်ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်း ခြောက်ဖွဲ့အား ၎င်းတို့၏ သက်ဆိုင်ရာ မူဝါဒ ဆောင်ရွက် ချက်များအလိုက် ဖြစ်ရပ် လေ့လာမှုများ ဆွေးနွေးတင်ပြရန် တာဝန် ပေးခဲ့ပါသည်။ ယင်းတို့တွင် စိုက်ပျိုးရေး မူဝါဒ ဌာန/စိုက်မွေးဆည် ဝန်ကြီးဌာန (စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ)၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (ကျား၊မ အခြေပြု အကြမ်းဖက် မှု)၊ HelpAge International (သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်)၊ ILO (အိမ်အကူအလုပ်သမား ကာကွယ်စောင့်ရှောက်ရေး)၊ မြေယာမဏ္ဍိုင်အဖွဲ့ (အမျိုးသား မြေယာ အသုံးချမှု မူဝါဒ) နှင့် PATH (အားဖြည့်ဆန်) တို့ ပါဝင်ပါသည်။

ဤ အလုပ်ရုံဆွေးနွေးပွဲမှ အဓိက လေ့လာတွေ့ရှိချက်များအနက်မှ တစ်ခုမှာ အဆိုပါ အဖွဲ့အစည်းများ အားလုံးမှာ ပွင့်လင်းမြင်သာမှု ရှိပြီး ၊ အားလုံးပါဝင်သည့် တရားမျှတသော မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှု ပြုလုပ်ရန် နှင့် ပံ့ပိုးထည့်ဝင်မှု ပြုရန်အတွက် လုပ်ဆောင်ရန် စိတ်အားထက်သန်စွာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း ပြသခဲ့ခြင်း ဖြစ်ပါသည်။ အခြား လေ့လာတွေ့ရှိချက်တစ်ခုမှာ မြန်မာနိုင်ငံရှိ မူဝါဒ ရေးရာ လုပ်ငန်းစဉ်တွင် အရေးပါသည့် ပတ်သက်ဆက်နွယ်သူများ အား အသိပညာမြှင့်တင်ပေးရန်နှင့် သတင်းအချက်အလက် ပံ့ပိုးပေး ရန် ကြီးမားသည့် ကြိုးပမ်း အားထုတ်မှုများ စိုက်ထုတ်ရန် လိုအပ် ကြောင်း တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။ အချို့ဖြစ်ရပ်များတွင် ကျား၊မ ရေးရာ အခြေပြု အကြမ်းဖက်မှု ကဲ့သို့ အမှုအကျင့် ပြောင်းလဲရန် ကြိုးပမ်း အားထုတ်မှုများလည်း လိုအပ်ပါသည်။

ဒုတိယ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး ပါဝင်တက်ရောက်သူ ၆၀ဦးခန့်ရှိပါသည်။ ဤ အလုပ်ရုံ ဆွေးနွေး ပွဲတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်၊ ထို့နောက် လူမှုအသိုက်အဝန်း အဆင့်များတွင် မူဝါဒရေးရာ ပူးပေါင်း ဆောင်ရွက်မှုမှ လေ့လာခဲ့သည့် သင်ခန်းစာများနှင့် ဆိုင်သည့် တူညီသော အကြောင်းအရာပေါ်တွင် အာရုံစိုက်ခဲ့ပါသည်။ ဧပြီလ အတွင်းတွင် မိတ်ဖက်အဖွဲ့အစည်း ၇ ဖွဲ့အား ဒေသန္တရ/ဒေသဆိုင်ရာ အဆင့်တွင် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ရပ် လေ့လာမှုများ တင်ပြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ယင်းတို့တွင် လူမှုရေးဆိုင်ရာ သုတေသန လုပ်ဆောင်မှု အဖွဲ့/ SPPRG (ရပ်ရွာလူထု အခြေပြု မသန်စွမ်းမှုများ၊ စစ်ကိုင်း)၊ TRIP–Net (ဒေသခံ တိုင်းရင်းသားများမှ သစ်တောမြေစီမံခန့်ခွဲမှု၊ တနင်္သာရီ) ၊ ပေါင်းစုလုပ်အား အကူအညီ ပေးရေးအဖွဲ့ – NAG (ရေချိုငါးလုပ်ငန်း ဥပဒေများ)၊ Oxfam နှင့် မြေယာနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့/ LSECNG (ငှက်ပျော စိုက်ခင်း/ ကချင်ပြည်နယ်)၊ Action Aid (ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး)၊ MS–NPAN/ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် စတင်ဆောင်ရွက်ခြင်းနှင့် Community Partners International (ပဋိပက္ခဒဏ်ခံ ဒေသများတွင် ကျန်းမာရေး ဝန်ဆောင်မှုများ ပေးခြင်း) တို့ ပါဝင်ခဲ့ပါသည်။

ဖြစ်ရပ် လေ့လာမှုများမှ ထွက်ပေါ်လာသည့် အဓိက လေ့လာသုံးသပ်မှု တစ်ခုမှ ဒေသန္တရအဆင့်များတွင် အောင်မြင်စွာ မူဝါဒရေးရာ ပူးပေါင်း ဆောင်ရွက်ခြင်းတွင် မူဝါဒရေးရာ စည်းရုံးလှုံ့ဆော်သူများအနေဖြင့် အောက်ခြေအဆင့်တွင် လူမှုစီးပွားနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ လှုပ်ရှား ပြောင်းလဲမှုများအား ရှင်းလင်းပြတ်သားစွာ နားလည်ရန် လိုအပ်ခြင်း ဖြစ်ပါသည်။ တနည်းဆိုရသော် အခြေအနေက ပဓာနဖြစ်သည်။ ထိုသို့ သဘောပေါက်နားလည်ခြင်းကို ဒေသခံ လူမှုအသိုက်အဝန်း နှင့် ယုံကြည်စိတ်ချရသည့် ဆက်ဆံရေးများ တည်ဆောက်နေချိန်တွင် သီးခြား အခြေအနေတစ်ခုအတွင်းမှ သီးခြား ကိစ္စရပ်တစ်ခု၏ နိုင်ငံရေး ဘောဂဗေဒအား ဆန်းစစ်ခြင်းဖြင့် တစ်စိတ်တစ်ဒေသ အားဖြင့် ရယူလာပါသည်။

ဤလေ့လာတွေ့ရှိမှုမှ LIFT သည် ဒေသန္တရအဆင့်တွင် ပိုမို လှုပ်ရှား တက်ကြွသည့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုအား အထောက် အကူဖြစ်ရန် ရည်ရွယ်သဖြင့် ဒေသခံ CSO များနှင့် ယင်း၏ မိတ်ဖက်ပြုမှုများမှာ ပို၍ပို၍ အရေးပါလာမည် ဆိုသည်အား တင်ပြလာပါသည်။ အထူးသဖြင့် အရေးကြီးသည်မှာ ရပ်ရွာလူထု စည်းရုံးခြင်း နှင့် စည်းရုံးလှုံ့ဆော်မှုတို့အတွက် ရပ်ရွာလူထု အဆင့်နှင့် မြို့နယ်အဆင့် ဒေသခံ CSO များအတွက် အလိုအပ်ဆုံး ရင်းမြစ်များ ပံ့ပိုးပေးသည့် အသေးစား ထောက်ပံ့မှု ရန်ပုံငွေများ ဖြစ်ပါသည်။ ဒေသခံ အဆင့်တွင် ပူးပေါင်း ဆောင်ရွက်မှုကို အထောက်အကူ ပြုသည့် ဤချဉ်းကပ်နည်းလမ်း သည် ပဋိပက္ခဒဏ်ခံ ဒေသများတွင်လည်း အထူးသဖြင့် ဆီလျော် ပါသည်။

၂၀၁၉ ခုနှစ်အတွင်းတွင် LIFT သည် ဆက်ဆံရေး အသစ်များ တည်ဆောက်ပြီး ‘ မူဝါဒ လေ့လာဆန်းစစ်သည့်အဖွဲ့ – Think Tanks’ များမှ တဆင့် အပါအဝင် အခြား ပတ်သက်ဆက်နွယ်သူများအား ပါဝင်လာအောင် စည်းရုံးခဲ့ပါသည်။ ဥပမာအားဖြင့် နေပြည်တော်တွင် အခြေစိုက်သည့် NPO သည် သုတေသန သိပ္ပံများကြား မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ ပိုမိုကောင်းမွန်စွာ ဖန်တီးခြင်းအား အရှိန်အဟုန် မြှင့်တင်ရာတွင် အထောက်အကူ ဖြစ်စေရန် မီချီဂန် ပြည်နယ် တက္ကသိုလ်၊ IFPRI နှင့် အစိုးရ၏ မူဝါဒ လေ့လာဆန်းစစ်ရေးအဖွဲ့ MDI တို့နှင့် ဆက်သွယ်ရေး လမ်းကြောင်းများ စတင် လမ်းခင်းပေးခဲ့ပါသည်။ ကနဦး စီမံကိန်းဆောင်ရွက်ချက်၏ ရလဒ်အနေဖြင့် အဆိုပါ အဖွဲ့သုံးဖွဲ့တို့သည် မူဝါဒရေးဆွဲသူများအား မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်များ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် ပိုမိုပေးရန် သုတေသန လုပ်ငန်း များကိုအတူ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ် နှစ်ကုန်တွင် Westminster Foundation for Democracy (WFD) နှင့် ဆက်ဆံရေး တည်ဆောက်ခဲ့ပါသည်။ LIFT နှင့် WFD တို့သည် အဖွဲ့နှစ်ဖွဲ့ အနေဖြင့် LIFT စီမံချက် နေရာများသို့ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်း ခရီးစဉ်များ သွားရောက်ရန် မည်သို့ ကူညီဆောင်ရွက်ပေးနိုင်မည် ဆိုသည်ကို ပဏာမ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ သွားရောက်ရန် ဖြစ်နိုင်သည့် စီမံကိန်းနေရာများမှာ MCCT ၊ အားဖြည့်ဆန်၊ MFI များနှင့် မျိုးစေ့ ထုတ်လုပ်ခြင်း[၈၅]တို့ ဖြစ်ပါသည်။

## လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ

သုံးနှစ်တာ အကောင်အထည်ဖော်ရေး စက်ဝန်းများအား မူဝါဒနှင့် ဘတ်ဂျက်စက်ဝန်းများနှင့် ချိန်ညှိထားခြင်းမှာ အလွန်နည်းပါးပါသည်။ မူဝါဒ ပူးပေါင်းဆောင်ရွက်မှုအတွက် IP ၏စွမ်းဆောင်ရည် တည်ဆောက်ရန် LIFT ၏ ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသ အားဖြင့် LIFT ၏ FMO သည် မူဝါဒ နှင့် ဘတ်ဂျက်စက်ဝန်းများတွင် ၎င်းတို့၏ လက်တွေ့နှင့် မဟာဗျူဟာနည်းကျ နားလည် သဘောပေါက်ခြင်းကို ခိုင်မာအားကောင်းစေရန် ဆက်လက် ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။

မူဝါဒရေးရာ လက်တွေ့ကျင့်သုံးသည့် အသိုက်အဝန်းများ၏ ဒုတိယ အစိတ်အပိုင်းသည် LIFT ၏ MEAL အစီအစဉ်များနှင့် စပ်လျဉ်း၍ အစီရင်ခံရန်အတွက် IP များမှ ၎င်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းတွင် အကူအညီပေးရန် အာရုံစိုက်ခဲ့ပါသည်။ LIFT ၊ FMO သည် ဒုတိယ အကြိမ်တွင် IP အသစ်များ အနေဖြင့် LIFT ၏ MEAL အစီအစဉ် မှ ကျင့်သုံးမှုများအား လေ့လာသင်ယူနိုင်ရန် အတွက် အကူအညီပေးရန် အသုံးပြုမည် ဖြစ်ပါသည်။ မူဝါဒရေးရာ ကဏ္ဍအတွက် စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ခြင်း ဆိုင်ရာ နိုင်ငံသား ဝန်ထမ်း ထပ်ဖြည့်ခန့်ထားခြင်းသည် LIFT အား MEAL အစီအစဉ် အစီရင်ခံခြင်းနှင့် ပတ်သက်၍ ၎င်း၏ မူဝါဒရေးရာ မိတ်ဖက် အဖွဲ့အစည်းများအား ပိုမိုကောင်းမွန်စွာ ဆက်သွယ် ဆောင်ရွက်နိုင်စေမည် ဖြစ်သည်။

### အဖွဲ့အစည်းတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

LIFT အဖွဲ့အစည်းတစ်ခွင်လုံးတွင်ရော LIFT ရန်ပုံငွေ ဘုတ်အဖွဲ့နှင့် FMO တို့ကြား အဖွဲ့အစည်းတွင်း ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ပိုမိုကောင်းမွန်စေခြင်းသည် ဆန်းသစ်ထားသည့် မဟာဗျူဟာ၏ မူဝါဒ ရေးရာ ရည်မှန်းချက် နှင့်အညီ မူဝါဒ အတွက် သတင်းအချက်အလက် ပေးရန်နှင့် လွှမ်းမိုးနိုင်ရန် LIFT ၏ စွမ်းဆောင်ရည်အား ခိုင်မာအားကောင်းစေရန် လေးနက်သည့် အခွင့်အလမ်းများ ပံ့ပိုးပေးမည် ဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် မြေယာငှားရမ်း လုပ်ကိုင်ခြင်း နှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်း အပါအဝင် သီးခြား အကြောင်းအရာများအား အာရုံစိုက်ရန် FMO နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ ပါဝင်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် ဤလားရာအတိုင်း တစ်ဆင့် ထပ်တက်လှမ်းခဲ့ပါသည်။

ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပိုမိုကောင်းမွန်စေရန် အတွက် နောက်ထပ် ချဉ်းကပ်နည်းလမ်းတစ်ခုမှာ LIFT ၏ မူဝါဒဆိုင်ရာ ဦးတည်ချက်များအား အလွယ်တကူ နားလည်သဘောပေါက်အောင် ရှင်းလင်းခြင်း ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဒုတိယ နှစ်ဝက် အတွင်းတွင် FMO ၏ မူဝါဒ အဖွဲ့သည် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်သည့် ဒေသအားလုံးတွင် မူဝါဒရေးရာ ဦးတည်ချက် ဖော်ထုတ် သတ်မှတ်ရန်နှင့် ရှင်းလင်း ပြတ်သားစွာ ထုတ်ဖော်နိုင်ရန် အတွက် အကြောင်းအရာအလိုက် အစီအစဉ် တစ်ခုချင်းစီနှင့် အားလုံးနှင့် အကျုံးဝင်သည့် အကြောင်းအရာ ဆိုင်ရာ အဖွဲ့များနှင့် တွေ့ဆုံခဲ့ပါသည်။ လူမှုစီးပွားနှင့် ပထဝီနိုင်ငံရေး အခြေအနေတို့မှာ လှုပ်ရှားပြောင်းလဲမှုနှုန်း မြင့်မားသဖြင့် မူဝါဒဆိုင်ရာ ဦးတည်ချက်များသည် အချိန်ကာလတစ်ခု ကြာမြင့်သည့်အခါ ပြောင်းလဲသွား နိုင်ပါသည်။

တတိယမြောက် ချဉ်းကပ်နည်းလမ်းမှာ FMO အနေဖြင့် ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ၏ မူဝါဒရေးရာ ဦးတည်ချက်များအား ပိုမို ကောင်းမွန်စွာ နားလည် သဘောပေါက်ရန်ဖြစ်သည်။ ယင်းမှ လုပ်ကိုင်ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်များ ထပ်သွားခြင်းမှ ရှောင်ရှားရာတွင် ကြိုးပမ်းအားထုတ်မှုနှင့် ကူညီမှုတို့တွင် ပိုမို အားဖြည့်ခြင်းအား သေချာစေရန်အတွက် အကူအညီပေးမည် ဖြစ်ပါသည်။ မူဝါဒ ရေးရာ ဌာန သည် အတူလက်တွဲဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် အားဖြည့်နိုင်မည့် နယ်ပယ်များအား ဖော်ထုတ် သတ်မှတ်နိုင်ရန် ၂၀၂၀ ခုနှစ် ပထမနှစ်ဝက်အတွင်း ရန်ပုံငွေဘုတ်အဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲများ ဆက်တိုက် ကျင်းပရန် ရည်ရွယ်ထားပါသည်။

LIFT FMO အတွင်း ညှိနှိုင်းဆောင်ရွက်မှု၏ နောက်ထပ် ဥပမာကောင်းတစ်ခုမှာ LIFT ၏ မဟာဗျူဟာအသစ် နှင့် ဒေသခံပြည်သူတို့၏ အသက်မွေးမှု ပိုမိုကောင်းမွန်စေရန် LIFT မှ ဖြည့်ဆည်းပေးနိုင်သည့် နည်းလမ်းများနှင့် ပတ်သက်၍ စုစည်းထားသည့် ကွင်းဆင်း အချက်အလက်များအား တင်ပြခဲ့သည့် ရန်ကုန်နှင့်စစ်တွေတွင် ပြုလုပ်ခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများညီလာခံ နှင့် တိုင်ပင် ဆွေးနွေးသဘောထားရယူသည့် အလုပ်ရုံ ဆွေးနွေးပွဲများအား ပူးတွဲ ပံ့ပိုးကူညီပေးရန် အတွက် LIFT ၏ အရပ်ဘက်လူမှုအဖွဲ့အစည်း ရေးရာ အရာရှိ၊ ရခိုင် အစီအစဉ်အဖွဲ့ နှင့် LIFT ၏ NPO တို့ အတူ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## အစိုးရနှင့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်ခြင်း

### မြန်မာနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး စီမံကိန်း (AVCD)

AVDC စီမံကိန်း အား LIFT နှင့် USAID တို့မှ ပူးတွဲ ရန်ပုံငွေ ပံ့ပိုးပေးပြီး မီချီဂန် ပြည်နယ် တက္ကသိုလ် (MSU) ၊ မြန်မာ့ လူမှု စီးပွားရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD) နှင့် International Food Policy Research Institute (IFPRI) တို့မှ အကောင်အထည် ဖော်လျက်ရှိပါသည်။ စီမံချက်၏ ယေဘုယျ ပန်းတိုင်မှာ အားလုံးပါဝင်သည့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ရန်၊ အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေရန် နှင့် မူဝါဒဆိုင်ရာ အထောက်အကူ ဖြစ်စေသည့် ဝန်းကျင် ပိုမိုကောင်းမွန်စေခြင်းမှတဆင့် အမျိုးသားများနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရန်တို့ ဖြစ်ပါသည်။ စီမံချက်တွင် အစိတ်အပိုင်း လေးခု ဖြစ်သည့် (၁) မူဝါဒ/မဟာဗျူဟာ အကြံပေးမှု ၊ (၂) စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက်များ (AFVC) သုတေသန၊ (၃) အိမ်ထောင်စုနှင့် ရပ်ရွာလူထု အသက်မွေးဝမ်းကျောင်းမှု သုတေသန၊ နှင့် (၄) စွမ်းဆောင်ရည်နှင့် ကွန်ရက် တည်ဆောက်ခြင်းတို့ ပေါင်းစပ် ပါဝင်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ကြီးမားသည့် ပြီးစီးအောင်မြင်မှု အချို့တွင် အောက်ပါ လုပ်ငန်းများနှင့် ထုတ်ဝေမှုများ ပါဝင်ပါသည် –

၈၅ အဆိုပါ ဆွေးနွေးမှုများကြောင့်ပင် လွှတ်တော်လေ့လာရေးခရီးစဉ်အဖြစ် ကရင်ပြည်နယ်သို့ ၂၀၂၀ခုနှစ် မတ်လတွင် သွားရောက်နိုင်ခဲ့သည်။ အမတ်မင်းများသည် MCCT စီမံကိန်း အကျိုးခံစားရသည့် မိခင်နှင့်ကလေးများကို တွေ့ဆုံခဲ့ကြပြီး IFDC အဖွဲ့၏ စိုက်ပျိုးရေးသွင်းအားစု စီမံချက်ဆောင်ရွက်နေသည့် ကျေးရွာသို့လည်း ကွင်းဆင်းလေ့လာခဲ့ကြသည်။

**အစိတ်အပိုင်း ၁– မူဝါဒရေးရာ မဟာဗျူဟာဆိုင်ရာ အကြံပေးခြင်း**

**စားနပ်ရိက္ခာ စားသုံးမှု အချက်အလက်များအား ဒေသအလိုက် ဆန်းစစ်ခြင်းမှ ADS နှင့် MS-NPAN အတွက် အကျိုးသက်ရောက်မှုများ –**

ADS နှင့် MS-NPAN တို့အတွက် ကူညီပံ့ပိုးမှုတွင် စိုက်ပျိုးရေး သုတေသန ၏ အခန်းကဏ္ဍဆိုင်ရာ မူဝါဒ လက်လှမ်းမီ ရောက်ရှိမှု အတွက် စိတ်ခွန်အားမြှင့်တင်ခြင်းအား ခရစ္စတီ မာ့ဟ်တ် (Kristi Mahrt – IFPRI) နှင့် ဒေးဗစ် မတ်တ်သာ (David Mather – MSU) တို့ ရေးသား ပြုစုသည့် မြန်မာနိုင်ငံတွင် အိမ်ထောင်စုများ၏ စားသောက်မှု ပုံစံနှင့် အာဟာရပြည့်ဝသည့် အစားအသောက်များအား ငွေကြေးအရ တတ်နိုင်မှု ဟုအမည်ရသည့် အစီရင်ခံစာ မူကြမ်းတွင် လေ့လာနိုင်ပါသည်။

**စိုက်ပျိုးရေး သုတေသန မဟာစီမံကိန်းအတွက် စိုက်မွေးဆည် ဝန်ကြီးဌာနအား ကူညီပံ့ပိုးပေးခြင်း** – မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး သုတေသန ဆိုင်ရာတွင် စွမ်းဆောင်ရည်နှင့် ပညာပေးခြင်းတို့၏ ချိတ်ဆက်မှုများ – ဆန်းစစ် အကဲဖြတ်ခြင်းနှင့် ထောက်ခံအကြံပြုချက်များ အစီရင်ခံစာ အား စိုက်ပျိုးရေး သုတေသနဦးစီး (DAR) အပေါ် အဓိကထား အာရုံစိုက်သည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ မဏ္ဍိုင် ၂ အတွက် အထောက်အကူဖြစ်စေရန် ရေးသားပြုစုခဲ့ပါသည်။ ဤအစီရင်ခံစာမှ ADS ၏ သီးနှံနှင့် ဆည်မြောင်းကဏ္ဍခွဲ အတွက် ပင်မ စီမံကိန်း ဦးစားပေးအတွက် သုတေသန မဟာစီမံကိန်း (စိုက်ပျိုးရေး သုတေသန စနစ်အတွက် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းနှင့် အလားတူ ဖြစ်သည့်) ရေးဆွဲမှု မြှင့်တင်ရန်အတွက် အထောက်အထား အခြေခံအား ပံ့ပိုးပေးခဲ့ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၏ စီမံကိန်း ဦးစီးဌာနအတွက် ပံ့ပိုးကူညီခြင်း** – AVCD စီမံချက်မှ စိုက်ပျိုးရေး မူဝါဒ ဌာန (APU) နှင့် အတူ လက်တွဲ၍ မူဝါဒရေးရာ ဆွေးနွေးတင်ပြမှုများနှင့် အပြန်အလှန်ဆွေးနွေးနိုင်သည့် ဆွေးနွေးခန်းများတွင် စိုက်မွေးဆည်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများအားလုံးမှ ဝန်ထမ်းများအားလုံး ရာထူးအဆင့်အတန်းမရွေး ပါဝင်တက်ရောက်နိုင်သည့် လစဉ် ဆွေးနွေးပွဲများ အစီအစဉ် ပြုလုပ်ခဲ့ပါသည်။ စီမံချက်မှ စီမံကိန်း ဦးစီးဌာန (DoP) ၏ ညွှန်ကြားရေးမှူးချုပ် နှင့် အတူလက်တွဲ၍ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ARDSCG) ၏ သီးနှံနှင့် ဆည်မြောင်းကဏ္ဍခွဲ လုပ်ငန်းအဖွဲ့အား ပူးတွဲ ပံ့ပိုးကူညီရန်အတွက် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ DoP အား ကိုရီးယားနိုင်ငံ ကျေးလက် စီးပွားရေး သိပ္ပံ (KREI) နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက် စီးပွားရေး မူဝါဒ သိပ္ပံ တည်ထောင်ရန် အတွက် ကိုရီးယားနိုင်ငံ အစိုးရ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာန (MAFRA) သို့ အဆိုပြုရမည့် အယူအဆ တင်ပြချက်တစ်ရပ် ရေးသား ပြုစုရာတွင် အကူအညီပေးခဲ့ပါသည်။ အဆိုပါ အယူအဆတင်ပြချက်အား ဖြစ်နိုင်ချေ ဆန်းစစ်သည့်အဆင့် ဆောင်ရွက်ရန် သဘောတူ လက်ခံခဲ့ပါသည်။

**အစိတ်အပိုင်း ၂ – စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက်များ နှင့် အစိတ်အပိုင်း ၃ – အိမ်ထောင်စု နှင့် ရပ်ရွာလူထု အသက်မွေးဝမ်းကျောင်းမှုများ**

**အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေး စစ်တမ်း (READZ)** – ကျေးလက် အိမ်ထောင်စုပေါင်း ၁,၆၀၀ ပါဝင်သည့် READZ အိမ်ထောင်စု စစ်တမ်းအား ၂၀၁၇ ခုနှစ်တွင် အပူပိုင်းဇုန်၌ အကောင်အထည် ဖော်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း သုတေသန အစီရင်ခံစာ နှစ်စောင် ကို ထုတ်ပြန်ခဲ့ပါသည်။ READZ အိမ်ထောင်စု နှင့် ရပ်ရွာလူထု စစ်တမ်း မှ ကောက်ယူခဲ့သည့် အချက်အလက်များအား အခြေခံ၍ ကျေးလက်ဒေသ လေ့လာမှုများ ဂျာနယ် တွင် ဆောင်းပါး တစ်ပုဒ် ဖော်ပြခဲ့ပါသည်။

**ရှမ်းပြည်နယ် အိမ်ထောင်စု၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက် စီးပွားရေးစစ်တမ်း (SHARES)** – ရှမ်းပြည်နယ် အိမ်ထောင်စု၊ လယ်ယာ စိုက်ပျိုးရေး နှင့် ကျေးလက် စီးပွားရေးစစ်တမ်း (SHARES) သည် ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်တွင် သုတေသနဆောင်ရွက်ခြင်းအား အထူး အာရုံစိုက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် သုတေသန အစီရင်ခံစာ နှစ်စောင်နှင့် စိတ်ဝင်စားဖွယ်ရာ သုတေသန ဆောင်းပါး သုံးစောင် အား ထုတ်ဝေခဲ့ပါသည်။

**SHARES ၏ လယ်ယာ ပြင်ပ တန်ဖိုးမြှင့် ကွင်းဆက် အပိုင်းနှင့် စပ်လျဉ်းသည့် ရှေ့ရေး မျှော်တွေးသည့် စစ်တမ်းများ** – လယ်ယာ ပြင်ပ တန်ဖိုးမြှင့် ကွင်းဆက် စစ်တမ်းများအား SHARES ၏ အိမ်ထောင်စု စစ်တမ်း အစိတ်အပိုင်းအား အားဖြည့်ထောက်ကူပေးရန် ဒီဇိုင်း ရေးဆွဲ ထားပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် စစ်တမ်းများအားလုံးမှ အချက်အလက်များအား ဆန်းစစ်မှု ပြုလုပ်ခဲ့ပြီး အစီရင်ခံစာ မူကြမ်း နှစ်ခု ရေးသား ပြုစုခဲ့ပါသည်။

**အခြား သုတေသန အကျိုးရလဒ်များ** – မြန်မာ့ ကျေးလက်ဒေသရှိ ကျားမ ရေးရာနှင့် အခြေပစ္စည်း ပိုင်ဆိုင်မှုများ သုတေသန စာတမ်း အား ထုတ်ပြန်ခဲ့ပါသည်။ ဤစာတမ်းမှ မြန်မာနိုင်ငံ ကျေးလက်ဒေသရှိ အခြေပစ္စည်းပိုင်ဆိုင်မှုများအား ကျားမ အလိုက် လက်လှမ်းမီမှုများနှင့် ဆိုင်သည့် စာတမ်းများအပေါ် သုံးသပ်တင်ပြချက်များနှင့် အရည်အသွေး အခြေခံနှင့် အရေအတွက် အခြေခံ အချက်အလက်များအား တင်ပြ ထားပါသည်။ ဤစာတမ်းတွင် AVCD မှ မြန်မာ့ ကျေးလက်ဒေသများတွင် အခြေပစ္စည်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် ကျားမ ကွာဟချက်၏ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် အတိုင်းအတာတို့အား စူးစမ်းရှာဖွေ တင်ပြထားပါသည်။

**အစိတ်အပိုင်း ၄– စွမ်းဆောင်ရည်နှင့် ကွန်ရက် တည်ဆောက်ခြင်း**

ACD သည် ၂၀၁၉ ခုနှစ် အတွင်း စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် ကွန်ရက် တည်ဆောက်ခြင်း လုပ်ငန်း စုစုပေါင်း ၁၆ ခု အား ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ဆွေးနွေးပွဲများသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်များ၌ရှိ အစိုးရပိုင်းမှ ပတ်သက် ဆက်နွယ်သူများ၊ USAID နှင့် DFID တို့ကဲ့သို့သော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ နှင့် LIFT ၏ အကောင်အထည်ဖော်ရေး အဖွဲ့အစည်းများ အပါအဝင် အခြား အဖွဲ့အစည်းများအတွက် ဦးတည်ခဲ့ပါသည်။ ခေါင်းစဉ်များတွင် ရေလုပ်ငန်း တန်ဖိုးမြှင့်ကွင်းဆက်များ အပြင် စိုက်ပျိုးရေး၊ မြေယာ နှင့် ကျေးလက်ဒေသ ပြုပြင်ပြောင်းလဲရေးနှင့် မူဝါဒ အထောက်အကူပြု ထောက်ခံ အကြံပြုချက်များ နှင့် သက်ဆိုင်သည့် ခေါင်းစဉ်များ ပါဝင်ပါ သည်။

၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်တွင် LIFT ၏ FMO မှ MSU နှင့် IFPRI အတူ ပူးပေါင်း၍ စီမံချက်အနေဖြင့် နောက်ထပ် နှစ်နှစ် ဆက်လက်၍ ၂၀၂၁ ခုနှစ်အထိ လုပ်ငန်းများ လုပ်ကိုင်နိုင်ခွင့် ရှိစေမည့် ဘတ်ဂျက် ပါဝင်သည့် သက်တမ်းတိုးမှုအတွက် စတင်ပြင်ဆင်ခဲ့ပါသည်။ စီမံချက်မှ လုပ်ငန်းစဉ် သုံးခုဖြစ်သည့် (၁) အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုနှင့် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ အတွက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ် ဆိုင်ရာ ဆန်းစစ်ခြင်း၊ (၂) စိုက်ပျိုးရေး သုတေသန နှင့် တိုးချဲ့ ပညာပေးရေး ပြုပြင်ပြောင်းလဲမှု ဆိုင်ရာ မဟာ စီမံကိန်း ရေးဆွဲပြင်ဆင်ခြင်း နှင့် (၃) ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်နှင့် စိုက်မွေးဆည် ဝန်ကြီးဌာန တို့တွင် လက်တွေ့ အသုံးချ သုတေသန အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် ဆန်းစစ်ခြင်း တို့ ဆောင်ရွက်မည် ဖြစ်သည်။ အစိတ်အပိုင်း ၁ ၏ အဓိက ပြီးစီးရမည့် လုပ်ငန်းများအနက်မှ တစ်ခုမှာ အစိုးရသစ် အတွက် ၂၀၂၁ ခုနှစ်တွင် စဉ်းစားနိုင်ရန် အဆင်သင့်ပြုလုပ်ထားရမည့် မူဝါဒဆိုင်ရာ ထောက်ခံ အကြံပြုချက်များ နှင့် သက်ဆိုင်ပါသည်။

## မြေယာ ငှားရမ်း လုပ်ကိုင်မှုဆိုင်ရာ မူဝါဒနှင့် ဥပဒေ

LIFT၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်း မြေယာ မဏ္ဍိုင် အဖွဲ့၏ မြေယာ စီမံအုပ်ချုပ်မှု လုပ်ငန်းမှ ၂၀၁၉ ခုနှစ် အမျိုးသား မြေယာ ဥပဒေများ ဥပဒေကြမ်းများ ရေးဆွဲခြင်းအတွက် ပံ့ပိုးပေး ခဲ့ပါသည်။ အမျိုးသား မြေအသုံးချမှု ကောင်စီမှ တရားဝင် အမိန့် များ[၈၆] ထုတ်ပြန်၍ လုပ်ငန်းကော်မတီများ၊ အကြံပေးရေး အဖွဲ့များ နှင့် အကူအညီပေးရေး ဌာနစိတ်များ ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေငြာ ခဲ့ပါသည်။ ထိုအဖွဲ့များ ဖွဲ့စည်းပေးရာတွင် CSO များနှင့် တောင်သူ အစည်းအရုံးများအတွက် နေရာများ ပါဝင်ပါသည်။ အဆိုပါ ကော်မတီ များ ဖွဲ့စည်းပေးခြင်းသည် ပေါင်းစုထားသည့် မြေယာဥပဒေ ရေးဆွဲ အကောင်အထည် ဖော်ခြင်းတွင် တိုးတက်မှုရှိပြီး တိုင်းရင်းသား လူနည်းစုများမှ ပါဝင်အကြံပြုရန် အတွက် ရပ်ဝန်းတစ်ခု ဖြစ်လာစေ ပါသည်။ LCG နှင့် အခြား CSO များ၏ စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများမှ တဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး (UAG) ရုံးမှ အမျိုးသား မြေယာ ဥပဒေများ ရေးဆွဲပြုစုရာတွင် အမျိုးသား မြေအသုံးချမှု မူဝါဒ လမ်းညွှန်များအား လိုက်နာရန် သဘောတူညီခဲ့ပါသည်။ UAG ရုံး၏ တောင်းဆိုမှုအရ LCG မှ အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေး နှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်း ကော်မတီနှင့် လမ်းပြမြေပုံ ရေးဆွဲနိုင်ရန် အထောက်အကူ ပေးလျက် ရှိသည့် လုပ်ငန်းအဖွဲ့ တို့အတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စီစဉ်ကျင်းပပေးခဲ့ပါသည်။ CSO များမှ အမျိုးသား မြေဥပဒေ ရေးဆွဲ ပြုစုရေး တွင် ပိုမို ကျယ်ပြန့်ပြီး အဓိပ္ပါယ် လေးနက်သည့် အများပြည်သူ တိုင်ပင်ဆွေးနွေး သဘောထား ရယူမှု များ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြပါသည်။

အစိုးရမှ ၂၀၁၉ခုနှစ် ဩဂုတ်လတွင် မြေသိမ်းဆည်းခြင်း၊ ပြန်လည် နေရာချထားခြင်း နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဥပဒေအား အတည်ပြု ပြဋ္ဌာန်းခဲ့ ပါသည်။ မြေသိမ်းဆည်းခြင်း အက်ဥပဒေ (၁၈၉၄ ခုနှစ် အိန္ဒိယ အက်ဥပဒေ) အား တရားဝင် ပယ်ဖျက်ခဲ့ပြီး ဥပဒေ အသစ်နှင့် အစားထိုး ခဲ့ပါသည်။ လယ်ယာမြေဥပဒေများ ပြင်ဆင်သည့် ဥပဒေ ပြင်ဆင်မှုနှင့်စပ်လျဉ်း၍ ရွှေ့ပြောင်း တောင်ယာအား လယ်ယာမြေ အမျိုးအစားအဖြစ် အသိအမှတ်ပြုရန်အတွက် ဥပဒေပြင်ဆင်ရန် သီးသန့်အကြံပြုထောက်ခံချက်နှင့်အတူ လွှတ်တော်၏ စဉ်းစား ဆင်ခြင်မှုမှာ တနှစ်ပါတ်လုံး ဆက်လက် ကြာမြင့်ခဲ့ပါသည်။ ကော်မတီ မှ ဤအကြောင်းအရာနှင့် အခြား ပြင်ဆင်ချက်များအား ၂၀၂၀ ခုနှစ် တွင် စဉ်းစားသုံးသပ်မည် ဖြစ်သည်။

မြန်မာနိုင်ငံ အစိုးရသည် ပထမဦးဆုံး အကြိမ်အဖြစ် အမျိုးသား မြေ ဥပဒေများ တွင် ပါဝင်သည့် အကြောင်းအရာများ အတွက် ဥပဒေကြမ်း ရေးဆွဲရာတွင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေး အကြံပြုခြင်း လုပ်ငန်းစဉ်အား ဖြစ်မြောက်အောင် စီစဉ် ဆောင်ရွက်ခဲ့ ပါသည်။ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းဖြစ် သည့် LCG ၏ နည်းပညာ အကူအညီဖြင့် သစ်တောဦးစီးဌာန မှ ၂၀၁၈ ခုနှစ် သစ်တောဥပဒေ အကောင်အထည်ဖော်ခြင်းသို့ ဦးတည် စေမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတို့တွင် မြန်မာ့သစ်တော နည်းဥပဒေများ ရေးသားပြုစုခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေး သဘောထား ရယူခြင်းများ ကျင်းပခဲ့ပါသည်။ ထို တိုင်ပင်ဆွေးနွေး သဘောထားရယူခြင်း လုပ်ငန်းစဉ်များ မှတဆင့် CSO များမှ မြန်မာ့သစ်တော နည်းဥပဒေများ ရေးဆွဲရာတွင် ပြောင်းလဲမှု များပြုလုပ်ရန် ထောက်ခံ အကြံပြုချက်များ ပေးခဲ့ပြီး ယခုအခါ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ စဉ်းစား သုံးသပ်လျက် ရှိပါသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် The Border Consortium (TBC) ၏ STAND UP စီမံချက်မှ တဆင့် ကရင် အမျိုးသား အစည်းအရုံး၏ မြေယာ မူဝါဒအား စီမံအုပ်ချုပ်နိုင်ရန်အတွက် ကရင် စိုက်ပျိုးရေးဌာန၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေ ရန် ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ရှားမှု ကွန်ရက် (KESAN) အား ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါ ကြိုးပမ်း အားထုတ်မှု များမှတဆင့် မြန်မာနိုင်ငံအစိုးရ၏ လယ်ယာ မြေ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ဖြင့် ထပ်မံ၍ အသိအမှတ်ပြုသည့် မြေအသုံးပြုခွင့် လက်မှတ် များ ထုတ်ပေးခြင်းဖြင့် လူဦးရေ ၁၉,၀၀၀ တို့၏ မြေယာလုပ်ပိုင်ခွင့် အာမခံချက်အား ပိုမိုခိုင်မာ အားကောင်း စေခဲ့ပါသည်။

LCG သည် LIFT နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုမှတဆင့် ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှု ကောင်စီ (LUC) ဖွဲ့စည်းရာတွင် အထောက်အကူပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအား သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရန် ရန်ကုန် တိုင်းဒေသကြီး ဆက်စပ်နေသည့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် ပတ်သက်ဆက်နွှယ်သူ မျိုးစုံပါဝင်သည့် အလုပ်ရုံ ဆွေးနွေးပွဲအား ကျင်းပပေးခဲ့ပါသည်။

## ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN)

MS–NPAN အား ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS)၊ ပညာရေးဝန်ကြီးဌာန (MoE)၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန (MSWRR) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာန (MoALI) တို့မှ ဝန်ကြီးများမှ အတည်ပြုခဲ့ပါသည်။ ကဏ္ဍပေါင်းစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့များနှင့် ကုလသမဂ္ဂ အဖွဲ့ အစည်းများ၏ အကူအညီဖြင့် ဝန်ကြီးဌာနပေါင်းစုံတို့ကြား ပူးပေါင်း ကြိုးပမ်းအားထုတ်မှုမှတဆင့် MS–NPAN သည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဦးဆောင်မှု အောက် တွင် ၂၀၁၉ ခုနှစ်အတွင်း အရေးကြီးသည့် မှတ်တိုင်အများအပြား ပြီးစီး အောင်မြင်ခဲ့ပါသည်။

စီမံကိန်း စတင်သည့် အဆင့် ၂၀၁၉/၂၀၂၀ အား အာဟာရဖွံ့ဖြိုးမှု ကဏ္ဍ မှ ပတ်သက်ဆက်နွှယ်သူ အများအပြား၏ ပူးပေါင်း ကြိုးပမ်းပြီးနောက် ရင်းမြစ်များ နှင့် ဝန်ထမ်းများ အားဖြည့်ပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ ပါသည်။ LIFT သည် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ အဖွဲ့နှင့် ပူးပေါင်း၍ အမျိုးသား အာဟာရဖွံ့ဖြိုးရေးသုတေသန ဌာနခွဲ (NNC) အား ကူညီပံ့ပိုး ပေးရန် နေပြည်တော်တွင် အများဆုံး အခြေစိုက်သည့် ပင်မအဖွဲ့၏ အဓိက အဖွဲ့ဝင်များထံမှ ရန်ပုံငွေများဖြင့် ထောက်ပံ့ခြင်းမှတဆင့် စီမံကိန်း စတင်သည့် နှစ်တွင် ကူညီပံ့ပိုးပေးခဲ့ ပါသည်။ NNC နှင့် ပင်မအဖွဲ့သည် ဒေသန္တရအဆင့် ဘက်စုံ အာဟာရ ဖွံ့ဖြိုးရေး စီမံချက်များ ဆောင်ရွက်ရန် လိုအပ်သည့် နည်းစနစ်များ ရေးဆွဲဖော်ဆောင်ရန် LIFT ၊ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ၊ UNICEF၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO) ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO) တို့၏ နည်းပညာ ပံ့ပိုးကူညီမှုနှင့်အတူ ဝန်ကြီးဌာနများနှင့် လက်တွဲ ဆောင်ရွက်လျက်ရှိ ပါသည်။

၂၀၁၉ ခုနှစ် နှစ်လယ်တွင် ဒေသန္တရအဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီး များ အားလုံး မှ ကိုယ်စားလှယ်များ အား MS–NPAN လုပ်ငန်းစဉ် နှင့် စပ်လျဉ်း၍ အကျွမ်းတဝင်ဖြစ်စေရန်နှင့် ကဏ္ဍမျိုးစုံတွင် တစိုက်

[၈၆] အမျိုးသား မြေယာဥ ပဒေဖော်ဆောင်ရေး (မူကြမ်းရေးဆွဲရေး) နှင့် မြေယာစီမံခန့်ခွဲမှုဥ ပဒေများ ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီ (NLUC ကြေညာချက်အမှတ် ၃/၂၀၁၉ ရက်စွဲ ၁၃ရက်၊ ဩဂုတ်လ ၂၀၁၉ခုနှစ်)၊ အမျိုးသား မြေယာအသုံးချမှုမူကြမ်းရေးဆွဲရေး အထောက်အကူပြု အဖွဲ့ (NLUC ကြေညာချက်အမှတ် ၄/၂၀၁၉ ရက်စွဲ ၁၃ရက်၊ ဩဂုတ်လ ၂၀၁၉ခုနှစ်)၊ နည်းပညာ အကြံပေးအဖွဲ့ (NLUC ကြေညာချက်အမှတ် ၂/၂၀၁၉ ရက်စွဲ ၂၅ရက်၊ ဇူလိုင်လ ၂၀၁၉ခုနှစ်)

မတ်မတ် ဆောင်ရွက်မှုနှင့် ကူညီပံ့ပိုးမှုများ စုစည်းရန်တို့အတွက် နေပြည်တော်တွင် ကျင်းပခဲ့သည့် ကနဦး အလုပ်ရုံဆွေးနွေးပွဲမှ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်း ရေးဆွဲရေး လုပ်ငန်းစဉ်အား စတင်ခဲ့ ပါသည်။ LIFT ၏ FMO မှ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ဧရာဝတီတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ် ကျင်းပသည့် ဒေသန္တရ အဆင့် စီမံကိန်း ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ နှင့် နောက်ဆက်တွဲ အလုပ်ရုံ ဆွေးနွေးပွဲ များအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ဤရှေ့ပြေး စမ်းသပ် ဆောင်ရွက်ချက်မှ ရရှိခဲ့သည့် သင်ခန်းစာများပေါ်တွင် အခြေခံ၍ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဒေသန္တရအဆင့် စီမံကိန်း ရေးဆွဲခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ဆက်တိုက် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ရလဒ်များမှာ အလုပ်ရုံ ဆွေးနွေးပွဲပြီးနောက် ဘတ်ဂျက်တွက်ချက်ပြီး သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး ကော်မတီများသို့ တင်ပြ၍ ခွင့်ပြုချက် တောင်းခံခဲ့သည့် ကဏ္ဍစုံ အာဟာရ ဖွံ့ဖြိုးရေး စီမံချက်များ ဖြစ်ပါသည်။ စိုက်မွေးဆည် ဝန်ကြီးဌာန အနေဖြင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ထပ်ဆောင်း ဒီဇိုင်းအချို့အတွက် လိုအပ်သည့် အခန်းကဏ္ဍမှ ဆောင်ရွက်နိုင်ရန် နည်းစနစ်လိုအပ် ပြီး အထူးသဖြင့် စိုက်မွေးဆည် ဝန်ကြီးဌာနအောက်မှ ဦးစီးဌာနများ အနေဖြင့် အသေးစိတ် စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ် ဆောင်ရွက် နိုင်ရန်အတွက် ဧရာဝတီတိုင်းတွင် နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေး ပွဲကို LIFTမှ ကျင်းပခဲ့ပါသည်။

MS–NPAN ဦးဆောင် ကော်မတီတွင် ကျန်းမာရေး ဝန်ကြီးဌာန၊ စိုက်မွေးဆည် ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့အပြင် သဘာဝ သယံဇာတ နှင့် သတ္တုတွင်း ဝန်ကြီး ဌာနမှ ပဉ္စမ အဖွဲ့ဝင် အသစ်အဖြစ် ပူးပေါင်းလာခဲ့သဖြင့် MS–NPAN အတွက် ဝန်ကြီးဌာနဆိုင်ရာ ကူညီပံ့ပိုးမှုမှာ ၂၀၁၉ ခုနှစ်တွင် တိုးတက် လာခဲ့ပါသည်။ လုပ်ငန်းစဉ်တွင် LIFT ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ အပါအဝင် ပတ်သက် ဆက်နွယ်သူ အသစ်များ ထပ်မံ ပူးပေါင်း လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အာဟာရ ဖွံ့ဖြိုးမှု နိမ့်ကျခြင်း အား ကဏ္ဍစုံ တုံ့ပြန် ဆောင်ရွက်မှု ရေရှည်တည်တံ့နိုင်ရန်အတွက် လွှတ်တော်ကော်မတီများ၏ အရေးကြီးသည့် အခန်းကဏ္ဍအား မီးမောင်းထိုးပြခြင်းဖြင့် ယင်း လွှတ်တော် ကော်မတီများနှင့် ပူးပေါင်း ဆောင်ရွက်ရန် အနာဂတ် စီမံချက်များ အား ၂၀၂၀ ဖေဖော်ဝါရီလတွင် အကောင်အထည် ဖော်မည် ဖြစ်ပါသည်။ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန နှင့် ဘဏ္ဍာရေးနှင့် ရသုံးမှန်းချေ ငွေစာရင်းဦးစီးဌာနတို့အား အာဟာရချို့တဲ့မှု ပြဿနာကို ဖြေရှင်းနိုင်ရန် ကဏ္ဍစုံ အောင်မြင်စွာ တုံ့ပြန်ဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍရှိသည့် ဌာန များအဖြစ် သတ်မှတ်ခဲ့ပါသည်။

## FMO ၏ မူဝါဒ အထောက်အကူပြု စီမံချက်များ အပြီးသတ်ခြင်း

မူဝါဒရေးရာ သုတေသနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းတို့အား အာရုံစိုက်သည့် မူဝါဒ အထောက်အကူပြု စီမံချက် နှစ်ခုမှာ ၂၀၁၉ ခုနှစ်အတွင်း ပြီးဆုံးခဲ့ပါသည်။

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) – LIFT ၊ FMO သည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် လေးနှစ်တာ ပူးပေါင်း ဆောင်ရွက်မှုအား ၂၀၁၉ ခုနှစ် မတ်လကုန်တွင် အဆုံးသတ် ခဲ့ပါသည်။ မတ်လ တတိယပါတ်တွင် မူဝါဒရေးရာဌာန နှင့် VDP အဖွဲ့ တို့သည် ၂၀၁၅ ခုနှစ် ကတည်းက LIFT မှ ကူညီထောက်ပံ့ ပေးခဲ့ သည့် VDP စီမံကိန်းမှ လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများအား ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် များတွင် တင်ပြရန်အတွက် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ ပါသည်။ ဆွေးနွေးပွဲများ အား နည်းပညာပိုင်းရော မူဝါဒပိုင်းနှင့်ပါ သက်ဆိုင်သည့် သတင်း အချက်အလက်များဖြင့် သီးသန့် ရည်ရွယ်သည့် ပရိသတ်များထံ ရောက် ရှိစေရန် ပုံစံချ၍ ကျင်းပခဲ့ပါသည်။ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ အား လွှတ်တော် ကိုယ်စားလှယ် ၅၀ ဦးခန့်ဖြင့် နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ VDP အဖွဲ့များမှလည်း မကွေးတိုင်း ဒေသကြီး နှင့် ပဲခူးတိုင်း ဒေသကြီး ရှိ တိုင်းဒေသကြီးအဆင့် စိုက်မွေးဆည် ဝန်ကြီး ဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအတွက် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် VDP အဖွဲ့များမှ ရေရှည်တည်တံ့စွာ တိုးချဲ့နိုင်ရန် အတွက် အဓိက စိန်ခေါ်မှုများ နှင့် အခွင့်အလမ်း များ အား တင်ပြခဲ့ပါသည်။

LIFT ၏ FMO မှ ဒေသန္တရ စီမံအုပ်ချုပ်ရေး နှင့်/သို့မဟုတ် ကျေးရွာ ဖွံ့ဖြိုး တိုးတက်မှု စီမံကိန်းရေးဆွဲရေး တို့တွင် လုပ်ကိုင် ဆောင်ရွက်နေသည့် အခြား ဖွံ့ဖြိုးရေး မိတ်ဆက်အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ နှင့် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခု ကျင်းပ ခဲ့ပါသည်။ အဖွဲ့မှ ၎င်းတို့ သက်ဆိုင်ရာ အကောင်အထည်ဖော်ရေး ဆိုင်ရာ အတွေ့အကြုံများမှ လေ့လာ သင်ယူခဲ့သည့် နည်းပညာ နှင့် မူဝါဒ သင်ခန်းစာများအား မျှဝေခဲ့ပါသည်။ အကောင်အထည်ဖော်ရေး အဖွဲ့အစည်း များမှလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း အပါအဝင် ဒေသန္တရ စီမံအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး နှင့် ဆိုင်သည့် ကွင်းဆင်း သုတေသနမှ တွေ့ရှိချက်များ နှင့် လေ့လာမှု များအား တင်ပြခဲ့ပါသည်။ ယင်းတို့မှ ကျေးရွာ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်မှာ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းစဉ် သက်သက်သာ မဟုတ်ဘဲ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်လည်း ဖြစ်ကြောင်း နားလည်သဘောပေါက်ခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည့် စိတ်ဝင်စားဖွယ်ရာ ဆွေးနွေးပွဲများ ဖြစ်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ လယ်ယာထုတ်ကုန် စီးပွားရေး ဒုတိယပိုင်း – LIFT သည် ကမ္ဘာ့ဘဏ်နှင့် ၎င်း၏ မူဝါဒရေးရာ သုတေသန စီမံချက်အား ဖြန့်ဝေရေး လှုပ်ရှားမှု သုံးခု ဆောင်ရွက်ခြင်းဖြင့် ၂၀၁၉ ခုနှစ် မေလ တွင် အပြီးသတ်ခဲ့ပါသည်။ နေပြည်တော်တွင် ကျင်းပသည့် တိုင်ပင် ဆွေးနွေး သဘောထား ရယူသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ကမ္ဘာ့ဘဏ် မှ သုတေသနပညာရှင်များက လယ်ယာ စီးပွားဆိုင်ရာ အဓိက တွေ့ရှိချက် များနှင့် ထောက်ခံ အကြံပြုချက်များအား တင်ပြဆွေးနွေးခဲ့ပါသည်။ အဆိုပါတင်ပြချက်များတွင် သုတေသန တွေ့ရှိချက် များအား အတည်ပြု ရာတွင် အထောက်အကူ ပေးနိုင်ရန် ဆွေးနွေးနိုင်မည့် အခွင့်အလမ်း များပေး၍ စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ မူဝါဒ အဖွဲ့မှ မေလ ၂၂ ရက်နေ့ တွင် ဆွေးနွေးပွဲ နှစ်ခု ပြုလုပ်ခဲ့ပါသည်။ ပထမ ဆွေးနွေးပွဲတွင် ကမ္ဘာ့ဘဏ် အဖွဲ့မှ စိုက်မွေးဆည် ဝန်ကြီးဌာနနှင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် (YAU) မှ အရာရှိများ ပါဝင်သည့် ပူးတွဲ အစည်းအဝေးတွင် အဓိက တွေ့ရှိချက်များနှင့် မူဝါဒရေးရာ အကျိုးသက်ရောက်မှုများအား တင်ပြ ခဲ့ပါသည်။ ဒုတိယ ဆွေးနွေးပွဲတွင် အဖွဲ့မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအား အဓိက တွေ့ရှိချက် များနှင့် မူဝါဒရေးရာ အကျိုးသက်ရောက်မှုများအား တင်ပြခဲ့ပါသည်။

ဤ သုတေသနမှ ထွက်ပေါ်လာသည့် အဓိက သတင်းစကားများ အနက်မှ တစ်ခုမှ ပထမစစ်တမ်းနှင့် ဒုတိယ စစ်တမ်းနှစ်ခု ကြားကာလ အတွင်း လေ့လာခဲ့သည့် ဒေသလေးခုတွင် မြန်မာ့တောင်သူများသည် ဆန်စပါးနှင့် ကောက်ပဲသီးနှံများ အပြင် သီးနှံ အမျိုးစုံအား စိုက်ပျိုး ထုတ်လုပ်မှု ပို၍ပို၍ တိုးတက်လာကြောင်း တွေ့ရှိချက်နှင့် သက်ဆိုင် ပါသည်။ သုတေသနပညာရှင်များမှ အစိုးရ၏ မူဝါဒဆိုင်ရာ အစီအစဉ် များကို တုံ့ပြန် ဆောင်ရွက်ခြင်းထက် စားသုံးသူများ၏ ဝယ်လိုအား အပြောင်းအလဲများအပေါ် အလိုအလျောက် တုံ့ပြန် ဆောင်ရွက်ခြင်း ကို တွေ့ရှိချက်မှ ကိုယ်စားပြုကြောင်း ကောက်ချက်ချခဲ့ပြပါသည်။ ယင်းမှ အစိုးရ၏ အသုံးစရိတ်များအား စားနပ်ရိက္ခာ အမျိုးအမည် စုံလင်မှုအား ကူညီပံ့ပိုးနိုင်ရာတွင် အဓိပ္ပါယ် ပြည့်ဝသည့် အကျိုး သက်ရောက်မှု ရရှိစေရန် အသုံးပြုမည်ဆိုပါက ADS အကောင်အထည် ဖော်ခြင်း တွင် ကောက်ပဲသီးနှံ အမျိုးစုံ စိုက်ပျိုး ထုတ်လုပ်ခြင်းပေါ်တွင် သာ လုံးဝ အလေးထား အာရုံစိုက်ရန် လိုအပ်ကြောင်း အကြံပြုပါသည်။

## ၄.၂။ ကျား၊ မရေးရာ

### လုပ်ငန်းစဉ်တိုင်း၌ ကျား၊မ ရေးရာ သဘောတရားထည့်သွင်း ပါဝင်စေခြင်းနည်းလမ်း

၂၀၁၉ ခုနှစ်တွင် ကျား၊ မရေးရာ အရေးထားမှုများအား အရှိန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။ ကျား၊ မ ရေးရာ အလေးထားတုံ့ပြန်မှုသည် LIFT ၏ ပြန်လည်ဆန်းစစ်ထားသော ၂၀၁၉-၂၀၁၃ ခုနှစ်အဆင့် မဟာဗျူဟာအောက်၌ LIFT ၏ အဓိကရည်မှန်းချက်တစ်ရပ် ဖြစ်ခဲ့ပါသည်။ မဟာဗျူဟာတွင် ကတိကဝတ်ပြုထားခြင်းအား LIFT ၏ ယုတ္တိဗေဒ မူဘောင်နှင့် တာဝန်ခံမှုသင်ယူမှုအတွက် စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင် (MEAL) အစီအစဉ်အတွင်းသို့ စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေး ညွှန်းကိန်း (WEAI) ထည့်သွင်းခြင်းဖြင့် အားဖြည့်ပေးပါသည်။ စီမံချက်များနှင့် စီမံကိန်းများမှ ကျား၊ မအလေးပေးသည့် အချက်အလက်များ ကောက်ယူရန်အတွက် ၂၀၁၉ ခုနှစ် တွင် LIFT ၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ဆိုင်ရာ စာရွက်စာတမ်းများတွင် နောက်ဆုံးအခြေအနေများ ထည့်သွင်းခဲ့ ပါသည်။

စီမံချက်အသစ်များတွင် ကျား၊ မရေးရာအား လုပ်ငန်းစဉ်တိုင်းတွင် ထည့်သွင်းပါဝင်စေခြင်းအား သေချာစေရန် အသုံးပြုသည့် နောက်ထပ် ချဉ်းကပ်နည်းလမ်း တစ်ခုမှာ ကျား၊ မရေးရာအလေးပေးသည့် စီမံချက် ဒီဇိုင်းပုံစံအတွက် အားပေးရန် ကျား၊ မရေးရာအား လုပ်ငန်းစဉ်တိုင်း တွင် ထည့်သွင်းရန်တွက် စီမံချက်ဘတ်ဂျက်၏ အနိမ့်ဆုံး (၂၀%)အား ခွဲဝေသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကျား၊ မရေးရာ မဟာဗျူဟာနှင့် စီမံချက်များနှင့် စီမံကိန်းများတွင် ၎င်း၏ထိရောက်မှုအပေါ် အကဲဖြတ်သုံးသပ်သည့် လေ့လာမှုတစ်ရပ်အား ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် စတင်ခဲ့ပါသည်။ လေ့လာမှုမှ ရှာဖွေတွေ့ရှိချက်များသည် ကျား၊ မရေးရာအပေါ် LIFT ၏ အနာဂတ်လုပ်ငန်းများအား လမ်းညွှန်မှု ပေးရန်နှင့် LIFT ၏ ကျား၊မရေးရာမဟာဗျူဟာနှင့် ယင်း၏လုပ်ငန်းစဉ်အစီအစဉ်များအား ပြန်လည် ပြင်ဆင်ရာတွင် အသုံးပြုရန်တို့အတွက် မျှော်မှန်းထားခဲ့ပါသည်။ အကဲဖြတ်သုံးသပ်ရေး အဖွဲ့အစည်းသည် ကွင်းဆင်း လေ့လာမှုများ၊ အဓိက သတင်း ပေးနိုင်သူနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ဦးတည်ရည်ရွယ်သည့် အုပ်စုဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်တွင် လုပ်ဆောင် ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် LIFT ထံသို့ အပြီးသတ်အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ လေ့လာမှုမှ ထောက်ခံအကြံပြုချက်များတွင် (၁) သွားရောက်ရန် ခက်ခဲသောဒေသများနှင့် ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများ အပါအဝင် အနာဂတ်စီမံကိန်းလုပ်ငန်းများတွင် ကျား၊မရေးရာ အား ကဏ္ဍတိုင်းတွင် ပါဝင်စေခြင်း၊ (၂) FMO ဝန်ထမ်းများနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ (၃) သတ်မှတ်ထားသော လေ့လာသင်ယူခြင်း ဆိုင်ရာ လုပ်ငန်းစဉ် နှင့် ယန္တရားများ နှင့်အတူ ကျား၊ မရေးရာ နှင့် သက်ဆိုင်သည့် လေ့လာသင်ယူခြင်းဆိုင်ရာ လူမှုအသိုက်အဝန်း တစ်ရပ် ဖန်တီးခြင်း၊ (၄) ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ (၂)ရပ်စလုံးတွင် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုအား ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုခြင်း၊ (၅) စီမံကိန်း ဆောင်ရွက်နေသည့်ဒေသ များတွင် အမျိုးသမီးများ၏ လုပ်ခလစာ မရဘဲ မိသားစုအား စောင့်ရှောက်ပြုစုရသည့် အလုပ် နှင့် ပတ်သက်၍ ဖြေရှင်းခြင်းတို့ ပါဝင်ခဲ့ပါသည်။ အချို့သော ထောက်ခံ အကြံပြုချက်များအား အလျင်အမြန် ကျင့်သုံးခဲ့ပြီး အခြား အကြံပြု ထောက်ခံချက် များအတွက်မူ LIFT မှ ကျား၊ မ ရေးရာ ရည်မှန်းချက်များအား ချိန်ညှိရန်လိုအပ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ရေးဆွဲ အကောင်အထည်ဖော်ခဲ့သည့် ကျား၊ မရေးရာ လုပ်ငန်း အစီအစဉ်အား ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် စီမံကိန်းအဖွဲ့များမှ သက်ဆိုင်ရာ ကျား၊ မရေးရာဆိုင်ရာ အဓိကတာဝန်ခံ များ၏ ထည့်ဝင်မှုများနှင့်အတူ ပြန်လည်သုံးသပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် LIFT ၏ စီမံကိန်းတစ်ခုချင်းစီတွင် ကျား၊ မရေးရာ အဓိက တာဝန်ခံများအား ခန့်အပ်ခဲ့ပါသည်။ ၎င်းတို့သည် LIFT ၏ ကျား၊ မရေးရာ အရာရှိများနှင့်အတူ ၎င်းတို့၏ စီမံကိန်းတိုးတက်မှု အပေါ် ကျား၊ မရေးရာ ညွှန်းကိန်းများဖြင့် တနှစ်လျှင် နှစ်ကြိမ် အကဲဖြတ် ပါသည်။ LIFT ၏ လုပ်ငန်းတွင် ကျား၊မရေးရာအား ကဏ္ဍ အားလုံးတွင် ထည့်သွင်းပါဝင်စေခြင်းအား သေချာစေရန်အတွက် LIFT တစ်ခုလုံးတွင် ကျား၊မရေးရာ အဓိကတာဝန်ခံများသည် အရေးပါသည့် ကွန်ရက်တစ်ခုအနေဖြင့် ဆက်လက်တည်ရှိနေပါသည်။ စီမံကိန်းများ နှင့် စီမံချက်များအား နည်းပညာ ကူညီပံ့ပိုးမှုပေးရန်အတွက် LIFT ၏ စွမ်းဆောင်ရည်အား အားကောင်းခိုင်မာစေရန် ၂၀၁၉ ခုနှစ်နှောင်းပိုင်း တွင် ကျား၊ မရေးရာ အထူးကျွမ်းကျင်သူ တစ်ဦးအား ခန့်ထားခဲ့ ပါသည်။ LIFT ၏ ကျား၊မရေးရာမဟာဗျူဟာအား ၂၀၂၀ ခုနှစ်တွင် ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။

### စိတ်ဝင်စားဖွယ်ရာများ

LIFT ၏ စီမံကိန်းများသည် ကျား၊မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ ၏ လုပ်ကိုင်နိုင်စွမ်းတို့တွင် ချဉ်းကပ်သည့် နည်းလမ်းများ ဖော်ထုတ်ရာတွင် ၂၀၁၉ ခုနှစ်အတွင်းတွင် တိုးတက်မှုများ ဆက်လက် ရရှိခဲ့ပါသည်။ စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးတို့တွင် ကျား၊မရေးရာ အသိပညာပေးခြင်းနှင့် ကျား၊မရေးရာ အလေးထားမှုတို့မှာ ဆက်လက် တိုးမြင့်လျက်ရှိပါသည်။ ကျား၊ မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် ဆက်နွှယ်နေသည့် စီမံကိန်းများနှင့် စီမံချက်များ၏ ကြိုးပမ်း အားထုတ်မှုများနှင့် ပြီးစီးအောင်မြင်မှု များအား ဤအစီရင်ခံစာ၏ အခန်းများမှတဆင့် အစီရင်ခံတင်ပြခဲ့ပါသည်။ အချို့သော စိတ်ဝင်စားဖွယ်ကောင်းသည့် ဥပမာများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

#### အာဟာရဆိုင်ရာ ရလဒ်များတိုးတက်စေခြင်းအတွက် ကျား၊ မ ရေးရာ မညီမျှမှုအား လျှော့ချခြင်း

အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းရှိမှုသည် မြန်မာနိုင်ငံတွင် ရေတို နှင့် ရေရှည် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းနှင့် အာဟာရ ဆိုင်ရာ ရလဒ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိကကျပါသည်။ မြန်မာနိုင်ငံ အစိုးရသည် အမျိုးသမီးများ၏ အခွင့်အရေးများ၊ အမျိုးသမီးများ၏ တိုးတက်ရေးအတွက် စနစ်များ၊ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် အလေ့အကျင့်များ၊ ကျား၊ မတန်းတူညီမျှမှု၊ နှင့် အမျိုးသမီးများ၏ အခွင့်အရေးများ[၇၇]အား နားလည်သဘောပေါက်စေခြင်း တို့အား မြှင့်တင်ပေးခြင်း မှတဆင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးရန် ကြိုးပမ်းသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) အား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ အမျိုးသမီးနှင့် အမျိုးသားများအကြား တန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် အမျိုးသား အဆင့် မူဝါဒများ ပြောင်းလဲခဲ့သော်လည်း ယခုထိတိုင် မညီမျှမှုများမှာ အထူးသဖြင့် အချို့သော တိုင်းရင်းသားအုပ်စုများတွင် ဆက်လက် ရှိနေပါသေးသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အဆင့်အတန်းကို မြှင့်တင်ပေးရန် မြောက်များစွာသော လူမှု အသိုက်အဝန်းများတွင် လုပ်ကိုင်ဆောင်ရွက်ရမည့် များစွာသော အလုပ်များ ရှိနေပါသေးသည်။

LIFT ၏ အာဟာရဆိုင်ရာ စီမံကိန်းများသည် အမျိုးသမီးများအား အိမ်ထောင်စုနှင့်ကလေးများအား ပြုစုစောင့်ရှောက်ခြင်းနှင့် ပတ်သက်သည့် စွမ်းဆောင်နိုင်မှုရှိစေရန်အတွက် သာမက အာဟာရဆိုင်ရာ ရလဒ်များအတွက် အမျိုးသမီးများ၏ လုပ်အား၊ အချိန်၊ မြေယာပိုင်ဆိုင်ခွင့်၊

၈၇ JICA ၂၀၁၃

အလုပ်အကိုင်အခွင့်အလမ်းများ၊ အသုံးစရိတ်များ၊ ရင်းမြစ်များ စီမံခန့်ခွဲမှု၊ မိသားစုစီမံကိန်းရေးဆွဲခြင်း နှင့် ပုံမှန်မဟုတ်သော လုပ်ငန်းစဉ်များအပေါ် အခြား အဆုံးအဖြတ်ပေးသည့် အရာများအား ကြီးကြပ်ထိန်းသိမ်းမှုအား ဖြေရှင်းရာတွင် လုပ်ကိုင်နိုင်စွမ်း ရှိစေရန် တို့အတွက် လုပ်ကိုင် ဆောင်ရွက်ပါသည်။

ချင်းပြည်နယ်တွင် အထူးသဖြင့် အမျိုးသမီးများ၏ ထုတ်ဖော်ပြောကြားမှုနှင့် စီးပွားရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုတို့တွင် သိသာ ထင်ရှားသည့် ကျား၊ မ မညီမျှမှုများ ဆက်လက်ရှိနေပါသည်။ မြန်မာနိုင်ငံရှိ အဆင်းရဲဆုံး ပြည်နယ်တွင် လျင်မြန်စွာ ဖြစ်နေဆဲ ဖြစ်သည့် ပြောင်းလဲမှုများ ကြားတွင် ကျား၊ မ မညီမျှမှုအား လျှော့ချပေးမည့် ဒီဇိုင်းပုံစံကောင်းမွန်စွာ ရေးဆွဲထားသည့် စီမံကိန်း ဆောင်ရွက်ချက် များသည် ရေရှည်၌ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းနှင့် အာဟာရဆိုင်ရာ ရလဒ်များ တိုးတက်လာခြင်း တို့အပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှု ရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းဆောင်ရွက်ချက်များအနက်မှ တစ်ခုမှာ CRS နှင့် KMSS တို့မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် PACE စီမံချက်ဖြစ်ပါသည်။ PACE သည် အမျိုးသမီးများနှင့် အမျိုးသားများအုပ်စု (၂)ခုလုံး၏ အတွေ့အကြုံများမှ သိရှိလာသည့် သတင်းအချက်အလက်များဖြင့် ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် ကျား၊ မရေးရာ အလေးထားတုံ့ပြန်သည့် စီမံကိန်းလုပ်ငန်း ချဉ်းကပ်နည်းလမ်းအား ကျင့်သုံးခဲ့ပါသည်။ ယင်းအား အမျိုးသားများနှင့် ရပ်ရွာလူထု ခေါင်းဆောင်များအား အာဟာရဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့် အကြောင်းအရာများ ဆွေးနွေးပေးခြင်းနှင့် ခင်ပွန်းများအား လယ်ယာ လုပ်ငန်းနှင့် လယ်ယာပြင်ပလုပ်ငန်းများတွင် ကူညီပံ့ပိုးပေးသည့် အခန်းကဏ္ဍအား ပိုမိုရယူရန်အတွက် အားပေးတိုက်တွန်းခြင်း တို့မှတဆင့် စီမံချက်လုပ်ငန်းများအားလုံးတွင် အမျိုးသမီးများအား ဦးတည်ရည်ရွယ်ခြင်းဖြင့် ဖြစ်မြောက်စေခဲ့ပါသည်။ ကျား၊မ ရေးရာ အလေးထားသည့် အပြုအမူပြောင်းလဲခြင်း၊ မဟာဗျူဟာမှတဆင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် လုံလောက်သည့် အာဟာရပြည့်ဝစေခြင်း၊ မိခင်နို့ရည် တစ်မျိုးတည်းသာတိုက်ကျွေးသည့် အမူအကျင့်များနှင့် အာဟာရမပြည့်ဝမှုအား ကာကွယ်တားဆီးခြင်းအတွက် အသင့်တော်ဆုံးဖြစ်သည့် စားသောက်မှုအား သေချာစေမည့် ဒေသတွင်းတွင် ရရှိနိုင်သော အစားအသောက် များကို အသုံးပြု၍ ကလေးများအတွက် လုံလောက်သည့် ဖြည့်စွက် အစားအစာများအား မည်ကဲ့သို့ ကျွေးမွေး လုပ်ဆောင်ရမည် ဆိုသည်အား မိဘများကို သင်ကြား ပေးခဲ့ပါသည်။

ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုတို့နှင့် စပ်လျဉ်းသည့် ယုံကြည်မှုများနှင့် အလေ့အကျင့်များအား ကျား၊ မရေးရာ အခြေပြု၍ ပုံစံချထားသည့် လေ့လာမှုများအား ပြုလုပ်ခဲ့ပြီး ယင်းလေ့လာမှုများမှ အိမ်ထောင်စုအတွင်း အမျိုးသမီးများ၏ တန်းတူညီမျှမှု[၈၈] နှင့် ဆက်နွယ် နေသည့် ကျား၊မ ရေးရာ အတားအဆီးများအား မီးမောင်းထိုးပြခဲ့ပါသည်။ သို့သော်လည်း ပုံစံချထားသည့် လေ့လာမှုများမှ တွေ့ရှိခဲ့သည့် ကွာဟချက်များအနက်မှ သီးနှံတန်ဖိုး ကွင်းဆက်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဖြစ်ပါသည်။ ဤကွာဟချက်အား ဖြည့်ဆည်းရန် PACE စီမံချက်သည် ချင်းပြည်နယ်တွင် စားနပ်ရိက္ခာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ကွင်းဆက်များတွင် အမျိုးသမီးများ၏ ကဏ္ဍအား နားလည် သဘောပေါက်ခြင်းအား တိုးမြှင့်စေရန်နှင့် ၎င်းတို့၏စီမံချက်တွင် မည်ကဲ့သို့ အကောင်းဆုံး တွန်းအားပေးရမည် ဆိုသည်အား နားလည် သဘော ပေါက်စေရန်တို့အတွက် တန်ဖိုးမြှင့်ကွင်းဆက်တွင်းမှ ကျား၊ မရေးရာ ဆန်းစစ်မှုအား ပြုလုပ်ခဲ့ပါသည်။ စီမံချက်များအနေဖြင့် လယ်ယာ စိုက်ပျိုးထုတ်လုပ်မှုအား တိုးမြှင့်ရန် ရည်မှန်းထားခဲ့ခြင်းမှ အမျိုးသမီးများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည့် အလုပ်တာဝန်၏ ပမာဏနှင့် အချိန်တို့အတွက် မရည်ရွယ်ဘဲနှင့် သိသာ ထင်ရှားစွာ ဖြည့်ဆည်းပေးနိုင်သဖြင့် ကျေးလက်ဒေသ အခြေအနေများတွင် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ရှိစေရန်အတွက် ဆောင်ရွက်ရမည်အား နားလည် သဘောပေါက်ခြင်းက အလွန်အရေးကြီးပါသည်။ အမျိုးသမီး များ၏ လုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်ပမာဏနှင့် အခြား ကျား၊မ ရေးရာ စဉ်းစားဆင်ခြင်ခြင်းများအား သတိထားမိပြီး တုံ့ပြန် ဆောင်ရွက် သည့် ရည်မှန်းချက်ထားရှိထားသည့် စီမံကိန်း ဆောင်ရွက်ချက်များသည် မရည်ရွယ်ထားသည့် အချက်အလက် သဘောဆောင်သည့် အကျိုးဆက်များကို ကာကွယ်တားဆီးရာတွင် ကူညီပေးနိုင်ပါသည်။

၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ချင်းပြည်နယ်၌ CRS မှ ပြုလုပ်ခဲ့သော တန်ဖိုးမြှင့်ကွင်းဆက်တွင် ကျား၊ မရေးရာအား ဆန်းစစ်မှုမှ တန်ဖိုးကွင်းဆက်အဆင့်တိုင်း အထူးသဖြင့် ၎င်းတို့ကြီးစိုးသည့် ရိတ်သိမ်းချိန်လွန် လုပ်ငန်းများ၌ အမျိုးသမီးများ၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် တည်ရှိနေသည့် အခွင့်အလမ်းများအား မီးမောင်းထိုးပြလျက် ကျား၊ မရေးရာ တန်းတူညီမျှမှုရှိသော အသက်မွေး ဝမ်းကျောင်းဆိုင်ရာ စီမံကိန်း လုပ်ငန်းအတွက် အသုံးဝင်သော ထိုးထွင်းသိမြင်နိုင်စွမ်းများအား ပေးအပ်ခဲ့ပါသည်။ ဆန်းစစ်မှုအရ အမျိုးသမီးများတွင် မျိုးစေ့များ(အထူးသဖြင့် ဥယျာဉ်များတွင်)၊ အလုပ်သမား (၎င်းတို့သည် အလုပ်သမားငှားရမ်းခြင်းနှင့် စျေးနှုန်းများ ညှိနှိုင်းခြင်းတွင် တာဝန်ရှိပါသည်)၊ နှင့် စျေးကွက်သတင်းအချက်အလက်များ (ကျေးရွာများအနှံ့ ပစ္စည်းရောင်းချသူများ သွားလာနေသည့်အခါ ၎င်းတို့အနေဖြင့် အိမ်၌ နေသည့်သူများ ဖြစ်သောကြောင့်ဖြစ်ပါသည်) အပေါ်၌ ထိန်းချုပ်မှု ရှိပါသည်။ သို့သော် နေ့အချိန်၌ အမျိုးသမီးများ၏ အိမ်၌ ရှိနေသည့် အချိန်အား လျှော့နည်းစေသည့် ရလဒ်အား ရရှိစေသည့် မည်သည့် စီးပွားရေးဆိုင်ရာ လုပ်ကိုင်နိုင်စွမ်း ရှိသည့် လုပ်ငန်းမဆိုသည် စျေးရောင်းသူများ၊ ဝယ်ယူသူများနှင့် တွေ့ဆုံရန် အခွင့်အလမ်း၊ အလုပ်သမားများအား ရှာဖွေ၊ ငှားရမ်းခြင်းနှင့် နေ့အချိန်တွင် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်နိုင်မှုအား သက်ရောက်မှု ရှိသည့် ဆောင်ရွက်ချက်များအား ထည့်သွင်းစဉ်းစားပြီး မရည်ရွယ်ဘဲနှင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များအား လျှော့ပါးစေရန် ဆောင်ရွက်ရမည် ဖြစ်သည်။ အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်မှုသည် အိမ်ထောင်စု၏ အာဟာရပြည့်ဝမှု၊ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာတို့အတွက် အပြောင်းအလဲဖြစ်စေရန် အထောက်အကူ ဖြစ်နိုင်ပါသည်။ သို့သော်လည်း ဤအကြောင်းအရာအား အမျိုးသား၏ ဖြစ်တည်မှုနှင့် ပတ်သက်၍ အတွင်းကျကျ နက်နဲသည့် ချိတ်ဆက်မှုများအား နားလည်သဘောပေါက်ခြင်းနှင့်အတူ သတိထားပြီး ချဉ်းကပ်သင့်ပါသည်။ ကျား၊ မ တန်းတူညီမျှရေးအတွက် ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ အတားအဆီးများအပေါ် တိုးတက်မှုများ ဖြစ်ပေါ်စေရန်အတွက် လုပ်ခလစာ တန်းတူ ညီမျှမှု၊ မြေယာပိုင်ဆိုင်ခွင့်များ၊ တန်းတူရည်တူ ဝင်ငွေမရရှိသည့် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် အမျိုးသမီးများမှ တိရစ္ဆာန်ငယ်လေးများအား ပိုင်ဆိုင်မှုနှင့် ရောင်းချခြင်းတို့ ပါဝင်သည့် အမျိုးသမီးများ၏ မဟာဗျူဟာမြောက် လိုအပ်ချက်များအား ဖြေရှင်းပေးရန်လိုအပ်ပါသည်။

ကျား၊မရေးရာ ဆန်းစစ်မအရ အမျိုးသားများသည် နောက်ဆုံးဆုံးဖြတ်ချက်အား ချမှတ်သည့် အခွင့်အာဏာအား ပိုင်ဆိုင်ထားသည်ကို ဆက်လက် ထိန်းသိမ်းထားသော်လည်း လက်တွေ့တွင် များသောအားဖြင့် အမျိုးသမီးများနှင့် အမျိုးသား များသည် ဆုံးဖြတ်ချက် ချမှတ်သည့် တာဝန်အား မျှဝေလုပ်ဆောင်ပါသည်။ ဥပမာအားဖြင့် မည်သည်ကိုစိုက်ပျိုးမည် ဆိုသည်နှင့် ဝင်လာသည့် ငွေများအား မည်သို့အသုံးပြုမည် ဆိုသည်တို့နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များအား ပူးတွဲဆုံးဖြတ်ခဲ့ပါသည်။ မိန်းမများအနေဖြင့် ယေဘုယျအားဖြင့် ငွေရေးကြေးရေးအား စီမံခန့်ခွဲကြပြီး နေ့စဉ်

၈၈ Save the Children ၂၀၁၆, MIID ၂၀၁၇, Faxon ၂၀၁၅, JICA ၂၀၁၃

ဝယ်ယူမှုအများစုအတွက် တာဝန်ရှိကာ လက်တွေ့၌ ၎င်းတို့သည် များသောအားဖြင့် အဓိက ဆုံးဖြတ်ချက် ချမှတ်သူများဖြစ်ပါသည်။ ဆန်းစစ်မှုမှ အမျိုးသမီးများအနေဖြင့် ၎င်းတို့ အိမ်ထောင်ဖက်၏ ကူညီပံ့ပိုးမှု ရရှိရန်လိုသည့် အိမ်ထောင်ရေး ဆက်ဆံမှု အခြေအနေတွင်ရှိသည့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်ရန် လိုအပ်သော်လည်း အမျိုးသမီးများသည် ငွေကြေးဆိုင်ရာ အသိပညာ၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် စွန့်ဦး တီထွင်စီးပွားရေး လုပ်ငန်းဆိုင်ရာ သင်တန်း တက်ရောက်ရန် အတွက် အားသာမှုရှိသည့် အနေအထား တွင်ရှိကြောင်း ထောက်ခံအကြံပြုခဲ့ပါသည်။

## စိုက်ပျိုးရေးတွင် အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှု ဖြစ်ထွန်းလာစေရန် အမျိုးသမီးများအား ကူညီပံ့ပိုးပေးခြင်း

မြစ်ဝကျွန်းပေါ်ဒေသ ဆန်စပါးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံချက်မှ ပုသိမ်မြို့တွင် ကျင်းပခဲ့သည့် မျိုးစေ့ပြပွဲသို့ တက်ရောက် လာသည့် တက်ရောက်သူ ၆၁၇ ဦးထံမှ စစ်တမ်းတရပ်အား ကောက်ယူခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်မှာ အမျိုးသမီးများ၏ လက်ရှိ အခြေအနေ၊ ၎င်းတို့၏ အနာဂတ်ပန်းတိုင်များနှင့် ၎င်းတို့၏ လူမှုစီးပွားရေးအဆင့်အတန်း တိုးတက်စေရန် ၎င်းတို့ အနေဖြင့် မည်သည်တို့ လိုအပ်နေသည်ဆိုသည်ကို ၎င်းတို့၏ အမြင်များအား လေ့လာဖော်ထုတ်ရန်အတွက် ဖြစ်ပါသည်။ အမျိုးသမီးများ၏ ၆၂% သည် စိုက်ပျိုး မွေးမြူရေး (သို့) သီးနှံထွန်ယက်စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ၃% မှာ ဥစားကြက်ဘဲမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများ တွင် ပါဝင်ပတ်သက်ခဲ့ကာ ၁၅ရာခိုင်နှုန်းမှာ ၎င်းတို့တွင် ကိုယ်ပိုင် အသေးစားစိုက်ပျိုးစီးပွားရေးလုပ်ငန်းများရှိပြီး ၁၇%မှာ အိမ်မှုကိစ္စများ နှင့် အချိန်ကုန်ခဲ့ကြပါသည်။ စစ်တမ်း၏ အဓိက ရှာဖွေတွေ့ရှိမှုများတွင် အောက်ပါတို့ပါဝင်ပါသည် –

- » အမျိုးသမီးများ၏ ၅၉%သည် ၎င်းတို့၏ လူမှုစီးပွားရေး အနေအထားမှာ လွန်ခဲ့သည့်ဆယ်စုနှစ် ကာလ တလျှောက်တွင် တိုးတက်မှု ရှိခဲ့သည်အား သဘောတူညီခဲ့ပါသည်။
- » ၆၅% သည် ၎င်းတို့၏ အသက်မွေးမှုလုပ်ငန်းနှင့် လူမှုစီးပွားရေး အဆင့်အတန်းတို့ ထပ်မံတိုးတက်ရေးအတွက် သင်တန်း တက်ရောက်ခွင့်ရရန် တောင်းဆိုခဲ့ပြီး၊ ၎င်းတို့၏ အခြေအနေတိုးတက်စေရန်အတွက် ‘တက်မရှိသည့် လှေကဲ့သို့ ဦးတည်ရာမဲ့ နေသလို’ ခံစားရသည်ဟု ပြောကြားကြပါသည်။
- » ၂၉%သည် နိုင်ငံရပ်ခြားမှ ပညာသင်ဆုအစီအစဉ်များရရှိနိုင်ရန် ကြိုးပမ်းခဲ့ကြပြီး ၁၈.၉% မှာ အင်္ဂလိပ်စာလေ့ကျင့်သင်ကြား ပေးရန် တောင်းဆိုခဲ့ပါသည်။
- » ၆% မျှကသာ အသေးစားစီးပွားရေး လုပ်ငန်းများစတင်လုပ်ကိုင်နိုင်ရန်အတွက် အသေးစားချေးငွေများနှင့် အခြားထောက်ပံ့မှုများအား စိတ်ဝင်စားခဲ့ကြပါသည်။
- » ၅၇% မှ နေရာဒေသအချို့၊ အချိန်အချို့တို့တွင် ၎င်းတို့အား လေးစားမှုရှိသည်ဟု ခံစားရကြောင်း ပြောကြားခဲ့ပြီး ၁၀%မှာ ၎င်းတို့၏ နေအိမ်(သို့) လုပ်ငန်းခွင်တွင် ၎င်းတို့အား လေးစားမှုရှိသည်ဟု ခံစားခဲ့ရသည်ဟုပြောကြားခဲ့ပါသည်။

စစ်တမ်းဖြေဆိုခဲ့သည့် အမျိုးသမီးများ၏ ၉၃.၄% မှာ ဘွဲ့ရရှိပြီးသူများဖြစ်သဖြင့် ရလဒ်များမှာ ကျား၊ မတန်းတူညီမျှမှု ရှုဒေါင့်နှင့် သက်ဆိုင်ပါသည်။ အမျိုးသမီးများအနေဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာ အောင်မြင်ပြီးဆုံးခြင်းမှာ အားတက်စရာ ဖြစ်သော်လည်း ၎င်းတို့၏ လူမှုစီးပွားရေး အဆင့်အတန်းများ တိုးတက်စေရန် အတွက် အမျိုးသမီးများ၏ အခွင့်အလမ်းများအား ကန့်သတ်ထားသည့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်း များနှင့် စပ်လျဉ်း၍ မေးခွန်းထုတ်စရာများလည်း အများအပြားရှိနေပါသည်။

မျိုးစပါးကဏ္ဍတွင် ကျား၊မ မညီမျှမှု ရှိနေသည်အား ဖြေရှင်းရန် အတွက်ကြိုးပမ်းအားထုတ်မှုတရပ်တွင် ဆန်စပါး မျိုးစေ့ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်သည် အမျိုးသမီး မျိုးစေ့စိုက်ပျိုးသူ (၁၀)ဦးအား ကူညီပံ့ပိုးပေးရန် ၎င်း၏ပူးတွဲစီမံခန့်ခွဲသည့် မိုဒယ်ပုံစံအား တိုးချဲ့ခဲ့ပါသည်။ အစီအစဉ်တွင် ပါဝင်သူများသည် သိုလှောင်ရုံအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ထွန်ယက်စိုက်ပျိုးသည့် ကိရိယာများရယူခြင်း၊ အစရှိသည်တို့ ပါဝင်သော ၎င်းတို့၏ မျိုးစေ့စီးပွားရေး လုပ်ငန်းများ တိုးချဲ့ခြင်းကို ကူညီပံ့ပိုးပေးရန်အတွက် စီးပွားရေး အစီအစဉ်များအား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ထောက်ပံ့မှုအား လက်ခံရရှိသူမှ ၎င်း၏ ကိုယ်ပိုင်ထည့်ဝင်မှုများမှ တဆင့် ရင်းနှီးမြှုပ်နှံမှု၏ အနိမ့်ဆုံး တန်ဖိုး ၂၀% အား ထည့်ဝင်နိုင်ပါက ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၅,၀၀၀ ရရှိခဲ့ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ လပွတ္တာအားဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း စီမံချက်မှ အမျိုးသားများလွှမ်းမိုးထားသည့် ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်တွင် အမျိုးသမီးများ ပါဝင်ပတ်သက်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် တိုးတက်စေရန်အတွက် လုပ်ကိုင် ဆောင်ရွက်ပါသည်။ စီမံချက်မှ ကူညီပံ့ပိုးပေးသည့် လယ်ယာကုန်ထုတ်လုပ်သူအဖွဲ့များသည် တောင်သူလယ်သမားအခြေပြုသည့် အဖွဲ့အစည်းများ၏ စီမံ အုပ်ချုပ်သူများတွင် အမျိုးသမီး ပါဝင်မှုအနည်းဆုံး ၃၀% ပါဝင်စေရန်အတွက် ကြိုးပမ်းကြပါသည်။ ယခုအခါတွင် အစီရင်ခံတင်ပြခဲ့သည့် အမျိုးသမီးကော်မတီအဖွဲ့ဝင်ရာခိုင်နှုန်းမှာ ၂၇% ဖြစ်ပါသည်။

## လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းနေထိုင်မှုအတွက် အမျိုးသမီးများအား အထောက်အကူဖြစ်စေခြင်း

လပွတ္တာအားဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းတွင် စက်ပြင်နှင့် ဆောက်လုပ်ရေး သင်တန်းများတွင် အမျိုးသားများသာ အားလုံးနီးပါး လွှမ်းမိုးထားသည့် သင်တန်းများဖြစ်ပြီး အထည်ချုပ်လုပ်ငန်း ဆိုင်ရာ သင်တန်းများအား အဓိကအားဖြင့်အမျိုးသမီးများတက်ရောက်ခဲ့ကြပါသည်။ သို့သော်လည်း အမျိုးသမီးသီးသန့်တော့ မဟုတ်ပါ၊ ဧည့်ခံကြိုဆိုရေးနှင့် ဟိုတယ်ကဏ္ဍ သင်တန်းသည် အမျိုးသားများနှင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်ပါသည်။ စီမံချက်သည် အဆိုပါ ကျား၊မ ရေးရာ အခြေခံသည့် လူမှုရေး စံချိန်စံနှုန်းများအား စိန်ခေါ်ရန်အတွက် ရပ်တည်ကာကွယ်ပေးမည့်သူများအား ရှာဖွေ ဖော်ထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း စတင်သည့် အချိန်မှစ၍ ယခုလက်ရှိအထိ ၁၅၄၂ ဦးသည် သင်တန်းအား ပြီးဆုံး အောင်မြင်စွာ တက်ရောက်ခဲ့ပြီး ၎င်းတို့အနက်မှ ၂၉% မှာ အမျိုးသမီးများဖြစ်ပါသည်။ စီမံချက်သည် ကလေးများနှင့် ခွဲခွာရခြင်း (သို့) ကလေးပြုစုစောင့်ရှောက်ရသည့် တာဝန်ဝတ္တရားများ၊ ကိုယ်ဝန်ဆောင်ခြင်း၊ ဆေးဝါးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ ရယူခြင်း၊ ညှင်းပန်း နှိပ်စက်ခံရနိုင်ချေရှိသည့် အန္တရာယ်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် အခြားကာကွယ်စောင့်ရှောက်ခြင်းနှင့် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာခြင်းဆိုင်ရာ ကိစ္စရပ်များရှိသည့် အတွက်ကြောင့် အမျိုးသားများထက် ပိုမိုသည့် စိန်ခေါ်မှုများနှင့် ပိုမို၍ ကျရောက် နိုင်ခြေရှိသည့် အန္တရာယ်များအား ကြုံတွေ့ရသည့် သင်တန်းဆင်း အမျိုးသမီးများအတွက် ရွှေ့ပြောင်းနေထိုင်ခြင်း ဆိုင်ရာ စိန်ခေါ်မှုအား ဖြေရှင်းရန် အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ ဤစိန်ခေါ်မှုအား ဘဝတွက်တာကျွမ်းကျင်မှု သင်တန်းများ၊ လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်း သွားလာနေထိုင်ခြင်း၊ အမျိုးသမီး အခွင့်အရေးများအပေါ် အာရုံစိုက်သည့် အဖွဲ့အစည်းများနှင့် အစီအစဉ်များနှင့် အလုပ်သမား လူမှုဖူလုံရေးအဖွဲ့အစည်းများတို့နှင့် ချိတ်ဆက်မှုအား တည်ဆောက်ခြင်းဖြင့် ဖြေရှင်းပေးနေပါသည်။

### ကျား၊မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ သဘောထားများပြောင်းလဲခြင်း

အမျိုးသမီးရွှေ့ပြောင်းသွားလာနေထိုင်သူများအား ကျား၊မ အခြေပြု အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာထိပါး နှောင့်ယှက်မှု ကာကွယ် စောင့်ရှောက်ခြင်းအတွက် အဓိကလိုအပ်ချက်အား တုံ့ပြန်ဆောင်ရွက် ရန် CARE သည် အသိပညာပေးခြင်း၊ စွမ်းဆောင်ရည် တည်ဆောက် ရေးနှင့် တုံ့ပြန်ဆောင်ရွက်သည့် ယန္တရားများအတွက် ကျယ်ပြန့် သည့် စီမံကိန်းတစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ ပါသည်။ လူမှုအသိုက်အဝန်းများအတွင်း သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ လူမှုရေးဆိုင်ရာ အထူးလှုပ်ရှား ဆောင်ရွက်မှုများမှ တ ဆင့် စုစုပေါင်း လူဦးရေ ၁၅,၈၂၆ ဦးထံရောက်ရှိခဲ့ပါသည်။ အမျိုးသား များမှ ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွင်း ကျား၊ မအခြေပြု သည့် အကြမ်းဖက်မှုအား ဖြေရှင်းရာတွင် အပြုသဘောဆောင်သည့် အကြံပြုဆွေးနွေးခြင်းများကို တိုက်တွန်းအားပေးရန် အတွက် CARE သည် “အမျိုးသားများ ပါဝင်ဆောင်ရွက်ခြင်း သင်တန်း” (၂၄)ခုအား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းတက်ရောက် သူများမှ ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်း (GBV) ၏ အပျက်သဘောဆောင်သည့် အကျိုးဆက်များနှင့် ပတ်သက်၍ ၎င်းတို့၏ကိုယ်ပိုင် အတွေ့အကြုံများ ကို မျှဝေခဲ့ပြီး အကြမ်းဖက်မှုဖြစ်စေသည့် စိတ်နေသဘောထားများ နှင့် အမူအကျင့်များ ပြောင်းလဲရာတွင် ၎င်းတို့ အနေဖြင့် ကူညီနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ခဲ့ပါသည်။ သင်တန်းတက်ရောက် ခဲ့သူ တစ်ဦးမှ “သင်တန်းတက်ရောက် ပြီးတဲ့နောက် ကျွန်တော်သည် GBV အား တုံ့ပြန်ဆောင်ရွက်သည့် အုပ်စု အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ပါ တယ်။ GBV နှင့် ပတ်သက်၍ ကျွန်တော့်အနေနဲ့ ပိုမိုသတိထားမိလာခဲ့ ပြီး ကျွန်တော့်ရဲ့ မိသားစုကို ရုန့်ရင်းကြမ်းတမ်းတဲ့ အပြုအမူ တွေ မလုပ်တော့ပါဘူး” ဟုပြောကြား ခဲ့ပါသည်။ စက်ရုံ (၁၃)ရုံမှ စီမံခန့်ခွဲ သူများ နှင့် လူသားအရင်းအမြစ်ဆိုင်ရာ ဝန်ထမ်းများအား သင်တန်းပို့ချ ပေးခြင်းအတူ လုပ်ငန်းခွင် အတွင်း အနိုင်ထက်ပြုကျင့်မှုတို့အား ဖြေ ရှင်းရာတွင် တိုးတက်မှုများ ရရှိခဲ့ပြီး လိင်ပိုင်းဆိုင်ရာ အနိုင်ထက် ပြုကျင့်ခြင်းအား ကာကွယ် တားဆီးခြင်း နှင့် တုန့်ပြန်ဆောင်ရွက်ခြင်း အတွက် ကော်မတီများ တည်ဆောက်နိုင်မှုဆီသို့ ဦးတည်ခဲ့ပါသည်။

### မသန်စွမ်းသူများနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှု

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မသန်စွမ်းသူများ၏ လူမှုစီးပွားရေး အခြေအနေ တိုးတက်လာစေခြင်း စီမံချက်မှ ကာလ ရှည်ကြာနေပြီး ဆက်လက် ဖြစ်ပွားဆဲဖြစ်သည့် ပဋိပက္ခအခြေအနေတွင် နေထိုင်နေရ သည့် မသန်မစွမ်းသူအမျိုးသမီးများနှင့် မိန်းကလေးများမှ တွေ့ခဲ့ ရသည့် ကျား၊မ အခြေပြု အကြမ်းဖက်မှုအား လေ့လာသင်ယူခဲ့ ပါသည်။ ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများနှင့် ယုံကြည်မှုများသည် ကျား၊မ အခြေပြုအကြမ်းဖက်မှု၏ သားကောင်များနှင့် လွတ်မြောက်လာပြီး ကြိုးပမ်းရှင်သန်နေရသူများအတွက် စနစ်တကျပြုစု စောင့်ရှောက် မှုနှင့် ကူညီပံ့ပိုးမှုအား လက်လှမ်းမီ ရယူရာတွင် ပိုမိုခက်ခဲအောင် ပြုလုပ်နေပါသည်။ မသန်စွမ်းသူအမျိုးသမီးများသည် ၎င်းတို့၏ လူမှု အသိုက်အဝန်းများ အတွင်းနှင့် တန်ဖိုးထား မခံရခြင်းနှင့် ခွဲခြား ဆက်ဆံရမည်ကို ၎င်းတို့အနေဖြင့် စိုးရိမ်ပူပန်ခဲ့သောကြောင့် ကူညီ ပံ့ပိုးမှုကို ရယူရန်အတွက် ကြိုးပမ်းခြင်း မပြုရန် ရွေးချယ်ခဲ့ကြပါသည်။ စီမံချက်မှ တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသမီးဝန်ထမ်းများအား ခေါ်ယူ ခန့်ထားခြင်းနှင့် စည်းရုံးခြင်းနှင့် ကျား၊ မ တန်းတူ ညီမျှမှု နှင့် ကျား၊ မအခြေပြု အကြမ်းဖက်မှု ဆိုင်ရာကိစ္စရပ်များ ဆိုင်ရာ သင်တန်းပို့ချခြင်း ဆိုသည့် ရိုးရှင်းသော ချဉ်းကပ်နည်းလမ်းအား ရွေးချယ်ခဲ့သည့် အတွက်ကြောင့် ၎င်းတို့အနေဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရသည့် မသန်စွမ်းသူ အမျိုးသမီး များအား ချဉ်းကပ်နိုင်ကာ ကူညီပံ့ပိုးမှု ပေးအပ်နိုင်မည်ဖြစ်ပါသည်။ စီမံချက်အတွင်း ပါဝင်လာစေရန် မသန်စွမ်းသူ အမျိုးသမီးများအား ခေါ်ယူခန့်ထားခြင်းသာမက အဖွဲ့အစည်း၏ ဘုတ်အဖွဲ့အတွင်းသို့ ထည့်သွင်းခြင်းသည် အကြံဉာဏ်ရယူရန်၊ အစီအစဉ် ရေးဆွဲရန်နှင့် မသန်စွမ်းသူ အမျိုးသမီးများအား ကူညီပံ့ပိုးပေးရန် တို့အတွက် စီမံ ချက်၏ စွမ်းဆောင်ရည်ကို တိုးတက်စေပါသည်။

LIFT မှ ၂၀၂၀ ခုနှစ်တွင် မသန်စွမ်းမှု စီမံကိန်းအတွက် အကဲဖြတ် သုံးသပ်မှု တစ်ရပ်အား လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲထားပါသည်။ အကဲဖြတ်သုံးသပ်ခြင်းတွင် ကျား၊ မရေးရာ အမြင်များ ပါဝင်မည်ဖြစ်ပြီး ရှာဖွေတွေ့ရှိမှုများအား မသန်စွမ်းမှုနှင့် သက်ဆိုင်သည့် အနာဂတ် စီမံကိန်း လုပ်ငန်းအတွက် သတင်းအချက်အလက်များ ပေးအပ်သွား မည်ဖြစ်ပါသည်။

LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN) ၏ ၂၀၁၉ ခုနှစ်အတွက် ပြီးစီး အောင်မြင်မှုများအား ဤအစီရင်ခံစာ၏ “အရပ်ဘက် လူမှုအဖွဲ့ အစည်း အားကောင်းခိုင်မာစေခြင်း” အခန်းတွင် တင်ပြထားပါသည်။

## ၄.၃။ အရပ်ဘက် လူမှုအဖွဲ့အစည်း ခိုင်မာအားကောင်းစေခြင်း

မြန်မာနိုင်ငံတွင် ၂၀၁၀ ရွေးကောက်ပွဲပြီးသည့် နောက်ပိုင်းတွင် လူမှု အဖွဲ့အစည်းသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲခဲ့ပြီး နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ပံ့ပိုးပေးခဲ့ပါသည်။ ပြည်တွင်း CSO များ အား ကူညီပံ့ပိုးပေးခြင်းနှင့် ရန်ပုံငွေထောက်ပံ့ပေးခြင်း တို့သည် ရပ်ရွာ လူထု၏ လူမှုရေးရာ ပြောင်းလဲမှုတွင် ၎င်းတို့၏ အခန်းကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။ LIFT သည် စီမံကိန်း စတင်သည့် အဆင့် ကတည်းကစ၍ အသက်မွေး ဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့် ဆက်နွယ်နေသော စီမံကိန်းများမှတဆင့် ကျေးလက် ဒေသများတွင် ဆင်းရဲ နွမ်းပါးမှု လျှော့ချနိုင်ရန် ကြိုးပမ်းအားထုတ်မှု များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း မိတ်ဖက်များနှင့်အတူ လက်တွဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ LIFT သည် နိုင်ငံအဆင့် CSO များနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုများမှတဆင့်၊ မြို့နယ်အဆင့်များ နှင့် အသေးစား ထောက်ပံ့မှုများ ရန်ပုံငွေမှတဆင့်နှင့် အောက်ခြေ အဆင့် CSO များနှင့် CBO များနှင့် စီမံချက် အမျိုးမျိုးတို့တွင် လုပ်ကိုင် ဆောင်ရွက်ပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT ၏ ရန်ပုံငွေဘုတ်အဖွဲ့သည် ၂၀၁၉ ခုနှစ်မှစတင်၍ ရန်ပုံငွေအခွင့်အလမ်းများ အားလုံးမှ အနိမ့်ဆုံး (၂၀%) ကို CSO မိတ်ဖက်များအတွက်သာ အသုံးပြုရန်အတွက် သတ်မှတ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် အချို့သော CSO များမှ အထူးသဖြင့် နိုင်ငံအဆင့်ရှိ CSO များ၏ “ အခန်းကဏ္ဍ ကျဆင်းလာခြင်း” နှင့် CSO အပေါ် အာရုံစိုက်မှုများမှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့်သို့ ကူးပြောင်းသွားခြင်းတို့ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ CSO များ အတွက် ရန်ပုံငွေထောက်ပံ့ခြင်းမှာလည်း ဆုတ်ယုတ်လာသည်ဟု လည်း ၎င်းတို့မှ ပြောကြားခဲ့ပါသည်။

LIFT မှ CSO များမှ တိုက်ရိုက်စီမံခန့်ခွဲနေသည့် ၎င်း၏ ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း၏ အချိုးကို မျက်ခြေမပြတ် စောင့်ကြည့်နေ ပါသည်။ ၂၀၁၉ ခုနှစ်တွင် ၎င်းအချိုးမှာ xx ရာခိုင်နှုန်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် LIFT ၏ အရပ်ဖက်လူမှုအဖွဲ့အစည်း ခိုင်မာ အားကောင်းစေခြင်း အစီအစဉ်မှ CSO များသည် ၎င်းတို့၏ သွယ်ဝိုက် ကုန်ကျစရိတ်များကို မည်ကဲ့သို့ စီမံခန့်ခွဲသည် ဆိုသည်အား နားလည် သဘောပေါက်စေရန် LIFT မှ ဆောင်ရွက်ခဲ့သည့် လေ့လာမှုများအား ထုတ်ဝေခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် LIFT မှ တည်ထောင်ခဲ့ သည့် မြို့နယ်အဆင့် အသေးစားထောက်ပံ့မှု ရန်ပုံငွေများမှ ရန်ပုံငွေ ထောက်ပံ့မှုအား လက်ခံရရှိနေသည့် CSO အများအပြားတို့သည် အချို့သော သွယ်ဝိုက် ကုန်ကျစရိတ်များကို ပထမဆုံး အကြိမ် ပြန် ထေမိ နိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT သည် အဆိုပါ CSO များ အနေဖြင့် ၎င်းတို့၏ ဝင်ငွေများ မည်သို့ ခွဲဝေချထားခဲ့သည်၊ ကန့်သတ်

ထားခြင်း မရှိသော ဝင်ငွေများအသုံးပြုရာတွင် ၎င်းတို့၏ ဦးစားပေးများက မည်သည်တို့ဖြစ်သည်နှင့် အလှူရှင်အဖွဲ့အစည်းများ အတွက် အကျိုးသက်ရောက်မှုများက မည်သည်တို့ ဖြစ်သည်ကို သိရှိနိုင်ရန် လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလ (၃၁) ရက် နေ့တွင် LIFT ၏ အသေးစား ရန်ပုံငွေထောက်ပံ့မှု အဖွဲ့များ၊ ထောက်ပံ့ငွေရယူသည့် CSO များ၊ မဟာဗျူဟာမြောက် မိတ်ဖက် အဖွဲ့အစည်းများ၊ LIFT ၏ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGO များနှင့် LIFT ၏ အခြားထောက်ပံ့မှု ရယူထားသူများမှ လူ(၁၃၀)ဦးခန့် တက်ရောက်ခဲ့ သည့် "သွယ်ဝိုက်စရိတ်များအား နားလည် သဘောပေါက်စေခြင်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းစေခြင်း" အမည်ဖြင့် ကျင်းပခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာ သုတေသနဆွေးနွေးပွဲအား စီစဉ်ဆောင်ရွက်ခဲ့ ပါသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်အဖွဲ့ဝင်များမှ လေ့လာမှုတွေ့ရှိချက်များနှင့် ကြားသိခဲ့ရသည့် သွယ်ဝိုက်ကုန်ကျစရိတ်များ အတွက် ရန်ပုံငွေ ခွဲဝေမှုသည် CSO အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ပံ့ပိုးပေးရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်ဆိုသည်တို့အား ဆွေးနွေးခဲ့ပါသည်။

"သွယ်ဝိုက်စရိတ်များမှာ အလွန် အရေးကြီးပါသည်။ အချိန်ကြာလာသည့်အခါ အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ပို၍ စီမံချက်ဦးစားပေး လာခဲ့ကြပါသည်။ CSO ကဲ့သို့ ကွန်ရက်များ မမျှော်မှန်းနိုင်သည့် စရိတ်များနှင့် အရေးပေါ် စရိတ်များ ရှိကြပါသည်။ သွယ်ဝိုက်စရိတ်များ ရှိခြင်းက ကျွန်ုပ်တို့ ကွန်ရက်များ အနေဖြင့် လတ်တလောကိစ္စရပ်များအား တုံ့ပြန်ဆောင်ရွက်နိုင်လာကြောင်း ပြသနေပါသည်။ ယင်းမှ ကွန်ရက်များ ရေရှည်တည်တံ့နိုင်မှုအား တည်ဆောက်ရန် အကူအညီပေးပါသည်" – ဟု CSO ဦးဆောင်အဖွဲ့ဝင် မှ ဖိုရမ်တွင် ပြောကြား ခဲ့ပါသည်။

သွယ်ဝိုက်ကုန်ကျစရိတ်များ လေ့လာမှုအစီရင်ခံစာ၏ LIFT ၏ ဝက်ဘ်ဆိုက်- https://www.lift-fund.org/civil-society-organisations-and-indirect-costs-myanmar တွင်ရယူနိုင်ပါသည်။


၂၀၁၉ ခုနှစ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် CSO များနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေး သင်တန်း များပို့ချခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ စုစည်းထားသည့် သင်တန်းများအား အောက်ဖော်ပြပါ ပုံပြမျဉ်းတွင်ပြသထားပါသည်။

## အသေးစားထောက်ပံ့မှုများရန်ပုံငွေ


၂၀၁၇ ခုနှစ်မှစတင်၍ LIFT သည် ဒေသခံအာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံလူမှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးကို ပံ့ပိုးကူညီရန် ၎င်း၏အသေးစား ထောက်ပံ့မှု ရန်ပုံငွေ ယန္တရားမှတဆင့် မြို့နယ်အဆင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ LIFT မှ ပံ့ပိုးပေးသည့် အသက်မွေးဝမ်းကျောင်းစနစ်များအားကောင်းစေခြင်း အသေးစား ထောက်ပံ့မှု ရန်ပုံငွေများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်နှင့် ကချင်၊ ရှမ်းနှင့်ကယား ပြည်နယ်များရှိ တောင်တန်း ဒေသများတွင် လုပ်ငန်း လည်ပတ် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလအကုန်တွင် အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသရန်ပုံငွေမှ ၎င်း၏စီမံချက်များကို ပိတ်သိမ်းခဲ့ပြီး ပြည်နယ်အဆင့် CSO များအား ခွဲဝေပေးအပ်ခဲ့သည့် ထောက်ပံ့မှု အရေအတွက် စုစုပေါင်းအား ဇယား ၄.၃ တွင်ပြသထားပါသည်။

## ပြည်တွင်း CSO များအတွက် ချမှတ်ပေးထားသည့် LIFT ရန်ပုံငွေ ရာခိုင်နှုန်း



*၂၀၁၀ မှ ၂၀၁၉ခုနှစ်အတွင်း သင်တန်းပြီးစီးမှုများ*




## အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှု

LIFT ၏ အစီအစဉ်သည် မြို့နယ်တစ်ခုလုံး၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်ခိုင်မာအားကောင်းစေရန် ပုဂ္ဂလိက ကဏ္ဍ၊ ဒေသခံအာဏာပိုင်များနှင့် အရပ်ဘက်လူ့ပ်ရှားဆောင်ရွက်သူများ အတူတကွ လုပ်ကိုင်ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စနစ်များအား မြှင့်တင်ပေးပါသည်။ LIFT မှ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်နှင့် တောင်တန်းဒေသများမှ မြို့နယ်(၃၂)မြို့နယ်ရှိ CSO များကို ရန်ပုံငွေထောက်ပံ့ငွေပေးပါသည်။ ယခင် စစ်အုပ်ချုပ်ရေးကာလအတွင်းက အစိုးရ၏ အဆင့်များအားလုံးသည် အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ဝန်လေးခဲ့ကြပါသည်။ ယခုအခါတွင် အစိုးရအာဏာပိုင်များ အထူးသဖြင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနများသည် LIFT ၏ အသေးစားထောက်ပံ့မှု ရန်ပုံငွေဖြင့် လုပ်ငန်းလည်ပတ်လုပ်ကိုင် ဆောင်ရွက်နေသည့် မြို့နယ်များတွင် CSO များနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရပ်ဘက်လူမှုအဖွဲ့များနှင့်အတူ လက်တွဲလုပ်ကိုင်ရန် စတင်ဆောင်ရွက်မှုများ ရှိလာခဲ့ပါသည်။

တောင်တန်းဒေသမြို့နယ်ရန်ပုံငွေသည် စနစ်များအဆင့် ချဉ်းကပ်နည်းလမ်းမှတဆင့် အခြားမြို့နယ်မှ ပတ်သက် ဆက်နွယ်သူများနှင့် အရပ်ဘက် အဖွဲ့အစည်း၏ ဆက်ဆံရေးများ တည်ဆောက်ရာတွင်နှင့် အရပ်ဘက်လှုပ်ရှားဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်နှင့် ယုံကြည်မှု

*ဇယား ၄.၃ မြို့နယ်အဆင့် CSO များထံ ခွဲဝေပေးအပ်ခဲ့သည့်ထောက်ပံ့မှုအရေအတွက်*

| အသေးစားထောက်ပံ့မှု ရန်ပုံငွေများ (SGF) | အထူး ထောက်ပံ့မှု | စီမံချက် ထောက်ပံ့မှု | CRG* ထောက်ပံ့မှုများ | FAA** ထောက်ပံ့မှု များ | အဓိက ထောက်ပံ့မှုများ | မျိုးစေ့ ထောက်ပံ့မှုများ | အခွင့်အလမ်း ထောက်ပံ့မှုများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| မြစ်ဝကျွန်းပေါ်ဒေသ SGF | ၂၀ | ၅၀ | | | | | | ၇၀ |
| အပူအပိုင်းဇုန် SGF | | | ၈၆ | ၃၇ | | | | ၁၂၃ |
| တောင်တန်းဒေသ SGF | | | | | ၁၀၄ | ၁၆ | ၂၇ | ၁၄၇ |
| စုစုပေါင်း | | | | | | | | ၃၄၀ |

*ကုန်ကျစရိတ်ပြန်လည်ထုတ်ပေးသည့်ထောက်ပံ့မှုများ

** ပုံသေ သတ် မှတ်ထားသည့် ထောက်ပံ့မှုများ

တိုးမြှင့်ခြင်းတို့ကို တည်ဆောက်ရာတွင် လွန်ခဲ့သည့် (၃)နှစ်တာကာလ အတွင်း သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ ပါသည်။ ရန်ပုံငွေ၏ အရေအတွက်ဆိုင်ရာ အချက်အလက်များမှ ၎င်းတို့၏ အသေးစား ထောက်ပံ့မှုအား ရယူခဲ့သည့် အဖွဲ့အစည်းများ၏ ၆၄ရာခိုင်နှုန်းသည် ဒေသခံအာဏာပိုင်များနှင့် လူမှုအသိုက်အဝန်း ပတ်သက်ဆက်နွှယ်သူများထံမှ အသိအမှတ်ပြုမှုနှင့် ၎င်းတို့နှင့် ဆက်ဆံရေးများတွင် "သိသာ ထင်ရှားစွာ တိုးတက်ခဲ့ခြင်း" ရှိကြောင်း ပြသနေပါသည်။ CSO များသည် ယုံကြည်မှု ပိုမို ရှိလာပြီး၊ ၎င်းတို့၏ လူမှု အသိုက်အဝန်းများတွင် "ခိုင်မာသည့် နေရာ" ရှိခဲ့သည်ဟု ခံစားနေကြရပါသည်။

တောင်တန်းဒေသမြို့နယ် ရန်ပုံငွေ၏ ဒေသများဖြစ်သော ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်တောင်ပိုင်း နှင့် ကယားပြည်နယ်စသည့် ဒေသ(၅)ခုစလုံးတွင် CSO များအကြား ဆက်ဆံရေးများနှင့် ညှိနှိုင်းဆောင်ရွက်မှုများမှာလည်း တိုးတက်ခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား ပုံမှန်အစည်းအဝေးများကို မြို့နယ် (၁၃) မြို့နယ်တွင် ဖြစ်ပေါ်စေခဲ့ပြီး ပိုမို၍ နည်းလမ်းတကျရှိသည့် CSO ကွန်ရက်များအား မြို့နယ် (၁၀)မြို့နယ်တွင် လည်ပတ်လုပ်ကိုင် ဆောင်ရွက်စေနိုင်ခဲ့ပါသည်။ ထောက်ပံ့မှုများ ရယူထားသည့် CSO ၉၀ ရာခိုင်နှုန်းကျော်က ၎င်းတို့၏ မြို့နယ်တွင်းရှိ အရပ်ဘက်လူမှုရေးရာ လှုပ်ရှားဆောင်ရွက်သူများ နှင့် ပိုမိုအားကောင်းခိုင်မာသည့် ချိတ်ဆက်မှုများ ပြုလုပ်နိုင်ခဲ့သည်ဟု ယုံကြည်လာကြပါသည်။ ထောက်ပံ့မှုများ ရယူထားသည့် CSO အများစုသည် ရန်ပုံငွေနှင့် စတင်၍ ပူးပေါင်း လုပ်ကိုင် ဆောင်ရွက်သည့် အချိန်မှစ၍ ၎င်းတို့ စွမ်းဆောင်ရည်များတွင် တိုးတက်ခဲ့မှုများ ရှိခဲ့သည်ဟု သုံးသပ်ခဲ့ကြပြီး၊ ၈၀ ရာခိုင်နှုန်းမှ ထိုသို့ တိုးတက်လာခဲ့ခြင်းမှာ ထောက်ပံ့မှုများ၏ ရလဒ်အနေဖြင့် သင်တန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများမှ အတွေ့အကြုံများ ရရှိခဲ့သောကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့ကြပါသည်။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် CSO အဖွဲ့ (၃၀) သည် ကျန်းမာရေး၊ ပညာရေးနှင့် အခြားမြို့နယ်ကိစ္စရပ် များကို ဆွေးနွေးရန် လစဉ်အစည်းအဝေးများ စီစဉ်ကျင်းပခဲ့ပါသည်။ ၎င်းတို့မှ မြို့နယ်အာဏာပိုင်များထံ အရေးပေါ်ဆေးဝါးကုသမှု ဆိုင်ရာ ပို့ဆောင်ရေးများအတွက် အရေးပေါ် လူနာတင်ယာဉ်လိုင်စင်များအား ခွင့်ပြုပေးရန် ပူးတွဲ အရေးဆိုခဲ့ကြပါသည်။ ၎င်းတို့သည် ပြည်သူ့ရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကျန်းမာရေးဌာနများနှင့်လည်း ပုံမှန်ထိတွေ့ဆက်ဆံပါသည်။ စားနပ်ရိက္ခာလုံခြုံမှု လုပ်ငန်းအဖွဲ့ (FSWG) နှင့် NAG တို့ဖြင့် ချိတ်ဆက်ထားသည့် ဩဂဲနစ်စိုက်ပျိုးရေးအဖွဲ့ (OFO) သည် စိုက်ပျိုးရေး နှင့် ဆိုင်သည့် သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် လယ်ယာနှင့်ဆိုင်သည့် နည်းစနစ်သစ်များ လေ့လာသင်ယူခြင်းတို့တွင် ပါဝင်တက်ရောက်ခဲ့ပါသည်။

အပူပိုင်းဇုန်ဒေသ CSO ကွန်ရက်အစည်းအဝေးတွင် CSO အဖွဲ့ (၃၈)ဖွဲ့ (၄၆ ရာခိုင်နှုန်း) သည် အစိုးရဌာနများနှင့် ကွန်ရက် ချိတ်ဆက်ခြင်းနှင့် Help Age International၊ Action Aid၊ စွမ်းဆောင်ရည်တည်ဆောက်ရေး အစီအစဉ် (Capacity Building Initiative)၊ Save the children၊ ဖွံ့ဖြိုးမဏ္ဍိုင်အဖွဲ့ (LRC)၊ ပေါင်းကူး၊ NAG နှင့် Partners Asia ကဲ့သို့သော NGO များအပါအဝင် အခြားသူများနှင့် စုပေါင်းလုပ်ဆောင်သည့် လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ၎င်းတို့သည် ကလေးသူငယ်အခွင့်အရေးများ၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကုန်စည်ပြပွဲများနှင့် ဈေးကွက်ချိတ်ဆက်မှုများ၊ သဘာဝ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးခြင်း၊ အဆိုပြုလွှာအသစ် ပြင်ဆင်ရေး လုပ်ငန်းစဉ်များ၊ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ နှင့် လယ်ယာဥပဒေအား ပြင်ဆင်သည့် လုပ်ငန်းစဉ်များ အပါအဝင် အကြောင်းအရာ အများအပြားတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ဒေသခံပုဂ္ဂလိက ကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်မှု**

တောင်တန်းဒေသမြို့နယ် ရန်ပုံငွေမှ ထောက်ပံ့မှုရယူထားသည့် CSO များ၏ ၃၀ ရာခိုင်နှုန်း နီးပါးသည် မြန်မာ့သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFVP)၊ မြန်မာလက်ဖက်အစုအဖွဲ့၊ မြန်မာဩဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းတို့ကဲ့သို့သော ပုဂ္ဂလိက ကဏ္ဍ အဖွဲ့အစည်းများနှင့် ပိုမိုခိုင်မာသည့် ဆက်သွယ် ဆောင်ရွက်မှုများရှိသည်ဟု ထင်မြင်ယူဆပါသည်။ CSO များသည် အဆိုပါ အဖွဲ့အစည်းများနှင့် တောင်သူများနှင့် ထုတ်လုပ်သူများအား ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ၊ နည်းပညာဆိုင်ရာ သင်တန်းများ ကူညီပံ့ပိုးပေးခြင်း၊ လယ်သမားများအတွက် လေ့လာရေးခရီးစဉ်များ နှင့် ပံ့ပိုးပေးရန် တောင်သူများ နှင့် ကုန်သည်များအကြား ဈေးကွက်ချိတ်ဆက်မှုများ ဖော်ဆောင် ပေးခြင်း တို့တွင် အတူတကွ လုပ်ဆောင်ခဲ့ပါသည်။ ရှမ်းပြည်တောင်ပိုင်းမှ လက်ဖက်၊ ဟင်းသီးဟင်းရွက်၊ ထောပတ်သီးနှင့် အာလူး စိုက်ပျိုးသည့် တောင်သူများနှင့် ကယား၊ ကချင်နှင့် ချင်းပြည်နယ်များရှိ ဆန်၊ ပြောင်း၊ ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်မွေးမြူသည့် တောင်သူများမှ အကျိုးကျေးဇူးများရရှိပါသည်။ အချို့ တောင်သူအုပ်စုများသည် ဈေးကွက်၌ ရောင်းချရာတွင် ပိုမိုကောင်းမွန်သည့် ဈေးများဖြင့် ရောင်းချ နိုင်မည့် တန်ဖိုးမြှင့်ထုတ်လုပ်ရေးနှင့် စုပေါင်း ရောင်းချသည့် အစီအစဉ်များအား ထူထောင်ခဲ့ ကြပါသည်။

၂၀၁၉ ခုနှစ်တွင် တောင်တန်းဒေသမြို့နယ်ရန်ပုံငွေမှ ထောက်ပံ့မှုများ လက်ခံရရှိထားသည့် CSO များ၏ ကူညီပံ့ပိုးမှုများ နှင့်အတူ တောင်တန်း ဒေသများတွင် အတွေ့အကြုံရရန်နှင့် လေ့လာသင်ယူသည့် ခရီးစဉ် (၄၉)ခုအား တောင်သူများအတွက် လုပ်ဆောင်ပေးခဲ့ပါသည်။ အဆိုပါ ခရီးစဉ်များမှ တဆင့် တောင်သူများသည် ဆန်စပါး၊ ပဲပိစပ်၊ ပြောင်း၊ လက်ဖက်၊ ထောပတ်သီး၊ ဝဥ နှင့် ဟင်းသီး ဟင်းရွက်များ အပါအဝင် ကောက်ပဲသီးနှံများအတွက် ဈေးကွက်ချိတ်ဆက်မှုများ ချဲ့ထွင်ခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ပတ်သက်၍ လေ့လာသင်ယူခဲ့ပါသည်။ တောင်သူများသည် ဩဂဲနစ်သီးနှံများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး သွင်းအားစု များနှင့် ဝါးဖြင့် ပြုလုပ်သော ပစ္စည်းများနှင့် ပတ်သက်၍ လေ့လာသင်ယူခဲ့ကြပါသည်။

ဒေသခံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) ပိုင်ရှင်များသည် ကယားပြည်နယ်၊ ပင်းတယ မြို့နယ်နှင့် ချင်းပြည်နယ်တို့၌ အစိုးရ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ပြုလုပ်သည့် SME ဆိုင်ရာ ကူညီပံ့ပိုးမှုနှင့် ချေးငွေများအား ဆန်းစစ်အကဲဖြတ်ခြင်းများတွင် ပါဝင်ခဲ့ပါသည်။ အဆိုပါ CSO များသည် ပုဂ္ဂလိက ကဏ္ဍနှင့် SME ချေးငွေ စနစ်အားပြန်လည်သုံးသပ်သည့် အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခဲ့ပြီး ဆန်းစစ်မှုအား အသုံးပြု၍ ဒေသရှိ စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များအား ပိုမိုဖြည့်ဆည်းပေးရန်အတွက် ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲရန် အစိုးရ၏အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအား တောင်းဆိုခဲ့ပါသည်။ တောင်တန်းဒေသမြို့နယ် ရန်ပုံငွေ၏ ထောက်ပံ့မှုအား ရယူထားသည့် အဖွဲ့များသည် ကိစ္စရပ်များအား ဦးစားပေးသတ်မှတ်မှု ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် CSO များ၏ SME အဖွဲ့ဝင်များ နှင့် တိုင်ပင်ဆွေးနွေးသဘောထားရယူခြင်းဖြင့် SME ချေးငွေများအတွက် ပြည်နယ်လွှတ်တော်၏ ဘတ်ဂျက်အတည်ပြုမှုကို ဖြစ်စေသည့် ရလဒ်အား ရရှိခဲ့ပါသည်။

ကျား၊ မရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN) သည် မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်များတွင် ကျား၊ မ တန်းတူညီမျှရေးကို မြှင့်တင်ရန် ကတိကဝတ်များ ထားရှိသည့် ကုမ္ပဏီများ ပူးပေါင်းဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (BCGE) နှင့် မိတ်ဖက်ပြုသည့် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပါသည်။ စီးပွားလုပ်ငန်းကဏ္ဍမှ ဦးစီးတည်ထောင်ခဲ့သည့် အဖွဲ့ဝင်များတွင် ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအုပ်စု၊ ရောဝတီဘဏ်လီမိတက် နှင့် ပါရမီ စွမ်းအင် ကုမ္ပဏီများ အုပ်စုတို့ပါဝင်ပါသည်။ GEN သည် အလုပ်ရုံ ဆွေးနွေးပွဲများနှင့် သင်တန်းများမှတဆင့် BCGE ၏ ကျား၊ မ ရေးရာနှင့် ဆက်နွယ်နေသည့် စွမ်းဆောင်ရည်အား မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။

**အရပ်ဘက်လူမှု အဖွဲ့အစည်း၏ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု**

အသေးစား ထောက်ပံ့မှု ရန်ပုံငွေများတွင် ပါဝင်ပတ်သက်မှုသည် အခြား အဖွဲ့အစည်းများထံမှ ရန်ပုံငွေ ထောက်ပံ့မှုအား ရယူရာတွင် CSO များ၏ စွမ်းဆောင်ရည်၌ တိုးတက်ခဲ့သည့် ရလဒ်အား ရရှိစေခဲ့ပါသည်။ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် မြစ်ဝကျွန်းပေါ်ဒေသ အသေးစား ထောက်ပံ့မှု ရန်ပုံငွေ၏ အကူအညီဖြင့် CSO များအနေဖြင့် အခြား အလှူရှင် အဖွဲ့အစည်းများထံမှ ရန်ပုံငွေ ရရှိရန် ကြိုးပမ်းခဲ့ကြပြီး ထောက်ပံ့မှုအား ဆွဲဆောင်ရန်အတွက် ကြိုးပမ်းအားထုတ်မှု အကြိမ် (၄၀) တွင် (၂၁)ကြိမ်မှာ အောင်မြင်ခဲ့ပါသည်။

**အရပ်ဘက်လူမှု အဖွဲ့အစည်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ**

အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းသည် ၎င်းတို့၏ အသေးစား ထောက်ပံ့မှုနှင့်အတူ ပါဝင်သည့် CSO များ၏ လှုပ်ရှား ဆောင်ရွက် ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းမှ သင်တန်းသားများမှ ရိုးရာ ရက်ကန်း အထည်များနှင့် ဝါးနှင့် ပြုလုပ်သော လက်မှု ပစ္စည်းများအား ဒေသတွင်းနှင့် တနိုင်ငံလုံးရှိ ဈေးကွက်များတွင် ထုတ်လုပ်ရောင်းချ နိုင်သည့် ရလဒ်ကို ရရှိခဲ့ပါသည်။

အပူပိုင်းဇုန်တွင် အသေးစား ထောက်ပံ့မှု ရန်ပုံငွေမှ ကိုယ်တိုင် ပိုင်ဆိုင်သည့် စီးပွားရေး လုပ်ငန်းငယ်များ ပေါ်ထွန်းလာစေရန် ဦးတည် စေပြီး ဒေသတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများအား ပံ့ပိုးပေးနိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား ဖြစ်မြောက်စေ ခဲ့ပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများသည် ဒေသဆိုင်ရာ ကုန်အမှတ်တံဆိပ်များနှင့် ဒေသတွင်း ရရှိနိုင်သော ကုန်ကြမ်း ပစ္စည်းများကို အသုံးပြုပြီး အချို့သော ကုန်ပစ္စည်းများအတွက် ဈေးကွက်မှ တောင်းဆိုမှုကို ဖြည့်ဆည်းပေးနေပါသည်။

**မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုများ**

LIFT သည် အမျိုးသားအဆင့် CSO များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ရန်နှင့် အမျိုးမျိုးသော အကြောင်းအရာ အလိုက် နယ်ပယ်များတွင် ၎င်းတို့၏ မဟာဗျူဟာအဆင့် မူဝါဒဆိုင်ရာ အသိပေးအရေးဆိုမှုအား ကူညီပံ့ပိုးပေးရန် တို့အတွက် စားနပ်ရိက္ခာ လုံခြုံမှု လုပ်ငန်းအဖွဲ့ (FSWG) ၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN) ၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG)၊ ကရဏာ လူမှုဖွံ့ဖြိုးရေး အသင်း (KMSS)၊ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) နှင့် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း တို့နှင့် ရေရှည် မဟာဗျူဟာမြောက် မိတ်ဖက်ပြုလုပ် ထားပါသည်။

**ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN)** သည် မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု ရရှိစေရန်အတွက် ဆယ်စုနှစ်ကျော် လုပ်ကိုင် ဆောင်ရွက်နေပါသည်။

၂၀၁၉ ခုနှစ်တွင် GEN သည် နိုင်ငံပိုင် သတင်းမီဒီယာများတွင် ကျား၊မ ရေးရာအား အလေးပေးရန်နှင့် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများနှင့် ဆက်နွယ်နေသည့် သတင်းအချက်အလက်များကို ဖြန့်ဖြူး ထုတ်လွှင့်ပေးရန်အတွက် ပြန်ကြားရေး ဝန်ကြီးဌာနအား အသိပေးအရေးဆိုခဲ့ပါသည်။ GEN သည် ပညာရေးကဏ္ဍတွင် ကျား၊ မ ရေးရာ အလေးထားမှုနှင့် ပညာရေး သင်ရိုး ညွှန်းတမ်း ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ကျား၊ မ ရေးရာနှင့် လူမှုရေးပါဝင်မှုတို့အား ထည့်သွင်းနိုင်ရန်အတွက် စဉ်းစားရန် ပညာရေးဝန်ကြီး ဌာနနှင့်လည်း လုပ်ကိုင် ဆောင်ရွက် ခဲ့ပါသည်။

GEN မှ ပြည်ထဲရေးဝန်ကြီးဌာနအား ကျား၊မ အခြေပြုသည့် အကြမ်းဖက်မှုအပေါ် သုတေသန လေ့လာမှု တစ်ခု ပြုလုပ်ရန် အတွက် အဆိုပြုခဲ့ပါသည်။ GEN မှ မြန်မာနိုင်ငံတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှုအား တုံ့ပြန် ဆောင်ရွက်ရာတွင် တိုးတက်မှုများ ရှိစေရန်အတွက် သတင်း အချက်အလက်များ ပေးနိုင်သော ပြစ်မှု ကျူးလွန်သူများထံမှ အထောက်အထားများကို စုစည်းရန်အတွက် ကျား၊ မ အခြေပြု အကြမ်းဖက်မှုအား ကျူးလွန်ခဲ့သူများနှင့် သုတေသန ပြုလုပ်ရန် အဆိုပြုခဲ့ပါသည်။

GEN မှ ကျန်းမာရေး ဌာနများတွင် လွတ်မြောက်လာပြီး ရှင်သန် နေထိုင်ရန် ကြိုးပမ်းသူအား ဗဟိုပြုသည့် ဝန်ဆောင်မှုများ တိုးမြှင့်ပေး အပ်နိုင်ရန်အတွက် ကျန်းမာရေး ဝန်ဆောင်မှု ပေးအပ်သူများထံ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ လမ်းညွှန်ချက်များအား ဖြန့်ဝေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) နှင့်လည်း လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကျား၊ မ ရေးရာအား ကဏ္ဍအားလုံးနှင့် အကျုံးဝင်စေခြင်းနှင့် အမျိုးသမီးများ နှင့် မိန်းကလေးများအား အကြမ်းဖက်မှုဆိုင်ရာ အမျိုးသားအဆင့် နည်းပညာလုပ်ငန်း အဖွဲ့(၂)ဖွဲ့တွင် ပူးတွဲဥက္ကဋ္ဌ အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ GEN သည် အဆိုပါကော်မတီတွင် ၂၀၁၇ ခုနှစ်ကတည်းက ပါဝင်လှုပ်ရှားခဲ့သည့် အဖွဲ့ဝင် ဖြစ်ပါသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃–၂၀၂၂ (NSPAW) အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်အတွင်းသို့ နည်းပညာများ ဖြည့်သွင်းပေးမည် ဖြစ်သည်။ နည်းပညာလုပ်ငန်းအဖွဲ့ (၂)ဖွဲ့လုံးအတွက် အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် ရေးဆွဲအကောင်အထည်ဖော်ခြင်း တွင် ပံ့ပိုးကူညီလျက် ရှိပါသည်။

GEN မှ ၂၀၁၉ ခုနှစ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား တားဆီး ကာကွယ်စောင့်ရှောက်ရေး ဥပဒေ (Prevention and Protection of Violence Against Women Law) အတည်ပြု ပြဋ္ဌာန်း နိုင်ရန်အတွက် ၎င်း၏ ထောက်ခံအားပေးမှုရရန် ကြိုးပမ်းမှုများအား ဆက်လက် လုပ်ဆောင်ခဲ့ပြီး၊ ငြိမ်းချမ်းရေးအတွက် ကျား–မ တန်းတူရေး မဟာမိတ်အဖွဲ့၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

# အရပ်ဘက်လူမှု အဖွဲ့အစည်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ



ဓါတ်ပုံ။ မန္တလေးတိုင်းဒေသကြီး၊ ရတနာပုံကျေးရွာရှိ သူမတို့၏ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ရေး စီးပွားရေး၏ တစိတ်တဒေသဖြစ်သည့် အင်္ဂတေ အုတ်များကို ဖုတ်နေကြသည့် မနုနှင့် သူမ အမျိုးသား

““ကျွန်မ ရက်ကန်းယက်တဲ့ နည်းစနစ်တွေ လေ့လာသင်ယူဖို့ ရွှေညာသူမှ ပို့ချသည့် စက်ရက်ကန်း သင်တန်း တက်ခဲ့ပါတယ်။  ကျွန်မ အနေနဲ့ ရက်ကန်း ယက်တဲ့ ကျွမ်းကျင်မှု အသစ်များအား သင်ယူခဲ့ပြီး အခုတော့ ကျွန်မ ရက်ကန်း ယက်လုပ်ခြင်းကနေ ပုံမှန်ဝင်ငွေ ရရှိနေပါတယ်။ ဒီ သင်တန်းကြောင့် ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းမှု ထပ်မံ တိုးတက်စေဖို့ လာမဲ့ နှစ်မှာ ရက်ကန်းစင် တစ်ခု ဝယ်မယ်ဆိုတဲ့ ကျွန်မရဲ့ အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ကျွန်မ အလုပ်လုပ်နေပါတယ်။”

– ဒေါ်အောင်ကြည်၊ ရွှေညာသူ ကိုယ့်အားကိုယ်ကိုး အမျိုးသမီးများ အုပ်စု၊ ရွှေဒါးကျေးရွာ၊ ပခုက္ကူမြို့နယ်။

မနုက မန္တလေးတိုင်း တောင်သာမြို့နယ် ရတနာပုံရွာလေးမှာ နေထိုင်ပါသည်။ မနုတို့ ဒိုင်နယ် (ရွာအုပ်စု) ၏ လေးပုံ တပုံလောက်မှာ အလုပ်အကိုင် မရှိကြပေ။ မနုနှင့် သူ့အမျိုးသားမှာ ဘောက်သမား (ကျပန်း အလုပ်လုပ်သူ)များဖြစ်ပြီး တနေ့လျှင် ၃၀၀၀ ကျပ် သာ ရရှိကြသည်။စိုက်ပျိုးရေးမှာ ရာသီအလိုက် ဘောက်လုပ်ရခြင်းဖြစ်ကာ အလုပ်အမြဲ ရခြင်းမျိုး မရှိကြပါ။ ရတနာပုံ ပရဟိတ လူမှုကူညီရေးအသေးသည် LIFT၏ အပူပိုင်းဇုန် အသေးစား ရန်ပုံငွေ ပံ့ပိုးမှုရသည့် အခါ ဒိုင်နယ်အုပ်စုအတွင်းရှိ ဝင်ငွေနည်းမိသားစုများအတွက် အသက်မွေးပညာသင်တန်းများ ပို့ချခဲ့ပါတယ်.. ဝရိန် သင်တန်း၊ အင်္ဂတေ အုတ်ဖုတ်သင်တန်း၊ မွေးမြူရေးသင်တန်းများရှိရာ မနုတက်ရောက်ခဲ့သည်မှာ အင်္ဂတေ အုတ်ဖုတ် တစ်လသင်တန်း ဖြစ်ပါသည်။

“သင်တန်းပြီးပြီးချင်းပဲ အင်္ဂတေ အုတ်ဖုတ်တာကို ကျမ စပြီး လုပ်ဖြစ်ပါတယ်.. အခုဆိုရင် ဆောက်လုပ်ရေး လုပ်ငန်းသုံးတွေဖြစ်တဲ့ အလှဆင် အုတ်တွေနဲ့ တိုင်လုံးတွေကိုပါ ကျမတို့ (အမျိုးသားနဲ့ အတူ) ထုတ်လုပ် နိုင်ပါပြီ.. ရွာနီးနားတွေက လိုတဲ့ သဲတို့ ရေတို့ အဲဒီလို ကုန်ကြမ်းတွေ လည်း ကျမတို့ ရောင်းပါတယ် ”လို့ မနုက ပြောပါသည်။ “အခုဆို ကျမနဲ့ ကျမအမျိုးသား နှစ်ယောက် ပေါင်းပြီး တရက်ကို ၁၅,၀၀၀ လောက် ဝင်ပါ တယ်..မိသားစု ဝင်ငွေလည်း တိုးလာတယ်..ပုံမှန်အလုပ်လေးဖြစ်တော့ အလုပ်လက်မဲ့ဖြစ်တော့မှာကိုလည်း မစိုးရိမ်ရတော့ဘူးပေါ့…နောက်ပြီး ဒီ ဆောက်လုပ်ရေးအတွက် လုပ်ရတာက အရင်က ယာခင်းဘောက်လုပ်ရတာထက် ပိုသက်သာတယ်.. စရိတ်လည်း နည်းတယ်”

## အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် အာဟာရဖွံ့ဖြိုးမှု

ကရုဏာလူမှု ဖွံ့ဖြိုးရေးအသင်း (KMSS) သည် အစိုးရ ထိန်းချုပ်မှုရှိသော ဒေသများနှင့် အစိုးရ ထိန်းချုပ်မှု မရှိသော ဒေသများရှိ စခန်း (၁၂)ခုအား လွှမ်းခြုံသည့် ဒေသ (၃)ခုတွင် အိမ်ထောင်စု (၉၃၈) စု အား အာဟာရဆိုင်ရာ ဆန်းစစ်မှု တစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ဤပုံစံချထားသည့် လေ့လာမှုမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ စခန်းများတွင် နေထိုင်သည့်သူများ အထူးသဖြင့် အသက် (၅)နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၏ အာဟာရဆိုင်ရာ အဆင့်အတန်းအား ပိုမို နားလည် သဘော ပေါက်စေရန်အတွက် ဆောင်ကျဉ်း ပေးမည် ဖြစ်ပါသည်။ အစီရင်ခံစာအား ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေခဲ့ပါသည်။

## အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် မူဝါဒ ဆိုင်ရာ ရေးရာ ထောက်ခံအားပေးမှု

LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့ မဟာဗျူဟာများ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ထပ်နေသည့် နေရာအချို့တွင် အတူ တကွ ပူးပေါင်း လုပ်ဆောင်နေကြပါသည်။ မြေယာမဏ္ဍိုင်အဖွဲ့ (LCG) ၏ ထောက်ခံအားပေးမှုနှင့် ကွန်ရက် ချိတ်ဆက်ခြင်း အစီအစဉ် အရာရှိသည် KMSS ဗန်းမော်နှင့် ပေါင်းစပ်၍ IDP များအတွက် ပုံစံ (၇) နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း (VFV) အတွက် အထောက်အထား စာရွက်စာတမ်းများ ရယူခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သင်တန်း ပို့ချခဲ့ပါသည်။ KMSS သည် ၎င်း၏ အာရုံစိုက်မှုအား ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးမှ ပုံစံ (၇) ရရှိရန် ရပ်ရွာလူထုအား အကူအညီပေးခြင်း ဆီသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ၎င်းတို့သည် တောင်သူများ ယခင်က တောင်းဆိုခဲ့သည့် အရာရှိများအား အခကြေးငွေ မပေးဘဲ ပုံစံ (၇) ရယူခြင်းအတွက် တောင်သူများအား ကူညီနိုင်ခဲ့ပါသည်။ LCG ၏ ထောက်ခံအားပေးမှုနှင့် ကွန်ရက်ချိတ်ဆက်ခြင်း အစီအစဉ် အရာရှိမှလည်း Gaia Sustainable Movement Institute (GSMI) တောင်ကြီး နှင့် GSMI ကျောက်ကြီးတို့နှင့် ပေါင်းစပ်၍ ပဲခူးတိုင်းဒေသကြီးရှိ တောင်သူများထံ အစိုးရစနစ်မှတဆင့် ဓလေ့ ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့် အထောက်အထား စာရွက်စာတမ်းနှင့် မြေယာ မှတ်ပုံတင်ခြင်းတို့နှင့် ပတ်သက်သည့် သင်တန်း ပေးခဲ့ပါသည်။ ယခုအခါတွင် GSMI သည် မြေယာနှင့် ပတ်သက်၍ လုပ်ကိုင် ဆောင်ရွက်နေပြီး (အထူးသဖြင့် ရပ်ရွာလူထု ပူးပေါင်းပါဝင်သည့် မြေပုံထုတ်ခြင်း) ရပ်ရွာလူထုများမှ ဓလေ့ထုံးတမ်း မြေယာ မြေပုံများ ထွက်ပေါ်လာစေရန် ကူညီနိုင်ခဲ့ပါသည်။

LCG မှလည်း အထက်မှ အောက်သို့ ရန်ပုံငွေ ထောက်ပံ့ခြင်းအပေါ် မှီခိုနေရသည်ထက် CSO များနှင့်အတူ လေ့လာသင်ယူခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပူးပေါင်း ဆောင်ရွက်မှုအပေါ် အလေးထားပါသည်။ ၎င်းတို့မှ အစိုးရအား CSO များနှင့် ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံရန် အတွက်လည်း အားပေးနေပါသည်။ ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်တွင် LCG ၏ စည်းရုံးလှုံ့ဆော်မှုနှင့် ကွန်ရက်ချိတ်ဆက်မှု အစီအစဉ် အရာရှိသည် တိုင်းဒေသကြီးအဆင့် စည်းရုံးလှုံ့ဆော်မှု ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအတွက် အစီအစဉ် ရေးဆွဲရန် တိုင်းဒေသကြီးအဆင့် CSO အစည်းအဝေး အများအပြားအား ပဲခူးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ပံ့ပိုး ကူညီပေးခဲ့ပါသည်။

LCG အနေဖြင့် အချို့သော အစိုးရဘက်မှ လှုပ်ရှား ဆောင်ရွက်သူများသည် အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် တိုင်ပင် ဆွေးနွေးရန် ယခင်ကထက် ပိုမိုစိတ်ထက်သန်လာသည်ဆိုသော အထောက်အထားများ ရှိသည်ဟု လက်ခံ ယုံကြည်နေပါသည်။ ဥပမာ တစ်ခုမှာ LCG နှင့် အခြားအဖွဲ့များမှ စီစဉ်ဆောင်ရွက်ခဲ့သည့် သစ်တောဥပဒေများအပေါ် ဆွေးနွေး တိုင်ပင်သည့် အလုပ်ရုံ ဆွေးနွေးပွဲ အချို့၌ သစ်တောဦးစီးဌာန အရာရှိ များသည် ရပ်ရွာလူထု ခေါင်းဆောင်များနှင့် CSO များမှ ပေးသည့် ထောက်ပြဆွေးနွေးသည့် မှတ်ချက်များကိုပင် လက်ခံရန် စိတ်အား ထက်သန်သည်ကို မြင်တွေ့ခဲ့ရပြီး CSO များမှ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို မူဝေရာတွင် ဝင်ရောက် စွက်ဖက်ရန် ကြိုးစားခဲ့ခြင်း မရှိခဲ့ပါ။ သစ်တောဦးစီးဌာန (FD) သည် မှတ်ချက် တစ်ခုချင်းစီအား မည်ကဲ့သို့ ကိုင်တွယ်ရမည်အား ဆုံးဖြတ်ရန်အတွက် ကျွမ်းကျင်သူများနှင့် စားပွဲတင် ဆွေးနွေးသည့် အစည်းအဝေး (၂)ခု၌ အားလုံး ပါဝင်စေသည့် လုပ်ငန်းစဉ်အား ခွင့်ပြုခဲ့ပြီး၊ FD မှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့သည့် နောက်ဆုံး ဥပဒေကြမ်း အတွင်းသို့ အဆိုပါ ဆုံးဖြတ်ချက်များအား ထည့်သွင်းခဲ့ပါသည်။ အထူးသဖြင့် သစ်တောဦးစီးဌာန မှ အရာရှိ (၂)ဦးနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ အရာရှိ (၂)ဦးတို့သည် ဤကိစ္စရပ်နှင့် ပတ်သက်၍ တစ်ဦးချင်းစီမှ အပြုသဘောဆောင်သည့် ပြောင်းလဲမှုကို ပြသခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်တွင် မေတ္တာသည် သုတေသနနှင့် သင်တန်း စင်တာ ထူထောင်ရန် စိုက်ပျိုးရေးကဏ္ဍတွင် အခွင့်အလမ်း တစ်ရပ်အား ဖန်တီးပေးမည့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများအတွက် ပိုမိုကြီးမားသည့် လိုအပ်ချက် တစ်ရပ် ရှိနေသည့် ရှမ်းပြည်တောင်ပိုင်းရှိ တောင်ကြီးတွင် ဂေဟစိုက်ပျိုးရေးစင်တာ တည်ဆောက်ရန်အတွက် ဆောက်လုပ်ရေး ဒီဇိုင်းပုံစံအား ရေးဆွဲခဲ့ပါသည်။ ဆောက်လုပ်ရေးအတွက် ကုန်ကျစရိတ်အသေးစိတ်အား ဂေဟစိုက်ပျိုးရေးဆိုင်ရာ ဒီဇိုင်းပုံစံနှင့် အဆောက်အဦများတွင် အထူး ကျွမ်းကျင်သည့် ပြည်တွင်း ဗိသုကာတစ်ဦး၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် တွက်ချက်ခဲ့ပြီး ဖြစ်ပါသည်။ ဒီဇင်ဘာလဆန်းတွင် မေတ္တာ ဝယ်ယူရေးအဖွဲ့သည် စင်တာ တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူမှုအား ကြေငြာခဲ့ပြီး၊ ဆောက်လုပ်ရေး ကုမ္ပဏီ (၃)ခုအား ရွေးချယ်ခဲ့ပါသည်။ အဆောက်အဦ (၃)လုံး တည်ဆောက်မှုအား ဇန်နဝါရီလတွင် စတင်မည် ဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် တည်ဆောက် ပြီးစီးမည် ဖြစ်ပါသည်။ မေတ္တာမှ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ဝန်ထမ်းများ၊ တောင်သူများနှင့် အစိုးရ ကိုယ်စားလှယ်များ အတွက် ဗီယက်နမ်နိုင်ငံသို့ လေ့လာ သင်ယူရေး ခရီးစဉ်တစ်ခုအားလည်း စီစဉ် ဆောင်ရွက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး စိုက်မွေးဆည်ဝန်ကြီးဌာန ဝန်ကြီးမှ တိုင်းဒေသကြီး အတွက် စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာမြောက် အစီအစဉ် (၂၀၂၀–၂၀၂၅) ရေးဆွဲ အကောင်အထည် ဖော်ဆောင်ရာတွင် ကူညီပံ့ပိုး ပေးရန် တောင်းဆိုခဲ့ပါသည်။ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအဖွဲ့ (FSWG) မှ နည်းပညာ ဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ကာ၊ မဟာဗျူဟာမြောက် အစီအစဉ်အတွက် ပုံသေနည်း ဖော်ထုတ်ခြင်း အတွက် ဆွေးနွေးရန် အစိုးရ၏ ဦးစီးဌာန (၁၀)ခုမှ အစိုးရ အရာရှိကြီးများနှင့် ဝန်ကြီးတို့နှင့်အတူ ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းအား ၂၀၁၉ ခုနှစ်၊ မေလတွင် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ပြီးဆုံးမည် ဖြစ်ပါသည်။

FSWG သည် လက်ရှိ ပြုပြင် ပြောင်းလဲသည့် လုပ်ငန်းစဉ်နှင့်အညီ ကျေးရွာထင်းစိုက်ခင်း ဥပဒေနှင့် စည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ရန် သစ်တောဦးစီးဌာနနှင့်လည်းအတူ လုပ်ကိုင်ခဲ့ပါသည်။ ရန်ကုန်မြို့၌ မေလတွင် ပြုလုပ်ခဲ့သည့် (၃)ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ၌ FSWG နှင့် အစိုးရ ကိုယ်စားလှယ်များသည် ဥပဒေနှင့် စည်းမျဉ်းများ အတွက် စံပြပုံစံများ ရေးဆွဲရန် သဘောတူညီခဲ့ကြပါသည်။

ဧရာဝတီ ရေဝပ်ဒေသရှိ သယံဇာတများအား စုပေါင်းစီမံခန့်ခွဲမှုမြှင့်တင်ရေး စီမံချက် (ICAWR) မှတဆင့် NAG သည် ပူးတွဲ စီမံခန့်ခွဲသည့် အသင်းအဖွဲ့များမှတဆင့် ငါးဖမ်းခွင့် တင်ဒါများအား ဝင်ရောက် ယှဉ်ပြိုင်ရာတွင် စိတ်ပါဝင်စားသည့် ငါးဖမ်း အုပ်စုများထံ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။ NAG ၏ စွမ်းဆောင်ရည် တည်ဆောက်ရေး

ညှိနှိုင်းရေးမှူးများမှ ရေလုပ်သား ဖွံ့ဖြိုးရေးအဖွဲ့ (FDA) နှင့် ငါးလုပ်ငန်းဦးစီးဌာန (DOF) တို့အကြား ချိတ်ဆက်မှုကို ပံ့ပိုးကူညီခဲ့ပြီး ခိုင်မာ အားကောင်းစေခဲ့ပါသည်။ စီမံချက် ညှိနှိုင်းရေးမှူး၊ စည်းရုံးလှုံ့ဆော်ရေးနှင့် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးများသည် ကြမ်းခင်းဈေးဖြင့် အဆိုပြုသည့် ငါးဖမ်းလုပ်ကွက်များအား ရယူသည့် လုပ်ငန်းစဉ်တွင် အဆင်ပြေချောမွေ့စေရန် နှင့် ရပ်ရွာလူထုများမှ လက်လှမ်းမီရယူနိုင်ရန် တို့အတွက် ပံ့ပိုးကူညီနိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အရာရှိများနှင့် ပုံမှန်တွေ့ဆုံပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

အသေးစား ထောက်ပံ့မှုများ ရန်ပုံငွေ (၂)ခုမှာ ၂၀၁၉ ခုနှစ်တွင် ပိတ်သိမ်းခဲ့ပါသည်။ တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ တစ်ခုတည်းသာ ဆက်လက်ရှိ နေမည် ဖြစ်ပါသည်။

စားနပ်ရိက္ခာ ဖူလုံရေးလုပ်ငန်းအဖွဲ့နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးဆုံးခဲ့ပါသည်။ အခြား မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု (၅)ခုမှာ ဆက်လက် တည်ရှိနေပါသည်။

ပဋိပက္ခဒဏ် ခံစားရသည့် ဒေသများရှိ စီမံချက် အများအပြားအား ပံ့ပိုးနေခြင်းနှင့်အတူ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများမှ ဝန်ထမ်းများသည် တာဝန်ခံမှုနှင့် တာဝန်ယူမှု ရှိသည့် အလေ့အကျင့်များကို သတိထားရန် လိုအပ်ပါသည်။ ထို့အတွက်ကြောင့် LIFT သည် ၂၀၂၀ ခုနှစ်တွင် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများမှ ဝန်ထမ်းအဖွဲ့ဝင်များအတွက် တာဝန်ခံမှု၊ တာဝန်ယူမှု ဆိုင်ရာ သင်တန်းများကို စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ သင်တန်းများသည် အောက်ဖော်ပြပါ ကဏ္ဍများကို လွှမ်းခြုံမည် ဖြစ်ပါသည် -

- တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု
- မိမိအဖွဲ့အစည်းအား ကိုယ်တိုင် အကဲဖြတ်သုံးသပ်ခြင်းများ
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ထက်ပြုကျင့်ခြင်းအတွက် တိုင်ကြားခြင်းများနှင့် ပြန်လည် တုံ့ပြန်ခြင်းဆိုင်ရာ ယန္တရားများ
- မည်သူ့မျှ မထိခိုက်စေခြင်း
- ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ခံမှု၊ တာဝန်ယူမှု

LIFT သည် ၎င်း၏ လေ့လာသင်ယူခဲ့သော သင်ခန်းစာများအပေါ် အခြေခံသည့် ချဉ်းကပ်နည်းလမ်းများနှင့် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုကို အသုံးပြု၍ အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းခိုင်မာစေရန်အတွက် ၎င်း၏ ကူညီပံ့ပိုးမှုအား ဆက်လက် ပေးအပ်သွားမည်ဖြစ်ပါ သည်။ ယင်းတို့တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် ၂၀၂၀ ခုနှစ်အတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါအား ထိထိ ရောက်ရောက် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးမှုလည်း ပါဝင်မည် ဖြစ်ပါသည်။

## ၄.၄။ လူမှုကာကွယ်စောင့်ရှောက်ရေး

### လူမှုရေးပင်စင်

၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရသည် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင် ပေးအပ်ရာတွင် ၎င်း၏ လွှမ်းခြုံမှုအား (၁၅%) တိုးချဲ့ခဲ့ပါသည်။ ဒီဇင်ဘာလအထိ အသက် (၈၅)နှစ်အထက် သက်ကြီးရွယ်အို ၂၀၀,၀၀၀ ဦး နီးပါးသည် အစိုးရထံမှ လူမှုရေးပင်စင်ကို လက်ခံရရှိခဲ့ပါသည်။

၂၀၁၄ ခုနှစ်မှ စတင်၍ LIFT သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) ထံ အနီးကပ် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်ရန်နှင့် အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (NSPSP) ၏ အဓိက အစိတ်အပိုင်းဖြစ်သော လူမှုရေးပင်စင် အစီအစဉ်အား ရေးဆွဲအကောင်အထည် ဖော်ဆောင်ရာတွင် အကူအညီပေးရန်တို့အတွက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (HelpAge International) အား ရန်ပုံငွေ ထောက်ပံ့ ပေးခဲ့ပါသည်။ ထိုလုပ်ငန်းအား ၂၀၁၉ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားလူမှုရေး ပင်စင်ပေးအပ်သည့်စနစ် ခိုင်မာအားကောင်းစေရန် HelpAge International သည် လေ့လာမှုများ ပြုလုပ်ရန်နှင့် ဆန်းစစ်ရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

လေ့လာမှုတစ်ရပ်ဖြစ်သည့် "လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် အမျိုးသားပေါင်းစည်းညီညွတ်မှုနှင့် ပြန်လည် သင့်မြတ်ရေး အကြား ဆက်နွယ်မှု အပေါ် ဆန်းစစ်ခြင်း (မြန်မာနိုင်ငံ)" သည် လူမှုကာကွယ်စောင့်ရှောက်ရေးမှ အစိုးရ၏ အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ရည်မှန်းချက်များ မည်ကဲ့သို့ ထပ်မံ၍ ပံ့ပိုးပေးနိုင်သည်အား စူးစမ်း လေ့လာခဲ့ပါသည်။ ပေါင်းစည်းညီညွတ်မှုအား ကူညီပံ့ပိုး ပေးနိုင်သည့် လူမှုကာကွယ် စောင့်ရှောက်ရေး၏ အဓိကအင်္ဂါရပ်မှာ မြန်မာနိုင်ငံတော် အစိုးရမှ ချမှတ်ခဲ့သော အလုံးစုံ ပါဝင်နိုင်မှု အယူအဆ ဖြစ်ပါသည်။ လူမျိုး၊ ဘာသာ၊ ကျား၊မ (သို့) နေရပ် တို့ဖြင့် ခွဲခြားခြင်းမရှိဘဲ လူတိုင်းထံ ရောက်ရှိစေခြင်းဖြင့် အားလုံးပါဝင်သည့် အမျိုးသားအစီအစဉ်သည် စည်းလုံးညီညွတ်မှု၊ လူမှုရေး ပေါင်းစည်းညီညွတ်မှုနှင့် တန်းတူညီမျှ လက်လှမ်းမီ ရရှိနိုင်မှု ဆိုင်ရာ အယူအဆအမြင် သဘောထားများကို အလေးထားပါသည်။

HelpAge International သည် ပြည်တွင်း၌ လူမှုရေးပင်စင် ပေးအပ်သည့် လုပ်ငန်းလည်ပတ်မှု တိုးတက်စေရန်နှင့် ပါဝင်သင့်သူများအား မှားယွင်းပယ်ထုတ်သည့် အမှားများကို လျှော့ချရန် အတွက် DSW ၏ ကြိုးပမ်းအားထုတ်မှုများအား "လူမှုရေး ပင်စင် ပေးအပ်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများအား အမျိုးသားအဆင့် လေ့လာမှု" ဟူသော ခေါင်းစဉ်ဖြင့် နောက်ထပ် လေ့လာမှုတရပ်အား ပြုလုပ်ပြီးစီး ခဲ့ပါသည်။ နောက်ထပ် လေ့လာမှုဖြစ်သော " မြန်မာနိုင်ငံတွင် လူမှုကာကွယ် စောင့်ရှောက်ခြင်း၏ အခန်းကဏ္ဍများနှင့် တာဝန်ခံ၊ တာဝန်ယူခြင်းများ - လူမှုရေး ပင်စင်များအား လေ့လာခြင်း"မှ အနာဂတ်ကာလလတ် အချိန်ကာလ၌ လူမှုရေးပင်စင်အပေါ် အာရုံစိုက်မှု နှင့်အတူ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအမံများ ရေးဆွဲ အကောင်အထည်ဖော်ခြင်း နှင့် ပေးအပ်ခြင်း တို့အတွက် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် သက်ဆိုင်ရာ အခန်းကဏ္ဍများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ဆန်းစစ်ခဲ့ပါသည်။ လေ့လာမှုမှ DSW အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု တိုးပွားလာခြင်းနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမှ ဖန်တီးပေးလာသည့် အခွင့်အလမ်းများကို အသုံးချရန်/အမြတ်ထုတ်ရန် ထောက်ခံ အကြံပြုခဲ့ပါသည်။

HelpAge International မှလည်း စနစ်များ အဆင့်မြှင့်တင်ခြင်း အထူးသဖြင့် လူမှုရေးပင်စင်ဆိုင်ရာ သိမ်းဆည်းထားသည့် အချက်အလက် များမှတဆင့် လုပ်ငန်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန် နည်းပညာ ဆိုင်ရာ ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ပြီး နိုင်ငံတဝှမ်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရုံးများထံ လူမှုရေး ပင်စင်ပေးပို့ခြင်း အတွက် အကောင်အထည် ဖော်ရေး လမ်းညွှန်ချက်များ အား DSW မှ ရေးဆွဲပြီး ဖြန့်ဝေရာတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။

## မသန်စွမ်းမှု

၂၀၁၉ ခုနှစ်အတွင်း၌ LIFT သည် ပြည်နယ်နှင့် တိုင်းဒေသကြီး (၆)ခု တွင် မသန်စွမ်းမှုနှင့် သက်ဆိုင်သည့် စီမံချက် (၄)ခုအား စာချုပ်ချုပ်ဆို ခဲ့ပါသည်–

### မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးခြင်း

မသန်စွမ်းသူများသည် လူမှုအသိုက်အဝန်းများအတွင်းတွင် မသန်စွမ်း မှုနှင့် ပတ်သက်၍ အသိအမြင် မရှိသည့်အတွက်ကြောင့် ရပ်ရွာ လူထု အတွင်း ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကျဉ်ထားခြင်းတို့ကို မကြာခဏ ကြုံတွေ့ရလေ့ ရှိပါသည်။ မသန်စွမ်းမှုဆိုင်ရာ အသိပညာ ပေးသည့် သင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများအား စီမံချက် ဒေသ အားလုံးတွင် မသန်စွမ်းသူများ၊ ၎င်းတို့၏ အိမ်ထောင်စုဝင်များ၊ လူမှု အသိုက်အဝန်းများနှင့် အစိုးရဝန်ထမ်းများ အပါအဝင် အမျိုး မျိုးသော လှုပ်ရှား ဆောင်ရွက်သူများနှင့်အတူ ပြုလုပ်ခဲ့ပါသည်။ လူဦးရေ ၁၃၅၀၀ ကျော် (အမျိုးသမီး ၅၆%)သည် မသန်စွမ်းသူများ အတွက် မသန်စွမ်းသူ အခွင့်အရေးများနှင့် ဥပဒေများ၊ မသန်စွမ်း သူများအားလုံး ပါဝင်စေခြင်း၊ ကဏ္ဍအားလုံးတွင် အကျုံးဝင်စေ ခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ တို့ကို ပါဝင် ဆွေးနွေးခဲ့ကြပါသည်။ ပါဝင် တက်ရောက်သူများမှ မသန်စွမ်း သူများ၏ လိုအပ်ချက်နှင့် စွမ်းဆောင်ရည်များ၊ ၎င်းတို့၏ အသံများ အား မြှင့်တင် ပေးခြင်းနှင့် ရပ်ရွာလူထုမှ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့၏ ပါဝင်မှုတိုးတက်စေခြင်းတို့ကို လေ့လာသင်ယူခဲ့ကြရပါသည်။ ဘုတလင်မြို့နယ်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန (DRD) သည် စီမံချက် ဆောင်ရွက်နေသည့် ဒေသများတွင် မြစိမ်းရောင် (MSY) ရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်သော ရပ်ရွာလူထုခန်းမ (၃)ခုအား မသန်စွမ်းသူများ နှင့် လိုက်လျောညီထွေ ဖြစ်မည့် ဒီဇိုင်းပုံစံဖြစ်အောင် ပြင်ဆင်ခဲ့ပါသည်။

### မသန်စွမ်းသူများရှိသည့် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စု များအတွက် မရှိမဖြစ် လိုအပ်သော လူမှုကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူခြင်း

မသန်စွမ်းသူများနှင့် ယင်းတို့၏ အိမ်ထောင်စုများသည် အားနည်း ထိခိုက်လွယ်ပြီး ယေဘူယျအားဖြင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများအား အကန့်အသတ်ဖြင့်သာ ရယူနိုင်ကာ အရေးပေါ် ကျန်းမာရေး ကိစ္စရပ်များအား ကိုင်တွယ် ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်မှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် စီမံချက်များသည် မသန်စွမ်းသူများနှင့် ယင်း တို့၏ အိမ်ထောင် စုများထံ ပေးအပ်သည့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှု များအား လက်လှမ်းမီ ရယူနိုင်မှုအား တိုးပွားလာစေရန် စီမံကိန်း လုပ်ငန်းများအား အကောင်အထည်ဖော်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်း (၄)ဖွဲ့မှ ပြည်နယ်နှင့် တိုင်းဒေသကြီး (၅)ခု (ချင်း၊ ကရင်၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်း)တွင် မသန်စွမ်းသူများပါဝင်သည့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်း (CBO) ၂၈၂ ဖွဲ့အား ဖွဲ့စည်းပေးခဲ့ကာ ကူညီ ပံ့ပိုးမှု များလည်း ပေးအပ်ခဲ့ပါသည်။ အဖွဲ့အစည်းများ၏ ရည်ရွယ်ချက် မှာ မသန်စွမ်းသူများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု တိုးပွားစေ ရန် ဖြစ်ပါသည်။ ယင်းအဖွဲ့များသည် ရပ်ရွာလူထု လောကတွင် မသန်စွမ်းသူများ ပါဝင်လာမှု တိုးတက်စေရန်နှင့် ခွဲခြားဆက်ဆံ မှုနှင့် ဖယ်ကျဉ်ခံရမှု တို့အား လျော့ကျစေရာတွင် ပြောင်းလဲမှု ဖန်တီးနိုင်သည့် အဖွဲ့များ အဖြစ် ဆောင်ရွက်ပါသည်။ အဆိုပါ အဖွဲ့အစည်းများသည် ရန်ပုံငွေ စီမံခန့်ခွဲခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် ရပ်ရွာလူထုအတွက် လုပ်ငန်း အစီအစဉ် များ ဖော်ဆောင်ခြင်း အပါအဝင် သင်တန်းအား တက်ရောက်ခဲ့ကြ ပါသည်။ သင်တန်းမှ အာဟာရဖွံ့ဖြိုးမှု၊ မသန်စွမ်းသူနှင့် သက်ကြီး ရွယ်အို စောင့်ရှောက်ရေး တို့ကိုလည်း ပို့ချခဲ့ပါသည်။ ရပ်ရွာလူထု အတွက် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်များ တွင် အာဟာရထောက်ပံ့မှု၊ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို ကာကွယ် စောင့်ရှောက်မှု၊ မသန်စွမ်းသည့် ကလေး သူငယ်များ အတွက် ပညာရေး အထောက်အပံ့၊ မသန်စွမ်းသူများအတွက် အဆင်ပြေသည့် လမ်းများနှင့် အခက်အခဲ ကူညီပံ့ပိုးမှု ပါဝင်ပြီး ၎င်းတို့အား ရပ်ရွာလူထုမှ အကြံဉာဏ် ထည့်ဝင်မှုများဖြင့် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ကာ CBO များ၏ လုပ်ငန်းကော်မတီတို့မှ ဦးဆောင်ခဲ့ပါသည်။

CBO များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ရပ်ရွာလူထု လူမှုကာကွယ် စောင့်ရှောက်ရေး ရန်ပုံငွေ (CSPF) အား ကူညီပံ့ပိုးပေးခဲ့ပြီး CBO များ၏ လုပ်ငန်းကော်မတီမှ စီမံခန့်ခွဲခဲ့ပါသည်။ CSPF မှ အိမ်ထောင်စုများအား ၎င်းတို့၏ အားနည်းထိခိုက်လွယ်မှု အပေါ် အခြေခံ၍ အတိုးနှုန်း နည်းပါးသည့် (၂% မှ ၃% အထိ) လည်ပတ် ချေးငွေများအား ပေးအပ်ပြီး မသန်စွမ်းသူများနှင့် ၎င်းတို့အိမ်ထောင်စုများအား အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ လုပ်ငန်းများ တည်ထောင်ရန်အတွက် ကူညီပံ့ပိုးပေးပါသည်။ ချေးငွေ အများစုအား ပြန်လည် ပေးဆပ်ရမည့်ကာလ (၃)လမှ (၆) လ အတွင်းဖြင့် အလွန်အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စု များထံ ပေးအပ်ခဲ့ပါသည်။ ရရှိခဲ့သည့် အတိုးဝင်ငွေ၏ တစ်ဝက် အား လည်ပတ်ရန်ပုံငွေအတွင်းသို့ ပြန်လည် ရင်းနှီးမြှုပ်နှံခဲ့ပြီး ကျန်တစ်ဝက်အား CSPF အတွင်း ထည့်သွင်းပြီး ရပ်ရွာလူထု အတွက် လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုခဲ့ ပါသည်။ ၂၀၁၉ ခုနှစ်တွင် Help Age International နှင့် လူမှုရေးဆိုင်ရာ သုတေသနလုပ်ဆောင်မှုအဖွဲ့ (Social Policy and Poverty Research Group) တို့မှ စစ်ကိုင်း၊ မန္တလေး နှင့် ကရင်ပြည်နယ် မှ CBO (၄၀) ဖွဲ့အား CSPF ထူထောင်ရန် အတွက် ကူညီပံ့ပိုးပေး ခဲ့ပါသည်။

ထို့အပြင် အိမ်ထောင်စုများအား တစ်ကြိမ်သာပေးအပ်သည့် အရေးပေါ် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပြီး ယင်းထောက်ပံ့မှုများအား အိမ်ထောင်စုများမှ အများအားဖြင့် အရေးပေါ် ဆေးကုသရန် အတွက် အသုံးပြုကြပါသည်။ ၂၀၁၉ ခုနှစ်တွင် Golden Pearl နှင့် HelpAge International တို့သည် တစ်ကြိမ်သာ ပေးအပ်သည့် အရေးပေါ် ထောက်ပံ့မှုနှင့် ရပ်ရွာလူထုအတွက် ကျေးရွာလူမှု ကာ ကွယ် စောင့်ရှောက်ရေး ရန်ပုံငွေများမှ အတိုးနှုန်း နည်းပါးသည့် ချေးငွေ များမှတဆင့် မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ၏ အိမ်ထောင်စုများမှ လူဦးရေ ၂,၄၁၅ ဦး ထံ ပေးအပ်ခဲ့ပါသည်။ ရန်ပုံငွေများသည် လူအများအား ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းအား တိုးတက်စေရန် အထောက်အကူ ဖြစ်စေခဲ့ပြီး မမျှော်လင့်သည့် ကုန်ကျစရိတ်များအား ကြုံတွေ့ရသည့် အချိန်တွင် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် ကောင်းကျိုး ချမ်းသာတို့အား ထိန်းသိမ်း ထားနိုင် စေခဲ့ပါသည်။

လူအများ၏ သွားလာနိုင်မှု ပိုမိုကောင်းမွန်စေရန်နှင့် အမှီအခိုကင်းမှုကို အကူအညီပေးရန် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် စီမံချက်များ မှ အထောက်အကူပြုသည့် ကိရိယာ (၆၀၆) ခုအား ဝေငှပေးခဲ့ပြီး လူမှုရေးဆိုင်ရာ သုတေသနလုပ်ဆောင်မှုအဖွဲ့ (SPRRG) မှ ၎င်းတို့အား မည်သို့ အသုံးပြုရမည်ကို လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ ထပ်မံ၍ စစ်ကိုင်းတိုင်းဒေသကြီးမှ မသန်စွမ်းသူ ၂၀၄ ဦးသည် ၎င်းတို့၏ သွားလာနိုင်မှုအား ပိုမို အဆင်ပြေ ကောင်းမွန်လာစေရန် အကူအညီပေးသည့် ကိုယ်တိုင်ပြန်လည် ထူထောင်ရေး အစီအစဉ်များ အား SPRRG ထံမှ လက်ခံရရှိခဲ့ပါသည်။ အဆိုပါ ၂၀၄ ဦးထဲမှ (၇)ဦးသည် မိမိကိုယ်မိမိ စောင့်ရှောက်နိုင်သည့် အခြေအနေသို့ တိုးတက်ခဲ့ပြီး၊ (၁၂၁)ဦးမှာ ၎င်းတို့၏ ကိုယ်နေဟန်ထား တိုးတက်ခဲ့ကာ၊ (၈၅)ဦးမှာ ကြွက်သားများ ပြန်လည်အားကောင်းပြီး၊ (၁၂)ဦးသည် ဆုံးရှုံး သွားသည့်/မရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းမှ နာကျင်သည်ဟု ခံစားရခြင်း ပြဿနာကို ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့ပါသည်။

### အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ တိုးတက်စေခြင်း

မသန်စွမ်းသူများသည် ၎င်းတို့တွင် သွားလာမှုနှင့် အရင်းအမြစ်များ၌ အကန့်အသတ်များ ရှိနေသောကြောင့် များသောအားဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား လက်လှမ်းမီ ရယူနိုင်ခြင်း မရှိကြပါ။ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် လူအများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ တိုးတက်စေရန် စျေးကွက် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများအား မသန်စွမ်းသူများအတွက် ဖြစ်နိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား သတ်မှတ် ဖော်ထုတ်ရန်အတွက် စီစဉ်ကျင်းပ ခဲ့ပါသည်။ အခွင့်အလမ်းများအား သတ်မှတ်ဖော်ထုတ်ခဲ့ပြီးသည့်အခါ မသန်စွမ်းသူများအား သင်တန်းများ ပို့ချပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် မသန်စွမ်းသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုဝင် (၃၀၀) ဦးသည် HelpAge International နှင့် Golden Pearl တို့မှ ပို့ချခဲ့သည့် အသက်မွေးမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအား တက်ရောက်ခဲ့ကြပြီး Eden Centre မှ မသန်စွမ်းသည့် ကလေးသူငယ်များ အတွက် သင်တန်းများကို ပို့ချခဲ့ပါသည်။ သင်တန်းမှ ပို့ချခဲ့သည်တို့တွင် ၊ ခြင်းတောင်း ယက်ခြင်း၊ ရက်ကန်းယက်ခြင်း၊ အမွှေးတိုင်ပြုလုပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ သွားရည်စာ ပြုလုပ်ခြင်းနှင့် တယ်လီဖုန်း ပြုပြင်ခြင်းတို့ ပါဝင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် သင်တန်းတက်ရောက်ခဲ့သည့် သူများအနက်မှ မသန်စွမ်းသူနှင့် ၎င်းတို့၏ မိသားစုဝင် (၅၇)ဦးသည် ၎င်းတို့၏ အိမ်ထောင်စု ဝင်ငွေ တိုးပွားလာစေမည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ထောက်ပံ့မှု အကူအညီအား လက်ခံရရှိခဲ့ပါသည်။ အဆိုပါ ထောက်ပံ့မှုများအား Golden Pearl နှင့် HelpAge International တို့မှ ရှမ်းပြည်မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပေးအပ်ခဲ့ပါသည်။

### အီလက်ထရွန်နစ်နည်းဖြင့် ငွေကြေးထောက်ပံ့မှု ရှေ့ပြေးစမ်းသပ်အစီအစဉ်

အစိုးရ၏ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ငွေသား လွှဲပြောင်းပေးအပ်မှုများအား လက်ရှိအချိန်၌ လုပ်အား အများအပြားလိုအပ်ပြီး အလေအလွင့်ဖြစ်နိုင်ချေရှိခြင်းနှင့် ထောက်ပံ့ငွေပေးရန် ကြန့်ကြာနိုင်ချေရှိခြင်းတို့ ဖြစ်စေသည့် လူကိုယ်တိုင် သွားရောက်ပေးခြင်းဖြင့် ပေးပို့နေပါသည်။ HelpAge International ၏ အားလုံးပါဝင်စေသည့် လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံချက် (SPLP) သည် မန္တလေး၊ မကွေး နှင့် ကရင်တို့တွင် အီလက်ထရွန်နစ်နည်းဖြင့် မသန်စွမ်းသူများထံ ငွေကြေးထောက်ပံ့မှုအား စမ်းသပ်ခဲ့ပါသည်။ စမ်းသပ်မှု၏ ရည်ရွယ်ချက်မှာ –

(၁) လူအများ၏ လူမှုဖူလုံရေး အားကောင်းစေရန် ခြွင်းချက်မရှိသည့် ဝင်ငွေရလမ်း တစ်ခု အနေဖြင့် ပံ့ပိုးပေးရန် (၂) ၂၀၂၃ ခုနှစ်တွင် လူမှုရေးပင်စင် ပေးအပ်ခြင်းများ၏ ၄၀% အား အီလက်ထရွန်နစ်နည်းဖြင့် ပေးအပ်နိုင်ရန် ရည်မှန်းထားသည့် DSW ၏ အစီအစဉ်များနှင့်အညီ မြန်မာတနိုင်ငံလုံးတွင် အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့သည့်ပုံစံအား တိုးချဲ့ရန် အလားအလာများအား စမ်းသပ်ရန်တို့ ဖြစ်ပါသည်။ စီမံချက်သည် မှတ်ပုံတင်ခြင်းနှင့် ငွေကြေး ထောက်ပံ့မှု လုပ်ငန်းစဉ်တို့အတွက် DSW နှင့် မြို့နယ်အဆင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (GAD) တို့နှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ GAD မှ အရာရှိများမှ လည်း ငွေကြေးထောက်ပံ့မှုအတွက် ခွဲဝေ ပေးအပ်ရာတွင် ပါဝင်ပတ်သက်ခဲ့ကြပါသည်။ ရပ်ရွာလူထု စေတနာ့ဝန်ထမ်းများအား လက်ခံရယူသူများအား ကူညီပံ့ပိုးပေးရန်နှင့် မသန်စွမ်းသူများနှင့် စီမံချက် ဝန်ထမ်းများ အကြား တုံ့ပြန်မှတ်ချက်များ ပေးရာတွင် ကြားခံလမ်းကြောင်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် တို့အတွက် လေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသော မျှော်လင့်မထားသည့် အကျိုးဆက်အနေဖြင့် ငွေကြေး ထောက်ပံ့မှုအား လက်ခံရရှိစေရန် အတွက် ကူညီပံ့ပိုးပေးခဲ့သည့် ရပ်ရွာလူထုအဖွဲ့ဝင်များသည် လက်ကိုင်ဖုန်း နည်းပညာ အသုံးပြုခြင်းနှင့် ဆက်နွယ်နေသည့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု အသစ်များကို လေ့လာသင်ယူခဲ့ရသည်ကို သတိထားမိခဲ့ပါသည်။ စုစုပေါင်း အနေဖြင့် မသန်စွမ်းသူ ၄၆၁၃

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း | ပြည်နယ်/တိုင်း ဒေသကြီး | မြို့နယ် | ကျေးရွာ/ရပ်ကွက် အရေအတွက် | မသန်စွမ်းသူ အရေအတွက် |
|---|---|---|---|---|
| Eden Centre for Disabled Children | ချင်း | မင်းတပ်၊ မတူပီ၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန် | ၇၈ | ၂,၀၃၇ |
| Golden Pearl | ရှမ်းပြည်မြောက်ပိုင်း | လားရှိုး၊ ကျောက်မဲ၊ သိန္နီ | ၉၀ | ၇၄၀ |
| HelpAge International | ကရင် | ဖာပွန် | ၃၀ | ၃၇၂ |
| HelpAge International | မန္တလေး | မြင်းခြံ၊ နွားထိုးကြီး | ၁၄၀ | ၂,၉၈၅ |
| HelpAge International | မကွေး | ပခုက္ကူ၊ ရေစကြို | ၆၀ | ၁,၂၅၆ |
| Social Policy and Poverty Research Group | စစ်ကိုင်း | ဘုတလင် | ၂၀ | ၄၃၈ |

ဦး (အမျိုးသမီး ၅၄%) ထံ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ခဲ့ပါသည်။ ယခုအခါတွင် ထောက်ပံ့ငွေ ရရှိသူများသည် ၎င်းတို့ကိုယ်တိုင် ငွေထုတ်ယူရန်အတွက် ငွေထုတ်ပေးသည့် နေရာများသို့ သွားရောက်ခြင်း (သို့) ထိုသို့လုပ်ဆောင်ရန် ကိုယ်စား ထုတ်ယူရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းများ ပြုလုပ်ကာ လုပ်ငန်းစဉ်တွင် ၎င်းတို့၏ ပူးပေါင်းပါဝင်လာမှုကို တိုးတက်လာပါသည်။

## မူဝါဒဆိုင်ရာ အထောက်အကူပြု ဆောင်ရွက်မှု

HelpAge International ၏ ကိုယ့်အားကိုယ်ကိုး အုပ်စုများ ပါဝင်သည့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်း၏ မော်ဒယ်ပုံစံအား ဒီဇိုင်း ရေးဆွဲပြီး မန္တလေးတိုင်းဒေသကြီးရှိ စီမံချက်နေရာများတွင် DSW မှ ထည့်ဝင်မှုများနှင့်အတူ စမ်းသပ် ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် DSW မှ သဘောတူ လက်ခံခဲ့ပြီး လူမှုကာကွယ် စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၏ တစိတ်တဒေသဖြစ်သည့် စံပြပုံစံ အနေဖြင့် ၎င်းအား ပုံတူကူးယူမည် ဖြစ်ပါသည်။

SPRRG စီမံချက်သည် စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ စီမံကိန်း ဝန်ထမ်းများ၏ လက်တွေ့ အတွေ့အကြုံများနှင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဆင့်၌ စဉ်ဆက်မပြတ် စည်းရုံးလှုံ့ဆော်မှု တို့မှတဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များ အားလုံးတွင် မသန်စွမ်းသူများ အားလုံး ပါဝင်စေရန်အတွက် အဓိကအားဖြင့် ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာန နှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်အနေဖြင့် DRD သည် ရပ်ရွာလူထုခန်းမများ အတွက် မသန်စွမ်းသူများနှင့် ကိုက်ညီမည့် အခြေခံအဆောက်အဦ ဒီဇိုင်းပုံစံအား ထည့်သွင်းခဲ့ပြီး လက်ရှိ အခြေခံ အဆောက်အဦများအား မသန်စွမ်းသူများနှင့် ကိုက်ညီသည့်ပုံစံဖြစ်အောင် ပြန်လည် ပြင်ဆင် မွမ်းမံခဲ့ပါသည်။

## လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ

မသန်စွမ်းသူများသည် အိမ်တွင်းအကြမ်းဖက်မှု၊ ကျားမ အခြေပြုသည့် အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ထက် ပြုကျင့်မှုတို့အတွက် အားနည်းထိခိုက်လွယ်မှု အရှိဆုံး အုပ်စုများ အနက်မှ အုပ်စုတစ်စု ဖြစ်ပါသည်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများ၏ ဒဏ်ခံရသည့် ဒေသများတွင် ကျားမအခြေပြု အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အနိုင်ထက်ပြုကျင့်မှုနှင့် မသန်စွမ်းမှု တို့အကြား ခိုင်မာသည့် ဆက်နွယ်မှုများ ရှိပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များတွင် အဆိုပါ ဖြစ်ရပ်များအား စီမံခန့်ခွဲရာ၌ အတွေ့အကြုံ နှင့် စွမ်းဆောင်ရည် အနည်းငယ်သာ ရှိပါသဖြင့် ညွှန်းပို့ခြင်းနှင့် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများ ဆိုင်ရာ ကဏ္ဍများတွင် DSW နှင့် အမျိုးသမီး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

နောက်ထပ်ကိစ္စရပ်မှာ မျက်မြင်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုမရှိသောသူများနှင့် အလုပ်လုပ်နိုင်သည့်သူများသည် မသန်စွမ်းသူ မဟုတ်ဟူသည့် ယူဆသည့် ကျေးလက်နှင့် မြို့နယ်အဆင့် အာဏာပိုင်များမှ မသန်စွမ်းမှု၏ အဓိပ္ပါယ်အား လွဲမှားစွာ နားလည် သဘော ပေါက်မှုနှင့် သက်ဆိုင်ပါသည်။ ပုံမှန်အားဖြင့် မသန်စွမ်းမှုဆိုင်ရာ ကိစ္စရပ် များအား ရပ်ရွာလူထုအကြားတွင် ဆွေးနွေးလေ့ မရှိသည့်အပြင် မသန်စွမ်းမှုနှင့် သက်ဆိုင်သည့် လူမှုအခွင့်အရေးများနှင့် လူ့အခွင့်အရေးဆိုင်ရာ နမူနာပုံစံများ၊ ချဉ်းကပ်နည်းလမ်းများနှင့် အားလုံး ပါဝင်စေခြင်း တို့မှာ လူမှုအသိုင်းအဝန်းများအတွက် အလွန်အသစ် ဖြစ်နေပါသည်။ လူမှုအသိုက်အဝန်းများမှ မသန်စွမ်းသူများအား ပြဿနာ နှုရသော အားကိုးရာမဲ့သူများအဖြစ် ရှုမြင်ခဲ့သဖြင့် မသန်စွမ်းမှုအတွက် ချို့ငဲ့သူများအား ကူညီသည့် ချဉ်းကပ်နည်းလမ်းနှင့် ပိုမို၍ အကျွမ်း တဝင်ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် အပူပိုင်းဇုန်၌ HelpAge International မှ ဆောင်ရွက်ခဲ့သည့် မသန်စွမ်းမှုအတွက် ငွေကြေး ထောက်ပံ့မှုအပေါ် လေ့လာမှုမှ ရှာဖွေတွေ့ရှိခဲ့သည်များကဲ့သို့ပင် LIFT ၏ မသန်စွမ်းမှုဆိုင်ရာ စီမံချက် ဒေသများတွင်လည်း မသန်စွမ်းသူ ကိုယ်တိုင်က ဖယ်ကျဉ်သည့် (သို့) လူအများနှင့် ၎င်းတို့၏ မိသားစုဝင်များမှ မသန်စွမ်းသည့်သူတယောက် အဖြစ် သတ်မှတ်ခံရမည်အား မလိုလားသည့် ဖြစ်ရပ်များအား တွေ့ရှိခဲ့ပါသည်။ မသန်မစွမ်းမှုဆိုင်ရာ အသိပညာပေးသည့် လှုပ်ရှားဆောင်ရွက်မှု များတွင် အာရုံစိုက်မှုမှာ မသန်စွမ်းသူများရှိသည့် မိသားစုများနှင့် ၎င်းတို့၏ လူမှု အသိုင်းအဝန်းများထံ ဦးတည်ရည်ရွယ်ရန်မှာ လွန်စွာ အရေးကြီးပါသည်။

LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအား မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုများအား ပို့ချပေးပြီး နောက်ပိုင်း၌ အခြားပုံစံများဖြင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကူညီပံ့ပိုး ပေးခြင်းဆိုင်ရာ လိုအပ်ချက်အား ဖော်ထုတ်သတ်မှတ်ခဲ့ပါသည်။ များသောအားဖြင့် အိမ်ထဲတွင်သာ နေရသည့် မသန်စွမ်းသူများအတွက် မိဘများနှင့် ဆွေမျိုးအရင်းအချာများထဲ ပြုစုစောင့်ရှောက်ပေးသူ တစ်ဦးသာရှိပါက ၎င်းတို့အနေဖြင့် အိမ်မှ အပြင်သို့ သွားရောက်ရန်နှင့် ပြင်ပ၌ အလုပ်ထွက်လုပ်ရန် ခက်ခဲသည်အား တွေ့ရှိရပါသည် ။ အိမ်တွင် နေထိုင်ပြီး ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများသည် ၎င်းတို့အတွက် အသင့်တော်ဆုံး ဖြစ်ပါသည်။ ထိုနည်းတူစွာ ကြုံတွေ့နေရသည့် မသန်စွမ်းမှု အမျိုးအစားနှင့် အတားအဆီးများအပေါ် မူတည်၍ မသန်စွမ်းသူ များအတွက် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းမှာလည်း မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုနှင့် လိုအပ်ချက်များ အလိုက် ကိုက်ညီ ပြုပြင်သွားရန် လိုအပ်ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် မသန်စွမ်းသူများအတွက် ကိုယ့်အားကိုယ်ကိုး အုပ်စုများမှ တဆင့် ကဲ့သို့သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်နိုင်ရန်အတွက် အခြားနည်းလမ်းများကို သုတေသန ပြုလုပ်နေပါသည်။

## လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်း

မကြာသေးမီ နှစ်များအတွင်း၌ လူမှုဝန်ထမ်းဦးစီးဌာနသည် ၎င်း၏ အဓိက လူသိများပြီး အထင်ကရဖြစ်သော စီမံကိန်းများ – မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးခြင်း (MCCT) နှင့် လူမှုရေးပင်စင်တို့အား တိုးမြှင့်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် MCCT သည် ချင်း၊ ရခိုင်၊ ကယား၊ ကရင် နှင့် နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတို့အား လွှမ်းခြုံခဲ့ပါသည်။ လူမှုရေးပင်စင်များတွင် ခံစားခွင့်ရှိသော အသက်အရွယ်အား ၉၀ နှစ်မှ ၈၅ နှစ် သို့ လျှော့ချခဲ့ပြီး လူမှုရေးပင်စင် အစီအစဉ်တွင် စာရင်းပေးသွင်းသည့် လူဦးရေ အရေအတွက် တိုးလာသည့် ရလဒ်ကို ရရှိစေခဲ့ပါသည်။ ပြီးပြည့်စုံပြီး ရေရှည် တည်တံ့ခိုင်မြဲမည့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်သည့် စနစ်တစ်ခုအား ပေးအပ်နိုင်ရန်အတွက် အဓိက အစိတ်အပိုင်း များထဲမှ တစ်ခုမှာ တနိုင်ငံလုံးတွင် အရည်အချင်း ပြည့်မီသည့် လူမှုဝန်ထမ်း လုပ်သားများ ထားရှိနိုင်ရန် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် DSW သည် လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်း (GISW) အတွက် ကူညီပံ့ပိုးပေးရန် LIFT အား ချဉ်းကပ်ခဲ့ပါသည်။ GISW သည် မြန်မာနိုင်ငံတွင် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်းအတွက် အရည်အချင်း ပြည့်မီသည့် လူမှုဝန်ထမ်း လုပ်သားများ မွေးထုတ်ရန် ရည်မှန်း ထားပါသည်။ ဆွေးနွေးဆဲဖြစ်သည့် နည်းပညာဆိုင်ရာ ကူညီထောက်ပံ့မှု၏ အဓိက ရှုဒေါင့်များသည် GISW ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် အစပိုင်း အကောင်အထည်ဖော်ဆောင်ရေးတွင် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး သာမက သင်ရိုး ညွှန်းတမ်းများနှင့် သင်တန်းဌာန ဖွံ့ဖြိုး တိုးတက်ရေး အပါအဝင် အဓိက ကဏ္ဍများအပေါ် အာရုံစိုက်ပါသည်။

## ၄.၅။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်မှုနှင့် ကြံ့ကြံ့ခံနိုင်မှု[၈၉]

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဓိကကျသော မောင်းနှင်အား အဖြစ် လက်ခံထား ပါသည်။ ခိုင်မာအားကောင်းသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ဆင်းရဲနွမ်းပါးမှု၏ အတိုင်းအတာအား လျှော့ချနိုင်ခြင်းရှိမည် မဟုတ်ပါ။ သို့သော်လည်း သဘာဝ သယံဇာတများ လျော့ပါးလာခြင်းနှင့် ပျက်စီးသွားစေခြင်းတို့နှင့် မညီမျှမှုအား တိုးပွားလာစေရန် ဦးတည်သည့် ဝန်ဆောင်မှုများပေါ်တွင် မှီတည်နေသဖြင့် ဤမော်ဒယ်ပုံစံ၏ ရေရှည်တည်တံ့ခိုင်မြဲမှုမှာ မေးခွန်း ထုတ်စရာ ဖြစ်လာ ပါစေသည်။

ရေရှည်တည်တံ့ခိုင်မြဲမှုမရှိသည့် ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် အားလုံးပါဝင်စေမှု[၉၀] အယူအဆ သဘောထား တစ်ရပ်လုံးအား ခြိမ်းခြောက်ခံရခြင်းရှိနေပါသည်။ ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံး လူမှုအသိုက်အဝန်းများ အနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များနှင့် အကျိုးကျေးဇူး များအပေါ် မှီခိုနေသောကြောင့် အချိုးမမျှတစွာ သက်ရောက်ပါသည်။ ၎င်းတို့သည် ရာသီဥတုပြောင်းလဲမှုအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးယိုယွင်းမှုမှ ပိုမိုဆိုးရွားစေသည့် မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှုတို့ကြောင့် ပိုမို၍ ထိခိုက်လွယ်နေပြီး အနိမ့်ဆုံး ကိုင်တွယ်ဖြေရှင်းနိုင်သူများ ဖြစ်ပါသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် သဘာဝသယံဇာတများကို ရရှိနိုင်ပြီး ကောင်းမွန်စွာ စီမံခန့်ခွဲကာ အကျိုးရှိစွာ အသုံးပြုနိုင်ပါက အကျိုးကျေးဇူး ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် စီးပွားရေးတိုးတက်မှုကို ရရှိသော်လည်း ရာသီဥတုပြောင်းလဲမှု၏ အကျိုး သက်ရောက်မှုများမှာ ဖွံ့ဖြိုး တိုးတက်မှု၏ ရလဒ်များကို လျော့ပါးစေပြီး အကယ်၍ အဆိုပါ သက်ရောက်မှုများကို စီမံခန့်ခွဲခြင်း(သို့) ဖြေရှင်းနိုင်ခြင်းမရှိပါက[၉၁] အနာဂတ်တွင် ထိုအတိုင်း ဆက်လက်လျော့ပါးနေဦးမည် ဖြစ်သည်။ ဂရုပြုလေ့လာခဲ့ပြီး ခန့်မှန်းထားခဲ့သည့် ရာသီဥတု ပြောင်းလဲမှု များတွင် အပူချိန် မြင့်တက်ခြင်းများ၊ မိုးရေချိန် ပြောင်းလဲမှုများနှင့် ဆိုင်ကလုန်း မုန်တိုင်းများ၊ ရေကြီး ရေလျှံခြင်းများ၊ မိုးခေါင် ရေရှားမှုများ၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများနှင့် အပူချိန်ဆိုးရွားစွာ မြင့်တက်ခြင်းကဲ့သို့သော ဆိုးရွားပြင်းထန်သည့် ရာသီဥတု ဖြစ်ရပ်များ ဖြစ်ပွားမှု တိုးမြင့်လာခြင်းနှင့် ပြင်းထန်လာခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် အနောက်တောင် မုတ်သုန်လေ နောက်ကျမှ ဝင်ရောက်ခဲ့ပြီး စောစီးစွာ ထွက်ခွာ[၉၂] သွားသောကြောင့် မုတ်သုန်ရာသီကာလ တိုတောင်းလာခြင်းအား ကြုံတွေ့နေပြီ ဖြစ်ပါသည်။

### လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်စေခြင်းမှ တဆင့် ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်ခြင်း

LIFT သည် စီမံကိန်း ဆောင်ရွက်ချက် အမျိုးမျိုးမှတဆင့် ရပ်ရွာလူထု၏ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေ ဖြစ်စေရန်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းအား တည်ဆောက်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများတွင် ရပ်ရွာလူထုများအား ကူညီပံ့ပိုးပေးပါသည်။ အဆိုပါ စီမံကိန်း ဆောင်ရွက်ချက်များမှတဆင့် မြေယာပိုင်ဆိုင်သည်ဖြစ်စေ၊ မြေယာမဲ့သည်ဖြစ်စေ အဆိုပါအိမ်ထောင်စုများ အနေဖြင့် ဂင်ငွေရလမ်း အမျိုးမျိုးမရှိပါက အကျပ်အတည်းများနှင့် ဖိအားများ ကြုံတွေ့သည့်အခါ ပိုမိုအားနည်းထိခိုက်လွယ်ကြကြောင်း မကြာခဏ တွေ့ရှိရပါသည်။ အခြားသော အသက်မွေးဂမ်းကျောင်းဆိုင်ရာ ရွေးချယ်ရာနည်းလမ်းများဖြင့် အမျိုးမျိုးသော ဝင်ငွေရရှိခြင်းသည် တနိုင်ငံလုံးရှိ အိမ်ထောင်စုများ၌ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနိုင်သည့် စွမ်းဆောင်ရည်များ တိုးမြှင့်စေခြင်းနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း တို့တွင် အဓိကကျသည့် မဟာဗျူဟာဖြစ်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ လူမှုအသိုက်အဝန်းများအတွက် ဂင်ငွေရလမ်း အမျိုးမျိုးတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှု ရလဒ်များရှိသည့် သီးနှံများနှင့် သီးနှံစိုက်ပျိုးပုံ နည်းစနစ်များ ပြောင်းလဲခြင်း၊ တိရစ္ဆာန် မွေးမြူထုတ်လုပ်ရေး စနစ်များ၊ ငါးမွေးမြူရေးလုပ်ငန်း လယ်တောအိမ်အခြေပြုသည့် ထုတ်လုပ်မှုစနစ်များ (ဆိုလိုသည်မှာ အိမ်တွင်း ဥယျာဉ်များ။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း အသေးစားများ) အရှိန်မြှင့်တင်ခြင်း တို့ပါဝင်ပါသည်။ အလွယ်တကူ ပြုပြင်ပြောင်းလဲ နိုင်ခြင်း၊ လျင်မြန်စွာ ပြောင်းလဲနိုင်ခြင်း၊ များသောအားဖြင့် တစ်မျိုးတည်းအား အာရုံစိုက်၍ “အထူးပြု လုပ်ဆောင်ခြင်း” ၏ အကျိုးဆက် အနေဖြင့် တန်ဖိုးမြှင့် ကွင်းဆက်များတွင် “ပိတ်မိ” နေခြင်းမှ ရှောင်ခွာနိုင်ခြင်းနှင့် အခြေခံအဆောက်အဦ တို့သည် အနာဂတ်တွင် ဖြစ်ပေါ် လာသည့် ရာသီဥတုများအတွက် အကြီးမားဆုံးကြံ့ကြံ့ခံနိုင်စွမ်းကို ပေးအပ်နိုင်မည်ဖြစ်ပါသည်။ များပြားလှသည့် မြို့ပြနေ လူဦးရေများ အတွက် ပံ့ပိုးပေးနေသည့် ကျွန်ုပ်တို့၏ ခေတ်မီ စားနပ်ရိက္ခာထောက်ပံ့မှုစနစ် အများအပြားသည် စူပါမားကက်များ သို့ “အချိန်မီ” ပို့ဆောင်သည့် ပုံစံပေါ်တွင် မှီတည်နေပြီး ၊ ထောက်ပံ့ ပို့ဆောင်ရေး လမ်းကြောင်းမှာ တစ်ခုတည်းဖြစ်သဖြင့် အကယ်၍ ထောက်ပံ့ရေး ကွင်းဆက်များ ပြတ်တောက်သွားပါက ထိုအချင်းအရာ နှစ်မျိုးစလုံးက သိသာထင်ရှားသည့် အန္တရာယ်များ ကျရောက်စေမည် ဖြစ်ပါသည်။ အမျိုးမျိုးကွဲပြားခြားနားမှုရှိပြီး၊ ဗဟိုချုပ်ကိုင်မှု မရှိသော စားနပ်ရိက္ခာပေးပို့သည့် ကွင်းဆက်များဆီသို့ ဦးတည်၍ မြှင့်တင်ပေးခြင်းသည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အနှောင့်အယှက် ဖြစ်စေသော ထိတ်လန့်ခြင်းများ အတွက် ကြံ့ကြံ့ခံနိုင်စွမ်းအား တည်ဆောက်ရာတွင် အဓိကကျမည်ဖြစ်ပါသည်။ အဆိုပါ ချဉ်းကပ်နည်းလမ်း၏ ဥပမာတစ်ခုမှာ စီမံချက်မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဒေသတွင်း ဈေးကွက်များသို့ ဖြန့်ဖြူးပေးပို့မည့် ဗဟိုချုပ်ကိုင်မှု လျှော့နည်းသည့် ဆီထုတ်လုပ်သည့် စက်ရုံ (၆)ရုံ တည်ထောင်ခြင်းအပေါ် အာရုံစိုက်သည့် မေတ္တာမှအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော တောင်ပေါ်ဒေသစားနပ်ရိက္ခာ ဖူလုံရေးနှင့် ဈေးကွက်ဝင်ရောက်ခြင်း (UFS–PM) စီမံချက်တွင် ထင်ရှားမြင်သာပါသည်။

၈၉ LIFT စီမံကိန်းများရှိ ကြံ့ကြံ့ခံနိုင်မှုကို အဓိပ္ပါယ်ဖွင့်ရလျှင် မက်ကရို၊ မိုက်ကရို လူမှုစီးပွားရေး ဖိအားများနှင့် ရာသီဉ_တု ပြောင်းလဲမှုများကြောင့် ကြုံတွေ့ရသည့် ဖိစီးမှုများ၊ အကျပ်အတည်းများကို လူတစ်ဦးချင်းအလိုက်၊ အိမ်ထောင်စုအလိုက်၊ ရပ်ရွာအလိုက် ရင်ဆိုင်ကျော်လွှားနိုင်ခြင်းဟု ဆိုရမည် ဖြစ်သည်။

၉၀ ဤတွင် အားလုံးအကျုံးဝင်ပါဝင်မှုကို ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် လူမှုစောင့်ရှောက်ရေးများတွင် ပါဝင်စေခြင်းဟု မှတ်ယူနိုင်သည်။

၉၁ Myanmar Climate Change Strategy 2018 – 2030 [MCCS] 2019. Ministry of Natural Resources and Environmental Conservation (MONREC). http://unhabitat.org.mm/publications/myanmar–climate–change–strategy–2018–2030/

၉၂ Myanmar National Adaptation Programme of Action 2012 https://unfccc.int/resource/docs/napa/mmr01.pdf

မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် LIFT စီမံကိန်း လုပ်ငန်းအများစု၏ အဓိက လုပ်ငန်းများမှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အား မြှင့်တင်ခြင်း ဖြစ်ပါသည်။ ယင်းမှ မြန်မာနိုင်ငံအစိုးရ၏ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ မဟာဗျူဟာနှင့် ချိန်ညှိထားပြီး ကူညီပံ့ပိုးပေးကာ လုပ်ကွက်ငယ် တောင်သူများအတွက် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုများ အား ခိုင်မြဲသည့် လိုက်လျောညီထွေရှိမှု၊ လျော့ပါးစေနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုတို့အတွက် အခွင့်အလမ်း တစ်ရပ်ကို ပေးအပ်ပါသည်။ GAP နှင့် ဆက်စပ်နေသည့် အကြောင်းတရားများအတွင်းတွင် ပိုမို၍ရှေးရိုး စွဲဆန်သော ချဉ်းကပ် နည်းလမ်းများအား ဦးတည်သည့် ပြောင်းလဲမှုတစ်ရပ် အနေဖြင့် နည်းစနစ်အမျိုးမျိုးတို့ကို မြှင့်တင်ပေးခဲ့ပါသည်။ ယင်းတို့တွင် ပါဝင်သည်များမှာ–

**ဓာတ်မြေသြဇာအသုံးပြုမှု အဆင့်မြှင့်တင်ခြင်း** – မြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများအား ပမာဏ နည်းနည်းနှင့် အကြိမ်ကြိမ် ခွဲကျွေးခြင်း နည်းလမ်းအား ကျင့်သုံးသည့် အနေဖြင့် စပါးအခြေခံသည့် စိုက်ပျိုးမှု စနစ်များတွင် ယူရီယားအသုံးပြုသည့် ပမာဏကို တစ်ဧက လျှင် (၄) အိပ်မှ (၂)အိပ်သို့ လျှော့ချရန်အတွက် အားပေး တိုက်တွန်းခဲ့ပြီးဖြစ်ပါသည်။ LIFT ၏ မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်း တလျှောက်လုံးတွင် တောင်သူ ၇၇,၀၀၀ ကျော်သည် GAP သင်တန်းအား ပါဝင်တက်ရောက်ခဲ့ကြပါသည်။ သမားရိုးကျ အယူအဆအပေါ် အခြေခံ၍ ခန့်မှန်းပါက အဆိုပါ လယ်သမားများ၏ ၁၀% သည် အစဉ်အလာအားဖြင့် တစ်ဧကလျှင် အသုံးပြုသည့် နှုန်း (၄)အိတ်မှ ထောက်ခံအကြံပြုခဲ့သည့် (၂)အိတ်နှုန်းသို့ ပြောင်းလဲကျင့်သုံး ခဲ့ကြသဖြင့် မြစ်ဝကျွန်းပေါ် အစီအစဉ်၏ ၇ နှစ်တာ ကာလအတွင်း ယူရီယား စုစုပေါင်းပမာဏ မက်ထရစ်တန် ၄၀,၀၀၀ အားသက်သာစေခဲ့ပါသည်။ ယင်းမှ ကာဗွန် ဒြပ်စင်များကို သိသာစွာ လျှော့ပါးစေနိုင်သည်သာမက တောင်သူများ အတွက် ကုန်ကျစရိတ်များကို သက်သာစေပါသည်။ ၂၀၁၉ ခုနှစ်တွင် International Fertilizer Development Centre ၏ ကယားပြည်နယ် အတွက် သင်တန်းအစီအစဉ်အပေါ် အာရုံစိုက်မှုကြောင့် နိုက်ထရိုဂျင် ဓာတ်ငွေ့လျှော့နည်းစွာ ပေါင်းစပ်ထားသည့် ဓာတ်မြေသြဇာ သွင်း အားစုတွင် ပမာဏနည်းနည်းနှင့် အကြိမ်ကြိမ်ခွဲကျွေးသည့် နည်း လမ်းအား ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးကြောင့် အဓိကအားဖြင့် အာဟာရဓာတ် စီမံခန့်ခွဲမှု တိုးတက်လာခဲ့သဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်တွင် ပြောင်းစိုက်ပျိုးမှုအတွက် ပျမ်းမျှအမြတ်ငွေ ၈၂% တိုးတက် လာခဲ့ကြောင်း လက်တွေ့ပြသနေပါသည်။ များစွာသော IP များသည် တောင်သူများ၏ မြေယာများ၏ မြေသြဇာများ တိုးတက် ကောင်းမွန် စေသည့် နည်းလမ်းအနေဖြင့် စပါးခွံမှ ဇီဝမီးသွေး ထုတ်လုပ်ခြင်းအား မြှင့်တင်ခဲ့ပါသည်။ ဤသည်မှ အိမ်ထောင်စု အဆင့်၌ ဇီဝမီးသွေး ထုတ်လုပ်ခြင်းတွင် ဆန်းသစ်တီထွင်မှုများ ထွက်ပေါ် လာသည့် ရလဒ် အားရရှိစေခဲ့ပါသည်။

**မျိုးစေ့ အဆင့်မြှင့်တင်ခြင်း** – LIFT ၏ စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်း လုပ်ငန်းများ၏ ကြိုးပမ်းအားထုတ်မှုအများစုသည် အရည်အသွေး ပြည့်မီသည့် မျိုးစေ့နှင့် ဆက်စပ်နေသည့် အထွက်နှုန်းဆိုင်ရာ အကျိုးကျေးဇူးများအား လက်လှမ်းမီရယူနိုင်မှု တိုးတက်ခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံ ရရှိခဲ့ပြီးဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ် ဒေသ အစီအစဉ် (၂) နှင့် (၃) တို့၏ အရည်အသွေး ပြည့်မီသည့် စပါး မျိုးစေ့ ထုတ်လုပ် ခြင်းမှ တစ်ဧက အထွက်နှုန်း ၁၀–၁၅ တင်း အထိ တိုးတက်လာစေရန်အတွက် အကူအညီပေးခဲ့ပြီး ဖြစ်ပါသည်။ စီမံကိန်း တလျှောက်လုံး၌ IP များမှ အရည် အသွေးပြည့်မီသည့် မျိုးစေ့ ၁၃၃,၂၇၁ တင်း နီးပါး ထုတ်လုပ်ခဲ့သည်ဟု လက်ခံယူဆပြီး အထက် တွင် တိုးတက်လာခဲ့သည့် တစ်ဧကထွက်နှုန်း ၁၅တင်း တိုးတက်ခဲ့ သည်ဟု လက်ခံယူဆခဲ့ပါက စပါးနှင့် ကောက်ရိုးတွင် တိုးတက်လာခဲ့ သည့်အတွက် နှုန်းများမှ ဇီဝအခြေခံပစ္စည်းများမှ ကာဗွန်ထုတ်လုပ်မှု တွင် မက်ထရစ်တန် ၂၅၀၀၀ နှင့် ၂၇၀၀၀ နီးပါး အသီးသီးရှိပါသည်။ ပိုမို ကောင်းမွန်သည့် ပဲမျိုးစုံ စိုက်ပျိုးမှု တိုးတက်လာခြင်းသည် ဇီဝဗေဒ နိုက်ထရိုဂျင် ပေါ်တွင် ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရှိပြီး ဩဂဲနစ် မဟုတ်သည့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ပါဝင်သည့် ဓာတ် မြေသြဇာများအပေါ် မှီခိုနေမှု လျော့ကျစေခဲ့ပါသည်။

## ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ လေ့လာမှုများ

၂၀၁၉ ခုနှစ်တွင် LIFT မှ တာဝန်ပေးအပ်သည့် စေ့စေ့စပ်စပ်လေ့လာ မှု (၃)ရပ်မှ ရှာဖွေ တွေ့ရှိချက်များ[၉၃] အား စုစည်းသုံးသပ်ထားသည့် အစီရင်ခံစာအား ထုတ်ဝေခဲ့ပါသည်။ အဆိုပါ လေ့လာမှုများသည် အကဲဖြတ်သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ မေးခွန်း ဖြစ်သည့် “မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်း ခိုင်မာစေခြင်းတွင် LIFT သည် မည်သည့် အတိုင်းအတာ အထိ ဖြည့်ဆည်း ပေးခဲ့သည်နှင့် ၎င်းတို့အား “တောင့်ထား” “တက် လှမ်း” နှင့် “ ထွက်ခွာ” နိုင်စေရန်တို့အတွက် မည်သည့် အတိုင်း အတာ အထိ ကူညီပေးခဲ့သည်” ဆိုသောမေးခွန်းအား ဖြေရှင်းပေးခဲ့ပါသည်။

လေ့လာမှုများသည် အဓိကအားဖြင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် တွင် (၂) ကြိမ်ပြုလုပ်ခဲ့သည့် အိမ်ထောင်စုစစ်တမ်း များမှ LIFT ၏ အရေအတွက်ဆိုင်ရာ ရွေးချယ်ထားသည့် ဆန်းစစ်မှုများမှ အချက်အလက်များနှင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ပြုလုပ် ခဲ့သည့် စီမံကိန်း အကြောင်းအရာ လူတွေ့မေးမြန်းခြင်းတို့မှ တ ဆင့်ကောက်ယူခဲ့သည့် အရည်အသွေးဆိုင်ရာ အချက်အလက်များ နှင့် တဆင့်ခံ အချက် အလက်များနှင့် စီမံချက်အထောက်အထား စာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်းတို့မှ ကောက်ချက်ချထား ပါသည်။

ကြံ့ကြံ့ခံနိုင်စွမ်းရည်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းထားသည့် အစီရင်ခံစာမှ ၎င်း၏ရည်မှန်းချက်များအား ပြည့်မီစေရန်အတွက် LIFT၏ ကြိုးပမ်း အားထုတ်မှုများ၏ သက်ရောက်မှု အနှစ်ချုပ်အားပေးအပ်ပြီး အနာဂတ် တွင်ရှေ့ဆက်လက်လုပ်ဆောင်မည့် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရေးအတွက် အကြံပြုထောက်ခံချက်များပေးအပ်ပါသည်။ အဓိက ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြု ထောက်ခံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

အိမ်ထောင်စုများ၏ ၅၀% ကျော်သည် အကျပ်အတည်း(သို့) ဖိအားများ အား တနည်းနည်းနှင့် ခံစားရကြောင်း ပြောကြားခဲ့ပြီး အိမ်ထောင်စု များ၏ သုံးပုံတစ်ပုံမှ အဆိုပါထိတ်လန့်ခြင်းများသည် ၎င်းတို့အား ‘ပြင်းပြင်းထန်ထန်’ (သို့) ‘အနည်းငယ် ပြင်းပြင်းထန်ထန်’ သက်ရောက်မှု ရှိကြောင်း အစီရင်ခံပြောကြားခဲ့သောကြောင့် ထိတ်လန့်ခြင်းများ နှင့် ဖိအားများသည် LIFT မှ အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် ဒေသများတွင် အိမ်ထောင်စုများအကြား ဖြစ်နေကျဖြစ်ရပ်များ ဖြစ်ပါသည်။ အိမ်ထောင်စုအဆင့်၌ ‘အိမ်ထောင်စု ဝင်များ ပြင်းထန် စွာ အနာတရဖြစ်မှု၊ ဖျားနာမှုနှင့် သေဆုံးမှု’ များသည် မကြာခဏ ဖြစ်ပွားသည့် ထိတ်လန့်ခြင်းများ (၁၇%) ရှိခဲ့ပြီး ၎င်းနောက်၌ သဘာဝ ဘေးအန္တရာယ်များ (၁၃%)ဖြင့် ဒုတိယလိုက်ပါသည်။ ကျေးရွာအဆင့်၌ မကြာခဏ အစီရင်ခံ တင်ပြခဲ့သည့် ထိတ်လန့်ခြင်းများမှာ သီးနှံပျက်စီး ဆုံးရှုံးခြင်း၊ ဈေးကွက်တွင် သီးနှံဈေးနှုန်းများ ရုတ်တရက်ထိုးကျခြင်း နှင့် အစားအသောက် ပစ္စည်းများ ၏ ဈေးနှုန်းများ တက်ခြင်း တို့ဖြစ် ပါသည်။ အပူပိုင်းဇုန်ရှိ ကျေးရွာများတွင် သီးနှံပျက်စီးခြင်းများ ပြန့်နှံ့မှု (ကျေးရွာများ၏ ၁၉%) နှင့် ဈေးကွက်တွင် သီးနှံဈေးနှုန်းများ ရုတ်တရက် ထိုးကျခြင်းများ (ကျေးရွာများ၏ ၂၅%) ပျံ့နှံ့မှုအတွက် အလားအလာ

၉၃ Ling A. and Travis, C. 2019. Strengthening Resilience in Rural Myanmar 2014 – 2018: A Synthesis Paper. ALINE Impact Limited for LIFT.

များအား ဖန်တီးပေး ခဲ့ပြီး ယင်းနောက်မှ တောင်တန်းဒေသ ကျေးရွာများ လိုက်ပါသည်။ မရှိမဖြစ်လိုအပ်သော အစားအသောက်ဈေးနှုန်းများ ထိုးတက်သွားခြင်း မှာ အပူပိုင်းဇုန်ရှိ ကျေးရွာများ၏ ၁၁%၊ မြစ်ဝကျွန်း ပေါ်ဒေသရှိ ကျေးရွာများ၏ ၉% နှင့် တောင်တန်းဒေသများရှိ ကျေးရွာများ၏ ၈% အသီးသီး ရှိသည်ဟု အစီရင်ခံခဲ့ပါသည်။ ရေကြီး ရေလျှံခြင်းနှင့် မိုးခေါင်ရေရှားမှုများမှာ ကျေးရွာ အနည်းငယ်တွင်သာ သက်ရောက်မှု ရှိခဲ့သော်လည်း အပူပိုင်းဇုန်တွင် အများဆုံး ဖြစ်ပွားခဲ့ပါသည်။ ထိတ်လန့်ခြင်းနှင့် ဖိအားများဒဏ်ခံရခြင်းတို့တွင် အိမ်ထောင်စုများ၏ အားနည်းထိခိုက်လွယ်မှု အဆင့်အတန်းနှင့် အသက်(၅)နှစ်အောက် ကလေးငယ်များ၏ အာဟာရဆိုင်ရာ အဆင့်အတန်းတို့ အပေါ်၌ သိသာ ထင်ရှားသည့် အနှုတ်လက္ခဏာသဘော ဆောင်သည့် သက်ရောက်မှုရှိသည်အား တွေ့ရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ထိတ်လန့်ခြင်း များနှင့် ဖိအားများအား ဒဏ်ခံရသည့် အိမ်ထောင်စုများသည် ကြုံလိုမှုကြောင့် ဖြစ်နိုင်ချေ ပိုများပြီး၊ ထိတ်လန့်ခြင်းနှင့် ဖိအားများ၏ ဒဏ်အား မခံစားရသည့် အိမ်ထောင်စုများထက် အားနည်း ထိခိုက်လွယ်မှု ဖြစ်နိုင်ချေ ပိုမို များပြားပါသည်။

အိမ်ထောင်စုများ၏ ထိတ်လန့်ခြင်းများနှင့် ဖိအားများ တုန့်ပြန်ဆောင်ရွက်ရာတွင် ကိုင်တွယ်ဖြေရှင်းသည့် မဟာဗျူဟာများမှာ အမျိုးမျိုး ကွဲပြားခြားနားပြီး ငွေချေးခြင်း၊ အခြားနည်းလမ်းဖြင့် ဝင်ငွေရရှိအောင် ရှာဖွေခြင်းနှင့် အခြေပစ္စည်းများ လျော့ပါးသွားခြင်း ပါဝင်ပါသည်။ ကြုံတွေ့ခဲ့ရသည့် ထိတ်လန့်ခြင်းနှင့် ဖိအားများ၏ သဘောသဘာဝအပေါ် မူတည်၍ ကွဲပြားသည့် လက်တွေ့ကျင့်သုံးမှု အချို့အား တွေ့ရှိခဲ့ပါသည်။ အရည်အသွေးဆိုင်ရာ အချက်အလက်များမှ ကိုင်တွယ်ဖြေရှင်းရာတွင် ပြောင်းလဲစေနိုင်သည့် အားများ၏ အရေးကြီးသည့် အသိအမြင်များ ပေးအပ်ခဲ့ပါသည်။ ပထမဦးဆုံး အချက်မှာ အကျပ်အတည်းများ(သို့) ဖိအားများဒဏ်ခံရခြင်း နှင့် မအောင်မြင်သည့် လက်တွေ့ ကိုင်တွယ်ဖြေရှင်းခြင်းများကြောင့် ပိုမိုဆိုးရွားသွားခြင်းတို့မှ အစပျိုးပေးသည့် ဆင်းရဲနွမ်းပါးမှုအား ပိုမိုဆိုးရွားစေသည့် အဆိုးသံသရာ စက်ဝန်း တည်ရှိနေခြင်း ဖြစ်ပါသည်။ အခြေပစ္စည်းများ လျော့ပါးလာခြင်းများသည် ဤစက်ဝန်း၏ အဓိက ညွှန်းကိန်း အဖြစ် ပေါ်ပေါက်လာပါသည်။ ဒုတိယ အချက်မှာ အခြေအနေပေါ်မူတည်၍ အကျပ်အတည်းများနှင့် ဖိအားများအား အိမ်ထောင်စုများမှ ကိုင်တွယ် ဖြေရှင်းနိုင်သည့် (သို့) အကြွေး သံသရာ အတွင်းသို့ တွန်းပို့သည့် ငွေချေးခြင်း၏ သဘောသဘာဝ (၂)ရပ် ဖြစ်ပါသည်။ သို့သော်လည်း အတိုးနှုန်းသက်သက်သာသာဖြင့် အကြွေး ရယူနိုင်ခြင်း တိုးချဲ့ခဲ့ခြင်းက ချေးငှားခြင်းအား အတိတ်ကာလကထက် ပိုမို အပြုသဘောဆောင်သည့် အခြေအနေသို့ ရောက်ရှိစေပါသည်။ တတိယ အချက်မှာ ကျားမရေးရာ အခန်းကဏ္ဍနှင့် စံနှုန်းများမှ ဈေးကွက်အား ပြောင်းလဲစေသည့် တွန်းအားများ (ဥပမာ အစားအသောက် ဈေးနှုန်းများ တိုးတက်သွားခြင်းနှင့် သီးနှံဈေးနှုန်းများ ထိုးကျသွားခြင်း) အထိ အခြေခံအဆောက်အဦနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ကဲ့သို့သော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီ ရယူနိုင်မှုနှင့် လူမှုရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုအား ပေးအပ်ရာတွင် အစဉ်အလာအတိုင်း ရှိသည့် လူမှုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ ကျဆင်းလာခြင်းတို့အား လွှမ်းခြုံသည့် ပိုမို ကျယ်ပြန့်သည့် စနစ်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အခြေခံ အကြောင်းများ၏ အခန်းကဏ္ဍ ဖြစ်ပါသည်။

LIFT ၏ အိမ်ထောင်စုစစ်တမ်းမှ အိမ်ထောင်စုများ၏ ၆၆% သည် NGO များ၊ အစိုးရ (သို့) ပုဂ္ဂလိက ကဏ္ဍမှ အချို့သော ပုံစံဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီပံ့ပိုးပေးမှုအား လက်ခံရရှိခဲ့သည်ဟု ညွှန်ပြနေခဲ့ပါသည်။ ၄၉% မှ ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမှုအား လက်လှမ်းမီ ရယူနိုင်ခဲ့သည်ဟု အစီရင်ခံခဲ့ပြီး ၂၄% မှာ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကူညီပံ့ပိုးပေးမှု (သီးနှံ၊ တိရစ္ဆာန် နှင့် ငါး မွေးမြူရေးအပါအဝင်) အား တနည်းနည်းနှင့် လက်ခံရရှိကာ ၂၂% မှာ WASH ကူညီပံ့ပိုးမှုအား လက်ခံ ရရှိခဲ့ပြီး လယ်ယာပြင်ပမှ ဝင်ငွေ ရရှိနိုင်သည့် လုပ်ငန်းများအတွက် ကူညီပံ့ပိုးမှုအား (၆)ရာခိုင်နှုန်းမျှကသာ လက်ခံရရှိခဲ့ပါသည်။ စီမံကိန်းဆောင်ရွက်ချက်အမျိုးမျိုးအား ကြွယ်ဝ ချမ်းသာမှု မတူညီသည့် အုပ်စုအမျိုးမျိုးအား ဦးတည်ရည်ရွယ်ထားကြောင်းတွေ့ရှိရသော်လည်း အိမ်ထောင်စု အများစုသည် အနည်းဆုံး ကူညီထောက်ပံ့မှု (၂)မျိုး ရရှိခဲ့ကြပါသည်။ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများနှင့် ဆင်းရဲနွမ်းပါးမှုအရှိဆုံး အိမ်ထောင်စုများအား ပိုမိုပါဝင်လာစေရန် ကြိုးပမ်းမှုများတွင် တိုးတက်မှုရှိသော်လည်း ကူညီထောက်ပံ့မှုများ ရရှိနိုင်ချေ အနည်းဆုံး ဖြစ်နေဆဲ ဖြစ်ပါသည်။

LIFT ၏ ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ဆောင်ရွက်မှုမှာ ဝင်ငွေနှင့် အခြေပစ္စည်းနှင့် ပတ်သက်၍ ရလဒ်များ ပိုမိုကောင်းမွန်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ယင်းမှာ အကျပ်အတည်းများနှင့် ဖိအားများ ဒဏ်ခံရသည့် အိမ်ထောင်စုများ အကြားတွင် အကြီးမားဆုံး ဖြစ်ကြောင်း ထင်ရှားပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အိမ်ထောင်စုများ၏ ၂၅% သည် ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်နိုင်ခဲ့စဉ် [၉၄] ၁၄% မှာ ဆင်းရဲတွင်းသို့ ကျဆင်းခဲ့သောကြောင့် နွမ်းပါးမှုနှုန်း စုစုပေါင်း (၁၁)% လျော့ချခြင်းနှင့် ညီမျှပါသည်။ ဤလျော့ချမှု၏

အားလုံးနီးပါးသည် LIFT ၏ ကူညီပံ့ပိုးမှုကို လက်ခံရရှိသော အိမ်ထောင်စုများ ဖြစ်ခဲ့ပြီး LIFT မှ ကူညီပံ့ပိုးမှုအား လက်ခံရရှိခြင်း မရှိသော အိမ်ထောင်စု များအကြား ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ခြင်း မရှိသည်နှင့် နှိုင်းယှဉ်လျှင် ဆင်းရဲ နွမ်းပါးမှုနှုန်း၌ ၁၄% လျော့ချနိုင်ခဲ့သည်ဟု ရှုမြင်ပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများအားလုံးတွင် အစီရင်ခံ တင်ပြခဲ့သည့် ရလဒ်များ အားလုံးတွင် ယေဘုယျ တိုးတက်မှုများ ရှိသော်လည်း LIFT မှ ကူညီပံ့ပိုးပေးသည့် အိမ်ထောင်စုများအကြားတွင် တိုးတက်မှုမှာ အကြီးမားဆုံးဖြစ်ပါသည်။ ဆိုလိုသည်မှာ ကူညီပံ့ပိုးမှု ရရှိခြင်း မရှိသော အိမ်ထောင်စုများအတွက် ဝင်ငွေ တိုးလာသည့် ရာခိုင်နှုန်း ၁၉% နှင့် နှိုင်းယှဉ်ပါက ကူညီပံ့ပိုးမှုအား လက်ခံရရှိသော အိမ်ထောင်စုများအတွက် ဝင်ငွေ တိုးလာသည့် ရာခိုင်နှုန်းမှာ ၂၉% ဖြစ်ပါသည်။ စီမံကိန်း ဆောင်ရွက်ချက်များမှ ကူညီပံ့ပိုးမှု ပိုမိုရရှိသော အိမ်ထောင်စုများ – အထူးသဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း ဆိုင်ရာ ကူညီပံ့ပိုးမှုနှင့်အတူ တွဲဖက်၍ ကူညီပံ့ပိုးမှုအား အခြားပုံစံ များဖြင့် ရရှိခဲ့သူများသည် ဝင်ငွေတိုးပွားလာမှုအား တွေ့ကြုံခံစားရမည့် ဖြစ်နိုင်ချေ ပိုများပါသည်။

LIFT ၏ ကူညီပံ့ပိုးမှုသည် အကျပ်အတည်းများနှင့် ဖိအားများ၏ ဒဏ်ခံရမှုကြောင့် ဝင်ငွေအပေါ် အပျက်သဘော ဆောင်သည့် သက်ရောက်မှု အား သိသာထင်ရှားစွာ လျော့ချပေးခဲ့ပါသည်။ သို့သော် အကျပ်အတည်းများနှင့် ဖိအားများ လျော့ပါးစေခြင်းတို့၏ အာဟာရဆိုင်ရာ ရလဒ်များ အပေါ် သက်ရောက်မှုအား အကဲဖြတ်သုံးသပ်နိုင်ခြင်း မရှိခဲ့ပါ။ ယင်းအား အာဟာရဆိုင်ရာ ရလဒ်များအား ပုံဖော်သည့် အခြေခံ အကြောင်းရင်းများ၏ ခက်ခဲရှုပ်ထွေးသည့် အပြန်အလှန် သက်ရောက်မှုများအပြင် စစ်တမ်း၏ ဒီဇိုင်းပုံစံတွင် အကန့်အသတ်များ ရှိနေခြင်းတို့ကြောင့် ဖြစ်သည်ဟု လက်ခံယူဆခဲ့ပါသည်။ ခြုံငုံကြည့်လျှင် အာဟာရဆိုင်ရာ လေ့လာမှုမှ ရာသီအလိုက် စားနပ်ရိက္ခာ မလုံလောက်ခြင်းမှာ ဆက်လက် ရှိနေသော်လည်း လုံလောက်သည့် စားနပ်ရိက္ခာရှိသော လများတွင် အိမ်ထောင်စုများ၏ အာဟာရ ဖွံ့ဖြိုးမှု အခြေအနေ တိုးတက်မှုရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ကြုံလှီမှုတွင် တိုးတက်မှု အသင့်အတင့် ရှိခဲ့သော်လည်း ပုညက်ခြင်းနှင့် ပတ်သက်၍ အခြေအနေမှာ ပိုမိုဆိုးဝါးလျက် ရှိနေပါသည်။ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်းမှာ နိုင်ငံအတွင်း အချို့သော အာဟာရဆိုင်ရာ ရလဒ်များတွင် အဆိုးဆုံး ဖြစ်သည့် ချင်းပြည်နယ်၌ ၂၀၁၇ ခုနှစ် ၌ ကောက်ယူခဲ့သည့် စစ်တမ်းတွင် အိမ်ထောင်စုများ ထပ်မံ၍

[၉၄] ဒေသတွင်းသတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအပေါ် အခြေခံ၍

ထည့်သွင်း ကောက်ယူခဲ့ခြင်းကြောင့် တစိတ်တဒေသအားဖြင့် ဖြစ်နိုင်ပါသည်။ ထို့အပြင် အမျိုးသမီးများအတွက် (လက်မောင်း အလယ်လုံးပတ်အား တိုင်းတာခြင်းများကို အသုံးပြုခြင်း) ကိုယ်အလေးချိန်ပုံမှန်အောက် ရှိနေသည့်နှုန်းမှာ အနည်းငယ်သာ တိုးတက်မှုရှိသည်ဟု တွေ့ရှိခဲ့သော်လည်း ယင်းနှုန်းမှာ ဆက်လက်မြင့်မားဆဲ ဖြစ်နေပါသည်။ အမျိုးသမီးများ၏ အစားအသောက်မျိုးစုံအား အနိမ့်ဆုံး စားသုံးသည့် ရလဒ်များမှ တိုးတက်မှု အသင့်အတင့်သာ ရှိသည်ဟု ညွှန်ပြသော်လည်း အမျိုးသမီးများ၏ ၈၉% သည် လိုလောက်သည့် အာဟာရရရှိခြင်း မရှိသေးသည့် စိန်ခေါ်မှုတစ်ရပ်ကိုလည်း ညွှန်ပြနေပါသည်။ LIFT ကူညီပံ့ပိုးမှုနှင့် ပတ်သက်၍ အာဟာရနှင့် WASH ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက် များသည် အချို့သော ဒေသများတွင် အာဟာရဆိုင်ရာ ပိုမိုဆိုးရွားစေသည့် အလားအလာများကို လျှော့ပါးစေကြောင်း မြင်တွေ့ရပါသည်။

အားနည်းထိခိုက်လွယ်မှုအပေါ် LIFT ကူညီပံ့ပိုးမှု၏ သက်ရောက်မှုမှာ အကျပ်အတည်းများနှင့် ဖိအားများ ဒဏ်ခံရသည့် သူများအကြား အလွန် သိသာထင်ရှားခဲ့ပါသည်။ ခြုံငုံကြည့်လျှင် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများဟု သတ်မှတ်ထားခဲ့သည့် အချိုးမှာ ၂၀၁၅ ခုနှစ်တွင် ၂၄.၅% မှ ၂၀၁၇ ခုနှစ်တွင် ၂၂.၄% သို့ လျှော့ချနိုင်ခဲ့ပါသည်။ သို့သော်လည်း LIFT ၏ စီမံကိန်း ဆောင်ရွက်ချက်တစ်ခုခုနှင့် တွေ့ကြုံရပါက အားနည်းထိခိုက်လွယ်သည်ဟု သတ်မှတ်ခဲ့သည့် အကျပ်အတည်းများနှင့် ဖိအားများအား ကြုံတွေ့ခဲ့သည့် အိမ်ထောင်စုများ၏ အချိုးအား ၂၆% မှ ၂၃% သို့ လျှော့ချနိုင်ခဲ့ပါသည်။ အားနည်းထိခိုက်လွယ်မှုတွင် ပိုမို၍ များပြားစွာ လျော့ကျလာမှုများအား WASH ကူညီပံ့ပိုးမှုအား လက်ခံရရှိသည့် အိမ်ထောင်စုများ (၃၀% မှ ၁၈% သို့) နှင့် ၎င်းနောက်၌ ငွေရေးကြေးရေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုအား လက်ခံရရှိသည့် အိမ်ထောင်စုများ (၂၈% မှ ၂၂% သို့) တွင် တွေ့မြင်ခဲ့ရပါသည်။ အခြား ပုံစံများဖြင့် ကူညီပံ့ပိုးမှုအတွက် ရလဒ်များမှ စာရင်းဇယားအနေဖြင့် သိသာ ထင်ရှားသည့် သက်ရောက်မှု ရှိခြင်းအား ပြသနိုင်ခဲ့ခြင်း မရှိပါ။ ယင်းနှင့် ဇီလာဆန့်ကျင်စွာပင် ကူညီပံ့ပိုးမှု မရရှိသည့် အကျပ်အတည်းများ၊ ဖိအားများနှင့် တွေ့ကြုံခဲ့ရသည့် အိမ်ထောင်စုများသည် အားနည်း ထိခိုက်လွယ်မှုတွင် ၂၉% မှ ၃၆% သို့ တိုးမြင့်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

**စုစည်းသုံးသပ်ထားသည့် စာတမ်း (၃)စောင်မှ ပေါ်ပေါက်လာသည့် အဓိက ထောက်ခံ အကြံပြုချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်–**

LIFT ၏ ကူညီပံ့ပိုးမှုအား လက်ခံရရှိသော အိမ်ထောင်စုများသည် ကူညီပံ့ပိုးမှုအား လက်ခံရရှိခြင်း မရှိသော သူများထက် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်သည့် ဖြစ်နိုင်ချေ ပိုမိုရှိပြီး ဝင်ငွေတိုးတက်မှုများကို ကြုံတွေ့ခံစားနိုင်ချေ ပိုမိုရှိခဲ့ပါသည်။ သို့သော် တိုးတက်မှုများ ရှိစေကာမူ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အတွင်း၌ လူအများအပြားသည် ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် ရှိနေခဲ့ပြီး ၎င်းတို့၏ ဝင်ငွေများသည် လျော့ကျနေကြောင်း တွေ့ရှိရပါသည်။ LIFT ၏ ကူညီပံ့ပိုးပေးမှုမှ အဆိုပါ အနုတ်လက္ခဏာဆောင်သည့် ရလဒ်များကို လျှော့ပါးစေခဲ့ သော်လည်း ရလဒ်များမှ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် အစဉ်အတိုင်း မဟုတ်သည်အား ညွှန်ပြနေပါသည်။

- အကျပ်အတည်းများနှင့် ဖိအားများသည် စုစုပေါင်း အိမ်ထောင်စုများ၏ ၅၀% အပေါ် သက်ရောက်မှု ရှိပြီး အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံအား ပြင်းပြင်းထန်ထန် (သို့) အနည်းငယ်/အတော်အတန် ပြင်းပြင်းထန်ထန် သက်ရောက်မှု ရှိသည်။ အကျပ်အတည်းများ နှင့် ဖိအားဒဏ်ခံရသည့် လူမှုအသိုက်အဝန်းများနှင့် အိမ်ထောင်စုများသည် ပိုမိုဆိုးရွားသည့် အာဟာရဆိုင်ရာ ရလဒ်များကို တွေ့ကြုံ ခံစားရနိုင်ချေ ပိုမိုရှိပြီး ဆင်းရဲနွမ်းပါးမှုနှင့် အားနည်းထိခိုက်လွယ်မှုတို့ တိုးမြင့်လာကာ ဝင်ငွေများ လျော့ကျခဲ့ပါသည်။
- LIFT ၏ ကူညီပံ့ပိုးမှုဖြင့် အိမ်ထောင်စုများအတွက် ပိုမိုကောင်းမွန်သည့် အကျိုးဖြစ်စေရန် ရည်ရွယ်ခဲ့သော်လည်း အားနည်း ထိခိုက်လွယ်သည့် အုပ်စုများထံ လက်လှမ်းမီ ရောက်ရှိစေရန်အတွက်မှု တိုးတက်မှုမှာ အသင့်အတင့်သာ ရရှိခဲ့ပါသည်။ သို့သော်လည်း အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများနှင့် မသန်စွမ်းသူ ရှိသည့် အိမ်ထောင်စုများ အပါအဝင် အားနည်း ထိခိုက်လွယ်မှု အများဆုံး အုပ်စုများမှာ ဝန်ဆောင်မှု မရရှိခြင်း ဆက်လက်ဖြစ်နေပြီး ဖွံ့ဖြိုးရေး အကူအညီများ၏ အကျိုးကျေးဇူးများ ရရှိနိုင်ချေ အနည်းဆုံး ဖြစ်နေပါသည်။
- စီမံကိန်းဆောင်ရွက်ချက် အမျိုးမျိုးနှင့် အထူးသဖြင့်ငွေရေးကြေးရေး ဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းနှင့် ပေါင်းစပ်ထားသည့် အခြား အမျိုးအစားဖြင့် ကူညီပံ့ပိုးပေးမှုအား လက်လှမ်းမီ ရယူနိုင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်ရန်နှင့် အကျပ်အတည်းများနှင့် ဖိအားများအား ပိုမိုကောင်းမွန်စွာ ကိုင်တွယ် ဖြေရှင်းရန် တို့အတွက် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုများ တိုးပွားလာခြင်းများအား ရရှိ သည်ကို တွေ့မြင်ရပါသည်။
- LIFT ထံမှ ကူညီပံ့ပိုးမှု၏ အကျိုးကျေးဇူးကို ခံစားနေရသည့် အိမ်ထောင်စုများသည် အကျပ်အတည်းများနှင့် ဖိအားများကို ကြုံတွေ့ရသည့်အခါ မည်သည့် ကူညီပံ့ပိုးမှုကိုမျှ မရရှိသော သူများထက် ၎င်းတို့၏ ဝင်ငွေနှင့် အားနည်းထိခိုက်လွယ်မှု တို့တွင် ပြောင်းလဲခြင်းများ နှင့် စပ်လျဉ်း၍ အခြေအနေပိုကောင်းနိုင်ချေ ရှိခဲ့ပါသည်။ ထို့ပြင် အိမ်ထောင်စုတစ်စုသည် ကူညီပံ့ပိုးပေးမှု ပိုမိုရရှိခဲ့ပါက ၎င်းတို့ အနေဖြင့် အောင်မြင်စွာ ကိုင်တွယ် ဖြေရှင်းနိုင်သည့် ဖြစ်နိုင်ချေ ပိုမိုများပြားပါသည်။ သို့သော်လည်း ပိုမိုချမ်းသာ ကြွယ်ဝသည့် မိသားစုများသည် ကူညီပံ့ပိုးမှုအား ရရှိနိုင်ချေ အကျပ်အတည်းများနှင့် ဖိအားများအား ပိုမိုကောင်းမွန်စွာ ကိုင်တွယ် ဖြေရှင်း နိုင်သည့် အလားအလာ နှစ်ရပ်လုံး ပိုမိုမြင့်မားသည်အား မှတ်သားထားသင့်ပါသည်။
- အချို့အိမ်ထောင်စုများမှ အကျပ်အတည်းများနှင့် ဖိအားများ တွေ့ကြုံခဲ့သည့် ရလဒ်အဖြစ် အားနည်းထိခိုက်လွယ်မှုနှင့် ခက်ခဲမှုတို့ တိုးလာလျက်ရှိသည့် စက်ဝန်းအတွင်းသို့ ဝင်ရောက်နိုင်ချေ အန္တရာယ်ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းတို့မှာ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ (သို့) မသန်စွမ်းသူရှိနေသည့် အိမ်ထောင်စုများကဲ့သို့ အားနည်းထိခိုက်လွယ်မှု အများဆုံး အိမ်ထောင်စုများ ဖြစ်နိုင်ပါ သည်။
- အများပြည်သူနှင့် လူမှုအသိုင်းအဝန်း အခြေပြုသည့် အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများသည် အကျပ်အတည်းများနှင့် ဖိအားများအား ကြုံတွေ့ခံစားရသည့်အခါ အိမ်ထောင်စုများအားကိုးအားထား ပြုနိုင်သည့် ပိုမိုကောင်းမွန်သည့် ကိုင်တွယ်ဖြေရှင်းခြင်း ဆိုင်ရာ မဟာဗျူဟာ အမျိုးမျိုးအား ချဲ့ထွင်သည့် အနေဖြင့် ရလဒ်များအား ပံ့ဖော်နိုင်သည့် အရေးကြီးသည့် အခန်းကဏ္ဍ တရပ်အနေဖြင့် ပါဝင်ခြင်း ရှိပါသည်။

မြန်မာနိုင်ငံတွင် အာဟာရ ပြည့်ဝမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု – LIFT မှ ကူညီပံ့ပိုးပေးသည့် ကျေးရွာများရှိ အမျိုးသမီးများနှင့် ကလေး သူငယ်များ၏ အာဟာရဆိုင်ရာ အဆင့်အတန်း တိုးတက်လာခြင်း (၂၀၁၄–၂၀၁၈) (အာဟာရဖွံ့ဖြိုးမှု အပိုင်း ၂) လေ့လာမှုမှ အာဟာရ ပြည့်ဝမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု ရှုဒေါင့်မှတဆင့် LIFT ၏ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ စစ်တမ်း အချက်အလက် များအား အသေးစိတ် လေ့လာဆန်းစစ်မှုအား တင်ပြပါသည်။ ဤလေ့လာမှုမှ LIFT ၏ အာဟာရပြည့်ဝမှု ဆိုင်ရာ စီမံကိန်းများအား ခြုံငုံဖော်ပြခြင်း နှင့် ကလေးသူငယ်များ၏ ကြုံလှီမှုနှင့် ပုညက်မှု နှုန်းများနှင့် မိခင်များ၏ ပုံမှန်ရှိရမည့် ခန္ဓာကိုယ် အလေးချိန်အောက် ရှိနေခြင်းအား တိုင်းတာခြင်းနှင့် ရိက္ခာအမျိုးအမည် စုံလင်စွာ စားသောက်ခြင်း အပါအဝင် ကျေးရွာအဆင့်၊ အိမ်ထောင်စုအဆင့်နှင့် တစ်ဦးချင်း အဆင့်တွင် အာဟာရပြည့်ဝမှုနှင့် ဆက်နွယ်နေသည့် အပြောင်းအလဲများအတွက် စီမံဆောင်ရွက်မှု များကို ပေးအပ်ပါသည်။ အစီရင်ခံစာမှ

ကလေးသူငယ်များ၏ ကြုံလှီခြင်းများနှင့် ပုညက်ခြင်းနှင့် အမျိုးသမီးများ၏ အာဟာရပြည့်ဝမှုတို့ သာမက အာဟာရ ဆိုင်ရာ ရလဒ်များ အပေါ် အကျပ်အတည်းများနှင့် ဖိအားများ၏ သက်ရောက်မှုတို့အား ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများအား လေ့လာ ဖော်ထုတ်ပါသည်။

ဤလေ့လာမှုမှ LIFT ၏ စီမံကိန်း ဆောင်ရွက်ချက်များ လုပ်ဆောင်နေသည့် ဒေသများနှင့် သက်ဆိုင်သည့် အချို့သော ရှာဖွေ တွေ့ရှိချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- » အကျပ်အတည်းများသည် ကြုံလှီမှုအပေါ် သက်ရောက်မှု ရှိပြီး ပုညက်မှုတွင် အနည်းငယ်သော သက်ရောက်မှုသာ ရှိပါသည်။ ကြုံလှီမှုနှုန်း (အလွန်အမင်းနှင့် အလယ်အလတ်) မှာ မုန်တိုင်းများ (သို့) ဆိုင်ကလုန်း မုန်တိုင်းများအား တွေ့ကြုံ ခံစားခဲ့ရသည့် ကျေးရွာများတွင် ပိုမို မြင့်မားပြီး ကြုံလှီမှုနှုန်းသည် အကျပ်အတည်းများ၏ ဒဏ်ခံစားရခြင်းနှင့် ပြင်းထန်မှု တိုးလာသည်နှင့်အမျှ မြင့်တက်လာပါသည်။
- » ကိုင်တွယ် ဖြေရှင်းသည့် မဟာဗျူဟာများသည် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်တို့အပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။ အထောက်အထား များမှ LIFT ၏ လူမှုအသိုက်အဝန်းများအကြား ခံနိုင်မှုရှိပြီး လိုက်လျောညီထွေရှိအောင် ဆောင်ရွက်နိုင်သော စွမ်းဆောင်ရည် များအား ကူညီပံ့ပိုးပေးပါသည်။ ဥပမာအားဖြင့် မိုးခေါင်ရေရှားမှုအား ကြုံတွေ့ခံစားရသည့်အခါ အိမ်ထောင်စု များသည် တိရစ္ဆာန်များနှင့် တန်ဖိုးရှိသော ပိုင်ဆိုင်မှုများကို ရောင်းချခြင်း၊ ၎င်းတို့၏ စုဆောင်းငွေများဖြင့် သုံးစွဲခြင်း၊ ချေးငွေများ ရယူခြင်း၊ မိသားစုနှင့် မိတ်ဆွေများထံမှ အကူအညီ ရယူခြင်း တို့အား ပြုလုပ်ပါသည်။ ရေကြီးမှုအား ကြုံတွေ့ ခံစားရသည့်အခါ တူညီသော ကိုင်တွယ် ဖြေရှင်းသည့် မဟာဗျူဟာများအား အသုံးပြုပါသည်။ အခြားမဟာဗျူဟာများတွင် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း၊ ဆိုင်ကလုန်း မုန်တိုင်း၊ မုန်တိုင်းများ (သို့) ရေကြီးခြင်း ဖြစ်ပွားမှုတို့တွင် အရေးပေါ် အစီအစဉ်အတိုင်း လိုက်နာခြင်း (သို့) ပိုမိုစိတ်ချရသည့် ဘေးကင်းရာနေရာသို့ ပြောင်းရွှေ့ရန် အသိပေးချက် ထုတ်ပြန်သည့်အတိုင်း လိုက်နာခြင်း တို့ ပါဝင်ပါ သည်။

LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များမှ အကျပ်အတည်းများနှင့် ဖိအားများအား ကိုင်တွယ် ဖြေရှင်းရန်အတွက် ၎င်းတို့၏ ဦးတည် ရည်ရွယ်သည့် အုပ်စုများ၏ စွမ်းဆောင်ရည်တွင် တိုးတက်မှုများအား အစီရင်ခံ တင်ပြခဲ့ပါသည်။ စီမံချက်များမှ လက်တွေ့ ပြသခဲ့သည့် ချိတ်ဆက်မှု အချို့မှာ တစ်ဦးချင်းအဆင့်၌ (ဥပမာ စိုက်ပျိုးရေးတွင် ရာသီအလိုက် ပြောင်းလဲမှုများအား စီမံခန့်ခွဲခြင်း)၊ အိမ်ထောင်စုအဆင့်၌ (ဥပမာ အိမ်တွင်း ဥယျာဉ်အတွက် ရာသီဥတုဒဏ် ခံနိုင်သည့် နည်းစနစ်များ အသုံးပြုခြင်း) လူမှုအသိုင်းအဝန်း အဆင့်၌ (ဥပမာ လေဟာပြင်၌ မစင်စွန့်ခြင်း ပပျောက်မှုအတွက် ပြီးစီးအောင်မြင်မှု ၁၀၀% ရရှိစေရန်အတွက် ရပ်ရွာလူထုမှ ဦးဆောင်သည့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အကြွင်းမဲ့ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်) နှင့် ဒေသဆိုင်ရာအဆင့်၌ (လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့်နှင့် ဒေသဆိုင်ရာ အဆင့် အစိုးရအား သင်တန်းပေးခြင်း) လှုပ်ရှား ဆောင်ရွက်မှု အပေါ် အခြေခံပါသည်။

အမျိုးသမီးများနှင့် ကလေးများအကြား နိမ့်ကျသည့် အာဟာရဆိုင်ရာ အခြေအနေသည် အဆင့်များ အားလုံး၌ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု လုံလောက်ခြင်း မရှိကြောင်း ထင်ရှားပါသည်။ အာဟာရ ဖွံ့ဖြိုးမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု ပူးတွဲ ထားသည့် စီမံကိန်းများနှင့် လိုက်လျောညီထွေ ရှိအောင် ပြုပြင် ပြောင်းလဲခြင်းအား စောင့်ကြည့်စစ်ဆေးသည့် စနစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာနိုင်ငံရှိ အားနည်း ထိခိုက်လွယ်သည့် ပြည်သူများအကြား ခံနိုင်မှုရှိပြီး လိုက်လျောညီထွေ ပြုပြင် ပြောင်းလဲနိုင်ကာ ပြောင်းလဲနိုင်သည့် စွမ်းဆောင်ရည်များအား မြှင့်တင်ရန်အတွက် အရေးပါသည့် ခြေလှမ်းများ ဖြစ်ပါသည်။

ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုအတွက် လေ့လာမှုများအား ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး https://www.lift-fund.org/strengthening-resilience-lift-supported-villages-2014-2018a-synthesis-paper တွင် ရယူနိုင်ပါသည်။



# ၅

# ရန်ပုံငွေစီမံခန့်ခွဲမှု


၅.၁ LIFT ၏ စီမံအုပ်ချုပ်မှု........................................................................၁၈၀

၅.၂ LIFT ရန်ပုံငွေများ ချထားခြင်း ....................................................................၁၈၃

၅.၃ ရန်ပုံငွေ စီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည်......................၁၈၃

၅.၄ ဘဏ္ဍာရေး................................................................................................၁၈၅

၅.၅ LIFT ၏ COVID–19 တုံ့ပြန်ရေး ဆောင်ရွက်ချက်များ........................၁၉၆

# ရန်ပုံငွေစီမံခန့်ခွဲမှု

## ၅.၁။ LIFT ၏ စီမံအုပ်ချုပ်မှု

အောက်ဖော်ပြပါ ပုံစံ ကားချပ်သည် LIFT ၏ ၂၀၁၉-၂၀၂၃ စီမံအုပ်ချုပ်မှုဆိုင်ရာ ဆက်နွယ်မှုများကို ဖော်ပြထားပါသည်။

| | | |
|---|---|---|
| **စီမံအုပ်ချုပ်မှု**<br>LIFT အတွက် နားလည်မှု စာချွန်လွှာ (MOU) တစ်ခုလုံးအား UNOPS နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေး ဆက်သွယ်ရေး ဝန်ကြီးဌာန (MoIFER) တို့အကြား လက်မှတ်ရေးထိုးပါသည်။ | **အလှူရှင်အဖွဲ့**<br>(အလှူရှင်များ အားလုံးအား ကိုယ်စားပြုပါသည်) | » တစ်နှစ်တစ်ကြိမ်တွေ့ဆုံရန်<br>» LIFT ၏ မဟာဗျူဟာအား အတည်ပြုရန်<br>» ရန်ပုံငွေဘုတ်အဖွဲ့၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များ ရွေးချယ်ရန် |
| အလှူရှင်များအားလုံးသည် အဖွဲ့များအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများကို ဖော်ထုတ်သည့် ပူးတွဲ ပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ် (JICA) အား လက်မှတ်ရေးထိုးပါသည်။ | **ရန်ပုံငွေဘုတ်အဖွဲ့**<br>(အလှူရှင်များ၊ အစိုးရနှင့် ရန်ပုံငွေ ညွှန်ကြားရေးမှူး နှင့် အကြံပေး ပုဂ္ဂိုလ်များ အပါအဝင် ၅ဦးမှ ၈ဦးထိ ပါဝင်သည့် အလုပ် အမှုဆောင်များ) | » တနှစ်သုံးကြိမ်တရားဝင်တွေ့ဆုံရန်<br>» ရန်ပုံငွေ ထောက်ပံ့မှုနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်အတွက် LIFT ၏ မဟာဗျူဟာ၊ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ၊ စီမံချက်များရွေးချယ်ခြင်း တို့အား အာရုံစိုက်၍ ဦးဆောင်မှု ပေးရန် |
| အလှူရှင်များအားလုံးသည် နှစ်ဦးသဘောတူ ရန်ပုံငွေ ထောက်ပံ့မှုဆိုင်ရာ သဘောတူ စာချုပ်များအား UNOPS နှင့် လက်မှတ် ရေးထိုးပါသည်။ | **ရန်ပုံငွေ မန်နေဂျာ**<br>ရန်ပုံငွေစီမံခန့်ခွဲရေးရုံးအဖွဲ့<br>(FMO – UNOPS) | » LIFT ၏ ထိရောက်မှုရှိပြီး ပွင့်လင်းမြင်သာမှု ရှိကာ စွမ်းဆောင်နိုင်သည့် စီမံခန့်ခွဲမှုအတွက် တာဝန်ယူရန်<br>» အဓိက တာဝန်ဝတ္တရားများတွင် (က) စီမံကိန်း များအား မဟာဗျူဟာနှင့် အညီ စီမံခန့်ခွဲခြင်း (ခ) ရန်ပုံငွေများအား စီမံခန့်ခွဲခြင်း (ဂ) LIFT ၏ သက်ရောက်မှုများအား တိုင်းတာခြင်းနှင့် (ဃ) ပတ်သက် ဆက်နွယ်သူများထံ အစီရင်ခံ တင်ပြခြင်းတို့ ပါဝင်ပါသည်။ |
| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် သက်ဆိုင်ရာ အစိုးရ ဦးစီးဌာနများနှင့် သဘောတူ စာချုပ်များ ရှိရန်အတွက် ယုံကြည်မျှော်လင့်ထားပါသည်။<br>ထိုက်တန်သည့် အားစိုက်မှု ပြုလုပ်ခြင်း ရှိ၊ မရှိအား သေချာစွာ အကဲခတ် စစ်ဆေးခြင်းမှာ အဓိက ဖြစ်ပါသည်။ | **ရန်ပုံငွေ တဆင့်ခံ ရရှိကြသည့် မိတ်ဖက်အဖွဲ့များ အပါအဝင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ**<br>(CSO၊ NGO၊ INGO၊ အစိုးရ၊ (UN၊ ပုဂ္ဂလိကကဏ္ဍ၊သုတေသန) | » LIFT ၏ လုပ်ငန်း လမ်းညွှန်ချက်များ နှင့်အညီ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>» အလွဲသုံးစားပြုမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်မှုအား ကာကွယ်တားဆီးရေး ဆိုင်ရာ UNOPS / LIFT ၏ မူဝါဒများအား လိုက်နာခြင်း |

LIFT ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အထောက်အထား စာတမ်းမှာ LIFT ၏ အလှူရှင်များအားလုံး လက်မှတ်ရေးထိုးထားသည့် တရားဥပဒေအရ စည်းနှောင်မှု မရှိသည့် ပူးပေါင်း ဆောင်ရွက်မှု သဘောတူစာချုပ် (JCA) ဖြစ်ပါသည်။ အလှူရှင် တစ်ဖွဲ့ချင်းစီတွင် UNOPS နှင့် ညှိနှိုင်းမှု ပြုလုပ်ထားသည့် နှစ်ဖက်သဘောတူ စာချုပ် ရှိပါသည်။ JCA တွင် အလှူရှင်အဖွဲ့၊ ရန်ပုံငွေ ဘုတ်အဖွဲ့နှင့် ရန်ပုံငွေ စီမံခန့်ခွဲရေး မန်နေဂျာ (FMO ဟု ရည်ညွှန်းပါသည်) တို့၏ လုပ်ငန်းလမ်းညွှန်များအား နောက်ဆက်တွဲ (၃)ခု အဖြစ် ဖော်ပြထားပါသည်။

## အလှူရှင်အဖွဲ့

LIFT ၏ အလှူရှင်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် LIFT ၏ တိုးတက်မှု သုံးသပ်ရန်နှင့် ၂၀၁၉-၂၀၂၂ အတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်၏ ပြင်ဆင်ချက်များကို အပြီးသတ်ရန် တွေ့ဆုံခဲ့ပါသည်။ LIFT ၏ စီမံအုပ်ချုပ်မှုအား ပြန်လည် သုံးသပ်ခြင်းမှ တွေ့ရှိချက်များအားလည်း တင်ပြခဲ့ပြီး လုပ်ဆောင်မည့် ဆောင်ရွက်ချက်များအား သဘောတူညီခဲ့ပါသည်။

## ရန်ပုံငွေဘုတ်အဖွဲ့

၂၀၁၉ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ပုံမှန် အစည်းအဝေး (၃)ခုအား ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ရန် အတွက် အရေးပေါ် အစည်းအဝေး (၄)ကြိမ် ထပ်မံ ကျင်းပခဲ့ပါသည်။ ပုံမှန် အစည်းအဝေးများတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ပုံမှန်ကိစ္စရပ်များ အား စုပေါင်းပြီး ပြန်လည်သုံးသပ်ကာ ဆုံးဖြတ်ပါသည်။ အရေးပေါ် အစည်းအဝေးများအား ဆုံးဖြတ်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သလို ခေါ်ယူပါသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ရန်ပုံငွေ ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌနေရာအား ဆွစ်ဇာလန်နိုင်ငံမှ တာဝန်ယူခြင်းနှင့် အလှူရှင်အဖွဲ့၏ ဥက္ကဋ္ဌနေရာအား UK မှ တာဝန်ယူခြင်းနှင့်အတူ စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများတွင် အပြောင်းအလဲ ရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွက် ရန်ပုံငွေဘုတ်အဖွဲ့ အလှူရှင်များအနေဖြင့် ယူနိုက်တက်ကင်းဒမ်း ၊ ဥရောပသမဂ္ဂ ၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါ နိုင်ငံတို့ ဆက်လက်ရှိနေခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) သည် (စီမံကိန်း ဦးစီးဌာနနှင့် ဝန်ကြီးရုံး) တို့မှတဆင့် ကိုယ်စားလှယ် (၂)ဦးဖြင့် ကိုယ်စားပြုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) အား ရန်ပုံငွေ ဘုတ်အဖွဲ့တွင် ပါဝင်ရန်အတွက် ဖိတ်ခေါ်ရန် သဘောတူခဲ့ပြီး ယင်းမှ ၂၀၂၀ ခုနှစ်တွင် ဝန်ကြီးဌာနမှ လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့မှ ကိုယ်စားပြု၍ ပါဝင်လာစေခြင်းဖြင့် အပြီးသတ် ခဲ့ပါသည်။

## ရန်ပုံငွေစီမံခန့်ခွဲရေးရုံးအဖွဲ့

ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးအဖွဲ့ (FMO) သည် ၂၀၂၀ ခုနှစ်အတွင်း၌ လုပ်ငန်းအပြည့်အဝ လည်ပတ်ဆောင်ရွက်နိုင်ရန် အချို့သော အဖွဲ့များနှင့် ဝန်ထမ်းများ အပြောင်းအလဲများ ပြုလုပ်ခြင်း အပါအဝင် ၂၀၁၉ ခုနှစ်အတွင်း ၌ ၂၀၁၉-၂၀၂၃ မဟာဗျူဟာဆီသို့ ကူးပြောင်းခဲ့ ပါသည်။

## မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးအဖွဲ့ (FMO) နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့သည် ပြည်ထောင်စု အဆင့်၊ ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနအများအပြားနှင့် ကောင်းမွန်သည့် ဆက်ဆံရေးများအား ထိန်းသိမ်းထားပါသည်။ LIFT သည် ၎င်း၏ အကောင်အထည် ဖော်ရေး မိတ်ဖက်များမှတဆင့် အဆင့်အားလုံးရှိ အစိုးရအဖွဲ့အစည်းများနှင့် လည်း ထပ်မံ၍ ဆက်သွယ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ကတည်းမှစ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) ၏ ရန်ပုံငွေ ဘုတ်အဖွဲ့တွင် ရှိနေခြင်းသည် အစိုးရ၏ ရှုဒေါင့်အမြင်များကို နားလည် သဘောပေါက်မှုနှင့် လိုအပ်သလို ပူးပေါင်း ဆောင်ရွက်မှုအား သေချာစေပါသည်။

## မြန်မာနိုင်ငံ၏ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသတွင် လှုပ်ရှားဆောင်ရွက်နေသူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

LIFT မှ ၂၀၁၉-၂၀၂၃ မဟာဗျူဟာအား ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများနှင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများ အပေါ် အာရုံစိုက်မှုနှင့်အတူ ကူးပြောင်းခဲ့သဖြင့် ရန်ပုံငွေဘုတ်အဖွဲ့သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများတွင် နားလည် သဘောပေါက်မှုနှင့် ဆက်ဆံရေးများ တို့နှင့် ဆက်နွှယ်နေသည်တို့အား တိုးမြှင့်ရန် လိုအပ်ခဲ့ပါသည်။ ဤရည်မှန်းချက်ကို ရရှိရန်အတွက် ၂၀၁၉ ခုနှစ်တွင် LIFT သည် ၎င်း၏ ပဋိပက္ခ ဆိုင်ရာ မဟာဗျူဟာနှင့် ပဋိပက္ခ အလေးထားသည့် မူဝါဒများအား ပြန်လည် ပြင်ဆင်ခဲ့ပြီး နှစ်ခုစလုံးအား အများပြည်သူ သိရှိနိုင်ရန် ပြုလုပ်ခဲ့ပါသည်။ LIFT သည် LIFT ၏ မဟာဗျူဟာမြောက်ဦးတည်ရာလမ်းကြောင်းနှင့် စီမံကိန်း၏ ဦးစားပေးရမည်များအား ပြန်လည် သုံးသပ်ရန်နှင့် အကြံပေးရန် တို့အတွက် ဆန်းစစ် ဝေဖန်သော မိတ်ဆွေများ အုပ်စု တည်ထောင်ရန် လည်း သဘောတူခဲ့ပါသည်။

## ကဏ္ဍဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အုပ်စုများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ (ARD-SCG) အတွင်း၌ ၂၀၁၉ ခုနှစ်၌ LIFT ၏ အခန်းကဏ္ဍမှာ စိုက်မွေးဆည် ဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန၏ အုပ်ချုပ်ရေးရုံးနှင့် အနီးကပ်လက်တွဲ လုပ်ကိုင်ရန်နှင့် ပူးတွဲ ပံ့ပိုးကူညီသည့် အဖွဲ့အစည်းများ ဖြစ်သော USAID နှင့် ကုလသမဂ္ဂ စားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့အား ကူညီပံ့ပိုးပေးရန် တို့ဖြစ်ပါသည်။ မူဝါဒ ဆိုင်ရာ အဖွဲ့သည် အဆိုပါ လုပ်ငန်းတာဝန်ကို ကူညီပံ့ပိုးပေးကာ ပူးပေါင်း ဆောင်ရွက်ခြင်းမှ LIFT နှင့် သက်ဆိုင်သည့် အသုံးဝင်သော အသိအမြင်ကို ပေးအပ်ကာ မိတ်ဖက် အဖွဲ့အစည်း များနှင့် စီမံကိန်းများ အသီးသီး၌ ချိတ်ဆက်မှုများ ရယူရာတွင် အကူအညီပေး၍ ကောင်းမွန်သည့် အလုပ်သဘော ဆက်ဆံရေးများဖြစ်လာစေရန် ပံ့ပိုးဖြည့်ဆည်း ပေးပါသည်။ LIFTသည် အခြား ကဏ္ဍနှင့် ကဏ္ဍခွဲ ဆိုင်ရာ အုပ်စုများ အထူးသဖြင့် လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် အာဟာရပြည့်ဝမှု ဆိုင်ရာ ကဏ္ဍတို့နှင့်လည်း ပူးပေါင်း ဆောင်ရွက်ပါသည်။

## LIFT ၏ မဟာဗျူဟာ

၂၀၁၉-၂၀၂၃ ခုနှစ်အတွက် LIFT ၏ မဟာဗျူဟာအား ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြန်လည် ပြင်ဆင်ထားသည့် ညွှန်းကိန်းများနှင့် ယုတ္တိဗေဒ မူဘောင် အသစ်အနေဖြင့် အတည်ပြုခဲ့ပါသည်။ အလှူရှင် အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ မဟာဗျူဟာနှင့် ယုတ္တိဗေဒ မူဘောင် တို့အား အတည်ပြုပေးခဲ့ပါသည်။

## စီမံအုပ်ချုပ်မှုဆိုင်ရာ ပြန်လည် ဆန်းစစ်ခြင်း သုံးသပ်ခြင်း

၂၀၁၈ ခုနှစ်တွင် LIFT ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးအဖွဲ့ (FMO) မှ LIFT ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ သည် ၎င်းတို့ သတ်မှတ်ထားသော အခန်းကဏ္ဍများအတွက် ပြည့်စုံမှု ရှိစေပြီး သင့်တော်မှု ရှိ၊ မရှိအား စိစစ်ရန် ဟူသော မူဝါဒဆိုင်ရာ ရည်မှန်းချက်နှင့်အတူ စီမံအုပ်ချုပ်မှု ဆိုင်ရာ ပြန်လည် သုံးသပ်မှု ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ Sinzar Consulting ၏ အစီရင်ခံစာမှ အကြံပြု ထောက်ခံချက်များ ပေးခဲ့ပြီး ယင်းတို့အား LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံး (FMO) မှ ပြန်လည် သုံးသပ်ခဲ့ကာ အကြံပြု ထောက်ခံချက် အများစုအား လက်ခံခဲ့ကာ လုပ်ငန်းအစီအစဉ်များ ရေးဆွဲထားရှိခဲ့ပြီး ဖြစ်ပါသည်။

## အစိုးရအတွက် ရန်ပုံငွေ ပံ့ပိုးပေးခြင်း

၂၀၁၉ ခုနှစ်အတွင်း LIFT ၏ ရန်ပုံငွေ ပံ့ပိုးပေးခြင်းအား ချင်းပြည်နယ်ရှိ မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု (MCCT) အစီအစဉ်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနထံ ဆက်လက် ပေးအပ်ခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုများအတွက် LIFT မှ ပေးအပ်သည့် နောက်ဆုံး ငွေပေးချေခြင်းအား ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား လစဉ်ငွေကြေးထောက်ပံ့ရန်အတွက် အစိုးရ၏ ဘတ်ဂျက်သို့ အောင်မြင်စွာ ကူးပြောင်းခြင်း အခမ်းအနား နှင့် အတူ ဩဂုတ်လတွင် ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းလည်ပတ် စရိတ်နှင့် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှု အထူးသဖြင့် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းတို့အတွက် LIFT ၏ ကူညီပံ့ပိုးမှုအား ၂၀၂၀ တွင်လည်း ဆက်လက် ပံ့ပိုးပေးသွားပါမည်။ LIFT ရှိ သက်ဆိုင်ရာ နည်းပညာ အဖွဲ့များသည် စီမံချက်၏ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လေ့လာသင်ယူခြင်း တို့တွင် စဉ်ဆက်မပြတ် တိုးတက်မှုများ ရရှိခြင်းအား သေချာစေရန်အတွက် ညှိနှိုင်းအစည်းအဝေးများ၊ စောင့်ကြည့် စစ်ဆေးသည့် ခရီးစဉ်များ၊ အသိပညာမျှဝေသည့် ပွဲများမှ အကျိုးကျေးဇူး ရရှိစေရန် ဆက်လက် ပံ့ပိုးပေးပါသည်။ ၂၀၁၉ ခုနှစ်အတွင်း DSW နှင့် MCCT အစီအစဉ် အတွက် LIFT ၏ ကူညီပံ့ပိုးမှုအား ကယားနှင့် ကရင်ပြည်နယ်အထိ တိုးချဲ့ခဲ့ပြီး ဤအစီရင်ခံစာ၏ အာဟာရဖွံ့ဖြိုးမှု အခန်းတွင် အသေးစိတ် ဖော်ပြ ထားပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၀၁၉ ခုနှစ်တွင် LIFT သည် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ (Access to Health Fund) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအား အားကောင်းခိုင်မာစေရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာ နှင့် စီမံကိန်းအသစ်များ ရေးဆွဲရန် နည်းပညာဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်တစ်ဦးအား ရန်ပုံငွေ နှစ်ခုမှ မျှဝေကျခံ၍ ခန့်ထားခြင်းနှင့်အတူ အာဟာရဖွံ့ဖြိုးမှုမှာ ပူးပေါင်း ဆောင်ရွက်ခြင်း၏ အဓိကကျသည့် နယ်ပယ် အဖြစ် ဆက်လက် တည်ရှိနေပါသည်။ LIFT နှင့် Access to Health တို့သည် ထိုအကြံပေး အရာရှိ နှင့် အခြားစီမံကိန်း ကျွမ်းကျင်သူများမှတဆင့် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ (NNC) ထံ ၂၀၁၉ ခုနှစ် တနှစ်လုံး မဟာဗျူဟာမြောက် ကူညီထောက်ပံ့မှုအား ပေးအပ်ခဲ့ပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးများ သို့ ပဋိပက္ခ အလေးပေးသည့် နည်းပညာဆိုင်ရာ အကူအညီ ပေးအပ်သည့် RAFT Myanmar အား LIFT နှင့် Access to Health တို့မှ ပူးတွဲ ရန်ပုံငွေ ထောက်ပံ့ခဲ့ရာ နှစ်ဖွဲ့လုံး၏ စီမံချက်ဆိုင်ရာလုပ်ငန်းများတွင် အကျိုးဖြစ်ထွန်းခဲ့သည်။

## စီမံကိန်း စီမံခန့်ခွဲရေးရုံးမှ တဆင့် စွမ်းဆောင်နိုင်မှုများ

၂၀၁၉ ခုနှစ်တွင် UNOPS မြန်မာသည် အလှူရှင်ပေါင်းစုံ ပါဝင်သည့် ရန်ပုံငွေကြီး(၃) ရပ်(Joint Peace Fund ၊ Access to Health နှင့် LIFT) တို့အား စီမံခန့်ခွဲခဲ့သည့် အပြင် Global Fund ၏ ရန်ပုံငွေ အဓိက လက်ခံရရှိသည့်အဖွဲ့ ဖြစ်ပြီး SECO အတွက် UN Trade Cluster Fund အား စီမံခန့်ခွဲနေပါသည်။ ရန်ပုံငွေ တစ်ခုချင်းစီအတွက် ပြီးခဲ့သည့် စီမံကိန်း တစ်ခုချင်းစီအလိုက် အထောက်အကူပြု ဌာနများ၏ လုပ်ငန်းများ ပိုမိုစွမ်းဆောင်နိုင်ရန်အတွက် သဘောတူ စာချုပ်များချုပ်ဆိုပြီး နောက်ပိုင်း ၂၀၁၈ ခုနှစ်တွင် စီမံကိန်းစီမံခန့်ခွဲရေးရုံး (PMO) အား တည်ထောင်ခဲ့ပါသည်။ အနိမ့်ဆုံးအနေဖြင့် ယင်းမျှဝေပံ့ပိုးပေးသည့် ဖွဲ့စည်း တည်ဆောက်ပုံမှ ဆုံးရှုံးရနိုင်ချေကို စီမံခန့်ခွဲခြင်း၊ စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ စွမ်းဆောင်ရည် စီမံ ခန့်ခွဲခြင်းနှင့် ရန်ပုံငွေများ အချင်းချင်း ပူးပေါင်း ဆောင်ရွက်ခြင်း ကဲ့သို့သော စီမံကိန်း စီမံခန့်ခွဲမှု၏ အကြောင်းအရာ အလိုက် မဟုတ်သည့် အခြား လုပ်ငန်းများတွင် ညှိနှိုင်းဆောင်ရွက်ခြင်း အပြင် စီမံကိန်းဆိုင်ရာ ကူညီပံ့ပိုးမှု အဓိကလုပ်ငန်းတာဝန် (၄)ရပ် (ထောက်ပံ့မှု စီမံခန့်ခွဲခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်း၊ ဘတ်ဂျက် ရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်းနှင့် ကြီးကြပ်ခြင်း၊ စာရင်းစစ်ဆေးခြင်း) တို့အား ပံ့ပိုးပေးပါသည်။ ၂၀၁၉ ခုနှစ်တွင် ဤဖွဲ့စည်း တည်ဆောက်ပုံမှ

*ဇယား ၅.၁။ ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံးအဖွဲ့၏ စွမ်းဆောင်နိုင်မှု ညွှန်းကိန်းများ*

| ညွှန်းကိန်း | LIFT ၏ ရည်မှန်းချက် (၂၀၁၉) | ပြီးစီး အောင်မြင်မှု (၂၀၁၉) | ရာခိုင်နှုန်း |
|---|---|---|---|
| သတ်မှတ်ထားသောကာလအတွင်းရန်ပုံငွေဘုတ် အဖွဲ့(FB) ၏ရှင်းလင်းပြတ်သားသည့် ထောက်ခံအကြံပြုချက်များအား ရန်ပုံငွေစီမံခန့်ခွဲမှုမန်နေဂျာ (FM)မှာ အကောင်အထည်ဖော်ဆောင် ရွက်ခဲ့သည့် ရာခိုင်နှုန်း | ၁၀၀% | ၉၃% | ၉၃% |
| စာရင်းစစ်များမှ “အဓိကဦးစားပေး”ဟုသတ်မှတ်ခဲ့သည့် စာရင်းစစ် ခဲ့သည့်နယ်ပယ်များ (FM နှင့် IP များနှစ်ခုစလုံး)၏ ရာခိုင်နှုန်း နှင့် အရေအတွက် | အဖွဲ့များအားလုံး အတွက် သုံးညဖြစ်ပါသည်။ | ၁၄* | |

မှတ်ချက် * IP များအတွက် စာရင်းစစ်၏ အဓိကဦးစားပေးရမည့် လေ့လာတွေ့ရှိမှု ၁၄ ခုရှိခဲ့ပါသည် (စုစုပေါင်းလေ့လာ တွေ့ရှိမှု ၂၅၈ ခုအနက်မှ) FMO တွင်လေ့လာ တွေ့ရှိမှုမရှိခဲ့ပါ။ ၂၀၁၉ခုနှစ်အသုံးစရိတ်အား စာရင်းစစ်ဆေးခြင်းကို ၂၀၂၀ ခုနှစ်တွင် လုပ်ဆောင် မည်ဖြစ်ပါသည်။

ရန်ပုံငွေ ဘုတ်အဖွဲ့နှင့် အလှူရှင်များအတွက် ပြောင်းလဲပြင်လွယ်ရှိမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင် ညှိနှိုင်းခြင်း တို့အား ဆက်လက်ထိန်းသိမ်းထားလျက် စံသတ်မှတ်ထားသည့် ပုံစံများနှင့် လုပ်ငန်းစဉ်များအား တပြေးညီဖြစ်စေခြင်းနှင့် စံသတ်မှတ်ခြင်း တို့မှ လေ့လာသင်ယူခြင်းနှင့် အလေ့အကျင့်ကောင်းများအား လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်ခြင်းတို့မှ LIFT နှင့် အခြား ရန်ပုံငွေများအတွက် အကျိုးကျေးဇူး ရရှိစေခဲ့ပါသည်။ အခြား အစီအစဉ်များအထဲတွင် PMO သည် အချက်အလက် ရှာဖွေရေး အဖွဲ့၏ အစီရင်ခံစာနှင့် တိုက်ဆိုင်၍ မိတ်ဖက် အဖွဲ့အစည်းများအား ရှာဖွေ ဖော်ထုတ်မှုကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ တဆင့်ခံ မိတ်ဖက်အဖွဲ့အစည်းများ အတွက် အဖွဲ့အစည်း ၏ ကိုယ်ပိုင် ပြည့်စုံလုံလောက်သည့် စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆန်းစစ်အကဲဖြတ်ချက် စတင်ဆောင်ရွက်ခြင်း၊ လုပ်ငန်း လည်ပတ် ဆောင်ရွက်သည့် အဆင့်နှင့် မဟာဗျူဟာမြောက်အဆင့် မိတ်ဖက် အဖွဲ့အစည်းများအတွက် အလုပ်ရုံ ဆွေးနွေးပွဲ အများအပြား စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း၊ အလွဲသုံးစားပြုမှုနှင့် ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ LIFT ၏ မူဘောင်တွင် အချက်အလက်များ ပြင်ဆင်မွမ်းမံခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်ခြင်း တို့မှ ကာကွယ် တားဆီးရေးဆိုင်ရာ IP များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း စီမံချက်အား ပံ့ပိုးကူညီခဲ့ခြင်းနှင့် မိတ်ဖက် အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မျိုးစုံ တည်ဆောက်ခြင်းအတွက် စီစဉ်ပေးခဲ့ခြင်းတို့တွင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ PMO သည် ရန်ပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာ အာရှစင်တာအနေဖြင့် LIFT ၏ နည်းနာကောင်းများနှင့် ဥပမာများအား ကွန်ဂို ဒီမိုကရက်တစ် သမ္မတ နိုင်ငံရှိ UNOPS ရုံးကဲ့သို့သော UNOPS ရုံးများထံသို့လည်း ကျယ်ကျယ်ပြန့်ပြန့် မျှဝေပေးခဲ့ကာ နည်းနာကောင်းများကို ပုံတူပွား ဆောင်ရွက်နိုင်စေခဲ့ပါသည်။

## ၅.၂။ LIFT ရန်ပုံငွေများ ခွဲဝေချထားခြင်း

LIFT သည် ရန်ပုံငွေဘုတ်အဖွဲ့၏ မူဝါဒများနှင့်အညီ ခွဲဝေပေးခဲ့သည့် ရန်ပုံငွေများ၏ အတိုင်းအတာနှင့် ပမာဏအား ခြေရာကောက်ရန် ညွှန်းကိန်းအချို့အား အသုံးပြုပြီး ပွင့်လင်းမြင်သာသည့် နည်းလမ်းအား အသုံးပြု၍ တိုင်းတာခဲ့ ပါသည်။ ရန်ပုံငွေ စီမံခန့်ခွဲ ရေးရုံး (FMO) သည် ခိုင်မာသည့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ကြီးကြပ် ထိန်းသိမ်းမှုများ ဆက်လက် ထားရှိပြီး ၎င်းတို့အား တစိုက်မတ်မတ် ဆက်လက် အကောင်အထည် ဖော်ပါသည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် LIFT FMO အား နှစ်အလိုက် စာရင်း စစ်ခြင်း ကို ၂၀၁၉ ခုနှစ်၊ မေလတွင် လုပ်ဆောင်ခဲ့ပါသည်။ LIFT သည် စာရင်းစစ်သူများထံမှ LIFT တစ်ခုလုံး အနေဖြင့် ကျေနပ်အားရဖွယ်ရ ရှိသည် ဟူသော အဆင့် သတ်မှတ်ချက်ကို ရရှိခဲ့သည်သာမက ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ထောက်ပံ့ဖြည့်တင်းရေး (ကွင်းဆက်)၊ လူ့စွမ်းအား အရင်းအမြစ်များ၊ စီမံချက် စီမံခန့်ခွဲခြင်းနှင့် အထွေထွေ စီမံအုပ်ချုပ်ရေး ကဲ့သို့သော စာရင်းစစ်ဆေးသည့် နယ်ပယ်ဖြစ်သည့် လုပ်ငန်းနယ်ပယ် အမျိုးမျိုးတို့တွင် ကျေနပ်ဖွယ်ရာ ရှိသည် ဟူသော အဆင့် သတ်မှတ်ချက်များကို ရရှိခဲ့ပါသည်။ ယခင်နှစ်များနှင့် မတူသည်မှာ ဤနှစ်တွင် FMO အတွက် စာရင်းစစ်၏ သဘောထား ထင်မြင်ချက်ပေးမှု လုံးဝမရှိခြင်းပင် ဖြစ်ပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ စီမံချက် စတင်သည့် အချိန်မှစ၍ အမြင့်ဆုံး စီမံချက် အရေအတွက် ဖြစ်သည့် စုစုပေါင်း စီမံချက် (၈၇)ခုအား စာရင်းစစ်ဆေးခြင်းဖြင့် အလွန်အလုပ်များခဲ့သည့် နှစ် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် စီမံချက် (၇၁)ခုအား စာရင်းစစ်ဆေးခဲ့ပါသည်။ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် အဓိက ဦးစားပေး ဆောင်ရွက်ရမည့် သဘောထား မှတ်ချက် “၈” ခု ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် သဘောထားမှတ်ချက် (၁၄)ခု ရှိသည် အထိ အနည်းငယ် ပိုလာခဲ့ပါသည်။


ထောက်ပံ့မှုများ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်သည် LIFT အတွက် မှတ်တမ်းတင်ရမည့် နှစ် တစ်နှစ် ဖြစ်ခဲ့ ပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT မှ ထောက်ပံ့မှု (၁၀၀)အား စီမံခန့်ခွဲခဲ့ပြီး ၎င်းတို့အနက်မှ ဒီဇင်ဘာလတွင် ကုန်ဆုံးသည့် ထောက်ပံ့မှု (၄)ခု အပါအဝင် (၃၄)ခုမှာ ၂၀၁၉ ခုနှစ် အတွင်း ပြီးဆုံးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် LIFT တွင် ဆက်လက် ဆောင်ရွက်နေသည့် စီမံချက် (၆၆) ခု ရှိနေခဲ့စဉ် FMO သည် ၎င်းနှစ်အတွင်း ပြီးဆုံးခဲ့သည့် ထောက်ပံ့မှုများအတွက် ပိတ်သိမ်းသည့် လုပ်ငန်းစဉ်အား ဆက်လက် စီမံခန့်ခွဲနေပါသည်။ ၂၀၁၉ ခုနှစ်တွင် LIFT သည် မိတ်ဖက် အဖွဲ့အစည်း (၆၅)ဖွဲ့နှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍမှ မိတ်ဖက် အဖွဲ့အစည်းများ အနည်းငယ် တိုးလာသော်လည်း မိတ်ဖက် အဖွဲ့အစည်းများ၏ ခွဲဝေမှုအချိုးမှာ ယခင်နှစ်ကအတိုင်း ဆက်လက် ရှိနေပါသည်။ (ပုံ ၅.၁ အားကြည့်ပါ)

## ၅.၃။ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်

LIFT သည် ရန်ပုံငွေစီးဆင်းမှုစွမ်းဆောင်ချက်အား ခြေရာကောက်ရန်အတွက် ညွှန်းကိန်း (၂)ခုအား အသုံးပြုပါသည်။ ဇယား ၅.၃ တွင် မြင်တွေ့ရသကဲ့သို့ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် LIFT ၏ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအား အသေအချာလိုက်နာပြီး ကောင်းမွန်သည့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှုများအား ထားရှိထားပြီးဖြစ်ပါသည်။ IP များမှ အသုံးပြုခဲ့သည့် စုစုပေါင်းအသုံးစရိတ်၏ ၁.၂ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ စုစုပေါင်း ၆၉,၂၀၅၄အား သုံးစွဲခွင့်မရှိသော အသုံးစရိတ်များ အဖြစ် ဖော်ထုတ်ခဲ့ပါသည်။ (ပြီးခဲ့သည့် နှစ်တွင် ၁.၅ ရာခိုင်နှုန်း)

ထို့အပြင် ၂၀၁၂ ခုနှစ်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းအားလုံး၏ စီမံချက်စီမံခန့်ခွဲမှု ဆိုင်ရာစွမ်း ဆောင်နိုင်မှုအား စောင့်ကြည့် စစ်ဆေးရန် လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်အောင် စီမံထားသည့် “ဝါစိမ်းနီ” ဟုခေါ်ဆိုသည့် နည်းလမ်း အား စတင်အသုံးပြု ခဲ့ပါသည်။ လက်ရှိဆောင်ရွက်နေသည့် စီမံချက်များ၏ ရလဒ်များအား ဇယား ၅.၄ တွင် စုစည်းတင်ပြထားပါသည်။ စုစုပေါင်းစီမံချက် ၇၂ ခုအား ဤနည်းကိရိယာဖြင့် ဆန်းစစ်ခဲ့ပြီး ယင်းမှာ LIFT စီမံကိန်းစတင်သည့် အဆင့်မှစ၍ အမြင့်ဆုံးအရေအတွက်ဖြစ်သည့် ဖြစ်ပါသည်။ ယင်းမှ ၂၀၁၉ ခုနှစ်တွင် စီမံချက်များ မှ ပြီးစီးအောင်မြင်ခဲ့သည့် လုပ်ငန်းများအား မီးမောင်းထိုးပြပြီး စီမံကိန်းများအပြည့်အဝ အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိအား ပြသပါသည်။ ဤနှစ်အတွက် ဝါစိမ်းနီ နည်းကိရိယာ ၏ ရလဒ်များသည် ၂၀၁၈ခုနှစ် ရလဒ်များနှင့် တူညီပါသည်။ မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုအား ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက အကောင်အထည် ဖော်ရေးလုပ်ငန်းတွင် အနည်းငယ် တိုးတက်ခဲ့ပြီး “အလယ်အလတ် အဆင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်များ” စာတိုင်တွင် ကိန်းဂဏန်းများ လျော့ကျနေပါသည်။ ဘတ်ဂျက်များအား ပိုမို၍ လက်တွေ့ကျရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် နှောင့်နှေးနေသည်များအား ဆက်လက် အရေးယူဆောင်ရွက်ရန် တို့အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အနီးကပ်လုပ်ကိုင်ဆောင်ရွက်ရန် ကြိုးပမ်း အားထုတ်မှုများအား အသုံးစရိတ်နှုန်း ၇၀% ထက်နည်းပါးသည့် နှုန်းရှိသော စီမံချက်များ၏ ၂၃% သာရှိသည်မှ ထင်ဟပ်စေခဲ့ပါသည်။ အသုံးစရိတ် နည်းပါးရခြင်း၏ အကြောင်းရင်းများ အမျိုးမျိုးရှိပြီး အများအားဖြင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အကောင်အထည်ဖော်ရေး လုပ်ငန်း စတင်သည့် နှစ်တွင် ရည်မှန်းချက် အလွန်ကြီးလွန်းပြီး စီမံချက်များအတွက် စီစဉ်ဆောင်ရွက်ရာတွင် နှောင့်နှေးမှုများနှင့် တွေ့ကြုံခြင်းတို့နှင့် ပတ်သက်ဆက်နွယ် နေပါသည်။ ထို့အပြင် အကြောင်းအရာအလိုက် နယ်ပယ်များနှင့် ချိန်ညှိပြီး ၂၀၁၉ ခုနှစ်တွင် ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် ပိုမို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း

*၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ၏ အမျိုးအစား အလိုက် အချိုး*




*ဇယား ၅.၂။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ရှိသည့် ကဏ္ဍအလိုက် ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် စီမံချက်များ၏ အခြေအနေ*

| ကဏ္ဍ အဟောင်းများအတွက် ယခင်က ရထားပြီး ဖြစ်သည့် ရန်ပုံငွေ ထောက်ပံ့မှုများ / အကြောင်းအရာအသစ်များ | လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များ | | ပြီးဆုံးခဲ့သည့် စီမံချက်များ (၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ) | ဆောင်ရွက်ဆဲ စီမံချက်များ | စာချုပ်ပြင်ဆင်မှုများ | |
|---|---|---|---|---|---|---|
| | ၂၀၁၈ | ၂၀၁၉ | | | ၂၀၁၈ | ၂၀၁၉ |
| | က | ခ | ဂ | ဃ =ခ-ဂ | င | စ |
| ယခင်က ရရှိခဲ့သည့် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှု | ၁၈၀ | ၁၀၃ | ၁၀၃ | ၀ | ၃၃၆ | ၁၉၀ |
| စိုက်ပျိုးရေး/ဈေးကွက်များနှင့် စားနပ်ရိက္ခာများ | | ၂၅ | ၁၄ | ၁၁ | | ၇၁ |
| သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု | | ၂၅ | ၄ | ၂၁ | | ၅၀ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိက ကဏ္ဍ | | ၂၀ | ၇ | ၁၃ | | ၄၉ |
| အာဟာရ ဖွံ့ဖြိုးမှု | | ၂၈ | ၈ | ၂၀ | | ၅၁ |
| အခြား (ကမ္ဘာ့ဘဏ်နှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်) | | ၂ | ၁ | ၁ | | ၁ |
| စုစုပေါင်း | ၁၈၀ | ၂၀၃ | ၁၃၇ | ၆၆ | ၃၃၆ | ၄၁၂ |

*ဇယား ၅.၃ ရန်ပုံငွေစီးဆင်းမှု၏ ရလဒ်များနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း၏ စွမ်းဆောင်နိုင်မှု -၂၀၁၉ ခုနှစ်*

| ညွှန်းကိန်း | ၂၀၁၉ ခုနှစ် အတွက် LIFT ၏ ရည်မှန်းချက် | ၂၀၁၉ ခုနှစ်တွင်း ရရှိခဲ့သည့် ပြီးစီး အောင်မြင်မှု | ရာခိုင်နှုန်း |
|---|---|---|---|
| **ရရှိခဲ့သည့် IP သဘောတူစာချုပ်များနှင့် အညီ FMO မှထုတ်ပေးခဲ့သည့် ရန်ပုံငွေ များ၏ ရာခိုင်နှုန်း** | ၈၇% | *၉၈.၈% | ၁၁၄% |
| **FMO မှ ဘဏ္ဍာရေးဆိုင်ရာစနစ်အား သုံးသပ်ပြီးစီးပြီး ဖြစ်သည့် IP များ၏ ရာခိုင်နှုန်း** | ၁၀၀% | ၉၉% | ၉၉% |

မှတ်ချက်*၂၀၁၇ခုနှစ်အသုံးစရိတ်စာရင်းစစ်မှု (IP များမှ အသုံးပြုခဲ့သည့် အသုံးစရိတ်စုစုပေါင်း၏ ၁.၅%) ပေါ်အခြေခံ၍၊ ဤသည်မှာ စုစုပေါင်း IP များ၏အသုံးစရိတ်အပေါ် သုံးခွင့်မရှိဘဲ သုံးစွဲခဲ့သည်ဟုထင်မြင်ယူဆထားသည့် IP အသုံးစရိတ်၏ပမာဏ အပေါ်အခြေခံပါသည်။

*ဇယား ၅.၃။ ၂၀၁၉ ခုနှစ်အတွက် "ဝါစိမ်းနီ" အမျိုးအစားမှ စီမံချက်စီမံခန့်ခွဲမှု ညွှန်းကိန်းများ၏အကျဉ်းချုပ်*

| | ညွှန်းကိန်း | ဆုံးရှုံးရနိုင်ချေ နည်းပါးခြင်း (အစိမ်းရောင်) | | ဆုံးရှုံးရနိုင်ချေ အလယ်အလတ်ရှိခြင်း (အဝါရောင်) | | ဆုံးရှုံးရနိုင်ချေ မြင့်မားခြင်း (အနီရောင်) | |
|---|---|---|---|---|---|---|---|
| | | သတ်မှတ် အဆင့် | ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း | သတ်မှတ် အဆင့် | ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း | သတ်မှတ် အဆင့် | ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း |
| ၁ | အကောင်အထည်ဖော် ဆောင်ရွက်သည့် နှုန်း | > ၉၀% (လမ်းကြောင်း မှန်ပေါ်တွင်) | ၅၄% | ၇၁%-၉၀% (လမ်းကြောင်းမှန် ပေါ်တွင်) | ၁၉% | <=၇၀% (လမ်းကြောင်းမှန် ပေါ်တွင်) | ၂၇% |
| ၂ | နှစ်စဉ်အသုံးစရိတ် | > ၉၀% အသုံးပြုပြီး | ၄၀% | ၇၁%-၉၀% (အသုံး ပြုပြီး) | ၃၇% | <=၇၀% (အသုံးပြုပြီး) | ၂၃% |
| ၃ | အစီရင်ခံစာ အချိန်မီ ပြီးစီးမှု | ၀ ရက် နောက်ကျခြင်း | ၇၅% | ၁ရက်မှ ၇ရက် နောက်ကျခြင်း | ၁၉% | ၈ရက် နောက်ကျခြင်း | ၆% |
| ၄ | အစီရင်ခံစာ ပြည့်စုံမှု | ၁၀၀% အပြည့်အစုံ | ၉၆% | ၇၁-၉၉% ပြီးစီးခြင်း | ၀% | <=၇၀% ပြီးစီးခြင်း | ၄% |
| ၅ | စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှု** | "၀"ပွင့်လင်းသည့် သဘောထား ထင်မြင်ချက်များ | ၄၃% | ၁-၃ ခုရှိသည့် ပွင့်လင်းသည့် သဘောထားထင် မြင်ချက်များ | ၃၈% | >၃ ခုရှိသည့်ပွင့်လင်း သည့် သဘောထား ထင်မြင်ချက်များ | ၁၉% |
| | **စုစုပေါင်း/ယေဘုယျအဆင့်သတ်မှတ်ခြင်း ***** | | | | | | |
| | ၂၀၁၉ | ၅၁% | | ၄၁% | | ၈% | |
| | ၂၀၁၈ | ၄၅% | | ၄၄% | | ၁၁% | |
| | ၂၀၁၇ | ၄၅% | | ၄၅% | | ၁၁% | |
| | ၂၀၁၆ | ၄၉% | | ၄၅% | | ၆% | |
| | ၂၀၁၅ | ၄၁% | | ၄၅% | | ၁၄% | |
| | ၂၀၁၄ | ၅၁% | | ၃၇% | | ၁၂% | |
| | ၂၀၁၃ | ၄၈% | | ၄၁% | | ၁၁% | |
| | ၂၀၁၂ | ၃၂% | | ၄၁% | | ၃၂% | |

* ၂၀၂၀ ခုနှစ် ဧပြီလတွင် ရရှိသည့် အချက်အလက်များအပေါ်အခြေခံပါသည် – UN သို့ ပေးအပ်သည့်ထောက်ပံ့မှုများအား စာရင်း စစ်ဆေး ခြင်း မပြုလုပ်ခဲ့ပါ။ ထို့အတွက်ကြောင့် သတ်မှတ်ထားသည့် ညွှန်းကိန်းများအတွက် ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ စုစုပေါင်း အဆင့် သတ်မှတ်ခြင်း သည် ညွှန်းကိန်း (၅) ခုလုံး တွင် တစ်ခုချင်း ဆုံးရှုံးရနိုင်ချေများအပေါ် ဆန်းစစ် အကဲဖြတ်ခြင်းအားဖြင့် သတ်မှတ်ပါသည်။

** ၂၀၂၀ခုနှစ် ဧပြီလတွင် ရရှိသည့်အချက်အလက်များအပေါ် အခြေခံသော်လည်း သက်ဆိုင်ရာနှစ်၏ စာရင်းစစ်ဆေးခြင်းအား နောက်လာမည့် နှစ်၏ ဒုတိယသုံးလပတ်တွင် ပြုလုပ်ပါသည်။

***စုစုပေါင်း အဆင့် သတ်မှတ်ခြင်း သည် ညွှန်းကိန်း (၅) ခုလုံး တွင် တစ်ခုချင်း ဆုံးရှုံးရနိုင်ချေများအပေါ် ဆန်းစစ် အကဲ ဖြတ်ခြင်းအားဖြင့် သတ်မှတ်ပါသည်။

ကြောင့် လုပ်ငန်းစဉ်များတွင် စိန်ခေါ်မှုများ ထပ်မံ၍ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၀၂၀ခုနှစ် COVID-19 ကပ်ရောဂါဘေးနှင့် ဆက်စပ်နေသည့် ကန့်သတ်မှုများကြောင့် ၂၀၁၉ ခုနှစ်အစီရင်ခံစာများအား အချိန်မီ တင်ပြနိုင်ခြင်းအပေါ် သက်ရောက်မှု ရှိခဲ့ပါသည်။ FMO မှ တည်ဆောက်ထားပြီးဖြစ်သည့် စနစ်များနှင့် ယန္တရားများ၏ လည်ပတ်ဆောင်ရွက်မှုတို့ကို ဆန်းစစ်ရန်အတွက် ယေဘုယျရလဒ်များအား အသုံးပြုမည်ဖြစ်ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်များအတွက်မူ ၎င်းတို့၏တစ်ဖွဲ့ချင်းအလိုက် ဝါစိမ်းနီ များအား အသိပေးမည်
ဖြစ်ပါသည်။

## ၅.၄။ ဘဏ္ဍာရေး

LIFT သည် ၂၀၁၈ ခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၅၀၉ သန်းမှ ၂၀၁၉ ခုနှစ် အတွင်း အမေရိကန်ဒေါ်လာ ၅၃၉ သန်း အထိ တိုးမြှင့်လာခဲ့ပါသည်။


LIFT တွင် ၂၀၁၉ ခုနှစ်အတွင်း၌ စီမံကိန်း လုပ်ငန်းအတွက် ဘတ်ဂျက်ခွင့်ပြုထားသည့် အမေရိကန် ဒေါ်လာ ၇၄.၄ သန်း ရှိခဲ့ပြီး ထို့ထက်ပိုနည်းသည့် ပမာဏဖြစ်သော အမေရိကန်ဒေါ်လာ ၆၄.၅ သန်း သုံးစွဲခဲ့ပါသည်။ လက်ရှိ ထောက်ပံ့မှု အများစုသည် ကောင်းမွန်စွာ လုပ်ဆောင်နေပါလျက် စီမံချက်လုပ်ငန်း၏ ပေးအပ်နိုင်မှု လျော့ပါးသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သော်လည်း အဓိကအားဖြင့် ၂၀၁၉ ခု

*ဇယား ၅.၅။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၃)ရက်နေ့အထိ စုစည်းထားသည့် အလှူရှင် ထည့်ဝင်မှုများ (ကန်ဒေါ်လာ)*

| အလှူရှင် | လက်မှတ်ရေးထိုး ကတိပြုထားခြင်းများ* | စုစုပေါင်း၏ ရာခိုင်နှုန်း |
|---|---|---|
| | အမေရိကန်ဒေါ်လာ | |
| ဩစတေးလျ | ၂၆,၁၇၀,၄၃၉ | ၄.၉% |
| ကနေဒါ | ၁၁,၄၇၅,၈၅၀ | ၂.၁% |
| ဒိန်းမတ် | ၉,၉၉၁,၅၆၆ | ၁.၉% |
| ဥရောပ သမဂ္ဂ | ၁၄၃,၇၆၉,၈၈၂ | ၂၆.၉% |
| ပြင်သစ် | ၁,၃၁၉,၈၀၀ | ၀.၂% |
| အိုင်ယာလန် | ၂,၀၇၅,၃၈၂ | ၀.၄% |
| အီတလီ | ၈၅၂,၀၄၀ | ၀.၂% |
| လူဇင်ဘတ် | ၁,၁၂၉,၃၂၈ | ၀.၂% |
| မစ်ဆူဘီရှီ | ၂၀၀,၀၀၀ | ၀.၀% |
| နယ်သာလန် | ၂,၉၅၀,၀၀၀ | ၀.၆% |
| နယူးဇီလန် | ၈၀၉,၆၅၀ | ၀.၂% |
| ဆွီဒင် | ၂,၇၂၅,၇၇၆ | ၀.၅% |
| ဆွစ်ဇာလန် | ၄၀,၂၄၉,၃၁၈ | ၇.၅% |
| ယူနိုက်တက် ကင်းဒမ်း | ၂၆၅,၈၁၀,၃၀၅ | ၄၉.၈% |
| အမေရိကန် ပြည်ထောင်စု | ၂၀,၀၀၀,၀၀၀ | ၃.၇% |
| UNDP/PGMF | ၄,၆၉၄,၃၉၉ | ၀.၉% |
| အလှူရှင်များ ထည့်ဝင်မှုများ | ၅၃၄,၂၂၃,၇၃၄ | ၁၀၀% |
| အတိုးမှ ဝင်ငွေ | ၅,၂၂၆,၄၂၂ | |
| **စုစုပေါင်း** | **၅၃၉,၄၅၀,၁၅၇** | |

*ကတိပြုထားခြင်းများသည် ငွေလဲနှုန်းအပြောင်းအလဲများကြောင့် ၂၀၁၈ ခုနှစ် ကိန်းဂဏန်းများနှင့် အနည်းငယ်ကွဲလွဲမည် ဖြစ်ပါသည်။


*ဇယား ၅.၂။ ၂၀၁၀–၂၀၁၉ ခုနှစ်အတွင်း LIFT ၏ အလှူရှင်များ ထည့်ဝင်မှုမှ ကန် ဒေါ်လာ ဖြင့် ရရှိခဲ့သည့် အလှူငွေ တိုးပွားလာသည်များ*



*ဇယား ၅.၆ ။ ၂၀၁၉ ခုနှစ်အတွက် LIFT ၏ အသုံးစရိတ်*

| လုပ်ဆောင်မှုများ | လုပ်ငန်း ဘတ်ဂျက် (ကန်ဒေါ်လာ) | အမှန်တကယ် သုံးစွဲမှု (ကန်ဒေါ်လာ) | ကျော်လွန်/ လျော့နည်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| ထောက်ပံ့မှုများနှင့် ကူညီပံ့ပိုးမှုများ | | | | |
| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများထံ ထောက်ပံ့မှုများ | ၅၈,၀၂၉,၈၃၁ | ၄၆,၈၃၄,၆၇၆ | (၁၀,၁၉၅,၁၅၅) | -၁၈% |
| ထောက်ပံ့မှု မဟုတ်သည့် ကူညီပံ့ပိုးမှုများ | ၇,၃၃၅,၆၈၉ | ၈,၀၉၈,၄၉၁ | ၇၆၂,၈၀၂ | ၁၀% |
| သုသေတန | ၂,၁၇၁,၀၁၄ | ၂,၁၉၀,၉၅၇ | ၁၉,၉၄၃ | ၁% |
| ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးအဖွဲ့ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်း | ၆,၃၇၂,၈၂၉ | ၅,၈၈၅,၄၇၉ | (၄၈၇,၃၅၀) | -၈% |
| ရန်ပုံငွေ ဘုတ်အဖွဲ့အတွက် ထောက်ပံ့ငွေ | ၂၄,၆၃၀ | ၂၉,၉၉၀ | ၅,၃၆၀ | ၂၂% |
| အထောက်အပံ့ပစ္စည်းများနှင့် စီမံအုပ်ချုပ်ရေး | ၁,၅၀၀,၄၉၉ | ၁,၄၂၀,၅၁၁ | (၇၉,၉၈၈) | -၅% |
| **စုစုပေါင်း** | **၇၄,၄၃၄,၄၉၂** | **၆၄,၄၆၀,၁၀၄** | **(၉,၉၇၄,၃၈၈)** | **-၁၃%** |

*ပုံ ၅.၃ ။ ၂၀၁၀–၂၀၁၉ ခုနှစ်တွင် စုစုပေါင်း အသုံးစရိတ်များ ကန်ဒေါ်လာ (သန်း)*



နှစ် မှ ၂၀၂၀ ခုနှစ် အတွင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်းတွင် နှောင့်နှေး နေခဲ့ခြင်း၊ များပြားလှသည့် ကုန်ကျစရိတ် ပါဝင်သော စီမံချက် လုပ်ငန်း များ နှင့် ကုန်ကျစရိတ် မပါဝင်သော စီမံချက်လုပ်ငန်းများ သက်တမ်း တိုးခြင်းမှ နောက်ဆုံးငွေပေးချေမှုများကို နှစ်အကုန်ပိုင်းများသို့ ရွှေ့ပြောင်းသွားခြင်းဆီသို့ ဦးတည်စေခြင်း၊ ထောက်ပံ့မှုများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် နှောင့်နှေးမှုများ ရှိခဲ့ခြင်း (ဒီဂျစ်တယ် ငွေရေးကြေးရေး၊ အရင်းအနှီး ချဲ့ထွင်ခြင်း၊ ဩဘာ) တို့ကြောင့် ဖြစ်ပါသည်။ လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ဘတ်ဂျက်တွင် လျော့နည်းသုံးစွဲခဲ့ခြင်းမှာ ဝန်ထမ်းသစ် အများအပြား တို့သည် သတ်မှတ်ချိန်ထက် နောက်ကျပြီးမှ အလုပ်ဝင်ကြခြင်း၊ဝန်ထမ်း အပြောင်းအလဲများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုများကြောင့် ဖြစ်ခဲ့ပါသည်။

## တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (MEAL)

၂၀၁၉ ခုနှစ်အတွင်း LIFT သည် လက်ရှိ ဆောင်ရွက်ဆဲ စီမံချက် အကဲဖြတ် ခြင်း၊ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း များ၏ M&E စနစ်များ ခိုင်မာအားကောင်းစေခြင်းနှင့် သုံးသပ်မှု နှင့် သင်ယူမှု ဆိုင်ရာ လေ့လာမှုများကို ဗဟိုပြုသည့် MEAL ဆိုင်ရာ မူဘောင်အဟောင်းဖြင့် MEAL နှင့် ဆက်နွယ်နေသည့် မှတ်တိုင်များ အား ပြီးစီးအောင်မြင် ခဲ့ပါသည်။ ထို့အပြင် LIFT သည် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့် ချိန်ညှိရန်အတွက် ပြန်လည် ဆန်းသစ်ထား သည့် MEAL မူဘောင် လုပ်ငန်းစဉ်အား စတင် ဆောင်ရွက်ခဲ့ပါသည်။

## MEAL စနစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့် ချိန်ညှိမှု

MEAL မဟာဗျူဟာ အဟောင်းအပေါ် တုံ့ပြန်မှတ်ချက်ပေးသည့် စစ်တမ်း ကောက်ယူမှုအား ဖြစ်ပေါ်စေသည့် အသေးစိတ် စီစဉ် ပြင်ဆင် ထားသော လုပ်ငန်းစဉ်၊ ရန်ပုံငွေ ဘုတ်အဖွဲ့အပါအဝင် ပတ်သက် ဆက်နွယ်သူ အမျိုးမျိုးနှင့် များနှင့် ပြုလုပ်သည့် အဖွဲ့ အစည်းအတွင်း ဆွေးနွေး တိုင်ပင် သဘောထား ရယူသည့် အစည်းအဝေးများမှတဆင့် LIFT သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်ခဲ့သည့် ပြန်လည်ဆန်းသစ် ထားသော MEAL မူဘောင်အား အပြီးသပ်ခဲ့ပါသည်။ ပြန်လည်ဆန်းသစ်ထားသည့် MEAL မူဘောင် သည် ၂၀၂၀ ခုနှစ်မှစတင်၍ အသုံးပြုရန် အသင့်ဖြစ်မည် ဖြစ်ပါသည်။ LIFT စီမံကိန်းများနှင့် M&E အဖွဲ့သည် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာ၏ ယုတ္တိဗေဒမူဘောင်အတွက် ရည်ညွှန်းမည့် အသေးစိတ် ညွှန်းကိန်းများ (IRS) အား အပြီးသပ်ခဲ့ပါသည်။ ယုတ္တိဗေဒမူဘောင်တွင် သဘောတူ လက်ခံခဲ့သည့် ညွှန်းကိန်းများ သာမက ညွှန်းကိန်း အစီရင်ခံ တင်ပြခြင်း ဆိုင်ရာ တုံ့ပြန်မှတ်ချက်များအား ထည့်သွင်း စဉ်းစားပြီး သုံးသပ်မှုများကို ၂၀၂၀ ခုနှစ်တွင် ထပ်မံ ပြုလုပ်မည် ဖြစ်ပါသည်။

FMO ၏ M&E နှင့် ရခိုင်အဖွဲ့များသည် LIFT မဟာဗျူဟာ မူဘောင်နှင့် ကနေဒါနိုင်ငံ၏ မူဘောင်နှင့် ညွှန်းကိန်း များအား နှိုင်းယှဉ်၍ သုံးသပ် ခြင်းကို အပြီးသပ်ခဲ့ပါသည်။ အားလုံး သဘောတူညီခဲ့သည့် ၂၀၂၀ ခုနှစ် အတွက် အဓိက အစီရင်ခံ တင်ပြရမည့် ရည်မှန်းချက်များ အပေါ် ဆွေးနွေးတိုင်ပင်မှုများလည်း ကနေဒါအဖွဲ့နှင့် ထပ်မံ ပြုလုပ်ခဲ့ပါသည်။

FMO အဖွဲ့သည် ၂၀၁၉-၂၀၂၃ LIFT မဟာဗျူဟာအောက်၌ မျှော်မှန်း ထားသည့် အစီရင်ခံ တင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ချိန်ညှိရန် အတွက် အစီရင်ခံ တင်ပြရမည့် ပုံစံများအား ပြင်ဆင် မွမ်းမံ ခဲ့ပါသည်။ အစီရင်ခံ တင်ပြရမည့် ပုံစံအား စမ်းသပ်ခဲ့ပြီး နောက် တဆက်တည်း မှာပင် IP များ ကလည်း ထိုပုံစံအတိုင်း အသုံးပြုခဲ့ကြပါသည်။ သို့သော်လည်း IP များအတွက် မွမ်းမံ ပြင်ဆင်ထားသည့် အစီရင်ခံ တင်ပြရမည့် ပုံစံ၏ လိုအပ်ချက်များအတိုင်း ဖြည့်စွက်ရန်အတွက် ၎င်း တို့၏ အချက်အလက်ကောက်ယူသည့် နည်းလမ်းများအား အပြည့် အဝ ပြောင်းလဲရန် နှင့် ချိန်ညှိရန်တို့အတွက် အချိန်ပိုမိုလိုအပ်မည်မှာ ထင်ရှားပါသည်။

FMO သည် LIFT ၏ မဟာဗျူဟာအသစ် (၂၀၁၉-၂၀၂၃) ၏ ဦးစားပေးမှု များနှင့်အညီ LIFT ၏ MEAL ဆိုင်ရာ လုပ်ငန်း တာဝန်များအား အဖွဲ့ အစည်းအတွင်း ပြန်လည် စီစဉ် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင် ဆောင်ရွက် ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်မှ LIFT အဆင့် ၊ စီမံကိန်းအဆင့် ၊ စီမံချက်အဆင့် လုပ်ငန်းတာဝန်များအကြား MEAL လုပ်ငန်း တာဝန်များအား ပိုမို ရှင်းလင်းစွာ အသေးစိတ်ညွှန်ပြမှု အား ရရှိစေခဲ့ ပါသည်။ ဤသည်မှ စီမံကိန်းနှင့် စီမံချက်အဆင့် M&E လုပ်ငန်းတာဝန်များအား ဦးတည် လုပ်ဆောင်မည့် M&E အရာရှိ ရာထူးနေရာများ ဖန်တီးပေးခြင်းဖြင့် LIFT M&E အဖွဲ့အား တိုးချဲ့ ခြင်း တို့ ဖြစ်ထွန်းလာခဲ့ပါသည်။ စီမံကိန်း ဆိုင်ရာ M&E အရာရှိများ ခန့်ထား ခြင်း အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အဆုံးသတ်ခဲ့ပြီး ဝန်ထမ်း အသစ်များသည် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ မှစ၍ အဖွဲ့အစည်းအတွင်း ဝင်ရောက် လုပ်ကိုင်မည် ဖြစ်ပါသည်။

FMO ၏ M&E ဝန်ထမ်းများသည် USAID ၏ MEAL လုပ်ငန်းအဖွဲ့ အစည်းအဝေးများတွင် ပါဝင် တက်ရောက်ခဲ့ကြပြီး အနာဂတ် စောင့် ကြည့်စစ်ဆေးခြင်းစနစ် (FTMS) အစီရင်ခံ တင်ပြခြင်းနှင့် ပြင်ပ တတိယအဖွဲ့အစည်းမှ အချက်အလက် ကောက်ယူရေး တို့နှင့် ဆက်နွယ်နေသည့် အစီရင်ခံ တင်ပြရမည့် အချက်အလက်များ၏ ရလဒ်များ၊ ညွှန်းကိန်းများနှင့် မျှဝေခဲ့သည့် အတွေ့အကြုံများ နှင့် စိန်ခေါ်များ အကြောင်းကို ဆွေးနွေးခဲ့ပါသည်။

FMO သည် မြန်မာနိုင်ငံ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာ အသင်း (MMEA) မှ ပြုလုပ်သည့် သုတေသန စီမံခန့်ခွဲမှု အဆင့်တူ အရည်အချင်းတူသူတို့မှ ဆန်းစစ်ခြင်းအား စောင့်ကြည့် စစ်ဆေးခြင်း ဆိုင်ရာ လမ်းညွှန်ချက်များ အလုပ်ရုံဆွေးနွေးပွဲအတွက် ကူညီပံ့ပိုးပေး ခဲ့ပါသည်။ M&E ဆိုင်ရာ ကျွမ်းကျင်သူအသစ်သည် ၂၀၁၉ ခုနှစ် မေလတွင် အလုပ်စတင် လုပ်ကိုင်ခဲ့ပါသည်။

### M&E နှင့် ဆက်နွယ်နေသည့် လေ့လာမှုများနှင့် စီမံချက် လေ့လာမှုများ –

**LIFT သည် အောက်ဖော်ပြပါ M&E ဆိုင်ရာ လေ့လာမှုများနှင့် စီမံချက် အကဲဖြတ် သုံးသပ်ခြင်းများကို ပြီးစီး အောင်မြင်ခဲ့ပါသည်။**

» ကျေးရွာ ၉၅ ရွာရှိ အိမ်ထောင်စု ၁,၅၂၀ ထံမှ အချက်အလက်များ ကောက်ယူခဲ့သည့် ၂၀၁၈ ခုနှစ် အိမ်ထောင်စု အညွှန်းပြ စစ်တမ်း အား အပြီးသပ်ခဲ့ပါသည်။
» FMO မှ ၂၀၁၇ ခုနှစ် LIFT အိမ်ထောင်စု စစ်တမ်း အစီရင်ခံစာအား ထုတ်ဝေခဲ့ပါသည်။
» FMO မှ LIFT ၏ ကြံ့ကြံ့ခံနိုင်စွမ်း ဆိုင်ရာ ရက်သတ္တပတ်အား ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ LIFT မှ ပြုလုပ်ခဲ့သည့် လေ့လာမှု (၃)ခု – ဝင်ငွေနှင့် အခြေပစ္စည်းဆိုင်ရာ လေ့လာမှု၊ ကြံ့ကြံ့ခံ နိုင်စွမ်းရှိမှုနှင့် အားနည်းထိခိုက်လွယ်မှုဆိုင်ရာ လေ့လာမှုနှင့် အာဟာရ ဖွံ့ဖြိုးမှု နှင့် ရေရှည်တည်တံ့ခိုင်မြဲမှု ဆိုင်ရာ လေ့လာမှု – တို့၏ အနှစ်ချုပ် တင်ပြမှုများကို ပြုလုပ်ခဲ့ပါသည်။
» FMO ၏ အာဟာရ ဖွံ့ဖြိုးမှု အဖွဲ့သည် အာဟာရ ဖွံ့ဖြိုးမှု အပေါ် သိသာထင်ရှားသည့် သက်ရောက်မှုအား ဖန်တီးနိုင်ရန် မိခင်နှင့် ကလေး ငွေကြေးထောက်ပံ့မှုအတွက် လိုအပ်သည့် နည်းလမ်းများ၏ အရည်အသွေးနှင့် ချဉ်းကပ် နည်းလမ်းများအား အထောက်အထား အခြေခံ၍ ပြန်လည် သုံးသပ်မှုကို ပြုလုပ်ခဲ့ပါသည်။ ပြန်လည် သုံးသပ် ခြင်းအား လေ့လာသင်ယူခြင်းနှင့် အသိပညာစီမံခန့်ခွဲရေး အဖွဲ့မှ ပြုစုသည့် MCCT အပေါ်မှ လေ့လာ သင်ယူခြင်း စာတမ်းအား အစုံအလင် ပါဝင်စေရန်အတွက် ရည်ရွယ်ခဲ့ပါသည်။

တစ်ဘက်တွင် ဖော်ပြထားသည်များအပြင် FMO သည် စီမံချက် '၂၈' ခု အကဲဖြတ်သုံးသပ်ခြင်းများနှင့် စီမံချက် ကာလလယ်အကဲဖြတ် သုံးသပ်ခြင်းများအား တာဝန်ပေးအပ်ခဲ့ပါသည်။

**၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သော စီမံချက် ကာလလယ် အကဲဖြတ်သုံးသပ်ခြင်းများ**

| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက် ခေါင်းစဉ် | စီမံကိန်း |
|---|---|---|---|
| ၁ | ILO_Rakhine | ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်ရေး စီမံချက်-ရခိုင်ပြည်နယ် | ရခိုင် |

**၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သော စီမံချက် ပြီးဆုံးမှု အကဲဖြတ်သုံးသပ်ခြင်းများ**

| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက် ခေါင်းစဉ် | စီမံကိန်း |
|---|---|---|---|
| ၁ | SC- Tat Lan Project | တက်လမ်း - ရေရှည် ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း - အဆင့် ၂ | ရခိုင်တက်လမ်း - ၂ |
| ၂ | SC-Delta project | Bright Sun - ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုနှင့် စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု တည်ဆောက်ခြင်း | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၃ | CARE-Tat Lan project | ရေရှည်တည်တံ့ခိုင်မြဲသည့် စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းများ ဆိုင်ရာ တက်လမ်းစီမံကိန်း - အဆင့် ၂ | ရခိုင်တက်လမ်း - ၂ |
| ၄ | YOMA Bank | စိုက်ပျိုး-စီးပွား ငွေကြေးထောက်ပံ့မှု အစီအစဉ် | ငွေရေးကြေးရေး ဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း |
| ၅ | LEAD | ပြင်စလူမြို့နယ်ခွဲအတွင်း အခြားနည်းလမ်းဖြင့် ဝင်ငွေ ရရှိအောင် ဖန်တီးနိုင်သည့် လုပ်ငန်းများမှ တဆင့် မြေယာမဲ့ အိမ်ထောင်စုများ၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှု ရရှိစေရန် ထောက်ပံ့ပေးခြင်း | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၆ | World Vision | ဘိုကလေးမြို့တွင် အသက်မွေးဝမ်းကျောင်းမှုများ ဖြစ်ထွန်းစေခြင်း | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၇ | Metta | အားလုံးပါဝင်စေသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်သမားများ တောင်သူများ စီမံခန့်ခွဲသည့် စီမံကိန်းများ ဖြစ်ထွန်းစေခြင်း | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၈ | MercyCorps | လယ်ယာသားများ ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း (LLM) - စိုက်ပျိုးရေး လုပ်ငန်း၊ ကျွမ်းကျင်မှု နှင့် အလုပ်အကိုင်ဖြင့် ဝင်ငွေတိုးစေခြင်း | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၉ | WHH | မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မျိုးစပါး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၁၀ | WHH/GRET | ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း - Delta Rise | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၁၁ | NAG | ဧရာဝတီ ရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၁၂ | Radanar Ayar | ဘက်စုံစိုက်ပျိုးစီးပွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး (IARD) စီမံချက် | မြစ်ဝကျွန်းပေါ်ဒေသ - ၃ |
| ၁၃ | IWMI/UNOPS | ပျော့ရွှာမြစ်ရေတင်စီမံချက် ပြင်ဆင်မွမ်းမံ အကောင်အထည်ဖော်ခြင်း | PIP အပူပိုင်းဇုန် |
| ၁၄ | CRS | ရပ်ရွာလူထုနှင့် ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး(PACE) | တောင်တန်းဒေသ |
| ၁၅ | TBC | တောင်တန်းဒေသ အာဟာရဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအတွက် ရေရှည် တည်တံ့သည့် အသွင် ကူးပြောင်းမှု (STAND UP) | တောင်တန်းဒေသ |
| ၁၆ | TAG | ရှမ်းပြည်မြောက်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်ခြင်းနှင့် ပျားရည်ထုတ်လုပ်ခြင်း | တောင်တန်းဒေသ |

| ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သော စီမံချက် ပြီးဆုံးမှု အကဲဖြတ်သုံးသပ်ခြင်းများ | | | |
|---|---|---|---|
| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက် ခေါင်းစဉ် | စီမံကိန်း |
| ၁၇ | GEN | မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှရေးအတွက် ကတိကဝတ်အား နက်ရှိုင်းစေခြင်း | အရပ်ဘက်လူမှုအဖွဲ့အစည်း |
| ၁၈ | Food Security Working Group | မြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် သယံဇာတရင်းမြစ်များ နှင့် မိတ်ဖက်ပြုမှုများအား ထိန်းညှိအသုံးပြုခြင်း စီမံချက် | စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ စနစ်များ |
| ၁၉ | GRET | GRET အသေးစားထောက်ပံ့မှု ရန်ပုံငွေ (၃)ခု၏ အပြီးသတ် အကဲဖြတ် သုံးသပ်ခြင်း | အရပ်ဘက်လူမှုအဖွဲ့အစည်း |
| ၂၀ | Pact Institute, Inc. | အသေးစားထောက်ပံ့မှု ရန်ပုံငွေ (၃)ခု၏ အပြီးသတ် အကဲဖြတ် သုံးသပ်ခြင်း | အရပ်ဘက်လူမှုအဖွဲ့အစည်း |
| ၂၁ | SwissAid | အသေးစားထောက်ပံ့မှု ရန်ပုံငွေ (၃)ခု၏ အပြီးသတ် အကဲဖြတ် သုံးသပ်ခြင်း | အရပ်ဘက်လူမှုအဖွဲ့အစည်း |
| ၂၂ | PATH | "မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း" စီမံချက် | အာဟာရ |
| ၂၃ | World Fish | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန် တို့တွင် ရိက္ခာဖူလုံရေးနှင့် ဝင်ငွေ တိုးရေး အတွက် ရေရှည်တည်တံ့သော ငါးမွေးမြူရေး ဖွံ့ဖြိုးမှုအား မြှင့်တင်ခြင်း (MYFish-Culture-MYFC) | အာဟာရ |
| ၂၄ | ActionAid | ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကွန်ရက် | သင့်တင်လျောက်ပတ်သော အလုပ်အကိုင် |
| ၂၅ | Save the Children | ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် (၂) နှစ် အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးရေး စီမံချက်အတွက် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ နည်းပညာ အကူအညီ ပေးခြင်း (TEAM MCCT) | အာဟာရ |
| ၂၆ | International Organization for Migration (IOM) | မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အတွက် လုပ်သား ရွှေ့လျားမှုကို ရင်းနှီးမတည်ခြင်း (CHIME) | သင့်တင်လျောက်ပတ်သော အလုပ်အကိုင် |
| ၂၇ | International Organization for Migration (IOM) | အားကောင်းသည့် စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှု (G & P) မှ တဆင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အကျိုးဆက်များ တိုးမြှင့်အောင် ပြုလုပ်ခြင်း (ပူးပေါင်း အဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်) တွဲလက် စီမံချက်အဆင့် - ၁ | သင့်တင်လျောက်ပတ်သော အလုပ်အကိုင် |
| ၂၈ | GRET | မြန်မာနိုင်ငံတွင် ပြည့်စုံကျယ်ပြန့်သည့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ရန် ကျေးလက် ဒေသ မြေယာကိစ္စရပ်များကို လေ့လာခြင်း သုတေသန စီမံချက် (LAND Project) | မူဝါဒ |
| ၂၉ | FAO | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို ပိုမို ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန် စေခြင်း | စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ စနစ်များ |
| ၃၀ | KMSS | အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမိုလုပ်ကိုင်နိုင်စွမ်း ရှိစေရန် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု | အရပ်ဘက်လူမှုအဖွဲ့အစည်း |
| ၃၁ | NAG | အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမိုလုပ်ကိုင်နိုင်စွမ်း ရှိစေရန် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု | အရပ်ဘက်လူမှုအဖွဲ့အစည်း |
| ၃၂ | Metta | အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမိုလုပ်ကိုင်နိုင်စွမ်း ရှိစေရန် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု | အရပ်ဘက်လူမှုအဖွဲ့အစည်း |

## အကောင်အထည်ဖော်ရေးမိတ်ဖက် အဖွဲ့အစည်း M&E စနစ်များအားကောင်း ခိုင်မာစေခြင်း

FMO သည် ရည်မှန်းထားပြီး ပို့ချပေးခဲ့သော သင်တန်းများ အပြင် M&E စနစ်များ ဆန်းစစ်ခြင်း တို့မှတဆင့် မိတ်ဖက် အဖွဲ့အစည်းများ၏ ၎င်းတို့ ကိုယ်ပိုင် M&E စနစ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်လက်ကူညီ ပံ့ပိုးပေးပါသည်။

### M&E သင်တန်းများ

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက် ခေါင်းစဉ် | စီမံကိန်း | အကြောင်းအရာများ |
|---|---|---|---|
| LEAD | ပြင်စလူမြို့နယ်ခွဲအတွင်း အခြားနည်းလမ်း ဖြင့် ဝင်ငွေ ရရှိစေရန် ဖန်တီးနိုင်သည့် လုပ်ငန်းများမှ တဆင့် မြေယာမဲ့ အိမ်ထောင်စုများ၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှု ရရှိစေရန် ထောက်ပံ့ပေးခြင်း | မြစ်ဝကျွန်းပေါ် ဒေသ – ၃ | LIFT မှ နမူနာယူသည့် နည်းစနစ်များ၊ မေးခွန်းလွှာများ ရေးဆွဲခြင်း၊ ရှေ့ပြေး စမ်းသပ်ခြင်းနှင့် စစ်တမ်း ကောက်ယူမည့် သူများအား သင်တန်း ပို့ချခြင်း အပါအဝင် စီမံကိန်း ပြီးဆုံး ချိန်၌ ပြုလုပ်သည့် စစ်တမ်း ဒီဇိုင်း ပုံစံ ရေးဆွဲအကောင်အထည် ဖော်ခြင်းတွင် ကူညီပံ့ပိုး ပေးခဲ့ပါသည်။ |
| Ko Ko Tech | ရွှေခရီးလမ်း ဘောဂ မေမေ (ရွှေမေမေ) “ရွှေခရီးလမ်းပေါ်မှ မေမေ” | အပိုဆောင်း အာဟာရ | LIFT ၏ မဟာဗျူဟာအသစ်နှင့် IP ၏ MEAL အစီအစဉ်နှင့်အညီ LIFT MEAL မဟာဗျူဟာနှင့် M&E ဆိုင်ရာ အချက်အလက်များ အစီရင်ခံ တင်ပြခြင်း |
| NAG, WV, WHH–RSSD, IOM | NAG: ဧရာဝတီ ရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး<br>WV: ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများ ဖြစ်ထွန်းစေခြင်း<br>WHH–RSSD: မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသရှိ မျိုးစပါး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး<br>IOM: ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာအဖြစ် ရွှေ့ပြောင်းသွားလာခြင်း | မြစ်ဝကျွန်းပေါ် ဒေသ | ရခိုင်ပြည်နယ်ရှိ IP များနှင့် M&E သတင်း အချက်အလက်များ အစီရင်ခံ တင်ပြခြင်း ဆိုင်ရာ သင်တန်း |
| SCI, IRC, ILO, RI, DRC | SCI: Tat Lan Plus<br>IRC: တက်လမ်း – ရေရှည် ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်း မှု စီမံကိန်း – အဆင့် ၂<br>ILO: ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် ဘေးကင်း လုံခြုံမှုများ ရှိစေရန် ကျွမ်းကျင်မှု များ (TVET)<br>RI: ရခိုင်ပြည်နယ် မြေပုံနှင့် မြောက်ဦးတို့တွင် ကာလရှည်ကြာ နေရပ် စွန့်ခွာ တိမ်းရှောင် နေထိုင်ရခြင်းအား ရင်ဆိုင်ဖြေရှင်းမည့် တုံ့ပြန် ရေး ယန္တရား<br>DRC: ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်း များနှင့် စခန်းပြင်ပမှ လူငယ်များ အတွက် အသက်မွေးမှု ပညာ သင်တန်းများ နှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးခြင်း – အဆင့် ၂ | ရခိုင် | ရခိုင်ပြည်နယ်ရှိ IP များနှင့် M&E သတင်း အချက်အလက်များ အစီရင်ခံ တင်ပြခြင်း ဆိုင်ရာ သင်တန်း |
| FAO | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး ကုန်ထုတ် စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို ပိုမိုကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း | အပူပိုင်းဇုန် | M&E သတင်းအချက်အလက်များ အစီရင်ခံ တင်ပြခြင်းဆိုင်ရာ သင်တန်း နှင့် စီမံကိန်း ပြီးဆုံးချိန် ဆန်းစစ်မှု အစီအစဉ် |
| LEAD, ARROW CSO | ပြင်စလူမြို့နယ်ခွဲအတွင်း အခြားနည်းလမ်း ဖြင့် ဝင်ငွေ ရရှိစေရန် ဖန်တီးနိုင်သည့် လုပ်ငန်းများမှ တဆင့် မြေယာမဲ့ အိမ်ထောင်စုများ၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှု ရရှိစေရန် ထောက်ပံ့ပေးခြင်း | မြစ်ဝကျွန်းပေါ် ဒေသ | ဘဏ္ဍာရေးဆိုင်ရာသင်တန်း<br>LIFT မှ စာရင်းရေးသွင်းခြင်းနှင့် စာရင်းကိုင် (ဘောက်ချာ၊ လယ်ဂျာ၊ ငွေစာရင်း၊ အထွေထွေ လယ်ဂျာ စာရင်းများ၊ အရှုံးအမြတ်၊ ဘဏ္ဍာရေး စာရင်း ရှင်းတမ်း ပြင်ဆင်ခြင်း) ဆိုင်ရာ အခြေခံ မူအား ပံ့ပိုးပေးခဲ့ ပါသည်။<br>LIFT မှ စီမံချက် ရေရှည်တည်တံ့ခိုင်မြဲ ရန် အတွက် မှတ်တမ်းတင် ထားသည့် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ နှင့် ဖြစ်ရပ်မှန် လေ့လာမှုနှင့် သက်ဆိုင် သည့် အဓိက မူဝါဒနှင့် အလေ့အကျင့် တို့လည်း ပံ့ပိုးပေးခဲ့ပါသည်။ |

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက် ခေါင်းစဉ် | စီမံကိန်း | အကြောင်းအရာများ |
|---|---|---|---|
| HPI, SPPRG, Golden Pearl, ECDC | HPI: မကွေးတိုင်းဒေသကြီးနှင့် ကရင် ပြည်နယ်တို့တွင် အားလုံးအကျုံးဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု<br>SPPRG: လက်ရှိလုပ်ရှားဆောင်ရွက်နေနိုင်သူများ၏ လုပ်ကိုင်နိုင်စွမ်းအား ဖြည့်ဆည်းပေးခြင်းဖြင့် အားလုံး ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု<br>Golden Pearl: မသန်စွမ်းများ၏ လူမှုစီးပွားရေး အခြေအနေ ပိုမိုကောင်းမွန် တိုးတက် စေခြင်း<br>ECDC: အားလုံးမပါဝင်ဘဲနှင့် မည်သည့် အဓိပ္ပါယ်မျှ မရှိ -ချင်းလူမှုအဖွဲ့အစည်းအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် မသန်စွမ်း များ ပါဝင်နိုင်မှုအားမြှင့်တင်ခြင်း | လူမှုကာကွယ် စောင့်ရှောက်ရေး | M&E အစီရင်ခံတင်ပြခြင်းနှင့် MEAL အစီအစဉ်ဆိုင်ရာ အစည်းအဝေး အား အစီရင်ခံ တင်ပြခြင်း |
| IOM, ILO, CARE, EDEN | IOM: ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သားရွှေ့ပြောင်းသွားလာမှု၏ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်အောင် ပြုလုပ်ခြင်း (တွဲလက်)<br>ILO: ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး<br>CARE: အောင်မြင်မှုစီမံချက် – လုံခြုံစိတ်ချပြီး ခိုင်မာသော အလုပ်အကိုင် ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း<br>EDEN: Eden စီမံချက်– လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်း ခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ခြင်း | DWLM | IP များနှင့် M&E ဆိုင်ရာ သတင်း အချက်အလက်များ ဆိုင်ရာ အစည်းအဝေး |
| BBC MA | ကျပ်ချပ်– ရွှေ့ပြောင်း သွားလာရေးနှင့် ငွေကြေး တို့ကို အကျိုးအရှိဆုံး ဖြစ်စေခြင်း | DWLM | IP များနှင့် M&E ဆိုင်ရာ သတင်း အချက်အလက်များ ဆိုင်ရာ အစည်းအဝေး M&E စနစ်များအား သုံးသပ်ခြင်းများ |

### M&E စနစ်များအား သုံးသပ်ခြင်းများ

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ | Project title | Programme |
|---|---|---|
| DRC | ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် စခန်း ပြင်ပ လူငယ်များအတွက် အသက်မွေးမှု ပညာသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးပေးခြင်း | ရခိုင် |
| IOM_MWC | ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု၏ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်အောင် ပြုလုပ်ခြင်း (တွဲလက်) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |
| EDEN | Eden စီမံချက်– လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်း ခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ခြင်း | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |
| IOM_PDN | ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု၏ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်အောင် ပြုလုပ်ခြင်း (တွဲလက်) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |

## ဆက်သွယ်ရေး

LIFT ၏ ဆက်သွယ်ပြန်ကြားရေးဌာနသည် ပြန်လည်ဆန်းသစ်ထားသည့် မဟာဗျူဟာအား စတင်မိတ်ဆက်ပေးခြင်း၊ ၂၀၁၉ ခုနှစ် LIFT ဖိုရမ် အား ကျင်းပနိုင်ရန် စီစဉ် ဆောင်ရွက်ခြင်းနှင့် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့် ကိုက်ညီမည့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းများကို ပြန်လည်ချိန်ညှိခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ အပြန်အလှန် လေ့လာသင်ယူပြီး အကောင်းဆုံး အလေ့အကျင့်များကို မျှဝေပေးသည့် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲများမှ တဆင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အပြန်အလှန် ဆွေးနွေးခြင်းများနှင့် LIFT ၏ ဆက်သွယ်ရေး ဆိုင်ရာ မဟာဗျူဟာ အသစ်အတွက် အချက်အလက်များကို စုစည်းရန် ဖြစ်ပါသည်။

LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ဆိုင်သည် မြင်သာမှုများ တိုးမြှင့်နိုင်ရေး သည် ၂၀၁၉ ခုနှစ်တွင် ဆက်သွယ်ရေး အဖွဲ့၏ ဆောင်ရွက်မှု များအားလုံးတွင် အဓိက အလေးထားခဲ့သည့် အပိုင်းဖြစ်ပါသည်။

**အဖွဲ့၏ အခန်းကဏ္ဍအား တိုးတက်စေခြင်း -** ဆက်သွယ်ရေး အဖွဲ့၏ ကျွမ်းကျင်မှုများ ဆိုင်ရာ အားသာချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ခဲ့ပြီး၊ ဝန်ထမ်းခန့်ထားခြင်းနှင့် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များကို ရေးဆွဲခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွက် ဝမ်းမြောက်ဖွယ်ရာ အပြောင်းအလဲမှာ UNOPS မြန်မာ၏ Graphic Designer (ဂရပ်ဖစ်ဒီဇိုင်နာ) တစ်ဦး ရောက်ရှိလာခြင်း ဖြစ်ပါသည်။ နိုင်ငံတကာ အလုပ်သင်ဝန်ထမ်း၏ အခန်းကဏ္ဍအား ပြန်လည်သတ်မှတ်ခဲ့ပြီး၊ ရုပ်ပုံ၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား တို့ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းမှ အယ်ဒီတာ့အာဘော် (သတင်းဆောင်းပါး) နှင့် စာမူကြမ်းအား ဖတ်ရှု ပြင်ဆင်ခြင်းတို့အား ဆောင်ရွက်ခြင်း ဆီသို့ ပြောင်းလဲ တာဝန် ပေးအပ်ခဲ့ပါသည်။ စီမံအုပ်ချုပ်ရေးနှင့် ရုပ်သံတို့ဖြင့် ဆက်သွယ် ဆောင်ရွက်ခြင်းလုပ်ငန်းတို့အား ကူညီဆောင်ရွက်ပေးမည့် ပြည်တွင်း အလုပ်သင်တစ်ဦးကို ၂၀၂၀ ခုနှစ်တွင် ခေါ်ယူမည် ဖြစ်ပါသည်။ အဖွဲ့၏ စွမ်းဆောင်ရည်အား အထူးသဖြင့် LIFT ၏ ဆက်သွယ် ဆောင်ရွက်မှုများတွင် ပြည်တွင်း မီဒီယာနှင့် ဆက်ဆံရေးများ ပိုမို အားကောင်းစေရန်အတွက် ၂၀၂၀ ခုနှစ်တွင် တိုးမြှင့် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရေးဆိုင်ရာ လမ်းကြောင်းများ -** အစီအစဉ်ရေးဆွဲခြင်းအား ခိုင်မာအားကောင်းစေရန် အတွက် အကြောင်းအရာ ဖန်တီး ထုတ်လုပ်မှုကို အားပေးမြှင့်တင်ခဲ့ပြီး တင်ဆက်မည့် အကြောင်းအရာများ၏ အစီအစဉ်ဇယားအား ရေးဆွဲခဲ့ပါသည်။ ရလဒ်အနေဖြင့် ပိုမိုအရည်အသွေး ကောင်းမွန်သည့် ဆက်သွယ်ရေး ဆိုင်ရာ အကြောင်းအရာများအား ဝက်ဘ်ဆိုဒ်နှင့် လူမှုကွန်ရက်တို့တွင် ပုံမှန်ထုတ်ဝေဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ရုပ်သံဖြင့် ဆက်သွယ် ဆောင်ရွက်ခြင်းကို အဓိကအလေးထားပြီး ဖြစ်နိုင်ပါက ရုပ်သံဗီဒီယိုများအား ဌာနတွင်း၌ပင် ထုတ်လုပ် ဖန်တီးပါသည်။ LIFT ၏ Twitter (တွစ်တာ) နှင့် You Tube (ယူကျူ့) တို့မှ ထုတ်လွှင့်မှုများအား ပြန်လည် ဆန်းသစ်ခဲ့ပြီး LIFT သတင်းလွှာစာစောင်၏ ဒီဇိုင်းပုံစံအား ပြန်လည်ရေးဆွဲခဲ့ကာ တစ်လနှစ်ကြိမ် ထုတ်ဝေသည့် ပုံစံဖြင့် ပြန်လည် စတင်ခဲ့ပါသည်။

**ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေးများ-** စီမံကိန်းအဖွဲ့များ၊ IP များ ၊ အလှူရှင်အဖွဲ့များ ၊ FMO များ အားလုံး၊ UNOPS မြန်မာရုံးနှင့် အခြား UNOPS မြန်မာ စီမံခန့်ခွဲသည့် ရန်ပုံငွေများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအား ဖော်ဆောင်ခဲ့ပါသည်။ IP များနှင့် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ ပထမအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲအား အောက်တိုဘာလတွင် စီစဉ်ကျင်းပခဲ့ပြီး အလှူရှင်အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့ပါသည်။

**LIFT ဖိုရမ်**

LIFT ဖိုရမ်အား ဖွေနိုလတွင် စီစဉ်ကျင်းပခဲ့ပြီး ဖိုရမ်တွင် LIFT ၏ ပြန်လည်ဆန်းသစ် ထားသည့် မဟာဗျူဟာ စတင် မိတ်ဆက် ခဲ့ပါသည်။ ဖိုရမ်အတွက် ပြင်ဆင်ခဲ့သည့် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ စာရွက်စာတမ်းများ တွင် ၂၀၁၉-၂၀၂၃ ခုနှစ်အတွက် LIFT၏ ရည်မှန်းချက်များ၊ ဆောင်ရွက်ရန်ရှိသည်များကို ရေးသားဖော်ပြ ထုတ်ဝေခဲ့ပါသည်။ LIFT ဖိုရမ်သည် အထင်ကရဖြစ်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်ခဲ့ကာ LIFT ၏ အနေအထားကို ပိုမိုမြင်သာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**၂၀၁၉-၂၀၂၃ ဆက်သွယ်ဆောင်ရွက်ရေး ဆိုင်ရာ မဟာဗျူဟာ**

မဟာဗျူဟာ၏ ရည်မှန်းချက်များအား သက်ဆိုင်ရာ FMO လုပ်ဖော်ကိုင်ဖက်များ၊ ပတ်သက် ဆက်နွယ်သူများနှင့် ဆွေးနွေး တိုင်ပင် သဘောထားရယူခဲ့ပြီး ယင်း မဟာဗျူဟာ ၏ ရည်မှန်းချက်များအား အပြန်အလှန်ဆွေးနွေးရန်အတွက် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။ ဤလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် LIFT ၏ ပြင်ပဆက်သွယ်ရေးဆိုင်ရာ နည်းလမ်းများအား ပြန်လည် သုံးသပ်ခဲ့ပြီး နည်းလမ်းသစ်များကို ဖော်ထုတ်ခဲ့သည်။ ယင်းမှာ 'LIFT ၏ အသံများ' ခေါင်းစဉ်ဖြင့် ရေးသားမျှဝေခြင်းများ ဖြစ်ပါသည်။ LIFT ၏ ဝက်ဘ်ဆိုက် အသစ်အတွက် အစီအစဉ်များနှင့် ဘတ်ဂျက်များအား အပြီးသတ် အတည်ပြုခဲ့ပြီး ဝက်ဘ်ဆိုက်အသစ် အကောင်ထည်ဖော်ခြင်းကို ၂၀၂၀ ခုနှစ်တွင် စတင်ခဲ့ပါသည်။

**အဖွဲ့အစည်းအတွင်း ဆက်သွယ် ဆောင်ရွက်မှုများနှင့် LIFT ၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုပ်တည်မှု**

"ဆက်သွယ်ဆောင်ရွက်မှု အားလုံးသည် အဖွဲ့အစည်းအတွင်းမှသာ စတင်သည် ဖြစ်ရာ" ပြင်ပနှင့် ဆက်သွယ် ဆောင်ရွက်သော မည်သည့် စည်းရုံးလုပ်ဆောင်မှုမဆို အဖွဲ့အစည်းအတွင်းမှ ကူညီပံ့ပိုးမှုနှင့် ယုံကြည်မှု မရှိဘဲ မအောင်မြင်နိုင်ပေ။ သို့ဖြစ်ရာ အဖွဲ့အစည်းအတွင်း ဆောင်ရွက်သည့် ဆက်သွယ်ရေး လုပ်ငန်းများ အပေါ်၌လည်း အလေးထားခဲ့ပါသည်။ ဝန်ထမ်းများအားလုံး တွေ့ဆုံကာ ဆွေးနွေးမှုပုံစံအသစ်တစ်မျိုးဖြစ်သည့် upLIFT အား စတင်လုပ်ဆောင်ခဲ့ပြီး၊ LIFT ၏ စံနှုန်းများကို သတ်မှတ်ခဲ့ကာ LIFT ၏ ရုပ်တည်မှုအနေအထား၊ ကိုယ်ပိုင် လက္ခဏာ နှင့် မြင်သာမှုတို့၏ အခြေခံများကို ဖွဲ့စည်းပုံဖော်ရန် ဆောင်ရွက်ခဲ့ပါသည်။

**ပြန်လည်ဆန်းသစ်ထားသည့် LIFT မြင်သာမှုပုံစံ**

Graphic Designer တစ်ဦးရောက်ရှိလာခြင်းမှသည် LIFT ၏ မြင်သာမှုဆိုင်ရာ ဆောင်ရွက်မှုများကို ပိုမို တိုးမြှင့်လာစေရန် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထုတ်ဝေမှုများတွင် LIFT အမှတ်တံဆိပ်နှင့် စပ်လျဉ်းသော အရောင်သတ်မှတ်ချက်များနှင့် အညီ ရေးဆွဲခြင်းများကို ပိုမိုမြှင့်တင်လုပ်ဆောင်ခဲ့သည်။ ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာကို အထောက်အကူဖြစ်စေမည့် LIFT template ဒီဇိုင်းသစ်များ ရေးဆွဲခဲ့ပါသည်။

LIFT ၏ မြင်သာမှုဆိုင်ရာ လမ်းညွှန်ချက်များ ကိုလည်း လိုက်လျောညီထွေ ဖြစ်စေရန် ပြန်လည် မွမ်းမံခဲ့ပြီး ယင်းတို့အား IP များထံသို့ ဆက်သွယ် အသိပေးခဲ့ပြီး ဖြစ်ပါသည်။

## လူမှုကွန်ရက်၏ စာရင်းအင်း အချက်အလက်များ

မြန်မာနိုင်ငံတွင် Facebook သည် အလွန်လူကြိုက်များသည့် လူမှုကွန်ယက်တစ်ခု ဖြစ်ပြီး ယင်းသည် LIFT ၏ လူမှု ကွန်ရက် မဟာဗျူဟာ ၏ အဓိက အခန်းကဏ္ဍတွင် ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့် ၁၆ ရက်တာ လှုပ်ရှားမှုတို့နှင့်ဆိုင်သည့် လူမှုကွန်ရက်မှ စည်းရုံးလှုပ်ရှားမှု (၂)ခုအား LIFT ၏ ဖေ့စ်ဘုတ်စာမျက်နှာမှ တဆင့် မျှဝေခဲ့ပါသည်။ LIFT မှ ထုတ်လုပ်ခဲ့သည့် ဗီဒီယိုများ အပါအဝင် မျှဝေခဲ့သည့် အကြောင်းအရာများသည် အသုံးပြုသူ ပရိတ်သတ် ၇၀,၀၀၀ ကျော်ထံ ရောက်ရှိခဲ့ကာ အားပေးနှစ်သက်မှု အများအပြား ရရှိခဲ့ပါသည်။ LIFT ၏ စီမံကိန်းလုပ်ငန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ အခမ်းအနားများနှင့် စီမံချက် အကျိုးခံစားရသူများ၏ ဇာတ်လမ်းများ စသည်တို့ပါဝင်သည့် ပိုစ့်ပေါင်း (၂၂၁)ခုအား မျှဝေခဲ့ပြီး နှစ်အကုန်တွင် LIFT ဖေ့စ်ဘုတ် စာမျက်နှာတွင် ပုံမှန်ကြည့်ရှုသူ ၃၃,၀၀၀ ရှိခဲ့ပါသည်။

## မီဒီယာများတွင် LIFT အား ဖော်ပြခြင်း

LIFTသည် ပုံနှိပ်၊ ရုပ်သံ မီဒီယာများနှင့် အွန်လိုင်းဒီဂျစ်တယ် မီဒီယာတို့တွင် ရေးသားဖော်ပြမှုများအား ရရှိခဲ့ပါသည်။ LIFT ဖိုရမ်၊ ဌာနဆိုင်ရာများနှင့် ကျင်းပပြုလုပ်သည့် အစည်းအဝေးများ စသည်တို့နှင့် ပတ်သက်သည့် သတင်းများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့လွှတ်တော် ရုပ်မြင်သံကြားလိုင်းနှင့် ဖေ့စ်ဘုတ် စာမျက်နှာ၊ တောင်သူလယ်သမား ရုပ်မြင်သံကြား လိုင်း၊ MIFER ၊ လူကယ်ပြန် နှင့် စိုက်မွေးဆည် ဝန်ကြီးဌာနများ၏ ဖေ့စ်ဘုတ် စာမျက်နှာ၊ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်း၊ Global New' Light of Myanmar သတင်းစာတို့ ကဲ့သို့သော နိုင်ငံပိုင် သတင်း မီဒီယာများတွင် ထည့်သွင်းမျှဝေခဲ့ပါသည်။ Frontier၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ တောင်သူကြီး၊ 7 Days ၊ မြန်မာတိုင်းမ်၊ မဇ္ဈိမ၊ MRTV-4 နှင့် MNTV ကဲ့သို့သော အခြားထုတ်ဝေမှု များတွင် LIFT ၊ အလှူရှင်များနှင့် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပတ်သက်၍ သတင်းဆောင်းပါး (၄၀) ကျော်အား ထည့်သွင်းမျှဝေခဲ့ပါသည်။ အဓိက အသားပေး ဖော်ပြသည့် အဓိက အခမ်းအနားများနှင့် ခေါင်းစဉ်များမှာ LIFT ဖိုရမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် LIFT မှ ပံ့ပိုးပေးခဲ့သည့် မျိုးစေ့ပြပွဲ ၊ LIFT နှင့် မြန်မာ့ဩဘာ၏ စီမံချက် မိတ်ဆက်အခမ်းအနား၊ (၁၆)ရက်တာလှုပ်ရှားမှုနှင့် ရွှေ့ပြောင်းလုပ်သားများနှင့် သက်ဆိုင်သည့် သတင်းများ၊ ဆောင်းပါးများ ဖြစ်ပါသည်။

## LIFT ၏ ထုတ်ဝေမှုများမှတဆင့် အသိပညာမျှဝေပေးခြင်း

၂၀၁၉ ခုနှစ် ထုတ်ဝေမှုများတွင် လယ်ယာ စိုက်ပျိုးရေး စနစ် ဆန်းစစ်မှု၊ မြန်မာနိုင်ငံရှိ လယ်ယာ စိုက်ပျိုး ရေး စနစ်၊ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ LIFT ၏ စိတ်ဝင်စားဖွယ်ရာများ နှင့် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာတို့ ပါဝင်ခဲ့ပါသည်။ LIFT ၏ ဝက်ဘ်ဆိုက် - [https://www-fund-org/publications](https://www-fund-org/publications) တွင် လေ့လာမှုများ၊ သုတေသန စာတမ်းများနှင့် အသိပညာ စီမံခန့်ခွဲမှုနှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ ထုတ်ဝေမှုပေါင်း ၁၀၀ နီးပါးအား မျှဝေပေးခဲ့ပါသည်။

အသိအမြင် စီမံခန့်ခွဲမှုနှင့် လေ့လာသင်ယူခြင်း

MEAL မဟာဗျူဟာ အသစ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် စီမံကိန်း စွမ်းဆောင်နိုင်မှုအား ဖော်ထုတ်ရန်၊ ဆန်းစစ်ရန်နှင့် ရရှိနိုင်သော အထောက်အထားများ ပိုမိုကောင်းမွန်စွာ အသုံးပြုရန် တို့အတွက် LIFT ၏ စွမ်းဆောင်ရည်အား အမြင့်ဆုံး ဖြစ်စေမည့် မဟာဗျူဟာတစ်ရပ်အား ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါသည်။ ဤမဟာဗျူဟာသည် စီမံကိန်း အားလုံးတွင် ပိုမို၍ မဟာဗျူဟာကျသော၊ စနစ်တကျ အစီအစဉ် ရေးဆွဲထားသော၊ လွယ်ကူရှင်းလင်းသော ချဉ်းကပ်နည်းလမ်းအား ပေးအပ်ပါသည်။ လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေ ပြုပြင်နိုင်သည့် စီမံခန့်ခွဲမှုသည် MEAL မူဘောင်၏ အဓိကလုပ်ငန်းတာဝန် (၃)ခု အနက်မှ တစ်ခုဖြစ်ပြီး ယင်းမှတဆင့် မည်သည်တို့က အလုပ်ဖြစ်သည်၊ မည်သည်တို့က စွမ်းဆောင်မှုတွင် တိုးတက်ရန် လိုအပ်နေသေးသည်နှင့် လမ်းကြောင်း ပြင်ဆင် တည့်မတ် ခြင်းတို့နှင့် ပတ်သက်၍ ဖော်ထုတ်ရန်၊ မျှဝေရန်နှင့် အထောက်အထားအား အသုံးပြုရန်တို့အတွက် ကြိုးပမ်းပါသည်။ LIFT ၏ အဆင့်(၃)ဆင့်လုံး - မဟာဗျူဟာအဆင့်၊ စီမံကိန်းအဆင့်နှင့် အကောင်အထည်ဖော်ရေး အဆင့် - သည် ယခုအခါတွင် အသိအမြင် စီမံခန့်ခွဲခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ၎င်းတို့၏ သက်ဆိုင်ရာ စီမံကိန်း မဟာဗျူဟာများ၊ စီမံကိန်း ဆောင်ရွက်ချက်များနှင့် ချိတ်ဆက်နေသည့် ရလဒ်များအား ပေါင်းစပ်သွားမည် ဖြစ်ပါသည်။

LIFT တွင် လေ့လာသင်ယူခြင်းနှင့် အသိအမြင် စီမံခန့်ခွဲခြင်းနှင့် ချိတ်ဆက်နေသည့် အသေးစိတ်ပါဝင်သည့် ကျယ်ပြန့်သော ဦးစားပေးမှု (၂)ခု သတ်မှတ်ထားပါသည်။ ပထမဦးစားပေးမှုသည် အသိပညာဆိုင်ရာ ထုတ်ကုန်များအား ပိုမိုလက်လှမ်းမီ ရယူနိုင်ပြီး လိုအပ်ချက်များ နှင့်ကိုက်ညီစေရန်အတွက် သေချာစေခြင်း၊ ပိုမိုကြီးမားကျယ်ပြန့်သည့် အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပေးများနှင့် ဒီဂျစ်တယ်မီဒီယာ - "LIFT ၏ အသံများ" အား ဆန်းသစ်တီထွင်မှုရှိပြီး အမျိုးမျိုးသော အသုံးချခြင်းတို့အတွက် ပိုမိုရှင်းလင်းသည့် လမ်းညွှန်ချက် ပေးအပ်ခြင်းတို့ဖြင့် ပိုမိုလက်လှမ်းမီနိုင်သည့် ထုတ်ကုန်များ ဖော်ဆောင်ရန် ကြိုးပမ်းပါသည်။ ဒုတိယဦးစားပေးမှုမှာ လုပ်ငန်းများ အပေါ် အာရုံစိုက်ပါသည်။ LIFT သည် အထောက်အထားအား အကဲဖြတ်ရန်၊ လေ့လာ သင်ယူခြင်းအား စတင် မိတ်ဆက်ပေးရန်၊ ဝေဖန်ဆွေးနွေးမှုအား ဖော်ဆောင်ပေးရန်၊ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရန် လက်တွေ့ ကျင့်သုံးသူများ နှင့် ဆုံးဖြတ်ချက် ချမှတ်သူများအား အတူတကွ အားထုတ်ဆောင်ရွက်စေရန် နှင့် LIFT ၏ ဦးဆောင်မှု အခန်းကဏ္ဍ အား တည်ဆောက်ရန် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် လေ့လာသင်ယူခြင်းနှင့် အသိအမြင် စီမံခန့်ခွဲခြင်းဆိုင်ရာ အဖွဲ့မှ ကူညီပံ့ပိုးပေးခဲ့သည့် အချို့သော အစီအစဉ်များတွင် ပါဝင်ခဲ့သည်များမှာ -

## LIFTဖိုရမ် - LIFT ၏ ၁၀ နှစ်တာ ခရီး နှင့် ရှေ့သို့ မျှော်ကြည့်ခြင်း

နေပြည်တော်တွင် ကျင်းပသည့် LIFT ဖိုရမ် မှာ တက်ရောက်သူပေါင်း ၁၇၀ ကျော်ဖြင့် ကျင်းပသည့် ထိုနှစ်အတွက် အဓိက အခမ်းအနားတစ်ခု ဖြစ်ပါသည်။ အခမ်းအနား ကျင်းပသည့် ပုံစံ၊ ဟောပြောသူများနှင့် ဆွေးနွေးပွဲ ဦးဆောင်သူများ ပူးပေါင်း ဆောင်ရွက်မှုတို့ အတွက် ကြီးမားသည့် ကြိုးပမ်းအားထုတ်မှုများဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ အခမ်းအနားအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီးတို့မှ ဖွင့်လှစ်ပေးခဲ့ပြီး၊ သံအမတ်ကြီးများနှင့် အလှူရှင် အဖွဲ့အစည်းမှ အဆင့်မြင့် အရာရှိကြီးများမှ အဖွင့် အမှာ စကားများ ပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် အစိုးရ၊ အရပ်ဘက် လူမှု အဖွဲ့အစည်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အလှူရှင်များနှင့် ကျွမ်းကျင်သူများထဲမှ ဖိတ်ခေါ်ထားသည့် ဟောပြောသူများ တက်ရောက် ဟောပြောခဲ့ကြပါသည်။ အခမ်းအနား၏ နောက်ဆုံးနေ့တွင် ရန်ပုံငွေ ညွှန်ကြားရေးမှူး

နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့ကိုယ်စားလှယ်များသည် ယခင် ရှေ့ရက်များတွင် ဆွေးနွေးခဲ့ကြသည့် ကိစ္စရပ်များနှင့် စိန်ခေါ်မှုများအပေါ် အလေးအနက် စဉ်းစားဆင်ခြင်ပြီး LIFT ၏ ၂၀၁၉–၂၀၂၃ ခုနှစ်အတွက် မဟာဗျူဟာအသစ်အား တင်ပြခဲ့ပါသည်။

**LIFT ၏ အကဲဖြတ် သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ မေးခွန်းများ (ELQs)**

LIFT ၏ နောက်ဆုံး ELQs လေ့လာမှုများအား ထုတ်ဝေခဲ့ပြီး FMO နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့တို့ထံ အစီရင်ခံ တင်ပြခဲ့ပါသည်။ ယင်းလေ့လာမှုများအား LIFT ၏ လူမှုကွန်ရက် စာမျက်နှာများနှင့် ဝက်ဘ်ဆိုဒ် တို့တွင် အလေးပေး ဖော်ပြခဲ့ပါသည်။

LIFT မှ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့် အလေ့အကျင့်တို့အား ရေးဆွဲအကောင်အထည်ဖော်ခြင်းတွင် သတင်းအချက်အလက်များ ပေးနိုင်သည့် ဆန်းသစ်ပြောင်းလဲခြင်းနှင့် လေ့လာသင်ယူခြင်းတို့အတွက် စုပေါင်းထားသော ဩဇာလွှမ်းမိုးမှုရှိသည့် အသံတစ်ရပ်ဖြစ်စေရန် ကြိုးပမ်းပါသည်။ ၂၀၁၄–၂၀၁၈ ခုနှစ် မဟာဗျူဟာအား စတင်အကောင်အထည်ဖော်သည့် အချိန်၌ LIFT မှ ဖြေရှင်းပေးမည်ဖြစ်သည့် အဆင့်မြင့် အကဲဖြတ် သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများ ပါဝင်သည့် တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (MEAL) မူဘောင်အား ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါသည်။ အဆိုပါ မေးခွန်းများသည် LIFT ၏ စွမ်းဆောင်နိုင်မှု၊ ဆက်စပ်ပတ်သက်မှု၊ ထိရောက်မှု၊ ရေရှည်တည်တံ့ ခိုင်မြဲမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း တို့၏ အဓိကကဏ္ဍများအား ခြုံငုံထားပါသည်။ ယင်းတို့မှာ LIFT ၏ စွမ်းဆောင်နိုင်မှုကို အကဲဖြတ်ရန်နှင့် LIFT ၏ အဓိက အကဲဖြတ် သုံးသပ်မည့် မူများနှင့် ဆက်နွယ်နေသည့် လေ့လာသင်ယူခြင်းအား စုစည်းသုံးသပ်ရန်အတွက် နည်းကိရိယာများအနေဖြင့် အသုံးချနိုင်ရန် တို့အတွက် ရည်ရွယ်ပါသည်။

စီမံကိန်း၏ ထိရောက်မှုရှိခြင်းအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများ၏ ဒုတိယ ရည်ရွယ်ချက်မှာ – မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း ခိုင်မာအားကောင်းစေရန် LIFT မှ မည်သည့် အတိုင်းအတာ အထိ ဖြည့်ဆည်းပေးခဲ့သည် ဆိုသည် နှင့် ၎င်းတို့ ၏ "တောင့်ထား" "တက်လှမ်း" (သို့) "ထွက်ခွာ" ခြင်း တို့တွင် LIFT မှ မည်သည့် အတိုင်း အတာ အထိ ကူညီပေးခဲ့ပါသလဲ – ဖြစ်ပါသည်။ LIFT သည် ယင်း၏ တာဝန်အဆင့် အကျိုးရလဒ် (၃)ခု ဖြစ်သည့် ဝင်ငွေ၊ အားနည်း ထိခိုက်လွယ်မှုနှင့် အာဟာရဖွံ့ဖြိုးမှု တို့၏ တစ်ခုချင်းအပေါ်၌ ပေးအပ်ခဲ့သည့် LIFT ၏ ပံ့ပိုးထည့်ဝင်မှုများအား အာရုံစိုက်သည့် အသေးစိတ် လေ့လာမှု (၃)ရပ်အား ပြုလုပ်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုများသည် အဓိကအားဖြင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော အိမ်ထောင်စု စစ်တမ်းများမှ အချက်အလက်များ ရယူခဲ့ပြီး ဦးတည်ရည်ရွယ်သည့် လူမှုအသိုက်အဝန်းများမှ လူတစ်ဦးချင်းစီနှင့် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ကောက်ယူထားသည့် အရည်အသွေး အခြေခံ အချက်အလက်များနှင့် ဖြည့်စွက်ခဲ့ပါသည်။ ဤလေ့လာမှု (၃)ရပ်မှ တွေ့ရှိချက်များအား အထူးသဖြင့် ထိတ်လန့်မှုများနှင့် ဖိအားများ၏ ဒဏ်အား အိမ်ထောင်စုများမှ ရင်ဆိုင်ရာတွင် ကြံ့ကြံ့ခံနိုင်စွမ်းအား တည်ဆောက်ရန် LIFT ၏ ကူညီထောက်ပံ့မှုအပေါ် သီးခြား အာရုံစိုက်ခြင်းနှင့်အတူ လေ့လာမှု တစ်ခုချင်းစီမှ အဓိက ရှာဖွေ တွေ့ရှိချက်များကို စုစည်းဆွဲထုတ်ထားသည်တို့အား ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ လေ့လာမှုတွင် စုစည်း သုံးသပ်ခဲ့ပါသည်။

လေ့လာမှုမှာ စုစုပေါင်း ငါး ခု ပါဝင်ပါသည်–

**MCCT လေ့လာသင်ယူခြင်း စာတမ်း**

LIFT သည် မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအတွက် ငွေကြေးပံ့ပိုးမှု (MCCT) စီမံကိန်း၏ တိုးတက်မှုအား အကဲဖြတ်ခြင်းအပေါ် အာရုံစိုက်သည့် လေ့လာသင်ယူခြင်း စာတမ်းတစ်စောင်အား ရေးသားပြုစုခဲ့ပါသည်။ MCCT အပေါ် အာရုံစိုက် ခြင်းသည် စီမံကိန်း၏ ရည်မှန်းချက် ကြီးမားသည့် ပန်းတိုင်များနှင့် လွန်ခဲ့သည့် (၅)နှစ်အတွင်း လှုပ်ရှားဆောင်ရွက်သူ အမျိုးမျိုးတို့၏ ပူးပေါင်း ဆောင်ရွက်ခြင်းမှတဆင့် ရရှိခဲ့သော အားတက်ဖွယ် တိုးတက်မှုများအရ သိသာထင်ရှားသည့် ဦးစားပေးမှု ဖြစ်ခဲ့ပါသည်။ လေ့လာသင်ယူ ခြင်းစာတမ်းအား LIFT ဆွေးနွေးပွဲ အတွက် အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။

**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Village Development Planning VDP) လုပ်ငန်းစဉ်မှ လေ့လာသင်ယူခြင်း**

LIFT သည် ၂၀၁၈ ခုနှစ် VDP အား အဆင့်လိုက် ပိတ်သိမ်းခြင်းကို ကူညီပံ့ပိုးပေးပြီး ဤအစီအစဉ်မှ လေ့လာသင်ယူခြင်းအပေါ် အလေးအနက်ထား စဉ်းစားဆင်ခြင်ရန်မှာ အရေးကြီးခဲ့ပါသည်။ သို့မှသာ တိုးတက်မှုအား အကဲဖြတ်နိုင်မည် ဖြစ်ပြီး၊ အနာဂတ် အစီအစဉ်များအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်မည် ဖြစ်ပါသည်။ ပုံပြလက်ကမ်းစာစောင် တစ်ခုနှင့် သီးသန့် ဦးတည်ရည်ရွယ်သည့် မူဝါဒအနှစ်ချုပ်များအား ရေးသားပြုစုခဲ့ပြီး မတ်လတွင် လွှတ်တော်ကော်မတီများထံ တင်ပြခဲ့ပါသည်။

**စနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း**

ကမ္ဘာတဝှမ်းရှိ UNOPS ရုံးများအားလုံးတွင် ပိုမို၍ စွမ်းဆောင်နိုင်မှု ရှိပြီး အွန်လိုင်းပေါ်တွင် မျှဝေနိုင်သည့် လုပ်ငန်းခွင် ရပ်ဝန်းတစ်ခုဖြစ်လာစေရန်အတွက် ၂၀၁၉ ခုနှစ်တွင် အီးမေးလ်နှင့် အထောက်အထား စာရွက်စာတမ်းများအား သိမ်းဆည်းရန် ဂူးဂယ်လ် (Google) အခြေခံသည့် စနစ်များအား ကျင့်သုံးခဲ့ပါသည်။ ယင်းမှ LIFT ၏ အထောက်အထား စာရွက်စာတမ်းများ သိမ်းဆည်းသည့် စနစ်အား ပြန်လည် တည်ဆောက်ခြင်းနှင့် LIFT FMO အတွက် Learning and Knowledge Management LKM ကျွမ်းကျင်သူမှ စီမံခန့်ခွဲပြီး ဦးဆောင်သည့် လုပ်ငန်းစဉ် တစ်ရပ်ဆီသို့ ဦးတည်စေခဲ့ပါသည်။ လုပ်ငန်းစဉ်မှ လက်တွေ့အသုံးချနိုင်မှု ကျဆင်းလာခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်သည့် အလေ့အကျင့်များကို ကူညီဖြေရှင်းရာတွင် အကူအညီပေးခဲ့ပြီး နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့သည့် ပင်မအချက်အလက် သိုလှောင် သိမ်းဆည်းထားသည့် စနစ်အား အဆင့်မြှင့်တင်နိုင်စေခဲ့ပါသည်။ ပြုပြင်ပြောင်းလဲခြင်းမှ စနစ်အသစ်တွင် စာရွက်စာတမ်းများအား သိမ်းဆည်းခြင်း၊ အဝေးတနေရာမှ လက်လှမ်းမီ ရယူနိုင်ခြင်း၊ ပူးပေါင်း အလုပ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းများထပ်နေခြင်းတို့အား လျှော့ချခြင်းနှင့် မျှဝေခြင်းတို့တွင် တိုးတက်လာ ခဲ့ပါသည်။ ဝန်ထမ်းများ အကြား ပြောင်းလဲမှုများနှင့်အတူ ထိရောက်မှုရှိသော နည်းလမ်းများဖြင့် အလုပ်လုပ်ကိုင်နိုင်ခြင်း ဖြစ်မြောက်ရန်မှာလည်း မရှိမဖြစ် ညီတူညီမျှ လိုအပ်ပြီး ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်တွင် တရားဝင် မိတ်ဆက်ပြီးနောက် ယင်းအား ဦးစားပေး ဆောင်ရွက်ခဲ့ပါသည်။

## ၅.၅။ LIFT ၏ COVID–19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်းများ

၂၀၂၀ ခုနှစ် မတ်လတွင် COVID–19 အား ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ အဖြစ် ကြေညာခဲ့ပါသည်။ LIFT အနေဖြင့် လမ်းကြောင်း (၂)သွယ် ပါရှိသည့် ချဉ်းကပ်နည်းလမ်းအား ရွေးချယ်ခဲ့ပါသည်။

ပထမဦးစွာ LIFT သည် ကြုံတွေ့ရနိုင်ချေရှိသည့် မသေချာမှုများနှင့် စီမံကိန်း၏ အကျုပ်အတည်းများကို စဉ်ဆက်မပြတ် ဆန်းစစ်လျက် လုပ်ငန်း ဆောင်ရွက်မှုများနှင့် စီမံကိန်းများအား ဖြစ်နိုင်သည့် အတိုင်းအတာအထိ ရေရှည်တည်တံ့နိုင်စေရန်၊ နှင့် ထောက်ပံ့မှုများနှင့် စီမံကိန်းများအား စည်းမျဉ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်းရာတွင်လည်း တတ်နိုင်သမျှ ပြောင်းလွဲ ပြင်လွယ် ရှိစေရန် ကြိုးပမ်း ဆောင်ရွက် မည့် UNOPS နှင့် LIFT ၏ ချဉ်းကပ်နည်းလမ်းအား အကောင်အထည်ဖော်ရေး မိတ်ဖက်များအားလုံးထံ စာဖြင့်ပေးပို့ မျှဝေခဲ့ပါသည်။ LIFT သည် IP များအား ဆက်သွယ်ရေးလမ်းကြောင်းများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ကြောင်း နှင့် မြန်မာတစ်နိုင်ငံလုံးရှိ အားနည်း ထိခိုက်လွယ်သည့် အုပ်စုများအား သက်ရောက်မှု ရှိသည့် ကပ်ရောဂါ ကာလအတွင်း စီမံချက်များ ဆက်လက်ဆောင်ရွက်ရန် နှင့် / သို့ တုံ့ပြန် ဆောင်ရွက်ရန် တို့အတွက် လိုအပ်သည့် စီမံချက်လုပ်ငန်းများနှင့် သင့်လျော်အောင် ပြင်ဆင်ခြင်း တို့အား ဆက်လက်ကူညီပံ့ပိုးပေးရန်အတွက် အဆင်သင့် ဖြစ်ကြောင်း အခိုင်အမာ အသိပေး ပြောကြားခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်း အများအပြားသည် COVID–19 အား တုံ့ပြန် ဆောင်ရွက်ရန် အတွက် ၎င်းတို့၏ စီမံချက်လုပ်ငန်းအား သင့်လျော်အောင် စီစဉ်ထားသည်များကို အဆိုပြုခဲ့ကြပြီး၊ LIFT မှ ကန်ဒေါ်လာ တစ်သန်းခန့်ကို အားနည်းထိခိုက်လွယ်သည့် အုပ်စုများနှင့် မွမ်းမံပြင်ဆင်သည့် စီမံကိန်းလုပ်ငန်းအတွက် မိတ်ဖက် အဖွဲ့အစည်း (၃၀) ကျော်နှင့် ညှိနှိုင်းခြင်းများအား အတည်ပြုပေးခဲ့ပါသည်။ ထိုအချိန်တွင် LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံး မှလည်း ရွှေ့ပြောင်းလုပ်သားများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အရပ်ဘက် လူမှုအဖွဲ့အစည်း၊ ရခိုင်နှင့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း တို့အတွက် စီမံကိန်း အကျဉ်းချုပ်များကို ရေးဆွဲ ခဲ့ပါသည်။

နောက်တစ်ဆင့်တွင် မြန်မာနိုင်ငံ၌ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် တုံ့ပြန် ဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန်အတွက် အပို ဆောင်း ရန်ပုံငွေ ထပ်မံ ခွဲဝေပေးရန် လုပ်ဆောင်ခဲ့ပါသည်။ မတ်လ ၃၁ ရက်နေ့ တွင် ပြုလုပ်သည့် တယ်လီကွန်းဖရင့် (Teleconference) အစည်းအဝေးတွင် ရွှေ့ပြောင်းလုပ်သားများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ၊ ရခိုင်ဒေသ အတွက် နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း တို့နှင့် သက်ဆိုင်သည့် LIFT ၏ စီမံကိန်းများနှင့် COVID–19 အရေးပေါ်တုံ့ပြန် ဆောင်ရွက်မှု လုပ်ငန်းများအား လုပ်ဆောင်နိုင် ရန်အတွက် အပိုရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅.၈ သန်း ပေးအပ်ရန် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့မှ အတည်ပြုခဲ့ပါသည်။

COVID–19 ကပ်ရောဂါ၏ စိန်ခေါ်မှုများအား တုံ့ပြန် ဆောင်ရွက်ရန် အတွက် နိုင်ငံတော်မှ အရေးပေါ် ပြင်ဆင်မှုများ ပြုလုပ်သည့် အချိန်တွင် မြန်မာနိုင်ငံရှိ လူဦးရေ ၅.၉ သန်းအတွက် ထပ်မံ၍ ရန်ပုံငွေ ထောက်ပံ့ရန် ခန့်မှန်းထားခဲ့ပါသည်။ LIFT ၏ ကူညီပံ့ပိုးမှုအား အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ၏ ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်ခြင်းများမှတဆင့် ပေးအပ်သွားမည် ဖြစ်ကာ ထိခိုက်လွယ်မှု အများဆုံးရှိသည့် ရွှေ့ပြောင်းလုပ်သားများ၊ သက်ကြီးရွယ်အိုများ၊ ပြည်တွင်း နေရပ်စွန့်ခွာသူများ၊ အမျိုးသမီးများနှင့် အသက် (၂) နှစ်အောက် ကလေးငယ်ရှိသည့် မိခင်များအား ကူညီပံ့ပိုးပေးခြင်းတွင် အဓိကထား လုပ်ဆောင်မည် ဖြစ်ပါသည်။

ဧပြီလ (၁၀)ရက်နေ့အထိဆိုလျှင် တစ်ဘက်တွင် ဖော်ပြထားသည့် LIFT ၏ စီမံကိန်းလုပ်ငန်းများတွင် COVID–19 တုံ့ပြန်ရေးကို ဆောင်ရွက်ခဲ့ပါသည်။



*“မိသားစုတွေအနေနဲ့ ဝင်ငွေရရှိနိုင်ဖို့ မသေချာတဲ့ အခြေအနေတခုမှာ အစားအသောက်နဲ့ ကျန်းမာရေး ကိစ္စ ကုန်ကျစရိတ်တွေအတွက် ရုန်းကန်နေကြရမှာဖြစ်တဲ့အတွက်ကြောင့် COVID–19 ကပ်ရောဂါက မြန်မာနိုင်ငံနဲ့ ပြည်သူတွေအတွက်တော့ လက်ရှိမှာရော အနာဂတ်ကာလတခုအထိပါ စိန်ခေါ်မှုတခုပါပဲ။ ကမ္ဘာတဝန်းမှာ တွေ့မြင်နေတဲ့အတိုင်းပဲ လူတွေလက်ထဲကို အခုလို ငွေသားပံ့ပိုးပေးလိုက်ခြင်းက မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ရှိသလို ဒီလိုအကျပ်အတည်းကာလ အတွင်းမှာ မိသားစုတွေကို ကူညီအားပေးရာ ရောက်ပါတယ်။ ဒီလို ဆောင်ရွက်မှုက နောင်အနာဂတ်မှာ ပိုပြီး မျှတတဲ့စနစ်တည်ဆောက်ဖို့လည်း အထောက်အပံ့ဖြစ်စေ မှာပါ”*

*ဟု LIFT ရန်ပုံငွေ ညွှန်ကြားရေးမှူး ကေတီဝက်ဘ်လေက ပြောကြားပါသည်။*

**ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း** – မြို့ပြစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ တွင် COVID–19 ကပ်ရောဂါ စတင်ကျရောက်သည့် အချိန်မှစ၍ တုံ့ပြန်ဆောင်ရွက်ရာတွင် ရှေ့တန်းမှ လုပ်ကိုင် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာနေထိုင်သူများထံ အရေးကြီးသည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီ၊ သတင်းအချက်အလက်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာပစ္စည်းများ၊ ဥပဒေရေးရာ အကူအညီနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကူညီပံ့ပိုးမှုတို့အား ပေးအပ်လျက်ရှိပါသည်။ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ဆိုင်ရာ အဖွဲ့သည် ဤပေါ်ပေါက်နေသည့် ခြိမ်းခြောက်မှုအား တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ဖွဲ့စည်း တည်ဆောက်ပုံ ပြန်လည် ပြင်ဆင်ရာတွင် အလျင်အမြန် ပူးပေါင်း လုပ်ဆောင်ခဲ့ပါသည်။ ရန်ကုန်၊ ကရင်၊ မွန်၊ ရှမ်း၊ တနင်္သာရီ၊ ပဲခူး၊ ချင်း၊ မန္တလေး၊ မကွေးနှင့် ဧရာဝတီရှိ စီမံကိန်း ဆောင်ရွက်ချက်များ အပါအဝင် ကပ်ရောဂါအား လက်ငင်း တုံ့ပြန်ဆောင်ရွက်မှုအား ပံ့ပိုးပေး ရန်အတွက် လက်ရှိ ဘတ်ဂျက် အမေရိကန်ဒေါ်လာ ၄၄၇,၀၀၀ အား ခွဲဝေချထားပေးခဲ့ပါသည်။ ဤ အရေးပါသည့် ကူညီပံ့ပိုးမှုသည် တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူ ၈၄,၄၁၇ ဦးထံ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။

**လူမှုကာကွယ်စောင့်ရှောက်ရေး** – LIFT နှင့် လူမှုဝန်ထမ်းဦးစီးဌာန (DSW) တို့သည် အကျိုးခံစားခွင့်ရှိသူ ၄၄၀,၀၀၀ ဦးထံ တစ်ပေါင်းတည်းပေးအပ်မည့် ငွေကြေးထောက်ပံ့မှု ပေးရန်အတွက် ပြင်ဆင်ခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရှိနေပြီး ဖြစ်သည့် လမ်းကြောင်းများမှတဆင့် ဖြန့်ဖြူးရန် အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများထံ ငွေထုတ်ပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) မှ ကိုင်တွယ်သည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ရန်ပုံငွေ အတွင်းသို့ ရန်ပုံငွေများအား ထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ယင်းတို့တွင် မိခင်နှင့်ကလေးငယ်များအား ငွေကြေးထောက်ပံ့ရာ၌ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများမှ အကူအညီ ပေးလျက်သည့် အစိုးရရောက်ရှိမှု လက်လှမ်းမမီသည့် ဒေသများ ပါဝင်ပြီး ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင်စခန်း စီမံခန့်ခွဲရေး ကော်မတီများလည်း ပါဝင်ခဲ့ပါသည်။ အလားတူပင် HelpAge International မှလည်း DSW ၏ ကူညီပံ့ပိုးမှုဖြင့် အကျပ်အတည်းများကို တုံ့ပြန်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည် အားကောင်းခိုင်မာစေခြင်း စီမံချက်အား DSW နှင့်အတူ လက်တွဲ ဆောင်ရွက်ရန် အဆိုပြု ခဲ့ပါသည်။ သက်ကြီးရွယ်အိုများနှင့် သက်ဆိုင်သည့် ကာကွယ်စောင့်ရှောက်ခြင်းနှင့် လျှော့ချခြင်းဆိုင်ရာ အစီအမံများ အပေါ် အာရုံစိုက်သည့် COVID–19 သတင်းအချက်အလက် စာအုပ်စာတမ်းများ ထုတ်ဝေရန်အတွက် နေပြည်တော်တွင် အခြေပြုသည့် HAI ၏ လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒဆိုင်ရာ စီမံချက် အတွက် ဘတ်ဂျက် ပြန်လည်ခွဲခြင်းအား အတည်ပြုခဲ့ပါသည်။

**အရပ်ဘက်လူမှုအဖွဲ့အစည်း** – ကမ္ဘာ့ကပ်ရောဂါအား CSO များ၏ တုံ့ပြန်ဆောင်ရွက်ခြင်းကို ပံ့ပိုးကူညီရန်အတွက် ကန်ဒေါ်လာ ၁.၅သန်းအား ခွဲဝေ သတ်မှတ်ပေးခဲ့ပြီး လူဦးရေ ၁.၅ သန်းကျော်တို့ အကျိုးကျေးဇူးခံစားရမည်ဟု ခန့်မှန်းခဲ့ပါသည်။ တုံ့ပြန်ဆောင်ရွက်ခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက် အဖွဲ့အစည်းများမှာ ကရုဏာလူမှုစည်းလုံး ညီညွတ်ရေး အသင်း (KMSS) ၊ မေတ္တာ၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG) ၊ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) နှင့် ကျား၊မ ရေးရာတန်းတူညီမျှရေး ကွန်ရက် (GEN) တို့ဖြစ်ခဲ့ပါသည်။ အဆိုပါ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ၎င်းနယ်မြေ ဒေသ တော်တော်များများအား လက်လှမ်းမီရောက်ရှိပြီး ဖြစ်ရာ သက်ဆိုင်ရာ ဒေသခံ လူဦးရေ အမြောက်အမြားနှင့် အနီးကပ် ထိတွေ့ဆက်မှုများလည်း ရှိပါသည်။ ယင်း အဖွဲ့အစည်းများသည် ၎င်းတို့ လက်ရှိဆောင်ရွက်နေသည့် စီမံချက်များအတွင်းရှိ လူမှုအသိုင်းအဝန်းများအား တဖွဲ့ချင်းစီရောစုပေါင်း၍ပါ ကူညီထောက်ပံ့မှုများ ပေးအပ်နေပြီး ဖြစ်ကာ COVID–19 ကပ်ရောဂါအတွက် ကာကွယ်တားဆီးရန်၊ COVID–19 ကပ်ရောဂါအား စီမံခန့်ခွဲ ရန် နှင့် COVID–19 ကပ်ရောဂါမှ ပြန်လည် နာလန်ထူခြင်းတို့အား ကူညီပံ့ပိုးရန်အတွက် LIFT ၏ ရန်ပုံငွေ ထပ်မံထောက်ပံ့မှုဖြင့် ၎င်းတို့၏ တုံ့ပြန် ဆောင်ရွက်မှုအား အရှိန်အဟုန် မြှင့်တင်ခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်မှုများတွင် ရွှေ့ပြောင်း သွားလာ နေထိုင်သည့် ပြည်တော်ပြန်များ၊ အများပြည်သူများ၊ ဖယ်ကျဉ်ခံထားရသည့် သီးသန့်အုပ်စုများ၊ ပြည်တွင်းနေရပ် စွန့်ခွာသူများနှင့် ဒေသခံလူမှုအသိုင်းအဝန်းများ အတွက် ကပ်ရောဂါအား တွန်းလှန်နိုင်စေမည့် ကူညီပံ့ပိုးမှုများ ပါဝင်ခဲ့ပါသည်။ ကျား၊မရေးရာ တန်းတူညီမျှရေး ကွန်ရက်သည် မဇ္ဈိမ သတင်းဌာန နှင့်အတူ လက်တွဲကာ COVID–19 နှင့် ကျားမရေးရာ သက်ရောက်မှု စကားဝိုင်းအား ထုတ်လွှင့်ရန် ဆောင်ရွက်ခဲ့သည်။ Asia–Pacific Gender in Humanitarian Action Group နှင့် ပူးပေါင်းကာ COVID–19 ၏ ကျား၊မ ရေးရာ အပေါ် သက်ရောက်မှု၊ စည်းရုံးလှုံ့ဆော်မှုနှင့် အသိပညာ ပေးခြင်းဆိုင်ရာ အနှစ်ချုပ်ရှင်းလင်းချက်များကို မြန်မာဘာသာဖြင့် ပြန်ဆို ဆောင်ရွက်ခဲ့ပြီး ကချင်၊ ကရင်နှင့် ရှမ်း ဘာသာများသို့လည်း ပြန်ဆိုခဲ့ကာ သင်္ကေတဘာသာစကားနှင့် မျက်မမြင်စာ (Braille) တို့ဖြင့် ပြန်ဆိုခဲ့ခြင်းသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ လှူဒါန်းရန်အတွက် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား ဝယ်ယူခဲ့ခြင်းတို့အား လုပ်ဆောင်ခဲ့ပါသည်။

**ရခိုင်** – LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် မရှိမဖြစ် လိုအပ်သော တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကိုဗစ်နိုင်တင်း အကာအကွယ် ပစ္စည်းများ၊ ရေရရှိရေးနှင့် လက်ဆေးရန်အတွက် အထောက်အပံ့ပစ္စည်းများအား ပံ့ပိုးပေးခဲ့ပါသည်။ ရခိုင် ပြည်နယ်တွင် ဆက်လက် ဖြစ်ပွားဆဲ ဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများနှင့် အသွားအလာကန့်သတ်မှုများ ရှိသော်လည်း ပစ္စည်းများအား ပေးပို့နိုင်ခဲ့ပါသည်။ လက်ရှိစီမံချက်များမှ ကန်ဒေါ်လာ ၅၄၀,၀၀၀ အား COVID–19 အား တုံ့ပြန်ဆောင်ရွက်မှုအတွက် ပြောင်းလဲအသုံးပြုခဲ့ပြီး စီမံကိန်း ဆောင်ရွက်ချက်များအား မြို့နယ် (၉)မြို့နယ် (စစ်တွေ၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ သံတွဲ၊ ဂွ၊ ကျောက်ဖြူ၊ ဘူးသီးတောင်၊ မောင်တော) ရှိ ခန့်မှန်းခြေ လူဦးရေ ၉၀,၀၀၀ ထံ ဧပြီလနှင့် မေလတွင် ရောက်ရှိနိုင်ရန် မျှော်မှန်းခဲ့ပါသည်။

**အာဟာရဖွံ့ဖြိုးမှု** – COVID–19 နှင့် စပ်လျဉ်း၍ လတ်တလော လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ဆဲ စီမံချက်များမှတဆင့် ပံ့ပိုးလုပ်ဆောင်ခဲ့ပါသည်။ ယင်းတို့မှာ အဓိကအားဖြင့် ၊အသိပညာပေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အကာအကွယ် ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အချို့သော အခြေအနေများတွင် ရေရရှိရေးဆိုင်ရာ အထောက်အပံ့ ပစ္စည်းများ ထောက်ပံ့ပေးခြင်း မှတဆင့် သန့်ရှင်းသော သောက်သုံးရေ လက်လှမ်းမီ ရရှိရေး တို့နှင့် ဆက်နွှယ်ခဲ့ပါသည်။ မြို့ပြဒေသများ၊ ကချင် နှင့် အရှေ့တောင်ပိုင်းဒေသ တို့အတွက် Save the children ၊ KMSS ၊ Nyein Shalom ၊ World Concern ၊ CDN နှင့် The Border Consortium (TBC) တို့၏ ဘတ်ဂျက်အား ပြင်ဆင်မှုပြုလုပ်ပါသည်။ Save the children နှင့် TBC တို့သည် အထည်ချုပ်ကဏ္ဍရှိ ရွှေ့ပြောင်းသွားလာ နေထိုင်သည့် အထည်ချုပ်လုပ်သားများနှင့် အရှေ့တောင်ပိုင်းဒေသ နယ်စပ် တလျှောက်ရှိ ရွှေ့ပြောင်း သွားလာနေထိုင်သူများ၏ လိုအပ်ချက်အား ဖြေရှင်းရန်အတွက် အပို ဘတ်ဂျက်များ လက်ခံ ရရှိခဲ့ပါသည်။

**စိုက်ပျိုးရေး** – LIFT ၏ စိုက်ပျိုးရေး စီမံချက် မိတ်ဖက် အဖွဲ့အစည်းများသည် အပြောင်းအလဲများနှင့်အညီ လျင်မြန်သည့် COVID–19 တုံ့ပြန်ဆောင်ရွက်မှုများကို ၎င်းတို့၏ ဆောင်ရွက်ဆဲ စီမံချက်ဘတ်ဂျက်များမှ သဘောတူခွင့်ပြုထားသည့် လုပ်ငန်းများ၊ ဘတ်ဂျက်များဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများအားလုံးသည် ဒေသခံ ကျန်းမာရေး ဌာနများနှင့် အတူပူးပေါင်း

ဆောင်ရွက်ခဲ့ပြီး အသိပညာပေး ဆိုင်းဘုတ်များ သာမက အသိပညာပေး ပစ္စည်းများ၊  တစ်ကိုယ်ရေသုံး အကာအကွယ်ဝတ်စုံ (PPE) များ ပေးအပ်ခဲ့ကာ၊ အသိပညာပေး လက်ကမ်းစာစောင်ပေါင်း ၃၅,၀၀၀ နှင့် တစ်ကိုယ်ရည် သုံး အကာအကွယ် ပစ္စည်း ကိရိယာ အစုံအလင် အစုံ ၃၆၀ ကျော်တို့အား ဖြန့်ဝေပေးခဲ့ပါသည်။

ဤအစီရင်ခံစာအား ပြင်ဆင်နေသည့်အချိန်၌ LIFT စီမံကိန်းများနှင့် စီမံချက်များ၏ COVID–19 ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်မှုမှာ ဆက်လက် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ LIFT သည် စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များဆိုင်ရာ စီမံကိန်းနှင့် ငွေရေးကြေးရေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း စီမံကိန်းများ ထည့်သွင်းထားသည့် COVID–19 ကာလလတ် တုံ့ပြန်ဆောင်ရွက်မှုအတွက် အစီအစဉ်များကိုလည်း ပြင်ဆင်နေခဲ့ကြပါသည်။



# ၆

## ငွေကုန်ရကျိုးနပ်မှု

# ငွေကုန်ရကျိုးနပ်မှု

## ငွေကုန်ရကျိုးနပ်မှု

ငွေကုန်ရကျိုးနပ်မှု (VfM) သည် LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲမှုူရုံးနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ အတွက် အရေးကြီးသည့် အထူးအလေးပေးရမည် ဖြစ်သော ကဏ္ဍအားလုံးနှင့် အကျုံးဝင်သည့် ကိစ္စရပ်တစ်ရပ် အနေဖြင့် ဆက်လက်ရှိနေပါသည်။ LIFT သည် ယင်း၏ စီမံကိန်းအဖွဲ့များမှ အကောင်အထည်ဖော်သည့် လိုက်လျောညီထွေ ပြုပြင်နိုင်သော စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များတွင် VfM အတွက် မူဝါဒ (၄)ရပ်ဖြစ်သည့်- အသုံးအစွဲကျစ်လျစ်မှု၊ စွမ်းဆောင်နိုင်မှု၊ ထိရောက်မှု နှင့် သာတူညီမျှ ရှိမှု- အား ထည့်သွင်းထားပါသည်။

၂၀၁၉ ခုနှစ်တွင် LIFT မှ တာဝန်ပေးသည့် VfM အကြံပေး ပုဂ္ဂိုလ်သည် VfM ဆန်းစစ်အကဲဖြတ်ခြင်းများအား မည်သို့ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည် ဆိုသည့် အပေါ် လိုအပ်သော နည်းစနစ်နှင့် စည်းမျဉ်း စည်းကမ်း လိုက်နာမှုများဆိုင်ရာ ဥပမာများ ပံ့ပိုးပေးပြီး ထောက်ခံ အကြံပြုချက်များပေးသည့် စီမံချက် အခြေခံ VfM ဆန်းစစ်အကဲဖြတ်ခြင်းအား ပြုစုပေးပါသည်။ အချို့သော မိတ်ဖက် အဖွဲ့အစည်းများသည် ၎င်းတို့၏ စီမံချက်များ သာမက စီမံချက်များတလျှောက် ၎င်းတို့၏ ကိုယ်ပိုင် VfM ဆန်းစစ်အကဲဖြတ်မှုများအား လုပ်ဆောင်ရန် ယခုအခါတွင် အစီအစဉ် ရေးဆွဲနေပါသည်။

## စီမံကိန်းအဆင့် ငွေကုန်ရကျိုးနပ်မှု

စီမံကိန်းဒီဇိုင်းပုံစံသည် အဆိုပြုလွှာများနှင့် အယူအဆ တင်ပြချက်များ ဖိတ်ခေါ်ခြင်းအား ရေးဆွဲ အကောင်အထည် ဖော်ခြင်းဖြင့် စတင်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းစဉ်သည် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည့် ဖိတ်ခေါ်ခြင်းများမှတဆင့် ပွင့်လင်း မြင်သာမှုရှိပြီး တင်ဒါစနစ်ဖြင့် ဈေးပြိုင်ကမ်းလှမ်းခြင်းအား ခွင့်ပြုပေးပါသည်။ ဖိတ်ခေါ်မှုများမှ စီမံချက်၏ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ (VfM) ဆန်းစစ်အကဲဖြတ်ခြင်း ပြုလုပ်နိုင်ရန် အတွက် ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီနှင့် ချိတ်ဆက်နေသည့် ဘတ်ဂျက်များအား တင်ပြရန် တောင်းဆိုပါသည်။ ဖိတ်ခေါ်သည့် စာရွက်စာတမ်းများတွင်လည်း VfM လမ်းညွှန်ချက်များအား နောက်ဆက်တွဲ အနေဖြင့် ထည့်သွင်းထားပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် အဆိုပြုလွှာ စာရွက်စာတမ်းများ ပြင်ဆင်ရာတွင် လိုက်နာ ရမည့် စံသတ်မှတ်ချက် ဖြစ်ပါသည်။

အနိမ့်ဆုံးအနေဖြင့် လမ်းညွှန်ချက်များသည် စီမံချက်တစ်ခုလုံးတွင် သာမက သီးသန့် အစိတ်အပိုင်းများ တွင်ပါ ရင်းနှီး မြှုပ်နှံမှုအပေါ်မှ ပြန်လည် ရရှိသည်တို့အား ခြုံငုံတင်ပြရန် လိုအပ်ပါသည်။ ဤသည်မှာ အကျိုးအမြတ်များအား ငွေကြေးဖြင့် တိုင်းတာ၍ မရသည့်အခါ ငွေရေးကြေးရေးဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု (သို့) သက်ရောက်မှု ဆန်းစစ်ခြင်း ဖြစ်နိုင်ပါသည်။ အဆိုပြုလွှာတွင် အခြားချဉ်းကပ်နည်းလမ်းများ တင်ပြခြင်းနှင့် ချဉ်းကပ်နည်းလမ်းများအား တင်ပြရန် အတွက် ဆုံးဖြတ်ချက်အား မည်သည့်အတွက်ကြောင့် ချမှတ်သည်ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြခြင်းတို့သည်လည်း လိုအပ်ပါသည်။

လမ်းညွှန်ချက်များအရ စီမံကိန်း လုပ်ဆောင်ချက်၏ ရေရှည် အကျိုးအမြတ်များနှင့် စီမံကိန်း ဆောင်ရွက်ချက်များ၏ ရေရှည် တည်တံ့ခိုင်မြဲမှု၊ ပြန်လည်ပုံတူကူး အသုံးချနိုင်မှုနှင့် စွမ်းဆောင်ရည်တွင် အရွယ်အစားနှင့် ပမာဏပြောင်းလဲနိုင်မှုနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ တင်ပြရန်လည်း လိုအပ်ပါသည်။

## စီမံချက်အဆင့်ငွေကုန်ရကျိုးနပ်မှု

၂၀၁၉-၂၀၂၃ စီမံကိန်းအဆင့်တွင် LIFT သည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စီမံချက်၏ ရလဒ်များအား အစီရင်ခံ တင်ပြခြင်းတို့တွင် VfM ဆန်းစစ် အကဲဖြတ်ခြင်းများအား အသုံးပြုခြင်းကို တိုးတက်စေရန်အတွက် ကြိုးပမ်း လျက်ရှိ ပါသည်။

အောက်ဖော်ပြပါ အခန်းခွဲများတွင် စီမံချက်နှင့် စီမံကိန်းတို့၏ စွမ်းဆောင်နိုင်မှုအား ခိုင်မာအားကောင်းစေရန်အတွက် LIFT ၏ လုပ်ငန်းစဉ်တွင် VfM အား မည်ကဲ့သို့ ပေါင်းစပ်ထားသည်အား ဖော်ပြထားပါသည်။

## စီမံကိန်းဒီဇိုင်းနှင့် အကဲဖြတ်သုံးသပ်သည့် အဆင့်များတွင် ပါဝင်သည့် ငွေကုန်ရကျိုးနပ်မှု

အဆိုပြုလွှာများ ဖိတ်ခေါ်မှုများတွင် ငွေကုန်ရကျိုးနပ်မှုအား အဆိုပြုလွှာများ၊ ဘတ်ဂျက်နှင့် တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (MEAL) အစီအစဉ်တို့တွင် မည်ကဲ့သို့ ပေါင်းစပ်ရမည် ဆိုသည့်အပေါ် လိုအပ်ချက်များအား ရှင်းလင်း ပြတ်သားစွာ သတ်မှတ်ထားပါသည်။ ထို့အတွက်ကြောင့် တင်သွင်း လာခဲ့သည့် အဆိုပြုလွှာများအား ဆန်းစစ်ခြင်းတွင် အောက်ဖော်ပြပါ မေးခွန်း များမှတဆင့် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ လိုက်နာဆောင်ရွက် ရမည့် စစ်ဆေးခြင်းအား ထည့်သွင်းထားပါသည်-

- ဘတ်ဂျက်သည် လုပ်ငန်းအစီအစဉ်နှင့် ပြောင်းလဲမှုဆိုင်ရာ သီအိုရီ / VfM ဆန်းစစ် အကဲဖြတ်ခြင်းများ ပြုလုပ်နိုင်သည့်တိုင်းတာသည့် ဇယားတို့နှင့် လုံလောက်စွာ ချိတ်ဆက်ထားခဲ့ပါသလား။
- စီစဉ်ဆောင်ရွက်ထားသည့် တိုင်းတာသည့် စနစ်များသည် မျှော်မှန်းထားသည့် ရလဒ်များကို ဆန်းစစ်ရန်အတွက် လက်တွေ့ကျပြီး ဆီလျော်မှု ရှိပါသလား။
- အချက်အလက် ကောက်ယူမည့် အစီအစဉ်များနှင့် တိုင်းတာသည့် စနစ်များသည် စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် အတွင်း VfM အတွက် ဆက်လက်ဆောင်ရွက်မည့် ဆန်းစစ်အကဲဖြတ်မှုအတွက် လိုအပ်ချက်များနှင့် ကိုက်ညီပါသလား။
- စီမံကိန်း ဆောင်ရွက်ချက်အား ပြန်လည်ပုံတူကူးနိုင်မှု နှင့် စွမ်းဆောင်ရည်တွင် အရွယ်အစားနှင့် ပမာဏ ပြောင်းလဲနိုင်မှုတို့ရှိပါသလား။
- စီမံချက်သည် ဒေသအတွင်းနှင့် LIFT တစ်ခုလုံးတွင် စီမံချက်မှ စီမံကိန်း (အစိတ်အပိုင်း) အတွင်းသို့ မည်ကဲ့သို့ တန်ဖိုးများ ထပ်မံထည့်သွင်း မြှင့်တင်ပေး နိုင်ပါမည်နည်း။
- စီမံချက်၏ ကနဦးကုန်ကျစရိတ်များအတွက် အကြောင်းခြင်းရာများမှာ မည်သည်တို့ ဖြစ်ပါသလဲ။ အကောင်အထည်ဖော် ဆောင်ရွက် နေစဉ် ယင်းတို့အား မည်ကဲ့သို့ နောက်ဆက်တွဲ အရေးယူ ဆောင်ရွက်ပါမည်နည်း။

» စီမံချက်၏ ရွေးချယ်ထားသော အစိတ်အပိုင်းများအတွက် မျှော်မှန်းထားသည့် စီးပွားရေးအရ အကျိုးအမြတ်များသည် မည်သည်တို့ ဖြစ်ပါသနည်း။ (ဖြစ်နိုင်ပါက ငွေကြေးဖြင့် ဖော်ပြပါ)

ရည်မှန်းချက် ပန်းတိုင်မှာ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်သည့် အဆင့်နှင့် VfM ခေါင်းစဉ်များနှင့် သက်ဆိုင်သည်များအား အစီရင်ခံ တင်ပြရန် မိတ်ဖက်အဖွဲ့အစည်းများမှ မပြင်ဆင်မီအချိန်၌ VfM ၏ အရေးပါမှုနှင့် ပတ်သက်၍ အသိအမြင် အား ဖန်တီးပေးရန် အတွက် ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အဓိပ္ပါယ် ပြည့်ဝသည့် VfM အစီရင်ခံစာများအား တင်ပြနိုင်ရန်အတွက် စတင်သည့်အဆင့် ကတည်းက စီမံချက်၏ ဖွဲ့စည်းတည်ဆောက်ပုံအား အစီအစဉ်ချထားခြင်းမှာ အလွန်အရေးကြီးပါသည်။

လျှောက်ထားမှု အများစုတွင် အဆိုပါ မေးခွန်းများကို ဖြေဆိုပေးထားကြသော်လည်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်းများတွင် လိုအပ်ချက် တစ်ရပ်အနေဖြင့် များသောအားဖြင့် ထည့်သွင်းစဉ်းစားခြင်း မပြုလုပ်ကြပါ။ အဆိုပါ တင်သွင်းမှုအများစုသည် ဖြစ်နိုင်ချေရှိနိုင်သည့် အခြား ချဉ်းကပ်နည်းလမ်းများအား တင်ပြဆွေးနွေးခြင်း မရှိသည်သာမက တင်ပြခဲ့သည့် ချဉ်းကပ် နည်းလမ်းအား မည်သည့်အတွက်ကြောင့် ရွေးချယ်သည်ကိုလည်း ရှင်းလင်းပြထားခြင်း မရှိပါ။

ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းတွင် VfM ဆိုင်ရာ ဆုံးဖြတ်ရန် မှုများမှာ အနည်းငယ်ကွဲပြား ပါသည်။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့် လုပ်ကိုင်ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် LIFT ထံ လစဉ်အစီရင်ခံပြီး ၎င်းတို့၏ လုပ်ငန်းများအပေါ် မူတည်၍ VfM သတင်းအချက်အလက်များကို တင်ပြရန်အတွက် သီးခြားပုံစံ တစ်ခု ရှိပါသည်။ FMO သည် ရလဒ်များအား လုပ်ငန်းစံနှုန်း ဥပမာ – နေရာဒေသ အသစ်များတွင် ရုံးခန်းများ တည်ထောင်ခြင်း အတွက် ကုန်ကျစရိတ်များ၊ ရရန်ရှိ ချေးငွေ ဆုံးရှုံးနိုင်ချေ ရှိခြင်း (PAR)၊ လုပ်ငန်းအရနှင့် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်မှု (FSS) (သို့) စီမံချက်မှ အမြင့်ဆုံး အကျိုးရရှိရန် သုံးစွဲခဲ့သည့် ပမာဏတို့နှင့် နှိုင်းယှဉ်၍ ဆန်းစစ်ပါသည်။

## စီမံကိန်း ရလဒ်များ ရရှိအောင် ဆောင်ရွက်သည့် ကာလအတွင်း ငွေကုန်ရကျိုးနပ်မှု

မိတ်ဖက်အဖွဲ့အစည်းများ အားလုံးသည် VfM ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြပြီး ၎င်းတို့၏ ချဉ်းကပ်နည်းလမ်းနှင့် လုပ်ငန်းများကို အစီရင်ခံ တင်ပြကြပါသည်။ ၂၀၁၉ ခုနှစ်တွင် ဆန်းစစ်ခဲ့သည့် မိတ်ဖက် အဖွဲ့အစည်း (၄၅)ဖွဲ့မှ တင်ပြခဲ့သည့် အဆိုပြုလွှာများနှင့် အယူအဆဆိုင်ရာ တင်ပြချက်များမှ ၎င်းတို့သည် ဒီဇိုင်းပုံစံ ရေးဆွဲသည့် အဆင့်၌ VfM ဆိုင်ရာ စဉ်းစား ဆင်ခြင်ခြင်းများအား ထည့်သွင်းထားကြောင်း ပြသပါသည်။ မိတ်ဖက်အဖွဲ့အစည်း (၄)ဖွဲ့မှ VfM ဆန်းစစ် အကဲဖြတ်မှုများအား တင်ပြခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်း (၁၀)ဖွဲ့သည် စီမံချက် အချင်းချင်း အပြန်အလှန် VfM ဆန်းစစ်အကဲဖြတ်ခြင်းနှင့် စီမံချက်၏ VfM ဆန်းစစ်အကဲဖြတ်ခြင်းတို့အား လုပ်ဆောင်ရန် စီစဉ် ဆောင်ရွက်နေပါသည်။ ။ ယင်းမှာ စီမံချက် အကဲဖြတ် သုံးသပ်ခြင်းများအပေါ် အာရုံစိုက်မှု လျှော့ချပြီး တူညီသည့် အကြောင်းအရာအလိုက် နယ်ပယ်တွင် စီမံချက် အများအပြားအား တစ်စု တစည်း တည်း သုံးသပ်ရန်နှင့် စီမံချက်များအား အဖွဲ့လိုက် အကဲဖြတ် သုံးသပ်ခြင်း ပြုလုပ်ရန် ရည်ရွယ်သည့် LIFT ၏ M&E ချဉ်းကပ် နည်းလမ်းနှင့် ကိုက်ညီပါသည်။

## ကုန်ကျစရိတ်အတွက် စွမ်းဆောင်နိုင်မှု အချိုးအား တွက်ချက်ရာတွင် ပူးပေါင်းပါဝင်လာသည့် စီမံချက်များ

၂၀၁၉ ခုနှစ်တွင် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်သည့် စီမံခန့်ခွဲမှုကို ကျင့်သုံးရန် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှာဖွေ ဖော်ထုတ်ရန် အတွက် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုနှင့် ကုန်ကျစရိတ်များ ဖြစ်ပေါ်စေသည့် အကြောင်းအရင်း များကို စစ်ဆေးရန် ကုန်ကျစရိတ် အတွက် စွမ်းဆောင်နိုင်မှုအချိုး (CPR) တွက်ချက်ခြင်းများကို စီမံချက် အများအပြားမှ အသုံးပြုခဲ့ပါသည်။ CPR တွက်ချက်ခြင်းမှ စီမံချက်၏ လုပ်ငန်းစွမ်းဆောင်ရည်အား စောင့်ကြည့်စစ်ဆေးပါသည်။ ဆိုလိုသည်မှာ စီမံချက်ဘတ်ဂျက်နှင့် MEAL အစီအစဉ်တို့၏ ရလဒ်များနှင့် နှိုင်းယှဉ်ခြင်းဖြင့် ရန်ပုံငွေများသည် မည်မျှကောင်းမွန်စွာ ရလဒ်များ အဖြစ်သို့ ပြောင်းလဲနိုင်ခြင်းကို စောင့်ကြည့်ခြင်း ဖြစ်ပါသည်။

*ဇယား ၆.၁ ရလဒ်*

| | ရည်မှန်းချက် | ပြီးစီးမှု | % ရည်မှန်းချက် | ကုန်ကျစရိတ် အတွက် စွမ်းဆောင်နိုင်မှုအချိုး (CPR) |
|---|---|---|---|---|
| စိတ်ချရသည့် ရေအရင်းအမြစ်အား အသုံးပြုနေသည့် အိမ်ထောင်စု အရေအတွက် | ၁,၅၀၀ | ၁,၀၁၃ | ၆၈% | ၀.၈၇ |
| ဆောက်လုပ်ခဲ့သည့် မော်တော်ဆိုင်ကယ်လမ်း အရှည်ကီလိုမီတာ | ၄၀ | ၂၃ | ၅၉% | ၀.၈၆ |
| သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ ထုတ်ကုန်များနှင့် အလေ့အကျင့်များ တိုးတက်စေခြင်းမှ တဆင့် ထုတ်လုပ်မှုနှင့် အမြတ်ရရှိမှုတို့တွင် တိုးတက်လာခဲ့သည့် တောင်သူ အရေအတွက် | ၂၅,၂၇၅ | ၃၁,၂၉၃ | ၁၂၃% | ၁.၁ |
| ငါးလုပ်ငန်း ပူးတွဲစီမံခန့်ခွဲရေးတွင် လူမှုအသိုက်အဝန်းများ ပါဝင်စေခြင်းနှင့် အတူ အကျိုးခံစားခွင့်ရှိသူများ၏ အရေအတွက် | ၃၅,၇၀၅ | ၁၅၅,၉၀၅ | ၄၃၇% | ၄.၅၅ |
| SBCC လှုပ်ရှားဆောင်ရွက်မှုများတွင် တက်ရောက်ခဲ့သည့် ဦးတည် ရည်ရွယ် ခဲ့သော မိခင်များနှင့် အခြားကျေးရွာသူ/သား အရေအတွက် | ၄၂,၀၂၀ | ၃၇,၆၂၈ | ၉၀% | ၀.၉ |
| အာဟာရ ဖွံ့ဖြိုးမှု၊ WASH ၊ ကလေးသူငယ်ဘဝ အစောပိုင်းကာလ ဖွံ့ဖြိုး တိုးတက်မှု နှင့် သက်ဆိုင်သည့် ထောက်ခံအကြံပြုခဲ့သော အပြုအမူများ အား လက်ခံ ကျင့်သုံးသည့် မိခင်များနှင့် ပြုစုစောင့်ရှောက်မှုပေးသူများ | ၇,၁၄၀ | ၁၂,၆၂၁ | ၁၇၆% | ၁.၈၅ |

ညွှန်းကိန်းတစ်ခုချင်းစီ၏ ကုန်ကျစရိတ် တွက်ချက်ခြင်း အများစု မှ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အလုပ်နှင့် ဆက်စပ်နေသည့် ကုန်ကျ စရိတ်များအား ကောင်းမွန်စွာ နားလည်သဘောပေါက်မှု ရှိကြောင်း ပြသပါသည်။ ညွှန်းကိန်း တစ်ခုချင်းစီ၏ ကုန်ကျစရိတ်မှာ ဘတ်ဂျက် ပြင်ဆင် သည့် အချိန်၌ မှန်းဆထားခဲ့သည့် ကုန်ကျစရိတ်များနှင့် နီးစပ်ပါသည်။ ဥပမာအားဖြင့် International Fertilizer Development Centre (IFDC) မှ လယ်သမားများအား လေ့ကျင့်သင်ကြား ပေးရန်နှင့် ၎င်းတို့၏ ထုတ်လုပ်မှု တိုးတက်စေရန် တို့အတွက် တစ်ဦး ချင်း ကုန်ကျစရိတ်အား ကန်ဒေါ်လာ ၁၃.၁၂ ဟု ခန့်မှန်းခဲ့ပါသည်။ အမှန်တကယ် ကုန်ကျသည့် ကိန်းဂဏန်း တောင်သူ တစ်ဦးလျှင် ကန်ဒေါ်လာ ၁၁.၆ မှာ ခန့်မှန်းထားသည်နှင့် အလွန်နီးစပ်ပါသည်။ Save the children ၏ Bright Sun စီမံချက်မှ ပညာပေး ဟောပြောပွဲများ၊ သတင်းအချက်အလက်များ၊ ပစ္စည်းများ၊ အသိပညာပေးရေး လှုပ်ရှားမှုများ၊ မိခင်အချင်းချင်း အကူအညီပေးရေး အုပ်စုများ အပါအဝင် လူမှုရေးနှင့် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ ဆက်သွယ်သည့် လှုပ်ရှားဆောင်ရွက်မှုများအတွက် အကျိုးခံစားခွင့်ရှိသူ တစ်ဦးလျှင် ကန် ဒေါ်လာ (၁၉.၄၁) ကုန်ကျသည်ဟု ခန့်မှန်းခဲ့ပါသည်။ အမှန်တကယ် ကုန်ကျခဲ့သည့် ကုန်ကျစရိတ်မှာ အကျိုးခံစားခွင့်ရှိသူ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၁၉.၀၈) ဖြစ်ပါသည်။ တစ်ခုချင်းစီအတွက် ကုန်ကျစရိတ်များမှာ ခန့်မှန်းထားသည့် အကျိုးခံစားခွင့်ရှိသူ အရေအတွက် ထက် လျော့နည်းနေသည့် ဖြစ်ရပ်များတွင် များသော အားဖြင့် မျှော်မှန်းထားသည်ထက် အလွန် မြင့်မားနေပါသည်။ ဥပမာအားဖြင့် NAG၏ ငါးလုပ်ငန်းတွင် ပူးတွဲ စီမံခန့်ခွဲခြင်းတွင် လူမှုအသိုက်အဝန်းများ ပါဝင်လာမှု တိုးတက်စေရန်အတွက် တစ်ဦးချင်းစီအတွက် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၁.၅၈) ဖြစ်မည်ဟု ယူဆခဲ့ပါသည်။ ဘတ်ဂျက် ရေးဆွဲသည့်အချိန်၌ အကျိုးခံစားခွင့်ရှိသူ တစ်ဦးအတွက် အမှန်တကယ် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၀.၃၄ သာ ရှိသည့်အတွက်ကြောင့် မှန်းဆ ထားသည့်ထက် အကျိုးခံစားခွင့်ရှိသူ အရေအတွက်မှာ (၄)ဆ ပိုမို များပြားခဲ့ ပါသည်။

### ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက်များရှိ ငွေကုန်ရကျိုးနပ်မှု

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အတွက် LIFT ၏ ငွေကုန်ရကျိုးနပ်မှု ချဉ်းကပ်နည်းလမ်းသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်း များ (MFIs) ၏ စွမ်းဆောင်နိုင်မှုအပေါ်၌ ဗဟိုပြုပါသည်။ ငွေကုန်ရကျိုးနပ်မှုအား အကဲဖြတ် ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အား စီမံချက် တလျောက် လုံးတွင် စဉ်ဆက်မပြတ် လုပ်ဆောင်ပြီး MFI များမှ FRD နှင့် LIFT ထံသို့ လစဉ် အစီရင်ခံ တင်ပြသည့် အတွင်း၌ ထည့်သွင်း တည်ဆောက် ထားပါသည်။

**အသုံးအစွဲကျစ်လျစ်မှု/စရိတ်သက်သာမှု** သည် မှန်ကန်သည့် သွင်းအားစု အရေအတွက်အား မှန်ကန်သည့် ဈေးနှုန်းဖြင့် ဝယ်ယူခဲ့သည့် အတိုင်းအတာ ပမာဏကို အကဲဖြတ်ပါသည်။ စီမံချက် တစ်ခုချင်းစီ၏ ဘတ်ဂျက်အား တိကျမှန်ကန်မှု ရှိမရှိနှင့် ၎င်းသည် အဆိုပြုထားသည့် လုပ်ငန်း၊ လုပ်ငန်းအစီအစဉ်၊ မျှော်မှန်းထားသည့် ရလဒ်များနှင့် အကျိုးရလဒ်များနှင့် ကိုက်ညီမှု ရှိမရှိတို့ဖြင့် သုံးသပ်ပါသည်။ MFI များအားလုံးမှ တူညီသည့် ဝန်ဆောင်မှုများ ပေးနေခြင်းဖြစ်သဖြင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း များအား အလွယ်တကူ နှိုင်းယှဉ်နိုင်ပါသည်။ အထူးသဖြင့် လူ့စွမ်းအား အရင်းအမြစ်များနှင့် ရုံးလုပ်ငန်း ကုန်ကျစရိတ်များ၏ စုစုပေါင်း ဘတ်ဂျက်များမှ ရာခိုင်နှုန်းအား အသေးစား ငွေရေးကြေးရေးဆိုင်ရာ စီမံချက်များ တလျောက် နှိုင်းယှဉ်ပါသည်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်း MFI တစ်ခုအတွက် **စွမ်းဆောင်နိုင်မှု** သည် ၎င်း၏ လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်းများအား မည်ကဲ့သို့ ကောင်းမွန်စွာ လည်ပတ်နိုင်မှုအား တိုင်းတာပါသည်။ အဓိကညွှန်းကိန်းမှာ လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ် / ပျမ်းမျှ စုစုပေါင်း ပိုင်ဆိုင်မှု ဖြစ်ပါသည်။

- ၂၀၁၉ ခုနှစ်တွင် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ ၉၅% သည် လုပ်ငန်း လည်ပတ်သည့် ကုန်ကျစရိတ်များ / စုစုပေါင်း အခြေပစ္စည်းများ၏ ပျမ်းမျှ တန်ဖိုးတွင် လျော့နည်းလာသည်အား ပြသခဲ့ပါသည်။
- ပျမ်းမျှ လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ်များ / ပျမ်းမျှ စုစုပေါင်း ပိုင်ဆိုင်မှုမှာ ၂၀၁၇ ခုနှစ် ၁၃.၃ နှင့် ၂၀၁၆ ခုနှစ် ၁၇.၅ နှင့် နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ်မှာ ၁၂.၂ ဖြစ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွက် ပဏာမ ခန့်မှန်းချေမှာ ၁၂ ရာခိုင်နှုန်းအောက်တွင်သာ ရှိပါသည်။ နှိုင်းယှဉ်မှု ၏ အခြေခံအနေဖြင့် ကမ္ဘာတဝှမ်းရှိ MFI များအတွက် ရွှေရောင်စံနှုန်းဟု သတ်မှတ်ထားသည့် စံနှုန်းမှာ ၁၀% ဖြစ်ပါသည်။

MFI များအတွက် **ထိရောက်မှု**သည် လက်ငင်းအကျိုး ရလဒ်များ၏ အရည်အသွေးနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း၏ ရေရှည်တည်တံ့ ခိုင်မြဲမှု တို့အား တိုင်းတာပါသည်။ အဓိက ညွှန်းကိန်းများမှာ ရရန်ရှိ ချေးငွေ ဆုံးရှုံးနိုင်ခြေရှိမှု (PAR) နှင့် လုပ်ငန်းအရ နှင့် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်မှုတို့ ဖြစ်ပါသည်။

- LIFT MFI ချေးငွေများ၏ ရရန်ချေးငွေ ဆုံးရှုံးနိုင်ချေရှိမှု (PAR) – စုစုပေါင်း ချေးငွေနှင့် ကြွေးကျန်အချိုးမှာ နိမ့်ကျသည့် အတွက်ကြောင့် ရုတ်တရက် အန္တရာယ် ကျရောက်နိုင်ချေမရှိပါ – ရရန်ချေးငွေ ဆုံးရှုံးနိုင်ချေရှိမှုမှာ ၀.၅% ထက် နည်းပါးပါသည်။ တကမ္ဘာလုံးရှိ အကောင်းဆုံးအချိုးမှာ ၁% မှ ၆% အကြားရှိ PAR ဖြစ်ပါသည်။
- စာရင်းမှ ပယ်ဖျက်လိုက်ရသည့် ချေးငွေမှာ ၀.၁% ထက်လျော့နည်းပါသည်။
- LIFT MFI များအားလုံးသည် လုပ်ငန်းအရ မိမိဘာသာ ရပ်တည်နိုင်မှုအား ရရှိခဲ့ပြီးဖြစ်ကာ MFI များ၏ ၉၆% မှာ ယခုအခါတွင် ငွေရေးကြေးရေးအရ မိမိဘာသာ ရပ်တည်နိုင်မှုအား ရရှိခဲ့ပြီး ဖြစ်ပါသည်။

**သာတူညီမျှမှုရှိခြင်း**မှ MFI ရင်းနှီးမြှုပ်နှံမှုများ၏ ရလဒ်များ အား သာတူညီမျှမှုရှိစွာ ခွဲဝေသည့် အဆင့် အတိုင်းအတာအား တိုင်းတာပါသည်။ LIFT မှ အသုံးပြုသည့် အဓိက ညွှန်းကိန်းမှာ ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ခြေ ညွှန်းကိန်း (PPI) ဖြစ်ပါသည်။

LIFT သည် မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ခြေ ညွှန်းကိန်း (PPI)[96] အား နောက်ဆုံး အခြေအနေများအား ထည့်သွင်းခဲ့ပြီး ဖြစ်ပါသည်။ အစိုးရမှ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ သတင်းအချက်အလက် အသစ် များအား ရရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ကမ္ဘာ့ဘဏ်မှ နောက်ဆုံး အချက် အလက်များ ထည့်သွင်းပြီးဖြစ်သည့် PPI အား ဖန်တီးနိုင်ရန်အတွက် ခွင့်ပြုပေးခဲ့ပါသည်။

PPI သည် MFI များမှ ၎င်းတို့၏ လူမှုရေးဆိုင်ရာ တာဝန်တွင် သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှု အတွက် အထောက်အကူ ရောက်ရှိမှုဆိုင်ရာ ရည်မှန်းချက်များအား စောင့်ကြည့်စစ်ဆေးခြင်းအတွက် အရေအတွက် ဆိုင်ရာ၊ အထောက်အထား အခြေခံသည့် မဟာဗျူဟာများ ချမှတ်နိုင်ရန် အလားအလာရှိသည့် အရည်အသွေး မြင့်မားသည့်

၉၆ ယခင်က ဆင်းရဲနွမ်းပါးမှုမှ ထွက်ခွာမှု အညွှန်း ဟု ခေါ်ဆိုသည်

ဆင်းရဲနွမ်းပါးမှုအား တိုင်းတာသည့် နည်းကိရိယာတစ်ခု ဖြစ်ပါသည်။ PPI မှလည်း MFI များအား ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှု အတွက် အထောက်အကူ ရောက်ရှိမှု ဆိုင်ရာ အား အရေအတွက်ဆိုင်ရာ အထောက်အထား ပေးအပ် နိုင်စေ ပါသည်။

MFI များသည် PPI သင်တန်းအား ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်တွင် ရရှိခဲ့ပါသည်။ ရိုးမဘဏ်နှင့် သမဝါယမဘဏ် တို့နှင့် ဆောင်ရွက်သည့် ဒီဂျစ်တယ် ငွေရေးကြေးရေး ဝန်ဆောင်မှုစီမံချက် (၂) ခုအပါအဝင် LIFT ၏ MFI များအားလုံးသည် ၂၀၂၀ ခုနှစ်မှ စတင်၍ PPI အသစ်အား အသုံးပြုသွားမည် ဖြစ်ပါသည်။ PPI သည် MFI များမှ ၎င်းတို့၏ လူမှုရေး ဆိုင်ရာ လုပ်ငန်း တာဝန်တွင် သတ်မှတ် ထားသည့် ဆင်းရဲနွမ်းပါးမှု ထောက်ကူပေးသည့် ကွင်းဆင်းဆောင်ရွက်မှု ဆိုင်ရာ ရည်မှန်းချက်များအား စောင့်ကြည့်စစ်ဆေးခြင်းတွင် အရေအတွက် ဆိုင်ရာ အထောက်အထား အခြေခံသည့် မဟာဗျူဟာများ ချမှတ်နိုင်ရန် ကြိုးပမ်းနေသည့် သိသာထင်ရှားသော တန်ဖိုးများ ပံ့ပိုးပေးရန်အတွက် အလားအလာရှိသည့် အရည်အသွေး မြင့်မားသည့် ဆင်းရဲနွမ်းပါးမှုအား တိုင်းတာသည့် နည်းကိရိယာတစ်ခု ဖြစ်ပါသည်။ PPI မှလည်း MFI များအား ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှု ထောက်ကူသည့် ကွင်းဆင်း ဆောင်ရွက်ခြင်းအား အရေအတွက် ဆိုင်ရာ အထောက်အထား ပေးအပ် နိုင်စေပါသည်။

LIFT ၏ ရခိုင်ပြည်နယ် စီမံကိန်းတွင် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ စဉ်းစားဆင်ခြင်ခြင်းများ

ရခိုင်ပြည်နယ်၏ အခြေအနေနှင့် အခြား ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် ပုံမှန်လုပ်ငန်း လည်ပတ်သည့် ကုန်ကျစရိတ်များထက် ပိုမိုကုန်ကျသည့် ရလဒ်အား ဖြစ်ပေါ်စေပါသည်။ LIFT ၏ ရခိုင်ပြည်နယ် နေရာအများအပြားရှိ လက်ရှိ စီမံကိန်း လုပ်ငန်းသည် ယခင်က ဖြစ်ခဲ့သည့်အတိုင်း (သို့) အခြားနယ်မြေဒေသများကဲ့သို့ အသွင်ပြောင်းလဲနိုင်ခြင်း၊ ပြောင်းလဲနိုင်ခြင်း နှင့် ကုန်ကျစရိတ် သက်သာခြင်းတို့ မရှိနိုင်ပါ။ ရခိုင်ပြည်နယ်နှင့် ပဋိပက္ခဒဏ်ခံရသည့် အခြားဒေသများတွင်လည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေနိုင်သည့် LIFT ၏ လုပ်ငန်းသည် လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (၂)ရပ်လုံးအား လုပ်ကိုင်ဆောင်ရွက်ပါသည်။ နှစ်ခုစလုံးအတွက် VfM စဉ်းစား ဆင်ခြင်ခြင်းများမှာ တူညီနိုင်မည် မဟုတ်ပါ။ ရခိုင်ပြည်နယ်ရှိ မိတ်ဖက် အဖွဲ့အစည်းများသည် နေရပ်စွန့်ခွာမှု၊ ပဋိပက္ခနှင့် အသွားအလာ ကန့်သတ်မှုများနှင့် ဆက်စပ်နေသည့် ရှုပ်ထွေးမှုအများအပြား ရှိသော ပတ်ဝန်းကျင်တွင် လုပ်ကိုင် ဆောင်ရွက်နေပါသည်။ LIFT သည် အဆိုပါ ပြဿနာများအား အသိအမှတ်ပြုပြီး မိတ်ဖက်အဖွဲ့အစည်းများအား ၎င်းတို့၏ ရည်မှန်းချက်များအား စီမံချက်များမှ ရရှိနိုင်ရန်အတွက် ၎င်းတို့မှ လိုက်လျောညီထွေရှိအောင် ပြင်ဆင်ထားသည့် စီမံခန့်ခွဲမှု ကျင့်သုံးရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ပုံမှန်ကွင်းဆင်း ကူညီပံ့ပိုးပေးပါသည်။

Save the children ၏ ရခိုင်ရှိ အလုပ်အတွက် ငွေကြေး စီမံချက်သည် လုပ်ငန်း တစ်ခုတည်းဖြင့် ရလဒ်အမျိုးမျိုးအား မည်ကဲ့သို့ ရရှိအောင် ဆောင်ရွက်မည်နည်း ဆိုသည့်အတွက် ဥပမာကောင်း တစ်ခုဖြစ်ပါသည်။ ဤလုပ်ငန်းအတွက် ကူညီပံ့ပိုးပေးရသည့် ကုန်ကျစရိတ်မှာ နည်းပါးပြီး ငွေကြေးသည် စားသုံးမှုနှင့် ထုတ်လုပ်နိုင်စွမ်းရှိသော ကုန်ပစ္စည်းများအား လက်လှမ်းမီ ရယူနိုင်ရန်နှင့် လုပ်သားရှားပါးသည့် အချိန်များ၌ အခြားနည်းဖြင့် ဝင်ငွေရရှိအောင် ပံ့ပိုးပေးခြင်းဖြင့် သွယ်ဝိုက်သော အားဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်မှုကို လျှော့ချနိုင်ရန်တို့အတွက် အိမ်ထောင်စုများ၏ စွမ်းဆောင်ရည်အား ဖြည့်ဆည်းပေးပါသည်။ အသစ် (သို့) ပြန်လည် ပြင်ဆင်ထားသည့် အခြေခံ အဆောက်အဦ (ရေကန်အား ခြံစည်းရိုးကာရံခြင်း နှင့် လမ်းအသစ်ပြုပြင်ခြင်း) တို့၏ တန်ဖိုးသည် ရပ်ရွာလူထု ပိုင်ဆိုင်မှုများ၏ အစိတ်အပိုင်း ဖြစ်ပါသည်။ ဒေသခံ စီးပွားရေးအတွက် ငွေကြေးအား ဖြည့်သွင်းနိုင်ခြင်း မပြုလုပ်နိုင်သည် သာမက အရေးကြီးသည့် ရပ်ရွာလူထု၏ ပိုင်ဆိုင်မှုများကို တိုးတက်စေခြင်း မရှိသည့် စီမံချက်အား နောက်ပိုင်း ဆက်လက်အရေးယူ ဆောင်ရွက်ခြင်း မရှိသော လွတ်လပ်စွာ သီးသန့် ဆောင်ရွက်နေသည့် စီမံကိန်း ဆောင်ရွက်ချက်အား အသုံးပြုခြင်းထက် အဆိုပါ ပိုင်ဆိုင်မှုများကို ထိန်းသိမ်းစောင့်ရှောက်သည့် အနာဂတ်လုပ်ငန်းအား ကြီးကြပ်ပေးမည် ဖြစ်သည့် အာဏာပိုင် အဖွဲ့အစည်းများအား ပါဝင်စေခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) စီမံချက်သည် ပြည်နယ်အတွင်း၌ ပထမဦးဆုံးသော ကျွမ်းကျင်မှုများ ဆိုင်ရာ ဆန်းစစ် အကဲဖြတ်သည့် ဗဟိုဌာန တည်ထောင်ရာတွင် ပံ့ပိုးကူညီခဲ့ပါသည်။ မူလက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်မှုများ ဆိုင်ရာ ဆန်းစစ်အကဲဖြတ်သည့် ဗဟိုဌာနအား ဝန်ထမ်းလစာများအားဖြည့်ဆည်းပေးခြင်းနှင့် စီမံခန့်ခွဲမှုတွင် ပြဿနာ ဖြစ်နိုင်ချေရှိသည်ဟု ခန့်မှန်း ထားခဲ့သည့် အစိုးရ နည်းပညာ သိပ္ပံ၌ ထားရှိရန် အတွက် အစီအစဉ် ရေးဆွဲခဲ့ပါသည်။ စီမံချက်သည် ပုဂ္ဂလိက ကဏ္ဍမှ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုနှင့်အတူ ကျွမ်းကျင်မှုများဆိုင်ရာ ဆန်းစစ် အကဲဖြတ်သည့် ဗဟိုဌာန တည်ထောင်ရန်အတွက် မဟာဗျူဟာကျသည့် ချဉ်းကပ် နည်းလမ်းကို ရွေးချယ်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍမှ အဆင့်မြှင့်တင်နိုင်သော ချဉ်းကပ်နည်းလမ်း တစ်ရပ် အား စမ်းသပ်နေပါသည်။

ရခိုင်ပြည်နယ်တွင် ငွေကုန်ရကျိုးနပ်မှုအား ပေးအပ်သည့် အခြား ချဉ်းကပ်နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်ပါသည်–

- လက်ရှိစီမံချက် ဒီဇိုင်းပုံစံသည် ရခိုင်ပြည်နယ်တွင် တွေ့ကြုံခဲ့ရသည့် ပြီးခဲ့သော အတွေ့အကြုံများအပေါ် အခြေခံထားပါသည်။ ဘတ်ဂျက် ရေးဆွဲခဲ့သည်နှင့် အမှန်တကယ် ကုန်ကျစရိတ်များမှ ထပ်တူနီးပါး ဖြစ်နေခြင်းက စီမံချက်များ လုပ်ကိုင် ဆောင်ရွက်နေသည့် ဒေသ ပတ်ဝန်းကျင်အပေါ် ကောင်းမွန်စွာနားလည်သည်အား ညွှန်ပြနေပါသည်။
- စီမံချက်များသည် အခြားစီမံချက်များနှင့် ကုန်ကျစရိတ်များအား မျှဝေကျခံပြီး စီမံချက်အတွင်းရှိ ရင်းမြစ်များကို အသုံးပြုပါသည်။
- ပစ္စည်းများအား ဒေသတွင်းမှသာ ဝယ်ယူပါသည်။
- ဒေသတွင်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံခြင်း
- စီမံချက် ဆောင်ရွက်ချက် များအား အကျိုးခံစားခွင့်ရှိသည့် လူမှုအသိုင်းအဝန်းများနှင့် မြို့နယ်အာဏာပိုင်များ၏ တုံ့ပြန် အကြံပြုချက်များ အပေါ် အခြေခံ၍ ဒီဇိုင်းရေးဆွဲပါသည်။
- စီမံချက်များအား ကူညီပံ့ပိုးပေးရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ ရန်ပုံငွေ ထောက်ပံ့ပေးနိုင်သည့် ရင်းမြစ်များမှ ထည့်ဝင်မှုများ ကို တိုးမြှင့်ရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပြီး ဒေသခံ အာဏာပိုင်များနှင့် မိတ်ဖက်ပြုပြီး ဒေသခံများ၏ ပိုင်ဆိုင်မှုကို မြှင့်တင်ပေး နေပါသည်။

**အခြား ပဋိပက္ခဒဏ်ခံရသည့် ဒေသများအတွက် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ စဉ်းစားဆင်ခြင်ခြင်းများ**

ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ စီမံချက်များသည် ၎င်းတို့၏ စွမ်းဆောင်နိုင်စွမ်း တိုးတက်စေရန် ချဉ်းကပ်နည်းလမ်း အမျိုးစုံ ကို အသုံးပြု ပါသည်။ ဖြစ်နိုင်ပါက ၎င်းတို့သည် အခြား ရန်ပုံငွေ ထောက်ပံ့ပေးသည့် ရင်းမြစ်များဖြင့် ၎င်းတို့၏ လှုပ်ရှား ဆောင်ရွက်မှုများကို တွန်းအားပေး မြှင့်တင်ပြီး အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းတို့နှင့် ပူးပေါင်း ဆောင်ရွက်မှုများအား ရည်မှန်းချက်ရှိသည့် စာချုပ်စာတမ်း များဖြင့် တည်ဆောက် ပါသည်။ ဥပမာအားဖြင့် BBC Media Action သည် အပတ်စဉ် ရေဒီယိုအစီအစဉ် အတွက် အခမဲ့ ထုတ်လွှင့်ပေးခဲ့ပြီး ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှု များအား ကူညီပံ့ပိုးပေးရန် အတွက် အခြားရန်ပုံငွေ ထောက်ပံ့ပေးသည့် ရင်းမြစ်များမှ ရင်းမြစ်များကို အသုံးပြုနိုင်ခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် ရလဒ်များရရှိနိုင်ရန်အတွက် အကျိုးခံစားခွင့် ရှိသူများထံ လက်လှမ်းမီ ရောက်ရှိရန်မှာ မရှိမဖြစ် လိုအပ်ပါသည်။ အကယ်၍ စီမံချက်အဖွဲ့သည် ဦးတည်ရည်ရွယ်သည့် ကျေးရွာများထံ လက်လှမ်းမီ ရောက်ရှိနိုင်ခြင်း မရှိပါက LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးအဖွဲ့သည် ရရှိခဲ့သည့် ရလဒ်များနှင့် နှိုင်းယှဉ်၍ ဝန်ထမ်းများ၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းနှင့် စီမံကိန်း လုပ်ငန်းများ၏ အသုံးစရိတ်များကို စစ်ဆေးရန်အတွက် ငွေကုန်ရကျိုးနပ်မှု ဆိုင်ရာ ဆန်းစစ်မှုကို ပြုလုပ်ပါသည်။ LIFT မှ အနာဂတ်တွင် ကန့်သတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ ထပ်မံပြောင်းလဲသွားနိုင်မည့် အလားအလာများကို ထည့်သွင်း စဉ်းစား သော်လည်း အကောင်အထည်ဖော်ရေး မိတ်ဖက်မှ ကုန်ကျစရိတ်များ လျှော့ချရန်နှင့် အခြား အကောင်အထည်ဖော်ရေးဆိုင်ရာ ပုံစံများ ဖြင့် လုပ်ဆောင်နိုင်သည့် နည်းလမ်းများ ရှာဖွေရန်တို့တွင် အပြောင်းအလဲများအတွက် အကြံဉာဏ်များ အပေါ် အလျင်အမြန် တုံ့ပြန် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် LIFT သည် တူညီသည့်ဒေသတွင် လုပ်ဆောင်လျက်ရှိပြီး ဒေသခံ ပါဝင်ပတ်သက်သူများနှင့် လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးများ တည်ဆောက်ပြီးဖြစ်သည့် မိတ်ဖက် အဖွဲ့အစည်းများနှင့် လုပ်ကိုင် ဆောင်ရွက်ရန် ပိုမိုနှစ်သက်ပါသည်။ အဆိုပါ ဒေသများအတွက် အဆိုပြုခဲ့သည့် စီမံချက်များသည် အကယ်၍ အဆိုပါနေရာ၏ အခြေအနေနှင့် ပတ်သက်သည့် ကောင်းမွန်သော သိရှိနားလည်မှုရှိခြင်းနှင့် အကယ်၍ ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းသည် ကျေးရွာများတွင် လုပ်ဆောင်နေခဲ့ပြီးဖြစ်ခြင်းတို့ ရှိပါက လက်တွဲ လုပ်ကိုင်ရန်အတွက် အကျိုးရှိမည်ဟု စဉ်းစားသုံးသပ်ပါသည်။ LIFT မှ စီမံချက် မစတင်မီ အမျိုးမျိုးသော ပတ်သက်ဆက်နွှယ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ပြီး အကျိုးခံစားခွင့် ရှိသူများတွင် လူနည်းစု အုပ်စုများ အားလုံးနှင့် အားနည်းထိခိုက်လွယ်မှု အရှိဆုံးသောသူများ ပါဝင်ကြောင်း အာမခံပေးရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှားဆောင်ရွက် သူများနှင့် ဆက်ဆံရေးများ ထူထောင်ရန်အပြင် အဆိုပြုခဲ့သည့် ချဉ်းကပ်နည်းလမ်းများ၏ ပဋိပက္ခ အလေးထားမှုအား ထပ်မံ၍ စဉ်းစား ဆင်ခြင်မှုများ ပြုလုပ်ပါသည်။ အဆိုပါ စဉ်းစားဆင်ခြင်ခြင်းများသည် တန်ဖိုးအား ငွေကြေးဖြင့် တိုင်းတာ၍ မရနိုင်သော်လည်း ၎င်းတို့မှာ စီမံချက် စတင်သည်နှင့် ကောင်းမွန်စွာ စတင်နိုင်ပြီး မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် အဆုံးအထိ အကောင်အထည် ဖော်ခြင်းအား အောင်မြင်စွာ ဆောင်ရွက်နိုင်သည်အား LIFT မှ မြင်တွေ့နိုင်ရမည်ကို အာမခံခြင်းတို့ အတွက် အရေးကြီး ပါသည်။

## မူဝါဒဆိုင်ရာ စီမံချက်များတွင် ငွေကုန်ရကျိုးနပ်မှု

မူဝါဒဆိုင်ရာ စီမံချက်များသည် ပင်ကိုအားဖြင့် ရေရှည်စီမံချက်များ ဖြစ်သည် (သို့) ရေရှည်စီမံကိန်းများနှင့် သက်ဆိုင်ပါသည်။ ရလဒ်များအား အစီအစဉ်တကျရှိပြီး ရည်မှန်းချက်များနှင့်အညီ ဖြစ်နေသည်အား မြင်တွေ့ရနိုင်မည် မဟုတ်သည့်အပြင် အလွယ်တကူတိုင်းတာ၍လည်း မရနိုင်ပါ။ ရလဒ်များအား နှောင့်နှေးစေသည့် တိုးတက်မှု ပြောင်းပြန်ဖြစ်သွားခြင်းနှင့် လမ်းလွဲသွားခြင်း တို့ကိုလည်း ထည့်သွင်း စဉ်းစားရမည် ဖြစ်သော်လည်း ရည်မှန်းချက်သည် လက်တွေ့ ဖြစ်မြောက်နိုင်စွမ်း ရှိနေသ၍ လုပ်ငန်းအား ဆက်လက် လုပ်ဆောင်ပါသည်။ ယင်းမှ အသုံးစရိတ်များ ပေါ်ပေါက်နေမည် ဖြစ်သော်လည်း အပြောင်းအလဲအား အနည်းငယ်သာ မြင်တွေ့နိုင်မည် ဖြစ်ပါသည်။ ပုံမှန်ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်ခြင်းမှ ဤသည်အား ငွေကုန်ရကျိုးနပ်မှု အလွန်အားနည်းသည်ဟု စဉ်းစားနိုင်လိမ့်မည် ဖြစ်သော်လည်း အမှန်တကယ်မှာ ရေရှည် ကတိကဝတ်ပြုမှုတွင် ရှေ့သို့လှမ်းမည့် ခြေလှမ်းတစ်လှမ်းသာ ဖြစ်ပါသည်။

မူဝါဒဆိုင်ရာ လုပ်ငန်းတွင် ရလဒ်များအား ယေဘူယျအားဖြင့် အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများဖြင့် သတ်မှတ်၍ မရပါ။ ဖြစ်ရပ်အများအပြား တွင် စီမံချက်သည် အကယ်၍ ပြောင်းလဲမှုတွင် အဓိက မောင်းနှင်အားဖြစ်သည့်တိုင် ပြီးစီးအောင်မြင်မှုအား စီမံချက် ပြီးဆုံးပြီးသည့် နောက်ပိုင်းမှသာ နားလည်သဘောပေါက်နိုင်မည် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် မူဝါဒဆိုင်ရာ စီမံချက်များတွင် ငွေကုန်ရကျိုးနပ်မှုအား ခက်ခဲရှုပ်ထွေးနေသည့် ပတ်ဝန်းကျင်တွင်ရှိသည့် လုပ်ငန်း၏ အရည်အသွေးအား ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။ စီမံချက်သည် မူဝါဒချမှတ်ရာတွင် များပြားလှသည့် ပတ်သက်ဆက်နွှယ်သူများ အပေါ် အကန့်အသတ်ဖြင့်သာ ထိန်းချုပ်နိုင်မှု ရှိပါသည်။

မူဝါဒဆိုင်ရာ စီမံချက်များ၏ ငွေကုန်ရကျိုးနပ်မှုအကြောင်း ဆွေးနွေးရာတွင် LIFT သည် ဥပမာအားဖြင့် တူညီသည့် မူဝါဒ နယ်ပယ်တွင်းရှိ အခြား အလှူရှင် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော တွန်းအားပေးသည့် (သို့) အားဖြည့်ပေးသည့် သက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

မူဝါဒဆိုင်ရာ ပြောင်းလဲမှုတွင် ဆက်လက် ရင်းနှီးမြှုပ်နှံသော်လည်း ပြောင်းလဲမှုမှာ နှေးကွေးပြီး ပြန့်နှံ့မှု မရှိသည့် ဖြစ်ရပ်များတွင် ဆက်လက်လုပ်ဆောင်ရသည့် အဓိက အကြောင်းပြချက်များမှာ အကယ်၍ စီမံချက်သည် လူအများအား ကာကွယ် စောင့်ရှောက်မှု ပေးနေခြင်း၊ အဓိက နယ်ပယ်အား ချန်လှပ်ထားရန်မှာ အလွန်ခက်ခဲခြင်းနှင့် ကျရောက်နိုင်ချေရှိသည့် အခက်အခဲများအား ပြီးပြည့်စုံစွာ အကဲဖြတ်ဆန်းစစ်မှု လုပ်ဆောင်ခဲ့ပြီး စီမံချက်သည် ကျရောက်နိုင်ခြေရှိသည့် အခက်အခဲများကို လက်ခံခြင်းတို့ ဖြစ်ပါသည်။

## စီမံချက်များ၏ ပြင်ပငွေကုန်ရကျိုးနပ်မှု ဆန်းစစ်ခြင်း

၂၀၁၉ ခုနှစ်တွင် LIFT သည် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အပြည့်အဝ ငွေကုန်ရကျိုးနပ်မှု စီမံချက် ဆန်းစစ်အကဲဖြတ်မှု (၂)ခုအား ဆောင်ရွက်ခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်မှုတွင် အောက်ဖော်ပြပါ ခေါင်းစဉ်များအား ထည့်သွင်းစဉ်းစား ခဲ့ပါ သည်။

- **အသုံးအစွဲကျစ်လျစ်မှု** – ကုန်ကျစရိတ်များအား မည်ကဲ့သို့ ကောင်းမွန်စွာ စီမံခန့်ခွဲပါသလဲ။
- **ဆီလျော်မှု** – ရလဒ်များ ရရှိနိုင်ရန် စီမံချက် ဒီဇိုင်းပုံစံအား မည်ကဲ့သို့ ကောင်းမွန်စွာရေးဆွဲပါသလဲ။
- **စွမ်းဆောင်နိုင်မှု** – ရလဒ်များ ပေးအပ်နိုင်ရန် ရင်းမြစ်များအား မည်ကဲ့သို့ ကောင်းမွန်စွာ သုံးစွဲပါသလဲ။
- **ထိရောက်မှု** – စီမံချက်သည် ရေရှည်တည်တံ့ခိုင်မြဲသည့် ရလဒ်များ ပေးအပ်ပြီး LIFT ၏ အကျိုးရလဒ်များကို ဖြည့်ဆည်းပေးပါသလား။
- **သာတူညီမျှရှိမှု** – ရလဒ်များနှင့် ပေးအပ်ခဲ့သည့် ဝန်ဆောင်မှုများအား လူဦးရေ၏ အစိတ်အပိုင်း အားလုံး (ဥပမာ ကျား၊မ၊ အသက်၊ နေရပ်စွန့်ခွာသည့် (သို့) ကွဲပြားခြား နား သည့် လူမှုစီးပွားနောက်ခံရှိသူများ) မှ လက်လှမ်းမီ ရယူနိုင်ပြီး အသုံးပြု နိုင်ခြင်း ရှိပါသလား။

စီမံချက်၏ ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်အကဲဖြတ်ခြင်းအား အောက်ဖော်ပြပါ ခေါင်းစဉ်များနှင့် မေးခွန်းများအတိုင်း ဆောင်ရွက်ခဲ့ပါသည်။[၉၇]

၉၇ ၂၀၁၉ ခုနှစ် စီမံချက် VfM ဆန်းစစ် အကဲဖြတ်မှုများအတွက် LIFT ၏ VfM ဆိုင်ရာ အကြံပေးမှ ရေးသားပြုစုခဲ့သည့် VfM စစ်ဆေးခြင်းဆိုင်ရာ ဇယား အား အခြေခံပါသည်။

*ဇယား ၆.၂ ။ ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ ဖြေဆိုရမည့် မေးခွန်းများ၏ ဇယား*

| VFM အခြေခံအကြောင်း | VFM တိုင်းတာသည့်စနစ် | အကြောင်းအရာ |
|---|---|---|
| **စီမံကိန်းရေးဆွဲခြင်း** | အဆိုပြုထားသည့် စီမံကိန်း ဆောင်ရွက်ချက်များအား အစီအစဉ် ရေးဆွဲခြင်းနှင့် စီးပွားရေးလုပ်ငန်း အခြေအနေအား ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်ခြင်း | အဆိုပြုထားသည့် အခြားနည်းလမ်းဖြင့် လုပ်ဆောင်မည့် စီမံကိန်း ဆောင်ရွက်ချက် များ၏ VFM အား အကဲဖြတ်ခြင်း – စီမံကိန်း ရေးဆွဲသည့်အဆင့် |
| **အသုံးအစွဲကျစ်လျစ်မှု** | စုစုပေါင်း အကုန်အကျခံနိုင်သည့် အသုံးစရိတ်များထဲမှ စီမံခန့်ခွဲမှုနှင့် အထွေထွေအသုံးစရိတ်၏ ရာခိုင်နှုန်း | စုစုပေါင်း စီမံကိန်း အသုံးစရိတ်မှ စုစုပေါင်း စီမံခန့်ခွဲမှု/ အထွေထွေ အသုံး စရိတ်အား တွက်ချက်ခြင်း – ကမ္ဘာ့အဆင့်နှင့် နိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် ရုံး အဆင့် |
| **အသုံးအစွဲကျစ်လျစ်မှု** | ကုန်ကျစရိတ်များကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းအား ဆန်းစစ်ခြင်း | ကုန်ကျစရိတ်များအား ဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်းများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် တိုင်းတာခြင်း – ကုန်ကျစရိတ်များအား ထိန်းချုပ်ထားသည်များအား အနီးကပ် စောင့်ကြည့်စစ်ဆေးခြင်း |
| **စွမ်းဆောင်နိုင်မှု** | ရလဒ်များနှင့် ရည်မှန်းချက်များအား နှိုင်းယှဉ်သည့် ညွှန်းကိန်း | ပြီးစီးအောင်မြင်ခဲ့သည့် ရလဒ်နှင့် ရည်မှန်းချက်အား ညွှန်းကိန်းဖြင့် နှိုင်းယှဉ် တွက်ချက်ခြင်းနှင့် လားရာ |
| **စွမ်းဆောင်နိုင်မှု** | ညွှန်းကိန်းဖြင့် အသုံးစရိတ်နှင့် ဘတ်ဂျက်အား နှိုင်းယှဉ်ခြင်း | အသုံးစရိတ်နှင့် ဘတ်ဂျက်အား ညွှန်းကိန်းဖြင့် နှိုင်းယှဉ်တွက်ချက်ခြင်းနှင့် လားရာ |
| **စွမ်းဆောင်နိုင်မှု** | တစ်ခုချင်းစီ၏ ကုန်ကျစရိတ်အား ဆန်းစစ်ခြင်း | အဓိက အကျိုးရလဒ်များ၏ တစ်ခုချင်းစီ၏ ကုန်ကျစရိတ်၊ အချိန်အလိုက် နှိုင်းယှဉ်ခြင်း/နေရာဒေသ အလိုက် စီမံကိန်းရေးဆွဲခြင်းအား အားကောင်းစေခြင်း၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် စေ့စပ်ဆွေးနွေးခြင်း |
| **စွမ်းဆောင်နိုင်မှု** | ညွှန်းကိန်း အလိုက် ကုန်ကျစရိတ်နှင့် စွမ်းဆောင်မှု အချိုး (CRP) | ပြီးစီးအောင်မြင်မှုများ၏ အချိုးနှင့် ကုန်ကျစရိတ်များ၏ အချိုးကို နှိုင်းယှဉ် တွက်ချက်ခြင်း၊ ရလဒ်များ၏ စွမ်းဆောင်နိုင်မှုကို အဆုံးအဖြတ် ပေးခြင်း |
| **ထိရောက်မှု** | အကျိုးရလဒ်အဆင့် CPR | အကျိုး ရလဒ်များ၏ ကုန်ကျစရိတ်နှင့် ရလဒ် အချိုးအား တွက်ချက်ခြင်း |
| **ထိရောက်မှု** | ပြောင်းလဲစေနိုင်သည့် အကျိုးကျေးဇူးများနှင့် ရေရှည် တည်တံ့ခိုင်မြဲမှုတို့အား ဆန်းစစ်ခြင်း | အသုံးမပြုသည့် အကျိုးရလဒ်များကြောင့် ရရှိခဲ့သည့်/ ဆုံးရှုံးခဲ့သည့် တန်ဖိုးအား တွက်ချက်ခြင်း၊ ထပ်မံ၍ ရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူး များအား တွက်ချက်ခြင်း |
| **သာတူညီမျှရှိမှု** | အကျိုးခံစားခွင့်ရှိသူများ၏ သာတူညီမျှရှိမှုအား ဆန်းစစ်ခြင်း | ကျား၊ မ ရေးရာ (အနိမ့်ဆုံး)၊ အသက်၊ လူမှုရေးအရ သတ်မှတ်ထားသူများ၊ ဒေသ စသည်တို့ဖြင့် ခွဲခြားထားသည့် အကျိုးခံစားခွင့်ရှိသူများ |

Save the Children ၏ အပူပိုင်းဇုန်တွင် မိခင်နှင့် ကလေးများအား ငွေကြေးထောက်ပံ့မှုတွင် ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှုအား ဆောင်ရွက်သည့် LEGACY စီမံချက်သည် မှန်ကန်သည့် သတင်းအချက်အလက်များအား ကောက်ယူပြီး ရှင်းလင်း ပြတ်သားစွာ တင်ပြသဖြင့် အလွန်တိုးတက်မှုရှိသော စီမံချက်အဖြစ် သတ်မှတ်ခဲ့ပါသည်။ MEAL အစီအစဉ်သည် ပြည့်စုံလုံလောက်မှုရှိပြီး ပြောင်းလဲခြင်း ဆိုင်ရာ သီအိုရီနှင့် ဘတ်ဂျက်ဖွဲ့စည်း တည်ဆောက်ပုံတို့တွင် ကောင်းမွန်စွာ ပေါင်းစပ်ထားခဲ့ပါသည်။ LIFT ၏ ရလဒ်များအား စီမံချက်မှ မည်ကဲ့သို့ ဖြည့်ဆည်းပေးခဲ့သည်တို့မှာ ရှင်းလင်းပြတ်သားပါသည်။ မူဝါဒခြေရာခံသည့် နည်းကိရိယာမှ အမှန်တကယ် ပြောင်းလဲရန်အတွက် လိုအပ်သည့် စည်းရုံး ဆောင်ရွက်မှုနှင့် အချိန်ကာလ သတ်မှတ်ချက်တို့ မှ တဆင့် သေးငယ်သည့် အဆင့်များ အား အများအားဖြင့် ထည့်သွင်းစဉ်းစားသည့် LIFT VfM ညွှန်းကိန်းများအား အသုံးပြုခဲ့ပါသည်။

ငွေကုန်ရကျိုးနပ်မှု ဒုတိယဆန်းစစ် အကဲဖြတ်ခြင်းမှ အတွေ့အကြုံနည်းသည့် ဝန်ထမ်းများနှင့် စီမံခန့်ခွဲသူများရှိသည့် စီမံချက်အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဤအကဲဖြတ်မှုနှင့် MEAL လုပ်ငန်းစဉ်အား နားလည် သဘောပေါက်မှု မရှိခြင်းသည် အချက်အလက်များ ကွာဟမှုနှင့် အမှားများ အား ရလဒ်များ အဖြစ် ရရှိခဲ့ပါသည်။ စီမံချက်မှ ကုန်ကျစရိတ် ဖြစ်ပေါ်စေသည့် အကြောင်း အရင်းများကို စောင့်ကြည့်စစ်ဆေးခဲ့သော်လည်း ရလဒ်များ (ဥပမာ တိုးတက်လာသည့် ဖြစ်ထွန်းမှု၏ တန်ဖိုး) နှင့် ကုန်ကျစရိတ် ဖြစ်ပေါ်စေသည့် အကြောင်းရင်းများအား နှိုင်းယှဉ်ခြင်း အား ပြုလုပ်ခဲ့ခြင်းမရှိပါ။

အတွေ့အကြုံနည်းပါးသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်ခြင်းအား ပြုလုပ်သည့်အချိန်တွင် ကြီးမားသောစိန်ခေါ်မှုမှာ သက်ဆိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့်အတူ ချိတ်ဆက်ရန်နှင့် ခွဲဝေရန်တို့အတွက် မှန်ကန် တိကျသည့် ချဉ်းကပ်နည်းလမ်းအား ရေးဆွဲအကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။

ဘတ်ဂျက်ပုံစံဇယားများအပေါ် အခြေခံ၍ ယင်းမှ ရည်မှန်းချက်များနှင့် ရလဒ်များအတွက် ဘတ်ဂျက်လိုင်းများ၏ အနာဂတ် ဘဏ္ဍာရေး ဆိုင်ရာ အစီအစဉ်များအား အသေးစိတ် ဖော်ထုတ်နိုင်သည့် စွမ်းဆောင်ရည် လိုအပ်ပါသည်။ စာရင်းဇယားများရှိ တွက်ချက်မှု အမှားများနှင့် အချက်အလက် ကွာဟချက်များအား မိတ်ဖက်အဖွဲ့အစည်းများနှင့် အသေးစိတ် ဆွေးနွေးရန်လိုအပ်ခဲ့ပြီး အစီရင်ခံစာများ နောက်ကျစေခဲ့ပါသည်။ ဤဆန်းစစ် အကဲဖြတ်မှုများမှ ရရှိခဲ့သည့် သင်ခန်းစာများမှာ အောက်ပါတို့ ဖြစ်ပါသည်–

- အကျိုးကျေးဇူးများအား ငွေကြေးဖြင့် သတ်မှတ်၍ မရနိုင်သည့် ဖြစ်ရပ် များတွင် သက်ရောက်မှု ဆန်းစစ်ခြင်း သည် ဆုံးဖြတ်ချက်ချရာတွင် အထောက်အကူ ဖြစ်စေမည့် ချဉ်းကပ်နည်းလမ်းများ ဖြင့် နှိုင်းယှဉ်ရန် လိုအပ်ပါသည်။
- လက်ရှိ ဘတ်ဂျက် ပုံစံဇယား များသည် LIFT ၏ စီမံချက်များ အနေဖြင့် ရလဒ်များအား ရရှိစေရန် မည်ကဲ့သို့ ဖြည့်ဆည်းပေးနိုင်မည်အား နားလည်သဘောပေါက်နိုင်ရန် အတွက် အခက်အခဲ ဖြစ်စေပါသည်။ ငွေကုန်ရကျိုးနပ်မှု အယူ အဆ အမြင် သဘောထားမှာ ရလဒ်များနှင့် အတူ အသုံးစရိတ်များနှင့် ချိတ်ဆက်နေပါသည်။

ထို့အတွက်ကြောင့် ရလဒ်များ အပေါ် အခြေခံသည့် ဘတ်ဂျက် ရေးဆွဲခြင်းက လုပ်ငန်းတာဝန်အတွက် ပိုမို၍ အထောက်အပံ့ပြု ပါသည်။

» ယေဘုယျအားဖြင့် ဘတ်ဂျက်ညွှန်းကိန်းများသည် လုပ်ငန်းစဉ် ဦးစားပေးဖြစ်ပြီး ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်ခြင်းတွင် ကောင်းမွန် လုံလောက်စွာ ဆွဲဆောင်ရန်အတွက် ရလဒ်များအား ခြုံငုံနိုင်ခြင်း မရှိပါ။ ညွှန်းကိန်းများသည် VfM ဆန်းစစ် အကဲဖြတ်ခြင်းနှင့် ဆီလျော်မှု ရှိသင့်ပြီး စီမံချက် တစ်ခုချင်းစီ၏ ညွှန်းကိန်းအား ရည်ညွှန်းသည့် စာရွက်စာတမ်းတွင် ရှင်းပြထားသင့်ပါသည်။
» စီမံချက်များသည် မကြာခဏ ဆိုသလို လမ်းစဉ်များအပေါ် အခြေခံ၍ တိုးတက်မှုများ ရှိခဲ့သည်ဟု အခိုင်အမာ ဆိုခြင်းများ အတွက် အထောက်အထား ပေးအပ်နိုင်ခြင်း မရှိပါ။ (ဥပမာ သီးနှံ သီးသန့် အမြတ်အစွန်း တွက်ချက်ခြင်းများ)

## ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်မှုအား ပြုလုပ်နေသည့် စီမံချက်များ

The WorldFish My Culture စီမံချက်သည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တွင် အမျိုးမျိုးသော အသေးစား ငါးမွေးမြူရေးလုပ်ငန်း စနစ်များ စမ်းသပ်ခဲ့ပါသည်။ ကနဦး စမ်းသပ်သည့် အဆင့် ပြီးဆုံးချိန်တွင် စီမံချက်သည် တောင်သူများ၏ အမြတ်ရရှိနိုင်မှုနှင့် ထုတ်လုပ်မှုတို့နှင့် ပတ်သက်၍ စွမ်းဆောင်မှုများအား ဆန်းစစ်ခဲ့ပြီး ကွဲပြားခြားနားသည့် ကန်စနစ်များ – ခြံမြောင်း၊ ကန်နှင့် ရေလှောင်ကန် ငယ်တွင် ငါး မွေးမြူခြင်း – တို့၏ စွမ်းဆောင်နိုင်မှုအား နှိုင်းယှဉ်ခဲ့ပါသည်။ ပျမ်းမျှ အမြတ်၊ အသားတင်အမြတ်နှင့် အကျိုး အမြတ်နှင့် ကုန်ကျစရိတ် အချိုးတို့အားလေ့လာခဲ့သော ငါးမွေးမြူရေးလုပ်ငန်း နည်းပညာများ၏ ထုတ်လုပ်မှုဆိုင်ရာ စွမ်းဆောင် ရည်အား အကဲဖြတ်ရန်အတွက် တွက်ချက်ခဲ့ပါသည်။ ရှာဖွေတွေ့ရှိချက်များမှ တောင်သူများသည် ကောင်းမွန်သည့် ရေအရင်း အမြစ် များမှ ရေကို ရယူနိုင်ခြင်း မရှိဘဲ အပူပိုင်းဇုန်တွင် ရေလှောင်ကန်ငယ်တွင် ငါးမွေးမြူခြင်းအတွက် အလားအလာ အနည်းငယ် သာရှိသည်အား ထင်ဟပ်စေခဲ့ပါသည်။ ဆန်းစစ်မှု၏ ရလဒ်များအား ထည့်သွင်း စဉ်းစားခြင်းဖြင့် စီမံချက်သည် ရေလှောင်ကန်ငယ်တွင် ငါးမွေးသည့်စနစ်အား တိုးချဲ့ခြင်း မပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

Save the Children မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် Bright Sun စီမံချက်၏ ကာလလယ် သုံးသပ်မှုမှ ဝန်ထမ်းစရိတ် မြင့်မား နေသည်အား MCCT ထောက်ပံ့မှုအား လက်ကိုင်ဖုန်းငွေကြေး လွှဲပြောင်းပေးအပ်သည့်စနစ်မှတဆင့် ထုတ်ပေးခြင်းဖြင့် လျှော့ချရန် အတွက် အကြံပြုခဲ့ပါသည်။ ချဉ်းကပ်နည်းလမ်းအသစ်အား ဦးတည် ရည်ရွယ်သည့် ရွာများ၏ ၃၀% တွင် ပုဂ္ဂလိက ကဏ္ဍ ကုမ္ပဏီဖြစ်သည့် “Wave Money” ဖြင့် စမ်းသပ်ခဲ့ပါသည်။ စမ်းသပ်မှုမှ ဒီဂျစ်တယ်စနစ် ဖြင့် ငွေလွှဲပေးပို့မှုသည် ကုန်ကျစရိတ်တွင် ပိုမို၍ ထိရောက်မှုရှိခဲ့ပြီး ငွေ လွှဲပေးပို့မှုနှင့် စီမံခန့်ခွဲရန် လွယ်ကူသည့် ချဉ်းကပ်နည်းလမ်း ဖြစ်ခဲ့ ကြောင်းအား ပြသခဲ့ပါသည်။ အပူပိုင်းဇုန်တွင် HelpAge မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လူမှုရေးပင်စင်များနှင့် မ သန်စွမ်းမှု ဆိုင်ရာ ထောက်ပံ့မှုများ အတွက် ငွေထုတ်ပေး ရန် ရွေ့ပြေး စမ်းသပ်မှုများတွင် လည်း တူညီသည့် ရလဒ်များ ရရှိခဲ့ပါသည်။

## ရှုမြင်သုံးသပ်ချက်

တိုးတက်ကောင်းမွန်လာခြင်း အချို့အား မြင်တွေ့နိုင်သော်လည်း ပိုမို၍ လုပ်ဆောင်ရန် လိုအပ်သည်မှာလည်း တော်တော်များများ ရှိနေ ပါသည်။ LIFT သည် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦး အား မိတ်ဖက်အဖွဲ့အစည်းများနှင့် LIFT ဝန်ထမ်းများအား အယူအဆ အမြင်သဘောထား၊ ဆန်းစစ်မှုနှင့် ငွေကုန်ရကျိုးနပ်မှု ဆိုင်ရာ သတင်း အချက်အလက်များ အသုံးပြုခြင်းတို့အား သင်ကြားပို့ချပေးရန် လေ့ကျင့်သင်ကြားပေးသူအနေဖြင့် ငှားရမ်းသွားမည် ဖြစ်ပါသည်။ LIFT သည် ငွေကုန်ရကျိုးနပ်မှုအား ဆန်းစစ် သည့် လုပ်ငန်းစဉ်အတွင်း ပြင်ပမှ ဝန်ဆောင်မှုအား ရယူသုံးစွဲသွားမည် မဟုတ်ဘဲ လုပ်ငန်းအား အဖွဲ့အစည်းအတွင်း၌ပင် လုပ်ဆောင် သွားမည် ဖြစ်ပြီး သက်ဆိုင်ရာ သတင်းအချက်အလက်များအား အစီရင်ခံ တင်ပြရန်နှင့် ရိုးရှင်းသည့် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ ဆန်းစစ်မှုအား ၎င်းတို့ကိုယ်တိုင် လုပ်ဆောင် ရန်အတွက် မိတ်ဖက် အဖွဲ့အစည်းများအား သင်တန်းပို့ချခြင်း အပေါ် အာရုံစိုက်ပါသည်။

LIFT ၏ အဆင့်တိုင်းတွင် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ အယူအဆဖြင့် လုပ်ငန်း လည်ပတ် ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများအား လိုက်လျောညီထွေ ပြုပြင်နိုင်သော စီမံခန့်ခွဲမှုတွင် VfM စဉ်းစားဆင်ခြင်ခြင်းများ အပေါ် အခြေခံ၍ စဉ်းစား သုံးသပ်စေရန် အာရုံစိုက်သွားမည် ဖြစ်ပါသည်။



# ၇

## နောက်ဆက်တွဲများ


နောက်ဆက်တွဲ ၁။ LIFT ၏ စီမံချက် နယ်မြေများ/တည်နေရာများ..................၂၀၈
နောက်ဆက်တွဲ ၂။ LIFT ၏ ယုတ္တိဗေဒ မူဘောင်..........................................၂၁၂
နောက်ဆက်တွဲ ၃။ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ဆဲစီမံချက်များ..................၂၂၂
နောက်ဆက်တွဲ ၄။ စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ.........................၂၂၆
နောက်ဆက်တွဲ ၅။ ၂၀၁၉ ခုနှစ်တွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း.......၂၇၃

# နောက်ဆက်တွဲ

## နောက်ဆက်တွဲ ၁။ LIFT ၏ စီမံချက် နယ်မြေများ/တည်နေရာများ

၂၀၁၉ ခုနှစ်အတွင်း LIFT မှ နိုင်ငံတဝှမ်းရှိ ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု၊ ခရိုင် ၆၉ ခု၊ မြို့နယ် ၂၆၉ မြို့နယ်တို့တွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ တနိုင်ငံလုံးတွင် စီမံချက် ၁၈ ခု အား အကောင်အထည်ဖော်ခဲ့ပါသည်။

| | မြို့နယ် အရေအတွက် | ခရိုင် အရေအတွက် | ပြည်နယ်/တိုင်းဒေသကြီး အရေအတွက် |
|---|---|---|---|
| LIFT စီမံကိန်းပံ့ပိုးမှုများ ရောက်ရှိမှု စုစုပေါင်း | ၂၈၈ | ၇၂ | ၁၄ |
| ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ဆဲ လုပ်ငန်းများ ရောက်ရှိမှု | ၂၆၉ | ၆၉ | ၁၄ |

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ်များ |
|---|---|---|
| **ဧရာဝတီ** | ဟင်္သာတ | ဟင်္သာတ၊ အင်္ဂပူ၊ ကြံခင်း၊ လေးမျက်နှာ၊ မြန်အောင်၊ ဇလွန် |
| | လပွတ္တာ | လပွတ္တာ၊ မော်လမြိုင်ကျွန်း |
| | မအူပင် | ဓနုဖြူ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော် |
| | မြောင်းမြ | အိမ်မဲ၊ မြောင်းမြ၊ ဝါးခယ်မ |
| | ပုသိမ် | ကန်ကြီးဒေါင့်၊ ကျောင်းကုန်း၊ ကျုံပျော်၊ ငပုတော၊ ပုသိမ်၊ သာပေါင်း၊ ရေကြည် |
| | ဖျာပုံ | ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ |
| **ပဲခူး** | ပဲခူး | ပဲခူး၊ ဒိုက်ဦး၊ ကဝ၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ သနပ်ပင်၊ ဝေါ |
| | တောင်ငူ | ထန်းတပင်၊ ကျောက်ကြီး၊ အုတ်တွင်း၊ ဖြူး၊ တောင်ငူ၊ ရေတာရှည် |
| | ပြည် | ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊ သဲကုန်း |
| | သာယာဝတီ | ကြို့ပင်ကောက်၊ လက်ပန်းတန်း၊ မင်းလှ၊ မိုးညို၊ နတ္တလင်း၊ အုတ်ဖို၊ သာယာဝတီ၊ ဇီးကုန်း |
| **ချင်း** | ဖလမ်း | ဖလမ်း၊ တီးတိန်၊ တွန်းဇံ |
| | ဟားခါး | ဟားခါး၊ ထန်တလန် |
| | မင်းတပ် | ကန်ပက်လက်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ |

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ်များ |
|---|---|---|
| **ကချင်** | ဗန်းမော် | ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေကူ |
| | မိုးညှင်း | ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း |
| | မြစ်ကြီးနား | ချီဖွေ၊ အင်ဂျားယန်၊ မြစ်ကြီးနား၊ ဝိုင်းမော် |
| | ပူတာအို | မချမ်းဘော၊ နောင်မွန်း၊ ပူတာအို၊ ဆွမ်ပရာဘွမ် |
| **ကယား** | ဘော်လခဲ | ဘောလခဲ၊ ဖားစောင်း၊ မယ်စဲ |
| | လွိုင်ကော် | ဒီးမောဆို၊ ဖရူဆို၊ လွိုင်ကော်၊ ရှားတော |
| **ကရင်** | ဖားအံ | လှိုင်းဘွဲ၊ ဘားအံ၊ သံတောင်ကြီး |
| | ဖာပွန် | ဖာပွန် |
| | ကရဝိက် | ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး |
| | မြဝတီ | မြဝတီ |
| **မကွေး** | ဂန့်ဂေါ | ဂန့်ဂေါ၊ ဆော |
| | မကွေး | ချောက်၊ မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး၊ ရေနံချောင်း |
| | မင်းဘူး | မင်းဘူး၊ ငါးဖယ်၊ ပွင့်ဖြူ၊ ဆားလင်း၊ စေတုတ္တရာ |
| | ပခုက္ကူ | မြိုင်၊ ပခုက္ကူ၊ ပေါက်၊ ဆိတ်ဖြူ၊ ရေစကြို |
| | သရက် | အောင်လံ၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ သရက် |
| **မန္တလေး** | ကျောက်ဆည် | ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး |
| | မန္တလေး | အမရပူရ၊ အောင်မြေသာဇံ၊ ချမ်းအေးသာဇံ၊ ချမ်းမြသာစည်၊ မဟာ အောင်မြေ၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန်၊ |
| | မိတ္ထီလာ | မလှိုင်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း |
| | မြင်းခြံ | မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ တောင်သာ |
| | ညောင်ဦး | ကျောက်ပန်းတောင်း၊ ညောင်ဦး |
| | ပြင်ဦးလွင် | မတ္တရာ၊ မိုးကုတ်၊ ပြင်ဦးလွင်၊ စဉ့်ကူ |
| | ရမည်းသင်း | ပျော်ဘွယ်၊ ရမည်းသင်း |
| **မွန်** | မော်လမြိုင် | ချောင်းဆုံ၊ ကျိုက်မရော၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး |
| | သထုံ | ဘီးလင်း၊ ကျိုက်ထို၊ ပေါင်၊ သထုံ |

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ်များ |
|---|---|---|
| **နေပြည်တော်** | ဒက္ခိဏ | ဒက္ခိဏ သီရိ၊ လယ်ဝေး၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ |
| | ဥတ္တရ | ဥတ္တရ သီရိ၊ ပုဗ္ဗသီရိ၊ တပ်ကုန်း၊ ဇေယျာသီရိ |
| **ရခိုင်** | ကျောက်ဖြူ | အမ်း၊ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ |
| | မောင်တော | ဘူးသီးတောင်၊ မောင်တော |
| | မြောက်ဦး | ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ |
| | စစ်တွေ | ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ |
| | သံတွဲ | ဂွ၊ သံတွဲ၊ တောင်ကုတ် |
| **စစ်ကိုင်း** | ကလေး | ကလေး၊ မင်းကင်း |
| | ကန့်ဘလူ | ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦး |
| | ကသာ | အင်းတော်၊ ကသာ၊ ထီးချိုင့် |
| | မော်လိုက် | ဖောင်းပြင် |
| | မုံရွာ | အရာတော်၊ ဘုတလင်၊ ချောင်းဦး၊ မုံရွာ |
| | စစ်ကိုင်း | မြောင်၊ မြင်းမူ၊ စစ်ကိုင်း |
| | ရွှေဘို | ခင်ဦး၊ ရွှေဘို၊ ဒီပဲယင်း၊ ဝက်လက် |
| | တမူး | တမူး |
| | ယင်းမာပင် | ကန်းနီ၊ ပုလဲ၊ ဆားလင်းကြီး၊ ယင်းမာပင် |

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ်များ |
|---|---|---|
| **ရှမ်း** | ကျိုင်းတုံ | ကျိုင်းတုံ |
| | မိုင်းဆတ် | မိုင်းတုံ |
| | တာချီလိတ် | မိုင်းဖြတ်၊ တာချီလိတ် |
| | ဟိုပန် | ဟိုပန်၊ ပန်ဝိုင် |
| | ကျောက်မဲ | သီပေါ၊ ကျောက်မဲ၊ မန်တုံ၊ နမ့်ဆန်၊ နမ္မတူ၊ နောင်ချို |
| | လားရှိုး | သိန္နီ၊ ကွမ်းလုံ၊ လားရှိုး၊ တန့်ယန်း |
| | လောက်ကိုင် | လောက်ကိုင် |
| | မိုးမိတ် | မိုးမိတ် |
| | မူဆယ် | ကွတ်ခိုင် |
| | လင်းခေး | မိုးနဲ |
| | လွိုင်လင် | ကျေးသီး၊ လဲချား၊ လွိုင်လင်၊ မိုင်းကိုင် |
| | တောင်ကြီး | ဟိုပုံး၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်း၊ တောင်ကြီး၊ ရွာငံ |
| **တနင်္သာရီ** | ထားဝယ် | ထားဝယ်၊ သရက်ချောင်၊ ရေဖြူ |
| | ကော့သောင်း | ကော့သောင်း |
| | မြိတ် | မြိတ်၊ ပုလော၊ တနင်္သာရီ |
| **ရန်ကုန်** | ရန်ကုန် (အရှေ့ပိုင်း) | ဗိုလ်တထောင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒေါပုံ၊ မင်္ဂလာ တောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ပုဇွန်တောင်၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ရန်ကင်း |
| | ရန်ကုန် (မြောက်ပိုင်း) | လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး |
| | ရန်ကုန် (တောင်ပိုင်း) | ဒလ၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ ဆိပ်ကြီး ခနောင်တို၊ သန်လျင်၊ သုံးခွ၊ တွံတေး |
| | ရန်ကုန် (အနောက်ပိုင်း) | အလုံ၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း |

## နောက်ဆက်တွဲ ၂။ LIFT ၏ ယုတ္တိဗေဒ မူဘောင်

### တာဝန်အဆင့် အကျိုး ရလဒ် – ၁–၁။ အထူးသဖြင့် အမျိုးသမီး များနှင့် ကလေးသူငယ်များ အတွက် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု အဆင့်

**I–၁.၁ LIFT စီမံကိန်း ဧရိယာ အတွင်း လက်ခံနိုင်သည့် အစာ အာဟာရ မျှတစုံလင်စွာ စားသုံးသည့် အမှတ် ရရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း / အရေအတွက်**

ဤ ညွှန်းကိန်းသည် LIFT ၏ ကျေးရွာများတွင် အစာအာဟာရ မျှတ စုံလင်စွာ စားသုံးမှုအမှတ် အနည်းဆုံး ၆ (ရိက္ခာအမျိုးအမည် အုပ်စု ၁၂မျိုး အနက်မှ ၆ မျိုး) ရရှိသည့် စုစုပေါင်း အိမ်ထောင်စု အရေအတွက် အား တိုင်းတာပါသည်။ ဤညွှန်းကိန်း သည် အိမ်ထောင်စု၏ စားနပ်ရိက္ခာ လက်လှမ်းမီရရှိမှု အပြင် အိမ်ထောင်စု၏ လူမှုစီးပွားအဆင့်အား တိုင်းတာခြင်းအတွက် စားနပ်ရိက္ခာ နှင့် အာဟာရ ဖွံ့ဖြိုးမှု နည်းပညာ ကူညီပံ့ပိုးမှု (Food And Nutrition Technical Assistance – FANTA) ၏(အိမ်ထောင်စု အစာအာဟာရမျှတ စုံလင်စွာ စားသုံးနိုင်မှု ရမှတ် (HDDS) နည်းလမ်းများ ပေါ်တွင် အခြေခံပါသည်။

**I–၁.၂ LIFT စီမံကိန်း ဧရိယာအတွင်းရှိ အတန်အသင့်/ အလွန် ပုညက် နေသည့် အသက် (၅)နှစ်အောက် ကလေးသူငယ်များ၏ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် LIFT ကျေးရွာများတွင် အတန်အသင့် (သို့) အလွန် ပုညက်နေသည့် အသက်ငါးနှစ်အောက် (၀–၅၉ လ) အတွင်း ကလေးသူငယ်များ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။ ပုညက်ခြင်း အား ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ (WHO) ၏ ကလေးသူငယ် ပျမ်းမျှ ဖွံ့ဖြိုးမှု စံသတ်မှတ်ချက်များ အောက်တွင် အရပ်အမြင့် သတ်မှတ်ချက် နှစ်ခုထက် ပိုသည့် စံသတ်မှတ်မှု ဖြင့် အဓိပ္ပါယ် ဖွင့်ဆိုပါသည်။

**I–၁.၃ LIFT စီမံကိန်း ဧရိယာများအတွင်း အနိမ့်ဆုံးအဆင့် အစာ အာဟာရ မျှတစုံလင်စွာ စားသုံးသည့် မျိုးဆက်ပွားနိုင်သည့် (အသက် ၁၅နှစ်မှ ၄၉နှစ်အတွင်း) အသက်အရွယ်ရှိသည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် စီမံကိန်း ဆောင်ရွက်ချက်များ အကောင်အထည် ဖော်သည့် ဧရိယာများအတွင်း အနိမ့်ဆုံးအဆင့် အစာအာဟာရ မျှတ စုံလင်စွာ စားသုံးနိုင်မှု ရရှိခဲ့သည့် အသက် ၁၅– ၄၉နှစ်ကြား အမျိုးသမီး များဟု အဓိပ္ပါယ် ဖွင့်သည့် မျိုးဆက်ပွား အသက်အရွယ်ရှိသည့် အမျိုးသမီး များ ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။ MDD–W သည် လွန်ခဲ့သည့် နေ့ (သို့) ည က သတ်မှတ်ထားသည့် ရိက္ခာအုပ်စု ဆယ်ခု အနက်မှ အနည်းဆုံး ငါးခု စားသုံးခဲ့သည့် အသက် ၁၅–၄၉ နှစ်ကြား အမျိုးသမီး ဟုတ်သည်ဖြစ်စေ မဟုတ်သည် ဖြစ်စေ နှစ်မျိုးတိုင်းတာ သည့် ညွှန်းကိန်းဖြစ်ပါသည်။

### တာဝန်အဆင့် အကျိုးရလဒ် I– ၁.၂ အမျိုးသမီးများ ပိုမို စီမံ ထိန်းချုပ်လာနိုင်သည့် အိမ်ထောင်စုဝင်ငွေနှင့် အခြေခံပစ္စည်းများ တိုးပွားလာခြင်း

I–၂.၁ LIFT စီမံကိန်း ဧရိယာအတွင်းရှိ နိုင်ငံတကာ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင်ရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် ဝယ်ယူနိုင်စွမ်းအား ကွာခြားမှုနှုန်း (Purchasing Power Parity–PPP) တို့ နှင့် ချိန်ညှိထားသည့် စားသုံးမှုနှင့် အသုံးစရိတ်တို့အား အသေးစိတ် ဆန်းစစ်မှု တို့တွင် အခြေခံသည့် တစ်ဦးချင်း တစ်နေ့ ဝင်ငွေ ကန်ဒေါ်လာ ၁.၉၀ အောက် ရရှိသော ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် ရှိသည့် LIFT ကျေးရွာများရှိ အိမ်ထောင်စုများ ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။

I–၂.၂ LIFT စီမံကိန်း ဧရိယာများအတွင်း ဝင်ငွေတိုးလာသည့် အိမ်ထောင်စုများ ၏ ရာခိုင်နှုန်း/ အရေအတွက်

ဤညွှန်းကိန်းသည် LIFT ကျေးရွာများမှ လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့် ရင်းမြစ်မှမဆို ဝင်ငွေ တိုးလာကြောင်း အစီရင်ခံခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း အား တိုင်းတာပါသည်။ ယင်း ညွှန်းကိန်းသည် သဘောထားအမြင်ဆိုင်ရာ အချက်အလက်ပေါ်တွင် အခြေခံ ပါသည်။

I–၂.၃ LIFT စီမံကိန်း ဧရိယာများအတွင်း အခြေခံပစ္စည်း ပိုင်ဆိုင်မှု တိုးပွားလာသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤညွှန်းကိန်းသည် LIFT ကျေးရွာများမှ လွန်ခဲ့သည့် ၁၂ လအတွင်း အခြေခံပစ္စည်းပိုင်ဆိုင်မှု တိုးပွားလာကြောင်း အစီရင်ခံခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း အား တိုင်းတာပါသည်။ ယင်း ညွှန်းကိန်းသည် သဘောထားအမြင်ဆိုင်ရာ အချက်အလက်ပေါ်တွင် အခြေခံပါသည်။

I–၂.၄ LIFT စီမံကိန်း ဧရိယာများအတွင်း အမျိုးသမီးများသည် အခြေခံ ပစ္စည်းများနှင့် ဝင်ငွေအပေါ်အနိမ့်ဆုံး တူညီစွာ စီမံထိန်းချုပ်နိုင်သည် ဟု အသိပေးအစီရင်ခံခဲ့သည့် အမျိုးသားများ ဦးဆောင်သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် အိမ်ထောင်စုအတွင်း ကုန်ထုတ်လုပ်မှု/လုပ်ငန်း များ လုပ်ကိုင်ခြင်းဖြင့် ရရှိလာသည့် ဝင်ငွေနှင့် အခြေခံပစ္စည်းများ အား အသုံးပြုရန် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ၏ အကြံပြုချက် ပါဝင်နိုင်သည့် အတိုင်းအတာနှင့် လုပ်ခ (သို့) လစာ ရရှိသည့် အလုပ် အကိုင်နှင့် ပတ်သက်၍ အမျိုးသမီးများက ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်ချင်းနှင့် စပ်လျဉ်း၍ ခံစားရသည့် အတိုင်းအတာ တို့ကို တိုင်းတာပါသည်။ တိုင်းတာခြင်းအား စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင် သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ညွှန်းကိန်း (WEAI) နှင့် တိုင်းတာ ပါသည်။[၉၈]

တာဝန်အဆင့် အကျိုးရလဒ် I– ၃.၁ ထိတ်လန့်မှုများ၊ ဖိစီးမှုများနှင့် ကျ ရောက်နိုင်ချေ ရှိသည့် အန္တရာယ်များ ကြောင့် အိမ်ထောင်စုများနှင့် တစ်ဦးချင်းစီ ၏ အားနည်းထိခိုက်လွယ်မှု လျော့ကျစေခြင်း

I–၃.၁ LIFT စီမံကိန်း ဧရိယာများအတွင်း စားနပ်ရိက္ခာ မဖူလုံမှု အတွေ့အကြုံဆိုင်ရာ အတိုင်းအတာ (Food Insecurity Experience Scale – FIES) ပေါ်အခြေခံသည့် အတန်အသင့်/ ဆိုးရွားစွာ စားနပ်ရိက္ခာ မဖူလုံမှု ဖြစ်ပွားခြင်း

ဤညွှန်းကိန်းသည် စားနပ်ရိက္ခာ မဖူလုံမှု အတွေ့အကြုံဆိုင်ရာ အတိုင်းအတာ (FIES) ပေါ်တွင် အခြေခံ၍ စားနပ်ရိက္ခာ မဖူလုံမှု အတန်အသင့် နှင့် ဆိုးရွားပြင်းထန်စွာ တွေ့ကြုံခဲ့ကြရသည့် LIFT ၏ အိမ်ထောင်စု များ ၏ အချိုး အား တိုင်းတာပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ စားနပ်ရိက္ခာ မဖူလုံမှုမှာ ဘေးကင်းစိတ်ချရပြီး၊ အာဟာရ ပြည့်ဝသော လုံလောက်သည့် စားနပ်ရိက္ခာ အား ပုံမှန် လက်လှမ်းမီ ရယူနိုင်ခြင်း မရှိခြင်းနှင့် ဆက်စပ်နေပါသည်။

၉၈ Sabina Alkire et. al. (2013); The Women's Empowerment in Agriculture Index pp. 73–74.

**I-၃.၂ LIFT စီမံကိန်း ဧရိယာများအတွင်း ကြံ့ကြံ့ခံနိုင်စွမ်းတိုးတက်ခဲ့ပြီး နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်သည့် စွမ်းဆောင်နိုင်မှု တိုးတက်ခဲ့သည့် သူများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်းသည် ဝင်ငွေ၊ အခြေခံပစ္စည်းနှင့် စားနပ်ရိက္ခာ ရရှိနိုင်မှုတို့တွင် ကောင်းမွန်သည့် အပြောင်းအလဲများ ရရှိသဖြင့် ကြံ့ကြံ့ခံနိုင်စွမ်း ပိုမို ကောင်းမွန်လာသည့်သူများ၏ အရေအတွက် အား တိုင်းတာပါသည်။ ယင်းမှာ သဘောထား အမြင်ဆိုင်ရာ အချက်အလက်ပေါ်တွင် အခြေခံ ပါသည်။

**I-၃.၃ LIFT စီမံကိန်း ဧရိယာများအတွင်း အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုဟု အမျိုးအစားခွဲခြားသတ်မှတ်ထားသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤ ညွှန်းကိန်းသည် LIFT ၏ ပေါင်းစုထားသည့် ညွှန်းကိန်း ၁၀ ခု (မှီခိုအားထားမှု၊ အကြွေး၊ ကုန်ကျစရိတ်၊ အသက်မွေးမှု အမျိုးမျိုး၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေး၊ လူမှုရေး အရင်းအနှီး နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း) တို့အပေါ် မူတည်၍ ရမှတ် ၃ မှတ်နှင့်အထက် ရရှိသည့် အိမ်ထောင်စုများ၏ အရေအတွက်အား တိုင်းတာပါသည်။ ယေဘူယျအားဖြင့် အများပြည်သူ အဓိပ္ပါယ် သတ်မှတ်ထားသည့် အချက်များထဲမှ စံသတ်မှတ်မှု လွဲခြင်း တစ်ခုထက်ပို ရရှိသည့် အမှတ်ပေါ်တွင် အခြေခံ၍ ‘အားနည်းထိခိုက်လွယ်’ သည်ဟု အမျိုးအစား သတ်မှတ်သည့် အကြောင်းရင်း ၁၀ ချက် အနက်မှ သုံးမှတ်နှင့် အထက် ရရှိမှုအား အခြေခံသည့် အိမ်ထောင်စု အဆင့်၌ အားနည်း ထိခိုက်လွယ်မှု ကို ဆိုလိုပါသည်။

**I-၃.၄ LIFT စီမံကိန်း ဧရိယာများအတွင်း လယ်ယာပြင်ပ အလုပ်အကိုင် ခန့်ထားမှု၌ အလွတ်သဘောအလုပ်ခန့်ထားသည့် ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် LIFT စီမံကိန်း ဧရိယာများအတွင်း လယ်ယာပြင်ပ အလုပ်အကိုင်များတွင် အလွတ်သဘော အလုပ်အကိုင်လုပ်ကိုင်သည့် အရေအတွက်ကို တိုင်းတာပါသည်။ အလုပ်အကိုင်ဆိုသည်အား အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူအားလုံး သတ်မှတ် ကာလတို အတွင်း (ရက်သတ္တ တစ်ပါတ်) လုပ်ခ (သို့) အမြတ်အစွန်းအတွက် ကုန်ပစ္စည်း ထုတ်လုပ်ရန် (သို့) ဝန်ဆောင်မှုပေးရန် လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက်ခြင်း ဟု အဓိပ္ပါယ်ဖွင့်ပါသည်။

## အာဟာရ ဖွံ့ဖြိုးမှု ညွှန်းကိန်းများ

### အာဟာရ ဖွံ့ဖြိုးမှု မူဝါဒဆိုင်ရာ ညွှန်းကိန်းများ

**NP ၁ အသစ်နှင့်/(သို့) ပိုမိုကောင်းမွန်လာသည့် ကျား၊မ အလေးထား တုံ့ပြန်သည့် ပြည်သူ့ရေးရာ မူဝါဒများ၊ အစီအစဉ်များနှင့် ကုန်ကျစရိတ်များ မှ ပံ့ပိုးပေးသည့်**

နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN) (MICYN အတွက် SBCC၊ IMAM အဆင့်မြှင့်တင်ခြင်း၊ အစားအသောက် အားဖြည့်ခြင်းနှင့် ADS အာဟာရ ဇောင်းပေး စိုက်ပျိုးရေး အစိတ်အပိုင်း တို့ အပါအဝင်)

လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) ၏ အမျိုးသားအဆင့် (သို့) ဒေသန္တရ အဆင့် (အာဟာရ ဇောင်းပေး နှင့် ပဋိပက္ခ အလေးထား MCCT၊ လူမှုရေး ပင်စင်၊ မသန်စွမ်းများ အပါအဝင်)

**NP- ၁.၁ LIFT မှ ထောက်ပံ့ပေးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒများနှင့် စီမံကိန်းများရှိ အပြောင်းအလဲများ၏ အရေအတွက်**

ဤ ညွှန်းကိန်းသည် LIFT (သို့) LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့်/သို့ မူဝါဒဆိုင်ရာ /ဥပဒေရေးရာ/ စီမံကိန်း လုပ်ငန်းများမှ ဖြစ်ပေါ်လာသည့် အမျိုးသားအဆင့် စီမံချက်များအပါအဝင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ပြည်သူ့ရေးရာ စီမံကိန်းများ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ အတွက် ပံ့ပိုးထည့်ဝင်မှုများအား တိုင်းတာပါသည်။ အဆိုပါ အသစ်/ ပိုမို အဆင့်မြှင့် ထားသည့် မူဝါဒနှင့် စီမံကိန်း အားလုံးအား ကျား၊မ ရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်မှု ရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**NP- ၁.၂ # LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရ ဘတ်ဂျက် ခွဲဝေမှုနှင့် သုံးစွဲမှုမှ အပြောင်းအလဲများ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT (သို့) LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့် ကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သိသာ ထင်ရှားသည့် အပိုဆောင်း ဘတ်ဂျက် ခွဲဝေချထားမှုများ၊ ကိုက်ညှိမှုများနှင့် သုံးစွဲမှုများ၏ အရေအတွက်ကို တိုင်းတာပါသည်။ အဆိုပါ အသစ်/ ပြင်ဆင်ထားသည့် ဘတ်ဂျက် ခွဲဝေချထားခြင်း (သို့) သုံးစွဲခြင်းအားလုံးအား ကျား၊မ ရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်မှု ရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**NP-၁.၃ LIFT မှ ထောက်ပံ့ပေးခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှု များ၏ အရေအတွက်**

ဤ ညွှန်းကိန်းသည် အားနည်းထိခိုက်လွယ်သည့် ပြည်သူများအတွက် အာဟာရ ဖွံ့ဖြိုးမှု ရလဒ်များအား ကူညီပံ့ပိုးရန် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ပြည်သူ့ရေးရာ စီမံကိန်းများ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများအား မြှင့်တင်ရန်/အားပေးထောက်ခံရန် အတွက် သတင်းအချက်အလက် နှင့် အထောက်အထား ပံ့ပိုးပေးရန် LIFT (သို့) LIFT ၏ အကောင်အထည် ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ စီစဉ်ဆောင်ရွက်ခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှု များ၏ အရေအတွက်ကို တိုင်းတာပါသည်။

**NP-၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် LIFT မှ ပံ့ပိုးပေးခဲ့သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

ဤညွှန်းကိန်းသည် အရေးပါသည့် မူဝါဒချမှတ်သူများထံ ပေးအပ်ခဲ့သော အားနည်းထိခိုက်လွယ်သည့် ပြည်သူများအတွက် ကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ အတွက် ကူညီပံ့ပိုးပေးရန် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများနှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ အား တိုင်းတာပါသည်။

**အာဟာရဖွံ့ဖြိုးမှု စနစ်များအဆင့်**

**အကျိုးရလဒ် NS ၁– အရည်အသွေးနှင့် လွှမ်းခြုံမှု တိုးတက်လာသည့် အာဟာရဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များ**

**NS–၁.၁. LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များ မှ ရောက် ရှိခဲ့သည့် အရေအတွက်**

NS–၁.၁ သည် ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် အာဟာရသီးသန့် စီမံကိန်းဆောင်ရွက်ချက် တစ်ခုခုမှ ရောက်ရှိခဲ့သည့် သူများ၏ အရေအတွက်အား တိုင်းတာ ပါသည်။ အာဟာရသီးသန့် စီမံကိန်းဆောင်ရွက်ချက်များသည် အာဟာရချို့တဲ့မှု၏ လတ်တလော အကြောင်းရင်းများဖြစ်သည့် လုံလောက်မှုမရှိသည့် စားသောက်မှုပုံစံ နှင့် နာမကျန်း ဖြစ်ခြင်း တို့အား ဖြေရှင်းပေးပါသည်။

**NS–1.2 LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ ဖောင်းပေး စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သူ များ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် အာဟာရဖောင်းပေး စီမံကိန်းဆောင်ရွက်ချက်များအား မည်သည့် တိုက်ရိုက် လမ်းကြောင်းဖြင့် မဆို ရောက်ရှိခဲ့သည့် သီးသန့်ဖြစ်သော တစ်ဦးတစ်ယောက်ချင်းစီ၏ အရေအတွက်အား တိုင်းတာပါသည်။ ယင်းလမ်းကြောင်းများတွင် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် လုပ်သားများ၊ လူထု ကျန်းမာရေး လုပ်သား များ (သို့) စေတနာ့ ဝန်ထမ်းများ၊ ထောက်ပံ့ ကူညီပေးရေး အုပ်စုများ၊ ဒေသခံ အာဏာပိုင်များ၊ တိုးချဲ့ပညာပေးရေး ကိုယ်စားလှယ်များ (သို့) အခြား ကျန်းမာရေး ဝန်ထမ်း မဟုတ်သည့် ဝန်ထမ်းများ ပါဝင်ပါသည်။ အာဟာရဖောင်းပေး စီမံကိန်းဆောင်ရွက် ချက်များမှာ အာဟာရချို့တဲ့မှု ဖြစ်စေသည့် အရင်းခံနှင့် အခြေခံ အကြောင်းရင်းများအား ဖြေရှင်းပေးပါသည်။

**NS 1.3 LIFT စီမံကိန်း ဧရိယာများအတွင်းမှ အိမ်ခြံဝင်းအတွင်းရှိ ကောင်းမွန်သည့် ရေအရင်းအမြစ်များမှ သောက်သုံးရေအား တနှစ်ပတ်လုံး ရရှိသည်ဟု အသိပေးအစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေအတွက်**

ဤ ညွှန်းကိန်းသည် အိမ်ထောင်စုများ၏ သောက်သုံးရန်နှင့် အိမ်သုံး ရန် အတွက် လုံလောက်ပြီး ဘေးကင်းစိတ်ချရသည့် ရေအား ခြံဝင်း အတွင်း မှ ရယူနိုင်ပြီး တနှစ်ပတ်လုံး လိုအပ်သည့် အချိန်၌ ရရှိနိုင် သော ကောင်းမွန်သည့် အရင်းအမြစ်မှ လက်လှမ်းမီ ရရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းနှင့် အရေအတွက်အား တိုင်းတာ ပါသည်။

**အာဟာရ ဖွံ့ဖြိုးမှု အိမ်ထောင်စု အဆင့်**

**အာဟာရ ဖွံ့ဖြိုးမှု အကျိုးရလဒ်–၁ ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ၊ အစာအာဟာရဆိုင်ရာ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာ နှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်များ ပိုမို ကျင့်သုံးလာခြင်း**

**NH–၁.၁ LIFT စီမံကိန်း ဧရိယာများအတွင်း မိခင်နို့ရည် တမျိုးတည်းကိုသာ တိုက်ကျွေးသည့် အသက်(၆)လအောက် ကလေးငယ်များ၏ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် စစ်တမ်းကောက်ယူသည့်အချိန်မှ ပြီးခဲ့သည့် ၂၄ နာရီအတွင်း LIFT ကျေးရွာများအတွင်း မိခင်နို့သက်သက် တိုက်ကျွေး ခဲ့သည့် အသက် ခြောက်လအောက် (ဆိုလိုသည်မှာ အသက် ၀–၅ လ အတွင်း) ကလေးသူငယ်များ ၏ အရေအတွက်အား တိုင်းတာပါသည်။

မိခင်နို့ သက်သက် တိုက်ကျွေးခြင်းဆိုသည်မှာ မိခင်နို့သက်သက်သာ (သိုလှောင် သိမ်းဆည်းထားသည့် မိခင်နို့ (သို့) နို့ထိန်းသည်ထံမှ ) တိုက်ကျွေးထားပြီး မည်သည့်အစားအစာ (သို့) ရေအပါအဝင် မည်သည့် အရည်မျှ မရရှိသည့် ကလေးကို ဆိုလိုပါသည်။

**NH–၁.၂ LIFT စီမံကိန်း ဧရိယာများအတွင်း (မိခင်နို့ အပြင်) အနိမ့်ဆုံး လက်ခံနိုင်လောက်သည့် လုံလောက်သော အာဟာရကိုရရှိသည့် အသက်၆လမှ ၂၃လအကြားရှိ ကလေးငယ်များ၏ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် မိခင်နို့အပြင် အနိမ့်ဆုံးလက်ခံနိုင်လောက်သည့် အစားအစာ ကိုရရှိသည့် အသက်၆လမှ ၂၃လအကြားရှိ ကလေးငယ် များ၏ ရာခိုင်နှုန်းအား တိုင်းတာပါသည်။ MAD ညွှန်းကိန်းသည် အသက်အရွယ်အုပ်စု အမျိုးမျိုးအတွက် သင့်လျော်သလို အနိမ့်ဆုံး ဖြည့်စွက်စာ ကျွေးသည့် ကြိမ်နှုန်း နှင့် အနိမ့်ဆုံး အစာအာဟာရ မျှတ စုံလင်စွာ စားသုံးမှု နှစ်မျိုးလုံးအား တိုင်းတာပါသည်။

**NH–၁.၃ LIFT စီမံကိန်း ဧရိယာများအတွင်း (က)ဘေးကင်းလုံခြုံစွာ စီမံထားသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ နှင့် (ခ)ဆပ်ပြာနှင့် ရေကိုအသုံးပြုသည့် လက်ဆေးကန်တို့အား အသုံးပြု နေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်း၏ ပထမ အစိတ်အပိုင်း (က) သည် ဘေးကင်းလုံခြုံစွာ စီမံထားသည့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုသည့် ပြည်သူများ၏ ရာခိုင်နှုန်းကို ခြေရာကောက်ပါသည်။ ဒုတိယ အစိတ်အပိုင်း (ခ) သည် လက်ဆေးသည့် အမူအကျင့်အတွက် ကြားခံအဖြစ် အသုံးပြုသည့် လက်ဆေးကန်ရှိသည့် အိမ်တွင် လက်ဆေးကန် အသုံးပြုသည့် ပြည်သူများ၏ ရာခိုင်နှုန်းအား ခြေရာ ကောက်ပါသည်။

**NH–၁.၄ LIFT စီမံကိန်း ဧရိယာများအတွင်း အိမ်ခြံဝင်းအတွင်းမှ ရရှိသော ကောင်းမွန်သည့် ရေအားသောက်သုံးနေကြသည့် အိမ်ထောင်စု များ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤ ညွှန်းကိန်းသည် သောက်သုံးရန်နှင့် အိမ်သုံးရန် အတွက် လုံလောက်ပြီး ဘေးကင်းစိတ်ချရသည့် ရေအား ဝင်းခြံအတွင်း မှ ပေးအပ်ပြီး တစ်နှစ်ပတ်လုံး လိုအပ်သည့် အချိန်၌ ရရှိနိုင်သော ကောင်းမွန်သည့် အရင်းအမြစ်မှ အသုံးပြု သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းနှင့် အရေ အတွက်အား တိုင်းတာပါသည်။

**NH–၁.၅ ကလေးသူငယ်၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တစ်ဦးချင်း(သို့) ပူးတွဲ၍ပါဝင် ပတ်သက်သည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း**

ဤ ကျား၊မ အလေးထား ညွှန်းကိန်းသည် အသက် ငါးနှစ်အောက် ကလေးသူငယ်ရှိသည့် အမျိုးသမီးများ(အသက် ၁၅ နှင့် အထက်) အနေဖြင့် များသောအားဖြင့် ကလေးသူငယ် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ ဆုံးဖြတ်ချက်များအား မည်သို့ ဆုံးဖြတ်ချက် ချလေ့ရှိ သည်ကို တိုင်းတာပါသည်။ အိမ်ထောင်စုများ စာရင်းမှတဆင့် ရှာဖွေ ဖော်ထုတ်ထားသည့် အသက်ငါးနှစ် အောက် ကလေးသူငယ်၏ မိဘ များ ဖြစ်သည့် အသက် ၁၅ နှစ်နှင့် အထက် အမျိုးသမီးများအား ဤ ညွှန်းကိန်း နှင့် သက်ဆိုင်သည့် မေးခွန်းတွဲများ ဖြေဆိုရန် ရွေးချယ် ထားပါသည်။

## ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်း

### ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်း – မူဝါဒ အဆင့်

**FP–၁ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်း မူဝါဒ အဆင့် – အသစ်နှင့်/သို့ တိုးတက်လာသည့် ကျားမရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်သည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များ**

**FP–၁.၁ LIFT မှ ပံ့ပိုးပေးထားသည့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုနှင့် သက်ဆိုင်သော အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်းများဆိုင်ရာ အပြောင်းအလဲ များ၏ အရေအတွက်**

ဤ ညွှန်းကိန်းသည် MFI များ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၏ အမျိုးသား စုဆောင်းငွေ စည်းရုံးလှုံ့ဆော်ရေးမူဝါဒ အကောင်အထည် ဖော်ပြခြင်း နှင့် MFI မှ ဝန်ဆောင်မှု ရယူထားသူများထံ ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးရန် အသေးစား အာမခံ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပြန်လည် ပြင်ဆင်ခြင်း တို့အား ကူညီပံ့ပိုးပေးသည့် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ပြည်သူ့ရေးရာ စီမံကိန်းများ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ အတွက် ပံ့ပိုးထည့်ဝင်မှုများအား တိုင်းတာပါသည်။

**ညွှန်းကိန်း FP–၁.၃ LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်မှုများအား စီစဉ် ဆောင်ရွက်ပေးခဲ့သည့် အရေအတွက်**

ဤ ညွှန်းကိန်းသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းအား မြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် လက်တွေ့ကျသည့် ပြည်သူ့ရေးရာ စီမံကိန်း အသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ မြှင့်တင်ရန်/စည်းရုံးလှုံ့ဆော်ရန် အတွက် သတင်းအချက်အလက် နှင့် အထောက်အထား ပံ့ပိုးပေးရန် ဒီဇိုင်း ပုံစံရေးဆွဲထားသည့် LIFT (သို့) LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ စီစဉ်ဆောင်ရွက်ခဲ့သည့် မူဝါဒ အထောက်အကူပြု လုပ်ရှား ဆောင်ရွက်မှု များ၏ အရေအတွက်ကို တိုင်းတာပါသည်။

**FP–၁.၄ LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် အဓိကမူဝါဒ ချမှတ်သူများထံ ပေးအပ်သည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ အရေအတွက်**

ဤ ညွှန်းကိန်းသည် LIFT FMO နှင့် LIFT မှ ပံ့ပိုးပေးသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ အဓိကကျသည့် မူဝါဒ ချမှတ်သူများထံ ဖြန့်ဝေပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်းအား မြှင့်တင်ရန် ကြိုးပမ်းသည့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် သက်ဆိုင်သည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ အား တိုင်းတာပါသည်။

### ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – စနစ်အဆင့်

**FS–၁: အားလုံးပါဝင်စေပြီး လူမှုရေးအရ တာဝန် ယူမှု ရှိသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ပံ့ပေးခြင်း၊ ဖန်တီးပေးခြင်း အတွက် တိုးမြှင့်လာသည့် အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည်။**

**FS–၁.၁ ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် LIFT မှ ထောက်ပံ့ပေးထားသည့် MFI များ၏ ရာခိုင်နှုန်း /အရေအတွက်**

ဤညွှန်းကိန်းသည် ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် LIFT မှ ထောက်ပံ့ပေးထားသည့် MFI များ၏ အရေအတွက် အား တိုင်းတာပါသည်။ MFI ၏ နှစ်စဉ် ဝင်ငွေသည် နှစ်စဉ် လုပ်ငန်းလည်ပတ် ဆောင်ရွက်သည့် ကုန်ကျစရိတ်များနှင့် ငွေကြေးဆိုင်ရာ ကုန်ကျ စရိတ်များ ထက် ပိုများသည့် MFI သည် ငွေရေးကြေးရေးအရ မိမိ ဘာသာ ရေရှည်ရပ်တည်နိုင်ပါသည်။

**FS–၁.၂ ကောင်းမွန် ကျွမ်းကျင်စွာ လုပ်ငန်း လည်ပတ်ဆောင်ရွက်နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် ယင်း၏ ရင်းမြစ်များ (အခြေခံပစ္စည်း ပိုင်ဆိုင်မှုများနှင့် ဝန်ထမ်းများ) အား အသုံးပြုလျက် ထိထိရောက်ရောက် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက် နှင့် ရာခိုင်နှုန်း အား တိုင်းတာပါသည်။

**FS–၁.၃ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်း ရှိသည့် လူအရေအတွက် (လက်ရှိ ဝန်ဆောင်မှု ရယူသူ ဦးရေ)**

ဤညွှန်းကိန်းသည် LIFT မှ ပံ့ပိုးပေးသည့် MFI၊ သမဝါယမများ နှင့်/သို့ ဘဏ်များ တွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသည့် မိသားစုဝင် အနည်းဆုံး တစ်ဦးဦး ရှိသည့် အိမ်ထောင်စုများ ၏ အရေအတွက်အား တိုင်းတာပါသည်။ ငွေကြေးဆိုင်ရာ ဝေါဟာရများတွင် ယင်းအား "သက်ဝင်လှုပ်ရှားနေသည့် ဝန်ဆောင်မှုရယူသူ" ဟု ခေါ်ပါသည်။

**FS–၁.၄ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့် ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု တန်ဘိုး (ကန်ဒေါ်လာ)**

ဤညွှန်းကိန်းသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်း (သို့) ကူးသန်းရောင်းဝယ်ရေး ဘဏ် (သို့) ရင်းနှီးမြှုပ်နှံသူများ LIFT မှ ပံ့ပိုးပေးသည့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု စီမံချက်များမှ တဆင့် ပုဂ္ဂလိက ကဏ္ဍ ပူးတွဲ ငွေကြေးထောက်ပံ့ခြင်း) မှတဆင့် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု ၏ တန်ဘိုး အား တိုင်းတာပါသည်။

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – အိမ်ထောင်စု အဆင့်**

**FH–1 လူမှုရေးအရ တာဝန် ယူမှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲမှု ရှိသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား အသုံးပြုမှု တိုးမြှင့်လာခြင်း**

**FH–၁.၁ LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ အသေးစား၊ အငယ်စားနှင့် အလယ်အလတ် ပမာဏရှိသည့် စီးပွားရေး လုပ်ငန်း ချေးငွေများအား ရယူနေသည့် ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ စိုက်ပျိုးရေး၊ အငယ်စား စီးပွားရေး လုပ်ငန်း (ကျပ် ၅၀၀,၀၀၀ အောက်)၊ အလယ်အလတ် စီးပွားရေးလုပ်ငန်း (ကျပ် ၅၀၀,၀၀၀ အထက်) ချေးငွေများ ရယူနေသည် ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက်အား တိုင်းတာ ပါသည်။

**FH–၁.၂ LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဘိုး**

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဘိုး အား တိုင်းတာ ပါသည်။ အသေးစား ငွေရေးကြေးရေး လုပ်ငန်းတွင် LIFT ၏ စီမံကိန်း လုပ်ငန်း ထိုးဖောက်မှုမှာ မြန်မာနိုင်ငံတွင် အားလုံးပါဝင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူအဖြစ် ပံ့ပိုးပေးမည့် အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အား လက်လှမ်းမီ ရယူမှု တိုးချဲ့ရန် ဖြစ်ပါသည်။

**FH–၁.၃ ချေးငွေပြန်လည်ပေးဆပ်ရမည့် စည်းမျဉ်းများအတိုင်း ပြန်လည် မပေးဆပ်နိုင်သည့် LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များ၏ ဝန်ဆောင်မှု အသုံးပြုသူ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေ (Portfolio at Risk – PAR) ရှိသည့် ဝန်ဆောင်မှု အသုံးပြုသူများ၏ ရာခိုင်နှုန်းအား တိုင်းတာ ပါသည်။

**FH–၁.၄ လွန်ခဲ့သည့် (၁၂)လအတွင်း လွန်စွာဆင်းရဲနွမ်းပါးသည့် အဆင့်/ ဆင်းရဲနွမ်းပါးသည့် အဆင့်သို့ နီးကပ်စွာရောက်ရှိနေသဖြင့် ရုန်းထွက်ရန် LIFT မှပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်ခံရရှိနေသည့် အိမ်ထောင်စုတစ်ခုချင်းစီ၏ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် LIFT ကျေးရွာများတွင် နိုင်ငံတကာနှင့် ပြည်တွင်း ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချဉ်းအပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးသည် ဟု သတ်မှတ်သည့် အခြေအနေသို့ ဝင်ရောက် လာသည့် အိမ်ထောင်စုများ နှင့် ယင်းအခြေအနေမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများ၏ အချိုးကို တိုင်းတာပါသည်။ အစီရင်ခံခြင်းအား ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေ အညွှန်း (PPI) ၏ တိုးမြှင့်ထားသည့် ပုံစံပေါ်တွင် အခြေခံမည် ဖြစ်ပါသည်။ ဤ ညွှန်းကိန်းသည် အသုံးစရိတ်များနှင့် ယခင်နှစ်များ အတွင်း ဆင်းရဲနွမ်းပါးသည့် အခြေအနေ အား မှန်းဆ၍ ရသည့် အရေး ပါသည့် အစားအသောက် နှင့် အိမ်သုံးပစ္စည်း အမျိုး ၂၀ အား စားသောက် အသုံးပြုမှု အပါအဝင် အိမ်ထောင်စု ဝိသေသလက္ခဏာ အမျိုးမျိုးပေါ်တွင် အခြေခံ ပါသည်။

**FH–၂ အမျိုးသမီးများမှ ချေးငွေနှင့် စုဆောင်းငွေများအပေါ် ပိုမိုစီမံ ထိန်းချုပ်နိုင်လာခြင်း**

**FH–၂.၁ LIFT မှပံ့ပိုးပေးသည့် ချေးငွေနှင့် စုဆောင်းငွေများအပေါ် ညီတူညီမျှ (သို့) ပိုမို၍စီမံထိန်းချုပ်နိုင်သည်ဟု အသိပေးအစီရင်ခံသည့် အမျိုးသမီးများရှိသော အိမ်ထောင်စုများ၏ အရေအတွက်နှင့်ရာခိုင်နှုန်း**

ဤညွှန်းကိန်း သည် WEAI အပေါ် မူတည်ပြီး LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ဆိုင်ရာ ဝန်ဆောင်မှုများ နှင် ဆက်နွယ်နေသည့် ချေးငွေနှင့် စုဆောင်းငွေ တို့ နှင့် ရယူခြင်း နှင့် အသုံးပြုခြင်း တို့တွင် အမျိုးသမီးများ ဆုံးဖြတ်ချက် ချနိုင်သည့် အခန်းကဏ္ဍ အား တိုင်းတာ ပါသည်။ ငွေစုငွေချေး ကိစ္စ နှင့် ဆက်နွယ်နေသည့် ဆုံးဖြတ်ချက်ချမှတ်မှု အနည်းဆုံး တစ်ခုတွင် ပါဝင်ခဲ့ခြင်းအား လုံလောက်သည်ဟု စဉ်းစား သော်လည်း တန်းတူ ထိန်းချုပ်နိုင်ခွင့်နှင့် ပိုမို ထိန်းချုပ်နိုင်ခွင့် ရှိခြင်း ဆိုသည်မှာ အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်များ အားလုံး (သို့) အများစု တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်ဟု အစီရင်ခံမှသာ အကျုံးဝင် ပါသည်။

**စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ**

**AFMS မူဝါဒ အဆင့်–**

**AP–၁ ADS အကောင်အထည်ဖော်ရေး နှင့် MS–NPAN အတွက် စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ ပံ့ပိုးထည့်ဝင်မှု၊ အားလုံးပါဝင်သည့် တန်ဖိုးမြှင့် ကွင်းဆက်များ၊ အားလုံးပါဝင်သည့် အာဟာရ ဖောင်းပေး သီးနှံ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆိုင်ရာ အလေ့အကျင့်များ၊ အားလုံးပါဝင်သည့် ရာသီဥတုနှင့် သဟဇာတဖြစ်သည့် သီးနှံ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ၊ လုပ်ကွက်ငယ် တောင်သူများအတွက် မြေယာငှားရမ်းလုပ်ကိုင်ခွင့်ဆိုင်ရာ အာမခံချက် နှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့အား ကူညီပံ့ပိုးပေးသည့် အသစ် ဖြစ်သော နှင့်/သို့မဟုတ် ကျား၊မရေးရာ အလေးထား တုံ့ပြန်သည့် ပြည်သူ့ရေးရာ မူဝါဒများ၊ စီမံကိန်းများ နှင့် ကုန်ကျစရိတ်များ**

**AP–1.1:# LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ အစိုးရ ကဏ္ဍ မူဝါဒများနှင့် စီမံကိန်း အပြောင်းအလဲ များ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့်/သို့ မူဝါဒဆိုင်ရာ /ဥပဒေရေးရာ/စီမံကိန်း လုပ်ငန်း များမှ ဖြစ်ပေါ်လာသည့် စိုက်ပျိုးရေး၊ မြေယာ စီမံအုပ်ချုပ်ရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့တွင် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲ ရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ဥပဒေရေးရာ/စီမံကိန်း ရေးရာ စီမံကိန်းသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ အတွက် သိသာထင်ရှားသည့် ပံ့ပိုး ထည့်ဝင်မှုများအား တိုင်းတာပါသည်။ အဆိုပါ အသစ်/ပိုမိုကောင်းမွန် သည့် မူဝါဒများ နှင့် စီမံကိန်းများ အားလုံးသည် သင့်လျော်သည့် ကဏ္ဍ များတွင် ကျား၊မ ရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ်ခြင်းတို့ ပါဝင် ရမည် ဖြစ်ပါသည်။

**AP– ၁.၂ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုနှင့် မြေယာစီမံအုပ်ချုပ်ရေး ဆိုင်ရာ အစိုးရကဏ္ဍ ဘတ်ဂျက် ခွဲဝေမှု/အသုံးစရိတ် တို့တွင် အပြောင်းအလဲများ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့် ကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုမှ ဖြစ်ပေါ်လာသည့် စိုက်ပျိုးရေး၊

သဘာဝ သယံဇာတ စီမံခန့်ခွဲမှု နှင့် မြေယာ စီမံအုပ်ချုပ်ရေး သိသာထင်ရှားသည့် ဘတ်ဂျက်ခွဲဝေမှုအသစ်များ နှင့် အသုံးစရိတ်များအား တိုင်းတာပါသည်။အဆိုပါ ဘတ်ဂျက်ခွဲဝေမှုအသစ်များ နှင့် အသုံးစရိတ်အားလုံးသည် သင့်လျော်သည့် ကဏ္ဍများတွင် ကျား၊မ ရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ်ခြင်းတို့ ပါဝင် ရမည် ဖြစ်ပါသည်။

**AP- ၁.၃ မှ LIFT ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး ၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု နှင့် မြေယာ စီမံအုပ်ချုပ်ရေးဆိုင်ရာ မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှု များ၏ အရေအတွက်**

ဤညွှန်းကိန်းသည် စိုက်ပျိုးရေး၊ မြေယာ စီမံအုပ်ချုပ်ရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့တွင် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ဥပဒေရေးရာ/စီမံကိန်း ရေးရာ စီမံကိန်းသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများအား မြှင့်တင်ရန်/စည်းရုံးလှုံ့ဆော်ရန်အတွက် သတင်းအချက်အလက်နှင့် အထောက်အထားများ ပံ့ပိုးပေးရန် LIFT နှင့် LIFT ၏ IP များ မှ စီစဉ်ဆောင်ရွက်ခဲ့သည့် မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှုများ၏ အရေအတွက်အား တိုင်းတာပါသည်။

**AP-၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် LIFT မှ ထောက်ပံ့ပေးခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT ၏ IP များ မှ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် စိုက်ပျိုးရေး၊ မြေယာ စီမံ အုပ်ချုပ်ရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်အား တိုင်းတာပါသည်။ အဆိုပါ အသစ် / ပိုမို ကောင်းမွန်သည့် မူဝါဒများ နှင့် စီမံကိန်းများ အားလုံးသည် သင့်လျော်သည့် ကဏ္ဍ များတွင် ကျား၊မ ရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်ခြင်း နှင့် ရာသီဥတုနှင့် သဟဇာတဖြစ်ခြင်းတို့ ပါဝင်ဖြစ်ရမည် ဖြစ်ပါသည်။

**AFMS စနစ်များ အဆင့်–**

**AS–၁.၁ LIFT မှ ထောက်ပံ့ပေးသည့် အားလုံးပါဝင်သည့်၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဇောင်းပေး စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် တန်ဖိုးမြှင့် ကွင်းဆက် ဝန်ဆောင်မှု ပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) အရေအတွက်**

ဤညွှန်းကိန်းသည် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးမြှင့် ကွင်းဆက် လုပ်ငန်းများတွင် ကျေးလက်အိမ်ထောင်စုများအား ပံ့ပိုးကူညီပေးလျက်သည့် LIFT မှ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုပေးသူများ၏ အရေအတွက်အား တိုင်းတာပါသည်။ တန်ဖိုးမြှင့်ကွင်းဆက် ဝန်ဆောင်မှု ပေးသူများအနေဖြင့် သွင်းအားစုများ နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်း၊ တောင်သူ အဖွဲ့အစည်းဆိုင်ရာ ကူညီပံ့ပိုးပေးမှု၊ ဈေးကွက်တင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ စက်မှုလယ်ယာ ကဏ္ဍ အစရှိသဖြင့်တို့ ပံ့ပိုးပေးနိုင်ပါသည်။ ယင်းတို့သည် အစိုးရ အဖွဲ့အစည်းများ၊ NGO/CSO များ သို့ ပုဂ္ဂလိက ကဏ္ဍမှ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိတ်ဖက်ပြုမှုများ (သို့) ကုမ္ပဏီများ ဖြစ်နိုင်ပါသည်။ ဝန်ဆောင်မှုများသည် သင့်လျော်သည့် ကဏ္ဍများတွင် အားလုံးပါဝင်စေခြင်း ကျား၊မ ရေးရာ အလေးထား တုံ့ပြန် ဆောင်ရွက်ခြင်းနှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ်ခြင်း တို့ပါဝင် ရမည် ဖြစ်ပါသည်။

**AS–၁.၂ စီးပွားရေးတိုးတက်ကြောင်း အသိပေးအစီရင်ခံသည့် LIFT မှ ထောက်ပံ့ပေးထားသော သွင်းအားစု/ ဝန်ဆောင်မှုပေးသူများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးထားသည့် သွင်းအားစု/ ဝန်ဆောင်မှုပေးသူများ၏ စီးပွားရေး ဖွံ့ဖြိုးမှုများအား တိုင်းတာပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အား နည်းလမ်းပေါင်းများစွာနှင့် တိုင်းတာ/ဖော်ထုတ် သတ်မှတ် နိုင်သော်လည်း ဤညွှန်းကိန်းသည် ဖွံ့ဖြိုးမှုအား အလျင်အမြန် တိုင်းတာပြီး ဝန်ဆောင်မှုပေးသူများမှ ဝန်ဆောင်မှုများ (သို့) သွင်းအားစုများ ရရှိခဲ့သည့် ဦးရေ အား အစီရင်ခံသည့် ရိုးရှင်းသည့် နည်းလမ်း ပေါ်တွင် အခြေခံပါသည်။ (ထို့ပြင် ဤညွှန်းကိန်းသည် အောက်ဖော်ပြပါ ညွှန်းကိန်း A.S – ၁.၃ အတွက် တွက်ချက်မှုများနှင့်လည်း ကောင်းစွာ ကိုက်ညီပါသည်)

**AS–၁.၃ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် IP စီမံကိန်း ဆောင်ရွက်ချက် များမှ တဆင့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ စုစည်းလာသည့် အရေအတွက်အား တိုင်းတာပါသည်။ သွင်းအားစုများသက်သက် (ဥပမာ ဓာတ်မြေဩဇာ အိတ်များ)သည် ၎င်းတို့မှလည်း ဆက်နွှယ်နေသည့် စိုက်ပျိုးရေး အကြံပေးမှု ရရှိခြင်း မရှိပါက ထည့်သွင်းခြင်းမရှိပါ။ စိုက်ပျိုးရေး အကြံပေးခြင်းအား ကျေးရွာများရှိ တိုက်ရိုက် တိုးချဲ့အကြံပေး ဝန်ဆောင်မှု ရရှိခဲ့သူများ (တောင်သူတစ်ဦးချင်း (သို့) အုပ်စုများ အတွက်)၊ သင်တန်းများ (ကျေးရွာ၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ် အဆင့်၊ သင်တန်းခန်းမ စသည်ဖြင့်)၊ တောင်သူသင်တန်းကျောင်းများ၊ သင်တန်းဆင်းရွာသားများမှ ပို့ချပေးသည့် သင်တန်း (ဆရာဖြစ်သင်တန်းဆင်းဖြင့် ပို့ချသည့် သင်တန်း ချဉ်းကပ်နည်းလမ်း) တို့ အပါအဝင် နည်းလမ်း အများအပြား နှင့် ပေးအပ်နိုင်ပါသည်။

**AS–၁.၄: # LIFT ၏ ထောက်ပံ့မှုဖြင့် အားနည်းထိခိုက်လွယ်သူများ အတွက် ဖန်တီးပေးခဲ့သည့် တန်ဖိုးမြှင့်ကွင်းဆက် နှင့် ဆိုင်သည့် သင့်တင်လျောက်ပတ်သည့် အလုပ်အကိုင် များ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ပြုလုပ်သည့် စီမံကိန်း ဆောင်ရွက်ချက်များမှ ပံ့ပိုးပေးခဲ့သည့် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်များ အတွင်းတွင် ဖန်တီးပေးနိုင်ခဲ့သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အရေအတွက်အား တိုင်းတာပါသည်။ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုသည်မှာ '…ကောင်းမွန်သည့် လုပ်ခ နှင့် လုပ်ငန်းခွင် အခြေအနေများ လွတ်လပ်စွာ သင်းပင်းဖွဲ့နိုင်ခွင့်ရှိပြီး စုပေါင်း ညှိနှိုင်းနိုင်သည့် အခွင့်အရေး ပေးအပ်နိုင်ပြီး၊ အဓမ္မစေခိုင်းခြင်း နှင့် ကလေးလုပ်သား ခိုင်းစေခြင်း (သို့) အလုပ်အကိုင် နှင့် ရာထူးနေရာ ဆိုင်ရာ ခွဲခြားဆက်ဆံမှု တို့အား လုပ်ခွင့်မပေးသည့် အလုပ်' ဖြစ်ပါသည်။ (LIFT မဟာဗျူဟာ ၂၀၁၉–၂၀၂၃။ စာ ၃၂)

**AFMS အိမ်ထောင်စုအဆင့်**

**AH-၁ ရေရှည်တည်တံ့သည့် အာဟာရ ဖောင်းပေး စိုက်ပျိုးရေးအား စီးပွားဖြစ် လုပ်ကိုင်ခြင်း နှင့်/(သို့) အမျိုးမျိုးအား လုပ်ကိုင်ခြင်း တို့မှတဆင့် ကုန်ထုတ်လုပ်မှု၊ ဝင်ငွေ နှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးမြင့်လာခြင်း**

**AH-၁.၁ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစုများနှင့် နည်းပညာများ(စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ထောက်ပံ့ပေးသော အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့်သူများ၏ %/အရေအတွက်**

ဤ ညွှန်းကိန်းသည် စိုက်ပျိုးရေး အကြံပေးဝန်ဆောင်မှုများ ရောက်ရှိခဲ့သူများ နှင့် GAP ၊ သွင်းအားစုများ၊ ပိုမိုကောင်းမွန်သည့်နည်းပညာများ ၊ စက်မှုလယ်ယာ စသဖြင့် တိုးချဲ့အကြံပေးခဲ့သည့် ပိုမိုကောင်းမွန်သည့် နည်းပညာများ ကျင့်သုံးသူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်းအား တိုင်းတာပါသည်။ စိုက်ပျိုးရေးတွင် သီးနှံများ (စီးပွားဖြစ် သီးနှံစိုက်ပျိုးခြင်း နှင့် ဝမ်းစာ/ရိက္ခာ သီးနှံ စိုက်ပျိုးခြင်း) မွေးမြူရေးနှင့် ငါးလုပ်ငန်းများ ပါဝင်ပါသည်။

**AH-၁.၂ LIFT ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံး သည့် စိုက်ပျိုးမြေ ဧရိယာ/%**

ဤညွှန်းကိန်းသည် အကြံပေး/တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများ မှ တဆင့် GAP မြှင့်တင်ပေးသည့် LIFT ၏ IP များ မှ ကူညီပံ့ပိုးပေးခဲ့သည့် တောင်သူများမှ GAP စနစ် ကျင့်သုံးသည့် မြေ ဧရိယာဧက များ အား တိုင်းတာပါသည်။ ယင်းတွင် GAP အသိအမှတ်ပြု အစီအစဉ် မှ အသိအမှတ်ပြု လက်မှတ် ရှိထားရန် (သို့) ဤသို့သော အစီအစဉ် အောက်တွင် ထုတ်လုပ်သူများ (သို့) ၎င်းတို့၏ စိုက်ပျိုးထုတ်ကုန်များအား အသိအမှတ်ပြုထားရန် မလိုအပ်ပါ။

**AH-၁.၃: LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အကြံပေး ဝန်ဆောင်မှုများ ရရှိသည့် အိမ်ထောင်စုများမှ စားသုံးခဲ့သည့် (သို့) ရောင်းချခဲ့သည့် လယ်ယာထုတ်ကုန်များ၏ ပျမ်းမျှ ခန့်မှန်း တန်ဖိုး**

ဤညွှန်းကိန်း သည် LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အကြံပေး ဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများ၏ နှစ်စဉ် လယ်ယာထုတ်ကုန် ပျမ်းမျှ တန်ဖိုး (မြန်မာကျပ်ငွေဖြင့်) အား တိုင်းတာပါသည်။ယင်းတွင် အိမ်ထောင်စုမှ ရောင်းချခဲ့သည့်၊ စားသုံးခဲ့သည့်၊ လက်ဆောင်အဖြစ် ပေးခဲ့သည့်၊ ကုန်သွယ်ခဲ့သည့်၊ မျှဝေခဲ့သည့် (သို့) အကြွေးဆပ်ရန် အသုံးပြုခဲ့သည့် လယ်ယာ ထုတ်ကုန် တန်ဖိုးစုစုပေါင်း ပါဝင်ပါသည်။

**AH-၁.၄: စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ထောက်ပံ့ပေးသည့် တောင်သူများ၏ အရေအတွက်/ ရာခိုင်နှုန်း**

ဤညွှန်းကိန်း သည် LIFT ၏ မဟာဗျူဟာသစ် (၂၀၁၉) ခုနှစ် စတင်သည့် အချိန်ကတည်းက စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ထောက်ပံ့ပေးသည့် တောင်သူများ၏ အရေအတွက်အား တိုင်းတာပါသည်။

**AH-၂ လယ်ယာထုတ်ကုန်နှင့် ဆက်စပ် ဝင်ငွေ တို့အပေါ် အမျိုးသမီးများ ထိန်းချုပ်မှု နှင့် ဆုံးဖြတ်ချက် ချနိုင်မှု တိုးမြင့်လာခြင်း**

**AH-၂.၁ လယ်ယာထုတ်ကုန်နှင့် ဆက်စပ် ဝင်ငွေ တို့တွင် တူညီသည့် (သို့) ပိုမိုများပြား သည့် လက်လှမ်းမီမှု၊ ထိန်းချုပ်မှု ရလာခဲ့သည်ဟု အစီရင်ခံသည့် LIFT မှ ထောက်ပံ့ပေးသည့် အိမ်ထောင်စုများမှ အမျိုးသမီးများ အရေအတွက်/ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် မဟာဗျူဟာ အသစ် (၂၀၁၉) စတင်သည့် အချိန်မှစ၍ လယ်ယာထုတ်ကုန်နှင့် ဆက်စပ် ဝင်ငွေ တို့တွင် တူညီသည့် (သို့) ပိုမိုများပြား သည့် လက်လှမ်းမီမှု၊ ထိန်းချုပ်မှု ရလာခဲ့သည်ဟု အစီရင်ခံသည့် LIFT မှ ထောက်ပံ့ပေးသည့် အိမ်ထောင်စုများမှ အမျိုးသမီးများ ၏ အရေအတွက် အား တိုင်းတာပါသည်။

## သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့လျားသွားလာ နေထိုင်မှု

**DP-၁ အလုပ်သမား အခွင့်အရေး နှင့် လူမှု ကာကွယ် စောင့်ရှောက်ရေး (ဥပမာ စီဘဂ၉၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီး ကာကွယ်ရေး ဥပဒေ၊ လူမှုကာကွယ် စောင့်ရှောက်ရေး ဥပဒေ တို့အား အတည်ပြုရန်)၊ လုပ်သား ရွှေ့လျားသွားလာ နေထိုင်မှု ဆိုင်ရာ စီမံအုပ်ချုပ်ရေး (ဥပမာ ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ လုပ်သား ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းစီမံချက်) ၊ အဓမ္မ အလုပ်ခိုင်းစေခြင်း၊ ကလေးအလုပ်သမားနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေ (ဥပမာ အဓမ္မ အလုပ်ခိုင်းစေခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်၊ လူကုန်ကူးမှု တိုက်ဖက်ရေးဆိုင်ရာ ဥပဒေ) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး (ဥပမာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းပညာနှင့် သက်မွေး ပညာရပ် ဥပဒေ၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံနှုန်းများ) တို့နှင့်စပ်လျဉ်းသည့် အသစ် နှင့်/သို့မဟုတ် ပိုမိုကောင်းမွန်သည့် ကျားမရေးရာ အလေးထားတုံ့ပြန်သည့် ပြည်သူ့ရေးရာ ကဏ္ဍ၊ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များ**

**DP-၁.၁- LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားနှင့် ဆက်နွယ်နေသည့် ပြည်သူ့ရေးရာ မူဝါဒ များနှင့် စီမံကိန်းများတွင် ပြောင်းလဲမှုများ၏ အရေအတွက်**

ဤညွှန်းကိန်း သည် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏ စီမံကိန်းများ အကောင်အထည် ဖော်ရေးတို့အတွက် ကူညီပံ့ပိုးပေးရန် LIFT ၏ ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသည့် အပြောင်းအလဲများအား တိုင်းတာပါသည်။ “အပြောင်းအလဲများ” ၏ အတိုင်းအတာတွင် မူဝါဒ နှင့် စီမံကိန်း အသစ်များ ချမှတ်ကျင့်သုံးခြင်း၊ ရှိဆဲ မူဝါဒများနှင့် အစီအစဉ်များတွင် ပါဝင်သည့် အကြောင်းအရာနှင့် ချဉ်းကပ်မှုနည်းလမ်းများ ပြောင်းလဲခြင်း နှင့် မူဝါဒ များနှင့် စီမံကိန်းများ ရေးဆွဲ ဖော်ဆောင်ခြင်း လုပ်ငန်းစဉ်အတွင်း အပြောင်းအလဲများ (ဥပမာ လူမှုရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ လုပ်ငန်းအဖွဲ့များ နှင့် ကော်မတီများဖွဲ့စည်း တည်ထောင်ခြင်း စသဖြင့်) တို့ ပါဝင်ပါသည်။

**DP-၁.၂: အစိုးရကဏ္ဍ အလုပ်သမား ဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း/အသုံးစရိတ်တို့တွင် LIFT မှ ကူညီပံ့ပိုးပေးခဲ့သည့် ပြောင်းလဲမှု အရေအတွက်**

ဤညွှန်းကိန်းသည် အစိုးရကဏ္ဍ အလုပ်သမားဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း/ အသုံးစရိတ် များတွင် LIFT မှ ကူညီပံ့ပိုးပေးခဲ့သည့် ပြောင်းလဲမှု အရေအတွက် အား တိုင်းတာပါသည်။ ယင်း၏ ရည်ရွယ်ချက်မှာ အစိုးရကဏ္ဍ နှင့် အစိုးရ မဟုတ်သည့် လုပ်ရှားဆောင်ရွက်သူများ ၏ ပြည်သူ့ ဘတ်ဂျက် ခွဲဝေချထားခြင်းများနှင့်

အသုံးစရိတ်များအား တိုးမြှင့်ခြင်း (သို့) ပိုမိုကောင်းမွန်သည့် ရည်မှန်းချက် များ ချမှတ်ရာတွင် LIFT မှ ကူညီပံ့ပိုးပေးထားခြင်း ရှိမရှိ သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။ ယင်းတွင် အစိုးရ ဘတ်ဂျက်တွင်း အပြောင်းအလဲများ အပြင် ရှိဆဲ ငွေကြေးဆိုင်ရာ ရင်းမြစ်များ အား ပိုမို ထိရောက်စွာ အသုံးပြုခြင်းတို့ ပါဝင်ပါသည်။

**DP– ၁.၃ LIFT ၏ အထောက်အပံ့ဖြင့် ကျင်းပခဲ့သည့် အလုပ်သမား ရေးရာနှင့် ဆိုင်သည့် မူဝါဒ အထောက်အကူပြု လူပ်ရှားဆောင်ရွက်မှု များ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT (သို့) ယင်း၏ IP များ မှ တိုက်ရိုက် သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ထောက်ပံ့ပေးခဲ့ သည့် အလုပ်သမားရေးရာနှင့် ဆိုင်သည့် မူဝါဒ အထောက်အကူပြု ဆွေးနွေးပွဲများ၏ အရေအတွက် အား တိုင်းတာပါသည်။ ယင်းတွင် မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေး (သို့) အကောင်အထည် ဖော်ခြင်း တို့အား ကူညီပံ့ပိုးရန် သီးသန့်ရည်ရွယ်ချက်ရှိသည့် လှုပ်ရှားဆောင်ရွက်မှုများ အားလုံး ပါဝင်ပါသည်။ “လှုပ်ရှားဆောင်ရွက်မှုများ ” ဟူသည့် ဝေါဟာရ အား ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ပြီး ယင်းတွင် မူဝါဒ လုပ်ငန်းစဉ် များအား လွှမ်းမိုး ရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲများ ၊ တိုင်ပင် ဆွေးနွေး မှုများ၊ အများပြည်သူ ပါဝင်သည့် စည်းရုံးလှုံ့ဆော်မှုများ၊ အစီအစဉ် စတင်သည့် အခမ်းအနားများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲ ဖိုရမ်များ၊ ကွင်းဆင်း ခရီးများ (သို့) အားပေး ထောက်ခံသည့် အခမ်းအနားများ ပါဝင် ပါသည်။

**DP–၁.၄ အဓိကမူဝါဒ ချမှတ်သူများထံ ပေးအပ်ခဲ့သည့် LIFT မှ ပံ့ပိုးပေး သည့် အလုပ်သမားရေးရာနှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက်အကူ ပြုသည့် ထုတ်ဝေမှုများ၏ အရေအတွက်**

ဤ ညွှန်းကိန်းသည် မူဝါဒ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းပေး ရန် အတွက် LIFT FMO အပြင်၊ LIFT မှ ထောက်ပံ့ပေးသည့် IP များနှင့် အစီအစဉ်များမှ ဖြန့်ဝေခဲ့သည့် ထုတ်ဝေမှုများ၏ အရေအတွက်အား တိုင်းတာပါသည်။ ဤ ညွှန်းကိန်း၏ ရည်ရွယ်ချက်များအတွက် “ထုတ် ဝေမှု” ဆိုသည်မှာ မူဝါဒနှင့်ဆိုင်သည့် အကြောင်းအရာ ပါဝင်ပြီး ပြင်ပ မှ စာဖတ်သူ ပရိသတ်များ ထံရောက်ရှိရန် စာဖြင့် ရေးသားထုတ်ဝေထား သည့် စာပေများ ဟု သတ်မှတ်ပါသည်။ ယင်းတို့တွင် ဗီဒီယို (သို့) လူမှု ကွန်ရက်မှ ဆက်သွယ်ဆောင်ရွက်မှုများ (သို့) အဖွဲ့အစည်းအတွင်း၌သာ သက်ဆိုင်သည့် စီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ မပါဝင်ပါ။

**DWLM စနစ်များအဆင့်**

**DS–၁ သင့်တင့်လျောက်ပတ်သောအလုပ်အကိုင် (ကျား၊မ အလိုက် လုပ်ခလစာကွာခြားမှုအား လျှော့ချခြင်းအပါအဝင်) အတွက် ကူညီပံ့ပိုး ပေးရန် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ လုပ်သား ရွှေ့ပြောင်းသွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်း။**

**DS–၁.၁ လုပ်သားဆိုင်ရာနှင့် လူမှု ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးကင်း လုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး တို့တွင် LIFT ၏ ထောက်ပံ့မှုဖြင့် လေ့ကျင့် သင်ကြားပေးခဲ့သည့် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့ အစည်းများ နှင့် မီဒီယာ တို့မှ ကျား၊မ အလိုက် ကိုယ်စားလှယ်များ၏ အရေအတွက်**

ဤ ညွှန်းကိန်း သည် LIFT ၏ ပံ့ပိုးမှုနှင့် ပို့ချသည့် သင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့သည့် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များ၏ အရေအတွက်ကို တိုင်းတာပါသည်။ သင်တန်းအကြောင်းအရာအား ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားပြီး နှင့် အလုပ်သမားနှင့် လူမှု စောင့်ရှောက်ရေး (လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်ခြင်းနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုအပါအဝင်)၊ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်း သွားလာနေထိုင်မှု၊ လူကုန်ကူးမှု တားဆီးရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်မှု နှင့် အခြား ခေါင်းစဉ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများ အပါအဝင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များ အားလုံး ပါဝင်ပါသည်။ သင်တန်းများတွင် အဆိုပါ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးမည့် အရေးပါ သည့် သင်တန်းများ (ဥပမာအားဖြင့် စီမံချက် စီမံခန့်ခွဲမှု၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း ဆိုင်ရာ သင်တန်းစသဖြင့်) လည်း ပါဝင်ပါသည်။

**DS–၁.၃ အလုပ်သမားများအား နစ်နာမှုများအတွက် ပြန်လည်ကုစား ခြင်းနှင့် နစ်နာကြေးတောင်းခံမှုအတွက် ဖြည့်ဆည်းပေးခြင်း တို့ အတွက် ချီးမြှင့်သည့်ငွေပမာဏ (ပြန်လည်ပြင်ဆင်မွမ်းမံထားသော)**

ဤ ညွှန်းကိန်းသည် အလုပ်သမား အခွင့်အရေးနှင့် လူကုန်ကူးမှု ဆိုင်ရာ တိုင်တန်းသည့် ဖြစ်ရပ်များတွင် အလုပ်သမားများအတွက် ပေးအပ်သည့် ငွေကြေးပမာဏ ကို ခြေရာကောက်ပါသည်။တိုင်တန်းမှုများ ၏ အကြောင်းအရာ ကို ကန့်သတ်ထားခြင်းမရှိဘဲ LIFT မှပံ့ပိုးပေးသည့် ဥပဒေရေးရာ ဝန်ဆောင်မှုပေးသူများထံမှ အကူအညီတောင်းခံခဲ့သည့် ကိစ္စရပ်များအားလုံး ပါဝင်ပါသည်။ ယင်းတို့တွင် အလုပ်အကိုင် ခန့်ထားခြင်း၊ လုပ်ခများနှင့် လုပ်ငန်းခွင် အခြေအနေများ၊ အလုပ်မှ ရပ်ဆိုင်းခြင်း၊ လုပ်ငန်းခွင် မတော်တဆဖြစ်မှုများ၊ လူမှု ဖူလုံရေး အကျိုးခံစားခွင့် တောင်းခံမှုများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ နိုင်ငံရပ်ခြားတွင် ရှိနေစဉ် သေဆုံးခြင်းနှင့် အခြား ကိစ္စရပ်များ ပါဝင် ပါသည်။

**DWLM – အိမ်ထောင်စုအဆင့်**

**DH–၁: အမျိုးသမီး၊ အမျိုးသား ရွှေ့ပြောင်းသွားလာသည့် အလုပ်သမား များနှင့် အခြားထိခိုက်လွယ်သော အလုပ်သမားများအတွက် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများ အား လက်လှမ်းမီ ရယူနိုင်မှု တိုးပွားလာခြင်း**

**DH–၁.၁ LIFT မှပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သည့် အရေအတွက်**

ဤညွှန်းကိန်းသည် လယ်ယာပြင်ပ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများမှ ရောက်ရှိခဲ့သူများ၏ စုစုပေါင်းအရေအတွက်ကို တိုင်းတာ ပါသည်။ ယင်းတွင် အလုပ်အကိုင်ရရှိမှု တိုးမြှင့်စေရန် ရည်ရွယ်ပို့ချပေးသည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများ၊ လုပ်ငန်း/စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းများ နှင့် ဘဝတွက်တာ/ကိုယ်ရည် ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများအပြင် အခြား ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကြောင်းအရာများပါဝင်ပါသည်။ သင်တန်းကာလအား အနည်းဆုံး (သို့) အများဆုံး မည်မျှ ကြာမြင့်ရမည်ဟု သတ်မှတ်ထားခြင်း လုံးဝ မရှိပါ။

**DH-၁.၂ LIFT မှပံ့ပိုးပေးသည့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့်/သို့ ငွေကြေးဆိုင်ရာ အသိပညာ တို့နှင့် ဆိုင်သည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သည် ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက်**

ဤညွှန်းကိန်း မှ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း (သို့) ငွေကြေးဆိုင်ရာ အသိပညာတို့နှင့် ဆိုင်သည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည် ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက်အား မှတ်သားပါသည်။ ယင်းတွင် ကွင်းဆင်းဆောင်ရွက်မှု၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ဥပဒေရေးရာ အကူအညီ၊ ပညာရေး၊ သင်တန်း၊ ကွန်ရက် ချိတ်ဆက်ခြင်း နှင့် စီစဉ်ဆောင်ရွက်ခြင်း ဆိုင်ရာ ဝန်ဆောင်မှုများအပါအဝင် ဝန်ဆောင်မှု အမျိုးအစား များစွာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပါသည်။ သို့ရာတွင် ယင်း တို့တွင် တစ်ဦးချင်းအလိုက် ပူးပေါင်းဆောင်ရွက်မှုအတွက် ပံ့ပိုးပေးခြင်းမရှိသည့် မီဒီယာ လမ်းကြောင်းများမှ တဆင့် ဆက်သွယ်ဆောင်ရွက်မှုများ မပါဝင်ပါ။

**DH- ၁.၃ LIFT မှပံ့ပိုးပေးသည့် နားခိုရန်ရိပ်သာ နှင့်/ သို့အကူအညီပေးသည့် ဝန်ဆောင်မှုများပေးအပ်ခဲ့သည့် လူကုန်ကူးမှုမှ လွတ်မြောက်၍ ရုန်းကန်ရှင်သန်နေရသူများ၏ အရေအတွက်**

ဤညွှန်းကိန်းသည် လူကုန်ကူးခံရသူများအား တွေ့ရှိပြီးနောက် ဘေးကင်းသည့် ခိုလှုံရာနှင့် ဝန်ဆောင်မှုများ ရရှိခဲ့သည့် အရေအတွက်အား တိုင်းတာပါသည်။ လူကုန်ကူးခံရပြီးနောက် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများတွင် လူကုန်ကူးခံရပြီးနောက် ကြိုးပမ်း ရှင်သန်နေရသူများအနေဖြင့် မိမိကိုယ်ကို ပြန်လည် ထူထောင်ရန်နှင့် ဝန်ဆောင်မှုများ အကူအညီဖြင့် ပြန်လည်ထူထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် ပံ့ပိုးပေးခဲ့သည့် ဝန်ဆောင်မှုများ အားလုံး ပါဝင်သည်ဟု ယူဆနိုင်ပါသည်။ ဥပမာ-ယာယီ ခိုလှုံရာဂေဟာ၊ စိတ်ဒဏ်ရာ အခြေအနေအသိပေး၍ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ လူမှု စိတ်ပညာ ပံ့ပိုးမှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ ဥပဒေရေးရာ အကူအညီ၊ မှတ်တမ်းမှတ်ရာ ပြုစုရေးသားပေးခြင်းနှင့် အခြား ဆက်နွှယ်နေသည့် ဝန်ဆောင်မှုများ ပါဝင်ပါသည်။

**DH-၂ အထူးသဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း ခံနိုင်ချေ အန္တရာယ်မြင့်မားသည့် အလုပ်သမားများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ တိုးချဲ့ခဲ့သည့် အခွင့်အလမ်းများ**

**DH-၂.၁ LIFT မှပံ့ပိုးပေးသည့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းထူထောင်သည့်သူများ (လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးကြိုးပမ်း ရှင်သန်နေသူများအပါအဝင်) အတွက်သင်တန်းပြီးဆုံးသည်အထိ အောင်မြင်စွာ တက်ရောက်ခဲ့သူ အရေအတွက်နှင့် ရာခိုင်နှုန်း**

ဤ ညွှန်းကိန်းသည် ၎င်းတို့ကိုယ်ပိုင် အသေးစား (သို့) အလတ်စား လုပ်ငန်း ထူထောင်သည့်သူများအတွက် သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ခဲ့သူများ (DH-၁.၁) အရေအတွက် ကို တိုင်းတာပါသည်။ ထိုလုပ်ငန်းများ သည် မည်သည့် စီးပွားရေး ကဏ္ဍမှ မဆို (စိုက်ပျိုးရေး၊ စက်မှု လုပ်ငန်း (သို့) ဝန်ဆောင်မှုများ အပါအဝင်) ဖြစ်နိုင်ပါသည်။ သို့သော်လည်း တပိုင်တနိုင် စိုက်ပျိုးမွေးမြူခြင်းနှင့် ငါးဖမ်းခြင်းတို့ မပါဝင်ပါ။

**DH-၂.၂ LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ အရေအတွက် DH -၁.၁ အား တိုင်းတာပါသည်။ အလုပ်အကိုင်ခန့်ထားခြင်းအား မည်သည့် စီးပွားရေး ကဏ္ဍ(စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း (သို့) ဝန်ဆောင်မှုများ အပါအဝင်) မှ မဆို ဖြစ်နိုင်ပါသည်။ သို့သော်လည်း ကိုယ်ပိုင် လုပ်ငန်း နှင့် မိသားစု အလုပ်လုပ်ကိုင်သူများ၏ ထည့်ဝင်မှုတို့ ပါဝင်ခြင်းမရှိပါ။

**DH-၂.၃ LIFT မှ ပံ့ပိုးပေးသည့် သင်တန်းအား အောင်မြင်ပြီးဆုံးအောင် တက်ရောက်ပြီး ၎င်းတို့၏ အလုပ်အကိုင် (သို့) စီးပွားရေး လုပ်ငန်းမှ ဝင်ငွေ တိုးတက် ရရှိလာသည့် သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် အသက်မွေးဝမ်းကျောင်းမှု (သို့) စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း ပြီးဆုံးပြီးနောက် ခြောက်လ အတွင်း ဝင်ငွေတိုးတက် ရရှိလာသည့်သူများ၏ အရေအတွက်ကို တိုင်းတာပါသည်။ ယင်းမှာ ပုဂ္ဂလိက ဝင်ငွေ တိုးလာသည်နှင့် စပ်လျဉ်း၍ ဖြေဆိုသူ၏ ပုဂ္ဂလဓိဋ္ဌာန်ကျသည့် သဘောထားအမြင်ပေါ်တွင် အခြေခံပြီး အပြောင်းအလဲကို ရေတွက်ရန် မျက်မြင်လက်တွေ့ အချက်အလက်များအား မှတ်သားနိုင်ခြင်းမရှိပါ။ ယင်းတွင် ယခင်က အလုပ်အကိုင် မရှိသော်လည်း အလုပ်အကိုင် ရှာဖွေပြီးနောက် ဝင်ငွေတိုးလာခြင်းများ ပါဝင်ပါသည်။

**DH-၂.၄ LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့် သူများ၏ရာခိုင်နှုန်း**

ဤ ညွှန်းကိန်းသည် LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့်သူများ ရှိနေသည့် အခြေအနေကို တိုင်းတာပါသည်။ အရွယ်ရောက်ပြီးသူများအား အဓမ္မ အလုပ်စေခိုင်းခြင်းကို ခန့်မှန်းသည့် ILO ၏ စစ်တမ်းကို အသုံးပြုသည့် လမ်းညွှန်ချက်များဖြင့် အိမ်ထောင်စု စစ်တမ်းများ ကောက်ယူခြင်းမှ တဆင့် အဓမ္မအလုပ်စေခိုင်းခြင်းအား ဆုံးဖြတ်ခြင်းကိုဆောင်ရွက်မည် ဖြစ်ပါသည်။ စစ်တမ်းများမှ ကောက်ယူရရှိသည့် ကိန်းဂဏန်း များမှ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များသည် ဖော်ထုတ်နိုင်ခြင်း မရှိသည့် ကျူးလွန်ခံရသူများ၏ အချက်အလက်များ အပါအဝင် LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေမှု ဖြစ်ပွားခြင်းအား ကိုယ်စားပြုသည့် ခန့်မှန်း အရေအတွက်အား ပံ့ပိုးကူညီပေးမည် ဖြစ်သည်။

| မူလ ညွှန်းကိန်း တွက်ချက်ပုံ | ပြန်လည်ပြင်ဆင်ထားသည့်/မွမ်းမံထားသည့် ညွှန်းကိန်း တွက်ချက်ပုံ |
|---|---|
| NS ၁.၃ LIFT ဧရိယာများအတွင်းမှ ကောင်းမွန်သည့် သောက်သုံးရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အထောက် အကူ ပစ္စည်းများ လက်လှမ်းမီ ရရှိသည့် အိမ်ထောင်စု အရေအတွက် | LIFT စီမံကိန်း ဧရိယာများအတွင်းရှိ အိမ်ခြံဝင်းအတွင်းရှိ ကောင်းမွန်သည့် ရေအရင်းအမြစ်များမှ သောက်သုံးရေအား တနှစ်ပတ်လုံးရရှိသည်ဟု အသိပေးအစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေ အတွက် |
| NH-၁.၄ LIFT ဧရိယာများအတွင်း ဘေးကင်းလုံခြုံစွာ စီမံထားသည့် သောက်သုံးရေဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုလျက်ရှိသည့် အိမ်ထောင်စု များ၏ ရာခိုင်နှုန်း /အရေအတွက် | LIFT ဧရိယာများအတွင်း အိမ်ခြံဝင်းအတွင်းမှ ရရှိသော ဘေးကင်း လုံခြုံစွာ စီမံထားသည့် သောက်သုံး ရေအား သောက်သုံးနေကြသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေအတွက် |
| NH-၁.၅ LIFT ဧရိယာများအတွင်း အသက်နှစ်နှစ်အောက် ကလေးသူငယ် ရှိသည့် အမျိုးသား/အမျိုးသမီး များမှ ကလေး သူငယ်၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဆုံးဖြတ်ချက် များ ချမှတ်ခြင်း များတွင် အိမ်ထောင်ဖက်/ လက်တွဲဖော်နှင့် အတူ ဆောင်ရွက်သည့် ရာခိုင်နှုန်း | ကလေးသူငယ်၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တစ်ဦးချင်း(သို့) ပူးတွဲ၍ပါဝင်ပတ်သက်သည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း |
| DS-၁.၁ လုပ်သားဆိုင်ရာ နှင့် လူမှု ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးတို့တွင် LIFT ၏ ပံ့ပိုးမှုဖြင့် လေ့ကျင့် သင်ကြား ပေးခဲ့သည့် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်းများ နှင့် မီဒီယာ တို့မှ ကျား၊မ အလိုက် ကိုယ်စားလှယ်များ၏ အရေအတွက် | "သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှုတို့အား ကူညီပံ့ပိုးပေးရန်" လေ့ကျင့်သင်ကြားပေးထားသည့် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များ၏ အရေအတွက် |
| DS-၁.၂ စာရင်းစစ်ပြီးနောက် အလုပ်အကိုင်ခေါ်ယူခန့်ထားခြင်း ဆိုင်ရာ အလေ့အကျင့်များ သည်တွင် ကျင့်ဝတ်နှင့် အညီ လိုက်နာဆောင်ရွက်ကြောင်း တွေ့ရှိရသည့် စစ်ဆေးပြီးသည့် ပုဂ္ဂလိက ကဏ္ဍ စီးပွားရေးလုပ်ငန်းများ၏ အရေအတွက် | အဆိုပြုချက်အား ဆိုင်းငံ့ထားဆဲ ဖြစ်ပါသည်။ အဆိုပြုချက်အား အစားထိုးရန် သင့်တော်သည့်အချက်အတွက် သုတေသန ဆက်လက် ဆောင်ရွက်ဆဲဖြစ်ပါသည်။ |
| DS-၁.၃. အလုပ်သမား အခွင့်အရေးများ ချိုးဖောက်ခံရခြင်းနှင့် လူကုန်ကူးခြင်း တို့နှင့် ဆိုင်သည့် နစ်နာမှုများအတွက် ပြန်လည် ကုစားပေးရန် အလုပ်သမားများအား လျော်ကြေးအဖြစ် ချီးမြှင့်သည့် ငွေပမာဏ | "အလုပ်သမားများအား နစ်နာမှုများအတွက် ပြန်လည်ကုစားခြင်းနှင့် နစ်နာကြေးတောင်းခံမှုအတွက် အလုပ်သမားများထံ ဖြည့်ဆည်းပေးသည့် ချီးမြှင့်သည့်ငွေပမာဏ" |
| DH-၁.၁ LIFT မှပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ သင်တန်းနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သည့် သူများ၏ အရေအတွက် | "LIFT မှပံ့ပိုးပေးသည့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း တက်ရောက်ပြီးခဲ့သည့် သူများ၏ အရေအတွက်" |
| DH-၁.၂ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် ငွေကြေးဆိုင်ရာ အသိပညာ တို့တွင် LIFT မှပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သည် ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက် | "LIFT မှပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သော ရွှေ့ပြောင်းသွားလာသည့် အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက်" |
| DH-၂.၄ LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဝမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့် သူများ၏ ရာခိုင်နှုန်း | "LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ရသည့် သူများ၏ရာခိုင်နှုန်း " |

## နောက်ဆက်တွဲ ၃။ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ဆဲစီမံချက်များ

| စဉ် | အဖွဲ့အစည်း / IP အမည် | အကြောင်းအရာအသစ် | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် ခေါင်းစဉ် |
|---|---|---|---|---|
| ၁ | ActionAid (SECURE) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၂,၅၀၀,၀၀၀ | ရန်ကုန်မြို့ပြဒေသများရှိ သင့်တင့်လျောက်ပတ်သည့် အလုပ် အကိုင်အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်း (SECURE) |
| ၂ | Adventist Development and Relief Agency – Myanmar (ADRA) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၂,၂၀၀,၀၀၀ | ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဒေသခံလူမှု အသိုက်အဝန်းများအတွက် အသက် မွေးဝမ်း ကျောင်းပညာ ကူညီပံ့ပိုးပေးခြင်း (VESI) – သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အခွင့်အလမ်းများအား ရေရှည်တည်တံ့ခိုင်မြဲစွာ မြှင့်တင်ခြင်းနှင့် IDP မှ လူငယ်များနှင့် အားနည်းထိခိုက်လွယ်သည့် ဒေသခံလူမှု အသိုက်အဝန်းများ အကြား လိုအပ်ချက်များအား ပေါင်းကူးပေးခြင်း |
| ၃ | BRAC Microfinance Company LTD | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေခြင်း နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၁,၀၀၀,၀၀၀ | ပဋိပက္ခဒဏ်ခံရသည့် ဒေသများသို့ ငွေရေးကြေးရေး ဆိုင်ရာ ဝန် ဆောင်မှုများ ချဲ့ထွင်ခြင်း နှင့် မြို့ပြဒေသများတွင် ပဋိပက္ခ ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ မသန်စွမ်း သူများနှင့် ရွှေ့ ပြောင်း သွားလာ နေထိုင်သည့် အမျိုးသမီးများအားလုံး ပါဝင်စေခြင်း |
| ၄ | BBC Media Action | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃,၀၃၅,၉၄၃ | ကျပ်ချပ် – ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ငွေကြေးတို့ကို အကျိုးအရှိဆုံး ဖြစ်စေခြင်း |
| ၅ | Canadian Cooperative Association (CCA) / Cooperative Development Foundation of Canada (CDF) | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၃,၂၀၀,၀၀၀ | “မြန်မာနိုင်ငံ – သမဝါယမအသင်းများမှတဆင့် ငွေရေးကြေးရေး တွင် အားလုံးပါဝင်စေခြင်း ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အား ချဲ့ထွင်ခြင်း (MyFINANCE) စီမံချက်” |
| ၆ | CARE | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၅,၉၈၅,၆၄၃ | အောင်မြင်မှုစီမံချက် ။ လုံခြုံစိတ်ချရပြီး ခိုင်မာသည့် အလုပ်အကိုင် ရရှိစေရန် လုပ်ငန်း အတွင်း အဖြေရှာခြင်း |
| ၇ | Catholic Relief Services (CRS) | အာဟာရဖွံ့ဖြိုးမှု | ၁,၈၁၃,၂၀၃ | ရပ်ရွာလူထုနှင့် ချိတ်ဆက်သည့် စိုက်ပျိုး ထုတ်လုပ်မှု မြင့်မားရေး |
| ၈ | Choklei Organization for Rural and Agricultural Development (CORAD) | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၂,၉၀၃,၂၀၁ | ချင်းပြည်နယ် မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံ စီးပွားဖြစ်ထွန်းရေး |
| ၉ | Danish Refugee Council (DRC) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃,၅၀၀,၀၀၀ | ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် စခန်းပြင်ပမှ လူငယ်များအတွက် အသက်မွေးမှုပညာ သင်တန်းများ နှင့် အသက် မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးပေးခြင်း – အဆင့် ၂ |
| ၁၀ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | ၁,၅၀၀,၀၀၀ | အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေမှ မြန်မာနိုင်ငံအတွက် ပေးအပ်သည့် ပံ့ပိုးမှု ရန်ပုံငွေတစ်ခုအား အကောင်အထည်ဖော်ခြင်း |
| ၁၁ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | ၁,၂၉၀,၂၆၄ | ကရင်ပြည်နယ်ရှိ DSW ၏ MCCT စီမံကိန်းအား ကူညီပံ့ပိုး ပေးခြင်း |
| ၁၂ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | ၄၄၇,၅၈၆ | ကယားပြည်နယ်ရှိ DSW ၏ MCCT စီမံကိန်းအား ကူညီပံ့ပိုး ပေးခြင်း |
| ၁၃ | EDEN | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၉၄၆,၉၇၅ | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်း ခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ခြင်း |

| စဉ် | အဖွဲ့အစည်း / IP အမည် | အကြောင်းအရာအသစ် | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် ခေါင်းစဉ် |
|---|---|---|---|---|
| ၁၄ | Eden Centre for Disabled Children (ECDC) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃၁၆,၇၇၀ | ချင်း လူမှုအဖွဲ့အစည်းအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် မသန်စွမ်း များ ပါဝင်နိုင်မှုအားမြှင့်တင်ခြင်း |
| ၁၅ | Gender Equality Network (GEN) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၂,၃၇၂,၁၆၅ | မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်မှုကို နက်ရှိုင်းစေခြင်း |
| ၁၆ | Golden Pearl | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၁၄၉,၉၉၆ | မသန်စွမ်းများ၏ လူမှုစီးပွားရေး အခြေအနေ ပိုမိုကောင်းမွန် တိုးတက် စေခြင်း |
| ၁၇ | GRET | ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၃,၄၆၃,၆၀၀ | မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း အဖွဲ့အစည်း တစ်ခု ဖန်တီးခြင်း |
| ၁၈ | HelpAge International | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃,၆၄၀,၀၀၀ | လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအား အားဖြည့်ခြင်း |
| ၁၉ | HelpAge International | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၁,၇၃၄,၅၀၁ | မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် အားလုံး ပါဝင်သည့် လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် အသက်မွေး ဝမ်းကျောင်းမှု |
| ၂၀ | International Fertilizer Development Centre (IFDC) | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၆,၂၅၆,၅၆၄ | အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာ လုပ်ငန်း ဝန်ဆောင်မှု စီမံချက် |
| ၂၁ | International Labour Organisation (ILO) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃,၉၉၉,၇၅၂ | ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်း သွားလာရေး စီမံ အုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် |
| ၂၂ | International Labour Organisation (ILO) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၂,၉၉၂,၂၆၆ | ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် ဘေးကင်း လုံခြုံမှုများ ရှိစေရန် ကျွမ်းကျင်မှုများ |
| ၂၃ | International Organisation for Migration (IOM) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၁,၅၄၉,၁၀၀ | ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) |
| ၂၄ | International Organisation for Migration (IOM) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၁၂,၉၄၄,၅၂၀ | ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူးပေါင်း လုပ်ဆောင်မှုများ (GCP) ဖြင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်အောင် ပြုလုပ်ခြင်း -တွဲလက် (အဖွဲ့အစည်းများ ပူးပေါင်း အကောင်အထည်ဖော်ပါသည်) |
| ၂၅ | International Organisation for Migration (IOM) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၁,၁၈၂,၃၁၃ | တိုးပွားလာသည့် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှု မှတဆင့် ကချင် ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခ သက်ရောက်မှု ရှိသည့် လူမှု အသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း (SAFE) |
| ၂၆ | IRC | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၁၃,၅၀၀,၀၀၀ | တက်လမ်း ရေရှည် ရိက္ခာဖူလုံမှုနှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း – အဆင့် ၂ |
| ၂၇ | Karen Development Network (KDN) | အာဟာရဖွံ့ဖြိုးမှု | ၂,၂၃၇,၄၁၄ | နေရပ်စွန့်ခွာနေထိုင်သူများ၏ အသက် မွေးမှုများ ပိုမိုကောင်းမွန်လာရေး (ELDP) |
| ၂၈ | Karuna Mission Social Solidarity (KMSS) | အာဟာရဖွံ့ဖြိုးမှု | ၉၉၉,၉၉၂ | အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမိုလုပ်ကိုင် နိုင်စွမ်း ရှိစေရန် မဟာဗျူဟာ မိတ်ဖက်ပြုမှု (SPaCE) |
| ၂၉ | Karuna Mission Social Solidarity (KMSS) | အာဟာရဖွံ့ဖြိုးမှု | ၁,၉၉၆,၂၉၀ | အာဟာရပြည့်ဝမှုအတွက် ပဋိပက္ခ ဒဏ်ခံရ သည့် အမျိုးသမီးများ နှင့် မွေးကင်းစ ကလေးငယ်လေးများအား ကူညီပံ့ပိုးပေးခြင်း (SAFE WIN) |
| ၃၀ | Koe Koe Tech Co., Ltd. | အာဟာရဖွံ့ဖြိုးမှု | ၇၉၉,၇၃၈ | ရွှေခရီးလမ်း ဘောဂမေမေ (ရွှေမေမေ) ရွှေခရီးလမ်းပေါ်က မေမေ |
| ၃၁ | Land Consulting Group Co., Ltd. | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၂,၃၁၇,၅၆၆ | မြန်မာနိုင်ငံမြေနှင့် ဆက်စပ် သယံဇာတများ တန်းတူညီမျှ လက်လှမ်းမီရေးနှင့် ထိန်းချုပ်ရေး |
| ၃၂ | Lodestar Company Ltd./ SPPRG | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃၇၄,၉၉၁ | လက်ရှိလုပ်ရှား ဆောင်ရွက်နိုင်သူများ၏ လုပ်ကိုင်နိုင်စွမ်းအား ဖြည့်ပေးခြင်းဖြင့် အားလုံး ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု |

| စဉ် | အဖွဲ့အစည်း / IP အမည် | အကြောင်းအရာအသစ် | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် ခေါင်းစဉ် |
|---|---|---|---|---|
| ၃၃ | Mercy Corps | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၅,၁၈၈,၁၉၇ | လယ်ယာတွေကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း (LLM)၊ စိုက်ပျိုးရေး၊ လုပ်ငန်းကျွမ်းကျင်မှု၊ အလုပ်အကိုင်တို့ဖြင့် ဝင်ငွေ တိုးစေခြင်း |
| ၃၄ | Metta Development Foundation | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၂,၁၂၃,၁၆၈ | တောင်ပေါ်ဒေသ စားနပ်ရိက္ခာဖူလုံရေးနှင့် ဈေးကွက်ဝင်ရောက်ခြင်း (UFS-PM) |
| ၃၅ | Metta Development Foundation | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၉၉၂,၉၃၅ | မဟာဗျူဟာမြောက် မိတ်ဖွဲ့ခြင်းဆိုင်ရာ အဆို ပြုလွှာ |
| ၃၆ | Michigan State University | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၄,၉၄၀,၃၅၄ | မြန်မာနိုင်ငံ၏ စိုက်ပျိုး- ရိက္ခာတန်ဖိုးမြင့် ကွင်းဆက်ဖွံ့ဖြိုးရေး – ကျေးလက်ဒေသ နှမ်းပါး သူများ အသက်မွေးမှုကို သက်ရောက်ခြင်း |
| ၃၇ | Myanma Awba Group (Awba) Co., Ltd. | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေခြင်း နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၃,၇၄၆,၇၃၄ | မြန်မာတောင်သူများနှင့် ဖက်စပ်ဖွဲ့စည်းထားသည့် ပထမ မျိုးစေ့ ကုမ္ပဏီ (MAFSCO) / ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် |
| ၃၈ | Network Activities Group (NAG) | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၁,၀၂၄,၆၅၁ | ဧရာဝတီ ရေတိမ်ဒေသ ရင်းမြစ်များ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး |
| ၃၉ | Network Activities Group (NAG) | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၂,၉၇၀,၈၆၂ | အသုံးပြုခြင်း မရှိသည့် သိမ်းဆည်းမြေများ ပြန်လည်ခွဲဝေ ပေးခြင်းနှင့် ဖွံ့ဖြိုး တိုးတက်စေခြင်း |
| ၄၀ | PATH | အာဟာရဖွံ့ဖြိုးမှု | ၄,၆၅၉,၆၂၆ | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက် |
| ၄၁ | PATH | အာဟာရဖွံ့ဖြိုးမှု | ၁,၉၉၉,၈၆၁ | Smart Move : ရန်ကုန်မြို့တွင် ရွှေ့ပြောင်း သွားလာသည့် အလုပ်သမားများအတွက် မြို့ပြ စားနပ်ရိက္ခာစနစ်များ ဆန်းသစ် ပြောင်းလဲခြင်း နှင့် သက်တူဆင့်တူမှ စီမံ ညွှန်ကြားသည့် ဝန်ဆောင် မှု များမှတဆင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အကူးအပြောင်းများအား မြှင့်တင်ခြင်း |
| ၄၂ | People in Needs | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃,၁၅၈,၉၅၀ | အေးချမ်းသောအိမ် – ရွှေပြည်သာ မြို့နယ်ရှိ ရွှေ့ပြောင်း အလုပ်သမား များ စွမ်းရည် မြှင့်တင်ခြင်း |
| ၄၃ | PGMF | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၁,၁၆၃,၂၅၉ | အားနည်းထိခိုက်လွယ်သည့် ပတ်ဝန်းကျင်တွင် အသက်မွေး ဝမ်းကျောင်းမှု တိုးတက်စေခြင်း (LIVE) |
| ၄၄ | Proximity Designs | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၅,၀၉၇,၁၆၄ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – ရှေ့သို့ ဆက်လက် ဆောင်ရွက်ခြင်း |
| ၄၅ | Proximity Designs | ငွေကြေး ဆိုင်ရာ တွင် အားလုံး ပါဝင်စေ မှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၈၀၀,၀၀၀ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – အခွင့်အလမ်းများ ဖန်တီးခြင်း |
| ၄၆ | Relief International UK | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၃,၄၃၅,၆၃၉ | ရခိုင်ပြည်နယ် မြေပုံနှင့် မြောက်ဦးတို့တွင် ကာလရှည်ကြာ နေရပ် စွန့်ခွာတိမ်းရှောင် နေထိုင်ရခြင်းအား ရင်ဆိုင် ဖြေရှင်းမည့် တုံ့ပြန်ရေး ယန္တရား |
| ၄၇ | RAFT | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် / အခြား | ၅၀၀,၀၀၀ | ပဋိပက္ခ အလေးထားတုံ့ပြန်ဆောင်ရွက်မှု ခိုင်မာ အားကောင်း စေရန် ကူညီ ပံ့ပိုး ပေးခြင်း |
| ၄၈ | Save the Children | အာဟာရဖွံ့ဖြိုးမှု | ၃,၈၅၂,၂၈၃ | ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ် အောက်ကလေးသူငယ်များအား ငွေကြေး ပံ့ပိုးမှု ပေးခြင်း စီမံချက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနသို့ နည်းပညာအကူအညီပေးခြင်း (TEAM MCCT) |
| ၄၉ | Save the Children | အာဟာရဖွံ့ဖြိုးမှု | ၅,၅၅၈,၉၄၅ | တက်လမ်း Plus |
| ၅၀ | Save the Children | အာဟာရဖွံ့ဖြိုးမှု | ၃,၅၀၀,၀၀၀ | ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသ များတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း (BRICKS) |

| စဉ် | အဖွဲ့အစည်း / IP အမည် | အကြောင်းအရာအသစ် | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် ခေါင်းစဉ် |
|---|---|---|---|---|
| ၅၁ | SPECTRUM – Sustainable Development Knowledge Network (SDKN), Myanmar | အာဟာရဖွံ့ဖြိုးမှု | ၂၆၀,၃၂၇ | မြန်မာနိုင်ငံရှိ စားသုံးနိုင်သော အင်းဆက် ပိုးမွှားများ ကဏ္ဍ အနာဂတ်ဖွံ့ဖြိုးမှု အလားအလာ ဖော်ဆောင်ခြင်း |
| ၅၂ | Stichting ZOA, The Netherlands (Registered as Consortium of Dutch NGOs (CDN) in Myanmar) | အာဟာရဖွံ့ဖြိုးမှု | ၄,၈၄၀,၀၀၀ | ကရင်ပြည်နယ် မြောက်ပိုင်း ကျေးလက်နေ ဆင်းရဲနွမ်းပါး သူများ ၏ ဝင်ငွေများနှင့် အာဟာရ ဖွံ့ဖြိုးမှု ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း |
| ၅၃ | SWISSAID | အာဟာရဖွံ့ဖြိုးမှု | ၃,၈၉၉,၉၉၉ | တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (အဆင့် ၂) |
| ၅၄ | The Border Consortium (TBC) | အာဟာရဖွံ့ဖြိုးမှု | ၄,၀၉၆,၈၉၄ | တောင်တန်းဒေသ အာဟာရဖွံ့ဖြိုးရေးနှင့် စိုက်ပျိုး ရေးအတွက် ရေရှည် တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP) အဆင့် ၂ |
| ၅၅ | Thitsar Ooyin (GRET) | ငွေကြေး ဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၂၅၀,၀၀၀ | မြန်မာနိုင်ငံ ချင်းပြည်နယ် နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတွင် သစ္စာဥယျာဉ် ငွေရေး ကြေးရေး ဝန်ဆောင်မှုများအား အားနည်း ထိခိုက်လွယ်သည့် ကျေးလက် အိမ်ထောင်စုများ ထံသို့ ချဲ့ထွင်ခြင်း |
| ၅၆ | UNCDF (CARD Myanmar COMPANY LIMITED (CMCL)) | ငွေရေးကြေးရေး ဆိုင်ရာ တွင် အားလုံး ပါဝင်စေခြင်း နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၂,၅၀၀,၀၀၀ | မည်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်းမရှိစေရ |
| ၅၇ | VisionFund International | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၃,၅၀၀,၀၀၀ | ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှု |
| ၅၈ | VisionFund International | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၃,၂၅၀,၀၀၀ | မြန်မာနိုင်ငံရှိ ဝန်ဆောင်မှု အပြည့်အဝ မရရှိ သော သူများအတွက် အားလုံး ပါဝင်စေမှု |
| ၅၉ | Welthungerhilfe | စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၂,၇၁၉,၆၄၂ | မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသရှိ မျိုးစပါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ |
| ၆၀ | WFP | အာဟာရဖွံ့ဖြိုးမှု | ၃၈၇,၃၈၀ | မြန်မာနိုင်ငံတဝှမ်း အားဖြည့်ဆန် ထုတ်လုပ်ရေးနှင့် စားသုံးမှု တိုးချဲ့ခြင်း |
| ၆၁ | WFP | အာဟာရဖွံ့ဖြိုးမှု | ၂၈၇,၈၁၃ | မြန်မာနိုင်ငံတွင် အစိုးရ၏ အမျိုးသား အာဟာရဆိုင်ရာ မဟာ ဗျူဟာများအား SBN (SUN Business Network) မှတဆင့် ပေးအပ်ရန် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း |
| ၆၂ | Women's Organizations Network of Myanmar (WON) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၁.၀၅၈,၇၄၉ | ရွှေ့ပြောင်း အလုပ်သမားများ၏ အားနည်း ထိခိုက်လွယ်မှု နှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းအား အဆုံးသတ်ခြင်း (EVE) |
| ၆၃ | World Vision International Myanmar | အာဟာရဖွံ့ဖြိုးမှု | ၂,၃၇၆,၈၃၃ | ဘိုကလေးတွင် အသက်မွေးဝမ်း ကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း စီမံချက် |
| ၆၄ | World Vision International Myanmar | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် | ၂,၅၈၄,၇၄၀ | မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်း ပေးသည် (SHE) ကချင်ပြည်နယ် ရှိ နေရပ် ဒေသ စွန့်ခွာသူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများ အတွက် အားလုံးပါဝင်ပြီး ပြောင်းလဲနိုင်သည့် အသက်မွေးဝမ်း ကျောင်းမှုအား ကူညီ ပံ့ပိုးပေးခြင်း |
| ၆၅ | Yoma Bank | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၁၈,၀၇၀,၀၀၀ | ရိုးမဘဏ် စိုက်ပျိုးစီးပွား ဘဏ္ဍာရေး စီမံကိန်း (ရိုးမဘဏ် – AFP) |
| ၆၆ | Yoma Bank | ငွေကြေးဆိုင်ရာ တွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ (FI & PS) | ၅,၈၀၀,၀၀၀ | ကျေးလက်နေ အမျိုးသမီးများ၏ ဒီဂျစ်တယ် ငွေရေးကြေးရေး ဆိုင်ရာ စီမံကိန်း |
| | | | ၂၀၃,၇၈၈,၁၅၉ | |

## နောက်ဆက်တွဲ ၄။ စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ

### စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး စနစ်များ

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁။ | **စီမံချက်အမည်**<br>ပျော့ရွှာ မြစ်ရေတင် စီမံချက် ပြင်ဆင်မွမ်းမံ အကောင် အထည် ဖော်ခြင်း<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)**<br>International Water Management Institute (IWMI) (အဖွဲ့ ခေါင်းဆောင်)<br>International Crop Research Institute for the Semi-Arid Tropics (ICRISAT)<br>National Engineering and Planning Services<br>Welthungerhilfe (WHH) မြန်မာ<br><br>**စီမံချက် ကာလ–**<br>၂၀၁၆ ခုနှစ် ဒီဇင်ဘာလ / ၂၀၁၉ ခုနှစ် မေလ<br><br>**ဘတ်ဂျက်နှင့် အသုံးစရိတ်–**<br>ကန်ဒေါ်လာ ၁,၁၅၈,၇၉၇ / ကန်ဒေါ်လာ ၁,၁၄၄,၄၀၉<br><br>**စီမံချက် ဧရိယာ–**<br>မြင်းမူမြို့နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | ဆည်မြောင်းမှ တဆင့် အသက်မွေးမှုများ ပိုမိုကောင်းမွန်စေခြင်း –<br><br>M&E အကဲဖြတ်သုံးသပ်မှုများမှ စီမံချက်သည် တောင်သူများအကြား ပိုမို စနစ်ကျသည့် ရေခွဲဝေ အသုံးပြုရေးစနစ်အတွက် အခြေခံ အုတ်မြစ်အား တည်ဆောက်ပေးခဲ့ပြီး၊ တောင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်တိုင် ဦးဆောင် မှုတို့တွင် စည်းမျဉ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်းရေးအတွက် သိသာ ထင်ရှားစွာ ကြီးမားသည့် စွမ်းဆောင်ရည်အား အခြေခိုင်အောင် တည်ဆောက် ပေးနိုင်ခဲ့ကြောင်း ပြသပါသည်။<br><br>တောင်သူ များ၏ ၇၀ % ကျော်က စီမံချက်လုပ်ငန်းများမှ ပြုလုပ်ပေးခဲ့သည့် သင်တန်းများ နှင့်သရုပ်ပြပွဲများ မှ တဆင့် ၎င်းတို့လေ့လာသင်ယူခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအား အကောင်အထည်ဖော်လျက် ရှိကြောင်း (သို့) အကောင်အထည်ဖော်မည် ဖြစ်ကြောင်းပြောကြား ခဲ့ပါသည်။ M&E ရလဒ်များမှလည်း အကယ်၍ မိုးတွင်းကာလ မဟုတ်သည့်ရာသီများတွင် ရေသွင်းစိုက်ပျိုးရန် ဝန်ဆောင်မှု များ အလုံအလောက်ရရှိပါက အချို့သော တောင်သူများသည် ဆန်စပါးနှင့် ပဲအမျိုးစုံ စိုက်ပျိုးခြင်းကို လျှော့ချပြီး နေကြာနှင့်ငရုတ်တို့ အား ရွေးချယ်နိုင်ကြောင်း လည်း အကြံပြုပါသည်။ ရေ ပေးဝေရေး ဝန်ဆောင်မှုများ နှင့် ငရုတ်ကဲ့သို့ တန်ဖိုးမြင့် သီးနှံ မိတ်ဆက်ပေးခြင်းတို့ မှ တောင်သူများအတွက် ၎င်းတို့၏ အသက်မွေးမှု ပိုမိုတိုးတက်ကောင်းမွန်စေသည့် အစီအစဉ်အတွက် အလားအလာကောင်း ရှိကြောင်း ပြသနေပါ သည်။<br><br>ပိုမိုကောင်းမွန်သည့် ဆည်မြောင်း ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် ဆုံးဖြတ်ချက်များ<br><br>စီမံချက်မှ ရေအသုံးပြုသူများ အသင်း (WUA) ၏ အဖွဲ့အစည်းအဆင့်များ ဖွံ့ဖြိုးတိုးတက်စေရန်အောက်ခြေမှအစပြု သည့် ချဉ်းကပ်နည်းလမ်း အား မည်သို့ အကောင်အထည်ဖော်ရမည် ဆိုသည်နှင့် တောင်သူများအား ရေ လိုအပ်မှုနည်းပါးသည့် တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးရန် မည်သို့မက်လုံး ပေးရမည်ဆိုသည်တို့နှင့် စပ်လျဉ်းသည့် အသိအမြင်များနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးခဲ့ပါသည်။ IWMI သည် IWUMD နှင့် ပြည်တွင်း နှင့် နိုင်ငံတကာ NGO များအတွက် အထောက်အကူ ဖြစ်စေရန်အတွက် မြန်မာနိုင်ငံ အစိုးရ၏ အားလုံး ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (PIM) လမ်းညွှန်ချက် များနှင့် အညီ WUA ဒီဇိုင်းပုံစံ ရေးဆွဲသည့် လုပ်ငန်းစဉ်အား လမ်းညွှန်ပေးရန် လက်စွဲလမ်းညွှန်စာအုပ်အား ရေးသား ပြုစုခဲ့ပါသည်။<br><br>စီမံချက်သည် အနာဂတ်တွင် WUA ဖွဲ့စည်းမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံ တို့အတွက် ကူညီပံ့ပိုးပေးနိုင်ရန် နည်းကရိယာများ၊ နည်းဥပဒေများ၊ သီးနှံ စိုက်ပျိုးရေးလမ်းညွှန်များနှင့်လက်စွဲစာအုပ်များ IMUMD ထံသို့ လွှဲပြောင်း ပေးခဲ့ပြီး ဖြစ်ပါသည်။ စီမံချက်၏ အပြီးသတ်ကွင်းဆင်း ဆောင်ရွက်မှု လုပ်ငန်းသည် ဤအစီအစဉ်တွင် ပါဝင်သည့် တိုင်းဒေသကြီး အဆင့်နှင့် နိုင်ငံတော်အဆင့် ပတ်သက်ဆက်နွှယ်သူများ အားလုံးထံ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများနှင့် ထောက်ခံ အကြံပြုချက်များအား လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်ခဲ့ပါသည်။ |
| ၂။ | **စီမံချက်အမည်**<br>ပျော့ရွှာ မြစ်ရေတင် စီမံချက် ပြင်ဆင်မွမ်းမံ အကောင်အထည် ဖော်ခြင်း<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–** UNOPS<br><br>**စီမံချက်ကာလ–**<br>၂၀၁၉ ခုနှစ် ဇူလိုင်လ – ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ<br><br>**ဘတ်ဂျက်နှင့် အသုံးစရိတ်**<br>ကန်ဒေါ်လာ ၃,၈၇၀,၈၇၄.၀၀ / ကန်ဒေါ်လာ ၃,၇၄၈,၀၄၃.၅၃ | ဤ အစီအစဉ်၏ ယေဘူယျ ရည်ရွယ်ချက်မှာ ရေပေးဝေမှု သေချာစေရန် ဤ စီမံချက် အစီအစဉ်နှင့် ဆက်နွယ်နေသည့် ဆည်မြောင်း အခြေခံ အဆောက် အဦ အား ပြင်ဆင်မွမ်းမံရန် ဖြစ်ပါသည်။ စီမံချက်မှ အစီအစဉ်နှင့် ဆက်နွယ် နေသည့် အကျိုးရလဒ် လေးခုအား ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ယင်းတို့တွင် အောက်ပါတို့ပါဝင်ပါသည်–<br><br>» အကျိုးရလဒ် ၁– အသုံးပြုသူများ လိုအပ်သည့်အချိန်နှင့် လိုအပ်သည့် နေရာတို့တွင် လိုအပ်သည့် ရေပမာဏ လွှတ်ပေးခြင်း<br>» အကျိုးရလဒ် ၂– ရေပေးဝေရေးစနစ် အတွင်း ရေဆုံးရှုံးမှု အနည်းဆုံး ဖြစ်စေခြင်း<br>» အကျိုးရလဒ် ၃– စီမံခန့်ခွဲရန်၊ မောင်းနှင်အသုံးပြုရန်၊ ပြုပြင်ထိန်းသိမ်းရန် နှင့် အသစ်လဲရန် ငွေကြေးအရ တတ်နိုင်မှုရှိခြင်း<br>» အကျိုးရလဒ် ၄– စိုက်ခင်းတစ်ခုချင်းစီသို့ ပို့လွှတ်ပေးသည့် ရေ ပမာဏအား စောင့်ကြည့်စစ်ဆေးခြင်း |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | **စီမံချက် ဧရိယာ–**<br>မြင်းမူမြို့နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး ၊ မြန်မာ<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | ရှိဆဲ ဆည်မြောင်းများအား အသေးစိတ် ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဆန်းစစ် အကဲဖြတ်ခြင်းတို့ ပြီးစီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စီမံချက်အား စတင်ဆောင်ရွက်ခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်မှုမှ အာရုံစိုက်ရန်လိုသည့် အဓိကနယ်ပယ်များ ဖော်ထုတ်ခဲ့ပြီး အောက်ပါတို့ ပါဝင်ပါသည်–<br><br>» အဓိက တူးမြောင်းကြီးများ၊ မြောင်းသွယ် နှင့် မြောင်းအငယ်စားလေးများအပါအဝင် တူးမြောင်းစနစ်အားလုံးအား  စနစ်ကျနသည့် မြောင်း ဆင်ခြေလျှောများနှင့် အလျော အဆင့်ဆင့် တို့၏ ပုံစံ အား ပြန်ပြင်ရန်<br>» မြောင်းသွယ် နှင့် မြောင်းအငယ်စားလေးများ အားလုံး ပုံစံပြင်ရန် ဘေးတိုက်မြောင်းများ နှင့် လယ်ကွင်းသို့သွယ်သည့် မြောင်းများ ထပ်မံ တည်ဆောက်ရန်<br>» ပင်မ တူးမြောင်း အရှည်အတိုင်း လက်ယာဖက် ပင်မတူးမြောင်း၊ လက်ဝဲဖက် ပင်မ တူးမြောင်းတို့တလျှောက် ကျောက်စရစ်/အုတ်စီ လမ်း အား အပြိုင်တည်ဆောက်ရန် (၈.၆၆ မိုင်)၊ ရေထိန်း အဆောက် အဦများ၏ ဂိတ်တံခါးများအားလုံး အသစ်လဲလှယ်ခြင်း (၅၀ ခု)<br>» စစ်တမ်း အချက်အလက်/စာရင်းတွင် ဖော်ပြထားသည့် အဆောက်အဦများအား ပြုပြင်ခြင်း (၂၅ခု)၊ PS2 နှင့် PS3 တို့အတွက် လုံလောက်သည့် ပစ္စည်းကရိယာများ ပံ့ပိုးပေးခြင်းဖြင့် ရေတင်စက်ထားသည့် အဆောက် အဦများ ပြင်ဆင်မွမ်းမံခြင်း<br>» PS1 တွင် ရေတင်စခန်းနှင့် လျှပ်စစ် လုပ်ငန်းများ အပါအဝင် ရေတင်စက် နှစ်လုံး နှင့် PS2 တွင် ရေတင်စက်တစ်လုံး ထပ်ဖြည့်ခြင်းနှင့်<br>» ခန့်မှန်းချေ မိုင် ၂၀ နီးပါးရှိသည့် ရေနုတ်မြောင်း ကွန်ရက် တည်ဆောက်ခြင်း<br><br>ဒီဇိုင်းများအားလုံးအား အစိုးရ ဌာနများနှင့် UNOPS ဒီဇိုင်းသုံးသပ်မှု အဖွဲ့မှ သုံးသပ်မှု ပြုလုပ်ခဲ့ပါသည်။<br><br>၂၀၁၇ ခုနှစ် ဧပြီလတွင် UNOPS မှ IWUMD (ထို့နောက် ဆက်လက်၍  WRUD) နှင့် တောင်သူများအား  တူးမြောင်းများ ပြန်လည်ပြုပြင်ရန် နှင့် အသစ်ဆောက်လုပ်ရန်အတွက် အစီအစဉ်၏ လုပ်ငန်းဆောင်ရွက်မှုများ ပိတ်သိမ်းရန် လိုအပ်ကြောင်းနှင့်  တပြိုင်နက် တည်းမှာပင် ထိုကာလအတွင်း ရေသွင်းစိုက်ပျိုးရန်မလိုသည့် သီးနှံများသာ စိုက်ပျိုးနိုင်ကြောင်း အကြောင်း ကြားခဲ့ပါသည်။<br><br>အစီအစဉ်မှ ၎င်း၏ လုပ်ငန်းများအား အဆင့်ဆင့် စတင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ရေတင်စခန်း အမှတ် ၁ အား စမ်းသပ် မောင်းနှင်ရန် ဖွင့်လှစ်ခဲ့ပြီး ရေတင်စခန်း အမှတ် ၃ အား ၂၀၁၈ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် စတင် ဆောင်ရွက်ခဲ့ပါသည်။ဆည်မြောင်း လုပ်ငန်းအား ဩဂုတ်လတွင် စတင်ခဲ့ပြီး ကြိုတင် စီစဉ်ထားသည်ထက် ရက်သတ္တပတ် အနည်းငယ် နောက်ကျခဲ့ သဖြင့် စိုက်ပျိုးရန် စီစဉ် ထားသည့် မိုးရာသီသီးနှံများအတွက် အနှောင့်အယှက် ဖြစ်စေခဲ့ပါသည်။ နောက်ဆုံးတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် ရေတင်စခန်း အမှတ် ၂ အောက်ရှိ ရေပေးဝေရေး တူးမြောင်းလေးခု အား ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ကျန်ရှိနေသည့်တူးမြောင်း (၇) ခုအား ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နေ့မှ ဒီဇင်ဘာ ၁၀ ရက်နေ့အထိ အဆင့်ဆင့် ဆောင်ရွက်သည့် ချဉ်းကပ် နည်းလမ်းဖြင့် အပြည့်အဝ ဖွင့်လှစ်နိုင်ခဲ့ပါသည်။<br><br>အထက်ဖော်ပြပါ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းဖြင့် တူမြောင်း စနစ်မှာ ရေလွှတ်အား ၁၂၀ ကုဗပေ/စက္ကန့်  မှ ၁၈၀ ကုဗပေ/စက္ကန့် သို့ တိုးမြင့် လာခဲ့ပါသည်။ ဆည်မြောင်း ဝန်ဆောင်မှုများ မကြာခဏ ပြတ်တောက်ခြင်း အားလည်း အနည်းဆုံး ဖြစ်စေနိုင်မည်ဟု လည်း ယူဆထား ပါသည်။ ပြုပြင်မွမ်းမံသည့် လုပ်ငန်းများမှ အစီအစဉ်၏ စွမ်းဆောင်ရည် နှင့် ထိရောက်မှု တို့အား တိုးတက်စေခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၃ | **စီမံချက်အမည်**<br>ရေနှင့် သန့်ရှင်းရေး လုပ်ငန်းများမှ ပိုမို ကျန်းမာသော ရပ်ရွာလူထုများသို့<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>UN–Habitat<br><br>**စီမံချက်ကာလ–**<br>၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်– ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက် (ကုန်ကျစရိတ်မပါဝင်သည့် သက်တမ်းတိုးမြှင့်ခြင်း– NCE)<br><br>**ဘတ်ဂျက်နှင့် အသုံးစရိတ်–**<br>ကန်ဒေါ်လာ ၄,၄၀၀,၀၀၀/ ကန်ဒေါ်လာ ၄,၃၆၈,၆၂၆<br><br>**စီမံချက် ဧရိယာ–**<br>မကွေးတိုင်းတိုင်းဒေသကြီး တွင် ရေစကြိုနှင့် ပခုက္ကူမြို့နယ်များ၊ မန္တလေး တိုင်းဒေသကြီးတွင် မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာနှင့် မလှိုင်မြို့နယ်များ<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | အစီရင်ခံသည့်ကာလအတွင်း ကျေးရွာပေါင်း ၂၂၁ ရွာတွင် စီမံချက် အကောင်အထည်ဖော်ရေး လုပ်ငန်းများအားလုံး ပြီးစီးခဲ့ပြီး ယင်းကျေးရွာများ အနက်မှ ကျေးရွာပေါင်း ၂၀၉ ရွာတွင် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး (WASH) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ရပ်ရွာလူထု အတွက် ပံ့ပိုးပေးရန် ရေအရင်းအမြစ်များ လုံလောက်စွာရှိသည့် ကျေးရွာ ၁၂ ရွာတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ပါသည်။<br><br>စီမံချက်မှ ပြီးစီးအောင်မြင်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –<br><br>» အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (ကျေးရွာ ၂၂၁ ရွာ)၊ အိမ်ထောင်စု ၃၈,၁၃၅ စု/ အမျိုးသား ၈၂,၅၅၅ ဦး/ အမျိုးသမီး ၉၅,၆၁၂ ဦး/ စုစုပေါင်း ၁၇၈,၁၆၇ ဦး<br>» ရေရရှိရေးဆိုင်ရာ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (ကျေးရွာ ၂၀၉ ရွာ)၊ အိမ်ထောင်စု ၃၆,၁၄၀ စု / အမျိုးသား ၇၈,၁၉၀ ဦး/ အမျိုးသမီး ၉၀,၄၆၆ ဦး / စုစုပေါင်း ၁၆၈,၆၅၆ ဦး<br>» ပိုက်ဖြင့်သွယ်တန်းပေးသည့် ရေ ပေးဝေရေးစနစ်ဆိုင်ရာ  အကျိုးခံစား ခွင့်ရှိသူ စုစုပေါင်း (ကျေးရွာ ၁၈၆ ရွာ)၊ အိမ်ထောင်စု ၂၈,၉၂၇ စု/ အမျိုးသား ၆၃,၆၉၅ ဦး/ အမျိုးသမီး ၇၂,၆၉၉ ဦး/ စုစုပေါင်း ၁၃၆,၃၉၄ ဦး<br>» ရပ်ရွာလူထု လုပ်ငန်းစီမံချက် (CAP) အလုပ်ရုံဆွေးနွေးပွဲများအား ကျေးရွာ ၂၂၁ ရွာလုံးတွင် ကျင်းပပြီးစီးခဲ့ပါသည်။ CAP အလုပ်ရုံဆွေးနွေး ပွဲတွင် တက်ရောက်ဆွေးနွေးသူ စုစုပေါင်း ၂၀,၉၄၀ ဦး ရှိပြီး၊ အိမ်ထောင်စုအများစုမှ တစ်ဦးစီတက်ရောက်သဖြင့် ဤအရေအတွက် ဖြစ်သည် (၂၀,၉၄၀) သည် ကျေးရွာ ၂၂၁ ရွာရှိ အိမ်ထောင်စုပေါင်း ၃၈,၁၃၅ ခု၏ ၅၅%နီးပါး တက်ရောက်မှုအား ကိုယ်စားပြုပါသည်။<br>» စုစုပေါင်း ကျေးရွာလုပ်ငန်းကော်မတီ(VWC) ၂၂၁ ဖွဲ့အား အဖွဲ့ဝင် ၁,၇၇၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယင်းတို့အနက်  ၄၅% မှာ အမျိုးသမီးများ ဖြစ်ပါသည်။<br>» စီမံချက် အကောင်အထည်ဖော်သည့် ၄၂–လအတွင်း ကျေးရွာ ၂၂၁ရွာလုံးတွင် HPV ၂,၄၅၄ ဦး ရွေးချယ်ခဲ့ပြီး  သင်တန်းများ ပေးခဲ့ ပါသည်  (NCE တွင် နောက်ထပ် ကျေးရွာ ၉ ရွာတွင် PHAST အစိတ် အပိုင်း မပါဝင်ပါ၊ သို့သော်လည်း စီမံချက်အဖွဲ့မှ အကောင် အထည် ဖော်ဆောင်ရွက်ပေးခဲ့ပါသည်)။ စုစုပေါင်း အရေအတွက်မှ ၁,၅၅၂ဦးမှာ အမျိုးသမီးများ ဖြစ်ကြပါသည်(၆၃ %)။ VWC များ၏ အချို့ အဖွဲ့ဝင်များမှလည်း သင်တန်းများ တက်ရောက်ခဲ့ကြပါသည်။ သို့ဖြစ်၍ စုစု ပေါင်း သင်တန်းဆင်း အရေအတွက် မှာ ၂,၄၉၇ ဦး(အမျိုးသမီး  ၆၄ %) ဖြစ်ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | **စီမံချက်အမည်**<br>မေတ္တာ မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု စီမံချက်<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း<br><br>**စီမံချက်ကာလ–**<br>၂၀၁၇ ခုနှစ် ဧပြီလ – ၂၀၂၀ ခုနှစ် ဇွန်လ<br><br>**ဘတ်ဂျက်နှင့် အသုံးစရိတ်–**<br>ကန်ဒေါ်လာ ၉၉၂,၉၃၅<br><br>**စီမံချက် ဧရိယာ–**<br>မေတ္တာ စီမံချက်ရုံးများ နှင့်တောင်ကြီး/ရှမ်းပြည်နယ် အတွက် လေ့လာသင်ယူရေး ဌာန<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | ဤအစီအစဉ်မှာ မေတ္တာ၏ စွမ်းဆောင်ရည်နှင့် အဖွဲ့အစည်းဆိုင်ရာ အင်္ဂါရပ်များ တိုးမြှင့်ပေးမည်ဖြစ်သော သုတေသန/အကောင်အထည်ဖော်ရေး အင်္ဂါရပ်များ နှင့် စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အင်္ဂါရပ်များ ပါဝင်သည့် LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုများ အနက်မှ တစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်မှ ပြီးစီးအောင်မြင်ရန် ကြိုးပမ်းလျက်ရှိသည့် အကျိုးရလဒ် သုံးခု ရှိပါသည်။ ယင်းတို့မှာ–<br><br>အကျိုးရလဒ် ၁– ရှမ်းပြည်နယ် တောင်ပိုင်းတွင် သုတေသနနှင့် တိုးချဲ့ ပညာပေးရေးတို့အတွက် လေ့လာသင်ယူရေး ဌာန တည်ထောင်ခြင်းမှ တဆင့် ဂေဟစိုက်ပျိုးနည်းနှင့် ဒေသ ဖွံ့ဖြိုးရေး အစီအစဉ်များ နယ်ပယ်တွင် ဒေသခံ အရင်းအမြစ်များ ခိုင်မာ အားကောင်းစေခြင်း။ မေတ္တာမှ ဂေဟစိုက်ပျိုး စနစ်ဆိုင်ရာ အလေ့ကျင့်များနှင့် ဒေသ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ဒေသခံ များ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေမည့် ရပ်ဝန်းတစ်ခု ဖန်တီးတည်ဆောက်ရန် ရည်ရွယ်ပါသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဂေဟ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများ အတွက် လေ့လာသင်ယူရေးဌာနတည်ဆောက်ခြင်းဖြင့် မေတ္တာမှ ရပ်ရွာ လူထု များ မှ တွေ့ကြုံရသည့် စိန်ခေါ်မှုများအတွက် ဂေဟာစနစ်နှင့် ဆိုင်သည့် ဖြေရှင်းနည်းလမ်းများအပေါ် သုတေသန ဆောင်ရွက်နိုင်ပြီး ၊ တွေ့ရှိချက် များအား ဖြန့်ဖြူးနိုင်မည် ဖြစ်ကာ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ ဖြေရှင်းရန် အတွက် ရပ်ရွာ လူထုမှ သင်ယူလေ့လာခဲ့သမျှအား အသုံးချရာတွင် ကူညီပံ့ပိုး ပေးနိုင်ရန်တို့ ဖြစ်ပါသည်။<br><br>အကျိုးရလဒ်–၂– အဖွဲ့အစည်းအတွင်း တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု စနစ်များ အားကောင်းစေခြင်း။ မေတ္တာသည် အဓိကအားဖြင့် ၎င်း၏ အဖွဲ့အစည်းတွင်း ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် အတွက် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှု တည်ဆောက်ခြင်းဖြင့် အဖွဲ့အစည်းတွင်း တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု စနစ်များ ခိုင်မာအားကောင်းစေရန် နှင့် ၎င်း ဘဏ္ဍာရေး စီမံခန့်ခွဲမှု အခြေခံအဆောက်အဦတစ်ခုလုံး ပိုမိုကောင်းမွန်စေရန်နှင့် လူမှုရေး လုပ်ငန်းများ ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း နှင့် အညီ တန်ဖိုးတိုင်းတာရန်အတွက် စောင့်ကြည့်စစ်ဆေး ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည် အား ထည့်သွင်းရန် ယင်း၏ လုပ်ကိုင်နိုင်စွမ်း အား ချဲ့ထွင်ရန် တို့အတွက် ရည်ရွယ်ပါသည်။<br><br>အကျိုးရလဒ် ၃– မေတ္တာ၏ မူဝါဒအဆင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အထောက်အထား အခြေခံ သုတေသန လုပ်ငန်းစဉ်များ အားကောင်းစေခြင်း<br>မေတ္တာနှင့် LIFT တို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုသည် သုတေသနနှင့် စည်းရုံးလှုံ့ဆော်မှုတို့တွင် အလေးထား အာရုံစိုက်မည် ဖြစ်ပါသည်။<br><br>အစီရင်ခံသည့် ကာလအတွက် စိတ်ဝင်စားဖွယ်ရာများ –<br><br>အစီရင်ခံသည့်ကာလအတွင်း မေတ္တာသည် ဂေဟစိုက်ပျိုးရေး စင်တာ တည်ဆောက်ရေး အတွက် ဒီဇိုင်းနှင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ စင်တာတွင် အဆောက်အဦး သုံးလုံး ဆောက်လုပ်ခြင်း လုပ်ငန်းပါဝင်ပြီး အစီရင်ခံသည့် ကာလ အတွင်း ဂေဟစိုက်ပျိုးရေး အဆောက်အဦ ဒီဇိုင်းပုံစံ အထူး ကျွမ်းကျင်သည့် နိုင်ငံသား ဗိသုကာမှ အသေးစိတ် ဒီဇိုင်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ရေး စရိတ်များ တွက်ချက်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ တင်ဒါခေါ်ယူမှုအား ဒီဇင်ဘာလ အစောပိုင်းတွင် စတင်ခဲ့ပြီး တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကုမ္ပဏီသုံးခုအား ရွေးချယ်ခဲ့ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းအား ၂၀၂၀ခုနှစ် ဇန်နဝါရီလ တွင် စတင်မည်ဖြစ်ပြီး ၂၀၂၀ ခုနှစ် ဇွန်လတွင် ပြီးစီးရန် ရည်ရွယ်ထားပါသည်။<br><br>မေတ္တာသည် MEAL မူဘောင် ရေးဆွဲ အကောင်အထည်ဖော်ခြင်းနှင့် M&Eဝန်ထမ်းများ၏ စွမ်းဆောင်ရည်တို့အား တည်ဆောက်ခြင်းတို့ဖြင့် အဖွဲ့အစည်းအတွင်း M&E စနစ်များ ခိုင်မာအားကောင်းစေရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ပြင်ပအတိုင်ပင်ခံ တစ်ဦးမှ ဘဏ္ဍာရေး စနစ် ဆန်းစစ်အကဲဖြတ်ခြင်းအား ဆောင်ရွက်ခဲ့ပြီး မေတ္တာ၏ ဘဏ္ဍာရေး အဖွဲ့သည့် အထောက်အကူပြု ဆော့ဖ်ဝဲ ဖြစ်သည့် Vendor နှင့် အတိုင်ပင်ခံတို့၏ အကူအညီဖြင့် စနစ် ဖွံ့ဖြိုး တိုးတက်မှု အား ထပ်မံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းမှ အဖွဲ့အစည်းတစ်ခုလုံးတွင် တူညီသည့် ဘဏ္ဍာရေးစနစ်ကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၅ | **စီမံချက်အမည်**<br>တောင်ပေါ်ဒေသ စားနပ်ရိက္ခာ ဖူလုံခြင်းနှင့် ဈေးကွက်ဝင်ရောက်ခြင်း (UFS–PM)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–** မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း<br><br>**စီမံချက်ကာလ–**<br>၂၀၁၆ခုနှစ် ဇွန်လ – ၂၀၂၀ ခုနှစ် ဧပြီလ<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၂,၁၂၃,၁၆၈<br><br>**စီမံချက် ဧရိယာ–**<br>မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက် (ကချင်ပြည်နယ်)၊ နမ္မတူ နှင့် လားရှိုး မြို့နယ်များ (ရှမ်းပြည်နယ် မြောက်ပိုင်း)<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | UFS–PM စီမံချက် တွင် အဓိက အစိတ်အပိုင်း နှစ်ခု ပါရှိပါသည် –<br><br>» ဆီထွက်သီးနှံ (အထူးသဖြင့် မုန်ညင်းနှင့် မြေပဲဆီ) တန်ဖိုးမြှင့် ကွင်းဆက်များ ဖွံ့ဖြိုး တိုးတက်စေခြင်း၊<br>» ပြည်သူပါဝင်သည့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲခြင်း နှင့် ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့် လက်မှတ် တို့ မှတဆင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု (NRM)<br><br>အစီရင်ခံသည့် ကာလအတွင်း အောက်ပါ စီမံချက် လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ပြီး ပြီးစီးခဲ့ပါသည် –<br><br>» ၂၀၁၇ ခုနှစ်တွင် တည်ဆောက်တပ်ဆင်ခဲ့သည့် ဆီ စက် ခြောက်ခု အား ပူးတွဲ ပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲမှုတို့အတွက် အစုအဖွဲ့ စီမံခန့်ခွဲမှု ကော်မတီ (CMC) ၆ ခု (ကချင်တွင် ၄ ခုနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၂ ခု) တည်ထောင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ထုတ်လုပ်သူအုပ်စု (PG) များ မှ ပါဝင်လာသည့် သူများနှင့် ဖွဲ့စည်း ထားသည့် ဒါရိုက်တာအဖွဲ့ (BOD)အား တည်ဆောက်ပေးခြင်းမှတဆင့် CMC ၏ ဖွဲ့စည်းပုံအား ပြင်ဆင်ခဲ့ပါ သည်။<br>» ဆီစက် ခြောက်ခု အတွက် စီးပွားရေး လုပ်ငန်းစီမံချက်များ ရေးဆွဲ ပြီးစီး ခဲ့ပါသည်။<br>» ဆီစက် ခြောက်ခု အတွက် လုပ်ငန်းစတင်ရန် ရန်ပုံငွေများ ပေးအပ်ခဲ့ပြီး စုစုပေါင်း ပမာဏမှာ ကျပ် သန်း ၁၀၀ ဖြစ်ပါသည်။ စက်ရုံများ အတွက် လုပ်ငန်း စတင်ရန် ရန်ပုံငွေ ပံ့ပိုးမှုများမှာ မတည်ရင်းနှီးငွေ ပမာဏ နှင့် ရှယ်ယာရှင် အရေအတွက်တို့ ပေါ်တွင် မူတည်၍ တစ်စက်နှင့် တစ်စက် အနည်းငယ် ကွာခြားမှု ရှိပါသည်။<br>» ဆီလုပ်ငန်းတွင် တောင်သူများမှ ရင်းနှီးမြှုပ်နှံထားသည့် ရှယ်ယာ ပမာဏ စုစုပေါင်း မှာ ကျပ် ၅၆,၆၅၀,၀၀၀<br>» NRM ကျေးရွာ ၂၆ ရွာတွင် ၁၉ ရွာ (ကချင် ၉၊ ရှမ်းပြည်နယ် မြောက်ပိုင်း ၁၀) တို့တွင် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တော (CF) တည်ထောင် ရန် အတွက် သစ်တော အသုံးပြုသူအဖွဲ့ (FUG)များ ဖွဲ့စည်းခဲ့ပါသည်။ 893 FUG အဖွဲ့ဝင် စုစုပေါင်း ၈၉၃ ဦး (ကျား ၆၀၃၊ မ ၂၉၀ – ၃၂.၅%) တို့မှ အဖွဲ့ဝင် ၁၁၁ ဦးနှင့် CF စီမံခန့်ခွဲမှုကော်မတီ (ကျား ၈၀၊ မ ၃၁ – ၂၇.၉% ) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ စီမံချက် ဒုတိယနှစ် အစီရင်ခံ သည့် ကာလတွင် စုစုပေါင်း ၅,၄၃၂ ဧက (ကချင် ၂,၉၉၆၊ ရှမ်းပြည် မြောက်ပိုင်း – ၂,၄၃၆) အား CF အဖြစ် သတ်မှတ်ရန် စဉ်းစားဆဲ ဖြစ်ပါသည်။<br>» ရှမ်းပြည်နယ် မြောက်ပိုင်းမှာ CF FUG နှစ်ခု တို့ CF တည်ထောင်ခွင့် လက်မှတ် ရရှိ ခဲ့ပါသည်။<br>» BoD နှင့် CMC များအတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း အစီအစဉ်အား စွန့်ဦး တီထွင် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဈေးကွက် တင်မှုတို့ ခိုင်မာအားကောင်းစေခြင်း တို့အပေါ် အလေးပေး၍ ဆောင် ရွက် ပေးခဲ့ပါသည်။<br>» ကချင် ပြည်နယ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့် လက်မှတ် အား ခွင့်ပြုပေးခဲ့ပါသည်။ ယင်း CF တည်ထောင် ခွင့် လက်မှတ်တွင် မြေယာ ဧက ၄၀၀ ပါဝင်ပါသည်။<br>» ရှမ်းပြည်နယ် မြောက်ပိုင်းတွင် CF ကွန်ရက် အုပ်စုအား ဖွဲ့စည်းခဲ့ ပါသည်။<br>» CF တည်ထောင်ခွင့် လက်မှတ် များဆိုင်ရာ ကိစ္စရပ်များနှင့် စိန်ခေါ်မှုများအား ရှာဖွေ ဖော်ထုတ်နိုင်ရန် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင် CF အုပ်စုများ နှင့် သက်ဆိုင်ရာ အစိုးရ ဌာနများကြား ဆွေးနွေးမှုများအား ကူညီဆောင်ရွက် ပေးခဲ့ပါသည်။<br>» စီမံချက်မှ မြစ်ကြီးနားတွင် အော်ဂဲနစ်ထုတ်ကုန်များ ရောင်းချသည့် ဆီဆိုင်ခွဲ တစ်ခု ဖွင့်ပေးခဲ့ပါသည်။<br>» ဆီစက်ခြောက်စက်လုံးအတွက် ထုတ်လုပ်သူအုပ်စုများ၊ BoD နှင့် CMC တို့ ၏ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုတို့တွင် စဉ်ဆက် မပြတ် လမ်းညွှန်မှု ပေးခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၆ | **စီမံချက်အမည်**<br>ပြင်စလူ မြို့နယ်ခွဲအတွင်း အခြား နည်းလမ်းဖြင့် ဝင်ငွေ ရရှိအောင် ဖန်တီးနိုင်သည့် လုပ်ငန်းများ မှတဆင့် မြေယာမဲ့ အိမ်ထောင်စုများ၏ အသက်မွေးမှု နှင့် ရိက္ခာ ဖူလုံမှု ရရှိစေရန် ထောက်ပံ့ခြင်း<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>Link Emergency Aid and Development (LEAD)<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၄၀၇,၃၀၅<br><br>**စီမံချက်ကာလ–**<br>၂၀၁၆ ခုနှစ် ဧပြီလ – ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်း ခဲ့ပြီး ဖြစ်ပါသည်။ | စီမံချက်မှ ဝင်ငွေရလမ်း အမျိုးမျိုး အား မြှင့်တင်ပေးခြင်းဖြင့် အဓိကအားဖြင့် ကျေးလက်မှ လယ်ယာပြင်ပ စီးပွားရေးတွင် အသက်မွေးမှု ဆိုင်ရာ ကူညီ ထောက်ပံ့မှုအား ပံ့ပိုးပေးပါသည်။ ယင်းအား အသေးစား စီးပွားရေး လုပ်ငန်း များအား ထောက်ပံ့ပေးခြင်း နှင့် အားကောင်းပြီး ရေရှည်တည်တံ့သည့် ကျေးရွာလည်ပတ် ရန်ပုံငွေ(VRF) ထူထောင်ပေးခြင်း တို့ဖြင့် ရယူနိုင်မည် ဖြစ်ပါသည်။<br><br>စီမံချက် ၏ အကျိုးသက်ရောက်မှုတွင် အောက်ပါတို့ ပါဝင်ပါသည်–<br><br>» စီမံချက် ကျေးရွာ ၂၆ ရွာတွင် ကျေးရွာ လည်ပတ် ရန်ပုံငွေ (VRF) ကော်မတီ ၂၆ ဖွဲ့ တည်ထောင်ခဲ့ပါသည်။ LEAD မှ VRF ကော်မတီ အဖွဲ့ဝင် များအား စာရင်းရေးသွင်းခြင်း ပညာ၊ စာရင်းကိုင် ပညာ နှင့် စီမံ ခန့်ခွဲမှု ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ ပါဝင်သည့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုအား ပေးခဲ့ပါသည်။<br>» အိမ်ထောင်စုများအနေဖြင့် စီးပွားရေး လုပ်ငန်းငယ်များ အကောင်အထည် ဖော်နိုင်ရန် VRF အစီအစဉ်မှ တဆင့် အသေးစားစီမံချက် ၁,၂၇၅ ခု ပံ့ပိုးပေးခဲ့ပါသည်။<br>» အကျိုးခံစားခွင့်ရှိသူ ၃,၇၅၇ ဦးအား နည်းပညာနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဆိုင်ရာ သင်တန်းများ ပေးခဲ့ပါသည်။<br>» စီမံချက်မှ ကျေးရွာပေါင်း ၂၆ ရွာတွင် VRF လုပ်ငန်းများ စီမံ ခန့်ခွဲရန်အတွက် LEAD ၏ တာဝန်များအား လွှဲပြောင်းယူမည့် “မျှား” ဟု အမည်ရသည့် CSO အဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းပေးခဲ့ပါသည်။ |
| ၇ | **စီမံချက်အမည်**<br>ဧရာဝတီရေဝပ်ဒေသရှိ သယံဇာတများအား စုပေါင်းစီမံခန့်ခွဲမှု မြှင့်တင်ရေးစီမံကိန်း<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–** ပေါင်းစု လုပ်အားအကူအညီပေးရေးအဖွဲ့ (NAG)<br><br>ဘတ်ဂျက်<br>ကန်ဒေါ်လာ ၁,၀၂၄,၆၅၁<br><br>**စီမံချက်ကာလ–**<br>၂၀၁၇ ခုနှစ် မေလ – ၂၀၂၀ ခုနှစ် ဇန်နဝါရီလ<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | စီမံချက်၏ ပန်းတိုင်မှာ ဧရာဝတီတိုင်းဒေသကြီး ရေဝပ်ဒေသရှိ သယံဇာတ များအား စုပေါင်းစီမံခန့်ခွဲမှု မြှင့်တင်ရေး ဖြစ်ပါသည်။ စီမံချက် တွင် အောက်ပါတို့ပါဝင်သည် အကျိုးရလဒ် လေးခု ရှိပါသည်–<br><br>» ငါးလုပ်ငန်း စုပေါင်း စီမံခန့်ခွဲမှုတွင် ရပ်ရွာလူထုများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊<br>» သဘာဝ သယံဇာတများအား ရပ်ရွာလူထု မှ လက်လှမ်းမီ မှု အား ကူညီ ပံ့ပိုးပေးရန် နှင့် သဘာဝ သယံဇာတများအား ထိန်းသိမ်း စောင့်ရှောက် ရန် အတည်ပြုထားသည့် ဥပဒေ မူဘောင်<br>» အစိုးရ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှု ပိုမို တိုးတက် ကောင်းမွန်စေရန် နှင့်<br>» ထိရောက်သည့် ငါးလုပ်ငန်း မိတ်ဖက်ပြုမှုများ နှင့် ကွန်ရက်များ တည်ထောင်ခြင်း<br><br>အစီရင်ခံသည့် ကာလအတွင်း ပြီးစီးအောင်မြင်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်–<br><br>» NAG သည် ဧရာဝတီတိုင်းဒေသကြီး ရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်မှ ကျေးရွာပေါင်း ၁၈၅ ရွာတွင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ NAG မှ ကျေးရွာ အစုအဖွဲ့ အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင် အဆင့် နှင့် တိုင်းဒေသကြီးအဆင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (FDA) များ ဖွဲ့စည်းနိုင်စေရန် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။<br>» ဧရာဝတီတိုင်းဒေသကြီးတွင် လေလံတင်ရန် (သို့) ခွဲဝေအသုံးချရန် စုစုပေါင်း ၁,၇၇၇အင်း ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းတို့အနက်မှာ ၄၈၇ အင်း အား ရပ်ရွာလူထု အုပ်စုများအတွက် သတ်မှတ်ပေး နိုင်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး ရေလုပ်သားများ ကွန်ရက် (ARFN) နှင့် NAG မှ ရေလုပ်သားများ ငါးဖမ်းခွင့် လျှောက်ထားရာတွင် ကူညီပေးခဲ့ပြီး ၂၀၁၉/ ၂၀၂၀ လေလံရာသီတွင် ရပ်ရွာလူထု အဖွဲ့အစည်းများအတွက် ငါးဖမ်း လုပ်ကွက် ပေါင်း ၁၆၆ ကွက် ကို အပ်နှင်းရာတွင် ကူညီ ပေးနိုင်ခဲ့ပါသည်။<br>» NAG ၏ ကူညီဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီး လွှတ်တော်မှ ဧရာဝတီ ရေချိုငါး လုပ်ငန်း ဥပဒေ နှင့် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ အသစ် ( ၂၀၁၉ခုနှစ် ဧပြီလ) တို့အား အတည်ပြု ပေးခဲ့ပါသည်။<br>» NAG ၏ GIS အဖွဲ့မှ ငါးလုပ်ငန်းဦးစီးဌာန၏ အပြည့်အဝ ပူးပေါင်းကူညီမှုဖြင့် ပန်းတနော် မြို့နယ်တွင် ၂၈၂ အင်း (ငါးဖမ်း ဧရိယာ) အား မြေပုံထုတ်ပေးခဲ့ပါသည်။ NAG ၏ စည်းရုံးလှုံ့ဆော်မှုရလဒ်အဖြစ် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဧရာဝတီတိုင်း ဒေသကြီး အတွင်း အင်းများ တိုင်းတာ မြေပုံထုတ်နိုင်ရန် ၂၀၁၉/၂၀၂၀ ခုနှစ် အတွက် ဘတ်ဂျက်တွင် ထည့်သွင်း ရေးဆွဲခဲ့ပါသည်။<br>» NAG မှ ဦးတည်ရည်ရွယ်သည့် မြို့နယ် ၁၉ မြို့နယ်တွင် ငါး သယံဇာတ ထိန်းသိမ်းရေး ဧရိယာ ၁၇ ခု (စုစုပေါင်း ၂၈ ခု) ပံ့ပိုးပေးခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၈ | **စီမံချက် အမည်**<br>စွန့်လွှတ်မြေပြန်လည်ချထားရေးနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းအသုံးပြုခြင်း မရှိသည့် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ပြန်လည်နေရာချထားခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (REAL DEV)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>NAG၊ LCG၊ CDE<br><br>**စီမံချက်ကာလ–**<br>၂၀၁၉ ခုနှစ် အောက်တိုဘာလ – ၂၀၂၂ ခုနှစ် စက်တင်ဘာလ<br><br>**စီမံချက် ဧရိယာ–**<br>မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၂,၉၇၀,၈၆၂<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | REAL DEV စီမံချက် သည် လက်ရှိတွင် စီမံချက်စတင်သည့် အဆင့်တွင် ရှိပါသည်။ စီမံချက်တွင် အဓိက ရည်မှန်းချက်များနှင့် အကျိုးရလဒ်များ ၅ခု ရှိပါသည် –<br><br>» ပွင့်လင်းမြင်သာပြီး ပဋိပက္ခ အလေးထား မူဝါဒများအပေါ် အခြေခံ၍ မြေယာ လုပ်ပိုင်ခွင့် ပြန်လည်လွှဲပြောင်းရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ် ပိုမို ကောင်းမွန်စေခြင်း<br>» လုပ်ကွက်ငယ်တောင်သူများ၏ မြေယာ အခွင့်အရေးများ အသိ အမှတ်ပြုခြင်း နှင့် အသုံးမပြုသည့် သိမ်းဆည်းမြေ ရှိသည့် ဒေသများတွင် မြေယာမဲ့များအား မြေယာ ပြန်လည်ခွဲဝေပေးခြင်း အတွက် ပွင့်လင်းမြင်သာသည့်၊ အားလုံး ပါဝင်သည့်၊ ပါဝင် ဆောင်ရွက် သည့် လုပ်ငန်းစဉ် ပိုမိုကောင်းမွန်စေခြင်း<br>» ပိုမို စွမ်းရည်မြင့်သော ရာသီဥတုနှင့် သဟဇာတရှိသည့် တန်ဖိုးမြှင့် ကွင်းဆက်များ နှင့် ဝန်ဆောင်မှုများနှင့် ချိတ်ဆက်မှုများမှ တဆင့် ကျေးလက်နေ တောင်သူများ၏ စိုက်ပျိုးကုန်ထုတ်လုပ်ငန်း အဆင့်မြှင့် တင်ခြင်း<br>» ပိုမို ဘေးကင်းလုံခြုံသည့် မြေယာလက်လှမ်းမီမှု နှင့် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ကြောင့် ထိခိုက်မှု နည်းပါး သက်သာစေခြင်း တို့မှတဆင့် ကျေးလက်နေ တောင်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြင့်စေခြင်း<br>» လုပ်ကွက်ငယ် တောင်သူများ ၏ မြေယာအခွင့်အရေးများအား အသိ အမှတ်ပြုခြင်း နှင့် မြေယာမဲ့များအား မြေယာ ပြန်လည် ခွဲဝေချ ထား ပေးခြင်း တို့ဆိုင်ရာ မူဝါဒများ ပိုမို ကောင်းမွန်တိုးတက် လာခဲ့ကြောင်း အသိအမြင်များနှင့် အထောက်အထားများအား ဖော်ထုတ်ခြင်း<br>» အစီရင်ခံသည့် ကာလအတွင်း အောက်ပါ အဓိက လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ပါသည် –<br>» REAL DEV အဖွဲ့ အတွက် ဝန်ထမ်း ခေါ်ယူခန့်ထားခြင်း လုပ်ငန်းစဉ် အပြီးသတ်ခဲ့ပါသည်။ မင်းလှတွင် မြို့နယ်ရုံးခွဲ တစ်ခု ဖွင့်လှစ်ခဲ့ပါသည်။<br>» အဖွဲ့မှ မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်နွယ်နေသည့် ဌာနများ နှင့် တွေ့ဆုံခဲ့ပြီး စီမံချက်အား မိတ်ဆက်ပေးခဲ့ပါသည်။<br>» ယာယီ စီမံချက် ဦးဆောင်ကော်မတီ အား ဖွဲ့စည်းခဲ့ပြီး မကွေးတိုင်း ဒေသကြီး စိုက်ပျိုးရေး ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ |
| ၉ | **စီမံချက်အမည်**<br>လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းကျွမ်းကျင်မှု အလုပ်အကိုင် တို့ဖြင့် ဝင်ငွေတိုးစေခြင်း (LLM)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>Swisscontact ၊ အရုဏ်ဦး တို့နှင့် မိတ်ဖက်ပြုထားသည့် Mercy Corps<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၅,၁၈၈,၁၉၇<br><br>**စီမံချက်ကာလ–**<br>၂၀၁၅ ခုနှစ် အောက်တိုဘာလ – ၂၀၂၀ ခုနှစ် ဇွန်လ<br><br>**စီမံချက် ဧရိယာ–**<br>လပွတ္တာ၊ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသ<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | စီမံချက်တွင် အစိတ်အပိုင်း နှစ်ခု ပါဝင်ပါသည်။ အစိတ်အပိုင်း တစ်ခု သည် လယ်ယာ ကုန်ထုတ်လုပ်သူများအဖွဲ့အား သွင်းအားစု ဖြည့်တင်းပေးခြင်း၊ လယ်ယာသုံး ကရိယာ ငှားရမ်းခြင်းနှင့် အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူခြင်း၊ ချေးငွေရယူခြင်း နှင့် ဆန်စက် ပိုင်ရှင်များနှင့် အကျိုးတူ လယ်ယာစနစ် လုပ်ကိုင်ခြင်း တို့အပါအဝင် ဝန်ဆောင်မှု ပေးအပ်ခြင်း တွင် ကူညီပံ့ပိုး ပေးရန်တို့ အတွက် အာရုံစိုက်ပါသည်။ အစိတ်အပိုင်း နှစ် မှ အသက်မွေးမှု၊ စီးပွားရေး လုပ်ငန်း နှင့် ဘဝတွက်တာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှု နှင့် ရန်ကုန်အခြေစိုက် အလုပ်ရှင်များ နှင့် ချိတ်ဆက်မှုများ အပါအဝင် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ မှ တဆင့် မြေယာမဲ့ အိမ်ထောင်စု များအား ဦးတည်ပါသည်။<br><br>၂၀၁၉ ခုနှစ် အတွက် စိတ်ဝင်စားဖွယ်ရာများ –<br><br>» FPE များတွင် လက်ရှိတွင် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ နှင့် NGO များ အတွက် နည်းပညာသင်တန်းများ ညှိနှိုင်းဆောင်ရွက် ရန် နှင့် လိုအပ်သည့် သွင်းအားစုများ သတ်မှတ်ဖော်ထုတ်ရန် ၊ သွင်းအားစု ဖြန့်ဖြူးခြင်းအား ကြီးကြပ်ခြင်း နှင့် အဖွဲ့ဝင်များ အနေဖြင့် သွင်းအားစု များ အား မှန်ကန်စွာ အသုံးပြုနေခြင်း ရှိ၊ မရှိ စောင့်ကြည့် စစ်ဆေးခြင်းတို့ဖြင့် ကူညီပံ့ပိုးပေးရန်တို့အတွက် သီးသန့်ရည်ရွယ်သည့် သွင်းအားစု ဖြည့်တင်းရေး နှင့် သင်တန်း မန်နေဂျာ ၁၁၃ ဦးအား FPE (၇၇)ဖွဲ့တွင် တွဲဖက်ထားရှိပေးခဲ့ပါသည်။ FPE များ ဖွဲ့စည်းခြင်း နှင့် အထက်ဖော်ပြပါ လုပ်ငန်းများ( ဆိုလိုသည်မှာ သွင်းအားစု လက်လှမ်းမီ မှုနှင့် ဖြန့်ဖြူးမှု စသဖြင့်) တို့မှတဆင့် စီမံချက်မှ စုစုပေါင်း တန်ဖိုး ကန်ဒေါ်လာ ၅၈၉,၆၅၅ ဖန်တီးခဲ့ပါသည်။<br>» ပူးပေါင်း ပိုင်ဆိုင်သည့် စနစ်အား မိတ်ဆက်ပေးခြင်းမှ FPE ၄၇ ခုတို့တွင် စိတ်ဝင်စားမှုများ တိုးပွားလာစေခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ပထမ နှစ်ဝက် တွင် FPE ၂၄ ခုတို့သည် မတည်ရင်းနှီးငွေ ထပ်မံရရှိစေရန် အတွက် ၎င်းတို့၏ ရှယ်ယာများအား ထုတ်ရောင်းခဲ့ ပါသည်။ FPE အဖွဲ့ဝင် စုစုပေါင်း ၅၈၄ ဦးမှ ကျပ်ငွေ ၃၄,၄၈၀,၀၀၀ (ကန်ဒေါ်လာ ၂၂,၅၀၀) ထည့်ဝင်ခြင်းဖြင့် ဖြစ်စဉ်တွင် ပါဝင်လာခဲ့ပါသည်။<br>» Mercy Corps နှင့် အရုဏ်ဦး တို့မှ အဆိုပါ FPE များ ၏ သွင်းအားစုများ စုပေါင်း ဝယ်ယူခြင်း နှင့် အကျိုးတူ လယ်ယာ လုပ်ငန်း ညှိနှိုင်း ဆွေးနွေး ရာတွင်နှင့်ကြီးကြပ် ထိန်းကျောင်းပေးရာတွင် ကူညီပေး လျက်ရှိသည့် FPE အသင်း (စုပေါင်းရော) နှင့် ပူးပေါင်း လက်တွဲ၍ အဆိုပါ FPE များ၏ ၎င်းတို့ မတည်ရင်းနှီးငွေ နှင့် ရင်းနှီးမြှုပ်နှံမှုများအား စီမံခန့်ခွဲမှုတွင် စွမ်းဆောင်ရည် တည်ဆောက်ရေး ကူညီပံ့ပိုးမှု အား ပေးအပ်ရန် ဆက်လက်လုပ်ဆောင် ခဲ့ပါသည်။ |

| စဉ် | IPၢ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | | » Mercy Corps မှ Global World Insurance (GWI) ၏ သီးနှံ အာမခံ ဖော်ဆောင်ရေး ဆိုင်ရာ ရှေ့ပြေးစမ်းသပ် စီမံချက်တစ်ခု ဆောင်ရွက်ခဲ့ ပါသည်။ အဆိုပါ ပူးပေါင်း ဆောင်ရွက်မှု သည် ပိုမို ကောင်းမွန် သည့် GWI သီးနှံ အာမခံ ဝန်ဆောင်မှု မော်ဒယ်လ် ပုံစံဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများ စူးစမ်းရှာဖွေ လျက် သီးနှံ အာမခံခြင်း အား မူဝါဒ ရေးရာ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းဖြစ်လာစေရန် အတွက် အာရုံစိုက် ပါသည်။<br>» Mercy Corps နှင့် ဥပမာ  AgriPro Focus၊ ICCO၊ Myanmar Rice Federation စသဖြင့် တို့ကဲ့သို့ အခြား ဖွံ့ဖြိုးရေး မိတ်ဖက်များ မှ သီးနှံ အာမခံမှု အပြင် မွေးမြူရေးနှင့် အခြား စိုက်ပျိုးရေး အာမခံ ဝန်ဆောင်မှု များ ပါ လွှမ်းခြုံမည့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး အာမခံ ဥပဒေ ဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။<br>» ၂၀၁၈/၁၉ နွေရာသီတွင် Golden Sunland နှင့် အကျိုးတူလယ်ယာ ဆက်လက် ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ ကုန်သည်များ/ စက်ပိုင်ရှင် များ နှင့် ပူးပေါင်း ဆောင်ရွက်မှု  ဆက်လက် တိုးချဲ့ခဲ့ပါသည်။  ၂၀၁၉ ခုနှစ်တွင် အကျိုးတူလယ်ယာ လုပ်ငန်း ဆောင်ရွက်သည့် စပါး ဝယ်ယူသူ ၇ ဦး နှင့် အကျိုးတူ လယ်ယာ စပါးခင်း စုစုပေါင်း ၂,၂၇၇ ဧက  (၂၀၁၉ ခုနှစ် မိုးရာသီ နှင့် ၂၀၁၉/၂၀၂၀ နွေရာသီများ) အား ပူးပေါင်း လုပ်ကိုင်ခဲ့ပြီး  အကျိုးတူ လုပ်ကိုင်ခဲ့သည့် စပါး တန်ဖိုး စုစုပေါင်း ကန် ဒေါ်လာ ၉၃၃,၁၂၀ နီးပါး ရှိပါသည်။<br>» Golden Sunland သည် ဩဘာ (သွင်းအားစု ကုမ္ပဏီ) နှင့် Village Link (စိုက်ပျိုးရေး နည်းပညာ ဖြေရှင်းနည်းလမ်း ပံ့ပိုးသည့် လုပ်ငန်း) တို့နှင့် လက်ရှိ မိတ်ဖက်ပြု ထားသည့်အပြင် Fintech – Daung Capital  နှင့် နွေရာသီ အတွက် တန်ဖိုးမြှင့် ကွင်းဆက် ငွေကြေးပံ့ပိုးမှု မိတ်ဖက် ပြုမှုအသစ် ထပ်မံ တည်ဆောက်ခဲ့ပါသည်။<br>» မြေယာမဲ့ ၇၁၇ ဦးတို့ ကျွမ်းကျင်မှု သင်တန်း ပြီးစီးအောင်မြင်ခဲ့ပြီး LLM စီမံချက် စတင်ခဲ့သည့် အချိန်မှ စ၍ သင်တန်းပြီးဆုံးအောင် တက်ရောက် သူ ၁,၆၈၁ ဦး (အမျိုးသမီး ၅၀၇ ဦး) ရှိခဲ့ပါသည်။ အဆိုပါ သင်တန်းဆင်း  ၁,၆၈၁  ဦး အနက် ၇၉% ဦးမှာ လက်ရှိ အလုပ်အကိုင် ရှိခဲ့ပြီး ဖြစ်ပါ သည်။ LLM နှင့် ချိတ်ဆက်ထားသည့် အလုပ်ရှင် အရေအတွက်မှာ ၂၀၁၉ ခုနှစ်အကုန် တွင် ၁၂၆ ဦး အထိ တိုးပွား လာခဲ့ ပါသည်။<br>» ၂၀၁၉ ခုနှစ် ပထမ သုံးလအတွင်း ပုသိမ်မြို့တွင် နှစ်စဉ် အလုပ်အကိုင် ပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အခမ်းအနားတွင် စုစုပေါင်း ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်း ၂၇ ခု မှ တက်ရောက်ခဲ့သည့် LLM သင်တန်း ဆင်း ၁၇၈ဦး ပါဝင်ခဲ့ပါသည်။ LLM သင်တန်းဆင်း ၇၂ ဦး တို့အား အလုပ်အကိုင်ခန့်ထားခဲ့ပြီး လပွတ္တာ ရှိ နယ်စပ်ရေးရာ ဝန်ကြီးဌာန သင်တန်းကျောင်းမှ သင်တန်းဆင်း နောက်ထပ် ၇ ဦး တို့ ရန်ကုန် အခြေစိုက် လုပ်ငန်းများနှင့် အလုပ် ခန့်ထားမှု စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။<br>» ဒေသခံ CSO မိတ်ဖက်အဖွဲ့အစည်း နှစ်ခုဖြစ်သည့် စွမ်းဆောင်ရှင် နှင့် ပင်လယ်ပြာ နှင့် လပွတ္တာ ရှိ အစိုးရ အသက်မွေးမှု သင်တန်းကျောင်း  တို့အတွက် စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန် ဆောင်ရွက် ခဲ့ပါသည်။<br>» LLM ၏ မိတ်ဖက်ပြုထားသည့် CSO နှစ်ခုနှင့် နောက်ထပ် အဆင့်သစ် တစ်ခုသို့ တက်လှမ်းခဲ့ပါသည်။ CSO အဖွဲ့နှစ်ခုလုံးသည် LLM  အဖွဲ့မှ ကြီးကြပ်မှု နှင့်ကူညီ ဆောင်ရွက်မှု တို့သာ ဆောင်ရွက်ပေးသည့် LLM ဆောက်လုပ်ရေးနှင့် စက်ပြင် ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ လွတ်လပ်စွာ ပို့ချခဲ့ပါသည်။ အနာဂတ် အလုပ်အကိုင် ချိတ်ဆက်မှုများ အတွက် CSO များနှင့် ရန်ကုန် အခြေစိုက် လုပ်ငန်း များကြား ချိတ်ဆက်မှုများ တည်ဆောက်ခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၀ | **စီမံချက်အမည်**<br>စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာ လုပ်ငန်း ဝန်ဆောင်မှု (AIFS)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက် –**<br>International Fertilizer Development Center (IFDC)<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၆,၂၅၆,၅၆၅<br><br>**စီမံချက်ကာလ–**<br>၂၀၁၅ ခုနှစ် ဒီဇင်ဘာလ – ၂၀၂၀ ခုနှစ် အောက်တိုဘာလ<br><br>**စီမံချက် ဧရိယာ–**<br>အပူပိုင်းဇုန် အလယ်ပိုင်း၊ ကရင်နှင့် ကယား<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | AIFS စီမံချက်၏ ယေဘုယျ ရည်ရွယ်ချက်မှာ တောင်သူ သင်တန်းများ၊ စံပြစိုက်ခင်းများနှင့် တောင်သူကွင်းဆင်းနေ့များ အတူပူးပေါင်း ကျင်းပနိုင် စေရန် DOA နှင့် စိုက်ပျိုးရေး သွင်းအားစု နှင့်ဝန်ဆောင်မှု ပံ့ပိုးပေးသူ (ISP) များကြား ကွန်ရက်များ ခိုင်မာအားကောင်း စေခြင်းဖြင့် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေတိုးစေရန်ဖြစ်ပါသည်။ ထပ်မံ၍ ISP များ၏ လုပ်ငန်း ကျွမ်းကျင်မှုများနှင့် အတူ စိုက်ပျိုးရေးသုံး ဆေးများ အသုံးပြုရာတွင် ကျွမ်းကျင်မှု နှင့် အသိအမြင် ခိုင်မာအားကောင်း စေခြင်းဖြင့် ISP များ အနေဖြင့်ဝန်ဆောင်မှု ရယူသူများ အတွက် အကြံဉာဏ်နှင့် ဝန်ဆောင်မှုများ ပေးနိုင်သည့် အပြင် ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက် စေနိုင်မည် ဖြစ်သည်။<br><br>အပူပိုင်းဇုန် စီမံချက်<br>စီမံချက်မှ ၂၀၁၆ ခုနှစ် မှ ၂၀၁၉ နှစ်အတွင်း အပူပိုင်းဇုန်တွင် အရည်အသွေးကောင်းမွန် သည့် သွင်းအားစု အသုံးပြုခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် သတင်းအချက်အလက် တို့အား လက်လှမ်းမီ ရယူနိုင်ခြင်း၊ သီးနှံအထွက်နှုန်း ကျဆင်းခြင်းကြောင့် အားနည်း ထိခိုက်လွယ်မှုကို လျော့ကျ စေခြင်း တို့မှတဆင့် လုပ်ကွက်ငယ် တောင်သူ၃၁,၀၀၀ ကျော် အတွက် ဝင်ငွေများနှင့် ထုတ်လုပ်မှုများ တိုးတက်ခြင်းများ ရှိသော်လည်း အပူပိုင်း ဇုန်တွင် ISP ၅၅ ဖွဲ့၏ ကွန်ရက်များ ခိုင်မာအားကောင်းစေခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး သွင်းအားစု ကဏ္ဍ အား ကူညီပံ့ပိုး ပေးခဲ့ပါသည်။<br><br>တောင်တန်းဒေသ စီမံချက်<br>အပူပိုင်းဇုန်တွင် ရရှိခဲ့သည့် အောင်မြင်မှုများအား ဆက်လက် သယ်ဆောင်၍ IFDC မှ ၂၀၁၉ ခုနှစ်တွင် စီမံချက် လုပ်ငန်းများအား မြို့နယ် အသစ် ငါး မြို့နယ် ဖြစ်သည့် ကယားပြည်နယ် (လွိုင်ကော် မြို့နယ်နှင့် ဒီမောဆို မြို့နယ်) နှင့် ကရင်ပြည်နယ်တွင် (ဖားအံ မြို့နယ်၊ ကော့ကရိတ်မြို့နယ် နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်) နှင့် တို့တွင် စီမံချက် လုပ်ငန်းများ တိုးချဲ့ခဲ့ ပါသည်။ ဝင်ငွေနည်းပါးသည့် လုပ်ကွက်ငယ်တောင်သူများနှင့် ISP များအား ကူညီပံ့ပိုးပေးရန်အတွက် တောင်သူသင်တန်းများ၊ စံပြစိုက်ခင်းများ၊ တောင်သူ ကွင်းဆင်းနေ့များ နှင့် ISP များ၏ စီးပွားရေး မြှင့်တင်မှုဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ အတွက် စရိတ်မျှပေးသည့် ထောက်ပံ့မှုရန်ပုံငွေ မော်ဒယ်လ်တို့အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ISP များ၏ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ စိုက်ပျိုးရေးသုံး ဆေးများ အသုံးပြုမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အသိအမြင်များ ခိုင်မာ အားကောင်းစေ ခြင်းဖြင့် ISP များ အနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှု ရယူသူများအတွက် အကြံဉာဏ်နှင့် ဝန်ဆောင်မှုများ ပေးနိုင်မည် ဖြစ်သလို ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ လည်း ဖွံ့ဖြိုး တိုးတက်စေနိုင်မည် ဖြစ်သည်။ စီမံချက်မှ အောက်ပါ ပြီးစီးအောင်မြင်မှုများအား အစီရင်ခံ ခဲ့ပါသည် –<br><br>» စီမံချက် အကောင်အထည်ဖော်သည့် ခြောက်လတာ ကာလအတွင်း ထူးခြားသည့် တောင်သူ ၄,၁၆၄ ဦး (အမျိုးသမီး ၁,၆၀၇ ဦး (သို့) ၃၈%) တို့အား သဘာဝ ပတ်ဝန်းကျင်မပျက် စိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာ၊ သီးနှံ စိုက်ပျိုး ထုတ်လုပ်စရိတ် တွက်ချက်ခြင်း၊ အာဟာရ ဖွံ့ဖြိုးမှု နှင့် ငွေကြေးဆိုင်ရာ သင်ခန်းစာများ ပါဝင်သည့် သင်တန်း ၁၈၅ ခု ဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။<br>» ဆန်စပါး၊ နှမ်း၊ ပဲ၊ ဟင်းသီးဟင်းရွက်များနှင့် ပြောင်း စံပြ စိုက်ခင်း ၂၃ ခု တည်ထောင်ခဲ့ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် တွင် ရရှိခဲ့သည့် ပျမ်းမျှ အမြတ်ငွေ တိုးတက်လာမှုတွင် (ပြောင်း) ၈၂% နှင့် (ဆန်စပါး) ၅၈% တို့ဖြင့် ရရှိခဲ့ပါသည်။ အဓိက ပံ့ပိုးမှုမှာ ဓာတ်မြေဩဇာ စီမံခန့်ခွဲမှု ( အထူးသဖြင့် နှစ်မျိုးသုံးခြင်းဖြင့် ဓာတ် မြေဩဇာ အသုံးပြုနှုန်း လျော့ကျစေခြင်း) ၊ အချိန်နှင့် တပြေးညီ ပိုးမွှားနှိမ်နင်းခြင်း ၊ မြေဆီလွှာ စီမံခန့်ခွဲမှု နှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း တို့ ဖြစ်သည့် အကောင်းဆုံး လယ်ယာသီးနှံ စိုက်ပျိုးမှု အလေ့အကျင့်အပေါ် ပိုမို အလေးထား ဆောင်ရွက်ခြင်း ဖြစ်ပါသည်။<br>» တောင်တန်းဒေသ စီမံချက် ISP များမှ ဦးဆောင်စီစဉ်သည့် စံပြ စိုက်ခင်းများ စုစုပေါင်း ၆၈ ခု တည် ထောင်ခဲ့ပါသည်။ ISP များမှ တောင်သူ ၄,၀၄၈ ဦး ( အမျိုးသမီး ၁,၆၁၇ ဦး) တို့အတွက် သင်တန်း ၇၆ ကြိမ် ကျင်းပပေးခဲ့ပါသည်။ ISP များမှ တောင်သူ ၂,၂၄၅ ဦး (အမျိုးသမီး ၈၀၈ ဦး) အတွက် စံပြစိုက်ခင်းများတွင် တောင်သူ ကွင်းဆင်းနေ့ ပေါင်း ၂၇ ကြိမ် ပြုလုပ်ပေးခဲ့ပါသည်။ ကြာအင်းဆိပ်ကြီး မြို့နယ်တွင် နှမ်းနက် မျိုးစိတ် အသစ်တစ်မျိုးအား မိတ်ဆက်ပေးခဲ့ပြီး ယခုအခါ ဖားအံ မြို့နယ်တွင် ISP တစ်ဦးမှ ရေသွင်းစိုက်ပျိုးခြင်းဆိုင်ရာ ကရိယာ များ နှင့် သစ်သီးဝလံ ပန်းမာန် စိုက်ပျိုးမှု အတွက် ပလတ်စတစ် မြေဖုံးအကာများ ရောင်းချလျက် ရှိပါသည်။<br>» လုပ်ငန်းအဖွဲ့ အစီအစဉ်အောက်တွင် လုပ်ငန်းအဖွဲ့ ၈ ဖွဲ့တို့မှ သင်တန်း ပေးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ခြင်း တို့ပါဝင်သည့် ၎င်းတို့ ၏ စီမံချက် အမျိုးမျိုးအား စတင်ခဲ့သည့် အပြင် ဒီမောဆိုနှင့် ဖားအံတို့တွင် SAI နှင့် မိတ်ဖက်ပြု၍ ကျောင်း ဥယျာဉ် နှစ်ခုအားလည်း ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်တွင် စတင်ခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၁ | **စီမံချက်အမည်**<br>မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား ကူညီပံ့ပိုးပေးခြင်း (RSSD)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက် –**<br>WHH မှ Centre for Development Innovation (CDI)– Wageningen၊ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန(DOA)<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၂,၇၁၉,၆၄၂<br><br>**စီမံချက်ကာလ–**<br>၂၀၁၇ ခုနှစ် အောက်တိုဘာလ – ၂၀၁၉ ခုနှစ် စက်တင်ဘာလ<br><br>**စီမံချက် ဧရိယာ–**<br>ဧရာဝတီ တိုင်းဒေသကြီး<br><br>**အခြေအနေ–** ဆောက်ရွက်ဆဲ | စီမံချက်မှ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် အခြေခံ မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်း၊ မျိုးစေ့ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးစေ့ အရည်အသွေး အာမခံချက် ခိုင်မာအားကောင်း စေခြင်း၊ မျိုးစေ့ ကဏ္ဍ ညှိနှိုင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေခြင်း  တို့အတွက် ကူညီ ပံ့ပိုး ပေးလျက်ရှိပါသည်။<br><br>၂၀၁၉ ခုနှစ် စိတ်ဝင်စားဖွယ်ရာများ<br>» မိုဘိုင်းလ်ဖုန်း အက်ပ် နှစ်ခုနှင့် ဝက်ဘ် ပေါ်တယ် တစ်ခုအပါအဝင် အခြေခံ မျိုးသန့် မျိုးစေ့ (EGS) ဝယ်လိုအား ခန့်မှန်းစနစ်အား အကောင် အထည် ဖော်ခဲ့ပါသည်။ စနစ်အား ၂၀၁၉ ခုနှစ် မတ်လတွင် စတင် မိတ်ဆက်ပေးခဲ့ပါသည်။  မြို့နယ် မျိုးစပါး တာဝန်ခံ နှင့် မြို့နယ် မန်နေဂျာ တို့အတွက် မျိုးစပါးမျိုးစေ့ စိုက်ပျိုးသူ မှတ်ပုံတင် လျှောက် ထား ခြင်း၊ မျိုးစပါးစိုက်ခင်း ဝန်ထမ်းများ၊ DOA နှင့် မျိုးစေ့ ဌာန ခွဲ ဝန်ထမ်း များအတွက် မျိုးစပါး ဝယ်လိုအား နှင့် ဆိုင်သည့် တာဝန် ခွဲဝေချထားခြင်း နှင့် အချက်အလက် ဖြည့်သွင်းရေး တို့တွင် သင်တန်းပို့ချပေးခဲ့ ပါသည်။  လက်ရှိတွင် အဆိုပါစနစ်မှ မျိုးစပါးစိုက်ပျိုးသူ ၆၀၀ ဦးအပါအဝင် မှတ်ပုံတင်အသုံးပြုသူ ၂၃၂၉ ဦး ရှိပါသည်။<br>» မျိုးစပါး စိုက်ခင်း ရင်းနှီးမြှုပ်နှံမှုများ နှင့် အခြေခံ အဆောက်အဦ တည်ဆောက်ခြင်း အား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ ပါသည်။ အစိုးရ၏ မျိုးစပါး စိုက်ခင်း လေးခုတွင် ဆောက်လုပ် ရေး လုပ်ငန်း မှာ ၉၀% ပြီးစီးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု များ၏ အကျိုးအမြတ်များ အား မြင်သာလာပြီ ဖြစ်ပါသည်။  မျိုးစပါး စိုက်ခင်း ရှိ အခြေခံ ပစ္စည်း များအား စီမံအုပ်ချုပ်မှုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် DOA သို့ လွှဲပေးပြီး အခြေခံပစ္စည်းများအား DOA စာရင်းစာအုပ်များ တွင် မှတ်တမ်း ရေးသွင်းထား ပါသည်။ လုပ်ငန်းပြီးစီးသည့်အခါ မျိုးစပါး စိုက်ခင်း မန်နေဂျာများ မှ EGS ထုတ်လုပ် ရေးတွင် ၇၅– ၂၀% တိုးတက်လာမည် ဟု ခန့်မှန်းထားပါသည်။<br>» စီမံချက်မှ ဦးတည်ရည်ရွယ်သည့် ဒေသ လေးခုရှိ ရွေးချယ်ထားသည့် အမျိုးသား မျိုးစပါးစိုက်ပျိုးသူ ၂၂ ဦး ထံ သင်ကြားရေး ခရီးစဉ်များ စီစဉ်ဆောင်ရွက် ခဲ့ပါသည်။ စီမံချက်မှရွေးချယ်ထားသည့် မျိုးစပါး စိုက်ပျိုးသူများမှ မျိုးစေ့ လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် ကူညီ ပေး ခဲ့ပြီး ပုသိမ်မှ ရွေးချယ်ထားသည့် မျိုးစပါး စိုက်ပျိုးသူ ၁၁ ဦးအနက်မှ ၉ ဦးတို့မှာ   လုပ်ငန်းလိုင်စင် ရရှိခဲ့ကြပါသည်။  ကုမ္ပဏီများ၊ MRF၊ WHH နှင့် LIFT တို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် သင်တန်းသား ၁၃ ဦး တို့သည် အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ် မြို့ တွင် ကျင်းပသည့် အိန္ဒိယ မျိုးစေ့ ညီလာခံ သို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြပါသည်။ DOA ၊ MRF နှင့် WHH တို့မှ ပါဝင် တက်ရောက်သူ သုံးဦးသည် အာရှ မျိုးစေ့ ဈေးကွက်တွင် လေ့လာသင်ယူရန်နှင့် စီးပွားရေး တိုးချဲ့မှု နှင့် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများအား အသိအမြင် ဖလှယ်ရန် နှင့် စူးစမ်းရှာဖွေရန် တို့အတွက် နိုဝင်ဘာလ တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့တွင် ကျင်းပသည့် APSA ညီလာခံ သို့ တက်ရောက်ခဲ့ ပါသည်။<br>» RSSD အဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဒုတိယအကြိမ် ငွေထုတ်ပေးရန် အတွက် ရွေးချယ်ထားသည့် မျိုးစေ့ ကုမ္ပဏီ ငါးခု ၏ စီမံချက် ဧရိယာ များအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ခဲ့ပြီး မျိုးစေ့ အခြောက်ခံစက်များ၊ မျိုးစေ့ ထုတ်လုပ်သည့် စက်များ၊မျိုးစေ့ သန့်စင်စက်များ နှင့် သိုလှောင်ရုံတည်ဆောက်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုအမျိုးစုံ ပြုလုပ်နိုင်ရန်အတွက် မျိုးစေ့ ကုမ္ပဏီသုံးခု တို့အား ကန်ဒေါ်လာ ၁၀,၀၀၀ နီးပါးစီ ခွဲဝေပေးခဲ့ပါသည်။<br>» ကုမ္ပဏီ သုံးခု အား သိုလှောင်ရုံ တည်ဆောက်ရေး အတွက် ကန်ဒေါ်လာ ၁၂,၀၀၀ နီးပါးစီ ဒုတိယအကြိမ် ပူးတွဲ မက်လုံးပေးသည့် ထောက်ပံ့ငွေ (co–incentive grant) ပေး ခဲ့ပါသည်။ ကုမ္ပဏီများမှ ၂၀၁၉ ခုနှစ် အကုန်တွင် ထုတ်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ အနည်းဆုံး ၂၀% အား တုံ့ပြန် ရန်ပုံငွေအဖြစ် ထည့်ဝင်ခဲ့ပါသည်။<br>» မျိုးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် အကျိုးတူလယ်ယာ စမ်းသပ် အစီအစဉ် အား၂၀၁၉ ဒုတိယ နှစ်ဝက်တွင် စီမံချက်မှ ဒီဇိုင်း ရေးဆွဲထားသည့် မော်ဒယ်လ် ပုံစံ ပေါ်တွင် အခြေခံ၍ ကျိုက်လတ်နှင့် AP ကုမ္ပဏီ နှစ်ခုတို့နှင့် စတင်ခဲ့ပါသည်။ စမ်းသပ်အစီအစဉ်တွင် ကုမ္ပဏီ နှစ်ခုအောက်တွင် စုစုပေါင်း တောင်သူ ၇၂ ဦးနှင့် PGS တောင်သူ ၇၈ ဦး ပါဝင်ပါသည်။<br>» စီမံချက် နှင့် မျိုးစေ့ ကဏ္ဍတွင် ကျား၊မ မညီမျှမှုကို ဖြေရှင်းရန် အတွက် စီမံချက်မှ ပူးတွဲ ရင်းနှီးမြှုတ်နှံမှု မော်ဒယ်လ်ပုံစံအား တိုးချဲ့ပြီး  အမျိုးသမီး မျိုးစပါး စိုက်ပျိုးသူ ဆယ်ဦးအား ပေးအပ်ခဲ့ပါသည်။ အဆိုပါ အမျိုးသမီးများ အား သင်တန်းပေးခြင်း၊ စေ့စပ်သေချာစွာ စိစစ်ရွေးချယ် ခြင်း နှင့် စီးပွားရေး လုပ်ငန်း စီမံချက် ရေးဆွဲခြင်းတို့ တွင် စိစစ်ပြီးနောက် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ရွေးချယ်ခံရသည့် အမျိုးသမီးများ၏ ပံ့ပိုးထည့်ဝင်မှု အနိမ့်ဆုံး ၂၀% နှင့် ညီသည့် ထောက်ပံ့ငွေ ကန်ဒေါ်လာ ၅,၀၀၀ အား သိုလှောင်ရုံ တည်ဆောက်ရန် (သို့) လယ်ယာသုံး ကိရိယာ များ ဝယ်ယူရန် ပေးအပ် ခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | | » ၂၀၁၉ ခုနှစ် မေလတွင် တိုင်းဒေသကြီး မျိုးစေ့ ခွတ်ခွဲခန်းအား ပုသိမ်မြို့တွင် ဖွင့်လှစ်ခဲ့ပါသည်။ တိုင်းဒေသကြီး DOA ဝန်ထမ်း ငါးဦးအား ခွတ်ခွဲခန်းတွင်တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ တာဝန်ပေးအပ် ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မျိုးစေ့ခွတ်ခွဲခန်း အား အပြည့်အဝ လည်ပတ် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါတွင် မျိုးစေ့ အညှောင့် ဖောက်ခြင်း၊ စိုထိုင်းဆတိုင်းတာခြင်း၊ ဆန်နီ မျိုးစေ့များ နှင့် မျိုးသန့်စင်မှု စမ်းသပ်ခြင်း တို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၉ နွေရာသီ ထွက်ကုန် စုစုပေါင်း မျိုးစေ့ ၁၂,၇၂၆ တင်းမှ စုစုပေါင်း မျိုးစေ့ နမူနာ ၄၈ မျိုးအား စမ်းသပ်ခဲ့ပါသည်။ စပါးတင်းပေါင်း ၁၂,၃၃၆ အားက ကိုယ်စားပြုသည့် မျိုးစပါး နမူနာ ၄၆ မျိုး စမ်းသပ်မှုအောင်မြင်ခဲ့ပါသည်။<br>» ဒုတိယ အကြိမ် PGS အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်မေလတွင် ကျင်းပခဲ့ပြီး DOA ပါဝင်ပတ်သက်မှု ပိုများသည့် PGS ချဉ်းကပ်နည်းလမ်း အသစ်အား တင်ပြခဲ့ပါသည်။ အဆိုပါ အယူအဆ အား အနာဂတ်တွင် ဤစနစ်အား DOA အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လမ်းဖောက် နိုင်ရန်အတွက် နေပြည်တော်တွင် ကျင်းပသည့် အမျိုးသား အဆင့် မျိုးစေ့ရပ်ဝန်း အစည်းအဝေးတွင် ပြည်ထောင်စု အဆင့်DOA သို့ လည်း တင်ပြခဲ့ပါသည်။<br>» စီမံချက်မှ ဇွန်လတွင် အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ် တွင် ကျင်းပသည့် ၂၀၁၉ခုနှစ် ISTA ညီလာခံ တွင် ပါဝင်တက်ရောက်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ပေးခဲ့ပါသည်။ DOA ဝန်ထမ်း လေးဦးနှင့်အတူ RSSD ကိုယ်စားလှယ်တစ်ဦးပါဝင်သည့် အဖွဲ့ဝင်ငါးဦး ပါဝင်သည့် အဖွဲ့ သည် မျိုးစေ့ အရည်အသွေး စစ်ဆေးခြင်းနှင့် ထိန်းချုပ် ခြင်း တို့တွင် အသိအမြင် ဝေမျှရန် နှင့် လေ့လာသင်ယူရန် ISTA ညီလာခံ သို့ တက်ရောက်ခဲ့ကြပါသည်။<br>» RSSD အဖွဲ့မှ ၂၀၁၉ ခုနှစ်အတွင်း အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေး ၄ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဧရာဝတီ တိုင်းဒေသကြီး မျိုးစေ့ ပြပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပုသိမ်မြို့၌ ကျင်းပခဲ့ပါသည်။ ပြပွဲတွင် ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရနှင့် ဖွံ့ဖြိုးရေး ကဏ္ဍများမှ စုစုပေါင်း ၅၉၇ ဦး (အမျိုးသား ၅၄၁ ဦးနှင့် အမျိုးသမီး ၁၄၆ ဦး) တက်ရောက်ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇွန်လတွင် တတိယအကြိမ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါး မျိုးစေ့ရပ်ဝန်းနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း အခမ်းအနားအား MRF ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခဲ့ပြီး DOA၊ မျိုးစေ့ စိုက်ခင်း များ၊ မျိုးစေ့ စိုက်ပျိုးသူများ၊ ကုမ္ပဏီများ၊ MRF၊ ဆန်စက် လုပ်ငန်း ရှင်များ၊ ကုန်သည်များ၊ ဘဏ်များ နှင့် NGO/INGO များ မှ တက်ရောက် သူ ၉၉ ဦးတက်ရောက်ခဲ့ပါသည်။<br>» ဧရာဝတီ တိုင်းဒေသကြီး မျိုးစေ့ ပြပွဲ တွင် ဒုတိယမြောက် သတင်းစဉ် ထုတ်ဝေဖြန့်ချိခဲ့ပြီး ဆက်လက်၍ ဇွန်လ တွင် စပါးမျိုးစေ့ ရပ်ဝန်း အစည်းအဝေးတွင် တတိယမြောက် သတင်းစဉ် ကို ထုတ်ဝေခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် အကျိုးတူလယ်ယာစနစ် မော်ဒယ်လ် ပုံစံ နှင့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုတို့၏ အောင်မြင်မှု များ မျှဝေသည့် အခမ်းအနားကို ရန်ကုန်မြို့တွင် RSSD မိတ်ဖက် MRF မှ စီစဉ် ကျင်းပ ခဲ့ပါသည်။ အခမ်းအနားအား စီမံချက်မှ MRF နှင့် ပူးပေါင်း၍ တာဝန် ပေးအပ် သည့် လေ့လာမှုနှစ်ခု၏ ရလဒ် များပေါ်တွင် အခြေခံ၍ ကျင်းပခဲ့ပါသည်။<br>» ယခုအခါ RSSD Facebook တွင် စောင့်ကြည့်သူ ၆၈၁ ဦးနှင့် Website တွင် စောင့်ကြည့်သူ ၄၁၆ ဦး ရှိပါသည်။ |
| ၁၂ | **စီမံချက်အမည်**<br>အပူပိုင်းဒေသရှိ သီးနှံထုတ်လုပ်နိုင်စွမ်း မရှိသော မြေကို သစ်စိမ်း မြေဩဇာ နှင့် ခေတ်မီ သီးနှံပုံစံ စနစ်တို့ဖြင့် ရေရှည်တည်တံ့သော သီးနှံအထွက်နှုန်း ရရှိစေမည့် စီမံချက်<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>Golden Plain Livelihood Development Services Co-operative Ltd.<br><br>**စီမံချက်ကာလ–**<br>၂၀၁၆ ခုနှစ် မေလ – ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ | စီမံချက်အား မကွေးတိုင်းဒေသကြီး ရှိ ပခုက္ကူနှင့် ရေစကြို မြို့နယ်တို့တွင် မြို့နယ်တစ်မြို့နယ်၌ ကျေးရွာ ၂၁ ရွာ စီဖြင့် ကျေးရွာ ၄၂ ရွာတွင် အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံချက်၏ ရည်ရွယ်ချက်မှာ သီးနှံထွက်မကောင်းသည့် မြေများအား မြေဆီဩဇာ ပိုမိုကောင်းမွန်စေရန် သစ်ရွက်စိမ်း မြေဩဇာအဖြစ် ပိုက်ဆံလျှော် စိုက်ပျိုးခြင်းမှတဆင့် အပူပိုင်းဇုန်ရှိ တောင်သူ များအား ၎င်းတို့၏ စိုက်ပျိုးမွေးမြူသည့် စနစ်များ အတွင်း သစ်ရွက်စိမ်း မြေဩဇာ အသုံးပြုရန်အတွက် အားပေးတိုက်တွန်းရန် ဖြစ်ပါသည်။ ယင်းတွင် တန်ဖိုးမြင့် ငွေဖြစ်လွယ်သော သီးနှံများ (ပြုပြင်မွမ်းမံ ထားသည့် သီးနှံစိုက်ပျိုးမှု ပုံစံ)နှင့် စိုက်ချိန် တိုတောင်းသည့် အဆင့်မြင့် သီးနှံ မျိုးကွဲများ၏ စိုက်ပျိုးချိန်အား ချိန်ညှိရန်လိုပါသည်။ စီမံချက်မှ ၁) ပိုက်ဆံလျှော်အား သစ်ရွက်စိမ်း မြေဩဇာ သီးနှံအဖြစ် အသုံးပြုသည့် သစ်ရွက်စိမ်း မြေဩဇာ အလေ့အကျင့်၊ ၂) ငွေဖြစ်လွယ်သည့် သီးနှံများ ၏ စိုက်ပျိုးချိန် ပြောင်းလဲခြင်းနှင့် ချိန်ညှိခြင်း၊ ၃) ပိုမိုကောင်းမွန်ပြီး စိုက်ပျိုးချိန် တိုတောင်းသည့် တန်ဖိုးမြင့်နှင့် အဆင့်မြင့် ထားပြီး စိုက်ပျိုးရာသီ တိုတောင်းသည့် သီးနှံအမျိုးအား အသုံးပြုခြင်းတို့အား မြှင့်တင်ပေးခဲ့ ပါသည်။ စီမံချက်၏ အဓိက လက်ငင်း အကျိုးရလဒ်များတွင် အောက်ပါတို့ ပါဝင်ပါသည် –<br><br>» အရေးပါသည့် တောင်သူများ အား စိုက်ပျိုးရေး တိုးချဲ့ပညာပေး လုပ်သားများအဖြစ် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | **စီမံချက် ဧရိယာ–**<br>အပူပိုင်းဇုန်အလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ နှင့် ရေစကြို၊<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၈၀၈,၅၇၉<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | » စံပြစိုက်ခင်းများ တည်ထောင်ခဲ့ပါသည်။ မြေဆီလွှာ စမ်းသပ်စစ်ဆေးမှု ရလဒ်များတွင် သစ်ရွက်စိမ်း မြေသြဇာ ၏ အကျိုးသက်ရောက်မှုများ ပြသခဲ့ပါသည် (စိုက်ခင်း ၈၄ ခင်းတွင် စမ်းသပ်ခဲ့ပါသည်)<br>» တောင်သူများအား တောင်သူ သင်တန်းကျောင်းများ၊ တောင်သူ ကွင်းဆင်း နေ့များ နှင့် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးများမှ တဆင့် လေ့ကျင့်သင်ကြားပေးခြင်း ခဲ့ပါသည်။<br>» သစ်ရွက်စိမ်း မြေသြဇာ မျိုးစေ့စိုက်ခင်းများ တည်ထောင်ခဲ့ခြင်း ပါသည်။<br>» DOA ဝန်ထမ်းများအား သစ်ရွက်စိမ်း မြေသြဇာနှင့် ပြုပြင်မွမ်းမံ ထား သည့် သီးနှံ စိုက်ပျိုးမှု ပုံစံ ဆိုင်ရာ အသိအမြင် တိုးမြင့်ခြင်း ပါသည် ။<br>» တောင်သူများ သစ်ရွက်စိမ်း မြေသြဇာ နှင့် ပိုမိုကောင်းမွန်သည့် အဆင့်မြင့် စိုက်ပျိုးရေး အလေ့အကျင့်များ ကျင့်သုံးလျက်ရှိပြီး ပိုမို ကောင်းမွန်သည့် ဓာတ်မြေသြဇာ အသုံးပြုမှု ကိုလည်း မိတ်ဆက် ပေးခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ စီမံချက် ပိတ်သိမ်းချိန်တွင် အောက်ပါတို့ ပြီးစီး အောင်မြင်ခဲ့ ပါသည် –<br><br>» DOA ဝန်ထမ်းအပါအဝင် တောင်သူ ၁၂၆ ဦး အား စိုက်ပျိုးရေး တိုးချဲ့ ပညာပေး လုပ်သားများအဖြစ် လေ့ကျင့်သင်ကြားပေးခဲ့ခြင်း<br>» အရေးပါသည့် တောင်သူများနှင့် စံပြစိုက်ခင်း ၁၂၀ ဆောင်ရွက်ခဲ့ပြီး တွေ့ရှိ ချက်များနှင့် အသိအမြင်များအား တောင်သူ ကွင်းဆင်း နေ့များ မှတဆင့် တောင်သူ ၆,၂၈၄ထံ ဖြန့်ဖြူးခဲ့ပါသည်။<br>» တောင်သူ ၆,၂၆၂ အား သစ်ရွက်စိမ်း မြေသြဇာ အသုံးပြုခြင်း နှင့် ပြုပြင် မွမ်းမံထားသည့် သီးနှံ စိုက်ပျိုးမှု ပုံစံ များ ဆိုင်ရာ ကျွမ်းကျင်မှု များနှင့် အသိအမြင် များ တွင် ပိုမို တိုးတက်ရရှိခဲ့ပါသည်။<br>» တောင်သူ ၂,၂၄၅ တို့သည် ၎င်းတို့၏ သီးနှံစိုက်ပျိုးမှု စနစ်များ တွင် သစ်ရွက်စိမ်း မြေသြဇာ ကျင့်သုံးမှု နှင့် ပိုမိုကောင်းမွန်သည့် အမျိုးအစား မျိုးစုံကို အသုံးပြုခဲ့ကြ ပါသည်။<br>» တောင်သူ ၁,၈၀၉ အား တောင်သူ သင်တန်းကျောင်းမှ တဆင့် လေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။<br>» DOA ဝန်ထမ်း ၆၃ ဦးပါဝင်သည့် တောင်သူ ၁,၂၈၁ ဦး တို့ သည် နည်းပညာ သင်တန်း ၊ မျိုးစေ့ ထုတ်လုပ်ခြင်းဆိုင်ရာ သင်တန်း နှင့် စွမ်းဆောင်ရည် ဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့ပါသည်။ |
| ၁၃ | **စီမံချက်အမည်**<br>မြေယာမဲ့များ နှင့် မေ့လျော့ခံ တောင်သူ လယ်သမားများအတွက် ဟင်းသီးဟင်းရွက် မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာနိုင်သော စိုက်ပျိုးနည်း ပညာအသစ်များ (SOW IT)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>Terre des Hommes (TdH)<br><br>**စီမံချက်ကာလ–**<br>၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ – ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ | TdH မှ ကျေးလက်နေ အိမ်ထောင်စုများ၏ ဝင်ငွေတိုးစေနိုင်မည့် အလား အလာရှိသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံးမှု ပိုမိုကောင်းမွန်စေရန်အတွက် ရေ ကို ထိရောက်စွာ အသုံးချမှု ရှိပြီး၊ အထွက်တိုးနိုင်မည့် အလားအလာရှိကာ၊ နေရာ အနည်းငယ်သာလိုအပ်သည့် စျေးနှုန်းသက်သာသည့် (တစ်စုံလျှင် ကန်ဒေါ်လာ ၅၃ မှ ၆၆ အတွင်း) နေအိမ်တွင် စိုက်ပျိုး သည့် အာဟာရရေဖြင့် (မြေမဲ့) သစ်သီးဝလံ ပန်းမာန် စိုက်ပျိုးမှု စနစ်အား မိတ်ဆက်ပေးပြီး ဖြန့်ဖြူးပေးခဲ့ပါသည်။ စီမံချက်၏ အဓိက လုပ်ငန်းများမှာ ၁) မြေမဲ့ ဖန်လုံအိမ် စိုက်ခင်း နှင့် စိုက်ပျိုး ထုတ်လုပ်မည့်အုပ်စု ငယ်လေးများ နှင့် တည်ထောင် ခြင်း ၊ ၂) မြေဆီလွှာ တည်ဆောက်ပုံ နှင့် မြေသြဇာပိုမိုကောင်းမွန်သည့် အစက်ချ ရေသွင်း စိုက်ပျိုးသည့်နည်းပညာ နှင့် ကျင့်သုံးမှုများ ဖြန့်ဖြူးခြင်းနှင့် ၎င်းတို့၏ ကျင့်သုံးမှု အား ကူညီပံ့ပိုးခြင်း ၃) လယ်ယာ/ဟင်းသီးဟင်းရွက် ကုန်ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် စျေးကွက် အခွင့်အလမ်းများ ချဲ့ထွင်ခြင်း |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | **စီမံချက် ဧရိယာ–**<br>အပူပိုင်းဇုန်အလယ်ပိုင်း<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၁,၄၅၉,၅၇၃<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | စီမံချက် ၏ မူလ ရည်ရွယ်ချက် မှာ အိမ်ထောင်စု အဆင့်တွင် ရေ ချွေတာသည့် စိုက်ပျိုးရေး စနစ်များ မိတ်ဆက်ပေးခြင်းမှတဆင့် ဟင်းရွက်ဟင်းသီး ထုတ်လုပ်မှုနှင့်ဈေးကွက်တင်ခြင်းတို့ မြှင့်တင်ရန် ဖြစ်ပြီး ဒုတိယနှင့် တတိယနှစ်များတွင် ရည်ရွယ်ချက်မှာ အာဟာရ ဖွံ့ဖြိုးမှုကို ပိုမို အခြေခံသည့် ချဉ်းကပ်နည်းလမ်း သို့ ပြောင်းရွှေ့ရန် ဖြစ်ပါသည်။ စီမံချက်၏ အဓိက အကျိုးရလဒ်များမှာ ၁) အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အစားအစာ စားသုံးမှာ ပိုမိုကောင်းမွန်စေခြင်း နှင့် ၂) ကျေးလက်နေ အိမ်ထောင်စု များ၏ ဝင်ငွေ ပိုမိုတိုးတက်စေခြင်း တို့ ဖြစ်ပါသည်။<br><br>» ဟင်းရွက်ဟင်းသီး ထုတ်လုပ်မှု တိုးတက်လာခဲ့သလို အိမ်ထောင်စု များ၏ ဝယ်ယူနိုင်အား တိုးလာခဲ့ပါသည်။<br>» အိမ်ခြံဥယျာဉ် (HGs) များ သည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာ ပေးခြင်း၊ အစားအသောက် ပိုမိုကောင်းမွန်စေခြင်း အမျိုးအမည် စုံလင် ခြင်း (ဒုတိယ အဆင့်ရှိ အိမ်ထောင်စု ၉၆%မှ အစားအစာ အမျိုးမျိုး စားသုံးမှု ရမှတ် ပိုမို တိုးတက်လာခဲ့ ပါသည်)<br>» ရေရှားပါးမှုမှာ ဤ ဒေသတွင် အဓိက ပြဿနာ တစ်ရပ် ဖြစ်နေဆဲဖြစ်ပြီး စိုက်ပျိုးရေး နှင့်ဆိုင်သည့် အစီအစဉ်၏ အောင်မြင်မှုမှာ အိမ်ထောင်စု သုံးရေ အသုံးပြုမှုတွင် မျှတမှုနှင့် အခြား ပြိုင်ဆိုင်မှု မရှိခြင်း တို့ အပေါ် မူတည်ပါသည်။ စီမံချက်ကာလ အတွင်း ရေ ပေးဝေကန် ၃၂ ခုအား ပြုပြင်မွမ်းမံခဲ့ပြီး ရေရရှိမှု တိုးတက်လာခဲ့သည့် မိသားစု ၄,၅၀၀ မှ အကျိုးခံစားခွင့် ရရှိခဲ့ပါသည်။<br>» အကျိုးခံစားခွင့် ရှိသူ ၅၀% တို့သည့် ၎င်းတို့၏ ထုံးတမ်းစဉ်လာ စိုက်ပျိုးခင်းများတွင် ဆန်းသစ်တီထွင်သည့် ရေချွေတာသည့် ထုတ် လုပ်မှု နည်းစနစ်များ အား လက်ခံ ကျင့်သုံးခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ တွင် စီမံချက် ပိတ်သိမ်းသည့်အခါ ပြီးစီးအောင်မြင်မှုများ တွင် အောက်ပါတို့ပါဝင်ပါသည် –<br>» ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း စီမံချက် ကာလ တစ်လျောက်လုံး တွင် အိမ်ထောင်စု ၁,၇၆၂ စုအား အိမ်ခြံ ဥယျာဉ်များ မိတ်ဆက်ပေးခဲ့ပါသည်။<br>» ဟင်းသီးဟင်းရွက် စိုက်ပျိုးသူ ၈၅၇ ဦး တို့ သည် တနှစ်ပတ်လုံး စိုက်ပျိုး ထုတ်လုပ်ခဲ့ပြီး အနည်းဆုံး ကုန်ထုတ်စွမ်းရည် တိုးတက်လာမှု ၅၀% တိုးတက်ရရှိခဲ့ပါသည်။<br>» ဦးတည် ကျေးရွာများတွင် စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့ (PG) ၄၂ ဖွဲ့ အား ဖွဲ့စည်းခဲ့ပြီး ယင်းတို့အနက်မှ PG ၂၇ ဖွဲ့ တို့ သည် လည်ပတ်ရန်ပုံငွေများ စတင် ဆောင်ရွက်ခဲ့ပြီး PG ၁၅ ဖွဲ့မှာ သွင်းအားစု များ စုပေါင်း ဝယ်ယူခြင်းကို အစပြု ဆောင်ရွက်ခဲ့ကြပါသည်။<br>» အကောင်းဆုံး အလေ့အကျင့်များ မျှဝေရန် ရည်ရွယ်ချက်ဖြင့် PG များမှ ပါဝင်သူ ၄၆၁ ဦးတို့ သည် GAP၊ မြေဆီလွှာ စီမံခန့်ခွဲမှု၊ IPM နှင့် ရာသီဥတုနှင့် သဟဇာတဖြစ်သည့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု ဆိုင်ရာ သရုပ်ပြမှုများ ပါဝင်သည့် နည်းပညာ သင်တန်းများ တက်ရောက်ခဲ့ ကြပါသည်။<br>» လက်တွေ့လုပ်ကိုင်ရင်း သင်ကြားပေးခြင်း နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကား ပေးပို့မှုများပါဝင်သည့် ပြည့်စုံလုံ လောက်သည့် စည်းရုံး လှုပ်ရှားမှုများ မှတဆင့် အိမ်ထောင်စု များ၏ ၉၆% တို့သည် အစားအစာ စားသုံးမှု ရလဒ် (FCS) တိုးမြင့်လာခဲ့ပါသည်။<br>» အိမ်ထောင်စု စုစုပေါင်း ၈၃၂ စုတို့သည် ပိုမိုကောင်းမွန်သည့် အလေ့အကျင့်များ၊ သွင်းအားစုများနှင့် နည်းပညာများ ကျင့်သုံးခဲ့ကြပါ သည်။ ယင်းမှ ရိက္ခာအမျိုး အမည် စုံလင်စွာ စားသုံးနိုင်မှု တိုးမြင့်ခြင်းနှင့် အတူ အိမ်ထောင်စုအဆင့်တွင် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် များ တစ်နှစ်လုံး ရရှိမှု တိုးတက်လာခြင်း ရလဒ်ကို ရရှိခဲ့ပါသည်။ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အကျိုးခံစားခွင့် ရှိသူ အများစုအနေဖြင့် ဟင်းသီးဟင်းရွက် ဝယ်ယူရမည့် အတွက် တစ်လ လျှင် ကျပ် ၆,၀၀၀ အထိ ပုံမှန် စုဆောင်းနိုင်ခဲ့သည့်အပြင် အပို ထုတ်လုပ်နိုင်ခြင်းမှ အခါအားလျော်စွာ အသေးစား ဝင်ငွေ များ ရရှိခဲ့ ပါသည်။ အိမ်ထောင်စု ၆၀၀ တို့ အနေဖြင့် ၎င်းတို့ ထုတ်လုပ်မှုအား အထူး ပြုခြင်းဖြင့် ပုံမှန် ဝင်ငွေများ ရရှိလာခဲ့ ကြပါသည်။<br>» စရိတ်ကျဉ်းသည့် အာဟာရရေဖြင့် မြေမဲ့ စိုက်ပျိုးမှု စနစ်များ ၏ ၆၃% အား အမျိုးသမီးများမှ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲခြင်းမှ အိမ်ထောင်စုအတွင်း ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များ အတွက် ထောက်ပံ့ပေးရာတွင် ကောင်းမွန်သည့် အကျိုးသက်ရောက်မှု များ ရှိစေခဲ့ပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၄ | **စီမံချက်အမည်**<br>ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း – Delta Rise<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>WHH မှ GRET နှင့် မိတ်ဖက်ပြု၍<br><br>**စီမံချက် ဧရိယာ–**<br>ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း နှင့် ဖျာပုံ<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၃,၈၉၆,၅၆၄<br><br>**စီမံချက်ကာလ–**<br>၂၀၁၅ ခုနှစ် အောက်တိုဘာလ – ၂၀၁၉ ခုနှစ် ဇွန်လ<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | စီမံချက် မှ ထုတ်လုပ်သူ အဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် သွင်းအားစု ပေးသွင်းသူများ၊ ဆန်စက်ပိုင်ရှင်များ နှင့် စားသုံးသူအသင်းများ နှင့် ကွန်ရက်ချိတ်ဆက် ခြင်း၊ ပါဝင်ဆောင်ရွက်သည့် အာမခံစနစ်များ (PGS) များမှတဆင့် မျိုးစေ့ ထုတ်လုပ်ခြင်း နှင့် PGS မျိုးစေ့ စိုက်ပျိုးသူများ ကွန်ရက် ခိုင်မာအားကောင်းစေခြင်း နှင့် တိုးချဲ့ခြင်း၊ စိုက်ပျိုး ရေး တိုးချဲ့ ပညာပေးခြင်းနှင့် အကြံပေး ဝန်ဆောင်မှုများ ပေးခြင်း၊ မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များ အား ဦးတည်၍ ကောင်းမွန်သည့် အာဟာရ ဆိုင်ရာ အလေ့အကျင့်များ ပံ့ပိုးပေးခြင်း၊ နှင့် လယ်ယာ ပြင်ပ ဝင်ငွေတိုး လုပ်ငန်းများ –အိမ်ခြံဥယျာဉ် (HG)၊ မွေးမြူရေး၊ ငါးမွေးမြူရေး စသဖြင့် တို့အား ကူညီပံ့ပိုးခြင်းတို့အပေါ်၌ အာရုံစိုက်ပါသည်။<br><br>စီမံချက်မှ ထွက်ပေါ်လာသည့် စိတ်ဝင်စားဖွယ်ရာများတွင် အောက်ပါတို့ ပါဝင်ပါသည်–<br><br>» စီမံချက်မှ တောင်သူ ထုတ်လုပ်သူ အဖွဲ့အစည်း များ (PO၊ CAEDP)၊ မျိုးစေ့ စိုက်ပျိုးသူများ စုပေါင်း အာမခံ စနစ် (PGS) ကွန်ရက်နှင့် ချေးငွေရယူရန် ကုန်ပစ္စည်းများ အပေါင် ထားခြင်း (IC)၊ အရစ်ကျ ငွေချေစနစ်ဖြင့် ပစ္စည်းဝယ်ယူခြင်း (HP) နှင့် အသေးစား ထုတ်လုပ်သူ များအတွက် ချေး ငွေ ဝန်ဆောင်မှုများ (SPCS) စသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် ထုတ်လုပ်သူ အုပ်စုအဖွဲ့ဝင်များ ဖြစ်သော အိမ်ထောင်စု ၃,၆၈၅ တို့ထံ ရောက်ရှိခဲ့ပါသည်။ စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်သူ အဖွဲ့ဝင်များမှ ၎င်းတို့၏ ပျမ်းမျှ ဝင်ငွေ ၏ ၃၁% (၂– ၇၁% အကြား)၊ မြေယာမဲ့ ထုတ်လုပ်သူ အဖွဲ့များ မှ အိမ်ထောင်စု ဆန်စားသုံးမှု ၁၃% (၂ – ၃၀% အကြား) (သို့) တိရစ္ဆာန် အစားအစာ ပြုလုပ်ခြင်း ၉% (၂–၁၆% အကြား) တိုးတက်လာခဲ့ပါသည်။<br>» ဘိုကလေးတွင် ထုတ်လုပ်သူအဖွဲ့ ၂၁ဖွဲ့ (အဖွဲ့ဝင် ၇၇၂ ဦး)မှ ထုတ်လုပ်သူ အသင်းချုပ် ထူထောင်ခဲ့ပါသည်။ ဘိုကလေး၊ မော်လမြိုင် ကျွန်း၊ ဖျာပုံ မြို့နယ်များတွင် ထုတ်လုပ်သူအဖွဲ့ ၃၅ ဖွဲ့များ (၂,၈၃၆)ဦး မှ တို့ သီးခြား သမဝါယမအသင်းများအဖြစ် မှတ်ပုံတင်ခဲ့ကြ ပါသည်။<br>» အသင်းသားများအား (HP၊ IC နှင့် SPCS) ငွေကြေး ဝန်ဆောင်မှုများ ပေးခြင်းဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအား ကူညီပံ့ပိုး ပေးရန် တည်ထောင်ခဲ့သည့် သမဝါယမအသင်း ၂၁ သင်း သည် ၂၀၁၉ခုနှစ် မေလတွင် မှတ်ပုံတင်ခဲ့သည့် ဒေသခံ ကုမ္ပဏီ ဖြစ်သည့် စုပေါင်းအားမာန် မှ ထောက်ပံ့ပေးသည့် ရောအားမာန် ကွန်ရက်၏ အစိတ်အပိုင်း ဖြစ် လာမည် ဖြစ်ပါသည်။<br>» ရွှေခေတ်အားမန် (SKAM) ဟုခေါ်သည့် ဆန်စပါး မျိုးစေ့ စိုက်ပျိုးသူများ အသင်း၏ အဖွဲ့ဝင်များ (၇၇ ဦး၊ စိုက်ပျိုးထုတ်လုပ်သည့် ဧရိယာ ၁၀၁ ဧက) နှင့် “my seed” ထုတ်လုပ်သူများမှ စီမံချက်စတင်သည့်အချိန်မှ စ၍ ဆန်စပါး မျိုးစေ့ ၂၉၇.၅၂ တန်ကျော် စိုက်ပျိုးခဲ့ပါသည်။<br>» SKAM သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ၎င်း၏ အဖွဲ့ဝင်များ မျိုးစေ့ ကြိုတင်ဝယ်နိုင်ရန်အတွက် ချေးငွေ အကောင်အထည်ဖော်ရန် အတွက် RSSD စီမံချက်ထံမှ ထောက်ပံ့ငွေ ၃၆,၀၀၀,၀၀၀ ကျပ် ရရှိခဲ့ပါသည်။<br>» စီမံချက် အဖွဲ့မှ ဘိုကလေးနှင့်မော်လမြိုင်ကျွန်းတို့တွင် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ခြင်း၊ သစ်သီးဝလံ ပန်းမာန်၊ အသေးစား သားဖောက်ခြင်း နှင့် မွေးမြူရေး လုပ်ငန်းနှင့် ငါး မွေးမြူရေး ဆိုင်ရာ တိုးချဲ့ ပညာပေးရေး ဝန်ဆောင်မှုတို့ဖြင့် အိမ်ထောင်စု ၇,၅၀၁ စု ထံ ရောက်ခဲ့ပြီး ဖျာပုံ တွင် အိမ်ထောင်စု ၃၆၆ စုထံ ရောက်ရှိခဲ့ပါသည်။<br>» မိသားစု လယ်ယာစီးပွား စီမံခန့်ခွဲမှု အကြံပေးလုပ်ငန်း (MAFF) အား ဘိုကလေးနှင့် မော်လမြိုင်ကျွန်း မြို့နယ်များရှိ ကျေးရွာ ၇၈ ရွာ တွင် အကောင်အထည်ဖော်ခဲ့ပြီး အိမ်ထောင်စု ၁,၁၈၀ ထံရောက်ရှိခဲ့ပြီး ကျေးရွာများမှ MAFF ကူညီဆောင်ရွက်ပေးသူ ၅၀ ဦးကို လေ့ကျင့် ပေးခဲ့ကာ အဖွဲ့ဝင် ၂၅၂ ဦး ရှိခဲ့ပြီး ၇၄% မှာ အမျိုးသမီးများ ဖြစ်ပါသည်။<br>» ကျေးရွာလည်ပတ်ရန်ပုံငွေ (VRF)၊ ချေးငွေရယူရန် ကုန်ပစ္စည်းများ အပေါင်ထားခြင်း (Inventory credit –IC) ၊ အရစ်ကျ ငွေချေစနစ်ဖြင့် ပစ္စည်းဝယ်ယူခြင်း (HP)၊ အသေးစား ထုတ်လုပ်သူများအတွက် အကြွေး ပေးသည့် ဝန်ဆောင်မှုများ (SPCS) တို့ပါဝင်သည့် ငွေကြေး ဝန်ဆောင်မှု များမှ(ချေးငွေလက်လှမ်းမီ ရယူခြင်း) ဘိုကလေး/ မော်လမြိုင်ကျွန်း တို့ရှိ အိမ်ထောင်စု ၇,၆၂၇ စု တို့နှင့် ဖျာပုံ ဧရိယာတွင်းရှိ အသေးစား စီးပွားရေးလုပ်ငန်း ၁,၂၅၉ ခုတို့ထံ ရောက်ရှိခဲ့ပါသည်။<br>» တောင်သူများနှင့် တောင်သူ မဟုတ်သူများ၏ အသေးစား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုများနှင့် အသိအမြင်များ ပိုမိုကောင်းမွန်စေရေးသင်တန်းမှ ဘိုကလေး/မော်လမြိုင်ကျွန်း တို့တွင် အိမ်ထောင်စု ၁,၄၂၇ စု နှင့် ဖျာပုံတွင် ၂၀၈ စု ထံ ရောက်ရှိခဲ့ပါသည်။ |

| စဉ် | IPı စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | | » စီမံချက်မှ ဘိုကလေး/မော်လမြိုင်ကျွန်း တို့တွင် LANN+ သင်ခန်းစာ ၄ ခု အကောင်အထည်ဖော်ခြင်းမှတဆင့် အိမ်ထောင်စု ၃,၄၀၆ စုထံ ရောက် ရှိ ခဲ့ပြီး အသိပညာပေး လှုပ်ရှားမှုများမှတဆင့် အိမ်ထောင်စု ၂,၉၆၇ စု ထံ သွယ်ဝိုက်၍ ရောက်ရှိခဲ့ပါသည် (စုစုပေါင်း အိမ်ထောင်စု ၆,၃၇၃)။ ဖျာပုံတွင် စီမံချက်မှ ကျေးရွာ၆ရွာတွင် အိမ်ထောင်စု ၂၉၆ စု ထံ ရောက်ရှိခဲ့ပြီး ကျေးရွာ ၁၀ ရွာတွင် အသိပညာပေးလှုပ်ရှားမှုများမှ တဆင့် အိမ်ထောင်စု ၅၆၉ စု (စုစုပေါင်း ၈၆၅ အိမ်ထောင်စု) ထံ ရောက်ရှိခဲ့ပါသည်။<br>» စီမံချက်၏ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကြောင့် အိမ်ထောင်စု စုစုပေါင်း ၁,၀၄၃မှ အစားအစာ ထုတ်လုပ်မှု (သို့) အစားအစာ ပြုပြင်ထုတ်လုပ်ခြင်း စတင်ခဲ့ပါသည်/ အမျိုးစုံ ထုတ်လုပ်မှု လုပ်ကိုင်ခဲ့ ပါသည်။<br>» ကလေးငယ်များ ရှိသည့် အမျိုးသမီးများ၏ မိခင်နို့သက်သက် တိုက်ကျွေးမှု (EBF) ကျင့်သုံးမှုနှုန်း မှာ ၁၇% မှ ၄၅% အထိ တိုးမြင့်လာ ခဲ့ပါသည်။<br>» စီမံချက်မှ တည်ထောင်ပေးခဲ့သည့် မြစ်ဝကျွန်းပေါ်ဒေသ အသက်မွေး ဝမ်းကျောင်း ကွန်ရက် (DLN) သည် မြို့နယ် သုံးခု တွင် အစိုးရရုံးများ ပြည်တွင်း NGO များ၊ INGO များ နှင့် CSO အပါအဝင် အဖွဲ့ဝင် ၄၁ ဦး ဖွဲ့ ရှိပါသည်။<br>» DLN မှ စုပေါင်း လှုပ်ရှားမှု ၄၅ ခု (သင်တန်း၊ အပြန်အလှန် လေ့လာ ရေးခရီးစဉ်များ၊ ဆွေးနွေးပွဲများ၊ ပြပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ) စီစဉ်ဆောင်ရွက်ခဲ့ပြီး၊ DLN သတင်းစဉ် ခြောက်စောင် အပါအဝင် ပညာပေးနှင့် သတင်းအချက်အလက်မျှဝေရေး စာစောင်များ ရေးသား ပြုစု ဖြန့်ဝေခဲ့ကာ အသိအမြင်နှင့် အတွေ့အကြုံမျှဝေခြင်း လှုပ်ရှားမှုများ ပြုလုပ်ရန် အသေးစား ထောက်ပံ့မှု ရန်ပုံငွေ နှစ်သုတ် ထုတ်ပေးခဲ့ပါသည်။ ထို့ပြင် DLN မှ လုပ်ငန်းများ ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ရန် လစဉ် အစည်းအဝေး ၄၇ ကြိမ်နှင့် နှစ်ဝက် အလုပ်ရုံဆွေးနွေးပွဲ များ ကျင်းပခဲ့ပါသည်။<br>» ၂၀၁၆ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း စီမံချက်လုပ်ငန်းများနှင့် CBO များ၏ စီမံခန့်ခွဲမှု ကော်မတီများတွင် အမျိုးသမီးများ ပါဝင်မှု မှာ ၃၈ % မှ ၅၃% အထိ တိုးတက်လာခဲ့ပါသည်။<br>» ခန့်မှန်းချေ ဝင်ငွေ တိုးတက်မှုမှာ မိုးစပါးထုတ်လုပ်မှုတွင် ၆၅% နှင့် နွေစပါး တွင် ၇၄% ဖြစ်ပါသည်။ မိသားစု အများစုတွင် ကလေးသူငယ် များ အတွက် ပညာရေးစရိတ်၊ အဝတ်အထည်များနှင့် အာဟာရ ပြည့်ဝသည့် အစားအစာများ ဝယ်ယူရန် အပါအဝင် အခြား အသုံး စရိတ်များ ကာမိစေရန် လက်ထဲတွင် ငွေ ပိုမိုရှိလာကြပါသည်။ |
| ၁၅ | **စီမံချက်အမည်**<br>အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှု နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲ အစီအစဉ်များအား မြှင့်တင်ခြင်း<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–** မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၈၀၃,၉၄၂<br><br>**စီမံချက် ဧရိယာ–**<br>ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ လပွတ္တာ နှင့် မော်လမြိုင်ကျွန်း မြို့နယ်<br><br>**စီမံချက်ကာလ–**<br>၂၀၁၆ ခုနှစ် ဧပြီလ – ၂၀၁၉ ခုနှစ် ဇူလိုင်<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | စီမံချက်မှ တောင်သူသင်တန်းကျောင်းများမှတဆင့် စိုက်ပျိုးရေးတိုးချဲ့ ပညာပေးခြင်းနှင့် အကြံပေး ဝန်ဆောင်မှု များ ပေးခြင်း၊ ဒေသခံ မျိုးစပါး စိုက်ပျိုးသူများအား မှတ်ပုံတင်ထားသည့် မျိုးစေ့များအား ရယူခြင်း နှင့် အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြုလက်မှတ်ရ မျိုးစပါးများ ထုတ်လုပ်ခြင်း တို့တွင် ကူညီပံ့ပိုးခြင်း၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်ခြင်းနှင့် ရောင်းချခြင်း တို့ ပိုမိုကောင်းမွန် လာစေရန် ချေးငွေ ရယူရန် ကုန်ပစ္စည်းအပေါင်ထားသည့် စနစ်များ ထူထောင်ခြင်း၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်း မြို့နယ်များ ရှိ ဦးတည် ရပ်ရွာလူထုများနှင့် ကိုက်ညီသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆိုင်ရာ ဥပဒေသစ်များ နှင့် မူဝါဒများဆိုင်ရာ နောက်ဆုံးအခြေအနေများအား မျှဝေရန် ရပ်ရွာလူထုများ၊ ဒေသ အာဏာ ပိုင်များ နှင့် အစိုးရဌာနများ နှင့် ပူးပေါင်းညှိနှိုင်းရေးနှင့် မျှဝေရေး အစည်း အဝေးများ စီစဉ်ကျင်းပခြင်းတို့တွင် ပံ့ပိုးပေးခဲ့ပါသည်။<br><br>စီမံချက်၏ စိတ်ဝင်စားဖွယ်ရာများတွင် အောက်ပါတို့ ပါဝင်ပါသည် –<br><br>» မျိုးစပါး စိုက်ပျိုးသည့် တောင်သူ ၈၂ ဦးမှ ၁၂၉.၅ ဧကတွင် မျိုးစေ့ ၉၁၈၉ တင်း ထုတ်လုပ်ခဲ့ပါသည်။<br>» စီမံချက်၏ လေးနှစ်မြောက်နှစ်တွင် တောင်သူ ၆၈၄ ဦး ( အမျိုးသား ၅၈၂ ဦး + အမျိုးသမီး ၁၀၂ ဦးတို့) တောင်သူသင်တန်းကျောင်းများတွင် တက်ရောက်ခဲ့ကြပါသည်။<br>» စီမံချက်မှ GAP မြှင့်တင်ပေးခဲ့ပါသည်။ လပွတ္တာတွင် GAP စနစ်ဖြင့် စပါးစိုက်ပျိုးသည့် ဧက စုစုပေါင်း ၁,၉၆၅ ရှိပြီး မော်ကျွန်း တွင် စုစုပေါင်း ၃,၂၉၃ ဧက ရှိပါသည်။<br>» တောင်သူသင်တန်းကျောင်းမှ အလေ့အကျင့်များအား လေ့လာခဲ့ပြီး နောက် တောင်သူ ၆၇၀ အနက်မှ တောင်သူ ၃၀၀ ဦးတို့သည် ဓာတ်မြေဩဇာနှင့် ပေါင်းသတ်ဆေးအသုံးပြုမှု လျှော့ချခဲ့ပါသည်။<br>» မော်ကျွန်းမှ တောင်သူ ၂၀၂ ဦးတို့သည် နွေရာသီနှင့် မိုးရာသီ နှစ်ခုလုံးအတွက် ဆန် ငါးမျိုး တင်းပေါင်း ၂၀,၀၅၆ သိုလှောင်ခြင်းဖြင့် ချေးငွေရယူရန် ကုန်ပစ္စည်းများ အပေါင်ထားခြင်း (Inventory credit) အကျိုးခံစားခဲ့ရပါသည်။ လပွတ္တာတွင် IC အသုံးပြု၍ တောင်သူ ၉၁ ဦးတို့မှ ဆန်စပါး သုံးမျိုး ၄၁၃၅ တင်း သိုလှောင်ခဲ့ကြပါသည်။ |

| စဉ် | IPs စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | | » အမြတ်အစွန်းမှာ ရာသီနှင့် အမျိုးအစားအလိုက် ကွဲပြားခြားနားပါသည်။ မော်ကျွန်း တောင်သူများ သည် နွေရာသီရော မိုးရာသီပါ တစ်တင်းလျှင် အမြတ်ငွေ ၈၅၀ မှ ၁၅၀၀ အထိ ရရှိခဲ့ပြီး လပွတ္တာရှိ တောင်သူများ မှ ဆန်သိုလှောင်ထားခြင်းဖြင့် တစ်တင်းလျှင် ၁၀၃၃ ကျပ် ရရှိခဲ့ကြ ပါသည်။<br>» ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပုသိမ်မြို့၌ သုတေသနနှင့် မူဝါဒ ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။<br>» FFS တောင်သူ ၆၄၄ ဦးတို့ မြေယာဥပဒေ၊ မျိုးစေ့ ဥပဒေ နှင့် ပိုးသတ်ဆေး ဥပဒေ ဆိုင်ရာ အသိပညာပေး အစည်းအဝေးများ တက်ရောက်ခဲ့ကြပါသည်။ |
| ၁၆ | **စီမံချက်အမည်**<br>ဘက်စုံ စိုက်ပျိုးစီးပွားလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး (IARD)<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>Radanar Ayar Rural Development Foundation<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၇၂၉,၂၈၁<br><br>**စီမံချက် ဧရိယာ–**<br>ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ<br><br>**စီမံချက်ကာလ–**<br>၂၀၁၆ ခုနှစ် ဧပြီလ – ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | စီမံချက်မှ ဒေသခံ တောင်သူများအား အရည်အသွေးပြည့် မျိုးစေ့များ ထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေး တိုးချဲ့ပညာပေး ဝန်ဆောင်မှုများ ပံ့ပိုး ပေးခဲ့ပါသည်။ တချိန်တည်းမှာပင် သိုလှောင်ရုံများ ပံ့ပိုးပေးခြင်း၊ တောင်သူ အုပ်စုများ မှ စီမံခန့်ခွဲသည့် စုပေါင်း သိုလှောင်ခြင်း နှင့် ရောင်းချ ခြင်းစနစ်တို့ကို  မိတ်ဆက်ပေးခြင်း တို့ဖြင့် ထုတ်လုပ်ထားသည့် မျိုးစေ့များ ရောင်းချရန် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများနှင့် အကျိုးတူ လယ်ယာ စနစ်များ ထူထောင်ခဲ့ပါသည်။<br><br>စီမံချက်မှ စိတ်ဝင်စားစရာများတွင် အောက်ပါတို့ ပါဝင်ပါသည်–<br><br>» စီမံချက်ကာလအတွင်း မျိုးစပါး စိုက်ပျိုးသူ ၃၀၉ ဦး တို့ ပါဝင်ဆောင်ရွက်ပြီး သင်တန်းတက်ရောက်ခဲ့ကြပါသည်။<br>» အရည်အသွေးပြည့် မျိုးစပါး စိုက်ပျိုးထုတ်လုပ်သည့် ဧက မှာ ၇၈၄ ဧက အထိ တိုးတက်ခဲ့ပါသည် ။<br>» DOA  မျိုးစေ့ ခွဲခန်းမှ စပါး ၁၉၉ တင်း တို့ မျိုးစေ့ အရည်အသွေး ပြည့်မီ ကြောင်း အသိအမှတ်ပြုလက်မှတ် ရရှိခဲ့ပါသည် ။<br>» တောင်သူ ၁၀၉ ဦး တို့ စုပေါင်းဈေးကွက်တင်ခြင်းတွင် ပါဝင်ခဲ့ကြပါသည်။<br>» တောင်သူ ၁၂ ဦးတို့ အကျိုးတူ လယ်ယာ လုပ်ငန်း ဆောင်ရွက်ခဲ့ ကြပါသည် ။<br>» အရည်အသွေးပြည့်မီသည့် မျိုးစပါး ၁၁,၈၈၉ တင်း (၂၇၃.၃၈ တန်) အား စုပေါင်း ရောင်းချခဲ့ပါသည်<br>» တောင်သူ ၁၉၀ ဦးတို့ က မျိုးစပါး မှ ရသည့် ဈေးနှုန်းမှာ ပုံမှန် စပါး ထက်နှစ်ဆ ရရှိခဲ့ကြောင်း အစီရင်ခံခဲ့ကြပါသည်။<br>» မကွေးတိုင်းဒေသကြီး တောင်သူ အစည်းအရုံးမှ အပြန်အလှန် လေ့လာရေး ခရီးများ ဆောင်ရွက်ခဲ့ပြီး တောင်သူ စုစုပေါင်း ၄၀ ဦး ပါဝင်ခဲ့ပါသည် ။<br>» မျိုးစပါး စိုက်ပျိုးသည့် တောင်သူ စုစုပေါင်း ၆ ဦး တို့ WHH ၏ RSSD စီမံချက်မှ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှု ရရှိခဲ့ပြီး ၁၇ ဦးတို့အား RSSD စီမံချက်၏ အခြေခံ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး သင်တန်းတက်ရောက်ရန် ဖိတ်ကြားခြင်း ခံခဲ့ရပါသည်။<br>» မျိုးစေ့ပြပွဲ နှစ် ကြိမ်  စီစဉ်ခဲ့ကာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ  တိုင်းဒေသကြီးအဆင့်နှင့် ပြည်ထောင်စုအဆင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၇ | **စီမံချက်အမည်**<br>ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်း မျိုးစုံ ဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–** CORAD၊ GRET နှင့် CRS–KMSS<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၂,၉၄၃,၁၄၁<br><br>**စီမံချက် ဧရိယာ–**<br>ချင်းပြည်နယ် မြောက်ပိုင်း<br><br>**စီမံချက်ကာလ–**<br>၂၀၁၇ ခုနှစ် ဇူလိုင်လ – ၂၀၂၀ ခုနှစ် ဇွန်လ<br><br>**အခြေအနေ–** ဆောင်ရွက်ဆဲ | စီမံချက်မှ ချင်းပြည်နယ် မြောက်ပိုင်းရှိ ဝေးလံခေါင်သီသည့် ရပ်ရွာလူထုများအား အဆင့်မြင့် စိုက်ပျိုးရေး အလေ့အကျင့်များ မိတ်ဆက်ပေးခြင်းနှင့် လယ်ယာစနစ်များအတွင်းရာသီဥတု ပြောင်းလဲမှုဒဏ်အား ကြံ့ကြံ့ခံနိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့ဖြင့် တောင်သူ များအား ဆက်လက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်မှ တောင်သူ စံပြစိုက်ခင်းများ၊ မြေဩဇာရည်နှင့် မြေဖုံးပစ္စည်း အသုံးပြုခြင်းတို့တွင် ရပ်ရွာလူထု ပူးပေါင်း ဆောင်ရွက်ခြင်း၊ စပါး အစွမ်းရှိ စိုက်ပျိုးနည်းစနစ်(SRI)၊ ဘက်စုံ မြေဆီဩဇာ စီမံခန့်ခွဲမှု နှင့် အဆင့်မြင့် မျိုးစပါး ထုတ်လုပ်မှု တို့ တွင် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံကိန်း ဆောင်ရွက်ချက် များမှ တောင်သူ များအား ကုန်ထုတ်စွမ်းရည် တိုးတက်စေရန်နှင့် ရွှေ့ပြောင်း တောင်ယာ စနစ်မှ အခြေချ နေထိုင် စိုက်ပျိုးသည့်စနစ်များနှင့် ဆက်နွယ်နေသည့် စပါးအစွမ်းရှိ စိုက်ပျိုးရေး စနစ် များသို့ ပြောင်းလဲနိုင်ရန် လယ်ယာသုံး ကိရိယာများ ပံ့ပိုးပေးပါသည်။<br><br>အစီရင်ခံသည့်ကာလအတွင်း စိတ်ဝင်စားဖွယ်ရာများတွင် အောက်ပါတို့ ပါဝင်ပါသည် –<br><br>» ဆန်စပါးနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူ မိသားစု ၉,၀၀၀ ကျော်အား မျိုးစပါး ရွေးချယ်ခြင်း၊ စံပြစိုက်ခင်းများ တည်ထောင်ခြင်းနှင့် တိုးချဲ့ ပညာပေးရေး အသိအမြင်များ ဖြန့်ဝေခြင်းတို့ ပြုလုပ်ရန် သင်ကြားထားသည့် ကျေးရွာ နည်းပညာ ကူညီ ပံ့ပိုးသူများ မှတဆင့် စိုက်ပျိုးစနစ်များ အဆင့်မြှင့်တင်ခြင်း နည်းပညာ သင်တန်း များနှင့် ရေ စီမံခန့်ခွဲခြင်း တို့တွင် သင်တန်းပေးခဲ့ပါသည်။ ဤကဲ့သို့ အသိအမြင် ရရှိခြင်းမှာ တောင်သူ ၈,၀၆၂ ဦးတို့ မှ ပိုမိုကောင်းမွန်သည့် အလေ့အကျင့် အခြေခံ နည်းလမ်းများ ကျင့်သုံးခဲ့ပြီး တောင်သူ ၅,၂၅၂ ဦး တို့ ဆန်စပါးနှင့် ဟင်းရွက်ဟင်းသီး ထုတ်လုပ်မှု တိုးမြင့်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။<br>» အဆိုပါ ဝေးလံခေါင်သီသည့် ရပ်ရွာလူထုများအတွက် ယာတောအိမ်ခြံ ထုတ်လုပ်ခြင်း စနစ်များ မြှင့်တင်ခြင်းမှာ စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် အာဟာရ ဖွံ့ဖြိုးမှု ဖူလုံစေရန် မရှိမဖြစ် အရေးကြီးပါသည်။ စီမံချက်မှ စိန်ခေါ်မှုအား ဖြေရှင်းဆောင်ရွက်ရန် လမ်း နှစ်သွယ် ပါဝင်သည့် ချည်းကပ် နည်းလမ်းအား အသုံးပြုခဲ့ပါသည်။ ‘စုပေါင်း’ ဥယျာဉ် များ တည်ထောင်ခဲ့ပြီး အိမ်ထောင်စု ၆၀၀ အကျိုးရရှိစေခဲ့ကာ အိမ်ထောင်စု ၄,၀၀၀ နီးပါး အား ‘တစ်ဦးချင်း’ ဥယျာဉ်များအတွက် ထောက်ပံ့ပေး ခဲ့ပါသည်။<br>» စုပေါင်း နှင့် တစ်ဦးချင်း ဟင်းရွက်ဟင်းသီး စိုက်ပျိုးထုတ်လုပ်မှုများမှ ပိုလျှံသည့် ဟင်းသီးဟင်းရွက် များအား ဒေသတွင်း ဈေးကွက်များ သို့ တင်ပို့ ရောင်းချခြင်း (သို့) ကျေးရွာအချင်းချင်းအတွင်း ဖလှယ် ခဲ့ကြပါသည်။ အဆိုပါ ကြိုးပမ်း အားထုတ်မှုများမှ စီမံချက်ဧရိယာ အတွင်း အိမ်ထောင်စု ၁၀,၀၀၀ ကျော်ထံ ရောက်ရှိခဲ့သည့် အာဟာရ ဖောင်းပေး သတင်းအချက်အလက်နှင့် သတင်းစကားပြော ကြား မှုများ မြှင့်တင်ရေး တို့ဖြင့် ကူညီထောက်ပံ့ပေးခဲ့ပါသည်။<br>» တောင်သူများအား ဈေးကွက်များနှင့် ချိတ်ဆက်ခြင်းမှာ CORAD စီမံချက်၏ အရေး ပါသည့် အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။ ယခုအချိန်အထိ ကြက်သွန်၊ စပျစ်၊ ပင်ကြီး ပဲအမျိုးအစားများ နှင့် ဝဥ အပါအဝင် အဓိက ကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် အဖွဲ့ဝင် ၄,၂၉၅ ရှိသည့် ထုတ်လုပ်သူ ၁၈ ဖွဲ့ အား ဖွဲ့စည်း ပေးခဲ့ပြီး ဖြစ်ပါသည်။<br>» ထုတ်လုပ်သူအဖွဲ့များ၏ အဖွဲ့ဝင်များ အား သီးခြား သီးနှံများ ဆိုင်ရာ ဈေးကွက် သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှု ပိုမိုကောင်းမွန် စေရန် နှင့် ဝယ်သူများ နှင့် သွင်းအားစု ပံ့ပိုးပေးသူများ နှင့် ထိထိ ရောက် ရောက် ချိတ်ဆက် နိုင်ရန် လိုအပ် သည့် စီမံခန့်ခွဲမှု၊ ဈေးကွက်တင် ခြင်းနှင့် နည်းပညာ ကျွမ်းကျင်မှု များ အား ရရှိစေရန်တို့ အတွက် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ အဆိုပါ ကြိုးပမ်းအားထုတ်များ မှတဆင့် ထုတ်လုပ်သူအုပ်စု အဖွဲ့ဝင် ၃,၂၂၁ ဦးတို့ သည် ဈေးနှုန်း ညှိနှိုင်းမှု များ ပိုမို တိုးတက်လာခြင်း၊ တိုးတက်လာသည့် အရောင်းပမာဏများ တိုးတက်လာခြင်း နှင့် အရည်အသွေး တိုးတက်လာခြင်း တို့မှတဆင့် ဝင် ငွေတိုးလာခဲ့ကြပါသည်။ |

| စဉ် | IP၊ စီမံချက်အမည်၊ ကာလသတ်မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၈ | **စီမံချက်အမည်**<br>လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရမြှင့်တင်ရေး၊ အသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး<br><br>**အကောင်အထည်ဖော်ရေး မိတ်ဖက်(များ)–**<br>Myanmar Institute for Integrated Development (MIID)၊ Cornell University နှင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်<br><br>**စီမံချက် ဘတ်ဂျက်–**<br>ကန်ဒေါ်လာ ၁,၆၆၅,၈၅၁<br><br>**စီမံချက် ဒေသ–**<br>ချင်းပြည်နယ် မြောက်ပိုင်း၊ ဟားခါး မြို့နယ်<br><br>**စီမံချက်ကာလ–**<br>၂၀၁၇ ခုနှစ် ဒီဇင်ဘာလ – ၂၀၁၉ ခုနှစ် မေလ<br><br>**အခြေအနေ–** အစီရင်ခံသည့်ကာလတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ | စီမံချက်မှ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် အာဟာရဇောင်းပေး စိုက်ပျိုးရေးအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေး ခဲ့ပါသည်။ စီမံချက်လုပ်ငန်းများသည် လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှု အဆင့်မြှင့်တင်ခြင်း၊ ကျွဲနွား တိရစ္ဆာန် မွေးမြူရေး၊ ငါးမွေးမြူရေး၊ အိမ်တွင်းထုတ်လုပ်ရေး စနစ်များ၊ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ပညာပေး နှင့် လုပ်ကွက်ငယ် တောင်သူများ နှင့် ဈေးကွက်များကြား ချိတ်ဆက်ခြင်း၊ အမျိုးသမီး များ ဦးဆောင်မှုနှင့် စိုက်ပျိုးရေး တိုးချဲ့ ပညာပေးရေးနှင့် စိုက်ပျိုးရေး ပညာပေး လုပ်ငန်း များ တွင် ဆောင်ရွက်နေသည့် ဒေသခံ ပညာရပ်ဆိုင်ရာ နှင့် အစိုးရ အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်းတို့ အပါအဝင် ဘက်စုံ စိုက်ပျိုး မွေးမြူရေးအား မြှင့်တင်ခြင်း တို့အတွက် အကြံပေး ဝန်ဆောင်မှုများ တွင် အာရုံစိုက်ပါသည်။ စီမံချက်မှ ပြည်နယ် စိုက်ပျိုးရေး သိပ္ပံတွင် သင်ကြားရေး စာအုပ် များ အဖြစ် အသုံးပြုရန်၊ ချင်းပြည်နယ်တွင် စိုက်ပျိုးရေး ဆိုင်ရာ လက်ငင်းအကျိုးရလဒ်များ ပိုမိုကောင်းမွန်လာစေရန် အတွက် မြှင့်တင်ပေးရန် သင်တန်းသားများနှင့် တိုးချဲ့ ပညာပေး ကျွမ်းကျင်သူများ၏ ကြိုးပမ်း အားထုတ်မှုများအား ကူညီပံ့ပိုးပေးရန် လမ်းညွှန်များ ရေးသားပြုစု ပေးခဲ့ပါသည်။<br><br>စီမံချက် အစီရင်ခံသည့် ကာလအတွင်း –<br><br>» စီမံချက်မှ ပြည်နယ် စိုက်ပျိုးရေး သိပ္ပံ (SAI) သင်တန်းသား အရေ အတွက် အများဆုံး ပါဝင်ဆောင်ရွက် စေခြင်းဖြင့် စီမံချက် နေရာများ တွင် လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် ကွင်းဆင်း ခရီးစဉ်များ ပါဝင်သည့် အလုပ်အကိုင် ခန့်ထားခြင်းဆိုင်ရာ ရာသီ အသစ်ကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။<br>» တောင်သူ သင်တန်းကျောင်းများမှ လေ့လာသင်ယူမှုများအား မှတ်တမ်းတင်ရာတွင် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုများ ထည့်ဝင်ခဲ့ပါသည်။ လေ့လာသင်ယူမှု များတွင် ချင်းပြည်နယ်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် CORAD ၏ အတွေ့အကြုံများ ပါဝင် ပါသည်။ လေ့လာသင်ယူမှုများ အား ဖြန့်ဝေနိုင်ရန်အတွက် ထုတ်ဝေမည် ဖြစ်ပါသည်။<br>» အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားပေးပို့ခြင်းအား အထောက်အကူ ပေးရန် ၂၀၁၉ ခုနှစ် အတွင်းတွင် ကျေးရွာ ၁၅ ရွာမှ လူ ၁,၀၀၀ ကျော် (အမျိုးသမီး ၆၀ ရာခိုင်နှုန်း) တို့ က စီမံချက် လုပ်ငန်းများတွင် လက်တွဲပါဝင်လာခဲ့ပါသည်။<br>» အရေးပါသည့် ပါဝင်တက်ရောက်သူ တောင်သူများအား အဆင့်မြင့် သင်တန်းပေး ခဲ့ပြီး ထုတ်လုပ်ရေးတွင် ဝင်ငွေတိုးစေမည့် နည်းလမ်း အသစ်များ သတင်း အချက်အလက်ပေးရန် ပြည့်စုံအောင် ဖြည့်စွက် ထားသည့် အစားအစာ ထုတ်လုပ်မှု နှင့် စားသုံးမှု ပြက္ခဒိန်အား LEARN အဖွဲ့သို့ မျှဝေခဲ့ပါသည်။<br>» ချင်းပြည်နယ်တွင် အိမ် ခြံများတွင် ကြက်မွေးမြူခြင်းမှ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ အစာရရှိနိုင်မှု ဖြစ်ပါသည်။ MIID မှ တောင်သူဦးစီးသည့် သင်တန်းကျောင်း မှတဆင့် ကျေးရွာ ၇ ရွာတွင် တီကောင် မွေးမြူရေးကို မိတ်ဆက်ပေးခဲ့ပြီး တောင်သူ၁၅ဦး တို့သည် တီကောင် မွေးမြူ ထုတ်လုပ်ခြင်းကို စတင်ခဲ့ပြီး ကြက်စာအဖြစ် တီကောင် များအား အသုံးပြုကာ တီကျစ်စာရည်များအား အိမ်ခြံဥယျာဉ် အတွက် အာဟာရ ရင်းမြစ်အဖြစ် အသုံးပြုပါသည်။ |

## အာဟာရဖွံ့ဖြိုးမှုနှင့် ပဋိပက္ခဒဏ်ခံရသည့် ဒေသများ

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၁ | **WorldFish**<br><br>ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန် အလယ်ပိုင်းတို့တွင် လူမှုအသိုင်းအဝန်းများအတွက် ရိက္ခာဖူလုံရေးနှင့်ဝင်ငွေတိုးရေး အတွက် ရေရှည် တည်တံ့သော ငါးမွေးမြူရေးအား မြှင့်တင်ခြင်း (MYFish-Culture-MYFC)<br><br>(ဘတ်ဂျက်ပါဝင်သည့် စီမံချက် သက်တမ်း တိုးခြင်း)<br><br>ကန်ဒေါ်လာ ၄,၂၈၄,၅၂၉.၀၀<br><br>၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ<br><br>ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ<br><br>ပိတ်သိမ်းပြီး | » The MYCulture (MYFC) စီမံချက်အား ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၁)ရက်နေ့မှ စတင်၍ DoF, NAG, GRET, PACT-Myanmar, HKI နှင့် Pan Taing Shin တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသနှင့် အပူပိုင်းဇုန်ရှိ သင့်တော်သည့် စိုက်ပျိုးဂေဟစနစ်ရှိသည့် ဒေသများအား လွှမ်းခြုံခဲ့ပါသည်။ စီမံချက်၏ ရည်မှန်းချက်မှာ အသေးစား ထုတ်လုပ်သူများ၏ ဝင်ငွေများ တိုးပွားလာစေခြင်း နှင့် အိမ်ထောင်စုများ ၏ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရဖွံ့ဖြိုးမှု တိုးတက်လာစေခြင်း စသည့် ရည်ရွယ်ချက် များနှင့်အတူ ငါးမွေးမြူရေး ရေရှည်တည်တံ့ခိုင်မြဲစွာ တိုးတက်လာရန်အတွက် မြှင့်တင်ပေးရန် ဖြစ်ပါသည်။ My Culture စီမံချက်တွင် လေ့လာသင်ယူခြင်းနှင့် အဆင့်မြှင့်တင်ခြင်း ဟူ၍ အဆင့် (၂)ဆင့် ရှိခဲ့ပါသည်။ အဓိက စိတ်ဝင်စား ဖွယ်ရာများမှာ -<br>» ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားမြို့ ၌ သင်တန်းပို့ချသည့် အဖွဲ့မှ MYCulture၊ DOF နှင့် IP များ၏ ဝန်ထမ်းများအား SSA၊ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကျား၊ မ ရေးရာတို့တွင် ဆရာဖြစ်သင်တန်း ပို့ချပေးခဲ့ပါသည်။ စီမံချက်မှ အဓိကအားဖြင့် ငါးမွေးမြူရေး ဆိုင်ရာ နည်းပညာများ၊ အာဟာရဖွံ့ဖြိုးမှုနှင့် ကျားမရေးရာ တို့တွင် ဝန်ထမ်းများနှင့် တောင်သူများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် အာရုံစိုက်ခဲ့ပါသည်။<br>» စီမံချက်သည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်မှ ငါးမွေးမြူရေးတွင် ပံ့ပိုး ကူညီသူများ (AFs) အဖြစ်ဆောင်ရွက်ရန် စိတ်ဝင်စားမှု ရှိသော စုစုပေါင်း တောင်သူ (၇၈) ဦး အား အဓိက ရည်ရွယ်ချက်များဖြစ်သည့် - (က) တိုးချဲ့ ပညာပေးရေး၊ SSA နှင့် အာဟာရဖွံ့ဖြိုးမှုတို့တွင် ၎င်းတို့၏ စွမ်းဆောင်ရည် ထပ်မံတည်ဆောက် ပေးခြင်း (ခ) ၎င်းတို့၏ ရပ်ရွာလူထုများအတွင်း ငါးမွေးမြူရေး နည်းပညာများ ချဲ့ထွင်ရန် (ဂ) စီမံချက် လုပ်ငန်းများအား ကူညီပံ့ပိုးပေးရန် တို့အတွက် ရွေးချယ်ခဲ့ပါသည်။<br>» ဦးတည် ရည်ရွယ်သည့် ဒေသများတွင် လူမှုအသိုက်အဝန်းများအတွက် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အသိပညာပေးခြင်း နှင့်အချက်အပြုတ် ပြိုင်ပွဲ စုစုပေါင်း (၄၅) ပွဲအား စီစဉ် ကျင်းပခဲ့ပါသည်။<br>» စီခံချက် ကာလတလျှောက်လုံးတွင် ငါးမွေးမြူရေး ဆိုင်ရာ လူထုစည်းရုံးရေးမှူး နှင့် ရပ်ရွာလူထု စည်းရုံးရေးမှူး တို့က စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများအား သင်တန်း ပို့ချပေးခဲ့ပါသည်။ အဆိုပါ ကြိုးပမ်းအားထုတ်မှု များ၏ ရလဒ်အနေဖြင့် ကျေးရွာ (၃၂၄)ရွာတွင် စုစုပေါင်း တောင်သူအုပ်စု (၂၀၅) ဖွဲ့အား စုစုပေါင်းတောင်သူ ၃,၆၅၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး သင်တန်းများ တက်ရောက်ခဲ့ပါသည်။<br>» မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တွင် ၂၀၁၆ ခုနှစ်တွင် ငါးမွေးမြူရေးစနစ် ငါးခု အား စမ်းသပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် မှ စတင်ကာ စနစ်များအား ဖြန့်ဝေခဲ့ပြီး ရေရရှိနိုင်မှု (၃)မျိုး (ဆိုလိုသည်မှာ တနှစ်ပတ်လုံးဆည်ရေ ရရှိခြင်း၊ ရာသီအလိုက် ဆည်ရေ ရရှိခြင်းနှင့် မိုးရေဖြင့် ဖြည့်ပေးခြင်း) ထက်ကျော်လွန်၍ တိုးချဲ့နိုင်ခဲ့ပါသည်။<br>» ငါးသားဖောက်စခန်း (၅၆)ခုတွင် ငါးသားပေါက် စုစုပေါင်း ၁,၅၅၁,၉၈၇ ကောင်အား သားဖောက်ခဲ့ပြီး ကန်ဖြင့်ငါးမွေးမြူသည့် တောင်သူစုစုပေါင်း ၁,၄၉၇ ဦးမှ လက်လှမ်းမီ ရယူခဲ့ပြီး၊ ကျန်ရှိနေသည့် ငါးသားပေါက်များအား အစိုးရနှင့် ပုဂ္ဂလိက ဥဖောက်ကန်များနှင့် ငါးသားဖောက် စခန်းများမှ ခန့်မှန်းခြေတောင်သူ ၂,၀၀၀ ခန့်မှ ဝယ်ယူခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် မြို့နယ် (၁၈) မြို့နယ်တွင် PACT ၊ GRET ၊NAG ၊ HKI ၊ PTS နှင့် DOF တို့နှင့် ပူးပေါင်း၍ ငါးမွေးကန် ၃၆၅၁ ကန်တွင် စုစုပေါင်း ငါးသားပေါက် ၂,၉၂၇,၀၈၃ ကောင်အား ရောင်းချရန် သိုလှောင်ထားခဲ့ပါသည်။<br>» စီမံချက်သည် မျိုးဗီဇ ပိုမိုဖွံ့ဖြိုးအောင် မွေးမြူထားသည့် တီလာဗီးယား (GIFT) အား မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်အနေဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် မိတ်ဆက် ပေးခဲ့ပါသည်။ တကမ္ဘာလုံးရှိ ဒေသတော်တော်များတွင် အများဆုံး မွေးမြူသည့် ငါးအမျိုးအစား တစ်မျိုးဖြစ် သော တီလားဗီးယား ဗီဇဖြစ်သည့် GIFT သည် ကြီးထွားမှု လျင်မြန်ပြီး ငွေကြေးအရ တတ်နိုင်သည့် တိရစ္ဆာန် ပရိုတင်း ရင်းမြစ်အားပေးအပ်နိုင်သည့် အတွက်ကြောင့် ရွေးချယ် ရမည့် ငါးအမျိုးအစား တစ်မျိုး ဖြစ်လာခဲ့ပါသည်။<br>» စီမံချက် ဒေသများတွင် ငါးစာအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်စေရန်အတွက် စုစုပေါင်း အစာစက်ရုံ (၃၂)ရုံအား ရပ်ရွာလူထုအဆင့်တွင် စီမံချက်မှ ကူညီပံ့ပိုးမှုဖြင့် တည်ထောင်ခဲ့ပါသည်။<br>» စုစုပေါင်းတောင်သူ ၂,၃၈၆ ဦး (စုစုပေါင်း အကျိုးခံစားခွင့်ရှိသူများ၏ ၆၅%) သည် ငွေစုသည့် အုပ်စု (၁၅၄) ဖွဲ့အား ဖွဲ့စည်းခဲ့ပြီး လည်ပတ်ရန်ပုံငွေ အနေဖြင့် ငွေပမာဏ ၅၁.၀၅ သန်းအား စုဆောင်းခဲ့ပြီး ငါးမွေးမြူရေး လုပ်ငန်းများအား ကူညီ ပံ့ပိုးပေးသည့် GRET ၊ PACT နှင့် NAG တို့၏ ကူညီပံ့ပိုးမှုနှင့်အတူ ချေးငွေအား လက်လှမ်းမီ ရယူခဲ့ပါသည်။<br>» စီမံကိန်း ပြီးဆုံးချိန် ဆောင်ရွက်ခဲ့သည့် စစ်တမ်းနှင့် အပြီးသတ် အကဲဖြတ် သုံးသပ်ခြင်းတို့မှ စီမံချက်သည် ရပ်ရွာလူထုနှင့် အိမ်ထောင်စုအတွင်း ဆွေးနွေးမှု များတွင် အမျိုးသမီးများ ပါဝင်နိုင်ရန် အတွက် အခွင့်အလမ်းများ ပိုမို ဖန်တီး နိုင်ခဲ့ခြင်း၊ အစားအသောက် အမျိုးမျိုးနှင့် အပိုဝင်ငွေများ ရရှိလာမှုကြောင့် အကျိုး ခံစားခွင့်ရှိသူ များ၏ အစားအစာ စားသုံးမှု တိုးတက် လာခဲ့ခြင်း၊ အကျိုး ခံစားခွင့် ရှိသူများအတွက် အရေးကြီးသည့် အပိုဝင်ငွေ ရရှိနိုင်မည့် ရင်းမြစ်အား ဖန်တီး ပေးခဲ့ခြင်းတို့ ရှိပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၂ | **Save the Children (SCI) ၊ World Vision International (WVI) ၊ Population Services International (PSI) တို့နှင့် မိတ်ဖက်ပြုမှု ပြုလုပ်ထားသည့် Koe Koe Tech**<br><br>ရွှေခရီးလမ်း ဘောဂ မေမေ (ရွှေမေမေ) – "ရွှေခရီးလမ်းပေါ်ရှိ မေမေ"<br><br>ကန်ဒေါ်လာ ၇၉၉,၇၃၈<br><br>၂၀၁၈ ခုနှစ် ဖွန်လ (၁)ရက်နေ့မှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ(၃၀) ရက်နေ့ ထိ<br><br>ဆောင်ရွက်ဆဲ | စီမံချက်သည် ကျန်းမာရေးလုပ်သားများနှင့် ဒီဂျစ်တယ် နည်းဖြင့် လွှဲပို့ပေးသည့် ယန္တရားတို့ အတွက် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီ ရယူနိုင်မှုအား တိုးမြှင့်ခြင်းမှတဆင့် ဝန်ဆောင်မှု အပြည့်အဝ မရရှိသေးသည့် လူအများထံ ဘဝအစ ရက် ၁,၀၀၀ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများအား ဒီဂျစ်တယ်ပုံစံသို့ ပြောင်းလဲပြီး တနိုင်ငံလုံးသို့ ဖြန့်ဝေရန်နှင့် ကျန်းမာရေးစနစ်များ ခိုင်မာ အားကောင်းစေရန် တို့ အတွက် ရည်ရွယ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အဓိက ပြီးစီးအောင်မြင်မှုများမှာ –<br><br>» KKT သည် ၂၀၁၉ ခုနှစ်တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကြောင်းအရာများ နှင့် မေမေ အပ်ပလီကေးရှင်း တို့အပေါ် တုံ့ပြန် မှတ်ချက်များ ရရှိရန်အတွက် အသုံးပြုသူ (၁၃၀)ဦးထံ ရောက်ရှိခဲ့ပြီး ၎င်းတို့အနက်မှ အများစုမှာ ကိုယ်ဝန်ဆောင် ခြင်း နှင့် ဆက်နွယ်နေသည့် သတင်းအချက်အလက်များနှင့် ကလေး သူငယ် နှင့် ပတ်သက် သည့် ဆောင်းပါးများနှင့် ပတ်သက်၍ ၎င်းတို့ သိရှိကြောင်းအား ဖြေကြား ခဲ့ပါသည်။<br>» KKT ၏ တဆင့်ခံ IP ဖြစ်သည့် World Vision မှ ပြည်နယ်နှင့် တိုင်းဒေသကြီး (၄)ခုတွင် ဝန်ထမ်း (၁၃)ဦး အတွက် ဆရာဖြစ် သင်တန်း တစ်ခု၊ ဝန်ထမ်း ၂၄၆ ဦး အတွက် မွန်းမံသင်တန်း (၈)ခုနှင့် ဝန်ထမ်း၁၃၄ ဦးအတွက် ဆင့်ပွားသင်တန်း (၁၄)ခုအား ပို့ချခဲ့ပါသည်။ နောက်ထပ်တစ်ဆင့်ခံ IP ဖြစ်သည့် Save the children မှ ပြည်နယ်နှင့် တိုင်းဒေသကြီး (၈)ခုရှိ ရုံးခွဲများ အားလုံးတွင် ဆရာဖြစ် သင်တန်းနှင့် ဆင့်ပွားသင်တန်း (၁၄) ခုအား ပို့ချခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း၂၆၃ ဦး တက်ရောက်ခဲ့ပါသည်။ ဤအစီရင်ခံ တင်ပြသည့် ကာလအတွင်း၌ PSI သည် ကွင်းဆင်း ဆောင်ရွက်သည့် ဝန်ထမ်း ၂၀၉ ဦးအတွက် မွန်းမံ သင်တန်း (၇)ခုအား ပို့ချခဲ့ပါသည်။<br>» KKT ၏ ဈေးကွက်မြှင့်တင်ရေး ဝန်ထမ်းများသည် ရန်ကုန်၊ ထားဝယ်၊ မြစ်ကြီးနား၊ တောင်ကြီး၊ လှိုင်ကော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ဟားခါး တို့တွင် မေမေ အပ်ပလီကေးရှင်းအား ၁၀၀,၈၁၈ ဦးထံ အသုံးပြုရန် အတွက် ထည့်သွင်းပေးခြင်း အား ပြုလုပ်ခဲ့ပါသည်။ World Vision ဝန်ထမ်းများမှလည်း မေမေ အပ်ပလီကေးရှင်းအား CHW ၈၁၃ ဦး၊ AMW ၅၂ ဦး နှင့် BHS ၁၉၇ ဦး အပါအဝင် စုစုပေါင်း ပါဝင်သူ ၁,၀၆၂ ဦး ထံ မိတ်ဆက်ပေးခဲ့ပါသည်။<br>» နှစ်အကုန်တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများတွင် ပါဝင်သည့် အကြောင်း အရာများအား NNC နှင့် HLPU တို့မှ အပြီးသတ် အတည်ပြု ပေးခဲ့ပါသည်။ |
| ၃ | **PATH**<br><br>မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း<br><br>ကန်ဒေါ်လာ ၄,၆၅၉,၆၂၆<br><br>၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ခုနှစ် ဖွန်လအထိ<br><br>ဆောင်ရွက်ဆဲ | ၂၀၁၉ ခုနှစ်တွင်း အောက်ဖော်ပြပါ အဓိက ပြီးစီးအောင်မြင်မှုများကို ဆောင်ရွက်ခဲ့ ပါသည်။<br><br>» ၂၀၁၉ ခုနှစ် မတ်လတွင် MoHS ၏ ပြည်ထောင်စုဝန်ကြီးမှ ဆန်တွင် အဏုအာဟာရ ဖြည့်စွက်ခြင်း လုပ်ငန်းလမ်းညွှန် အား စတင်မိတ်ဆက်ခဲ့ပြီး အားဖြည့်ဆန် (FR) အား တနိုင်ငံလုံးရှိ သူနာပြုနှင့် သားဖွား သင်တန်းကျောင်း များတွင် အသုံးပြုခြင်းအား စတင် လုပ်ဆောင်ရန် ဝန်ကြီးဌာနအတွင်း အမိန့်ကြေငြာချက် ဖြင့် ပြဌာန်းခဲ့ ပါသည်။<br>» ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း အားဖြည့်ဆန်စေ့ ( ၈၄) မက်ထရစ်တန် – Golden Power မှ ၄၆ မက်ထရစ်တန်နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီ ရွှေဇာခြည် (MAPCO–GL) မှ ၃၈ မက်ထရစ်တန်အသီးသီး အား WFP ထံသို့ ပေးသွင်းခဲ့ပါသည်။ ထို့အတွက်ကြောင့် အားလုံးပေါင်းစပ်လိုက်ပါက စုစုပေါင်းFR ၅,၇၀၆ မက်ထရစ်တန်အား ထုတ်လုပ်ခဲ့ပြီး၊ ယင်းအနက်မှ ၅,၃၅၅ မက်ထရစ်တန်တွင် ၁,၈၇၆.၂၂ မက်ထရစ်တန် အား ပုဂ္ဂလိကနှင့် လူမှုရေးကဏ္ဍ မှ၎င်း၊ ၃,၄၇၉ မက်ထရစ်တန် အား ရခိုင်ပြည်နယ်ရှိ WFP မှတဆင့် ဖြန့်ဖြူး ခဲ့ပါသည်။<br>» PATH နှင့် မိတ်ဖက်ပြု၍ PSI သည် မီဒီယာ (ဥပမာ ရုပ်မြင်သံကြား ကြေငြာ၊ FM ရေဒီယို၊ ကြေငြာ ဆိုင်းဘုတ်တွင် ကြေငြာခြင်း၊ လူမှုကွန်ရက်နှင့် ဘတ်စ်ကားနှင့် အငှားယာဉ် တို့တွင် ကြေငြာခြင်း) နှင့် လူတစ်ဦးချင်းစီနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံ၍ မြှင့်တင်ခြင်း (ဥပမာ ဈေးဝယ်၍ ငွေရှင်းသည့် နေရာတို့ တွင် မြှင့်တင်ခြင်း၊ FR မြှင့်တင်သည့် ပွဲများ၊ စည်းရုံးလှုံ့ဆော်ရေးပွဲများနှင့် ပညာပေး ပွဲများ) တို့မှတင့် လိုအပ်ချက် ဖော်ထုတ်သည့် လှုပ်ရှား ဆောင်ရွက်မှုများအား ဆက်လက် ဆောင်ရွက် ခဲ့ ပါသည်။ စည်းရုံး လှုံ့ဆော်သည့် ပစ္စည်းများနှင့် နည်းကိရိယာများအား ဆန်စက် ပိုင်ရှင်များအား ၎င်းတို့ အသုံးပြုရန်အတွက် ယခုအခါတွင် မျှဝေပေးခဲ့ပြီး ဖြစ်ပါသည်။<br>» ၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်း ဦးစီးဌာန (DSW) အောက်ရှိ အာဟာရ တိုက်ကျွေး သည့် အစီအစဉ်များ မှတဆင့် အသုံးပြုရန်အတွက် ဖြန့်ဖြူးပေးရန် လူမှုရေးကဏ္ဍ ဝယ်ယူမှုမှ မက်ထရစ်တန် ၅၂၀ ထိ ထပ်မံ၍ ဖြည့်ပေးပါသည်။ Business Kind Myanmar နှင့် PSI တို့၏ နှစ်ဦးနှစ်ဘက် အကျိုးရှိသည့် အစီအစဉ်မှFR အား ရန်ကုန်၊ မန္တလေး၊ မကွေး၊ ရောဝတီ၊ ရှမ်းပြည်မြောက်ပိုင်းရှိ မြို့နယ် (၅)မြို့နယ်တွင် ရောင်းချရန် အတွက် ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ WFP မှ FR အား စစ်တွေတွင် ဖြန့်ဖြူးရန် ဆက်လက် လုပ်ဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ အကုန်တွင် IDP စခန်း (၂)ခုတွင် နေထိုင်နေသည့် IDP ၂၈၈,၇၉၅ ဦးထံ FR ၃,၄၇၉ မက်ထရစ်တန်အား ဖြန့်ဖြူးပေးခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၄ | **World Food Programme**<br><br>စီမံချက် ။ မြန်မာနိုင်ငံတဝှမ်း အားဖြည့်ဆန် ထုတ်လုပ်ရေးနှင့် စားသုံးမှု တိုးချဲ့ခြင်း<br><br>ကန်ဒေါ်လာ ၃၈၇,၃၈၀<br><br>၂၀၁၇ ခုနှစ် ဩဂုတ်လ မှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ<br><br>ဆောင်ရွက်ဆဲ | WFP သည် ရခိုင်ပြည်နယ်ရှိ စားနပ်ရိက္ခာ ဖြန့်ဝေသည့် ၎င်းတို့၏ အစီအစဉ်တွင် အားဖြည့် ဆန်အား ထည့်သွင်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း WFP သည် အောက်ဖော်ပြပါ အဓိကလုပ်ငန်းများအား ပြီးစီးအောင်မြင်ခဲ့ပါသည်။<br><br>» ၂၀၁၉ ခုနှစ်တွင် စစ်တွေဒေသအောက်ရှိ IDP စခန်းများမှ အကျိုးခံစားခွင့်ရှိသူများထံ အားဖြည့်ဆန် စုစုပေါင်း ၁၆၄ မက်ထရစ်တန်အား ဖြန့်ဝေပေးခဲ့ပါသည်။<br>» FR သည် ရခိုင်ပြည်နယ်၊ စစ်တွေ IDP စခန်း (၁၄)ခုရှိ အိမ်ထောင်စု ၈,၇၈၁ စုမှ အကျိုးခံစားခွင့်ရှိသူ ၅၃,၅၂၅ ဦး (ကျား-၂၆,၀၉၃၊ မ-၂၇၄၃၂) ထံ ရောက်ရှိခဲ့ပါသည်။<br>» WFP နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် စခန်း (၁၄)ခု စလုံးရှိ အကျိုးခံစားခွင့်ရှိသူများအတွက် အသိအမြင် မြှင့်တင်သည့် ပွဲများ ကျင်းပ ပြုလုပ်ခဲ့ပြီး အိမ်ထောင်စုများ၏ ကိုယ်စားလှယ် ၃,၂၉၈ ဦးထံ ရောက်ရှိခဲ့ပါသည်။ |
| ၅ | **Save the Children International**<br><br>အာဟာရချို့တဲ့မှု လျှော့ချရန် အဓိက ကျသော အာဟာရ ဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN) အဆင့် ၂<br><br>ကန်ဒေါ်လာ ၁,၅၇၄,၆၀၀<br><br>၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ အထိ<br><br>စီမံချက်ပြီးဆုံး | LEARN စီမံချက်သည် LIFT ၏ IP များနှင့် CSO များ အထူးသဖြင့် ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် လုပ်ကိုင်နေသည့် IP များထံ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ နည်းပညာ အထောက်အပံ့ ပေးအပ်ခဲ့ပါသည်။ LEARN-2 စီမံချက် သည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ပြီးဆုံးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အတွက် အဓိကပြီးစီးအောင်မြင်မှုများမှာ –<br><br>» LEARN ၂ သည် LIFT ၏ IP များနှင့် ပြည်တွင်း NGO များ / CSO များထံမှ သင်တန်းနှင့် နည်းပညာဆိုင်ရာ ထောက်ပံ့မှု ပေးရန် ပန်ကြားချက် များကို လက်ခံရရှိခဲ့ပါသည်။ စီမံချက်သည် LIFT၊ Access to Health နှင့် SUN CSA အဖွဲ့ဝင် အဖွဲ့အစည်းများမှ ဝန်ထမ်း ၂,၅၉၃ ဦး (ကျား-၁,၁၇၆ နှင့် မ-၁,၄၁၇ ဦး) တို့အား လွှမ်းခြုံသည့် သင်တန်းနှင့် နည်းပညာ ထောက်ပံ့မှု တောင်းခံခြင်း (၁၈၉) ခုအား ပံ့ပိုးပေးခဲ့ပါသည်။နည်းပညာ အထောက်အပံ့နှင့် သင်တန်းတို့တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံသင်တန်း၊ ပံ့ပိုးကူညီပေးခြင်းဆိုင်ရာ သင်တန်း၊ အမူအကျင့် ပြောင်းလဲခြင်း ဆိုင်ရာ သင်တန်း ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ အထူးလိုအပ်ချက်များ ရှိနေသည့် ကလေးသူငယ်ဆိုင်ရာ သင်တန်းအတွက် အာဟာရ ဖွံ့ဖြိုးမှုအား ထည့်သွင်းခြင်း အပါအဝင် ဘဝအစရက် ၁,၀၀၀အတွင်း အာဟာရဖွံ့ဖြိုးမှုနှင့် အတားအဆီးများ ဆန်းစစ်မှု ဆိုင်ရာ သင်တန်းတို့ ပါဝင်ခဲ့ပါသည်။<br>» LEARN သည် ပဋိပက္ခဒဏ်ခံရသည့် ဒေသများ – ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း – စီမံကိန်းတွင် လုပ်ကိုင်နေသည့် LIFT ၏ IP အသစ်များထံ အာဟာရဖွံ့ဖြိုးမှုနှင့် ပံ့ပိုးကူညီပေးခြင်းဆိုင်ရာ အခြေခံ သင်တန်းအား ပို့ချခဲ့ပါသည်။ ADRA ၊ AVS ၊ FRC နှင့် ၎င်းတို့၏ လားရှိုး၊ ဗန်းမော်၊ မြစ်ကြီးနား မြို့နယ်များရှိ အစိုးရ နည်းပညာ အထက်တန်းကျောင်းမှ ဆရာ/မ များအပါအဝင် အဖွဲ့အစည်း ဆိုင်ရာ မိတ်ဖက်များသည် နည်းပညာထောက်ပံ့မှုမှ အကျိုးကျေးဇူးများ ကို ခံစားခဲ့ကြပါသည်။<br>» LEARN သည် အမူအကျင့် ပြောင်းလဲရေး မူဘောင် ဒီဇိုင်းရေးဆွဲခြင်း သင်တန်း သင်ရိုးညွှန်းတမ်းအား မြန်မာဘာသာ ဖြင့် ရေးဆွဲခဲ့ကာ စတင်ပို့ချခဲ့ပြီး ယခုအခါတွင် အဖွဲ့အစည်း အများအပြားသည် SBCC အား ထိရောက်မှု ရှိစွာ ဒီဇိုင်းပုံစံ ရေးဆွဲရန် အတွက် လက်တွေ့အသုံးချနေကြပါသည်။<br>» LEARN သည် အဆင့်မြင့် သင်တန်းဆရာ ကွန်ရက် မဟာဗျူဟာအား တည်ထောင်ပြီး အကောင်အထည်ဖော်ခဲ့ကာ အဖွဲ့အစည်း အမျိုးမျိုးမှ အဆင့်မြင့် သင်တန်းဆရာများအား စုစည်းခဲ့ပါသည်။ အနာဂတ်တွင် အခြေခံ အာဟာရ ဖွံ့ဖြိုးမှုနှင့် ပံ့ပိုးကူညီမှု သင်တန်း အား ပို့ချနိုင်သည့် အဆင့်မြင့်သင်တန်း ဆရာများ အနေဖြင့် တက်ရောက်သူ (၆)ဦး ပြီးစီးအောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။<br>» LEARN သည် အသက်(၅)နှစ်အောက် ကလေးငယ် မိခင်များအကြား မိခင်နို့ရည် တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်းနှင့် လက်ဆေးသည့် အမူအကျင့်များ နှင့် ပတ်သက်သည့် အတားအဆီးများ ဆန်းစစ်မှုအား ရခိုင် ပြည်နယ် ပေါက်တောမြို့နယ်ရှိ SCI ၊ မင်းပြားနှင့် စစ်တွေမြို့နယ်ရှိ ACF တို့အတွက် ဆောင်ရွက်ခဲ့ပါသည်။<br>» LEARN သည် အာဟာရဖွံ့ဖြိုးမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအပေါ် LIFT ၏ ELQ လေ့လာမှုအပိုင်း (၁)နှင့် (၂)အား စီစဉ် ထုတ်လုပ်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၆ | **Save the Children International**<br><br>မြစ်ဝကျွန်းပေါ်ဒေသရှိ BRIGHT SUN, MCCT စီမံချက်<br><br>ကန်ဒေါ်လာ ၃,၉၂၄,၅၀၀<br><br>၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ အထိ<br><br>စီမံချက် ပြီးဆုံး | BRIGHT SUN သည် ကိုယ်ဝန် စတင်ဆောင်သည့် အချိန်မှစ၍ ကလေး၏ အသက်(၂)နှစ် ပြည့်သည့် အချိန်တလျောက်လုံး ဖြစ်သည့် ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင်နှင့်ကလေးငယ်အား ငွေကြေးထောက်ပံ့မှု (တစ်လလျှင် မြန်မာကျပ်ငွေ ၁၅,၀၀၀) နှင့် မိခင်များထံ SBCC တို့အား ပေးအပ်ခဲ့ပါသည်။ စီမံချက်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးဆုံးခဲ့ပါသည်။ စီမံကိန်းတလျောက်တွင် အောက်ဖော်ပြပါ ပြီးစီးအောင်မြင်မှုများကို လုပ်ဆောင် ခဲ့ပါသည်။<br><br>» Bright SUN သည် မိခင်အချင်းချင်း ရိုင်းပင်းကူညီ ရေး အုပ်စု (MtMsG) များအား ပံ့ပိုးကူညီပေးရန်အတွက် မိခင်ခေါင်းဆောင် ၄၁၂ ဦးနှင့်အတူ မိခင်အုပ်စု (၄၁၂)စုအား ဖွဲ့စည်းပေးခဲ့ပါသည်။<br>» လူထု ကျန်းမာရေး လုပ်သား (CHW)များ ၊ အရန်သားဖွားဆရာမ (AMW) များနှင့် ပူးပေါင်း၍ လေ့ကျင့်သင်ကြား ပေးထားသည့် ရပ်ရွာလူထု ကျန်းမာရေး ဆိုင်ရာ စေတနာ့ ဝန်ထမ်းများမှ IYFC ၊ ANC နှင့်PNC ၊ WASH နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များအပေါ် SBCC ပွဲ/ လှုပ်ရှား ဆောင်ရွက်မှု စုစုပေါင်း ၆,၁၂၈ ခု (MtMsG) ပွဲများနှင့် ရပ်ရွာလူထုဆွေးနွေးပွဲများ)အား ကျင်းပြုလုပ်ခဲ့ ပါသည်။ ပွဲသို့ ဦးတည်ရည်ရွယ်သည့် မိခင် ၄,၅၈၀ ဦးနှင့် ခင်ပွန်းများ၊ ယောက္ခမများ၊ အဖွားများ အပါအဝင် အခြား ကျေးရွာသူရွာသား ၂၉,၀၅၇ ဦး ပါဝင်ခဲ့ကာ အဆိုပါ ပွဲများသို့ တက်ရောက်ခဲ့ကြပါသည်။<br>» အကျိုးခံစားခွင့်ရှိသူ မိခင် ၅,၇၇၃ ဦးသည် ၎င်းတို့အတွက် MCCT လစဉ်ငွေကြေး ထောက်ပံ့မှုအား အဓိကဆက်သွယ်ဆောင်ရွက်သည့် ပုဂ္ဂိုလ်မှ ငွေကြေးပေးဝေခြင်း မှတဆင့် ရရှိခဲ့ပါသည်။ စီမံချက် ကာလတလျောက်လုံးတွင် ငွေကြေးထောက်ပံ့မှု ပေါင်း ၁၂၉,၁၉၆ ကြိမ် ပြုလုပ်ခဲ့ပြီး ၎င်းတို့အနက်မှ ထောက်ပံ့မှုများအနက်မှ ၂၇,၉၀၆ ကြိမ်မှာ လက်ကိုင်ဖုန်းဖြင့် ငွေကြေးလွှဲပြောင်း ပေးအပ်ခဲ့ပါသည်။<br>» စီမံကိန်း ပြီးဆုံးချိန် အစီအရင်ခံစာအား စီမံကိန်း ပြီးဆုံးသည့် အချိန်၌ ပြုလုပ်ခဲ့ပြီး အစီရင်ခံစာအား ၂၀၂၀ ခုနှစ်တွင် ရရှိနိုင်မည် ဖြစ်ပါသည်။ |
| ၇ | **Karuna Mission Social Solidarity (KMSS) ဟားခါးနှင့် မိတ်ဖက် ပြုထားသည့် Catholic Relief Services (CRS)**<br><br>ရပ်ရွာလူထု နှင့် ချိတ်ဆက်သည့် စိုက်ပျိုး ထုတ်လုပ်မှု မြင့်မားရေး (PACE)<br><br>ကန်ဒေါ်လာ ၁,၈၁၃,၂၀၃<br><br>၂၀၁၆ ဖွန်လမှ ၂၀၂၀ ဖွန်လ အထိ<br><br>ဆောင်ရွက်ဆဲ | PACE စီမံချက်သည် ချင်းပြည်နယ် အလယ်ပိုင်းရှိ မြို့နယ် (၃) မြို့နယ်မှ ကျေးရွာ (၆၀)တွင် လုပ်ကွက်ငယ်တောင်သူများအား ကူညီပံ့ပိုးပေးရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ PACE သည် ရပ်ရွာလူထု အခြေခံသည့် ချဉ်းကပ်နည်းလမ်းမှတဆင့် ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များနှင့် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့အပေါ် သင်တန်းများ ပို့ချခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းအား ပေးအပ် ခဲ့ပါသည်။<br><br>» စီမံချက်သည် အကျိုးခံစားခွင့်ရှိသူ ၂,၆၃၁ ဦး (အမျိုးသား ၁,၂၇၁ ဦးနှင့် အမျိုးသမီး ၁,၃၆၀ ဦး) တို့အား ပြောင်းနှင့် ပဲ တို့အတွက် သီးနှံနှင့် စိုက်ပျိုးမှု ပတ်ဝန်းကျင် ဆက်နွယ်မှု ဆိုင်ရာ အလေ့အကျင့်များ တိုးတက်စေခြင်းအပေါ် လေ့ကျင့် သင်ကြား ပေးခဲ့ပါသည်။<br>» စီမံချက်သည် အမျိုးသမီး ၂၁၄ ဦး ပါဝင်သည့် အကျိုးခံစားခွင့်ရှိသူ ၂၂၆ ဦး နှင့် အတူ အိမ်ခြံဝင်းအတွင်း ဥယျာဉ်စိုက်ပျိုးရေး (DHG) လက်တွေ့သရုပ်ပြပွဲများအား ပြုလုပ်ခဲ့ ပါသည်။<br>» အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများအား ကရုဏာ မိခင်၏အုပ်စု (KMG) အစည်းအဝေး များမှတဆင့် ပေးပို့ခဲ့ပါသည်။ အဆိုပါပွဲများသို့ စုစုပေါင်း PLW ၁,၆၈၂ ဦးမှ ပူးပေါင်း ပါဝင်ခဲ့ပါသည်။<br>» မြို့နယ် (၃)ခုလုံးရှိ ကျေးရွာ (၆၀)တွင် ကရုဏာမိခင်များ အုပ်စု (KMG) ၂၅ ဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။ |
| ၈ | **BusinessKind Myanmar (BKM)၊ Terres Des Hommes Italy (TDH–Italy) နှင့် Base of the Pyramid Innovation Center (BoPInc) တို့နှင့် မိတ်ဖက်ပြုထားသည့် PATH**<br><br>SMART MOVE: ရန်ကုန်မြို့တွင် ရွှေ့ပြောင်း လုပ်သားများ အတွက် မြို့ပြ စားနပ်ရိက္ခာ စနစ်များ ဆန်းသစ် ပြောင်းလဲခြင်းနှင့် သက်တူဆင့်တူမှ စီမံ ညွှန်ကြားသည့် ဝန်ဆောင်မှုများမှ တဆင့် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ အကူးအပြောင်း များအား မြှင့်တင်ခြင်း<br><br>ကန်ဒေါ်လာ ၁,၉၉၉,၈၆၁<br><br>၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ အထိ<br><br>ဆောင်ရွက်ဆဲ (စီမံကိန်းစတင်သည့်အဆင့်) | အာဟာရပြည့်ဝသည့် ထုတ်ကုန်များ အတွက် သက်တူဆင့်တူများမှ ညွှန်ကြားပေးသည့် ကွန်ရက်များ အပြင် ဝန်ဆောင်မှု များနှင့် ဆန်းသစ်ပြောင်းလဲသော ထောက်ပံ့ရေး ကွင်းဆက်များအား မိတ်ဆက်ပေးခြင်းမှ တဆင့် စီမံချက်သည် စက်ရုံ အလုပ်သမားများ၊ လမ်းဘေးအစားအစာ ရောင်းချသည့် ဈေးသည်များနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်သူ များ အပါအဝင် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာ နေထိုင်သူ များ အတွက် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အကူးအပြောင်း များအား မြှင့်တင်ပေးရန်အတွက် ရည်ရွယ် ပါသည်။ စီမံချက် စတင်သည့် အဆင့်တွင် အောက်ပါ လုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်–<br><br>» တဆင့်ခံ IP များနှင့် စာချုပ်ချုပ်ဆိုခြင်း စီမံချက် စတင်ကြောင်း အသိပေးသည့် အစည်းအဝေးများ နှင့် သက်ဆိုင်ရာ ပတ်သက် ဆက်နွယ်နေသူများနှင့် ညှိနှိုင်း အစည်းအဝေးများ အပါအဝင် စီမံချက် တည်ထောင် ခြင်း<br>» PATH ၊ BoPlnc နှင့် စီမံချက်အတွင်း ပါဝင် ပူးပေါင်းရန်နှင့် အားဖြည့်ဆန် ဖြန့်ဝေခြင်းတွင် ကူညီပံ့ပိုးပေးရန် အလားအလာ အများဆုံးရှိသည့် ရွေးချယ် ထားသော ဆန်စက် လုပ်ငန်းရှင်များ အကြား မိတ်ဆက်သည့် အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ဆန်စက်လုပ်ငန်း (၄)ခု (MAPCO Golden Lace Co., Ltd.၊ Excel၊ Red Star နှင့် Swan Htet Myat) တို့မှ အားဖြည့်ဆန် ဖြန့်ဖြူးရာတွင် ထောက်ပံ့ရေး ကွင်းဆက်များ ပံ့ပိုးပေးရန်အတွက် စီမံချက်တွင် ပူးပေါင်းပါဝင်ရန် ကတိကဝတ်ပြုခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၉ | **World Food Programme**<br><br>မြန်မာနိုင်ငံတွင် အစိုးရ၏ အမျိုးသား အာဟာရ ဆိုင်ရာ မဟာဗျူဟာများ အား SBN (SUN Business network) မှတဆင့် ပေးအပ်နိုင်ရန် စီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက် ခြင်း<br><br>ကန်ဒေါ်လာ ၂၉၇,၈၁၃<br><br>၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလ အထိ<br><br>ဆောင်ရွက်ဆဲ | စီမံချက်သည် မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် ညီညွတ် ပြီး ဘေးကင်းစိတ်ချရသည့် အစား အသောက်များကို လက်လှမ်းမီ ရယူနိုင်မှု တိုးတက်စေခြင်းအား ဦးတည်သည့် ပုဂ္ဂလိက ကဏ္ဍ၏ ပံ့ပိုးထည့်ဝင်ခြင်းအား တိုးတက်ကောင်းမွန် စေရန် နှင့် ခိုင်မာ အားကောင်း စေရန် တို့အတွက် ရည်မှန်းထားပါသည်။ SUN စီးပွားရေး လုပ်ငန်းကွန်ရက်မှ တဆင့် ပုဂ္ဂလိက ကဏ္ဍမှ ကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်စေခြင်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် ပူးပေါင်းသွားမည် ဖြစ်ပါသည်။ စီမံချက်သည် စီမံချက် စတင်သည့် အဆင့်အား တစ်လ သတ်မှတ်၍ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပါသည်။ စီမံကိန်းစတင်သည့် အဆင့်ကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်–<br><br>» စီမံချက်သည် SBN ၏ အကြံပေး ကော်မတီအတွက် လုပ်ငန်းလမ်းညွှန် (ToR) မူကြမ်း ရေးဆွဲခဲ့ပြီး အဖွဲ့ဝင်အဖြစ် သင့်တော်သူများအား ရွေးချယ်ခဲ့ပြီး ကော်မတီ တွင် ပူးပေါင်းပါဝင်ရန်အတွက် ဖိတ်ခေါ်ခဲ့ပါသည်။<br>» အဖွဲ့ဝင် ဖြစ်ရန်အတွက် သတ်မှတ်ရန် စံနှုန်းများနှင့် SBN အဖွဲ့ဝင်များအနေဖြင့် သတ်မှတ်စံနှုန်း အလိုက် တာဝန်ခံစေရန် အတွက် စောင့်ကြည့်စစ်ဆေးရေးစနစ် များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှု များ ပြုလုပ်ခဲ့ပြီး ယင်းတို့အား ၂၀၂၀ ခုနှစ်၌ ပြုလုပ်မည့် ပထမအကြိမ် ကော်မတီအစည်းအဝေးတွင် အပြီးသတ် အတည်ပြုမည် ဖြစ်ပါသည်။<br>» စီမံချက် သည် အစားအစာ အားဖြည့်ခြင်း၊ အစားအစာ ဘေးကင်းစိတ်ချရမှု၊ စားသုံးသူ အသိပညာပေးခြင်းနှင့် လုပ်ငန်းခွင်တွင် အာဟာရ ဖွံ့ဖြိုးမှု တို့ဖြစ်သည့် အဓိက နယ်ပယ် လေးခုတွင် အာရုံစိုက်သည့် SBN မဟာဗျူဟာ ကို စတင် ရေးဆွဲခဲ့ ပါသည်။ |
| ၁၀ | **Karuna Mission Social Solidarity (KMSS)**<br><br>အာဟာရဖွံ့ဖြိုးမှုအတွက် ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများနှင့် မွေးကင်းစ ကလေးငယ်များ အား ကူညီပံ့ပိုးပေးခြင်း (SAFE WIN)<br><br>ဘတ်ဂျက် – ကန်ဒေါ်လာ ၁,၉၉၆,၂၉၀<br><br>၂၀၁၉ ဇူလိုင်လ မှ ၂၀၂၂ ခုနှစ် ဇွန်လ အထိ<br><br>ဆောင်ရွက်ဆဲ | KMSS သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် စီမံချက်အား အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံချက် တစ်ခုလုံးအား KMSS နိုင်ငံလုံး ဆိုင်ရာရုံးမှ စီမံခန့်ခွဲမှု ပြုလုပ်ပြီး ကွင်းဆင်းအကောင်အထည်ဖော်သည့် အဆင့်အား KMSS မြစ်ကြီးနား၊ ဗန်းမော် နှင့် လားရှိုး ဂိုဏ်းအုပ် ဘုန်းတော်ကြီးနယ်မြေရုံးများ – မှ တာဝန်ယူ ကြီးကြပ်ပါသည်။ စီမံချက်သည် မြို့နယ် (၁၀) မြို့နယ်ရှိ IDP စခန်း (၄)ခု အပါအဝင် လူမှုအသိုက်အဝန်း (၅၁)ခုအား လွှမ်းခြုံပါသည်။ စီမံချက်သည် စီမံကိန်း စတင်သည့် အဆင့် (၆)လ နှင့်အတူ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် စတင် တည်ထောင် ခဲ့ပါ သည်။ စီမံကိန်းစတင်သည့် အဆင့် ကာလအတွင်း၌ အောက်ဖော်ပြပါ လုပ်ငန်းများ အား ဆောင်ရွက်ခဲ့ပါသည်–<br><br>» ဝန်ထမ်းခန့်ထားခြင်း နှင့် စီမံချက် စတင်ခြင်းဆိုင်ရာ အစည်းအဝေးများအား သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူ များနှင့် စီစဉ် ကျင်းပခဲ့ပါသည်။<br>» SAFE WIN စီမံချက်အပေါ် ထိရောက်မှုရှိပြီး စွမ်းဆောင်နိုင်သည့် စီမံခန့်ခွဲမှုအတွက် မဟာဗျူဟာမြောက်လမ်းညွှန်မှု ပေးအပ်နိုင်ရန်အတွက် စီမံချက် ဦးဆောင် ကော်မတီအား ဖွဲ့စည်းခဲ့ပါသည်။ ဦးဆောင်ကော်မတီ တွင် KMSS မြစ်ကြီးနား ၊ KMSS ဗန်းမော် ၊ KMSS လားရှိုး နှင့် KMSS နိုင်ငံလုံးဆိုင်ရာရုံးမှ ဒါရိုက်တာများ နှင့် စီမံချက် ထောက်ပံ့မှု မန်နေဂျာမှ အထောက်အကူပြု ရုံးအဖွဲ့ အနေဖြင့် ပါဝင်ပါသည်။<br>» အစိုးရဌာနများနှင့် မိတ်ဆက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးများအား ဗန်းမော်၊ မြစ်ကြီးနား နှင့် လားရှိုးမြို့ တို့တွင် ပြုလုပ်ခဲ့ပါသည်။<br>» စီမံချက်စတင်သည့် အဆင့်၌ စီမံချက် MEAL အစီအစဉ် ရေးဆွဲ အကောင်အထည် ဖော်ခြင်းနှင့် ကနဦးစစ်တမ်း အတွက် ပြင်ဆင်မှုများကို စတင်ခဲ့ပါသည်။ |
| ၁၁ | **Save the Children ရှမ်းပြည်နယ် လူငယ်စွမ်းရည် တည်ဆောက်ရေး စင်တာ (SSYCBC) လူထုအလင်း Wunpawng Ninghtoi (WPN) တို့နှင့် မိတ်ဖက်ပြု၍**<br><br>ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ပဋိပက္ခဒဏ် ခံရသည့် ဒေသများတွင် ကြံ့ကြံ့ခံ နိုင်စွမ်း တည်ဆောက်ခြင်း (BRICKS)<br><br>ကန်ဒေါ်လာ ၃,၅၀၀,၀၀၀<br><br>၂၀၁၉ ခုနှစ် ဩဂုတ်လ မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ အထိ<br><br>ဆောင်ရွက်ဆဲ | BRICKS သည် အထိတ်တလန့် ဖြစ်မှုများနှင့် ပဋိပက္ခတို့အား ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်စေရန်နှင့် ဆယ်ကျော်သက် များအား လူကုန်ကူးမှု ခံရခြင်းနှင့် လုံခြုံစိတ်ချမှု မရှိသော ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းမှ ကာကွယ် စောင့်ရှောက်ရန် တို့အတွက် ရည်မှန်းထားပါသည်။ BRICKS သည် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ IDP စခန်းများ ၊ ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ပဋိပက္ခဒဏ် ခံရသည့် ကျေးရွာ များတွင် နေထိုင်ကြသည့် လူငယ်များနှင့် ဆယ်ကျော်သက် ယောကျာ်းလေးများနှင့် မိန်းကလေးများ၊ ကိုယ်ဝန် ဆောင် နှင့် နို့တိုက်မိခင်များ နှင့် အသက် ၀–၂၃ လ အတွင်း ကလေးငယ်များအပေါ် အာရုံစိုက်ပါသည်။ စီမံချက်သည် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ပြီး စီမံချက် စတင်သည့် ကာလမှာ (၅)လ ဖြစ်ပါသည်။ စီမံချက်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။<br><br>» စီမံချက်သည် ဒေသခံ CSO များမှ တစ်ဆင့်ခံ IP သဘောတူ စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။<br>» SC နှင့် ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများအတွက် ဝန်ထမ်းများ ခန့်ထားခြင်း ပြီးစီးခဲ့ပါသည်။<br>» စီမံချက် စတင်သည့် အဆင့်ကာလအတွင်း ဒေသခံ CSO များ၏ ဝန်ထမ်းများ အပါအဝင် စီမံချက်ဝန်ထမ်းများအတွက် အာဟာရဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်းမှု နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သင်တန်းများ စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းများတွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းဝင်သင်တန်း၊ အရွယ်ရောက်ပြီးသူများအတွက် ငွေရေးကြေးရေး ဆိုင်ရာ ပညာပေး သင်တန်း၊ လူငယ်များအတွက် ငွေရေးကြေးရေးဆိုင်ရာ ပညာပေးသင်တန်းနှင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးနှင့် ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ သင်တန်းတို့ ပါဝင်ပါသည်။<br>» မြို့နယ်အဆင့်များအားလုံးတွင် ဒေသခံ အာဏာပိုင်များ၊ သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၁၂ | **ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တို့နှင့် မိတ်ဖက်ပြုထားသည့် လူမှုဝန်ထမ်း ဦးစီးဌာန (DSW)**<br><br>ချင်းပြည်နယ်တွင် မိခင်နှင့် အသက် (၂) နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့မှု (ချင်း MCCT အတွက် ငွေလွှဲပေးပို့ ထောက်ပံ့မှု)<br><br>ကန်ဒေါ်လာ ၆,၉၉၃,၉၁၇<br>၂၀၁၇ ခုနှစ် မတ်လ ၉ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ<br><br>ပိတ်သိမ်းပြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လူမှု ဝန်ထမ်းဦးစီးဌာန (DSW) သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၆၀)ကျော် လူမှု ကာကွယ်စောင့်ရှောက် မှု၊ လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများကို ပေးအပ်လျက် ရှိပါသည်။ ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် မြန်မာနိုင်ငံတော်အစိုးရသည် LIFT ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ အထိ ကနဦးတွင် ချင်းပြည်နယ်၌ စတင်ခဲ့ပြီး အစိုးရမှ စတင်၍ အကောင်အထည်ဖော် သည့် အဓိက / ဦးဆောင် စီမံကိန်းများထဲမှ တစ်ခုဖြစ်သည့် မိခင်နှင့် အသက် (၂) နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့မှု (MCCT) စီမံကိန်းအပါအဝင် လူမှုကာကွယ် စောင့်ရှောက် ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) အား အတည်ပြု ပေးခဲ့ပါသည်။ ဤထောက်ပံ့မှုသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် LIFT ရန်ပုံငွေ ထောက်ပံ့မှုအတွက် နောက်ဆုံးအကြိမ် ငွေပေးချေမှုအား ပေးအပ်ခဲ့ခြင်းနှင့်အတူ ပြီးဆုံးခဲ့ပါသည်။ အောက်တို ဘာ လမှ စတင်၍ DSW သည် MCCT စီမံကိန်းအား အစိုးရ ဘတ်ဂျက်ဖြင့် ဆက်လက် လုပ်ဆောင်နေပါသည်။<br><br>LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးနေသည့် ကာလအတွင်း၌ စီမံချက်သည် အောက်ဖော်ပြပါ ရလဒ်များအား ပြီးစီး အောင်မြင်ခဲ့ပါသည်–<br><br>» ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ချင်း MCCT အတွက် ငွေပေးချေမှု (၁၄)ကြိမ် ပြုလုပ်ခဲ့ပြီး၊ အကျိုးခံစားခွင့်ရှိသူ ၃၃,၉၁၈ ဦးထံ ရောက်ရှိ ခဲ့ပါသည်။<br>» PDM (ထောက်ပံ့မှု ခွဲဝေပေးပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်း) ၄ ကြိမ် ပြုလုပ် ခဲ့ပြီး ရှာဖွေတွေ့ရှိချက်များ အားလုံးအား အစည်းအဝေးများနှင့် အလုပ်ရုံ ဆွေးနွေးပွဲ များမှတဆင့် ချင်းပြည်နယ် အစိုးရ၊ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ နှင့် ပတ်သက် ဆက်နွယ်သူများထံ မျှဝေခဲ့ပါသည်။ |
| ၁၃ | **ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တို့နှင့် မိတ်ဖက်ပြုထားသည့် လူမှုဝန်ထမ်း ဦးစီးဌာန (DSW)**<br><br>အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေမှ ပေးအပ်သည့် ထောက်ပံ့မှုအား မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (ချင်း MCCT အတွက် လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ ထောက်ပံ့မှု)<br><br>ကန်ဒေါ်လာ ၁,၅၀၀,၀၀၀<br><br>၂၀၁၇ ခုနှစ် မတ်လ ၉ ရက်နေ့မှ ၂၀၂၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ ထိ<br><br>ဆောင်ရွက်ဆဲ | ချင်းပြည်နယ် MCCT စီမံကိန်းအား ကူညီပံ့ပိုးပေးခြင်းအတွက် လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ ထောက်ပံ့မှု ဆိုသည်မှာ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ SBC လုပ်ငန်းများ ထည့်သွင်း ဆောင်ရွက်ရာတွင် အသုံးပြုရန်နှင့် ချင်းပြည်နယ်တွင် ဦးတည် ရည်ရွယ်သည့် အကျိုး ခံစားခွင့် ရှိသူများထံ MCCT ထောက်ပံ့မှု ပေးအပ်ခြင်းအား ဆောင်ရွက်ရန် အတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်သည့် ကုန်ကျစရိတ်အချို့အား ကျခံပေးရန်တို့ ဖြစ်ပါသည်။<br><br>၂၀၁၉ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်–<br><br>» ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ချင်းပြည်နယ်အတွက် SBCC ပြန်လည် သုံးသပ်သည့် အစည်းအဝေးများနှင့် ချင်းပြည်နယ် SBCC လုပ်ငန်းများအား ဆန်းစစ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် DSW သည် DoPH ၊ NNC နှင့် ပြည်နယ် ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အတွက် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား စီစဉ်ကျင်းပ ခဲ့ပါ သည်။<br>» ၂၀၁၉ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း SBCC အား ဆင့်ပွားပို့ချသည့် မွန်းမံ သင်တန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မြို့နယ် (၉) မြို့နယ်မှ BHS ၇၂၅ ဦးနှင့် VHW ၅၆၅ ဦးအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။<br>» မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အဖွဲ့များ၏ ပွဲများ/ အာဟာရ ဖွံ့ဖြိုး ရေးဆိုင်ရာ အသိပညာရေး ဆွေးနွေး ပွဲများ ကဲ့သို့သော ရပ်ရွာလူထု အသိပညာပေး ဆွေးနွေး ပွဲများအား ကျေးရွာနှင့် ရပ်ကွက် ၁,၄၆၈ ခုတွင် ကျင်းပခဲ့ပြီး စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ ၂၂,၄၆၃ ဦးထံ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။<br>» ၂၀၁၇ ခုနှစ် ဇွန်လမှစတင်၍ ၂၀၁၉ ခုနှစ် နှစ်ကုန်အထိ ပြည်နယ်အဆင့် ညှိနှိုင်း အစည်းအဝေး (၈)ခုအား စီစဉ် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများသို့ ပြည်နယ်လူမှုရေး ဝန်ကြီး၊ လွှတ်တော် အမတ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနှင့် အခြားအရာရှိကြီးများနှင့် DSW မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဓိက ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ယင်းမှ MCCT စီမံကိန်း အတွက် ချင်းပြည်နယ်ရှိ အဓိက ပတ်သက် ဆက်နွယ်သူများ အထူးသဖြင့် ပြည်နယ်လူမှုရေးဝန်ကြီး၊ GAD နှင့် ပြည်နယ် ကျန်းမာရေး ဦးစီးဌာနတို့မှ ခိုင်မာသည့် တစိုက်မတ်မတ် ဆောင်ရွက်မှု နှင့် ပံ့ပိုးကူညီမှုတို့ကို လက်တွေ့ ပြသပါသည်။<br>» ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့အထိ နီပေါနိုင်ငံသို့ မူဝါဒ အဆင့် လေ့လာ ရေး ခရီးစဉ်အား စီစဉ် ဆောင်ရွက်ခဲ့ ပါသည်။ ဤခရီးစဉ်တွင် ပြည်ထောင်စုနှင့် ပြည်နယ် အဆင့် DSW ၊ စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲရေး ဦးစီးဌာန၊ ပြည်နယ်အစိုးရနှင့် စာရင်းစစ်ချုပ်ရုံး တို့မှ ကိုယ်စားလှယ် (၈)ဦးပါဝင်ခဲ့ပါသည်။ ကိုယ်စားလှယ် (၈)ဦးအနက်မှ ချင်းပြည်နယ် လူမှုရေး ဝန်ကြီး အပါအဝင် (၆)ဦးအား ချင်းပြည်နယ် MCCT လုပ်ငန်း လည်ပတ် မှုဆိုင်ရာ ထောက်ပံ့မှု ရန်ပုံငွေမှ ကူညီပံ့ပိုး ပေးခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၁၄ | **ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တို့နှင့် မိတ်ဖက်ပြုထားသည့် လူမှုဝန်ထမ်း ဦးစီးဌာန (DSW)**<br><br>ကယားပြည်နယ်ရှိ DSW ၏ MCCT စီမံကိန်း အား ကူညီပံ့ပိုး ပေးခြင်း (MCCT ကယားပြည်နယ် အတွက် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ ထောက်ပံ့ မှု ရန်ပုံငွေ)<br><br>ကန်ဒေါ်လာ ၄၄၇,၅၈၆<br><br>၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၀ ခုနှစ် ဇွန်လ အထိ<br><br>ဆောင်ရွက်ဆဲ | ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် DSW သည် ငွေကြေးပံ့ပိုးမှုအတွက် အစိုးရ ဘတ်ဂျက်ဖြင့် ကရင်ပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် MCCT စီမံကိန်းအား စတင် အကောင် အထည် ဖော်ခဲ့ပါသည်။ DSW သည် လုပ်ငန်း လည်ပတ်သည့် ကုန်ကျစရိတ် အချို့အား ကျခံပေးရန်၊ စီမံကိန်း၏ M&E ဆောင်ရွက်ရန် နှင့် ပြည်နယ် DoPH နှင့် မိတ်ဖက်ပြုပြီး အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ SBCC လုပ်ငန်းများ ဆောင်ရွက်ရန် တို့အတွက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ပထမနှစ်အတွက် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ ထောက်ပံ့မှု ရန်ပုံငွေ အား LIFT မှ ထောက်ပံ့ပေးရန် မေတ္တာရပ်ခံခဲ့ ပါသည်။ ၂၀၁၉ ခုနှစ် အတွင်း၌ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက် ခဲ့ပါသည်။<br><br>» ပြည်နယ်အဆင့်၌ SBCC အလုပ်ရုံ ဆွေးနွေးပွဲအား UNICEF ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှ စီစဉ်ကျင်းပခဲ့ပြီး ပြည်နယ်နှင့် မြို့နယ်အဆင့် ကျန်းမာရေး ဝန်ထမ်းများ၊ DSW ၊ UNICEF ၊ IRC ၊ World Vision ၊ KMSS ၊ ACF ၊ CPI၊ MRCS ၊ MCWA နှင့် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့ အစည်း – CHDN တို့မှ တက်ရောက်သူ (၃၆)ဦး ရှိခဲ့ပါသည်။<br>» ကယားပြည်နယ် SBCC လုပ်ငန်း အစီအစဉ်ပါ ကွင်းဆင်းဆောင်ရွက်သည့် SBCC လုပ်ငန်းများ အတွက် မြို့နယ် (၇) မြို့နယ်နှင့် EHO (တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်း)–CHDN မှ ဆောင်ရွက်လျက်ရှိ သည့် အစိုးရ ထိန်းချုပ်မှု မရှိသော ဒေသများ အတွက် အသေးစား အစီအစဉ် (၈)ခုအား ရေးဆွဲခဲ့ပါသည်။<br>» ရေးဆွဲပြီးဖြစ်သည့် ပြည်နယ်အဆင့် SBCC လုပ်ငန်း အစီအစဉ်များနှင့်အညီ ပြည်နယ် အာဟာရဖွံ့ဖြိုးမှု အဖွဲ့ခေါင်းဆောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ( အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသန ဌာန – NNC) တို့မှ စီစဉ် ဆောင်ရွက်သည့် SBCC ဆရာဖြစ်သင်တန်း (ToT) အား စုစုပေါင်း အမှုထမ်း ၃၇ ဦး ( မြို့နယ် ကျန်းမာရေး ဦးစီးဌာန (၇)ခုမှ BHS ၁၈ဦး၊ DSW ဝန်ထမ်း ၉ဦး၊ MCWA ၂ဦး၊ CHDN ၂ဦး တို့ တက်ရောက် ခဲ့ပါသည်။)<br>» ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်း ပို့ချပေးခဲ့ပြီးသည့်နောက် မြို့နယ် ကျန်းမာရေးအရာရှိနှင့် မြို့နယ် ကျန်းမာရေး သင်တန်း ပို့ချသည့်အဖွဲ့ တစ်ဖွဲ့ချင်း စီသည် သက်ဆိုင်ရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ BHS ၃၇၄ ဦးထံ ICYF ဗဟုသုတများအား ဆင့်ပွားပေးခဲ့သည့် သင်တန်း (၁၁)ခုအား ပို့ချခဲ့ပါသည်။<br>» ပထမဆုံးသော PDM သင်တန်းအား DSW ဝန်ထမ်း ၁၂ ဦးထံ ပေးအပ်ခဲ့ပြီး KOBO နည်းကိရိယာအား အသုံးပြု၍ PDM အချက်အလက်များအား ဒီဂျစ်တယ် နည်းဖြင့် ကောက်ယူနိုင်ခဲ့ပါသည်။ |
| ၁၅ | **ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တို့နှင့် မိတ်ဖက်ပြုထားသည့် လူမှုဝန်ထမ်း ဦးစီးဌာန (DSW)**<br><br>ကရင်ပြည်နယ်ရှိ DSW ၏ MCCT စီမံကိန်းအား ကူညီပံ့ပိုးပေးခြင်း (MCCT ကရင်ပြည်နယ် အတွက် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ ထောက်ပံ့မှု)<br><br>ကန်ဒေါ်လာ ၁,၂၉၀,၂၆၄<br><br>၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၀ ခုနှစ် ဇွန်လ အထိ<br><br>ဆောင်ရွက်ဆဲ | ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် DSW သည် ငွေကြေးထောက်ပံ့မှုအတွက် အစိုးရ ဘတ်ဂျက်ဖြင့် ကရင်ပြည်နယ် နှင့် ကယားပြည်နယ် တို့တွင် MCCT စီမံကိန်းအား စတင် အကောင်အထည်ဖော် ခဲ့ပါသည်။ DSW သည် လုပ်ငန်း လည်ပတ်သည့် ကုန်ကျစရိတ်အား ကျခံပေးရန် စီမံကိန်း၏ M&E ဆောင်ရွက်ရန်နှင့် ပြည်နယ် DoPH နှင့် မိတ်ဖက်ပြုပြီး အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ SBCC လုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ပထမပိုင်း နှစ် များ အတွက် လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ ထောက်ပံ့မှု အား LIFT မှ ကူညီပံ့ပိုး ပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။<br><br>» SBCC ဆရာဖြစ်သင်တန်း (ToT) အား စီစဉ် ဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်အဆင့်၌ HLPU ၊ NNC နှင့် ပြည်သူ့ ကျန်းမာရေး သူနာပြုဆရာမ တို့မှ ပို့ချပေးခဲ့သည့် SBCC ဆရာဖြစ် သင်တန်းအား စုစုပေါင်း ဝန်ထမ်း အဖွဲ့ဝင် (၄၂)ဦးမှ တက်ရောက်ခဲ့ ပါသည်။<br>» ပြည်နယ်အဆင့် SBCC ဆရာဖြစ် သင်တန်းပို့ချခဲ့ပြီးနောက်၊ မြို့နယ်ကျန်းမာရေး အရာရှိများနှင့် မြို့နယ် ကျန်းမာရေး သင်တန်း ပို့ချခဲ့သည့် အဖွဲ့သည် ဆင့်ပွား သင်တန်းများ ပို့ချပေးခဲ့ပြီး မြို့နယ် ခုနှစ်မြို့နယ်လုံးမှ ပါဝင်သူ ၁,၉၁၅ ဦး (BHS နှင့် VHW များ) တက်ရောက်ခဲ့ကြပါသည်။<br>» ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ပထမဦးဆုံးသော PDM သင်တန်းအား ပို့ချခဲ့ပြီး စုစုပေါင်း DSW ဝန်ထမ်း စုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့ကာ KOBO နည်းကိရိယာအား အသုံးပြု၍ PDM အချက်အလက်များအား ဒီဂျစ်တယ်နည်းဖြင့် ကောက်ယူနိုင်ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဩဂုတ်လမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ လူဦးရေ အခြေခံသည့် ဆန်းစစ်မှုနှင့် မိခင်များ နှင့်အသက် (၅)နှစ်အောက် ကလေးများအား နမူနာ ကောက်ယူသည့် လေ့လာမှု အပါအဝင် ကနဦး စစ်တမ်း အား ပြုလုပ်ခဲ့ပါသည်။ လူဦးရေ အခြေခံသည့် စစ်တမ်းအား ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၌ MCCT စီမံကိန်း စတင်သည့် အချိန်တွင် အိမ်ထောင်စုများ၏ အဓိက ထူးခြားသော လက္ခဏာများ၊ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု ညွှန်းကိန်းများအား ရယူနိုင်ရန် အတွက် ဒီဇိုင်း ပုံစံ ရေးဆွဲခဲ့ပါသည်။ ကနဦးဆန်းစစ်မှု အစီရင်ခံစာ ရလဒ်များအား မျှဝေခဲ့ပြီး M&E ကော်မတီ အပါအဝင် ပတ်သက်ဆက်နွှယ်နေသူများ၊ အထူးသဖြင့် MoHS နှင့် သုံးကြိမ် အတည်ပြုခဲ့ကာအစီရင်ခံစာ များအား ၂၀၂၀ ခုနှစ် အစောပိုင်းတွင် ထုတ်ဝေမည် ဖြစ်ပါသည်။ M&E မူဘောင် ညွှန်းကိန်းများဖြင့် နှိုင်းယှဉ်ထားသော ခြေရာခံခဲ့သည့် ကနဦး တန်ဖိုးများသည် နောက်တစ်ဆင့်တွင် LIFT နှင့်အတူ ရည်မှန်းချက်များ ချမှတ်ရန် အတွက် DSW အား ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၁၆ | **International Rescue Committee နှင့် Danish Red Cross (Myanmar Red Cross Society) တို့နှင့် မိတ်ဖက်ပြုထားသည့် Save the Children International**<br><br>ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် (၂)နှစ်အောက် ငွေကြေး ထောက်ပံ့ မှု ပေးခြင်း အစီအစဉ် အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ နည်းပညာ အကူအညီပေးခြင်း (TEAM MCCT)<br><br>ကန်ဒေါ်လာ ၃,၈၅၂,၂၈၃<br><br>၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှ<br>၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ ထိ<br><br>ပိတ်သိမ်းပြီး | ချင်းပြည်နယ်တွင် မိခင်နှင့် ကလေး ထောက်ပံ့ငွေပေးခြင်း အစီအစဉ် (TEAM MCCT) တွင် Save the children သည် ချင်းပြည်နယ်တွင် MCCT အကောင်အထည်ဖော် ဆောင်ရွက် နေသည့်အချိန်၌ အစိတ်အပိုင်း (၂)ရပ် ဖြစ်သည့်SBCC လုပ်ငန်းများနှင့် DSW ထံ စောင့်ကြည့် စစ်ဆေးခြင်းနှင့် လေ့လာ သင်ယူခြင်း ဆိုင်ရာ ကူညီပံ့ပိုးမှုပေးသည့် မဟာဗျူဟာ တို့အား ရေးဆွဲအကောင်အထည် ဖော်ရန် အတွက် လူမှုဝန်ထမ်းဦးစီးဌာန (DSW) အား နည်းပညာ ကူညီပံ့ပိုးမှုပေးအပ်ရန် International Rescue Committee (IRC) နှင့် Danish Red Cross (DRC) တို့နှင့် မိတ်ဖက်ပြု၍ လုပ်ကိုင် ဆောင်ရွက်နေပါသည်။<br><br>SBCC အစိတ်အပိုင်းသည် အခြေခံ ကျန်းမာရေး ဝန်ထမ်းများ (BHS) ၊ အရန်သားဖွားဆရာမများ (AMW) နှင့်ရပ်ရွာလူထုကျန်းမာရေး လုပ်သားများမှတဆင့် ငွေကြေးပံ့ပိုးမှုများမှ အကျိုးကျေးဇူး ရရှိသည့် ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ရပ်ကွက် လူထုအား အဓိက လွှမ်းမိုးမှုရှိသူများနှင့် ခေါင်းဆောင်များအား အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ ပေးအပ်ရာတွင်ကူညီပံ့ပိုးပေးပါသည်။ စီမံချက်သည် လူမှု အသိုက်အဝန်း များ အတွင်း မိခင်အချင်းချင်း ရိုင်းပင်းကူညီသည့်အုပ်စုများ (MtMSGs) ဖွဲ့စည်းရန်နှင့် ပံ့ပိုးပေးရန် တို့သာမက BHS အတွက် မကြာမီ စတင် မိတ်ဆက်ပေးမည့် အစိုးရ၏ ရပ်ရွာလူထု အသက်(၂)နှစ်အောက် ကလေးသူငယ်များ ဖြည့်စွက်စာကျွေးခြင်း (C–IYCF) ဆိုင်ရာ သင်ရိုးညွှန်းတန်းအား စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သားများ (VHW) အားလုံးအတွက် SBCC ပစ္စည်းများဖြင့် ထပ်မံ၍ အားဖြည့် ပေးရန် တို့အတွက် AMW များနှင့် CHW များအား ကူညီပံ့ပိုးပေးပါသည်။<br><br>စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသင်ယူခြင်း အစိတ်အပိုင်းမှ အတည်ပြုခြင်း၊ လေ့လာသင်ယူခြင်း၊ ပြုပြင်ပြင်ဆင်ခြင်းနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးတို့အား ပေးအပ်ခြင်း (သို့) ကူညီပံ့ပိုးခြင်းတို့ဖြင့် DSW ဖြစ်ရပ် စီမံခန့်ခွဲသည့် မန်နေဂျာ (CM) များမှ DSW ၏ MCCT စီမံချက်အား စောင့်ကြည့်စစ်ဆေးရာတွင် ပြည့်စုံစေရန်နှင့် ကူညီ ပံ့ပိုးပေးရန် တို့အတွက် DSW နှင့်အတူ ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ ယန္တရားအား တည်ဆောက်ခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်–<br><br>» ၂၀၁၉ ခုနှစ် မေလတွင် SBCC မဟာဗျူဟာ / လုပ်ငန်းအစီအစဉ် နောက်ဆက်တွဲ လုပ်ဆောင်မှုအား အပြီးသတ်ခဲ့ပြီး အဓိက သက်ဆိုင်သည့် ဝန်ကြီးဌာန (၂)ခု ဖြစ်သည့် MOHS နှင့် MSWRR တို့ထံ တင်ပြခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် SBCC မဟာဗျူဟာ / လုပ်ငန်းအစီအစဉ် ပြန်လည် ပြင်ဆင်ချက်အား အပြီးသတ် ခဲ့ပြီး ဗဟိုအဆင့်၌ အဓိက သက်ဆိုင်သည့် ဝန်ကြီးဌာန (၂)ခု ဖြစ်သော MOHS နှင့် MSWWR တို့ထံ တင်ပြ ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် TEAM ဝန်ထမ်းများသည် အဓိက သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်အတူ ဗဟို၊ ပြည်နယ်၊ မြို့နယ် နှင့် ရပ်ရွာလူထု အဆင့်များ၌ အမျိုးသား အာဟာရ ဖွံ့ဖြိုး ရေးရက်သတ္တပတ်များ လှုပ်ရှား ဆောင်ရွက်မှုများအား ပံ့ပိုးကူညီပေးခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်သည့် SBCC မဟာဗျူဟာ ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးပြီးသည့်နောက်တွင် ချင်းပြည်နယ် SBCC လုပ်ငန်းအစီအစဉ်နှင့် မဟာဗျူဟာသည် အခြားပြည်နယ်များနှင့် တိုင်းဒေသကြီးများ အတွက် အထူးသဖြင့် ကရင်ပြည်နယ်နှင့် ကယားပြည်နယ် အစီအစဉ်များတွင် MCCT နှင့် SBCC အစိတ်အပိုင်းများ စုစည်းပေါင်းစပ်ခြင်းအား လေ့လာရန်အတွက် ကောင်းမွန်သည့် မော်ဒယ်လ် ပုံစံတစ်ခုဖြစ်ပြီး၊ ပုံတူပွား အသုံးပြုနိုင်ပါသည်။<br>» ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် TEAM MCCT သည် ပြည်နယ် / တိုင်းဒေသကြီးအဆင့် MS–NPAN စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ တွင် ချင်းပြည်နယ် အတွက် အဓိက ကိုယ်စားပြုသည့် အဖွဲ့အစည်း အနေဖြင့် ပါဝင် ဆောင်ရွက်ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် TEAM MCCT သည် ချင်းပြည်နယ် MS–NPAN အလုပ်ရုံ ဆွေးနွေးပွဲအား ပူးတွဲ ပံ့ပိုးကူညီခဲ့ပါသည်။ ချင်းပြည်နယ်အတွက် ပထမဦးဆုံးသော MS–NPAN လုပ်ငန်း အစီအစဉ်မူကြမ်းအား ရေးသားပြုစု မှတ်တမ်းတင်ခဲ့ပြီး ဤအစီအစဉ်အား NNC မှ ဆက်လက်ပြီးပြတ်အောင် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။<br>» မိခင်အချင်းချင်း ရိုင်းပင်း ကူညီ ပေးသည့် အုပ်စုများ (MtMG ) မှ ဆော်ဩ စည်းရုံးသည့် သင်တန်း များတွင် BHS များ တက်ရောက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အစောပိုင်းတွင် မြောက်ပိုင်းမြို့နယ် (၅) မြို့နယ်ရှိ BHS ၄၃၉ ဦး အနက်မှ ၃၁၀ သည် အဆိုပါ သင်တန်းများအား တက်ရောက် ခဲ့ ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း ချင်းပြည်နယ် မြောက်ပိုင်း (၅) မြို့နယ်မှ စေတနာ့ ဝန်ထမ်းကျန်းမာရေး လုပ်သားများ၏ (၇၇%) (စေတနာ့ဝန်ထမ်း ၃၇၄ ဦး အနက် ၂၈၉ ဦး) ထံ MtMG ဆော်ဩ စည်းရုံးသည့် သင်တန်း ဆင့်ပွား ပို့ချခဲ့ရာတွင် တိုးတက်မှု ရှိခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်အတွင်း အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက် ပြီးစီးခဲ့သည့် ၈၃% သော MtMG ပံ့ပိုး ကူညီပေးသူများသည် မြို့နယ် (၆) မြို့နယ်လုံးတွင် စုစုပေါင်း လစဉ်သင်တန်း ၃,၄၈၁ခု အတွက် လစဉ် သင်တန်း (ခြောက်လအတွင်း တစ်ကြိမ်ပြုလုပ်သည့် ဆွေးနွေးပွဲ ) ဆီသို့ဦးတည်ခဲ့ပါသည်။<br>» မြို့နယ် တစ်မြို့နယ်စီတိုင်းတွင် အစိုးရဝန်ထမ်းများ၏ ပူးတွဲပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သည့် ၆ ရက်တာ c–IYCF သင်တန်းအား ချင်းပြည်နယ်ရှိ BHS ၉၈% (၇၀၂ ဦးအနက်မှ ၆၈၇ ဦး) တက်ရောက်ခဲ့ပြီး အစီရင်ခံ တင်ပြသည့်ကာလတွင် ၆၈% (၁၀၂ ဦး အနက်မှ ၆၉၆ ဦး) တက်ရောက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြို့နယ်ဆင့်ပွားသင်တန်းများ ပို့ချနေသည့် အချိန်၌ အစိုးရ ဝန်ထမ်းများမှ IP ဝန်ထမ်းများ၏ ပူးတွဲပံ့ပိုးကူညီခြင်းအတွက် ကြိုဆိုခဲ့ကြပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| | | » ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ချင်းပြည်နယ်ရှိ ပြည်နယ် အဓိက ကျန်းမာရေး ဝန်ထမ်းများနှင့် DSW အဓိက ဝန်ထမ်းများ (၂)ဖွဲ့စလုံးအတွက် MtMG ဆိုင်ရာ စာရွက်စာတမ်းများနှင့် PDM အစီရင်ခံစာ စာအုပ်ငယ်လေးများအား ရေးသား ပြုစု ဖြန့်ဝေခဲ့ပါသည်။<br>» သားဖွားဆရာများနှင့်အတူ TEAM MCCT တို့၏ ကူညီပံ့ပိုးမှုဖြင့် အချက်အပြုတ် ပြိုင်ပွဲ (၄၈၉)ပွဲအား ကျင်းပခဲ့ ပါသည်။ TEAM MCCT မှ နည်းပညာအားဖြင့် လက်စွဲစာစောင်များနှင့် ချက်နည်းပြုတ်နည်းများကို ကူညီ ပံ့ပိုးပေးခဲ့ပါသည်။<br>» ရပ်ရွာလူထုအား ဆော်ဩစည်းရုံးသည့် ပွဲပေါင်း ၅,၀၅၅ ပွဲအား ကျင်းပခဲ့ပါသည်။ ယင်းမှာ MtMG ပွဲများ၊ VSPC အဖွဲ့ဝင်များထံ ဗဟုသုတမျှဝေသည့် ပွဲများ၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စည်းရုံးလှုံ့ဆော်သည့် ပွဲများ၊ ကျေးလက် ပြပွဲများနှင့် အချက်အပြုတ် ပြိုင်ပွဲများ အပါအဝင် အမျိုးမျိုးသော အမျိုးအစားများ ရှိသည့် ပွဲများအား စုပေါင်း ထားခြင်း ဖြစ်ပါသည်။<br>» TEAM MCCT သည် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများ (PDM) အကောင် အထည် ဖော်ခြင်းနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည် တည်ဆောက်ရေးအား ကူညီ ပံ့ပိုးပေးခြင်းတို့တွင် DSW အား ကူညီပံ့ပိုးရန်အတွက် ဆက်လက် ဆောင်ရွက်ခဲ့ ပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် PDM နှင့် အဓိက သတင်းပေးသူနှင့် တွေ့ဆုံ မေးမြန်းခြင်းဆိုင်ရာ နည်းကိရိယာများ အပေါ် လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား ချင်းပြည်နယ်၊ မြို့နယ် (၉) မြို့နယ်မှ DSW ၏ ဖြစ်ရပ် စီမံခန့်ခွဲသည့် မန်နေဂျာများဖြင့် ကျင်းပ ဆောင်ရွက် ခဲ့ပါသည်။ TEAM MCCT မှလည်း ၎င်းတို့၏ စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ အချက်အလက် များ အထူးသဖြင့် PMD အချက်အလက်များအား DSW ထံ ၎င်းတို့၏ အချက်အလက် စုစည်းထားသည်များကို တိုးချဲ့ရန်အတွက် ဖြည့်ဆည်း ပေးခဲ့ပါသည်။<br>» ဒုတိယ၊ တတိယ နှင့် နောက်ဆုံးအကြိမ် စောင့်ကြည့်စစ်ဆေးခြင်းများအား ပြုလုပ်ခဲ့ပြီး ပထမ နှင့် ဒုတိယ စောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ အစီရင်ခံစာများ အား ရေးသားပြုစုခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် DSW ၏ ဖြစ်ရပ် စီမံခန့်ခွဲသည့် မန်နေဂျာ (၃၁)ဦး နှင့်အတူ အတွေ့အကြုံ ဆောင်ရွက်ချက်များကို ပြန်လည် အစီရင်ခံ တင်ပြခြင်းနှင့် လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများ ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ အား ဟားခါးမြို့တွင် ကျင်းပခဲ့ပါသည်။<br>» DSW အား PDM အား KOBO အချက်အလက် ကောက်ယူခြင်း၊ KII သင်တန်းများ၊ တက်ဘလက် (လက်ကိုင် ကွန်ပျူတာ)နှင့် အပ်ပလီကေးရှင်းများကို ကွင်းဆင်း ဆောင်ရွက်ရာတွင် အသုံးပြုနေသည့် ဖြစ်ရပ် စီမံခန့်ခွဲ နေသည့် မန်နေဂျာများအား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း တို့ဖြင့် ကူညီပံ့ပိုးပေး ခဲ့ပါသည်။ |
| ၁၇ | **SPECTRUM – Sustainable Development Knowledge Network (SDKN)**<br><br>ကန်ဒေါ်လာ ၂၉၀,၃၂၇<br><br>၂၀၁၈ ခုနှစ် စက်တင်ဘာလ မှ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အထိ | Spectrum စီမံချက်သည် သုတေသန စီမံချက်ဖြစ်ပြီး မြန်မာနိုင်ငံတွင် စားသုံးနိုင်သော အင်းဆက်ပိုးမွှားကဏ္ဍနှင့် ပတ်သက်၍ သတင်းအချက်အလက် ကွာဟချက်များကို နားလည်သဘောပေါက်နိုင်ရန်နှင့် ဖြည့်ဆည်းပေးရန်တို့အတွက် ရည်မှန်းထားကာ တိရစ္ဆာန် အစားအစာ ကဏ္ဍတွင် အင်းဆက်ပိုးမွှားများနှင့် ၎င်းတို့၏ ဇီဝစွန့်ပစ်ပစ္စည်းများ အသုံးပြုခြင်းအား ဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသန ပြုလုပ်ပါသည်။<br><br>၂၀၁၉ ခုနှစ်အတွင်း စီမံချက်မှ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်–<br><br>» ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၀)ခုလုံးတွင် အင်းဆက်ပိုးမွှား မျိုးစိတ်များ အသုံးပြုမှု၊ ဖမ်းဆီးခြင်းနှင့် မွေးမြူခြင်းတို့အပေါ် လေ့လာမှု ပြီးစီးခဲ့ပါသည်။<br>» ပုရစ်အတွက် တန်ဖိုးကွင်းဆက် ဆန်းစစ်မှုနှင့် ဈေးကွက်ဆန်းစစ် အကဲဖြတ်မှုတို့ ပြီးစီးခဲ့ပါသည်။<br>» အစားအစာကဏ္ဍ လုပ်ငန်းတွင် ရန်ကုန်တက္ကသိုလ်များတွင် စီမံချက်အား ကူညီ ပံ့ပိုးပေးသည့် အသေးစား ထောက်ပံ့မှု (၃)ခုမှတဆင့် စမ်းသပ်သည့် အဆင့်၌ တိုးတက်မှု ရှိခဲ့ပါသည်။ သုတေသန အစီရင်ခံစာ မူကြမ်း ၃ ခု အနက် ၂ ခု အား လေ့လာနိုင်ပြီ ဖြစ်သည်။<br>» ဘားအံရှိ တောင်သူတဦး၏ ပုရစ် မွေးမြူရေး လုပ်ငန်း တိုးချဲ့ခြင်း၏ အောင်မြင်သော ဖြစ်စဉ်အား မှတ်တမ်းဗွီဒီယို တစ်ခု ရိုက်ကူး ထုတ်လုပ်ခဲ့ပါသည်။<br>» အင်းဆက်ပိုးမွှားကဏ္ဍအောက်ရှိ အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ လေ့လာမှု ပြီးစီးခဲ့ပါသည်။<br>» အောင်မြင်ခဲ့သော ယင်ကောင်နက် (Black Soldier Fly) မွေးမြူခြင်းအား အသေးစား အတိုင်းအတာဖြင့် စမ်းသပ်ပါသည်။ Bokashi မီးဖိုချောင် စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာ ပြုလုပ်သည့် အုပ်စုများ နှင့် ချိတ်ဆက်ခြင်း မှလည်း ယင်နက်ကောင် (BSF) အား စမ်းသပ်လေ့လာလျက် ရှိပါသည်။<br>» ဘားအံ မွေးမြူရေးဇုန်ရှိ LIFT မှ ပံ့ပိုးပေးသည့် ပုရစ်မွေးမြူရေးခြံအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီးမှ လာရောက် လေ့လာခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စု ဝန်ကြီးမှ လုပ်ငန်း တိုးချဲ့ရန်အတွက် ပုရစ် မွေးမြူသည့် တောင်သူအား အားပေးခဲ့ပါသည်။ မွေးမြူရေး နှင့် ကုသရေး ဦးစီးဌာနမှလည်း မွေးမြူရေး ပုရစ်များအား FDA ထောက်ခံချက် ရရှိရန်အတွက် သင်ကြားပေး ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၁၈ | **CORDAID, World Concern, SNV, KMSS, BMB, PKBA, KKBA နှင့် မိတ်ဖက်ပြုထားသည့် စီမံချက်**<br><br>သံတောင်ကြီး၊ ဘောဂလီ၊ လိပ်သို နှင့် ထန်းတပင် မြို့နယ်များတွင်<br><br>ကန်ဒေါ်လာ ၄,၈၄၀,၀၀၀<br><br>၂၀၁၆ ခုနှစ် ဇူလိုင်လ မှ ၂၀၂၀ ခုနှစ် ဇွန်လ အထိ<br><br>ဆောင်ရွက်ဆဲ | စီမံချက်သည် သံတောင်ကြီးမြို့နယ်ရှိ စီးပွားရေး အလားအလာရှိသော လုပ်ကွက်ငယ် တောင်သူ အိမ်ထောင်စု (HHs) ၅,၀၀၀ ကျော်အား ဦးတည်ရည်ရွယ်ခဲ့ပါသည်။ ဤဒေသသည် ပဋိပက္ခမှ ပေါ်ထွက်လာခဲ့ပြီး ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင် သူများ (IDPs) ၊ IDP နေရပ်ပြန်လာသူများနှင့် ဒေသခံ အိမ်ထောင်စုများ ရောနှော ပါဝင်ပါသည်။ စီမံချက်သည် နေရာဒေသ (၂)ခုလုံး ရှိ ကျေးလက်နေ ဆင်းရဲသူများ “တက်လှမ်း” ရာတွင် အကူအညီပေးရန်နှင့် ဈေးကွက်အား လက်လှမ်းမီ ရယူနိုင်ရန်နှင့် ချေးငွေနှင့် အခြား ထည့်ဝင်မှု များကို ရေရှည် လက်လှမ်းမီ ရယူနိုင်ရန် တန်ဖိုးကွင်းဆက် (VC) တွင် ၎င်းတို့၏ အနေအထား တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ခဲ့ပါသည်။ ထို့အပြင် ၎င်းတို့၏ ဝင်ငွေများ တိုးတက်စေခြင်းနှင့် အကြွေးသံသရာမှ လွတ်မြောက်စေခြင်း တို့အတွက် စီမံချက် သည် အာဟာရဖွံ့ဖြိုးမှုနှင့် WASH တို့အပေါ် အာရုံစိုက်ခဲ့ပြီး လုံလောက်သည့် သောက်သုံးရေ နှင့် အာဟာရပြည့်ဝသည့် အစားအစာများအား ရရှိနိုင်မှုနှင့် လက်လှမ်းမီ နိုင်ခြင်း မရှိသည်တို့အား ဖော်ထုတ်၍ “တောင့်ထား” မဟာဗျူဟာကို အသုံးပြုခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ်အတွင်း အောက်ဖော်ပြပါ ပြီးစီးအောင်မြင်မှုများကို အစီရင်ခံ တင်ပြခဲ့ပါသည်–<br><br>» ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအကုန်တွင် အိမ်ထောင်စု ၅,၈၀၃ စု (ဦးတည်ရည်ရွယ်သည့် ကျေးရွာများရှိ အိမ်ထောင်စုအားလုံး ၆,၉၂၀ ၏ ၈၄%) သည် စီမံချက်စတင်သည့် အချိန်မှစ၍ အနိမ့်ဆုံး စီမံချက် လုပ်ဆောင်ချက် တစ်ခုတွင် ပါဝင်ခဲ့သည် (သို့) ပါဝင် ခဲ့ခြင်း မှ အကျိုးကျေးဇူး ခံစားခဲ့ရပါသည်။ စီမံချက် လုပ်ငန်း များတွင် အာဟာရဖွံ့ဖြိုးမှု၊ WASH ၊ မော်တော်ဆိုင်ကယ်လမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် တန်ဖိုး ကွင်းဆက် လုပ်ငန်းများ၊ VSLA သတင်း အချက်အလက်များ နှင့် ကြံ့ကြံ့ခံနိုင်စွမ်း ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ တို့ပါဝင်ပါသည်။<br>» အိမ်ထောင်စု ၂,၃၁၉ စုထံ အာဟာရ ဓာင်းပေး သတင်းအချက်အလက်များ ရောက်ရှိခဲ့ပါသည်။ (၃)လ တစ်ကြိမ် ပြုလုပ်သည့် ရပ်ရွာလူထု အခမ်းအနားများ၊ မိခင်အုပ်စုများ အိမ်ခြံဝင်းအတွင်း ဥယျာဉ် စိုက်ပျိုးသည့် သင်တန်းပေးသည့် အဓိက ပုဂ္ဂိုလ်များမှတဆင့်)<br>» ဤအစီရင်ခံ တင်ပြသည့် ကာလအတွင်း အိမ်ထောင်စု ၄၈၉ စုသည် အိမ်ခြံဝင်း အတွင်း ဥယျာဉ် စိုက်ပျိုးသည့် လုပ်ငန်း များမှတဆင့် အကျိုးကျေးဇူး ခံစား ခဲ့ရပါ သည်။ ဖေဖော်ဝါရီလတွင် မျိုးစေ့ ဈေးကွက် လေ့လာမှု အစီရင်ခံစာအား အပြီးသတ် ခဲ့ပါသည်။<br>» စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် တလျောက် ရေပိုက်ဖြင့် ရေပေး ဝေသည့် စနစ် (GFWs) (၁၂)ခု၊ အနေးကျ သဲရေစစ်ကန် (SSF) ၇ ခု နှင့် စမ်းရေ စုဆောင်းမှု ကာကွယ်စောင့်ရှောက်ခြင်း (၉)ခု တို့အား ပြီးဆုံးအောင် လုပ်ဆောင်ခဲ့ ပါသည်။<br>» စီမံချက်မှ သတ်မှတ်ထားသည့် သီးနှံများ၏ စိုက်ပျိုးလုပ်ငန်းများအတွက် အဓိက ဆက်သွယ် ဆောင်ရွက် ရမည့်သူ ၆၉၂ ဦးအား လေ့ကျင့် သင်ကြားပေးရန် ဆက်လက် လုပ်ဆောင်ခဲ့ပြီး ခန့်မှန်းAC တောင်သူ ၄,၃၅၇ ဦး (အိမ်ထောင်စု ၃,၆၃၁ စုမှ) ထံ ရောက်ရှိခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ကျေးရွာ (၄၂)ရွာ၌ ငွေစုငွေချေးအဖွဲ့ (၅၂)ဖွဲ့သည် လုပ်ငန်း လည်ပတ် ဆောင်ရွက်နေပါသည်။<br>» ၂၀၁၉ ခုနှစ်တွင် နနွင်း တန်ဖိုးကွင်းဆက် ဆန်းစစ် အကဲဖြတ်မှုမှာ ပြီးစီးခဲ့ပါသည်။<br>» ဖာလာစေ့အတွက် ဈေးကွက်နှင့် ချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုများကို ပံ့ပိုး ကူညီ ပေးခဲ့ပြီး စီမံချက်မှ ဈေးကွက်ချိတ်ဆက်မှုများ တိုးတက်ကောင်းမွန် လာစေခြင်း အတွက် မြန်မာ့ ချဉ်ပေါင်ဖာလာအသင်း (Myanma Chin Paung Pharla Association) နှင့် Nippon Foundation တို့အား ချိတ်ဆက်ပေးရန် ကြိုးစား ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံး တင်ပြချက်များ |
|---|---|---|
| ၁၉ | **TBC**<br><br>STAND UP – အဆင့် ၁<br><br>ကန်ဒေါ်လာ ၂,၉၆၆,၉၃၉<br><br>၂၀၁၇ ခုနှစ် မေလ မှ<br>၂၀၁၉ ခုနှစ် စက်တင်ဘာလ အထိ<br><br>ပိတ်သိမ်းပြီး | တောင်တန်းဒေသ စိုက်ပျိုးရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP) အား The Border Consortium (TBC) မှ အရပ်ဘက် လူမှုအဖွဲ့အစည်း (၈)ဖွဲ့၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးအပ်သည့် အဖွဲ့အစည်းများ တို့နှင့် ပူးပေါင်းကာ စီမံခန့်ခွဲခဲ့ ပါသည်။ စီမံချက်သည် အရှေ့တောင်ပိုင်း ဒေသရှိ မြို့နယ် (၁၀) မြို့နယ်မှ ကျေးရွာ အုပ်စု (၄၀) စု တွင် WASH ၊ အာဟာရဖွံ့ဖြိုးမှု၊ မြေယာ အခွင့်အရေးများနှင့် စိုက်ပျိုးရေးတို့၌ IDP များနှင့် ဒေသခံ လူမှု အသိုက်အဝန်းများ၏ အလွန်အရေးတကြီး လိုအပ်နေသည့် လိုအပ်ချက်များကို ဖြေရှင်းပေးခဲ့ ပါသည်။ စီမံချက်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ ပြီးဆုံးခဲ့ ပါသည်။ များမကြာမီ၌ စီမံချက် ဒုတိယအဆင့်အား စတင်ခဲ့ပါသည်။<br><br>အောက်ဖော်ပြပါ ပြီးစီးအောင်မြင်မှုများအား အစီရင်ခံ တင်ပြခဲ့ပါသည်–<br><br>» ကျေးရွာ (၆၄၁)ရွာတွင် ပြန့်နှံ့စွာ နေထိုင်နေကြသည့် လူဦးရေ ၇၁,၀၀၀ ကျော်သည် ယင်းတိုင်းရင်းသား ဝန်ဆောင်မှု ပေးအပ်သည့် အဖွဲ့အစည်းများ (ESPs) နှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမှတဆင့် ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များ၏ တိုက်ရိုက်အကျိုးကျေးဇူးများကို ရရှိခဲ့ ပါသည်။<br>» ဤစီမံချက်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တလျောက် လူဦးရေ ၁၉၀၀၀ ကျော်အတွက် ပထမဦးစွာ KNU မြေယာအသုံးပြုခွင့် လက်မှတ် ထုတ်ပေး ခဲ့ပြီး အစိုးရ၏ လယ်ယာမြေ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ ထပ်မံ၍ အသိအမှတ်ပြု ပေးခြင်းတို့မှတဆင့် မြေယာ လုပ်ပိုင်ခွင့် လုံခြုံစိတ်ချရမှုမှာ ခိုင်မာ အားကောင်း စေခဲ့ပါသည်။<br>» တောင်သူ ၃,၃၀၀ ကျော်သည် နှစ်ပေါင်းများစွာ ပဋိပက္ခကြောင့် စွန့်လွှတ်ခဲ့ပြီးသည့် နောက်ပိုင်း ၎င်းတို့၏ စွန့်လွှတ်ခဲ့ရသည့် စိုက်ကွင်းများအား ပြန်လည် တောင်းခံခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာခဲ့သည် (သို့) ထုတ်လုပ်နိုင်သည့် ပိုင်ဆိုင်မှုများ စုဆောင်းမိလာခဲ့ပါသည်။<br>» မွေးကင်းစ ကလေးငယ်များနှင့် ကလေးသူငယ်များ ဖြည့်စွက်စာ ကျွေးမွေးသည့် အလေ့အကျင့်များ တိုးတက်စေရန်အတွက် အမူအကျင့် ပြောင်းလဲမှုများကို မြှင့်တင် ရန် အများပြည်သူများအား အသိပညာ ပေးသည့် စည်းရုံးလှုံ့ဆော်မှု များသည် လူဦးရေ ၁၈,၀၀၀ ထံသို့ ရောက်ရှိခဲ့ပါသည်။<br>» အိမ်ထောင်စု ၆,၁၀၀ ကျော်သည် အိမ်သုံးရေပေးဝေမှုအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်ခဲ့ခြင်းမှ အကျိုးကျေးဇူးများကို ခံစားနေကြရပြီး အိမ်ထောင်စု ၄,၉၀၀ ကျော်သည် ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာ အသုံးပြုမှုတွင် တိုးတက်မှု ရှိခဲ့ပါသည်။<br>» ဤ ယှဉ်ပြိုင်မှုရှိသည့် နယ်ပယ်များတွင် ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မှာ ဤအစီအစဉ်များအတွက် တွန်းအားပေးခဲ့ပြီး တချိန်တည်းမှာပင် ၎င်းတို့သည် ကာကွယ်စောင့်ရှောက်ခြင်း နှင့် ကျား၊ မ ရေးရာ လှုပ်ရှားဆောင်ရွက်မှု တို့တွင် အလေးထားမှုရှိကြောင်း လက်တွေ့ပြသနေပါသည်။ |
| ၂၀ | **TBC**<br><br>STAND UP အဆင့် ၂<br>မွန်၊ ကယား၊ ကရင် ပြည်နယ်များ နှင့် တနင်္သာရီ တိုင်း ဒေသကြီး တို့တွင် ESP နှင့် CSO (၁၇)ဖွဲ့နှင့် မိတ်ဖက်ပြုမှု<br><br>ကန်ဒေါ်လာ ၄,၀၉၆,၈၉၄<br><br>၂၀၁၉ ခုနှစ် အောက်တိုဘာလ မှ<br>၂၀၂၂ ခုနှစ် စက်တင်ဘာလ အထိ<br><br>ဆောင်ရွက်ဆဲ (စီမံကိန်းစတင်သည့်အဆင့်) | STAND UP အဆင့် (၂)သည် STAND UP ပထမအဆင့်၏ ဆက်လက် ဆောင်ရွက်မှုဖြစ်ပြီး ထပ်မံ၍ CSO (၈)ဖွဲ့ အား (စုစုပေါင်း CSO (၁၇)ဖွဲ့) အား ထည့်သွင်းထားပါသည်။<br><br>စီမံချက်စတင်သည့်အဆင့် ကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက် ခဲ့ပါသည်။<br><br>» ဦးတည်ရည်ရွယ်သည့် နေရာဒေသအား သတ်မှတ်ဖော်ထုတ်ခြင်း ။ ။ မြို့နယ် (၁၄) မြို့နယ်တွင် ပြန့်နှံ့လျက်ရှိသော ကျေးရွာအုပ်စု (၅)စုမှ ခန့်မှန်းချေ စုစုပေါင်း လူဦးရေ ၁၅၈,၀၀၀ သည် ဤစီမံချက်မှ အကျိုးကျေးဇူးများအား ခံစားရမည် ဖြစ်ပါ သည်။ စီမံချက်၏ သုံးနှစ်တာ ကာလအတွင်း၌ အနည်းဆုံး လူဦးရေ ၆၀,၀၀၀ အတွက် တိုက်ရိုက် အကျိုး ကျေးဇူးများ ပေးအပ်ရန် မျှော်မှန်းထားပါသည်။ စိုက်ပျိုးရေး၊ လယ်ယာ လုပ်ပိုင်ခွင့်၊ အာဟာရဖွံ့ဖြိုးမှု၊ WASH နှင့် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွား မည် ဖြစ်ပါသည်။<br>» တစ်ဆင့်ခံ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (၁၇)ဖွဲ့ဖြင့် ၂ ရက်တာ အလုပ်ရုံ ဆွေးနွေးပွဲအား စီစဉ်ကျင်းပခဲ့ပြီး မိတ်ဖက် အဖွဲ့အစည်းတစ်ဖွဲ့ ဖွဲ့ချင်းစီနှင့် စာချုပ်ချုပ်ဆိုရန်အတွက် သဘောတူညီမှုအား အပြီးသတ်နိုင်ခဲ့သည့် ရလဒ်အား ရရှိခဲ့ပါသည်။<br>» ကနဦးစစ်တမ်းအတွက် ToR နှင့် မေးခွန်းလွှာများအား ရေး သားပြုစုခဲ့ပါသည်။<br>» MEAL အစီအစဉ်နှင့် စီမံချက် ToC တို့အား ပြန်လည် ပြင်ဆင်ပြီး မူကြမ်းအား ရေးဆွဲခဲ့ပါသည်။ |

# ရခိုင်

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၁ | **Save the Children**<br><br>တစ်ဆင့်ခံ မိတ်ဖက် အဖွဲ့အစည်း – ရပ်ရွာလူထု စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်း တိုးမြှင့်ရေးအဖွဲ့ (CERA)<br><br>စစ်တွေ၊ ပေါက်တော၊ မြောက်ဦး မြို့နယ်များရှိ တက်လမ်း Plus (ရခိုင်ပြည်နယ်)<br><br>၂၀၁၉၊ ဇန်နဝါရီလမှ ၂၀၂၂ ဖွန်လအထိ<br><br>ကန်ဒေါ်လာ ၅,၅၅၈,၉၄၅<br><br>ဆောင်ရွက်ဆဲ | » အမူအကျင့် ပြောင်းလဲရေး (SBCC)။ ။ အစီရင်ခံ တင်ပြသည့် ကာလအတွင်း ရခိုင်ကျေးရွာ ၂၈ ရွာ၊ မွတ်ဆလင် ကျေးရွာ (၁)ရွာနှင့် IDP စခန်း (၇)ခု (စုစုပေါင်းနေထိုင်နေသူ ၄,၈၈၈ ဦး) တို့တွင် မိခင်ခေါင်းဆောင် ၅၃၁ ဦး နှင့် အဖွဲ့ဝင် ၄,၃၅၇ဦးပါဝင်သည့် မိခင်ခေါင်းဆောင်သည့် အုပ်စု (၆၆)စုအား ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။<br>» မိခင်အချင်းချင်း ရိုင်းပင်းကူညီ ပေးသည့် အုပ်စု (၅၇၉)စု နှင့် SBCC ဆွေးနွေးပွဲ (၁,၈၆၃)ပွဲ အား ပြုလုပ်ခဲ့ ပါသည်။<br>» ဖခင်အချင်းချင်း ရိုင်းပင်း ကူညီ ပေး သည့် အုပ်စုများအတွက် SBCC ဆွေးနွေးပွဲ (၁၈၆) ပွဲ အား ကျင်းပပြီး ပါဝင်သူ ၇,၇၃၃ဦး(ဖခင်များနှင့် အဓိက လွှမ်းမိုးနိုင်သူများ အပါအဝင်) တက်ရောက် ခဲ့ ပါသည်။<br>» ဒေသတွင်းရှိ အစားအသောက်များကို အသုံးပြု၍ အသက် (၂)နှစ်အောက် ကလေးများ အတွက် အစားအသောက် နှင့် အစားအစာများ ပြင်ဆင်ခြင်းနှင့် ပတ်သက်သည့် လက်တွေ့ ချက်ပြုတ်ရသည့် မိခင်များအတွက် အချက်အပြုတ်ပွဲ (၁၈၂)ပွဲအား ပြုလုပ်ခဲ့ပြီး ၃,၂၉၄ဦး ပါဝင် တက်ရောက်ခဲ့ပါသည်။<br>» ပြင်းထန်အာဟာရချို့တဲ့မှု (SAM) နှင့် လတ်တလော အာဟာရချို့တဲ့မှု (MAM) များကို စစ်ဆေးခြင်းနှင့် IMAF ထံ ညွှန်းပို့ပေးခြင်း။ ၂၀၁၉ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း ပေါက်တောနှင့် စစ်တွေရှိ စခန်းများမှ အသက် ၆ လမှ ၅၉ လ အတွင်းရှိ ကလေးငယ်များ အား လစဉ် MUAC စစ်ဆေးခြင်း ပြုလုပ်ခဲ့ပြီး တစ်လလျှင် ကလေးငယ်ပျမ်းမျှ ၈,၉၉၁ဦး (ယောကျ်ား လေး ၅,၁၅၆ ဦးနှင့် မိန်းကလေး ၄,၉၆၆ ဦး) တို့အားစစ်ဆေးပေးခဲ့ ပါသည်။<br>» ပြင်ပလူနာ ကုသပေးသည့် အစီအစဉ် – OTP ။ ။ SC သည် ဤလုပ်ရပ်အား ဆောင်ရွက်မှုအား ပေါက်တော စခန်းများတွင် ပြုလုပ်ခဲ့ပြီး ကလေးငယ် (၇၆၆)ဦး (ယောကျ်ားလေး ၃၄၆ ဦးနှင့် မိန်းကလေး ၄၂၀ ဦး) တို့သည် လာရောက် ကုသမှုခံယူသူများအား စစ်ဆေးပေးခြင်းမှတဆင့် အကျိုးခံစားခဲ့ရပါသည်။ ပေါက်တော စခန်းများရှိ ကုသနေစဉ် ထပ်တိုးလာသည့် ရောဂါသစ် များ ရှိသည့် ဖော်ထုတ်ခဲ့သော SAM ကလေးငယ်များအား MSF ထံ လွှဲပို့ပေးပါသည်။<br>» စုစုပေါင်း ကလေးငယ် ၃၀၂ဦး(ယောကျ်ားလေး ၁၃၆ ဦးနှင့် မိန်းကလေး ၁၆၆ ဦး) တို့သည် OTP အစီအစဉ် မှတဆင့် အကျိုးကျေးဇူး ခံစားခဲ့ရပါသည်။ SAM ကလေးငယ်အသစ် ၂၅၇ဦး (ယောကျ်ားလေး ၁၁၇ဦးနှင့် မိန်းကလေး ၁၄၀ ဦး) အား ပေါက်တောစခန်းများ ရှိ SC ၏ OTP အစီအစဉ်တွင် လက်ခံကုသပေးခဲ့ပါသည်။<br>» အစီအစဉ်မှ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များကို မြှင့်တင်ရန်အတွက် ဆပ်ပြာ ၅၁၇ တုံးနှင့် ခြင်း (၂၅၇)ခြင်းအား ဖြန့်ဝေပေးခဲ့ပါသည်။ စုစုပေါင်း SAM ကလေးငယ် ၁၈ဦး(MSF မှ ၇ ဦးနှင့် MHAA မှ ၁၁ ဦး) တို့အား SC-OTP များထံ ညွှန်းပို့ပေးခဲ့ပါသည်။<br>» ဤအစီရင်ခံ တင်ပြနေသည့်ကာလအတွင်း မိခင်နို့ရည် တိုက်ကျွေးခြင်းဆိုင်ရာ အကြံပေး ဆွေးနွေးသူများ သည် ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အသစ် ၂,၇၃၉ (LW ၁,၅၆၃ ဦးနှင့် PW ၁,၁၇၆ ဦး)တို့အား တစ်ဦးချင်း တွေ့ဆုံ ဆွေးနွေး လမ်းညွှန်မှုများ ပြုလုပ်ခဲ့ပါသည်။<br>» SC သည် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာန (RHC)၊ ကျေးလက် ကျန်းမာရေး ဌာနခွဲ တို့နှင့် ပူးပေါင်း၍ အစိုးရ၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ စည်းရုံး လှုံ့ဆော်မှု (၁၁)ဖွဲ့အားလည်း ကူညီ ပံ့ပိုးပေးခဲ့ပါသည်။<br>» SC သည် ရခိုင်ကျေးရွာများတွင် ကိုယ်ဝန်ဆောင် မိခင်များထံ ကိုယ်ဝန်ဆောင် တစ်ကိုယ်ရည် သန့်ရှင်းရေး ကိရိယာ အစုံအလင် ၈၈ ခု နှင့် IDP စခန်း ၂ ခုလုံး (ပေါက်တောနှင့် စစ်တွေ) နှင့် ကျေးရွာများရှိ နို့တိုက် မိခင်များထံ ကလေးသန့်ရှင်းရေး ကိရိယာအစုံအလင် ၄၄၀၁ ခု အား ဖြန့်ဝေပေးခဲ့ပါသည်။<br>» ငွေကြေးဆိုင်ရာ ပညာပေးသင်တန်း ။ ။ ကျေးရွာ (၁၈)ရွာနှင့် IDP စခန်း (၄)ခုမှ အရွယ်ရောက်ပြီးသူ ၇၄၉ ဦး (မ ၅၃၀ ဦးနှင့် ကျား ၂၁၉ ဦး) နှင့် ကျေးရွာ (၃)ရွာနှင့် IDP စခန်း (၅)ခုမှ လူငယ် ၂၅၁ဦး(မ ၁၃၇ ၊ကျား ၁၁၄) တို့သည် ငွေကြေးဆိုင်ရာ ပညာပေး သင်တန်း အား ပြီးစီးအောင်မြင်အောင် တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။<br>» စီးပွားရေး ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း။ ။ ကျေးရွာ (၁၈)ရွာနှင့် IDP စခန်း (၂)ခုမှ အရွယ်ရောက်ပြီးသူ ၇၄၅ ဦး(မ ၅၅၁ ဦးနှင့် ကျား ၁၉၄ ဦး) နှင့် IDP စခန်း (၄)ခုမှ လူငယ် ၁၆၄ ဦး(မ ၈၉ ၊ ကျား ၇၅) တို့သည် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေး သင်တန်းတို့အား တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။<br>» ငွေကြေးဆိုင်ရာ ပညာပေးသင်တန်းနှင့် စီးပွားရေး ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း တက်ရောက်ပြီး သည့် အကျိုးခံစားခွင့် ရှိသည့် အိမ်ထောင်စု ၄၄၁ စု (မ-၃၂၁၊ ကျား-၁၂၀) တို့သည် အကျိုးပြုသည့် ထောက်ပံ့ငွေများရရှိခဲ့ကြပါသည်။ အကျိုးပြုသည့် ထောက်ပံ့မှု အား အကျိုးခံစားခွင့် ရရှိသူများ၏ ၇၀% မှာ အမျိုးသမီးများ ဖြစ်ပါသည်။<br>» ကျေးရွာ ၁၈ ရွာမှ ကျေးလက်လမ်း (၂၁) လမ်း မွမ်းမံ ပြင်ဆင်ခြင်း ၊ တံတား အသေး (၁)ခု တည်ဆောက်ခြင်း အပါအဝင် တည်ဆောက်ရေးလုပ်ငန်း (၂၂)ခု၊ နှင့် ရေကန်တစ်ကန် ဖြစ်စည်းရိုးခတ်၍ ပြုပြင်ခြင်း ။ ၂၀၁၉ ခုနှစ်တွင် အကျိုးခံစားခွင့် ရှိသူတစ်ဦးသည် ပျမ်းမျှ ၂၁.၉ ရက် အလုပ်လုပ်ကိုင်ခဲ့ပြီး အကျိုးခံစားခွင့် ရှိသူ တစ်ဦးလျှင် ပျမ်းမျှ ဝင်ငွေ မြန်မာကျပ်ငွေ ၁၃၁,၇၆၀ ရရှိသည့် အကျိုးကို ခံစားခဲ့ပါသည်။ ယခုအထိ အကျိုးခံစားခွင့် ရှိသူ ၅၃၁ဦး(ကျား ၁၈၀၊ မ ၃၅၁) အတွက် စုစုပေါင်း အလုပ်လုပ်ရက် ၁၁,၆၆၁ ရက် စာ လုပ်အားခ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။<br>» လုပ်ငန်းအမျိုးမျိုးတွင် အသုံးပြုနိုင်သော ဘဝသက်တာ ကျွမ်းကျင်မှုအတွက် အတားအဆီး များအပေါ်စီမံကိန်း စတင်သည့် အချိန်၌ လုပ်ဆောင်သော လေ့လာ ဖော်ထုတ် သည့် သုတေသနအား ၂၀၁၉ ခုနှစ်နိုဝင်ဘာလတွင် ပြုလုပ် ပြီးစီးခဲ့ပါ သည်။ အဓိက သုတေသန (၃)ခု ဖြစ်သည့် ရခိုင်ပြည်နယ်တွင် လူမှုပေါင်းစည်းညီညွတ်မှု အား စီမံကိန်း အကြောင်းအရာ အလိုက် ဆန်းစစ်မှု၊ ရခိုင်ပြည်နယ်နှင့် ကော့ဇ်ဘဇားတွင် ဘာသာစကားဆိုင်ရာ အတားအဆီးများ နှင့် စပ်လျဉ်း၍ နယ်စပ်ဖြတ်ကျော် လေ့လာမှုနှင့် လွတ်လပ်စွာ သွားလာ နိုင်မှု ဆိုင်ရာ အကြို ဆန်းစစ်မှု တို့အား ၂၀၁၉ ခုနှစ်တွင် လုပ်ဆောင် ပြီးစီးခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၂ | **Relief International**<br><br>ရခိုင်ပြည်နယ် မြေပုံနှင့် မြောက်ဦးတို့တွင် ကာလ ရှည်ကြာ နေရပ်စွန့်ခွာ တိမ်းရှောင် နေထိုင်ရခြင်းအား ရင်ဆိုင်ဖြေရှင်းမည့် တုံ့ပြန်ရေး ယန္တရား<br><br>၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ<br><br>ကန်ဒေါ်လာ ၃,၄၃၅,၆၃၉<br><br>ဆောင်ရွက်ဆဲ | » အသက်မွေးဝမ်းကျောင်းမှုများနှင့် လူမှုပေါင်းစည်းညီညွတ်ရေး ခိုင်မာအားကောင်းစေခြင်း ။ ။ အသက်၁၈နှစ်နှင့် ၅၆ နှစ် အကြားရှိ စုစုပေါင်း ပါဝင်တက်ရောက်သူ ၁၄၇ဦး(အမျိုးသမီး ၇၂ ဦးနှင့် အမျိုးသား ၇၅ ဦး) (မွတ်စလင် ၇၀ ဦး၊ ရခိုင် ၆၅ ဦးနှင့် ချင်း ၁၂ ဦး) တို့အား စီးပွားရေးတွင် စွန့်စားလိုစိတ်ဆိုင်ရာ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းဆိုင်ရာ သင်တန်းနှင့် ကာလတို အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတို့မှတဆင့် အသက်မွေးဝမ်း ကျောင်း ဆိုင်ရာ ကျွမ်းကျင်မှုများအား လေ့လာသင်ကြားပေးခဲ့ပါသည်။<br>» RI သည် စီးပွားရေးလုပ်ငန်းတွင် ယခင်က အတွေ့အကြုံရှိပြီး လမ်းညွှန်ပြသပေးသူ အနေဖြင့် ကူညီပံ့ပိုးပေးရန် စိတ်အား ထက်သန်သည့် BEO၊ GYB နှင့် SYB သင်တန်းများ ပြီးဆုံး အောင်မြင်ပြီး ဖြစ်သည့် စီးပွားရေးတွင် စွန့်စားလို စိတ်ဆိုင်ရာ လမ်းညွှန်ပြသပေးသူ (၈)ဦးအား ခန့်ထားခဲ့ပြီး မြေပုံတွင် (မွတ်စလင် ၂ဦး၊ ရခိုင် ၂ဦး နှင့် ချင်း ၁ဦး) နှင့် မြောက်ပိုင်း တွင် (မွတ်စလင် တစ်ဦးနှင့် ရခိုင် တစ်ဦး) တို့တွင် တာဝန်ချထားခဲ့ပါသည်။<br>» တောင်ပေါ်စခန်းမှ လူငယ် (၁၀)ဦးအား ပို့ချခဲ့သည့် ရက် (၂၀)ကြာ သင်္ဘော စက်လှေ အင်ဂျင်စက်ပြင်သင်တန်းအား သင်တန်းသား များနှင့် စခန်းအတွင်းရှိ ငါးဖမ်းသမားများ၏ လိုအပ်ချက် များနှင့် ကိုက်ညီစေရန် ချိန်ညှိခဲ့ပါသည်။<br>» မြေပုံမြို့မှ လူငယ် ၁၅ ဦးအတွက် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းဆိုင်ရာ သင်တန်းများ ပြီးဆုံး အောင်မြင်ခဲ့ပါသည်။<br>» ကာကွယ်စောင့်ရှောက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ယန္တရားများ ။ ။ RI သည် ၂၀၁၉ ခုနှစ်တွင် မြောက်ဦး၊ မြေပုံနှင့် တောင်ပေါ်စခန်းရှိ CSO များအတွက် ကာကွယ် စောင့်ရှောက်ခြင်းအား စီမံချက် အတွင်း လုပ်ငန်းတိုင်းတွင် ထည့်သွင်းခြင်းဆိုင်ရာ ထားသည့် အသိအမြင်ဆိုင်ရာ သင်တန်းအပြင် မြေပုံမြို့တွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခြင်းအား တိုးတက်ကောင်းမွန်စေရန် တို့အတွက် ဆောင်ရွက်ခဲ့ပြီး သင်တန်းများအား စုစုပေါင်း အမျိုးသား ၇၁ ဦးနှင့် အမျိုးသမီး ၉၄ဦး ပါဝင်ခဲ့ပါသည်။<br>» RI သည် ရပ်ရွာလူထုအခြေခံသည့် စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ စနစ်များမှ အသိပေးခဲ့သည့် ဆန်းစစ်မှုနှင့် ကောက်ချက်ချမှုများနှင့်အတူ ကာကွယ် စောင့်ရှောက်ခြင်း ဆိုင်ရာ အစီရင်ခံစာ (၂)စောင်အား ရေးသား ထုတ်ဝေခဲ့ ပါသည်။<br>» ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် RI သည် အခြေအနေ တစ်ခုလုံးအပေါ်နှင့် တောင်ပေါ် စခန်း ပိတ်သိမ်းခြင်းတွင် နယ်ပယ် (၁၀)ခု ဖြစ်သည့် လွတ်လပ်စွာ သွားလာနိုင်မှု၊ အသက်မွေး ဝမ်းကျောင်းမှုများအား လက်လှမ်းမီ ရယူနိုင်မှု၊ ပညာရေးအား လက်လှမ်းမီ ရယူနိုင်မှု၊ ကျန်းမာ ရေးအား လက်လှမ်းမီ ရယူနိုင်မှု၊ တရားမျှတမှုအား လက်လှမ်းမီ ရယူနိုင်မှု၊ နိုင်ငံသားဖြစ်မှု၊ ရွှေ့ပြောင်း သွားလာနေထိုင်မှု၊ ပြန်လည် နေရာချထားမှုနှင့် အိုးအိမ်ချထားမှု၊ မြေယာနှင့် အိမ်ယာ အဆောက်အဦ (HLP)၊ အလွန်အရေးပါသည့် လူမှုရေး ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် ဘေးကင်း စိတ်ချရမှုနှင့် လုံခြုံရေး တို့အား အကဲဖြတ် သည့် ပြီးပြည့်စုံသည့် ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ စနစ်အသစ် တစ်ခုအား တည်ဆောက် ခဲ့ပါသည်။<br>» စစ်တွေမြို့တွင် ကုလသမဂ္ဂ အေဂျင်စီများနှင့် INGO များမှ တက်ရောက်သူ (၁၁)ဦးဖြင့် ကုလသမဂ္ဂ / INGO အကြံပေး အဖွဲ့၏ အစည်းအဝေး တစ်ခုအား ကျင်းပခဲ့ပါသည်။ |
| ၃ | **International Rescue Committee (IRC)**<br><br>တက်လမ်း အဆင့် ၂<br><br>ကန်ဒေါ်လာ ၁၀,၅၀၀,၀၀၀ ကန်ဒေါ်လာ ၁၃,၅၀၀,၀၀၀ သို့ တိုးမြှင့်ခဲ့ ပါသည်။<br><br>မြေပုံ နှင့် မင်းပြား မြို့နယ်<br><br>၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အထိ<br><br>သွားလာမှုခွင့်ပြုချက် ရယူခြင်း ဆိုင်ရာ ကိစ္စရပ်ကြောင့် စီမံကိန်းလုပ်ငန်းများအား ဆိုင်းငံ့ ထားပါသည်။ | » ၂၀၁၉ ခုနှစ်တွင် ရခိုင်အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ ဆိုင်းငံ့ထားခြင်းကြောင့် မည်သည့် လုပ်ငန်းကိုမျှ အကောင်အထည်ဖော် နိုင်ခြင်းမရှိပါ။ ပြီးခဲ့သည့် နှစ်များက ကူညီပံ့ပိုးပေးသည့် ရပ်ရွာလူထု အုပ်စုများထံ အဝေးမှ တယ်လီဖုန်းဖြင့် စောင့်ကြည့်လေ့လာခြင်းကိုသာ ပြုလုပ် နိုင်ခဲ့ပါသည်။<br>» အဓိက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များအား ကျေးရွာ (၈၂)ရွာ (၈၀%) တွင် ဆက်လက် အသုံးပြုနေဆဲ ဖြစ်ပါသည်။ အဓိကနည်းစနစ်များမှာ မျိုးစေ့ချခြင်းအတွက် ပြင်ဆင်ခြင်း၊ ဓာတ်မြေဩဇာအား နှစ်မျိုး ခွဲ၍ အသုံးပြုခြင်း၊ စက်အားသုံး ထွန်စက်များ အသုံးပြုခြင်း၊ စက်အားသုံး စပါးခြွေလှေ့စက်များ အသုံးပြုခြင်းတို့ ဖြစ်ပါသည်။<br>» ရပ်ရွာလူထု တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ မြှင့်တင်သူများမှ စီစဉ် ဆောင်ရွက်သည့် WASH ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှု များ  အား ကျေးရွာ ၆၂ ရွာ (၆၁%) တွင် ဆက်လက် လုပ်ဆောင်ခဲ့ ပါသည်။<br>» VSLA ၁၆၇ ခု အနက်မှ ၁၁၁ ခုမှာ လုပ်ငန်း ဆက်လက် လည်ပတ်နေပါသည်။<br>» ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ကူညီပံ့ပိုးပေးခဲ့သည့် VDC (၅၂) ဖွဲ့တွင်၊ အားလုံးမှာ တက်လမ်း–၂ စီမံကိန်းလုပ်ငန်းများနှင့် ဟန်ချက်ညီအောင် ကောင်းစွာ ထိန်းသိမ်းဆောင်ရွက်နေခြင်း (ကျေးရွာ ၂၃ ရွာ) (သို့) ပုံမှန် VDC အစည်းအဝေးများ ကျင်းပခြင်း (ကျေးရွာ ၂၇ ရွာ) နှင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်၏ တစိတ်တပိုင်းအား အကောင်အထည် ဖော် ဆောင်ရွက်နေခြင်း (ကျေးရွာ ၄၁ ရွာ) သို့မဟုတ် ပြီးခဲ့သည့် တက်လမ်း စီမံကိန်း လုပ်ငန်းများမှ တည်ဆောက် ခဲ့သည့် လုပ်ငန်းများအား ကူညီပံ့ပိုးပေးခြင်း (ဥပမာ) တက်လမ်း ၂ စီမံကိန်း၏ ကူညီပံ့ပိုးမှုနှင့်အတူ ရေးဆွဲ အကောင် အထည် ဖော်ခဲ့သည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် တစိတ်တဒေသဖြစ်သည့် ရန်ပုံငွေ ထောက်ပံ့မှု အတွက် အဆိုပြုလွှာ မူကြမ်းရေးဆွဲခြင်း (ကျေးရွာ ၄ ရွာ) (သို့) အဆိုပြုလွှာတင်ခြင်း (ကျေးရွာ ၅ ရွာ) တို့တွင် ဆက်လက် ရှင်သန် နေခဲ့ပါသည်။ တက်လမ်း–၂ VDC များအား လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးရန် အတွက် အသုံးဝင်သည့် လက်နက်တစ်ခုအနေဖြင့် အခြား အဖွဲ့အစည်းများမှလည်း အသိအမှတ် ပြုခဲ့ပါသည်။ VDC အဖွဲ့ (၁၁)ဖွဲ့မှ ၎င်းတို့၏ ကျေးရွာရှိ အစိုးရ အစီအစဉ်များအား ကူညီပံ့ပိုးပေးနေစဉ် ကျေးရွာ (၁၆)ရွာရှိ VDC သည် အခြား NGO များ (သို့) ကုလသမဂ္ဂ အေဂျင်စီများ၏ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ကူညီပံ့ပိုးပေးခဲ့ ပါသည် နှင့်/သို့ ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၄ | **Danish Refugee Council (DRC)**<br><br>တဆင့်ခံ မိတ်ဖက် အဖွဲ့အစည်း – Norwegian Refugee Council (NRC)<br><br>ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်း များနှင့် စခန်းပြင်ပမှ လူငယ်များ အတွက် အသက်မွေးမှု ပညာ သင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးခြင်း – အဆင့် ၂<br><br>စစ်တွေ၊ မောင်တော<br><br>ကန်ဒေါ်လာ ၃,၅၀၀,၀၀၀<br><br>၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ<br><br>ဆောင်ရွက်ဆဲ | » မွတ်စလင်လူငယ်များအတွက် မိုဘိုင်းဖုန်း အခြေခံသည့် ချဉ်းကပ်နည်းလမ်းနှင့်အတူ ရခိုင်ပြည်နယ် အတွက် အကျိုးခံစားခွင့်ရှိသူများအား တောင်းဆိုမှုအလိုက် လုပ်ကိုင်နိုင်စွမ်း ပေးသည့် ကျွမ်းကျင်မှုများနှင့် လိုက်ဖက်သည်ကို ရှာဖွေပေးသည့် အခမ်းအနားများ အား မိုဘိုင်းဖုန်း အခြေခံသည့် ချဉ်းကပ်နည်းလမ်း ဖြင့် ကျင်းပခဲ့ပါသည်။<br>» အလုပ်ရှာဖွေနေသူများနှင့် ကျွမ်းကျင်မှု ရှိသော လူငယ်များ နှင့် ပုဂ္ဂလိက၊ ဒေသတွင်း နှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအကြား ချိတ်ဆက်မှု ကို မြှင့်တင်ရန်အတွက် အလုပ်အကိုင် ပြပွဲနှင့် အသက်မွေးမှု လုပ်ငန်း ဈေးကွက်ဆိုင်ရာ အခမ်း အနား (၂)ခုအား စစ်တွေမြို့၌ IDP စခန်းများတွင် စီစဉ် ကျင်းပခဲ့ပါသည်။<br>» လက်ရှိ ဈေးကွက်တွင် လူငယ်များအတွက် အလားအလာရှိသည့် အခွင့်အလမ်းများအား လေ့လာရန် စီးပွားရေးလုပ်ငန်း ဆန်းစစ်အကဲဖြတ်ခြင်း။ စုစုပေါင်း စီးပွားရေးလုပ်ငန်း (၁၇)ခုအား ဦးတည် ရည်ရွယ်ခဲ့ပြီး လုပ်ငန်း(၁၅)ခု နှင့် သဘောတူညီသည့် စာရွက်စာတမ်း များအား လက်မှတ်ရေးထိုးခဲ့ပါသည်။<br>» NRC သည် အစိုးရနည်းပညာ အထက်တန်းကျောင်း (GTHS) များနှင့် ၎င်းတို့၏ သင်ခန်းစာအား လိုအပ်ချက် နှင့် အံဝင်ခွင်ကျ စီမံနိုင်ရန် အတွက် တရားဝင် ပူးပေါင်း ဆောင်ရွက်မှုအား စတင်ခဲ့ပါသည်။ အဆိုပါ ပူးပေါင်း ဆောင်ရွက်မှု ၏ ရလဒ်အဖြစ် NRC မှ ထုတ်ပေးသည့် သင်တန်းဆင်း လက်မှတ်များ ထုတ်ပေးရာတွင် GTHS မှ တရားဝင် အသိအမှတ်ပြုသည့်အနေဖြင့် ၎င်း၏ ကျောင်းတံဆိပ် အား ထည့်သွင်းအသုံးပြုခွင့် ပေးခဲ့ပါ သည်။<br>» မော်သီးညာနှင့် စေသမကြီး IDP စခန်းများရှိ လက်ရှိ လူငယ်စင်တာများအား အဆင့်မြှင့်တင် ရန် အတွက် သင်တန်းစင်တာ ပြုပြင် မွမ်းမံခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။ အဆင့်မြှင့် တင်ခြင်းတွင် လက်နက် ကိရိယာများ အတွက် ထားသို သိမ်းဆည်းသည့် နေရာများ ပိုမိုရှိစေ ခြင်း၊ နံရံအကာအရံများ တပ်ဆင်ခြင်း၊ ခြံစည်းရိုးများ လဲလှယ်ခြင်းနှင့် လက်ဆေးသည့် အထောက်အပံ့ ပစ္စည်းများ ပါဝင်ခဲ့ပါသည်။<br><br>အသက်မွေးမှုဆိုင်ရာသင်တန်း၊ ၂၀၁၉ ခုနှစ် အကျိုးခံစားခွင့်ရှိသူ လူငယ်သင်တန်း<br><br>» လူငယ် ၁,၀၉၇ဦး(ကျား – ၄၄၈၊ မ-၆၄၉) တို့သည် ဘဝသက်တာ ကျွမ်းကျင်မှု သင်တန်းအား ပြီးစီး အောင်မြင်ခဲ့ ပါသည်။<br>» လူငယ် ၄၁၉ဦး(ကျား ၂၆၉၊ မ ၁၅၀) တို့သည် လူမှု ဆက်ဆံရေး သင်တန်းအား ပြီးစီး အောင်မြင်ခဲ့ပါသည်။<br>» ကာလတို အသက်မွေးမှုဆိုင်ရာ သင်တန်းမှ လူငယ် ၉၇၇ဦး(ကျား ၄၇၉၊ မ ၄၉၈) တို့အား လေ့ကျင့် သင်ကြားပေးခဲ့ ပါသည်။<br>» ၃၀၄ဦး(ကျား ၁၄၃၊ မ ၁၆၁) တို့သည် ကာလကြာမြင့်သည့် အသက်မွေးမှုဆိုင်ရာ သင်တန်းအား ပြီးစီး အောင်မြင် ခဲ့ပါသည်။<br>» လူငယ် ၁,၃၈၂ဦး(ကျား ၆၄၅၊ မ ၆၈၃) တို့သည် အသေးစားစီးပွားရေး လုပ်ငန်း ကျွမ်းကျင်မှု များ၊ လေ့ကျင့် သင်ကြား ပေးခြင်းနှင့် လမ်းညွှန်ပြသ ပေးသည့် ကူညီထောက်ပံ့မှု များ ရရှိခဲ့ပါသည်။<br>» အလုပ်သင် အစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် လူငယ် ၁၇၄ဦး(ကျား ၉၃၊ မ ၂၆၀) တို့သည် စီးပွားရေး လုပ်ငန်း စတင်နိုင်သည့် ပစ္စည်းကိရိယာ အစုံအလင်အား ရရှိခဲ့ပါသည်။<br>» လူငယ် ၉၃ဦး(ကျား ၄၅၊ မ ၄၈) တို့သည် စီးပွားရေးလုပ်ငန်း စတင်နိုင်သည့် ငွေကြေး ထောက်ပံ့မှုများအား လက်ခံ ရရှိခဲ့ပါသည်။<br>» ကာလကြာမြင့်သည့် အသက်မွေးမှုဆိုင်ရာ သင်တန်းပြီးဆုံး အောင်မြင်ခဲ့သည့် ၉ဦး(ကျား ၈၊ မ ၁) တို့အား မော်တော် ဆိုင်ကယ် ပြုပြင်သည့် ဆိုင်နှင့် အမျိုးသမီး ဝတ်စုံချုပ်သည့် ဆိုင်တို့တွင် အလုပ်လုပ်ကိုင်ခဲ့ကြ သော်လည်း အမျိုးသမီး လူငယ် (၈)ဦးမှာ ဝတ်စုံချုပ် လုပ်သည့် လုပ်ငန်းအား စတင်ခြင်းဖြင့် ဝင်ငွေမှာ ရှာဖွေလျက် ရှိပါသည်။ |
| ၅ | **အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)**<br><br>ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် ဘေးကင်း လုံခြုံမှုများ ရှိစေရန် ကျွမ်းကျင်မှု များ (TVET)<br><br>ကန်ဒေါ်လာ ၁,၄၉၄,၉၈၃ ကန်ဒေါ်လာ ၂,၉၉၂,၂၆၆ သို့ တိုးမြှင့်ခဲ့ပါသည်။<br><br>စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ဂွ၊ ဘူးသီးတောင်၊ မောင်တော<br><br>၂၀၁၇ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ခုနှစ် ဇွန်လ အထိ | » လုပ်သားဈေးကွက် ဆန်းစစ်ဖြတ်မှုနှင့် ကျား၊ မ ရေးရာ ဆန်းစစ်မှုတို့အတွက် အတည်ပြုချက် ရယူသည့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခဲ့ပါသည်။<br>» ရခိုင်ပြည်နယ် TVET ညှိနှိုင်းဆောင်ရွက်သည့် အဖွဲ့အစည်းအဝေးအား (၃)ကြိမ် ကျင်းပ ခဲ့ပါသည်။<br>» ရခိုင်ပြည်နယ် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာဆိုင်ရာ လုပ်ငန်း အဖွဲ့ (SDTWG) ဟု နောက်ဆုံး၌ အမည်ပေးခဲ့သည့် ဒေသဆိုင်ရာ သင်တန်းနှင့် အလုပ်အကိုင် ဆိုင်ရာ ကောင်စီ (LTEC) အား ထူထောင်ခဲ့ပါသည်။<br>» ဟိုတယ်နှင့် ခရီးသွားလာရေး ဆိုင်ရာ ကျွမ်းကျင်မှုများ ဆန်းစစ် အကဲဖြတ်သည့် ဗဟိုဌာနအနေဖြင့် ရွှင်ရယ်လ် စစ်တွေ ဟိုတယ်အား အသုံးပြုရန်အတွက် NSSA မှ တရားဝင် အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ်တွင် ပံ့ပိုး ကူညီခဲ့ပါသည်။<br>» ခရိုင် LEO ရုံးများအား UMFCCI နှင့် TVET လုပ်ငန်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အလုပ်ပြပွဲများ ကျင်းပရန် အတွက် ပံ့ပိုးကူညီရန် ကူညီထောက်ပံ့ပေးခဲ့ပါသည်။<br>» သတ္တုဘီဒိုများ၊ စားပွဲများ၊ ထိုင်ခုံတန်းလျားများ၊ စတီးလ်ဂိတ်တံခါးများ၊ သုံးဘီးကား (တုတ်တုတ်) ဘော်ဒီ တည်ဆောက် ပြုပြင်ရေး ကဲ့သို့သော ဂဟေဆက်လုပ်ငန်းနှင့် ပစ္စည်းများ ထုတ်လုပ်သည့် အဖွဲ့အစည်း အတွင်း အဆောက်အဦ နှင့် အထောက်အကူ ပစ္စည်းများအား မျှဝေအသုံးပြုခြင်းမှတဆင့် ဂဟေဆက် သင်တန်း ပြီးဆုံး အောင်မြင်ခဲ့ သည့်သူများ ဝင်ငွေရရှိရေးအတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ၊ ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၆ | **UNOPS**<br><br>ရခိုင်ပြည်နယ် ဆက်သွယ် ဆောင်ရွက်ရေး ကွန်ရက်<br><br>ကန်ဒေါ်လာ ၄၀၀,၀၀၀<br><br>ရခိုင်<br><br>၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၁ ခုနှစ် မေလအထိ<br><br>ဆောင်ရွက်ဆဲ | » မီဒီယာပညာပေးသင်တန်း (၂)ခုအား တက်ရောက်သူ ၄၉ ဦးဖြင့် ပြုလုပ်ခဲ့ပါသည်။ (မ- ၂၁)<br>» ဓာတ်ပုံပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (၂)ခုအား တက်ရောက်သူ (၂၁)ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ (မ- ၅)<br>» ဗီဒီယိုပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (၃)ခုအား တက်ရောက်သူ (၂၄)ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ (မ- ၈)<br>» စီမံချက် ဗီဒီယို (၂၉)ခု အား ထုတ်လုပ်ခဲ့ပါသည်။<br>» MIMU နှင့် ဒေသခံအဖွဲ့အစည်းများနှင့် စီစဉ် ဆောင်ရွက်ခဲ့သည့် ပြည်တွင်းမီဒီယာများမှ 4W နည်းကိရိယာ အပေါ် အလုပ်ရုံဆွေးနွေးပွဲအား ကူညီပံ့ပိုးပေးခဲ့ပါသည်။<br>» အလှူရှင်များ လာရောက် လည်ပတ်လေ့လာသည့် အချိန်အတွင်း မီဒီယာအစည်းအဝေး (၂)ခုအား စီစဉ် ကျင်းပခဲ့ ပါသည်။<br>» ဒေသခံ NGO PDI-Kintha မှ ရခိုင်လူမှုရေး သိပ္ပံကျောင်း (Akyab Institue) အပတ်စဉ် ဆွေးနွေးပွဲအား စီစဉ် ဆောင်ရွက်နေခြင်းတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ |

## ငွေကြေးရေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း

| စဉ် | IP များ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ ဘတ်ဂျက် | အရေးကြီးသည့်နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၁ | **Canadian Co-operative Association (CCA)**<br><br>မြန်မာနိုင်ငံ ။ ။ သမဝါယမ အသင်းများမှ တဆင့် ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင် စေမှု တိုးချဲ့ခြင်း (MyFINANCE) စီမံချက်<br><br>၃၁/၁၀/၂၀၁၆ မှ ၃၀/၆/၂၀၁၉<br><br>ကန်ဒေါ်လာ ၃,၀၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | » MyFINANCE သည် အပူပိုင်းဇုန်တွင် မြို့နယ်အဆင့် သမဝါယမအသင်း (၂) သင်းအား ၎င်းတို့၏ ငွေရေးကြေးရေး ဆိုင်ရာ စီးပွားရေးလုပ်ငန်း (၂)ခုအား ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေရန်အတွက် အကူးအပြောင်းတွင် ကူညီပံ့ပိုး ပေးနေ ပါသည်။<br>» CCA သည် ဦးတည်ရည်ရွယ်သည့် မြို့နယ်များ - မြင်းခြံ နှင့် နွားထိုးကြီးတို့အား အပြီးသတ် သတ်မှတ်ခဲ့ပြီး အဆိုပါ မြို့နယ်များတွင် အဖွဲ့ဝင် ၃၀,၁၃၂ ဦးနှင့် ၁၆,၄၉၄ ဦး အသီးသီး ရှိပါသည်။<br>» CCA သည် ပြည်ထဲရေးဝန်ကြီးဌာနထံမှ INGO မှတ်ပုံတင်အား လက်ခံ ရရှိခဲ့ပါသည်။<br>» သမဝါယမဦးစီးဌာနနှင့် မြို့နယ်များနှင့် MOU များ ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် မြို့နယ် (၂)ခုလုံးတွင် ငွေစုငွေချေး သမဝါယမအသင်း (TSC) များ စတင် ဆောင်ရွက်ခဲ့ ပါသည်။<br>» CCA သည် မြင်းခြံနှင့် နွားထိုးကြီးမြို့နယ်များတွင် ဈေးကွက်စစ်တမ်း ကောက်ယူခဲ့ပြီး TSC များမှတဆင့် မကြာမီ မိတ်ဆက်ပေးတော့မည့် ချေးငွေစုငွေ ဒီဇိုင်းမျိုးစုံ ရေးဆွဲခဲ့ပါသည်။<br>» ၂၀၁၈ ခုနှစ် မေလတွင် စုငွေပုံစံများ စတင်ခဲ့ပြီး ၎င်းအား စတင်သည့် အချိန်မှ၍ အဖွဲ့ဝင်များထံမှ စုငွေများ ရယူခဲ့ ပါသည်။ အခြား ကျေးရွာများအား ငွေစုငွေချေးနှင့် ပတ်သက်၍ ငွေကြေးဆိုင်ရာ အသိပညာများ မျှဝေပေးခြင်းဖြင့် အသင်းဝင် ရန် အတွက် စည်းရုံး လှုံ့ဆော်မှုကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။ အများ အားဖြင့် စုငွေများ ရယူစုဆောင်းခြင်းနှင့် ချေးငွေများ ထုတ်ပေးခြင်းတို့အား အသင်းဝင် - ငွေချေးသူများ အတွက် ပိုမိုအဆင်ပြေပြီး စရိတ်သက်သာကြောင်း လေ့လာမိသဖြင့် ကျေးရွာများတွင်သာ ဆောင်ရွက် ပါသည်။ CCA သည် ဈေးကွက် စစ်တမ်း ရလဒ်အပေါ် မူတည်၍ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ဒီဇိုင်းပုံစံများ အား ရေးဆွဲပြုစုလျက် ရှိပါသည်။ အသင်းဝင်များ၏ စုငွေများကို တိုးပွား လာစေရန် စီမံချက်မှ အသင်းဝင် များအတွက် ကံစမ်းမဲဖောက်ပေးခြင်း အပါအဝင် ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာ ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။<br>» စီမံချက်မှ ချေးငွေများအား ဩဂုတ်လတွင် စတင်ထုတ်ဝေခဲ့ပြီး TSC (၂)ခုမှ အသင်းဝင် ၆,၂၉၉ ဦး (အမျိုးသမီး ၇၁%) ထံ စုစုပေါင်း မြန်မာကျပ်ငွေ ၆၂၉ သန်း ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။ ချေးငွေ၏ ၉၆.၅% အား စိုက်ပျိုးရေးတွင် အသုံးပြုခဲ့ကြပြီး ၃.၅% မှာ စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုခဲ့ကြပါသည်။<br>» မြို့နယ် ငွေစု/ ငွေချေးအသင်း (၂)သင်းမှ မြန်မာကျပ်ငွေ ၈.၉ ဘီလီယံအား အိမ်ထောင်စု ၄၃,၈၈၉ ထံ ထုတ် ချေး ပေးခဲ့ပါသည်။ ချေးငွေ၏ ၈၇% မှာ စိုက်ပျိုးထုတ်လုပ်ရေး အတွက်ဖြစ်ပြီး၊ ၁၂.၆% မှာ စီးပွားရေး/ ကုန်သွယ်ရေးအတွက်နှင့် ၀.၄% မှာ မွေးမြူရေး လုပ်ငန်းများအတွက် ဖြစ်ပါသည်။<br>» စီမံချက်မှ ပြည်တွင်းဘဏ် (၂)ခု ဖြစ်သည့် ရိုးမဘဏ်နှင့် A ဘဏ်တို့ထံ အာမခံရန်ပုံငွေ လျှောက်ထားခဲ့ ပါသည်။ သို့သော်လည်း ရိုးမဘဏ်မှ ၎င်းတို့၏ အရစ်ကျပေးငွေဖြင့် ပစ္စည်း ဝယ်ယူသည့် စနစ်အပေါ် ၎င်း တို့အနေဖြင့် အာရုံစိုက် လိုသဖြင့် အာမခံအဖြစ် မိတ်ဖက်ဘဏ် အဖြစ် ဆောင်ရွက်ရန် ငြင်းပယ်ခဲ့ပါသည်။ A ဘဏ်မှ TSC များနှင့် ပတ်သက်၍ အတည်ပြု ရန်နှင့် ရှင်းလင်းရန် လိုအပ်ချက်များအတွက် စိုးရိမ်ပူပန်မှုများ ရှိနေသဖြင့် A ဘဏ်ထံမှ ချေးငွေ ရန်ပုံငွေ ရရှိရန်အတွက် ကြန့်ကြာမှု ရှိခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ ဘတ်ဂျက် | အရေးကြီးသည့်နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၂ | **Cordaid Foundation**<br><br>LIFT / Cordaid တို့၏ မိတ်ဖက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား နည်းပညာ ပံ့ပိုးပေးခြင်း<br><br>၁၅/၃/၂၀၁၆ မှ ၃၀/၆/၂၀၁၉<br><br>ကန်ဒေါ်လာ ၁,၀၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | » ဆုံးရှုံးမှုမှ အကာအကွယ်ပေးသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်း၍ Cordaid သည် LIFT/ Cordaid ၏ မိတ်ဖက် MFI များ၏ နည်းပညာအထောက်အပံ့ပေးသည့် အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။<br>» မိတ်ဖက် MFI များမှာ PGMF, Proximity Designs, Vision Fund Myanmar နှင့် CARD Myanmar တို့ ဖြစ်ပါသည်။ Cordaid မှ အခြား MFI များဖြစ်သည့် ECLOF၊ Unique Quality၊ Pyae Mahar နှင့် အခြား နိုင်ငံတကာ MFI ဖြစ်သည့် Entrepreneur Dumonde တို့အား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးနိုင် ရန်အတွက်လည်း နည်းလမ်း ရှာဖွေလျှက် ရှိပါသည်။<br>» စုစုပေါင်း ဘတ်ဂျက်၏ ၈၇% အား MFI များအတွက် နည်းပညာဆိုင်ရာ အထောက်အပံ့ ပေးရန် ခွဲဝေပေးခဲ့ပြီး ၎င်းတို့ အနက်မှ ၅၄% ကို အသုံးပြုခဲ့ပြီး ဖြစ်ပါသည်။<br>» Cordaid မှ PGMF, CARD Myanmar, Vision Fund နှင့် Proximity Design တို့နှင့် သဘောတူ ချုပ်ဆိုထားသည့် ချေးငွေ ကန်ဒေါ်လာ ၁၀.၄ သန်းအား ထုတ်ချေးခဲ့ခြင်းဖြင့် ၎င်း၏ ရည်မှန်းချက်အား ပြီးစီး အောင်မြင်ခဲ့ပါသည်။ Cordaid မှ ဒေသခံ မိတ်ဖက် အဖွဲ့အစည်း (၄)ဖွဲ့အား ဆုံးရှုံးမှုမှ ကာကွယ်ပေးသည့် ချေးငွေများအား အရစ် ကိုးရစ်ခွဲ၍ ထုတ်ချေးပေးခဲ့ပြီး ပြန်လည်ပေးဆပ်ရန် ကျန်ရှိသည့် ချေးငွေပမာဏမှာ ကန်ဒေါ်လာ ၆.၃သန်း (၈၀.၇၁%) ဖြစ်ပါသည်။ |
| ၃ | **GRET**<br><br>မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် အသေးစား ငွေရေးကြေးရေး အဖွဲ့တစ်ခု ဖန်တီးခြင်း<br><br>၁/၁၂/၂၀၁၃ မှ ၃၀/၆/၂၀၁၉ ထိ<br><br>ကန်ဒေါ်လာ ၃,၄၆၃,၆၀၀<br><br>ဆောင်ရွက်ဆဲ | » GRET ၏ အပူပိုင်းဇုန် စီမံချက်အား NGO ပုံစံဖြင့် ဆောင်ရွက်သည့် MFI မှ ကုမ္ပဏီပုံစံ MFI အဖြစ် အောင်မြင်စွာ ပြောင်းလဲပြီးသည့်နောက် သစ္စာဥယျာဉ် ကုမ္ပဏီလီမိတက် အောက်၌ ဆောင်ရွက် လုပ်ကိုင် နေပါသည်။<br>» သစ္စာဥယျာဉ် စီမံခန့်ခွဲရေး ကော်မတီ အား ချင်းပြည်နယ် အထွေထွေ မန်နေဂျာမှ ကော်မတီ ၏ ဥက္ကဋ္ဌ၊ အပူပိုင်းဇုန် အထွေထွေ မန်နေဂျာနှင့် စီမံချက် မန်နေဂျာတို့မှ နည်းပညာ လက်ထောက်များ အဖြစ် ကော်မတီ အား ဖွဲ့စည်း ဆောင်ရွက်ပါသည်။<br>» ကော်မတီသည် ၂၀၁၉ ခုနှစ် ဧပြီ၊ ဂျူလိုင်နှင့် စက်တင်ဘာလ တို့တွင် တွေ့ဆုံခဲ့ကြ သော်လည်း စက်တင်ဘာလ တွေ့ဆုံမှုမှာမူ Kredits (သတင်းအချက်အလက် စီမံ ခန့်ခွဲမှု စနစ်) နှင့် ပြုလုပ်သည့် မဟာဗျူဟာမြောက် စတင်ခြင်း အစည်းအဝေးတွင် ပါဝင် တက်ရောက် ခဲ့ခြင်း ဖြစ်ပါသည်။<br>» ရန်ပုံငွေထောက်ပံ့မှု လျော့ကျလာခြင်းကြောင့် အပူပိုင်းဇုန်အဖွဲ့၏ ကွင်းဆင်း ဆောင်ရွက်မှု မှာ ၅.၇% အနည်းငယ် လျော့ကျခဲ့ပါသည်။<br>» ၂၀၁၆ ခုနှစ်မှ စတင်၍ ဌာနခွဲ (၃)ခုသာ ရှိသည့် အပူပိုင်းဇုန် ဌာနခွဲ ကွန်ရက်သည် FMO ထံမှ ချေးငွေ ရန်ပုံငွေ အသစ် (၂၀၁၈ ခု၊ ဒီဇင်ဘာ) ရယူနိုင်ခဲ့သောကြောင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ရေဦးမြို့နယ်၌ ရုံးခွဲ အသစ် တစ်ခု ထပ်မံ တိုးချဲ့ခဲ့ပါသည်။<br>» ဤ (၃)လပတ်တွင် FMO မှ ချေးငွေများ စတင်ခဲ့ပြီး၊ သစ္စာဥယျာဉ်မှ ပထမဆုံးအကြိမ် ထုတ်ပေးသည့် ချေးငွေ ပမာဏ ကန်ဒေါ်လာ ၅၀၀,၀၀၀ အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်ခံရရှိခဲ့ပါသည်။<br>» အပူပိုင်းဇုန် သစ္စာဥယျာဉ်၏ ကိုယ့်အားကိုယ်ကိုး လည်ပတ်နိုင်မှုနှင့် ငွေကြေးဆိုင်ရာ ကိုယ့်အားကိုယ်ကိုး ရပ်တည် နိုင်မှု တို့မှာ ၁၆၁.၁% နှင့် ၁၄၂.၂% အသီးသီး ဖြစ်ပါသည်။<br>» အိမ်ထောင်စုပေါင်း ၁၀,၉၆၃ မှ ပြန်လည် ပေးဆပ်ရန် ကျန်ရှိသည့် ချေးငွေပမာဏမှ ကန်ဒေါ်လာ ၁.၈၆သန်း ဖြစ်ပြီး မွေးမြူရေးအတွက် (၆၃%)၊ စိုက်ပျိုးရေးအတွက် (၁၈%) နှင့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများအတွက် အသုံးပြုခဲ့ ပါသည်။ လက်ရှိ လှုပ်ရှား ဆောင်ရွက် ဆဲ အဖွဲ့ဝင်များ၏ ၈၃% မှာအမျိုးသမီး ဖြစ်ကြပါသည်။ အုပ်စု ခေါင်းဆောင် အားလုံး၏ ၇၉.၇% မှာ အမျိုးသမီးများ ဖြစ်ပြီး VSC/ BCS ချေးငွေ ကော်မတီဝင်များ၏ ၆၅.၃% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ |
| ၄ | **GRET**<br><br>ချင်းအသေးစား ငွေရေးကြေးရေး အဖွဲ့၏ ဖွဲ့စည်းပုံ ခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသ ငွေရေးကြေးရေး ဈေးကွက်ကိုတိုးချဲ့ခြင်း<br><br>၁၄/၁၂/၂၀၁၅ မှ ၃၁/၀၈/၂၀၁၉<br><br>ကန်ဒေါ်လာ ၁,၃၂၀,၁၇၆<br><br>ပိတ်သိမ်းပြီး | » ချင်း MFI အတွက် GRET ၏ နည်းပညာ အကူအညီများ ဥပဒေနှင့်အညီ တရားဝင် ဖြစ်စေမည့် လုပ်ငန်းစဉ် အတွက် ညှိနှိုင်းဆောင်ရွက်ရေးမှာ အရေးကြီးသလို ၎င်းတို့၏ စီမံခန့်ခွဲမှုဆိုင်ရာ၊ အသင်းဖွဲ့ဆိုင်ရာနှင့် လုပ်ငန်း ဆောင်ရွက်မှု ဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်း စေရန်အတွက် ပြင်ပကျွမ်းကျင်သူများ၏ အကူအညီဖြင့် ဆောင်ရွက်ပေးရန် မှာလည်း အရေးကြီး ပါသည်။ ချင်း MFI သည် ဆင်းရဲနွမ်းပါးသူများ အတွက် ငွေကြေး ဝန်ဆောင်မှု များအား နေရာဒေသ အသစ်ဖြစ်သည့် ကလေးမြို့နယ်တွင်လည်း တိုးချဲ့ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ စီမံချက်သည် ရှေ့ပြေး စမ်းသပ်သည့် အဆင့်မှတဆင့် စမ်းသပ်သွားမည် ဖြစ်သော ကျေးလက်နေ အိမ်ထောင်စုများထံ ပေးအပ်မည့် ဝန်ဆောင်မှု အသစ်များအား အဆိုပြုပြီး၊ ယင်း နောက်တွင် မြို့နယ် အများအပြားတွင် စတင် ဆောင်ရွက်ခဲ့ ပါသည်။<br>» စီမံချက်သည် မန်နေဂျာများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်အတွက် MFI မန်နေဂျာနှင့် ရုံးဝန်ထမ်းများ အတွက် MIS သင်တန်း၊ Excel သင်တန်း၊ C4D သင်တန်းကဲ့သို့သော အဖွဲ့ အစည်း အတွင်း သင်တန်းများ ပို့ချပေးခဲ့ပါသည်။<br>» ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ချင်းပြည်နယ်ရှိ ရုံးခွဲများအတွက် Quick Book (စာရင်းကိုင် ဆော့ဖ်ဝဲ) အကောင်အထည် ဖော်ရေးအတွက် Kredits မစ်ရှင်မှ စာရင်းကိုင် (၆)ဦး၊ ငွေကိုင် (၃)ဦး၊ ဘဏ္ဍာရေး မန်နေဂျာ တစ်ဦးနှင့် မန်နေဂျာ (၄)ဦး တို့အား Quick Book သင်တန်း ပေးခဲ့ ပါသည်။<br>» GRET သည် လူ့စွမ်းအား အရင်းအမြစ် မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဆိုင်ရာ လုပ်ငန်းစဉ်နှင့် ကုမ္ပဏီ၏ အနာဂတ်အတွက် စီမံအုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အဆင့်မြင့် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ ပါဝင် ဆွေးနွေးခဲ့သည့် အစည်း အဝေး များ အား ပြုလုပ်ခဲ့ပါသည်။ ဆုံးရှုံးရ နိုင်ချေ အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လက်စွဲ လမ်းညွှန်နှင့် နည်းကရိယာများအား အပြီးသတ်ခဲ့ပါသည်။<br>» GRET သည် တိုးချဲ့ ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ ပြီးစီးအောင်မြင်မှုကို ရရှိခြင်းအား သေချာစေရန် အတွက် ဘတ်ဂျက်မပါဝင်သည့် သက်တမ်းတိုးခြင်းအား ရရှိခဲ့ပါသည်။<br>» ကလေးမြို့နယ်တွင် ရုံးခန်းအသစ်တခု ဖွင့်လှစ်ခဲ့ကာ ယင်းရုံးခွဲမှ ကျေးရွာ (၇)ရွာမှ ချေးငှားသူ ၆၅၇ ဦးအား ချေးငွေများ ထုတ်ပေးနေပြီး စုစုပေါင်း ချေးငွေ ပမာဏမှာ ကန်ဒေါ်လာ ၄.၂ သန်း ဖြစ်ပါသည်။ |

| စဉ် | IP များ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ ဘတ်ဂျက် | အရေးကြီးသည့်နောက်ဆုံးအခြေအနေများ |
|---|---|---|
| | | » ချင်းပြည်နယ် သစ္စာဥယျာဉ်၏ ကိုယ့်အားကိုယ်ကိုး လုပ်ငန်း လည်ပတ်နိုင်မှုနှင့် ဘဏ္ဍာရေး အရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်မှုမှာ ၁၃၅.၄% နှင့် ၁၀၃.၈% အသီးသီး ဖြစ်ပါသည်။<br>» TSO (ချင်း) မှ အိမ်ထောင်စုပေါင်း ၁၀,၆၁၃ စုအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခဲ့ရာချေးငွေ ကန်ဒေါ်လာ ၁.၉၆ သန်း ထုတ်ပေးခဲ့ပြီး ထိုအထဲမှ မွေးမြူရေးအတွက် ၆၈%၊ စိုက်ပျိုးရေးအတွက် ၁၁%၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများအတွက် ၁၈%၊ အဖွဲ့လိုက် ချေးငွေများအတွက် ၃% သုံးစွဲခဲ့ပါသည်။ လက်ရှိ လှုပ်ရှား သက်ဝင်နေသည့် အဖွဲ့ဝင်များ၏ ၆၈% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ |
| ၅ | **International Finance Corporation (IFC)**<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ စွမ်းဆောင်ရည် တည်ဆောက်ခြင်း<br><br>ကန်ဒေါ်လာ ၃,၆၁၉,၅၅၂<br><br>၁/၇/၂၀၁၄ မှ ၃၀/၆/၂၀၁၈<br><br>ပိတ်သိမ်းပြီး | ဤစီမံကိန်းသည် အားလုံးပါဝင်သော ငွေရေးကြေးရေး ကဏ္ဍတွင် နယ်ပယ် (၂)ခု ဖြစ်သည့် ကဏ္ဍအဆင့်နှင့် အဖွဲ့အစည်း အဆင့်တို့အား ကူညီပံ့ပိုးပေးနေပါသည်။<br><br>ကဏ္ဍအဆင့် ကူညီပံ့ပိုးပေးခြင်းမှတဆင့်–<br><br>» စီမံချက်သည် မြန်မာ့အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကူညီရေးအသင်း (MMFA) အား ကူညီပံ့ပိုးပေးခဲ့ပြီး ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အား ၂၀၁၈ ခုနှစ်၊ မတ်လတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ IFC မှ MMFA အဖွဲ့ဝင်များအတွက် သင်တန်းပို့ချရန် နယ်ပယ်များနှင့် နောက် (၅)နှစ်အတွက် လုပ်ငန်းစီမံချက် တစ်ရပ် ရေးဆွဲရန် လိုအပ်ချက် ဆန်းစစ်မှုကို ဆောင်ရွက်ခဲ့ပါသည်။ IFC မှ MMFA ၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာနှင့် စည်းရုံး လှုံ့ဆော်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအား ဆက်လက် ကူညီပေးလျက် ရှိပါသည်။<br>» IFC သည် ကြီးကြပ်စစ်ဆေးသူများအတွက် တာဝန်ခံမှုမရှိသော ငွေရေးကြေးရေး ဆိုင်ရာ သင်တန်းများ ဆက်လက် ပို့ချခဲ့ပါသည်။ သင်တန်းတွင် MFI (၁၆)ဖွဲ့နှင့် ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနတို့မှ တက်ရောက်ခဲ့ ကြပါသည်။<br>» IFC မှ MMFA နှင့် ပူးပေါင်း၍ MFI များ အနေဖြင့် ၎င်းတို့ လုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲနိုင်ရန် အရေးကြီးသည့် လုပ်ငန်းဖွံ့ဖြိုး တိုးတက်လာပြီး ပိုမိုကျယ်ပြန့်သည့် ဝန်ဆောင်မှု အသုံးပြုသူ များအား ဝန်ဆောင်မှု ပုံစံအမျိုးမျိုး ပေးနိုင်ရန် လိုအပ်သည့် လုပ်ငန်းစီမံ အုပ်ချုပ်မှု မူဘောင်များနှင့် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု ပေးသူများ၏ အလေ့အကျင့်များ ပိုမို ကောင်းမွန်စေရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်း စီမံ အုပ်ချုပ်မှု (Corporate Governance) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို(၂)ရက်ကြာ ကျင်းပခဲ့ပါသည်။<br><br>အဖွဲ့အစည်းအဆင့် ကူညီပံ့ပိုးပေးမှု<br><br>» Vision Fund ။ ။ Vision Fund နှင့်အတူ IFC သည် မန်နေဂျာ အချို့အား ရွေးချယ်ပြီး ၎င်းတို့၏ လက်တွေ့ လုပ်ဆောင်နေသည့် စီမံချက်များတွင် အသုံးချနိုင်ရန် တိုက်ရိုက် လမ်းညွှန် သင်ကြားပေးခြင်းကိုလည်း ဆောင်ရွက် ခဲ့ပါသည်။ အဆိုပါစီမံချက်များသည် ထုတ်ကုန် ပစ္စည်း ဖွံ့ဖြိုးတိုးတက်မှု၊ နည်းစနစ်အသစ်များ မိတ်ဆက်ပေးခြင်း၊ စွမ်းဆောင် ရည် ပိုမိုကောင်းမွန်စေခြင်းနှင့် နောက်ကျဆပ်ငွေ လျှော့ချခြင်း၊ အိုင်တီ နည်းပညာနှင့် ငွေကြေးဆိုင်ရာ အစီရင်ခံသည့် နည်းစနစ်များ ပိုမိုကောင်းမွန်စေခြင်း တို့နှင့် ဆက်နွယ် နေပါသည်။ IFC မှ Vision Fund မန်နေဂျာများအား လမ်းညွှန်မှုပေးခြင်း၊ စီမံချက်အား ပြန်လည်သုံးသပ်ခြင်း၊ Vision Fund မန်နေဂျာများမှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် ကဏ္ဍများနှင့် ရယူခဲ့ သည့် သင်တန်းစာများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။<br>» Fullerton Myanmar (FFMCL) ။ ။ ၂၀၁၈ ခုနှစ် မတ်လတွင် IFC မှ Fullerton Myanmar (FFMCL) အတွက် စွမ်းဆောင်ရည်ဆိုင်ရာ အခြေခံထောက်ပံ့ငွေမှ တတိယအရစ် ကန်ဒေါ်လာ ၃၀၀,၀၀၀ အားထုတ်ပေးခဲ့ပြီး၊ စုစုပေါင်း ထုတ်ပေးငွေမှာ ကန်ဒေါ်လာ ၁,၀၀၀,၀၀၀ ဖြစ်ပါသည်။ ဤအရစ်ကျ ထောက်ပံ့ငွေ ထုတ်ပေးခြင်းဖြင့် IFC ၏ ထောက်ပံ့ငွေအားလုံး ကို ထုတ်ပေးပြီးကာ Fullerton သည် ဝန်ထမ်းများ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ဝန်ဆောင်မှုအသစ်များ ပြုလုပ်ခြင်း၊ လုပ်ငန်းရှေ့ဆက် ဆောက်ရွက်ခြင်း နှင့် တာဝန်ခံမှု ရှိသည့် ငွေကြေးဆိုင်ရာ မဟာဗျူဟာ စတင် ဆောင်ရွက်ခြင်း တို့အတွက် အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။ ထောက်ပံ့မှုအပြင် ပြီးခဲ့သည့် အစီရင်ခံ တင်ပြခဲ့သည့် ကဲ့သို့ IFC မှလည်း FFMCL အား ၎င်း၏ ရင်းနှီးမြှုပ်နှံမှု အစုစုအား မြှင့်တင်ရန်အတွက် ချေးငွေ ကန်ဒေါ်လာ (၆)သန်း အားလည်းကူညီပံ့ပိုးပေးခဲ့ပါသည်။၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ Fullerton ၏ စုစုပေါင်း လုပ်ငန်းများမှာ မြို့နယ် ၆၂ မြို့နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူ ၁၃၉,၀၉၉ ဦးအထိ တိုးတက် များပြားလာခဲ့ပါသည်။ ၎င်း၏ ချေးငွေရရန်ရှိသည့် ငွေ စုစုပေါင်းမှာ ကန်ဒေါ်လာ ၃၃.၇ သန်းအထိ တိုးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလထက်ကန်ဒေါ်လာ ၇.၅ သန်း ပိုမိုလာခဲ့ကာ ရက်(၃၀)ကျော်သည့် ချေးငွေ ၀.၄၁၄ ရာခိုင်နှုန်းသာ ရှိသဖြင့် ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ခြေ (PAR) မှာ ကောင်းစွာ ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။ Fullerton ၏ ကိုယ့်အားကိုယ်ကိုးလုပ်ငန်း လည်ပတ်နိုင်မှုနှင့် ဘဏ္ဍာရေးအရ ကိုယ့်အား ကိုယ်ကိုး ရပ်တည်နိုင်မှုမှာ ၁၂၆% နှင့် ၉၅% အသီးသီး ရှိပါသည်။ |

| စဉ် | IP များ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ ဘတ်ဂျက် | အရေးကြီးသည့်နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၆ | **PACT Global Microfinance Fund (PGMF)**<br><br>မြန်မာ့ကျေးလက်ချေးငွေ လက်လှမ်းမီရေး (MARC)<br><br>ကန်ဒေါ်လာ ၇,၃၂၃,၃၂၄<br><br>၁၆/၇/၂၀၁၂ မှ ၁၅/၇/၂၀၁၇ ထိ<br><br>ဆောင်ရွက်ဆဲ | PGMF မှ ဒေသခံ အသေးစားငွေရေးကြေးရေး ဆိုင်ရာ အဖွဲ့အစည်း (၉)ဖွဲ့အား ကိုယ့်အားကိုယ်ကိုး လုပ်ငန်း လည်ပတ်နိုင်ရန်နှင့် ငွေကြေးဆိုင်ရာ ကိုယ့်အားကိုယ်ကိုး ရပ်တည် နိုင်ရန် ရည်ရွယ်ပြီး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။ စီမံချက်အား NGO အခြေခံသည့် MFI မှ ကုမ္ပဏီ အခြေခံသည့် MFI သို့ ပြောင်းလဲခြင်း လုပ်ငန်းစဉ်ကို ကူညီ ဆောင်ရွက်ပေးရန် ၂၀၁၉ ခုနှစ် ဇွန်လ (၃၀)ရက်နေ့အထိ သက်တမ်း တိုးခဲ့ပါသည်။<br><br>» မိတ်ဖက်အဖွဲ့အစည်း (၄)ဖွဲ့ (ECLOF, BDA, MHDO နှင့် AYO) သည် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီသစ် အတွက် ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန (FRD) ထံမှ အသေးစား ငွေရေးကြေးရေး လုပ်ငန်း လိုင်စင်အား ရရှိခဲ့ပြီး ဖြစ်ပါ သည်။<br>» မိတ်ဖက်အဖွဲ့အစည်း (၃)ဖွဲ့ (Wanlark Foundation, YMCA နှင့် The Sun Institute) ပြည်နယ်အဆင့် FRD ထံမှ ထောက်ခံမှုများ ရရှိခဲ့ပြီး၊ FRD ထံမှ အသေးစား ငွေရေးကြေးရေး လုပ်ငန်းလိုင်စင် ရရှိရန်အတွက် နောက်ဆုံးအဆင့် အနေဖြင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီထံ တင်ပြမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။<br>» MFI (၂)ဖွဲ့ (SVS နှင့် Yadana Mitta) တို့သည် သက်ဆိုင်ရာ ဒေသရှိ FRD ထံမှ ခွင့်ပြုမိန့်အား စောင့်ဆိုင်းနေဆဲ ဖြစ်ပါသည်။<br>» PGMF သည် နိုဝင်ဘာလ (၁၅)ရက်နေ့မှ နိုဝင်ဘာလ (၁၈)ရက်နေ့အထိ ရှီးခွဲမန်နေဂျာ နှင့် ရှီးခွဲ လက်ထောက်မန်နေဂျာ များအား လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းအား စီမံခန့်ခွဲခြင်း အတွက် မွမ်းမံ သင်တန်း ပို့ချခဲ့ပါသည်။ ဤသင်တန်းအား စုစုပေါင်း (၂၆)ဦး တက်ရောက် ခဲ့ပါသည်။<br>» PGMF / MARC မှ MFI မိတ်ဖက် အဖွဲ့အစည်းများတွင် အဖွဲ့အစည်းအတွင်း စာရင်းစစ် စနစ် ထူထောင်ရန် ကြိုးပမ်းလျက်ရှိပြီး မိတ်ဖက် အဖွဲ့အစည်း တစ်ဖွဲ့ချင်းစီမှ ဌာနတွင်း စာရင်းစစ် များအား စာရင်းစစ်နေချိန် တွင် လုပ်ငန်းခွင်တွင် သင်တန်းပေးခြင်းကို ဆောင်ရွက် နေပါသည်။ |
| ၇ | **PACT Global Microfinance Fund (PGMF)**<br><br>ရခိုင်ပြည်နယ်တွင် အားလုံး ပါဝင်လက်လှမ်း မီသော ငွေကြေးဝန်ဆောင်မှု စီမံချက် (RAFIN)<br><br>ကန်ဒေါ်လာ ၈,၃၂၃,၄၉၇<br>၁၄/၁၂/၂၀၁၅ မှ ၃၀/၆/၂၀၁၉<br>ဆောင်ရွက်ဆဲ | RAFIN စီမံချက်၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူ အသစ်များ အတွက် ငွေကြေး ဝန်ဆောင်မှု ပေးရန် အသေးစားငွေရေးကြေးရေး ဌာနများ ဖွင့်လှစ်ရန် ဖြစ်ပါ သည်။<br><br>» ရခိုင်ပြည်နယ်ရှိ ဂွ၊ သံတွဲ၊ အမ်း၊ ကျောက်ဖြူ၊ တောင်ကုတ်၊ မင်းပြား၊ မြေပုံ နှင့် ရမ်းဗြဲ (၈) မြို့နယ်တွင် ငွေကြေးဝန်ဆောင်မှု ပေးခဲ့ပါသည်။<br>» စုစုပေါင်းဝန်ဆောင်မှုအသုံးပြုသူ – ၇၈,၄၄၀ ဦး (အမျိုးသမီး ၉၈%)<br>» စုစုပေါင်းငွေကြေး ကောက်ခံသည့် စင်တာများ – ၁,၇၄၁ ရွာ<br>» စုစုပေါင်း ထုတ်ချေးပေးသည့် ငွေပမာဏ – ကန်ဒေါ်လာ ၃၇.၇ သန်း<br>» ချေးငွေများ၏ ရာခိုင်နှုန်း – အသေးစားစီးပွားရေးလုပ်ငန်းနှင့် မွေးမြူရေးအတွက် ၉၂ ရာခိုင်နှုန်း<br>» အဖွဲ့အစည်းအဆင့် လုပ်ငန်းတစ်ခုလုံး အနေဖြင့် မြို့နယ် ၇၉ မြို့နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူ ၉၈၅,၄၅၈ ဦး နှင့် ကန်ဒေါ်လာ ၂၁၀.၃၅ သန်း ရှိပါသည်။ |
| ၈ | **Proximity Designs**<br><br>ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု – ရှေ့သို့ ဆက်လက် ဆောင်ရွက်ခြင်း<br><br>ဘတ်ဂျက် – ကန်ဒေါ်လာ ၅,၀၉၇,၁၆၄<br><br>၁/၁၀/၂၀၁၅ မှ ၃၀/၆/၂၀၁၉ ထိ<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် LIFT ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသော်လည်း Proximity Design ၏ စီမံအုပ်ချုပ်အောက်တွင် ရှိပြီး ဤစီမံချက်အား Proximity Finance အသေးစား ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် အနေဖြင့် စတင်ရန် အတွက် အသွင်ပြောင်းလဲခဲ့ပါသည်။ Proximity Finance သည် ရွှေ့ပြောင်းသွားလာသူ မိသားစုများ နှင့် အသေးစား စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အတွက် သီးသန့် ဈေးကွက် အစိတ်အပိုင်းအဖြစ် ချေးငွေပုံစံ အသစ်များ ဒီဇိုင်း ရေးဆွဲခဲ့ပါသည်။<br><br>» အပူပိုင်းဇုန် – မြင်းခြံ၊ မကွေး၊ မုံရွာ၊ ပခုက္ကူ နှင့် မလှိုင် – တို့ရှိ ရွှေ့ပြောင်း သွားလာသူ မိသားစုများအတွက် ချေးငွေ ၂,၂၀၀ အား ရှေ့ပြေးစမ်းသပ်ပြီး စတင်ထုတ်ချေးပေးခဲ့ပါသည်။<br>» အပူပိုင်းဇုန်တွင် မိသားစုပေါင်း ၈,၈၀၀ ထံ စီးပွားရေးလုပ်ငန်း ချေးငွေအား ထုတ်ချေး ပေးခဲ့ ပါသည်။<br>» PF မှ မြို့နယ် (၅၇) မြို့နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူ ၉၉,၉၃ ဦး (ဝန်ဆောင်မှု အသုံးပြုသူများ ၆၆% မှာ အမျိုးသမီးများ ဖြစ်ပါသည်) ထံ ကန်ဒေါ်လာ ၂၆.၄ သန်း ထုတ်ချေးခဲ့ပါသည်။ ၎င်းတို့သည် ချေးငွေ ၁၂၂,၃၂၄ အား လက်ခံ ရရှိခဲ့ပြီး လက်ရှိ ချေးငွေ ပမာဏမှာ ကန်ဒေါ်လာ ၁၈.၈ သန်း ဖြစ်ပါသည်။ |

| စဉ် | IP များ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ ဘတ်ဂျက် | အရေးကြီးသည့်နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၉ | **World Vision Myanmar/ VisionFund Myanmar (VFM)**<br><br>တောင်တန်းဒေသ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက်<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၄,၅၀၀,၀၀၀<br><br>၁၂/၁၁/ ၂၀၁၅ – ၃၀/၆/၂၀၁၉<br><br>ကန်ဒေါ်လာ ၈၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | စီမံချက်သည် LIFT ၏ တောင်တန်းဒေသ ဦးတည် ရည်ရွယ်သည့် ဒေသများတွင် ဆန်းသစ် တီထွင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများမှတဆင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုး ပေးရန် ရည်ရွယ်ပါသည်။<br><br>» <u>ချေးငွေထုတ်ပေးခြင်း (ချေးငွေအရေအတွက်နှင့် ပမာဏ)</u>။ ။ ၂၀၁၈ ခုနှစ်တွင် LIFT ၏ ရုံးခွဲများမှ ဝန်ဆောင်မှု အသုံးပြုသူ အသစ် ၁၂,၆၂၀ ဦးထံ ချေးငွေများ ထုတ်ချေး ပေးခဲ့ခြင်းဖြင့် စုစုပေါင်း ဝန်ဆောင်မှု အသုံးပြုသူ ၃၁,၇၅၇ ဦး သို့ ရောက်ရှိခဲ့ပါသည်။ LIFT ၏ ရုံးခွဲများမှ လက်ရှိ ဝန်ဆောင်မှု အသုံးပြုနေသူ ပေါင်း ၂၉,၈၅၇ ဦးနှင့် ပြန်လည် ပေးဆပ်ရန် ကျန်ရှိသည့် ချေးငွေ ကန်ဒေါ်လာ ၇,၁၆၂,၅၉၂.၈၆ သို့ ရောက်ရှိခဲ့ပါသည်။ အခြေခံ စီးပွားရေးချေးငွေအား VFM ၏ ရန်ပုံငွေမှ ထုတ်ချေးခဲ့ပြီး ချေးငွေပုံစံအသစ်များ (SSAT နှင့် ငွေကြေး ထပ်မံ ပံ့ပိုးပေးခြင်းနှင့် ငွေချေးသူအား အကြွေးပမာဏ တစ်ခုအထိ ပေးထားခြင်း) အား LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ စီမံချက်ကာလအတွင်း တစ်ဦးချင်း တစ်ရက်ဝင်ငွေ ၁.၅ ဒေါ်လာအောက် ရရှိသည့် ဝန်ဆောင်မှု အသုံးပြုသူများအတွက် တစ်ဦးချင်း ဖွံ့ဖြိုးရေး စုငွေစာရင်း (IDA) အား မိတ်ဆက်ပေးခဲ့ပါသည်။<br>» <u>ဝန်ဆောင်မှု ဖော်ဆောင်ခြင်း</u>။ ။ အကြွေးတင်မှုအား ပြေလည်စေမည့် ဝန်ဆောင်မှု[၉၉]များအား မန္တလေး ဒေသရှိ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးခြင်း မရှိသည့် ရုံးခွဲ (၆)ခုတွင် ယခုအခါ၌ ရရှိနိုင်ပြီး SSAT ချေးငွေများအား LIFT ၏ ရုံးခွဲ မဟုတ်သော ရုံးခွဲတစ်ခုတွင် ရရှိနိုင်ပါသည်။<br>» <u>စုငွေဆိုင်ရာ နောက်ဆုံးအခြေအနေ</u>။ ။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ LIFT ရုံးခွဲများသည် ဝန်ဆောင်မှု ရယူသူ ၄၁,၃၄၁ ဦးထံမှ မိမိ သဘောဆန္ဒအလျောက် စုဆောင်းငွေနှင့် မစုမနေရ စုဆောင်းငွေ ကန်ဒေါ်လာ ၁,၅၆၀,၁၀၁ အား ရရှိခဲ့ပါသည်။<br>» အဖွဲ့အစည်းအဆင့် လုပ်ငန်း အခြေအနေတစ်ခုလုံးမှာ မြို့နယ် (၄၈)မြို့နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူ ၁၈၇,၅၈၄ ဦးနှင့် ကန်ဒေါ်လာ ၃၆ သန်း ရှိပါသည်။ |
| ၁၀ | **VisionFund International**<br><br>အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု<br><br>၅/၉/၂၀၁၇ မှ ၃၀/၆/၂၀၁၉ ထိ<br><br>ကန်ဒေါ်လာ ၈၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | စီမံချက်သည် ပြန်မဆပ်နိုင်သည့် ချေးငွေရယူခြင်းနှင့် အစားအသောက် ချွေတာခြင်းတို့ ကဲ့သို့သော အန္တရာယ်ရှိသည့် ဖြေရှင်းနည်းလမ်းများအား လက်ခံ ကျင့်သုံးနေသည့် ရွှေ့ပြောင်း သွားလာနေထိုင်သူများ၏ အရေအတွက်အား လျှော့ချရန် ရည်ရွယ်ပါသည်။ ယင်းအား ရွှေ့ပြောင်း အလုပ်သမားများ ကြုံတွေ့နေရသည့် အတိုးနည်းပါးသည့် ချေးငွေနှင့် ငွေစုခြင်း များအား လက်လှမ်းမီ ရယူရာတွင် အတားအဆီး ဖြစ်နေသည်များအား ဖြေရှင်းပေးသည့် ကိုက်ညီအောင် သီးသန့် ပြင်ဆင်ထားသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုကို ဖော်ဆောင်ပေးခြင်းဖြင့်သာ ရရှိနိုင်မည် ဖြစ်ပါသည်။<br><br>» ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် လှိုင်သာယာရုံးခွဲ (၂) (HTY 2) အား ဖွင့်လှစ်ခဲ့ပါသည်။ မူလက ဤရုံးခွဲသည် လက်ရှိ ရွှေ့ပြောင်း လုပ်သားများအား ဝန်ဆောင်မှုပေးရန်အတွက် လှိုင်သာယာရုံးခွဲ – ၁ (HTY 1) ၏ ဌာနခွဲ တစ်ခု အနေဖြင့် လုပ်ငန်း ဆောင်ရွက်နေပါသည်။<br>» VFM မှ စက်ရုံ (၁၅)ရုံ နှင့် မိတ်ဖက်ပြုမှု ပြုလုပ်နိုင်ခဲ့ပြီး အဆိုပါ စက်ရုံများတွင် ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ ပါသည်။<br>» ZES အထည်ချုပ်စက်ရုံတွင် အထည်ချုပ်စက်ရုံ အလုပ်သမားများအတွက် ပထမဆုံးအကြိမ် ငွေထုတ်ချေးခဲ့သည်မှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် ဖြစ်ပါသည်။ စီမံချက်မှ ၂၀၁၈ ခုနှစ်အတွင်း ရွှေ့ပြောင်း လုပ်သားများ/ မိသားစု ၂၃၄၃ ဦးထံ ကန်ဒေါ်လာ ၈၀၅,၀၃၀ အား ထုတ်ချေးခဲ့ပါသည်။ |
| ၁၁ | **VisionalFund International (VFI)**<br><br>ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ လူမှုအသိုက်အဝန်း များတွင် ရေရှည်တည်တံ့ပြီး အားလုံး ပါဝင်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း<br><br>၁၅/၉/၂၀၁၈ မှ ၁၄/၉/၂၀၂၁<br><br>ကန်ဒေါ်လာ ၃,၅၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | စီမံချက်လုပ်ငန်းစတင်လုပ်ကိုင်သည့် ကာလ<br><br>» ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် စစ်တွေမြို့၌ ဝန်ဆောင်မှု အသုံးပြုသူ (၁၅)ဦးအား မြန်မာကျပ်ငွေ ၁၅,၇၅၀,၀၀၀ အား ထုတ်ချေးပေးခဲ့ပါသည်။ |

၉၉ The June 2018 Semi-Annual report stated two non-LIFT funded branches had introduced Credit Line loans; they had instead introduced debt refinancing loans.

| စဉ် | IP များ၊ စီမံချက် ခေါင်းစဉ်၊ အချိန်ကာလ ဘတ်ဂျက် | အရေးကြီးသည့်နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၁၂ | **The Currency Exchange Fund (TCX)**<br><br>မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ အတွက် ငွေလွှဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သည့် စွန့်စားရမှုများအတွက် အထောက်အကူ ပေးခြင်း<br><br>၂၀၁၆ ခု၊ နိုဝင်ဘာလမှ ၂၀၁၈ ခု၊ ဒီဇင်ဘာလထိ<br><br>ကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ | » LIFT ထောက်ပံ့ငွေ ကန်ဒေါ်လာ (၁၀)သန်းမှ TCX အား မြန်မာနိုင်ငံရှိ MFI (၂၁) ဖွဲ့အတွက် ငွေချေးသူ (၁၁)ဦးမှ ထုတ်ချေးပေးခဲ့သည့် ချေးငွေပေါင်း (၄၀) အတွက် ငွေလွှဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သည့် စွန့်စားရမှုများ အတွက် အကာအကွယ် ပေးရန် ခွင့်ပြုနိုင်ခဲ့ပါသည်။<br>» TCX သည် ကန်ဒေါ်လာ ၈၆ သန်းနှင့် ညီမျှသော အကြွေး မြန်မာကျပ်ငွေ ၁၀၉.၃ ဘီလီယံ အား ငွေလွှဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သည့် စွန့်စားရမှုများအတွက် အကာအကွယ် ပေးခဲ့ပါ သည်။<br>» ကျပ်ငွေဖြင့် ချေးငွေများ ရရှိသည့်အခါ MFI များသည် ဝန်ဆောင်မှု အသုံးပြုသူ ၃၃၇,၆၄၂ ဦးအား ထုတ်ချေးပေးခဲ့ ပါသည်။ ပျမ်းမျှ ချေးငွေ ပမာဏမှာ ကန်ဒေါ်လာ ၂၃၇ ရှိပါသည်။ ဝန်ဆောင်မှုအသုံးပြုသူများ၏ ၈၄% မှာ အမျိုးသမီးများ ဖြစ် ပြီး ဝန်ဆောင်မှု အသုံးသူပြု များ၏ ၆၄% မှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပါသည်။ ဆိုလိုသည်မှာ TCX သည် ခန့်မှန်းချေ ချေးငှားသူ ၃၃၇,၆၄၂ ဦး (အမျိုးသမီး ၂၈၃,၆၁၉ ဦး အပါအဝင်) အား သွယ်ဝိုက် သော နည်းဖြင့် ငွေလွှဲနှုန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွန့်စားရမှုများ အတွက် အကာအကွယ် ပေးခဲ့ပါသည်။<br>» LIFT အထောက်အပံ့အား တုံ့ပြန်ဆောင်ရွက်ရာတွင် MFI (၁၂)ဖွဲ့၏ ဝန်ထမ်းအင်အား ၂၁% မြင့်မားလာခဲ့ပါသည်။ (MFI များအတွင်း၌ အလုပ်အကိုင်အသစ် ၁,၀၂၇ နေရာ ဖန်တီးပေးခဲ့ပါသည်) |

## သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၁ | **BBC Media Action**<br><br>ရေကြည်ရာ-သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် နှင့် လုပ်သားရွှေ့လျားမှု ဆိုင်ရာ မီဒီယာကဏ္ဍ စီမံချက်<br><br>ကန်ဒေါ်လာ - ၃,၀၃၅,၉၄၃<br><br>၁/၁၀/၂၀၁၆ မှ ၃၀/၉၀၂၀၂၀ အထိ<br><br>ဆောင်ရွက်ဆဲ | » ရေကြည်ရာ ရေဒီယို ဖျော်ဖြေမှု အစီအစဉ်အား MRTV နှင့် MAP ရေဒီယိုတို့တွင် ၂၀၁၉ ခုနှစ် မတ်လအထိ ဆက်လက် ထုတ်လွှင့်ခဲ့ပြီး ရေကြည်ရာ ရေဒီယိုဖျော်ဖြေမှု ဇာတ်လမ်းတွဲ (၁၀)ခု၊ ဇာတ်လမ်းတွဲ ၆၉ မှ ၇၈ အထိ) အား ထုတ်လုပ်ပြီး ထုတ်လွှင့်ခဲ့ပါသည်။<br>» MAP ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ချင်းမိုင်မြို့တွင် လုံခြုံစိတ်ချမှု ရှိပြီး သင့်တင့်မျှတသည့် ရွှေ့ပြောင်းသွားလာခြင်း အပေါ် ပွင့်လင်းသည့် ရေဒီယို ဆွေးနွေးပွဲအား ကျင်းပခဲ့ပါသည်။<br>» ရေကြည်ရာအဖွဲ့မှ ဇာတ်လမ်းတွဲ (၃)တွဲအား ဖေ့စ်ဘုတ်တွင် တိုက်ရိုက် ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ ဇာတ်လမ်းတွဲ တစ်ခုချင်းစီအား ရေကြည်ရာ ရေဒီယိုဖျော်ဖြေမှုတွင် ထုတ်လွှင့်ရန် အတွက်လည်း ပြန်လည် ရည်ရွယ်ခဲ့ပါသည်။<br>» BBC Media Action မှ "ရေဒီယိုသောတရှင်များ အနေဖြင့် ၎င်းတို့၏ ငွေကြေး များအား စီမံခန့်ခွဲရာတွင် အကူအညီ ပေးခြင်း" ခေါင်းစဉ်ဖြင့် သုတေသန အကျဉ်းချုပ်အား ထုတ်ဝေခဲ့ပါသည် ။ စာတမ်းမှ စီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အစိတ်အပိုင်းသည် မည်ကဲ့သို့နှင့် မည်သည့်အတွက်ကြောင့် အထူးအောင်မြင်ရသည်အား တင်ပြခဲ့ပါသည်။<br>» ရေကြည်ရာ ရုပ်မြင်သံကြား ဆွေးနွေးခန်းအတွက် ကနဦး စမ်းသပ်မှုကို ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် "အိမ်အကူလုပ်သားများ အခွင့်အရေး" ခေါင်းစဉ်ဖြင့် ရိုက်ကူးခဲ့ ပါသည်။ ဤသည်၏ နောက်၌ စက်တင်ဘာလတွင် မကွေး၌ "လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခြင်း"၊ အောက်တိုဘာလ၌ မန္တလေးမြို့၌ "ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက် ခြင်းနှင့် သင်တန်း"၊ နိုဝင်ဘာလ၌ ရန်ကုန်မြို့တွင် "ပုံမှန် မဟုတ်သည့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း" နှင့် ပဲခူးမြို့ တွင် "အလုပ်သမား သမဂ္ဂများ" နှင့် ဒီဇင်ဘာလတွင် ဖားအံမြို့၌ "ကလေးအလုပ်သမား" ခေါင်းစဉ်တို့ဖြင့် ရိုက်ကူး ခဲ့ပါသည်။<br>» ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ် သဘောတူ စာချုပ်များအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် မရွှိမ တို့နှင့် လက်မှတ် ရေးထိုးခဲ့ပါသည်။ သဘောတူစာချုပ်များသည် ရေကြည်ရာ ဆွေးနွေးခန်း အစီအစဉ်အား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ထုတ်လွှင့်ပြ သွားရန် အတွက် ဖြစ်ပါသည်။<br>» မီဒီယာနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ စုစုပေါင်း (၃)ပွဲအား ရန်ကုန်၊ ချင်းနှင့် ကချင် ပြည်နယ်တို့တွင် အသီးသီး ကျင်းပခဲ့ပြီး အစိုးရ၊ CSO များ၊ အလုပ်သမား သမဂ္ဂများ နှင့် မီဒီယာအဖွဲ့အစည်းများ တို့မှ ကိုယ်စားလှယ် (၅၂)ဦး တက် ရောက် ခဲ့ပါသည်။<br>» ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာမှ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု နှင့် ပတ်သက်၍ မြန်မာဘာသာဖြင့် ထုတ်ဝေပြီး စာမျက်နှာတွင် ကြိုက်နှစ်သက်ကြောင်း တုံ့ပြန်မှု ၇၅၆,၆၉၈ အား လက်ခံရရှိပါသည်။ ဤနှစ်အတွင်း ကာတွန်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများ အပါအဝင် စုစုပေါင်း အကြောင်းအရာ (၁၁၄)ခု အား ထုတ်ဝေ ခဲ့ ပါသည်။<br>» ပြင်ပအဖွဲ့အစည်း တစ်ခုအား ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ်၏ သက်ရောက်မှုအား အကဲဖြတ် သုံးသပ်ခြင်း ကို တာဝန်ပေးအပ်ရန် အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း (RFP) အား ဒီဇင်ဘာလတွင် လုပ်ဆောင်ခဲ့ပါသည်။<br>» မီဒီယာ မိတ်ဖက်အဖွဲ့အစည်းများအား လေ့ကျင့် သင်ကြားပေးခြင်းမှာ ပြီးဆုံးခဲ့ပြီး ၎င်းတို့မှ သင်တန်း ပြီးဆုံးပြီးနောက် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ ထူးခြားသည့် ဇာတ်လမ်း များအား ရေးသားထုတ်လုပ်ခဲ့ပြီး ရွှေ့ပြောင်း သွားလာခြင်းနှင့် ဆက်နွယ်သည့် ခေါင်းစဉ်များ အား ၎င်းတို့၏ အကြောင်းအရာများတွင် ထည့်သွင်းခဲ့ ပါသည်။<br>» မီဒီယာ မိတ်ဖက်အဖွဲ့အစည်း (၃)ခုနှင့်အတူ တနင်္သာရီ၊ ကယားနှင့် ချင်းမိုင် (ထိုင်းနိုင်ငံ) တို့တွင် ရှမ်းနှင့် ယိုးဒယား ဘာသာစကား (၂)မျိုးဖြင့် Open Radio Day ဆွေးနွေးပွဲ အစီအစဉ် (၃)ခုအား ကျင်းပခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| | | » BBC Media Action သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ နှင့် ပူးပေါင်း၍ ရန်ကုန်မြို့နှင့် ဘန်ကောက် မြို့တို့တွင် အာဆီယံ ရွှေ့ပြောင်းသွားလာခြင်း အပေါ် အစီရင်ခံ တင်ပြခြင်း ခေါင်းစဉ်ဖြင့် တစ်ပတ်ကြာမြင့်သည့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား အယ်ဒီတာနှင့် အကြီးတန်း ဂျာနယ်လစ် (၁၂)ဦး အတွက် စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။ |
| ၂ | **International Labour Organization (ILO)**<br><br>ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်အား ရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုး တိုးတက်ရေး<br><br>ကန်ဒေါ်လာ ၃,၉၉၉,၇၅၂<br><br>၁/၂/၂၀၁၆ မှ ၃၁/၁၂/၂၀၂၀ ထိ<br><br>ဆောင်ရွက်ဆဲ | » ILO သည် CSO နှင့် အလုပ်သမား အဖွဲ့အစည်း ကွန်ရက်နှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာ သူများနေ့ အခမ်းအနားအား စီစဉ် ကျင်းပခဲ့ပါသည်။ အခမ်း အနားတွင် လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်းနှင့် နိုင်ငံရပ်ခြား အလုပ်သမားများ ဆိုင်ရာ လွှတ်တော် ကော်မတီ ဥက္ကဋ္ဌ မှ တက်ရောက်လာသည့် အလုပ်သမား ၁,၀၀၀ ကျော်အား အိမ်အကူ လုပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်း ဥပဒေ မူကြမ်းအား ရေးဆွဲခဲ့ပြီး အချက် အလက် များ ဖြည့်သွင်းရန် အတွက် အခြားကော်မတီများထံသို့ မျှဝေပြီး ဖြစ်ခဲ့ ကြောင်း ကို ကြေငြာခဲ့ပါသည်။<br>» စီမံချက်သည် အိမ်အကူ လုပ်သားများအား ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ မူကြမ်းရေးဆွဲ အကောင်အထည် ဖော်ရန်အတွက် အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် အုပ်စုများနှင့် ဆွေးနွေးတိုင်ပင်မှုများစွာအား ပြုလုပ်ခဲ့ပြီး နည်းပညာ ဆိုင်ရာ ထည့်သွင်းရမည့် အချက်အလက်များအား ပေးအပ် နေပါသည်။<br>» အိမ်အကူ အလုပ်သမားများအတွက် အလုပ်သမား ကာကွယ် စောင့်ရှောက်ခြင်းတွင် ဥပဒေဆိုင်ရာ ကွာဟချက်များ ဆန်းစစ်လေ့လာသုံးသပ်ခြင်းအား အိမ်အကူလုပ်သားများ ဆိုင်ရာ ဥပဒေရေးဆွဲခြင်း အတွက် ကူညီပံ့ပိုးမှုကို တိုးမြှင့်ရန်အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် စတင် ဆောင်ရွက်ခဲ့ပါသည်။<br>» စီမံချက်သည် အများပြည်သူအား လုပ်ငန်းလှုံ့ဆော်ခြင်းများ၊ အခမ်းအနားများ၊ မူဝါဒ ချမှတ်သူများ နှင့် အစည်းအဝေး များမှတဆင့် ၂၀၁၉ ခုနှစ် မတ်လတွင် အိမ်အကူ လုပ်သား များ နိုင်ငံရပ်ခြားသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်ခြင်းကို ကန့်သတ်ထား ခြင်းအား ဖြေလျှော့ပေးရန်အတွက် အသိပေး အရေးဆိုခြင်းတွင် အောင်မြင်မှု ရရှိခဲ့ပါသည်။<br>» စီမံချက်သည် ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅)နှစ် လုပ်ငန်း အစီအစဉ်အတွက် ထည့်သွင်းရမည့် အချက်များကို တက်ကြွစွာ ပံ့ပိုးပေးလျက် ရှိနေပြီး ၎င်းအား ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အလုပ်သမား အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှု အဖွဲ့ အစည်းများ အားလုံး ပါဝင်စေခြင်း သာမက အကောင်အထည် ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ အဖြစ် ပါဝင်စေခြင်းအား သေချာစေပါသည်။<br>» NPA အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ဦးစားပေးရမည့် နယ်ပယ်များကို ဆွေးနွေးရန် ရွှေ့ပြောင်း သွားလာ နေထိုင်သူများအတွက် CSO နှင့် LO ကွန်ရက်၊ မြန်မာပြင်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MOEAF) တို့နှင့် ဆွေးနွေး တိုင်ပင်မှု များ ပြုလုပ်ခဲ့ပါသည်။<br>» စီမံချက်သည် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ အကြား လူမှုကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မည့် နားလည်မှု စာချွန်တော် မူကြမ်းအတွက် နည်းပညာ ဆိုင်ရာ ထည့်သွင်း ရမည်များအား အလွတ် သဘော ပေးအပ်ခဲ့ ပါသည်။<br>» ပြည်ထောင်စု ဝန်ကြီး၏ အကြံပြုချက်ဖြင့် ပြန်လည်ပြင်ဆင်ထားသည့် အလုပ်သမား နေရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ အကောင်အထည် ဖော်ခြင်းအတွက် ရေးဆွဲထား ခဲ့သည့် စည်းမျဉ်း စည်းကမ်းများအား ပြန်လည် သုံးသပ်ရန် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုအား နိုဝင်ဘာလတွင် ကျင်းပ ခဲ့ပါသည်။<br>» စီမံချက်သည် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အလုပ်သမားများအား အလုပ်အကိုင် ခန့်ထားခြင်းကို ဗဟို ချုပ်ကိုင်မှု လျှော့ချရန်အတွက် အားပေးထောက်ခံခြင်းတွင် အလုပ် အကိုင် ရှာဖွေရေးအေဂျင်စီ များအား ပြည်နယ်နှင့် တိုင်းများ တွင် ရုံးခွဲများ ဖွင့်လှစ်ရန် ခွင့်ပြု ပေးသည့် MoLIP မှ MOEAS ထံ ပေးပို့သည့် ညွှန်ကြားချက်မှတဆင့် အောင်မြင်မှု ရရှိခဲ့ပါသည်။<br>» စီမံချက်သည် အလုပ်သမား သံအရာရှိ ရာထူးနေရာများအတွက် အမျိုးသားများကိုသာ ခန့်ထား သည့် ခွဲခြား ဆက်ဆံ သည့် အလေ့အကျင့်အား ဇန်နဝါရီလတွင် MoLIP မှ အမျိုးသား များသာ ဆို သည့် မူအား ဖယ်ရှားခြင်းနှင့်အတူ ဖယ်ထုတ်နိုင်ခဲ့ပါသည်။<br>» နေရပ်ပြန်လာသည့် ရွှေ့ပြောင်း အလုပ်သမားများ၏ ကျွမ်းကျင်မှု စစ်တမ်း တစ်ရပ်အား ဆောင်ရွက် ခဲ့ပြီး အစီရင်ခံစာမူကြမ်းအား ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်မည် ဖြစ်ပါသည်။<br>» Three Good Spoons မှ ပံ့ပိုးပေးသည့် ငါးပတ်ကြာ ကျွမ်းကျင်မှု သင်တန်း အစီအစဉ်အား အိမ်အကူလုပ်သား (၈)ဦးစီ ပါသည့် အဖွဲ့မှ ပြီးဆုံးခဲ့ပါသည်။<br>» Karen Baptist Convention မှ အိမ်အကူ လုပ်သား ၂၄၆ ဦးနှင့် ဒေသခံခေါင်းဆောင် ၂၆၅ ဦးအား အသိအမြင် ဆိုင်ရာ သင်တန်း ပို့ချပေးခဲ့သဖြင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်း နှင့် အိမ်အကူ လုပ်သားများနှင့် ပတ်သက်၍ ၎င်းတို့၏ ဗဟုသုတများ တိုးပွားလာခဲ့ပါသည်။ အိမ်အကူ လုပ်သားများမှလည်း တစ်ဦးနှင့် တစ်ဦး ထိတွေ့ ဆက်ဆံ နိုင်ရန်နှင့် အကူအညီပေးရန် တို့အတွက် Viber အပ်ပလီကေးရှင်းတွင် အုပ်စုတစ်ခု ဖွဲ့ထား ခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| | | » လက်ခံရရှိခဲ့သည့် တိုင်ကြားမှုများအား ပိုမို၍ အသေးစိတ်မှတ်တမ်းတင်နိုင်ရန်နှင့် အသုံးဝင် သည့် ဆန်းစစ်မှု ပြုလုပ်ရန် စတင်ဆောင်ရွက်နိုင်သည့် အလုပ်သမားညွှန်ကြားရေး ဦးစီး ဌာနမှ တိုင်ကြားခြင်း ဆိုင်ရာ ယန္တရားတွင် တိုင်ကြားမှုများ၏ မှတ်တမ်းများအား စီမံခန့်ခွဲနေသည့် ဝန်ထမ်းများအတွက် ထပ်မံ၍ သင်တန်းများ ပေးအပ်ခဲ့ ပါသည်။<br>» စီမံချက်မှ ဧပြီလတွင် အလုပ်သမား သံအရာရှိများအတွက် နှစ်ရက်တာ သင်တန်းအား ပို့ချခဲ့ပါသည်။ MAP ဖောင်ဒေးရှင်းမှ ကျွမ်းကျင်သူ တစ်ဦးမှ ရွှေ့ပြောင်း သွားလာ နေထိုင်သူ များ အပေါ် ထိုင်းနိုင်ငံ၏ မူဝါဒ အပြောင်းအလဲ များ၏ သက်ရောက်မှုအား တင်ပြခဲ့ပြီး အလုပ်သမား သံအရာရှိများထံ ရွှေ့ပြောင်း သွားလာ နေထိုင်သူများမှ မျှော်လင့်ထား ခဲ့သည့် ကူညီပံ့ပိုးမှုတွင် ဖြစ်ပေါ်နိုင်သည့် ကိစ္စရပ်များအား အကြမ်းဖျင်း ဖော်ပြခဲ့ကာ အလုပ်သမား သံအရာရှိများ၏ လုပ်ငန်းအား ကူညီပံ့ပိုးပေးနိုင်သည့် လက်ရှိ ဆောင်ရွက်နေသည့် CSO များ၏ အဓိက ဆက်သွယ် ရမည့်သူများနှင့် လိပ်စာတို့အားပေး အပ်ခဲ့ပါသည်။<br>» စီမံချက်မှ ရွှေ့ပြောင်းသွားလာနေထိုင်သူများအတွက် သတင်းအချက်အလက်စင်တာ (၆) ခု တည်ထောင်ခြင်းတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ စင်တာမှ တိုက်ရိုက်ပေးသည့် ဝန်ဆောင်မှု များအား ရွှေ့ပြောင်း သွားလာနေထိုင်သူ ၁၂,၀၀၀ ကျော်မှ လက်ခံရရှိခဲ့ပြီး နောက်ထပ် ၄၀,၀၀၀ သည် သတင်းအချက်အလက်များအား IEC ပစ္စည်းများ ဖြန့်ဝေပေးခြင်း နှင့် လူမှုမီဒီယာကွန်ရက်မှတဆင့် ရရှိကြပါသည်။ ရွှေ့ပြောင်း သွားလာ နေထိုင်သူ စုစုပေါင်း ၁,၈၅၇ ဦးမှ နစ်နာမှု များကို အစီရင်ခံ တိုင်ကြားခဲ့ပြီး တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်  နိုင်ရန် အတွက် မြန်မာကျပ်ငွေ ၆၅၈ သန်းအား ပေးအပ်ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စီမံချက်မှ နှစ်နေရာသို့ လေ့လာရေး ခရီးစဉ်အား စီစဉ်ပေးခဲ့ပါသည်။ ဧရာဝတီတိုင်း ဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ၊ MoLIP ၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ပြည်သူ့ရဲတပ်ဖွဲ့၊ အလုပ်သမား အဖွဲ့အစည်းများနှင့် CSO များ အပါအဝင် ပုသိမ်မြို့မှ ပါဝင်သူများသည် အထည်ချုပ်စက်ရုံ၊ စက်ရုံ အလုပ်သမား အဆောင်များ၊ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး၊ လူဝင်မှု ကြီးကြပ်ရေးရုံး တို့အား သွားရောက် လေ့လာ ခဲ့ပြီး ရွှေ့ပြောင်း သွားလာ နေထိုင်သူများ၏ အခြေအနေများကို ပိုမိုနားလည် သဘောပေါက်စေရန်၊ အလုပ်သမား အဖွဲ့အစည်း များ (LO) နှင့် CSO များမှ ရန်ကုန်မြို့တွင် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။<br>» မူဝါဒဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက် – မြန်မာနိုင်ငံရှိ ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အထောက်အထား အခြေခံသည့် အချက် အလက်နှင့် စာရင်းအင်းများအပေါ် သုံးသပ်မှု စာတမ်း အား မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ ပါသည်။ စာတမ်းမှ လက်ရှိ ရရှိနိုင်သော စာရင်းဇယားအား ခြုံငုံ သုံးသပ်ချက်အား ပေးအပ် ခဲ့ပြီး အခြေခံသည့် လုပ်သား ရွှေ့ပြောင်း သွားလာနေထိုင်ခြင်း ဆိုင်ရာ မူဝါဒများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သော စာရင်းဇယား အမျိုးအစားနှင့် သတင်း အချက်အလက် များကို အဆိုပြုပေးပါသည်။ |
| ၃ | **International Organization for Migration**<br><br>မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး အတွက် လုပ်သား ရွှေ့လျားမှု ကို ရင်းနှီးမတည်ခြင်း (CHIME) စီမံချက်<br><br>ကန်ဒေါ်လာ ၁,၉၉၉,၂၁၈<br><br>၁/၁/၂၀၁၆ မှ ၃၀/၆/၂၀၁၉ ထိ<br><br>ပိတ်သိမ်းပြီး | » IOM ဝက်ဘ်ဆိုဒ်ပေါ်တွင် CHIME သုတေသန အစီရင်ခံစာ – ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာ နေထိုင်မှုအပေါ် ရောနှော ထားသည့် နည်းစနစ်များဖြင့် လေ့လာမှုအား ထုတ်  ပြန် ခဲ့ပါသည်။<br>» အနှစ်ချုပ်တင်ပြချက် တစ်ခု၊ အကြောင်းအရာအလိုက် ကဏ္ဍအနှစ်ချုပ် (၆)ခု (စိုက်ပျိုးရေး မြို့ပြဖြစ်ထွန်းလာမှု ဖြစ်စဉ်၊ ကျားမရေးရာ၊ ကြွေးတင်ရှိမှု၊ လုပ်ငန်းခွင် အခြေအနေများနှင့် လူမှုရေး ဆိုင်ရာ အကျိုးသက်ရောက်မှု) နှင့် ဒေသဆိုင်ရာ အနှစ်ချုပ် (၄)ခု (ဧရာဝတီ၊ ရခိုင်၊ ရှမ်း နှင့် အပူပိုင်းဇုန်) တို့အား ထုတ်ဝေခဲ့ပြီး ပုံနှိပ်စာအုပ်နှင့် အီလက် ထရောနစ် ပုံစံတို့ဖြင့် ဖြန့်ဝေခဲ့ပါသည်။<br>» IOM နှင့် DVB တို့သည် CHIME ၏ ဦးတည်ရည်ရွယ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အပေါ် အာရုံစိုက်သည့် ရုပ်မြင်သံကြား ထုတ်လွှင့်နိုင်သည့် အရည်အသွေး ရှိသည့် သတင်း မှတ်တမ်း (၃)ခု အား ထုတ်လုပ်ခြင်းမှတဆင့် CHIME အကြောင်းအရာအလိုက် ကဏ္ဍမှ ရှာဖွေတွေ့ရှိချက်များကို မြှင့်တင်ရန် အတွက် မိတ်ဖက်ပြုခဲ့ကြပါသည်။<br>» CHIME နှင့် ဆက်နွယ်နေသည့် အကြောင်းအရာများအား မယ်ရွှေ့ပြောင်း ဖေ့စ်ဘုတ် စာမျက်နှာ နှင့် DVB ဖေ့စ်ဘုတ် စာမျက်နှာတွင်လည်း အသိပေးခဲ့သဖြင့် CHIME နှင့် ဆက်နွယ်နေသည့် ဗီဒီယို များသည် မြန်မာနိုင်ငံသာမကဘဲ ကျော်လွန်၍ ရောက်ရှိ ခဲ့ပါသည်။<br>» IOM နှင့် DVB တို့သည် ဗီဒီယို ၃၆ ခု (ဗီဒီယို မှတ်တမ်း အတို ၃၂ ခု၊ CHIME အကြောင်းအရာ အလိုက် သတင်းမှတ်တမ်း (၃)ခု နှင့် CHIME အလုပ်ရုံ ဆွေးနွေးပွဲ သတင်း မှတ်တမ်း (၁)ခု) အား ထုတ်လုပ် ခဲ့ပြီး ဖြစ်ပါသည်။ ဗီဒီယိုအားလုံးအား မယ်ရွှေ့ပြောင်း ဖေ့စ်ဘုတ် စာမျက်နှာပေါ်တွင် ကြည့်ရှုနိုင် ပါသည်။<br>» ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း၏ သက်ရောက်မှုအပေါ် CHIME ရှာဖွေတွေ့ရှိချက်များအား ဆွေးနွေးရန် CHIME လေ့လာမှုများအား ဖြန့်ဝေသည့် အလုပ်ရုံ ဆွေးနွေးပွဲ (၆)ခုအား နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ စစ်တွေ၊ ပုသိမ် နှင့် ရန်ကုန်မြို့တို့တွင် အစဉ်လိုက် ကျင်းပခဲ့ပါသည်။ အစိုးရ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့များမှ တက်ရောက်သူ ကိုယ်စားလှယ် ၄၁၈ ဦး ရှိခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| | | » မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ စီမံချက်သည် ရပ်ရွာ အခြေပြု ဆွေးနွေးပွဲ (၃၇)ခုအား ရှမ်းပြည်မြောက်ပိုင်းရှိ ကျေးရွာများတွင် ပြုလုပ်ခဲ့သည့်အပြင် စီမံချက် ပြီးဆုံး သည့် အချိန်၌ စီမံချက်အား ပြန်လည် သုံးသပ်သည့် အစည်းအဝေးအား ပြင်ဦးလွင် မြို့နယ်၌ ကျင်းပခဲ့ပါသည်။ တက်ရောက်သူများတွင် ဘာသာရေး၊ ရပ်ရွာလူထု၊ ကျောင်းသားနှင့် လူနည်းစု တိုင်းရင်းသား ခေါင်းဆောင်များ အပါအဝင် ကျေးရွာ (၁၀၉) ရွာမှ စုစုပေါင်း ၁,၂၅၀ ဦးသည် အခမ်းအနားအား တက်ရောက်ခဲ့ပါသည်။<br>» ၂၀၁၉ ခုနှစ်မေလနှင့် ဇွန်လ ကြားတွင်၊ စီမံချက်သည် အချက်အလက်များ ကောက်ယူခဲ့ပြီး ရှမ်းပြည်တောင်ပိုင်းရှိ ကွန်ဟိန်း၊ မိုင်းပန်၊ မိုးနဲ နှင့် လင်းခေး မြို့နယ်များတွင် ရွှေ့ပြောင်း သွားလာနေထိုင်သည့် အလုပ်သမားများနှင့် ရပ်ရွာ အခြေပြု ဆွေးနွေးပွဲများ ကျင်းပခဲ့ ပါသည်။ ယင်းတွင် ရွှေ့ပြောင်း သွားလာ နေထိုင်သည့် အလုပ်သမား များ၏ အလုပ်သမား ဥပဒေများအား ဆိုင်ရာ ဗဟုသုတအပေါ် သုတေသန ပြုလုပ်ခြင်းလည်း ပါဝင်ခဲ့ပါသည်။ |
| ၄ | **International Organization for Migration**<br><br>ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်း လုပ်ဆောင်မှုများဖြင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များကို တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်) စီမံချက်<br><br>ကန်ဒေါ်လာ ၁၂,၉၂၂,၅၂၁<br><br>၁/၁/၂၀၁၇ မှ ၃၀/၆/၂၀၂၁ ထိ<br><br>ဆောင်ရွက်ဆဲ | » ရွှေ့ပြောင်း သွားလာနေထိုင်ခြင်း မပြုမီ အထောက်အကူပေးခြင်း (PMO) ဆိုင်ရာ သင်တန်းအား ကျေးရွာ (၁၃၅) ရွာတွင် ပြုလုပ်ခဲ့ပြီး ရှမ်းပြည်နယ်နှင့် အပူပိုင်းဇုန်ရှိ အကျိုးခံစားခွင့်ရှိသူ ၄,၂၁၇ ဦးထံ ရောက်ရှိခဲ့ပါသည်။<br>» ချင်းပြည်နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေး သင်ခန်းစာများ လေ့လာသင်ယူသူများ၏ အတွက် ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာ အသိအမြင်ပေးသည့် သင်တန်း များ၊ ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်း ဆိုင်ရာ အသိအမြင် ဖွင့် သင်တန်းများနှင့် CBO / CSO များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ များအား အကျိုးခံစား ခွင့်ရှိသူ ၆၄၃ ဦးထံ ပေးအပ်ခဲ့ပါသည်။<br>» လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာ သတင်းစကားများအား ဖြန့်ဝေပေးရန် အတွက် တီးတိန်၊ တွန်းဇံ၊ မင်းတပ်မြို့နယ်များရှိ ကျေးရွာ (၉)ရွာတွင် ပြဇာတ်များကို ပြသခဲ့သည် သာမက ချင်းပြည်နယ် တီးတိန်မြို့တွင် နောက်ထပ် ပွဲ(၂)ပွဲ ပြုလုပ်ခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ ၁၁,၈၀၉ ဦးထံ ရောက်ရှိခဲ့ပါသည်။<br>» ရွှေ့ပြောင်း သွားလာနေထိုင်ခြင်း ပေါင်းစပ်ထားသည့် သင်တန်းအစီအစဉ်များအား ရှမ်းပြည် နယ်နှင့် မွန်ပြည်နယ် ရှိ ကျေးရွာအုပ်စု (၃၃) စု တို့တွင် ပို့ချခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ ၆၅၂ ဦးထံ ရောက်ရှိခဲ့ပါသည်။<br>» ကျေးရွာအုပ်စု (၁၇)စုတွင် ပညာပေးဖြေဖျော်သည့် အခမ်းအနားများမှ အပူပိုင်းဇုန်နှင့် ရှမ်းပြည်နယ်ရှိ အကျိုးခံစားခွင့် ရှိသူ ၁၅,၅၆၇ ထံ ရောက်ရှိပါသည်။<br>» ဝင်ငွေတိုးလုပ်ငန်းနှင့် လှည့်လည်ရင်းနှီးငွေ စီမံခန့်ခွဲခြင်း တို့အား ပြန်လည် သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲအား ကွင်းဆင်းသင်တန်း ပို့ချသူနှင့် စီမံချက် စီမံခန့်ခွဲရေး ဝန်ထမ်း (၅၁)ဦးနှင့် အတူ စီစဉ်ကျင်းပ ခဲ့ပါသည်။<br>» ဝင်ငွေတိုးလုပ်ငန်းနှင့် လှည့်လည်ရင်းနှီးငွေ စီမံခန့်ခွဲခြင်း သင်တန်းအား အကျိုးခံစားခွင့်ရှိသူ ၄၄၄ဦးထံ ပို့ချခဲ့ပြီး ပေးပို့လာသည့် ငွေများအား စုဆောင်းခြင်း၏ အရေးပါမှု အပေါ် ပို့ချသည်များအား စီစဉ်ဆောင်ရွက်ခဲ့ကာ အပူပိုင်းဇုန်ရှိ ကျေးရွာ (၇၃)ရွာမှ အကျိုး ခံစားခွင့်ရှိသူ စုစုပေါင်း ၂,၃၄၄ ဦးထံ ရောက်ရှိခဲ့ပါသည်။<br>» အသေးစား စီးပွားရေးလုပ်ငန်း စတင်ထူထောင်ခြင်းအပေါ် လမ်းညွှန်ပေးသူများအတွက် သင်တန်း (၃)ခုအား ချင်း၊ မွန် နှင့် ရှမ်းပြည်နယ် များတွင် စီစဉ် ဆောင်ရွက်ခဲ့ပြီး မိတ်ဖက် အဖွဲ့အစည်းများမှ လမ်းညွှန်ပေးသူ (၄၄)ဦးအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။<br>» စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ ၁၂၄ ဦးအတွက် ရပ်ရွာလူထု အခြေပြု ငွေစုအသင်းများ အတွက် သင်တန်း အစီအစဉ်များ ပြီးဆုံးခဲ့ပြီး ယင်းမှ အုပ်စု (၇)စု ဖွဲ့စည်းနိုင်သည့် ရလဒ်အား ရရှိခဲ့ပါသည်။<br>» ငွေလွှဲ ပေးပို့မှုကို လက်ခံ ရရှိသည့် အိမ်ထောင်စုများအတွက် ငွေလွှဲပေးပို့မှုများအား စုဆောင်းထားခြင်း၏ အရေးပါမှု ဆိုင်ရာ သင်တန်းအစီအစဉ် စုစုပေါင်း (၃၁)ခုအား စီစဉ် ဆောင်ရွက် ခဲ့ပြီး ချင်းပြည်နယ်ရှိ ဦးတည် ရည်ရွယ်သော အကျိုးခံစားခွင့် ရှိသူ ၉၀၆ ဦး ထံ ရောက်ရှိခဲ့ ပါသည်။<br>» မွန်၊ ရှမ်း နှင့် ချင်းပြည်နယ်များအပြင် အပူပိုင်းဇုန်ရှိ စုစုပေါင်း အကျိုးခံစားခွင့် ရှိသူ (၅၅၄)ဦးသည် ကျွမ်းကျင်မှု အမျိုးအစား (၃၁)မျိုး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်း များအား အောင်မြင်ပြီးဆုံးအောင် တက်ရောက်ခဲ့ပါသည်။<br>» အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့အကြား ချိတ်ဆက်မှုများနှင့် မြင်းခြံ၊ ပုခုက္ကူ၊ တောင်ကြီး၊ မော်လမြိုင် နှင့် ဟားခါး တို့ရှိ ရွှေ့ပြောင်း သွားလာ နေထိုင်သူများ၊ အိမ်ထောင်စုများနှင့် လူမှု အသိုက်အဝန်းများ အပေါ်အပြု သဘောဆောင် သည်နှင့် အနုတ် လက္ခဏာ ဆောင်သည့် သက်ရောက်မှု များအား ဆွေးနွေးရန် ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်းနှင့် ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ ဆွေးနွေး တိုင်ပင်သည့် အလုပ်ရုံ ဆွေးနွေးပွဲများ အား စီစဉ် ဆောင်ရွက်ခဲ့ပါသည်။<br>» စီမံချက်သည် သုတေသန စွမ်းဆောင်ရည် အကဲဖြတ် ဆန်းစစ်သုံးသပ်ခြင်းအား ပြုလုပ်ခဲ့ သည့်အပြင် CESD နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း အပေါ် ပြုလုပ်သည့် သုတေသန လေ့လာမှု (၄)ခုအတွက် သုတေသန အစီအစဉ်၏ အကြမ်းဖျဉ်း ဖော်ပြချက်များအား စတင်ရေးဆွဲခဲ့ပါသည်။<br>» စီမံချက်သည် သုတေသန စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေး ပွဲများ သာမက သုတေသန ဒီဇိုင်းပုံစံအတွက် ကူညီပံ့ပိုးခြင်း တို့ကို ပေးအပ်ရန် အတွက် ဩစတေးလျ အမျိုးသားတက္ကသိုလ် (ANU) နှင့် အဖွဲ့အစည်း ဆိုင်ရာ သဘော တူညီမှု ရရှိခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၅ | **CARE**<br><br>အောင်မြင်မှုစီမံချက် – လုံခြုံ စိတ်ချပြီး ခိုင်မာသည့် အလုပ်အကိုင် ရရှိစေရန် လုပ်ငန်း အတွင်း အဖြေရှာခြင်း<br><br>ကန်ဒေါ်လာ ၅,၈၉၅,၆၄၃<br><br>၁/၃/၂၀၁၇ မှ ၃၀/၆/၂၀၂၂<br><br>ဆောင်ရွက်ဆဲ | » အောင်မြင်မှု သင်တန်းဆင်းသူများ၏ ၉၅% သည် NSSA ၏ ဆန်းစစ် အကဲဖြတ်မှုအား အောင်မြင်ခဲ့ပြီး NASA အသိအမှတ်ပြု အလုပ်သမားများ ဖြစ်လာခဲ့ပါသည်။ (၂၀၄)ဦး မှတ်ပုံတင်ခဲ့ပြီး ၁၉၃ ဦး အောင်မြင်ခဲ့ပါသည်။<br>» ILO ၏ ပိုမိုကောင်းမွန်သည့် လုပ်ငန်းအစီအစဉ် (Better Work Programme) နှင့် ပူးပေါင်း၍ အရောင်းအဝယ်လုပ်ခြင်းနှင့် ကွန်ပျူတာ အကူအညီဖြင့် ပြုလုပ်သည့် ဒီဇိုင်း/ ကွန်ပျူတာ အကူအညီဖြင့် ထုတ်လုပ်မှု (CAD / CAM) သင်တန်းများနှင့် ကြီးကြပ်ရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းတို့အား စတင် ပို့ချခဲ့ပါသည်။<br>» အောင်မြင်မှု သင်တန်းကျောင်း၊ MOBA သင်တန်းစင်တာနှင့် စက်ရုံ သင်ကြားရေးလိုင်းများမှ သင်တန်းသား ၂,၄၆၀ ဦးသည် သင်တန်း ပြီးဆုံး အောင်မြင်ခဲ့ပါသည်။<br>» စီမံချက် စတင်သည့် အချိန်မှစ၍ အောင်မြင်မှု သင်တန်းကျောင်းမှ သင်တန်းသား ၁,၀၉၂ ဦးသည် ၎င်းတို့၏ ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင်မြင်ခဲ့ပါသည်။<br>» လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး စစ်ဆေးရေး အရာရှိများ အတွက် အမျိုးသား အဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်း (၄)ခုအား Fair Wear Foundation နှင့် ပူးပေါင်း ဆောင်ရွက်၍ ချမှတ်ခဲ့ပါသည်။<br>» ILO ၏ (Vision Zero) စီမံချက်နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်း (၃)ခုအား သတ်မှတ်ရာတွင် တိုးတက်မှု ရှိပါသည်။<br>» သင်တန်း၏ ရေရှည်တည်တံ့ခိုင်မြဲမှု ရှိခြင်းအား သေချာစေရန် ဝန်ဆောင်မှုအတွက် အခကြေးငွေယူသည့် ပုံစံအတွက် အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် သဘောတူညီမှု တစ်ရပ် ရရှိခဲ့ပါသည်။<br>» အပ်ချုပ်စက် အော်ပရေတာများအတွက် ဒုတိယအဆင့် ဆရာဖြစ် သင်တန်း မိတ်ဆက်ပေးခြင်းအား စီစဉ် ဆောင်ရွက်ပေးခဲ့ပြီး ထုတ်လုပ်မှုအတွက် ကြော်ငြာဗီဒီယို ရိုက်ကူးမှု ပြီးစီးခဲ့ ပါသည်။<br>» သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အထူးအခမ်းအနားများမှတဆင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိအမြင်ပေးသည့် သတင်း စကားများကို အကျိုးခံစားခွင့်ရှိသူ ၁၅,၈၂၆ ဦးထံ မျှဝေပေးခဲ့ပါသည်။<br>» ကျား၊ မ အခြေပြုသည့် အကြမ်းဖက်ခြင်း ဆိုင်ရာ ရုပ်ရှင်လူထု ဆွေးနွေးပွဲအား ရပ်ကွက် ၃ ခုမှ ရုပ်ရှင်လူထု ၁၃၄ ဦး တက်ရောက်ခဲ့ပါသည်။<br>» ကျား၊မ အခြေပြု အကြမ်းဖက်ခြင်း ဆိုင်ရာ ရုပ်ရှင်လူထု ဆွေးနွေးပွဲ အား ရပ်ကွက် (၃)ခုမှ ပါဝင် တက်ရောက်သူ အမျိုးသား (၆၃)ဦးမှ တက်ရောက် ဆွေးနွေးခဲ့ ပါသည်။<br>» အစိုးရနှင့် CSO များမှ ဝန်ဆောင်မှုပေးသည့်အဖွဲ့ (၂၈)ဖွဲ့သည် ကျားမရေးရာ၊ ကျားမ အခြေပြုသည့် အကြမ်းဖက်မှုနှင့် လွတ်မြောက်ရှင်သန် ရပ်တည်နေသူအား ဗဟိုပြုသည့် ချဉ်းကပ်နည်းလမ်းဆိုင်ရာ သင်တန်းအား လက်ခံ ရရှိခဲ့ ပါသည်။<br>» စက်ရုံ (၁၃)ရုံမှ လူ့စွမ်းအား အရင်းအမြစ်နှင့် စည်းမျဉ်း စည်းကမ်းလိုက်နာမှု ကြီးကြပ်ရေး မန်နေဂျာများနှင့် လုပ်ငန်းခွင် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှု တိုက်ဖျက်ရေး ကော်မတီ အဖွဲ့ဝင်များ အပါအဝင် ၁၅၅ ဦးမှ လုပ်ငန်းခွင် အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှုအား ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ခြင်း ဆိုင်ရာ ဆရာဖြစ် သင်တန်း တွင် ပါဝင် တက်ရောက်ခဲ့ကြပါသည်။<br>» လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအား အလုပ်သမားများမှ သတိထား ဆင်ခြင်နိုင်ရန် အတွက် စက်ရုံအဆင့် စည်းရုံး လှုံ့ဆော်ခြင်း/ စတင် ဆောင်ရွက်သည့် အခမ်းအနား များအား စက်ရုံ (၄)ရုံတွင် စတင်ပြီး အစပျိုးခဲ့ပါသည်။<br>» CARE ၊ Fair Ware Foundation ကျား၊ မ တန်းတူညီမျှရေး ကွန်ရက်နှင့် APHEDA တို့၏ ပူးပေါင်း ထောက်ခံ အားပေးမှုများကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် ဆက်နွယ်နေသည့် ကျားမရေးရာ တန်းတူညီမျှမှု အလေး ထားခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှုတွင် အဆိုပြုခဲ့သည့် ပြောင်းလဲမှု (၁၀)ခု တွင် (၅)ခုအား သဘောတူ လက်ခံခဲ့ပါသည်။<br>» အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ မကျင်းပမီနှင့် ကျင်းပချိန်အတွင်း ILO ဆုံးဖြတ်ချက် အမှတ် ၁၉၀ အတွက် ထောက်ခံ ဆန္ဒပြုရန်အတွက် အစိုးရ ကိုယ်စားလှယ်များ နှင့်အတူ စီမံချက် ဝန်ထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ အောင်မြင်စွာ အသိပေးအရေးဆိုခဲ့ကြပါသည်။<br>» လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှု ကာကွယ် တားဆီးခြင်း ဆိုင်ရာ လုပ်ငန်းခွင်တွင်း မူဝါဒ မော်ဒယ်ပုံစံအတွက် အထည်ချုပ်စက်ရုံ (၁၀)ရုံမှ အလုပ်သမားများ၏ ကိုယ်စားလှယ်များ ထံမှ ရရှိသည့် အချက်အလက်များ နှင့်အတူ စက်ရုံ စီမံခန့်ခွဲမှုအဖွဲ့မှ အချက်အလက်များ ရယူနိုင်ခဲ့ပါသည်။<br>» အထည်ချုပ်စက်ရုံများမှ ရွှေ့ပြောင်းသွားလာနေထိုင်သည့် အမျိုးသမီး ၇,၅၆၂ ဦးတို့သည် မရှိမဖြစ် လိုအပ်သော သတင်းအချက်အလက်များနှင့် ကူညီပံ့ပိုးပေးသည့် မိတ်ဆွေဖြစ်မှု တို့အား ရယူရန်အတွက် သုံးပန်လှ သက်တူဆင့်တူ ခေါင်းဆောင် ၇၀ဦးမှ ပံ့ပိုးကူညီ ပေးနေ သည့် သုံးပန်လှ တနင်္ဂနွေကော်ဖီ စကားဝိုင်း (Sunday Cafe event) ၈၇ ခုတွင် ပါဝင်ခဲ့ပါသည်။<br>» တနင်္ဂနွေနေ့ ကော်ဖီစကားဝိုင်း (Sunday Cafe) ၏ အဓိက သတင်းစကားများအား အထည်ချုပ် အလုပ်သမား ၆၄,၄၀၀ ဦးထံ ဖြန့်ဝေခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာနေထိုင်သည့် အမျိုးသမီး ၂,၁၈၄ ဦးသည် သုံးပန်လှ အားလပ်ရက် အခမ်းအနား များတွင် ပါဝင်ခဲ့ကြပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| | | » အကျိုးခံစားခွင့်ရှိသူ (၉၇)ဦးမှ တနင်္ဂနွေ နေ့လည်နှင့် ညနေခင်းများ၌ သုံးပန်လှစင်တာတွင် ပို့ချသည့် ၈ ပတ် ကြာမြင့်သည့် အခြေခံ ကွန်ပျူတာ သင်တန်း သင်ခန်းစာအား တက်ရောက် သင်ကြားခဲ့ပါသည်။<br>» ခွင့်ခံစားခွင့်များနှင့် နောက်ဆုံး အလုပ်သမား ဥပဒေဆိုင်ရာ သင်တန်းများကို သုံးပန်လှ၌ ပါဝင်ဆောင်ရွက်သူ ၁၈၄ ဦးမှ တက်ရောက်ခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာနေထိုင်သည့် အလုပ်သမား ၈၅,၅၄၈ ဦးမှ သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် နောက်ဆုံး သတင်းအချက်အလက်များကို ပေးအပ်သည့် သုံးပန်လှ တနင်္ဂနွေ သတင်းစကား ၄၄ ခုအား လက်ခံ ရရှိခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာနေထိုင်သည့် အလုပ်သမား ၁၄၃ ဦးသည် သုံးပန်လှ၏ အရေးပေါ် လိုင်းမှ တဆင့် သုံးပန်လှနှင့် ဆက်သွယ်ခြင်းဖြင့် ချက်ချင်း ကူညီပံ့ပိုးမှုပေးသည့် ဝန်ဆောင်မှုများ အား လက်ခံ ရရှိခဲ့ပါသည်။<br>» အောင်မြင်မှု သင်တန်းကျောင်းမှ သင်တန်းအောင်မြင်သူ ၃၇၉ ဦးသည် အခြေခံဘဝ သက်တာ ကျွမ်းကျင်မှု သင်တန်းအား လက်ခံ ရရှိခဲ့ပါသည်။<br>» အောင်မြင်မှု သင်တန်းသား (၈)ဦးအား သုံးပန်လှ တည်းခိုဆောင်တွင် အခကြေးငွေ မယူဘဲ တည်းခိုနေထိုင်စေခဲ့ ပါသည်။<br>» စက်ရုံများတွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင် အခြေအနေများ ထားရှိခြင်းအား ကူညီ ပံ့ပိုးပေးရန် အတွက် အောင်မြင်မှု သင်တန်းဆင်း ၂၉၅ ဦး သည် သုံးပန်လှ သင်တန်းဆင်း များနှင့် အလွတ်သဘော သက်တူဆင့်တူ ဆွေးနွေး တိုင်ပင်မှုများ တွင် ပူးပေါင်းပါဝင်ခဲ့ ပါသည်။<br>» အောင်မြင်မှုမှ အမျိုးသမီး ၁၉ ဦးသည် ၎င်းတို့၏ ဝင်ငွေ တိုးပွားလာစေမည့် ဖက်ရှင်ဒီဇိုင်း ကျွမ်းကျင်မှု သင်တန်း အစီအစဉ်အား အောင်မြင်ပြီးဆုံးခဲ့ပါသည်။ |
| ၆ | **Eden Ministry**<br><br>လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်းခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ခြင်း<br><br>ကန်ဒေါ်လာ ၉၄၆,၉၇၅<br><br>၁/၃/၂၀၁၇ မှ ၃၁/၃/၂၀၂၁ ထိ<br><br>ဆောင်ရွက်ဆဲ | » လိင်လုပ်သားအများစုရှိတတ်သည့် နေရာများမှ အကျိုးခံစားခွင့်ရှိသူ ၃၄ ဦးအား HIV ရောဂါပိုး စစ်ဆေးပေးခဲ့ပါသည်။<br>» လားရှိုးနှင့် ရန်ကုန်မြို့တွင် နားခိုရာ အဆောက်အဦအသစ် (၂)ခုအား ဖွင့်လှစ်ခဲ့ပါသည်။<br>» သွားရောက် ကူညီထောက်ပံ့ပေးမှုမှတဆင့် လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ရှင်သန် ရပ်တည်နေထိုင်ရသည့်သူ (၁၇)ဦးအား ရှာဖွေ ဖော်ထုတ်ခဲ့ပြီး ကြိုးပမ်းရှင်သန် ရပ်တည်နေရသည့်သူ စုစုပေါင်း (၄၄)ဦးသည် နားခိုရာ ဝန်ဆောင်မှုများနှင့် စိတ်ဒဏ်ရာ အတွက် ဆွေးနွေး လမ်းညွှန်မှုကို လက်ခံ ရရှိခဲ့ပါသည်။<br>» NGO ဝန်ထမ်း (၇၅)ဦးသည် စိတ်ဒဏ်ရာ စောင့်ရှောက်မှု အသိအမြင်ဆိုင်ရာ သင်တန်းအား လက်ခံ ရရှိခဲ့ပါသည်။<br>» လက်ဝတ်ရတနာ ပြုလုပ်ခြင်း၊ ဆံပင်အလှပြင်ခြင်း နှင့် အလှအပဆိုင်ရာ ကုထုံး၊ အခြေခံ ကွန်ပျူတာ သင်တန်း၊ အရောင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ အသိ ပညာ၊ အပ်ချုပ်ခြင်း နှင့် သင်္ချာ သင်တန်း များသာမက မြန်မာ၊ တရုတ် နှင့် အင်္ဂလိပ်ဘာသာ စကားများအပါအဝင် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်း များကို အမျိုးသမီး (၄၄)ဦးအား ပို့ချပေးခဲ့ပါသည်။<br>» ရာဇဝတ်မှု တရားစီရင်ရေး လုပ်ငန်းစဉ်အတွင်း လူကုန်ကူးခြင်းမှ လွတ်မြောက်ပြီး ရှင်သန် ရုန်းကန်နေကြသူများ အတွက် ကျင့်ဝတ် အား ရေးဆွဲအကောင်အထည်ဖော်ရန် အတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုအား ကျင်းပခဲ့ ပါသည်။<br>» နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ Eden ၏ အဆောက်အဦးနှင့် အထောက်အပံ့များအား လှည့်လည် ကြည့်ရှုခဲ့ပြီး စီမံချက် ဝန်ထမ်းများ၊ အကျိုးခံစားခွင့် ရှိသူများနှင့် တွေ့ဆုံခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၇ | **International Organization for Migration**<br><br>ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာအဖြစ် ရွှေ့ပြောင်းသွားလာခြင်း<br><br>ကန်ဒေါ်လာ ၁,၅၄၉,၁၀၀<br><br>၁၅/၁၂/၂၀၁၅ မှ ၃၀/၆/၂၀၂၀ ထိ<br><br>ဆောင်ရွက်ဆဲ | » ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းမှ အကျိုးအမြတ်ရရှိခြင်း (BEM) သင်တန်းအား ကျေးရွာ (၂၀၀) ရှိ လူဦးရေ ၇,၉၉၄ ဦးထံ ပို့ချပေးခဲ့ပါသည်။<br>» BFM သင်တန်းအား မိတ်ဆက်ရာတွင် အသေးစားချိန်ညှိမှုများ ပြုလုပ် ရန်အတွက် ကာလလယ် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအား မိတ်ဖက် CSO များနှင့် ပြုလုပ်ခဲ့ပါသည်။<br>» BFM သင်တန်းအား စာတတ်မြောက်မှုနှင့် အတွက်အချက် ကျွမ်းကျင်မှု နိမ့်ပါးသည့် အကျိုးခံစားခွင့်ရှိသူများထံ ပိုမို၍ လက်လှမ်းမီ ရောက်ရှိ စေ ရန် အတွက် ထောက်ခံ အကြံပြုချက်များကို ပေါ်ပေါက်လာစေရန် အတိုင်ပင်ခံ လုပ်ငန်းတစ်ခုအား စီစဉ်ခဲ့ ပါသည်။<br>» 'လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းအား မြှင့်တင်ပေးသူ' (SMP) စေတနာ့ဝန်ထမ်း ၂၃၂ဦးအား ၎င်းတို့၏ လူမှု အသိုက်အဝန်းများတွင် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်၍ အဓိက ဆက်သွယ်ရမည့် သူများ ဖြစ်လာစေရန် အတွက် လေ့ကျင့်သင်ကြားပေးခဲ့ ပါသည်။<br>» မယ်ရွှေ့ပြောင်း အမည်ဖြင့် အလိုအလျောက် တုံ့ပြန် ပြောဆိုနိုင်သည့် (Chatbot) အား လမ်းကြောင်းညွှန်ပြသည့် အပ်ပလီကေးရှင်းနှင့် ချိတ်ဆက်ပြီး ဖေ့စ်ဘုတ် Messenger အတွင်းသို့ ပေါင်းစည်း ပေးခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းအတွက် လည်ပတ်ရန်ပုံငွေအား ကျေးရွာ (၄၁)ရွာတွင် မိတ်ဆက်ပေးခဲ့ပြီး မြန်မာ ကျပ်ငွေ စုစုပေါင်း ၆၀,၇၈၈,၆၀၀ တန်ဖိုးရှိသည့် ရွှေပြောင်း သွားလာ ခြင်းနှင့် ဆက်နွယ်နေသည့် ချေးငွေများ အကျိုးခံစားခွင့်ရှိသူ ၇၅၆ ဦးထံ ထုတ်ချေး ပေးခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာမှုအတွက် စေလွှတ်ခဲ့သည့် အိမ်ထောင်စုများမှ တက်ရောက်သူ ၄၄၀ ဦးသည် ငွေကြေးဆိုင်ရာ အသိပညာပေးသည့် 'ပထမအဆင့်' သင်တန်းအား လက်ခံရရှိခဲ့ ပါသည်။<br>» ရွှေ့ပြောင်းသွားလာမှုအတွက် စေလွှတ်ခဲ့သည့် အိမ်ထောင်စုများမှ တက်ရောက်သူ ၂၄၄ ဦးသည် ငွေကြေးဆိုင်ရာ အသိပညာပေးသည့် 'ဒုတိယအဆင့်' သင်တန်းအား လက်ခံရရှိခဲ့ ပါသည်။<br>» ရည်မှန်းချက် မြင့်မားသည့် ရွှေ့ပြောင်း သွားလာနေထိုင်သူများနှင့် ရွှေ့ပြောင်း သွားလာမှု အတွက် စေလွှတ် ပေးခဲ့သည့် မိသားစုဝင် ၂၃၄ ဦးသည် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အစီအစဉ်အား ပြီးဆုံး အောင်မြင်ခဲ့ကြပါသည်။<br>» မြစ်ဝကျွန်းပေါ်ဒေသအတွင်း လှည့်လည် ရွှေ့ပြောင်း သွားလာခြင်း၏ ကောင်းမွန်သည့် အကျိုးသက်ရောက်မှု များနှင့် အနုတ်လက္ခဏာ ဆောင်သည့် အကျိုးသက်ရောက်မှုများအား နားလည်သဘောပေါက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသတွင်း လှည့်လည် ရွှေ့ပြောင်း သွားလာရေးကို တွန်းအားပေးရန်အတွက် လှုပ်ရှား ဆောင်ရွက်မှု များကို အစီအစဉ် ရေးဆွဲရန်တို့အတွက် အလုပ်ရုံဆွေးနွေးပွဲ (၂)ခုအား စီစဉ် ကျင်းပခဲ့ပါသည်။<br>» CSO မိတ်ဖက် အဖွဲ့အစည်းများအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း၊ မည်သူ့ကိုမျှ ထိခိုက်ခြင်း မရှိစေရ မူဝါဒ၊ အဆိုပြုလွှာ ရေးသားခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု တို့နှင့် သက်ဆိုင်သည့် ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရန် သင်တန်း (၃)ခုအား စီစဉ် ကျင်းပခဲ့ပါသည်။ |
| ၈ | **Adventist Development and Relief Agency (ADRA)**<br><br>နေရပ်စွန့်ခွာသူများနှင့် ဌာနေ လူမှုအသိုက် အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ပညာရေး (VESI) စီမံချက်<br><br>ကန်ဒေါ်လာ ၂,၂၀၀,၀၀၀<br><br>၁/၇/၂၀၁၉ မှ ၃၀/၆/၂၀၂၂ ထိ<br><br>စီမံကိန်းစတင်သည့်အဆင့် | » ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် စီမံကိန်း ဝန်ထမ်းအသစ်များအား စုဆောင်းခဲ့ပြီး ဒေသခံ CSO မိတ်ဆက်အဖွဲ့အစည်းများနှင့် စာချုပ်ချုပ်ဆိုခြင်းအား ပြီးစီး အောင် လုပ်ဆောင်ခဲ့ပါသည်။<br>» စီမံချက် အကြောင်းအရာများအား ရှင်းလင်း မိတ်ဆက်ပြောကြားသည့် အစည်းအဝေးအား ပေါင်းစပ်ထားသည့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံးအတွက် ရန်ကုန်မြို့၌ ကျင်းပခဲ့ ပါသည်။<br>» ခွင့်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း ၎င်းတို့၏ အပြည့်အဝ ပူးပေါင်း ပါဝင်ပြီး ကူညီပံ့ပိုးပေးခြင်း တို့အား သေချာစေရန် တို့အတွက် စီမံချက် အား မိတ်ဆက်ပေးရန် စီမံချက် စတင်သည့် အခမ်းအနားကို ပြည်ထောင်စုအဆင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန (TVET)မှ တက်ရောက်သူများဖြင့် နေပြည်တော်တွင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။<br>» စီမံချက် အကြောင်းအရာများအား ရှင်းလင်းမိတ်ဆက် ပြောကြားသည့် အလုပ်ရုံ ဆွေးနွေးပွဲများအား မြစ်ကြီးနား၊ ဗန်းမော်နှင့် လားရှိုးမြို့များတွင် ကချင်ပြည်နယ် လူမှု ဝန်ကြီး၊ အစိုးရနည်းပညာ အထက်တန်းကျောင်းအုပ်ကြီးများ နှင့် ရပ်ရွာလူထု/ စခန်း ခေါင်းဆောင်များ အပါအဝင် ဒေသခံ ပတ်သက်ဆက်နွယ်သူများနှင့် ကျင်းပခဲ့ပါသည်။<br>» စီမံချက်မှ နယ်မြေဒေသ (၃)ခုတွင် အလုပ်သမား ဈေးကွက် စစ်တမ်းတစ်ခုအား သင်တန်း သင်ရိုးများ၊ သင်တန်းတွင် ပါဝင်သည့် အကြောင်းအရာများ ရွေးချယ်ခြင်းနှင့် အလုပ်ခန့် ထားနိုင်မှု တို့နှင့် သက်ဆိုင်သည့် အထောက်အထား အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းမှ IDP များနှင့် ဒေသခံ လူမှု အသိုက်အဝန်း များ၏ အမြင်များနှင့် ပုဂ္ဂလိက ကဏ္ဍ၊ CSO များနှင့် INGO များ ၏ အမြင်များကိုလည်း ကောက်ယူခဲ့ပါသည်။<br>» Save the Children နှင့် ပူးပေါင်း၍ ဦးတည်ရည်ရွယ်သည့် ဒေသများတွင် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်း ဆရာများအတွက် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခြင်းနှင့် သင်ကြားနည်းတို့နှင် သက်ဆိုင်သည့် ကျွမ်းကျင်မှုများ သာမက အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအား ပေးအပ်ခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| | | » အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ များအား အဖွဲ့အစည်း၏ ရပ်ရွာလူထုအတွင်း ပါဝင်ပတ်သက်မှုကို လားရှိုးနှင့် ဗန်းမော်ရှိ ဦးတည်ရည်ရွယ်သည့် လူမှုအသိုက် အဝန်း များအတွင်း လုပ်ဆောင်ခဲ့ပြီး လူဦးရေ ၈၃၃ ဦးထံ ရောက်ရှိခဲ့ပါသည်။ အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ များသည် အမျိုးသမီးများ၊ လူငယ်များ နှင့် မသန်စွမ်းသူများ အပါအဝင် အလားအလာရှိသည့် အကျိုးခံစားခွင့်ရှိသူ များ အားလုံး စီမံချက် အကျိုးကျေးဇူးများ ခံစားရနိုင်ရန် တန်းတူအခွင့်အရေး ရှိစေရန် ရည်မှန်း ထားခဲ့ ပါသည်။ |
| ၉ | **International Organization for Migration**<br><br>တိုးပွားလာသည့် လုံခြုံစိတ်ချရပြီး အကျိုးရှိ သော ရွှေ့ပြောင်းသွားလာမှု မှတဆင့် ကချင် ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်း ရှိ ပဋိပက္ခ သက်ရောက်မှု ရှိသည့် လူမှုအသိုင်း အဝန်း များ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း (SAFE) စီမံချက်<br><br>ကန်ဒေါ်လာ ၁,၁၈၂,၃၁၃<br><br>၁၅/၇/၂၀၁၉ မှ ၃၀/၆/၂၀၂၂ ထိ<br><br>စီမံကိန်းစတင်သည့်အဆင့် | » မြစ်ကြီးနား၊ လားရှိုးနှင့် ရန်ကုန်ရှိ စီမံချက်အတွက် ဝန်ထမ်းခန့်ထားမှုများ ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။<br>» စီမံချက်၏ မဟာဗျူဟာများ/ ချဉ်းကပ်နည်းလမ်းများ၊ လုပ်ငန်းအစီအစဉ်များ၊ ရင်းမြစ် စီမံခန့်ခွဲမှု၊ တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင် (MEAL) နှင့် ကနဦး အစီအစဉ်များကို ဆွေးနွေးရန် အတွက် လစဉ်စီမံချက် စီမံခန့်ခွဲမှု အစည်းအဝေးများ နှင့် (၃)လ တစ်ကြိမ် စီမံချက် ဦးဆောင် ကော်မတီ အစည်းအဝေး များအား စီစဉ် ကျင်းပခဲ့ပါသည်။<br>» ဦးတည်ရည်ရွယ်သည့် ဒေသများတွင် ကွင်းဆင်းဆောင်ရွက်သည့် မိတ်ဖက်ပြုမှုများ တည်ထောင်ရန် အတွက် မေတ္တာ သည် CSO (၇)ဖွဲ့အား ဖော်ထုတ် သတ်မှတ် ကာ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။<br>» မေတ္တာနှင့် မိတ်ဖက်အဖွဲ့အစည်း CSO များသည် ကျေးရွာခေါင်းဆောင်များနှင့် ဆွေးနွေး တိုင်ပင်ပြီး ကချင်ပြည်နယ်ရှိ စီမံချက်၏ ဦးတည်ရည်ရွယ်မည့် ကျေးရွာများနှင့် IDP စခန်းများ ရွေးချယ်ခြင်းကို အပြီးသတ်ခဲ့ပါသည်။<br>» CSO တစ်ဖွဲ့ချင်းစီနှင့် စီမံချက် အကြောင်းအရာအား ရှင်းလင်း မိတ်ဆက် ပြောကြားသည့် အစည်းအဝေးများအား နှင့် ၇ကြိမ် ပြုလုပ်ခဲ့ပြီး စီမံကိန်း အကြောင်းအရာအား ရှင်းလင်း မိတ်ဆက် ပြောကြားသည့် အလုပ်ရုံ ဆွေးနွေးပွဲ (၂)ခုကို ကချင် ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်း တို့တွင် ကျင်းပခဲ့ပါသည်။<br>» ပမာဏ တွေ့ဆုံဆွေးနွေးသည့် အလုပ်ရုံ ဆွေးနွေးပွဲအား SAFE စီမံချက်အတွက် အစိုးရ၏ ကူညီပံ့ပိုးမှု နှင့် ထောက်ခံ အကြံပြုချက်များ ရယူနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများမှ ကိုယ်စားလှယ်များဖြင့် နေပြည်တော်တွင် ကျင်းပခဲ့ ပါသည်။<br>» SAFE စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်း မှာကြားချက်များအား ရန်ကုန်မြို့ရှိ လူကုန်ကူးမှု လုပ်ငန်း အဖွဲ့နှင့် မြစ်ကြီးနားမြို့ရှိ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖွဲ့ခွဲထံ ပေးပို့ခဲ့ ပါသည်။<br>» စီမံချက်၏ MEAL အစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အား ကူညီ ပံ့ပိုးပေးရန် အတွက် MEAL အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအား မေတ္တာနှင့် IOM မှ ဝန်ထမ်း ၈ ဦးဖြင့် ကျင်းပခဲ့ပါသည်။<br>» မေတ္တာနှင့် IOM တို့သည် CSO များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ဖွံ့ဖြိုး တိုးတက်မှု အတွက် လိုအပ်ချက်များကို နားလည်သဘောပေါက်နိုင်ရန်အတွက် CSO များ၏ စွမ်းဆောင်ရည် အကဲဖြတ် ဆန်းစစ်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။<br>» ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့ရှိ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း၏ အခြေအနေ နှင့် ပုံစံများ သက်ဆိုင်သည့် အချက်အလက် ကောက်ယူခြင်းအား လုပ်ဆောင် ခဲ့ပြီး အရည်အသွေး အခြေခံ လူတွေ့မေးမြန်းခြင်း (၁၀၀) အား ပြုလုပ်ခဲ့ပါသည်။<br>» ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ မိတ်ဖက် CSO များအတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းအား သင့်လျော်အောင် စီစဉ် ဆောင်ရွက် သည့် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုအား ကျင်းပဆောင်ရွက်ခဲ့ပါသည်။<br>» ၂၀၂၀ ခုနှစ်တွင် ရွှေ့ပြောင်းလုပ်သား အရင်းအမြစ် စင်တာများ (MRCs) တည်ထောင်ခြင်း အတွက် ကူညီပံ့ပိုးပေးရန် မြစ်ကြီးနားနှင့် မူဆယ်မြို့များတွင် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့်အတူ ဆန်းစစ်အကဲဖြတ်မှု (၂)ခုအား ပြုလုပ်ခဲ့ပါသည်။<br>» အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာ နေထိုင်သူများနှင့် လူကုန်ကူးမှုမှ လွတ်မြောက် ပြီး ကြိုးပမ်း ရှင်သန်နေသူများအတွက် တိုက်ရိုက် ကူညီပံ့ပိုးမှုနှင့် ပြန်လည် ပေါင်းစည်းပေးသည့် ဝန်ဆောင်မှုများ၏ ဖြစ်ရပ် စီမံခန့်ခွဲမှုကို ပြသသည့် ပုံစံဇယားနှင့် သင်တန်း အထောက်အကူပြု ပစ္စည်းများအား ရေးဆွဲ အကောင်အထည်ဖော် ခဲ့ပြီး CSO မိတ်ဖက် အဖွဲ့အစည်းများထံ ပေးအပ်ခဲ့ ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၁၀ | **World Vision**<br><br>မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်း ပေး သည် (SHE) – ကချင်ပြည်နယ်ရှိ နေရပ် ဒေသ စွန့်ခွာသူများနှင့် ဌာနေ လူမှုအသိုက်အဝန်း များအတွက် အားလုံး ပါဝင်ပြီး ပြောင်းလဲ နိုင်သည့် အသက်မွေးဝမ်း ကျောင်းမှုအား ကူညီ ပံ့ပိုးပေးသည့် စီမံချက်<br><br>ကန်ဒေါ်လာ ၂,၅၈၄,၇၆၁<br><br>၅/၇/၂၀၁၉ မှ ၃၀/၆/၂၀၂၂<br><br>စီမံကိန်းစတင်သည့်အဆင့် | » မြစ်ကြီးနားမြို့နယ်တွင် ရုံးခွဲတစ်ခုအား ဖွင့်လှစ်ခဲ့ပြီး ကွင်းဆင်း ဝန်ထမ်းများနှင့် ရန်ကုန် အခြေစိုက်သည့် ဝန်ထမ်းများ အားလုံး ခန့်အပ်ခြင်းနှင့် လုပ်ငန်းခွင် ဝင်ရောက်ခြင်းတို့အား လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။<br>» လုပ်ငန်းများ အစီအစဉ်ရေးဆွဲရန်နှင့် အသုံးပြုမည့် နည်းပညာဆိုင်ရာ ချဉ်းကပ်နည်းလမ်း များအား ယင်းတို့အား လေ့ကျင့်သင်ကြားပေးရန် တို့အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း များနှင့် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။<br>» ပါဝင်တက်ရောက်သူ ၁၀ဦးအတွက် ILO ၏ " သင်၏ စီးပွားရေး လုပ်ငန်း စတင်ခြင်းနှင့် တိုးတက်ရန်အတွက် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ (Start and Improve Your Business enterprise development ) သင်တန်း" နည်းစနစ်နှင့် ပတ်သက်သည့် ဆရာဖြစ် သင်တန်း အား စီစဉ် ပေးခဲ့ပါသည်။ တက်ရောက်ခဲ့သူများအား စီးပွားရေး၌ စွန့်ဦးတီထွင် လိုစိတ် မည်သို့မြှင့်တင်ပေးရမည် ဆိုသည် နှင့် စာတတ်မြောက်မှုနှင့် ဂဏန်း သင်္ချာ တွက်ချက်မှု စွမ်းရည်တို့တွင် အကန့်အသတ် ရှိသည့် ပရိတ်သတ် များအတွက် မည်ကဲ့သို့ ကိုက်ညီအောင် လုပ်ဆောင်ရမည်တို့အား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။<br>» စီမံချက်သည် မကြာမီ ပို့ချရန် စီစဉ်ထားသည့်ဆရာဖြစ်သင်တန်း တွင် အလုပ်သမား အခွင့်အရေးဆိုင်ရာ ခေါင်းစဉ်များ ထည့်သွင်းခြင်း အပါအဝင် အကြို – TVET သင်တန်းအား မည်ကဲ့သို့ တိုးတက်အောင် လုပ်ဆောင် ရမည်အား လေ့လာသင်ယူရန် အတွက် အောင်မြင်မှု သင်တန်းကျောင်းသို့ ကွင်းဆင်း သွားရောက်ခဲ့ပါသည်။<br>» စီမံချက် လုပ်ဆောင်ချက်များ ဖွံ့ဖြိုးတိုးတက်ခြင်းအား ကူညီပံ့ပိုးပေးရန် ကချင်ပြည်နယ်ရှိ မြို့နယ် (၄) မြို့နယ်မှ IDP စခန်း (၁၂) ခုတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သုတေသန အား အိမ်ထောင်စု စီးပွားရေး ချဉ်းကပ်နည်းလမ်းအား အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။ |
| ၁၁ | **Women's Organization Network**<br><br>ရွှေ့ပြောင်းသွားလာသည့် အလုပ်သမား များ၏ အားနည်းထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းအား အဆုံးသတ်ခြင်း၊ (EVE) စီမံချက်<br><br>ကန်ဒေါ်လာ ၁,၀၅၈,၇၄၉<br><br>၁၀/၁၀/၂၀၁၉ မှ ၃၀/၉/၂၀၂၂ ထိ<br><br>စီမံကိန်းစတင်သည့်အဆင့် | » စီမံချက်အတွက် စာချုပ်ချုပ်ဆို လုပ်ကိုင်မည့် နည်းပညာဆိုင်ရာနှင့် စီမံအုပ်ချုပ်မှု ဆိုင်ရာ ဝန်ထမ်းများ ခန့်အပ်ခဲ့ပြီး ဖြစ်ပါသည်။<br>» MEAL မူဘောင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံချက် ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား ကျင်းပ ဆောင်ရွက်ခဲ့ ပါသည်။<br>» ၂၀၂၀ ခုနှစ်အတွက် လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက် ရေးဆွဲ အကောင်အထည်ဖော်ရန်၊ MEAL စနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ကူညီပံ့ပိုးပေးရန်နှင့် LIFT ၏ လိုအပ်ချက်များကို ရှင်းပြရန်တို့အတွက် WON နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း (၄)ဖွဲ့အကြား ညှိနှိုင်း ဆွေးနွေးသည့် အစည်းအဝေးများ ကျင်းပခဲ့ ပါသည်။<br>» ကျား၊ မ အခြေပြုသည့် အကြမ်းဖက်မှုနှင့် ဥပဒေအထောက်အကူအား မည်ကဲ့သို့ လက်လှမ်းမီ ရယူနိုင်သည်တို့နှင့် ပတ်သက်၍ အသိ ပညာပေး ရန် ပါဝင်ဆောင်ရွက်သူ စုစုပေါင်း ၃၈၃ ဦး အတွက် ၁၆ ရက်တာ လှုပ်ရှားမှု (၂)ခုအား လှိုင်သာယာနှင့် ဒဂုံဆိပ်ကမ်းတို့တွင် စီစဉ် ဆောင်ရွက် ကျင်းပခဲ့ပါသည်။<br>» အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်း သွားလာနေထိုင်သည့် အလုပ်သမားများအား ကူညီပံ့ပိုးပေးရန် အတွက် ယာယီ နေရာထိုင်ခင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း၊ တိုင်ပင်ဆွေးနွေးပေးခြင်း၊ သက်တူဆင့်တူ ကွန်ရက် တည်ဆောက်ခြင်း၊ ကိုက်ညီသည့် အလုပ်ရှာဖွေပေးသည့် ဝန်ဆောင်မှုများ အပါအဝင် ပြီးပြည့်စုံသည့် ကူညီပံ့ပိုး ပေးရန် လှိုင်သာယာနှင့် ဒဂုံဆိပ်ကမ်း တို့တွင် ရွှေ့ပြောင်းသွားလာ နေထိုင်သူများအား ပံ့ပိုးပေးသည့် စင်တာ (၄)ခုကို တည်ထောင် ခဲ့ပါသည်။ |
| ၁၂ | **ActionAid**<br><br>ရန်ကုန်မြို့ပြဒေသများရှိ သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အတွက် လုံခြုံ စိတ်ချ ရသည့် ရွှေ့ပြောင်း သွားလာခြင်း (SEURE) စီမံချက်<br><br>ကန်ဒေါ်လာ ၂,၅၀၀,၀၀၀<br><br>၂၁/၁၀/၂၀၁၉ မှ ၃၀/၉/၂၀၂၀ ထိ<br><br>စီမံကိန်းစတင်သည့်အဆင့် | » စီမံချက် မိတ်ဖက် အဖွဲ့အစည်းများ အားလုံးအတွက် စာချုပ်ချုပ်ဆိုခြင်းနှင့် ဝန်ထမ်း ခန့်ထားခြင်းများ ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။<br>» ဆောင်ရွက်ဆဲ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအတွက် စီစဉ်ရန်နှင့် အစီအစဉ် ရေးဆွဲရန် တို့အတွက် စီမံချက် မိတ်ဖက် အဖွဲ့အစည်းများ သင်တန်းပို့ချသည့် အကူအညီပေးရန် လိုအပ်သည့် နယ်ပယ်များ (ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝယ်ယူရေးနှင့် M&E) အား သတ်မှတ် ဖော်ထုတ်ခဲ့ပြီး ဖြစ်ပါသည်။<br>» အဆိုပြုထားသည့် စီမံချက် လုပ်ငန်းများအား ရပ်ရွာ လူထုခေါင်းဆောင်များနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများမှ နားလည် သဘောပေါက်စေရန် နှင့် ကူညီ ပံ့ပိုးပေးနိုင်စေရန် အတွက် ဦးတည်ရည်ရွယ်သည့် မြို့နယ်များတွင် အလွတ်သဘော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။<br>» စီမံချက် လုပ်ငန်းများအား အပြီးသတ်မှတ်ရန်၊ အခန်းကဏ္ဍနှင့် တာဝန်ယူ ဆောင်ရွက်ရမည်များအား သတ်မှတ်ရန် နှင့် MEAL မူဘောင်အား ရေးဆွဲ အကောင်အထည်ဖော်ရန်တို့အတွက် စီမံချက်စတင်သည့် အလုပ်ရုံ ဆွေးနွေးပွဲအား CSO ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းတို့နှင့် ကျင်းပခဲ့ပါသည်။<br>» LIFT ၏ ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်အား ပို့ချသည့် သင်တန်း အပါအဝင် တစ်ရက်တာ IEC အလုပ်ရုံဆွေးနွေးပွဲအား CSO နှင့် အလုပ်သမား အဖွဲ့အစည်း များနှင့် ကျင်းပခဲ့ပါသည်။ လက်ရှိ IEC အထောက်အကူပြု ပစ္စည်းများအား ပြန်လည် သုံးသပ်ခဲ့ပြီး အထောက်အကူပြု ပစ္စည်း အသစ်များ ဖော်ဆောင်နိုင်ရန် လစ်ဟာမှုများကို ဖော်ထုတ်ခဲ့ပါသည်။<br>» ရွှေ့ပြောင်း အလုပ်သမားများအတွက် အလုပ်ရှင်မှ ပံ့ပိုးပေးသည့် ကလေးသူငယ် စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ ဆိုင်ရာ စူးစမ်းလေ့လာ အဖြေရှာဖွေသည့် သုတေသန စီမံချက်အတွက် သဘောထား အဆိုပြုချက် တစ်ခုအား Asian Institute of Technology နှင့် ရေးသား ပြုစုခဲ့ပါသည်။<br>» ဥပဒေရေးရာ ကုစားရေးအဖွဲ့ မြန်မာမှ ကျားမ အခြေပြု အကြမ်းဖက်မှုနှင့် ဆက်နွယ်နေသည့်ဖြစ်ရပ် (၄၁)ခု အတွက် ဆွေးနွေး လမ်းညွှန်မှု ပေးခြင်း၊ ဖျန်ဖြေပေးခြင်းနှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ ထို့အပြင် ၎င်းတို့၏ ၂၄ နာရီ အရေးပေါ် လမ်းကြောင်း ဝန်ဆောင်မှုများမှတဆင့် ဥပဒေရေးရာ အကြံဉာဏ်များ ထောက်ပံ့ပေးခြင်းအတွက် တယ်လီဖုန်းခေါ်ဆိုမှု ၆၇ ခုအား လက်ခံ ရရှိခဲ့ပါသည်။ |

| စဉ် | IP များ၊ စီမံချက်ခေါင်းစဉ်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် ဘတ်ဂျက် | အရေးကြီးသည့် နောက်ဆုံးအခြေအနေများ |
|---|---|---|
| ၁၃ | People in Need<br><br>အေးချမ်းသောအိမ် – ရွှေပြည်သာမြို့နယ်ရှိ ရွှေ့ပြောင်း အလုပ်သမား များအား စွမ်းရည် မြှင့်တင်ခြင်း စီမံချက်<br><br>ကန်ဒေါ်လာ ၃,၁၅၈,၉၀၀<br><br>၁၀/၁၀/၂၀၁၉ မှ ၃၀/၉/၂၀၂၂ ထိ<br><br>စီမံကိန်းစတင်သည့်အဆင့် | » စီမံချက် အဖွဲ့အား ခန့်ထားခဲ့ပြီး HELVETAS ၊ Koe Koe Tech တို့နှင့် တစ်ဆင့်ခံ စာချုပ်များ ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။<br>» စီမံချက် ဦးဆောင်ကော်မတီအား ဖွဲ့စည်းခဲ့ပြီး ၎င်း၏ ပထမဆုံးအကြိမ် အစည်းအဝေးအား နိုဝင်ဘာလ လယ်တွင် ကျင်းပခဲ့ပါသည်။<br>» စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ခွင့်ပြုချက် ရရှိရန် YCDC နှင့် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။<br>» သွေးစည်းညီညွတ်သော အလုပ်သမားများ သမဂ္ဂ များ အဖွဲ့ချုပ် – မြန်မာမှ စီမံခန့်ခွဲမည် ဖြစ်သော အလုပ်သမား ဖွံ့ဖြိုးရေး စင်တာ (၄)ခု အတွက် နေရာအား ရွှေပြည်သာမြို့နယ်တွင် သတ်မှတ်ခဲ့ပါသည်။ စုပေါင်း ညှိနှိုင်းဆောင်ရွက်မှု၏ အကျိုးရလဒ် များ တည်ဆောက်ရန်နှင့် စီမံချက် လုပ်ငန်းထပ်နေသည်များအား ရှောင်ရှားရန်တို့အတွက် LIFT ၏ အခြား IP များ နှင့် ညှိနှိုင်း ဆွေးနွေးသည့် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ |
| ၁၄ | **World Vision Myanmar**<br><br>ဘိုကလေးမြို့နယ်တွင် အသက် မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း<br><br>(ကုန်ကျစရိတ်ပါဝင်သည့် စီမံချက် သက်တမ်းတိုးခြင်း)<br><br>ဘတ်ဂျက် ။ ကန်ဒေါ်လာ ၈၃၃,၀၃၃<br><br>၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ထိ | စီမံချက်တွင် အဓိက အစိတ်အပိုင်း (၃)ခု – အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း၊ အမျိုးသမီးများအတွက် နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်မည့် စီမံကိန်း ဆောင်ရွက် ချက် နှင့် ကျေးလက်ငွေစု၊ ငွေချေးအသင်း (VSLA) တို့ ပါဝင် ပါသည်။ စီမံချက်မှ ဘိုကလေး ရှိ ကျေးရွာ (၆၀) မှ အကျိုးခံစားခွင့်ရှိသူ အသစ် ၃,၅၇၀ ဦးထံ ရောက်ရှိခဲ့ပါသည်။<br><br>» အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ။ ။ ၂၀၁၉ ခုနှစ်အတွင်း ဆေးဝါးကျွမ်းကျင်သူနှင့် သူနာပြုအကူ၊ အထည်ချုပ်ခြင်း၊ အပ်ချုပ်ခြင်း၊ ယာဉ်မောင်းနှင့် စက်ပြင်၊ ဆံ့ကြို၊ အလှပြင်ခြင်း၊ ဂဟေဆက်နှင့် မော်တာပြုပြင်ခြင်း အပါအဝင် အသက်မွေး သင်တန်း (၁၃)ခုတွင် သင်တန်းသား ၃၆၈ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ သင်တန်းသားများမှ အလုပ်အကိုင် ရရှိခဲ့သည့်သူများ၏ ပျမ်းမျှ ဝင်ငွေမှာ ရည်မှန်းထားသည့် ပန်းတိုင် ဖြစ်သည့် ကန်ဒေါ်လာ ၅၀၀ ထက် ကျော်လွန်ပြီး တနှစ်လျှင် ကန်ဒေါ်လာ ၉၉၈ ဒေါ်လာ ဖြစ်ပါသည်။<br>» အမျိုးသမီးများအတွက် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်မည့် စီမံကိန်း ဆောင်ရွက်ချက် – စီမံချက်ကျေးရွာ (၆၀)မှ အမျိုးသမီး ၃၀၄ ဦးအား စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ GYB – သင့်စီးပွားရေး လုပ်ငန်းအား ဖြစ်ထွန်းစေခြင်း သင်တန်းအား လေ့ကျင့် သင်ကြားပေးခဲ့ပြီး အမျိုးသမီး၂၈၉ဦးအား လေ့ကျင့် သင်ကြားပေးသူများ၏ လမ်းညွှန်မှုဖြင့် ၎င်းတို့မှ စီးပွားရေး အစီအစဉ် တစ်ရပ်ရေးဆွဲ ဖန်တီးနိုင်သည်အထိ SYB – သင်၏ စီးပွားရေးလုပ်ငန်း စတင်ခြင်းအတွက် သင်တန်းများလေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။ လက်ရှိတွင် စီးပွားရေးလုပ်ငန်း အမျိုးအစား (၂၂)မျိုးဖြင့် အသေးစားစီးပွားရေး လုပ်ငန်း (၁၆၆)ခုအား လုပ်ကိုင်နေပြီး၊ ၎င်းတို့သည် ပျမ်းမျှ ထောက်ပံ့မှု ငွေပမာဏ မြန်မာကျပ်ငွေ ၂၅၀,၀၀၀ (ကန်ဒေါ်လာ ၁၆၇) အား ရရှိခဲ့ပါသည်။<br>» ကျေးလက်ငွေစု၊ ငွေချေးအသင်း (VSLA) – စီမံချက်သည် ကျေးရွာ (၆၀)တွင် အဖွဲ့ဝင် ၁,၄၅၁ ဦး (အမျိုးသမီး ၈၈%) ပါဝင်သည့် VSLA အုပ်စု (၈၇)စုအား ဖွဲ့စည်း တည်ထောင်ရာတွင် ပံ့ပိုး ကူညီခဲ့ပါသည်။ အဆိုပါ VSLA အုပ်စု (၈၇) စု၏ စုစုပေါင်း ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှု အစုစုမှာ မြန်မာကျပ်ငွေ ၈ သန်းခန့် ဖြစ်ပါသည်။ အုပ်စုများသည် အဖွဲ့ဝင်များအား တစ်လလျှင် အတိုးနှုန်း ၂% မှ ၃% အကြားဖြင့် အဖွဲ့ဝင်များထံ ငွေချေးပေးနေပါသည်။ |

## နောက်ဆက်တွဲ ၅ ။ ၂၀၁၉ ခုနှစ်တွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

| စိုက်ပျိုးရေးဈေးကွက်နှင့် စားနပ်ရိက္ခာ စနစ်များ | အကြောင်းအရာ |
| --- | --- |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–**<br>စိုက်ပျိုးရေးတန်ဖိုး ကွင်းဆက်များ<br><br>**LIFT ၏ IP** – မိချီဂန်ပြည်နယ် တက္ကသိုလ်<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ။**<br>CESD ၊ IFPRI ၊ DOP, DAR နှင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် | **မြန်မာနိုင်ငံ၏ စိုက်ပျိုး–ရိက္ခာတန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး – ကျေးလက်ဒေသ နွမ်းပါးသူများ အသက်မွေးမှုကို သက်ရောက်ခြင်း**<br><br>စီမံချက်တွင် အစိတ်အပိုင်း (၄)ခု – ၁) မူဝါဒဆိုင်ရာ မဟာဗျူဟာ အကြံပေးခြင်း ၂) စိုက်ပျိုး–ရိက္ခာတန်ဖိုး ကွင်းဆက်များ ၃) အိမ်ထောင်စုနှင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုများ ၄) စွမ်းဆောင်ရည်နှင့် ကွန်ရက် တည်ဆောက်ခြင်း – တို့ပါဝင်ပါသည်။<br><br><u>မူဝါဒဆိုင်ရာ အကြံပေးခြင်း</u><br><br>၂၀၁၉ ခုနှစ်တွင် စီမံချက်သည် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအတွက် ရေရှည်စိုက်ပျိုးရေး သုတေသနဆိုင်ရာ ပြီးပြည့်စုံသည့် လုပ်ငန်း အစီအစဉ် (Master Plan) ရေးဆွဲ အကောင်အထည် ဖော်ဆောင်ရာ တွင် ကူညီပံ့ပိုးပေးရန် အတွက် မြန်မာနိုင်ငံ သုတေသနစနစ် များတွင် လက်ရှိ စွမ်းဆောင် ရည်နှင့် အကန့်အသတ် များ နှင့် စပ်လျဉ်း၍ ရှာဖွေတွေ့ရှိချက်များနှင့် အတူ "<u>မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး သုတေသန ဆိုင်ရာ စွမ်းဆောင်ရည်နှင့် တိုးချဲ့ ပညာပေးခြင်း အကြား ချိတ်ဆက်မှုများ – ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ထောက်ခံ အကြံပြုချက် များ</u>" ခေါင်းစဉ်ဖြင့် အစီရင်ခံစာ တစ်စောင် ထုတ်ဝေခဲ့ပါသည်။ စီမံချက်သည် MoALI ဝန်ထမ်းများ အားလုံး လွတ်လပ်စွာ ပါဝင်ပြီး မူဝါဒဆိုင်ရာ တင်ပြချက်များနှင့် လွတ်လပ် ပွင့်လင်းစွာ ဆွေးနွေး နိုင်သည့် 'မူဝါဒဆိုင်ရာ လွတ်လပ်စွာ ဆွေးနွေး ပြောဆိုနိုင်သည့် ပွဲ' များ ကိုလည်း ကျင်းပပေးခဲ့ပါသည်။ အခြား မူဝါဒဆိုင်ရာ အကြံပေးခြင်း လုပ်ငန်းများတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ARDSCG အစည်းအဝေး၌ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း နှင့် စပ်လျဉ်း၍ သီးနှံနှင့် ဆည်မြောင်းကဏ္ဍခွဲ ညှိနှိုင်း ဆောင်ရွက်သည့် အုပ်စု၏ ဆွေးနွေးမှုများတွင် စီမံချက် ဝန်ထမ်းမှ ပူးတွဲပံ့ပိုးကူညီပေးခြင်းနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ နှင့် ကျေးလက်စီးပွားရေး မူဝါဒ သိပ္ပံတည်ထောင်ခြင်း အတွက် တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ နှင့် ကျေးလက် ရေးရာ ဝန်ကြီးဌာနထံ အယူအဆ တင်ပြချက် အဆိုပြုလွှာ ပြင်ဆင်ရာတွင် ဝန်ကြီးဌာနအား ကူညီပံ့ပိုးခြင်းတို့ ပါဝင်ပါသည်။<br><br><u>စိုက်ပျိုးရိက္ခာတန်ဖိုး ကွင်းဆက်နှင့် အိမ်ထောင်စုများနှင့် လူမှုအသိုက် အဝန်းများ၏ အသက်မွေး ဝမ်းကျောင်းမှုများ</u><br><br>၂၀၁၉ ခုနှစ်တွင် အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေးစစ်တမ်း (READZ) မှ အစီရင်ခံစာ (၂) စောင်အား ထုတ်ဝေခဲ့ပါသည်။ "မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်တွင် စိုက်ပျိုးရေးသုံး စက်ကိရိယာများ ထောက်ပံ့ပေးသည့် စီးပွားရေးလုပ်ငန်း – ဖြစ်ထွန်းမှုနှင့် အသွင်ကူးပြောင်းမှု " အစီရင်ခံစာမှ ယခု အခါတွင် အပူပိုင်းဇုန်၌ စက်ကိရိယာများ ထောက်ပံ့ပေးသည့် စီးပွားရေးလုပ်ငန်း အများအပြားရှိ ကြောင်း ရှာဖွေ တွေ့ရှိခဲ့ပါသည်။ ဘဏ်များ တိုးတက်များပြားလာခြင်းနှင့်အတူ စိုက်ပျိုးရေးသုံး စက်ကိရိယာ ဝယ်ယူခြင်းအတွက် ငွေကြေးထောက်ပံ့မှု များအား ကျယ်ကျယ်ပြန့်ပြန့် ရရှိလာနိုင်ပြီး စက်ကိရိယာ ရောင်းချမှုများ လျင်မြန်စွာ ကြီးထွားလာစေရန် အတွက် ဖြည့်ဆည်းပေးနေပါသည်။ "မြန်မာနိုင်ငံ၏ အပူပိုင်းဇုန် ရှိ စားသုံးဆီ စက်ကဏ္ဍ" အစီရင်ခံစာမှ မြေပဲသည် အပူပိုင်းဇုန် စားသုံးဆီကြိတ်ခွဲသူများမှ ကြိတ်ခွဲသည့် အဓိက အရေးကြီးဆုံး သီးနှံဖြစ်သော်လည်း ပြည်တွင်း စားသုံးဆီ စက်ကဏ္ဍတွင် မြန်မာနိုင်ငံ၏ စုစုပေါင်း ဆီထွက်သီးနှံ ထုတ်လုပ်မှု၏ အနည်းငယ်သော ပမာဏ ကိုသာ အသုံးပြုကြောင်းကို ရှာဖွေတွေ့ရှိပါသည်။ အစီရင်ခံစာမှ စားသုံးဆီစက်ကဏ္ဍအား ပြန်လည် အားဖြည့်ပေးရန်အတွက် ထောက်ခံ အကြံပြုချက်များကိုလည်း ပေးအပ်ပါသည်။<br><br>၂၀၁၉ ခုနှစ်တွင် "ရှမ်းပြည်နယ် အိမ်ထောင်စု စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး ဆန်းစစ်မှု (SHARE)" မှ အစီရင်ခံစာ (၂)စောင်ကိုလည်း ထုတ်ဝေခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် ကျေးလက် အသွင်ကူးပြောင်းမှု – ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး၏ ရပ်ရွာလူထု အစိတ်အပိုင်း များမှ ရလဒ်များ စစ်တမ်း အစီရင်ခံစာမှ ကျေးရွာများတွင် စိုက်ပျိုးရေး ဆိုင်ရာ ကုန်သည်များသည် ချေးငွေအတွက် အလွန်အရေးပါသည့် ရင်းမြစ်ဖြစ်ကြောင်းအား ရှာဖွေ တွေ့ရှိခဲ့ပါသည်။ လွန်ခဲ့သည့် (၅)နှစ်အတွင်း ပုံမှန်ရင်းမြစ်များထံမှ ချေးငွေရယူခြင်းတွင် တိုးတက်မှုများ ရှိခဲ့ပြီး တရားမဝင် ချေးငွေများ၏ အတိုးနှုန်းမှာလည်း သိသိသာသာ လျော့ကျ လာခဲ့ပါသည်။<br><br>"ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း – ထူးခြားသည့် လက္ခဏာများနှင့် အကျိုး ရလဒ်များ" အစီရင်ခံစာမှ အိမ်ထောင်စု (၃)စုအတွက် တစ်စု တွင် ရွှေ့ပြောင်း သွားလာနေထိုင်နေသည့် အိမ်ထောင်စုဝင် အနည်းဆုံး တစ်ဦး ရှိကြောင်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေထိုင်သူ အရေအတွက်သည် ပြည်တွင်း၌ ရွှေ့ပြောင်းသွားလာနေ ထိုင်သူများ ထက် ပိုမိုများပြားသော်လည်း ပြည်တွင်း ရွှေ့ပြောင်း သွားလာနေထိုင်မှုမှာ ပိုမိုလျင်မြန်စွာ တိုးပွားလျက် ရှိပါသည်။ ရှမ်းပြည်တောင်ပိုင်းမှ ရွှေ့ပြောင်း သွားလာ နေထိုင်သူများ အတွက် ထိုင်းနိုင်ငံ နှင့် ရှမ်းပြည်နယ် မြို့ပြဒေသများသည် အများဆုံး သွားရောက်သည့် ဆိုက်ရောက်ဒေသများ ဖြစ်ပါသည်။ |

| | |
|---|---|
| | အစီရင်ခံ တင်ပြနေသည့်ကာလအတွင်း စီမံချက်သည် ဂျာနယ်ဆောင်းပါး၊ သုတေသန စာတမ်းနှင့် သုတေသန စမ်းသပ်မှု အများအပြားနှင့် နောက်အစီရင်ခံတင်ပြမည့် ကာလအတွင်း အပြီးသတ်မည့် အစီရင်ခံစာမူကြမ်းများကို ထုတ်ဝေခဲ့ပါသည်။<br><br><u>စွမ်းဆောင်ရည်နှင့် ကွန်ရက်တည်ဆောက်ခြင်း</u><br><br>စီမံချက်သည် ၂၀၁၉ ခုနှစ်တွင် ဆွေးနွေးပွဲ သင်တန်းငယ်များ၊ မိတ်ဆက်တင်ပြခြင်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ ကဲ့သို့ စွမ်းဆောင်ရည်နှင့် ကွန်ရက်တည်ဆောက်သည့် အခမ်းအနား တော်တော်များများ အား ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့အနက်မှ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး တန်ဖိုး ကွင်းဆက်များနှင့် ကျေးလက် အသွင်ကူးပြောင်းမှု – ငါးနှစ်တာကာလ အတွင်း ပြုလုပ်ခဲ့သော အထောက်အထား အခြေခံသည့် သုတေသန အလုပ်ရုံ ဆွေးနွေးပွဲမှ စီမံချက်ကာလအတွင်း သုတေသန တွေ့ရှိချက် များအားလုံး အား စုစည်းပေးခဲ့ပါသည်။ |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–မြေယာ လုပ်ပိုင်ခွင့် မူဝါဒများ**<br><br>LIFT ၏ IP ။ မြေယာမဏ္ဍိုင် အဖွဲ့ (LCG)<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ ။**<br>MONREC, MOALI, CSOs များ နှင့် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့ အစည်းများ | **မြန်မာနိုင်ငံတွင် မြေယာနှင့် ဆက်စပ်နေသည့် သဘာဝအရင်းအမြစ်များ အပေါ် သာတူညီမျှ လက်လှမ်းမီ ရယူနိုင်မှုနှင့် ထိန်းချုပ်မှုအား ထိန်းသိမ်း စောင့်ရှောက်ခြင်း စီမံချက်**<br><br>၂၀၁၉ ခုနှစ်တွင် စီမံချက်သည် အစိုးရမှ မူကြမ်းရေးဆွဲသည့် အမျိုးသားမြေယာဥပဒေတွင် ပါဝင်အကြံပြုခဲ့ပါသည်။ အမျိုးသား မြေယာအသုံးချမှု ကောင်စီအတွက် နည်းပညာ အကြံပေးအဖွဲ့ ဖွဲ့စည်းသည့်အခါ LCG ၏ အုပ်ချုပ်မှု ဒါရိုက်တာသည် အဖွဲ့၏ အဖွဲ့ဝင် တစ်ဦးဖြစ်လာခဲ့ပါသည်။ အမျိုးသား မြေဥပဒေရေးဆွဲပြုစုခြင်းနှင့် မြေစီမံခန့်ခွဲမှု ဆိုင်ရာ ဥပဒေများ သဟဇာတ ဖြစ်ရေး လုပ်ငန်း ကော်မတီအားလည်း တည်ထောင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် ပြည်ထောင်စုရှေ့နေချုပ်မှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက် ခဲ့ပါသည်။ LCG သည် ပြည်ထောင်စု ရှေ့နေချုပ်ရုံးထံမှ အမျိုးသား မြေယာဥပဒေ မူကြမ်းရှိ အမျိုးသား မြေယာ အသုံးချမှု ဆိုင်ရာ မူဝါဒများ၏ လမ်းညွှန်မှုအား လိုက်နာရန် အတွက် နှုတ်အားဖြင့် ကတိကဝတ်ပြုမှုများအား ရယူနိုင်ခဲ့ပါသည်။<br><br>စီမံချက်သည် သစ်တောဦးစီးဌာန ၊ CSO များနှင့် လူမှုအသိုင်းအဝန်းများနှင့် နီးကပ်စွာ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် သစ်တော စည်းမျဉ်း စည်းကမ်းများ ရေးဆွဲအကောင်အထည် ဖော်ခြင်း တို့တွင် ပံ့ပိုး ကူညီခဲ့ပါသည်။ သစ်တောဦးစီးဌာနသည် စည်းမျဉ်းစည်းကမ်း မူကြမ်းများကို ပြည်သူလူထု နှင့် တွေ့ဆုံဆွေးနွေး သဘောထားရယူ မှုများမှ အဓိက အကြံပြုချက်များနှင့် သဟဇာတ ဖြစ်စေရန် ပြန်လည်ပြင်ဆင်ခဲ့ပြီး၊ ပြန်လည် ပြင်ဆင်ခဲ့သည့် မူကြမ်းအား ပြည်ထောင်စု ရှေ့နေချုပ်ရုံး ထံသို့ တင်ပြခဲ့ပါသည်။<br><br>စီမံချက်သည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် အလုပ်ရုံဆွေးနွေးပွဲ (၃)ခု – ၁) ဌာနဆိုင်ရာ စွမ်းဆောင်ရည် ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ၊ ၂) လယ်ယာမြေ ဥပဒေ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ၃) မြေနုကျွန်း မြေစီမံအုပ်ချုပ်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ – ကိုလည်း အောင်မြင်စွာ ဦးစီးဦးရွက် ပြုခဲ့ပါသည်။ လယ်ယာမြေ ဥပဒေ ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန (DALMS) မှ ၎င်း၏ လယ်ယာမြေဥပဒေ ပြင်ဆင်ချက်များ၏ မူကြမ်းအား တင်ပြခဲ့ပြီး အဓိက လွှတ်တော် ကိုယ်စားလှယ်များမှ ၎င်းတို့အား ပြည်သူ့လွှတ်တော်တွင် လယ်ယာမြေ ဥပဒေပြင်ဆင်ချက် မူကြမ်း အပေါ် နောက်တကြိမ် ဆွေးနွေးရာတွင် ယင်းတို့အား အသုံးပြုရန် အတွက် ကတိကဝတ် ပြုခဲ့ပါသည်။ မြေနုကျွန်းမြေ စီမံအုပ်ချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် DALMS သည် CSO များအား အလုပ်ရုံ ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ရန် အတွက်ဖိတ်ခေါ်ခဲ့ပါသည်။<br><br>စီမံချက်သည် မြေယာသုတေသနနှင့် လေ့လာမှု အများအပြားအား ထုတ်ဝေခဲ့ပါသည်။ ယင်းတို့တွင် CSO များမှ မြန်မာနိုင်ငံတွင် မြေယာသိမ်းဆည်းခြင်း ဆိုင်ရာ လေ့လာမှု (၁၀)ခု၊ Resource Rights for the Indigenous Peoples မှ နာဂပြည် ဓလေ့ထုံးတမ်း မြေယာနှင့် သစ်တော သယံဇာတ စီမံခန့်ခွဲမှုစနစ် နှင့် သစ်တော နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် မဟာဌာနကြီးတစ်ခုမှ ရေးသားပြုစုသည့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ပြဿနာများ ဖြစ်ပွားလျက်ရှိသော မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ် သုံးခု၏ မြေယာအသုံးချမှုနှင့် မြေယာ လုပ်ပိုင်ခွင့် ဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာချက် တို့ ပါဝင်ပါသည်။ |

| | |
|---|---|
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု<br><br>**LIFT ၏ IP –** International Fertilizer Development Center<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း –** စိုက်ပျိုးရေးဦးစီးဌာန | **အပူပိုင်းဇုန် စိုက်ပျိုးရေးသွင်းအားစုနှင့် လယ်ယာဝန်ဆောင်မှုများ စီမံချက်**သည် အရည်အသွေး ပြည့်ဝသည့် လယ်ယာသွင်းအားစု များနှင့် အကြံပေး ဝန်ဆောင်မှုများမှတဆင့် ထုတ်လုပ်နှင့် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေများ တိုးတက်စေရန် အတွက် ရည်ရွယ်ပါသည်။ စီမံချက်မှ ၎င်း၏ လေ့လာသင်ယူမှုများနှင့်အတူ အစိုးရ – ပုဂ္ဂလိက မိတ်ဖက်ပြုမှုနှင့် စပ်လျဉ်းသည့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများအားလည်း ကူညီထောက်ပံ့ပေးခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် နေပြည်တော်၌ စီမံချက်သည် ယင်းအချိန်အထိ အပူပိုင်းဇုန်စီမံချက် အစိတ်အပိုင်း၏ ပြီးစီးအောင်မြင်မှုများကို မျှဝေရန်နှင့် တောင်တန်းဒေသ စီမံချက် အစိတ်အပိုင်းအသစ်အား အသိပေးရန် တို့အတွက် အလုပ်ရုံ ဆွေးနွေးပွဲ (၁)ခုအား ကျင်းပခဲ့ပါသည်။ တောင်သူကိုယ်စားလှယ်များ၊ အစိုးရ အရာရှိများ၊ လွှတ်တော်အမတ်များ၊ သွင်းအားစု ဝန်ဆောင်မှု ပေးအပ်သူများ၊ EAO ကိုယ်စားလှယ်များ၊ NGO ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ နှင့် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံး ဓာတုဗေဒပစ္စည်းများ လုံခြုံစိတ်ချစွာ အသုံးပြုခြင်းတို့အား မြှင့်တင် ရာတွင် ပုဂ္ဂလိက ကဏ္ဍနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ အစည်းများ ၏ အခန်းကဏ္ဍအား ဆွေးနွေးခဲ့ပါသည်။<br><br>အလုပ်ရုံဆွေးနွေးပွဲတွင် သွင်းအားစု ဝန်ဆောင်မှုပေးအပ်သူများမှတဆင့် DOA ၏ ကျွမ်းကျင်မှုအား များပြားသည့် အရေအတွက် ရှိသော တောင်သူများနှင့် ချိတ်ဆက်ရာတွင် အလွန် ကုန်ကျစရိတ် သက်သာသော နည်းလမ်းဖြစ်သည့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှု မော်ဒယ်လ်ပုံစံအား ထောက်ခံချက် ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် စီမံချက်သည် ယင်းမော်ဒယ်လ်ပုံစံအား အသုံးပြု၍ ပြောင်း/ စပါးနှင့် နှမ်းစိုက်ပျိုးမှုအား လက်တွေ့ပြသခြင်းမှ ပိုမိုကောင်းမွန်သည့် အထွက်နှုန်းသည် ၂၀၁၈ ခုနှစ် နှင့် နှိုင်းယှဉ်ပါက နှမ်းအတွက် ၂၀၁၈ ခုနှစ် အချက်အလက်များ မရရှိနိုင်သော်လည်း ပျမ်းမျှ အမြတ် တိုးတက်မှုတွင် ပြောင်း၌ ၈၂% နှင့် စပါး၌ (၅၈%) တိုးတက်ခဲ့သည့် ရလဒ်ကို ရရှိခဲ့ပါသည်။ အကြောင်းရင်းမှာ ဤမော်ဒယ်လ်ပုံစံတွင် ဓာတ်မြေဩဇာ စီမံခန့်ခွဲမှု၊ သီးနှံဖျက် ပိုးမွှား များအား အချိန်မီ ထိန်းချုပ်နိုင်မှု၊ မြေဆီလွှာ စီမံခန့်ခွဲမှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှုတို့တွင် လယ်ယာသီးနှံ စိုက်ပျိုးရေးဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များ အား အလေးထား ဆောင်ရွက်ခဲ့ သောကြောင့် ဖြစ်ပါသည်။<br><br>၂၀၁၉ ခုနှစ်တွင်၊ စီမံချက်မှ ဓာတ်မြေဩဇာ အရည်အသွေးအား ဖြေရှင်းရန်အတွက် ယုံကြည်သည့် စာတမ်း (၂) စောင်အား ထုတ်ဝေခဲ့ပြီး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော သီးနှံထုတ်ကုန်များ၏ ရရှိနိုင်မှု၊ ဒေသခံများ၏ ဗဟုသုတ၊ လုံခြုံစိတ်ချစွာ အသုံးပြုမှုနှင့် စီမံခန့်ခွဲခြင်းတို့အပေါ် လေ့လာမှု တစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** ဧရာဝတီတိုင်း ဒေသကြီးတွင် အသေးစား ငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး<br><br>**LIFT ၏ IP –** ပေါင်းစုလုပ်အား အကူအညီ ပေးရေး အဖွဲ့ (NAG)<br><br>**ပူးပေါင်းဆောင်ရွက် အဖွဲ့အစည်းများ –** ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့၊ ငါးလုပ်ငန်း ဦးစီးဌာန၊ ဧရာဝတီတိုင်း ဒေသကြီး ရေလုပ်သားငယ်များ ကွန်ရက် | **ရေဝပ်ဒေသရှိ ရေ၊ သယံဇာတများ စုပေါင်း စီမံခန့်ခွဲမှု မြှင့်တင်ရေး စီမံချက်**သည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ဒေသဆိုင်ရာ မူဝါဒအသစ်နှင့် ဥပဒေ အသစ်များ အကောင်အထည် ဖော်ခြင်းမှ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် လူမှုအသိုင်းအဝိုင်းမှ ၎င်းတို့၏ ဥပဒေ ဆိုင်ရာ အခွင့်အရေး များအား အသိပညာပေးရန်နှင့် ခံစားနိုင်ရန် တို့အတွက် ကူညီပံ့ပိုးပေးရန် ကြိုးပမ်းပါသည်။<br><br>၂၀၁၇ ခုနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရသည် မြန်မာကျပ် (၄)သန်း အောက် ငါးဖမ်းလုပ်ကွက် ငှားရမ်းခြင်းနှင့် တင်ဒါများ နှင့် ပတ်သက် ဆက်နွယ်သူများ အကြား ပဋိပက္ခ ဖြစ်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့သော ငါးဖမ်းလုပ်ကွက် ငှားရမ်းခြင်း နှင့် တင်ဒါများအား ပူးတွဲစီမံခန့်ခွဲရန် အတွက် ရပ်ရွာလူထု များအား ပေးအပ်ရမည်ဆိုသည့် မူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၉/၂၀ ငါးဖမ်း ရာသီအတွက် စီမံချက်သည်မြို့နယ် ၁၈ မြို့နယ်တွင် ဒေသခံ ငါးလုပ်ငန်း စုပေါင်း စီမံခန့်ခွဲရေးအသင်းများမှတဆင့် ငါးဖမ်းလုပ်ကွက် (၁၉၈)ကွက် အတွက် လုပ်ကိုင်ခွင့် လျှောက်ထားရာတွင် လူမှုအသိုင်းအဝန်းများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ အဆိုပါပံ့ပိုး ကူညီမှုသည် လေလံပွဲ၌ ငါးဖမ်း လုပ်ကွက် (၁၆၆)ကွက်အား ရပ်ရွာ လူထုအုပ်စုများမှ အောင်မြင်ခဲ့ သည်အထိကောင်းမွန်စွာ အလုပ် ဖြစ်ခဲ့ပါသည်။<br><br>လွန်ခဲ့သည့်နှစ်က ဧရာဝတီ ရေချိုငါးလုပ်ငန်းဥပဒေ သစ် ရေးဆွဲရာတွင် ကူညီပံ့ပိုးပေးပြီးသည့် နောက်ပိုင်း တွင် ၂၀၁၉ ခုနှစ်တွင် စီမံချက်သည် ရပ်ရွာလူထု ငါးလုပ်ငန်း စုပေါင်း စီမံခန့်ခွဲရေး အသင်း များ မှတ်ပုံတင်ခြင်းနှင့် စီမံအုပ်ချုပ်ရေးတို့အား အထောက်အကူပြုသည့် ယင်းဥပဒေ၏ နည်းဥပဒေ မူကြမ်းရေးဆွဲခြင်းအပေါ်၌ အာရုံစိုက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလ (၁၀)ရက်နေ့တွင် ဧရာဝတီ ရေချိုငါးလုပ်ငန်း နည်းဥပဒေအား ပြဌာန်းခဲ့ပါသည်။ တိုင်းဒေသကြီးအစိုးရမှ NAG အား ယင်းနည်းဥပဒေအား မိတ္တူကူးယူပြီး ဖြန့်ဝေပေးရန် တောင်းဆိုခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် NAG သည်ယင်းအား မိတ္တူ အစောင်ရေ ၃,၀၀၀ ကူးယူခဲ့ပြီး တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် အခြား ဆက်စပ်နေသည့် အစိုးရဌာနများ၊ ဧရာဝတီတိုင်း ဒေသကြီး ရေလုပ်သားငယ်များ ကွန်ရက်နှင့် လူမှုအသိုင်းအဝန်းများ ထံ မျှဝေပေးခဲ့ပါသည်။ စီမံချက်မှ ငါးလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်း၍တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် (၁၉) မြို့နယ်တွင် အသိပညာပေးသည့် အစည်းအဝေးများကိုလည်း စီစဉ်ကျင်းပခဲ့ပါသည်။<br><br>စီမံချက်မှ ဖော်လုပ်သားများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အတွက် ကာကွယ် စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ကျားဖောင် ရာသီပြီးဆုံးပြီးသည့်နောက်ပိုင်း ဖျာပုံနှင့် ဒေးဒရဲ မြို့နယ်တို့တွင် ‘ကျားဖောင်’ ငါးဖမ်း အလုပ်သမား များနှင့် ပိုင်ရှင်များ အား လေ့လာမှု တစ်ရပ်ကို လည်း ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် လေ့လာမှုမှ ရှာဖွေတွေ့ရှိ ချက်များ အား မျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပခဲ့ပါသည်။ |

| | |
|---|---|
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** စားနပ်ရိက္ခာဖူလုံမှု မူဝါဒဆိုင်ရာ နည်းကိရိယာများ တိုးတက်ရေး<br><br>**LIFT ၏ IP –** စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** စိုက်ပျိုးမွေးမြူရေး၊ ဆည်မြောင်း ဝန်ကြီးဌာန၊ ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့၊ LIFT ၊ မြေယာ မဏ္ဍိုင်အဖွဲ့ (LCG) ၊ ပြည်တွင်း CSO များ ၊ အလှူရှင်များနှင့် INGO များ | **မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရင်းအမြစ်များနှင့် မိတ်ဖက်များကို စုစည်းခြင်း အဆင့် ၂**<br><br>ဤစီမံချက်သည် FSWG အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်းနှင့် ၎င်းတို့အား မူဝါဒ ချမှတ်သူများနှင့် ထိရောက်မှု ရှိသည့် ပူးပေါင်း ဆောင်ရွက်ခြင်းကို အားပေးခြင်း တို့ဖြင့် မြန်မာနိုင်ငံတွင် ထိရောက်သည့် စားနပ်ရိက္ခာ ဖူလုံရေး ဆိုင်ရာ မူဝါဒများအား ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ ယင်းရည်မှန်းချက်အား ဦးတည်၍ FSWG သည် အဓိကအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးနှင့် နေပြည်တော်တို့တွင် ပြည်သူလူထုနှင့်တိုင်ပင်ဆွေးနွေး သဘောထားရယူခြင်းများမှတဆင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၇–၂၀၁၈ မှ ၂၀၂၁–၂၀၂၂ အထိ) အောင်မြင်စွာ ရေးဆွဲပြုစုပြီး စတင် မိတ်ဆက်ပေးနိုင်ရန် တို့အတွက် MoALI အား နည်းပညာအရရော ဘဏ္ဍာရေးအရပါ ကူညီပံ့ပိုးပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် FSWG ဝန်ထမ်းများသည် ဤလုပ်ငန်းတွင် ၎င်းတို့၏ ပါဝင် ပတ်သက်မှုအား နေပြည်တော်တွင် ပြုလုပ်သည့် စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုး တိုးတက်ရေး ကဏ္ဍ ညှိနှိုင်းအစည်းအဝေးတွင် MoALI၊ အခြား ဝန်ကြီးဌာနနှင့် လွှတ်တော် ဆိုင်ရာ ကိုယ်စားလှယ်များ နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လူမှုအသိုက်အဝန်းများမှ တက်ရောက်လာ သူများထံ တင်ပြခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ်တွင် စီမံချက်သည် အဖွဲ့ဝင်နှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မူဝါဒဆိုင်ရာ အားပေးထောက်ခံမှု အခမ်းအနား (၄)ခု အား ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းတို့တွင် ကျေးလက်ထင်း စိုက်ပျိုးခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (FSWG နှင့် သစ်တောဦးစီးဌာန)၊ CSO မှ ဦးဆောင်သည့် သစ်တောဥပဒေနှင့် စည်းကမ်းများ အပေါ် ဆွေးနွေး တိုင်ပင် သဘောထားရယူခြင်း (FSWG ၊ MATA နှင့် ATAA) ၊ အစားအသောက် ဘေးကင်းစိတ်ချရမှု နှင့် ကုန်သွယ်ရေး မူဝါဒ ဆိုင်ရာ သုတေသန တင်ပြချက် (FSWG နှင့် ICCO) နှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၏ကြံ့ကြံ့ခံနိုင်စွမ်း ရှိမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု ရှိခြင်း နှင့်စပ်လျဉ်းသည့် မျက်နှာစုံညီ ဆွေးနွေး ပွဲ (FSWG နှင့်IIRR) တို့ ပါဝင်ပါသည်။ စီမံချက်မှ သုတေသန အစီရင်ခံစာ (၂)စောင်၊ မူဝါဒဆိုင်ရာ ဆန်းစစ်မှု (၂)ခုနှင့် အနှစ်ချုပ်စာတမ်း(၃) စောင် တို့အား ထုတ်ဝေခဲ့ပါသည်။<br><br>ပဲခူးတိုင်းဒေသကြီးအစိုးရမှ ၎င်း၏ တိုင်းဒေသကြီးအတွက် စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ စီမံချက် (၂၀၂၀–၂၀၂၅) အား ရေးဆွဲ အကောင်အထည်ဖော်ရာ တွင် ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ ထို့အတွက်ကြောင့် ၂၀၁၉ ခုနှစ် မေလမှစတင်၍ FSWG သည် ၂၀၁၉ ခုနှစ်တွင် ရေးဆွဲပြုစုမည့် မဟာဗျူဟာမြောက် အစီအစဉ်အား ရေးဆွဲပြုစုခြင်း နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ဌာနဆိုင်ရာနှင့် တိုင်းဒေသကြီး အစိုးရအရာရှိများနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပရန် အတွက် နည်းပညာနှင့် ဘဏ္ဍာရေး ဆိုင်ရာ ကူညီပံ့ပိုးမှုအား ၂၀၁၉ ခုနှစ် စက်တင်ဘာလ စီမံချက် ပြီးဆုံးချိန်အထိ ပေးအပ်ခဲ့ပါသည်။ |
| **ပဋိပက္ခဒဏ်ခံရသည့် ဒေသများ** | |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** ပဋိပက္ခ ဒဏ် ခံရသည့် ဒေသများတွင် မူဝါဒနှင့် စီမံ အုပ်ချုပ်မှု မြှင့်တင်ရေး<br><br>**LIFT ၏ IP –** The Border Consortium<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** နယ်လှည့်နှင့် ကျောပိုးအိမ် ကျန်းမာရေး လုပ်သား အဖွဲ့၊ မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်း၊ ကရင်ကျန်းမာရေး နှင့် လူမှုရေးဌာန၊ ကရင်သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှု ကွန်ရက်၊ ကရင် လူ့ အခွင့်အရေးအဖွဲ့၊ ကရင် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ကရင် အမျိုးသမီး အစည်းအရုံး၊ တနင်္သာရီ မြစ်မကြီး နှင့် ဌာနေ တိုင်းရင်းသားများ ကွန်ရက် | **တောင်တန်းဒေသ အာဟာရဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအတွက် ရေရှည်တည်တံ့သည့် အသွင် ကူးပြောင်းမှု (STAND UP)**<br><br>စီမံချက်သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် နေထိုင်ကြသည့် လူမှု အသိုင်းအဝိုင်းများ အတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်စေရန် အတွက် ဒေသခံ အဖွဲ့အစည်း (၈)ဖွဲ့နှင့် လုပ်ကိုင် ဆောင်ရွက်နေပါသည်။ အဆိုပါဒေသများတွင် စိုက်ပျိုးရေးမြေယာ ပိုင်ဆိုင်မှု လုံခြုံစိတ်ချရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် အာဟာရဖွံ့ဖြိုးမှုတို့အား တိုက်ရိုက်ကူညီပံ့ပိုးပေးသည့် စီမံချက် ဆောင်ရွက်ချက် များအပေါ် အာရုံစိုက်သော်လည်း စီမံချက်သည် အဆိုပါ ဒေသများတွင် မူဝါဒနှင့် စီမံအုပ်ချုပ်မှု တိုးတက်ရန်အတွက် နည်းပညာ အကူအညီအားလည်း ပေးအပ် ပါသည်။<br><br>၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စီမံချက်သည် နေရပ်စွန့်ခွာခဲ့သည့် လူမှုအသိုင်းအဝိုင်းများ အတွက် မြေယာလုပ်ပိုင်ခွင့် ပြန်လည် ပေးအပ်ခြင်း နှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြသည့် စာတမ်းတစောင်အား ပြုစုခဲ့ပါသည်။ စီမံချက်သည် စာတမ်းအပေါ် အခြေခံ၍ ဦးတည် ရည်ရွယ်သည့် အုပ်စုများနှင့် စပ်လျဉ်း သည့် အကျဉ်းချုပ် ဖော်ပြချက်များနှင့် ရန်ကုန်မြို့၌ မည်သူမဆို တက်ရောက်နိုင်သည့် အစည်းအဝေး (၁)ခုအား ထိုလအတွင်း၌ပင် ပြုလုပ်ခဲ့ပါသည်။<br><br>အထက်ဖော်ပြပါ အခမ်းအနားများအား ကျင်းပပြုလုပ်ပြီးနောက် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် KNU ၏ သစ်တောဌာနတို့အကြား သမိုင်းဝင် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးအား စီမံချက်၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လ (၃၀)ရက်နေ့တွင် နေပြည်တော်၌ ဆက်လက် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသည် နှစ်ဖွဲ့ကြား ပထမဆုံး အစည်းအဝေးဖြစ်ခဲ့ပြီး အပြုသဘော ဆောင်ခဲ့ ပါသည်။ အစည်းအဝေး၏ ဆွေးနွေးမှုများတွင် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်၊ ရပ်ရွာလူထု အစုအဖွဲ့ပိုင် သစ်တော၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဌာနေတိုင်းရင်းသား လူမှု အသိုက်အဝန်းများ၏ အခွင့်အရေးတို့အား လွှတ်လပ်ပြီး ကြိုတင်၍ အသိပေး သဘောထား ရယူခြင်းတို့ ပါဝင်ပါသည်။ အစီရင်ခံ တင်ပြနေသည့် ကာလအတွင်း စီမံချက်သည် KNU ထိန်းချုပ်ထားသည့် ဒေသများ တွင် ၎င်းတို့၏ မြေယာမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် KNU ၏ စိုက်ပျိုးရေးဌာန၏ အုပ်ချုပ်ရေး ဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန်အတွက် နည်းပညာ ဆိုင်ရာ အကူအညီအားလည်း ပေးအပ်ခဲ့ပါသည်။ |

| သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | |
|---|---|
| **မူဝါဒဆိုင်ရာ အကြောင်းအရာ** – သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် နှင့် ရွှေ့ပြောင်း သွားလာနေထိုင်ခြင်း မူဝါ ဆိုင်ရာ အားပေးထောက်ခံမှုအား မီဒီယာ တွင် အကျယ်တဝင့် ဖော်ပြ ခြင်းနှင့် ဆွေးနွေး အဖြေရှာခြင်းများ<br><br>**LIFT ၏ IP** – BBC Media Action<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ** – မြန်မာ့ရုပ်မြင်သံကြား၊ ပြည်နယ် (၇)ခု မှ မီဒီယာ မိတ်ဖက် အဖွဲ့အစည်း (၉)ဖွဲ့၊ MAP Radio ၊ ထိုင်းနိုင်ငံ မဲဆောက်ရှိ မီဒီယာ မိတ်ဖက် အဖွဲ့အစည်း (၁)ဖွဲ့ | **ရေကြည်ရာ ။ ။ မီဒီယာအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်း သွားလာမှု**<br><br>၂၀၁၉ ခုနှစ် ဧပြီလမှ စတင်၍ ရေကြည်ရာစီမံချက်သည် မြန်မာနိုင်ငံအတွင်း အလုပ်သမား ရွှေ့ပြောင်းသွားလာမှုအပေါ် မီဒီယာတွင် ပိုမိုသတင်းအချက်အလက်ပေးပြီး အကျယ်တဝင့် ဖော်ပြခြင်းနှင့် အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမား သမဂ္ဂများနှင့် ရွှေ့ပြောင်း သွားလာနေထိုင်သူများ အပါအဝင် အဓိက ပါဝင် ပတ်သက်ဆက်နွယ်နေသူများအကြား အလုပ်သမား ရွှေ့ပြောင်း သွားလာ နေထိုင်ခြင်း ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အစီအစဉ်များ နှင့် စပ်လျဉ်း၍ ဆွေးနွေး အဖြေရှာမှု တိုးတက်စေခြင်းတို့အား ကူညီပံ့ပိုးပေး ရန် အတွက် နှင့်ထပ်မံ၍ အစိတ်အပိုင်းတစ်ခုအား ထည့်သွင်းရန် တို့ အတွက် တိုးချဲ့ခဲ့ပြီး ဖြစ်ပါသည်။ အစီရင်ခံ တင်ပြနေသည့် ကာလ အတွင်း စီမံချက်သည် အဆိုပါ အစိတ်အပိုင်းအတွက် လုပ်ကိုင် ဆောင်ရွက်ရန် အတွက် လူ့စွမ်းအား အရင်းအမြစ် များအား စုစည်းခဲ့ပါသည်။<br><br>လုပ်သားရွှေ့ပြောင်း သွားလာနေထိုင်ခြင်းနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ဆိုင်ရာ ကိစ္စရပ်များအပေါ် မီဒီယာတွင် သတင်းအချက်အလက်များအား ပိုမို၍ အကျယ်တဝင့် ဖော်ပြခြင်းနှင့် ဆွေးနွေးအဖြေရှာမှုတိုးတက်စေခြင်း တို့အတွက် ကူညီ ပံ့ပိုးပေးရန် ရေကြည်ရာ သည် တနိုင်ငံလုံးရှိ ပရိတ်သတ်များထံ ရောက်ရှိစေရန်၊ ရုပ်မြင်သံကြား တွင် ထုတ်လွှင့်ပြသရန်နှင့် လူမှုကွန်ရက်တွင် ဖော်ပြရန်တို့အတွက် မီဒီယာ ထုတ်လုပ်မှုများအား ထုတ်လုပ်သွားမည်ဖြစ် ပါသည်။ရုပ်မြင်သံကြား တွင် ထုတ်လွှင့်မည့် ရေကြည်ရာ ဝေဖန်ဆွေးနွေးခြင်း/ ဆွေးနွေးပွဲများအား မြန်မာနိုင်ငံ၏အဓိက လုပ်ငန်းကဏ္ဍများနှင့် အာဆီယံဒေသအတွင်း သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားပြောင်းရွှေ့သွားလာ နေထိုင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများအတွက် ကိစ္စရပ်များ၊ ချဉ်းကပ် နည်းလမ်းများနှင့် ဖြေရှင်းနည်းလမ်းများအား အခြေ အတင် ဝေဖန်ဆွေးနွေးရန်နှင့် ဆွေးနွေးရန် တို့အတွက် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ အစိုးရ၊ သမဂ္ဂများ၊ အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများ၊ လုပ်ငန်းရှင် များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့ ကဲ့သို့သော ပတ်သက်ဆက်နွယ်သူ များ အား ခေါ်ယူ၍ရိုက်ကူး ထုတ်လုပ်သွားမည် ဖြစ်ပါသည်။ အဆိုပါ အခြေအတင် ဝေဖန်ဆွေးနွေးခြင်းများသည် ရွှေ့ပြောင်း သွားလာနေထိုင်သူများနှင့် အလုပ်သမားများ အတွက် ၎င်းတို့၏ အသံများအား ကြားစေရန်နှင့် ဥပမာအမျိုးသမီး ရွှေ့ပြောင်း အလုပ်သမားများ ကဲ့သို့ ဖယ်ကျဉ်ခံထားရနိုင်ချေရှိသည့် အုပ်စုများ ပါဝင်နိုင်ရန် နေရာပေးခြင်း ဖြင့် ၎င်းတို့၏ အတွေ့အကြုံများ နှင့် ၎င်းတို့အတွက် အရေးပါသည့် ကိစ္စရပ်များအား ကြားသိနိုင်စေရန် ဖြစ်ပါသည်။<br><br>စီမံချက်သည် အဓိက အကြောင်းအရာ နယ်ပယ်နှင့် ဆွေးနွေးမည့် ခေါင်းစဉ် (၁၁)ခုအား ရှာဖွေ ဖော်ထုတ်ခဲ့သည့် ကြိုတင်ပုံဖော် ပုံစံချထားသည့် သုတေသန တစ်ခုအား ပြုလုပ်ခဲ့ပါသည်။ အဓိက အကြောင်းအရာ (၁၁)ခုမှာ အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေးများ၊ လုပ်ငန်းခွင်၌ ခွဲခြား ဆက်ဆံခြင်း၊ လုပ်ငန်းခွင်၌ ကျန်းမာရေးနှင့်ဘေးကင်း လုံခြုံရေး၊ အလုပ်သမား အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ ကလေးလုပ်သား၊ အလုပ်သမား သမဂ္ဂများ၊လူမှုဖူလုံရေး ကဒ်ပြားများ၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်တန်းဆိုင်ရာ အခွင့်အလမ်းများ၊ MOU စနစ်၊ လုပ်ငန်းခွင်၌ ခွဲခြား ဆက်ဆံခြင်းနှင့် နယ်စပ်ဖြတ်ကျော် ငါးဖမ်းသူများ၏ ကိစ္စရပ်များတို့ ဖြစ်ပါသည်။ စီမံချက်သည် ဇာတ်ကြောင်း ပြော ပြခြင်းနှင့် ဆွေးနွေးခြင်းတို့ ရောစပ်ထားသည့် ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ်၏ တမူထူးခြားသည့် ပုံစံကို လည်း ရေးဆွဲခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် စီမံချက်သည် ဧရာဝတီ၊ မကွေး၊ မန္တလေး၊ ပဲခူး နှင့် ရန်ကုန်တိုင်း ဒေသကြီးများနှင့် ကရင်ပြည်နယ်တို့တွင် ဆွေးနွေးပွဲ (၆)ခုအား ရိုက်ကူး မှတ်တမ်းတင်ခဲ့ပါသည်။<br><br>စီမံချက်မှ ၎င်း၏ ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာပေါ်တွင် မြန်မာဘာသာဖြင့် အကြောင်းအရာ များအားလည်း ဖော်ပြပေးခဲ့ပါသည်။ အဆိုပါ ဖော်ပြခဲ့သည့် အကြောင်းအရာများသည် ၎င်း၏ ရုပ်မြင်သံကြား ဆွေးနွေးခန်းများအား မြှင့်တင်ရန်နှင့် ပြည့်စုံစေရန် အတွက် သာမက အွန်လိုင်းပေါ်ရှိ ပရိသတ်များအား ဦးတည် ရည်ရွယ်သည့်သီးခြား အကြောင်းအရာ ကိုလည်း ပေးအပ်နိုင်ရန် တို့အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ အဆိုပါ အွန်လိုင်းအကြောင်းအရာ များသည် အလုပ်သမားရွှေ့ပြောင်း သွားလာခြင်းနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် နှစ်ခုစလုံးတို့အား အလေးထား အာရုံစိုက် ဖော်ပြ ခဲ့ပါသည်။<br><br>စီမံချက်သည် အလုပ်သမားရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာ ပတ်သက် ဆက်နွယ်သူများ အကြား ပိုမို၍ ဟန်ချက်ညီပြီး အားလုံး ပါဝင်သည့် ဆွေးနွေး အဖြေရှာခြင်းအတွက် အခွင့်အလမ်းများ တိုးပွား လာခြင်းအား ဖန်တီးရန်အတွက် ၂၀၂၀ ခုနှစ်တွင် ရုပ်မြင်သံကြား အခြေအတင် ဆွေးနွေးခြင်း/ ဆွေးနွေးမှုများကို ထုတ်လုပ်ရန် အစီအစဉ်ရေးဆွဲပါသည်။ စီမံချက်မှ ဖေဖော်ဝါရီလ အတွက် ဆွေးနွေးမှု အပိုင်း (၂)ပိုင်း – တစ်ခုမှာ "နားလည်မှု သဘောတူညီချက်" (MOU) နှင့် ဆက်စပ်နေပြီး နောက်တစ်ခုမှာ "အလုပ်သမား အငြင်းပွားမှုများ" နှင့် သက်ဆိုင် သည်– ဆွေးနွေးမှု၊ မတ်လအတွက် "လုပ်ငန်းခွင်၌ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှု အပိုင်းတစ်ပိုင်းနှင့်မေလ ၂၀၂၀ခုနှစ်အတွက် ဆွေးနွေးမှု အပိုင်း ၂ ပိုင်း – တစ်ခုမှာ "လူမှုဖူလုံရေး ကဒ်ပြား" နှင့် အခြား တစ်ခုမှာ "ငါးဖမ်းလုပ်ငန်း" ဆိုင်ရာ ဆွေးနွေးမှု – တို့အား ရိုက်ကူး မှတ်တမ်းတင်ရန် အတွက် အစီအစဉ် ရေးဆွဲထားခဲ့ ပါသည်။ |

**မူဝါဒဆိုင်ရာ အကြောင်းအရာ–** ပြည်တွင်းနှင့် ပြည်ပ သို့ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း အတွက် မူဝါဒနှင့် ဥပဒေ မူဘောင် ဖွံ့ဖြိုးတိုးတက်ရေး

**LIFT ၏ IP –** အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာ အဖွဲ့

**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း –** အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

**ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်းသွားလာရေး စီမံအုပ်ချုပ်မှု**

စီမံချက်သည် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများနှင့် ဥပဒေများ တိုးတက်စေရန်အတွက် ရည်ရွယ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း တိုးတက်မှု အချို့ ရရှိခဲ့ပါသည်။

<u>အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ဒုတိယအဆင့် (၅)နှစ် စီမံကိန်း (၂၀၁၈–၂၀၂၃) ရေးဆွဲခြင်း</u>

စီမံချက်မှ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်တာ  လုပ်ငန်းစီမံချက် (၂၀၁၈–၂၀၂၃) ရေးဆွဲရန် အတွက် အစိုးရနှင့် အခြား ပတ်သက်ဆက်နွယ် သူများထံ နည်းပညာ အကူအညီ ပေးအပ်ခဲ့ပြီး ရေးဆွဲရေး လုပ်ငန်းစဉ်တွင် အလုပ်သမား အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင် ဆောင်ရွက် စေခဲ့ပါသည်။ သို့ဖြစ်၍ စီမံချက်သည် ရွှေ့ပြောင်း သွားလာနေထိုင်သူများ ၏ အခွင့်အရေးများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများအား အနိုင်အထက် ပြုကျင့်ခြင်းနှင့် အလွဲသုံးစား ပြုလုပ်ခြင်းတို့မှ ကာကွယ်တားဆီး ပေးရန်အတွက် မူဝါဒနှင့် အလေ့အကျင့်များအား ပိုမိုကြီးမားသည့် အာရုံစိုက်မှု ပေးခဲ့ပါသည်။ MOLIP သည် ၂၀၁၉ ခုနှစ် မေလ (၁၁)ရက်နေ့တွင် နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်တာ  လုပ်ငန်းစီမံချက် (၂၀၁၈–၂၀၂၃) အား စတင် ဆောင်ရွက်ခဲ့ပြီး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။ စီမံချက် ဝန်ထမ်း (၂)ဦးသည် အဖွဲ့တွင် တရားဝင် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

<u>အိမ်အကူအလုပ်သမားများအား ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်း</u>

စီမံချက်သည် အိမ်အကူအလုပ်သမားများအား ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ လုပ်ငန်းအဖွဲ့သည် အိမ်အကူ အလုပ်သမားများအား ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်းသို့ ဦးတည်သည့် လူထု သဘောထား စစ်တမ်းနမူနာကောက်ယူခြင်းနှင့် မြန်မာဥပဒေများနှင့် ILO ၏ ဆုံးဖြတ်ချက် အမှတ် ၁၈၉၊ ILO ၏ ထောက်ခံအကြံပြုချက် အမှတ် ၂၀၁ နှင့် အခြားနိုင်ငံများမှ အလုပ်သမား ဥပဒေများ အကြား အိမ်အကူ လုပ်သား များအား ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ ကွာဟချက် ဆန်းစစ်လေ့လာ မှု တစ်ခုတို့အား ပြုလုပ်ခဲ့ပါသည်။ ဥပဒေ ကွာဟချက် ဆန်းစစ်လေ့လာမှုမှ ဥပဒေရေးဆွဲရန်အတွက် အရေးပါသည့် နည်းပညာ ဆိုင်ရာ အချက်အလက်များ ပေးအပ် ပြီး လူထုသဘောထား စစ်တမ်း၏ ရလဒ်များမှ အိမ်အကူ အလုပ်သမား များအား ကာကွယ် စောင့်ရှောက် ရန် ဥပဒေ မူဘောင်တစ်ခုအတွက် အများမှ ထောက်ခံကြောင်း ကို ပြသခဲ့ပါသည်။ ဥပဒေ ကွာဟချက် ဆန်းစစ် လေ့လာမှုအား ဥပဒေကြမ်းရေးဆွဲ အကောင်အထည် ဖော်ခြင်းအတွက် အသိပေးသည့် ကူညီပံ့ပိုးမှု တိုးတက်စေရန် ပါဝင်သည့် ပတ်သက် ဆက်နွယ်သူ အမျိုးမျိုးထံ ၂၀၁၉ ခုနှစ် စက်တင်ဘာလ နှင့် အောက်တိုဘာလ တို့တွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ စတင် ဖြန့်ဝေပေးခဲ့ပါသည်။ စီမံချက်သည် ဆန်းစစ်မှုနှင့် လူထုသဘောထား စစ်တမ်းမှ ရှာဖွေတွေ့ရှိချက်များအား မိတ်ဆက်သည့် အခမ်း အနားနှင့် အခြား အခမ်းအနားများမှ တဆင့် မူဝါဒချမှတ်သူများ နှင့်  အခြား ပတ်သက်ဆက်နွယ် သူများ ထံ ဖြန့်ဝေပေးခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် စီမံချက်သည် ဥပဒေ ကွာဟချက် ဆန်းစစ် လေ့လာမှုနှင့် လူထု သဘောထားစစ်တမ်းမှ ရှာဖွေတွေ့ရှိချက်များအား အမျိုးသမီးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ များထံမှ ထောက်ခံမှု ရရှိရန် အတွက် ဆွေးနွေး တိုင်ပင် သဘောထား ရယူခြင်းများ ဆက်တိုက် ပြုလုပ်ခဲ့ပါသည်။ အဖွဲ့တွင် အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ စီမံချက်မှလည်း အိမ်အကူ အလုပ်သမားများ အကာအကွယ် ပေးရေး ဥပဒေကြမ်း ရေးဆွဲ အကောင်အထည် ဖော်ခြင်း အတွက် အဖွဲ့ထံ နည်းပညာ အကူအညီ ပေးအပ် ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အိမ်အကူ လုပ်သားများ အကာအကွယ် ပေးရေး ဥပဒေမူကြမ်းအား ရေးဆွဲနိုင်ခဲ့ပြီး လွှတ်တော် ကော်မတီများတွင် သုံးသပ်နေပြီ ဖြစ်ပါသည်။

စီမံချက်သည် နိုင်ငံရပ်ခြားတွင် သွားရောက် အလုပ်လုပ်ကိုင်ရန် တားမြစ်ခြင်း ခံထားရသည့် အိမ်အကူအလုပ်သမား များအား ဥပဒေဖြင့် အကာအကွယ်ပေးခြင်းအတွက်လည်း လုပ်ကိုင် ဆောင်ရွက်ခဲ့ပါ သည်။ စီမံချက်သည် ပိတ်ပင်တားမြစ်ထားခြင်း အား ရုတ်သိမ်းပေးရန်  စည်းရုံးလှုံ့ဆော်ခဲ့ပြီး ဖြစ်ကာ နှစ်စဉ် ပြည်သူ့လှုပ်ရှားမှုများ၊  နိုင်ငံတကာ အိမ်အကူ အလုပ်သမားများနေ့ (မီဒီယာများတွင် အကျယ်တဝင့်ဖော်ပြ ခဲ့သည့်) နှင့် မူဝါဒ ချမှတ်သူများ နှင့် အနည်းငယ်သော ဆွေးနွေး တိုင်ပင်မှုများ အပါအဝင် ကွင်းဆင်း လှုပ်ရှားဆောင်ရွက်ခြင်းများမှတဆင့် အိမ်အကူ အလုပ်သမား များအား ကာကွယ်စောင့်ရှောက်ခြင်းအား ခိုင်မာအားကောင်းစေခြင်းတို့ အတွက် အားပေး ထောက်ခံခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (အစိုးရအဖွဲ့)မှ ၂၀၁၉ ခုနှစ် မတ်လ (၅)ရက်နေ့တွင် နိုင်ငံရပ်ခြားတွင် အိမ်အကူ အလုပ်သမားများ အလုပ်လုပ်ကိုင်ရန် သွားရောက်ခြင်း တားမြစ်ချက်အား ရုပ်သိမ်းခဲ့ပါသည်။ ကော်မတီမှ မြန်မာ ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်အား အိမ်အကူ အလုပ်သမားများအား ဟောင်ကောင် (တရုတ်)၊ မကာအို (တရုတ်)၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံ တို့ထံ စေလွှတ်ရန်အတွက် ခွင့်ပြုပေးရန် သဘောတူညီခဲ့ပါသည်။

**မူဝါဒဆိုင်ရာ အကြောင်းအရာ** – လုပ်ငန်းခွင်တွင် လိင်ပိုင်း ဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တားဆီး ကာကွယ်ခြင်း

**LIFT ၏ IP ။** Care International

**ပူးပေါင်း ဆောင်ရွက်သည့် အဖွဲ့အစည်း ။** စေတနာ့လုပ်ငန်း လူမှုရေးအသင်း (Business Kind Myanmar) ၊ ဥပဒေရေးရာ ကုစားရေး အဖွဲ့ (မြန်မာ)နှင့် အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန

**အောင်မြင်မှုစီမံချက် – လုံခြုံစိတ်ချရသည့် အလုပ်အကိုင်ခန့်ထားမှုအတွက် လုပ်ငန်းအတွင်း ဖြေရှင်းနည်းလမ်းများ**

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ကင်းစင်သည့် လုပ်ငန်းခွင်သည် လုံခြုံစိတ်ချရသည့် အလုပ်ခန့်ထားမှုနှင့် ခွဲခြား၍ မရသော အစိတ်အပိုင်း ဖြစ်သည့် အတွက်ကြောင့် စီမံချက်သည် လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်ခြင်းအား ၎င်း၏ မူဝါဒဆိုင်ရာ အားပေး ထောက်ခံခဲ့သည့် ကြိုးပမ်း အားထုတ်မှုများ၏ အဓိကအာရုံစိုက်သည့် နေရာအဖြစ် ထားရှိခဲ့ပါသည်။ စီမံချက်သည် ပြီးခဲ့သည့်နှစ်က ရေးဆွဲခဲ့သည့် မူဝါဒဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ အပေါ် အခြေခံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် အထည်ချုပ်စက်ရုံ (၁၀)ရုံမှ အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့်အတူ ဆွေးနွေးတိုင်ပင် သဘောထား ရယူသည့် အလုပ်ရုံဆွေးနွေးပွဲ၌ လုပ်ငန်းခွင် အဆင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ပုံစံမူဝါဒနှင့် အကောင်အထည်ဖော် ဆောင်ရေး ဆိုင်ရာ ယန္တရားတို့အား အပြီးသတ်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လမှစ၍ စီမံချက်သည် အထည်ချုပ်စက်ရုံများတွင် အကောင်အထည်ဖော်ရေး လုပ်ငန်းများ ပါဝင်သည့် လုပ်ငန်းခွင် အဆင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ပုံစံ မူဝါဒ၌ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ စီမံချက်သည်လူ့စွမ်းအား အရင်းအမြစ်နှင့် စည်းမျဉ်း စည်းကမ်း လိုက်နာမှု ကြီးကြပ်ရေး မန်နေဂျာများ၊ လုပ်ငန်းခွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု တားဆီးကာကွယ်သည့် ကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းခွင်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များအား လုပ်ငန်းခွင်၌ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု တားဆီး ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ဆိုင်ရာ ဆရာဖြစ် သင်တန်းများအား အထည်ချုပ်စက်ရုံများတွင် စတင်ခဲ့ပါသည်။ သင်တန်း တက်ရောက်သူများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် ဆက်နွယ်နေသည့် တိုင်ကြားချက် များအား ကိုင်တွယ်မည် ဖြစ်ပြီး ၎င်းတို့၏ စက်ရုံများတွင် အသိအမြင် မြှင့်တင်ပေးသည့် သင်တန်းများအား ဆက်လက် ပို့ချပေးသွားမည် ဖြစ်ပါသည်။

စီမံချက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် စက်ရုံအဆင့် စည်းရုံးလှုံ့ဆော်မှုများအား စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စက်ရုံ (၄)ရုံ ပြီးစီးခဲ့ပါသည်။ ယင်း၏ ရည်ရွယ်ချက်မှာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် ပတ်သက်၍ အသိအမြင်မြှင့်တင်ရန်နှင့် အလုပ်သမားများနှင့် ဝန်ထမ်းများအား မူဝါဒ၊ အကောင်အထည် ဖော်ရေး ယန္တရားနှင့် မကြာမီ ၎င်းတို့၏ စက်ရုံများတွင် ၎င်းတို့ သင်တန်း တက်ရောက်ရမည် ဆိုသည်တို့နှင့် ပတ်သက်၍ အသိပေး နှိုးဆော်ရန် တို့ဖြစ်ပါသည်။

စီမံချက်သည် Fair Wear ဖောင်ဒေးရှင်း၊ ကျားမရေးရာ တန်းတူညီမျှရေး ကွန်ရက်နှင့် APHEDA တို့နှင့်အတူ အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော် (၂)ရပ်စလုံးမှ လွှတ်တော် ကိုယ်စားလှယ် များ မှတဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေတွင် ကျားမရေးရာ အလေးထားမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်တွင် ပြောင်းလဲမှု(၁၀)ချက်အား အဆိုပြုခဲ့ပါသည်။ စုပေါင်း ကြိုးပမ်း အားထုတ်မှုကြောင့် အဆိုပြုခဲ့သည့် ပြောင်းလဲမှု (၁၀)ချက်တွင် (၅)ချက်အား အပြီးသတ် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေတွင် ထည့်သွင်းခဲ့ပါသည်။

စီမံချက်ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ် ဇွန်လ၌ ကျင်းပခဲ့သည့် နိုင်ငံတကာ အလုပ်သမား ညီလာခံ မကျင်းပမီနှင့် ကျင်းပနေသည့် ကာလအတွင်း ILO ဆုံးဖြတ်ချက် အမှတ် ၁၉၀ (လုပ်ငန်း ကမ္ဘာတွင် အကြမ်းဖက်မှုနှင့်ထိပါး နှောက်ယှက်မှု တားဆီးကာကွယ်ခြင်း) အတွက် မဲပေးရန် အစိုးရ ကိုယ်စားလှယ် များအား အသိပေး အရေးဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ် အားလုံးသည် ဆုံးဖြတ်ချက် အတွက် မဲပေးခဲ့ကြပြီး အစိုးရနှင့် အလုပ်သမား ကိုယ်စားလှယ်များသည် ညီလာခံ၌ ထောက်ခံ အကြံပြုချက် အတွက် မဲပေးခဲ့ပါသည်။ ILO ၏ လုပ်ငန်းကမ္ဘာတွင် အကြမ်းဖက်မှုနှင့် ထိပါးနှောက်ယှက်မှု အပေါ် ဆုံးဖြတ်ချက် အသစ်အား ညီလာခံ၌ သောင်းသောင်းဖြဖြမဲပေးခဲ့သည့် အချိန်မှစ၍ နိုင်ငံတကာ စံနှုန်းအဖြစ် သဘောတူ လက်ခံခဲ့ပါသည်။ စီမံချက်မှ ၂၀၂၀ ခုနှစ်တွင် ILO ညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် ၁၉၀ ကို အတည်ပြု လက်မှတ်ရေးထိုးရန်အတွက် အစိုးရနှင့် အဓိက ပတ်သက် ဆက်နွယ်သူများအား ထောက်ခံ အားပေးရန်အစီအစဉ် ရေးဆွဲထားပါသည်။

၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ် ရေး ဥပဒေ မူကြမ်း ရေးဆွဲခဲ့သည့်အချိန်၌ စီမံချက်သည် CSO များ ၊ NGO များ၊ အခြားအစိုးရ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဥပဒေ အတွင်း ထည့်သွင်းသင့်သည့် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တားဆီးကာကွယ်ခြင်း နှင့် ဆက်နွယ် နေသည့် အဓိက သတင်းစကားများအား ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် DSW နှင့် GEN မှတဆင့် ဗဟိုအဆင့် DSW ထံ ပေးပို့ခဲ့ပါသည်။ မကြာသေးမီက ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၂၅)ရက်နေ့မှစတင်၍ ထုတ်ဝေ ခဲ့သည့် နိုင်ငံပိုင် သတင်းစာများတွင် ဥပဒေမူကြမ်းအား ဖော်ပြခဲ့ပါသည်။ စီမံချက်အဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်း များသည် ဥပဒေမူကြမ်းအား လေ့လာမည် ဖြစ်ပြီး ဖြစ်နိုင်သည့် လမ်းကြောင်းအမျိုးမျိုးတို့ မှတဆင့် အကြံဉာဏ်များ ထပ်မံပေးသွားမည် ဖြစ်ပါသည်။

စီမံချက်သည် အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်းများ (NOCS) ရေးဆွဲရန်အတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့နှင့် အထည်ချုပ်လုပ်ငန်းတို့ထံ နည်းပညာနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။ သို့သော်လည်း ပြဿနာမှာ အထည်ချုပ်စက်ရုံများသည် အပ်ချုပ်စက် အော်ပရေတာများအား စစ်ဆေးသည့် NOCS များအား ခေတ်မမီတော့သည့် နည်းစနစ်များဖြင့် စစ်ဆေးခဲ့သည့်အတွက်ကြောင့် တန်ဖိုးထားမှု မရှိခြင်းဖြစ်ပြီး ဆန်းစစ်အကဲဖြတ်သည့် လုပ်ငန်းစဉ်တွင် ယုံကြည်မှုလည်း မရှိပါ။

**မူဝါဒဆိုင်ရာ အကြောင်းအရာ** – ရခိုင်ပြည်နယ်တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ် အကိုင် ခန့်ထားမှု

**LIFT ၏ IP –** အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာ အဖွဲ့

**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန၊ NGO များ ၊ CSO များ

**ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးစီမံချက် – ရခိုင်ပြည်နယ်**

ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးစီမံချက်သည် ရခိုင်ပြည်နယ်အစိုးရအား ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေး (၅)နှစ် စီမံကိန်း နှင့် ရခိုင် အကြံပေးကော်မရှင်၏ TVET ရှုထောင့် များ မှ ထောက်ခံ အကြံပြု ချက်များအပေါ် အခြေခံ၍ ပြီးပြည့်စုံသည့် TVET မဟာဗျူဟာ နှင့် ခွဲခြားမှု မရှိဘဲ အားလုံးပါဝင်သည့် အလုပ်အကိုင် ခန့်ထားမှု၊ သင်တန်းနှင့် ကျွမ်းကျင်မှု အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကူညီ ပံ့ပိုးပေးရန် ကြိုးပမ်းပါသည်။ အဆိုပါ ဖြစ်ပေါ်တိုးတက်မှုများအတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက် ရေးနှင့် သင်တန်းဆိုင်ရာ ဦးစားပေးများနှင့် လိုအပ်ချက်များအား ဆုံးဖြတ်ရန်နှင့် ဥပဒေရေးရာ နှင့် လူမှုရေး အတားအဆီးများအား အကဲဖြတ်ရန် တို့အတွက် လုပ်သားဈေးကွက် ဆန်းစစ် အကဲဖြတ်ခြင်း တစ်ရပ် လိုအပ်ပါသည်။ ယင်းတို့မှ ရခိုင်ပြည်နယ်တွင် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုအတွက် အတားအဆီးများနှင့် အခွင့်အလမ်းများအား နားလည် သဘောပေါက်နိုင်ရန် ကျားမရေးရာ ဆန်းစစ်လေ့လာမှု တစ်ရပ်လည်း လိုအပ်ပါသည်။ အစီရင်ခံ တင်ပြသည့် ကာလအတွင်း၊ စီမံချက်သည် လုပ်သားဈေးကွက် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ကျား၊ မ ရေးရာ ဆန်းစစ်လေ့လာမှုများကို အောင်မြင် ပြီးစီးအောင် ဆောင်ရွက်ခဲ့ ပါသည်။

လုပ်သားဈေးကွက် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ကျားမရေးရာ ဆန်းစစ်လေ့လာမှု (၂)ရပ် စလုံးသည် သင်တန်း လိုအပ်ချက်များ ဆန်းစစ် အကဲဖြတ်မှု အကောင်အထည်ဖော် ဆောင်ရွက်ရန် ဒေသခံ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုမှုများအား တရားဝင် ဖြစ်စေခြင်း နှင့် နည်းပညာ ကျွမ်းကျင်မှုများ ဆိုင်ရာ သင်တန်းများအတွက် လက်တွေ့စင်တာများ တည်ထောင်ခြင်းတို့ အပါအဝင် ထပ်မံ လုပ်ဆောင်မည့် စီမံချက် လုပ်ငန်းများအတွက် အလွန်အရေးပါသည့် အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ အဆိုပါ ဖြည့်ဆည်းပေးသည့် အချက်အလက်များအားရယူ၍ စီမံချက်သည် ရခိုင်ပြည်နယ်တွင် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် ၎င်း၏ မိတ်ဖက်ပြုမှုအား တိုးချဲ့ခဲ့ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ခြင်းများသည် ရခိုင်ပြည်နယ်တွင် ပထမဆုံးအကြိမ် အစိုးရအသိအမှတ်ပြုသည့် ကျွမ်းကျင် မှု စစ်ဆေးအကဲဖြတ် ရေးဌာန တည်ထောင်ခြင်းတွင် အခရာကျသည့် ကဏ္ဍမှ ပါဝင်ခဲ့ ပါသည်။

စီမံချက်သည် ပြီးခဲ့သည့် နှစ်၌ ရခိုင်ပြည်နယ် TVET နည်းပညာဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (TCG) အားလည်း ဖွဲ့စည်းတည်ထောင်ခဲ့ ပါသည်။ ILO နှင့် GIZ မှ ပူးတွဲ ဥက္ကဌအဖြစ် ဆောင်ရွက်သည့် TCG သည် ဒေသခံ ညှိနှိုင်းဆောင်ရွက်သည့် အစုအဖွဲ့ဖြစ်ပြီး အစပိုင်း၌ INGO များနှင့် ကုလသမဂ္ဂ အေဂျင်စီများသည် TVET နှင့် အလုပ်အကိုင် ခန့်ထားမှုနှင့် ဆက်နွယ်နေသည့် အစီအစဉ်များတွင် ပါဝင်ပါသည်။ အဆိုပါ အစီအစဉ်များသည် အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အကြားတွင် ညှိနှိုင်းခြင်းမရှိဘဲ ပြန့်ကြဲနေစဉ်အတွင်း TCG သည် စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တိုးတက်လာသည်နှင့် အမျှ ရခိုင်ပြည်နယ်တွင် နည်းပညာ ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းမြစ်ခွဲဝေချထား ရေးအတွက် ညှိနှိုင်း ဆောင်ရွက်သည့် ယန္တရားတစ်ခု အဖြစ် ဖြည့်ဆည်းပေးပါသည်။ ၂၀၁၉ ခုနှစ်တွင် သိသာထင်ရှားသည့် ပြီးစီးအောင်မြင်မှုမှာ စီမံချက်သည် ဒေသခံ အဖွဲ့အစည်း (၆)ဖွဲ့အား TCG အဖွဲ့ဝင်များအနေဖြင့် ရရှိခြင်းဖြင့် TCG တွင် ဒေသခံများ ကိုယ်စားပြုခြင်းအား တရားဝင်ထည့်သွင်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ဒေသခံ အဖွဲ့အစည်းများသည် ရခိုင်ပြည်နယ်တွင် ရပ်ရွာလူထုမှ ဦးဆောင်သည့် သင်တန်းများ၊ အလုပ်အကိုင် ခန့်ထားမှုနှင့် လူမှု ပြန်လည် ပေါင်းစည်းရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ပါဝင်ပြီး ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း TCG သည် ကောင်းမွန်သည့် အကျိုးရလဒ်ရရှိသည့် ညှိနှိုင်းအစည်းအဝေး (၃)ခုအား စီစဉ်ကျင်းပခဲ့ပြီး စစ်တွေမြို့၌ အလုပ်အကိုင်ပြပွဲ (၁)ပွဲအား အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ILO သည် ရန်ကုန်မြို့၌ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနမှ စီစဉ် ဆောင်ရွက်သည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမူကြမ်းအသစ်အား သုံးသပ်ခြင်းတွင် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။ တက်ရောက်သူများထံ တင်ပြခဲ့သည့် မူကြမ်းအတွင်းသို့ ILO ၏ ယခင်က ပေးခဲ့သည့်မှု မှတ်ချက်များနှင့် ထောက်ခံ အကြံပြုချက် အများစုအား ထည့်သွင်း ထားခဲ့ပါသည်။

ဥပဒေမူကြမ်းသည် သင်တန်းနှင့် ဆန်းစစ် အကဲဖြတ်မှုနှင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအားအားပေးသည့် စည်းကမ်းချက်များအား ထိန်းကျောင်းပေးသည့် ဒေသန္တရ အဆင့် အမျိုးသား လုပ်ငန်း ကျွမ်းကျင်မှု “စံ” နှုန်း သတ်မှတ်ပြဌာန်းရေးအဖွဲ့ ဖန်တီး တည်ထောင်ခြင်း အား ခွင့်ပြုပေးပါသည်။ ဤအကြောင်းကြောင့် ဥပဒေသည် ရခိုင်ပြည်နယ်အတွင်း ဒေသအသီးသီး၌ တစ်စစီ ပြန့်ကျဲနေသည့် ကျွမ်းကျင်မှု သင်တန်း အစီအစဉ်နှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုး တိုးတက်ရေးတွင် ပုဂ္ဂလိက ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းတို့အား ဖြေရှင်းရာတွင် အကူအညီပေးမည် ဖြစ်ပါသည်။

| ငွေရေးကြေးရေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း | |
|---|---|
| **မူဝါဒဆိုင်ရာ အကြောင်းအရာ** – မြန်မာနိုင်ငံ ကျေးလက် ဒေသတွင် ငွေကြေးစုဆောင်းရန် စည်းရုံးခြင်း<br><br>**LIFT ၏ IP–** ရိုးမဘဏ် | **ရိုးမဘဏ် စိုက်ပျိုးစီးပွား ဘဏ္ဍာရေးစီမံကိန်း (AFP)**<br><br>ရိုးမဘဏ်နှင့် ဆောင်ရွက်သည့် AFP စီမံချက်သည် တစ်ဦးချင်း ဖွံ့ဖြိုးရေး ငွေစာရင်း (IDA) အား မိတ်ဆက်ပေးခြင်း မှတဆင့် ကျေးလက်နေ လုပ်ကွက်ငယ် တောင်သူများအကြား ငွေစုဆောင်းခြင်းကို စည်းရုံးသည့် ကျန်ရှိနေသည့် အစိတ်အပိုင်းအား လုပ်ကိုင် ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ် အထိ သက်တမ်းတိုးခဲ့ပါသည်။ အခြားအစိတ်အပိုင်း (၂)ခု ဖြစ်သည့် ၁) စက်မှုလယ်ယာတွင် ရင်းနှီး မြှုပ်နှံမှုအား စိတ်ဝင်စားစေခြင်း ၂) စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်တွင် လုပ်ရှားဆောင်ရွက်သူ များ အတွက် ငွေကြေး ပံ့ပိုးပေးမှုအား လက်လှမ်းမီ ရယူနိုင်မှုအား တိုးမြှင့်စေခြင်း တို့သည် ၂၀၁၈ ခုနှစ်တွင် ပြီးဆုံးခဲ့ပါသည်။<br><br>IDA အသုံးပြုခြင်းအား လူများနိုင်သမျှ များများထံ ရောက်ရှိစေရန်အတွက် ဒီဂျစ်တယ် အခြေခံ အဆောက်အဦ တစ်ခု ရှိရမည် ဖြစ်ပါသည်။ သို့သော်လည်း ရိုးမဘဏ်တွင် မရှိမဖြစ် လိုအပ်သော အခြေခံ အဆောက်အဦ ထားရှိထားခြင်း မရှိခဲ့ သည့် အတွက်ကြောင့် စီမံချက်သည် ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူများ အနေဖြင့် အစီအစဉ်တွင် ပါဝင်လာစေရန် မက်လုံး ပေးခြင်းနှင့် ငွေစုသည့် အပြုအမူများ အတွက် ဆုပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသလို အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကူညီပံ့ပိုး ပေးရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ၂၀၁၉ ခုနှစ်တွင် စီမံချက်သည် တဦးချင်းစီအား ဘဏ်၏ ဒီဂျစ်တယ် ဝန်ဆောင်မှု အပြည့်အစုံ (SMART ငွေစာရင်း)အား ဝင်ရောက်မှတ်ပုံတင်ပြီး ချိတ်ဆက်ရန်အတွက် ဘဏ်ခွဲဝန်ထမ်းများ ကျေးလက်ဒေသ သို့ သွားရောက်ခြင်းနှင့်အတူ တစိတ်တဒေသအားဖြင့် ဒီဂျစ်တယ် အခြေခံစနစ်ဖြင့် လုပ်ကိုင် ဆောင်ရွက်သည့် ရှေ့ပြေးစမ်းသပ်မှု (၂)ခုအား ဆောင်ရွက်ခဲ့ပါသည်။<br><br>အစီရင်ခံ တင်ပြထားသည့်ကာလအတွင်း ရှေ့ပြေးစမ်းသပ်မှု (၂)ခုမှ SMART ငွေစာရင်းများအတွက် မှတ်ပုံတင်ပြီးဖြစ်သည့် IDA အကျိုးခံစားခွင့်ရှိသူ ၂,၄၃၅ ဦးနှင့် LIFT ၏ ငွေစုစုပေါင်း မြန်မာကျပ်ငွေ ၂၉၈ သန်းအား ထုတ်ပေးခဲ့သည့် ရလဒ်အား ရရှိခဲ့ပါသည်။ ရှေ့ပြေးစမ်းသပ်မှုများသည် ဝန်ဆောင်မှု၊ လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်းများနှင့် နည်းပညာဆိုင်ရာ ရှုဒေါင့် တို့ မှ တန်ဖိုးမဖြတ် နိုင်သည့် လေ့လာသင်ယူခဲ့သော သင်ခန်းစာများလည်း ပေးအပ်ခဲ့ပါသည်။ အဆိုပါ ထည့်ဝင်သည့် အကြောင်း အရာများအား IDA ချဉ်းကပ်နည်းလမ်း အပြည့်အဝ အကောင်အထည်ဖော်ခြင်း အတွက် ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် အသုံးပြုပါသည်။ |
| အာဟာရဖွံ့ဖြိုးမှု | |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** အာဟာရ ဖွံ့ဖြိုးမှု တိုးတက်စေခြင်း အပေါ် အမျိုးသား မူဝါဒ ဆိုင်ရာ အားပေးထောက်ခံမှု<br><br>**LIFT ၏ IP** – Save the Children International<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ** – အမျိုးသားအာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာန (NNC)၊ NGO များနှင့် ပြည်နယ်နှင့် တိုင်းဒေသ ကြီးအစိုးရများ | **အာဟာရ ချို့တဲ့မှုလျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း – ၂ (LEARN II) စီမံချက်** သည် အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်း (SUN SCA) အတွက် အထောက်အကူပြု ရုံးအဖွဲ့ အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ SUN CSA မှတဆင့် LEARN II သည် ခိုင်မာအားကောင်းသည့် အရပ်ဖက် လူမှုအဖွဲ့အစည်းကိုယ်စားပြုသည့်သူအများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် သာမက အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်၌စားနပ်ရိက္ခာနှင့် အာဟာရဖွံ့ဖြိုးမှု မူဝါဒများနှင့် စီမံကိန်းများအပေါ် LIFT ၏ အားပေးထောက်ခံမှုကို ကူညီပံ့ပိုးပေးရန် တို့အတွက် LIFT ၏ ကြိုးပမ်းအားထုတ်မှုများအား ထောက်ပံ့ပေးနေပါသည်။<br><br>၂၀၁၉ ခုနှစ်တွင် SUN CSA သည် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ၅ နှစ် စီမံကိန်း (MS–NPAN) ၏ ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့် အစီအစဉ် ရေးဆွဲသည့် လုပ်ငန်းစဉ်အား ပံ့ပိုးထည့်ဝင်မှု အများအပြားဆောင်ရွက်ပေး ခဲ့ပါသည်။ SUN CSA သည် ဇူလိုင်လနှင့် စက်တင်ဘာလတွင် ဧရာဝတီတိုင်းဒေသကြီး၌ နိုဝင်ဘာလတွင် ကယားပြည်နယ်၌ ကျင်းပခဲ့သည့် MS–NPAN ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုင်ပင် ဆွေးနွေးသဘောထားရယူသည့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ ထိရောက်မှုရှိစွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အလုပ်ရုံ ဆွေးနွေးပွဲများမှ ပြည်နယ်/ တိုင်းဒေသကြီး တစ်ခုချင်းစီ အလိုက် သီးသန့် လိုအပ်ချက်များ ပြည့်မီစေရန် ဦးစားပေး လုပ်ကိုင်ရမည့် စီမံကိန်း ဆောင်ရွက်ချက်များ ရ ရှိ ခဲ့ပါသည်။<br><br>အစီရင်ခံတင်ပြနေသည့် ကာလအတွင်း၊ SUN CSA သည် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်၌ SUN CSA ၏MS–NPAN အတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ ရေးဆွဲအကောင်အထည် ဖော်ရန်အတွက် ၎င်း၏ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ပထမဦးစွာ SUN CSA အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်နှင့် ၎င်းတို့၏နေရာဒေသ အလိုက်လွှမ်းခြုံမှု နှင့် စီမံကိန်း ဆိုင်ရာ လွှမ်းခြုံမှုအရ MS–NPAN အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် ၎င်းတို့၏ ပူးပေါင်း ဆောင်ရွက်မှု အဆင့်အတန်းတို့အား ရှာဖွေဖော်ထုတ်ခဲ့ပြီး ဆန်းစစ်အကဲဖြတ်ခဲ့ပါသည်။ထို့နောက် အောက်တိုဘာလ (၁၆)ရက်နေ့တွင် "MS–NPAN နှင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ (၅)နှစ် စီမံကိန်း (MS–NPAN) အသိပညာပေး ရေးတွင် ပူးပေါင်း ဆောင်ရွက်နေသည့် SUN CSA အဖွဲ့ဝင်များအား ဆန်းစစ်အကဲဖြတ်ခြင်း အား အတည်ပြုသည့် အလုပ်ရုံ ဆွေးနွေးပွဲ" တွင် နောက်လာမည့် (၃)နှစ်အတွက် လမ်းပြမြေပုံအတွက် ဆွေးနွေးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ်တွင် SUN CSA သည် ၎င်း၏ အဖွဲ့ဝင် အဖွဲ့အစည်းများအား အပြန်အလှန် လေ့လာသင်ယူခြင်း ၊ အတွေ့အကြုံများ မျှဝေခြင်းနှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ အစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ကျင့်သုံးမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း တို့အား အားပေးမြှင့်တင်ရန် တို့အတွက် အပြန်အလှန် သွားရောက်သည့် လေ့လာရေးခရီးစဉ်အား အောင်မြင်စွာ စီစဉ်ပေးခဲ့ပါသည်။ LEARN နှင့် SUN CSA တို့သည် တောင်ကြီးနှင့် ရန်ကုန်မြို့များတွင် ပြုလုပ်ခဲ့သည့် အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ခဲ့ပါ သည်။ |

**မူဝါဒဆိုင်ရာ အကြောင်းအရာ–** ဘဝအစ ရက် ၁,၀၀၀ ကာလအတွက် MCCT

**LIFT ၏ IP –** လူမှုဝန်ထမ်း ဦးစီးဌာန နှင့်MCCT အဖွဲ့၏ မိတ်ဖက် အဖွဲ့ အစည်းများ (Save the Children International, IRC, DRC နှင့် MRCS)

**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသနဌာန၊ ကျန်းမာရေး အသိပညာ မြှင့်တင်ရေးဌာနခွဲ၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေ အဖွဲ့ (UNICEF )

**ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂) အောက် ကလေးများအား ငွေကြေး အထောက်အပံ့ ပေးခြင်း စီမံကိန်း**

ချင်းပြည်နယ် MCCT သည် အစိုးရမှ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်သည့် LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် ပထမဦးဆုံးသော စီမံကိန်း ဖြစ်ပါသည်။ ယင်းသည် ၂၀၁၄ ခုနှစ် အကုန်တွင် ပြည်ထောင်စုအစိုးရမှ အတည်ပြုပေးသည့် အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံကိန်း တွင် ပါဝင်သည့် စုစုပေါင်း စီမံကိန်း (၈)ခု အနက်မှ ပထမဆုံး ဦးဆောင် စီမံကိန်းအား ပထမဆုံးအကြိမ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။ စီမံကိန်းသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များ၏ အသက်(၂)နှစ်အောက် ကလေးသူငယ်များအားလုံးအား လွှမ်းခြုံမှု နှင့်အတူ ၎င်း၏ ပထမအကြိမ် ငွေကြေး ထောက်ပံ့ပေးရန် အတွက် ငွေပေးချေခဲ့ပါသည်။ စီမံကိန်းသည် ကိုယ်ဝန်ဆောင်သည့် အချိန်မှ စ၍ ကလေးသူငယ်များအားလုံး၏ ဘဝအစ ရက် ၁,၀၀၀ အတွင်း အာဟာရဖွံ့ဖြိုးမှု တိုးတက်စေ ရန် အာရုံစိုက်ခဲ့ပါသည်။

LIFT သည် ၂၀၁၉ ခုနှစ် ဇွန်လမှ စက်တင်ဘာလအတွင်း ကနဦး ချင်းပြည်နယ်တွင် စတင်ခဲ့သည့် MCCT စီမံကိန်း၏ ငွေကြေးပံ့ပိုးမှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထောက်ပံ့မှုအတွက် LIFT မှ ရန်ပုံငွေ ထောက်ပံ့ ပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်–ဇူလိုင်လအတွက် အကျိုးခံစားခွင့်ရှိသူ တစ်ဦးလျှင် မြန်မာကျပ်ငွေ ၃၀,၀၀၀ အား နှစ်လတကြိမ် ထောက်ပံ့ပေးမှု၏ ပထမအကြိမ် ပေးအပ် ခြင်းတွင် မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူ ၈,၅၁၅ ဦးနှင့် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်–စက်တင်ဘာလအတွက် နောက်ဆုံးအကြိမ် (LIFT ၏ ထောက်ပံ့မှုဖြင့်) ဖြစ်သည့် ၁၄ ကြိမ်မြောက်တွင် မှတ်ပုံတင်ထားသည့် အကျိုးခံစားခွင့်ရှိသူ အရေအတွက်မှာ ၃၃,၉၁၈ ဦးအထိ တိုးမြှင့်လာခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စီမံကိန်းသည် နမူနာကောက်ယူသည့် အကျိုးခံစားခွင့်ရှိသူများ အထဲမှအကျိုးခံစားခွင့်ရှိသူ (၄၃၇)ဦး၏ တုံ့ပြန်မှုများကို ဆန်းစစ်သည့် တတိယအကြိမ် ငွေကြေးထောက်ပံ့မှု ပေးအပ်ပြီးနောက်ပိုင်း စောင့်ကြည့်စစ်ဆေးသည့် စစ်တမ်း (PDM စစ်တမ်း) အား ဆောင်ရွက်ခဲ့ပါသည်။ တုံ့ပြန်ဖြေကြားသူများအား သူတို့အနေဖြင့် MCCT ငွေကြေးပံ့ပိုးမှုသည် ၎င်းတို့နှင့် ၎င်းတို့၏ ကလေးများအတွက် အာဟာရ ပြည့်ဝသည့် အစားအသောက် လိုအပ်ချက် အများစုအတွက် ငွေလုံလောက်မှု ရှိမရှိ မေးမြန်းသည့်အခါ ၁၂% မှ ၎င်းတို့နှင့် ၎င်းတို့၏ ကလေးများ အတွက် အာဟာရ ပြည့်ဝသည့် အစားအသောက်များအတွက် လုံလောက်မှု ရှိသည်ဟု ဖြေကြားသော်လည်း ၆၄% မှာ အာဟာရပြည့်ဝသည့် အစားအသောက် လိုအပ်ချက် အများစုအတွက် ငွေလုံလောက်မှု ရှိသည်ဟု ဖြေကြားခဲ့ကာ ၂၀% မှာ အချို့အတွက်သာ ငွေလုံလောက်မှု ရှိသည်ဟု အသိပေးခဲ့ပါသည်။ ၃% သာ ၎င်းတို့နှင့် ၎င်းတို့၏ကလေးသူငယ်များ အတွက် အာဟာရပြည့်ဝသည့် အစားအသောက်များ အတွက် ငွေမှာ လုံလောက်ခြင်းမရှိပါဟုပြောကြားခဲ့ပါသည်။ သို့ဖြစ်၍ အစီအစဉ်သည် ၎င်း၏ ဘဝအစရက် ၁,၀၀၀ အာဟာရဖွံ့ဖြိုးမှု ရည်မှန်းချက်အား ရရှိရန်အတွက် သက်သေပြနိုင်ခဲ့ပါသည်။

ထို့နောက် LIFT သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ စတင် ၍ ကရင်နှင့် ကယားပြည်နယ်များရှိ တိုးချဲ့ခဲ့သော MCCT စီမံကိန်းများ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းဆိုင်ရာ ကုန်ကျစရိတ် တစ်ခုတည်းကိုသာ ရန်ပုံငွေ ထောက်ပံ့ပေးလျက် ရှိပါသည်။

ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် (၂)နှစ်အောက် ငွေကြေး ထောက်ပံ့ မှုပေးခြင်း အစီအစဉ် အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေး ဝန်ကြီးဌာနသို့ နည်းပညာ အကူအညီပေးခြင်း (TEAM MCCT)

Save the Children မှ ဦးဆောင်သည့် TEAM MCCT စီမံချက်သည် ချင်းပြည်နယ်တွင် DSW မှ ဦးဆောင်သည့် MCCT စီမံကိန်းထံ ၁) SBCC လုပ်ငန်းများ နှင့် ၂) စောင့်ကြည့် စစ်ဆေးခြင်းနှင့် လေ့လာ သင်ယူခြင်းဆိုင်ရာ ယန္တရားတို့အား ရေးဆွဲ ပြုစုရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် တို့အ တွက် နည်းပညာ အကူအညီ ပေးအပ်ခဲ့ပါသည်။

စီမံချက်သည် DOPH နှင့် DSW တို့နှင့်အတူ ၂၀၁၈ ခုနှစ်အတွက် SBCC မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်အားရေးဆွဲပြုစုရာတွင် လုပ်ကိုင် ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ယင်းတို့အား ပြန်လည်ပြင်ဆင်ရာတွင် အစိုးရဌာနများအား ကူညီပံ့ပိုးပေးရန် အတွက် SBCC မဟာဗျူဟာ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား စီစဉ်ဆောင်ရွက်ပေးခဲ့ ပါသည်။ ပြန်လည် ပြင်ဆင်ထားသည့် SBCC မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်သည် ချင်းပြည်နယ်ရှိ MCCT အကျိုးခံစားခွင့်ရှိသူများ၊ အဓိက ရပ်ရွာ လူထုအပေါ် ဩဇာလွှမ်းမိုးမှုရှိသူများနှင့် ခေါင်းဆောင်များ အပါအဝင် ဒေသခံ လူမှုအသိုက်အဝန်းများထံ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ အရန်သားဖွား ဆရာမများနှင့် လူထု ကျန်းမာရေးလုပ်သားများမှ ပေးအပ်သည့် အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအတွက် ဦးဆောင် လမ်းညွှန် ပေးပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါ စာရွက်စာတမ်း အထောက်အထားများ အား အထူးသဖြင့် ကရင်ပြည်နယ် နှင့် ကယားပြည်နယ် MCCT အစီအစဉ်များအတွက် ပုံတူပွားနိုင်မည့် မော်ဒယ်လ် ကောင်း အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ထို့နောက် ပြန်လည် ပြင်ဆင်ထားသည့် SBCC မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်အား MOHS နှင့် MSWRR တို့ထံ အတည်ပြုချက် ရယူနိုင်ရန်အတွက် တင်ပြခဲ့ပြီး နောက်ဆုံးတွင် အတည်ပြုပေးခဲ့ကာ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုဝန်ကြီး (၂) ပါးစလုံးမှ ခွင့်ပြု ပေးခဲ့ပါသည်။

| | |
|---|---|
| | ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စီမံချက်အဖွဲ့မှ MS– NPAN တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲခြင်း  အလုပ်ရုံ ဆွေးနွေးပွဲ တွင် ချင်းပြည်နယ်အတွက် အဓိက ကိုယ်စားပြု သည့် အဖွဲ့အဖြစ် ပါဝင် တက်ရောက်ခဲ့ပါသည်။ စီမံ ချက်မှလည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ချင်း ပြည်နယ် MS–NPAN အလုပ်ရုံဆွေးနွေးပွဲ တွင် ကူညီဆောင်ရွက် ပေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် နောက်ပိုင်း၌  အမျိုးသားအာဟာရ သုတေသန ဌာနမှ အပြီးသတ်နိုင်ရန် ချင်းပြည်နယ် အတွက် MS–NPAN လုပ်ငန်း စီမံချက် ၏ ပထမ မူကြမ်း အား မှတ်တမ်းတင်ခဲ့ပါသည်။<br><br>စီမံချက်သည် DSW ဖြစ်ရပ်များ စီမံခန့်ခွဲ မှု မန်နေဂျာများအား တိုက်ဆိုင်စစ်ဆေးခြင်း၊ လေ့လာ သင်ယူခြင်း၊ သင့်လျော်အောင် စီစဉ်ခြင်းနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်း တို့ဖြင့် ဖြည့်ဆည်း ပေးရန် (သို့) ကူညီပံ့ပိုး ပေးရန် အတွက် DSW နှင့်အတူ ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်း  ယန္တရားအားလည်း ရေးဆွဲ အကောင်အထည်ဖော် ခဲ့ပါသည်။ ယင်းယန္တရားသည် DSW မှ ကြုံတွေ့ ခဲ့ရသည့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများအား ဖော်ထုတ်ပြီး ဖြေရှင်းပေး ပါသည်။<br><br>၂၀၁၉ ခုနှစ်တွင် စီမံချက်သည် အဓိက ပတ်သက်ဆက်နွှယ်သူများ အားလုံး ထံမှ အချက်အလက်များ ကောက်ယူရန် အတွက် ဒီဇိုင်း ရေးဆွဲထားသည့် စစ်တမ်းတွင် အသုံးပြုသည့် အမျိုးမျိုး သော နည်းကိရိယာများအား အသုံးပြုသည့် နောက်ဆုံးအကြိမ်နှင့် စတုတ္ထ အကြိမ်မြောက် စီမံချက် စောင့်ကြည့်စစ်ဆေးခြင်းအား ပြီးမြောက်အောင် လုပ်ဆောင် ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် စီမံချက်မှ အဆိုပါ နည်းကိရိယာများကို DSW ထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည် ။ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် DSW မှ PDM ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲအား ဦးဆောင်ခဲ့ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများထံ ၎င်းတို့၏ နည်းကိရိယာများအား အသုံးပြု နိုင်ရန်အတွက် မျှဝေပေးခဲ့ ပါသည်။ စီမံချက်မှ အလုပ်ရုံဆွေးနွေးပွဲတွင် လေ့လာသင်ယူ ခြင်း ဆိုင်ရာ တင်ပြချက်များနှင့် အတွေ့အကြုံများအား မျှဝေပေးခဲ့ပါသည်။ |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** အားဖြည့်ဆန်<br><br>**LIFT ၏ IP –** PATH<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** Population Services International မြန်မာ ၊ ဝါရှင်တန်တက္ကသိုလ် ၊ Evans School of Public Policy and Governance ၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် ၊ NNC ၊ FDA | **မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက်** သည် အဏုအာဟာရချို့တဲ့ခြင်းများအား လျှော့ချရန် နည်းလမ်း တစ်ခုအနေဖြင့် မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့ဘူးသေးသည့် အားဖြည့်ဆန် မူဝါဒအား ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါသည်။<br><br>စီမံချက်သည် MOHS ၏ အားဖြည့်ဆန်အပေါ် နည်းပညာဆိုင်ရာ လမ်းညွှန်မှုအား အပြီးသတ် ဆောင်ရွက်ရာတွင် နည်းပညာအကူအညီ ပေးအပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စု ဝန်ကြီးမှ လမ်းညွှန်ချက်အား အတည်ပြု ပေးခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် ဝန်ကြီးဌာနမှ ပုဂ္ဂလိက ကဏ္ဍ လုပ်ရှားဆောင်ရွက်သူများထံ စတင် မိတ်ဆက်ပေးခဲ့ပါသည်။ MOHS မှ နိုင်ငံတဝှမ်းရှိ သူနာပြုနှင့် သားဖွားဆရာမ သင်တန်းကျောင်းများတွင် အားဖြည့် ဆန်အား စတင် အသုံးပြုရန်အတွက် ဝန်ကြီးဌာနအတွင်း အမိန့်အားလည်း ပြဋ္ဌာန်းခဲ့ပါသည်။<br><br>စီမံချက်သည် အမျိုးသား အားဖြည့်ဆန်ဆိုင်ရာ မူဝါဒအတွက် မူဝါဒ၏ သက်ရောက်မှုအား ဆန်းစစ်ခြင်းတွင် ကျား၊ မ ရေးရာ ဆန်းစစ်မှုအား ထည့်သွင်းရန်အတွက် University of Washington နှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ယင်းမှ မိခင်များ၊ ကလေးသူငယ်များနှင့် ပျိုဖော်ဝင်စအရွယ် မိန်းကလေးများအားလုံးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသည့် အာဟာရချို့တဲ့ခြင်း အားလုံးအား ကိုင်တွယ်ဖြေရှင်းမည့် ကျား၊ မ ရေးရာ အလေးထားသော အမျိုးသား အားဖြည့်ဆန် ဆိုင်ရာ မူဝါဒ ဖြစ်စေရန် သေချာစေခဲ့ပါသည်။<br><br>၂၀၁၉ ခုနှစ်တွင် စီမံချက်သည် MOHS မှ  အမျိုးသားအားဖြည့်ဆန်ဆိုင်ရာ မူဝါဒမူကြမ်းအား ပြဋ္ဌာန်း ပေးရန် အတွက် ဆက်လက်၍ အားပေးထောက်ခံခဲ့ပါသည်။ အမျိုးသား အားဖြည့်ဆန်ဆိုင်ရာ မူဝါဒ မူကြမ်းအား စီမံချက် မှပေးအပ်သည့် နည်းပညာ အကူအညီဖြင့် ပြီးစီးအောင် ရေးဆွဲခဲ့ပြီး အားဖြည့်ဆန် လုပ်ငန်းအဖွဲ့မှ ၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ မူဝါဒမူကြမ်းအား ပြည်ထောင်စု ဝန်ကြီး၏ အတည်ပြုချက်ရယူရန် အတွက် စောင့်ဆိုင်းလျက် ရှိပါသည်။<br><br>၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စီမံချက်သည် အစိုးရ၊ လူမှုရေးနှင့် ပုဂ္ဂလိက ကဏ္ဍများမှ တက်ရောက်သူများ ဖြင့် အားဖြည့်ဆန် အဆင့်မြှင့်တင်ရန်အတွက် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများဆိုင်ရာ အလုပ်ရုံ ဆွေးနွေး ပွဲအပြင် မူဝါဒ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအားလည်း စီစဉ်ကျင်းပခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲအတွင်း PATH သည် (၆)နှစ်ကျော် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံချက်အား MOHS ၏ ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနအောက်ရှိ အဖွဲ့အစည်း (၂)ခု ဖြစ်သော အမျိုးသားအာဟာရဖွံ့ဖြိုးရေး သုတေသန ဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ထံ လွှဲပြောင်း ပေးအပ်ခဲ့ ပါသည်။ DOPH ၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ်မှ မြန်မာနိုင်ငံတွင် အားဖြည့်ဆန် လုပ်ငန်းအား ဆက်လက် လုပ်ကိုင်ရန်အတွက် ၎င်း၏ ကတိကဝတ်အား ပေးအပ်ခဲ့ပါသည်။ စီမံချက်သည် အားဖြည့်ဆန်မှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ ဆိုင်ရာ စာတမ်းအား စီစဉ်ထုတ်လုပ် ခဲ့ပါသည်။ အဆိုပါ စာတမ်းသည် စီမံချက်မှ ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများ နှင့် အောင်မြင်မှုများကို ရှာဖွေ ဖော်ထုတ်ခဲ့သည်သာမက အားဖြည့်ဆန်လုပ်ငန်းအား ရှေ့သို့ဆက်၍ မည်ကဲ့သို့ အကောင်းဆုံး ဆက်လက် လုပ်ဆောင်သွားရမည်ကိုလည်း ရှာဖွေဖော်ထုတ် ခဲ့ပါသည်။ အဆိုပါ စာတမ်းအား တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာသို့ ၂၀၂၀ ခုနှစ်တွင် ဖြန့်ဝေသွားရန် မျှော်မှန်းထားပါသည်။<br><br>PATH မှ အမျိုးသားအာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်အတူ အားဖြည့် ဆန်လုပ်ငန်း၌ အစိုးရနှင့် ပုဂ္ဂလိက မိတ်ဖက်ပြုမှုတွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း တို့ တည်ဆောက်ဆောက်ရန် အတွက် အားပေးထောက်ခံခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် PATH သည် အားဖြည့်ဆန်လုပ်ငန်းအတွက် ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အား စတင်နိုင်ရန်အတွက် ၎င်းတို့၏ ပထမဆုံးအကြိမ် မိတ်ဖက်ပြုမှုဆိုင်ရာ အစည်းအဝေးအား ပံ့ပိုး ကူညီခဲ့ပါသည်။ |

| | |
|---|---|
| | စီမံချက်မှ MS-NPAN စီမံကိန်း စတင်သည့်အဆင့်နှင့် အညီ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်၌ အားဖြည့်ဆန်အား ဦးစားပေးသည့် စီမံကိန်းဆောင်ရွက်ချက်များတွင် ထည့်သွင်းရန်အတွက် နည်းပညာ အကူအညီနှင့် ထောက်ခံအားပေးမှု များကိုလည်း ပေးအပ်ခဲ့ပါသည်။ PATH သည် နောက်ဆုံး ပြီးစီးအောင်မြင်မှုများနှင့်အတူ အားဖြည့်ဆန် ယေဘူယျ ဆန်းစစ်မှု အနှစ်ချုပ်အား အကောင် အထည် ဖော်ခြင်းနှင့် MOHS မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အမျိုးသားအာဟာရ မြှင့်တင်ရေး ဦးဆောင် ကော်မတီထံ တင်ပြရန်အတွက် မူဝါဒဆိုင်ရာ ရွေးချယ်စရာ နည်းလမ်းများအား ထောက်ခံအကြံပြုခြင်းတို့တွင် အာဟာရဖွံ့ဖြိုးရေး သုတေသနဌာနအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ရလဒ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေး ဝန်ကြီးများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် MS-NPAN အောက်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း ဆောင်ရွက်ချက် များတွင် အားဖြည့်ဆန်အား အသုံးပြုရန် ညွှန်ကြားခဲ့ပါသည်။ |
| **အခြား (အားလုံးနှင့် အကျုံးဝင်သော)** | |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ–** မသန်စွမ်းသူများ အားလုံး ပါဝင်သည့် ကျေးလက် ဖွံ့ဖြိုး တိုးတက်မှု<br><br>**LIFT ၏ IP –** LODESTAR COMPANY LTD./ SPPRG<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန | **လက်ရှိလုပ်ရှားဆောင်ရွက်နေနိုင်သူများ၏ လုပ်ကိုင်နိုင်စွမ်းအား ဖြည့်ဆည်းပေးခြင်းဖြင့် အားလုံး ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု (IDEA)**<br><br>IDEA စီမံချက်သည် ကျေးလက်ဒေသ ရပ်ရွာလူထု အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုတွင် မသန်စွမ်းသူများ ပါဝင်စေရန် အတွက် အထောက်အကူ ပေးရန် တပြိုင်နက်တည်းတွင် နှိုင်းယှဉ် လေ့လာသည့် မော်ဒယ်လ်ပုံစံ (၂)မျိုးအား တည်ဆောက်ခြင်းနှင့် ဆန်းစစ် အကဲဖြတ်ခြင်းနှင့် လက်ရှိလှုပ်ရှား ဆောင်ရွက်နိုင်သူများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့အား လေ့လာပါသည်။ ယင်းသည် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဆောင်ရွက်ဆဲ စီမံချက်လုပ်ငန်းတွင် ကိုယ်တိုင် ဆောင်ရွက်သည့် သုတေသနနှင့် အကျိုးရလဒ်များအား အသုံးပြုပါသည်။ DRD နှင့် မိတ်ဖက်ပြုကာ လုပ်ကိုင် ဆောင်ရွက် နေသည့် စီမံချက်သည် အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှားဆောင်ရွက်နေသူများမှ ပံ့ပိုးပေးသည့် မည်သည့်နေရာ၌မဆို အသုံးပြုနိုင်သည့် ရှင်းလင်း ပြတ်သားသော နမူနာပုံစံဖြစ်သည့် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကုန်ကျစရိတ်ပါရှိသည့် မော်ဒယ်လ် ပုံစံများအား စီစဉ်ဖန်တီးရန်အတွက် ရည်ရွယ်ပါသည်။<br><br>မော်ဒယ်လ်ပုံစံတစ်ခု အား အစိုးရမှ ဦးဆောင်သည့် ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းများ (အဓိကအားဖြင့် DRD မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်း) တည်ရှိသည့် ကျေးရွာ (၁၀)ရွာ တွင် တည်ဆောက်ထားပါသည်။ နောက်ထပ် မော်ဒယ်ပုံစံတစ်ခုမှာ အစိုးရမှ ဦးဆောင်သည့် ကျေးလက် ဖွံ့ဖြိုးရေးစီမံကိန်းများ မရှိသည့် ကျေးရွာ (၁၀)ရွာ အပေါ်၌ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါ သည်။<br><br>၂၀၁၉ ခုနှစ်တွင် စီမံချက်သည် အားလုံးပါဝင်စေခြင်း (မသန်စွမ်းသူများသည် ၎င်းတို့ကျေးရွာ၏ လူမှုရေး၊စီးပွားရေးနှင့် ထုတ်လုပ်နိုင်စွမ်းရှိသော ဘဝတွင် ပါဝင်စေခြင်း) နှင့် ထိုသို့လုပ်ဆောင်ရာတွင် အဖွဲ့အစည်းဆိုင်ရာအတားအဆီးများအား ကျော်လွှား နိုင်ရန် အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်မှ DRD ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ရန် DRD နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် အားလုံးပါဝင်စေခြင်းအတွက် မြစိမ်းရောင် ကော်မတီကဲ့သို့သော ကျေးရွာကော်မတီ များ၏ စွမ်းဆောင်ရည်ကိုလည်း တည်ဆောက်ပေးခဲ့ပါသည်။ ကျေးရွာကော်မတီ မရှိသည့် မြစိမ်းရောင် ကျေးရွာမဟုတ်သည့် ကျေးရွာအချို့တွင် စီမံချက်မှ ကော်မတီ အသစ်များ ဖွဲ့စည်းတည်ထောင်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်မှ စတင်၍ စီမံချက်မှ မသန်စွမ်းသူ (PWD) များနှင့် ၎င်းတို့မိသားစုဝင်များအတွက် ဖွဲ့စည်းပေးခဲ့သည့် ကိုယ့်အားကိုယ်ကိုး အုပ်စုများသည် စီမံချက် ကျေးရွာတစ်ရွာခြင်းစီ၌ ရှိနေပြီး ဖြစ်ပါသည်။ စီမံချက်မှ လူတဦးချင်းစီ၏ အားလုံး ပါဝင်ခြင်းတွင် ပါဝင်သည့် အတိုင်းအတာ၊ မသန်စွမ်းမှုအမျိုးအစား၊ သူ/သူမ၏ အိပ်မက်များ အား အကောင်အထည်ဖော်ရန် အတားအဆီး ဖြစ်နေသည်များ အပါအဝင် အုပ်စု အဖွဲ့ဝင်များ၏ ကနဦးအချက်အလက်များအားလည်း ကောက်ယူခဲ့ပါသည်။ ကိုယ့်အားကိုယ်ကိုးသည့် အုပ်စုအား ကျေးရွာကော်မတီ၏ လက်အောက်ခံ ဆပ်ကော်မတီအဖြစ် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ကျေးလက် ဘဝအဆင့်များ အားလုံးတွင် PwD များအားလုံး ပါဝင်စေခြင်းအား ဖြစ်ပေါ်နေခြင်းအား သေချာစေရန် အနီးကပ် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နေပါသည်။<br><br>၂၀၁၉ ခုနှစ်အတွင်း၌ စီမံချက်သည် လိုအပ်ချက်ရှိသောလူများ အထူးသဖြင့် PwD များအတွက် လူမှုစောင့်ရှောက်မှုပေးအပ်ခြင်း အတွက် ဝင်ငွေရရှိနိုင်ရန် စီမံချက်ကျေးရွာများ အားလုံးထံ စီးပွားရေးလုပ်ငန်း စတင်နိုင်ရန် မျိုးစေ့ရန်ပုံငွေများ ပံ့ပိုးပေးခဲ့ပါသည်။ ပြန်လည် ထူထောင်ရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ စီမံချက်သည် မသန်စွမ်းသူများအတွက် တစ်ကိုယ်ရည် ပြန်လည်ထူထောင်ရေး အစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်များတွင် ခန္ဓာကိုယ် လှုပ်ရှားမှုနှင့် လေ့ကျင့်ခန်းဖြင့် ကုသခြင်းများ၊ ယင်လုံအိမ်သာများ (ကမုတ်ထိုင်ခုံများ) ကဲ့သို့သော လူမှုစောင့်ရှောက်မှု ပေးအပ်ရာတွင် ကောင်းမွန်သည့် တိုးတက်မှုအချို့ ရရှိခဲ့ပြီး လိုအပ်ချက်ရှိသော မသန်စွမ်းသူများထံ အထောက်အကူပြု ကိရိယာများအား ပံ့ပိုးပေးခဲ့ပြီး ဖြစ်ပါသည်။<br><br>ဤစီမံချက်မှ DRD နှင့် အနီးကပ် လုပ်ကိုင် ဆောင်ရွက်ခြင်း၏ ရည်မှန်းချက် တစ်ခုမှာ ရေရှည်တည်တံ့ခိုင်မြဲ စေရန် DRD လုပ်ငန်းများတွင် မသန်စွမ်းသူများအား ထည့်သွင်းရန်အတွက် ဖြစ်ပါသည်။ စီမံချက်မှ DRD ဝန်ထမ်းအချို့တွင် မသန်စွမ်းမှုဆိုင်ရာ အသိအမြင်အား မိမိဘာသာ လေ့လာသင်ယူခြင်းများ ရှိနေခဲ့ပြီး ၎င်းတို့၏ ကျေးလက်ဒေသအခြေခံ အဆောက်အဦ လုပ်ငန်းတွင် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်နိုင်ပါသည်။ အစီရင်ခံ တင်ပြသည့်ကာလအတွင်း DRD သည် စီမံချက်ဒေသတွင် ရပ်ရွာလူထု ခန်းမ(၃)ခု အား မသန်စွမ်းသူများ ဝင်ထွက်သွားလာနိုင်သည့် ဒီဇိုင်းပုံစံအဖြစ် သင့်လျော် အောင် စီစဉ် ဆောင်ရွက်ခဲ့ ပါသည်။ ထို့ကြောင့် ၎င်းတို့၏ မြစိမ်းရောင် ရန်ပုံငွေဖြင့် DRD မှ အနာဂတ်တွင် တည် ဆောက် မည့် ရပ်ရွာလူထု ခန်းမများတွင် မသန်စွမ်းသူများ ဝင်ထွက်သွားရောက်နိုင်ရန် ထည့်သွင်း တည်ဆောက်သွားမည် ဖြစ်ပါသည်။ |

**မူဝါဒဆိုင်ရာ အကြောင်းအရာ –** ရပ်ရွာလူထု အခြေခံ သည့် လူမှု ကာကွယ် စောင့်ရှောက်ရေး နှင့် အားလုံး ပါဝင်စေခြင်း

**LIFT ၏ IP –** အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေး အဖွဲ့

**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** မသန်စွမ်းသူများ ဘဝမြှင့်တင်ရေးအဖွဲ့၊ ကရင်နှစ်ခြင်း ခရစ်ယာန် အဖွဲ့ချုပ်၊ လူမှုဝန်ထမ်း ဦးစီး ဌာနနှင့် ပြည်နယ်နှင့် တိုင်းဒေသ ကြီး အစိုးရများ

**မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် အားလုံးပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံချက်**

ဤစီမံချက်သည် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက် (၂)ခုဖြစ်သည့် အပူပိုင်းဇုန် လူမှုကာကွယ် စောင့်ရှောက်ရေး စီမံချက်နှင့် အားလုံးပါဝင်သည့် လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု တို့အား ပေါင်းစည်းထားပါသည်။ စီမံချက်မှ အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများထံ ရပ်ရွာလူထု အခြေခံ သည့် ဖွံ့ဖြိုးရေးတွင် ၎င်းတို့ပါဝင်မှုအပေါ် အာရုံစိုက်မှုနှင့်အတူ အားလုံးပါဝင်စေသည့် ကိုယ်ထူကိုယ်ထအုပ်စုများ (ISHGs) နှင့် အားလုံး ပါဝင်သည့် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများ (VDCs) မှတဆင့် လူမှုကာကွယ်စောင့်ရှောက် ရေးဆိုင်ရာ ဝန်ဆောင်မှုများအား ပံ့ပိုး ပေးပါသည်။
DSW နှင့် GAD တို့နှင့် ပူးပေါင်း၍ စီမံချက်သည် အစိုးရမှ တနိုင်ငံလုံးတွင် ပုံတူကူးယူနိုင်ရန်အတွက် အလားအလာ ရှိသည့်  အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပေးပို့သည့် ကနဦးစမ်းသပ်သည့် စီမံကိန်း ဆောင်ရွက်ချက်အား မိုဘိုင်းဖုန်းနည်းပညာမှတဆင့် စမ်းသပ် ပါသည်။ ကနဦး စမ်းသပ်မှုသည် ၂၀၂၃ ခုနှစ်တွင် လူမှုရေးပင်စင်၏ ၄၀% အား အီလက်ထရွန်နစ်နည်းဖြင့် ပေးအပ်မည့် DSW ၏ အစီအစဉ်နှင့် ထပ်တူကျပါသည်။ စီမံချက်မှလည်း ISHG မော်ဒယ်လ်ပုံစံအား ကိုယ့်အားကိုယ်ကိုး သက်ကြီးရွယ်အို အုပ်စုများအား ပြင်ဆင်ဖွဲ့စည်း ထားသည့် ISHG များ ထူထောင်ခြင်း – မှတဆင့် စမ်းသပ်ပါသည်။ သက်ကြီးရွယ်အို ကိုယ်ထူကိုယ်ထ အုပ်စုအား အစိုးရမှ ၂၀၁၄ ခုနှစ် အမျိုးသားလူမှု ကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာမြောက် စီမံကိန်း မှ စတင် ပြဋ္ဌာန်း ခဲ့ပါသည်။ ယင်းအုပ်စု တွင် သက်ကြီးရွယ်အိုများ သက်သက်သာ ပါဝင်ပါသည်။ စီမံချက်မှ ပုံစံနောက်တစ်မျိုးဖြင့် ဖွဲ့စည်း တည်ထောင် ခဲ့သည့် အုပ်စုဖြစ်သော VCD သည် အမှန်တကယ်အားဖြင့် ကိုယ့်အား ကိုယ်ကိုးသည့် သက်ကြီးရွယ်အို အုပ်စုဖြစ် သော်လည်း ISHG များတွင် သက်ကြီးရွယ်အိုများအပြင် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ အမျိုးသမီး အိမ်ထောင်ဦးစီး များနှင့် မသန်စွမ်းသူများ ကဲ့သို့သော အခြား ရပ်ရွာလူထု အဖွဲ့ဝင်များ ပါဝင်ပါသည်။ ISHG များသည် အားလုံးပါဝင် သည့် အဖွဲ့ဝင်မှုကို အခြေခံသည့် အဖွဲ့အစည်းများ ဖြစ်ပြီး ရပ်ရွာလူထု အခြေခံသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစဉ်အလာအားဖြင့် ဖယ်ကျဉ်ထားခြင်း ခံရသူများမှ ဦးဆောင် စီမံခန့်ခွဲခဲ့ပါသည်။

၂၀၁၉ ခုနှစ် ISHG မော်ဒယ်လ် ပုံစံ  သည် သက်ကြီး အမျိုးသမီးများ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများနှင့်မ သန်စွမ်းသူများ ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းအား မြှင့်တင်ရာတွင် အောင်မြင်မှု ရှိကြောင်း သက်သေပြခဲ့သည် သာမက  လူမှုကာကွယ် စောင့်ရှောက်ရေး ယန္တရားအား အလိုအပ်ဆုံး သူများမှ ဦးဆောင်ခဲ့ပြီး ၎င်းတို့ထံ ရောက်ရှိခဲ့သည် အား သေချာစေခြင်းကိုလည်း သက်သေပြခဲ့ပါသည်။ ထို့အတွက်ကြောင့် ISHG များအား MSWRR မှ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ISHG အုပ်စု (၈၀) အား ဖွဲ့စည်းတည်ထောင်ရန် ဦးတည်ရည်ရွယ်ထားသည့် ၎င်း၏ ကုန်ကျစရိတ် ပါဝင်သော လူမှု ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍ စီမံကိန်း (၂၀၁၈–၂၀၂၃) ၏ တစိတ်တဒေသအဖြစ် သဘောတူ လက်ခံခဲ့ပါသည်။ စီမံချက်မှ VCD များအား ၎င်းတို့၏ ကော်မတီများတွင် မသန်စွမ်းသူ အနိမ့်ဆုံး (အမျိုးသမီးတစ်ဦး နှင့် အမျိုးသားတစ်ဦး) ထည့်သွင်းပြီး ပြန်လည်ဖွဲ့စည်းခြင်းမှတဆင့် ဤမော်ဒယ်ပုံစံအပေါ်မှ လေ့လာသင်ယူရန်နှင့်  ဆင်ခြင် သုံးသပ် ရန်တို့အတွက် ဆက်လက် ဆောင်ရွက်ခဲ့ပြီး ISHG အုပ်စု (၈၀)စုနှင့်အတူ ဆက်လက် လုပ်ကိုင် ဆောင်ရွက်ရန် နေပါသည်။ စီမံချက်မှ ISHG များအား တနိုင်ငံလုံးတွင် ပုံတူကူးယူခြင်း အား ကူညီပံ့ပိုးပေးရန် အတွက် လမ်းညွှန်ချက်များအား မူကြမ်းရေးဆွဲခဲ့ပြီး ယင်းအား ၂၀၂၀ ခုနှစ်တွင် အပြီးသတ်နိုင်မည် ဖြစ်ပါသည်။ စီမံ ချက်မှလည်း ISHG များ၏ လုပ်ငန်းလည်ပတ်သည့် နည်းလမ်းများ အပေါ် လေ့လာ သင်ယူမှု များအား MSWRR နှင့် စဉ်ဆက်မပြတ် မျှဝေပေးခဲ့ပါသည်။

**မူဝါဒဆိုင်ရာ အကြောင်းအရာ –** ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း

**LIFT ၏ IP –** ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN)

**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** CSO များ၊ NGO များ ၊ အစိုးရ ဝန်ကြီးဌာနများ

**မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာ တန်းတူညီမျှရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်မှု ကို နက်ရှိုင်းစေခြင်း**

စီမံချက်မှ မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား မြှင့်တင်ရန်အတွက် ကြိုးပမ်းပါသည်။ ဝန်ကြီးဌာနပေါင်းစုံ ပါဝင်သည့် အဆင့်မြင့် ကော်မတီဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်း ကော်မတီ၏ အဖွဲ့ဝင်ဖြစ်သဖြင့် GEN သည် ကော်မတီ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃–၂၀၂၂ (NSPAW) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကော်မတီ၏ နည်းပညာဆိုင်ရာ လုပ်ငန်း အဖွဲ့ (TWG) (၄)ဖွဲ့တွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ လုပ်ငန်းစဉ်တို့တွင် ပါဝင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် GGN သည် TWGs (၄)ဖွဲ့အနက် (၂)ဖွဲ့ဖြစ်သည့် ၁) ကျားမရေးရာအား စီမံကိန်းလုပ်ငန်းတိုင်းတွင် ပါဝင် လာစေရေးနှင့် ၂) အမျိုးသမီးများနှင့် မိန်းကလေးငယ်လေးများအပေါ် အကြမ်းဖက်မှု တို့တွင် ပူးတွဲဥက္ကဋ္ဌအနေဖြင့် တာဝန်ယူခဲ့ပါသည်။ ထို့ကြောင့် GEN သည် TWG (၂)ဖွဲ့စလုံး၏ NSPAW အကောင် အထည် ဖော်ဆောင်ရေးအတွက် အမျိုးသားအဆင့် လုပ်ငန်း စီမံချက် ရေးဆွဲအကောင် အထည်ဖော်ခြင်းအား ပံ့ပိုးကူညီပေးခဲ့ပါသည်။ ထို့အပြင် GEN မှ မြန်မာနိုင်ငံတွင် ကျားမရေးရာ တန်းတူညီမျှမှုအား မြှင့်တင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေး အဖွဲ့တို့ထံ နည်းပညာဆိုင်ရာ ထည့်ဝင်မှုများ ပေးအပ်သည့် ကျားမရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင် နိုင်စွမ်း ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက် အဖွဲ့အစည်းများ အဖွဲ့တွင် ပူးတွဲ ပံ့ပိုးကူညီပေးသည့် NGO အခန်းကဏ္ဍ မှ တာဝန်ယူရန်အတွက်လည်း အဆိုပြု ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် စီမံချက်သည် မဟာဗျူဟာမြောက် စီမံကိန်းများနှင့် ဥပဒေပြဋ္ဌာန်းမှုများအား ဆန်းစစ်ခြင်းအား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုပေးရန်အတွက် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ယင်းမှ VAW TWG လုပ်ငန်းစီမံချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပေါ် အာရုံစိုက်သည့် NSPAW အကောင်အထည်ဖော်ခြင်းအား ဆန်းစစ်မှုကို တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ယင်းသည် NSPAW အကောင်အထည်ဖော် ဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်အတွက် ထောက်ခံ အကြံပြုချက်များနှင့် ပါဝင်သည့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ် လေ့လာသည့် ဆန်းစစ်မှု ဖြစ်ပါသည်။ စီမံချက်သည် အစိုးရအဖွဲ့ထံ ဥပဒေကြမ်းအား ဝန်ကြီးဌာနမှ တင်ပြခြင်း မပြုမီ MSWRR မှ တောင်းဆိုခြင်းကိုတုံ့ပြန် ဆောင်ရွက်သည့်အနေဖြင့် POVAW ဥပဒေ ၏ နောက်ဆုံး   မူကြမ်း အပေါ် နည်းပညာဆိုင်ရာ အကြံဉာဏ်များကိုလည်း ပေးအပ်မည် ဖြစ်ပါသည်။

စီမံချက်သည် နိုင်ငံတကာနှင့် ဥပဒေမူဘောင်နှင့်အညီ ကျားမရေးရာ အမြင်ကို အသုံးပြု၍ အလုပ်သမား ဥပဒေများအပေါ် ကျား၊ မ ရေးရာ ဆန်းစစ်မှုကိုလည်း ပြုလုပ်ခဲ့ပါသည်။ ရှာဖွေ တွေ့ရှိချက်များအား ၂၀၂၀ ခုနှစ်တွင် အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ထံ အားပေး ထောက်ခံရန်အတွက် အသုံးပြုသွားမည် ဖြစ်ပါသည်။ GEN သည် အိမ်အကူ အလုပ်သမား များအား ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ပေးခြင်းအတွက် လုပ်ငန်းအဖွဲ့တွင် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လုပ်ကိုင်နေသဖြင့် စီမံချက်သည် နေပြည်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် များနှင့် အိမ်အကူအလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေရေးရာ ကွာဟချက် ဆန်းစစ်မှုနှင့် အိမ်အကူ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ခြင်းအတွက် ဥပဒေအသစ် တစ်ခုအား အကောင်အထည်ဖော်ရန် လိုအပ်ချက်တို့နှင့် ပတ်သက်၍ ဆွေးနွေးရန် အားပေး ထောက်ခံခဲ့ ပါသည်။

အစီရင်ခံတင်ပြသည့် ကာလအတွင်း၌ စီမံချက်သည် ပြည်ထောင်စုဝန်ကြီးဌာန (၅)ခုအား ၎င်းတို့၏ လုပ်ငန်းနယ်ပယ်အတွင်း ကျား၊မ ရေးရာ တန်းတူညီမျှမှုနှင့် ကျားမရေးရာအား လုပ်ငန်းစဉ်တိုင်းတွင် ကျား၊မ ရေးရာ အမြင်ပါဝင်စေရန်  အတွက် အားပေးထောက်ခံမှုအား အစပျိုးခဲ့ပါသည်။ ယင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနအား နိုင်ငံပိုင်မီဒီယာနှင့် ကျားမရေးရာနှင့် ဆက်နွယ်နေသည့် သတင်း အချက်အလက်များ ဖြန့်ဝေရာတို့တွင် ကျားမရေးရာအား ထည့်သွင်းပါဝင်စေခြင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအား မြန်မာနိုင်ငံတွင် ကျားမ အခြေပြုသည့် အကြမ်းဖက်မှုများ၏ အခြေအနေနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့ နှင့်စပ်လျဉ်း၍အသိပေး အရေးဆိုခြင်း ပါဝင်ပါသည်။

၂၀၁၉ ခုနှစ်တွင် စီမံချက်သည် ကျားမအခြေပြုသည့် အကြမ်းဖက်မှုအပေါ် ပြည်သူလူထုနှင့် အစိုးရတို့မှ အသိအမြင်တိုးတက် စေရန်အတွက် အခမ်းအနားများနှင့် အသိပညာပေး ဆိုင်ရာ စည်းရုံး လှုံ့ဆော်မှုများအား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် လမ်းကြောင်း အမျိုးမျိုး (ဥပမာ လူမှုကွန်ရက်နှင့် လူမှုရေးအရ သြဇာလွှမ်းမိုးမှု ရှိသူများ) မှ တဆင့် အမျိုးမျိုးသော အခမ်းအနားများနှင့် စည်းရုံးလှုံ့ဆော်မှုများ (ဥပမာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့ ၂၀၁၉ ခုနှစ် အခမ်းအနားနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ စည်းရုံး လှုံ့ဆော်မှု များ) အား စီစဉ်ဆောင်ရွက်ပြီး ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

**မူဝါဒဆိုင်ရာ အကြောင်းအရာ–** သက်ကြီးရွယ်အို များ အတွက် လူမှုရေး ပင်စင်

**LIFT ၏ IP –** အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေး အဖွဲ့ (HelpAge International)

**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ –** လူမှုဝန်ထမ်း ဦးစီးဌာန (DSW)၊ တိုင်းဒေသကြီး ပြည်နယ် အစိုးရအဖွဲ့များ

**လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနအား အားဖြည့်ခြင်း**

ဤစီမံချက်သည် အားနည်းထိခိုက်လွယ်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု ပေးရာတွင် ထိရောက်သည့် ပြည်သူ့ဘဏ္ဍာ အသုံးစရိတ်နှင့်အတူ ခိုင်မာသည့် မူဝါဒဆိုင်ရာ ရလဒ်များ ရရှိစေရန်အတွက် MoSWRR အား ပိုမို ခိုင်မာ အားကောင်းစေပြီး ယုံကြည်မှု ပိုမိုရှိစေပါသည်။ သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး နှင့် ပတ်သက်၍ စီမံချက်၏ နည်းပညာ အကူအညီသည် ၂၀၁၇ ခု ဧပြီလတွင် စတင်ခဲ့သည့် အမျိုးသား လူမှုရေး ပင်စင် စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှု အတွက်နှင့် ယင်းနောက် လူမှုရေးပင်စင် ရယူနိုင်သည့် အသက်အရွယ်အား လျှော့ချခြင်းနှင့် ပြည်ထောင်စုအစိုးရ အသုံးစရိတ်အား တဖြည်းဖြည်း တိုးမြှင့်သွားခြင်းတို့ဖြင့် သက်ကြီးရွယ်အိုများ အား ပိုမို ပါဝင်လာစေရန်အတွက် စီမံကိန်း တိုးချဲ့ခြင်းတို့အတွက် သိသာ ထင်ရှားစွာ ဖြည့်ဆည်းပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ အမျိုးသားလူမှုရေးပင်စင် ရယူနိုင်သည့် အသက်အရွယ်အား အသက် (၉၀)မှ အသက် (၈၅)နှစ်သို့ လျှော့ချခဲ့ပါသည်။ ဤတနိုင်ငံလုံး အမျိုးသား လူမှုရေးပင်စင် လွှမ်းခြုံမှုအား တိုးချဲ့ခဲ့သည့်အတွက် ကြောင့် အကျိုး ခံစားခွင့်ရှိသူ အရေအတွက်မှာ ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် ၄၀,၈၇၂ ဦး ရှိရာမှ ၂၀၁၈ ခုနှစ် နှစ်အကုန်တွင် ၁၆၈,၅၇၈ ဦးနှင့် ၂၀၁၉ ခုနှစ် အကုန်တွင် ၁၉၇,၅၉၃ ဦးအထိ တိုးပွားလာခဲ့ပါသည်။ ဝန်ဆောင်မှု အရှိန်အဟုန်မြင့် တိုးချဲ့ ခဲ့သည်အား ကိုင်တွယ် ဖြေရှင်းရန် ဝန်ကြီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေး ဌာနခွဲအသစ်အား တည်ထောင် ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံချက်မှ စဉ်ဆက်မပြတ် နည်းပညာဆိုင်ရာ အကြံဉာဏ်၊ စနစ်များ ဖွံ့ဖြိုး တိုးတက်မှု၊ သတင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်မှု၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် သတင်း အချက်အလက် ဆိုင်ရာ စာရွက်စာတမ်းများ ပြုစု ရေးဆွဲ ခြင်းနှင့် ထုတ်လုပ်ခြင်းတို့နှင့်အတူ ဌာနခွဲ၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာ စေရန် အတွက် နည်းပညာ အရ ဖြည့်ဆည်းပေးခဲ့ပါသည်။

အစီရင်ခံ တင်ပြသည့်ကာလအတွင်း စီမံချက်သည် DSW ၏ နိုင်ငံတော်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ DSW သည် အလုပ်ရုံ ဆွေးနွေးပွဲအား DSW ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ ရည်ရွယ်ချက်များ၊ အလားအလာများနှင့် စိန်ခေါ်မှုများကို နားလည် သဘောပေါက်ခြင်းအားဖြင့် တိုးတက်အောင် ဖန်တီးရန် အတွက် ပြည်နယ်နှင့် တိုင်းအားလုံးမှ အဆင့်မြင့် အရာရှိကြီးများနှင့်အတူ ကျင်းပခဲ့ပါသည်။ ဆွေးနွေး တင်ပြချက်များနှင့် စဉ်းစားဆင်ခြင်ခြင်းများသည် စီမံချက်မှ ဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် လူမှုကာကွယ် စောင့်ရှောက် ခြင်း၏ အခန်းကဏ္ဍနှင့် တာဝန်များ – ပြည်ထောင်စုနှင့် ပြည်နယ် တိုင်းဒေသကြီး အဆင့် ဖွဲ့စည်း တည်ဆောက်ပုံ တို့ အပေါ် အာရုံစိုက်သည့် လူမှုရေး ပင်စင်များ၏ ကုန်ကျစရိတ်များ လေ့လာမှု၏ အဓိကရှာဖွေ တွေ့ရှိချက်များအပေါ် အခြေခံခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် DSW ၌ ခရိုင်ရုံး (၁၂)ခုသာ ရှိပြီး မြို့နယ်ရုံးခွဲ များ မရှိသော်လည်း ၂၀၁၉ ခုနှစ် နှစ်အကုန်တွင် ခရိုင်ရုံး (၄၅)ရုံးနှင့် မြို့နယ်ရုံး (၁၀၆)ရုံးတို့ ရှိလာ ခဲ့ပါသည်။ ဤ အဖွဲ့အစည်းဆိုင်ရာ တိုးချဲ့မှုအား လျင်မြန်စွာ တိုးချဲ့ခဲ့ခြင်းကြောင့် ဌာနသည် ၎င်းကျင့်သုံးနေသည့် ထိရောက်သည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှ အကျိုးကျေးဇူးများကို ရရှိမည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် စီမံချက်မှ နည်းပညာထည့်ဝင်မှုများ ပေးအပ်ခဲ့သည့် MSWRR ၏ ကုန်ကျစရိတ်ပါဝင်သော လူမှု ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ စီမံကိန်း (၂၀၁၈–၂၀၂၀)အား ဖွံ့ဖြိုးရေး အကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ လက်ခံခဲ့ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဦးဆောင် စီမံကိန်း (၈)ခုစလုံး တွင် အမျိုးသား လူမှု ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာမြောက် စီမံကိန်း မှ လုပ်ဆောင်နိုင်သည်ထက် ပိုမိုတိကျသည့် လုပ်ငန်း စီမံချက်နှင့် တိုးတက်မှု လမ်းကြောင်းတို့ပါဝင်ပါသည်။ စီမံချက်မှ လူမှုရေးပင်စင်နှင့် အားလုံးပါဝင်စေသည့် ကိုယ့်အား ကိုယ်ကိုး အုပ်စုများအား ဦးဆောင် စီမံကိန်း (၈)ခုတွင် (၂)ခုအနေဖြင့် ထည့်သွင်းရာတွင် ပံ့ပိုးပေး ခဲ့ သဖြင့် အဆိုပါ မူဝါဒအခြေခံများအား ပိုမို ခိုင်မာအားကောင်းသည့် ဥပဒအခြေခံနှင့် အားဖြည့်ပေးရန် အမျိုးသား လူမှုရေး ကူညီပံ့ပိုးမှုဆိုင်ရာ ဥပဒေ မူကြမ်း ရေးဆွဲရာတွင် စီမံချက်၏ ကူညီပံ့ပိုးမှုအား DSW မှ တောင်းခံခဲ့ပါသည်။ ဥပဒေသည် ကုန်ကျ စရိတ်ပါဝင်သည့် လူမှုကာကွယ် စောင့်ရှောက်ရေး ကဏ္ဍစီမံကိန်း (၂၀၁၈–၂၀၂၀) တွင် ငွေကြေး ပံ့ပိုးမှုများ အားလုံးနှင့် အနာဂတ် ငွေကြေး ထောက်ပံ့မှု အသစ်များအတွက် ခွင့်ပြု ပေးခြင်းတို့အား လွှမ်းခြုံပါသည်။ စီမံချက်သည် ဤလုပ်ငန်းအား ၂၀၂၀ ခုနှစ်တွင် လုပ်ဆောင်သွား မည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် စီမံချက်သည် လူမှုကာကွယ်စောင့်ရှောက်ခြင်းမှ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး တို့နှင့် ဆက်နွယ်နေသည့် အစိုးရ၏ နောက်ထပ်ရည်မှန်းချက်များအား မည်သို့ ဖြည့်ဆည်းပေးနိုင်မည် ဆိုသည်ကို ရှာဖွေရန်အတွက် မြန်မာနိုင်ငံတွင် လူမှုကာကွယ် စောင့်ရှောက်ရေး၊ အမျိုးသား လူမှု ပြန်လည် ပေါင်းစည်း ညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး တို့အကြား ဆက်နွယ်မှုများကို လေ့လာဆန်းစစ်မှု တစ်ရပ် ပြုလုပ်ပြီးစီးခဲ့ ပါသည်။ စီမံချက်မှလည်း DSW အား ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့် လူမှုရေးပင်စင်လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်းများအား တိုးတက်ကောင်းမွန်စေရန်နှင့် ထည့်မတွက်ထားသည့် အမှားများအား လျှော့ချရန်တို့ အတွက် အကူအညီပေးရန် လူမှုရေးပင်စင်ပေးအပ်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှု များ အား အမျိုးသားအဆင့် သုတေသန ဆောင်ရွက်ခြင်း ဆိုင်ရာ လေ့လာမှုအား ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် စီမံချက်သည် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား မိတ်ဆက်ပေးရာတွင် DSW ၏ အခန်းကဏ္ဍနှင့် တာဝန်များအား လျင်မြန်စွာ ပြောင်းလဲနေခြင်းအား ဆန်းစစ်ရန်အတွက် “မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ခြင်း၏ အခန်း ကဏ္ဍနှင့် တာဝန် များ – လူမှုရေးပင်စင်ကိစ္စ” လေ့လာမှုကို ပြုလုပ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁ – ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ – ၆၅၇ ၂၇၉

အီးမေးလ် ။ ။ lift@unops.org
lift-fund.org | facebook.com/liftfund | twitter.com/liftfund